# မြန်မာ
# စွယ်စုံကျမ်း
# နှစ်ချုပ်

၂၀၀၄

# မြန်မာ
# စွယ်စုံကျမ်း
# နှစ်ချုပ်

၂၀၀၄

ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခြင်း၊ ၂၀၀၅ ခုနှစ်၊ အုပ်ရေ ၇၀၀၀

၂၆၂၆၆

အမှတ် ၅၂၉ - ၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့
စာပေဗိမာန်အဖွဲ့၊ စာပေဗိမာန် စာတည်းမှူးချုပ် ဦးမောင်လှိုင် (မောင်ဆွေငယ်)
(မှတ်ပုံတင်အမှတ် ၉၆၁ - ယာယီ) ဖြင့် ဖိုတိုလစ်သိုပုံနှိပ်စက်ရုံတွင်
ရိုက်နှိပ်၍ (မှတ်ပုံတင်အမှတ် ၂၈၅- ယာယီ) ဖြင့် ထုတ်ဝေသည်။

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်အပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီး သူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# မြန်မာ့ရည်ညွှန်းကျမ်း စိစဉ်ရေးအဖွဲ့

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်အပါအဝင် မြန်မာ့ရည်ညွှန်းကျမ်းစာအုပ်များ စီစဉ်ရေးအဖွဲ့ကို ပြန်ကြားရေး ဝန်ကြီးဌာနက ၂၀၀၃ ခုနှစ်၊ ဧပြီလ (၄) ရက်နေ့တွင် အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့သည်-

(၁) ဦးသော်ကောင်း ... ဥက္ကဋ္ဌ
မြန်မာသမိုင်းအဖွဲ့ဝင်
မြန်မာသမိုင်းအဖွဲ့

(၂) ဒေါက်တာ ကျော်စိန် ... အဖွဲ့ဝင်
အငြိမ်းစားပညာရေးဝန်ကြီး
ပညာရေးဝန်ကြီးဌာန

(၃) ဒေါက်တာ မျိုးသန့်တင် ... အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ ခတ္တိယနည်းပညာ
ပြန့်ပွားရေးလုပ်ငန်း

(၄) ဒေါက်တာ ဦးခင်အေး ... အဖွဲ့ဝင်
(မောင်ခင်မင်-ဓနုဖြူ)
ပါမောက္ခ၊ မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

(၅) ဒေါ်တင်ဘုန်းနွယ် ... အဖွဲ့ဝင်
စာကြည့်တိုက်မှူးကြီး
တက္ကသိုလ်များဗဟိုစာကြည့်တိုက်

(၆) ဦးမြင့်ကြိုင် ... အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ယဉ်ကျေးမှုဝိမာန်ဦးစီးဌာန

(၇) ဒေါက်တာ တိုးလှ ... အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
တက္ကသိုလ်များသမိုင်းသုတေသန
ဦးစီးဌာန

(၈) ဒေါက်တာ ခင်မောင်ညွန့် ... အဖွဲ့ဝင်
မြန်မာသမိုင်းအဖွဲ့ဝင်၊
မြန်မာသမိုင်းအဖွဲ့

(၉) ဦးထွန်းအောင်ချိန် ... အဖွဲ့ဝင်
မြန်မာသမိုင်းအဖွဲ့ဝင်၊
မြန်မာသမိုင်းအဖွဲ့

(၁၀) ဦးတင်ခ (တက္ကသိုလ်တင်ခ) ... အဖွဲ့ဝင်
အငြိမ်းစားဦးဆောင်ညွှန်ကြားရေးမှူး၊
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

(၁၁) ဦးချစ်နိုင် (ချစ်နိုင်-စိတ်ပညာ) ... အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်၊ ပြန်ကြားရေး
နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(၁၂) ဦးလှကြိုင် (ပါရဂူ) ... အဖွဲ့ဝင်
စာရေးဆရာ

(၁၃) ဦးဘသန်း (မဟာဝိဇ္ဇာ) ... အဖွဲ့ဝင်
အငြိမ်းစားညွှန်ကြားရေးမှူးချုပ်၊
ဝန်ထမ်းရေးရာဦးစီးဌာန

(၁၄) ဦးမင်းနိုင် ... အဖွဲ့ဝင်
အငြိမ်းစားညွှန်ကြားရေးမှူး၊
ယဉ်ကျေးမှုဝိမာန်ဦးစီးဌာန

(၁၅) ဒေါ်ကြန် (မကြန်) ... အဖွဲ့ဝင်
မြန်မာစာအဖွဲ့ဝင်
မြန်မာစာအဖွဲ့ဦးစီးဌာန

(၁၆) ဦးမျိုးသန့် (မောင်ဆုရှင်) ... အဖွဲ့ဝင်
အကြံပေးအရာရှိ စာပေဗိမာန်
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း

(၁၇) ဦးထွန်းတင့် ... အဖွဲ့ဝင်
မြန်မာစာအဖွဲ့ဝင်
မြန်မာစာအဖွဲ့ဦးစီးဌာန

(၁၈) ဦးမောင်လှိုင် (မောင်ဆွေငယ်) ... အတွင်းရေးမှူး
စာတည်းမှူးချုပ်၊ စာပေဗိမာန်
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း

---

## မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၀၄) ခုနှစ်
## စာတည်းအဖွဲ့

စာတည်း (တာဝန်ခံ) — ဦးအုန်းလွင်

စာတည်းများ —
ဦးခင်မောင်လေး
ဦးစိုးမြင့်သန်း (စိုးမြင့်သန်းမောင်)
ဒေါ်မျိုးမျိုးကြည်

# မာတိကာ

ဤကျမ်းကို မရှုစားမီ

**အပိုင်း (၁)**

၂၀၀၃ ခုနှစ် လအလိုက်ဖြစ်စဉ်များ ... ... ... ... ... ... ၁

**အပိုင်း (၂)**

တတ်သိပညာရှင်များ၊ မြန်မာ့ဗိသုကာနှင့် သုခုမပညာတူရိယာ၊ စာအုပ်စာပေဝတ္ထုရှည်၊ ပညာဘဏ်တိုက်စာကြည့်တိုက်နှင့် အခြားနှစ်ချုပ်ဆောင်းပါးများ

| | | | |
|---|---|---|---|
| * | မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ...... | ဦးသန်းဦး ...... | ၂၆ |
| * | မြန်မာ့ဗိသုကာပညာ ...... | ဦးမင်းနိုင် ...... | ၃၆ |
| * | မြန်မာ့ရိုးရာတူရိယာပစ္စည်းများပြပွဲ ...... | ဦးကြည်ထွဏ်း ...... | ၄၆ |
| * | ၂၂ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ...... | ဦးစိုးအောင် ...... | ၅၄ |
| * | မြန်မာဝတ္ထုရှည် နှစ် ၁၀၀ ခရီး ...... | ဦးအေးချို (မဟာဝိဇ္ဇာ) ...... | ၆၂ |
| * | ကျေးလက်ဒေသ၏ ပညာဘဏ်တိုက်များ ...... | သီသီအေး (ပြန်/ဆက်) ...... | ၉၂ |
| * | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို အက အရေး အတီးပြိုင်ပွဲများ (၁၉၉၃-၂၀၀၄) ...... | ကျော်ဖုန်းမြင့် (ဓာတုဗေဒ) ...... | ၁၀၄ |
| * | အရှေ့တောင်အာရှ၏ တစ်ခုတည်းသော ယွန်းပညာကောလိပ် ...... | အေး (ရန်ကုန်တက္ကသိုလ်) ...... | ၁၁၄ |

**အပိုင်း (၃)**

၂၀၀၃ ခုနှစ် အကြောင်းရပ်များ ... ၁၂၅

အက္ခရာစဉ်အညွှန်း ... ၃၁၈

# ဤကျမ်းကို မရှုစားမီ

ဖော်ပြပါလမ်းညွှန်ကို လေ့လာထားပါက ဤစွယ်စုံကျမ်းနှစ်ချုပ်စီစဉ်ပုံကို သဘောပေါက်၍ ရည်ညွှန်းကျမ်းတစ်ဆူအဖြစ် လွယ်ကူစွာအသုံးပြုနိုင်ပါသည်။

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များသည် ထုတ်ဝေပြီး မြန်မာ့စွယ်စုံကျမ်းအတွဲ ၁၅ တွဲ၏ အဖြည့်ကျမ်းများဖြစ်ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၂၀၀၄ ခုနှစ်ကို ယခင်က ထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၂၀၀၃ ပါ အကြောင်းရပ်များနှင့် ဆက်စပ်၍ ဖတ်ရှုနိုင်ရန်လည်း စီစဉ်ပြုစုထားပါသည်။ မြန်မာ့စွယ်စုံကျမ်းတွင် မပါဝင်သေးသော အကြောင်းရပ်သစ်များလည်း ပါဝင်ပါသည်။

ဤကျမ်းသည် ၂၀၀၃ ခုနှစ်အတွင်းဖြစ်ပေါ်ခဲ့သော အကြောင်းအရာများကို ပုံနှိပ်ထုတ်ဝေခြင်းဖြစ်ပါသည်။ ၂၀၀၄ ခုနှစ်အတွင်း အဖြစ်အပျက်များကိုမူ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၂၀၀၅ ခုနှစ် ပုံနှိပ်ထုတ်ဝေသောအခါ ဆက်လက်ဖော်ပြမည်ဖြစ်ပါသည်။

ဤကျမ်းတွင် စာရှုသူများ ဖတ်ရှုလေ့လာနိုင်ရန် အပိုင်းကြီးသုံးပိုင်းခွဲခြား၍ တင်ပြထားပါသည်။ ပထမပိုင်းတွင် ၂၀၀၃ ခုနှစ်အတွင်း ထင်ရှားသောဖြစ်ရပ်များကို မြန်မာ့သတင်းစဉ်၊ သတင်းလွှာများနှင့် ညှိနှိုင်း၍ နေ့စဉ်မှတ်တမ်းအဖြစ် ဖော်ပြထားပါသည်။ ဒုတိယပိုင်းတွင် တတ်သိပညာ၊ မြန်မာ့ဗိသုကာနှင့် မြန်မာ့ဇာတ်ရိယာ၊ ပညာဘဏ်တိုက်စာကြည့်တိုက်နှင့် အခြားနှစ်ချုပ်အထူးဆောင်းပါး စုစုပေါင်း ၈ ပုဒ်ပါဝင်ပါသည်။ ဒုတိယပိုင်းတွင် ဖော်ပြထားသော ဆောင်းပါးများကို ပညာရပ်အလိုက် ကျွမ်းကျင်ရာပညာရှင်များက လေ့လာသုတေသနပြု၍ ရေးသားထားခြင်းဖြစ်ပါသည်။ တတိယပိုင်း၌ ဖော်ပြထားသောအကြောင်းရပ်များသည် ၂၀၀၃ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာအကြောင်းများ ဖြစ်ပါသည်။ အကြောင်းရပ်များကို မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းပါ အက္ခရာစဉ်စနစ်အတိုင်း ဖော်ပြထားပါသည်။ နှစ်ချုပ်ပါ အကြောင်းရပ်များကို အလွယ်တကူရှာဖွေဖတ်ရှုနိုင်ရန် အက္ခရာစဉ်အညွှန်းကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

အတ္ထုပ္ပတ္တိများကို ဖော်ပြခြင်းနှင့်စပ်လျဉ်း၍ ၁၉၇၀ ပြည့်နှစ်မှ ၁၉၇၇ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သည့် ထင်ရှားသော ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၇၈ ခုနှစ်တွင် ထည့်သွင်းဖော်ပြခဲ့ပါသည်။ နှစ်စဉ်ဆက်လက်ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များတွင် သက်ဆိုင်ရာ တစ်နှစ်အတွင်း ကွယ်လွန်ခဲ့သောထင်ရှားသည့် ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း၊ နိုင်ငံတကာရေးရာများတွင် ထင်ရှားသော ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း ထည့်သွင်းဖော်ပြလေ့ရှိပါသည်။ ယခုထုတ်ဝေသော နှစ်ချုပ်ကျမ်းတွင် ၂၀၀၃ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့် ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း၊ ၂၀၀၃ ခုနှစ်အတွင်း အာရုံပြုလာရသော နိုင်ငံတကာမှ ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း ထည့်သွင်းဖော်ပြထားပါသည်။

အကြောင်းရပ်များတွင် အညွှန်းများကိုပြဆိုရာ၌ ယခင်ထုတ်ဝေပြီးသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များကို ညွှန်းလျှင် စာအုပ်အမည် (ဥပမာ-စွယ်စုံနှစ်ချုပ် ၁၉၉၉) နှင့် စာမျက်နှာအမှတ်ကို ဖော်ပြ၍ ညွှန်းပါသည်။ ယခုထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၂၀၀၄ ခုနှစ်ပါ အကြောင်းရပ်များ၊ ဆောင်းပါးများကို ညွှန်းလျှင် အကြောင်းရပ်၊ ဆောင်းပါးအမည်ကို ဖော်ပြ၍ညွှန်းထားပါသည်။

စာပေဗိမာန်


အပိုင်း -၁

# ၂၀၀၃ ခုနှစ် ဖြစ်ရပ်များ

၂၀၀၃ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာမှ ထင်ရှားသည့် ဖြစ်ရပ်အချို့ကို သတင်းမှတ်တမ်းများအဖြစ် ရေးသားပြုစုဖော်ပြထားပါသည်။







# မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၀၄)


## မြန်မာနှင့် နိုင်ငံတကာဖြစ်ရပ်များ

၁ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် တာဝန်ရှိသူများ လိုက်ပါလျက် ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာ မဟာဆုတောင်းပြည့် စေတီတော်ကို ဖူးမြော်သည်။ ထို့နောက် မန္တလေးမှ အရှေ့ဘက် ၃၁ မိုင်ကွာရဲယမန်းကျေးရွာအနီးရှိ ရဲရွာရေအားလျှပ်စစ်စီမံကိန်းကို ကြည့်ရှုစစ်ဆေးသည်။

၃ စီးပွားရေးတိုးတက်မှု မျှော်လင့်ထားသကဲ့သို့ မဟုတ်ဘဲ နိမ့်ကျနေလင့်ကစားရွေးကောက်ပွဲအာမခံချက်ကို ဖြည့်ဆည်းသောအားဖြင့်ဝင်ငွေ ခွန်နှင့်လူမှုရေးအခွန်အခများကို ပြင်သစ်ဗဟိုလက်ယာအစိုးရက ဆက်လက်လျှော့ချသွားမည်ဟု ပြင်သစ်သမ္မတဂျက်ရှီရက်က ပြောကြားသည်။

၄ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းဧည့်ခံသည့် (၅၅) နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲ အခမ်းအနားကို ပြည်သူ့လွှတ်တော် အဆောက်အအုံတွင် ကျင်းပသည်။

စင်ကာပူနိုင်ငံ ဝန်ကြီးချုပ်ဂိုချောက်တောင်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ်သက်ဆင်နှင့် ဒေသဆိုင်ရာကိစ္စရပ်များကို ထိုင်းနိုင်ငံတောင်ပိုင်းဖူးကက်ကျွန်းတွင် ဤလ ၁၀ ရက်မှ ၁၂ ရက်အထိ အပြန်အလှန်ဆွေးနွေးကြမည်ဟု စင်ကာပူနိုင်ငံခြားရေးဝန်ကြီးရုံးက အတည်ပြုပြောကြားသည်။



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့က (၅၅) နှစ်မြောက် လွတ်လပ်ရေးနေ့ ညစာစားပွဲတွင် သံတမန်များအား နှုတ်ဆက်စဉ်**

၆/၁၁ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူး

ကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာကျန်ဇီမင်း၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အဖွဲ့ဝင်များလိုက်ပါလျက် ချစ်ကြည်ရေးခရီး ထွက်ခွာသည်။

၆ အိန္ဒိယနိုင်ငံ၏ ၂၀၀၅ - ၂၀၁၅ အကြား လပေါ်သို့ လူလွှတ်ရေး အကြံအစည် အောင်မြင်အောင် အကောင်အထည်ဖော်ရန် အချိန်တန်ပြီ ဖြစ်ကြောင်း အိန္ဒိယ ဝန်ကြီးချုပ် အတားလ်ဘီဟာရီဗာဂျ်ပါရီက ပြောကြားလိုက်သည်။

၇ ဂျပန်နိုင်ငံဝန်ကြီးချုပ် ဂျွန်အီချီရို ကိုအိဇူမီနှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့သည် စွမ်းအင်ကိစ္စမှ နိုင်ငံတကာသံတမန်ရေးကိစ္စအထိ အရာရာတွင် ပူးပေါင်းဆောင်ရွက်ရေး အခြေခံဖွဲ့စည်းမှုကို ဖော်ပြထားသော ကြေညာချက်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ကြသည်။

၁၇ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် ဒုတိယအကြိမ် အာဆီယံသိပ္ပံနှင့် နည်းပညာ ဝန်ကြီးများ အလွတ်သဘောအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ဆီဒိုးနားဟော်တယ်တွင် ကျင်းပသည်။

၁၉ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် တာဝန်ရှိသူများ လိုက်ပါလျက် မန္တလေးမြို့သို့ ရောက်ရှိသည်။ ထိုမှတစ်ဆင့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို စစ်ဆေးကြည့်ရှုသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အရှေ့ပိုင်း ဟူကျင်ပြည်နယ်ရှိ ပြည်သူ့ဆေးရုံကြီးတွင် မိခင်ဖြစ်သူ၏ဝဲဘက် ကျောက်ကပ်ဖြင့် သားဖြစ်သူအား ဆရာဝန်များက အစားထိုးကုသပေးလိုက်သည်။

၂၀ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ နိုင်ငံခြားရေးဝန်ကြီးများသည် ကုလသမဂ္ဂရုံးချုပ်တွင်ကမ္ဘာ့အကြမ်းဖက်လုပ်ရပ်များကို တစ်လုံးတစ်စည်းတည်း တွန်းလှန်ဖြိုခွင်းကြရန် ဆော်ဩလိုက်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ သက်ဆိုင်ရာဆုံးဖြတ်ချက် အားလုံးကို အပြည့်အဝ လိုက်နာကျင့်သုံးရမည် ဖြစ်ကြောင်းအစည်းအဝေးအပြီး ထုတ်ပြန်ကြေညာချက်တွင်ဖော်ပြသည်။

၂၁ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၄၅) စစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားပြီး ဗိုလ်ချုပ်မှူးကြီးနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ပြင်ဦးလွင်မြို့တွင် ပြုလုပ်သော စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၄၅) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

၂၂ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အကြီးအကဲများ၊ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် ကသာမြို့နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) မဘိမ်းမြို့နယ်တို့အား ဆက်သွယ်မည့်ရွှေလီတံတား တည်ဆောက်ရေး စီမံကိန်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ဗိုလ်ချုပ်မှူးကြီးသည် မန္တလေး - ရွှေကူ-ဗန်းမော်မဟာဗျူဟာ ကားလမ်းကိုလည်း ကြည့်ရှုစစ်ဆေးသည်။

ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့ အကြား ချစ်ကြည်ရေး သဘောတူစာချုပ် ချုပ်ဆိုသည့် နှစ် (၄၀) မြောက် အထိမ်းအမှတ်အခမ်းအနားကို နှစ်နိုင်ငံစလုံးတွင် ကျင်းပကြပြီး ပြင်သစ်နိုင်ငံ အယ်လီဆီနန်းတော်တွင် ပြုလုပ်သော ပြင်သစ် - ဂျာမနီ ပူးတွဲသတင်းစာရှင်းလင်းပွဲသို့ ပြင်သစ်သမ္မတ ဂျက်ရှီရက်နှင့် အလည်အပတ်ရောက်ရှိနေသော ဂျာမနီဝန်ကြီးချုပ် ဂါဟက်ရှရိုးဒါးတို့ တက်ရောက်ရှင်းလင်းပြောကြားသည်။

၂၄ ခြောက်ကြိမ်မြောက် အာဆီယံ ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးကို ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့တွင် ကျင်းပသည်။ ကမ္ဘောဒီးယားခရီးသွား လုပ်ငန်းဝန်ကြီး ဗင်ဆီရီဗတ်က အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်ပြီး အာဆီယံအတွင်း ခရီးသွားလာခြင်းနှင့် တစ်ခုတည်းသော ဦးတည်ရာခရီးပန်းတိုင်အဖြစ် အာဆီယံကိုသတ်မှတ်သည့် အာဆီယံခရီးသွားလှုံ့ဆော်ရေး (ဗွီအေစီ) အစီအစဉ် အကောင်အထည်ဖော်ရေးကို ယခုကျင်းပသည့် အစည်းအဝေးက ထောက်ခံကြောင်း ၎င်းကပြောသည်။ ယင်းအစည်းအဝေးသို့ မြန်မာနိုင်ငံမှ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်တက်ရောက်သည်။

၂၅ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တပ်မတော်အကြီးအကဲများ၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ညောင်ဦးမြို့နယ်တွင် တည်ဆောက်ပြီးဖြစ်သည့် လက်ပံခြေပေါ်မြစ်ရေတင် စီမံကိန်းနှင့် တည်ဆောက်ဆဲငါ့သရောက် မြစ်ရေတင်စီမံကိန်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

အီရတ်အရေးကိစ္စကို ကုလသမဂ္ဂမူဘောင်များအတွင်း သံတမန်ရေး

နှင့် နိုင်ငံရေးနည်းလမ်းအရ ဖြေရှင်းသွားရမည်ဖြစ်ရာ ပင်လယ်ကွေ့ဒေသအတွင်း စစ်ရေးတိုးချဲ့တည်ဆောက်ခြင်းကို တရုတ်နိုင်ငံက စိုးရိမ်ပူပန်မိကြောင်း နိုင်ငံခြားရေး ဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။

**၂၇** ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးနှင့် လေ့လာရေးကော်မရှင်ဥက္ကဋ္ဌ အမ်းဘလစ်က အီရတ်နိုင်ငံအတွင်း လက်နက်များ စစ်ဆေးခဲ့မှုများနှင့် ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ အစီရင်ခံ တင်ပြလိုက်သည်။ ယင်းသို့ တင်ပြသည့် လုံခြုံရေးကောင်စီအစည်း အဝေးသို့ နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ ညွှန်ကြားရေးမှူးချုပ် မိုဟာမက်အယ်လ်ဘာရာဒီလည်း တက်ရောက်သည်။


**၂၈** နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် မူလတန်းဆရာအတတ်သင်တန်းအမှတ်စဉ် (၃၅) မှ သင်တန်းသားသင်တန်းသူများက လွှတ်တော်အဆောက်အအုံရှိ မင်္ဂလာခန်းမတွင် တွေ့ဆုံဂါရဝပြုပြီး ဩဝါဒခံယူကြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် သွေးနှင့် သွေးပစ္စည်းများဆိုင်ရာ ဥပဒေကို ဤနေ့ ရက်စွဲဖြင့် ထုတ်ပြန်သည်။

**၃၀** တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၄) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားကို ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်းတွင် ကျင်းပသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်မိန့်ခွန်းပြောကြားသည်။


**၃၁** နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ ရက်သတ္တပတ်ပြပွဲကို သွားရောက်ကြည့်ရှုစစ်ဆေး အားပေးသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာ



စွမ်းအင်ကိစ္စမှ နိုင်ငံတကာသံတမန်ရေးကိစ္စအထိ အရာရာတွင် ပူးပေါင်းဆောင်ရွက်ရေး အခြေခံမူဖွဲ့စည်းမှုဆိုင်ရာ ကြေညာချက်တစ်ရပ်ကို လက်မှတ်ရေးထိုးအပြီး ဂျပန်ဝန်ကြီးချုပ်ဂျွန်အိချိရိုကိုအိဇုမိနှင့် ရုရှားသမ္မတဗလာဒီမာပူတင်တို့ကို တွေ့ရစဉ်

ကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့သို့ရောက်ရှိသော ထိုင်းဘုရင့်တပ်မတော် ကြည်းတပ် ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Somdhat Attanand နှင့် အဖွဲ့ဝင်များအား ကုန်းမြင့်သာရှိ ဇေယျာသီရိ ဗိမာန်ခန်းမတွင် လက်ခံတွေ့ဆုံသည်။




ကိုလံဘီယာ အာကာသလွန်းပျံယာဉ် အာကာသအတွင်းသို့မလွှတ်တင်မီ မြေပြင်တွင် လေ့ကျင့်နေသော အာကာသယာဉ်မှူးအချို့အားတွေ့ရစဉ်

## ဖေဖော်ဝါရီလ

၁ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင်ချစ်ကြည်ရေးခရီး လည်ပတ်ခဲ့သော ထိုင်းဘုရင့်တပ်မတော်ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Somdhat Attanand နှင့် ဇနီးခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီးလည်ပတ်ပြီးနောက် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာကြသည်။

ကိုလံဘီယာ အာကာသလွန်းပျံယာဉ်သည် မြေပြင်သို့ မဆင်း သက်မီ အမျိုးသားအာကာသအုပ်ချုပ်မှုနှင့် အဆက်အသွယ်ပြတ်တောက်သွားပြီး တက္ကဆက်ပြည်နယ် ကောင်းကင်ပြင်အရောက်တွင် မီးလောင်ပေါက်ကွဲပျက်ကျသည်။

၂ အီသီယိုပီးယားသမ္မတ ဂါမာဗိုလ်ဒီဂျော်ဂျစ်သည် တောင်



၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့က အာကာသအတွင်းသို့ ကိုလံဘီယာ အာကာသလွန်းပျံယာဉ်ကိုစတင်လွှတ်တင်စဉ်မပေါက်ကွဲမီတွေ့ရပုံ

အာဖရိက သမ္မတ သာဘိုးအမ်ဘီကီနှင့် အဒစ္စအဘာဘာမြို့တွင် အာဖရိကစည်းလုံး ညီညွတ်ရေးကိစ္စကို ဆွေးနွေးသည်။

၅ အီရတ်ကို အမေရိကန်ပြည်ထောင်စုက စစ်ပွဲဆင်နွှဲမည့် အလားအလာအပေါ် ထားရှိသည့်သဘောထား ရပ်တည်ချက်ကို အာဆီယံဝင်နိုင်ငံများက ညှိနှိုင်း လုပ်ဆောင်သွားမည်ဟု အာဆီယံအတွင်းရေးမှူးချုပ် အွန်ကင်ယွန်က ပြောကြားသည်။

အမေရိကန် ပြည်ထောင်စု နယူးယောက်ရှိ ကုလသမဂ္ဂဌာနချုပ်တွင် ပြုလုပ်သော လုံခြုံရေးကောင်စီ အစည်းအဝေးတွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအန်နန်က အီရတ်အရေးကိစ္စနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

၆ ပြည်ထောင်စု မြန်မာနိုင်ငံတော်က အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အဖွဲ့ဝင်နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၏ တတိယအကြိမ်ကမ္ဘာလုံးဆိုင်ရာ အနာကြီးရောဂါကင်းဝေးရေး အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်တွင် ကျင်းပသည်။

၉ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာ သက်ဆင်ရှင်နာဝပ်သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် အလုပ်သဘော အလည်အပတ်ခရီး လည်ပတ်ရန် ထိုင်းဘုရင့်လေတပ် အထူးလေယာဉ်ဖြင့် မြန်မာနိုင်ငံ၊ ကချင်ပြည်နယ် ပူတာအိုမြို့သို့ ရောက်ရှိသည်။ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ပူတာအိုလေဆိပ်မှ ကြိုဆိုသည်။ ထိုင်းနိုင်ငံဝန်ကြီးချုပ်သည် ပူတာအိုမှ မန္တလေး၊ ထိုမှတစ်ဆင့် ရခိုင်ပြည်နယ် သံတွဲမြို့သို့ ညနေပိုင်းတွင် ရောက်ရှိသည်။

အီရတ်နိုင်ငံသည် ငြိမ်းချမ်းစွာ လက်နက်ဖြုတ်သိမ်းနိုင်မည်ဟု မိမိတို့ မျှော်လင့်ကြောင်း ဂျာမနီဝန်ကြီးချုပ် ဂါဟက်ရှရိုးဒါးနှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့က ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ပြုလုပ်သော ဆွေးနွေးပွဲအပြီး ပြောကြားကြသည်။

အမေရိကန်ပြည်ထောင်စုက အီရတ်နိုင်ငံအား တိုက်ခိုက်လာချိန်နှင့် ကြုံသည်ဖြစ်စေ၊ မကြုံသည်ဖြစ်စေ (၁၃) ကြိမ်မြောက် ဘက်မလိုက်လှုပ်ရှားမှု (အင်အေအမ်) ထိပ်သီးညီလာခံကို မူလစီစဉ်ထားသည့်အတိုင်း ကွာလာလမ်ပူမြို့တွင် ဖေဖော်ဝါရီလ (၂၀) ရက်မှ (၂၅) ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဆယ်ဟာမက် အယ်လ်ဘာက ကွာလာလမ်ပူမြို့တွင် သတင်းထောက်များအား ပြောကြားသည်။

၁၂ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က ၂၀၀၃ ခုနှစ် (၅၆) နှစ်မြောက် ပြည်ထောင်စုနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲကို ရန်ကုန်မြို့ သမ္မတအိမ်တော်ဝင်း အတွင်းရှိ မြက်ခင်းပြင်တွင် ကျင်းပသည်။

၁၄ အီရတ်နိုင်ငံအပေါ် ဆင်နွှဲမည့် အမေရိကန်တို့ ဦးဆောင်သော စစ်ပွဲကို ကမ္ဘာအနှံ့ ဆန့်ကျင်လျက်ရှိရာ ဩစတြေးလျနိုင်ငံ လမ်းများပေါ်တွင်လည်း လူတစ်သိန်းကျော်ခန့် ဆန့်ကျင်ကန့်ကွက်ခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

၁၅ သောဠသမ (၁၆) ကြိမ်မြောက် သာသနာတော်လုံးဆိုင်ရာ ရွှေကျင်နိကာယဂိုဏ်းလုံးကျွတ် သံဃာ့အစည်းအဝေးကြီး တတိယနေ့နှင့် နောက်ဆုံးနေ့အစီအစဉ်များကို ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့ ကန်ကြီးပရိယတ္တိ စာသင်တိုက်တွင် ကျင်းပသည်။ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့ တက်ရောက်ကြည်ညိုသည်။

၁၆ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် လောကချမ်းသာ အဘယလာဘမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဒုတိယအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကို တက်ရောက်ကြည်ညိုပြီး လောကချမ်းသာ အဘယလာဘမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကန်တော့၊ ဆွမ်း၊ ခဲဖွယ်ဘောဇဉ်များ ဆက်ကပ်လှူဒါန်းသည်။

၁၇ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား ရန်ကုန်မြို့တွင် ရောက်ရှိသော ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး Sr.Lt. Gen. Pham Van Tra ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန် ကုန်းမြင့်သာ၊ ဇေယျာသီရိ ဗိမာန်ခန်းမသို့ လာရောက်တွေ့ဆုံဂါရဝပြုသည်။

၂၀၀၂-၂၀၀၃ ခုနှစ် မြန်မာနိုင်ငံ အာဆီယံပြန်ကြားရေးဆိုင်ရာ ဆွေးနွေးပွဲများ စီမံကိန်းအရ ပြုလုပ်သည့် အာဆီယံအဖွဲ့ဝင် မြန်မာနိုင်ငံကြုံတွေ့ရမည့် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ

ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ မြန်မာ့သတင်းအချက်အလက်နှင့် ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံတွင် ကျင်းပသည်။ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။

၂၂ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များသို့ သွားရောက်ပြီး မြို့ရွာများဖွံ့ဖြိုးတိုးတက်မှု အခြေအနေ၊ ဒလ-ကော့မှူး-ကွမ်းခြံကုန်း ကားလမ်း အဆင့်မြှင့်တင်ပြင်ဆင်ထားမှုနှင့် နွေစပါး၊ အခြားသီးနှံစိုက်ပျိုးဖြစ်ထွန်းနေသည့် အခြေအနေများကို စစ်ဆေးကြည့်ရှုသည်။ ထို့နောက် ဗိုလ်ချုပ်မှူးကြီးသည် ရေဝတီတံတား (ဒေးဒရဲ) ကို ကြည့်ရှုစစ်ဆေးသည်။ ထိုမှ ဒေးဒရဲမြို့နယ် အုန်းပင်ကျေးရွာ နွေစပါးစိုက်ခင်း၊ မအူပင် တက္ကသိုလ် တည်ဆောက်ရေး စီမံကိန်းများကို ကြည့်ရှုစစ်ဆေးသည်။

၂၀၀၂ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆု ဆုချီးမြှင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံတွင် ကျင်းပသည်။

၂၃ တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် တောင်ကိုရီးယားသမ္မတ နိုမူဟွန်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် ဂျွန်အိချီရိုကိုအိဇုမိတို့၏ ထိပ်သီးအစည်းအဝေး ကျင်းပသည်။ ခေါင်းဆောင်နှစ်ဦးသည် နျူကလီးယားကိစ္စရပ်အပေါ် ၎င်းတို့၏ သဘောထား၊ အမြင်များကို တင်ပြဆွေးနွေးကြသည်။

[redacted]

၂ အမေရိကန်နှင့် ဗြိတိန်တို့သည် ဖေဖော်ဝါရီလ ၂၈ ရက်နေ့က အီရတ်နိုင်ငံ၏ မပျံသန်းရဇုံတွင် လေကြောင်းမှ ကြိုတင်ညှိနှိုင်းမှုမရှိဘဲ တိုက်ခိုက်ကြခြင်းကို စိုးရိမ်မိကြောင်း ရုရှားနိုင်ငံက ထုတ်ဖော်ပြောကြားသည်။

၃ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် အာရပ် အမျိုးသားဒီမိုကရက်တစ်ပါတီက ကျင်းပသည့် စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲသို့ အီဂျစ်လူမျိုး ငါးသိန်းခန့် ပါဝင်တက်ရောက် ဆန္ဒပြခဲ့ကြသည်။ ယင်းဆန္ဒပြပွဲက အီရတ်အကျပ်အတည်းကို ငြိမ်းချမ်းစွာ ဖြေရှင်းအဆုံးသတ်ရန် တိုက်တွန်းလိုက်သည်။

၆ အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အနီး စစ်အခြေစိုက်စခန်းတစ်ခုတွင် အယ်လ်ဆမွတ်-၂ ဒုံးပျံခြောက်စင်းကျော်ကို ဖျက်ဆီးခဲ့ကြောင်း အီရတ်အရာရှိတစ်ဦးက ပြောကြားသည်။

၇ ကုလသမဂ္ဂဌာနချုပ်တွင် အီရတ်ဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေးပြုလုပ်သည်။ အမေရိကန်၊ ဗြိတိန်နှင့်စပိန်တို့က လက်နက်ဖျက်သိမ်းရေး တောင်းဆိုချက်များကို မတ်လ (၁၇) ရက်နေ့ နောက်ဆုံးထားပြီး အပြည့်အဝပူးပေါင်းဆောင်ရွက်ရန် အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်အား ရာဇသံပေးရေး အဆိုပြုချက်ကို တင်သွင်းသည်။ ယင်းအဆိုပြုချက်ကို ပြင်သစ်နိုင်ငံက ပယ်ချလိုက်သည်။

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် အမျိုးသမီးများ အပါအဝင် ပြည်သူ ၃၀၀၀၀ ခန့်သည် အီရတ်နိုင်ငံအား တိုက်ခိုက်မည့် စစ်ပွဲရှောင်လွှဲနိုင်ရေးအတွက် စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲ ပြုလုပ်သည်။

၁၀ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် မြန်မာနိုင်ငံတွင် အလည်အပတ်ရောက်ရှိသော ထိုင်းနိုင်ငံမဟာချက်ကရီ သီရိဒွံ မင်းသမီးအား စိမ်းလဲ့ကန်သာ နိုင်ငံတော်အိမ်တော်တွင် လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ အလည်အပတ်ရောက်ရှိသော ထိုင်းနိုင်ငံမဟာချက်ကရီသီရိဒွံ မင်းသမီးအား တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုကြသည်။

အင်ဒိုနီးရှားသမ္မတ မယ်ဂါဝတီနှင့် အင်ဒိုနီးရှားနိုင်ငံသို့ အလည်အပတ်ရောက်ရှိသော ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး အလက်ဇန္ဒားဒေါင်နာတို့ ဂျကာတာမြို့တွင် တွေ့ဆုံဆွေးနွေးသည်။

၁၁ အီရတ်နိုင်ငံအား အမေရိကန်ဦးဆောင်ဆင်နွှဲမည့်စစ်ကို ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက်ကြောင်း အီရန်နှင့်ရုရှားတို့က ထုတ်ဖော်ပြောဆိုလိုက်သည်။ အီရန်သမ္မတ မိုဟာမက် ခါတာမီနှင့် အီရန်နိုင်ငံသို့ လာရောက်လည်ပတ်သော ရုရှားနိုင်ငံခြားရေးဝန်ကြီး အီဂေါ်အိုင်ဗင်နော့ဗ်တို့ တွေ့ဆုံစဉ် ယင်းသို့ထုတ်ဖော်ပြောကြားလိုက်ခြင်း ဖြစ်သည်။

၁၄ အီရတ်နိုင်ငံပေါ်တွင် ကင်းလှည့်စောင့်ကြပ်နေကြသည့် အမေရိကန်-ဗြိတိသျှကင်းလှည့်လေယာဉ်အုပ်စုတွင်ပါဝင်သည့် အမေရိကန်ဘီ-ဝမ်းဗုံးကြဲလေယာဉ်တစ်စင်းက ဘဂ္ဂဒက်မြို့အနောက်ဘက်ရှိ အီရတ်ရေဒါနှစ်ခုကို တိုက်ခိုက်ခဲ့ကြောင်း အမေရိကန်ကာကွယ်ရေးဌာနမှ အရာရှိများက ပြောကြားသည်။

၁၅ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာချန်ဒတ်လွှမ်နှင့် ဇနီးတို့၏ ဖိတ်ကြားချက်အရ အဖွဲ့ဝင်များ လိုက်ပါလျက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန်္နွိုင်းမြို့သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ထွက်ခွာသည်။

၁၆ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘေဂျင်းမြို့တွင် ဒသမအကြိမ် အမျိုးသားပြည်သူ့ကွန်ကရက် ပထမအစည်းအဝေး၏ ဆဋ္ဌမဖုံညီအစည်းအဝေး ကျင်းပသည်။ ထိုအစည်းအဝေးက တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ်အဖြစ် ဝမ်ကျားပေါင်အား အတည်ပြုလိုက်သည်။ ဝန်ကြီးချုပ်ဟောင်း ကျူရုံကျိက ဝန်ကြီးချုပ်သစ် ဝမ်ကျားပေါင်အား အစည်းအဝေးခန်းမတွင် လက်ဆွဲနှုတ်ဆက်သည်။

၁၇ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ မစ္စတာချန်ဒတ်လွှမ်နှင့်ဇနီးတို့၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတွင် ချစ်ကြည်ရေးခရီး လည်ပတ်ခဲ့ပြီးနောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

၁၈ ပြည်ပသို့ ထွက်ပြေးတိမ်းရှောင်ရန် သို့မဟုတ်စစ်ပွဲနှင့်ရင်ဆိုင်ရန် အမေရိကန်ပြည်ထောင်စု၏ ရာဇသံပေးချက်ကို အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်က လက်မခံဘဲ ငြင်းပယ်လိုက်သည်။ ကျူးကျော်တိုက်ခိုက်သူ ဟူသမျှကို နှင်ထုတ်ရန်အသင့်ရှိကြောင်း အီရတ်ရုပ်မြင်သံကြားဌာနက ကြေညာသည်။

၁၉ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဖိတ်ကြားချက်အရ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပြည်ထောင်စု မြန်မာနိုင်ငံတွင် တရားဝင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ ရောက်ရှိသည်။ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး အမှူးပြု၍ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုကြသည်။

၂၀ ဘင်္ဂလားဒေ့ရှ် ကုန်စည် ပြပွဲ - ၂၀၀၃ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ အထက်ပုဇွန်တောင်လမ်းရှိ ရန်ကုန်ကုန်သွယ်မှုဗဟိုဌာနတွင် ကျင်းပသည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်ဘီဂမ်ခါလီဒါဇီယာ တက်ရောက်၍ ပြပွဲကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

၂၁ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်ခဲ့သော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာ ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသည်။


ပြန်ကြားရေးဝန်ကြီးဌာနပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ကြီးမှူးကျင်းပသည့် စာအုပ်ဈေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ သိမ်ဖြူလမ်းနှင့် အနော်ရထာလမ်းထောင့်ရှိ ဗဟိုပုံနှိပ်စက်ရုံဝင်း (ပထမ) ထပ်တွင် ကျင်းပသည်။ ပြန်ကြားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အီရတ်နိုင်ငံအား အမေရိကန်ပြည်ထောင်စုက ဤနေ့ညပိုင်းမှ စတင်တိုက်ခိုက်သည်။ ယင်းသို့ စတင်တိုက်ခိုက်ချိန်မှစ၍ အီရတ်နိုင်ငံဘဂ္ဂဒက်မြို့တွင် ခရုဇ်ဒုံးပျံအစင်း ၄၀ ကျော် ပစ်ခတ်ခဲ့ပြီးဖြစ်သည်ဟု စီအင်အင်က ကြေညာသည်။

၂၄ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် (၅၈) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းများ တော်လှန်ရေးပန်းခြံအတွင်း ဝတ်စုံပြည့် စစ်ရေးပြလေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ဂျာမနီနိုင်ငံ လိုက်ပဇစ်မြို့တွင် အမေရိကန် ဦးဆောင်သော အီရတ်စစ်ပွဲ ဆန့်ကျင်ရေးဆန္ဒပြပွဲပြုလုပ်သည်။ ဆန္ဒပြသူများက အမေရိကန် သမ္မတ ဂျော့ဘုရှ်၏ပုံကို ဂျာမနီအာဏာရှင် ဟစ်တလာ၏ နှုတ်ခမ်းမွေးမျိုးတပ်လျက် ဆန္ဒပြကြသည်။

၂၅ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် တပ်မတော်စစ်သမိုင်းပြတိုက်တွင် ၂၀၀၃ ခုနှစ် (၅၈) နှစ်မြောက် တပ်မတော်နေ့ အထိမ်း



**၂၀၀၃ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့ညပိုင်းတွင် အမေရိကန်ပြည်ထောင်စုက အီရတ်နိုင်ငံဘဂ္ဂဒက်မြို့ကို စတင်ပစ်ခတ်တိုက်ခိုက်ရာ ဘဂ္ဂဒက်မြို့ကောင်းကင်ယံတစ်ခုလုံးပေါက်ကွဲလောင်ကျွမ်းသည့် မီးလုံးကြီးများဖြင့် ထိန်လင်းနေသည်ကို တွေ့ရစဉ်**

အမှတ်အဖြစ် ပြသမည့်ပြခန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

၂၇ ရန်ကုန်မြို့ တော်လှန်ရေးပန်းခြံ၌ ကျင်းပသော (၅၈) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်မိန့်ခွန်းမြွက်ကြားသည်။

၃၀ ရန်ကုန်မြို့တော် ကန်တော်ကြီးနှင့် တိရစ္ဆာန်ဥယျာဉ်အဆင့်မြှင့်တင်ရေးနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ကန်တော်ကြီးမြေပဒေသာ ကျွန်းရှိ စိုက်ပျိုးရေးပြတိုက်တွင် ကျင်းပသည်။

## ဧပြီလ

၁ အမျိုးသားကျန်းမာရေးကော်မတီ (၃၇) ကြိမ်မြောက်အစည်းအဝေးကို ပြည်ထောင်စု ရိပ်သာလမ်းရှိ ကျန်းမာရေးဝန်ကြီးဌာန အဆောက်အအုံ၌ ကျင်းပသည်။

၂ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော အင်ဒိုနီးရှား သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာ အင်န်ဟတ်ဆန်ဝီရာယုဒအား ကုန်းမြင့်သာရှိ ဇေယျသီရိ ဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၃ အီရတ်ဝါရင့်ဝန်ကြီးများ အစည်းအဝေးတစ်ရပ်တွင် သမ္မတဆက်ဒမ်ဟူစိန် သဘာပတိအဖြစ် ဆောင်ရွက်နေသည်ကို အီရတ်ရုပ်မြင်သံကြားဌာန ဖြိုဟ်တုသတင်းတွင် ပြသသည်။

၄ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ

ဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးသည် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ မန္တလေးမြို့ မြန်မာ့စက်မှု လက်မှုပြပွဲ (၂၀၀၃) နှင့် ပြင်ဦးလွင်မြို့များသို့ သွားရောက် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကုလသမဂ္ဂ တစ်ခုတည်း၌သာ လျှင် တရားဝင်အခွင့်အာဏာရှိသောကြောင့် အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးတွင် ကုလသမဂ္ဂသည် အဓိကအခန်းကဏ္ဍမှ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမေရိကန်ဦးဆောင်ပြီး အီရတ်ကို တိုက်သည့်စစ်ကို အဓိက ဆန့်ကျင်ခဲ့ကြသော ပြင်သစ်၊ ဂျာမနီနှင့် ရုရှားနိုင်ငံတို့က ပြောကြားလိုက်ကြသည်။

၆ / ၂၀ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရ ရွှေမန်း (ယခု ဗိုလ်ချုပ်ကြီး)နှင့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာန ဆိုင်ရာအကြီးအကဲများနှင့်အတူ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) နှင့် ကယားပြည်နယ်များသို့ လှည့်လည်သွားရောက်၍ ကြည့်ရှုစစ်ဆေးသည်။

၆ အီရတ်နိုင်ငံ၌ အမေရိကန် ဦးဆောင်တိုက်ခိုက်နေသည့် စစ်ပွဲကို ဆန့်ကျင်ကြောင်း ပြောဆိုကြသည့် အဓိကပုဂ္ဂိုလ်များ၌ တစ်ဦး အပါအဝင်ဖြစ်သူ ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါလ်သည် အီရတ်စစ်ပွဲအတွင်း ကြားညပ်နေကြသော အကာအကွယ်မရှိ ခိုကိုးရာမဲ့ အီရတ်ပြည်သူများအတွက် ဆုမွန် ကောင်းတောင်းပေးပြီး စစ်ပွဲကို အမြန် အဆုံးသတ်ရန် တိုက်တွန်းပြောကြားသည်။

၁၁ ရုရှားသမ္မတ ဗလာဒီမာပူတင်၊ ပြင်သစ်ဝန်ကြီးချုပ် ဂျက်ရှီရက်နှင့် ဂျာမနီဝန်ကြီးချုပ် ဂါဟက်ရှရိုးဒါးတို့သည် ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ်ပြုလုပ်ပြီး အီရတ်နိုင်ငံပြန်လည်တည် ဆောက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ သတင်းထောက်များအား ရှင်းလင်းပြောကြားသည်။

၂၀ ရန်ကုန်တိုင်း၊ ထန်းတပင်မြို့နယ် ရန်ကုန်-ညောင်တုန်းကားလမ်းမပေါ်ရှိ အလုပ်သမားဝန်ကြီးဌာန လူမှု



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မြန်မာ့စက်မှုလက်မှုပြပွဲ (၂၀၀၃) ကို ကြည့်ရှုစစ်ဆေးစဉ်**

ဖူလုံရေးအဖွဲ့၏ ခုတင် (၁၀၀) ဆံ့ တီဘီရောဂါကုဆေးရုံဖွင့်ပွဲ အခမ်းအနား ကျင်းပသည်။

၂၁ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့သင်္ဘောကျင်းလုပ်ငန်းက စင်ကာပူသမ္မတနိုင်ငံ Jaya Marine lines Private Limited အတွက် တည်ဆောက်ပြီးစီးသော Jaya Gold-2 ရေယာဉ်အားလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို နန်းသီတာဆိပ်ကမ်း၌ ကျင်းပသည်။

အီရတ်နိုင်ငံတွင် စစ်အခြေစိုက်စခန်းများ ထူထောင်ထားရှိရန်နှင့် ရှိပြီးစစ်စခန်းများ ဆက်လက်ထားရှိရန် အမေရိကန်တို့၏ အစီအစဉ်သည် နဂိုကမှမတည်မငြိမ်ဖြစ်နေသောအနောက်အာရှဒေသကို တည်ငြိမ်အောင်ဆောင်ရွက်ရာ၌ အထောက်အကူဖြစ်စေလိမ့်မည်မဟုတ်ဟုဆိုကာ ယင်းအစီအစဉ်ဟူသမျှကို မလေးရှားနိုင်ငံက ဆန့်ကျင်ကန့်ကွက်သည်ဟု မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဆယက်အာမက်အယ်လ်ဘာက ပြောကြားသည်။

၂၄ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း (ယခု နိုင်ငံတော်ဝန်ကြီးချုပ်) သည် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ ဆန်စပါးကုန်သည်များ၊ ဆန်စက်ပိုင်ရှင်များ စုစုပေါင်း ၂၀၀ ကျော်နှင့် တွေ့ဆုံပြီး နိုင်ငံတော်၏အဓိက သီးနှံဖြစ်သော ဆန်စပါးကို လာမည့်နှစ်မှစ၍ အစိုးရက တိုက်ရိုက်ဝယ်ယူခြင်းမပြုတော့ဘဲ လွတ်လပ်စွာရောင်းဝယ်ဖောက်ကားခွင့်ပြုသည့် ဆန်စပါးရောင်းဝယ်ရေးမူဝါဒသစ်ကျင့်သုံးမည့်အစီအစဉ်နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးမှာကြားသည်။

ကုလသမဂ္ဂအဓိက အခန်းကဏ္ဍမှပါဝင်သည့် နိုင်ငံတကာ အကြမ်းဖက်ဝါဒတိုက်ဖျက်ရေး စနစ်တစ်ရပ် ထူထောင်ရန် ရုရှားသမ္မတ ဗလာဒီမာပူတင်က အဆိုပြုလိုက်သည်။

၂၆ ကုလသမဂ္ဂအနေဖြင့် စစ်ပြီးကာလ အီရတ်နိုင်ငံတွင် အရေးပါသည့် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက် နိုင်ရေးအတွက် နိုင်ငံတကာပူးပေါင်း ဆောင်ရွက်မှု ပြန်လည်တည်ဆောက်ရန်လိုအပ်ကြောင်း မိမိနှင့် ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲတို့ သဘောတူလက်ခံ ထားသည်ဟု ဂျပန်ဝန်ကြီးချုပ် ကိုအိဇုမိက ပြောကြားသည်။

၂၉ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူး



ရုရှားသမ္မတဗလာဒီမာပူတင် (အလယ်)၊ ပြင်သစ်ဝန်ကြီးချုပ်ဂျက်ရှီရက် (ဘယ်)နှင့် ဂျာမနီဝန်ကြီးချုပ် ဂါဟက်ရှရိုးဒါးတို့အား စိန့်ပီတာစဘတ်မြို့တွင် ကျင်းပသော အီရတ်နိုင်ငံ ပြန်လည်တည်ထောင်ရေးနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတစ်ခုတွင် တွေ့ရစဉ်



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ SARS ရောဂါဆိုင်ရာ အထူးအစည်းအဝေးသို့တက်ရောက်ရန် ထိုင်းနိုင်ငံသို့ထွက်ခွာစဉ်**

ကြီးသန်းရွှေသည် ထိုင်းနိုင်ငံ၌ ကျင်းပမည့် အာဆီယံနိုင်ငံအကြီးအကဲများ၏ SARS ရောဂါဆိုင်ရာ အထူးအစည်းအဝေး၊ အာဆီယံ-တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကြီးအကဲများ၏ SARS ရောဂါဆိုင်ရာ အထူးအစည်းအဝေးသို့ တက်ရောက်ရန် ထိုင်းနိုင်ငံဗန်ကောက်မြို့သို့ ထွက်ခွာသည်။

ဂျပန်နိုင်ငံဝန်ကြီးချုပ် ကိုအိဇုမိနှင့် ပြင်သစ်သမ္မတဂျက်ရှီရက်တို့၏ ထိပ်သီးဆွေးနွေးပွဲကို ပြင်သစ်နိုင်ငံပါရီမြို့၌ ကျင်းပသည်။ ထိုအခါ ဆွေးနွေးပွဲတွင် အီရတ်နိုင်ငံပြန်လည်တည်ဆောက်ရေးအတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မြဲရန် ခေါင်းဆောင်နှစ်ဦး သဘောတူညီခဲ့ကြသည်။

[redacted]

၁ ပုဇွန်တောင်း (အနောက်ပိုင်း) အုတ်ဖို မြို့နယ်၌ ဂမုန်းရေလှောင်တမံ ဖွင့်ပွဲ အခမ်းအနားကျင်းပသည်။

၃ ပဲခူးမြို့ရှိ တမ္ပလောဟာမဟာမုနိ ကြေးသွန်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးရွှေမျက်နှာတော်သွန်းလောင်းခြင်း၊ ရတနာပလ္လင်တော် အုတ်မြစ်တော်စိုက်မင်္ဂလာအခမ်းအနားနှင့် နောင်တော်ကြီး မြသာလျောင်း ရုပ်ပွားတော်မြတ်ကြီး၏ မှုလဌာပနာတော်သွင်း မင်္ဂလာ၊ ချက်နှာတော် ပုံဖော်ပူဇော်ခြင်း မင်္ဂလာအခမ်းအနားများကျင်းပသည်။

၅ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာခမ်တေးဆီဖန်ဒုံနှင့် ဇနီးတို့၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်လည်ပတ်ရန် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ထွက်ခွာကြသည်။

၇ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာခမ်တေးဆီဖန်ဒုံနှင့် ဇနီးတို့၏ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်လည်ပတ်ခဲ့ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

၁၁ – ၁၄ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် တာဝန်ရှိသူများကိုခေါ်ယူလျက် ရှမ်းပြည်နယ်သို့ သွားရောက်၍

တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၀၆) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားကို တက်ရောက်မိန့်ခွန်းပြောကြားပြီး ပြည်နယ်ဖွံ့ဖြိုးတိုး တက်ရေးလုပ်ငန်းများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

၁၄ အာဆီယံအဖွဲ့ဆိုင်ရာ ဦးဆောင်ကော်မတီ ၁/၂၀၀၃ အစည်းအဝေးကို ကုန်းမြင့်သာရှိ ဇေယျာသီရိ ဗိမာန်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မိမိနှင့် ဂျာမနီဝန်ကြီးချုပ် ဂါဟက်ရှရိုးဒါးတို့သည် အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရာတွင် ကုလသမဂ္ဂကအချက်အချာကျသည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်သည်ကို လိုလားကြောင်း အင်ဒိုနီးရှားသမ္မတ မယ်ဂါဝတီဆိုကာနိုပူထရီက ပြောကြားသည်။

၁၉ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသည့် အမျိုးသားစာပေ တစ်သက်တာဆု၊ ဝိဇ္ဇာပညာထူးချွန်ဆုတံဆိပ် (ပထမဆင့်)၊ ပခုက္ကူ ဦးအုံးဖေတစ်သက်တာစာပေဆုနှင့် နိုင်ငံတကာအသိအမှတ်ပြု စာပေဆုရရှိသူများအား ချီးကျူးဂုဏ်ပြုပွဲ အခမ်းအနားကို ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်နန်းတော်၌ ကျင်းပသည်။

၂၀ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် အင်းစိန်မြို့နယ်ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ စက်ခေါင်းစက်ရုံသို့ ရောက်ရှိပြီး ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားကာ စက်ရုံလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

၂၂ အယ်လ်ကိုင်ဒါ အကြမ်းဖက်ဝါဒီများကို အီရန်နိုင်ငံက လက်ခံထားသည်ဟူသော အမေရိကန်တို့၏ စွပ်စွဲချက်များသည် မှားယွင်းသောသတင်းကို အခြေခံထားသည့် စွပ်စွဲချက်များဖြစ်ကြောင်း၊ သို့ရာတွင် မည်သို့ပင်ဖြစ်စေ အီရန်နိုင်ငံကမသိဘဲ အီရန်နိုင်ငံထဲသို့ ဝင်လာသည့် မည်သည့်စစ်လိုလားသူ၊ စစ်သွေးကြွသူကိုမဆို ဖမ်းဆီးမည်ဟု သန္နိဋ္ဌာန်ချထားကြောင်း အီရန်နိုင်ငံက ကြေညာသည်ဟု အိုင်အင်အေသတင်းဌာနက ဖော်ပြသည်။

၂၉ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖွင့်လှစ်သည့် ပြည်သူ့ဆက်ဆံ



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတစ်ရပ်ဖြစ်သော ဇော်ဂျီရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ကြည့်ရှုစစ်ဆေးစဉ်

ရေးလုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း (အရာရှိ) ၂/၂၀၀၃ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းသင်တန်းခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

၂၅ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာနက ကျင်းပခဲ့သော (၅၅) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်သူမြတ်များအား ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ်ဆက်ကပ်ပွဲအခမ်းအနားကို ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့ တက်ရောက်ကြည်ညိုကြသည်။

၂၇ တရုတ်သမ္မတ ဟူကျင်တောင်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ ဆွေးနွေးပွဲအပြီး အီရတ်နိုင်ငံပြန်လည်ထူထောင်ရာ၌ ကုလသမဂ္ဂ၏ အဓိကအခန်းကဏ္ဍတစ်ရပ် အတွက် တိုက်တွန်းဆော်ဩခဲ့ကြသည်။

၂၈ ဆက်ဒမ်ဟူစိန်ကို ဖယ်ရှားလိုက်သည့်အတွက် အီရတ်ပြည်သူများ လွတ်လပ်မှုကိုဖြစ်စေသည် ဆိုသော်လည်း အီရတ်နိုင်ငံ၌ ဆင်နွှဲခဲ့သော စစ်ပွဲ၏ နိုင်ငံရေးနှင့်ရှုပ်ထွေးမှုတို့ သည်ကမ္ဘာ့သန်းပေါင်းများစွာသော ပြည်သူတို့အတွက် အနုတ်သဘောဆောင်သော အကျိုးဆက်များဖြစ်စေခဲ့သည်ဟု နိုင်ငံတကာဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က စွဲချက်တင်လိုက်သည်။

၃၀ ဥရောပတွင် ခိုလှုံရန် ကြိုးပမ်းနေကြသော အီရတ်ရာထောင်ပေါင်းများစွာအား ငွေကြေးပေးခြင်းနှင့် အခြားဆွဲဆောင်မှုများ ပေးခြင်းဖြင့် အီရတ်နိုင်ငံသို့ ပြန်နိုင်အောင်လုပ်ဆောင်ပေးရန် ပြင်သစ်နှင့်ဂျာမနီနိုင်ငံတို့က ကုလသမဂ္ဂကို တင်ပြတောင်းဆိုထားသည်။

## ဧပြီ

၂ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအန်နန်၏ အီရတ်ဆိုင်ရာ အထူးကိုယ်စားလှယ် ဆာဂျီယိုဒီမဲလိုးသည် အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့သို့ ရောက်ရှိသည်။

၄ အီရတ်တွင် စစ်ပွဲပြီးဆုံးသွားပြီးနောက် အီရတ်၌အချုပ်အခြာအာဏာပိုင်မှု၊ တည်ငြိမ်မှုနှင့် ဒီမိုကရေစီ ဖော်ဆောင်မှုတို့တွင် မိမိတို့အားလုံး၏ ရည်ရွယ်ချက်သည် တူညီကြသည်ဟု စက်မှုအင်အားကြီး ရှစ်နိုင်ငံ (ဂျီ-၈) က ပြောကြားလိုက်သည်။

၆ မဟာသင္ကိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး ပြည်ပသာသနာပြု ရဟန်းတော်များ အထူးသင်တန်းအမှတ်စဉ် (၂) ဖွင့်ပွဲနှင့် ဩဝါဒခံယူပွဲ အခမ်းအနားကို ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ မဟာသင္ကိသုခ ဗုဒ္ဓသာသနာပြု ကျောင်းတော်ကြီးအဓိပတိခန်းမ၌ ကျင်းပသည်။

၇ ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) နဝရတ်ခန်းမ၌ အခြေခံပညာဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၅၂) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပသည်။

၁၀ အမှတ် (၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းအဏုဇီဝ ဆေးဝါးထုတ်လုပ်ရေးစက်ရုံ (ရေခဲ) ဖွင့်ပွဲအခမ်းအနားကျင်းပသည်။

စစ်ပြီးကာလ အီရတ်နိုင်ငံ တည်ငြိမ်မှုရရှိရေး ဆောင်ရွက်မှုသည် ကြိုတင်မှန်းဆထားခဲ့သည်ထက် ပိုမိုခက်ခဲပြီး ရှုပ်ထွေးကြောင်းကို နေ့စဉ်ခုခံတိုက်ခိုက်မှု၊ အကြမ်းဖက်မှု၊ လုယက်မှုတို့က သက်သေပြသည်ဟု ထိပ်တန်းပင်တဂွန်မူဝါဒရေးရာ အကြံပေးက ပြောကြားလိုက်သည်။

၁၁ အမေရိကန် ဦးဆောင်သော အာဏာပိုင်များ၏ အုပ်ချုပ်မှုအောက် တွင် ဘဂ္ဂဒက်ရှိနေသမျှ ရေနံကုန်သည်ကြီးများ အစည်းအဝေးတက်ရောက်ခွင့်ကို အီရတ်နိုင်ငံအား အိုပက်က မပေးနိုင်ကြောင်း ရေနံဝန်ကြီးများက ပြောဆိုလိုက်သည်။

၁၂ ဦးခေါင်းချင်း ပူးဆက်နေသော အီရန်အမြွှာညီအစ်မနှစ်ဦးက မိမိတို့သီးခြားစီဘဝရှင်သန်မှု အခွင့်အလမ်းရရှိနိုင်ရန်အတွက် အသက်သေဆုံးမည့်အရေးကို မငဲ့ကွက်ဘဲ စွန့်စားလုပ်ဆောင်လိုကြသည်ဟု အထူးကုဆရာဝန်များ၏အကြံပေးချက်ကို ဆန့်ကျင်ကာ ပြောဆိုလိုက်ကြသည်။

၁၅ မွန်ပြည်နယ်သထုံခရိုင်ဘီးလင်းမြို့ရှိ ချိန်းချောင်းတံတား၊ အနိုင်းပွန်တံတားနှင့် ရွှေဝါရောင်လမ်းမကြီးအပိုင်း (၄) ဖွင့်ပွဲ အခမ်းအနားများကျင်းပသည်။

အရှေ့တောင်အာရှ နျူကလီးယားလက်နက်မဲ့ဇုန် သတ်မှတ်ရေး သဘောတူစာချုပ်တစ်ရပ် ရရှိရန်ညှိနှိုင်း ဆောင်ရွက်ရာ၌ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၏ သဘောထား ရပ်တည်ချက်အပေါ် အရှေ့တောင်အာရှနိုင်ငံများ အသင်း

(အာဆီယံ)က တန်ဖိုးထားလေးစားကြောင်းထုတ်ဖော်ပြောကြားလိုက်သည်။

၁၆ ကမ္ဘာတစ်ဝန်းတွင်ရှိသော ပြည်သူအများစုက အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်ကို သဘောမကျသည့်အမြင်ရှိကြပြီး အီရတ်ကို အမေရိကန်ကျူးကျော်တိုက်ခိုက်ခြင်းသည် မှားသည်ဟု ထင်ကြကြောင်း ဘီဘီစီဆန္ဒသဘောထား ကောက်ယူမှုတွင် ဖော်ပြထားသည်။

၁၇ ရန်ကုန်မြို့ မိုင် ၃၀ ပတ်လည် စပါးနှင့် အခြားသီးနှံစိုက်ပျိုးရေး နှစ်ပတ်လည်စိမ်းလန်းစိုပြည်ရေး ညှိနှိုင်းအစည်းအဝေးကို ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် ကုလသမဂ္ဂအနေဖြင့် အချက်အချာကျပြီး အရေးကြီးသည့်အခန်း ကဏ္ဍက ဆောင်ရွက်ခြင်းကို အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)ကထောက်ခံကြောင်း ထပ်လောင်းအတည်ပြုပြောကြားသည်။

၁၈ ၂၀၀၃ ခုနှစ် ပထမအကြိမ် အာဆီယံ အသက် (၁၈) နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို သုဝဏ္ဏဘောလုံးကွင်းတွင် ကျင်းပသည်။ မြန်မာအသင်းအနိုင်ရ ဗိုလ်စွဲသည်။

၂၀ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း (ယခုနိုင်ငံတော်ဝန်ကြီးချုပ်)သည် လှိုင်သာယာစက်မှုဇုန်ရှိ စက်ရုံများမှ ထုတ်လုပ်သော စက်ပစ္စည်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

၂၁ အီရတ်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် ဆာဂျီယိုဗီအဲရားဒီမဲလိုးသည် အီရတ်နိုင်ငံ မြောက်ပိုင်းသို့ ရောက်ရှိလာရာ ၎င်းအား ကာ့ဒ်လူမျိုးစု ခေါင်းဆောင်က ကုလသမဂ္ဂအနေနှင့် အီရတ်နိုင်ငံ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကဏ္ဍမှာသာမကဘဲ နိုင်ငံရေးကဏ္ဍမှာပါ ကူညီဆောင်ရွက်သင့်ကြောင်းပြောကြားသည်။

၂၂ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်သည် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်တောင်ဘက် အောင်ချမ်းသာစေတီအနီး၌ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၀၃ ခုနှစ်၊ ဇူလိုင်လ ၃ ရက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အကြိုလှုပ်ရှားမှုအဖြစ် သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်ချီးမြှင့်ပြီး အထိမ်းအမှတ်သစ်ပင်စိုက်ပျိုးပေးသည်။

၂၄ မန္တလေးတိုင်း လယ်ဝေးမြို့နယ် ရန်အောင်မြင်ရေလှောင်တမံ ဖွင့်ပွဲ အခမ်းအနားကျင်းပသည်။

၂၅ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆဋ္ဌမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကျင်းပသည်။

ကိုလံဘီယာနိုင်ငံသည် ကမ္ဘာပေါ်တွင် ကိုကင်းအများဆုံးထုတ်လုပ်သည့် နိုင်ငံဖြစ်နေဆဲပင်ဖြစ်ကြောင်း ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုရေးရာ တရားရုံးကထုတ်ပြန်သောနှစ်ပတ်လည်အစီရင်ခံစာတွင် ဖော်ပြသည်။

၂၆ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပသော ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ (၁၇) ကြိမ်မြောက် မီးရှို့ဖျက်ဆီးပွဲအခမ်းအနားကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျွန်းတောလမ်းနှင့် ဟံသာဝတီလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်ဝင်းအတွင်းရှိ မီးရှို့ဆောင်၌ ကျင်းပသည်။

၂၇ ဟောင်ကောင် အထူးအုပ်ချုပ်ခွင့်ရဒေသ (အက်စ်အေအာ) အခြေခံဥပဒေပုဒ်မ (၂၃) နှင့် ဆက်နွယ်နေသည့် ဥပဒေပြဋ္ဌာန်းမှုဆိုင်ရာ အမေရိကန်အောက်လွှတ်တော် ဥပဒေကြမ်းကို တရုတ်ပြည်သူ့သမ္မတနိုင်ငံက ပြင်းပြင်းထန်ထန်ကန့်ကွက်ကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် မစ္စတာကောင်ကွမ်က ဘေဂျင်းမြို့တွင် ပြောကြားသည်။

၂၈ ဧရာဝတီတိုင်း မအူပင်မြို့၌ တည်ဆောက်ပြီးစီးသည့် အစိုးရနည်းပညာ ကောလိပ် (မအူပင်) ဖွင့်ပွဲအခမ်းအနားကျင်းပသည်။

ကမ္ဘာ့အရှည်ဆုံး သံမဏိလိပ်ခုံးပုံသဏ္ဌာန်တံတားကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့တွင် ဖွင့်လှစ်လိုက်သည်။ အဆိုပါတံတားမှာ မီတာ ၇၅၀ ရှည်ပြီး ၁၈ ဒသမ ၇ မီတာကျယ်ကာ ဟွမ်ပူမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားခြင်း ဖြစ်သည်။

၂၉ ရန်ကုန်မြို့တော် မိုင် ၃၀ ပတ်လည် စပါးနှင့်အခြားသီးနှံ စိုက်ပျိုးရေး နှစ်ပတ်လည်စိမ်းလန်းစိုပြည်ရေး ညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ဟောင်ကောင်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်သည့် လွတ်လပ်စွာ ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးရန်အတွက် ဟောင်ကောင်သို့ရောက်ရှိနေသည့် တရုတ်နိုင်ငံဝန်ကြီးချုပ်ဝမ်ကျားပေါင်အား တွေ့ရစဉ်၊**

၃၀ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၀၃) ညှိနှိုင်းအစည်းအဝေးကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ဆင်ရေး အစည်းအဝေးခန်းမ၌ ကျင်းပရာ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်အမှာစကား ပြောကြားသည်။

ဟောင်ကောင်၏ ကျဆင်းနေသည့် စီးပွားရေးတိုးတက်ဖွံ့ဖြိုးစေရန် ရည်ရွယ်ပြီး လွတ်လပ်စွာကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို တရုတ်နိုင်ငံဝန်ကြီးချုပ် ဝမ်ကျားပေါင်က လက်မှတ်ရေးထိုးခဲ့သည်။

[redacted]

၁ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၀၃) ညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ အစီအစဉ်ကို ဆက်လက်ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်ဆွေးနွေးလမ်းညွှန်မှာကြားသည်။

၂ အရှေ့အလယ်ပိုင်း ဒေသတွင် ငြိမ်းချမ်းမှု ရရှိရေးအတွက် ကုလသမဂ္ဂကကူညီပံ့ပိုးပေးရန်စိတ်အားထက်သန်နေကြောင်း အရှေ့အလယ်ပိုင်းဆိုင်ရာ ကုလသမဂ္ဂသံတမန်ကြီး တာဂျီလာဆင်က ကိုင်ရိုမြို့၌ ပြောကြားသည်။

၃ ၂၀၀၃၊ မြန်မာအမျိုးသမီးများနေ့ကို ရန်ကုန် (IBC) အဆောက်အအုံ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် တက်ရောက်သည်။

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့တော်တွင် အာဖဂန်ပြည်သူများက အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြမှုများ ပြုလုပ်သည်။

၅ အခြေခံပညာ ဆရာ၊ ဆရာမများ အထူး မွမ်းမံသင်တန်း အမှတ်စဉ် (၅၂) (ဗဟို ဝန်ထမ်းတက္ကသိုလ် - ဖောင်ကြီး) သင်တန်းဆင်းအခမ်းအနား ကျင်းပသည်။

အီရတ်သမ္မတနန်းတော်ရှေ့တွင် အီရတ်ပြည်သူများက အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြပွဲများ ပြုလုပ်ကြသည်။

၉ တောင်အာဖရိက နိုင်ငံသို့ အလည်အပတ် လာရောက်သည့် အမေရိကန်သမ္မတ ဂျော့ဒဗလျူ ဘုရှ်အား တောင်အာဖရိကနိုင်ငံသားများက ပရီတိုးရီးယားမြို့ရှိ အမေရိကန်သံရုံးအပြင်ဘက်တွင် ပိုစတာများ ကိုင်ဆောင်၍ ဆန္ဒပြကြသည်။

၁၀ မန္တလေးတိုင်း၊ ညောင်ဦးမြို့ အောင်မြေဗောဓိမဇ္ဈိမရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်၊ ဝါဆိုသင်္ကန်းကပ်လှူပွဲကျင်းပသည်။

အမေရိကန်သမ္မတ ဂျော့ဒဗလျူ ဘုရှ်သည် အီရတ်နျူကလီးယား အစီအစဉ်နှင့် ပတ်သက်၍ အားနည်းသော ထောက်လှမ်းရေးသတင်းများကို အသုံးပြုခဲ့သည်ဟု ပြောကြသည်ကို ငြင်းပယ်လိုက်သည်။

၁၁ ၂၀၀၄၊ ကမ္ဘာ့လူဦးရေနေ့ အခမ်းအနားကျင်းပသည်။

၁၂ တရုတ်သမ္မတ ဟူကျင်တောင်သည် မိမိနိုင်ငံသို့ ရောက်ရှိနေသော ကမ္ဘောဒီးယားဘုရင်နီရိုဒွန် သီဟာနုနှင့် ကြင်ရာတော်တို့အား ဘေဂျင်းတွင် တွေ့ဆုံခဲ့သည်ဟု (CCTV) သတင်းဌာနက ဖော်ပြသည်။

၁၃ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်တောင်ပိုင်းရှိ နိကာယ်ငါးရပ်ပိဋကတ်သုံးပုံ စာသင်တိုက်ကြီးသို့ တပ်မတော်ကြည်း၊ ရေ၊ လေမိသားစုက ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြည်ညိုဆက်ကပ်လှူဒါန်းသည်။

အီရတ်စစ်ပွဲ ပြီးဆုံးခဲ့သည်မှာ လေးလ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း အီရတ်တွင် လူများအစုလိုက်အပြုံလိုက် သေစေနိုင်သောလက်နက်များ ရှာဖွေမတွေ့ရှိခြင်းကြောင့် ဘုရှ်အစိုးရနှင့်တိုနီဘလဲအစိုးရတို့အတွက် ခေါင်းခဲစရာဖြစ်နေကြောင်း CNN က ဖော်ပြသည်။


၁၆ ပို့ဆောင်ရေးဝန်ကြီးဌာန၊ အာကာသဓာတ္တုသိုလ် ညှိနှိုင်းအစည်းအဝေးကျင်းပသည်။

၂၀ ရန်ကုန်တိုင်း၊ လှိုင်မြို့နယ် MICT Park ၌ အီလက်ထရောနစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ လုပ်ငန်းရှင်းလင်းပွဲကျင်းပသည်။

၂၆ အီရတ်သမ္မတဟောင်း ဆက်ဒမ်ဟူစိန်၏ သားနှစ်ယောက်ဖြစ်သည့် အူဒေးနှင့်ကူဆေးတို့ သေဆုံးပြီးနောက် အီရတ်ပြောက်ကျားများသည် အမေရိကန်တပ်များကို ယခင်ကထက်ပို၍ လက်တုံ့ပြန် လာကြကြောင်း အင်တာနက်သတင်းက ဖော်ပြသည်။

၂၈ မန္တလေးတိုင်း ပုဂံနန်းမြင့်မျှော်စင် ရတနာရွှေပန္နက်တော်တင်နှင့် ရတနာအုတ်မြစ်တော်စီ အခမ်းအနားကျင်းပသည်။

၂၉ ရန်ကုန်၊ ကမ္ဘာအေးစေတီလမ်း၊ ဆီဒိုးနားဟိုတယ်၌ မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း ဖွင့်ပွဲ အခမ်းအနားကျင်းပသည်။



အီရတ်နိုင်ငံအား အမေရိကန်တို့ဝင်ရောက်တိုက်ခိုက်ရာတွင် သေဆုံးသွားခဲ့ကြသော ဆက်ဒမ်ဟူစိန်၏သားနှစ်ဦးဖြစ်သည့် အူဒေး (ဝဲ) နှင့် ကူဆေး (ယာ)

[redacted]

၁ အမေရိကန် ပြည်ထောင်စု၊ ဝါရှင်တန်ရှိ အိမ်ဖြူတော်ပြင်ပတွင် အမေရိကန်ပြည်သူများ၏ ဆန္ဒပြပွဲတစ်ရပ် ကျင်းပသည်။ အီရတ်၌ စခန်းချထားသော အမေရိကန်တပ်ဖွဲ့ဝင်များကို ပြန်လည်ရုပ်သိမ်းပေးရန် တောင်းဆိုကြသည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြရေးသားသည်။

၆ ကမ္ဘာပေါ်ရှိ နျူကလီးယားလက်နက်များ အဆုံးတစ်နေ့၌ ပျောက်ကွယ်သွားစေရေးအတွက် နျူကလီးယားလက်နက်များ ဖျက်သိမ်းရေးကို အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်ကြရန် ကုလသမဂ္ဂ၊ အတွင်းရေးမှူးချုပ် ကိုဖီအန်နန်က နိုင်ငံတကာအသိုင်းအဝိုင်းသို့ တိုက်တွန်းလိုက်ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၉ ရန်ကုန်မြို့ ပြည်လမ်း၊ အမျိုးသား ပြတိုက်၌ ယဉ်ကျေးမှုဝန်ကြီး ဌာနက ဦးစီးပြုလုပ်သော မြန်မာ့ရိုးရာ တူရိယာ ပစ္စည်းများပြပွဲဖွင့်လှစ်သည်။

၁၂ ဟောင်ကောင်ရှိ မြန်မာကောင် စစ်ဝန်ချုပ်ရုံးနှင့် ပြည်တွင်းပြည်ပ စေတနာရှင်များက လှူဒါန်းသည့် ကူးစက်မြန် ပြင်းထန် နမိုးနီးယား (အဆုတ်ရောင်) ရောဂါကာကွယ်ရေး၊ ကျန်းမာရေးသုံး အထောက်အကူပစ္စည်း များ၊ ပဋိဇီဝဆေးများ ပေးအပ်လှူဒါန်းပွဲ ကို ရန်ကုန်၊ အင်းလျားလမ်းရှိ တပ်မတော် ဧည့်ဂေဟာ၌ ကျင်းပသည်။

၁၄ ဗြိတိန်လက်နက်ပါရဂူ ဒေါက်တာ ဒေးဗစ်ကယ်လီ သေဆုံးခဲ့ရမှုနှင့် ပတ် သက်၍ ဗြိတိန်နိုင်ငံသားများက ဝန်ကြီးချုပ်တိုနီဘလဲ၏ ပြောကြား ချက်များကို ယုံကြည်မှုမရှိကြကြောင်း CNN က ဖော်ပြသည်။

၁၇ အီရတ်တွင် တပ်စွဲထားသော အမေရိကန်တို့၏ ပစ်ခတ်မှု ကြောင့် ရိုက်တာသတင်းဌာနမှ သတင်း ထောက်တစ်ဦး သေဆုံးခဲ့ရသည်ဟု အင်တာနက်သတင်းဌာနကဖော်ပြသည်။

၁၈ ပဲခူးတိုင်း၊ ရေတာရှည်မြို့နယ်ရှိ ချောင်းမကြီး (မြို့လှ) ရေလှောင် တမံ ဖွင့်ပွဲအခမ်းအနားကျင်းပသည်။

၁၉ အီရတ်နိုင်ငံ၊ ဘဂ္ဂဒက်မြို့တွင် ကုလသမဂ္ဂရုံးကို ဗုံးဖောက်ခွဲရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် ဆာဂျီယိုဗီအဲရား ဒီမဲလိုးနှင့်အတူ လူ (၁၇) ဦး သေဆုံးသည်။

၂၅ အမေရိကန် သိမ်းပိုက်ရေးတပ်ဖွဲ့ များသည် အီရတ်နိုင်ငံလမ်းမများ ပေါ်၌ အမျိုးသမီးများအား ကာကွယ် စောင့်ရှောက်မှုပေးရေးကို လျစ်လျူရှုနေ ကြကြောင်း အီရတ်နိုင်ငံရှိ အမျိုးသမီး များ လွတ်လပ်ခွင့်ရရှိရေးအဖွဲ့က စွပ်စွဲ ပြောကြားလိုက်သည်ဟု ဆင်ဟွာသတင်း ဌာနက ဖော်ပြသည်။

၂၇ အီရတ်နိုင်ငံ၊ ဘဂ္ဂဒက်မြို့တော်ရှိ ကုလသမဂ္ဂအဖွဲ့ရုံးကို ကားဗုံး ဖောက်ခွဲတိုက်ခိုက်ခြင်းမှာ ၎င်းတို့၏ လက်ချက်ဖြစ်ကြောင်း အိုစမာဘင်လာ ဒင်၏ အယ်လ်ကိုင်ဒါအဖွဲ့က ကြေညာ သည်ဟု အင်တာနက်သတင်းက ဖော်ပြသည်။

၂၈ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်း ရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်တို့သည် မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာနနှင့် အမှတ် (၁) စက်မှု ဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာ အကြီး အကဲများအား တွေ့ဆုံပြီး ဝန်ကြီးဌာနတို့ ၏ လုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုအပ် သည်များကို ဆွေးနွေးမှာကြားသည်။

၃၀ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ ကျင်းပရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ကမ္ဘာအေးကုန်းမြေ မဟာပါသာဏ လိုဏ်ဂူတွင် ကျင်းပသည်။

## စက်တင်ဘာလ

၃ အမေရိကန် သမ္မတဂျော့ဒဗလျူ ဘုရှ်သည် နိုင်ငံကိုလမ်းမှား ရောက်အောင် ဆောင်ရွက်လျက်ရှိသည် ဟု အမေရိကန်သမ္မတလောင်းဖြစ်သူ ဝွန်ကယ်ရီက ပြောကြားကြောင်း CNN က ဖော်ပြသည်။

၄ အမေရိကန် စစ်သားများသည် အီရတ်နိုင်ငံတွင် ဖြစ်ပွားနေသည့် ခုခံတိုက်ခိုက်မှုများကို ဆက်လက်၍ ကြိတ်မနိုင်ခဲမရ ဖြစ်လျက်ရှိပြီး နေ့တိုင်း နီးပါးသေဆုံးမှုများကြောင့် စိုးရိမ်ပူပင် ကာ အီရတ်နိုင်ငံသိမ်းပိုက်ရေးတာဝန် အား အခြားနိုင်ငံများက မျှဝေယူရန် တောင့်တလျက်ရှိကြောင်း ရိုက်တာ သတင်းဌာနက ဖော်ပြသည်။

၅ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အိန္ဒိယ နိုင်ငံ၊ ရေတပ်မတော် ဦးစီးချုပ် Admiral Madhvendra Singh ခေါင်းဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ဇေယျာသီရိ ဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၆ ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲက ၎င်း၏ လစဉ်သတင်းစာရှင်းလင်း ပွဲတွင် အီရတ်လက်နက်များဆိုင်ရာ ကျွမ်းကျင်သူ ဗြိတိန်သိပ္ပံပညာရှင် ဒေါက်တာကယ်လီ သေဆုံးမှု စုံစမ်း စစ်ဆေးသည့်ကိစ္စ မေးခွန်းများကို ဖြေဆိုရန် ရှောင်ရှားလိုက်သည်ဟု အင်တာနက်သတင်းက ဖော်ပြသည်။

၇ အမေရိကန်တို့ အီရတ်နိုင်ငံ အား တိုက်ခိုက်သိမ်းပိုက်အုပ်ချုပ် ခြင်းကို ငြိမ်းချမ်းစွာခုခံတွန်းလှန်သွားရန် ရှီးယားထိပ်တန်းခေါင်းဆောင် အယ်ကို ဘန်ဂျီက တိုက်တွန်းလိုက်သည်ဟု အင် တာနက်သတင်းက ဖော်ပြသည်။

၈ ရန်ကုန်၊ ပြည်လမ်း၊ စိန်ရတုခန်းမ ၌ ကျင်းပသော ၂၀၀၃၊ နိုင်ငံ တကာစာတတ်မြောက်ရေးနေ့နှင့် ကုလ သမဂ္ဂ စာတတ်မြောက်ရေးဆယ်စုနှစ် အထိမ်းအမှတ်အခမ်းအနားကျင်းပသည်။

၁၀ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် ပင်လောင်းမြို့နယ်၊ တီကျစ်ဒေသရှိ ကျောက်မီးသွေးသုံး ဓာတ်အားပေး စက်ရုံစီမံကိန်းတည်ဆောက်ရေးလုပ်ငန်း များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

၁၁ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အတွင်း ရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် အရှေ့တောင်အာရှ လူငယ်

များသဘော်ခရီးစဉ်မှ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ဇေယျာသီရိ ဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၁၃ မရမ်းကုန်းမြို့နယ်ရှိ သဗ္ဗညုပုထိုးတော်ကြီးတည်ဆောက်ရေး ၂၄ ကြိမ်မြောက် အလှူ တော်ငွေ ပေးအပ်ပွဲ ကျင်းပသည်။

ပြင်သစ်နိုင်ငံသည် အီရတ်နိုင်ငံ၌ တပ်သားများဖြန့်ကြက်ချထားမည်မဟုတ်ကြောင်း၊ စပိန်သို့အလည်အပတ်ရောက်နေသည့် ပြင်သစ် သမ္မတ ဂျက်ရှီရက်က ပြောကြားလိုက်သည်ဟု ဆင်ဟွာသတင်းဌာနကဖော်ပြသည်။

အီရန်နိုင်ငံက နျူကလီးယားစွမ်းအင် ထုတ်လုပ်ရေး မူဝါဒကို ဆက်လက်ကျင့်သုံးရန် ဆုံးဖြတ်ထားကြောင်း၊ သို့ရာတွင် အဏုမြူဗုံးထုတ်လုပ်ရန် ရည်ရွယ်ချက်မရှိကြောင်း အီရန်သမ္မတမိုဟာမက်ခါတာမီက ပြောကြားလိုက်သည်ဟု ရိုက်တာသတင်းဌာနက ရေးသားသည်။

၂၃ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည်အင်ဒိုနီးရှား သမ္မတ၏ အထူးကိုယ်စားလှယ် H.E.Mr.All Alatas အား ဇေယျာသီရိ ဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ကုလသမဂ္ဂလုံခြုံရေး ကောင်စီ၏ ခွင့်ပြုချက်မရှိဘဲ စစ်ပွဲဆင်နွှဲခြင်းသည် ကုလသမဂ္ဂ၏ အခြေခံမူကို ဖျက်ဆီးရာရောက်သည်ဟု ပြင်သစ်သမ္မတ ဂျက်ရှီရက်က ကုလသမဂ္ဂအထွေထွေညီလာခံတွင် မိန့်ခွန်းပြောကြားရာ၌ ထည့်သွင်းပြောကြားသည်။

၂၄ ရန်ကုန် MICT Park ၌ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ (မူကြမ်း)နှင့် တည်ဆောက်ရေးလုပ်ငန်း ရှင်းလင်းတင်ပြခြင်း အခမ်းအနားပြုလုပ်သည်။

အမေရိကန်နိုင်ငံက အီရတ်နိုင်ငံသို့ တောင်ကိုရီးယားနိုင်ငံမှ တိုက်ခိုက်ရေးတပ်ဖွဲ့များ စေလွှတ်ပေးရန် တောင်းခံခဲ့သည်။ ထိုကိစ္စနှင့်ပတ်သက်၍ကန့်ကွက်ကြောင်း ဆန္ဒပြသည့်အနေဖြင့် တောင်ကိုးရီးယားလူမျိုး ဆန္ဒပြသမား ၂၀၀၀ ခန့်သည် ဆိုးလ်မြို့တွင် ချီတက်ဆန္ဒပြကြသည်ဟု အင်တာနက် သတင်းက ဖော်ပြသည်။

၃၀ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း (ယခုနိုင်ငံတော်ဝန်ကြီးချုပ်)သည် လှည်းကူးမြို့နယ်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ သုတေသနဖွံ့ဖြိုးရေးနှင့် လေ့ကျင့်ပညာပေးရေးလုပ်ငန်းများကိုသွားရောက်ကြည့်ရှုစစ်ဆေးသည်။



အီရတ်နိုင်ငံသို့ တောင်ကိုရီးယားနိုင်ငံမှ တိုက်ခိုက်ရေးတပ်ဖွဲ့များ စေလွှတ်ပေးရန် အမေရိကန်နိုင်ငံ၏ တောင်းဆိုမှုအား ကန့်ကွက်ဆန္ဒပြနေကြသော တောင်ကိုရီးယားနိုင်ငံသားများ

## အောက်တိုဘာလ

၂ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမိန့်အမှတ် ၁၂/၂၀၀၃ ဖြင့်အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ပြန်လည်ဖွဲ့စည်းခြင်းကို ၂၀၀၃ ခုနှစ်၊

အောက်တိုဘာလ ၂ ရက် နေ့စွဲဖြင့် ထုတ်ပြန်ကြေညာသည်။

အီရတ်နိုင်ငံ၌ ရှိသည်ဟုဆိုသော အဖျက်စွမ်းအား ကြီးမားသည့် လက်နက်များနှင့် ပတ်သက်ပြီး အမေရိကန် လက်နက်စစ်ဆေးရေးအဖွဲ့ ခေါင်းဆောင် ဒေးဗစ်ကေးက တွေ့ရှိချက်များကို အမေရိကန်လွှတ်တော် ကော်မတီနှစ်ရပ်သို့ အစီရင်ခံစာ တင်ပြခဲ့သည်။ ထိုအစီရင်ခံစာ၌ အဖျက်လက်နက်များကို အီရတ်မှာ ရှာဖွေမတွေ့ရှိခဲ့ကြောင်း ဒေးဗစ်ကေးက ထုတ်ဖော်ပြောကြားခဲ့သည်။

၄ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက မြန်မာ့ရုပ်မြင်သံကြားလိုင်းခွဲ အသစ်တိုးချဲ့ထုတ်လွှင့်ရေးညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကား ပြောကြားသည်။

၅ ကမ္ဘာ့ဆရာများနေ့ (World Teacher's Day) အထိမ်းအမှတ် အခမ်းအနားကို ရန်ကုန်မြို့ ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ကျင်းပသည်။ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာနှင့် ဆောင်းပါးဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

၆/၉ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်သည် အင်ဒိုနီးရှား နိုင်ငံသမ္မတ မဒမ်မယ်ဂါဝတီဆိုကာနိုပူထရီ၏ ဖိတ်ကြားချက်အရ အောက်တိုဘာ ၆ ရက်မှ ၈ ရက်အထိ အင်ဒိုနီးရှား သမ္မတနိုင်ငံ ဘာလီကျွန်း၊ ဒန်ပါဆာမြို့၌ ကျင်းပမည့် နဝမအကြိမ် အာဆီယံထိပ်သီးညီလာခံ၊ အာဆီယံ နိုင်ငံအကြီးအကဲ၊ အစိုးရအကြီးအကဲများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံတို့မှ နိုင်ငံအကြီးအကဲ၊ အစိုးရအကြီးအကဲများ၊ ထိပ်သီးအစည်းအဝေးများနှင့်အာဆီယံ-အိန္ဒိယထိပ်သီး အစည်းအဝေးများသို့ တက်ရောက်ရန် အောက်တိုဘာ ၆ ရက်နေ့တွင် အထူးလေယာဉ်ဖြင့် အင်ဒိုနီးရှား သမ္မတနိုင်ငံ ဘာလီကျွန်းရှိ ဒန်ပါဆာမြို့သို့ ထွက်ခွာသည်။ အောက်တိုဘာ ၆ ရက်နေ့တွင် နိုင်ငံတော်ဝန်ကြီးချုပ်သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဝန်ကြီးချုပ်၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ်နှင့် စင်ကာပူ သမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့အား တွေ့ဆုံနှုတ်ဆက်သည်။ အောက်တိုဘာ ၇ ရက်နေ့တွင် Bali International Convention Centre ၌ စတင်ကျင်းပသည့် နဝမအကြိမ် အာဆီယံထိပ်သီး ညီလာခံကို တက်ရောက်သည်။ အောက်တိုဘာ ၈ ရက်နေ့တွင် Bali International Convention Centre, Nusantara ခန်းမဆောင် (၁) ၌ ကျင်းပသည့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအကြီးအကဲများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့၏ ထိပ်သီးအစည်းအဝေး၊ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအကြီးအကဲများနှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်တို့၏ ထိပ်သီးအစည်းအဝေး၊ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအကြီးအကဲများနှင့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတတို့၏ ထိပ်သီးအစည်းအဝေး၊ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအကြီးအကဲများနှင့် အိန္ဒိယ သမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့၏ ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်သည်။ အောက်တိုဘာ ၉ ရက်နေ့တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ကောဒသမအကြိမ် (၁၁) ကြိမ်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကိုကျင်းပသည်။

၁၅/၁၆ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၏ ပထမဦးဆုံးလူ လိုက်ပါသည့် ရှင်ကျို့- ၅ အာကာသယာဉ်ကို အောက်တိုဘာ ၁၅ ရက်နေ့တွင် အောင်မြင်စွာ လွှတ်တင်ခဲ့သည်။ အဆိုပါယာဉ်သည် ကမ္ဘာကို ၂၁ နာရီ အတွင်း ၁၄ ကြိမ်ပတ်ပြီး အောက်တိုဘာ ၁၆ ရက်နေ့ နံနက်ပိုင်းတွင် ကမ္ဘာ မြေပြင်သို့ ပြန်လည်ဆင်းသက်ခဲ့သည်။

၁၅ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးသည် အဖွဲ့ဝင်များလိုက်ပါလျက် ရှမ်းပြည်နယ်တောင်ပိုင်း ဟဲဟိုးသို့ ရောက်ရှိသည်။ ထို့မှတစ်ဆင့် ညောင်ရွှေမြို့ ကန်ကြီးပရိယတ္တိစာသင်တိုက်သို့ သွားရောက်ပြီး ဘဝနတ်ထံ ပုံလွန်တော်မူသည့် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ညောင်ရွှေမြို့ ကန်ကြီးပရိယတ္တိစာသင်တိုက် ဦးစီးပဓာနမဟာနာယကဘဒ္ဒန္တဝိမလာဘိဝံသဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ဖူးမြော်ကန်တော့ကြသည်။

၁၇ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်(MCF)၊ မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်အသင်း(MCSA)၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း (MCIA) တို့ ပူးပေါင်းကျင်းပသော ပြပွဲဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန်တို့ တက်ရောက်အားပေးချီးမြှင့်သည်။

၁၈ ကျန်းမာရေးဝန်ကြီးဌာန အမျိုးသား အဆိပ်ထိန်းချုပ်မှုဌာန

(National Poison Control Centre) ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ဝင်းရှိ အဆိုပါ အဆောက်အအုံ၌ ကျင်းပသည်။

၁၉ / ၂၀ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် အဖွဲ့ဝင်များလိုက်ပါလျက် အောက်တိုဘာ ၁၉ ရက်နေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်းဟဲဟိုးသို့ ရောက်ရှိကြသည်။ ထိုမှတစ်ဆင့် ညောင်ရွှေမြို့၊ အင်းလေး ဖောင်တော်ဦးဘုရားသို့ သွားရောက်ကြပြီး ဖောင်တော်ဦးဘုရားရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုကြသည်။ အောက်တိုဘာ ၂၀ ရက်နေ့တွင် ညောင်ရွှေမြို့ ပရိယတ္တိစာသင်တိုက် ဦးစီး ပဓာနမဟာနာယက ဆရာတော်ကြီး ဘဒ္ဒန္တဝိမလာဘိဝံသ၏အန္တိမစျာပနသာဓုကီဠနသဘင်အစီအစဉ်ကို တက်ရောက် ကြည်ညိုကြသည်။

၁၉ ထိုင်းနိုင်ငံတွင် ကျင်းပသည့် အေပက်ထိပ်သီးအစည်းအဝေး တက်ရောက်ရန် ရောက်ရှိနေသည့် အမေရိကန်သမ္မတဂျော့ဒဗလျူဘုရှ်နှင့် ထိုင်းဝန်ကြီးချုပ် သက်ဆင်ရှင်နာဝပ်တို့ ဆွေးနွေးနေချိန်တွင် ဗန်ကောက်မြို့လမ်းများပေါ်၌ ထိုင်းပြည်သူများသည် အမေရိကန်ဆန့်ကျင်ရေးကြွေးကြော်သံများကို ဟစ်အော်ကြပြီး အီရတ်စစ်ပွဲကို ဆန့်ကျင်သည့် စာတန်းများကို ဝှေ့ယမ်းကာ ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။

၂၃ တနင်္သာရီတိုင်း ဘုတ်ပြင်းမြို့နယ် ပြည်ကြီးမဏ္ဍိုင်မြို့တွင် တည်ဆောက်ပြီးစီးသွားသည့် လေညာ-မဏ္ဍိုင်တံတားဖွင့်ပွဲ အခမ်းအနားကို အဆိုပါတံတားအနီးရှိ မဂ်လာမဏ္ဍပ်၌ ကျင်းပသည်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး တက်ရောက်ချီးမြှင့်ပြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအားနှုတ်ဆက်စကား ပြောကြားသည်။

တနင်္သာရီတိုင်း မြိတ်မြို့ ရေပုန်းရပ်ကွက်စပါးရွှေဝါလမ်း၌တည်ဆောက်ပြီးစီးသွားသည့် ခုတင် (၂၀၀) ဆံ့ အထွေထွေရောဂါကု ဆေးရုံသစ်ကြီး ဖွင့်ပွဲအခမ်းအနားကို အဆိုပါ ဆေးရုံသစ်ကြီး၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးတက်ရောက်ချီးမြှင့်သည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်မဟုတ်သော အဖွဲ့ဝင်သစ် ၅နိုင်ငံအဖြစ် အယ်ဂျီးယား၊ ဘီနင်၊ ဘရာဇီး၊ ဖိလစ်ပိုင်နှင့် ရိုမေးနီးယားနိုင်ငံတို့အား ကုလသမဂ္ဂ အထွေထွေညီလာခံက ရွေးချယ်တင်မြှောက်လိုက်သည်။

၂၆ တနင်္သာရီတိုင်း မြိတ်မြို့ကျောက်ဖျာမြစ်၌ တည်ဆောက်ပြီးစီးသွားသည့် ကျွဲကူး-ကျောက်ဖျာတံတားဖွင့်ပွဲအခမ်းအနားကို တံတားကြီးအနီး ကျွဲကူးဘက်ကမ်းရှိ မင်္ဂလာမဏ္ဍပ်တွင် ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး တက်ရောက်ချီးမြှင့်သည်။

၂၈ ကမ္ဘောဒီးယား- လာအို- မြန်မာ- ထိုင်းလေးနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ အကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့် ပတ်သက်သည့် အစည်းအဝေးကို ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်အစည်းအဝေး ခန်းမတွင် ကျင်းပသည်။

၃၁ မြန်မာ့ရေထွက်ကုန်နှင့် မွေးမြူရေးထုတ်ကုန်ပစ္စည်းပြပွဲ (၂၀၀၃) ကို အောက်ပုဇွန်တောင်လမ်းမကြီးရှိ ရန်ကုန်ကုန်သွယ်မှု ဗဟိုဌာနအဆောက်အအုံ၌ကျင်းပသည်။

## နိုင်ငံတကာ

၂-၅ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာဘိုင်ရွန်ဆင်း ရှေခါဝပ်ခေါင်းဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး လည်ပတ်ရန် နိုဝင်ဘာ ၂ ရက်နေ့တွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိသည်။ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ခေါင်းဆောင်သော အဖွဲ့သည် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ခေါင်းဆောင်သောအဖွဲ့နှင့် ပြည်သူ့လွှတ်တော် အဆောက်အအုံမင်္ဂလာခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။ နိုဝင်ဘာ ၃ ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား ရန်ကုန်မြို့ ပြည်သူ့လွှတ်တော် အဆောက်အအုံရှိ သံတမန်ခန်းမတွင် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတနှင့် အဖွဲ့က တွေ့ဆုံနှုတ်ဆက်သည်။

၂ အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်အပေါ် လူထု၏ထောက်ခံမှုသည် သူ၏စစ်နှင့်စီးပွားရေး မူဝါဒများကြောင့် ဆုံးရှုံးနေကြောင်း အသစ်



ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိလာသည့် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘိုင်ရွန်ဆင်းရှေခါဝပ်အား ကြိုဆိုနှုတ်ဆက်စဉ်၊

ကောက်ယူသော လူထုစစ်တမ်းအရ သိရသည်။ ထိုလူထုသဘောထား စစ်တမ်းက အီရတ်ကို ဘုရှ်၏ကိုင်တွယ်ဆောင်ရွက်မှုအား အမေရိကန်အများစုက သဘောမကျကြောင်း ပထမဆုံး ဖော်ပြခဲ့သည်။ ဘုရှ်၏ အီရတ်မူဝါဒအပေါ် သဘောမကျသည့်ရာခိုင်နှုန်းမှာ ၅၁ ရာခိုင်နှုန်းဖြစ်ပြီး သဘောကျသည့် ရာခိုင်နှုန်းမှာ ၄၇ ရာခိုင်နှုန်းဖြစ်ကြောင်း အေဘီစီနယူးစ် ဝါရှင်တန်ပို့စ်က ထုတ်ပြန်သော လူထုသဘောထား စစ်တမ်းအရ သိရသည်။

၄ အီရတ်နိုင်ငံသို့ တိုက်ခိုက်ရေး တပ်ဖွဲ့ဝင်များ စေလွှတ်မှုကို ကန့်ကွက်သော ပူးတွဲကြေညာချက်တစ်စောင်ကို တောင်ကိုရီးယား အမိက ပါတီအဖွဲ့အစည်းများမှ ဥပဒေပြု အမတ်များက ထုတ်ပြန်လိုက်သည်။နိုင်ငံတကာဆိုင်ရာ အသိုက်အဝန်းက ဆန့်ကျင်ထားပြီးအမေရိကန်ပြည်ထောင်စုအတွင်း၌ပင် ဝေဖန်ပြစ်တင်လျက်ရှိသော တရားမမျှတသည့်စစ်ပွဲသို့ တိုက်ခိုက်ရေး တပ်ဖွဲ့ဝင်များ စေလွှတ်ရန်အကြောင်း မရှိဟု ကြေညာချက်၌ ဖော်ပြထားသည်။

၈ ဝရဒါဠ္ဍာ မာတုစေတီယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်) အဋ္ဌမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော် ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲ၊ ရွှေကြာသက်န်း ကပ်လှူပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်၊ ဓမ္မပါလကုန်းမြေရှိ စွယ်တော်မြတ်စေတီတော်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်၍ ဓမ္မစက္ကမုဒြာဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ရွှေကြာသက်န်းဆက်ကပ်လှူဒါန်းကြသည်။

အယ်ဘေးနီးယား နိုင်ငံတွင် အသက်အကြီးဆုံးဖြစ်ပြီး ကမ္ဘာတွင်လည်း အသက်အကြီးဆုံးဖြစ်နိုင်ဖွယ်ရှိသော အသက် ၁၂၃ နှစ်ရှိ အဘွားအိုဟာဗာရက်စ်ဟာသည် ကွယ်လွန်သွားခဲ့သည်။ အဘွားအိုသည် ၁၈၈၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့၌ မွေးဖွားခဲ့ပြီး အယ်ဘေးနီးယားနိုင်ငံ အလယ်ပိုင်းရှိ သာယာလှပသော ရွာကလေးတွင် ဘဝတစ်လျှောက်လုံး နေထိုင်သွားခဲ့သည်။

၁၀ ဒေးဗစ်ဘက်ခမ်းရေးသားသော ကိုယ်ရေးအတ္ထုပ္ပတ္တိစာအုပ်မှာ တရုတ်နိုင်ငံ၏ မြို့ကြီးများတွင် အရောင်းရအသွက်ဆုံးဖြစ်ကြောင်း ချိုင်းနားဒေလီ သတင်းစာတွင် ရေးသားဖော်ပြထားသည်။ တရုတ်နိုင်ငံရှိ စာအုပ်စင်များပေါ်၌ ဒေးဗစ်ဘက်ခမ်း၏ "မိုင်ဆိုက်" ဆိုသော စာအုပ်ရောက်ချိန်တွင်ဘေဂျင်း၏အကြီးမားဆုံး စာအုပ်ဆိုင်ကြီးနှစ်ဆိုင်၌ ဘောလုံးဝါသနာအိုး ရာပေါင်းများစွာသည် စာအုပ်ကို စုပြုံတိုးဝှေ့ ဝယ်ယူအားပေးခဲ့ကြသည်။

၁၁ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား မြန်မာနိုင်ငံကအိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် ကမ္ဘောဒီးယား-လာအို-မြန်မာ-ထိုင်း လေးနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နည်းဗျူဟာအကောင်အထည်ဖော်ရေး ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ရန်ကုန်မြို့၌ရောက်ရှိနေကြသော ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာ သက်ဆင်ရှင်နာဝပ်တို့သည် ရန်ကုန်မြို့၊ ပြည်သူ့လွှတ်တော် အဆောက်အအုံ သံတမန်ခန်းမသို့ လာရောက်ဂါရဝပြု တွေ့ဆုံနှုတ်ဆက်ကြသည်။

၁၂ ကမ္ဘောဒီးယား-လာအို-မြန်မာ-ထိုင်း လေးနိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် မဟာဗျူဟာ အကောင်အထည်ဖော်ရေး ထိပ်သီးအစည်းအဝေးပွဲကို နံနက် ၈ နာရီခွဲတွင် မန္တလေးတိုင်း ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ပုဂံရှေးဟောင်းသုတေသနပြတိုက်၌ ကျင်းပသည်။

၁၄ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်ကွန်မြူနစ်ပါတီ အတွင်းရေးမှူး Mr. Bai Enpei နှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော် အဆောက်အအုံ သံတမန်ခန်းမသို့ လာရောက်ဂါရဝပြု တွေ့ဆုံနှုတ်ဆက်ကြသည်။

၁၉ / ၂၀ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၃) ကို မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုသင်တန်းကျောင်း၏ ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

၂၀ အာဆီယံ အင်ဂျင်နီယာအသင်းများ အဖွဲ့ချုပ်၏ (၂၁) ကြိမ်မြောက် ညီလာခံက ချီးမြှင့်သော အာဆီယံအင်ဂျင်နီယာ ထူးချွန်ဆုများအား မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းဂုဏ်ပြုပွဲ ခမ်းအနားကို ကုန်သည်ကြီးများ ဟိုတယ်တွင်ကျင်းပသည်။

ဗြိတိန်နိုင်ငံ လန်ဒန်မြို့သို့ အလည်အပတ်ရောက်ရှိနေသော အမေရိကန်သမ္မတဘုရှ်အား ဗြိတိန်ပြည်သူများက လန်ဒန်မြို့လမ်းမများပေါ်၌ ကန့်ကွက်ဆန္ဒပြကြသည်။ သမ္မတဘုရှ်၏ သုံးရက်ကြာခရီးစဉ်အတွင်း လန်ဒန်မြို့လယ်၌ ဗြိတိန်ရဲတပ်ဖွဲ့ဝင်တစ်သောင်းလေးထောင်ကို လုံခြုံရေးအတွက် ဖြန့်ချထားခဲ့ရသည်။

၂၁ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုသင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပသည့်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၃) တတိယနေ့ အစည်းအဝေးသို့ တက်ရောက်၍ ဩဝါဒစကား မြွက်ကြားသည်။

၂၂ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ကြီးမှူးစီစဉ်မှုဖြင့် စာဆိုတော်နေ့အထိမ်းအမှတ် စာအုပ်ဈေးပွဲတော်နှင့် ဝတ္ထုရှည်မြန်မာနှစ်တစ်ရာပြပွဲ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်း (၃၇၉-၃၈၃) အဆောက်အအုံ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

၂၃ ၂၀၀၂ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုနှင့် (၁၄) ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

၂၆ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူး

ကြီး သန်းရွှေသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသည့် ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီးနှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

## ဒီဇင်ဘာလ

၁ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား ရန်ကုန်မြို့တွင်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်မှ Deputy Chief of General Staff, General Wu Quanxu နှင့် အဖွဲ့ဝင်များသည်ရန်ကုန်မြို့ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမသို့လာရောက်ဂါရဝပြု တွေ့ဆုံ နှုတ်ဆက်ကြသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအန်နန်ဖွဲ့စည်းထားသော (၁၇) နိုင်ငံပါဝင်သည့် အကြံပေးအဖွဲ့သည် ယင်း၏ ပထမအကြိမ် အစည်းအဝေးပြုလုပ်သည်။ ကိုဖီအန်နန်က အီရတ်တွင် ကုလသမဂ္ဂဆောင်ရွက်နိုင်သည့် အခန်းကဏ္ဍနှင့်စပ်လျဉ်း၍ သီတင်းတစ်ပတ်အတွင်း လုံခြုံရေးကောင်စီသို့ အစီရင်ခံစာတင်မည်ဟု သံအမတ်ကြီး (၁၇) ဦးကို ပြောကြားခဲ့သည်။

၂ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် အဖွဲ့ဝင်များလိုက်ပါလျက် ရန်ကုန်မြို့မှ မန္တလေးမြို့သို့သွားရောက်ခဲ့ပြီး ယင်းမှတစ်ဆင့် ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)ကို လည်းကောင်း၊ မန္တလေးမြို့ရှိ Mandalay ICT Park နှင့် စက်မှုဇုန် (၁) ကို လည်းကောင်းကြည့်ရှုစစ်ဆေးသည်။ မန္တလေးစက်မှုဇုန်မှ စက်မှုလုပ်ငန်းရှင်များနှင့်လည်းတွေ့ဆုံဆွေးနွေးခဲ့သည်။

၄ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ၏ ပြည်ထဲရေးဝန်ကြီးဌာနကအမိန့်ကြော်ငြာစာအမှတ်(၁/ ၂၀၀၃) ဖြင့်တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဆိုင်ရာ နည်းဥပဒေများကို ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့စွဲဖြင့် ထုတ်ပြန်လိုက်သည်။

၉ ရှမ်းပြည်နယ်(တောင်ပိုင်း) ကက္ကူကျေးရွာရှိ ကက္ကူစေတီတော်၏ ဖောင်တော်ဆိုက် စေတီတော်ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယ ဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့ကို တင်လှူပူဇော်ပေးကြသည်။

၁၀/၁၃ ပြည်ထောင်စုမြန်မာ နိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်သည်အဖွဲ့ဝင်များ လိုက်ပါလျက် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ဂျွန်နီချီရိုကိုအိဇုမိ၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပမည့် အာဆီယံ-ဂျပန် အထိမ်းအမှတ် ထိပ်သီးညီလာခံသို့တက်ရောက်ရန် ဒီဇင်ဘာ ၁၀ ရက်နေ့တွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှထွက်ခွာသည်။ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဒီဇင်ဘာ ၁၁ ရက်နေ့တွင် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ဂဲဟင်းကန်နိုင်ငံတော်ဧည့်ဂေဟာ၌ ကျင်းပသော အာဆီယံ ဂျပန်အထိမ်းအမှတ် ထိပ်သီးညီလာခံဖွင့်ပွဲနှင့် ညီလာခံ အစီအစဉ် ပထမပိုင်းကိုလည်းကောင်း၊ ဒီဇင်ဘာ ၁၂ ရက်တွင် ဆက်လက် ကျင်းပသောထိပ်သီးညီလာခံ၏ဒုတိယနေ့အစီအစဉ်ကိုလည်းကောင်း တက်ရောက်ခဲ့ပြီး 'တိုကျို ကြေညာချက်စာတမ်း' (Tokyo Declaration) တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။ ဒီဇင်ဘာ ၁၃ ရက်နေ့တွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

၁၄ အဖျက်စွမ်းအားကြီးသော လက်နက်များ အီရတ်နိုင်ငံ၌ ပိုင်ဆိုင်ထားသည်ဆိုခြင်းကို ဆက်ဒမ်ဟူစိန်က ၎င်းအားဖမ်းဆီးပြီးနောက် ကနဦး စစ်ဆေးမေးမြန်းရာတွင် မဟုတ်ကြောင်း ငြင်းဆိုခဲ့သည်ဟု တိုင်းမ်မဂ္ဂဇင်းက ရေးသားဖော်ပြလိုက်သည်။ ဆက်ဒမ်ဟူစိန်က သူ၏အစိုးရတွင် ထိုအဖျက်စွမ်းအား ကြီးမားသည့်လက်နက်များ မရှိကြောင်း၊ အမေရိကန်တို့သည် မိမိတို့နှင့် စစ်ဖြစ်ရန်အတွက် ထိုအကြောင်းအရာကို စိတ်ကူးဖြင့် ပြောဆိုခဲ့ခြင်း ဖြစ်ကြောင်း ဖြေကြားခဲ့သည်။

၁၅/၂၂ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အဖွဲ့ဝင်များ လိုက်ပါလျက် ဒီဇင်ဘာ ၁၅ ရက်နေ့တွင် ညောင်ဦးမြို့နယ်ရှိ ငါ့သရောက်ရေလှောင်တမံစီမံကိန်းနှင့် လောကနန္ဒာလျှပ်စစ်မြစ်ရေတင် စီမံကိန်းလုပ်ငန်း၊ ဒီဇင်ဘာ ၁၆ ရက်နေ့တွင် ပခုက္ကူမြို့ ပခုက္ကူချည်မျှင်နှင့် အထည်စက်ရုံ (စီမံကိန်း)တို့ကို ကြည့်ရှုစစ်ဆေးသည်။ ဒီဇင်ဘာ ၁၇ ရက်နေ့တွင် ညောင်ဦး



**ဖမ်းဆီးရမိသည့် ဆက်ဒမ်ဟူစိန်အား**
**ဒီအင်အေစစ်ဆေးမှုပြုလုပ်နေစဉ်**

မြို့နယ်ရှိ ရွှေစည်းခုံစေတီတော်နှင့် ဆင်များရှင်ဘုရားများအား ဖူးမြော်ကြည်ညိုသည်။ ပုဂံဘုရားများအား ပြုပြင်မွမ်းမံပြီးစီးမှု အခြေအနေကိုလည်း ကြည့်ရှုစစ်ဆေးသည်။ ဒီဇင်ဘာ ၁၈ ရက်နေ့တွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့၊ အမျိုးသားကန်တော်ကြီးဥယျာဉ်ရှိ နန်းမြင့် မျှော်စင်ကို ကြည့်ရှုစစ်ဆေးသည်။ ဒီဇင်ဘာ ၁၉ ရက်နေ့တွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပသော စစ်တက္ကသိုလ် ဗိုလ်လောင်း သင်တန်း အမှတ်စဉ် (၄၆) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို တက်ရောက်မိန့်ခွန်း ပြောကြားသည်။ ဒီဇင်ဘာ ၂၀ ရက်နေ့တွင် မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် အင်းကုန်း ကျေးရွာအနီး ရန်ကုန်-မန္တလေးကား လမ်းဘေးတွင်တည်ဆောက်ပြီးစီးသွားသည့် လယ်ယာဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန၏ မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံ ဖွင့်ပွဲအခမ်းအနားကို တက်ရောက်ချီးမြှင့်သည်။ ဒီဇင်ဘာ ၂၁ ရက်နေ့တွင် မန္တလေးမြို့ရှိ တိုင်းရင်းဆေးတက္ကသိုလ် တည်ဆောက်ရေးစီမံကိန်း၊ ဒီဇင်ဘာ ၂၂ ရက်နေ့တွင် ဧရာဝတီတံတား (ရတနာပုံ) တည်ဆောက်ရေးစီမံကိန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

၁၅ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနများ အောက်ရှိ တက္ကသိုလ်များမှ ပါရဂူဘွဲ့ရသူများအား ဂုဏ်ပြုသည့် အခမ်းအနားကို ရန်ကုန်မြို့ ပြည်လမ်းရှိ စိန်ရတုခန်းမ၌ကျင်းပသည်။

ဆက်ဒမ်ဟူစိန်ကို သေဒဏ်ပေးခြင်းအား မိမိမထောက်ခံကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအန်နန်က ပြောဆိုလိုက်ပြီး တစ်စုံတစ်ရာခုံရုံးဖွဲ့ စစ်ဆေးမှုသည် နိုင်ငံတကာဆိုင်ရာ စံနှုန်းများနှင့်အညီဖြစ်ရမည်ဟုလည်း ပြောဆိုလိုက်သည်။

၁၇ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနက ကြီးမှူးကျင်းပသည့် စတုတ္ထအကြိမ် တိုင်းရင်းဆေးနှင့် ဆေးပစ္စည်း ပြပွဲဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ကျင်းပသည်။

၂၅ တရုတ်ပြည် အနောက်တောင်ပိုင်း ချုံချင်းပြည်နယ်သဘာဝဓာတ်ငွေ့လုပ်ငန်းခွင်တွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားရာ အနည်းဆုံးလူ ၁၉၁ ဦး သေဆုံးပြီး အများအပြား အဆိပ်သင့်ခံရကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၂၆ အီရန်နိုင်ငံ အရှေ့တောင်ပိုင်းရှိ ရှေးဟောင်းဘမ်းမြို့တွင် ရစ်ချ်တာ စကေး ၆ ဒသမ ၃ ရှိသော အင်အားပြင်း ငလျင်တစ်ခုလှုပ်သွားခဲ့ရာ လူ ၂၀,၀၀၀ ကျော်သေဆုံးခဲ့ပြီး အခြားလူ ၅၀,၀၀၀ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးရုံး သတင်းရပ်ကွက်တစ်ခုက ပြောကြားသည်။ အီရန်ရုပ်မြင်သံကြားကသမိုင်းဝင်ဘမ်းမြို့၏အဆောက်အအုံ ၇၀ ရာခိုင်နှုန်းခန့် ပျက်စီးကြောင်း ထုတ်လွှင့်ကြေညာခဲ့သည်။ ဘမ်းမြို့သည် တီဟီရန်မြို့၏ အရှေ့တောင်ဘက်မိုင် ၆၀၀ ခန့်တွင်ရှိပြီး ခရီးသွားဧည့်သည်များလာရောက်ရာမြို့ ဖြစ်သည်။

၃၁ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေး ဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းက ၂၀၀၂ ခုနှစ်အတွက် ရွှေရတုမြန်မာ့ရုပ်ရှင် ထူးချွန်ဆု (အကယ်ဒမီဆု) ချီးမြှင့်သည့် အခမ်းအနားကို ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစား ပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပသည်။ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားကာ ၂၀၀၂ ခုနှစ်အတွက် အကောင်းဆုံးမြန်မာ့ရုပ်ရှင် ထူးချွန်ဆု ရရှိကြသူများအား ရွှေစင်ရုပ်ဆုများကို ချီးမြှင့်သည်။



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊
ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာချန်ဒတ်လွမ်၊
ဇနီး မဒမ်ငုယင်သီဗင်တို့က သမ္မတနန်းတော်တွင် ကြိုဆိုနှုတ်ဆက်စဉ်၊



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး
မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိသည့် အိန္ဒိယသမ္မတနိုင်ငံ
ဒုတိယသမ္မတ မစ္စတာဘိုင်ရွန်ဆင်းရှေခါဝပ်အား ကြိုဆိုစဉ်၊



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ၃၁-၁၂-၀၃ နေ့က ကျင်းပသော
၂၀၀၂ ခုနှစ်အတွက် ရွှေရတုမြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်သည့် အခမ်းအနားတွင်
အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုရ ခင်ဇာခြည်ကျော်အား ရွှင်ရုပ်ဆုချီးမြှင့်စဉ်




ပညာရေးစုံညီပွဲတော်တွင်တွေ့ရသော ကျောင်းသူ ကျောင်းသားကလေးများ၏
ဂီတအနုပညာအရည်အသွေး၊



မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို–က–ရေး–တီး ပြိုင်ပွဲအသီးသီးတွင် ဆုရရှိကြသော
ကျောင်းသူ ကျောင်းသားကလေးများ၏ ဖျော်ဖြေဟန်၊



ဆို–က–ရေး–တီး၊ အကပြိုင်ပွဲ ရွှေတံဆိပ်ဆုရ ကျောင်းသူကလေးတစ်ဦး၏ ကဟန်၊

အပိုင်း -၂

# တတ်သိပညာရှင်များ၊ မြန်မာ့ဗိသုကာနှင့် သုခုမပညာတူရိယာ၊ စာအုပ်စာပေဝတ္ထုရှည်၊ ပညာဘဏ်တိုက်စာကြည့်တိုက်နှင့် အခြားနှစ်ချုပ်ဆောင်းပါးများ


မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ ...... ဦးသန်းဦး ...... ၂၆

မြန်မာ့ဗိသုကာပညာ ...... ဦးမင်းနိုင် ...... ၃၆

မြန်မာ့ရိုးရာတူရိယာပစ္စည်းများပြပွဲ ...... ဦးကြည်ထွက်း ...... ၄၆

၂၂ ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ...... ဦးစိုးအောင် ...... ၅၄

မြန်မာဝတ္ထုရှည်နှစ် ၁၀၀ ခရီး ...... ဦးအေးချို (မဟာဝိဇ္ဇာ) ...... ၆၂

ကျေးလက်ဒေသ၏ ပညာဘဏ်တိုက်များ ...... သီသီအေး (မြန်/ဆက်) ...... ၉၂

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို အက အရေး အတီးပြိုင်ပွဲများ (၁၉၉၃-၂၀၀၄) ...... ကျော်ဖုန်းမြင့် (ဓာတုဗေဒ) ...... ၁၀၄

အရှေ့တောင်အာရှ၏ တစ်ခုတည်းသော ယွန်းပညာကောလိပ် ...... အေး (ရန်ကုန်တက္ကသိုလ်) ...... ၁၁၄

ဝိဇ္ဇာ သိပ္ပံ

ပညာ

# မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံ ပညာရှင်အဖွဲ့



မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်များနှင့် ပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဆရာကြီးဦးသန်းဦး

" အတိတ် နာဂတ်
ဆုံးဖြတ် မြင်သိ
ပြည့်မျက်စိ "

မန်လည်ဆရာတော်
(မြန်မာ ၁၂၀၃-၁၂၈၂)
မဃဒေဝ လင်္ကာသစ်

ပြည့်မျက်စိ

တိုင်းပြည်တွင် ထင်ရှားရှိသည့် ပညာရှင် ပုဂ္ဂိုလ်များသည် မိမိတို့ တတ်ကျွမ်းသည့် ပညာရပ် ဘာသာရပ်နှင့် စပ်လျဉ်း၍၊ ဖြစ်ပြီး အတိတ်ကို သော်လည်းကောင်း၊ ဖြစ်ဆဲမျက်မှောက်ကာလ ပစ္စုပ္ပန်ကို သော်လည်းကောင်း၊ ဖြစ်လာမည့် အနာဂတ်ကို သော်လည်းကောင်း၊ ကာလသုံးပါးစလုံး ဆုံးဆုံးဖြတ်ဖြတ် သိမြင်ကြသော ပုဂ္ဂိုလ်တို့ ဖြစ်ခြင်းကြောင့် ထိုပုဂ္ဂိုလ် ပညာရှင်တို့သည် တိုင်းပြည်၏ မျက်စိ သဖွယ်ဖြစ်ပေသည်ဟူ၍ ကျေးဇူးရှင် မန်လည်ဆရာတော်

ဘုရားကြီး၏၊ 'မဃဒေဝလင်္ကာသစ်'၌၊ အနက် အဓိပ္ပာယ်ဖွင့်ဆို ဖော်ညွှန်းထားသည်ကို ကောင်းစွာ လေ့လာ မှတ်သားသတိထားမိပါသည်။

## ပညာရှင်များကို စုစည်းခြင်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက၊ နိုင်ငံတော်အား မိမိတို့ ပညာဖြင့်၊ အထောက်အကူပြုရန် သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နှင့် ပညာရှင်များ စဉ်ဆက် မပြတ် ပြုစုပျိုးထောင်သွားရေးတို့အတွက် ရည်ရွယ်၍-

- ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်များ
- ဆေးပညာရှင်များ
- နည်းပညာရှင်များနှင့်
- စိုက်ပျိုးရေး သစ်တောမွေးမြူရေးနှင့် ရေလုပ်ငန်း ပညာရှင်များကို သက်ဆိုင်ရာ ကဏ္ဍ အလိုက်စုစည်းပြီး ပညာရှင်အဖွဲ့များဖွဲ့စည်း ဆောင်ရွက် ရန် လမ်းညွှန်မှာကြားခဲ့ပါသည်။

## မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင် အဖွဲ့ကို ဖွဲ့စည်းခြင်း

အဆိုပါ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်တွင် လိုအပ်လျက်ရှိသော ဝိဇ္ဇာနှင့် သိပ္ပံပညာရပ်ဆိုင်ရာ အခြေခံကောင်းများ တိုးတက်ဖြစ်ပေါ်လာစေရေး နှင့် နိုင်ငံတော်တည်ဆောက်ရာတွင် ပါဝင်နေကြသော ပြည်သူတို့၏ ပညာဉာဏ်အမြော်အမြင်နှင့်ကျွမ်းကျင် မှုများ စဉ်ဆက်မပြတ် တိုးတက်ကောင်းမွန်စေရေး တို့ကို ရှေးရှု၍ ၁၉၉၉ ခုနှစ်၊ ဩဂုတ်လ (၁၂) ရက် နေ့က ကျင်းပသည့် အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂၉/၉၉) ၏ သဘောတူညီချက်အရ ပညာရေးဝန်ကြီး ဌာနက-

"မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံ ပညာရှင်အဖွဲ့" (Myanmar Academy of Arts and Science) ကို အဖွဲ့ဝင် (၇၁၇) ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။

ထို့ပြင် ပညာရေးဝန်ကြီးဌာနက ၁၃၆၁ ခုနှစ် ဝါခေါင်လဆန်း (၅) ရက်၊ ၁၉၉၉ ခုနှစ် ဩဂုတ်လ (၁၆) ရက် တနင်္လာနေ့၊ နေ့စွဲပါ အမိန့်ကြော်ငြာ စာအမှတ် ၂၅-ပညာ/၂ (စ) ၉၉ (၇) ဖြင့်-

"မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံ ပညာရှင် အမှုဆောင် အဖွဲ့" ကိုလည်း အဖွဲ့ဝင် နှစ်ဆယ့်လေးဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။

## ရည်ရွယ်ချက်များ

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ၏ အခြေခံစည်းမျဉ်းများ၊ အခန်း (၂)၊ အပိုဒ် (၃) တွင် ပညာရှင်အဖွဲ့၏ ရည်ရွယ်ချက်များ အနေဖြင့်-

(က) အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပညာရှင်များက မိမိတို့ တတ်ကျွမ်းသော ပညာရပ် ဖြင့် မြန်မာနိုင်ငံတော်အား အထောက်အကူပြု ပံ့ပိုးနိုင်ရန်၊

(ခ) နိုင်ငံတော်ကို အကျိုးပြုမည့် သုတေသန လုပ်ငန်းများ ဆောင်ရွက်ရန်နှင့် သုတေသန လမ်းညွှန်မှုများပေးရန်၊

(ဂ) နိုင်ငံတော်ကို အကျိုးပြုမည့် ဝိဇ္ဇာနှင့်သိပ္ပံ ပညာရှင်များ မွေးထုတ်နိုင်ရေးအတွက် စီမံ ဆောင်ရွက်ရန်၊

(ဃ) နိုင်ငံတော်တွင် လိုအပ်လျက်ရှိသော ဝိဇ္ဇာ နှင့်သိပ္ပံပညာရပ်ဆိုင်ရာ အခြေခံကောင်းများ တိုးတက်ဖြစ်ပေါ်လာစေရန်၊

(င) နိုင်ငံတော် တည်ဆောက်ရာတွင် ပါဝင် နေကြသော ပြည်သူတို့၏ ပညာဉာဏ် အမြော်အမြင် နှင့် ကျွမ်းကျင်မှုများ အစဉ်မပြတ်တိုးတက်ကောင်းမွန် စေရေးအတွက် စီမံဆောင်ရွက်ရန်ဟူသော ရည်ရွယ် ချက်ငါးရပ် အခိုင်အမာ သတ်မှတ်ပါရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

အထက်ဖော်ပြပါနိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်၊ အဖွဲ့၏ရည်ရွယ်ချက်များနှင့် အညီ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့၏ ဆောင်ပုဒ် ထမ်းဆောင်ဆဲ ပညာရှင် (၁၆၉) ဦး ပေါင်း (၂၉၇) ဦး "သိပ္ပံဘာသာရပ်"တွင် အငြိမ်းစား ပညာရှင်(၈၃) ဦး လက်ရှိတာဝန်ထမ်းဆောင်ဆဲ ပညာရှင် (၂၂၆) ဦး



**ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင် အဖွဲ့ဝင်အသိအမှတ်ပြုလွှာပေးအပ်စဉ်**

ကို သတ်မှတ်ရာ၌ "ပညာစွမ်းအား ပြည့်စွမ်းအား" ဟူ၍၊ သတ်မှတ်ထားရှိခဲ့ပေသည်။ ထို့ပြင် ပညာရှင်အဖွဲ့၏ အမှတ်အသား တံဆိပ် (Logo) တွင်လည်း အဆိုပါဆောင်ပုဒ် ကို တစ်ပါတည်းထည့်သွင်းဖော်ပြထားသည်ကိုလည်း တွေ့ရှိရသည်။

### ပညာရှင်အဖွဲ့ဝင်များ

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ကို စတင်ဖွဲ့စည်းစဉ်ကပင် ဝါရင့် သမ္မာရင့် ပညာရှင် အဖွဲ့ဝင်များအဖြစ် "ဝိဇ္ဇာဘာသာရပ်" တွင် အငြိမ်းစား ပညာရှင် (၁၂၈)ဦး၊ လက်ရှိ တာဝန် ပေါင်း (၃၀၉) ဦး၊ စီးပွားရေး ပညာ၊ ဥပဒေပညာ၊ သင်ကြားမှုနှင့် သင်ယူမှု ပညာ၊ ဘာသာစကား ဘာသာရပ်တို့တွင် အငြိမ်းစား ပညာရှင် (၅၇) ဦး၊ လက်ရှိတာဝန် ထမ်းဆောင်ဆဲ ပညာရှင် (၅၄) ဦး၊ ပေါင်း (၁၁၁) ဦး၊ ဘာသာရပ်အားလုံးတွင် အငြိမ်းစား ပညာရှင် (၂၆၈) ဦး၊ လက်ရှိတာဝန် ထမ်းဆောင်ဆဲ ပညာရှင် (၄၄၉) ဦး၊ စုစုပေါင်း ပညာရှင် (၇၁၇) ဦး ပါရှိလာခဲ့ပါသည်။

### ဖွဲ့စည်းဆောင်ရွက်မှုများ

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင် အမှုဆောင် အဖွဲ့သည် ပညာရှင်အဖွဲ့က ချမှတ်ထားသော

ရည်ရွယ်ချက်များနှင့်အညီ လုပ်ငန်းရပ်များကို ထက်မြက်ထိရောက်စွာ လုပ်ဆောင်နိုင်ရေးအတွက်-

- သင်ကြားရေးနှင့် သင်ယူရေးအဖွဲ့
- သုတေသနလုပ်ငန်း လမ်းညွှန်မှု ပေးရေးအဖွဲ့
- ပညာပြန့်ပွားရေးနှင့် ပညာဖြန့်ဖြူးရေးအဖွဲ့
- ပညာရှင်များ ပြုစုပျိုးထောင်ရေးအဖွဲ့ ဟူ၍ လုပ်ငန်းအဖွဲ့ လေးဖွဲ့ကို ဖွဲ့စည်းပြီး အဖွဲ့ လိုက်ဆောင်ရွက်ရန် လုပ်ငန်းစဉ်များကို ချမှတ်ကာ ဆောင်ရွက်ကြပါသည်။

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ဖွဲ့စည်းမှုတွင် ဘာသာရပ်အနေအထားအားဖြင့် ဝိဇ္ဇာဘာသာရပ်၌ ဘာသာရပ်ပေါင်း (၁၁) ရပ်၊ သိပ္ပံဘာသာရပ်၌ ဘာသာရပ်ပေါင်း (၈) ရပ်နှင့် အခြားဘာသာရပ်များ၌ ဘာသာရပ်ပေါင်း (၄) ရပ်၊ စုစုပေါင်း ဘာသာရပ် (၂၃) ရပ် ပါရှိလာသည်နှင့်အညီ ဖော်ပြပါ ဘာသာရပ်များနှင့် သက်ဆိုင်သည့် "ဘာသာရပ်ဆိုင်ရာပညာရှင်အဖွဲ့"များကို ဖွဲ့စည်းခဲ့ကြပါသည်။ ဘာသာရပ်ဆိုင်ရာပညာရှင်များအဖွဲ့ (၂၃) ဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ကြရာ၌လည်း "ဘာသာရပ်အဖွဲ့" နှင့် "ဘာသာရပ်လုပ်ငန်းအဖွဲ့" ဟူ၍ နှစ်ပိုင်းခွဲခြားဖွဲ့စည်းဆောင်ရွက်သွားကြပါသည်။ ဘာသာရပ်အဖွဲ့ အသီးသီးအောက်တွင် အထက်တွင်ပြဆိုထားသည့် လုပ်ငန်းအဖွဲ့လေးဖွဲ့ကို ဖွဲ့စည်းထားရှိကာ ရည်ရွယ်ချက်များ ပေါက်မြောက်အောင်မြင်ရေးအတွက် စည်းရုံးဆောင်ရွက်ကြရပါသည်။

**ပထမအကြိမ်အစည်းအဝေးကျင်းပခြင်း**

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့၏ ပထမအကြိမ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကြီးကို ၂၀၀၁ ခုနှစ်၊ ဧပြီလ (၃၀) ရက် တနင်္လာနေ့တွင် ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမဆောင်၌ ကျင်းပသည်။

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့၊ အဖွဲ့ဝင်အသိအမှတ်ပြုလွှာများကို ပညာရေးဝန်ကြီး ဦးသန်းအောင်က ချီးမြှင့်ပေးအပ်ရာ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ဝင်များ၏ ကိုယ်စားပါမောက္ခချုပ်များဖြစ်ကြသော ဒေါက်တာစိုးရင်၊ ဦးဟန်တင်နှင့် ဦးလှုနီတို့က လက်ခံရယူခဲ့ကြသည်။

မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဦးက သဘာပတိအဖြစ် ဆောင်ရွက်၍ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပါသည်။ အမှုဆောင်အဖွဲ့၊ အတွင်းရေးမှူး ဦးစောလွင်က အဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက် အနှစ်ချုပ်ကို ရှင်းလင်းတင်ပြသည်။ အမှုဆောင်အဖွဲ့၊ အဖွဲ့ဝင် ဒေါက်တာလှဝေက မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ဝင်အဖြစ် သတ်မှတ်ရွေးချယ်ရေးမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

သင်ကြားရေးနှင့် သင်ယူရေးအဖွဲ့၏ လုပ်ငန်းအစီအစဉ်ကို တွဲဖက်အတွင်းရေးမှူး ဦးဟန်တင်ကလည်းကောင်း၊ သုတေသနလုပ်ငန်းလမ်းညွှန်မှုပေးရေးအဖွဲ့၏ လုပ်ငန်းအစီအစဉ်ကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာစိုးရင်က လည်းကောင်း၊ ပညာပြန့်ပွားရေးနှင့် ပညာဖြန့်ဖြူးရေးအဖွဲ့၏ လုပ်ငန်းအစီအစဉ်ကို အမှုဆောင်အဖွဲ့ဝင် ဦးလှထွန်းအောင်ကလည်းကောင်း အသီးသီး တင်ပြကြသည်။

ထို့အပြင် အမှုဆောင်အဖွဲ့ တွဲဖက် အတွင်းရေးမှူး ဒေါက်တာစိုးရင်က ဝိဇ္ဇာဘာသာရပ်၊ သိပ္ပံဘာသာရပ်နှင့် အခြားဘာသာရပ်၊ ဘာသာရပ်ဆိုင်ရာအဖွဲ့များ၊ ဖွဲ့စည်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ဆက်လက်ရှင်းလင်းတင်ပြသည်။



**မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ ပထမအကြိမ်အစည်းအဝေးတွင် အဖွဲ့ဥက္ကဋ္ဌ ဆရာကြီးဦးသန်းဦး နှုတ်ခွန်းဆက်စကားပြောကြားစဉ်**

ထို့နောက် ပထမအကြိမ်အစည်းအဝေးသို့ တက်ရောက်လာသူများသည် ဝိဇ္ဇာဘာသာရပ်၊ သိပ္ပံဘာသာရပ်၊ အခြားဘာသာရပ်ဆိုင်ရာအဖွဲ့၊ သုံးဖွဲ့ခွဲ၍ သုံးနေရာ၌ ဆွေးနွေးညှိနှိုင်းကြပြီး တင်ပြချက်များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ မွမ်းမံခြင်းတို့ဖြင့် လက်ခံအတည်ပြုခဲ့ကြသည်။

**သုတေသနစာတမ်းဖတ်ပွဲများကျင်းပခြင်း**

မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့၏ အခြေခံစည်းမျဉ်း အခန်း (၄)၊ အပုဒ် (၁၀)၊ အပိုဒ်ခွဲ (ဂ) အရ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင် အဖွဲ့၏ ပထမအကြိမ် သုတေသနစာတမ်းဖတ်ပွဲ ကို ၂၀၀၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၅) ရက် တနင်္လာနေ့နှင့် (၆) ရက် အင်္ဂါနေ့များတွင် ရန်ကုန်တက္ကသိုလ် စိန်ရတုအဆောက်အအုံတွင် ကျင်းပပြုလုပ်ခဲ့သည်။ သဘာဝသိပ္ပံဘာသာရပ်များဖြစ်ကြသော ရုက္ခဗေဒ၊ သတ္တဗေဒ၊ ဘူမိဗေဒဘာသာရပ်ဆိုင်ရာ စာတမ်းများကို စိန်ရတုအခန်း (၂၀၁) ၌ လည်းကောင်း၊ ဝိဇ္ဇာ၊ လူမှုရေးသိပ္ပံနှင့် စီးပွားရေးဘာသာရပ်ဆိုင်ရာစာတမ်းများကို စိန်ရတုခန်းမကြီး၌လည်းကောင်း၊ သိပ္ပံတွဲဘာသာရပ်များဖြစ်ကြသော ရူပဗေဒ၊ ဓာတုဗေဒနှင့် သင်္ချာဘာသာရပ်ဆိုင်ရာ စာတမ်းများကို စိန်ရတု အခန်း (၂၀၂) ၌လည်းကောင်း၊ စာတမ်းစုစုပေါင်း(၂၄) စောင်ကို တင်သွင်းဖတ်ကြားဆွေးနွေးခဲ့ကြသည်။

အဆိုပါ သုတေသန စာတမ်း (၂၄) စောင်ကို-

(က) ဝိဇ္ဇာဘာသာရပ်ဆိုင်ရာ (၁) အုပ် Proceedings of the Research

Conference held in Yangon 5-6-February 2001.
Vol. I. Arts and Humanities.

(ခ) သိပ္ပံဘာသာရပ်ဆိုင်ရာ (၁) အုပ် Proceedings of the Research Conference held in Yangon 5-6-February 2001.
Vol.II. Science.

ဟူ၍ နှစ်တွဲခွဲပြီး ပုံနှိပ်ထုတ်ဝေ ဖြန့်ချိဖြစ်ခဲ့ပါသည်။

ဒုတိယအကြိမ် သုတေသန စာတမ်းဖတ်ပွဲကို ၂၀၀၂ ခုနှစ် အောက်တိုဘာလ (၁) ရက် အင်္ဂါနေ့နှင့် (၂) ရက် ဗုဒ္ဓဟူးနေ့များတွင် ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်တို့တွင် ကျင်းပပြုလုပ်ခဲ့သည်။ စာတမ်း စုစုပေါင်း အစောင် (၅၀) ကို တင်သွင်းဖတ်ကြားဆွေးနွေးခဲ့ကြသည်။ တင်သွင်းဖတ်ကြားဆွေးနွေးခဲ့ကြသည့် အဆိုပါ စာတမ်းများကို-

(က) Journal of The Myanmar Academy of Arts and Science.
Vol. I.No 1 March. 2003

(ခ) Journal of The Myanmar Academy of Arts and Science.
Vol.I.No 2 March. 2003 နှင့်

(ဂ) Journal of The Myanmar Academy of Arts and Science.
Vol.I No 3 March. 2003.

ဟူ၍ အတွဲသုံးတွဲခွဲပြီး ပုံနှိပ်ထုတ်ဝေဖြန့်ချိထားပါသည်။

တတိယအကြိမ် သုတေသန စာတမ်းဖတ်ပွဲ ကို ၂၀၀၃ ခုနှစ်၊ အောက်တိုဘာလ (၂၃) ရက် ကြာသပတေးနေ့နှင့် (၂၄) ရက် သောကြာနေ့များတွင် ရန်ကုန်တက္ကသိုလ်နှင့် စီးပွားရေး တက္ကသိုလ်တို့တွင် အခန်း (၇) နေရာခွဲ၍ ကျင်းပပြုလုပ်ခဲ့သည်။ စာတမ်း စုစုပေါင်း (၁၀၃) စောင်ကိုတင်သွင်းဖတ်ကြား ဆွေးနွေးခဲ့ကြသည်။ ထိုသို့ တင်သွင်းဖတ်ကြားခဲ့ကြသည့် စာတမ်းများကို မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့က ၂၀၀၄ခုနှစ် အတွင်းဂျာနယ် အတွဲ (၆) တွဲခွဲ၍ ပုံနှိပ်ထုတ်ဝေဖြန့်ချိသွားရန် စီစဉ်ဆောင်ရွက်ခဲ့သည်။

စတုတ္ထအကြိမ် သုတေသနစာတမ်းဖတ်ပွဲကို ၂၀၀၄ ခုနှစ် အောက်တိုဘာလ အတွင်းကျင်းပရန် စီစဉ်ဆောင်ရွက်ခဲ့ သည်။

**စာအုပ်များပြုစု ပုံနှိပ်ဖြန့်ချိခြင်း**

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့၏ ရည်ရွယ်ချက်များနှင့်အညီ သင်ကြားရေးနှင့် သင်ယူရေး၊ ပညာပြန့်ပွားရေးနှင့် ပညာဖြန့်ဖြူးရေး၊ သုတေသနပြုရေးနှင့် သုတေသနလမ်းညွှန်မှုပြုရေး၊ ပညာရှင်ပြုစုပျိုးထောင်ရေး လုပ်ငန်းစဉ်များအရ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အမှုဆောင်အဖွဲ့သည်-

(၁) အဆင့်မြင့်ပညာသင်ကြားရေးနှင့် သင်ယူရေးတို့ကို အထောက်အကူပြုစေရေးအတွက် အမှုဆောင်အဖွဲ့ဝင် ပညာရှင် ဦးသီဟ (အငြိမ်းစား ပါမောက္ခ၊ အင်္ဂလိပ်စာဌာန) ပြုစုတင်ပြသော "Teaching in Higher Education: A Few Pointers" စာအုပ်ကိုအင်္ဂလိပ်ဘာသာဖြင့်ပုံနှိပ်ထုတ်ဝေဖြန့်ချိခဲ့သည်။

(၂) ဘာသာစကား စာပေနှင့် လူမှုရေးသိပ္ပံပညာရှင်များ စုပေါင်းပြုစုကြသော "ဘာသာစာပေနှင့် လူမှုရေးသိပ္ပံ သုတေသနပြုလုပ်နည်းအခြေခံများ" စာမူကို ပညာရှင် အမှုဆောင်အဖွဲ့ဝင်များက စိစစ်၍ မြန်မာဘာသာဖြင့် ပုံနှိပ်ထုတ်ဝေဖြန့်ချိခဲ့သည်။

(၃) ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့တို့မှ ပညာရှင်များ စုပေါင်းပြုစုကြသော "ပညာရေး သုတေသန ပြုလုပ်နည်း" စာမူကိုလည်း ပညာရှင် အမှုဆောင်အဖွဲ့ဝင်များက လေ့လာစိစစ်ပြီး မြန်မာဘာသာဖြင့် ပုံနှိပ်ထုတ်ဝေဖြန့်ချိထားပါသည်။


(၄) ဝိဇ္ဇာပညာရပ်များ၊ သိပ္ပံပညာရပ်များ သုတေသနပြုရေးနှင့်စပ်လျဉ်း၍ အမှုဆောင်အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာလှဝေ၊ ဒေါက်တာသက်လွင်နှင့် ဒေါက်တာမျိုးသန့်တင်တို့ ပြုစုကြသော "Research Methods in Arts and Science" စာမူကို အင်္ဂလိပ်ဘာသာဖြင့်ပုံနှိပ်ဖြန့်ဝေထားပြီးဖြစ်ပါသည်။

(၅) စီးပွားရေးပညာရပ်များ သုတေသနပြုလုပ်ရေးနှင့် စပ်လျဉ်း၍လည်း စီးပွားရေးပညာရှင်များဖြစ်ကြသော ဒေါက်တာသက်လွင်နှင့် ဒေါက်တာဒေါ်သန်းတိုးတို့က အင်္ဂလိပ်ဘာသာဖြင့် ပြုစုကြသည့် "Research Methodology: A Practical Guide for Bussiness and Economics" စာမူကိုလည်း အင်္ဂလိပ်ဘာသာဖြင့် စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေ ဖြန့်ချိခဲ့ပါသည်။

(၆) အမှုဆောင်အဖွဲ့ဝင်ပညာရှင် ဒေါ်စိန်စိန်၊ ညွန်ကြားရေးမှူး (ငြိမ်း) ပြုစုတင်ပြလာသည့် "ရန်ကုန်တက္ကသိုလ်က ဂုဏ်ထူးဆောင်ဘွဲ့များ အပ်နှင်း ချီးမြှင့်ခြင်းဆိုင်ရာ



ဝိဇ္ဇာ သိပ္ပံပညာရှင်များ၏ တတ်သိပညာစွမ်းရည်မှ
ထွက်ပေါ်လာသော ပညာရပ်ဆိုင်ရာ စာအုပ်စာပေအချို့



**မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်များအဖွဲ့**
**စာတမ်းဖတ်ပွဲများမှ ထွက်ပေါ်လာသော ပညာရပ်ဆိုင်ရာ စာအုပ်များ**

လေ့လာတင်ပြချက်" စာတမ်းကိုလည်း မြန်မာဘာသာဖြင့် ပုံနှိပ်ထုတ်ဝေဖြန့်ချိခဲ့ပါသည်။

(၇) ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခ ဒေါ်ထူးထူးအောင် ဘာသာပြန်ဆိုပြုစုထားသည့် "ပညာရေးမူဝါဒ ရုပ်လုံးဖော်မှုအတွက် သတင်းအချက်အလက်ပေးနိုင်ရန် အရေအတွက်ဆိုင်ရာသုတေသနကို ဝေဖန်သုံးသပ်ခြင်း" စာအုပ်ကို စက်တင်ပုံနှိပ်ထားပြီးဖြစ်ရာ ဆက်လက်ဖြန့်ချိသွားရန် စီစဉ်ထားပါသည်။

**ပြည့်စွမ်းအားစုတစ်ရပ်**


၁၉၉၉ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ကြီးသည် ၂၀၀၄ ခုနှစ်တွင် သက်တမ်း (၅) နှစ်သို့ တက်လှမ်းရောက်ရှိလာသည်။ ပညာရှင်အဖွဲ့၏ ရည်ရွယ်ချက်ငါးရပ် ပေါက်မြောက်အောင်မြင်ရေးအတွက် "ပညာစွမ်းအား ပြည့်စွမ်းအား" ဟူသော အဖွဲ့ကြီး၏ ဆောင်ပုဒ်နှင့်အညီ ပညာရှင်များပီပီ မိမိတို့တတ်သိကျွမ်းကျင်လိမ္မာကြသည့် "ပညာ" ဖြင့် ပြည့်စွမ်းအားစုတစ်ရပ်အဖြစ် မားမားမတ်မတ် ရပ်တည်လျက် ထိရောက်ထက်မြက်စွာ ပါဝင်ကြိုးပမ်း ဆက်လက်တက်လှမ်း ဆောင်ရွက်သွားကြမည်ဖြစ်ပါသည်။

ဦးသန်းဦး

## မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်များဘာသာရပ်အလိုက် ပညာရှင်ဦးရေပြစာရင်းချုပ် ဩဂုတ် ၁၉၉၉ ခုနှစ်

| စဉ် | ဘာသာရပ် | လက်ရှိ | | | | | အငြိမ်းစား | | | | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ကထိ | တွဲ - ပါမောက္ခ | ပါမောက္ခ | အခြား | ပေါင်း | ကထိ | တွဲ - ပါမောက္ခ | ပါမောက္ခ | အခြား | ပေါင်း | | |
| ၁ | မြန်မာစာ | | ၁၆ | ၁၆ | ၁ | ၃၃ | | ၃ | ၈ | ၄ | ၁၅ | ၄၈ | |
| ၂ | အင်္ဂလိပ်စာ | | ၆ | ၁၀ | ၂ | ၁၈ | ၁၁ | ၂ | ၇ | | ၂၀ | ၃၈ | |
| ၃ | ပထဝီဝင် | ၁ | ၁၄ | ၁၃ | ၂ | ၃၀ | | ၇ | ၁၄ | ၁ | ၂၂ | ၅၂ | |
| ၄ | သမိုင်း | ၁ | ၁၃ | ၁၂ | ၄ | ၃၀ | ၁ | ၄ | ၇ | ၃ | ၁၅ | ၄၅ | |
| ၅ | ဒဿနိကဗေဒ | | ၁၀ | ၈ | | ၁၈ | | ၃ | ၃ | ၂ | ၈ | ၂၆ | |
| ၆ | စိတ်ပညာ | ၂ | ၁၁ | ၅ | | ၁၈ | ၄ | | ၄ | ၂ | ၁၀ | ၂၈ | |
| ၇ | အရှေ့တိုင်းပညာ | | ၁ | ၇ | | ၈ | ၅ | ၂ | ၂ | ၁ | ၁၀ | ၁၈ | |
| ၈ | နိုင်ငံတကာဆက်ဆံရေး | | ၄ | ၄ | | ၈ | | ၃ | ၃ | ၁ | ၇ | ၁၅ | |
| ၉ | မနုဿဗေဒ | | ၁ | ၁ | | ၂ | ၈ | | | ၁ | ၉ | ၁၁ | |
| ၁၀ | ရှေးဟောင်း | | ၁ | ၁ | | ၂ | | | | ၂ | ၂ | ၄ | |
| ၁၁ | စာကြည့်တိုက်/သုတပညာ | | ၁ | | ၁ | ၂ | | | | ၁၀ | ၁၀ | ၁၂ | |
| | | | | | | ၁၆၉ | | | | | ၁၂၈ | ၂၉၇ | ဝိဇ္ဇာစုစုပေါင်း |
| ၁၂ | ဓာတုဗေဒ | ၁၀ | ၁၅ | ၁၂ | ၄ | ၄၁ | ၂ | ၂ | ၁၂ | ၅ | ၂၁ | ၆၂ | |
| ၁၃ | ရူပဗေဒ | ၅ | ၁၅ | ၁၄ | ၆ | ၄၀ | | ၃ | ၂ | ၇ | ၁၂ | ၅၂ | |
| ၁၄ | သင်္ချာ | ၉ | ၁၄ | ၁၄ | ၆ | ၄၃ | | ၅ | ၁၁ | ၁ | ၁၇ | ၆၀ | |
| ၁၅ | သတ္တဗေဒ | ၃ | ၁၅ | ၁၃ | ၁ | ၃၂ | | ၄ | ၇ | ၁ | ၁၂ | ၄၄ | |
| ၁၆ | ရုက္ခဗေဒ | ၅ | ၁၅ | ၁၃ | ၂ | ၃၅ | ၂ | ၁ | ၅ | ၁ | ၉ | ၄၄ | |
| ၁၇ | ဘူမိဗေဒ | ၆ | ၁၀ | ၅ | ၅ | ၂၆ | | ၃ | ၂ | ၄ | ၉ | ၃၅ | |
| ၁၈ | ကုန်ထုတ်ဓာတုဗေဒ | ၁ | ၃ | ၃ | | ၇ | | | | ၃ | ၃ | ၁၀ | |
| ၁၉ | အဏ္ဏဝါသိပ္ပံ | | | ၁ | ၁ | ၂ | | | | ၀ | ၀ | ၂ | |
| | | | | | | ၂၂၆ | | | | | ၈၃ | ၃၀၉ | သိပ္ပံစုစုပေါင်း |
| ၂၀ | စီးပွားရေး | ၂ | ၈ | ၁၀ | ၈ | ၂၈ | ၁ | ၃ | ၄ | ၁၆ | ၂၄ | ၅၂ | |
| ၂၁ | ဥပဒေပညာ | ၁ | ၃ | ၅ | ၁ | ၁၀ | ၂ | ၁ | | ၁ | ၄ | ၁၄ | |
| ၂၂ | သင်ပြမှု/ သင်ယူမှု | ၁ | ၃ | ၅ | ၁ | ၁၀ | | ၂ | ၉ | ၄ | ၁၅ | ၂၅ | |
| ၂၃ | ဘာသာစကား | ၁ | ၁ | ၃ | ၁ | ၆ | | ၄ | ၂ | ၈ | ၁၄ | ၂၀ | |
| | | | | | | ၅၄ | | | | | ၅၇ | ၁၁၁ | အခြားစုစုပေါင်း |
| | | ၄၈ | ၁၈၀ | ၁၇၅ | ၄၆ | ၄၄၉ | ၃၆ | ၅၂ | ၁၀၂ | ၇၈ | ၂၆၀ | ၇၀၇ | စုစုပေါင်း |

မှတ်ချက်။ ။ အခြားခေါင်းစဉ်အောက်တွင် ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ် စသည့်အခြားရာထူးများကိုဆိုလိုပါသည်။



# မြန်မာ့ဗိသုကာပညာ



**ပျူခေတ်၏ အစောဆုံး မြန်မာ့ဗိသုကာလက်ရာတစ်ခုဖြစ်သည့်**
**ဒွတ္တဘောင်မင်းကြီးကောင်းမှုတော် ဘောဘောကြီးဘုရားစေတီ**

ဗိသုကာပညာသည် လောက လူ့ဘောင်ကို အလှဆင်သော ပညာရပ်များတွင် တစ်ခုအပါအဝင်ဖြစ်သည်။ အဆောက်အအုံကို လှပအောင် တင့်တယ်အောင် ခိုင်ခံ့အောင် ဖန်တီးသော ပညာဟုလည်းဆိုနိုင်ပေသည်။ မြန်မာနိုင်ငံတွင် မြန်မာ့လူ့အဖွဲ့အစည်းပေါ်ထွန်းစ အခါကာလကတည်းက ဆောက်လုပ်မှုအတတ်ပေါ်ထွန်းခဲ့ရာ ဗိသုကာပညာသည်လည်း ဆောက်လုပ်မှုအတတ်ပညာကို အခြေပြု၍ ပေါ်ထွန်းလာခဲ့သည်ဟု မှတ်ယူနိုင်ပေသည်။

မြန်မာ့ဗိသုကာပညာကို အခြေပြု၍ သာသနိကအဆောက်အအုံ၊ ထီးနန်းနှင့်ပတ်သက်သည့် အဆောက်အအုံ၊ ပြည်သူနှင့် ပတ်သက်သည့် အဆောက်အအုံအမျိုးမျိုးပေါ်ထွန်းလာခဲ့ပြီး မွမ်းမံမှုအမျိုးစုံတို့လည်း ပေါ်ထွက်လာခဲ့ပေသည်။

ဗိသုကာပညာသည် ဆောက်လုပ်မှုကို အခြေခံသော်လည်း လက်သမားပညာနှင့်ကား မတူပေ။ ဆောက်လုပ်ရုံသာမက လှပအောင် အနုပညာမြောက်အောင် မွမ်းမံလုပ်ကိုင်ရသည့်အတွက် လက်သမားပညာထက် မြင့်မားကြောင်းကို ဆရာကြီးဦးစုက မိန့်ဆိုခဲ့ဖူးသည်။ ဗိသုကာပညာရှင်သည် အနုပညာစိတ်ဓာတ်အခြေခံရှိရန် လိုအပ်ပြီး မွမ်းမံမှုကိစ္စအဝဝကိုလည်း တတ်ကျွမ်းနားလည်ရန် လိုအပ်ပေသည်။



ဗုဒ္ဓဘာသာ ထွန်းကားသော မြန်မာနိုင်ငံတွင် ရှေးမြန်မာ့ဗိသုကာ လက်ရာများကို
ပုဂံသာသနိက အဆောက်အအုံများတွင် ဤသို့တွေ့ရသည်

ဗိသုကာပညာရှင်တစ်ဦးအတွက် လိုအပ်သော အရည်အချင်းများမှာ ဖော်ပြပါအတိုင်း ဖြစ်ပေသည်။ ဗိသုကာပညာရှင်သည် ဆောက်လုပ်မည့် အဆောက်အအုံ၏ ပုံပန်းသဏ္ဍာန်ကို ဦးစွာ စိတ်ကူးကြံဆရသည်။ အလျားအနံ အနိမ့်အမြင့် ထုထည်စသည်တို့ကို မိမိ၏စိတ်အာရုံတွင် ပေါ်လွင်အောင် ကြိုးပမ်းအားထုတ်ပြီးသည့်နောက် ပေ၊ ပုရပိုက်တို့အပေါ်တွင် စနစ်တကျ အချိုးကျနအောင် စကေးကိုက်ရေးဆွဲ၍ ပုံစံထုတ်ရပေသည်။ ပုံစံထုတ်လုပ်ခြင်း အတတ်သည်ဗိသုကာပညာရှင်ကောင်း တစ်ယောက်အတွက် အခြေခံကျပြီး အရေးကြီးဆုံးလုပ်ငန်း တစ်ရပ်လည်းဖြစ်ပေသည်။ အသိအတတ်ပညာရပ်များ တိုးတက်ထွန်းကားလာသည့် (၂၀) (၂၁) ရာစုခေတ်တွင်အဆောက်အအုံတစ်ခုကိုဆောက်လုပ်သည့်အခါ သံဘယ်နှစ်ချောင်း၊ အုတ်ဘယ်နှစ်ချပ်၊ ဘိလပ်မြေ ဘယ်နှစ်အိတ်၊ သစ် ဘယ်နှစ်တန်၊ ကုန်ကျမည်အထိ ပညာရှင်တော်တော်များများက တွက်ချက်ပေးနိုင်ကြပေသည်။

မိမိရေးဆွဲထားသည့် အဆောက်အအုံ၏ တင့်တယ်မှု၊ ခိုင်ခံ့မှု၊ အဆန်းတကျယ်ရှိမှုနှင့် ရှေးဟောင်းကျမ်းဂန်အဆိုအမိန့်တို့နှင့် ကိုက်ညီကြောင်းကိုလည်း လုပ်ငန်းအပ်နှံသူအား ရှင်းလင်းတင်ပြနိုင်ရပေမည်။ ပြင်စရာရှိပါကလည်း လုပ်ငန်းရှင် ကျေနပ်နှစ်သိမ့်အောင် ပြင်ပေးနိုင်ရပေမည်။

ရှေးမြန်မာဗိသုကာကြီးများသည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး ဘုန်းတော်ကြီးကျောင်းများမှ သင်ကြားပို့ချပေးသည့် ဗုဒ္ဓကျမ်းစာ/ဗုဒ္ဓ ယဉ်ကျေးမှုများကို အခြေခံအဖြစ်ရရှိခဲ့ကြသည့်အတွက် ရိုးရာအနေဖြင့် ရှေးအယူအဆ ဓလေ့ထုံးတမ်းတို့ကို အခြေခံ၍ လုပ်ကိုင်လေ့ရှိကြပေသည်။

ထို့ကြောင့် ရှေးမြန်မာဗိသုကာသည် အဆောက်အအုံပုံစံကို ထုတ်ပြီးသည့်အခါ လုပ်ငန်းစရန်အတွက် အချိန်အခါကို ရွေးရသည်။ ဆောက်လုပ်လိုသူ၏ နေ့သင့်နံသင့်နှင့် နက္ခတ်တာရာတို့၏ အနေအထားတို့ကိုလည်း တွက်ချက်ကြရသည်။ဆောက်လုပ်မည့် အရပ်ဒေသ၏ မြေအနေအထားကိုလည်း တွက်ချက်ကြရသည်။ လောကီကျမ်းတို့၏ အယူအဆကိုလည်း လိုက်နာကျင့်သုံးကြရသည်။ သာသနိက အဆောက်အအုံဖြစ်ပါက ပန္နက်ချသည့် နေ့ရက်မှသည် ရေစက်သွန်းလောင်းသည့် နေ့ရက်တိုင်အောင် ဗိသုကာက အထပ်ထပ်အခါခါ ကြီးကြပ်ဆောင်ရွက်ပေးရသည်။

ရှေးက မွန်မြန်မာ ဗိသုကာကြီးများသည် ဆရာကောင်းသမားကောင်းတို့ထံ နည်းနာခံ၍ တတ်မြောက်လာကြသူများ ဖြစ်ကြသည်။ သို့သော် စနစ်တကျသင်ကြားပေးသော ကျောင်းဟူ၍ သင်တန်းဟူ၍ မရှိပေ။ များသောအားဖြင့် မိရိုးဖလာအရ လုပ်ကိုင်လာကြသူများ ဖြစ်ကြပေသည်။ ဗိသုကာတို့ တတ်သိနားလည်အပ်သည့် ပညာရပ်တို့မှာ နက္ခတ်၊ ဗေဒင်အတတ်၊ ဂါထာမန္တရား ရွတ်ဖတ်ရခြင်းအတတ်၊ ပုံဆွဲအခြေခံပညာ အတိုင်းအတာစနစ်၊ သင်္ချာအတတ်၊ သစ်အမျိုး အစားကို ကွဲပြားအောင် လေ့လာရခြင်းအတတ်၊ အင်္ဂတေသရွတ် ဖော်စပ်ခြင်းအတတ်၊ ပန်းတော့၊ ပန်းတမော့ပညာရပ်တို့၏ အခြေခံနှင့် ပန်းရံ၊ ပန်းပဲအစရှိသော ပညာရပ်တို့လည်းပါဝင်ပေသည်။ ထို့အတူ အပြောက်လုပ်ငန်းဟုခေါ်သည့် ပန်းပုနှင့် မှန်စီရွှေချလုပ်ငန်းတို့ကိုလည်း ဗိသုကာကြီးများတတ်အပ်သည်ဟု ယူဆထားကြပေသည်။ ယင်းလုပ်ငန်းတို့သည် ဗိသုကာလုပ်ငန်းအာဝါသ စည်ပင်ဖွံ့ဖြိုးစေရန်အတွက် မွမ်းမံမှုပညာ၏ အကိုင်းအခက်များသဖွယ်ဖြစ်ပေသည်။

မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာထွန်းကားသော နိုင်ငံဖြစ်သည့်အတွက် မြန်မာဗိသုကာလက်ရာ တို့ကို သာသနိက အဆောက်အအုံတို့တွင် အများဆုံးတွေ့မြင်ရသည်။ စေတီနှင့်ဂူဘုရားများ တည်ဆောက်ခြင်းအတတ်ကို အေဒီ (၄) ရာစုမှ (၉) ရာစုအတွင်း ပျူလူမျိုးများတတ်မြောက်ခဲ့ကြကြောင်းအဆိုရှိသည်။ ပြည်မြို့အနီး သရေခေတ္တရာမြို့ဟောင်းတွင် ဂင်းပိတ်အဆောက်အအုံအဖြစ်ဖြင့် ဘောဘောကြီးဘုရား၊ ဘုရားကြီးစသော ဘုရားများသည် သာဓကများဖြစ်ကြပေသည်။



**ပုဂံယဉ်ကျေးမှုအမွေအနှစ် မြန်မာ့ဗိသုကာလက်ရာ ဆင်ဖြူရှင်ဘုရား**

အနော်ရထာမင်းလက်ထက်တွင် ဘုရားစေတီများ ပိုမိုကောင်းမွန်လှပခိုင်ခံ့လာအောင် တီထွင်လာကြသည်။ ကျန်စစ်သားမင်းလက်ထက် (၁၁) ရာစုတွင် ဗိသုကာလက်ရာ တီထွင်တည်ဆောက်မှု အမြင့်မားဆုံးသို့ ရောက်လာသည်ဟု မင်းဘူးအောင်ကြိုင်က 'ပုဂံခေတ်ဗိသုကာလက်ရာများ အမှာစာ' တွင် ရေးသားထားသည်။ ပုဂံခေတ် ဗိသုကာတို့သည် အခြေခံအားဖြင့် ဂင်းပိတ် အမျိုးအစားနှင့် လိုဏ်ခေါင်းပါစေတီပုထိုးတို့ကို တည်ဆောက်ကြသည်ဟု သိရပေသည်။


ယင်းအမျိုးအစားများတွင် သိမ်များ၊ ပိဋကတ်တိုက်များ၊ ဥမင်များ၊ ကျောက်စာဂူများ၊ ဘုန်းကြီးကျောင်းများ၊ စာသင်တိုက်များ၊ လိုဏ်အထပ်ထပ်ရှိသည့် ဂူဘုရားများ၊ အောက်ခြေထောင့် အမျိုးမျိုးခံသည့် စေတီများ၊ အဝိုင်းခံစေတီများ၊ ခေါင်းလောင်းပုံ စေတီများ၊ သီဟိုဠ်ပုံစေတီများ၊ မဟာဗောဓိပုံစံများနှင့် အုတ်ပြသာဒ်ကျောင်းတို့သည် ထင်ရှားသည်။ ပုဂံခေတ်တွင် တည်ဆောက်ခဲ့သည့် စေတီပုထိုးများအနက် ဓမ္မရံကြီး၊ သဗ္ဗညု နှင့် အာနန္ဒာစေတီတို့သည် ထင်ရှားသည်။ 'ထု ဓမ္မရံ အမြင့်သဗ္ဗညု၊ အယဉ်အလှ အာနန္ဒာ' ဟူ၍ ဆိုရိုးစကားရှိသည်။

ဓမ္မရံကြီး၏ အုတ်စီလက်ရာမှာ အပ်ထိုး၍ပင် မဝင်ကြောင်းဗိသုကာ လက်ရာအနေဖြင့် ထူးခြားပြီး အပြင် စကြံပတ်လည်အမြင့်ပေ (၂၀) ခန့်တွင် နံရံအကျယ် ၁ ပေ ၄ လက်မ ထိုးထွက် နေသည့် ချင်မိတ်ထိုးတန်း ရှိကြောင်း၊ ၎င်းကို မောင်းမလည် ဟုခေါ် ဆိုကြောင်း၊ ပုဂံခေတ်က မောင်းမမိဿံ အမျိုးသမီးများသည် ထိုမောင်းမလည်ပေါ်တွင် ဝက်ပါကဲ့သို့ အပျင်းဖြေကစားကြသလော လမ်းလျှောက်ကြသလော စဉ်းစားဖွယ်ရာ ဖြစ်ကြောင်းတို့ကို မင်းဘူးအောင်ကြိုင်က ရေးသားဖူးပါသည်။

စေတီပုထိုးအမျိုးမျိုးရှိရာ အာနန္ဒာ စေတီတော်ကြီးတည်ဆောက်ပုံမှာ တစ်မူထူးခြားပေသည်။ နန္ဒမူလလိုဏ်၏ ပုံသဏ္ဌာန်ကို အခြေပြု၍ တည်ဆောက်ရာ၌မြေကို အစောက်သံတောင် (၆၀) တူးပြီး အထက်သို့ သံတောင် (၃၀) အထိ



ပုဂံအာနန္ဒာစေတီတော်တွင်းရှိ အမြင့် (၃၁) ပေ မတ်ရပ်ဆင်းတုတော်ကြီးကို
ဗိသုကာပညာဖြင့် အလင်းရောင်ပေးထားပုံ



**မဟာဝိဇယစေတီတော်တွင် တွေ့ရသော ၂၀ ရာစု မြန်မာ့ဗိသုကာလက်ရာ မုခ်ဝတစ်နေရာ**


နဂါးရစ်ကျောက်တို့ကို စီခင်းသည်။ ထိုကျောက်တို့၏ အထက်တွင် ဥမင်တိုက်ဆောက်ပြီး ဌာပနာတိုက် အဖြစ်ထားရှိသည်။ ဌာပနာတိုက်၏ အပေါ်မျက်နှာပြင်ပေါ်တွင် လိုဏ်ဂူ ပြုလုပ်သည်။ ယင်းတို့ အထက်တွင် လက်ရာပြောင်မြောက်သည့် ပြာသာဒ် စေတီကြီးငယ်တို့ကို တည်ဆောက်သည်။ ယင်းသို့ တည်ဆောက်ထားသည့်အတွက် ပုဂံမြို့ပေါ်တွင် အလှပဆုံး အတင့်တယ်ဆုံး အဆန်းကြယ်ဆုံး လက်ရာအပြောင်မြောက်ဆုံး စေတီတော်ကြီး ဖြစ်ပေါ်လာသည်။

အထပ်လိုဏ်ဂူများအနက် အာနန္ဒာစေတီတော်ကြီးကို ဗိသုကာလက်ရာ အကောင်းဆုံးဟု ပညာရှင်များက ယူဆထားကြပေသည်။ သံနှင့်သစ်သားမပါဘဲ အုတ်များကို အသုံးပြုပြီး တည်ဆောက်ထားသည်မှာ ထူးခြားချက်တစ်ရပ်ဖြစ်သည်။ အုတ်စီလက်ရာများပါရှိသလို အချို့ ပေါင်းကူးများတွင် အုတ်တစ်လှည့် ကျောက်တစ်လှည့်စီထားပြီး ထောင့်ချိုးတိုင်း၌ ကျင်တွယ်ပုံ ကျောက်တုံးများကို ထောင့်ချုပ်အဖြစ် မြုပ်နှံထား ပုံမှာလည်း ပညာသားပါပေသည်။

အာနန္ဒာဘုရားအတွင်းအမြင့် (၃၁) ပေရှိ မတ်ရပ်ဆင်းတုကြီးလေးဆူအတွက် အလင်းရောင်ပေးထားပုံနှင့် နံရံထောင့်များကို (၉၀) ဒီဂရီ ထောင့်မှန်ကိုက်အောင် ပြုလုပ်ထားပုံများမှာလည်း နှောင်းခေတ်ပညာသည်များအတုယူ လောက်ပေသည်။ စေတီတော်ကြီးကို ဗိသုကာကြီး (၄) ယောက်၊ ပန်းရန် (၄၀၀) တို့ဖြင့် တည်ဆောက်ထားကြောင်း မှတ်သားရပေသည်။

မြန်မာ့အခြေခံသင်္ချာနှင့် ပတ်သက်၍ ရွှေစည်းခုံစေတီတော်မှ ဗိသုကာလက်ရာများမှာလည်း စိတ်ဝင်စားဖွယ်ဖြစ်သည်။ စေတီတော်ကြီး၏ အမြင့်မှာ သံတောင် (၈၀) ရှိသည်။ စေတီတော်ကြီးကို အုတ်မြစ်မစီဘဲ တုရင်တောင်မှရသည့် ကျောက်တုံးများဖြင့်စီသည်။ စေတီတော်ကြီး၏ ပန်းလည်တိုင်/ပိန္နဲတိုင်သည် ကျင်တွယ်ကိုက်တည့်မတ်ရန် လိုပေသည်။ ထိုသို့ တည့်မတ်ရန်လိုသည့်အတွက် ရှေးမြန်မာဗိသုကာတို့၏ အခြေခံသင်္ချာကို ဆရာကြီး ဦးစုက အောက်ပါအတိုင်း ရေးသားဖော်ပြခဲ့လေသည်။

'စေတီတော်တည်ရာ ရင်ပြင်တွင် ပန္နက်ချစဉ်ကတည်းက စနစ်တကျပြု လုပ်ခဲ့သော ကျောက်တုံး



**၂၀ ရာစု မြန်မာ့ဗိသုကာလက်ရာ မဟာဝိဇယစေတီတော် တောင်ဘက်မုခ်ဝ**

ထို့ကြောင့် ဗဟိုချက်မ မတ်ထောင်သော ပန်းလည်တိုင်၏ အရိပ်သည် ကျောက်ရေခွက်ငယ်၏ ရေမျက်နှာပြင်ပေါ်တွင် ထင်ဟပ်နိုင်၏။ ကျောက်ရေခွက်နှစ်ခုစလုံးတွင် ယင်းသို့ တစ်ပြိုင်နက် ထင်ဟပ်နိုင်လျှင် ပန်းလည်တိုင်အထက်တွင် တည့်တည့်မတ်မတ်ရှိနေသော ထီးတော်၏ စိန်ဖူးတိုင်သည်လည်း တည့်တည့်မတ်မတ်ရှိတော့မည်' ဟု ရေးသားဖော်ပြခဲ့ရာ ရှေးမြန်မာဗိသုကာကြီးများ၏ အခြေခံ သင်္ချာပညာကို အကဲခတ်၍ ရနိုင်ပေသည်။

ပုဂံခေတ် ဗိသုကာလက်ရာတို့တွင် သဗ္ဗညုပုထိုးတော်ကြီးသည်လည်း တစ်မူထူးခြားပေသည်။ အလင်းနှင့် နံရံ၏ ထုထည် စေတီတော်ကြီး၏ အမြင့် စေတီရံတို့၏ ဖိအား အရှေ့ အနောက် တောင်မြောက် ပထဝီအနေအထားတို့ကို စနစ်တကျတွက်ချက်ပြီးကာမှ ပုဂံနေပြည်တော်တွင်း အမြင့်မားဆုံး ပုထိုးတော်ကြီးအဖြစ် ဗိသုကာကြီးများက တည်ဆောက်မွမ်းမံခြင်းဖြစ်ပေသည်။ ထိုသို့ အဘက်ဘက်မှ တွက်ချက်ညှိနှိုင်းပြီး တည်ဆောက်ခဲ့သည့်အတွက် သဗ္ဗညုပုထိုးတော်ကြီး၏ အပေါ်မှ မျှော်ကြည့်လျှင် ပုဂံမြို့ပေါ်ရှိ လူနေအိမ်ခြေနှင့် ဘုရားပုထိုးများကို ကောင်းစွာဖူးတွေ့ရလေရာ ကြည်နူးဝမ်းမြောက်ဖွယ်ဖြစ်ပေသည်။

ကြီးနှစ်ခုရှိမည်။ တစ်ခုစီတွင် ထွင်းထားသည့် ရေမြွေးကြမ်းခွက်အရွယ်ပမာဏရှိသော ကျောက်ခွက်ငယ်တစ်ခုကို ပန်းလည်တိုင်မှာ ကျင်တွယ်ကိုက်ဆုံသောတောင်မြောက်အူကြောင်းနှင့် အရှေ့အနောက်အူကြောင်းတစ်လျှောက် အကွာအဝေးတူသည့် 'တာ' တွင် စိုက်ဆောက်ထားခဲ့သည်ဟု ယူဆသည်။

ကျောက်ရေခွက်တို့သည် သေးငယ်၏။ စေတီတော်ကြီး၏ ပန္နက်ဗဟိုချက်မှ အကွာအဝေး တူညီ၏။ ကျောက်တုံးကြီးများ၏ အပေါ်မျက်နှာပြင်တို့သည် တူညီသောရေပြင်ညီ၌ တစ်ပြေးတည်းရှိကြ၏။


ကုန်းဘောင်ခေတ်တွင် တည်ဆောက်ခဲ့သည့် သစ်သားကျောင်းတော်ကြီးများသည်လည်း စိတ်ဝင်စားဖွယ်ဖြစ်သည်။ ရှမ်းပြည်နယ် အင်းလေး ဒေသမှ 'ငဖယ်ကျောင်း'၊ ပခုက္ကူမြိုင်မြို့နယ်မှ 'အုံတုံပင်ရွှေကျောင်း'၊ ပခန်းရွှေဥမင်ကျောင်းတိုက်၊ ပခန်းကြီးကျောင်းတော်၊ ပခန်းငယ်ကျောင်းတော်၊ စလေရုပ်စုံ



**မြန်မာ့ဗိသုကာဆိုင်ရာ အဆောက်အအုံများအနက် အထွတ်အမြတ်ထားရာ အဆောက်အအုံတစ်ခုဖြစ်သော ဘုရားကျောင်းကန်များတွင်တွေ့ရသည့် တန်ဆောင်းပြာသာဒ်**

ကျောင်း၊ မန္တလေးရွှေနန်းတော်ကျောင်း၊ ဗားကရာကျောင်းစသည့် ကျောင်းတိုက်ကြီးများလည်းရှိသေးသည်။

မြန်မာနိုင်ငံတွင် တိုင်တစ်ရာကျောင်းများ အတော်များများရှိခဲ့ရာ ယင်းကျောင်းများတွင် 'ရွှေနန်းတော်ကျောင်း' သည် ထိပ်ဆုံးမှ ပါဝင်ပေသည်။ ရွှေနန်းတော်ကျောင်းတွင် တိုင်ပေါင်း (၁၅၀) ခန့်ရှိသည်။ လှပဆန်းကြယ်သည့် အပြောက်ပန်းလက်ရာ အနုစိတ်ထားသည့် မှန်စီ ရွှေချပညာသည်တို့၏ လက်ရာများကို မြင်တွေ့ရသည်။ ရှေးက မင်းတုန်းမင်းကြီး၏ စံအိမ်ဖြစ်သဖြင့် မူလက နန်းမြို့တော်အုတ်ခုံကြီး၏ အပေါ်တွင်ရှိခဲ့သည်။မင်းတုန်းမင်း



**၁၈၅၇ ခုနှစ်က မင်းတုန်းမင်းကြီး တည်ဆောက်ခဲ့သော မဟာအတုလဝေယန်ကျောင်းတော်ကြီး၏ မြန်မာ့ဗိသုကာလက်ရာ**

ကြီးနတ်ရွာစံ၍ သီပေါမင်း နန်းတက်သောအခါ သီပေါမင်းက ရွှေနန်းတော်အဆောင်ကို ဖြုတ်ယူပြီး ယခုနေရာတွင် ပြန်လည်တပ်ဆင်၍ ကျောင်းအဖြစ် လှူဒါန်းသည်။ မူလ ရွှေနန်းတော်မှသည် ကျောင်း အဖြစ်သို့ ပြောင်းလဲလာသဖြင့် 'ရွှေနန်းတော်ကျောင်း' ဟု အမည်တွင်လေသည်။

ကျောင်းတော်ကြီး၏ ကြမ်းပြင်ကို နယားကောင် ရုပ်တု (၅၄) ခုဖြင့် မြေမှာ ထောက်၍ ထမ်းမထား ဟန်ဆောက်လုပ်ထားသည်။ ထိုသို့ ဆောက်လုပ်ထား သဖြင့် သာမန်အဆောက်အအုံနှင့် မတူဘဲ နတ် နဂါးတို့က ပင့်ချီထမ်းမထားသယောင် ထင်ရသည်။ မြန်မာ့ရိုးရာဗိသုကာပညာ၏ 'နိမိတ်ဖော်' လက်ရာ မျိုးဟု ဆိုရပေမည်။

ယင်းလက်ရာအပြင် ကုန်းဘောင်နောက်ပိုင်း၌ သမီးတော်နှင့် မိဖုရားတို့ဆောက်လုပ်လှူဒါန်းခဲ့သည့် 'မြောက်မှန်ကျောင်း' နှင့် 'တောင်မှန် ကျောင်း' နှစ်ကျောင်းလည်းရှိသေးသည်။ မြန်မာ့သစ်သား ပန်းပုပညာဖြင့် လက်စွမ်းကုန် မွမ်းမံထားသည့် ကျောင်းများဖြစ်သည်။ ကျောင်းနှစ်ကျောင်းကို (Mission to the Court of Ava) တွင် အကျယ်တဝင့် ချီးကျူးရေးသားထားသည်။ ကျောက်စာဝန်တော်စိန်ခိုကလည်း 'အနုပညာနယ်၌ သစ်သားဖြင့်ဆောက်လုပ်သော ဗိသုကာပညာသည် ပုဂံမင်းလက်ထက်၌ အထွတ်အထိပ်သို့ ရောက်ခဲ့ သည်ဟု (၁၉၁၄-၁၅) ရှေးဟောင်း သုတေသန အစီရင်ခံစာ စာမျက်နှာ (၆၀) တွင် ရေးသားဖော်ပြ ခဲ့ဖူးရာ မြန်မာဗိသုကာ ပညာ၏ နက်နဲပုံ ခက်ခဲပုံနှင့် သိမ်မွေ့ပုံများကို အကဲခတ်၍ ရနိုင်ပေသည်။

ဦးမင်းနိုင်



# မြန်မာ့ရိုးရာတူရိယာပစ္စည်းများပြပွဲ



# မြန်မာ့ရိုးရာ တူရိယာပစ္စည်းများပြပွဲ

မြန်မာလူမျိုးတို့သည် ရှေးယခင်ကပင် မိမိတို့ ကိုယ်ပိုင်ယဉ်ကျေးမှုများ ရှိခဲ့ကြပါသည်။ ရိုးရာယဉ်ကျေးမှုများဖြင့် အနေတင့်ခဲ့ကြပါသည်။ ထိုသို့ တည်ရှိခဲ့သည့် ရိုးရာယဉ်ကျေးမှုများအား အရိုးကို အရွက်မဖုံးစေရန်အတွက် ပြန်လည်ဖော်ထုတ်ကြရမည်ဖြစ်သည်။ ရိုးရာယဉ်ကျေးမှုများ ပြန်လည်ဖော်ထုတ်ခြင်းဖြင့် မျိုးချစ်စိတ်ဓာတ်ကို ပြန်လည်နိုးထစေပါသည်။ ထို့ကြောင့်လည်း နိုင်ငံတော်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှုဆိုင်ရာ ပြပွဲများကိုနှစ်စဉ်ကျင်းပခဲ့ပါသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန မြန်မာ့ရိုးရာ တူရိယာပစ္စည်းများပြပွဲကို ဦးတည်ချက်လေးရပ်ဖြင့် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်ဘက်စုံခန်းမ၌ ပြသခဲ့ ပါသည်။ မြန်မာ့ရိုးရာ တူရိယာပစ္စည်းများပြပွဲကျင်းပ ရေးဦးတည်ချက် (၄) ရပ်မှာ -

(၁) မြန်မာ့ရိုးရာ တူရိယာပစ္စည်းများကို မျိုးဆက်သစ်လူငယ်လူရွယ်များ ကြည့်ရှုလေ့လာနိုင်ကြစေရန်။

(၂) မြန်မာ့ရိုးရာတူရိယာပစ္စည်းများ တီးခတ်အသုံးပြုပုံကို လေ့လာသိရှိနိုင်ကြစေရန်။

(၃) တိုင်းရင်းသားရိုးရာ တူရိယာပစ္စည်းများကို တစ်နေရာတည်းတွင် စုစည်းပြသကြည့်ရှု လေ့လာနိုင်ကြစေရန်။

(၄) ကောဒသမအကြိမ်မြောက် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ကြိုဆိုအားပေးလှုံ့ဆော်မှုပြုရန် တို့ဖြစ်ပါသည်။

မြန်မာ့ရိုးရာတူရိယာပစ္စည်းများ ပြပွဲဖွင့်ပွဲအခမ်းအနားကို ၂၀၀၃ ခုနှစ်၊ ဩဂုတ်လ (၉) ရက်နေ့ နံနက်ပိုင်းတွင် အမှတ်-၆၆/၇၄ ပြည်လမ်းရှိ အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ကျင်းပသည်။ ပြပွဲဖွင့်ပွဲ အခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတ အစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များ အသင်းတို့မှ နာယက၊ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ စာနယ်ဇင်းများမှ စာပေပညာရှင်များ၊ ဂီတ၊ သဘင် အနုပညာရှင်ကြီးများနှင့် သုတေသီများ၊ ပြည်နယ်နှင့် တိုင်းများမှ မြန်မာ့တူရိယာတီးမှုတ် ပညာရှင်များ၊ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)မှ တိုင်းရင်းသားကျောင်းသား/ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မြန်မာ့ရိုးရာ တူရိယာပစ္စည်းများ ပြပွဲတွင် ပြကွက် (၁၀) ကွက်ခွဲ၍ ပြသထားပါသည်။ ယင်းပြကွက် (၁၀) ကွက်မှာ -

(၁) မြန်မာ့ဆိုင်းဝိုင်းကြီး ဗဟိုပြကွက်
(၂) မြန်မာ့တူရိယာ သမိုင်းကြောင်းပြကွက်
(၃) ကြေးတူရိယာများ ပြကွက်
(၄) ကြိုးတူရိယာများ ပြကွက်
(၅) သားရေတူရိယာများ ပြကွက်
(၆) လေတူရိယာများ ပြကွက်
(၇) လက်ခုပ်တူရိယာများ ပြကွက်

(၈) ထင်ရှားကျော်ကြားခဲ့သော မြန်မာ့တူရိယာပစ္စည်းများပြကွက်
(၉) အသုံးပြု၍ရသော အသံပစ္စည်းများပြကွက်
(၁၀) မြန်မာ့တူရိယာဆိုင်ရာ စာအုပ်စာတမ်းများ၊ အထောက်အထား မှတ်တမ်းမှတ်ရာများ ပြကွက်တို့ဖြစ်ပါသည်။


မြန်မာ့ဆိုင်းဝိုင်းကြီးဗဟိုပြကွက်တွင် ခန့်ညားထည်ဝါသော မြန်မာ့ရိုးရာဆိုင်းဝိုင်းကြီးကို ခင်းကျင်းပြသထားပါသည်။ တူရိယာပစ္စည်း (၁၅) မျိုး ပါဝင်ပါသည်။ မှန်စီရွှေချ ယဉ်ကျေးမှုဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်းကြီး ဖြစ်ပါသည်။


မြန်မာ့ တူရိယာသမိုင်းကြောင်းပြကွက်၌ မြန်မာ့တူရိယာသမိုင်း၊ ခရစ်နှစ် (၈၀၁-၈၀၂) ခုနှစ်တရုတ်ဘုရင် ထန်မင်း၏နန်းတော်သို့ ပျူမင်းတစ်ပါးက စေလွှတ်သော ဂီတပညာရှင်များတွင် ပါဝင်သည့် တူရိယာပစ္စည်း အမျိုးအစား၊ ပုဂံခေတ် နရည်ဝိုင်းတွင် ပါဝင်သော တူရိယာများ၊ အင်းဝခေတ်စည်ပြောဝိုင်းတွင်ပါဝင်သောတူရိယာများ၊အင်းဝခေတ်မြောက်စည်တီးဝိုင်းတွင် ပါဝင်သော တူရိယာများ၊ အင်းဝခေတ် စည်ဝန်းတီးဝိုင်းတွင် ပါဝင်သော တူရိယာများ၊ ရတနာပုံ (မန္တလေးခေတ်) အငြိမ့်တွင် သုံးသော တူရိယာများ၊ ပျူခေတ်စသည်တို့ကို ပြသထားပါသည်။

ကြေးတူရိယာများပြကွက်တွင် ကရင်တိုင်းရင်းသားတို့၏ ဖားစည်၊ ကယားတိုင်းရင်းသားတို့၏ ဖားစည် (ကလူ)၊ မွန်တိုင်းရင်းသားတို့၏ လခြမ်းကြေးမောင်းဝိုင်း၊ ရခိုင်တိုင်းရင်းသားတို့၏ ခွက်ခွင်းနှင့်ကြေးပတ္တလား၊ ခမီးတိုင်းရင်းသားတို့၏ မောင်း၊ ကာလာ (လင်ကွင်း) နှင့် ကဗီ (ဟင်းရံအဖိုနှင့်အမ)၊ ပအိုဝ်တိုင်းရင်းသားတို့၏ မောင်း၊ ရှမ်းတိုင်းရင်းသားတို့၏ လင်ကွင်းနှင့်မောင်းဆိုင်း၊ ကချင်တိုင်းရင်းသားတို့၏ မောင်းကြီးနှင့်မောင်းသေးများအပါအဝင် တူရိယာပစ္စည်း (၂၁) ခုကို ပြသထားပါသည်။ ကယားဖားစည် (ကလူ)မှာ မင်္ဂလာဖားစည်ဖြစ်ပါသည်။ ပွဲလမ်းသဘင် အခမ်းအနားများ၊ အိမ်သစ်တက်မွဲများတွင် ဝါးတိုင်မှာ ချိတ်ဆွဲ၍ တီးရသည်ဟု သိရပါသည်။ ကရင်ဖားစည်ကို ကရင်ဘာသာဖြင့် (ကောဟ်)(ကလို) ဟု ခေါ်သည်။ ဖားစည်ကို ရွှေငွေကြေးသံသွပ် (ပဥ္စလောဟာ) ဖြင့် ပြုလုပ်ထားသောကြောင့် တန်ဖိုးကြီးပါသည်။ မင်္ဂလာအထွတ်အမြတ်ဖြစ်သည်ဟု လေးစားတန်ဖိုးထားကြသည်။ ၎င်းဖားစည်ကို ကရင်လူမျိုးများက လကြတ်ချိန်၊နေကြတ်ချိန်၊ မင်္ဂလာလက်ထပ် အခမ်းအနား၊ နှစ်သစ်ကူးပွဲတော်နှင့် နေ့ကြီးအခါကြီး မင်္ဂလာအချိန်များတွင် တီးခတ်လေ့ရှိသည်ဟု သိရသည်။ ရခိုင်ခွက်ခွင်းသည် ရခိုင်ရိုးရာအကများ တင်ဆက်ရာ၌ ရခိုင်မင်္ဂလာစည်တော်နှင့် တီးခတ်သည့်ကြေးတူရိယာဖြစ်သည်။ ရှမ်းမောင်းဆိုင်းမှာ ကြီးစဉ်ငယ်လိုက် မောင်း (၆) လုံးပါရှိသည်။ မြန်မာမောင်းကကြေးကို တစ်လုံးချင်းလက်ခတ်နှင့် တီးရသော်လည်း ရှမ်း မောင်းဆိုင်းက (၆) လုံးစလုံးကို အသင့်ချိန်ထားသည့် လက်ခတ်အရှည်နှင့် တစ်ပြိုင်နက်တီးရသည်။ မွန် တူရိယာလခြမ်းကြေးနောင်မှာ အောက်ခြေ၌ ဆင်ရုပ်ခံထားသည်။ ဆင်ကိုယ်ပေါ်၌ မွန်လခြမ်းကြေးနောင်ရှိသည်။ ကြေးနောင်၏ဝဲယာ၌ နတ်သားနှစ်ပါးရံ၍ရှိ၏။ ကြေး ၁၂ လုံးပါရှိသည်။ မှန်စီရွှေချထားသည်။

ကြိုးတူရိယာများပြကွက်၌ ကရင်တိုင်းရင်းသားတို့၏ ဝါးစောင်း၊ အုန်းမှုတ်တယော၊ ခနား (ခေါ်) ဗျပ်စောင်းနှင့် နားဒါန်း (ခေါ်) ကရင်စောင်းကောက်၊ ချင်းတိုင်းရင်းသားတို့၏ ချင်းတယော၊ တိန်းတမ်(ခေါ်)ချင်းဗျပ်စောင်းနှင့်ဝါးစောင်း၊ မွန်တိုင်းရင်းသားတို့၏ မိကျောင်းတူရိယာ၊ ထောင်တယောနှင့်ကျည်တောက်တယော၊ ရခိုင်တိုင်းရင်းသားတို့၏ ဒူလောင်းစောင်း၊ မိကျောင်းစောင်းနှင့် မလခွံတယော၊ ရှမ်းတိုင်းရင်းသားတို့၏ စောင်း (တိမ်ဆမ်ဆိုင်)၊ ဂုံရှမ်းတိုင်းရင်းသားတို့၏ ထလော့ (အုန်းမှုတ်တယော)၊ ခိုလုံလီရှော တိုင်းရင်းသားတို့၏ ကြိုးသုံးချောင်းတပ်တူရိယာ၊ ကယန်းတိုင်းရင်းသားတို့၏ သုန်ကလုန်း (ကြိုးသုံးချောင်းတပ်)၊ ပလောင်တိုင်းရင်းသားတို့၏

မြန်မာ့ရိုးရာတူရိယာပစ္စည်းများပြပွဲ





ရခိုင်မင်္ဂလာစည်တော်
RAKHINE AUSPICIOUS DRUM
ရခိုင်မိကျောင်းစောင်း
RAKHINE CROCODILE HARP
ရှမ်းအိုးစည်
SHAN POT DRUM
ရှမ်းမင်္ဂလာမောင်း
SHAN AUSPICIOUS GONG

ဒီး (ခေါ်) သုံးကြိုးတပ်တူရိယာ၊ ဝတိုင်းရင်းသားတို့၏ တိန်တွဲ (သုံးကြိုးတပ်တူရိယာ)နှင့် တိန်ဂွတ် (အုန်းမှုတ်တယော) တိုင်းလို့ဂ်တိုင်းရင်းသားတို့၏ တင် (လေးကြိုးတပ်တူရိယာ)၊ ဗမာတိုင်းရင်းသားတို့၏ ဗျပ်စောင်းနှင့်စောင်းကောက်၊ လီဆူတိုင်းရင်းသားတို့၏ ဘင်ဂျိုနှင့်တယော၊ လော်ဝေါ်တိုင်းရင်းသားတို့၏ ဘင်ဂျိုနှင့်တယော၊ လာချိတ်တိုင်းရင်းသားတို့၏ တယောအပါအဝင် တူရိယာပစ္စည်း ၃၀ တို့ကို ပြသထားသည်။ ဗမာတိုင်းရင်းသားတို့၏ ဗျပ်စောင်းမှာ ရှေးကျသောတူရိယာပစ္စည်းဖြစ်သည်။ အဝိုင်းပြားအိုးတွင် လက်ရိုးတပ်၍ ကြိုးတပ်ထားသော တူရိယာဖြစ်သည်။ မွန်တိုင်းရင်းသားတို့၏ နှစ်ပေါင်း ၁၀၀ ခန့်က မုဒုံမြို့နယ်၊ ရောင်းဒေါင်းကျေးရွာတွင် အသုံးပြုခဲ့သည့် မိကျောင်းတူရိယာမှာ ယမနေသားနှင့် ပြုလုပ်ထားသည်။ ရှမ်းတိုင်းရင်းသားတို့၏ တိမ်ဆန်ဆိုင် ခေါ် စောင်းမှာ သခွေးသားနှင့် ပြုလုပ်ထားသည်။ စောင်းကြိုးသုံးပင်ပါသည်။ အပျိုလူပျိုလှည့်ချိန်တွင် ၎င်းစောင်းနှင့်အချစ်သီချင်းများဖွဲ့ဆိုပြီး ချစ်ရေးဆိုကြသည်ဟု ဆိုပါသည်။ မွန်တယောမှာလည်း လွန်ခဲ့သည့်နှစ်ပေါင်းတစ်ရာကျော်က မုဒုံမြို့နယ် ကွင်းသက်ကျေးရွာတွင်အသုံးပြုခဲ့သည့် တယောဖြစ်ပါသည်။

သားရေတူရိယာများ ပြကွက်တွင် ဗမာတိုင်းရင်းသားတို့၏ ရွှေဘိုဗုံကြီး၊ စည်တော်ကြီး၊ ဗုံတောင် ပတ်သာပလုတ်၊ မောရှမ်းတိုင်းရင်းသားတို့၏ ရှမ်းအိုးစည်တို၊ အိုးစည်ရှည်၊ ရခိုင်တိုင်းရင်းသားတို့၏ ရခိုင်မင်္ဂလာစည်တော်နှင့် ရခိုင်နတ်ပန်းတျား၊ ကယားတိုင်းရင်းသားတို့၏ ကယားသားရေဗုံ (ထုံး)၊ လချိတ်တိုင်းရင်းသားတို့၏ ကချင်မနောစည်၊ ကရင်တိုင်းရင်းသားတို့၏ ကရင်အိုးစည်၊ဂိုန်းဖောတိုင်းရင်းသားတို့၏ ကချင်အိုးစည်၊ ကောင်တိုင်းရင်းသားတို့၏ ရှမ်း အိုးစည်၊ ခမိတိုင်းရင်းသားတို့၏ ခမီးဗုံတို (ကတိန်)၊ တိုင်းခမ်းတီတိုင်းရင်းသားတို့၏ ကချင်ဗုံရှည်နှင့် ချင်းတိုင်းရင်းသားတို့၏ ဗုံတို၊ ဆလုံတိုင်းရင်းသားတို့၏ ဗုံအဖို၊ ဗုံအမအပါအဝင် တူရိယာပစ္စည်း ၁၉ ခုကို ပြသထားသည်။ ရွှေဘိုဗုံရှည်ကြီးမှာ ၆ ပေခန့် ရှည်လျားသည်။ ရခိုင်မင်္ဂလာစည်တော်မှာ မင်္ဂလာပဝါလွှမ်းထားပြီး ရှင်လောင်းလှည့်ပွဲ၊ နံ့သာလှည့်ပွဲ၊ ထမင်းတစ်ထောင်ပန်းတစ်ထောင် ပူဇော်လှည့်ပွဲ၊ ကျင်ကိုင်ပွဲများတွင် စည်ကိုပခုံးတွင် လွယ်၍ ညာဘက်စည်မျက်နှာပြင်ကို တုတ်ချောင်းဖြင့် ရိုက်တီးပြီး ဘယ်ဘက်မျက်နှာပြင်ကို လက်ဝါးနှင့် တီးခတ်ရသည်ဟုဆိုပါသည်။ ပတ်သာမှာ ညင်သာစွာတီးရသည့် ဗုံကလေးဖြစ်သည်။ ရှေးမြန်မာမင်းများ ရေကင်းလှည့်ရာတွင် နရည်ဝိုင်းနှင့်တွဲတီး ရသည်ဟုဆိုသည်။ ကချင်မနောစည်ကြီးမှာ အရှည် (၆) ပေခန့် ရှိ၏။ လုံးပတ်မှာ လူကြီးလက် နှစ်ဖက်ဝိုင်းခန့်ရှိသည်။ သစ်လုံးကို ထွင်းထားခြင်းဖြစ်သည်။ စည်၏ ကိုယ်ထည်အပေါ်တွင် ဖားတစ်ကောင်ကပ်နေသည့် အရုပ်ပါသည်။ ကချင် မနောစည်နှင့်အတူ "စေတစ်လုံးပိုင် အိုးစည်" ကြီးကိုလည်း ပြသထားပါသည်။ အိုးစည်ကြီး၏ ထိပ်လုံးပတ်မှာ ရာဝင်စဉ့်အိုးကြီးခန့်ရှိသည်။ သားရေကျက်ထားသော မျက်နှာပြင်မှာ သံစည်ပိုင်းဝထက်ပင်ကျယ်ပါသည်။ ထိုအိုးစည်ကြီးသည် ထနော့လူမျိုးများက ဧရာမသစ်လုံးကြီးကိုထွင်း၍ ပြုလုပ်ခဲ့သော ရှေးကျသည့် အိုးစည်ကြီးဖြစ်ပါသည်။ အိုးစည်ကြီး၏ ကိုယ်ပေါ်တွင် ဂမ္ဘီရအင်း (၇) ချပ်မြှုပ်၍ ပြုလုပ်ခဲ့ကြရာ ယင်းအိုးစည်ကိုတီးလျှင် ရန်သူတိုက်၍မရ၊ ကျည်ဆန်ဖုံးဆန် မထိဟုဆိုသည်။ ထိုအိုးစည်ကြီး၏ သက်တမ်းမှာ အနှစ်သုံးရာကျော် ရှိပြီဟုဆို၏။ အိုးစည်တီးသည့်အခါ လူ ၈ ယောက် ထမ်းရသည်။ အမျိုးသားများသာတီးရသည်။

လေတူရိယာများပြကွက်တွင် ကရင် တိုင်းရင်းသားတို့၏ ဝါးပလွေ၊ ပီဘား (ခေါ်) ငြင်းသေး၊ ငြင်းကြီး၊ မွန်နှင့်ရခိုင်တိုင်းရင်းသားတို့၏ ဝါးပလွေ


KAYAH BRONZE DRUM
INSTRUMENT (KAYAH)
KAYIN BRONZE DRUM
ချင်းဗုံ
CHIN SHORT DRUM

ကြီး၊ နာဂတိုင်းရင်းသားတို့၏ နာဂပလွေ (တူးလူ)နှင့် (တူးပူ)၊ လီရှောတိုင်းရင်းသားတို့၏ ဘူးပလွေ၊ ကယန်းတိုင်းရင်းသားတို့၏ ဘူးသီးစွပ်ပလွေ၊ ကွိုင် (ခေါ်) ကျွဲချိုတူရိယာနှင့် ဝါးပလွေကြီး၊ တောင်ရိုးတိုင်းရင်းသားတို့၏ ခင်ပလွေနှင့် ဝါးလျှာခတ်၊ ဝ တိုင်းရင်းသားတို့၏ ဗျောင်း (ဘူးခါးပလွေ) နှင့် ရှောင် (ပလွေ)၊ လားဟူတိုင်းရင်းသားတို့၏အားထားအားရ် (ဝါးလျှာခတ်)၊ ကချင်တိုင်းရင်းသားတို့၏ ပလွေ၊ အလယ်ဖောက်ပလွေ၊ ဘူးသီးပလွေ၊ နှစ်ခုထပ်ပလွေ၊ ရိုးရာကျွဲချိုနှဲ၊ ဝါးမိကျောင်းလျှာ၊ သံစုံပလွေ၊ ပလွေရှည်နှင့် နှစ်ထပ်ပလွေ၊ ဗမာတိုင်းရင်းသားတို့၏ ဝံသာနုနှဲ၊ နှဲကြီးနှင့် နှဲအမျိုးမျိုး၊ ဝါးပလွေ၊ ပိုက်ပလွေ၊ ကြေးပလွေနှင့်ကျော်ပလွေများ၊ ကယားတိုင်းရင်းသားတို့၏ ကျွဲချိုခရာ (ကွမ်)၊ တွဲပလွေ (မန်း)၊ ပလွေ (မန်းပေး)၊ ဒေါင်းဒွေ(ခေါ်) လေမှုတ်တူရိယာများနှင့် ပလွေအမျိုးမျိုးအပါအဝင် တူရိယာ ၆၁ ခုကို ပြသထားသည်။ ငြင်းဆိုသည့် တူရိယာပစ္စည်းကို ကြားဖူးရုံသာကြားဖူး၍ မြင်ဖူးသူ ရှားပါသည်။ ချင်းတိုင်းရင်းသားတို့၏ ငြင်းမှာ ဘူးသီးခြောက်ကိုသစ်သားနှင့်ကပ်၍လုပ်ထားသည့်လေမှုတ်တူရိယာဖြစ်သည်။ ချင်းဘာသာဖြင့် (ဆာရန်း) ဟု ခေါ်သည်။ ခွန်ကြပွဲ၊ ကေးအဲရီပွဲခေါ် န္တားနောက်သတ်ပွဲများတွင် သက်ဆိုင်သူက တီးမှုတ်ရပါသည်။ ဝတိုင်းရင်းသားတို့၏ ဗျောင်းခေါ် ဘူးခါးပလွေမှာ ဘူးသီးထဲတွင် အပေါက်ပါသော ပြောင်းများစိုက်ထားပြီး မှုတ်ရခြင်းဖြစ်သည်။

လက်ခုပ်တူရိယာများပြကွက်၌ မွန်တိုင်းရင်းသားတို့၏ စည်ဝါး၊ ရှမ်းတိုင်းရင်းသားတို့၏ ဟော(တ်) (ကျူလက်ခုပ်) ဗမာတိုင်းရင်းသားတို့၏ ဝါးလက်ခုပ်၊ စည်းဝါးများ၊ ချပ်၊ ဝါးပတ္တလား၊ ရခိုင်တိုင်းရင်းသားတို့၏ မိကျောင်းပတ္တလားများ အပါအဝင် တူရိယာ ၁၀ ခုတို့ကို ပြသထားပါသည်။

ထင်ရှားကျော်ကြားခဲ့သော မြန်မာ့တူရိယာပညာရှင်ကြီးများ၏ တူရိယာပစ္စည်းများပြကွက်၌ တယောပညာရှင်ဦးကျန်၏ ထောင်တယော၊ ဆရာမဲ (ကြို့ပင်ကောက်)၏ ကြေးပလွေ၊ နှဲပညာရှင် ဦးတီလုံး၏ နှဲ၊ အမရပူရဆရာထပ်၏ ဝါးပလွေနှင့် ဝါးပလွေကြီး၊ မြန်မာညွှန့်ဦးချစ်မောင်၏ မြန်မာ့စောင်းကောက်၊ စိန်ဗေဒါ၏ မိကျောင်းတူရိယာ၊ ဒေဝဣန္ဒာမောင်မောင်ကြီး၏ မြန်မာ့စောင်းကောက် (၁၈ လက်မ)၊ ဦးဒိုက်၏ ထားဝယ်တယော (ရှေးဟောင်း) အပါအဝင် တူရိယာပစ္စည်း ၉ ခုကို ပြသထားပါသည်။ ဦးဒိုက်၏ ထားဝယ်တယောမှာ ကြိုးနှစ်ချောင်းတပ်ဖြစ်ပြီး နှစ်ပေါင်း ၁၅၀ သက်တမ်းရှိပြီဟု သိရပါသည်။


အသုံးပြု၍ ရသော အသံပစ္စည်းများပြကွက်၌ ကြေးစည်၊ ခေါင်းလောင်း၊ ပန်းပါခေါင်းလောင်း၊ စိန်ဗေဒါချူနှင့် ရိုးရိုးချူအပါအဝင် ပစ္စည်း ၃၅ ခုကို မြန်မာ့တူရိယာသံစဉ်ခုနစ်မျိုး ခွဲခြား၍ပြသထားပါသည်။


●

ယဉ်ကျေးမှုဝန်ကြီးဌာန မြန်မာ့ရိုးရာတူရိယာပစ္စည်းများပြပွဲကို အမှတ် ၆၆/၇၄ ပြည်လမ်း၊ အမျိုးသားပြတိုက်တွင် (၉. ၈. ၂၀၀၃) မှ (၂၂. ၈. ၂၀၀၃) အထိ နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ပြသခဲ့ပါသည်။

ဦးကြည်ထွဏ်း

# SEA Games







# ၂၂ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ

၂၂ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ဒီဇင်ဘာလ ၅ ရက်နေ့မှ ၁၃ ရက်နေ့အထိ ဗီယက်နမ်နိုင်ငံ၌ ကျင်းပရာ အရှေ့ တောင်အာရှဒေသရှိ ဘရူနိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အရှေ့တီမောနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ လာအိုနိုင်ငံ၊ မလေးရှားနိုင်ငံ၊ မြန်မာနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲဝင်အသစ်အဖြစ် အရှေ့တီမောနိုင်ငံပါဝင်လာခြင်းဖြစ်ပြီး ၁၁ နိုင်ငံက အားကစားသမားဦးရေ ၃,၇၃၀ အပါအဝင် အားကစားအဖွဲ့ဝင်ဦးရေ ၅,၃၀၀ ကျော်က အားကစားနည်း ၃၂ မျိုးတွင် ပြိုင်ပွဲပေါင်း ၄၄၂ ပွဲ ယှဉ်ပြိုင်ဆင်နွှဲကြသည်။

### ဖွင့်ပွဲအခမ်းအနား

ဖွင့်ပွဲအခမ်းအနားမကျင်းပမီတစ်ရက်အလို ဒီဇင်ဘာလ ၄ ရက်နေ့တွင် ၂၂ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အလံတင်အခမ်းအနားကို ဟနွိုင်းမြို့ မိုင်ဒင်းအားကစားကွင်းသစ်ကြီး အပြင်ဘက်၌ ကျင်းပသည်။ အခမ်းအနားသို့ နိုင်ငံပေါင်းစုံအားကစားအဖွဲ့ခေါင်းဆောင်များနှင့် အားကစားသမားအချို့တက်ရောက်ကြပြီး သက်ဆိုင်ရာနိုင်ငံများမှ အားကစားဝန်ကြီးများ တက်ရောက်တွေ့ဆုံကြသည်။

ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၅ ရက်နေ့တွင် မိုင်ဒင်းအားကစားကွင်းသစ်ကြီး၌ ကျင်းပသည်။ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံအသီးသီး၏ အလံများကို စက်တပ်လေထီးဖြင့် သယ်ဆောင်လာသော လေထီးသမားများက လေဟုန်စီးကာ ကွင်းပေါ်တွင် ဝဲပျံပြသကြသည်။ အရှေ့ဘက်ပွဲကြည့်စင်ရှေ့တွင် မီးခိုးအများအပြားထုတ်လွှင့်ပြီး လေဆာရောင်ခြည်တန်းများထိုး၍ ရောင်စုံရုပ်ပုံမျိုးစုံကို ပုံဖော်ပြသခြင်းသည် ထူးခြားဆန်းပြားလှသည်။ ထို့ပြင် သက်ဆိုင်ရာပြိုင်ပွဲဝင်နိုင်ငံအသီးသီး၏ ရိုးရာအကများကို ဗီယက်နမ်မောင်မယ်ကလေးများက ဝတ်ဆင်ကပြကြသည်။ မြန်မာနိုင်ငံအလှည့်တွင် မြနန္ဒာသီချင်းဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ကပြနိုင်ခြင်းသည် မြတ်နိုးစရာဖြစ်သည်။ ဖွင့်ပွဲ၏ ထူးခြားချက်တစ်ရပ်မှာ ပြိုင်ပွဲသို့ ပထမဆုံးပါဝင်ယှဉ်ပြိုင်လာသည့် အဖွဲ့ဝင် ၂၂



**ဖွင့်ပွဲအခမ်းအနား၌ ဗီယက်နမ်အလံနှင့် အိုလံပစ်အလံတို့ကို သယ်ယူလာစဉ်**

ဦးပါဝင်သော အရှေ့တီမောနိုင်ငံအားကစားအဖွဲ့ဝင်များချီတက်လာစဉ် ပရိသတ်က တစ်ခဲနက်အားပေးကြခြင်းဖြစ်သည်။ ဖွင့်ပွဲအခမ်းအနားအပြီးတွင် ကွင်းအပြင်ဘက်မှ ကွင်းပေါ်သို့ ပစ်လွှတ်လိုက်သော မီးရှူးမီးပန်းများ အဆက်မပြတ်ဝင်းလက်တောက်ပဖြာထွက်ကျလာပုံများကိုအံ့မခန်းမြင်တွေ့ရှုစားကြရသည်။

## မြန်မာတို့ဆင်နွှဲ

၂၂ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံက အားကစားနည်း ၂၄ မျိုးပါဝင်ဆင်နွှဲသည်။ မြန်မာနိုင်ငံက ပါဝင်ယှဉ်ပြိုင်သည့် အားကစားနည်း ၂၄ မျိုးမှာ မြားပစ်၊ ပြေးခုန်ပစ်၊ ဘီလီယက်နှင့် စနူကာ၊ ကာယဗလ၊ လက်ဝှေ့၊ စစ်တုရင်၊ ဘောလုံး၊ ကျွမ်းဘား၊ ဂျူဒို၊ ကရာတေးဒို၊ တိုက်ကွမ်ဒို၊ ရေကူး၊ ကနူးကယက်လှေလှော်၊ ရိုးရာလှေလှော်၊ အနောက်တိုင်းလှေလှော်၊ ပိုက်ကျော်ခြင်း၊ သေနတ်ပစ် Shuttlecock Kicking ၊ စားပွဲတင်တင်းနစ်၊ သိုင်း၊ ဘော်လီဘော၊ အလေးမ၊ ဝူရှူးနှင့် တင်းနစ်တို့ဖြစ်သည်။ မြန်မာအားကစားအဖွဲ့တွင် အုပ်ချုပ်နည်းပြ ၁၂၁ ဦးနှင့် အားကစားသမား ၃၀၃ ဦး စုစုပေါင်း အဖွဲ့ဝင် ၄၂၄ ဦးပါဝင်ပြီး ပြိုင်ပွဲပေါင်း ၂၀၉ ပွဲ ပါဝင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲတွင် စစ်တုရင်နှင့် Shuttlecock Kicking အားကစားနည်းနှစ်မျိုး ထည့်သွင်းကျင်းပရာ မြန်မာအားကစားအဖွဲ့ပါဝင်ဆင်နွှဲသည်။ Shuttlecock Kicking အားကစားနည်းသည်ပိုက်ကျော်ခြင်းအားကစားနည်းထဲမှ အမျိုးအစားတစ်ခုဖြစ်ပြီး ပိုက်တန်း၍ ကြက်တောင်ကို ခြေဖြင့် ခတ်ကစားနည်းဖြစ်သည်။

## မြန်မာအောင်မြင်မှုရသည့် ဝူရှူး

မြန်မာအားကစားအဖွဲ့သည် ဝူရှူးအားကစားပြိုင်ပွဲတွင် ထူးထူးချွန်ချွန်ထိုက်ထိုက်တန်တန်အောင်ပွဲများ ရရှိသည်။ ဝူရှူးအားကစားနည်းသည်



(၂၂) ကြိမ်မြောက် ကျွန်းဆွယ်တံဆိပ်

မြန်မာအားကစားအဖွဲ့၏ အအောင်မြင်ဆုံးအားကစားနည်းဖြစ်လာသည်။ မြန်မာဝူရှူးအဖွဲ့တွင် အမျိုးသားအားကစားသမားကိုးဦးနှင့် အမျိုးသမီးအားကစားသမားခြောက်ဦး စုစုပေါင်း ၁၅ ဦးယှဉ်ပြိုင်ပြီး မြန်မာဝူရှူးအားကစားသမား ၁၁ ဦးက ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် ခြောက်ခုနှင့် ကြေးတံဆိပ် ခြောက်ခု စုစုပေါင်း ဆုတံဆိပ် ၁၇ ခုရရှိသည်။ ဆွေဆွေသန့်က ရွှေတံဆိပ်နှစ်ခုနှင့် ငွေတံဆိပ်တစ်ခု၊ ခိုင်ခိုင်မော်က ရွှေတံဆိပ်နှစ်ခုနှင့် ဟာဟုန်းက ရွှေတံဆိပ်တစ်ခု ဆွတ်ခူးသည်။ မြန်မာဝူရှူးအဖွဲ့၏ ပိုမိုအောင်မြင်မှုမှာ ယခုနှစ်မှစ၍ မြန်မာအဖွဲ့စတင်ယှဉ်ပြိုင်သည့် ဆန်းဆိုပြိုင်ပွဲများတွင် ဆုတံဆိပ်များ ရရှိခြင်းဖြစ်သည်။

## အောင်မြင်မှု ဒုတိယ မြန်မာအလေးမ

မြန်မာအလေးမအဖွဲ့တွင် အမျိုးသားအားကစားသမားသုံးဦးနှင့် အမျိုးသမီးအားကစားသမားခြောက်ဦးပါဝင်ယှဉ်ပြိုင်ပြီး ကေသီဝင်း၊ ခင်မိုးနွယ်၊



**မီတာ ၁၀၀ လိပ်ပြာကူးပြိုင်ပွဲတွင် မိုးသူအောင် ငွေတံဆိပ်ယူအပြီး**


မြစန္ဒာဦး၊ ချိုချိုဝင်းတို့က ရွှေတံဆိပ်တစ်ခုစီ၊ ဆွေဆွေဝင်းက ငွေတံဆိပ်တစ်ခု၊ ရွှေစင်ဝင်းကကြေးတံဆိပ်တစ်ခုနှင့် အောင်အောင်ထူးက ငွေတံဆိပ်တစ်ခု စုစုပေါင်း ဆုတံဆိပ် ခုနစ်ခုရရှိသည်။

### အားကိုးရသည့် လှေလှော်အားကစား


ဝုရှူး၊ အလေးမတို့ကဲ့သို့ မြန်မာ့အားကစားအတွက် အားကိုးရသည့် အားကစားနည်းမှာ လှေလှော်အားကစားနည်းဖြစ်သည်။ ကနူးကယက်လှေလှော်ပြိုင်ပွဲ၊ ရိုးရာလှေလှော်ပြိုင်ပွဲနှင့် အနောက်တိုင်းလှေလှော်ပြိုင်ပွဲများကို ဟန္ဓိုင်းမြို့ မြောက်ပိုင်းရှိ ဟိုတေးခေါ် West Lake ရေကန်ကြီးတွင် ကျင်းပသည်။ အနောက်တိုင်းလှေလှော်ပြိုင်ပွဲကို ပထမဆုံးစတင်ကျင်းပရာ မြန်မာက ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်တစ်ခုရရှိသည်။ ကနူးကယက်လှေလှော်ပြိုင်ပွဲတွင် မြန်မာက ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ် ကိုးခုနှင့် ကြေးတံဆိပ်သုံးခု စုစုပေါင်းဆုတံဆိပ် ၁၅ ခု ရရှိပြီးပြိုင်ပွဲတိုင်းတွင် ဆုတံဆိပ်ရရှိခြင်းဖြစ်သည်။ ရိုးရာလှေလှော်ပြိုင်ပွဲတွင် မြန်မာကရွှေတံဆိပ်နှစ်ခုနှင့်ငွေတံဆိပ်နှစ်ခုဖြင့်ဆုအများဆုံးရရှိသည်။ မြန်မာလှေလှော်အဖွဲ့တွင် ရိုးရာလှေလှော်ပြိုင်ပွဲအတွက် သီးသန့်လိုက်ပါသူ အမျိုးသားအားကစားသမား ၁၄ ဦးနှင့် အမျိုးသမီးအားကစားသမား ၁၃ ဦးသည် အနောက်တိုင်းလှေလှော်ပြိုင်ပွဲနှင့် ကနူးကယက်လှေလှော်ပြိုင်ပွဲဝင်များဖြစ်သည်။ ဖုန်းမြင့်တေဇာက ရွှေတံဆိပ်သုံးခုနှင့် ငွေတံဆိပ်သုံးခု၊ ခင်မောင်မြင့်က ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်တစ်ခု၊ အောင်လင်းက ရွှေတံဆိပ် တစ်ခုနှင့် ငွေတံဆိပ်နှစ်ခုရရှိသည်။

### မြန်မာ့ပထမဆုံးရွှေတံဆိပ်

၂၂ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွက် ပထမဆုံး ရွှေတံဆိပ်ကို မြန်မာသေနတ်ပစ်အဖွဲ့မှ မောင်ကြူးက ၁၀ မီတာ လေပစ္စတိုပြိုင်ပွဲ၌ ဆွတ်ခူးပေးသည်။ အလားတူ မြန်မာကာယဗလအဖွဲ့မှ မင်းဇော်ဦးကလည်း ရွှေတံဆိပ်ဆုရရှိသည်။ မောင်ကြူးသည် ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်တစ်ခု ဆွတ်ခူးသူဖြစ်သည်။



**အမျိုးသမီးအလေးမ ၆၃ ကီလိုတန်းတွင် ခင်မိုးနွယ် ရွှေတံဆိပ်ဆုယူအပြီး**





၅၃ ကီလိုတန်းတွင် ဆွေဆွေဝင်း ဤသို့မ၍ ငွေတံဆိပ်ရယူခဲ့သည်

ဂုဏ်ယူရွှေတံဆိပ်ရှင်နှစ်ဦးကို ပြိုင်ပွဲအပြီးတွင် တွေ့ဆုံမေးမြန်းနေစဉ်



## ၂၂ ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ



**အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဆွေဆွေသန့်ကို ရွှေတံဆိပ်ဆု ချီးမြှင့်နေစဉ်**

### ငွေတံဆိပ်နှင့် ကြေးတံဆိပ်

မြန်မာရေကူးအဖွဲ့မှ မိုးသူအောင်တစ်ဦးတည်းက အလွတ်ကူးမီတာ ၅၀၊ မီတာ ၁၀၀၊ မီတာ ၂၀၀ နှင့် လိပ်ပြာကူးမီတာ ၁၀၀ ပြိုင်ပွဲများတွင် ငွေတံဆိပ် လေးခု ရယူပေးပြီး မြန်မာဂျူဒိုအဖွဲ့က ငွေတံဆိပ် ငါးခုနှင့် ကြေးတံဆိပ် ခုနစ်ခု စုစုပေါင်း ဆုတံဆိပ် ၁၂ ခု၊ မြန်မာပြေးခုန်ပစ်အဖွဲ့က ငွေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်လေးခုစုစုပေါင်းဆုတံဆိပ် ခြောက်ခု၊ မြန်မာသိုင်းအဖွဲ့က ငွေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ် သုံးခု စုစုပေါင်း ဆုတံဆိပ် ငါးခု၊ မြန်မာကရာတေးဒို အဖွဲ့က ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်ခြောက်ခု စုစုပေါင်းဆုတံဆိပ် ခုနစ်ခု၊ မြန်မာဘိလိယက်နှင့် စနူကာအဖွဲ့၊ မြန်မာစားပွဲတင်တင်းနစ်အဖွဲ့နှင့် မြန်မာအမျိုးသမီးဘောလုံးအသင်းတို့က ငွေတံဆိပ် တစ်ခုစီရရှိကြသည်။

မြန်မာပိုက်ကျော်ခြင်းအဖွဲ့က ကြေးတံဆိပ်လေးခု၊ မြန်မာလက်ဝှေ့အဖွဲ့က ကြေးတံဆိပ်နှစ်ခု၊ မြန်မာ ဘော်လီဘောအသင်း၊ မြန်မာစစ်တုရင်အဖွဲ့နှင့် မြန်မာ Shuttlecock Kicking အဖွဲ့တို့က ကြေးတံဆိပ်တစ်ခုစီ ဆွတ်ခူးကြသည်။ မြားပစ်၊ တင်းနစ်နှင့် ကျွမ်းဘားပြိုင်ပွဲများတွင် ဆုတံဆိပ်များနှင့် လွဲချော်သွားသည်။


### နိုင်ငံအလိုက် ဗီယက်နမ်ဗိုလ်စွဲ

၂၂ ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲများအပြီးတွင် အိမ်ရှင်ဗီယက်နမ်နိုင်ငံက ရွှေတံဆိပ် ၁၅၈ ခု၊ ငွေတံဆိပ် ၉၇ ခုနှင့် ကြေးတံဆိပ် ၉၁ ခု စုစုပေါင်း ဆုတံဆိပ် ၃၄၆ ခု ရရှိပြီး နိုင်ငံ အလိုက် ဗိုလ်စွဲသွားသည်။

မြန်မာနိုင်ငံက ရွှေတံဆိပ် ၁၆ ခု၊ ငွေတံဆိပ် ၄၃ ခုနှင့် ကြေးတံဆိပ် ၅၀ စုစုပေါင်းဆုတံဆိပ် ၁၀၉ ခုရရှိပြီး နိုင်ငံအလိုက် သတ္တမရရှိသည်။

### ပိတ်ပွဲအခမ်းအနား

၂၂ ကြိမ်မြောက်အရှေ့တောင်အာရှအားကစား ပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၁၃ ရက် နေ့တွင် မိုင်ဒင်းအားကစားကွင်းကြီး၌ ကျင်းပသည်။ ပိတ်ပွဲအခမ်းအနား၏ ထူးခြားချက်မှာ ပြိုင်ပွဲ တစ်လျှောက်လုံးတွင် အကောင်းဆုံးနှင့်အထူးချွန်ဆုံး အားကစားမောင်မယ်ရွေးချယ်ဆုချီးမြှင့်ခြင်းဖြစ်သည်။




**လက်ရှိ SEA Games မီတာ ၈၀၀၊ ၁၅၀၀ အမျိုးသမီးအပြေးချန်ပီယံဖန်ဒင်ခန်ဒုံး**




**အမျိုးသမီး မာရသွန်ပြိုင်ပွဲဝင်နေကြစဉ်**

အထူးချွန်ဆုံးအမျိုးသား အားကစားသမားဆုကို သေနတ်ပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ် ငါးခုရရှိသည့် ဗီယက်နမ်အားကစားသမားက ရရှိပြီး အထူးချွန်ဆုံး အမျိုးသမီးအားကစားသမားဆုကို ရေကူးပြိုင်ပွဲတွင် ရွှေတံဆိပ်ခြောက်ခုရရှိသည့် စင်ကာပူရေကူး အားကစားသမားဂျိုစလင်းယိုးက ရရှိသည်။ ပိတ်ပွဲ အခမ်းအနားတွင် နိုင်ငံအလိုက် သီဆိုကပြဖျော်ဖြေ နှုတ်ဆက်ကြရာ မြန်မာနိုင်ငံ အလှည့်၌ ဗီယက်နမ် လူငယ်မောင်မယ်ကလေးများက သကြ်န်သီချင်းနှင့် ကပြဖျော်ဖြေကြသည်။ မီးရှူးတိုင်က မီးငြိမ်းလိုက်ကာ ၂၀၀၅ ခုနှစ် ဖိလစ်ပိုင်နိုင်ငံမနီလာမြို့တွင် ပြန်လည်ဆုံတွေ့ကြပါစို့ဟူသည် စာတန်းကြီးပေါ်လာပြီး ပိတ်ပွဲအခမ်းအနား ကျင်းပပြီးမြောက်သည်။

**နိုင်ငံအလိုက် ယှဉ်ပြိုင်ကြသည့် အားကစားသမားနှင့် အားကစားပြိုင်ပွဲများ**

| စဉ် | နိုင်ငံ | အားကစားသမား | အုပ်ချုပ်နည်းပြ | စုစုပေါင်း | ယှဉ်ပြိုင်သည့် အားကစားနည်း | ပြိုင်ပွဲဦးရေ |
|---|---|---|---|---|---|---|
| ၁ | ဗီယက်နမ် | ၆၉၀ | ၂၄၂ | ၉၃၂ | ၃၂ | ၃၉၁ |
| ၂ | ထိုင်းဒယား | ၆၄၀ | ၂၈၇ | ၉၂၇ | ၃၂ | ၃၅၇ |
| ၃ | အင်ဒိုနီးရှား | ၆၀၂ | ၃၀၆ | ၉၀၈ | ၂၉ | ၃၅၃ |
| ၄ | ဖိလစ်ပိုင် | ၄၄၈ | ၁၈၆ | ၆၃၄ | ၂၈ | ၃၁၂ |
| ၅ | မလေးရှား | ၃၅၄ | ၁၁၆ | ၄၇၀ | ၂၇ | ၂၁၉ |
| ၆ | စင်ကာပူ | ၃၀၁ | ၁၃၈ | ၄၃၉ | ၂၃ | ၂၀၁ |
| ၇ | မြန်မာ | ၃၀၃ | ၁၂၁ | ၄၂၄ | ၂၄ | ၂၀၉ |
| ၈ | လာအို | ၁၅၃ | ၈၂ | ၂၃၅ | ၂၃ | ၁၀၉ |
| ၉ | ကမ္ဘောဒီယား | ၁၆၄ | ၆၉ | ၂၃၃ | ၂၀ | ၉၂ |
| ၁၀ | ဘရူနိုင်း | ၅၉ | ၂၄ | ၈၃ | ၁၀ | ၅၆ |
| ၁၁ | အရှေ့တီမော | ၁၆ | ၆ | ၂၂ | ၇ | ၁၈ |

## ၂၂ ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ

### မြန်မာအားကစားအဖွဲ့ ဆုတံဆိပ်ရရှိမှု

| စဉ် | အားကစားနည်း | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ဝူရှူး | ၅ | ၆ | ၆ | ၁၇ |
| ၂ | အလေးမ | ၄ | ၂ | ၁ | ၇ |
| ၃ | ကနူးကယက်လှေလှော် | ၃ | ၉ | ၃ | ၁၅ |
| ၄ | ရိုးရာလှေလှော် | ၂ | ၂ | - | ၄ |
| ၅ | သေနတ်ပစ် | ၁ | ၃ | ၅ | ၉ |
| ၆ | ကာယဗလ | ၁ | ၁ | ၁ | ၃ |
| ၇ | ဂျူဒို | - | ၅ | ၇ | ၁၂ |
| ၈ | ရေကူး | - | ၄ | - | ၄ |
| ၉ | ပြေးခုန်ပစ် | - | ၂ | ၄ | ၆ |
| ၁၀ | သိုင်း | - | ၂ | ၄ | ၆ |
| ၁၁ | တိုက်ကွမ်ဒို | - | ၂ | ၃ | ၅ |
| ၁၂ | ကရာတေးဒို | - | ၁ | ၆ | ၇ |
| ၁၃ | အနောက်တိုင်းလှေလှော် | - | ၁ | ၁ | ၂ |
| ၁၄ | ဘိလိယက်နှင့် စနူကာ | - | ၁ | - | ၁ |
| ၁၅ | ဘောလုံး | - | ၁ | - | ၁ |
| ၁၆ | စားပွဲတင်တင်းနစ် | - | ၁ | - | ၁ |
| ၁၇ | ပိုက်ကျော်ခြင်း | - | - | ၄ | ၄ |
| ၁၈ | လက်ဝှေ့ | - | - | ၂ | ၂ |
| ၁၉ | ဘော်လီဘော | - | - | ၁ | ၁ |
| ၂၀ | စစ်တုရင် | - | - | ၁ | ၁ |
| ၂၁ | Shuttlecock Kicking | - | - | ၁ | ၁ |
| | စုစုပေါင်း | ၁၆ | ၄၃ | ၅၀ | ၁၀၉ |





**ရွှေတံဆိပ်ဆုယူအပြီး အောင်ပွဲခံနေသည့် ရိုင်ရိုင်မော်**

မှတ်ချက်။ ။ မြားပစ်၊ တင်းနစ်နှင့် ကျွမ်းဘားဆုတံဆိပ်မရရှိ။

ဦးစိုးအောင်







# မြန်မာဝတ္ထုရှည်နှစ် ၁၀၀ ခရီး

ခရစ်သက္ကရာဇ် ၁၉၀၄ ခုနှစ်တွင် ပထမမြန်မာဝတ္ထုဟု အသိအမှတ်ပြုကြသည့် ဂျိမ်းလှကျော်၏ မောင်ရင်မောင် မမယ်မဝတ္ထုကို ရန်ကုန်မြို့ မြန်မာအဆွေပုံနှိပ်တိုက်က ထုတ်ဝေခဲ့သည်။ ၁၉၀၄ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့တွင် ထုတ်ဝေပြီး ထိုလ ၂၈ ရက်နေ့တွင် မူပိုင် မှတ်ပုံတင် ပြုလုပ်ခဲ့သည်။ ထိုနှစ်တွင်ပင် ဝန်စာရေး ဦးကြီး၏ ချဉ်ပေါင်ရွက်သည် မောင်မှိုင်းဝတ္ထု ထွက်လာခဲ့လေသည်။ ထိုကာလကစတင်ပြီး မြန်မာဝတ္ထုရှည်များ ပေါ်ထွက်လာသည်ဟုလက်ခံကြသောကြောင့် ခရစ်သက္ကရာဇ် ၂၀၀၄ ခုနှစ် ရောက်သော် မြန်မာဝတ္ထုရှည်သည် နှစ် ၁၀၀ ခရီးကို ကျော်ဖြတ်ခဲ့ပြီဟု ဆိုရပေမည်။

ဝတ္ထုအမည်တပ်သော စာပေအဖွဲ့အနွဲ့သည် မြန်မာများအဖို့ မစိမ်းလှပေ။ အင်းဝခေတ်တွင် ရှင်မဟာသီလဝံသ၏ ပါရာယနဝတ္ထု၊ ညောင်ရမ်းခေတ်တွင် ဝရာဘိသယ်နာထဆရာတော်၏ မဏိကုဏ္ဍလဝတ္ထု၊ တောင်ဖီလာဆရာတော်၏ ယသဝဍ္ဎနဝတ္ထု၊ ရှင်သဒ္ဓမ္မလင်္ကာရဆရာတော်၏ ရတနာကရဝတ္ထု၊ ကုန်းဘောင်ခေတ်စဉ်ကူးမင်း လက်ထက်တွင် ရေးသားပြီးစီးနိုင်သည်ဟု ခန့်မှန်းသော ရွှေတောင်သီဟသူ၏ ရတနာကြေးမုံဝတ္ထု၊ ကုန်းဘောင်ခေတ်နှောင်းတွင် ပေါ်ပေါက်ခဲ့သော ဇာတ်ကြီးဆယ်ဘွဲ့ဝတ္ထုများ၊ ဒုတိယမဲထီး ဆရာတော်၏ မာလာလင်္ကာရဝတ္ထု၊မြဝတီမင်းကြီးဦးစ၏ ဣန္ဒာဝုဓ ခေါ် အိနောင်ဝတ္ထု၊ လှိုင်ထိပ်ခေါင်တင်၏ ဣန္ဒာဝံသဝတ္ထု၊ဝိဇယကာရီဝတ္ထု၊ ဦးပုည၏ဝတ္ထုများ ဖြစ်သည်။

ဖော်ပြပါဝတ္ထုများကို အစဉ်အလာအားဖြင့် ဝတ္ထုဟုသုံးနှုန်းရေးသားကြသော်လည်းပါရာယန၊ မဏိကုဏ္ဍလ၊ ယသဝဍ္ဎန၊ မာလာလင်္ကာရ စာကိုယ်တို့တွင် ဝတ္ထုဟု မသုံးဘဲ ကျမ်းဟုသာ သုံးစွဲကြသည်။ ဣန္ဒာဝုဓနှင့် ဣန္ဒာဝံသတို့ကိုမူ နန်းတွင်းဇာတ်တော်ကြီးဟုသုံးစွဲပြီး ဇာတ်ကြီးဆယ်ဘွဲ့ကိုမူ ဇာတ်တော်ဟုသာ သုံးထားသည်။ ရွှေတောင်သီဟသူကသူ၏ ရတနာကြေးမုံကို မော်ကွန်းယဉ်နှုံး ဝတ္ထုစာကျော် ဟု ရေးပြီး၊ အမည်မသိစာဆို ပြုစုပြီး ကုန်းဘောင်ခေတ်ပေါ်ဟု ခန့်မှန်းကြသည့် ရာမဝတ္ထုနှင့် မဟာရာမဝတ္ထုတို့တွင်မူ ဝတ္ထုဟု သုံးထားသည်ကို တွေ့ရသည်။ ဦးပုည၏ ဝတ္ထုများကိုမူ ဦးပုညကိုယ်တိုင်က ဝတ္ထုဟု သုံးကြောင်းတွေ့ရသည်။



ဂျိမ်းလှကျော်
(၁၈၆၆-၁၉၁၉)
ပထမဆုံးကာလပေါ်ဝတ္ထုစာအုပ်ရေးသူ


ဗုဒ္ဓစာပေကို အခြေခံပြီး ရေးဖွဲ့ကြသော ဝတ္ထုများကို ပယ်လိုက်လျှင် ရတနာကြေးမုံ ဣန္ဒာဝုဓ ဣန္ဒာဝံသ ဝိဇယကာရီဝတ္ထု ရာမဝတ္ထုနှင့် မဟာရာမဝတ္ထုတို့သာ ကျန်သည်။ ဣန္ဒာဝုဓရာမဝတ္ထု နှင့် မဟာရာမဝတ္ထုတို့သည် အခြေခံအားဖြင့် မြန်မာ့ပင်ရင်းမဟုတ်ပေ။ မြန်မာ့ပင်ရင်း ဝတ္ထုများမှာ ရတနာကြေးမုံဣန္ဒာဝံသနှင့် ဝိဇယကာရီ ဝတ္ထုတို့သာရှိသည်။ ထိုဝတ္ထုများကို ဒဏ္ဍာရီဝတ္ထုဟု ဆိုကြသည်။ ဒဏ္ဍာရီဝတ္ထုပိုင်းတွင် ရတနာကြေးမုံဝတ္ထုသည် စံဖြစ်သည်ဟုလည်း အကဲဖြတ်ကြသည်။

အောက်မြန်မာနိုင်ငံကို အင်္ဂလိပ်တို့အုပ်ချုပ်နေစဉ်၌ ခရစ်ယာန်သာသနာပြုကျမ်းစာများကို မြန်မာဘာသာပြန်ကာ တွင်တွင်ကျယ်ကျယ်ပုံနှိပ်ဖြန့်ဖြူးနေကြသည်။ ထိုသို့ဖြန့်ဖြူးခဲ့သောခရစ်ယာန်သာသနာပြု ကျမ်းစာများတွင် တမန်တော်ဝတ္ထုဟူသော ဝတ္ထုလည်းပါသည်။ မြန်မာပြန်သူမှာ ဆရာယုဒသန်ဖြစ်ပြီး ၁၈၂၁ ခုနှစ်တွင် အိန္ဒိယနိုင်ငံ ဆရမ်ပူပုံနှိပ်တိုက်က ထုတ်ဝေကာ ရန်ကုန်မြို့ အမေရိကန်သာသနာပြုပုံနှိပ်တိုက်က ၁၈၇၇ ခုနှစ်တွင် တစ်ကြိမ် ၁၈၈၄ တွင် တစ်ကြိမ် ပုံနှိပ်ကြောင်း တွေ့ရသည်။ ဆရာယုဒသန် မြန်မာပြန်သည့် ခရစ်ယာန်ဝတ္ထုကို မော်လမြိုင် အမေရိကန်သာသနာပြုပုံနှိပ်တိုက်က ၁၈၄၀ ပြည့်နှစ်တွင် တစ်ကြိမ်၊ ၁၈၈၅ ခုနှစ်တွင် တစ်ကြိမ် ပုံနှိပ်ပြီး ရန်ကုန်မြို့ အမေရိကန်နှစ်ခြင်းသာသနာ ပြုပုံနှိပ်တိုက်က ၁၈၇၅ ခုနှစ်တွင် တစ်ကြိမ်ပုံနှိပ်သည်။ ၁၈၇၅ ခုနှစ်တွင်ပင် ရန်ကုန်၊ အမေရိကန်သာသနာပြုပုံနှိပ်တိုက်က သေတာဝတ္ထု၊ ဒံယေလအာဂတ္တကျမ်းနှင့် ယောနဝတ္ထုတို့အကြောင်းစာကို ပုံနှိပ်ထုတ်ဝေသည်။ ဤသည်တို့မှာ ဝတ္ထုဟူသော ဝေါဟာရသုံးနှုန်းထားသည့်စာများကို ပုံနှိပ်ဖော်ပြနေကြပြီဖြစ်ကြောင်း သိစေလို၍ဖြစ်ပါသည်။

၁၉၀၄ ခုနှစ်တွင် ဂျိမ်းလှကျော်၏ မောင်ရင်မောင် မမယ်မဝတ္ထု ထွက်လာသည်။မရွှေမနှောင်းပင် ဝန်စာရေးဦးကြီး၏ ချဉ်ပေါင်ရွက်သည် မောင်မှိုင်း ဝတ္ထုလည်း ထွက်ပြန်သည်။ ထိုဝတ္ထုများကို ဦးသိန်းဟန် (ဆရာဇော်ဂျီ)က ကာလပေါ်ဝတ္ထုနှစ်ပုဒ်ဟု သုံးနှုန်းသည်။ ဤတွင် အကြောင်းသင့်သဖြင့် တစ်ပါတည်း ရှင်းလင်းလိုပါသည်။ မောင်ရင်မောင် မမယ်မဝတ္ထုကို ပုံနှိပ်ခဲ့သောခုနှစ်သည် ခိုင်လုံသော အထောက်အထားများအရ ၁၉၀၄ ခုနှစ်သာဖြစ်သည်။ ၁၉၀၆ ခုနှစ်တွင် ပေါ်ထွက်လာသောမောင်ဘသင်၏မောင်တာနော ဝတ္ထုနိဂုံးတွင် မောင်ရင်မောင် မမယ်မဝတ္ထုထွက် ပေါ်ပြီးကြောင်း ရေးသားထားသည်။

မောင်ရင်မောင်မမယ်မဝတ္ထုနှင့် ချဉ်ပေါင်ရွက်သည် မောင်မှိုင်းဝတ္ထုနှစ်ပုဒ်တွင် အနောက်ဥရောပနိုင်ငံများ၌ ထွန်းကားနေသော နော်ဗယ် (Novel) ဟု ခေါ်သော ဝတ္ထုအဖွဲ့မျိုး၏ သဘောအတော်ခပ်များများပါလာသောကြောင့် တစ်မူထူးလာသည်ဟု ဆရာဇော်ဂျီက မှတ်ချက်ချပြီး မြန်မာစာပေနယ်၌ တစ်မျိုးဆန်းနေသောနော်ဗယ်အကြောင်းကိုလည်း ဤသို့ရှင်းပြထားသည်။

> "နော်ဗယ်ဟုခေါ်သော ဝတ္ထုအဖွဲ့မျိုး၏ သဘောဆိုသည်မှာ ဒိဋ္ဌဓမ္မလူ့လောကထဲ၌ မြင်ရ၊ ကြားရ၊ ကြုံတွေ့ရသော လူ့စိတ် လူ့သဘောထားနှင့် လူတို့၏ ကိုယ်နှုတ်လှုပ်ရှားမှု အမူအရာတို့ကို သဘာဝကျသည် ထင်ရအောင် (ဝါ) အသင့်ယုတ္တိရှိအောင် ဇာတ်လမ်းဆင်၍ သရုပ်ဖော်သော စကားပြေဝတ္ထုအဖွဲ့မျိုးကို ယေဘုယျအားဖြင့် ဆိုလိုခြင်းဖြစ်သည်။ အချုပ်မှာ နော်ဗယ်ဟုခေါ်သော ဝတ္ထုအဖွဲ့မျိုးဆိုသည်မှာ ဒိဋ္ဌဓမ္မလူ့လောကကို ထင်ဟပ်ရသော ဝတ္ထုအဖွဲ့မျိုးကို ဆိုလိုခြင်းဖြစ်သည်။"






နော်ဗယ်ဝတ္ထုများ၊ မပေါ်ထွန်းမီပုံနှိပ်စက်များ၏ ကျေးဇူးကြောင့် ၁၈၈၀ ပြည့်နှစ်၌ အီစွပ်ပုံပြင်ကို ရွှေတူးဆန္ဒိက ဘာသာပြန်၍ပုံနှိပ်သည်။ ၁၈၈၉ ခုနှစ်၌ ဟာတင်တာရီဝတ္ထုကို ဦးဘိုးခင် (အီစွပ်) နှင့် စတိုင်မွတ်ဆရာကူးတို့က ဘာသာ ပြန်သည်။ ၁၈၉၆ ခုနှစ်၌ပသီပုံပြင်ကို ဦးရာမန်က ဘာသာပြန်သည်။ ၁၉၀၂ ခုနှစ်၌ကာလပေါ် အင်္ဂလိပ်ဝတ္ထု ရော်ဘင်ဆင်ကရူးဆိုးကို ဦးဘိုးဇော်က ဘာသာပြန်သည်။ ထိုဘာသာပြန် စာပေများသည် တမန်တော်ဝတ္ထု ခရစ်ယာန်ဝတ္ထုတို့ကဲ့သို့ဘာသာသာသနာရေးဆိုင်ရာ စာပေများ မဟုတ်ပေ။ ထိုဘာသာပြန် စာပေများ ထွက်ပေါ်လာခြင်းသည် မြန်မာကာလပေါ်ဝတ္ထု ပေါ်ထွန်းလာစေနိုင်သည့် ပတ်ဝန်းကျင် စေ့ဆော်မှုများ ဖြစ်နိုင်ပေသည်။

မောင်ရင်မောင်မမယ်မဝတ္ထုသည် ပြင်သစ်စာရေးဆရာအလက်ဇန္ဒားဒူးမား (Alexandre Dumas) ၏မွန်တီခရစ္စတိုမြို့စားကြီး (The Count of Monte Cristo) ဝတ္ထုကိုတစ်စိတ်တစ်ပိုင်းယူပြီး ဆီလျော်အောင် မြန်မာပြန်ထားသော ဝတ္ထုဖြစ်သည်။ မောင်ရင်မောင်ရေအချခံရသည်အထိသာ ပြင်သစ်ဝတ္ထုမှယူသည်ဟု ဆိုနိုင်လောက်အောင် အတန်အသင့်ယူသည်။ ကျန်အစိတ်အပိုင်းတို့ကိုကား ဝတ္ထုဆုံးသည်အထိ ဆင်တူရိုးမှားသဘော သွားလောက်ကိုသာရေးရေးမှေးမှေးယူသည်ဟု ဆိုလျှင်ဆိုနိုင်ပါသည်။ ပြင်သစ်ဝတ္ထုမှယူပါသည် ဟုဆိုနိုင်လောက်အောင်အတန်အသင့်ယူသော အစိတ်အပိုင်းကိုပင် မြန်မာ့အလေ့အထ မြန်မာ့အကြိုက်ပါအောင် မြန်မာ့သဘောပါအောင်ရေးခဲ့သည်ဟု ဆိုနိုင်ကြောင်း ဆရာဇော်ဂျီက သုံးသပ်သည်။

ဦးကြီး၏ချဉ်ပေါင်ရွက်သည် မောင်မှိုင်းဝတ္ထုမှာမူတစ်မျိုးဖြစ်သည်။ မောင်မှိုင်းသည်အင်းဝနေပြည်တော်၌ အရှေ့ဝင်းမှူး၏သမီးခင်လေးကြီး၏ မေတ္တာနှင့်ပစ္စည်းကိုရပြီးနောက် ဧရာဝတီမြစ်ကိုစုန်၍အသွင်အမျိုးမျိုးဆောင်ပြီး၊ အမည်အမျိုးမျိုးပြောင်းကာမယားအများအပြားယူသော ဇာတ်လမ်းဖြစ်သည်။ ဤဝတ္ထုကိုနန်းတွင်းဇာတ်အစဉ်အလာလိုက်သည်ဟုပညာရှင်များက သုံးသပ်ကြပါသည်။ ချဉ်ပေါင်ရွက်သည် မောင်မှိုင်းဝတ္ထုသည် နန်းတွင်းဇာတ် အစဉ်အလာလိုက်သည်ဟုဆို သော်လည်း ထိုဝတ္ထုတွင်ထူးခြားချက်နှစ်ရပ် တွေ့ရသည်။

မောင်မှိုင်းသည် နန်းတွင်းဇာတ်များကဲ့သို့ ဇာတ်ပန္နက်ကို ဒဏ္ဍာရီပြည်များ၊ ဒဏ္ဍာရီနိုင်ငံများ၌ မတည်ဘဲ အင်းဝမင်းနေပြည်၌တည်ပြီး ဧရာဝတီမြစ်ရိုးတစ်လျှောက် မြို့များဖြစ်သည့်အတွက် ကာလဒေသအားဖြင့် မြန်မာနိုင်ငံတွင် အမှန်တကယ်ရှိနေသော မြို့များဖြစ်သည်။ ထို့ကြောင့် ကာလဒေသအားဖြင့် ယထာဘူတကျသော အချက်ကိုမြင်ရသည်။ မောင်မှိုင်း၏ ဟန်ဆောင်ဝါကြွား အညာအလှိုင်း သရုပ်ဖော်ပုံများနှင့် မောင်မှိုင်းမယားတစ်စု၏ အုပ်စုလိုက်ဂုဏ်ပြိုင်ကြသောအမှုအရာများကို သရုပ်ဖော်ပုံမှာ လူ့လောက၌ တကယ်ဖြစ်တတ်ခြင်း၊ ရှိတတ်ခြင်း၊ ပြုတတ်ခြင်းတို့ကို ပြလိုသောဆန္ဒဖြင့် စာရေးဆရာက အမွှမ်းမတင်ဘဲ အရောင်မခြယ်ဘဲ ဟုတ်တိုင်းမှန်ရာကို သတိပြုမိကြအောင်၊ ယထာဘူတသဘောပါအောင် သရုပ်ဖော်သည့်အချက်တို့ဖြစ်သည်။

မောင်ရင်မောင်မမယ်မဝတ္ထုနှင့် ချဉ်ပေါင်ရွက်သည်မောင်မှိုင်းဝတ္ထုတို့တွင်ကျယ်လာသည့်အခါ ၁၈၈၀ ပြည့်နှစ်ကစောဘေစောမေ(တို့)ပြဇာတ်ရေးသားထုတ်ဝေခဲ့ပြီး လူကြိုက်များနာမည်ကျော်ကြားခဲ့ရသော ဦးဆုသာကမိမိလည်းစောဘေစောမေဝတ္ထုရေးသားထုတ်ဝေလိုပါသည်။ စောဘေစောမေဟူသောမြန်မာအမည်များနှင့်တွဲ၍ ဝတ္ထုဟုသုံးစွဲသင့်၊ မသင့်အကြံဉာဏ်ပေးကြပါဟူ၍ ၁၂၆၆-ခု၊ ဒုတိယဝါဆိုလဆုတ် (၈) ရက် (၃. ၈. ၁၉၀၄) နေ့ထုတ် ဇမ္ဗူ့ကြက်သရေ သတင်းစာမှတစ်ဆင့် အကြံဉာဏ်တောင်းခဲ့သည်။ ထိုအခါပေါ်ထွက်နေသောဝတ္ထုများအပေါ် သမ္ဗပလာပဝါစာများဖြစ်သည်ဟု ပုတ်ခတ်ရေးသားလာကြလေတော့သည်။ အထူးသဖြင့်မောင်မှိုင်းဝတ္ထုအပေါ် ရည်ရွယ်ရေးသားသည်။

ဇမ္ဗူ့ကြက်သရေသတင်းစာပါ ဝေဖန်ချက်ထဲ၌ပင်မောင်မှိုင်းဝတ္ထုကိုလူကြိုက်များကြောင်း အရေးအသားကိုလည်းတွေ့ရသည်။ ဝေဖန်သူများက ဝေဖန်ကြသော်လည်း ရေးသားသူများကဇွဲမပျက်ဆက်လက်ရေးသားလာကြရာ မြကလေး၊ စိန်ကလေး၊ မောင်ဘေရှင်မေတင်၊ စကားထောင်စား၊ မသင်းကြွေ၊ ခင်ခင်ညွန့် အစရှိသောဝတ္ထုများ အသီးသီး ထွက်လာကြသည်။ ၁၉၀၆ ခုနှစ်တွင် မောင်ဘသင်၏ မောင်တာနော ဝတ္ထု ထွက်လာသည်။ မောင်တာနော ဝတ္ထုနိဂုံးတွင်ပေါ်ထွက်ခဲ့ပြီးသော ဝတ္ထုများနှင့် ပတ်သက်၍ ဖတ်သူသဟာယများဖြင်တကာတို့သည်၊ စကားအစဉ်အလာသုတများပေသကွဲ့လို့ဟူသော စကားများထည့်သွင်းပြီး အချင်းချင်းအား တင်းပေးလာကြသည်။

၁၉၁၂ ခုနှစ်တွင်ဦးလတ်ကစပယ်ပင်ဝတ္ထုကို ရေးသားထုတ်ဝေလိုက်သည်။ စပယ်ပင်ဝတ္ထုနိဒါန်းတွင် မိမိရှေ့ကပေါ်ထွက်ပြီးဝတ္ထုများနှင့် ဝတ္ထုရေးဆရာများကို "အသီးသီးသောဆရာကြီးတို့၏ အာဝဇ္ဇန်းမှာတစ်ခန်းစီ၊ တစ်ပုံစီ၊ ဉာဏ်ရှိတိုင်းညွန့်ပြီးကွန့်လို့များသိကြသည်။ အဆီနှင့်တဝင်းတဝင်း၊ ထောပတ်ထမင်းကဲ့သို့ ကောင်းခြင်းနှင့်ပြည့်စုံပါပေကြောင်း" ဟုအစချီကာချီးမွမ်းသည်။ ထိုဝတ္ထုများသည် တော်ဝင်သဇင်ပန်းများဖြစ်ပါသည်။ မိမိ၏ စပယ်ပင်ဝတ္ထုမှာမူ မိကျောင်းပန်း၊ တောပန်းဖြစ်သောကြောင့် "တကယ်မကောင်းသော်လည်း ငယ်အဟောင်းမင်းတထွေတို့က တနဂ်နွေပျင်းပြေဖတ်ရန်ဘို့ အကြောင်းခံတောင်းပန်လတ်တာနှင့် ဝတ္ထုဇာတ်တစ်မျိုးကြံ၍ ရေးသားစီမံလိုက်ရပါသတည်း" ဟူ၍တောင်းပန်ထားသည်။ ဤသည်မှာဝတ္ထုရေးသားမှုအပေါ် တစ်စတစ်စလက်ခံလာကြပြီဟုဆိုနိုင်ပါသည်။

ထိုကာလဝတ္ထုများတွင် ဘဝပတ်ဝန်းကျင်မှ အချစ်အကြိုက်ကိစ္စ၊ အချစ်အကြိုက်အမူအရာတို့ကိုအဓိကထား၍ဖွဲ့သော မယ်ဖွဲ့မောင်ဖွဲ့ဝတ္ထု များ၊ အပျော်ဖတ်အရပ်ကြိုက်ဝတ္ထုများက များနေသည်။ ဝတ္ထုရေးဆရာများကလည်း ဝတ္ထုဇာတ်ကြောင်းကိုမှီ၍ မိမိသိသော၊ မိမိပြောချင်သော အဆုံးအမစကား၊ ဗဟုသုတစကားများကို ဝတ္ထု၌ ပြောင်ကျကျ ထည့်သွင်းထားတတ်ကြသည်။ မောင်တာနော



ဝတ္ထုတွင် ထောပတ်ထမင်းချက်နည်း၊ ဝက်သားနှပ်စီရင်နည်းအစ အသုဘမီးသင်္ဂြိုဟ်နည်းအဆုံး ပါဝင်နေသည်။ ၁၉၁၇ ခုနှစ်တွင် ပေါ်ထွက်လာသော ဆရာစော၏မောင်စံသူ မဘွားသိုက်ဝတ္ထု စာကိုယ်အတွင်း၌ အထူးမှာရန်ဟု ညွှန်းဆိုပြီးမှာကြားထားသည်မှာ "ဤဝတ္ထုမှာကြံဖန်စီကုံးနှုန်းဖွဲ့ထားခြင်းဖြစ်ပါသည်။ မုချမှန်သည်ဟု မမှတ်ကြပါနှင့်။ သို့ရာတွင်မုချဟုတ်မှန်သော အကြောင်းတို့ကို [ ] ဤသို့ (ထောင့်) ကွင်းဖြင့် ဖော်ပြပါမည်။ ထို (ထောင့်)ကွင်းအတွင်းပါ အကြောင်းအရာများသာ အမှန်ဟုယူဆကြပါ" ဟူ၍ဖြစ်သည်။ ဤသို့ ထည့်သွင်းပြခြင်းမှာလည်း မောင်စံသူမဘွားသိုက် ရေးသူဆရာစောက အမှာစာတွင် ဘုရားဖူးရင်း ကြွက်တူးရင်း ဆိုသကဲ့သို့ အပျော်အရွှင်သဘင်မှုကို အရင်းပြု၍ ၎င်းမှတစ်ဖန် လောကီကြံစည်ရေး၊ လောကုတ္တရာစီးပွားရေးသို့ တဖြည်းဖြည်းဖျောင်းဖျသွေးဆောင်ရန်အလို့ငှာ ဟူ၍ဖော်ပြထားသည်ကို ထောက်၍ သဘင်မှုမှ ဗဟုသုတရစေရန် ရည်ရွယ်ကြောင်းတွေ့နိုင်သည်။

ဝတ္ထုကိုသဘင်မှုဟူ၍သုံးခြင်းမှာလည်း လက်ခံနိုင်စရာရှိသည်။ ဝတ္ထုရေးဆရာတို့သည် ပြဇာတ်များ၊ ဇာတ်သဘင်အငွေ့များ မကင်းနိုင်ပုံတို့ကို ဝတ္ထုများ၌ တွေ့ရသည်။ မကင်းနိုင်သည်တို့မှာ ပြဇာတ်များကဲ့သို့ပင် တေးထပ်များ၊ ဒွေးချိုး၊ လေးချိုး၊ တေးသဖြန်များ၊ ငိုချင်းများပါဝင်သောကြောင့် ဖြစ်သည်။

ဦးလတ်၏ စပယ်ပင်ဝတ္ထုသည် ပတ်ဝန်းကျင်အပေါ် သတိပြုဖွဲ့နွဲ့သော အဖွဲ့များပါလာသည့်အတွက် ရုန့်ရင်းကြမ်းတမ်းသောစာဟု သတင်းစာတစ်စောင်က ကန့်ကွက်ခဲ့သည်။ လောစ်အရက်မူးသောအခန်းနှင့် ပဏ္ဍိတဝေဒနိယ အသင်းကြီးအကြောင်း ဖြစ်သည်။ ထိုအဖွဲ့အနွဲ့များသည် ဦးလတ်အဖို့ အထူးကြံစည်စိတ်ကူးနေစရာမလို။ဦးလတ်သည် ရဲအရာရှိတစ်ဦးဖြစ်ပြီး၊ ထိုစဉ်က ရန်ကုန်အနောက်ပိုင်းဟုခေါ်သော စဥ့်အိုးတန်းလမ်း၌နေသူဖြစ်၍ လောစ်တို့လိုပုဂ္ဂိုလ်များကို ရှောင်မလွှတ်မြင်ရနိုင်သူဖြစ်ရာဇာတ်လမ်းအရ သင့်လျော်သောကြောင့် ထည့်လိုက်ခြင်းဖြစ်သည်။ ဝတ္ထုတွင်ပါသော ပဏ္ဍိတဝေဒနိယအသင်း အဖြစ်အပျက်အခြေအနေမျိုးကို ထိုခေတ်ကရှိသော အသင်းတစ်သင်းတွင် ဖြစ်ပေါ်ဖူးကြောင်း ဆရာတိုက်စိုးက ဦးလတ် အတ္ထုပ္ပတ္တိတွင် ရှာဖွေတင်ပြထားပြီးဖြစ်သည်။ ထိုစပယ်ပင်မတိုင်မီက ပေါ်ခဲ့သောဝတ္ထုများတွင် ဒိဋ္ဌဓမ္မလောက အတွေ့အကြုံများမပါဘဲ ရေးဖွဲ့ထား၍ ပြဿနာမတက်ကြသော်လည်း စပယ်ပင်၌ ဒိဋ္ဌဓမ္မလောက အကြောင်းထည့်သွင်းထားသည့်အတွက် ဝေဖန်ကြခြင်းဖြစ်သည်။ စပယ်ပင်ဝတ္ထုသည် ဒဏ္ဍာရီသဘောနှင့် ဒိဋ္ဌလောကသဘောရောစပ်နေသည့် ဝတ္ထုဟုဆရာတိုက်စိုးက သုံးသပ်သည်။

ဆက်လက်ထွက်ပေါ်လာသောဝတ္ထုများမှာ မန္တလေးမောင်ခင်မောင်၏ မောင်ကြီးမောင်ငယ် ဝတ္ထု (၁၉၁၃)၊ ခင်မြင့်ကြီးဝတ္ထု (၁၉၁၄) တင်တင်မြ ဝတ္ထု (၁၉၁၆)၊ ဦးလတ်၏ရွှေပြည်စိုးဝတ္ထု (၁၉၁၄)


မောင်ကျော်၏ဘီအေမောင်တင့်နှင့် ကချေသည် မယ်မြင့်ဝတ္ထု (၁၉၁၅)၊ ဆရာလွန်း၏ မှာတော်ပုံဝတ္ထုပထမတွဲ (၁၉၁၆)၊ ဆရာစော၏မောင်စံသူ မဘွားသိုက်ဝတ္ထု (၁၉၁၇)၊ ရွှေဥဒေါင်း၏ရတနာပုံဝတ္ထု (၁၉၁၇)၊ ဖော်ကွာဝေးဝတ္ထု (၁၉၁၈)၊ ရန်ကြီးအောင်ဝတ္ထု (၁၉၁၈)၊ ရုပနန္ဒီဝတ္ထု (၁၉၁၈)၊ ပိုက်ဆံကြီး၏ ပွဲစားကြီးသားအဘနှင့်မြမြ ဝတ္ထု၊ ဘီအေမောင်ဘသန်း၏ ဘီအေမောင်ဘလွင် ဝတ္ထု (၁၉၁၉) စသည်တို့ဖြစ်သည်။ မှတ်တမ်းများအရ အခြားဝတ္ထုများထွက်ပေါ်နေသော်လည်း ထိုဝတ္ထုများမှာရှာဖွေမရသေးသောကြောင့် ထည့်သွင်းမပြောသာသေးပေ။

ဦးလတ်၏ရွှေပြည်စိုးဝတ္ထုတွင် ထူးခြားသောဂုဏ်ရည်များရှိသည်။ ထိုဂုဏ်ရည်မှာ ဦးရာကျော်နှင့်သားမောင်သောင်းဘေ၏အဖွဲ့ဖြစ်သည်။ ဘိလတ်ကပြန်လာသော မောင်သောင်းဘေ၏ အမူအရာသည် မြန်မာအမြင်၌ရယ်သွမ်းသွေးဖွယ် ဖြစ်အောင်သရုပ်ဖော်ထားသည်။ မောင်သောင်းဘေ၏ ပြောစကားများသည်မြန်မာစကားစစ်စစ် မဟုတ်ဘဲ အင်္ဂလိပ်ဂတိလိုက်ပြီး ဘာသာပြန်ထားသော မြန်မာစကားဖြစ်နေသည့်အတွက် ဖတ်ရသူပင်လျှင် စက်ဆုပ်ဖွယ်ဖြစ်နေရာ၊ ထိုစကားများကို တိုက်ရိုက်ကြားနေရသော ဦးရာကျော်အဖို့ဆိုဖွယ်ရာမရှိတော့ပေ။ ဦးရာကျော်တို့မိသားစု မည်သို့ခံစားရနိုင်သည်ကို စာဖတ်သူကစာနာစိတ်ဖြစ်ပေါ်လာအောင် ရေးဖွဲ့နိုင်သည်။ ဤသို့ရေးဖွဲ့နိုင်ခြင်းမှာဝတ္ထုရေးသူဦးလတ်သည် အနောက်တိုင်းစာပေများကိုဖတ်ရှုနိုင်သည့် အရည်အချင်းကြောင့်ဟု သုံးသပ်ရရှိသည်။ ရွှေပြည်စိုးဝတ္ထုသည် ဇာတ်လမ်းအသားပေးဝတ္ထုသာဖြစ်သည်။

ခင်မြင့်ကြီးဝတ္ထုရေးသူ မန္တလေးမောင်ခင်မောင်မှာလယ်တီပဏ္ဍိတဦးမောင်ကြီးပင်ဖြစ်သည်။ ခင်မြင့်ကြီးဝတ္ထုမှ ဇာတ်ဆောင်မောင်သန်းညွန့်မှာ ချဉ်ပေါင်ရွက်သည်မောင်မှိုင်းဝတ္ထုမှ မောင်မှိုင်းကဲ့သို့ပင်ဖြစ်သည်။ ခင်မြင့်ကြီးကိုအရေးအသားအနုအယဉ်ဖြင့်ရည်းစားများသော မောင်သန်းညွန့်ဇာတ်လမ်းကိုဖန်တီးထားသည်။ မောင်မှိုင်းကဧရာဝတီ မြစ်ရိုးတစ်လျှောက် မယား ထည်လဲယူခဲ့သည်။ ဤသို့မယားယူခဲ့၍ ယင်းဝတ္ထုကိုညစ်ညမ်းသည်ဆိုကာ ဝိုင်းဝေဖန်ကြသည်။ ဆရာ ဦးမောင်ကြီးက ဤအချက်ကို သတိမူပြီး မောင်သန်းညွန့်ကိုမီးရထားလမ်းတစ်လျှောက် ရည်းစားထည်လဲထားသူအဖြစ်သာရေးသည်။ ဇာတ်သိမ်းတော့မှသာ ခင်မြင့်ကြီးနှင့်လက်ထပ်ပေးလိုက်သည်။

ချဉ်ပေါင်ရွက်သည်မောင်မှိုင်းကို ရှုတ်ချကြသည်ဟုဆိုစေကာမူ ဤဝတ္ထုကိုလူကြိုက်များသောကြောင့် တုရေးသောဝတ္ထုများပေါ်လာသည်။ ၁၉၁၁ ခုနှစ်တွင် ဒူးရင်းသီးသည်မောင်သိုင်း၊ ၁၉၁၂ ခုနှစ်တွင် မောင်သာဇံ၏ ပဲမြစ်သည် မောင်လှိုင်းဟူ၍အမည်ဆင်ဆင်နှင့်ထုတ်ဝေခဲ့ကြသည်။ ဝတ္ထုစာကိုယ်များမတွေ့ရသဖြင့် ချဉ်ပေါင်ရွက်သည်မောင်မှိုင်းနှင့် မည်မျှဆင်သည်ကို အတတ်မပြောသာသေးချေ။

ဘီအေမောင်တင့်နှင့်ကချေသည်မယ်မြင့် ဝတ္ထုရေးသူမောင်ကျော်မှာပီမိုးနင်းပင်ဖြစ်သည်။ ပီမိုးနင်းကိုဆရာမောင်ထင်က "ခေတ်သစ်စာပေအာဒိကမ္မိက" ဟုဆိုပြီး "ဘီအေမောင်တင့်နှင့်ကချေသည်မယ်မြင့်ဝတ္ထု" သည် ပီမိုနင်းရှေးဦးစွာဝတ္ထုရေးကျင့်သောဝတ္ထုများအနက် အဓိကဝတ္ထုဟုသုံးသပ်ထားသည်။ ထိုဝတ္ထုသည်အချစ်ဝတ္ထုတစ်ပုဒ်ပင်ဖြစ်သည်။ ကချေသည်မယ်မြင့်နှင့် မောင်တင့်တို့ဇာတ်လမ်းဖြစ်သည်။ အငြိမ့်မင်းသမီးမယ်မြင့်အငြိမ့်ကရာသို့မောင်ထွန်းဝေအမြဲလိုက်ကြည့်ပုံ၊ အငြိမ့်မင်းသမီး ကိုဆုချပုံများသည် ခေတ်၏ သဘောကို ဖော်ပြထားခြင်းဖြစ်သည်။ လင်္ကာစပ်စကားပြေများဖြင့်လည်းကောင်း၊ ဒွေးချိုး၊ လေးချိုး၊ တေးထပ်များဖြင့်လည်းကောင်း ဝတ္ထုရေးလေ့ရှိကြသည့် သဘောကိုစွန့်ပြီး စကားပြေရိုးရိုးဖြင့် ဝတ္ထုဖွဲ့ထား သောကြောင့်စကားပြေအားဖြင့် ထူးခြားသည်။ ဝတ္ထု၌ မယ်မြင့်သည် အငြိမ့်မင်းသမီးဖြစ်ရာ အငြိမ့်ကရင်းတေးသီ



ချင်းများအလွန်ဆိုဖို့ကောင်းသည်။ တေးသီချင်းများထည့်သွင်းမည်ဆိုပါက ခေတ်နှင့်လည်းဟပ်သည်။ သို့သော် တေးထပ်နှစ်ပုဒ်မှလွဲ၍ အခြားတေးသီချင်းများထည့်ထားသည်ကို မတွေ့ရပေ။ ပီမိုနင်းကိုယ်တိုင်ကဗျာလင်္ကာဘက်တွင် အားနည်းခြင်းကြောင့်လော၊ ခေတ်ကို ထိုးဖောက်လို၍ တမင်မထည့်ခြင်းလောဆိုသည်ကိုမူ ကွဲကွဲပြားပြားမသိနိုင်သေးပေ။

မစ္စတာမောင်မှိုင်း၏မှာတော်ပုံဝတ္ထုပထမတွဲ (၁၉၁၆) ဒုတိယတွဲ (၁၉၁၉)၊ တတိယတွဲ (၁၉၂၁) မှာလည်းလူကြိုက်များသောဝတ္ထုဖြစ်သည်။ မှာတော်ပုံမှဦးကျော်ဒွေး၊ ကိုပေါ၊ ခင်အုံတို့ကိုသရုပ်ဖော်ဖွဲ့နွဲ့ထားသည်မှာ ပီပြင်သည်။ မှာတော်ပုံဝတ္ထုသည်ယထာဘူတဝတ္ထု (Realism) မျိုး၌ထည့်လျှင်ရနိုင်သည်ဟု ဆရာဇော်ဂျီကအကဲဖြတ်သည်။ မှာတော်ပုံဝတ္ထုရေးစဉ်ကာလသည် ဝံသာနုလှုပ်ရှားမှုအရှိန်တက်လာသောကာလဖြစ်၍ ဝတ္ထုထဲ၌ မြန်မာရာဇဝင်ဗဟုသုတစကားများနှင့် ဇာတိအားမာန်တက်ကြွစေမည့်၊ ဝံသာနုစိတ်ဓာတ်မြှင့်တင်ပေးရာရောက်စေမည့် မဟာကဗျာလေးချိုးကြီးများလည်းထည့်သွင်းထားသည်။ ရှေးခေတ်အကြောင်းများနှင့်နှယ်၍ ခေတ်နိုင်ငံရေးအမြင်ကို ဝတ္ထုအတွင်း၌ထည့်သွင်းလာခြင်းသည် မှာတော်ပုံဝတ္ထုမှစသည်ဟုဆိုမည်ဆိုက ဆိုနိုင်ပါသည်။

ရတနာပုံ (၁၉၁၇) ဝတ္ထုရေးသူမောင်ဖိုးသိန်းမှာ ဆရာကြီးရွှေဥဒေါင်းဖြစ်သည် မစ္စစ်ဟင်နရီဝုဒ်၏ East Lynne ဝတ္ထုကိုမှီးရေးထားခြင်း ဖြစ်သည်။ ထိုနောက်ရွှေဥဒေါင်း၏ ရန်ကြီးအောင် ဝတ္ထု (၁၉၁၈)၊ ရူပနန္ဒီဝတ္ထု (၁၉၁၈) တို့ထွက်လာသည်။ ရန်ကြီးအောင်သည် ရွှေဥဒေါင်းပထမဆုံး ရေးသည့်ဝတ္ထုဖြစ်သော်လည်း ရတနာပုံက ပုံနှိပ်စာအုပ်အဖြစ်အလျင်ထွက်လာသည်။ ရန်ကြီးအောင်ဝတ္ထုသည် ပင်ကိုယ်ရေးဟုဆိုသော်လည်း အင်္ဂလိပ်ဝတ္ထုရေးဆရာရေးနိုး (Reynolds, George William Mc Arther) ၏ဝတ္ထုဇာတ် ပန္နက်ပုံစံကိုတုပြီး၊ မက်ကောလေး (Macaulay, Lord) ၏ အရေးအသား ဟန်ပန်ကို နည်းယူကာရေးခဲ့သည်။ ထိုဝတ္ထုသည် ထိုခေတ်ထွက်ဝတ္ထုများတွင် ဝတ္ထုအတတ်ပညာပိုင်းဖြစ်သော အကွက်ဆင် အကွက်ချဇာတ်လမ်းဖွဲ့ပုံ၌ အနောက်နိုင်ငံပုံစံ၏ ဩဇာအလွှမ်းမိုးဆုံး ဝတ္ထုအဖြစ် သုံးသပ်ကြသည်။ ရူပနန္ဒီမှာမူ Sir Rider Haggard ၏ She ကိုမှီး၍ ရေးသောဝတ္ထုဖြစ်သည်။

၁၉၀၄ ခုနှစ်မှစ၍ မြန်မာဝတ္ထုများအသီးသီး ထွက်လာကြရာ ဝေဖန်သူများက ဝေဖန်ကြသော် လည်းရေးသူများကလည်း အရှိန်အဟုန်မပျက်ရေး သားနေကြသည်။ မောင်တာနေဝတ္ထုနိဂုံး၊ စပယ် ပင်ဝတ္ထုနိဒါန်းတို့အရ အချင်းချင်းတိုက်တွန်းအား ပေးမှုများလည်းပြုကြသည်။ ထိုစဉ်ကဝတ္ထုရှည်၊ ဝတ္ထုတိုဟုသုံးစွဲခြင်းမရှိကြသေး၊ ဝတ္ထုဟုသာသုံး သည်။ ၁၉၁၇ ခုနှစ်တွင်သူရိယမဂ္ဂဇင်းမှ ဝတ္ထု (တို) ပြိုင်ပွဲအတွက်စာမူခေါ်ရာ၌ "ဝတ္ထုမှာဆက်ရန်ရှိ သေးသည့်ဝတ္ထုမျိုးမဟုတ်စေရ၊ တစ်ကြိမ်တည်း တွင်စလယ်ဆုံးစုံလင်အောင်ပါစေရမည်" ဟူသော စည်းကမ်းပါသည်။ ဝတ္ထုရေးရမည့်အရှည်အတို ပမာဏမှာဖူးစကတ်ခေါ် စက္ကူနှင့် ၁၆ မျက်နှာရှိ ဝတ္ထုဟုဆိုထားသဖြင့် ဝတ္ထုတိုကိုရည်ညွှန်းလို ကြောင်းထင်ရှားသည်။ ထိုသို့ဝတ္ထုများအပြိုင် အဆိုင်ရေးနေကြစဉ် ဆရာကြီးဦးဖေမောင်တင်က ၁၉၁၇ ခုနှစ်ဩဂုတ်လထုတ် မြန်မာနိုင်ငံသုတေသန အသင်းဂျာနယ်အတွဲ ၇၊ အမှတ် ၂ တွင် မြန်မာ ဝတ္ထု (The Burmese Novel ) ဟူသော မြန်မာဝတ္ထု များဖြစ်ပေါ်တိုးတက်လာပုံ လေ့လာသည့်စာတမ်း တစ်စောင်ရေးသားခဲ့သည်။ စာတမ်းအတွင်း၌ မြန်မာဝတ္ထုဖြစ်ပေါ်လာပုံများကို လေ့လာတင်ပြ ရင်းမြန်မာတို့သည် မိမိတို့၏ပတ်ဝန်းကျင်မှ ဖြစ် ပေါ်တိုးတက်နေမှုများအပေါ် ကောင်းစွာမှီငြမ်း အသုံးပြုနိုင်ကြသည်။ ဝတ္ထုများသည် သာဓကတစ် ခုဖြစ်သည်ဟုဆိုသည်။ ဆရာကြီးဦးဖေမောင်တင် ကပင်ဆက်လက်၍ မြန်မာနိုင်ငံသုတေသနအသင်း ဂျာနယ်တွင် ၁၉၁၈ ခုနှစ်ဧပြီလထုတ်ဂျာနယ်မှ ၁၉၁၉ ခုနှစ် ဒီဇင်ဘာလထုတ် ဂျာနယ်ထိ၊ မောင်ရင်မောင်မမယ်မ၊ မောင်ဖေရှင်မမေတင် မောင်မှိုင်း ဒုတိယပိုင်း မောင်မှိုင်း တတိယပိုင်း မောင်မင်းကျော်၊ မောင်တာနေ၊ စိန်ကလေး နှင့် အံ့ဩဘွယ် (Wonderful) ဝတ္ထုတို့ကိုဝေဖန် သည့်ဆောင်းပါးများရေးခဲ့သည်။ ဒေါက်တာဘဟန် ကလည်း ၁၉၁၇ ခုနှစ်ဩဂုတ်လထုတ် ၎င်းဂျာနယ် တွင် ချစ်ရိုးအမှန်၊ ၁၉၁၈ ခုနှစ်ဧပြီလတွင် မောင်မှိုင်း ပထမပိုင်းနှင့် ၁၉၁၉ ခုနှစ်ဩဂုတ် လတွင် မောင်မြ၏မမင်းသိန် ဝတ္ထုတို့ကိုဝေဖန် သည့်ဆောင်းပါးများရေးသည်။ မြန်မာနိုင်ငံသုတေ သနအသင်းနှင့်၊ အသင်းထုတ်ဂျာနယ်သည် ပညာ ရပ်နယ်ပယ်အသီးသီးရှိ ပညာရှင်များ စိတ်ဝင်စား ကြပြီး ၎င်းတို့အပေါ်လည်းဩဇာရှိသော ဂျာနယ် ဖြစ်သည်။ ဝတ္ထုဟူသောစာပေပုံသဏ္ဌာန်အဖွဲ့အနွဲ့ တစ်ရပ်ဖြစ်ပေါ်တိုးတက်လာမှုအပေါ် ယင်းဂျာနယ် ကလက်ခံကြိုဆိုသည့် ဆောင်းပါးများဖော်ပြ ပုံနှိပ် လာကြသည့်အခါ ဝတ္ထုရေးသားခြင်းကို ဝေဖန်သည့် အသံများငြိမ်သွားသည်ဟု ဆိုနိုင်ဖွယ်ရှိလေသည်။

၁၉၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၌နိုင်ငံရေး နိုးကြားလာပြီဖြစ်သည်။ ထိုနှစ်ဦးတွင် မြန်မာနိုင်ငံ ကိုပါဟုမ္မရူးပေးရန် အင်္ဂလန်သို့ သွားရောက် ဆွေးနွေးနေသော မြန်မာကိုယ်စားလှယ်တော်ကြီး များဖြစ်ကြသည့် ဖေ- ပု-ရှိန်တို့ အဆင်မပြေဘဲ ပြန်လာရသည်။ ထိုနှစ်တွင်ပင် ဒုတိယအကြိမ် ကိုယ်စားလှယ်တော်ကြီးများ စေလွှတ်ရပြန်သည်။ ဆရာတော်ဦးဥတ္တမကို ပုဒ်မ ၁၂၄ (က) အရ ဖမ်းဆီးစစ်ဆေးပြီး ထောင်ဒဏ် (၁) နှစ်ချလိုက်သည်။ ထိုနှစ်ဒီဇင်ဘာ (၅) ရက်နေ့တွင်ပထမကျောင်းသား သပိတ်ကြီး ပေါ်ပေါက်လာသည်။ တက္ကသိုလ်သပိတ် ကို အကြောင်းပြုပြီး အမျိုးသားကျောင်းများ ပေါ်ပေါက်လာသည်။ ၁၉၂၃ ခုနှစ်တွင် ဒိုင်အာခီ အုပ်ချုပ်ရေးပေးသည်။ ဒိုင်အာခီအုပ်ချုပ်ရေးကို အကြောင်းပြုပြီး အစိုးရနှင့်မဆက်ဆံသော "ဘူး" အသင်းများပေါ်ပေါက်လာသည်။ ထိုဘူးအသင်း များကို အစိုးရက မတရားအသင်းကြေညာသည်။ ၁၉၂၇ ခုနှစ်တွင် မြန်မာနိုင်ငံကို အိန္ဒိယနိုင်ငံနှင့် ခွဲသင့်မသင့် စုံစမ်းသောဆိုင်မွန်ကော်မရှင်အဖွဲ့ ဖွဲ့စည်းပြီး အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံအတွင်း ၁၉၂၉ ခုနှစ်အထိ လှည့်လည်စစ် ဆေးသည်။ ၁၉၃၀ ပြည့်နှစ်တွင် ကုလားဗမာ အဓိကရုဏ်းဖြစ် သည်။ ထိုအဖြစ်အပျက်ကို အကြောင်းပြု၍ တို့ဗမာ



အစည်းအရုံးပေါ်လာသည်။ စပါးဈေးများကျပြီး စီးပွားရေးကပ်ဆိုက်နေချိန်တွင် အစိုးရကအခွန်တော်ကို အဓမ္မအတင်းအကျပ် ဖိတောင်းမှုကြောင့် သာယာဝတီဆရာစံ အရေးတော်ပုံပေါ်လာသည်။ ဤသည်တို့မှာ ၁၉၂၀ ပြည့်မှ ၁၉၃၀ ပြည့်ထိ ထင်ရှားသော မြန်မာနိုင်ငံရေးသမိုင်းစဉ် ဖြစ်သည်။ ထိုအဖြစ်အပျက်များသည် မြန်မာစာပေအတွင်း တစ်နည်းနည်းဖြင့် အကျိုးသက်ရောက်မှုရှိခဲ့သည်။

၁၉၂၀ ပြည့်နှစ်တွင် ဦးလတ်၏ တနန်းပျော် ရင်သွေးတော် ဝတ္ထုကို ပျော်တော်ဆက်မဂ္ဂဇင်းတွင်အခန်းဆက်ထည့်သွင်းသည်။ ထိုဝတ္ထုကိုဖတ်ရသောအခါ မှော်ဘီဆရာသိန်းက "ပျော်တော်ဆက်ဆရာသို့အစီရင်ခံစာ" ဆိုသောဆောင်းပါး တစ်ပုဒ်ရေးခဲ့သည်။ ထိုဆောင်းပါးတွင် ဦးလတ်အကြောင်း ပြောရာ၌

> "ပဥ္စမစပယ်ပင်ဝတ္ထုကိုစီမံရာ ဒိဋ္ဌသဘောအတိုင်းဖော်ပြရေးသားခြင်းဖြစ်၍ ထိသူမှာနာပါသည်"

ဟုသုံးထားသည်ကို တွေ့ရသည်။ ဒိဋ္ဌသဘောသည် Realism ပင်ဖြစ်သည်။ ဒိဋ္ဌဓမ္မသဘောကို စာပေများအတွင်း ထည့်သွင်းရေးဖွဲ့ခြင်းကို လက်ခံသည့်သဘောပင်။ ထိုနှစ်တွင် ဘားမားဒေးဝတ္ထု၊ နေရီရီဝတ္ထု၊ နေညိုညိုဝတ္ထုများ ထွက်ပေါ်လာသည်။

ဘားမားဒေးဝတ္ထုသည် အမျိုးသားရေးလှုံ့ဆော်မှုတွင်ထိရောက်သော ဝတ္ထုတစ်ပုဒ်ဖြစ်ခဲ့သည်။ မြန်မာနိုင်ငံဟုမ္မရူးရရှိရေးအတွက် ဒုတိယအကြိမ်အင်္ဂလန်သို့ သွားကြမည့်ကိုယ်စားလှယ်များအတွက်ရန်ပုံငွေရှာသည့် ပွဲတော်ကိုဇာတ်လမ်းနောက်ခံထားသောဝတ္ထုဖြစ်သည်။ နေရီရီမှာ ချားလ်စ်ဂါးဗစ်၏ ဂျတ်စ်အဂဲလ် (Just a Girl) ကို မှီငြမ်းပြုထားသောဝတ္ထုဖြစ်သည်။ ထိုဝတ္ထုသည် မြန်မာလူငယ်လူရွယ်တို့၏ စိတ်နေသဘောထားနှင့်စရိုက်ကို မြင့်တင်ပေးထားသည့် ဝတ္ထုဖြစ်ပြီး ခေတ်သစ်မြန်မာဝတ္ထုနှင့်တကွ မြန်မာ စာအရေးအသားကိုပါ ဦးဆောင်မှုပေးခဲ့သည်ဟုသုံးသပ်ကြသည်။ နေညိုညိုဝတ္ထုတွင်မူ ဆရာပီမိုနင်းက စာပေအယူအဆများထည့်သွင်းထားသည်။ ညိုညိုက စာပေများရေးသားလျှင် ရှေး ဆရာများ၏စာများကို အတုခိုးရေးသည်ထက် ကိုယ်ပိုင်တီထွင်ဉာဏ်ဖြင့် ရေးသင့်သည့်အကြောင်းကို ဝတ္ထုထဲ၌ထည့်သွင်းဆွေးနွေးထားသည်။ နေညိုညို ဝတ္ထုသည်လည်းအမှီးဝတ္ထုသာဖြစ်ရာ စာပေအယူ အဆထည့်သွင်းထား၍ တစ်မျိုးထူးနေသည်။

၁၉၂၀ ပြည့်နှစ်အထိထွက်ပေါ်လာသောဝတ္ထုများကိုဆန်းစစ်ကြည့်လျှင် အင်္ဂလိပ်စာပေကိုဖတ်ရှုနိုင်၍အင်္ဂလိပ်ဝတ္ထုများကို မှီးပြီးရေးကြသောဝတ္ထုများသည်နော်ဗယ်လ်ပုံစံနှင့် ပိုမိုနီးစပ်ကြသည်ကိုတွေ့ရသည်။ အင်္ဂလိပ်စာပေကို ဖတ်ရှုနိုင်ကြသောဆရာများကလည်း အမှီးဝတ္ထုများကို အရေး

များကြသည်။ ထိုပုဂ္ဂိုလ်များတွင် ဦးလတ်ကို ချွင်းချက်ထားရပေမည်။

လယ်တီပဏ္ဍိတဦးမောင်ကြီးသည် နတ်ရှင်နောင်ဝတ္ထု (၁၉၂၀)၊ ဇာနည်ခွဲ့ဝတ္ထု (၁၉၂၂)၊ တပင်ရွှေထီးဝတ္ထု (၁၉၂၅)များရေးပြီး ဇေယျက မြတ်လေးရွှေခါးပိုလ် (၁၉၂၀) ဝတ္ထုရေးသားထုတ်ဝေခဲ့သည်။ လယ်တီပဏ္ဍိတ၏ ဝတ္ထုများမှာ မြန်မာ့သမိုင်း၌ထင်ရှားခဲ့သူများကို ဝတ္ထုပုံသဏ္ဌာန်ဖြင့် ရေးဖွဲ့ခြင်းဖြစ်သည်။ နိုင်ငံရေးအသိစိတ်ဓာတ်နိုးကြားနေသောကာလ၌ မြန်မာ့သူရဲကောင်းများအကြောင်းပြန်လည်ဖော်ထုတ်ပေးခြင်းဖြစ်သည်။ ဇေယျ၏ မြတ်လေးရွှေခါးပိုလ်မှာ အင်္ဂလိပ်ဝတ္ထုဖြစ်သောဘေရွန်းနက်အော့ဆီ၏ သစကားလက်ပင်ပါနယ်ကိုမှီငြမ်းပြုခြင်းဖြစ်သည်။ ယောက်ျားပီပီသသစိတ်ဓါတ်များကို ရဲရဲတောက်တွေ့ရသည့်အတွက်လူကြိုက်များသောဝတ္ထုဖြစ်ခဲ့သည်။ သို့သော် ရွှေခါးပိုလ်မောင်မောင်ကြီး၏ ပုဂ္ဂိုလ်တစ်ဦးချင်းကယ်တင်ခန်းများကို တစ်ကန့်စီဖွဲ့နွဲ့ထားသောကြောင့်ဝတ္ထုရှည်သဘောထက် ဝတ္ထုတိုသဘောသက်ဝင်နေသည်။

၁၉၃၀ ခုနှစ်မှ ၁၉၄၀ ပြည့်နှစ်ထိနိုင်ငံရေးအခြေအနေများကို ဖော်ရသော်အချုပ်အားဖြင့် ဤသို့တွေ့နိုင်သည်။ တို့ဗမာအစည်းအရုံးကို အကြောင်းပြု၍ ဝိုင်အမ်ဘီဆရာတင်၏ "ငါ့ဗမာသီချင်း" ကို နိုင်ငံနှင့်အဝန်း သီဆိုနေကြသည်။ ထို့ပြင် "မီးတုတ်" သီချင်းကလည်း အားမာန်အပြည့်နှင့်ထင်ရှားသည်။ တို့ဗမာသီချင်းကို ၁၉၃၀ ခုနှစ်ထုတ်ယူနီဗာစီတီမဂ္ဂဇင်းတွင် ဖော်ပြသည့်အပြင်အင်္ဂလိပ်ဘာသာပြန်ပါထည့်ပေးသည်။ ၁၉၃၂ ခုနှစ်တွင် ခွဲရေးတွဲရေးအသံကျယ်လာသည်။ ၁၉၃၅ ခုနှစ်တွင် ၉၁ ဌာနအုပ်ချုပ်ရေးပေးသည်။ ၁၉၃၆ ခုနှစ်တွင် ဒုတိယအကြိမ်တက္ကသိုလ်ကျောင်းသားသပိတ်ပေါ်ခဲ့သည်။ ၁၉၃၇ ခုနှစ်တွင် တိုးတက်သောလူငယ်များစုပေါင်းပါဝင်သည့် နဂါးနီစာအုပ်အသင်းပေါ်လာသည်။ နဂါးနီစာအုပ်အသင်းကို အကြောင်းပြု၍ပေါ်ထွက်ခဲ့သော နဂါးနီသီချင်းလည်းထင်ရှားကျော်ကြားကာ လူတိုင်းနှုတ်ဖျား၌ ဝဲနေသည်။ ၁၉၃၈ ခုနှစ်တွင်တတိယအကြိမ်တက္ကသိုလ်ကျောင်းသားများ သပိတ်ပေါ်ပေါက်ခဲ့ပြီး ၁၃၀၀ ပြည့်အရေးတော်ပုံဟု ကျော်ကြားသည့် ရေနံမြေသပိတ်နှင့် ပူးပေါင်းသွားခဲ့သည်။ ၁၉၃၉ ခုနှစ်တွင်ဆန္ဒပြသူများကို နှိမ်နင်းသဖြင့်မန္တလေးအာဇာနည် ၁၇ ဦးအရေးတော်ပုံပေါ်ပေါက်သည်။ ၁၉၄၀ ပြည့်နှစ်တွင် သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့ဂျပန်ပြည်သို့ တိတ်တဆိတ်ထွက်ခွာသွားခဲ့သည်။

ဦးသိမ်းမောင်၏ ရဲမြန်မာဝတ္ထု (၁၉၃၁)၊ ရွှေစကြာ၏နာ ခံတော်ဝတ္ထု (၁၉၃၂)၊ အထောက်တော်ဝတ္ထု (၁၉၃၆)၊ ဒဂုန်ခင်ခင်လေး၏ရွှေစွန်ညိုဝတ္ထု (၁၉၃၃)၊ စာဆိုတော်ဝတ္ထု (၁၉၃၅)၊ မဟာဆွေ၏ ဒို့မေမေဝတ္ထု (၁၉၃၅) သူပုန်ကြီးဝတ္ထု (၁၉၃၆)၊ စစ်ထွက်သူဝတ္ထု (၁၉၃၉)၊ မြမျိုးလွင်၏ ဤလူ့ဘောင်ဝတ္ထု (၁၉၃၃)တို့သည် တို့ဗမာအစည်းအရုံးကို အကြောင်းပြု၍ ပေါ်ပေါက်လာသောဇာတိမာန်ဝတ္ထုများဟု ဆိုနိုင်သည်။

ရဲမြန်မာသည်အလောင်းဘုရားနှင့်ခေတ်ပြိုင်အင်းဝမင်းသွေးမောင်ရှုပကိုဇာတ်ဆောင်ပြုသည်။ နာ ခံတော်ဝတ္ထုကမူ နတ်ရှင်နောင်ခေတ်ဖြစ်သည်။ ရွှေစွန်ညိုမှာမူ မန္တလေးခေတ်မင်းတုန်းမင်းကြီးမှ စထားပြီးစာဆိုတော်မှာ သီပေါမင်းခေတ်ဖြစ်သည်။ ဒို့မေမေသည် ဗြိတိသျှခေတ်ကိုကိုယ်စားပြုရေးဖွဲ့ ပြီး သူပုန်ကြီးမှာမူ နတ်ရှင်နောင်ခေတ် ဖြစ်သည်။ စစ်ထွက်သူမှာအင်းဝခေတ်ဖြစ်သည်။ ဝတ္ထုများကိုရေးသားရာတွင် ဇာတိမာန်လှုံ့ဆော်ရေးကို ရည်ရွယ်၍ရေးသားကြသော်လည်း ဇာတ်လမ်း၊ ဇာတ်အိမ်အရွေးရခက်ကြပ်ခန်ရှိသည်။ ကျန်ရစ်သော

သမိုင်းခေတ်မှအတုယူအားကျဖွယ် ဇာတ်ကွက်များကို ရွေးချယ်ကြသည်ကိုတွေ့ရသည်။ ထိုသို့ရွေးချယ် ရေးသားကြရာတွင် သမိုင်းအခြေခံနှင့်ယထာဘူတ ကျ၊ မကျတို့ကိုအလေးအနက် ထည့်သွင်းစဉ်းစား ကြခြင်းမရှိဘဲ၊ လူငယ်များစိတ်ဓာတ်တက်ကြွရေး ကိုသာဦးစားပေး ရွေးချယ်ခဲ့ကြသဖြင့် ထိုအပိုင်း၌ အားနည်းသည်။ ဆရာပါရဂူက လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏နတ်ရှင်နောင်ဝတ္ထုမှ နတ်ရှင်နောင် နှင့်ရွှေစကြာ၏နာ ခံတော်ဝတ္ထုမှ နတ်ရှင်နောင်ကို နှိုင်းယှဉ်၍ နတ်ရှင်နောင်နှစ်ဦးမတူကြောင်းဆို သည်။ နတ်ရှင်နောင်၏ဘဝ၌ အလင်းနှင့် အမှောင် နှစ်မျိုးရှိရာ၊ နားခံတော်ထဲမှ နတ်ရှင်နောင်သည် အမှောင်ထဲက နတ်ရှင်နောင်ဟု ဆိုထားသည်။

၁၃၀၀ ပြည့်နှစ်အရေးတော်ပုံကို အကြောင်း ပြုပြီး စာပေများ အတန်အသင့်ထွက်ပေါ်လာခဲ့ သည်။ မှတ်တမ်းတင်စာများလည်း ပါဝင်သကဲ့သို့ ဝတ္ထုများလည်းပေါ်ထွက်လာခဲ့သည်။ ဒဂုန်နတ်ရှင် ၏ အာဇာနည်မဝတ္ထု၊ မျိုးမြင့်အောင်၏ ဘုရင့်ဂိုဏ်း ဝတ္ထု၊ ရဲသွေး၏ထောင်စာမဝတ္ထု တို့သည် ထိုကာလကို အကြောင်းပြု၍ ပေါ်ပေါက်ခဲ့သော ဝတ္ထုများ ဖြစ်သည်။

နဂါးနီစာအုပ်အသင်းသည် ၁၉၃၇ ခုနှစ်မှ ၁၉၄၁ ခုနှစ်အထိ စာအုပ်ပေါင်း ၇၂ အုပ် ထုတ်ဝေ ခဲ့သည်။ နဂါးနီထုတ်စာအုပ်အများစုသည် ဖက်ဆစ် ဆန့်ကျင်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေးနှင့် ကွန်မြူနစ်၊ ဆိုရှယ်လစ်အတွေးအခေါ် ပြန့်ပွားရေးစာအုပ်တို့ပင် ဖြစ်သည်။ ထိုစာအုပ် ၇၂ အုပ်တွင် ဝတ္ထုငါးပုဒ်ပါ သည်ကိုတွေ့ရသည်။ မောင်သိန်းဖေ၏ သပိတ်မှောက် ကျောင်းသားပထမတွဲ (၁၉၃၈)၊ သခင်ဘသောင်း ၏ပန်းသာ မစာဥ ပထမတွဲ (၁၉၃၉) နှင့် ဒုတိယတွဲ (၁၉၃၉)၊ မောင်သိန်းဖေ၏ သပိတ်မှောက် ကျောင်းသား ဒုတိယတွဲနှင့် ဒဂုန်တာရာ၏ မေ



**"အရေးကြီးပြီ သွေးစည်းကြစို့" ဖြင့် အမျိုးသားစာပေဆုရ ဆရာကျော်အောင်**

(၁၉၄၀) တို့ဖြစ်သည်။ ပန်းသာမစာဥမှာ သောမတ် ဟာဒီ (Thomas Hardy) ၏ Tess of the D'Ubervilles ကိုလည်းကောင်း၊ မေမှာ ဗီဗာလေနီကိုလတ်၏ Self ဝတ္ထုကိုလည်းကောင်း၊ မှီးရေးထားခြင်းဖြစ်သည်။ မှီး၍ ရေးသားထားသော်လည်း ပန်းသာမစာဥတွင် မြန်မာ့လေနှင့် မြန်မာ့ဟန်အပြည့်အဝပါသဖြင့် မြန်မာဝတ္ထုဟုပင်လက်ခံ ထားကြသည်။ မေမှာလည်း မြန်မာ့ဟန်ပါရှိသည်ပင်။ သို့သော် မေဝတ္ထု၏ ထင်ရှားသော အမှတ်လက္ခဏာမှာ ဒဂုန်တာရာ၏ ရေးဟန်ပင်ဖြစ်သည်။ ပီမိုးနင်းသည် မြန်မာဝတ္ထု ခေတ်ဦးတွင် သူ၏ ရေးဟန်ဖြင့် စာဖတ်ပရိသတ်များ ၏ အားပေးမှုကို ခံရသကဲ့သို့ ဒဂုန်တာရာသည်လည်း သူ၏ ရေးဟန်ကို တစ်ခေတ်ထူထောင်နိုင်ရန် ကြိုးစားခဲ့သည်။ မောင်သိန်းဖေ (နောင်တွင် သိန်းဖေမြင့်) ၏ သပိတ်မှောက်ကျောင်းသားမှာ ၁၉၃၅-၃၆ ရန်ကုန်တက္ကသိုလ်ကျောင်းသားများ

သပိတ်မှောက်သည့် နောက်ခံအကြောင်းကို ဝတ္ထုရေးထားခြင်း ဖြစ်သည်။ ထိုဝတ္ထုတွင် ထူးခြားသောလက္ခဏာများရှိသည်။ ဇာတ်လမ်းကိုလည်းအားမကိုး၊ ဇာတ်ကောင်များကို လည်း အသားမပေး၊ သပိတ်မှောက်သည့် အရေး အခင်းနှင့် နိုင်ငံရေး စိတ်ဓာတ်ကို အဓိကအားကိုးပြီး တင်ပြထားသည်။ ခေတ်ကိုထင်ဟပ်ပြီး ရေးဖွဲ့သော ဝတ္ထုလည်းဖြစ်သည်။

ဇာတိမာန်ဝတ္ထုများအပြင် ထိုကာလ၌ ပေါ်ထွက်ခဲ့သော အချို့ဝတ္ထုများကိုလည်း ဖော်ပြရန်လိုသေးသည်။ မဟာဆွေ၏ ပျို့တောင်ပြုံး (၁၉၃၇) သည် နတ်ကိုးကွယ်မှု ပြဿနာကို ဆွေးနွေးထားသည်။ ဈေးချိုသူ (၁၉၃၇) နှင့် ဝါဝါဝင်း (၁၉၃၇) တို့မှာသာသနာ သန့်ရှင်းရေးကို ဦးတည်သည်။ သာသနာသန့်ရှင်းရေးကို ဦးတည်သော အခြားဝတ္ထုတစ်ပုဒ်မှာ မောင်သိန်းဖေ၏ တက်ဘုန်းကြီး (၁၉၃၆) ဖြစ်သည်။ တက်ဘုန်းကြီးဝတ္ထုထွက်စကအကြီးအကျယ်ပြဿနာပေါ်ခဲ့သည်။ ဝတ္ထုရေးသူမောင်သိန်းဖေသည်ပင်လျှင် တက်ဘုန်းကြီး သိန်းဖေဟူ၍ဖြစ်သွားရသည်။ ထိုဝတ္ထုကို ပြန်လည်ပုံနှိပ်သော်လည်း ပုံနှိပ်သည့်အခါတိုင်း အသံထွက်ပြန်သည်။ ဤသို့ဖြစ်ရခြင်းအပေါ် သိန်းဖေမြင့်ကိုယ်တိုင်ဆန်းစစ်ထားသည်။ သူ၏ တက်ဘုန်းကြီးထဲ၌ အကောင်းအဆိုးကို သမအောင်မျှ၍ ဒွန်တွဲမတင်ပြမိဘဲ၊ အဆိုးဘက်ကို အလေးကဲသရုပ်ဖော်မှုများသွားသောကြောင့် ဖြစ်သည်ဟုဆိုသည်။ ထို့ကြောင့် ဝတ္ထုတစ်ပုဒ်သည် ရည်ရွယ်ချက်မည်မျှပင်ကောင်းစေကာမူ အတင်အပြအတတ်ပညာပိုင်း၌ အားနည်းသွားလျှင် မလိုလားအပ်သော အကျိုးသက်ရောက်မှုရနိုင်သည့်ဆိုသော အသိတစ်ရပ်ရစေခဲ့သည်။

မဟာဆွေ၏ စနေဂြိုဟ် (၁၉၃၈) သည် မြင်းပွဲလောင်းကစားမှု၏ မကောင်းကျိုးကို ပေါ်လွင်အောင် ရေးဖွဲ့သည်။ သိန်းဖေ၏ တက်ခေတ်နတ်ဆိုး (၁၉၃၈) သည် ကာလသားရောဂါ၏ ဆိုးကျိုးကိုဖော်ပြပြီး ကျန်းမာရေး လမ်းညွှန်မှုကိုပေးသည်။ အပျော်အပါးလိုက်စားမှု၏ အနိဋ္ဌာရုံကို ဖော်ပြထားသော ဝတ္ထုဖြစ်သည်။ စစ်ကိုင်းဦးဘိုးသင်း၏ ပင်လယ်ပျော်သီသီ (၁၉၃၅) ဝတ္ထုသည် မြန်မာလူငယ်များ ပင်လယ်ရေကြောင်း၌ စိတ်ဝင်စားစေရန် ရေးသည်ဟု ဆိုသည်။ အမျိုးသမီးတစ်ဦး၏ စွန့်စားခန်းများသာဖြစ်နေသောကြောင့် ယထာဘူတနှင့် ကင်းကွာနေပြီး စိတ်ကူးယဉ်ဆန်သည်ဟုဆိုနိုင်သည်။ ဖာတစ်လုံးခေါင်းကျား (၁၉၃၈) မှာမူ ပညာရှာသူသည် ပညာကိုလောက အတွေ့အကြုံ၊ ဘဝအတွေ့အကြုံမှ ရနိုင်သည်ဟု ဆိုချင်သည့်အတွက် လူ့စရိုက်အမျိုးမျိုး ထည့်သွင်းရေးဖွဲ့ထားသည်။ သို့သော် ပုံဝတ္ထုသဘောအလေးကဲနေသည်။ ထူးခြားသော ဝတ္ထုတစ်ပုဒ်မှာရွှေလင်းယုန်၏ သူ (၁၉၃၈) ဖြစ်သည်။ သူထဲမှ ဆရာဝန် မြင့်မောင်မှာ အကောင်းလွန်လွန်းအားကြီးသူ ဖြစ်သည်။ ထို့ကြောင့် ထိုဇာတ်ဆောင်မျိုးကို စံပြဇာတ်ကောင်ဟုလည်း ဝတ္ထုဝေဖန်သူများက ထောက်ပြကြသည်။ ဇဝန၏ ကောလိပ်ကျောင်းသား (၁၉၃၅-၃၆) မှာမူ ပျော်ရွှင်သာယာနေသော ကျောင်းသားများ၏ ဘဝကိုဖော်ပြသည်။ ထိုကျောင်းသားတို့သည် မိမိတို့ပတ်ဝန်းကျင်တွင် ဖြစ်ပေါ်နေသော နိုင်ငံရေးများနှင့်ကင်းလွတ်နေသဖြင့် နိုင်ငံရေးလှုပ်ရှားမှုများကိုခြွင်းချန်ခဲ့သည်မှာ ထိုဝတ္ထု၏ ချွတ်ယွင်းချက်ဟုဝေဖန်ကြသည်။ အမျိုးသားရေးကို မေ့လျော့နေသဖြင့် နည်းယူဖွယ်၊ အားကျဖွယ်မဟုတ်ဟုလည်းအကဲဖြတ်သည်။ ဤဝတ္ထုကို ဝတ္ထုရေးသူက ဟာသဝတ္ထုအဖြစ်ရေးကြောင်းဆိုသည်။ ဟာသဦးတည်ချက်ဖြင့် ရေးသော ဝတ္ထုတွင် အမျိုးသားရေးအမြင်ကိုစေ့စေ့ပေါက်ပေါက်ရှာဖွေပြီး အကဲဖြတ်နေခြင်းမှာမိမိမျှော်မှန်းသလို မမက်ခဲ့သော အိပ်မက်ကို မိမိခံပြင်းဒေါသထွက်နေမှုမျိုးနှင့် အလားတူနိုင်ပေသည်။ ဇဝနကကောလိပ်ကျောင်းသားရေးသည့်အခါ ခင်မျိုးချစ်ကလည်း ကောလိပ်ကျောင်းသူ (၁၉၃၆) ဝတ္ထုကိုရေးသည်။ ကောလိပ်ကျောင်းသူ



**(၁) ဘယ်သူပြိုင်လို့လှပါတော့နိုင် ဝတ္ထုရေးခဲ့သူ မင်းကျော်**
**(၂) ကြာပန်းရေစင်ဝတ္ထုရေးခဲ့သူ ဒဂုန်တာရာ**
**(၃) မြန်မာဝတ္ထုရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနပြုခဲ့သူ ဇော်ဂျီ**
**(၄) မင်းမှုထမ်းဝတ္ထုကို ရေးခဲ့သူ တက်တိုး**

ဝတ္ထုသည် ခေတ်သရုပ်များ ပေါ်လွင်သည်ဟု လက်ခံကြသည်။

၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ (၈) ရက်နေ့တွင် ဂျပန်နိုင်ငံက မဟာမိတ်တို့အား စစ်ကြေညာသည်။ ဒီဇင်ဘာလ (၂၃)ရက်တွင် ဂျပန်တိုက်လေယာဉ်ပျံများရန်ကုန်မြို့ကို စတင်ဗုံးကြဲသည်။ ၁၉၄၂ ခုနှစ်မှစ၍ မြန်မာနိုင်ငံဂျပန်လက်အောက် ရောက်ခဲ့သည်။ ၁၉၄၃ ခု၊ ဩဂုတ်လ (၁) ရက်နေ့တွင် ဂျပန်က မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးသည်ဟု ဆိုသည်။ ထိုနှစ်တွင်ပင် ဖ. တ. ပ. လ အဖွဲ့ဖွဲ့သည်။ ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့ တွင် ဂျပန်တို့ကို တော်လှန်သည်။ ဂျပန်တော်လှန်ရေး ပြီးဆုံးသော် မဟာမိတ်တို့ ပြန်ဝင်သည်။ ဖ. ဆ. ပ. လ အဖွဲ့သည် အမျိုးသားတပ်ဦး အသွင်ဖြစ်လာသည်။ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင်ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် ခေါင်းဆောင်ကြီး ၇ ဦးနှင့် ဦးအုန်းမောင်၊ ကိုထွေးတို့ လုပ်ကြံခံရသည်။ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးရသည်။ ထိုနှစ်တွင်ပင် ကွန်မြူနစ်ပါတီတောခိုခဲ့သည်။ ထို့နောက် ပြည်သူ့ရဲဘော်များ တောခိုသွားသည်။ ၁၉၄၉ ခုနှစ်မှစ၍ ဖ. ဆ. ပ. လ အစိုးရကို သောင်းကျန်းသူများက လက်နက်စွဲကိုင်ပုန်ကန်ကြသည်။ ဖ. ဆ. ပ. လ အစိုးရကို ရန်ကုန်အစိုးရဟု ပြက်ရယ်ပြုကြသည်။ ၁၉၅၀ ပြည့်နှစ်တွင် သောင်းကျန်းသူများလက်တွင် ကျရောက်နေသော မြို့များကို မြန်မာ့တပ်မတော်က တဖြည်းဖြည်း သိမ်းယူနိုင်ခဲ့သည်။

ဂျပန်ခေတ်သုံးနှစ်တာကာလသည် စစ်အတွင်းကာလဖြစ်၍ စာရေးဆရာများ အေးချမ်းသာယာစွာ စာရေးသားနိုင်သည့် အခြေအနေမပေးခြင်း၊ ဂျပန်ကင်ပေတိုင်၏ စောင့်ကြပ်ထိန်းကွပ်မှု အောက်တွင်ဖြစ်၍ လွတ်လပ်စွာရေးသားခွင့်မရခြင်း၊ စက္ကူပုံနှိပ်ပစ္စည်း ရှားပါးမှုတို့ကြုံရခြင်းတို့ကြောင့် ထိုကာလများအတွင်း စာများအထွက်နည်းသည်။ ၁၉၄၃ ခုနှစ်တွင် မင်းဆွေ၏ ဒါး(ဓါး) ဝတ္ထုထွက်သည်။ ထိုဝတ္ထုသည် ဂျပန်ခေတ် စာရေးဆရာအသင်း၏ တစ်ထောင်ဆုရဝတ္ထုဖြစ်သည်။ ဂျပန်၏ ဘူရှီဒိုခေါ် ဓါးဝါဒအသံလွှမ်းမိုးနေသော ခေတ်တွင် မြန်မာ့ဓါးရေးပြဝတ္ထုဖြစ်သည်။ ယိမ်းနွဲ့ပါးဓါးဖြင့် မင်းကြီးရန်နောင်သည် သိဟန်ဘွား၏ အန္တရာယ်ကို ရှင်းလင်းပေးခဲ့သည်။ မင်းကြီးရန်နောင်၏ ရှစ်ဆက်မြောက်အနွယ် မျိုးမြင့်ရန်နောင်၏ လက်သို့ ထိုဓါး ရောက်လာသည်။ ထိုဓါးဖြင့် အင်္ဂလိပ်ကို တိုက်ထုတ်ရန် လှုံ့ဆော်ထားသည်။ ထိုဝတ္ထုသည် မျိုးမြင့်ရန်နောင်၊ စုံထောက်ကိုမြဒင်နှင့် သူ့ချစ်သူ မြင့်မြင့်တို့၏ သုံးပွင့်ဆိုင်အချစ်က အလေးကဲနေသည်။

စာပေနှင့် နိုင်ငံရေးအမြင် ပေါင်းစပ်နိုင်ခြင်း မရှိဟုသုံးသပ်ကြသည်။ မျိုးမြင့်ရန်နောင်သည် မင်းဆွေ၏ ဇာတ်ကောင်များသဘာဝအတိုင်း ဘုဆတ်ဆတ်နိုင်သူဖြစ်သည်။ ဤသရုပ်ဖော်မှု ပင်လျှင် မင်းဆွေ၏ဟန်ဟုပြောနိုင်သည်။ မျိုးမြင့် ရန်နောင်၏ 'အိမ်သည်ကို ဧည့်သည်မစော်ကားရ၊ ရန်သူကိုလက်စားချေလော့. . အာမဘန္တေ' ဟူသော ဘုရားရှိခိုးသည် စာဖတ်သူတိုင်း စိတ်ဝင်စားစေပြီး အိမ်သည်ကို ဧည့်သည် စော်ကားနေသော ခေတ် တစ်လျှောက်လုံး လွှမ်းမိုးထားသည်။ သခင်နု၏ ရက်စက်ပါပေ့ကွယ်ဝတ္ထုသည် အကျဉ်းထောင်ပြုပြင် ရေးဝတ္ထုဖြစ်သည်။ ၁၉၄၄ ခုနှစ်တွင် ဂျာနယ်ကျော်မမလေး၏ သူမ ဝတ္ထုထွက်လာ သည်။ ထိုဝတ္ထုမှာ ဂျာနယ်ကျော် မမလေး၏ ပထမဆုံး ဝတ္ထုဖြစ်ပြီး မိန်းမပျိုတစ်ဦး၏ လေးစားချီးကျူးဖွယ် စိတ်နေစိတ်ထားနှင့် အိမ်မှုလုပ်ငန်းကျွမ်းကျင်မှု စွမ်းရည်ကို ဖော်ကျူးထားသည်။ မြန်မာသဒ္ဒါနယ် တွင် သူမဟူ၍ သုံးနှုန်းထားသော နာမ်စား မရှိပေ။ ထိုဝတ္ထုကို စာရေးသူက သက်သက်-သက်သက် ဟုအမည်ပေးထားသော်လည်း ထုတ်ဝေသူက သူမဟု ပြောင်းလိုက်သောကြောင့်ဟုဦးချစ်မောင်၏အမှာစာ အရ သိရသည်။ ရွှေလင်းယုန်က သူရေးလျှင်၊ ရွှေလင်းယုန်ဇနီးရေးသော ဝတ္ထုဖြစ်၍ သူမဟု အမည်မှည့်ရန် ထုတ်ဝေသူက စိတ်ကူးရခြင်းဖြစ်နိုင် သည်။ ဒဂုန်တာရာ၏ မေ လွှမ်းမိုးမှုလည်းပါလိမ့် မည် ထင်သည်။

၁၉၄၅ ခုနှစ် ဂျပန်တော်လှန်ရေးပြီးသည့် နောက်ဝတ္ထုများထွက်လာသည်။ ၁၉၄၅ ခုနှစ်တွင် ထွက်ပေါ်လာသော ဇဝန၏ ရွှေဝါဆန်ကို အပြော များကြသည်။ စစ်ဘေးကြောင့် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများကို လက်လွှတ်ထားရချိန်တွင် ဆန်စပါး ၏ အရေးပါပုံကို မီးမောင်းထိုးပြထားသောဝတ္ထုဖြစ် ၍ အပြောများကြခြင်းဖြစ်သည်။ သို့သော် ထိုဝတ္ထုမှာ ဝတ္ထုတိုမျှသာဖြစ်သည်။ ၁၉၄၅-၁၉၄၇ ခုနှစ်အတွင်း ထွက်လာသော ဝတ္ထုများမှာ ရဲထွန်းလင်း၏ အရေး တော်ပုံ တပ်သား၊ ရွှေဒုံးဘီအောင်၏ ပြောက်ကျား ၉၊ ဘုန်းကြွယ်၏ ပြောက်ကျားတပ်သား၊ မြဒေါင်းညို ၏ လွတ်လပ်မှ အမျှဝေပါ၊ မင်းဆွေ၏ အချစ်နှင့် တိုင်းပြည်၊ မောင်ထင်၏ ငဘစသည်တို့ဖြစ်သည်။ ပြောက်ကျား တော်လှန်ရေးကြီးဆင်နွှဲပြီးစကာလ၌ ပြောက်ကျား စစ်အကြောင်း နောက်ခံဝတ္ထုများ ပေါ်ထွက်လာသည်မှာ သဘာဝကျသည်။ ခေတ်ကို လည်း ထင်ဟပ်စေနိုင်သည်။ မြဒေါင်းညို၏ လွတ်လပ်မှအမျှဝေပါ ဝတ္ထုမှာမူ အမည်ကပင် ရင်နင့်စေသော ဝတ္ထုဖြစ် သည်။ မောင်ထင်၏ ငဘ မှာမူ ဂန္ထဝင်ဝတ္ထု တစ်နေရာကို ကောင်းစွာရထား သော ဝတ္ထုဖြစ်သည်။ ဂျပန် ခေတ်တစ်လျှောက်လုံး ခါးစည်းခံနေရသော မြန်မာတောင်သူလယ်သမားတို့ ၏ဘဝကို သရုပ်ဖော်ထားသော ဝတ္ထုကောင်းတစ်ပုဒ် ဖြစ်သည်။ ဂျပန်ခေတ်တစ်လျှောက်လုံး ခါးစည်းခံ နေရရုံမျှမက ဂျပန်ထွက်သွားသည့်အခါလည်း တရားမဝင်ဖြစ်သွားသော ဂျပန်ငွေများ ပိုက်မိ လျက်သား ကြုံကြရပြန်သေးသည်။ ဤဝတ္ထုကို စာဖတ်သူများနှင့် ပညာရှင်များကပါ လက်ခံချီးကျူး ကြသည်။ ရာဇဝင်ကို ချွေးနဲ့ရေးမယ်ဆိုတော့ ငန်ငြိငြိ နေမှာပေါ့နော်ဟူသော မောင်ထင်၏ ခပ်ထေ့ထေ့ ရေးဟန်သည် လူတိုင်းနှုတ်ဖျား၌ စိမ့်ဝင်နေပြီး အသက်ဝင်နေသည်ဟု ဆိုနိုင်သည်။

၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံလွတ်လပ်ရေး ရသည်။ ထိုနှစ်တွင် ဘာသာပြန်စာပေအသင်း ဖြစ်သည့် စာပေဗိမာန်က စာပေဆု စတင်ချီးမြှင့် သည်။ ချီးမြှင့်သည့် ဆုမှာလည်း ဝတ္ထုစာပေဆု ဖြစ် သည်။ ဝတ္ထုစာပေတိုးတက်ရေးကို ဦးတည်သည်။ ပထမဆုံးချီးမြှင့်ခံရသည့် ဝတ္ထုမှာ မင်းအောင်၏ မိုးအောက်မြေပြင်ဝတ္ထုဖြစ်သည်။ ထိုနှစ်က ဝတ္ထု ၆၆ ပုဒ်ထွက်သည့်အထဲမှ စံပြုနိုင်သော ဝတ္ထုဖြစ်၍ ဆုချီးမြှင့်သည်။ ကျေးလက်တောရွာပြုပြင်ရေးကို ဆိုရှယ်လစ်ဝါဒ မဏ္ဍိုင်ပြုကာ ဗုဒ္ဓဝါဒနှင့် ညှိနှိုင်း လျက် လုပ်ဆောင်ရမည်ဟု မင်းအောင်က ညွှန်း ထားသည်။

တင့်တယ်သည် စစ်ပြီးခေတ်ပေါ်ထွန်း ခဲ့သော ကလောင်များအနက် အမျိုးသမီးငယ်များ ကြိုက် ကလောင်တစ်ချောင်း ဖြစ်သည်။ ရွှေချစ်ငွေချစ် (၁၉၄၇)၊ ချစ်နိုင်ငံ (၁၉၄၈)၊ ချစ်သက်လက်ဆောင် (၁၉၅၀) တို့ရေးခဲ့သည်။ ရွှေချစ်ငွေချစ်သည် ဖက်ဆစ်ကို တော်လှန်အပြီးပြန်လည်ရောက်ရှိလာသော နယ်ချဲ့ဝါဒအန္တရာယ်ကို မီးမောင်း ထိုးထားသော ဝတ္ထုဖြစ်သည်။ သန်းဆွေက ချစ်ကြွေးမပြေ (၁၉၄၆)၊ လင်းယုန်နီက ချစ်မမ (၁၉၄၈ )၊ မမမြင့် (၁၉၅၀)၊ သာခုက ချစ်စံနမူ (၁၉၄၉) တို့ကို ရေးသည်။ လင်းယုန်နီသည်ချစ်မမကို အစပြုပြီး မောင်စောလွင်၊ မြင့်မြင့်၊ ကိုမြသွယ်၊ အကြွေ၊ ကိုမြင့်ဦး တို့ ပါဝင်သော ချစ်ဝတ္ထုတွဲကြီးကို ခြောက်တွဲဆက် တိုက်ထုတ်ဝေသည်။ သာခု၏ "ချစ်စံနမူ" မှာ မိဘနှင့် သားသမီးဆက်ဆံရေး၊ ပတ်ဝန်းကျင်လူမှုဆက်ဆံရေး၊ အိမ်ထောင်ရေးစသော အယူအဆများကို ဖော်ပြထားသောဝတ္ထု ဖြစ်သည်။ ဆက်လက်ထုတ်ဝေသော ချစ်ဇနီးချစ် လင်၊ ချစ်တက္ကသိုလ်တို့သည် ထိုဝတ္ထု၏ နောက်ဆက်တွဲများဖြစ်သည်။

၁၉၄၉ ခုနှစ်တွင် သိန်းဖေမြင့်၏ လမ်းစပေါ်ပြီ ဝတ္ထုပေါ်ထွက်လာသည်။ ထိုဝတ္ထုသည် နိုင်ငံရေး မျှော်မှန်းချက် ဝတ္ထုတစ်ပုဒ်ဖြစ်သည်။ ကွဲပြားသွားသော နိုင်ငံရေးအင်အားစုများ ပြန်လည် ညီညွတ်ရေးကို ဦးတည်ထားသော ဝတ္ထုဖြစ်သည်။

၁၉၅၀ ပြည့်နှစ်တွင် တက်တိုး၏ မင်းမှုထမ်း ဝတ္ထုကို စာပေဗိမာန်က ဆုချီးမြှင့်သည်။ ဗြိတိသျှ အရာရှိများက လက်အောက်ခံတိုင်းရင်းသား အရာရှိများအပေါ် ချိုးနှိမ်ပြီး မိမိတို့ကိုယ်ကို သခင်ဟုခေါ်ကြောင်းကို ဖော်ပြထားသည့်အပြင် မင်းမှုထမ်းလောကတွင် လာဘ်ပေး၊ လာဘ်ယူ အကျင့်ပျက်ပြားမှုတို့ ပေါ်ပေါက်လာခြင်းတွင် သူတို့သာ တရားခံဖြစ်ကြောင်းပြထားသည်။

ထိုကာလအတွင်း ဗန်းမော်တင်အောင်၏ ဘုန်းမောင်တစ်ယောက်ထဲရယ် (၁၉၄၇)၊ ဒေါက်တာရေချမ်း (၁၉၅၀)၊ မုန်တိုင်းထဲကလူ (၁၉၅၀)



အမျိုးသားစာပေ (ဝတ္ထုရှည်)ဆုရ
တက္ကသိုလ်ဘုန်းနိုင်

ဝတ္ထုများထွက်လာသည်။ ဘုန်းမောင်တစ်ယောက်ထဲရယ် ဝတ္ထုတွင် တော့ကာသာ၊ ဘဲ၊ ရယ် စသော စကားဆက်များလွန်မင်းစွာ လွှမ်းမိုးနေသည့် စကားပြေရေးဟန်ကို အပြောများကြသည်။ မင်းရှင်၏ မေ့ဘူးကွယ့်သက်လှယ်ရယ် (၁၉၄၈)၊ သန်းဆွေ၏ သံသာလေကမ်းတိုင် (၁၉၅၀)၊ တက္ကသိုလ်နန္ဒမိတ်၏ နန္ဒာပုလဲ (၁၉၅၀)၊ ဂျာနယ်ကျော်တင့်ဆွေ၏ ကမ္ဘာဖြူ (၁၉၅၀) ဝတ္ထုတို့လည်း ပေါ်ထွက်လာသည်။ မေ့ဘူးကွယ့်သက်လှယ်ရယ်နှင့် သံသာလေကမ်းတိုင်တို့ကို အချစ်ဝတ္ထုများအဖြစ် တမ်းတမ်းတတရှိကြသည်။ ကမ္ဘာဖြူမှာမူ သိပ္ပံဝတ္ထုဖြစ်သည်။ မြန်မာ့ပင်ကိုယ်ရေးရှေးဦးသိပ္ပံဝတ္ထုဟု အကဲဖြတ်သူများက မှတ်တမ်းတင်ကြသည်။

စာပေဗိမာန်သည် မြန်မာစာပေတိုးတက်ရေး အတွက် ဝတ္ထုဆုချီးမြှင့်နေရာမှ ၁၉၅၁ ခုနှစ်တွင် စာပဒေသာဆုတိုးချဲ့ချီးမြှင့်သည်။ ၁၉၅၂ ခုနှစ်တွင် ဘာသာပြန်ဆု၊ ၁၉၅၃ ခုနှစ်တွင် သုတပဒေသာဆု၊ ၁၉၅၈ ခုနှစ်တွင် ဝတ္ထုတို၊ ကဗျာနှင့် ပြဇာတ်ဆုစသည့်ဖြင့် တိုးပြီးချီးမြှင့်သည်။ ၁၉၅၃ ခုနှစ်တွင် ရှုမဝမဂ္ဂဇင်းက ဝတ္ထုဆုစတင်ချီးမြှင့်ပြီး ၁၉၆၂

ခုနှစ်ထိ ချီးမြှင့်သည်။ ၁၉၅၄ ခုနှစ်တွင် ချိုတေးသံမဂ္ဂဇင်းက ဝတ္ထုဆုချီးမြှင့်သည်။ ၁၉၅၇ ခုနှစ်တွင် ဘားမားစတားစာစောင်ကလည်း ဝတ္ထုဆု ချီးမြှင့်ပြန်သည်။ ချိုတေးသံနှင့် ဘားမားစတားတို့သည် တစ်ကြိမ်သာကျင်းပနိုင်ကြသည်။ ဤဆုများသည် ဝတ္ထုတိုးတက်လာရေးအတွက်များစွာ အထောက်အကူပြုသည်။ ရှုမဝ၊ ချိုတေးသံနှင့် ဘားမားစတား ဝတ္ထုဆုမှာ ဝင်ရောက်ယှဉ်ပြိုင်ရသော စာမူကို ဆုချီးမြှင့်ခြင်းဖြစ်သည်။

လက်နက်ကိုင်အဖွဲ့အစည်းပေါင်းစုံ၏ ထိုးနှက်မှုကြောင့် အစိုးရအဖွဲ့မလှုပ်သာမလူးသာရှိနေရသောအချိန်မှ မြန်မာ့တပ်မတော်၏စွမ်းရည်ကြောင့် လက်လွှတ်ထားရသောမြို့များ၊ နယ်များကို ပြန်လည်စုစည်းသိမ်းပိုက်မိသည်။ ထိုအတွေ့အကြုံသည် မြန်မာ့တပ်မတော်၏အရည်အသွေးကို ပြည်သူများ ယုံကြည်အားကိုးမှုကိုဖြစ်ပေါ်စေသည်။ ထိုအချိန်ထိုကာလ၌ ပြည်သူများယုံကြည်အားကိုးမှုရထားပြီးဖြစ်သော မြန်မာ့တပ်မတော်သားများသည်လည်း ပြည်သူ၏ ယုံကြည်မှုခံရစေနိုင်သည့် စိတ်ဓာတ်နှင့် အမူအကျင့်များရှိရန်လိုအပ်သည်။ ထိုလိုအပ်ချက်များကိုရည်ညွှန်း၍ သာဓုက တပ်ထဲက မြတ်ကိုကို ဝတ္ထု (၁၉၅၁) ကို ရေးသားထုတ်ဝေသည်။ ထိုဝတ္ထုသည် ထိုနှစ်အတွက် စာပေဗိမာန်ဆုရရှိသည်။

တင်စိုးသည် သစ္စာမဏ္ဍိုင် (၁၉၅၁) ဝတ္ထုကို ထုတ်ဝေသည်။ ထိုဝတ္ထုကို ဝတ္ထုအတတ်ပညာ ပိုင်း၌ အားနည်းသည်ဟု ဝေဖန်ကြသည်။ သို့သော် ဝတ္ထု၏ ဇာတ်လမ်းဇာတ်အိမ်သည် ထူးခြားသည်။ အရင်းရှင်အိမ်ထောင်ရေးစနစ်ကို ပေါ်လွင်အောင်ဖော်ပြနိုင်သည်ဟုလည်း ဝေဖန်ကြသည်။ ၁၉၃၀ ပြည့်နှစ်မှ ၁၉၄၉ ခုနှစ်ပေါ်ပေါက်ခဲ့သော နိုင်ငံရေးဖြစ်စဉ်များထဲတွင် အဓိကဇာတ်ဆောင်ဒွေးမြင့်နှင့် ကြည်လေးတို့ ပါဝင်လှုပ်ရှားနေရပုံများ ထည့်သွင်း၍ စာပေသစ်အယူအဆကို ထောက်ခံရေးသားထားသည်တို့လည်းပါသည်။ အမျိုးသမီးဇာတ်ဆောင် ကြည်လေးသည် ၁၉၄၉ ခုနှစ် သပိတ်တားမှုကြောင့် အဖမ်းခံရသည်။ သူ၏ချစ်သူ ဒွေးမြင့်က သူ့ဘဝ ကိုရည်စူးပြီး ပြည်သူ့သမီးဝတ္ထုကို ရေးနေသည်။ ကြည်လေး၏ မပြီးဆုံးသေးသော လွတ်လပ်ရေးတိုက်ပွဲနှင့် ဝတ္ထုကို အဆုံးသတ်ရမည်ဖြစ်၍ အဆုံးမသတ်နိုင်သေး။ ကြည်လေးထောင်မှ လွတ်လာသည်ကို ကြားသိရသောအခါ ဒွေးမြင့်သွားတွေ့သည်။ ကြည်လေးတောခိုသွားသည်။ သူတို့နှစ်ဦး၏ အချစ်ကို အေးချမ်းသာယာသော လောကတွင် တည်ဆောက်ရန် သစ္စာမဏ္ဍိုင်ပြုသွားသည်ဟုဆိုပြီး နိဂုံးချုပ်ထားသည်။ ထိုခေတ် ထိုအချိန်က ထိုဝတ္ထုကို တိုးတက်သောအမြင်ဖြင့် ရေးသားသော ဝတ္ထုဟူ၍ နေရာပေးကြသော်လည်း စင်စစ်ထိုဝတ္ထုသည် မြန်မာနိုင်ငံလွတ်လပ်ရေးကို အသိအမှတ်မပြုလိုသော ကွန်မြူနစ်ပါတီ၏ အယူအဆအာဘော်ကို ထင်ဟပ်နေသောဝတ္ထုဖြစ်သည်။

တင့်တယ်၏ ကမ္ဘာ့ဖလ (၁၉၅၁) သည် လှိုဏ်ဝှက်ဆန်းကြယ်ရေးဟန်မျိုးဖြင့် ရေးထားသော ဝတ္ထုဖြစ်သည်။ သို့သော် စုံထောက်ဝတ္ထုမျိုးတော့ မဟုတ်ပေ။ ကံတရား၏ဆန်းကြယ်မှုကို ရေးဖွဲ့ထားခြင်းဖြစ်သည်။ နန္ဒ၏ သံနှင့် သွေး (၁၉၅၁) သည် သီပေါမင်းနန်းမတက်မီနှင့် နန်းကျပြီးကာလ တံတားဦးနယ်သားများ၏ အချစ်ရေး၊ လူမှုရေး၊ နိုင်ငံရေးလှုပ်ရှားမှုတို့ကိုရေးဖွဲ့ထားသည်။ ဂျာနယ် ကျော်မမလေး၏စိတ် (၁၉၅၁) မှာမူ အမျိုးသမီးတစ်ဦး၏ ဘဝကိုရဲရဲဝံ့ဝံ့ရင်ဆိုင်သည့်အမူအရာကို ရေးဖွဲ့ထားသည်။

၁၉၅၂ ခုနှစ်နှင့် ၁၉၅၃ ခုနှစ်တို့တွင် စာပေဗိမာန်က ဝတ္ထုဆုမချီးမြှင့်နိုင်ချေ။ ဆုချီးမြှင့်နိုင်ခြင်း မရှိသော်လည်းဝတ္ထုများထွက်လျက်ရှိသည်။ ၁၉၅၂ ခုနှစ်တွင် ဂျာနယ်ကျော်မမလေး၏ ကမ္ဘာ မြေဝယ်၊ သခင်မြသန်း၏ မမိုးစွေ (၁၉၅၂)၊ နန္ဒ၏ ဤဘဝဤမျှသာ၊ ကိုကို၏ လင်းလုပါပြီ၊ ဗန်းမော်တင်အောင်၏ သူပုန်ကြီးဝတ္ထုတို့ ထွက်ပေါ်လာသည်။ လင်းလုပါပြီဝတ္ထုသည် အမျိုးသားညီညွတ်ရေးနှင့် ဆိုရှယ်လစ်ဦးတည်ချက်ကို ရည်မှန်းသည်။ စာရေးသူသည်

သူ၏ ခံယူချက်နှင့် အနာဂတ်မျှော်မှန်းချက်များကို လည်း ဝတ္ထု၏ဦးတည်ချက်အဖြစ် ရဲရင့် ပြတ်သားစွာ ထည့်သွင်းထားသည်။ ဖဆပလနှင့် ကွန်မြူနစ် ညီညွတ်ရေးကို ဦးတည်သည်။ ဗန်းမော်တင်အောင်၏ သူပုန်ကြီးဝတ္ထုသည်လည်း နိုင်ငံရေးနောက်ခံ ဝတ္ထုပင်ဖြစ်သည်။ သာယာဝတီ လယ်သမား သူပုန်ခေတ်မှ ၁၉၅၀ ပြည့် ကာလအထိ အဖိနှိပ်ခံရသော ပစ္စည်းမဲ့ တစ်ယောက်၏ဘဝကို သရုပ်ဖော်သည်။ ထိုဝတ္ထုကြောင့် ဗန်းမော်တင်အောင်အဖမ်းခံရသည်။

၁၉၅၃ ခုနှစ်တွင် စာပေဗိမာန်က ဆုမချီးမြှင့်နိုင်သော်လည်း ရှုမဝမဂ္ဂဇင်းတိုက်က စတင်ချီးမြှင့်သည့် ရှုမဝ ဝတ္ထုဆုကို ငွေလင်းက ဤယမုံဝတ္ထုဖြင့်စတင်ရရှိသည်။ အညာကျေးလက်ဒေသ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သောလိုသောစေတနာဖြင့် ရေးဖွဲ့ထားသောဝတ္ထုဖြစ်သည်။ အညာကျေးလက် သူရွှေပုံ၏ ဘဝ သို့မဟုတ် ဒုက္ခသုက္ခအဖုံဖုံကို နာကျည်းထိခိုက် ဖွယ်ဖွဲ့နွဲ့ထားသော အချစ်အလွမ်းဝတ္ထုဖြစ်သည်။

၁၉၅၃ ခုနှစ်တွင် ပေါ်ပေါက်လာသောဝတ္ထုတစ်ပုဒ်မှာ ကြည်အေး၏ နွမ်းလျအိမ်ပြန် ဖြစ်သည်။ ၁၉၅၃ ခုနှစ် ဇန်နဝါရီလထုတ် ရှုမဝမဂ္ဂဇင်းတွင် ဖော်ပြခဲ့သောဝတ္ထုဖြစ်သည်။ မိမိရောက်ရှိနေသော ဘဝတွင် စိတ်ချမ်းသာမှုကိုမရနိုင်ခဲ့သော တင်မေ၊ ငယ်စဉ်ကတည်းက မိဘနှင့် တကွဲတပြားစီနေရသောတင်မေ၊ မိဘအိမ်တွင် အတူနေရသော်လည်း သာယာချမ်းမြေ့မှုမကြုံရသော တင်မေ၏ ဘဝကို ရေးဖွဲ့သည်။

ထိုဝတ္ထုသည် ထိုစဉ်ကပင် တင်မေ၏ အယူအဆများကြောင့် ဝေဖန်မှုများပေါ်ထွက်ခဲ့သည်။ ယောကျ်ားတစ်ဦးနှင့် လက်မထပ်ဘဲအတူနေသည်။ ဤသို့နေရခြင်းအပေါ်လည်း မည်သို့မျှ မခံစားရ။ ယောကျ်ား တစ်ယောက်နှင့် အတူနေထိုင်ရန် စီစဉ်ကြစဉ် မိဘ ထံခွင့်တောင်းရမည်ဆိုသည်ကိုပင် သတိမရသူ ဖြစ်သည်။

မလိခသည် မိုးဝေမဂ္ဂဇင်းတွင် မြန်မာဝတ္ထုအညွှန်းကို ရေးသည်။ ၁၉၇၀ ပြည့်နှစ်တွင် ကြည်အေး၏နွမ်းလျအိမ်ပြန်ဝတ္ထုကိုရေးသည့်အခါ နိုင်ငံတကာနှင့်ပမာပြု၍ပြောရလျှင်ကြည်အေးသည် မြန်မာစာပေတွင် အစောဆုံးနှင့် အထင်ရှားဆုံးသော အိတ်ဇစ်စတင်ရှယ်လစ် (Existentialist) တစ်ဦးဖြစ်သည်ဟုဆိုရပါမည်ဟုသုံးသပ်သည်။ နွမ်းလျအိမ်ပြန်သည် ဝတ္ထုရှည် (Novel) တစ်ပုဒ်ထက် ဝတ္ထုလတ် (Novelette) ဟုသာဆိုနိုင်ပါသည်။

၁၉၅၄ ခုနှစ်တွင် စစ်ကိုင်းဦးဘိုးသင်း၏ ငမဲ(မည်း)ကျွန် ဝတ္ထုစာပေဗိမာန်ဆုရသည်။ စိန်စိန်၏ သားလိမ္မာက ရှုမဝဆုရပြီး မျိုးမြင့်ခင်၏ "ဖြူ"ဝတ္ထုက ချိုတေးသံဆုရရှိသည်။ ထိုနှစ်တွင် တင်စိုး၏ ချိုတေးသံရှင်နှင့် လေးမေ့ချစ်သူဝတ္ထု၊ လင်းယုန်သစ်လွင်၏ ဘုံကျွန်ဝတ္ထုတို့ ထွက်ပေါ်လာသည်။ ဘုံကျွန်ဝတ္ထုသည် လယ်ကူလီသားနင်းပြားတစ်ယောက် ရုန်းကန်ကြိုးစားရင်း နစ်သထက်နစ်လာသော ဘဝကို ရေးဖွဲ့ထားသည်။ တောင်သူလယ်သမားများ၏ ဘဝကို ဖော်ကျူးနိုင်သည့်သရုပ်မှန် ဝတ္ထုတစ်ပုဒ်ပင်ဖြစ်ပြီး ရိုးရိုးနှင့် ဆွဲဆောင်နိုင်သည်။

၁၉၅၅ ခုနှစ်တွင် ပြည့်စုံ၏ ပန်းရုံ၊ မိုးဝေ၏ နိုင်သူမျက်ရည် ဝတ္ထုများထွက်သည်။ ထိုနှစ်တွင် ဂျာနယ်ကျော်မမလေး၏ မုန်း၍မဟူသည် စာပေဗိမာန်ဆုရပြီး၊ မောင်သိန်း၏ သိကြားစေသည် ရှုမဝဆုရသည်။ မုန်း၍မဟူဝတ္ထုသည် ဓလေ့စရိုက်မတူသူနှစ်ဦး၏ အိမ်ထောင်မှုဘဝ အဆင်မပြေနိုင်ပုံကို ရေးဖွဲ့သည်။ မြန်မာ့ယဉ်ကျေးမှုဘဝနှင့် ရိုးရာဆက်ဆံရေးတွင်အနောက်တိုင်းအလေ့အထများ၏အန္တရာယ်ကို ဖော်ကျူးသည်ဟု အကဲဖြတ်သူများက မှတ်ချက်ပြုသည်။ သိကြားစေဝတ္ထုမှာမူ ဝန်ထမ်းလောက၏ အောက်တန်းအလွှာများဘဝကို ရေးဖွဲ့ထားသောဝတ္ထုဖြစ်သည်။ ယင်းအညတရဘဝကို ဖော်ပြရာမှာလည်း သရုပ်ပေါ်လှသည်ဟု မှတ်ချက်ပြုပြီး ဆုချီးမြှင့်ခြင်းဖြစ်သည်။

၁၉၅၆ ခုနှစ်အတွင်း လင်းယုန်သစ်လွင်၏ ဆိုက္ကားသမား၊ ရွှေအေး၏ ခင်ဥမ္မာ၊ နတ်နွယ်၏ အပြာဝတ္ထုများထွက်လာသည်။ ပုလိပ်အရာရှိ တစ်ဦး၏ ကိုယ်တွေ့စုံထောက်မှုသည် ထိုနှစ်အတွက် စာပေ



(၁)မြကြာဖြူဝတ္ထုရေးခဲ့သူ ခင်နှင်းယု
(၂)မုန်း၍မဟူဝတ္ထုရေးခဲ့သူဂျာနယ်ကျော်မမလေး
(၃)တို့တိုင်းဌာနီဝတ္ထုရေးခဲ့သူ ခင်ဆွေဦး

ဗိမာန်ဆုရရှိသည်။ ၁၉၅၇ ခုနှစ် တွင် လူထုဦးလှ၏ "လေနှင့်အတူ" ဝတ္ထုထွက်လာသည်။ ဘဝကိုရုန်းကန်လှုပ်ရှားရင်းလေနှင့်အတူလွင့်မျောနေသောမောင်ညိုတစ်ယောက် အကျဉ်းထောင်သို့ အကြိမ်ကြိမ်ရောက်ခဲ့ပုံများကို ရေးဖွဲ့ထားသည်။ထိုဝတ္ထုသည်ဇာတ်လမ်း၊ ဇာတ်အိမ်၊ ဇာတ်ကောင်တို့ဖြင့် ရေးဖွဲ့ထားသောဝတ္ထုမဟုတ်။ ဘဝကိုမေးမြန်းမှတ်တမ်းတင်ထားသောဝတ္ထုဖြစ်သည်။ မူဝံ၏ "ဂွမ်းပုံ"လည်း ထိုနှစ်တွင်ပင်ထွက်သည်။ စာပေဗိမာန်ဆုရသည်။ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီကာလလယ်ယာမြေစနစ်ကိုနောက်ခံထားလျက် မြေယာလုပ်သားများနှင့် မြေရှင်အရင်းရှင်ပေါက်စတို့၏ ပဋိပက္ခကို ဖော်ညွှန်းဖွဲ့ဆိုထားသည်။ ဘားမားစတားမှပေးသောဆုကိုစိန်စိန်က"လွမ်းသစ္စာ" ဝတ္ထုဖြင့်ရရှိသည်။

၁၉၅၈ ခုနှစ်တွင် အောင်လင်း၏ "ပစ်တိုင်းထောင်" ဝတ္ထုထွက်သည်။ အောင်လင်းက ထိုဝတ္ထုသည်သူ၏ ပထမဆုံးသရုပ်ဖော်ဝတ္ထုဟု အမှာစာဖြင့်ဆိုထားသည်။ မြို့နေဆိုက္ကားဆရာ၊ ဘတ်စ်ကားသမားနှင့် မိန်းမပျက်များ၏ဘဝကို တွေ့မြင်ရသည်။ ခင်နှင်းယုက "မျှော်လင့်လို့ဖြင့် မဆုံးနိုင်တယ်" ဝတ္ထုဖြင့် ပုဂံဘုရားကျွန်များ၏ ဘဝအခြေအနေကို ရေးဖွဲ့ထားသည်။ ထိုနှစ်တွင် တက္ကသိုလ်ဘုန်းနိုင်၏ "သူ့ကျွန်မခံပြီ" ဝတ္ထုထွက်လာသည်။ မြဝတီမဂ္ဂဇင်းတွင် အခန်းဆက်ရေးခဲ့သောဝတ္ထုကို ထုတ်ဝေခြင်းဖြစ်သည်။ ပါတော်မမူမီကာလနှင့် ပါတော်မူစ ကာလက သူ့ကျွန်မခံလိုသည့် မြန်မာတို့၏ အားမာန်ကို ရေးဖွဲ့ထားသည်။ ဒေါက်တာ ထွန်းရွှေက "နှောင်းချစ်ဝေ့လယ်" ဝတ္ထုကို ထုတ်ဝေသည်။ ဆေးပညာနောက်ခံဝတ္ထုဖြစ်ပြီး ဖိုမ မဆက်ဆံဘဲ သန္ဓေလွယ်စေနိုင်သည့် ဆေးပညာမျှော်မှန်းချက်ကို ဦးတည်ရေးထားသော ဝတ္ထုဖြစ်သည်။ လေ့လာမိသမျှအစောဆုံးဆေးပညာ နောက်ခံဝတ္ထုဖြစ်သည်။ မြဝတီမဂ္ဂဇင်းတွင် သိန်းဖေမြင့်က အခန်းဆက်ဝတ္ထုအဖြစ်နှစ်နှင့်ချီ၍ ရေးသားခဲ့သော "အရှေ့ကနေဝန်းထွက်သည့်ပမာ" ဝတ္ထုထွက်လာသည်။ ထိုနှစ်အတွက်စာပေဗိမာန်ဆုရသည်။ ယင်းဝတ္ထုသည် ၁၉၃၆ ကျောင်းသားလှုပ်ရှားမှုမှစ၍ ၁၉၄၂ ခုနှစ်ထိ ဖက်ဆစ်တော်လှန်ရန်စည်းရုံးနေကြပုံများအထိ ရေးသားထားသော မြန်မာ့နိုင်ငံရေးဝတ္ထုဖြစ်သည်။ အမှာစာအရ ပင်မနောက်ခံသမိုင်းရှိပြီး ဇာတ်လမ်းအလိုကျဇာတ်ကောင်များ ပေါ်ထွန်းလာခြင်းဖြစ်ကြောင်း သိနိုင်သည်။ မြန်မာဝတ္ထုရှည်ကြီးများသမိုင်းကိုရေးလျှင်လည်း ချွင်းချန်ထား၍မရနိုင်သော ဂန္ထဝင်ဝတ္ထုရှည်ကြီးတစ်ပုဒ်လည်းဖြစ်သည်။

၁၉၅၉ ခုနှစ်တွင် ခင်နှင်းယု၏ "မွှေး" ဝတ္ထုထွက်ခဲ့သည်။ အမျိုးသမီးတစ်ဦး၏ အိမ်ထောင်ရေးနှင့်ပတ်သက်သည့် ရင်တွင်းခံစားချက်ကို လှပသိမ်မွေ့စွာဖော်ကျူးထားသောဝတ္ထုတစ်ပုဒ်ဖြစ်သည်။

၁၉၆၀ ပြည့်နှစ်တွင် အောင်လင်း၏"အရိုင်းစံပယ်" ဝတ္ထုနှင့် ဇန်းမော်တင်အောင်၏ "မမကြီး" ဝတ္ထုနှစ်အုပ်ပူးတွဲ၍ စာပေဗိမာန်ဆုရသည်။ အရိုင်းစံပယ်ဝတ္ထုမှာ ဂီတအနုပညာကို ယုံကြည်ချက်ဖြင့် လေးလေးစားစား တီးခတ်နေသူတစ်ဦးနှင့် သူ့ထံမှ ဂီတသင်ယူသူအမျိုးသမီးတစ်ဦး၏မေတ္တာဇာတ်လမ်းဖြစ်သည်။ အနုပညာသဘောတရားနှင့် အချစ်

အဘိဓမ္မာတို့ကိုလည်းထည့်သွင်း ဆွေးနွေးထားသည်။ မမကြီးဝတ္ထုမှာမူအိမ်ထောင်ရေးဘဝသရုပ်ဖော် ဝတ္ထုဖြစ်သည်။ အိမ်ထောင်မှုတွင် အစမကောင်းပါက အနှောင်းမသေချာဖြစ်တတ်ပုံတို့ကို သတိပေးထားသည်။

၁၉၆၁ ခုနှစ်တွင် မြန်မာဝတ္ထုနှင့် စပ်လျဉ်း၍ ပြောစရာအချက်တစ်ချက်ရှိသည်။ မြန်မာနိုင်ငံတွင် စစ်ကြိုခေတ်က တစ်မူးတန်၊ တစ်မတ်တန်ဝတ္ထုများ ပေါ်ထွန်းခဲ့သည်။ ထိုဝတ္ထုများကို ၁၉၇၂ ခုနှစ်တွင် စာပေဗိမာန်က ကြီးမှူးကျင်းပသော နိုင်ငံတကာ စာအုပ်နှစ်အထိမ်းအမှတ် စာတမ်းဖတ်ပွဲတွင်ဝတ္ထုတို အဖြစ်သတ်မှတ်ပြီး ဆရာသုခကစစ်ကြိုခေတ် (တစ်မူးတန်) မြန်မာဝတ္ထုတိုများ ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ခဲ့သည်။ ၁၉၆၁ ခုနှစ်တွင်မူ ပြား ၆၀ တန် ဝတ္ထုများ အင်နှင့်အားနှင့် ထွက်ပေါ်ခဲ့သည်။ ၁၉၆၂ ခုနှစ်ထိ ဖြစ်သည်။ ထိုပြား ၆၀ တန် ဝတ္ထုများသည် ၁၂ စမ× ၁၈ စမ အရွယ်ဖြင့် စာမျက်နှာ ၈၀ မှ ၁၀၀ ကျော်မျှထိ ပါဝင်ကြသည်။ ထိုဝတ္ထုများသည် ဤစာတမ်းအရ ဖော်ညွှန်းလိုသော ဝတ္ထုရှည်များဖြစ်သလားဟူသော မေးခွန်းကို မေးရန်လိုလာသည်။ ထိုဝတ္ထုများ၏ စာမျက်နှာပမာဏသည် ကြည်အေး၏ နွမ်းလျအိမ်ပြန်ထက်ပင်များနေသေးသည်။ ကမ္ဘာ့စံနှင့်ဆိုရလျှင် ဟဲမင်းဝေး (Ernest Hemingway) ၏ ပင်လယ်ပြာနှင့် တံငါအို (The Old Man and the Sea) ကိုပင် ဝတ္ထုရှည် (Novel) စာရင်းမသွင်းလိုကြဘဲဝတ္ထုလတ် (Novelette) စာရင်းသွင်းထားကြရာ၊ ထိုပြား ၆၀ တန် ဝတ္ထုများကိုလည်း ဝတ္ထုလတ်အဖြစ် စာရင်းတင်သင့်သည်ဟု ယူဆပါသည်။ ထိုဝတ္ထုများသည် အများအားဖြင့် အပျော်ဖတ်ဝတ္ထုများသာဖြစ်သည်။ သို့သော် သန်းဆွေ၏ တောစံပယ်၊လင်းယုန်သစ်လွင်၏လေးခင်ခင်၊မောင်သင်၏ ချစ်သော အညို၊ ခင်နှင်းယု၏ စိမ်းသင့်မှုစိမ်း၊ မင်းဆွေ၏ စနေမစသော ဖတ်ပျော်သည့် ဝတ္ထုများပါသကဲ့သို့ မေမြို့မောင်၏ ရှင်လူအ၊ မောင်ကကြီး၏ မှောင်တကာ့မှောင်ကဲ့သို့သော ကိလေသာနယ်၌ တရစ်ဝဲဝဲ လယ်နေသော ဝတ္ထုများလည်းပါသည်။

ထိုကာလတွင် စုံထောက်ဝတ္ထုများလည်း အတော်အသင့်ထွက်လာသည်။ မိုးဝေ၊ စစ်ကိုင်းအေးလွင်၊ ရဲစိုး၊ လင်းယုန်သစ်လွင်တို့ဖြစ်သည်။ မိုးဝေက စုံထောက်တင်မောင်ဆွေကိုမွေးသည်။ လင်းယုန်သစ်လွင်က ဦးဇော်မင်းကိုဖန်တီးသည်။ စုံထောက်ဝတ္ထုများသည် ရွှေဥဒေါင်း၏ စုံထောက်ဦးစံရှားနှင့် ဒဂုန်ရွှေမျှား၏စုံထောက်ဦးထင်ကျော်တို့၏ လွှမ်းမိုးမှုကြောင့် ရေးဖြစ်ကြခြင်းဖြစ်သည်။ စုံထောက်ဝတ္ထုများသည် ရာဇဝတ်ဘေးပြေးမလွတ်ဟူသော ဦးတည်ချက်တစ်ခုကို အရင်းခံထားကာ ဇာတ်လမ်း၊ ဇာတ်ကွက်အမျိုးမျိုးဖြင့် ရေးတတ်ကြသည်။ စုံထောက်ပုံစုံထောက်နည်း အသွယ်သွယ်တို့ဖြင့် ထောက်လှမ်းကြသည်။ စာဖတ်စလူငယ်များအတွက် စာဖတ်ချင်စိတ်ပေါက်အောင် စေ့ဆော်မှုတွင် အကျိုးရှိနိုင်သည်မှလွဲ၍ အခြားဘာမျှ မရှိနိုင်ပေ။ မြန်မာနိုင်ငံ၌ စုံထောက်ဟူသော လုပ်ငန်းကို ပုဂ္ဂလိကလုပ်လည်းမလုပ်ကြ၊လုပ်နိုင်ရန်အခွင့်အရေးလည်းမရှိ၊ မြန်မာ့ဥပဒေစနစ်ကလည်း ခွင့်မပြုသည့်အတွက် စုံထောက်ဝတ္ထုများသည် ဒိဋ္ဌဓမ္မလောကနှင့် ကင်းကွာသည်ဟူသော အကြောင်းပြချက်တစ်ခုတည်းနှင့်ပင် လုံလောက်ပါသည်။

၁၉၆၁ ခုနှစ်တွင် ဒေါက်တာထွန်းရွှေ၏ သက်ဝေမကျော့သည် စာပေဗိမာန်ဆုရရှိသည်။ ဆေးပညာနောက်ခံဝတ္ထုတစ်ပုဒ်ပင်ဖြစ်သည်။ ခင်ဆွေဦး၏ နယ်ခြဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးနှင့် တရုတ်ဖြူတိုက်ထုတ်ရေးတို့ကို နောက်ခံထားလျက် ဦးတည်ချက်စေတနာပါသော ဒို့တိုင်း၌ာနီဝတ္ထု၊ ဖက်ဆစ်တော်လှန်ရေးနှင့် ကရင်မြန်မာစည်းလုံးရေးကို နောက်ခံထားရေးဖွဲ့ထားသည့် စောဦး၏ တမိုးသောက်သော်ဝတ္ထုတို့ ထွက်ခဲ့သည်။

၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် နိုင်ငံတော်အာဏာကို တပ်မတော်က ထိန်းသိမ်းလိုက်ပြီး တော်လှန်ရေးကောင်စီဖွဲ့စည်းသည်။ ၃၀-၄-၆၂ နေ့တွင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၏ဝါဒသဘောထားကြေညာချက်ကို ထုတ်ပြန်သည်။ ၄-၇-၆၂ နေ့တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို

အမြုတေပါတီအဖြစ် ထူထောင်ကြောင်း ကြေညာသည်။ ၁၉၆၂ ခုနှစ်၊ နိုဝင်ဘာလ (၁၇) နေ့မှ (၂၁) ရက်နေ့အထိ တော်လှန်ရေးကောင်စီက ကြီးမှူးကျင်းပသော အမျိုးသားစာပေညီလာခံကို ကမ္ဘာအေးကုန်းမြေ၌ ကျင်းပခဲ့သည်။ အမျိုးသားစာပေညီလာခံတွင် အဖွဲ့အစည်းပေါင်းစုံမှ စာရေးဆရာ၊ ကဗျာဆရာ များ၊ စုပေါင်းပါဝင် ဆွေးနွေးကြသည်။ စာရေးဆရာများက စာတမ်း ၁၅ စောင်တင်သွင်းဖတ်ကြားပြီး တက်ရောက်လာသူများက ဆွေးနွေးကြသည်။ ထိုသို့ ဆွေးနွေးကြချိန်က နိုင်ငံတော်သည် မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် ဆိုရှယ်လစ်လောကသစ်ဆီသို့ ချီတက်မည်ဟု နိုင်ငံရေးလမ်းစဉ် ကြေညာနေသော အချိန်ဖြစ်သည်။ ဆွေးနွေးပွဲပြီးသည့်နောက် အမျိုးသားစာပေညီလာခံကကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ ကြေညာချက်တွင်

> 'ကျွန်ုပ်တို့စာရေးဆရာများသည် တောင်သူလယ်သမား၊ အလုပ်သမားနှင့် ပညာရှင်များပါဝင်သော ပြည်သူလူထုထဲမှ အလွှာတစ်လွှာဖြစ်ရာ၊ ပြည်သူလူထုဘဝလွတ်မြောက်ရေး တိုက်ပွဲများတွင်ဆိုင်ရာ အခန်းကဏ္ဍမှ ပါဝင်ကြမည်ဖြစ်ပြီး၊ ဘဝသစ်ကိုလည်း ဆိုင်ရာကဏ္ဍမှ ပါဝင်ဖန်တီးကြမည်ဖြစ်၏။ ×××× ကျွန်ုပ်တို့သည် တောင်သူလယ်သမား၊ အလုပ်သမားများနှင့် လူမျိုးစုများ ညီညွတ်ရေးနှင့် စည်းရုံးရေးသည် အရေးကြီးပေသည်။ ယင်းလုပ်သားပြည်သူလူထုအား ရှေးရှုသော စာပေလှုပ်ရှားမှုကြီးတစ်ရပ်ပေါ်ထွန်းရေးအတွက် စာရေးဆရာနှင့် စာပေလောက ညီညွတ်ရေး၊ စည်းရုံးရေးတို့ကို စွမ်းအားရှိသမျှ ဆောင်ရွက်သွားမည်' စသည်ဖြင့် ပါဝင်သည်။

ယခင်က စာရေးဆရာများသည် တောင်သူလယ်သမား၊အလုပ်သမားများ၏ အရေးကိစ္စများကို၀တ္ထုများ၌ထည့်သွင်းရေးလေ့ရှိကြ၏။ ဤသို့ ရေးသားကြခြင်းမှာ ၎င်းတို့၏ယုံကြည်ချက်နှင့် မျှော်မှန်းချက်သာဖြစ်သည်။ ၁၉၆၂ ခုနှစ်မှစ၍ အလုပ်သမား၊ တောင်သူလယ်သမားများအကြောင်းကို ဇာတ်အိမ်ဖွဲ့၍ ရေးကြခြင်းမှာ နိုင်ငံရေးလမ်းစဉ်မူဝါဒနှင့်အညီ ရေးသားခြင်းအဖြစ် အသွင်ပြောင်းသွားသည်။


၁၉၆၂ ခုနှစ်တွင် စောဦး၏ တမိုးသောက်သော်၊ ရောင်နီ၏ ဆောင်း၊ ခင်နှင်းယု၏ ပန်းပန်လျက်ပါ၊ နတ်နွယ်၏ တကွေ့တော့တွေ့ကြဦးမည် စသည့် ၀တ္ထုများသည် ထင်ရှားသည်။ ထိုနှစ်တွင် လင်းယုန်သစ်လွင်၏ သီတာသောင်ခြေဦး ဝတ္ထုကို စာပေဗိမာန်အဖွဲ့က အနုပညာဆိုင်ရာ စာပေဆုတွင် ၀တ္ထုရှည်ဆုချီးမြှင့်သည်။ တစ်ချိန်က တံငါလုပ်ငန်းဟုသုံးနှုန်းပြီး အလေးမူခြင်းမခံရသော ရေလုပ်သားများ၏ ဘဝကို ရေးဖွဲ့ထားသည်။

၁၉၆၃ ခုနှစ်တွင် အနုပညာဆိုင်ရာစာပေဆုကို စာအုပ်သာမက၊ စာမူပါတင်သွင်းယှဉ်ပြိုင်ခွင့်ပြုပြီး၊ ဆုကိုလည်း ပထမဆုမှ စတုတ္ထဆုထိ ၄ ဆုချီးမြှင့်သည်။ ၁၉၆၃ ခုနှစ်အတွက် ၀တ္ထုရှည် ဆုကို စိန်စိန်၏ လွမ်းသစ္စာတိုင်၊ ဦးအောင်သိန်း၏ ဤမိုးဤမြေ၊ ကိုကိုနှင့် မောင်ကျော်သာ၏ ဤသစ်ဆုံ၊ မလေးလုံ၏ ပွင့် တို့ရရှိသည်။ မြသန်းတင့်၏ လိုက်ခဲ့တော့ မြနန္ဒာ၊ ဗန်းမော် တင်အောင်၏ ရိုးမ တိုက်ပွဲ ၀တ္ထုတို့လည်း ထိုနှစ်တွင် ထွက်ခဲ့သည်။

အလုပ်သမား၊ လယ်သမားများဘဝသရုပ်ဖော် ၀တ္ထုများကို နိုင်ငံတော်၏ မူဝါဒအဖြစ်ခံယူ၍ ရေးသားကြသည်။ ၁၉၆၆ ခုနှစ်တွင် သိန်းဖေမြင့်က ၁၉၆၄ ခုနှစ် ဆုရ၀တ္ထုများကို သုံးသပ်ရင်း မြန်မာ၀တ္ထုများ၏ အခြေအနေကို

> 'ယနေ့မြန်မာ၀တ္ထုများသည် ၁၉၆၂ ခုနှစ်၊ နိုဝင်ဘာလတွင် ကျင်းပခဲ့သော အမျိုးသားစာပေညီလာခံ (ဝါ) စာပေနှီးနှောဖလှယ်ပွဲမှ ချမှတ်လိုက်သော ဦးတည်ချက်အတိုင်း သွားနေပြီဟု ကျွန်တော်ဆိုချင်သည်။ ၀တ္ထုများ၏ တိုးတက်မှုကို ကျွန်တော်အားရသည်'

ဟူ၍ ဝေဖန်သည်။



**၀တ္ထုရှည်တတိယဆုရ "သွေးချောင်းကလျှံ" ကို ရေးသားသူ မြဝတီ**

၁၃၀၀ ပြည့် အရေးတော်ပုံသည် သမိုင်း၀င် ထင်ရှားသော အရေးတော်ပုံတစ်ရပ်ဖြစ်ခဲ့ရာ အရေးတော်ပုံကာလက ထွက်ပေါ်ခဲ့သော စာများတွင် မှတ်တမ်းတင်စာပေ (Non-fiction) များပြီး ၀တ္ထုအနေဖြင့် နည်းပါးသည်။ ရေနံမြေနောက်ခံ ရေးသားခဲ့သော ၀တ္ထုများအနက် ဒွေးမောင်၏ 'အရေးတော်ပုံ' (၁၉၆၄)၊ 'တိုက်ပွဲခေါ်သံ' (၁၉၆၅)၊ မင်းကျော်၏ 'အာဠာ၀က' (၁၉၆၄)၊ မောင်နေဝင်း၏ 'မြေကျွန်သား' (၁၉၆၄)၊ 'ရေရိုင်းမြေရိုင်း' တို့သည် ထင်ရှားခဲ့သည်။

အလုပ်သမားများအကြောင်းရေးသော ၀တ္ထုများအနက် မြသန်းတင့်၏ ဓားတောင် ကို ကျော်၍ မီးပင်လယ်ကို ဖြတ်မည် (၁၉၇၃) ၀တ္ထုသည် မှတ်တမ်းတင်ရမည့် ၀တ္ထုတစ်ပုဒ် ဖြစ်သည်။ ဝေဖန်ရေးဆရာများက မြသန်းတင့်သည် ဤ၀တ္ထုကို မာ့က်စ်ဝါဒအမြင်ဖြင့်ရေးသည်ဟု သုံးသပ်ကြသည်။ အလုပ်သမား လူတန်းစားသည် လောက၌ အရေးပါသည်ဟူသည့်အချက်ကို ဖော်ညွှန်းလိုသော ရည်ရွယ်ချက် တွေ့ရသည်။ မြသန်းတင့်က အလုပ်သမားများသည် သမိုင်းဦးဘုံမြေခေတ်ကတည်းက ရှေ့တန်းမှ ပါဝင်ခဲ့ကြောင်းပြောလိုသည့်အတွက် ဇာတ်ဆောင်တစ်စုကို ပင်လယ်ထဲ၌ သင်္ဘောပျက်စေပြီး ကျွန်းတစ်ကျွန်းပေါ် တင်ပေးခဲ့သည်။ ထိုကျွန်းပေါ်ဝယ် ဘ၀ရပ်တည်ရေးနှင့် လွတ်မြောက်ရေးအတွက် ရုန်းကန်ကြရာ အလုပ်သမားသံချောင်း ဦးဆောင်သည့် အခန်းများကို ဖော်ကျူးထားသည်။ သံချောင်းတို့ရောက်နေသော ပတ်ဝန်းကျင်ကို သမိုင်းဦးဘုံမြေခေတ် အခြေအနေမျိုး ဖန်တီးပေးထားသည်။ သံချောင်းတို့ လူသိုက်တွင် သမိုင်းဦးဘုံမြေခေတ် လူသားများထက် သာလွန်သည်မှာ အဝတ်အထည်များပါသွားခြင်းနှင့် မီးကိုရှာတတ်ခြင်းသာရှိသည်။

လယ်သမား အရေးတော်ပုံကို ရည်စူး၍ ဆင်ဖြူကျွန်းအောင်သိန်းက ငပွန်ဆရာစံ ၀တ္ထု (၁၉၆၈) ကို ရေးသားထုတ်ဝေသည်။

တိုင်းရင်းသားချစ်ကြည်ရေး နယ်ခြားဆန့်ကျင်ရေး၀တ္ထုများမှာမူအလွန်အရေးများသောအကြောင်းရပ်များဖြစ်လာသည်။ မင်းကျော်၏ ပုဂံသား (၁၉၆၄)၊ ထီးလှိုင်ရှင် (၁၉၇၁)၊ ပဲခူးသား (၁၉၇၇) တို့သည် ရှေးခေတ်မြန်မာများ၏ အားမာန်ကို ပြန်လည်တမ်းတထားခြင်းဖြစ်သည်။ ဆင်ဖြူကျွန်းအောင်သိန်း၏ နီရဲသောဗိုလ်ဥတ္တမ (၁၉၇၀)၊ ငွေလင်း၏ ပင်းမြို့သူ (၁၉၆၅)၊ မြို့လုလင်မှ ပုန်ကန်ခြင်း၊ ရန်ကုန်ဘဆွေ၏ သည်မိုးသည်လေ (၁၉၆၄)၊ မြန်မာပြည်သား (၁၉၆၆)၊ ဂျာနယ်ကျော် တင့်ဆွေ၏ တိုင်းပြည်နှင့် လူမျိုးအတွက် (၁၉၆၆)၊ နန္ဒ၏ မိုးယံသို့ချီ (၁၉၆၇)၊ ဒေါင်းလံချီချီ၊ သွေးနီနီ (၁၉၆၈)၊ ငါ့ဓား ငါ့သွေး၊ ငါ့ဇရာ၀တီ (၁၉၆၉) တို့သည် ထင်ရှားခဲ့သည်။ မောင်မောင်ဖြူ၏ မရဏမောင်းလော အောင်စည်လော (၁၉၇၁) မှာ တိုင်းရင်းသားများ၏ နယ်ခြားဆန့်ကျင်ရေး၀တ္ထု ဖြစ်သည်။ ပွင့်လန်း (သတ္တုတွင်း) ၏ တောင်ကျစမ်းများ မခန်းလေ (၁၉၆၇) မှာ တိုင်းရင်းသား ချစ်ကြည်ရေးကို ဦးတည်သည်။

ဂျပန်ခေတ်က သံဖြူဇရပ်ချွေးတပ်စခန်းသည် အသည်းတုန်လှုပ်ဖွယ်ကောင်းအောင် နာမည်ကြီး

ခဲ့သည်။ မောင်ထင်၏ ဘေ (၁၉၄၇) ဝတ္ထုတွင် ချွေးတပ်စခန်းအကြောင်းပါဝင်သော်လည်း အသေးစိတ်မဖွဲ့နွဲ့။ ၁၉၆၄ ခုနှစ်တွင် လင်းယုန်သစ်လွင်၏ သေမင်းတမန်လမ်းပေါ်ဝယ် ဝတ္ထုနှင့် မြဝဇီ၏ သွေးချောင်းကလျှံ ဝတ္ထုတို့ထွက်လာသည်။ မြဝဇီ၏ သွေးချောင်းကလျှံ ဝတ္ထုမှာ အမျိုးသားစာပေ ဝတ္ထုရှည် တတိယဆုရရှိသည်။ ထိုဝတ္ထုကို ဆုချီးမြှင့်ရခြင်းမှာ ချွေးတပ်သားများသည် ဖက်ဆစ်တော်လှန်ရေး အင်အားစုများနှင့် ဆက်နွယ်နေသောကြောင့် ဖြစ်သည်ဟု သုံးသပ်ထားသည်။ သေမင်းတမန် လမ်းပေါ်ဝယ် ဝတ္ထုမှာမူ ချွေးတပ်သားများမှာ အခံဘက်ကချည်းဖြစ်နေသောကြောင့်ဟု ဝတ္ထု အမည်ကို မဖော်ပြဘဲ ဝေဖန်သည်။ သေမင်းတမန် လမ်းပေါ်ဝယ် ဝတ္ထုရေးသူ လင်းယုန်သစ်လွင်က သူသည် စစ်သမိုင်းကြောင်းနောက်ခံ ဝတ္ထုတစ်ပုဒ်ကို ရေးပါသည်။ ဖြစ်ရပ်မှန်သည် သမိုင်း၏ ပိုင်ဆိုင်မှုဖြစ်၏။ စိတ်ကူး (အတွေးအခေါ်) သည် စာရေးသူ၏ ပိုင်ဆိုင်မှုဖြစ်၏။ မိမိမကြုံတွေ့ခဲ့ ရသော မသိခဲ့သော ချွေးတပ်သားတို့၏ ဂျပန်တော်လှန်ရေးကို လုပ်ကြံဖန်တီးမရေးသားလိုဟု ပြန်လည်ဆွေးနွေးခဲ့သည်။ လင်းယုန်သစ်လွင်သည် ချွေးတပ်စခန်းသို့ ရောက်ခဲ့ဖူးသူဖြစ်၏။ သူ့ အတွေ့အကြုံများကို 'ယိုးဒယား (ထိုင်း)မြန်မာမီးရထားလမ်း ကိုယ်တွေ့ချွေးတပ်မှတ်တမ်း' ဟူ၍ရေးသားခဲ့သူလည်းဖြစ်၏။ ဤတွင် သမိုင်းနောက်ခံဝတ္ထုများ၌ သမိုင်းအချက်အလက်များအပေါ် မည်မျှသစ္စာရှိကြရမည်နည်းဟူသော မေးခွန်းအတွက်အဖြေရှာရမည့် အခြေအနေပေါ်လာသည်။

အလုပ်သမားလူတန်းစားဘဝ သရုပ်ဖော်ဝတ္ထုများရေးသားကြရာတွင် ကျော်အောင်၏ အရေးကြီးပြီသွေးစည်းကြစို့ (၁၉၇၀) ဝတ္ထုသည် ထင်ရှားပြီး ၁၉၇၀ ပြည့်နှစ်အတွက် အမျိုးသား စာပေဆုရသည်။ ဇင်ယော်တံတားတည်ဆောက်ရေးလုပ်ငန်းအကြောင်း ရေးသားထားသော ဝတ္ထုဖြစ်သည်။ ထိုနည်းတူ မင်းကျော်က မဟာ ဝတ္ထု (၁၉၇၂) ကို ရေးသည်။ မဟာသည် ဆည်မြောင်းဆောက်လုပ်ရေးလုပ်ငန်း တစ်ခုအကြောင်းရေးခြင်းဖြစ်သည်။ မောင်မောင်ဖြူ၏ နွေဦးကာလမြူထသောအခါဝတ္ထု (၁၉၆၇) သည်မူ ထန်းအလုပ်သမားများ၏ ဘဝသရုပ်ဖော်ဖြစ်သည်။ ထန်းလျက်လုပ်သားများ သမဝါယလုပ်ငန်းများအကြောင်းကိုလည်းထည့်သွင်း ဆွေးနွေးထားသည်။

ထန်းလျက်လုပ်ငန်းနှင့်ပတ်သက်၍ စိတ်ဝင်စားဖွယ်ကောင်းပြီး သတိပြုမိသည့် ဝတ္ထုတစ်ပုဒ်မှာ မသိန်းရှင်ဆီပို့ပေးပါ (၁၉၇၁) ဝတ္ထုဖြစ်သည်။ မသိန်းရှင်ဆီပို့ပေးပါဝတ္ထုသည် ၁၉၆၇ ခုနှစ်ခန့်က ရှုမဝမဂ္ဂဇင်းတွင် မဂ္ဂဇင်းဝတ္ထုအဖြစ် ဦးစွာဖော်ပြခဲ့သည်။ နောင်တွင် ပြန်လည်ပြုပြင်ဖြည့်စွက်ပြီး ၁၉၇၁ ခုနှစ်တွင် စာအုပ်အဖြစ် ထုတ်ဝေခြင်းဖြစ်သည်။ ၁၉၆၄ ခုနှစ်မှစ၍ ပြည်သူပိုင် သိမ်းသည့် မူဝါဒ ကျင့်သုံးလာရာ လုပ်ငန်းအားလုံး နီးပါး ပုဂ္ဂလိကလုပ်ပိုင်ခွင့်မရှိတော့ပေ။ ပုဂ္ဂလိက လုပ်ပိုင်ခွင့်မရှိတော့သဖြင့် မှောင်ခိုစီးပွားရေးစနစ် ပေါ်ထွန်းလာသည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ စီးပွားရေးရာ စာစောင်၌ပင် 'အချို့ဒေသများ၌ လွန်ကျွံ၍ လက်လီဆိုင်ကလေးများကိုပင် ထိခိုက်ခဲ့၏' ဟူ၍ သုံးသပ်ခဲ့ရသည်။ မသိန်းရှင်ဆီ ပို့ပေးပါ ဝတ္ထုသည် ထန်းလျက်မှောင်ခိုလုပ်ငန်းအကြောင်း ရေးသားထားသောဝတ္ထုဖြစ်သည်။ မြန်မာနိုင်ငံ၏ ထုတ်ကုန်ပစ္စည်း၊မြန်မာ့အစားအစာတစ်ခုဖြစ်သောထန်းလျက်သည်ပင်လျှင် မှောင်ခိုရောင်းဝယ်ရသည်အထိ ဖြစ်သွားရပြီး ညိုညိုက သူမသေဆုံးမီ သူ့ အသက်ထက် သူ့ထန်းလျက်တောင်းကို မသိန်းရှင် ဆီပို့ပေးပါဟု ကယောင်ကတမ်းပြောသွားပုံကို ရင်နင့်ဖွယ်ဖတ်ရသည်မှာ 'လွန်ကျွံသွားသည်' ၏ သာဓကအဖြစ် ခေတ်ကို ထင်ဟပ်စေနိုင်သည်။

လင်းယုန်သစ်လွင်၏ 'ဓမ္မဝိလာသ' ဝတ္ထု (၁၉၇၁) မှာ ထူးခြားသော ဝတ္ထုတစ်ပုဒ်ဖြစ်သည်။



**ဝတ္ထုရှည်ဒုတိယဆုရ**
**"အရေးတော်ပုံ" ကို ရေးသားသူ ဒွေးမောင်**

ထိုဝတ္ထုသည် အမျိုးသားစာပေဆုရသော ဝတ္ထုလည်းဖြစ်သည်။ ထိုဝတ္ထုသည် အချစ်ဝတ္ထု လည်းမဟုတ်၊ ဖက်ဆစ်တော်လှန်ရေးအကြောင်း များပါသော်လည်း တော်လှန်ရေးဝတ္ထုလည်း မဟုတ်ပေ။ စက္ကော့တစ်ရွာလုံးက ပုလဲ၏ ကိုယ်ဝန်မှာ ရှင်ဓမ္မဝိလာသ၏ ကိုယ်ဝန်ဟု သံသယရှိကြသည်။ ဤအတွက် ရှင်ဓမ္မဝိလာသ၏ ကျောင်းကို ဖျက်ဆီးရန်ကြံစည်ကြသည်။ ရှင်ဓမ္မဝိလာသည် ထိုသံသယကို တိတိကျကျဖွင့်ပြီး စောဒနာပြုသူမရှိသဖြင့် ဖြေရှင်းခွင့်မရ။ ရွာသားများက ကျောင်းကိုဖျက်ရန်လာကြစဉ် ဇရပ်ပေါ်တွင် မှီခိုနေရသော ပုလဲကို ကပ္ပိယကြီးနှင့်အပ်ပြီး ရှင်ဓမ္မဝိလာသက ကျောင်းမှ ခွာလေသည်။ ရှင်ဓမ္မဝိလာသ၏ ဖြဟ္မစိုရ်ရတရားကျင့်သုံးပုံကို သိမ်သိမ်မွေ့မွေ့ တင်ပြထားသည်။ ရသစာပေနယ်၌ တွေ့ရခဲသော သန္တရသဝတ္ထုတစ်ပုဒ်ဖြစ်သည်။ ဤ ဝတ္ထုတွင် စာရေးသူ၏ ပါးနပ်မှုကိုတွေ့ရသည်။ ဝတ္ထုတစ်ပုဒ်ဖတ်ပြီးလျှင် စာဖတ်သူတွေးရန် ချန်ထားပေးရသည်ဟူသော အဆိုအမိန့်များရှိသည်။ ဤဝတ္ထုတွင် ပုလဲ၏ ကိုယ်ဝန်မှာ စက္ကော့ရွာသားများ ထင်သလို ရှင်ဓမ္မဝိလာသနှင့်သက်ဆိုင်သလားဟူသော အတွေးကိုသာ စာဖတ်သူအတွက်ချန်ပေးခဲ့မည်ဆိုလျှင် များစွာအန္တရာယ်ရှိလာမည့် ဝတ္ထုဖြစ်သည်။ ပုလဲ၏ ကိုယ်ဝန်နှင့်ပတ်သက်၍ ရှင်ဓမ္မဝိလာသ၌ တာဝန်မရှိသည်ကို ရှင်ဓမ္မဝိလာသ၊ ပုလဲနှင့် စာဖတ်သူများ သိပြီးဖြစ်သည်။ မသိသူများမှာ စက္ကော့ရွာသားများသာဖြစ်သည်။ ဤသည်ပင် လျှင် စာရေးသူ၏ ပါးနပ်လိမ္မာမှု စာရေးသားမှု အတတ်ကျွမ်းကျင်မှု ဖြစ်သည်။

ဝတ္ထုသည် လူ့အကြောင်းကို မှတ်တမ်းတင်သော ရသအဖွဲ့အနွဲ့ဖြစ်သည်ဟု ဆိုကြသည်။ အမှန်တကယ်ရှိခဲ့သော လူတစ်ယောက်အကြောင်းကို ဖွဲ့နွဲ့သည့် ဂျာနယ်ကျော်မမလေး၏ သူလိုလူ (၁၉၄၇)ကို အတ္ထုပ္ပတ္တိစာပေဟု ဆိုကြသကဲ့သို့ ဝတ္ထုဟု မှတ်တမ်းတင်သူများလည်းရှိသည်။ ထိုနည်းတူ လူထုဦးလှ၏ ကျွန်တော်စာစဉ်များကိုလည်း ဝတ္ထုဟု သတ်မှတ်ရအံ့ထင်သည်။ လူထုဦးလှသည် ကျွန်တော်ဖြူရိုကရက် (၁၉၇၀)၊ ကျွန်တော်စတီးပွဲစား (၁၉၇၀)၊ ကျွန်တော်မြင်းသမား (၁၉၇၂)၊ ကျွန်တော်လှေသူကြီး (၁၉၇၂)၊ ကျွန်တော်သံလွင်ဖောင်စီး (၁၉၇၅)နှင့် ကျွန်တော် ဆားချက်သမား (၁၉၈၆) တို့ကို ထုတ်ဝေခဲ့သည်။ ထိုစာများသည် သက်ဆိုင်ရာပုဂ္ဂိုလ်များ၏ ဘဝမှတ်တမ်းဟုဆိုသော်လည်း ၎င်းတို့ကြုံတွေ့ခဲ့ရသော စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေး ဆက်စပ်မှုတို့ကို ထင်ဟပ်စေနိုင်သော စာများဖြစ်သောကြောင့် ဝတ္ထုစာရင်း၌ သွင်းရအံ့ဟု ထင်သည်။

၁၉၇၂ ခုနှစ်တွင် တက္ကသိုလ်ဘုန်းနိုင်၏ နှင်းငွေ့တထောင့် မိုးတမှောင့် ဝတ္ထုသည် အမျိုးသားစာပေဆုရသည်။ ဆုရွေးချယ်ရေးအဖွဲ့က ထိုဝတ္ထုသည် စာပေရသပြည့်ဝသည်၊ လက်ရှိဝတ္ထုများနှင့်မတူ၊ စိတ်ပြဿနာကို လွယ်ကူရှင်းလင်းစွာရေးနိုင်သည်ဟူသော မှတ်ချက်များပေးသည်။ တက္ကသိုလ်ဘုန်းနိုင်သည်အစက အချစ်ဝတ္ထုသက်သက်ကို ရေးသူဖြစ်သည်။ နှင်းရက်ကြွေစော (၁၉၅၈)၊ မုန်းရစ်လေဦး (၁၉၅၈)၊ ညီမလေးရယ် စိုးရိမ်မိတယ် (၁၉၅၈)၊ တန်ခူးလေနှင့် လျှောတော့သည်

(၁၉၆၁)၊ သူငယ်ချင်းလို့ဘဲ ဆက်၍ခေါ်မည်နိုင် (၁၉၆၄)၊ ကမ္ဘာကုန်ကျယ်သရွေ့ (၁၉၆၆) စသည် တို့ဖြစ်သည်။ နောင်တွင် အချစ်အလွမ်းဝတ္ထုများ ကို စိတ်ပညာရပ်နယ်မှ အတွေးအခေါ်များနှင့် ပေါင်းစပ်၍ ဝတ္ထုရေးဖွဲ့လာသည်။ မိုးညအိပ်မက် မြူ (၁၉၆၂) နွေကန္တာဦး' (၁၉၇၉)၊ ဝသန်လေချိန် မှန်ကူး' (၁၉၇၇) စသည်တို့ဖြစ်သည်။ ဝတ္ထုရေးဖွဲ့ ကြသော နယ်ကို ဖြန့်ကျက်လာသည့် သဘော ပင်ဖြစ်သည်။

၁၉၇၂ ခုနှစ်ကို နိုင်ငံတကာ စာအုပ်နှစ်အဖြစ် ယူနက်စကိုက သတ်မှတ်သည်။ ထိုပွဲတွင် ဝတ္ထုရှည် ဆိုင်ရာ စာတမ်းများ ဖတ်ကြသည်။ မြန်မာဝတ္ထု တိုးတက်ရေးအတွက် ပညာရပ်နယ်မှ ဆောင်ရွက် မှုများကို ဖော်ပြလိုပါသည်။ ဆရာဇော်ဂျီသည် ၁၉၆၆ ခုတွင် ကျင်းပသော မြန်မာနိုင်ငံသုတေသနဆွေးနွေး ပွဲတွင် ၂၀ ရာစုခေတ်ဦး မြန်မာစာပေ၏ ထူးခြား ချက်နှစ်ရပ် စာတမ်းကို ဖတ်ကြားပြီး ၁၉၆၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် မြန်မာနိုင်ငံ သုတေ သနအသင်းနှစ်ပတ်လည်အစည်းအဝေး၌ မြန်မာ ကာလပေါ်ဝတ္ထု ဖြစ်ပေါ်လာပုံ လေ့လာချက်စာတမ်း ကို ဖတ်ကြားသည်။ ၁၉၇၀ ပြည့်နှစ်တွင် ရန်ကုန် တက္ကသိုလ် ရွှေရတုသဘင်တွင် မြန်မာမှုစာတမ်းများ ဖတ်ကြားခဲ့ရာ ၁၉၂၀ မှ ၁၉၇၀ ထိ မြန်မာ ဝတ္ထုရှည် စာတမ်းကို ဦးဟုန်ဝမ်နှင့် ဦးခင်အေးတို့ ဖတ်ကြားခဲ့ သည်။ ၁၉၇၂ ခုနှစ် နိုင်ငံတကာ စာအုပ်နှစ်စာတမ်း ဖတ်ပွဲတွင်မူ ဝတ္ထုရှည်ဆိုင်ရာ စာတမ်း ၄ စောင် ဖတ်ကြားခဲ့သည်။ အလျဉ်းသင့်သဖြင့် တပါတည်း ဖော်ပြရသော် ၁၉၇၉ ခုနှစ်တွင် စာပေဗိမာန်က ကြီးမှူးကျင်းပသော ဝတ္ထုရှည် စာတမ်းဖတ်ပွဲတွင် ဝတ္ထုရှည်ဆိုင်ရာ စာတမ်း ၆ စောင် တင်သွင်း ဖတ်ကြားခဲ့သည်။

၁၉၇၃ ခုနှစ်တွင် ထွက်သော ဝတ္ထုများအနက် ဂျာနယ်ကျော်မမလေး၏ 'သွေး' ဝတ္ထုသည် ထင်ရှား သည်။ ဂျပန်မြန်မာချစ်ကြည်ရေး ဦးတည်ချက်နှင့် ရေးသားထားခြင်းဖြစ်သည်။ ထိုဝတ္ထုသည် ဝတ္ထု အနေနှင့် ပြောရန်မရှိသော်လည်း သရုပ်ဖော်မှု အပိုင်းတွင် ဝေဖန်သံများ ကြားရသည်။ ဂျပန်သူ ယုမိစံသည် မြန်မာနိုင်ငံရှိ ၎င်း၏ အဖေတူအမေ ကွဲမောင်ကို ရှာဖွေသည့် ဇာတ်လမ်းဖြစ်သည်။ ယုမိစံက ကြင်နာသလောက် သူနှင့် အဖေတူ အမေ ကွဲမောင်မောင်က ရိုင်းစိုင်းနေပုံများ ဖြစ်သည်။ ဂျပန်ခေတ်ကို ဖြတ်ကျော်လာရသော မြန်မာနိုင်ငံ၌ မောင်မောင်တို့လို လူများရှိ တန်သလောက်ရှိခဲ့သည်။ ဂျပန်ခေတ်လွန်မြောက် ပြီးနောက် အရွယ်ရောက်လာ ရသော မောင်မောင် တို့သည် လောက၌ မျက်နှာငယ် ရသောဘဝကို ခံစားကြရသည်။ ဤအခြေအနေဘဝ မျိုးတွင် ယုမိစံက မောင်မောင်ကို လာရှာခြင်းသည် မေ့မေ့ပျောက်ပျောက်နှင့်ငုပ်နေသောနောက်ကြောင်း ဘဝကို ပြန်လည် တူးဆွရာရောက်သွားနိုင်သည်ကို ဂျာနယ်ကျော်မမလေးတွေးမိပုံ မပေါ်ချေ။ မည်သို့ ပင်ဖြစ်စေ ဂျပန်နိုင်ငံက ထိုဝတ္ထုကို ကြိုက်သည်။ ကျေနပ်လက်ခံသည်။ ဆုပင် ချီးမြှင့်လိုက်သေးသည်။

မိုးမိုး (အင်းလျား) သည် ၁၉၇၄ ခုနှစ်တွင် သူ၏ ပထမဆုံးဝတ္ထုဖြစ်သော 'ပျောက်သော လမ်းမှာ စမ်းတဝါး' ဝတ္ထုရေးသားထုတ်ဝေလိုက်သည်။ ထိုနှစ် အတွက် အမျိုးသားစာပေဆုရသည်။ မိုးမိုးက သူ ကျင်လည်ရာပတ်ဝန်းကျင်နှင့် သူနားလည်ရာဘဝ တို့ကို ရေးဖွဲ့ရပါသည်ဟု ဆိုသည်။ မြို့ပြပတ်ဝန်း ကျင်တွင် နေထိုင်ကြရသည့် လူလတ်တန်းစားများ ကြုံတွေ့ရသော ဘဝပြဿနာများကို ရေးဖွဲ့ထား ခြင်းဖြစ်သည်။ မိုးမိုး (အင်းလျား)သည် အမျိုးသမီး၏ အားမာန် ဝတ္ထုများ အရေးများသည်။ သူရေးဖွဲ့သော အကြောင်းအရာများသည် အထူးအဆန်းများမပါ။ မိမိပတ်ဝန်းကျင်တွင်လည်း မြင်တွေ့နိုင်သောအဖြစ် များကို ရေးဖွဲ့ထားခြင်းသာဖြစ်သည်။ သူရေးသည်ကို ဖတ်ရသည့်အခါတွင်မှ သူ၏ မြင်တတ်ပုံများကို ချီးကျူးမိသည်။

တက္ကသိုလ်မြစိမ်း၏ 'နောက်တိုး' ဝတ္ထု (၁၉၇၈) သည် အမျိုးသားစာပေဆုရ ဝတ္ထုဖြစ်သည်။ ဆိုင်း

သမားတစ်ဦးဖြစ်လာရန် ကြိုးစားရသည့် သဘင်လောကဝတ္ထုတစ်ပုဒ်ဖြစ်သည်။ သူ၏ စုံကန္တာမြိုင်ကြီး ဘယ်ထီးမှမပါ (၁၉၇၅)၊ အမိတော့ဖြင့် မလိုက်နိုင်ဘူးကွယ် (၁၉၇၆) ဝတ္ထုတို့သည် ထင်ရှားသည်။ သူ၏ ဘဝနှင့် နီးစပ်မှုကို အခြေခံသည့် တိုင်းမင်းကြီးသမီး (၁၉၇၅)၊ ညွှန်ကြားရေးမှူးချုပ်ကတော် (၁၉၇၇) ဝတ္ထုများကိုလည်း ရေးသားခဲ့သူဖြစ်သည်။

၁၉၇၇ ခုနှစ်တွင် ထွက်ပေါ်ခဲ့သော ဝတ္ထုများအနက် ထီလာစစ်သူ၏ 'စီးဆင်းရစ်လေဦး ဧရာဝတီ' သည် ၁၉၄၉ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ သမိုင်းကာလဖြတ်သန်းမှုနောက်ခံနှင့် ရေးဖွဲ့ထားသော ဝတ္ထုဖြစ်သည်။ စမ်းစမ်းနွဲ့ (သာယာဝတီ)၏ 'ခေါက်ထီးလေးမလုံ့တလုံ' သည် အမျိုးသမီးများ ဘဝနစ်မွန်းရခြင်းအကြောင်းကို ဆွေးနွေးထားသည်။ ဤသို့ နစ်မွန်းရခြင်းမှာ ဗီဇရောပတ်ဝန်းကျင်ကြောင့်ပါဟု ဆိုသည်။ ထိုဝတ္ထုသည် ဇာတ်လမ်းအားဖြင့် ရေးဖွဲ့ကြပြီး ဇာတ်လမ်းများနှင့် မခြားနားလှပေ။ ခေတ်ကို ထင်ဟပ်စေခြင်းမှာ ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံခေတ် ၏ တရားစီရင်ရေး ပုံသဏ္ဌာန်များကို ထည့်သွင်းထားခြင်းနှင့် အမျိုးသမီးလောကတွင် ထိရောက်တွင်ကျယ်စွာ ထိုးဖောက်နေသော မှောင်ခိုခေါက်ထီးကို သင်္ကေတပြုထားခြင်းပင်ဖြစ်သည်။ ရောဂါကျွမ်းနေပြီဖြစ်သော အမျိုးသမီးကို တရားသူကြီးအဖွဲ့ဝင် ကိုခင်ဇော်ဦးက ကယ်တင်ရှင် တစ်ဦးအနေဖြင့် လက်ထပ်လိုက်သည်အထိ စိတ်သဘောထားမြင့်မြတ်လွန်းနေခြင်းသည် သရုပ်မှန်ဝတ္ထုရေးမည်ဟု ကြွေးကြော်နေသော စမ်းစမ်းနွဲ့ (သာယာဝတီ)၏ လက်ထွက်ဝတ္ထုထဲတွင် ပါနေသောကြောင့် အံ့ဩရသည်။ ထိုနှစ်တွင်ပင် ချစ်ဦးညို၏ လင်္ကာဒီပချစ်သူ ဝတ္ထုထွက်လာသည်။ ထိုဝတ္ထုဇာတ်လမ်းကျောရိုးသည် ချစ်ဦးညို၏ ပင်ကိုဇာတ်လမ်းမဟုတ်။ ထင်ရှားပြီး ဖြစ်သော ရာမဝတ္ထုပင်ဖြစ်သည်။ သို့သော် အမြင်မှာမူ ချစ်ဦးညို၏ အမြင်ဖြစ်သည်။ ရာမဝတ္ထုကို ချစ်ဦးညိုက ရှုထောင့်ပြောင်းကြည့်ထားသည်။ ဒသဂီရိ



**အမျိုးသားစာပေဆုများရှင်စာရေးဆရာမြသန်းတင့်**

ရှုထောင့်မှဖြစ်သည်။ ဝတ္ထုတစ်ပုဒ်အနေဖြင့် အောင်မြင်သည်။ သို့သော် ဤသို့ ရှုထောင့် ပြောင်းခြင်းအပေါ် ဝေဖန်မှုများကို ခံရသည်။ ချစ်ဦးညိုသည် ဝတ္ထုအသစ်တစ်ပုဒ်ရေးလိုက ရေးပါ၊ ဤကဲ့သို့ ရှုထောင့်ပြောင်းရေးသည့်အတွက် မူလရှိပြီးသား ဝတ္ထု၏ ပုံပန်းပျက်သွားစေမှုမျိုးကို မလုပ်သင့်ဟု ဆိုသည်။ ချစ်ဦးညိုသည် သမိုင်းနောက်ခံ၊ ဗုဒ္ဓစာပေနောက်ခံဝတ္ထုများဆက်လက်ရေးသားနေဆဲဖြစ်သည်။

အချစ်ဝတ္ထုရေးသူများအနက် ငြိမ်းကျော်၏ အချစ်ဝတ္ထုများသည် ထင်ရှားသည်။ သူသည် နှလုံးသားမြို့ဟောင်းတူးဖော်ချက်အစီရင်ခံစာ (၁၉၇၅)၊ အချစ်ဦးသို့ ရွှေနားတော်သွင်းဇချင်း (၁၉၇၆)၊ မိုးမသောက်မှောင်မိုက်အရိပ် မပြေးမီ (၁၉၇၆)၊ အပြာရောင်သစ်ခွပန်းရဲ့သမိုင်းအစ (၁၉၇၇) စသော ဝတ္ထုများရေးသည်။ သူသည် အနုစိတ်ခြယ်မှုန်းရာ၌ ကျွမ်းကျင်သည်။ ရင်တွင်းခံစားချက် အချစ်ဝေဒနာကို အပြန်ပြန် အလှန်လှန် ခြယ်မှုန်းသည့်နည်းဖြင့် သရုပ်ဖော်သည်။ အပြာရောင် သစ်ခွပန်းဝတ္ထုတွင်မူ နှစ်ဦးနှစ်ဝ မေတ္တာမျှကြရာမှ ရရှိလာသော ကိုယ်ဝန်ကို အမျိုးသားက တိမ်းရှောင်နေသော်လည်း ဖျက်ဆီးမပစ်ဘဲ လောက

ကို ရင်ဆိုင်ကာ လူ့ဘဝသို့ ခေါ်ဆောင်လာသည့် မိသားစုအားမာန်ကိုဖွဲ့သည်။ ထိုဝတ္ထုကို ရည်ညွှန်းရာ၌ပင် မိန်းကလေး၏ ဘခင် ဦးစိန်လှိုင်ကို ဂုဏ်ပြုပြီး ဦးစိန်လှိုင်များသို့ ဟုရည်ညွှန်းထားသည်။ ရည်ညွှန်းချက်စေတနာ ကောင်းသော်လည်း မြန်မာ့လူမှုအဖွဲ့အစည်းတွင် ဤမျှရဲတင်း၍ မရသေးဟု သဘောရရှိသည်။ ထို့ပြင် ဝိသေသသဘောကို ယေဘုယျပြု၍ မြှောက်ထိုးပင့်ကော် လုပ်ပေးရာ ရောက်သွားစေမည်လားဟု စိုးရိမ်မိသည်။

၁၉၇၉ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိ အမျိုးသားစာပေဆုတွင် ဝတ္ထုရှည်ဆုပေးနိုင်ခြင်းမရှိပေ။ စာပေဗိမာန်စာမူဆုတွင်မူ ဝတ္ထုရှည်ဆုချီးမြှင့်နိုင်သည်။ ၁၉၆၉ ခုနှစ်မှစ၍ စာပေဗိမာန်က စာမူကို သီးသန့်ဆုချီးမြှင့်ခဲ့ရာ ဆုတိုင်းအတွက် ပထမ၊ ဒုတိယ၊ တတိယဆုချီးမြှင့်သည်။ ပထမဆုချီးမြှင့်ခံရသည့် ဝတ္ထုများမှာ ၁၉၆၉ ခုနှစ်တွင် မြတ်ထန်၏ နှောင်းတမြေ့မြေ့ (မြည့်မြည့်) ၁၉၇၁ ခုနှစ်တွင် သန်းထွန်းသစ်၏ အောင်ပွဲခြိမ့်ခြိမ့် ဆွေးသိမ့်သိမ့် ၁၉၇၅ ခုနှစ်တွင် ရဲဘော်အေးချမ်း၏ အသရဲမလေးကိုယ့်ချစ်သူ ၁၉၇၆ ခုနှစ်တွင် ရွှေသဥ္ဇာ၏ ဟို လောင်းပန်းပွင့်ဘယ်ဂုဏ်ဖြင့် ဝင့်မတုန်း ၁၉၇၇ ခုနှစ်တွင် မောင်ငြိမ်းဝေ၏ မှိုင်း၊ ၁၉၇၉ ခုနှစ် မျိုးသူရ (စစ်ကိုင်း)၏ အရိပ်မဲ့ပန်း၊ ၁၉၈၄ ခုနှစ်တွင် ဒေါက်တာရဲနိုင်၏ အနောက်ကို ရွှေ့အရှေ့ကိုမျှော်၊ ၁၉၈၆ ခုနှစ်တွင် သန်လျင် မောင်မောင်ဦး၏ သံချောင်း၊ ၁၉၈၇ ခုနှစ်တွင် လှိုင်းဝင်းဆွေ၏ အသည်းထဲက ပုဂံ၊ ၁၉၈၉ ခုနှစ် တွင် မြသန္တာ၏ နော်ရင်မွှေး စသည်တို့ရရှိသည်။

နှောင်းတမြေ့မြေ့ (မြည့်မြည့်)သည် မြတ်ထန်၏ ပထမဆုံးဝတ္ထုလည်းဖြစ်သည်။ ထိုဝတ္ထုမှစ၍ မြတ်ထန်ဖြစ်လာသည်။ အချစ်ရေးနှင့် စစ်ရေးတို့တွင် သတ္တိရှိရမည်ဟူသော အယူအဆကိုတင်ပြထားသော ဝတ္ထုဖြစ်သည်။ နှောင်းတမြေ့မြေ့ (မြည့်မြည့်) ဇာတ်ဆောင် ဗိုလ်ကြီးသက်မွန်မှာ စံပြဇာတ်ဆောင်တစ်ဦးဖြစ်ပြီး ရွှေလင်းယုန်၏ သူထဲမှ ဒေါက်တာမြင့်မောင်ကဲ့သို့ပင်။ မြတ်ထန်သည် ထိုဝတ္ထုနှင့် ဆုရပြီးဝတ္ထုများ ဆက်ရေးသည်။ 'နှောင်ကြိုးငယ်ငင်သောကြောင့်' (၁၉၇၂)၊ 'ကြင်နာပါတယ်မောင့်ကို ' (၁၉၇၂)၊ 'မမကေသီ' (၁၉၇၃)၊ 'မေတ္တာစမ်းနှင့်ပန်းအကြွေ' (၁၉၇၃) စသည်တို့ဖြစ်သည်။ ၁၉၇၈ ခုနှစ်တွင် လယ်တွင်းသားစောချစ်၏ 'ပန်းမြိုင်လယ်မှ ဥယျာဉ်မှူး' စာမူသည် စာပဒေသာဆုရခဲ့သည်။ ထိုစာမူကို စာအုပ်အဖြစ်ထုတ်ဝေသောအခါ ၁၉၈၀ ပြည့်နှစ်တွင် အမျိုးသားစာပေဆုကို စာပဒေသာဆုအဖြစ် ချီးမြှင့်ခြင်းခံရသည်။ စင်စစ်ထိုပန်းမြိုင် လယ်မှဥယျာဉ်မှူးမှာ ဝတ္ထုတစ်ပုဒ်သာဖြစ်သည်။ စာရေးသူမျှော်မှန်းသောကျောင်းတစ်ကျောင်း ဖြစ်လာပုံကို ဖွဲ့နွဲ့ထားသော ဝတ္ထုဖြစ်သည်။ မြသန္တာ၏ 'နော်ရင်မွှေး' မှာ တိုင်းရင်းသားချစ်ကြည်ရေးကို ရည်ရွယ်ရေးသားထားသော ဝတ္ထုဖြစ်သည်။ ထိုဝတ္ထုစာအုပ်အဖြစ် ထွက်လာချိန် ၁၉၉၁ ခုနှစ်တွင် အမျိုးသားစာပေဆုရရှိသည်။

မစန္ဒာသည် ၁၉၇၂ ခုနှစ်တွင် "ငယ်သူမို့မသိပါ" ဝတ္ထုကို ပထမဆုံးလုံးချင်းဝတ္ထုအဖြစ် ထုတ်ဝေခဲ့သည်။ ကြီးကောင်ဝင်စလူငယ်လူရွယ်တို့၏ စရိုက်၊ အထူးသဖြင့် အပျိုပေါက်မိန်းကလေးတို့၏ စရိုက်ကို အဓိကအားပြုရေးသည်။ 'ဂျီဟောသူ' (၁၉၇၃)၊ 'ငြိုးမာန်ဖွဲ့သူရယ်' (၁၉၇၄)၊ 'ကွက်လပ်ကလေးဖြည့်ပေးပါ' (၁၉၇၄)၊ 'ပုစ္ဆာ' (၁၉၇၆)၊ 'အရိပ်' (၁၉၇၇) စသည်တို့ကိုလည်း ရေးခဲ့သည်။ 'အရိပ်' သည် ၁၉၅၅ မှ ၁၉၇၅ ထိ နှစ် နှစ်ဆယ် ကာလကိုနောက်ခံထားပြီး ရေးဖွဲ့ထားသည်။ မိဘ၏ အရိပ်သည် သားသမီးများအပေါ် လွှမ်းမိုးသည်ဟူသော အဆိုအမိန့်ကို ဖော်ကျူးထားသည်။ ၁၉၈၀ ပြည့်လွန်နှစ်များတွင် ရေခြားမြေခြားတွင် သွား

ရောက်အလုပ်အကိုင်လုပ်သူများ ပေါ်များလာသည်။ အခြေအနေအမျိုးမျိုး၊ အကြောင်းအမျိုးမျိုးတို့ကြောင့် သွားရောက်လုပ်ကိုင်ကြရခြင်း ဖြစ်သည်။ ဤအကြောင်းများကို ဆွေးနွေးထားသည့် ဝတ္ထုများလည်း ပေါ်ပေါက်ခဲ့သည်။ တစ်ပြည်တစ်နိုင်ငံကို ခုံမင်တွယ်တာတတ်သူများအပေါ် တက္ကသိုလ်ဘုန်းနိုင်က တပြည်သူမရွှေထားဝတ္ထုဖြင့် သတိပေးခဲ့ဖူးပြီ။ ဒေါက်တာ ရဲနိုင်ကလည်း အနောက်ကိုရွှေ့ အရှေ့ကို မျှော် (၁၉၈၄) ဝတ္ထုဖြင့် ရေးဖွဲ့ခဲ့ပြီးပြီ။ မစန္ဒာက ဘဝအိမ်မက် ပန်းအိပ်မက် (၁၉၉၄) ဖြင့် ထပ်မံဖော်ကျူးပြန်သည်။ ဘဝအိပ်မက် ပန်းအိပ်မက်တွင် ကန်ထရိုက်တိုက်တစ်လုံး၌ လာရောက်နေထိုင်ကြသော အိမ်ထောင်စုလေးစု၏ အချင်းချင်းအပြန်အလှန် ဖေးဖေးမမနေသွားကြပုံကို ဖွဲ့နွဲ့ထားသည်။ အဓိကဇာတ်ဆောင် ဦးဘပွား၏ သားသမီးများသည် တစ်ပြည်တစ်နိုင်ငံတွင် အလုပ်လုပ်နေကြသည်။ ဦးဘပွားသည် အသက်အရွယ်ကြီးရင့်ပြီးရောဂါစွဲကပ်လာသောအခါ သားသမီးများ၏ ပြုစုယုယမှုကိုမခံရဘဲ ပတ်ဝန်းကျင်ကို အားကိုးသွားရပုံကို ဖွဲ့နွဲ့ထားသည်။ အဝေးရောက် သားသမီးများ၏ မိဘများ ခံစားနားလည်နိုင်မည့် ဝတ္ထုဖြစ်သည်။

ကန်ထရိုက်တိုက်နှင့် နေကြရသော မိသားစုများ၏ ဘဝကို ခြယ်မှုန်းသော ဝတ္ထုတစ်ပုဒ်မှာ နုနုရည် (အင်းဝ)၏ မြစိမ်းပြာကမာရွတ် ဖြစ်သည်။ ၁၉၉၃ ခုနှစ်အတွက် အမျိုးသား စာပေဆုရသည်။ နုနုရည် (အင်းဝ) သည် ၁၉၈၄ ခုနှစ်တွင် စာပေနယ်သို့ ဝင်လာခဲ့သည်။ သူသည် ဘဝသရုပ်ဖော် သရုပ်မှန်စာပေများ ရေးသားမည် ဟုဆိုသူဖြစ်သည်။ တချို့အဆင်းလှ၊ တချို့အဆင်း မလှ၊ သောက်တော့ ဒူးယား၊ ဝတ်တော့ မလေးရှား၊ နေတော့ခြုံကြား၊ ပြုံး၍လည်း ကန်တော့ခံတော်မူပါ၊ ရယ်၍လည်း ကန်တော့ခံတော်မူပါ၊ အမှတ်မရှိ၊ လမ်းမရှိ၊ ကီလီဖော တံတား (၁၉၈၈)၊ စသည့် ဝတ္ထုတို့လည်း ထင်ရှား သည်။ နုနုရည် (အင်းဝ) သည် ဝတ္ထုရေးလျှင် ရေးမည့်အကြောင်းအရာကို လေ့လာပြီး ရေးလေ့ ရှိသူဖြစ်သည်။ ထို့ကြောင့် သူ့ဝတ္ထုများတွင် အသေးစိတ် ခြယ်မှုန်းနိုင်သည်။ တစ်ခါတစ်ရံ အသေးစိတ်လွန်းခြင်းတို့သည် စာဖတ်သူအတွက် မွမ်းကျပ်သွားစေသည်။

၁၉၈၀ ပြည့်လွန်နှစ်များတွင် ပေါ်ထွန်းလာသူများအနက် ဂျူးကိုလည်း ချန်ထား၍ မဖြစ်ပေ။ ဂျူး ပထမဆုံးရေးသော ဝတ္ထုမှာ အမှတ်တရ ဖြစ်သည်။ ထိုဝတ္ထုထွက်ပေါ်လာသောအခါ ဝေဖန်မှုများ ဝဲပျံကုန်သည်။ စင်စစ် ထိုဝတ္ထုသည် ကြည်အေး၏ နွမ်းလျအိမ်ပြန် (၁၉၅၃) ၏ အရိပ် ပင်ဖြစ်သည်ဟု ဆိုနိုင်သည်။ ဂျူးက စိတ်ခံစားမှု အရ ရေးသားပြီး အနုပညာတစ်ရပ်ကို ဖော်ထုတ်မည်ဟု ဆိုသည်။ သူသည် မရှိမဖြစ်မိုး၊ ကြာတော့သည်လည်း မောင့်စကား၊ လွင့်မျောသွားသော တိမ်တိုက်များ အစရှိသော ဝတ္ထုများကို ဆက်လက်ရေးသားသည်။

စိတ်ခံစားမှုကို ရေးသောဝတ္ထုအနေဖြင့် မြန်မာဝတ္ထုရှည်ခရီးနှစ်တစ်ရာပြည့် ခါနီးပေါ်လာသော ဝတ္ထုမှာ ကြည်အေး၏ မှန်၏ မှောင်ရိပ်၊ စိုးနဲ့ခိုင် (၂၀၀၀)၊ မှန်၏ မှောင်ရိပ် အိမ်ဖြူလင်းသစ် (၂၀၀၁) တို့ဖြစ်သည်။ ကြည်အေး၏ လက်ရာအတိုင်း စိတ်ခံစားမှုများကို အသေးစိတ်ဖွဲ့နွဲ့ထားသည်။ ထိုဝတ္ထုကို ကြည်အေးကိုယ်တိုင်က စိတ်ကူးယဉ်အချစ် ဝတ္ထုဟုဆိုသည်။ သူရေးမည့် အကြောင်းရင်းခံသည် အင်္ဂလိပ်လို ပီသစွာရေးနိုင် မည်၊ မြန်မာလို ရေးလို့ မရဟုလည်း ဝန်ခံသည်။ စာရေးသူကိုယ်တိုင်က အချစ်ဝတ္ထုဟု ဆိုထားသည့်အတွက် ထိုဝတ္ထုတွင် ဦးတည်ချက် တစ်ရပ်ရပ်ကို ရှာဖွေတွေ့နိုင်မည် မဟုတ်ပေ။

၁၉၉၅ ခုနှစ်တွင် ခင်နှင်းယု၏ မြကြာဖြူ သည် အမျိုးသားစာပေဆုရရှိသည်။ မြန်မာအမျိုးသမီးတို့၏ ထိန်းသိမ်းစောင့်စည်းမှု၊ အိမ်ထောင်ရှင်ဘဝ၏ အနှောင်အတည်းသံယောဇဉ်တို့ကို ဖွဲ့နွဲ့ထားသည်။ စာပေဗိမာန်စာမူဆုရ ပုသိမ်ရန်နောင်စိုး၏ တိမ်စင်သည့် နွေဆည်းဆာ ဝတ္ထုမှာမူ အုတ်ဖုတ်လုပ်သားတို့၏ ဘဝသရုပ်ဖော်ဝတ္ထုဖြစ်သည်။ ၁၉၉၆ ခုနှစ်တွင် ခင်စန်းမွန်၏ တံလျှပ်၏ တစ်ဖက်ကမ်းမှာ ဝတ္ထုသည် အမျိုးသားစာပေဆုရသည်။ ကိုယ်ခံအားကျဆင်းမှု ရောဂါ၏ အန္တရာယ်ကြီးပုံကို သတိပေးရင်း မြန်မာ့လူ့ဘောင်၌ တန်ဖိုးထားသည့် ဗြဟ္မစိုရ်တရားကို ဖော်ကျူးသည်။ ထိုစာအုပ်သည် ၁၉၉၅ ခုနှစ်က ပခုက္ကူဦးအုံးဖေစာပေဆုရဝတ္ထုလည်း ဖြစ်သည်။ ၁၉၉၆ ခုနှစ်တွင် စာပေဗိမာန် စာမူဆုရဝတ္ထုရှည်မှာ ကိုကိုလေး၏ ခွင့်လွှတ်ပါတင်နေဘ် ဟေကာ ဝတ္ထုဖြစ်သည်။ မြန်မာ-ဂျပန်ဆက်ဆံရေးကို အထောက်အပံ့ ဖြစ်စေသော သမိုင်းနောက်ခံဝတ္ထုဖြစ်သည်။ ၁၉၉၇ ခုနှစ်တွင် ဝင်းဝင်းလတ်၏ အချစ်၏ နောက်ဆက်တွဲ စာမျက်နှာဝတ္ထုသည် အမျိုးသားစာပေဆုရရှိသည်။ မြန်မာနိုင်ငံ မြေလတ်ပိုင်း မြို့ငယ်လေးတစ်မြို့၏ ဆေးရုံကို နောက်ခံထားပြီး ဆရာဝန်များ၊ သူနာပြုများ၊ လူနာများကို သရုပ်ဖော်ရေးဖွဲ့ထားသော ဝတ္ထုဖြစ် သည်။ ၁၉၉၈ ခုနှစ်တွင် နန္ဒာစိုး (ဆင်ဖြူကျွန်း)၏ ချောင်း ရေယဉ်လျှမ်းပါလို့ လမ်းမသိပါပြီဝတ္ထု အမျိုးသားစာပေဆုရရှိသည်။ ယင်းဝတ္ထုသည် ၁၉၉၇ ခုနှစ်တွင် ပခုက္ကူဦးအုန်းဖေ စာမူဆုရဝတ္ထုဖြစ်သည်။ အမျိုးသားရိုးရာယဉ်ကျေးမှု ထွန်းကားစေရန် အထူးသဖြင့် တိမ်မြုပ်စပြုနေသော ဇာတ်သဘင်လောကကို ပြန်လည် ဖော်ထုတ်ရန်နှင့် အတွေး အခေါ်မှန်ကန်စေရန် ရည်ရွယ်ချက်များကို တွေ့ရသည်။ ၁၉၉၉ ခုနှစ်တွင် ကောင်းသန့်၏ အိပ်မက်အလွမ်းဝတ္ထု အမျိုးသားစာပေဆုရသည်။ အချစ်ဝတ္ထုဟု ဆိုနိုင်သော်လည်း အချစ်ကို လက်တွေ့အကောင်အထည်ဖော်၍ ဘဝထဲသို့ ဝင်ရောက်သည့်အခါ ရင်ဆိုင်ရှုန်းကန်ရပုံများကို ရေးဖွဲ့ထားသည်။ ထိုနှစ်အတွက် စာပေဗိမာန်စာမူဆုတွင် ဂေါ်မလိုင်း၏ ရိုးရာယုံကြည်မှု ဝတ္ထုပထမ ဆုရသည်။ ကချင်တိုင်းရင်းသားတို့၏ ရိုးရာယုံကြည်မှုကို နောက်ခံပြုထားသော ဝတ္ထုဖြစ်သည်။ ၂၀၀၁ ခုနှစ်တွင် ဆောင်းဝင်းလတ်၏ လွမ်းလောက်ပေသည် ဝတ္ထုအမျိုးသားစာပေဆုရရှိသည်။ မြန်မာပီသသော မိသားတစ်စုနှင့် ယင်းမိသားစု၏ မျိုးဆက်သစ်များ အုပ်စည်းမပျက်အောင် ထိန်းသိမ်းထားမှုကို ရေးဖွဲ့ထားသည်။

၂၀၀၄ ခုနှစ်တွင် မြန်မာဝတ္ထုရှည်ခရီးနှစ် ၁၀၀ ရှိသွားပြီ။ ထိုအတွက် ရည်ရွယ်ပြီး မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ ၂၂-၁၁-၂၀၀၃ နေ့မှ ၃၀-၁၁-၂၀၀၃ နေ့ထိ ဗိုလ်အောင်ကျော်လမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ် ထုတ်ဝေရေးရုံး အဆောက်အအုံတွင် မြန်မာဝတ္ထုရှည်နှစ် ၁၀၀ ပြပွဲပြုလုပ်ခဲ့သည်။ မြန်မာဝတ္ထုရှည် နှစ်၁၀၀ (အုပ် ၁၀၀၀)စာအုပ်ကိုလည်း ပြုစုထုတ်ဝေခဲ့သည်။

မြန်မာဝတ္ထုရှည်နှစ်၁၀၀ခရီးကို ခန့်မှန်းကြည့်သော်ရှေးဦးစွာပေါ်သော ဝတ္ထုများနှင့် ခေတ်ဦးဝတ္ထုများအနက် ဥရောပရှိ နော်ဗယ်ဝတ္ထုများကို မှီး၍ ရေးသောဝတ္ထုများသည် ဝတ္ထုပုံသဏ္ဌာန်ပီသကြသည်။ ဤသည်မှာလည်း မိမိတွင်မရှိသေးသောကြောင့် ရှိပြီးအနုပညာပုံတစ်ခုကို မှီငြမ်းယူရခြင်းသည် သဘာဝကျသည်။ အမှီးဝတ္ထုမဟုတ် သောဝတ္ထုများမှာလည်း နန်းတွင်းဇာတ်များ သဘောနှင့် နီးစပ်သည်။

နိုင်ငံရေးနိုးကြားမှုကို အကြောင်းပြု၍ သမိုင်းနောက်ခံဝတ္ထုများ ပေါ်ထွန်းလာပြီး၊ ခေတ်နိုင်ငံရေး သရုပ်ဖော် ဝတ္ထုများလည်း ပေါ်ထွက်လာခဲ့သည်။ အပျော်ဖတ်အချစ်ဝတ္ထုမှာမူ · အများဖြစ်သည်။



**မြန်မာဝတ္ထုရှည်နှစ် ၁၀၀ ခရီးတွင် ပေါ်ထွက်လာသော**
**အမျိုးသားစာပေဆုရ ဝတ္ထုရှည်သုံးအုပ်**

ခေတ်၏သဘောကို ထင်ဟပ်စေသော ဝတ္ထုများလည်း တွေ့ရသည်။ ဝတ္ထုတစ်ပုဒ်ကိုလူကြိုက်များလာသော် ဆက်၍ရေးသောဝတ္ထုများလည်းပေါ်ထွက်လာသည်။

လင်းယုန်နီ၏ မမြင့် ၆တွဲမျိုးဖြစ်သည်။ အောင်လင်းသည် ပေဒါ အောင်မြင်သည့်အခါ မောင့်မမငြိမ်း ဆက်ရေးသည်။ တက္ကသိုလ် ဘုန်းနိုင်က နွေကန္တာဦးကိုဆက်ပြီး ဝသန်လေချိန်မှန်ကူးရေးသည်။ တင်မြင့်အောင်က ရေနံ့သာဦးပြီးသော် ရေနံ့သာမြို့သူ ဆက်ပြန်သည်။ မောင်သိန်းဆိုင်က ရေနံ့သာ ခင်ခင်ကြီး အောင်မြင်သဖြင့် စိန်ခြယ်ခြူးသန်း ထပ်ရေးသည်။ အောင်မြင်သည်လည်း ရှိသည်။ မူလဝတ္ထုကို မှိန်သွားစေသည်လည်းရှိသည်။ အောင်လင်းသည် မောင့်မမငြိမ်းတွင် စာဖတ်သူငြိုငြင်မည်စိုး၍ လမ်းနှစ်သွယ်ဖြင့် ဇာတ်သိမ်းပေးထားသည်။ ကြိုက်ရာ ဇာတ်သိမ်းကိုယူရန် ဖြစ်သည်။ ဤသို့လမ်းနှစ်သွယ် ဖွင့်ထားခြင်းသည် ဝတ္ထုကို ရောင်းကုန်အဖြစ် ဖန်တီး ရာကျသွားသည်။

၁၉၈၀ ပြည့်နှစ်နောက်ပိုင်းတွင် သိန်းဖေမြင့်၊ နန္ဒ၊ ကျော်အောင်၊ လင်းယုန်သစ်လွင်၊ မင်းကျော်၊ နတ်နွယ်၊ မောင်နေဝင်း စသူတို့ ရေးကြသော ဝတ္ထုရှည်ကြီးများကဲ့သို့ မရေးနိုင်ကြတော့ပေ။ ပုံနှိပ်ထုတ်ဝေရေးနှင့် စက္ကူရရှိနိုင်မှု အခြေအနေများတွင် တည်ချင်လည်း တည်နိုင်ပေသည်။ ဝတ္ထုရှည် တစ်ပုဒ်ဖြစ်နိုင်ရုံလောက်သာ ရေးဖွဲ့ကြသည်ကို တွေ့ရပေသည်။ မြန်မာဝတ္ထုရှည်ကြီးများ ပေါ်ထွန်းလာရေးအတွက် ပုဂံစာအုပ်တိုက်က ကြိုးပမ်းခဲ့သည်။ ပုဂံစာအုပ်တိုက်နှင့်အတူ မြန်မာဝတ္ထုရှည်ကြီးများ ဆက်လက်ပေါ်ထွက်ရေးလည်း လျော့ကျ သွားသည်ကို တွေ့ရသည်။ ဂန္ထဝင်မြန်မာဝတ္ထုရှည်ကြီးများကို ပြန်လည်၍ လွမ်းလောက်ပေသည်။

ဦးအေးချို (မဟာဝိဇ္ဇာ)

## စာတတ်သူတိုင်း စာပတ်ဖို့
## စာကြည့်တိုက်များ ထူထောင်စို့

## ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်
## အလှူရှင်များ စာအုပ်များပေးအပ်လှူဒါန်း



## ဗလငါးတန် ဖွံ့ဖြိုးဖို့
## စာအုပ်စာပေ လေ့လာစို့

# ကျေးလက်ဒေသ၏ ပညာဘဏ်တိုက်များ

"စာကြည့်တိုက်တစ်တိုက် ဖွင့်လှစ်ခြင်းသည် ထောင်တံခါးတစ်ချပ်ပိတ်ခြင်းနှင့်ညီသည်" ဟူသော ပညာရှိများ၏ အဆိုရှိပါသည်။ စာကြည့်တိုက်သည် လူ့လောကလူ့ဘောင်အတွက် များစွာအကျိုးပြုသည်။ ကောင်းကျိုးကိုဆောင်သည်။ စာကြည့်တိုက်ကို မှီဝဲချဉ်းကပ်အသုံးပြုသူတို့သည် ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍၊ ကောင်းကျိုးကိုယ်၌တည်စေသည် ဟူသော အကျိုးဆက်ကို ရရှိခံစားနိုင်သည်။ စာကြည့်တိုက်၏ အစွမ်းသတ္တိကြောင့် သိပ္ပံ၊ ဝိဇ္ဇာနယ်ပယ်သည် အချိန်နှင့်တပြေးညီတိုးတက်နေသည်ဆိုက မှားအံ့မထင်။ ခေတ်ကာလပြောင်းလဲတိုးတက်နေသည်နှင့်အမျှ စာကြည့်တိုက်ပညာသည်လည်း အရှိန်အဟုန်နှင့်ကျယ်ပြန့်လာသည်။ စာကြည့်တိုက်က လိုချင်သည့်အကြောင်းအရာတစ်စုံတစ်ရာကို စက္ကန့်ပိုင်း၊ မိနစ်ပိုင်းအတွင်း အချက်အလက်ဝေဝေဆာဆာ တစ်ထမ်းတစ်ပိုးထုတ်ပေးနိုင်ပြီဖြစ်သည်။

ယနေ့ကမ္ဘာပေါ်တွင် နိုင်ငံရေးခေါင်းဆောင်၊ စီးပွားရေးလုပ်ငန်းရှင်၊ လူမှုအသင်းအဖွဲ့အကြီးအကဲတို့တွင် စာကြည့်တိုက်အသုံးမပြုဖူးသူဟူ၍ မရှိကြပေ။ စာကြည့်တိုက်ဘီရိုများကြားတွင် စာအုပ်ပုံမွှေနှောက်ပြီး အချိန်ကို အဖိုးတန်စွာကုန်လွန်စေခဲ့သည်။ အချိန်နှင့်အမျှ ဘဝတက်လမ်းကို ရှာဖွေရယူခဲ့



**သရက်ချောင်းမြို့နယ် ညောင်ဖင်စံပြကျေးရွာစာကြည့်တိုက်ဖွင့်ပွဲ**



**သရက်ချောင်းမြို့နယ် ညောင်စင်စံပြကျေးရွာစာကြည့်တိုက်ကို**
**ခ.ယ.က ဥက္ကဋ္ဌက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်**

ကြသည်။ စာကြည့်တိုက်ကလည်း သစ္စာကြီးမားသည်။ စာကြည့်တိုက်ကို ချစ်ခင်မြတ်နိုးခုံမင်သူများအား ၎င်းတို့လိုချင်သည့် သုတ၊ ရသ၊ ဒဿန အဖြာဖြာတို့ကို လိုလေသေးမရှိထုတ်ပေးသည်။ စာကြည့်တိုက်ကပေးသော အသိဉာဏ်ဖြင့် မိမိတို့ကျွမ်းကျင်ရာ စီးပွားရေးလုပ်ငန်းခွင်၊ လူမှုရေးကဏ္ဍတို့တွင် စီမံအုပ်ချုပ်စိုးမိုးနိုင်ကြပြီဖြစ်သည်။ ဤကဲ့သို့မဟာစွမ်းအားအမျိုးမျိုးထုတ်ပေးနိုင်သော "ပညာဘဏ်တိုက်စာကြည့်တိုက်" များတောရောမြို့ပါမကျန်ကျယ်ကျယ်ပြန့်ပြန့်တိုးတက်ပေါ်ထွန်းရန်လိုအပ်သည်။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်။ ပညာခေတ်၏စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်မည့် အမြဲလေ့လာသင်ယူနေသောမြန်မာ့လူ့ဘောင်အဖွဲ့အစည်းဖြစ်ရန် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အစိုးရသည် မိမိနိုင်ငံသူ နိုင်ငံသားအားလုံးကို ပညာကို အခြေခံ၍ တွေးခေါ်မြော်မြင်နိုင်စွမ်းရှိစေလိုသည်။ မြန်မာနိုင်ငံ၏ လူဦးရေ ၅၃ သန်းရှိသည့်အနက် ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်ကြသည်။ နိုင်ငံ၏ ကုန်ထုတ်လုပ်မှုတွင် ကျေးလက်ဒေသမှ အများဆုံးပါဝင်သည်။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်မှု ကဏ္ဍတို့တွင်ပညာပါမှဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ပါသည်။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့်ဆောင်ရွက်နေခြင်းများရှိသကဲ့သို့ ပြန်ကြားရေးဝန်ကြီးဌာနသည် နိုင်ငံလူဦးရေ၏ အများစုနေထိုင်ရာ ကျေးလက်ဒေသများ၌ စာကြည့်တိုက်များဖွင့်လှစ်ဖြစ်ထွန်းရေးကို စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ပြည်သူ့စာကြည့်တိုက်ဟူ၍ ယနေ့ပေါ်ပေါက်နေသော ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး

စာကြည့်တိုက်များသည် နတ်ရေကန်ထဲမှ ဘွားခနဲ ပေါ်ပေါက်လာသော ရုပ်ဝတ္ထုပစ္စည်းများ မဟုတ်ပေ။ ခေတ်အဆက်ဆက် အစိုးရအဆက်ဆက်တွင် ခေတ်ကာလ၏ ရိုက်ပုတ်ချက်အမျိုးမျိုးကို ထိတွေ့ခံစားပြီးမှ ပေါ်ပေါက်လာရခြင်းဖြစ်သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး၏ သမိုင်းကြောင်းကို ပြန်ပြောင်းကြည့်မည်ဆိုလျှင် ဒုတိယကမ္ဘာစစ်ကာလ ၁၉၄၂ ခုနှစ်မှ စတင်ခဲ့ပေသည်။ ထိုဒုတိယကမ္ဘာစစ် ၁၉၄၂ ခုနှစ်ကာလက သတင်းဝါဒဖြန့်ချိရေးဌာနခွဲအဖြစ် စတင်ဖွင့်လှစ်ခဲ့သည်။ အင်္ဂလိပ်ခေတ် ၁၉၄၅ ခုနှစ်တွင် ပြည်သူ့ဆက်ဆံရေးဌာနငယ်အဖြစ် ဖွဲ့စည်းခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် ပြည်သူ့ဆက်ဆံရေးဌာနကို ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်တွင် ထားရှိခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် ပြန်ကြားရေးဌာနခွဲနှင့် အသံလွှင့်ဌာနခွဲဟူ၍ သီးခြားဖွဲ့စည်းခဲ့သည်။ ပြန်ကြားရေးဌာနခွဲလက်အောက်တွင် သတင်းဌာနခွဲ၊ ပြည်သူ့ဆက်ဆံရေးဌာနခွဲ၊ စာအုပ်စာတမ်း ထုတ်ဝေရေးဌာနခွဲ၊ ဓာတ်ပုံဌာနစိတ်၊ သုတေသနဌာနစိတ်၊ ဖြန့်ချိရေးဌာနစိတ်ဟူ၍ ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် ရန်ကုန်စာဖတ်ခန်းနှင့် တွဲလျက် ကလေးစာဖတ်ခန်းကို ဖွင့်လှစ်ခဲ့သည်။ ၁၉၅၈ ခုနှစ်တပ်မတော် အိမ်စောင့်အစိုးရ လက်ထက်တွင် ပြန်ကြားရေးဌာနခွဲရှိ ပြည်သူ့ဆက်ဆံရေးအရာရှိ (Public Relation Officer) များ၏ တာဝန်များကို ပြန်လည်သတ်မှတ်ပြီး ခရိုင်နှင့် ခရိုင်ခွဲများတွင် ရုံးများစနစ်တကျဖွဲ့စည်းကာ ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။

၁၉၆၀ ပြည့်နှစ် သန့်ရှင်း ဖ. ဆ. ပ. လ အစိုးရလက်ထက်တွင် ပြည်သူ့ဆက်ဆံရေး အရာရှိ၊



လက်ထောက်ပြည်သူ့ဆက်ဆံအရာရှိရာထူးများကို ဖျက်သိမ်းပြီး ခရိုင်နှင့် ခရိုင်ရုံးခွဲများကို ပြန်ကြားရေး စာဖတ်ခန်းများအဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့သည်။ ၁၉၆၂ ခုနှစ် တော်လှန်ရေးအစိုးရလက်ထက်တွင် တော်လှန်ရေးကောင်စီသတင်းစဉ်၊ သတင်းနှင့် စာပေစိစစ်ရေး၊ ထောက်လှမ်း၊ ရှေ့သို့နှင့် Forward စာစောင်ထုတ်ဝေရေး၊ ပြန်ကြားရေးနှင့်ဆက်သွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

၁၉၆၂-၆၅ ခုနှစ်တွင် ခရိုင် ၃၄ ခရိုင်နှင့် ခရိုင်ခွဲ ၄၀ တို့တွင် ပြန်ကြားရေးစာဖတ်ခန်းများကို စာကြည့်တိုက်များအဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်ခဲ့သည်။ ၁၅-၃-၇၂ ရက်နေ့တွင် ပြန်ကြားရေးဌာနခွဲနှင့် အသံလွှင့်ဌာနခွဲတို့ပူးပေါင်း၍ ပြန်ကြားရေးနှင့် အသံလွှင့်ဦးစီးဌာနအဖြစ်ဖွဲ့စည်းခဲ့သည်။ ပြည်မရှိ ပြန်ကြားရေးစာကြည့်တိုက် (၇၄) တိုက်နှင့် ပြည်နယ်ရှိ ပြန်ကြားရေးစာကြည့်တိုက် (၃၇) တိုက်၊ စုစုပေါင်း စာကြည့်တိုက် (၁၁၁) တိုက်ကို ပြန်ကြားရေးနှင့် အသံလွှင့်ဦးစီးဌာန လက်အောက်သို့ လွှဲပြောင်းဖွဲ့စည်းခဲ့သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်တွင် ပြန်ကြားရေးနှင့် အသံလွှင့် ဦးစီးဌာနမှ ပြန်ကြားရေးဌာနခွဲကို နိုင်ငံတော်၏ လိုအပ်ချက်အရ အများပြည်သူအကျိုးအတွက် ၁၉၉၁ ခုနှစ် ဇန်နဝါရီလ ၂၄ ရက်နေ့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအဖြစ်ပြန်လည် ဖွဲ့စည်းခဲ့သည်။ ယနေ့နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်တွင် မြန်မာတစ်နိုင်ငံလုံး၌ ခရိုင်ရုံး (၆၁) ရုံး၊ မြို့နယ်ရုံး (၂၄၉) ရုံး၊ မြို့နယ်ခွဲရုံး (၅၈) ရုံးတို့အပြင် ဝန်ကြီးဌာနအစီအစဉ်ဖြင့် မြို့နယ်ခွဲရုံး (၇) ရုံး စုစုပေါင်း



နောင်တရားမြို့နယ် ဉာဏ်ပွင့်စာကြည့်တိုက်ဖွင့်ပွဲ

(၃၇၅) ရုံးကို ဖွင့်လှစ်နိုင်ခဲ့သည်။ မြန်မာတစ်နိုင်ငံလုံးရှိ ပြည်သူတို့သည်လည်း "ပညာဘဏ်တိုက် စာကြည့်တိုက်" ၌ ဉာဏ်ရှိသလို စာပေဗဟုသုတများကို လေ့လာမှတ်သားနိုင်ခဲ့သည်။

နိုင်ငံတော်အကြီးအကဲက ၂၀၀၂ ခုနှစ် ၅၇ နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် "နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးလာတာနဲ့အမျှ ပြည်သူတွေရဲ့ လူနေမှုဘဝမြင့်မားဖို့ ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍနဲ့ အရည်အချင်းမြင့်မားတဲ့ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးကဏ္ဍတို့ကိုလည်း တစ်ဖက်က ဆောင်ရွက်ပေးနိုင်ခဲ့တယ်။ ပညာရေးနဲ့ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ တစ်မျိုးသားလုံးပညာရည်မြင့်မားရေးစီမံကိန်းကြီး ချမှတ်ပြီးဆောင်ရွက်လျက်ရှိတယ်။ ပုဂ္ဂလိက ပညာရှင်များကလည်း အသင်းအဖွဲ့များ ဖွဲ့စည်းပြီး ဒေသတွင်းရင်ပေါင်တန်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိတယ်။ ဒီနိုင်ငံမှာ လူဦးရေ ၇၀ ရာခိုင်နှုန်းဟာ ကျေးလက်ပြည်သူများဖြစ်ကြတယ်။ ဒါကြောင့် ကျေးလက်နေပြည်သူတွေ ကျန်းမာချမ်းသာပြီး ပညာရည်မြင့်မားခြင်းဟာ နိုင်ငံခွန်အားကို မြင့်မားစေမှာဖြစ်တယ်" ဟု ထည့်သွင်းမိန့်ကြားသွားခဲ့သည်။

နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုယ်တိုင် ကျေးလက်သည်အဓိက၊ ကျေးလက်ဖွံ့ဖြိုးတိုးတက်စေရေးသည် နိုင်ငံတော်၏ ခွန်အားကို တည်ဆောက်ခြင်းဖြစ်သည်ဟု မီးမောင်းထိုးပြခဲ့သည်။ ယနေ့ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖွင့်လှစ်ခဲ့ပြီးသော ခရိုင်နှင့် မြို့နယ်တို့ရှိ စာကြည့်တိုက် ၃၇၅ တိုက်သည် မြန်မာနိုင်ငံရှိ လူဦးရေ သန်း ၅၀ ကျော်အတွက် လုံလောက်မှုမရှိပေ။ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ရန် လိုအပ်လာသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ယင်း၏ ပင်မလုပ်ငန်းတာဝန်တွင်တစ်ခု အပါအဝင်ဖြစ်သော နယ်လှည့်စာကြည့်တိုက်များ ဖွင့်လှစ်ခြင်းကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။ နယ်လှည့်စာကြည့်တိုက်သည် အခြေစိုက် စာကြည့်တိုက်ဖွင့်လှစ်ခြင်းမဟုတ်သောကြောင့် အတိုင်းအတာတစ်ခုအထိသာ ထိရောက်မှုရှိသည်။ မြန်မာပြည်ဒေသအနှံ့အပြားတွင် ပြည်သူ့စာကြည့်တိုက်များအမြောက်အမြားပေါ်ပေါက်လာရန် အရေးကြီးသည်။ ယင်းသို့ စာကြည့်တိုက်များ ပေါ်ထွန်းလာကာ ပြည်သူများသိသင့်သိထိုက်သည်များကို အချိန်နှင့် တပြေးညီသိရှိနိုင်စေရန်၊ ရှောင်သင့်ဆောင်သင့်သည်များကို ဆောင်ရှောင်၍ အချိန်နှင့်တပြေးညီ ဆောင်ရွက်နိုင်စေရန်၊ အသိအမြင်အတွေးအခေါ် ရင့်သန်ဖွံ့ထွားလာစေရန်ဟူသည့် ရည်မှန်းချက်များ အကောင်အထည်ပေါ်ထမြောက်လာရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ပြန်ကြားရေး၏ အဓိကတာဝန်သုံးရပ်ဖြစ်သည့် ဖျော်ဖြေမှုပေးခြင်း၊ ပညာပေးခြင်း၊ ပြန်ကြားပေးခြင်းများဖြင့် ကြိုးပမ်းဆောင်ရွက်နေသည်။ ယင်းအဓိက တာဝန်သုံးရပ်ကို အောင်မြင်စွာအောင်ရွက်ရာတွင် အောက်ပါရည်မှန်းချက်သုံးရပ်ကို ထားရှိသည်-

၁။ တစ်နိုင်ငံလုံး နယ်စပ်ဒေသပါမကျန် (Media cover)ဖြစ်အောင်ဆောင်ရွက်ရန်၊
၂။ မိမိတို့၏ မီဒီယာများက ကမ္ဘာကို ပြန်လည်ထိုးဖောက်၍ ကျယ်ပြန့်ထိရောက်စွာ (Media cover) ဖြစ်အောင် ဆောင်ရွက်ရန်၊
၃။ မိမိတို့ဝန်ကြီးဌာနက တာဝန်ယူနေသည့် မီဒီယာများ (Printed Media) အပါအဝင် အားလုံး သွက်လက်ထက်မြက်ပြီး အရည်အသွေးမြင့်မားရန်တို့ဖြစ်သည်။

ယင်းအချက်သုံးချက်အနက် ပထမရည်မှန်းချက်သည် လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရည်မှန်းချက်ဖြစ်သည်။

တစ်နိုင်ငံလုံးနယ်စပ်ဒေသပါမကျန် ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာများကို (Media cover)

ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ကျေးရွာတစ်ရွာလျှင် အနည်းဆုံး ရုပ်မြင်သံကြားစက်တစ်လုံး၊ ရေဒီယိုတစ်လုံးရရှိရေးကို ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ သတင်းစာများကိုလည်း အချိန်နှင့်တပြေးညီကျေးရွာအရောက် ရရှိစေရန် ကိုယ်ပွားသတင်းစာတိုက်များ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။ ထိုနည်းတူ ပြည်သူတို့အသိအမြင်ဗဟုသုတခေတ်နောက်မကျစေရန် လူ့မိတ်ဆွေကောင်းဖြစ်သည့် စာအုပ်စာပေများကို ငွေကုန်ကြေးကျခံကာ ဝယ်ယူဖတ်ရှုစရာမလိုဘဲ အများစုပေါင်းပြီး စာဖတ်အသင်းစာကြည့်တိုက်ကို စုစည်းတည်ထောင်ပေးလျက်ရှိသည်။ ပညာဗဟုသုတကို အလွယ်တကူပြန့်ပွားစေနိုင်မည့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များပေါ်ပေါက်လာလျှင် ကျေးလက်လူကြီးလူငယ်တို့ အလွယ်တကူစာဖတ်လေ့လာနိုင်ကြတော့မည်။ အသိပညာဗဟုသုတတိုးပွားလာနိုင်ကြမည်။ အမြင်ကျယ်လာမည်။ အမှန်အမှား၊ အကောင်းအဆိုး၊ အကျိုးအပြစ်တို့ကို ဝေဖန်ပိုင်းခြား တတ်လာမည်။ အကျိုးအရှိဆုံးဆုံးဖြတ်ချက်မျိုးကို ရွေးချယ်တတ်ကြမည်။ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်မည်။ ယဉ်ကျေးသိမ်မွေ့၍ ကိုယ်ကျင့်တရားကောင်းမွန်စေမည်။ နိုင်ငံတော်ကို အကျိုးပြုမည့် သားကောင်းသမီးကောင်းများပေါ်ထွန်းလာစေမည်။ နိုင်ငံတကာအားကစား၊ ပန်းချီ၊ ဂီတ၊ အနုပညာ၊ စာပေ စသည်တို့ကို ထိတွေ့လေ့လာသိမြင်လာနိုင်သည်နှင့်အမျှ မိမိတိုင်းပြည်နှင့်လူမျိုးအကျိုးကို ပိုမိုထိရောက်စွာ ဖြည့်ဆည်းလာနိုင်မည်ဖြစ်သည်။ အရှိန်အဟုန်ပြင်းစွာပြောင်းလဲဖြစ်ပေါ်နေသည့် သိပ္ပံနှင့် နည်းပညာများတစ်ကမ္ဘာလုံးဆက်သွယ်ယှက်နွယ်ရိုက်ခတ်မှုများကို သိမြင်နေကြမည်ဖြစ်သည်။

ဤကဲ့သို့ အကျိုးကျေးဇူးများလှသည့် ပညာဘဏ်တိုက်ဟု ဆိုလောက်သော ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးက ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအပြီးဖွင့်လှစ်ရန် လမ်းညွှန်မှုပြုခဲ့သည်။ နိုင်ငံတော်အကြီးအကဲ၏ ဆန္ဒနှင့်အညီ ဖြစ်ပေါ်စေရေးအတွက် ဝန်ကြီး၏ လမ်းညွှန်ချက်အတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် စီမံချက်များရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ပထမအဆင့်အဖြစ် ၂၀၀၄-၂၀၀၅ ခုနှစ်အတွင်း တစ်နိုင်ငံလုံးရှိ ကျေးရွာအုပ်စု (၁၃၄၇၈) စုတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအပြီးဖွင့်လှစ်သွားရန်၊ ဒုတိယအဆင့်အနေဖြင့် ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ကျန်ရှိနေသေးသော ကျေးရွာ ၅၀၀၀၀ ခန့်ကို စာကြည့်တိုက်များ ပြီးမြောက်အောင် ဖွင့်လှစ်ဆောင်ရွက်သွားရန် စီမံချက်ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည်။

စာကြည့်တိုက်ကောင်းတစ်ခုဖြစ်ပေါ်ရန် အခြေခံအားဖြင့် 'ဘီ' ၅ လုံးပြည့်စုံရန် လိုအပ်ပါသည်။ စာကြည့်တိုက်အဆောက်အအုံ (Building) ဘဏ္ဍာငွေအသုံးစရိတ် (Budget)၊ စာအုပ်စာတမ်းစာနယ်ဇင်း (Books)၊ စီမံခန့်ခွဲအုပ်ချုပ်မှုအတတ်ပညာ (Brain) နှင့် စာကြည့်ပရိသတ် (Borrower) တို့ကို အတိုကောက်အားဖြင့် 'ဘီ' ၅ လုံးဟု ခေါ်ဆိုခြင်းဖြစ်သည်။ ထို့ကြောင့် စာကြည့်တိုက်ကြီးတစ်ခုအဖြစ်စနစ်တကျရပ်တည်နိုင်ရေးအတွက် Building, Budget, Books, Brain, Borrower တို့သည် ဧကန်အရေးကြီးလှသည်။

စာကြည့်တိုက်၊ စာကြည့်အသင်းတစ်ခုဖြစ်ပေါ်လာရေးမှာ လွယ်ကူသောကိစ္စရပ်မဟုတ်ပေ။ လွန်စွာကြိုးစားရုန်းကန်ပြီးမှ ပေါ်ထွန်းလာရခြင်းဖြစ်သောကြောင့် မပျက်စီးမဆုံးရှုံးသင့်ပေ။ စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးမှာလည်း မလွဲမသွေပြည့်စုံရမည့်အင်္ဂါရပ်ကြီးဖြစ်သည်။ ထို့ကြောင့်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ဖွင့်လှစ်ပြီးသော ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ

ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ငန်းစီမံချက်အရ၊ အောက်ပါလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိသည်-

(က) ကျေးရွာစာကြည့်တိုက် အဆောက်အအုံ ရရှိရေးနှင့် အဆောက်အအုံ တိုးတက်လာအောင် ဆောင်ရွက်ရေးလုပ်ငန်း၊

(ခ) သုတ၊ ရသစာအုပ်သစ်များ စုဆောင်းရေးနှင့် စာအုပ်များစနစ်တကျထိန်းသိမ်းရေးလုပ်ငန်း၊

(ဂ) စာကြည့်တိုက်မှူး (စာကြည့်တိုက်တာဝန်ခံ) ၏ စာကြည့်တိုက်ဆိုင်ရာ အရည်အချင်း မြင့်မားရေးလုပ်ငန်း၊

(ဃ) စာကြည့်တိုက်ပရိဘောဂများ ရရှိရေးနည်းလမ်းရှာဖွေဆောင်ရွက်ရေးလုပ်ငန်းတို့ဖြစ်သည်။

စနစ်ကျသော စာကြည့်တိုက်ကောင်းတစ်ခုဖြစ်ရန်၊ ဖြစ်ပေါ်လာသော စာကြည့်တိုက်ကို ရေရှည်တည်တံ့ခိုင်မြဲစေရန် အောက်ဖော်ပြပါ ဆောင်ရန်၊ ရှောင်ရန်အချက်များကိုလည်း အသေးစိတ်သိရှိနားလည်သင့်သည်-

(က) Building ဟုခေါ်သော စာကြည့်တိုက်သည် စာသင်ကျောင်း၊ ဘတ်စ်ကားဂိတ်ဈေးနှင့် (အထူးသဖြင့်လူစည်ကားရာအရပ်) မနီးမဝေးတွင် တည်ရှိခြင်း၊ စာကြည့်တိုက်သည် မိုးလုံ လေလုံ အဆောက်အအုံဖြစ်ပြီး စာကြည့်တိုက်ရှိစာအုပ်များ ထားသိုသိမ်းဆည်းရန်နှင့် စာကြည့်ပရိသတ်အတွက် လေဝင်လေထွက် ကောင်းမွန်ခြင်း၊ ဆူညံသောပတ်ဝန်းကျင်နှင့်ဝေးကွာခြင်း၊ စာအုပ်စာတမ်းနှင့် စာကြည့်တိုက်ပရိဘောဂများအတွက် လုံခြုံမှုရှိခြင်း၊ ကိုယ်ပိုင်အဆောက်အအုံဖြစ်ခြင်း သို့မဟုတ် စေတနာဖြင့် လှူဒါန်းထားသော အဆောက်အအုံဖြစ်ခြင်း သို့မဟုတ် အခကြေးငွေဖြင့် နှစ်ရှည်ငှားရမ်းထားသော အဆောက်အအုံဖြစ်ခြင်း၊

(ခ) Budget ဟုခေါ်သော ဘဏ္ဍာငွေလျာထားချက်သည် အလွန်အရေးကြီးသော ကိစ္စဖြစ်သည်။ စာကြည့်တိုက်အတွက် စာအုပ်စာတမ်းစာနယ်ဇင်းများ နေ့စဉ်၊ အပတ်စဉ်၊ လစဉ်၊ နှစ်စဉ်ဝယ်ယူဖြည့်တင်းရန် ရန်ပုံငွေလိုအပ်ခြင်း၊ စာကြည့်တိုက်လုပ်ငန်းသုံး စာရေးကိရိယာ၊ ပရိဘောဂများဝယ်ယူဖြည့်တင်းရန်လိုအပ်ခြင်း၊ ရုံးအသုံးအဆောင်ပစ္စည်း၊ လျှပ်စစ်မီတာ၊ အထွေထွေအခွန်အခ၊ စာကြည့်တိုက်၊ ဝန်ထမ်းစရိတ်၊ စာအုပ်စာတမ်းများပြုပြင်ချုပ်လုပ်ခြင်း၊ ရေနှင့်မိလ္လာပြုပြင်ခြင်းစသော အထွေထွေစရိတ်များကျခံရန်အတွက် ရန်ပုံငွေတောင့်တင်းခိုင်မာရန်လိုအပ်ခြင်း၊

(ဂ) Books ဟုခေါ်ဆိုသော စာအုပ်စာတမ်းများသည် စာကြည့်တိုက်၏ အသက်ပင်ဖြစ်သည်။ စာကြည့်တိုက်တွင် နေ့စဉ်ထုတ် သတင်းစာမှ အပတ်စဉ်ထုတ် လစဉ်ထုတ်စာနယ်ဇင်းများ၊ အခါအားလျော်စွာထုတ် ဝတ္ထု၊ ဆောင်းပါး၊ ဘာသာရပ်စာအုပ်များအချိန်နှင့် တပြေးညီဝယ်ယူဖြည့်တင်းရန်လိုအပ်ခြင်း၊(စာအုပ်စာတမ်းရရှိရန် နည်းလမ်းသုံးသွယ်ရှိသည်။ စာကြည့်တိုက်ရန်ပုံငွေမှ စာအုပ်များဝယ်ယူခြင်း၊ စေတနာရှင် ပြည်သူများထံမှ စာအုပ်စာတမ်းများ အလှူခံခြင်း၊ နိုင်ငံတော်အစိုးရပြန်ကြားရေးဝန်ကြီးဌာနသို့ စာအုပ်စာတမ်းထောက်ပံ့ရန် အကူအညီတောင်းခံခြင်း ဖြစ်သည်။)

(ဃ) Brain ဟုခေါ်ဆိုအပ်သော စီမံခန့်ခွဲအုပ်ချုပ်မှုအတတ်ပညာသည် စာကြည့်တိုက်အတွက် အရေးကြီးသော ကဏ္ဍတစ်ရပ် ဖြစ်သည်။ စာကြည့်တိုက်အား စီမံခန့်ခွဲရန်အတွက် စာကြည့်တိုက်ပညာဖြစ်သော တိုက်ပိုင်ရေးသွင်းသည်မှ ပညာရပ်ခွဲ၊ ကတ်တလောက်တင်၊စာအုပ်စင်တင်၊ စာအုပ်ငှားလုပ်ငန်းအထိ တတ်မြောက်ရခြင်း၊ ဝန်ထမ်းများ အုပ်ချုပ်စီမံခြင်းနှင့် ပြည်သူနှင့် သိမ်မွေ့စွာဆက်ဆံတတ်ခြင်း၊ ရန်ပုံငွေလျာထားချက်နှင့်အညီ စည်းကမ်းတကျသုံးစွဲခြင်း၊စာကြည့်တိုက်၏ ရှေ့လုပ်ငန်းစဉ်များ လျာထားခြင်း၊ ပရိဘောဂနှင့် အခြားလိုအပ်ချက်များဝယ်ယူရန်၊ ကျိုးပဲ့ပျက်စီးသည်များပယ်ဖျက် စာရင်းသွင်းရန်စသော ဘက်စုံစီမံခန့်ခွဲရန်လိုအပ်ခြင်း၊

(င) Borrower ဟုခေါ်ဆိုသော စာကြည့်ပရိသတ်သည် စာကြည့်တိုက်အတွက် အင်္ဂါတစ်ရပ်ပင်ဖြစ်သည်။ ဇာတ်စင်ထက်တွင် ကပြမည့် ဇာတ်အဖွဲ့ကြီးရှိပါလျက် ပွဲကြည့်ပရိသတ် လုံးဝမရှိပါက ဇာတ်က၍မရသကဲ့သို့ စာကြည့်တိုက်ကြီးတစ်ခု အဆင့်မြင့်မြင့်ရှိသည်နှင့်အညီ စာကြည့်ပရိသတ်ရှိရန်လည်းလိုအပ်ခြင်း၊ စာကြည့်ပရိသတ် လစဉ်တိုး၍တိုး၍လာစေရန် ဟောပြောစည်းရုံးခြင်း၊ ကျောင်း၊ ရပ်ကွက်၊ ကျေးရွာများသို့ နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်စည်းရုံးခြင်း၊ စာကြည့်တိုက်သို့လာရောက်သောစာဖတ်ပရိသတ်အားလိုအပ်သည်များအဆင်ပြေချောမောအောင်ကျေနပ်သည်အထိအကူအညီပေးခြင်း၊ စာအုပ်ပြပွဲ၊ ဓာတ်ပုံပြပွဲ၊ နံရံကပ်စာစောင်ဖွင့်ပွဲများ မကြာခဏပြုလုပ်၍ ပရိသတ်ဖိတ်ခေါ်ခြင်း၊

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ရာတွင် အဓိက "အားသုံးအား"ကို အားကိုးရမည်ဖြစ်သည်။ (၁) နိုင်ငံတော်၏ငွေကြေးအား၊ (၂) စေတနာရှင်ပြည်သူများ၏အား၊ (၃) ဒေသခံပြည်သူများ၏ အားပင်ဖြစ်သည်။ နိုင်ငံတော်ပိုင်းက စာအုပ်စာစောင်များဝယ်ယူဖြည့်တင်းပေးခြင်း၊ အလှူရှင်များက ငွေပဒေသာပင်များနှင့် စာအုပ်စာစောင်များ လှူဒါန်းကြခြင်း၊ ကျေးလက်ဒေသပြည်သူများ ကိုယ်တိုင်က တက်ကြွစွာပါဝင်လှုပ်ရှားကြခြင်းနှင့် ဒေသဆိုင်ရာအာဏာပိုင်များ၏ ပံ့ပိုးကူညီခြင်းတို့ကြောင့် ၂၀၀၄ ခုနှစ်၊ မေလ ၃၁ ရက်နေ့တွင် ကျေးရွာစာကြည့်တိုက် (၃၈၉၂) တိုက်သာ ရှိခဲ့ရာမှ ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ (၂၃) ရက်နေ့အထိ ကျေးရွာစာကြည့်တိုက်ပေါင်း (၁၀၂၃၇) တိုက် ဖွင့်လှစ်တည်ထောင်ခဲ့ပြီးဖြစ်သည်။

နိုင်ငံတော်၏ ပံ့ပိုးမှုဖြင့် ၂၀၀၄ ခုနှစ်အတွင်း ငွေကျပ် သိန်း ၁၆၀ တန်ဖိုးရှိ စာအုပ်ပေါင်း (၁၃၈၉၇၃)အုပ်ကို ဝယ်ယူ၍ ခရိုင်နှင့် မြို့နယ်များတွင် တိုးချဲ့ဖွဲ့စည်းထူထောင်သည့် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် (၂၅၀၀) သို့ ဖြည့်တင်းပေးပို့ခဲ့သည်။ ကျန်ရှိနေသေးသော စာကြည့်တိုက်များသို့လည်း ဆက်လက်၍ စာအုပ်စာစောင်များ ထပ်မံဝယ်ယူဖြည့်တင်းဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် စာပေဒါနစေတနာရှင် (၆၁) ဦးထံမှ လှူဒါန်းရရှိငွေကျပ် ၅၉၂၆၀၀၀ အနက်မှ ၅၅ သိန်းတန်ဖိုးရှိ စာအုပ်စာစောင်ပေါင်း (၅၇၇၂၅) အုပ်ကိုလည်းကောင်း၊ စာပေဒါနအလှူရှင် (၃၂၇) ဦးထံမှ အလှူခံရရှိသည့်ငွေကျပ် (၂၇၆၁၄၀၈၅) တန်ဖိုးရှိ စာအုပ်စာစောင်မဂ္ဂဇင်း (၂၇၂၃၁၅) အုပ်ကိုလည်းကောင်း ကျေးရွာစာကြည့်တိုက်များသို့



**ညောင်ကန်ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အတွက်**
**ပြန်ဆက်ဦးစီးမှူးက စာအုပ်များ ပေးအပ်နေစဉ်**

ဖြည့်တင်းပေးနိုင်ခဲ့သည်။ စတုတ္ထအကြိမ်တွင်လည်း အလှူရှင် (၄၁) ဦးတို့က ငွေပဒေသာပင်နှင့် စာအုပ်စာစောင်လှူဒါန်းမှုတန်ဖိုးကျပ် (၆၃၆၈၁၀၀) တန်ဖိုးရှိ စာအုပ်စာစောင် (၃၃၉၀၆) အုပ်တို့ကို စေတနာသဒ္ဓါတရားထက်သန်စွာ လှူဒါန်းနေကြဆဲဖြစ်သည်။ ဤကဲ့သို့ အလှူရှင်များက ငွေပဒေသာပင်နှင့် စာအုပ်စာစောင်များကို ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့်လှစ်ရေးအတွက် စေတနာသဒ္ဓါတရားပြည့်ပြည့်ဝဝဖြင့် လှူဒါန်းမှုများကြောင့် ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ကျေးရွာအုပ်စုတိုင်း၌ စာကြည့်တိုက်များ ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်မည်မှာ ဧကန်မုချပင်ဖြစ်သည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လူသားစွမ်းရည်အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန် တည်ဆောက်သည့်လုပ်ငန်းသည် ပင်မအလုပ်တစ်ခုဖြစ်သည်။ မြို့နယ်ကျေးလက်ဒေသများ၏ စာကြည့်တိုက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးသည် အထူးအရေးပါသည့်လုပ်ငန်းတစ်ခုဖြစ်သည်။ ဤလုပ်ငန်းသည် အမျိုးသားရေးတည်ဆောက်မှုလုပ်ငန်းဖြစ်သည်။ အမျိုးသားရေးတည်ဆောက်မှု လုပ်ငန်းတွင် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ဗဟုသုတ၊ အသိပညာရပ်ဆိုင်ရာအတွေးအခေါ် မှန်ကန်ပြည့်စုံ၍ စိတ်ဓာတ်ရင့်ကျက်ခိုင်မာမှုဆိုင်ရာ လုပ်ငန်းများ တည်ဆောက်ခြင်းသည် ပို၍အရေးကြီးသည်။ စာကြည့်တိုက်လုပ်ငန်းများကို အခြေခံ၍ "Reading & Learning Nation" ကို မဖြစ်မနေ



တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ နယ်လှည့်စာကြည့်တိုက်
ဖွင့်ပွဲ၊ နံရံကပ်ပိုစတာပြပွဲနှင့် ဟောပြောပွဲအခမ်းအနား



အခမ်းအနားသို့ ကျေးရွာပြည်သူများ တက်ရောက်စဉ်



**ဘားအံမြို့မှ နယ်လှည့်စာကြည့်တိုက်နှင့် ဓာတ်ပုံ၊ နံရံကပ်စာစောင်ပြပွဲ**

တည်ဆောက်သွားကြရမည်။ ယင်းသို့ တည်ဆောက်နိုင်ရန်အတွက် ဆက်စပ်လုပ်ဆောင်ရမည့် လုပ်ငန်းလေးရပ်မှာ-

(၁) စည်းရုံးတည်ဆောက်ခြင်း

(၂) စုဆောင်းခြင်း

(၃) ထိန်းသိမ်းခြင်း


(၄) ဖြန့်ဝေအသုံးပြုခြင်း လုပ်ငန်းတို့ဖြစ်သည်။

ဤလုပ်ငန်းလေးရပ်ကို လုပ်ငန်းစဉ်အဖြစ်ချမှတ်၍ နည်းလမ်းများရှာကြံ ဆောင်ရွက်သွားကြရမည်ဖြစ်ပေသည်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဝန်ထမ်းများသည် ပြည်သူ့စာကြည့်တိုက်များ ကျယ်ကျယ်ပြန့်ပြန့်ထွန်းကားရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပေသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကမကထပြု၍ ကျေးလက်ဒေသများတွင် ကိုယ့်အားကိုယ်ကိုးကျေးရွာစာကြည့်တိုက်များ တစ်နည်းအားဖြင့် ကျေးလက်ပညာဘဏ်တိုက်များ စဉ်ဆက်မပြတ်ဖွင့်လှစ်လျက်ရှိရာ ၃၀-၁၁-၂၀၀၄ ရက်နေ့အထိ ပြည်နယ်တိုင်းများအတွင်းရှိ ကျေးရွာအုပ်စု ၁၃၄၇၈ အုပ်စု၌ ကိုယ့်အားကိုယ်ကိုးကျေးရွာစာကြည့်တိုက်ပေါင်း ၁၀၄၁၀ ရှိခဲ့ပြီဖြစ်ပေသည်။

သီသီအေး (ပြန်/ဆက်)








# မြန်မာ့ရိုးရာယဉ်ကျေးမှု
# အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ (၁၉၉၃ - ၂၀၀၄)

ကြာနွယ်ကြာရိုးသည် ရေအတိမ်အနက်ကိုပြဆိုသကဲ့သို့ ရိုးရာယဉ်ကျေးမှုအမွေအနှစ်သည် နိုင်ငံနှင့်လူမျိုး၏ အဆင့်အတန်းကိုဖော်ကျူးတတ်ပေသည်။ ထို့အတူမြန်မာ့ရိုးရာအနုသုခုမပညာသည် မြန်မာ့ဇာတိသွေးဇာတိမာန် မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ရှိမှုနှင့် ယဉ်ကျေးမှုဂုဏ်သိန်မြင့်မားမှုတို့ကိုပေါ်လွင်ထင်ရှားစေသည်။

လူမျိုးတစ်မျိုးနှင့်တစ်မျိုး နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ ကြာရှည်ကူးလူးဆက်ဆံ ကြသောအခါတွင် တစ်နိုင်ငံရှိလူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုနေ၊ထိုင်



ဇာတ်ပွဲ့တစ်ပွဲ့က ရာမာယဏဇာတ်တော်ကြီးကို ကပြပြိုင်ပွဲဝင်နေစဉ်




**ဒွါဒသမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို အက အရေး အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား**

စားသောက်ပုံ၊ ဓလေ့ထုံးစံများ၊ အယူအဆ၊ အတွေးအခေါ် ရှုမြင်သုံးသပ်ပုံအမူအကျင့်တို့သည် တစ်နိုင်ငံရှိလူမျိုးများသို့ တဖြည်းဖြည်းစိမ့်ဝင်လာလေ့ရှိသည်။ လွန်ခဲ့သော နှစ်သုံးဆယ်ကတိုင်းတစ်ပါးမှရေအင်ရိုးတေးသွားနှင့်အက၊ ဘဲလေးအကနှင့် အရှုးချေးပန်းတေးဂီတတို့သည် မြန်မာနိုင်ငံသို့ ထိုးဖောက်ဝင်ရောက်လာခဲ့သည်။ ထိုအခါက မီဒီယာစွမ်းအားအားနည်းသော ကာလဖြစ်၍ အလျင်အမြန်ပင်ရောက်လာခဲ့ခြင်းမဟုတ်မူဘဲ တစိမ့်စိမ့်ဝင်ရောက်လာခြင်းဖြစ်သည်။

ယနေ့အခါ၌ တိုင်းတစ်ပါးမှ မီဒီယာစွမ်းအင်သည် အလွန်အဆင့်မြင့်ပြီးသွက်လက်ထက်မြက်လာပြီဖြစ်သည်။ ယင်းစွမ်းအင်ကြောင့် ဒစ္စကိုအက၊ ဘရိတ်ဒန့်နှင့် ပေါက်ကွဲသံစဉ်တေးသွားများ၊ မပီမသသီချင်းများသည် မြန်မာမှုနယ်ပယ်တွင် တောင်ကျရေပမာအရှိန်အဟုန်နှင့် ထိုးဖောက်ဝင်ရောက်နေရာယူလာခဲ့ကြသည်။ ယင်းကိုကြံ့ကြံ့ခိုင်ခိုင်ကာကွယ်ရန်လိုအပ်လာသည့်နည်းတူ မြန်မာ့အနုပညာသုခုမပညာထွန်းကားပြန့်ပွားရေးအတွက်အဓိကအကောင်အထည်ဖော် လုပ်ဆောင်ရမည်ဟု နိုင်ငံတော်အကြီးအကဲက သိရှိအကဲခတ်မိသည်။ သို့ဖြစ်၍ ၁၉၉၃ ခုနှစ်မှစ၍ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို နှစ်စဉ်ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ၂၀၀၄ ခုနှစ်တွင် ဒွါဒသမ အကြိမ် (၁၂ ကြိမ်) ပြိုင်ပွဲကျင်းပပြုလုပ်ခဲ့ပြီးဖြစ်သည်။

နိုင်ငံတော်က မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို နှစ်စဉ်ကျင်းပပြုလုပ်ပေးခြင်းအားဖြင့် တစ်နိုင်ငံလုံးတွင် ပြန့်ကျဲနေသော လှည်းနေလှေအောင်း မြင်းဇောင်းမကျန်ရွက်ပုန်းသီးအနုပညာရှင် ငယ်ငယ်ရွယ်ရွယ်မှအစသက် ကြီးရွယ်အိုပညာရှင်များပါ အနုပညာစင်မြင့်ထက်တွင် မိမိတို့တတ်စွမ်းသမျှ ပညာများကို အစွမ်းကုန်ပြသခွင့်ရရှိကြသည်။ စင်တော်ကလည်းထင်ပေါ်သူများကို ရွေးချယ်၍ ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ

ချီးမြှင့်ခဲ့သည်။ ထိုသို့မြန်မာ့အနုသုခုမပညာကို မြင်ဖူး၊ ကြားဖူး၊ လေ့လာဖူးသူများသည် အနုပညာကို တအံ့တသြဖြစ်ကြကာ လိုလိုလားလားလက်ဆင့်ကမ်း လေ့လာသင်ယူကြသည်။ မြတ်နိုးစွာလက်ခံကြသည်။ လေ့ကျင့်မှတ်သားကြပြီး ပြိုင်ပွဲတစ်ခုထက်တစ်ခု လက်စွမ်းပြမှု ပိုမိုလာကြသည်။ တက်သစ်စလူငယ်တို့၏ အသိဉာဏ်တွင် အဖြူရောင်သန့်သန့်မှတ်ဉာဏ် ရှိကြသည်။ တိုင်းတစ်ပါးယဉ်ကျေးမှု၏ အရောင်ဆိုးမှုမခံရမီ ခက်ခဲနက်နဲဆန်းပြားသာယာနာပျော်ဖွယ် ရှိသော မြန်မာ့အနုသုခုမပညာကို မျက်ဝါးထင်ထင် မြင်လာရသောအခါ လေးစားဂုဏ်ယူကြကာ ဝမ်းမြောက်ဝမ်းသာဖြင့် အသိဉာဏ်ကလက်ခံလာပေသည်။ ထို့ကြောင့် မြန်မာ့အနုသုခုမပညာ၏ နောင်ရေးအတွက် အတန်အသင့်စိတ်အေးရသည်။



အတွင်းရေးမှူး (၁)က
ရာမာယဏဇာတ်ယှဉ်ပြိုင်ဆုရသူတစ်ဦးအား ဆုချီးမြှင့်စဉ်

အဆိုဘာသာရပ်ပြိုင်ပွဲတွင် မဟာဂီတ၊ ဓမ္မပူဇာတေး၊ ခေတ်ဟောင်း/ကာလပေါ်တေးများသီဆို ပြိုင်ပွဲဝင်ကြရသည်။ မြန်မာတို့၏ ကြိုး၊ ပတ်ပျိုး၊ ယိုးဒယား၊ ဘောလယ်၊ သီချင်းခံ၊ ဒိန်းသံသြသံ၊ ရေလားဖောင်လား၊ သီချင်းကြီးတို့အပြင် ဘာသာတရားကို ပူဇော်သော မြန်မာတေးသွားများ ခေတ်ဟောင်းနှင့် ကာလပေါ်မြန်မာတေးများကို လေ့ကျင့်သီဆိုပြိုင်ပွဲဝင်ကြခြင်းဖြစ်၍ ပေါက်ကွဲသံစဉ်နှင့် မပီမသတေးများ မြန်မာ့ဂီတ လောကတွင် ဆက်လက်ရှင်သန်မှုကို ကာကွယ်ပြီးဖြစ်လေသည်။

အကဘာသာရပ်တွင်လည်း ခေါင်းခါး၊ ခြေလက်စည်းချက် ဝါးချက်ကျကျ မြန်မာ့သံစဉ်တေးသွားများနှင့် ကကြိုးအသွယ်သွယ်ကပြရသော အမျိုးသား၊ အမျိုးသမီးအကပြိုင်ပွဲများ၊ တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသောမြန်မာ့ရုပ်စုံအမြင့်သဘင် ဇာတ်တော်ကြီးကို ပြန်လည်ဖော်ထုတ်နိုင်ခွင့် ရရှိခဲ့သဖြင့် ယခင်ကရှိနှင့်ပြီးသော မြန်မာ့ရုပ်သေး၊ နိုင်ငံတကာတွင် မည်သည့်တိုင်းနိုင်ငံတို့နှင့်မျှ မတူသော မြန်မာ့ရုပ်သေးပညာသည် ပြန်လည် ရပ်တည်နိုင်ခဲ့သည်။ မြန်မာ့ဇာတ်သဘင်လောကတွင် နောက်ပိုင်း ဇာတ်ထုပ်ကြီးများ၏ တင်ဆက်ကပြမှုမှာ မှေးမှိန်သေးသိမ်ခဲ့ရသည်။ ယခုပြိုင်ပွဲများတွင် ဇာတ်သဘင်၏ စည်းကမ်းများ၊ သမားစဉ်မှန်မှန်၊ ဇာတ်ကောင်များ၏ စရိုက် တိတိကျကျ၊ ဆိုငိုပြော ဇာတ်စာဇာတ်စကား ဆိုင်းဆင့်၊ ကာရန်၊

နဘော၊ အသောအလွမ်း၊ တေးဂီတအခမ်းအနား အပြင်အဆင်၊ ဇာတ်ခုံပညာပြည့်ပြည့်စုံစုံ မီးအလင်း အမှောင်အပေးအယူတို့မှအစ အဆင့်အတန်းမြင့်မြင့် ဖော်ထုတ်ယှဉ်ပြိုင်ခွင့် ပေးထား၍ ဇာတ်သဘင် လောကဇာတ်တော်ကြီးများ ပြန်လည်အသက်ဝင် လာပြီဖြစ်သည်။

အရေးဘာသာရပ်ပြိုင်ပွဲတွင်လည်း ခက်ခဲနက်နဲ သော တေးသီချင်းရေးသားခြင်းကို အခြေခံပညာ (၅-၁၀)နှစ်မှ ပညာရှင်အဆင့်အထိ ပါဝင်ယှဉ်ပြိုင် ကြသည်။ မိမိရေးစပ်ရမည့် သီချင်းခေါင်းစဉ်ကို အကဲဖြတ်ဒိုင်အဖွဲ့က လျှို့ဝှက်ထားပြီး စာမေးပွဲ မေးခွန်းပေးသကဲ့သို့ ပြိုင်ပွဲဝင်ခန်းမထဲရောက်မှ သိခွင့်ရပြီး ပထမနေ့တွင် သီချင်းစာသားရေး၊ တေး သွားထည့်ရသည်။ မိမိစပ်ဆိုသော သီချင်းတွင်ပါ သော ခြေဆင်း၊ ဒိုးပတ်သံ၊ အိုးစည်သံ၊ လေ့လော့်သံ ရှမ်းအိုးစည်သံ၊ ကရင်ဒိုးအကတီးလုံး၊ စည်တော်သံ၊ ဗိန်းမောင်း၊ ဗျောသံ၊ ရတု၊ တေးထပ်စသည့် တီးလုံး များကို ဂီတသင်္ကေတဖြင့် ရေးမှတ်ပေးရသည်။ ယင်း ကို တေးသွားထည့်ခြင်းဟု ခေါ်ဝေါ်သည်။ ရေးစပ် ပြီးတေးသီချင်းကို တီးဝိုင်း အဆိုတို့နှင့် သီချင်းတိုက် ရသည်။ အဆိုပြိုင်ပွဲဝင်ရန် သတ်မှတ်ထားသော သီချင်းပြိုင်ပွဲနေ့တွင် ရေးစပ်ထားသော သီချင်းကို မိမိကိုယ်တိုင် သို့မဟုတ် အခြားသူတစ်ဦး သို့မဟုတ် အများကိုသီဆိုစေပြီး ဆိုင်းဝိုင်း သို့မဟုတ် စန္ဒရားဝိုင်း သို့မဟုတ် နှစ်သက်ရာ တူရိယာများနှင့် တွဲဖက်၍ ယှဉ်ပြိုင်ကြရသည်။

အတီးဘာသာရပ်တွင် ၁၉၉၃ ခုနှစ် ပထမ အကြိမ်ပြိုင်ပွဲ၌ ပတ္တလား၊ ဆိုင်းဝိုင်း နှဲ၊ ပလွေဟူ၍ တူရိယာလေးမျိုးသာ ထည့်သွင်းပြိုင်ပွဲကျင်းပပေးနိုင် ခဲ့သော်လည်း၊ တစ်နှစ်ထက်တစ်နှစ်တူရိယာ အမျိုး အမည်များတိုး၍ ကျင်းပပေးခဲ့ရာ ၂၀၀၄ ဒွါဒသမ အကြိမ် (၁၂ ကြိမ်) ပြိုင်ပွဲတွင် ဂီတ၊ စန္ဒရား၊ စောင်း၊



ဆိုကရေးတီးပြိုင်ပွဲတွင် အတီးပြိုင်ပွဲဝင်နေသော ကလေးငယ်တစ်ဦး

ဆိုင်း(တစ်ဦးချင်း)၊ ဆိုင်း(အဖွဲ့လိုက်)၊ တယော၊ ဒုံမင်း၊ ဒိုးပတ်(အဖွဲ့လိုက်)၊ နှဲ၊ ပတ္တလား၊ မယ်ဒလင်၊ အိုးစည် (အဖွဲ့လိုက်)ဟူ၍ တူရိယာ (၁၁) မျိုးအထိ တိုးချဲ့ ပါဝင်လာသည်။ ပြိုင်ပွဲတိုင်းကို အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲဟု ခွဲခြားကျင်းပထားသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို အက အရေး အတီးပြိုင်ပွဲများတွင် ပြည်နယ်နှင့် တိုင်းအသီးသီးမှ ပြိုင်ပွဲဝင်များက လာရောက်ယှဉ်ပြိုင်ကြ၊ ပြည်သူများကတက်ရောက် အားပေးကြည့်ရှုနားထောင်ကြ၊ အကဲဖြတ်ဒိုင်များက အမှတ်ပေးရွေးချယ်ကြ၊ လူကြီးများကဆုချီးမြှင့်ကြပြီးလျှင် ပြိုင်ပွဲဝင်များ နေရပ်ပြန်ကြနှင့် နှစ်စဉ် စည်စည်ကားကား သိုက်သိုက်ဝန်းဝန်း ညီညီညွတ်ညွတ်ရှိသည်။

၁၉၉၃ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ၁၂ နှစ်တာ ကာလသို့ရောက်လာပြီဖြစ်သော ပြိုင်ပွဲ၏သက်တမ်းတွင် တရွေ့ရွေ့ ပြောင်းလဲတိုးတက်မှုများ ရှိကြောင်း အောက်ပါအတိုင်းစိစစ်တွေ့ရှိရပေသည်။

ပထမအကြိမ် (၁၉၉၃) ခုနှစ်

| | |
|---|---|
| ပါဝင်ယှဉ်ပြိုင်သူဦးရေ | ၂၈၄ ဦး |
| ချီးမြှင့်သည့်ဆုများ | ၁၁၈ ဆု |
| ဆုတန်ဖိုး | သတင်းထုတ်ပြန်ခဲ့ခြင်းမရှိပါ |




**အကပြိုင်ပွဲဝင်နေသော လူငယ်ကလေးတစ်ဦး**

ပထမအကြိမ်ပြိုင်ပွဲတွင် ဝါသနာရှင်အဆင့်၊ အဆင့်မြင့်ပညာအဆင့် အခြေခံပညာအဆင့် ကျား၊ မ ပြိုင်ပွဲများကျင်းပသည်။ ပထမအကြိမ်ပြိုင်ပွဲတွင် ပို့စကတ်များ၊ လက်ကမ်းစာစောင်၊ နေ့စဉ်သတင်းလွှာနှင့် မှတ်တမ်းစာအုပ်တို့ကို ထုတ်ဝေခြင်းမပြုပါ။ အတီးဘာသာရပ်ပြိုင်ပွဲတွင် တူရိယာ (၄) မျိုးသာပါ ရှိသည်။

ဒုတိယအကြိမ် (၁၉၉၄) ခုနှစ်

| | |
|---|---|
| ပါဝင်ယှဉ်ပြိုင်သူဦးရေ | ၁၄၂၇ ဦး |
| ချီးမြှင့်သည့်ဆုများ | ၂၉၅ ဆု |
| ဆုတန်ဖိုး | ၆,၇၈၅,၀၀၀ ကျပ် |


ဒုတိယအကြိမ်ပြိုင်ပွဲတွင်- ပညာရှင်၊ ဝါသနာရှင်၊ အဆင့်မြင့်ပညာ အခြေခံပညာ (၁၂) နှစ်ထက်နှင့် အခြေခံပညာ (၁၂) နှစ်အောက်အဆင့်ဟူ၍ အဆင့် (၅) ဆင့်ခွဲကာ ကျား/မ ပြိုင်ပွဲများ ကျင်းပခဲ့သည်။ အတီးဘာသာရပ်တွင် စန္ဒရား၊ စောင်း၊ ဆိုင်း (တစ်ဦးချင်း)၊ ဆိုင်း (အဖွဲ့လိုက်) ဒိုးပတ် (အဖွဲ့လိုက်) နှဲ၊ ပတ္တလား၊ အိုးစည် (အဖွဲ့လိုက်) စသဖြင့် တူရိယာ (၇) မျိုး အတီးပြိုင်ပွဲများ ကျင်းပပြုလုပ်

သည်။ ပို့စကတ်များ၊ လက်ကမ်းစာစောင်၊ နေ့စဉ်သတင်းလွှာ၊ မှတ်တမ်းစာအုပ်များကို ဤအကြိမ်မှ စတင်ထုတ်ဝေသည်။

**တတိယအကြိမ် (၁၉၉၅ ခုနှစ်)**

| | | |
|---|---|---|
| ပါဝင်ယှဉ်ပြိုင်သူဦးရေ | ၁၆၇၆ | ဦး |
| ချီးမြှင့်သည့်ဆုများ | ၃၂၅ | ဆု |
| ဆုတန်ဖိုး | ၇၆၇၅,၀၀၀ | ကျပ် |

တတိယအကြိမ်ပြိုင်ပွဲ- အကဘာသာရပ်တွင် ပညာရှင်အဆင့်ရုပ်သေးပြိုင်ပွဲနှင့် အတီးဘာသာရပ်တွင် တယောတူရိယာပြိုင်ပွဲ စတင်ထည့်သွင်းကျင်းပသည်။



**အနုပညာရှင်အဖွဲ့တစ်ဖွဲ့ ရုပ်သေးပြိုင်ပွဲဝင်နေစဉ်**

**စတုတ္ထအကြိမ် (၁၉၉၆ ခုနှစ်)**

| | | |
|---|---|---|
| ပါဝင်ယှဉ်ပြိုင်သူဦးရေ | ၁၇၅၁ | ဦး |
| ချီးမြှင့်သည့်ဆုများ | ၃၂၃ | ဆု |
| ဆုတန်ဖိုး | ၇၇၃၅,၀၀၀ | ကျပ် |

စတုတ္ထအကြိမ်ပြိုင်ပွဲတွင် ဝါသနာရှင်အဆင့်ရုပ်သေးပြိုင်ပွဲနှင့် ဝါသနာရှင်အဆင့် အမျိုးသမီးဆိုင်းတီးပြိုင်ပွဲတို့ကို စတင်တိုးချဲ့ထည့်သွင်းခဲ့သည်။

**ပဉ္စမအကြိမ် (၁၉၉၇ ခုနှစ်)**

| | | |
|---|---|---|
| ပါဝင်ယှဉ်ပြိုင်သူဦးရေ | ၂၁၄၆ | ဦး |
| ချီးမြှင့်သည့်ဆုများ | ၄၁၂ | ဆု |
| ဆုတန်ဖိုး | ၁၅,၈၆၀,၀၀၀ | ကျပ် |

ပဉ္စမအကြိမ်ပြိုင်ပွဲတွင် ပညာရှင်၊ ဝါသနာရှင်၊ အဆင့်မြင့်ပညာ၊ အခြေခံပညာ (၁၅-၂၀)နှစ်၊ အခြေခံပညာ (၁၀-၁၅)နှစ်၊ အခြေခံပညာ(၅-၁၀) နှစ်ဟူ၍ အဆင့် (၆)ဆင့်ခွဲကာစတင်တိုးမြှင့်ကျင်းပခဲ့သည်။ ဇာတ်သဘင်ပြိုင်ပွဲ သုဝဏ္ဏသျှံဇာတ်တော်ကြီးစတင်ထည့်သွင်းကျင်းပသည်။

**ဆဋ္ဌမအကြိမ် (၁၉၉၈ ခုနှစ်)**

| | | |
|---|---|---|
| ပါဝင်ယှဉ်ပြိုင်သူဦးရေ | ၂၅၇၂ | ဦး |
| ချီးမြှင့်သည့်ဆုများ | ၄၁၉ | ဆု |
| ဆုတန်ဖိုး | ၁၇,၀၄၀,၀၀၀ | ကျပ် |

ဆဋ္ဌမအကြိမ်ပြိုင်ပွဲအကဘာသာရပ်၌ ပညာရှင်အဆင့် ကျား/မပြိုင်ပွဲကို မြန်မာဆန်ဆန်တေး ကိုယ်ပိုင်သီဆိုပြီး ကိုယ်ပိုင်တီးဝိုင်းနှင့်တွဲဖက်၍ ဆိုငိုပြောအက သီဆိုကပြစေ၍ ပြိုင်ပွဲဝင်ခွင့်ပြုသည်။ ဇာတ်သဘင်ပြိုင်ပွဲတွင် ရာမယဏဇာတ်တော်ကြီး၊ ရုပ်စုံအမြင့်သဘင်ပြိုင်ပွဲတွင် ဝိဒူရဇာတ်တော်တို့ ကပြယှဉ်ပြိုင်ကြသည်။ ဤအကြိမ်မှစ၍ ပြိုင်ပွဲလက်ကမ်းစာစောင်ကို မြန်မာ အင်္ဂလိပ် ၂ ဘာသာဖြင့် ၂ မျိုးထုတ်ဝေသည်။

**သတ္တမအကြိမ် (၁၉၉၉ ခုနှစ်)**

ပါဝင်ယှဉ်ပြိုင်သူဦးရေ ၂၅၂၅ ဦး
ချီးမြှင့်သည့်ဆုများ ၄၂၀ ဆု
ဆုတန်ဖိုး ၁၆,၇၀၀,၀၀၀ ကျပ်

သတ္တမအကြိမ်ပြိုင်ပွဲတွင် ဇာတ်သဘင်ပြိုင်ပွဲ၌ ရာမယဏဇာတ်တော်ကြီးနှင့် ရုပ်စုံအမြင့်သဘင်ပြိုင်ပွဲတွင် သောတ္တိသေန သမ္ဗူလဇာတ်တော်တို့ ကပြယှဉ်ပြိုင်ကြသည်။

**အဋ္ဌမအကြိမ် (၂၀၀၀ ပြည့်နှစ်)**

ပါဝင်ယှဉ်ပြိုင်သူဦးရေ ၂၅၅၃ ဦး
ချီးမြှင့်သည့်ဆုများ ၄၄၂ ဆု
ဆုတန်ဖိုး ၁၈,၃၉၅,၀၀၀ ကျပ်

အဋ္ဌမအကြိမ်ပြိုင်ပွဲ ဇာတ်သဘင်ပြိုင်ပွဲတွင် မဟောသဓာဇာတ်တော်ကြီး ရုပ်စုံအမြင့်သဘင်ပြိုင်ပွဲတွင် ဆဒ္ဒန်ဆင်မင်းဇာတ်တော်ကြီးတို့ ကပြယှဉ်ပြိုင်ကြသည်။

**နဝမအကြိမ် (၂၀၀၁ ခုနှစ်)**

ပါဝင်ယှဉ်ပြိုင်သူဦးရေ ၂၅၃၈ ဦး
ချီးမြှင့်သည့်ဆုများ ၄၇၈ ဆု
ဆုတန်ဖိုး ၂၈,၄၃၀,၀၀၀ ကျပ်

နဝမအကြိမ်ပြိုင်ပွဲ ဇာတ်သဘင်ပြိုင်ပွဲတွင် မဟာဇနကဇာတ်တော်ကြီး ရုပ်စုံအမြင့်သဘင်ပြိုင်ပွဲတွင် ဘူရိဒတ်ဇာတ်တော်တို့ ကပြယှဉ်ပြိုင်ကြသည်။ အတီးဘာသာရပ်ပြိုင်ပွဲတွင် မယ်ဒလင်အတီးပြိုင်ပွဲကို စတင်တိုးချဲ့ထည့်သွင်းကျင်းပသည်။

**ဒသမအကြိမ် (၂၀၀၂ ခုနှစ်)**


ပါဝင်ယှဉ်ပြိုင်သူဦးရေ ၂၅၀၄ ဦး
ချီးမြှင့်သည့်ဆုများ ၅၃၅ ဆု
ဆုတန်ဖိုး ၂၇,၈၂၅,၀၀၀ ကျပ်

ဒသမအကြိမ်ပြိုင်ပွဲ ဇာတ်သဘင်ပြိုင်ပွဲတွင် ရာမာယဏဇာတ်တော်ကြီး၊ ရုပ်စုံအမြင့်သဘင်ပြိုင်ပွဲတွင် သုဝဏ္ဏသာမဇာတ်တော်ကြီးတို့ ကပြယှဉ်ပြိုင်ကြသည်။ အတီးဘာသာရပ်ပြိုင်ပွဲတွင် ဂီတာအတီးပြိုင်ပွဲကို စတင်တိုးချဲ့ထည့်သွင်းကျင်းပသည်။


**ဧကာဒသမအကြိမ် (၁၁ကြိမ်- ၂၀၀၃ ခုနှစ်)**

ပါဝင်ယှဉ်ပြိုင်သူဦးရေ ၂၄၅၆ ဦး
ချီးမြှင့်သည့်ဆုများ ၅၇၈ ဆု
ဆုတန်ဖိုး ၃၀,၃၀၀,၀၀၀ ကျပ်

ဧကာဒသမအကြိမ်ပြိုင်ပွဲ ဇာတ်သဘင်ပြိုင်ပွဲတွင် ဆဒ္ဒန်ဆင်မင်းဇာတ်တော်ကြီး၊ ရုပ်စုံအမြင့်သဘင်



အကပြိုင်ပွဲဝင်နေသော သမီးပျိုတစ်ဦး



**ရန်ကုန်တိုင်းအနုပညာအဖွဲ့ ရုပ်သေးပြိုင်ပွဲဝင်နေစဉ်**

ပြိုင်ပွဲ၌ မဟာဇနကဇာတ်တော်ကြီးတို့ ကပြယှဉ်ပြိုင်ကြသည်။ အတီးဘာသာရပ်ပြိုင်ပွဲတွင် ဒုံမင်းအတီးပြိုင်ပွဲကို စတင်တိုးချဲ့ထည့်သွင်းကျင်းပသည်။


ဒွါဒသမအကြိမ် (၁၂ကြိမ်- ၂၀၀၄ ခုနှစ်)

| | | |
|---|---|---|
| ပါဝင်ယှဉ်ပြိုင်သူဦးရေ | ၂၅၀၉ | ဦး |
| ချီးမြှင့်သည့်ဆုများ | ၅၆၉ | ဆု |
| ဆုတန်ဖိုး | ၂၉၆,၆၀၀၀၀ | ကျပ် |

ဒွါဒသမအကြိမ်(၁၂ ကြိမ် ဇာတ်သဘင်ပြိုင်ပွဲတွင် ရာမာယဏဇာတ်တော်ကြီး၊ ရုပ်စုံအမြင့်သဘင်ပြိုင်ပွဲတွင် မဟောသဓာဇာတ်တော်ကြီးတို့ ကပြယှဉ်ပြိုင်ကြသည်။

ပထမအကြိမ်မှ ဒွါဒသမအကြိမ် (၁၂ ကြိမ်) သို့ရောက်လာသောအခါ အဆို၊ အက၊ အရေး၊ အတီးဘာသာရပ်လေးမျိုးစလုံးတွင် တရွေ့ရွေ့ချင်းပြောင်းလဲဖြစ်ပေါ် တိုးတက်လာကြသည်ကို တွေ့မြင်ရပေသည်။

ကောက်ရိုးမီးသည် ဝုန်းခနဲတစ်ရှိန်ထိုးတောက်လောင်၍ ချက်ချင်းမီးသေသွားသည်။ ရှားမီးသည် တာရှည်ခံ၍ အချိန်ကြာလာသည်နှင့် အမျှအပူရှိန်ပြင်းသည်ထက်ပြင်းကာ မီးရှိန်ကောင်းလာလေ့ရှိသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများသည် ကောက်ရိုးမီးမဟုတ်ပေ၊ ရှားမီးကဲ့သို့ဖြစ်သည်။ နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ ပြိုင်ပွဲကြီးသည် အသားကျလာသည်။ နိုင်ငံတော်က ပြိုင်ပွဲများကို တိုးချဲ့ကျင်းပပေးရာတွင် ကျစ်လျစ်သိပ်သည်းမှုရှိလာသည့်နည်းတူ ပြိုင်ပွဲများကလည်း စနစ်တကျနှင့် စည်းကမ်းသေဝပ်မှုပိုရှိလာကြသည်။



**ဒွါသမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို အက အရေး အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် သမီးပျိုလေးနှစ်ဦး ကပြဖျော်ဖြေဟန်**

လောကသဘာဝအရ မည်သည့်အရာတွင်မဆို အချိန်ကာလကြာမြင့်လာသည်နှင့်အမျှ ရိုးအီလာကာ လေးလံထိုင်းမှိုင်းလာလေ့ရှိသည်။ သွက်လက်မြန်ဆန်မှုအားနည်းလာတတ်သည်။ သို့သော် မြန်မာ့ရိုးရာ အနုသုခုမပညာတို့သည် ထိုသို့မဟုတ်ပြီ၊ ကြာလာသည်နှင့်အမျှ ခိုင်မြဲမှုပိုလာသည်။ အဟောင်းတွင် အယဉ်ဆင့်၍ အသစ်အသစ်တို့ ဆန်းကြယ်လာသည်။ ခေတ်မီလာသည်။ ငြိမ့်ညောင်းသွက်လက်သကဲ့သို့ လျှင်မြန်ထိရောက်မှု ပိုမိုနက်ရှိုင်း၍ ကိုယ်ပိုင်မြန်မာမှုတို့ကို ကမ္ဘာ့နိုင်ငံများက အံ့သြလေးစားလောက်အောင် ဖော်ထုတ်တင်ပြလာနိုင်ကြပြီဖြစ်သည်။

မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကျင်းပရခြင်း၏ ရည်ရွယ်ချက် (၆) ရပ်ရှိသည်-

၁။ မိမိတို့ နိုင်ငံသူ နိုင်ငံသားအားလုံးတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး-ဇာတိမာန် တက်ကြွမြင့်မားရေး၊

၂။ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး၊

၃။ မြန်မာ့ဂီတ- မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာစစ်စစ်ထွန်းကားပြန့်ပွားရေး၊

၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများထိန်းသိမ်းရေး၊

၅။ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရေး၊

၆။ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေးတို့ဖြစ်သည်။

နှစ်စဉ်ကျင်းပခဲ့သော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီး ပြိုင်ပွဲများသည် နိုင်ငံတော်က ရည်ရွယ်မျှော်မှန်းချက် အားလုံးကို ရာနှုန်းပြည့် အကောင်အထည်ဖော်အောင်မြင်ပြီးမြောက်ခဲ့ကြောင်း မှတ်တမ်းတင်ဂုဏ်ပြုဖော်ပြအပ်ပေသည်။

ကျော်ဖုန်းမြင့် (ဓာတုဗေဒ)


BAGAN
မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ မပျောက်ပျက်အောင်
အစဉ်ထိန်းသိမ်းခဲ့သည့် ယွန်းပညာကောလိပ်သည်
အရှေ့တောင်အာရှတွင် တစ်ခုတည်းသော ကောလိပ်ဖြစ်

# အရှေ့တောင်အာရှ၏ တစ်ခုတည်းသော ယွန်းပညာကောလိပ်



**မြန်မာ့ရိုးရာယွန်းထည်များ တည်ခင်းရောင်းချနေပုံ**

ယွန်းလက်မှုပညာသည် မြန်မာ့ရိုးရာလက်မှုပညာများတွင် အထူးထင်ရှားလှသော အနုပညာတစ်ရပ်ဖြစ်သည်။ မြန်မာ့ယွန်းထည်၏ မြတ်နိုးဖွယ်ကောင်းသည့် ပညာသားမှာ ယွန်းထိုးမှုအတတ်ပညာလက်ရာစွမ်းပင်ဖြစ်သည်။သေးငယ်သောကစားစရာယွန်းထည်ကလေးများမှသည် လူ့အသုံးအဆောင်အထည်ပစ္စည်းကြီးများအထိ ယွန်းပစ္စည်းများအပေါ်လူတိုင်းက ချစ်ခင်မြတ်နိုးလျက် သံယောဇဉ်ကြီးကြသည်။ မြန်မာ့ယွန်းထည်နှင့် မြန်မာ့ယွန်းပညာသည် ယခုအခါ ကမ္ဘာတွင် ထည်ဝါလျက်ရှိနေပေသည်။

မြန်မာ့ယွန်းထည်ပစ္စည်းများကို မင်္ဂလာအခမ်းအနားများတွင် ဂုဏ်ယူဝင့်ကြွားစွာ အသုံးပြုခဲ့ကြသည်မှာ ရှေးမြန်မာဘုရင်များလက်ထက်မှ ယနေ့ခေတ်တိုင်ဖြစ်ပါသည်။ ယွန်းထည်ပစ္စည်းမပါလျှင် မြန်မာ့ရိုးရာပွဲများမစည်ကား မတင့်တယ်သည်သို့ဖြစ်ပေသည်။ နိုင်ငံခြားတိုင်းပြည်များ၌ပြပွဲပြခန်းများပြုလုပ်ကျင်းပသည့်အခါတွင်လည်း ယွန်းလက်ရာမွန် ပစ္စည်းထည်များမှာ အခြားအနုပညာလက်ရာပစ္စည်းကောင်းများနှင့်အတူ ယှဉ်တွဲ၍ အောင်ပွဲခံလျက်ရှိနေလေသည်။

မြန်မာများ၏ အသိတွင် ပုဂံညောင်ဦးမှ ထွက်ရှိသော ယွန်းပစ္စည်းများသာလျှင် ယွန်းထည်ဟု နားလည်ထားကြလျက် မုံရွာကျောက်ကာရွာမှ ထွက်ရှိသော ယွန်းပစ္စည်းများကိုမူ ကျောက်ကာထည်ဟု သဘောပေါက်ကြသည်။ ပုဂံမြင်းကပါမှ ပြုလုပ်သော ယွန်းထည်ပစ္စည်းများသည် လှပနုနယ်လက်ရာကြွယ်သလောက် ချစ်စဖွယ်ကောင်းလှသည်။

ရှမ်းပြည်နယ်ကျိုင်းတုံတွင် အလှသုံးရွှေချ ယွန်းထည်များထွက်သည်။ ယွန်းထည်ဟု သိမ်းရုံး၍ဆိုရလင့်ကစား၊ ကျောက်ကာချိုင့်၊ မောင်းထောင်ခွက် စသည်ဖြင့် ထွက်ရှိရာအရပ်ဒေသကို အစွဲပြု၍ ခေါ်ဝေါ်ခြင်းလည်းပြုကြသည်။ အခြေခံအားဖြင့် လုပ်ကိုင်ပုံ နည်းစနစ်ချင်း တူကြသော်လည်း မွမ်းမံပြင်ဆင်မှုမှာအနည်းငယ်ကွဲပြားခြားနားမှုရှိလေသည်။

"ယွန်း" ဟူသော အခေါ်အဝေါ်သည် မြန်မာဝေါဟာရမဟုတ်ဟုဆိုကြသည်။ မြန်မာအဘိဓာန်၌ "ယွန်း" ကို

(၁) အနည်းငယ်စောင်းသောဟူ၍ လည်းကောင်း၊ ရွေ့သည်၊ သွားသည်ဟူ၍ လည်းကောင်း၊

(၂) ဝါးထည်၊ သစ်သားထည်တို့ကို သစ်စေးသရိုးကိုင်၍ မွမ်းမံသော အတတ်ပညာဟူ၍ လည်းကောင်း၊

(၃) ရှမ်းလူမျိုးတစ်မျိုး (ကျိုင်းတုံ၊ တာချီလိတ်ဒေသတစ်ဝိုက်တွင် နေထိုင်သည်) ဟူ၍ လည်းကောင်းအဓိပ္ပာယ်များ ဖွင့်ဆိုထားသည်။

"ယွန်းထည်" ဟုခေါ်ဝေါ်သည့် ဝေါဟာရ၏ အရင်းဇစ်မြစ်ကိုသိရှိနိုင်ရန် ယွန်းထည်၏သမိုင်းကို လေ့လာရမည်ဖြစ်သည်။ မြန်မာ့စွယ်စုံကျမ်းတွင် အောက်ပါအတိုင်းလေ့လာတွေ့ရှိရသည်။

ဘုရင့်နောင်မင်းတရားလက်ထက်က လည်းကောင်း၊အနောက်ဖက်လွန်မင်းတရားလက်ထက်ကလည်းကောင်း၊ ဇင်းမယ်ကို အောင်နိုင်သောအခါ ဇင်းမယ်မှ အနုပညာရှင်၊ အတတ်ပညာရှင်များသည် မြန်မာနိုင်ငံသို့ ပါလာကြသည်။ ယွန်းထည်ပစ္စည်းမျိုးသည် ရှေးကပင် မြန်မာနိုင်ငံ၌ ရှိကောင်းရှိမည်ဖြစ်သော်လည်း ဇင်းမယ်မှ အတတ်ပညာသည်များ ပါလာသောအခါ ထိုလုပ်ငန်းသည် မြန်မာနိုင်ငံ၌ ပို၍ဖွံ့ဖြိုးလာခဲ့ဟန်တူပေသည်။ ရှမ်းပြည်နယ်၊ လဲချားနယ်သည် တစ်ခေတ်က ယွန်းထည်လုပ်ငန်း၏ အချက် အချာဖြစ်ခဲ့သည်ဟုဆိုသည်။ ရှမ်းပြည်နယ် ယွန်းလုပ်ငန်း သမားတို့၏အဆိုမှာ အနောက်ဖက်လွန်မင်းတရား လက်ထက်ဇင်းမယ်ချီတပ်များတွင် လဲချားမြို့စား၏ သားတော်နှစ်ပါးကွပ်ကဲသော တပ်စုတစ်စုလည်းပါသည်။ သားတော်ကြီးသည် ဇင်းမယ်သူနှင့်အကြောင်းဆက်၍ သားတစ်ယောက်ထွန်းကားသည်။နောင်အခါ လဲချားမြို့စား၏ ရာထူးကို ဇင်းမယ်သူ၏ သားက ဆက်ခံရသောအခါ အမိ၏ ဆွေမျိုး၊ အိမ်ထောင်စုတို့ကို လဲချားသို့ခေါ်ယူသည်။ ထိုအိမ်ထောင်စုတို့တွင် ယွန်းအတတ်ပညာသည်များဖြစ်သော ယွန်းကလောင်အမျိုးစုတို့ပါသည်။ ယွန်းကလောင်တို့သည် မိမိတို့၏ လုပ်ကိုင်ရင်းစွဲအလုပ်ကို လဲချား၌ လုပ်ကိုင်ခြင်းဖြင့် ယွန်းလုပ်ငန်းကို လဲချား၌ မျိုးစေ့ချသည်။ ယွန်းကလောင်၊ သို့မဟုတ် ယွန်း လူမျိုးတို့ လုပ်ကိုင်သောပစ္စည်းများဖြစ်သောကြောင့် ယွန်းထည်ဟုခေါ်ဝေါ်ခဲ့ကြဟန်တူ၍ "ယွန်း" ဟူသော ဝေါဟာရဖြစ်ပေါ်လာခဲ့သည်ဟု ယူဆရလေသည်။

သို့သော် ပုဂံခေတ်ကပင် ယွန်းထည်ပစ္စည်းများသည် ပုဂံပြည်သို့ ရောက်ခဲ့သည်ဟူသော အဆိုတစ်ရပ်ရှိပြန်သည်။

ပုဂံမြို့မင်္ဂလာစေတီ၌ ခရစ် ၁၂၇၄ ခုနှစ်ခန့်ကဟု ခန့်မှန်းရသော ယွန်းကြုတ်တစ်ခုကို တွေ့ရသည်ဟုဆိုသည်။ ထို့ကြောင့် ပုဂံပြည့်ရှင် အနော်ရထာမင်းလက်ထက်ကပင် ယွန်းအတတ်ပညာသည်များသည် ဇင်းမယ်နှင့်နီးစပ်သော သထုံသို့ ရောက်ရှိနေခဲ့ဟန်တူ၍ သထုံကို အနော်ရထာသိမ်းပိုက်သောအခါ ထိုအတတ်ပညာသည်များလည်း ပုဂံသို့ ပါလာဟန်တူသည်ဟု ဆိုကြလေသည်။

အခြားအယူအဆတစ်ခုမှာ ယွန်းလုပ်ငန်း၏ မူလဘူတဖြစ်သော လောနိုင်ငံနှင့် ရှမ်းပြည်နယ်သည် နီးစပ်သဖြင့် ယွန်းလုပ်ငန်းသည် ရှမ်းပြည်နယ်သို့ ပျံ့နှံ့ ရောက်ရှိခဲ့ရာ အနော်ရထာမင်းလက်ထက်တွင် ရှမ်း ပြည်နယ် ယွန်းအတတ်ပညာသည်များကို ပုဂံသို့ ခေါ်ယူလုပ်ကိုင်စေခြင်းလည်း ဖြစ်နိုင်သည်ဟု ဆိုကြပြန်သည်။ မည်သို့ပင်ဖြစ်စေ ပုဂံယွန်းထည်နှင့်လဲချားယွန်းထည်များ၏ မူလဘူတသည် တစ်ခုတည်းသာ ဖြစ်မည်ဟု ယူဆရသည်။ အထက်မြန်မာနိုင်ငံနှင့် ရှမ်းပြည်နယ်သည် ရှေးယခင်ကပင် အဆက်အဆံ ရှိခဲ့ရာ ရှမ်းပြည်နယ်မှ ယွန်းထည်များသည် ပုဂံသို့ ရောက်နိုင်၍ ပုဂံမှယွန်းထည်များသည် ရှမ်းပြည်နယ်သို့ အပြန်အလှန်ရောက်ရှိနိုင်ပေသည်။

လက်ရာများကို နှိုင်းယှဉ်ကြည့်သည့်အခါ လဲချားယွန်းထည်များသည် ပုဂံထည်များထက် ပုံစံရှေးကျသည်။ လဲချားယွန်းထည်များသည် ပုဂံယွန်းထည်များကဲ့သို့ ပန်းချီပုံများဖြင့် ချယ်လှယ်ခြင်းမပြုဘဲ နှီးဖြင့် ရက်လုပ်ထားသည့်အကွက်အဆင်အတိုင်းပေါ်အောင် သရိုးကိုင်ထားသည်။ ရှေးပုဂံယွန်းထည်များတွင် ထိုအကွက်အဆင်များကို ဆေးရောင်ဖြင့်လိုက်ထားသည်။ ထိုအချက်ကိုထောက်ရှု၍ လဲချားယွန်းထည်သည် ပုဂံယွန်းထည်ထက်ပို၍ ရှေးကျပြီးလျှင် ယွန်းအတတ်သည် လဲချားမှ ပုဂံသို့ ရောက်လာခြင်းဖြစ်မည်ဟုလည်း ယူဆဖွယ်ရာရှိပေသည်။

ယွန်းလုပ်ငန်းကို ရှေးက ပန်းယွန်းဟုလည်း ခေါ်ကြသည်။ ယွန်းထည်လုပ်ကိုင်ရာ၌ မူလထား၍ အသုံးပြုရသော ပစ္စည်းများမှာ တင်းဝါး၊ သစ်စေးနှင့် ဟင်္သပဒါးတို့ဖြစ်ကြသည်။ ယင်းတို့အနက် သစ်စေးသည် အခရာဖြစ်သည်။ သစ်စေးကို သစ်စေးပင်မှရရှိသည်။ သစ်စေးပင်သည် မိုးပါးသောဒေသများတွင် မြေပြင်အမြင့် ပေ ၃၅၀၀ အထိ ပေါက်ရောက်သောသစ်တောများတွင် တွေ့ရှိရသည်။ သစ်စေးကိုထိုအပင်၏ အခေါက်မှရရှိသည်။ တင်းဝါးသည် ချင်းတွင်းမြစ်ဝှမ်း၌ ပေါများသည်။ ဟင်္သပဒါးကို တရုတ်နိုင်ငံမှတင်သွင်းရသည်။ အရောင်တင်စေရန်အတွက် ရှမ်းဆီကို အသုံးပြုကြသည်။ တင်းဝါးကို ရရှိရန်မခက်ခဲသည့်အပြင် တန်ဖိုးမများလှသော်လည်း သစ်စေးနှင့် ဟင်္သပဒါးမှာ တန်ဖိုးကြီးလှလေသည်။

ယွန်းထည်ပစ္စည်းများ လုပ်ကိုင်ပုံအဆင့်ဆင့်ကို လေ့လာရာတွင် အောက်ပါအစီအစဉ်အတိုင်း အဆင့်ဆင့်ပြုလုပ်ထားကြောင်းလေ့လာသိရှိရသည်။ ယွန်းထည်လုပ်ငန်းသည် တစ်ဆင့်ပြီးလျှင် တိုက်သွင်း တိုက်ပိတ်ပြုရခြင်း၊ အထည်နုအထည်ချောလုပ်ငန်း အဆင့်များလေရာ အချို့အထည်များသည် လုပ်ငန်းအဆင့်ပေါင်း ၂၆ ဆင့်ထက် မနည်းရှိ၍ အချိန်ကာလအားဖြင့် ငါးလ၊ ခြောက်လခန့်ပင် ကြာတတ်လေသည်။ ထို့ကြောင့် ပုဂံယွန်းထည်သမားများသည် မိမိတို့၏ အထည်များကို ပေါ့နိုင်သမျှပေါ့အောင် ကြံဆလျက်ရှိကြသည်။ အချို့ယွန်းထည်များသည် အလွန်ပေါ့ပါးပျော့ပျောင်း၍ ချိုးခေါက်၍ပင် ရနိုင်သည်ဟု ဆိုကြသည်။

## ယွန်းထည်ပစ္စည်းများလုပ်ကိုင်ပုံအဆင့်ဆင့်

ယွန်းထည်ပစ္စည်းများလုပ်ကိုင်ပုံမှာ ဦးစွာ ဝါးကိုခွဲ၍ ဝါး၏အတွင်းအူသားနှင့် အကြောများကို ထုတ်ပစ်ပြီးလျှင် အတွင်းသားကို နှီးဖြာရသည်။ တင်းဝါးတစ်လုံးလျှင် သောက်ရေခွက်အလုံးအစိတ်ခန့်ရနိုင်၍ လက်ဖက်အုပ်ဆိုလျှင် ၁၅ လုံးခန့်ရနိုင်လေသည်။ နှီးဖြာရာ၌ နှီးပြားနှင့် နှီးလုံးဖြာခြင်းဟူ၍ရှိသည်။ နှီးပြားကို လက်ဖက်အုပ်၊ ဆွမ်းအုပ်စသည်တို့ပြုလုပ်ရာ၌အသုံးပြု၍ နှီးလုံးကိုမူ ရေခွက်ရက်လုပ်ရာ၌ အသုံးပြုကြလေသည်။ ကွမ်းအစ်အတွက်ကိုမူ နှီးလုံးသုံးသူသုံး၍ နှီးပြားသုံးသူသုံးကြသည်။

ရေခွက်များရက်လုပ်ရာတွင် သစ်သားဖြင့်ပြီးသော ရေခွက်ပုံစံတွင်ကပ်၍ နှီးကိုရက်သည်။ယင်းသို့ ရက်လုပ်သည်ကို လုပ်ငန်းအခေါ်အဖြစ် "ကြောင်လိမ်" ဟုခေါ်၍ ရက်လုပ်ပြီး အဖြူထည်များကို "ခွက်ဖြူကြောင်လိမ်" ဟုခေါ်သည်။ ကွမ်းအစ်စသည်တို့ကို ရက်လုပ်ရာ၌မူ စပါးပုတ်တည်သကဲ့သို့

ရက်လုပ်ရသဖြင့် "ပုတ်တည်သည်" ဟုခေါ်သည်။ လက်ဖက်အုပ်များပြုလုပ်ရာ၌မူ နှီးပြားကလေးများကို နာရီသံပတ်ခွေသကဲ့သို့ ရစ်ခွေ၍အဆုံးသတ်နေရာတွင် သတ်ကလေးနှင့် နှက်ရသည်။ ယွန်းသေတ္တာ၊ ယွန်းဆေးလိပ်ဗန်း (အချို့အခေါ် ကျောက်ကာသေတ္တာ၊ ကျောက်ကာဗန်း) များကိုမူ ဝါးဖြင့်မရက်လုပ်ဘဲ ဘိုင်သား၊ သို့မဟုတ် ရေတမာသား၊ ဒီးဒူးသားစသည်တို့ဖြင့် အဖြူထည်ပြုလုပ်ကြသည်။

အဖြူထည်ပစ္စည်းများကို အဖုအထစ်မရှိအောင် ဓားဦးထက်ထက်ဖြင့် ခြစ်ပေးပြီးလျှင် သရိုးကြမ်းကိုင် (သရိုးကြမ်းဖြင့်သုတ်လိမ်း) ပေးရသည်။ သရိုးကြမ်းမှာ ကျွန်းလွှစာကို သစ်စေးနှင့်ရောပြီးလျှင် သစ်ဆုံတွင်ထည့်၍ ထောင်းတေထားခြင်းဖြစ်သည်။ ကျွန်းလွှစာသုံးခြင်းမှာ သရိုးမြဲ၍ ကြာရှည်ခံစေရန်ဖြစ်သည်။ သရိုးကြမ်းကိုင်သည်ကို သရိုးကြမ်း "ထေ" သည်ဟုလည်းခေါ်သည်။ သရိုးကိုင်ပြီးနောက်တွင် သရိုး "အိပ်" စေရန် တိုက်သိပ် (တိုက်သွင်း) ရသည်။ တိုက်သိပ်သည်ဆိုခြင်းမှာ မြေအောက်တွင် မြေကိုတူး၍ အုတ်၊ အင်္ဂတေတို့ဖြင့် အခိုင်အမာအခန်းပြုလုပ်ထားပြီးလျှင် အံဖုံးတံခါးလည်းရှိသော မြေတိုက်ထဲတွင် အဆင့်များပြုလုပ်ထား၍ သရိုးကိုင်ပြီးသောအထည်များကို ဝါးကပ်များဖြင့် တင်ရသည်။ သရိုးအိပ်အောင် တစ်ခါတိုက်သွင်းလျှင် အနည်းဆုံးလေးရက်ထားရသည်။ သရိုးအိပ်စေရန် နေလှန်း၍လည်းမရ၊ အအေးခံထား၍လည်းမရချေ။ မြေတိုက်တွင်း၌ လှောင်နေသဖြင့် မြေခိုးရိုက်၍ ချွေးစီးပြန်သော အခြေအနေမျိုး၌သာ သရိုးအိပ်လေသည်။

လေးရက်စေ့၍ မြေတိုက်မှထုတ်ယူပြီးသောအခါ သရိုးကြမ်းကိုင်ထားသည်များကို ဓားကောက်ဖြင့် ခြစ်၍ ညှိပေးရသည်။ ယင်းသို့အဖုအထစ်များချောသွားအောင် ညှိပေးခြင်းကို "ချောစား" သည်ဟုခေါ်သည်။ ချောစားပြီးလျှင် သရိုးပျော့သုတ်ရပြန်သည်။ သရိုးပျော့သည် နုံးဖွဲ့ပြာမှုန့်နှင့် သစ်စေးတို့ကို ရောတေထားခြင်းဖြစ်၍ သရိုးပြာဟုလည်းခေါ်သည်။ သရိုးပြာသုတ်လိမ်းပြီးနောက်တွင် တိုက်သွင်းရပြန်သည်။ ရက်စေ့လျှင် ထုတ်၍ ချောစားရပြန်သည်။ သရိုးကိုင်ခြင်းပြီးလျှင် တိုက်သိပ်၍ ရက်စေ့ပြန်လျှင် ထုတ်ပြီး ချောစားခြင်းစသော လုပ်ငန်းအဆင့်ဆင့်ကို လေးကြိမ်ထက်မနည်းပြုလုပ်ရသည်။ တစ်ဆင့်ပြီးတစ်ဆင့်တက်လာလေ၊ သရိုးကိုင်ခြင်း၊ ချောစားခြင်းတို့ကို ပို၍ နုနုနယ်နယ်လုပ်ကိုင်ရလေဖြစ်သည်။ အထည်နုလေ၊ လုပ်ငန်းအဆင့်ပိုများလေ၊ ပို၍ နုနုနယ်နယ်ကိုင်ရလေဖြစ်သည်။ ပုံစံအားဖြင့် သရိုးကိုင်ရာတွင် အသုံးပြုသောပြာသည် အထည်အကြမ်းအနုကိုလိုက်၍ နွားချေး၊ စပါးခွံ၊ အရိုးစသည်တို့ကိုပြာချအသုံးပြုသကဲ့သို့ ချောစားရာ၌ အသုံးပြုသောပစ္စည်းများသည်လည်း တစ်ဆင့်ထက်တစ်ဆင့် နုလာသည်။ ထို့ကြောင့် ဓားဖြင့်ခြစ်ခြင်း၊ စပါးခွံနှင့် ရေကိုသုံး၍တိုက်စားခြင်း၊ တောင်ဦးကျောက် (မိုးပါး ရေရှားရပ်ဝန်း၌ တွေ့ရတတ်သော ကျောက်ပွတစ်မျိုး) ဖြင့် တိုက်စားခြင်း၊ ကော်ဖတ်အနုစားနှင့် တူသော ဒဟတ်ဖက်ဖြင့် တိုက်စားခြင်းဟူ၍ အဆင့်ဆင့်ရှိသည်။ ချောစားရာ၌ ပန်းပွတ် ခေါ် လက်ဖြစ် ပွတ်ခုံနှင့် တွဲဖက်လုပ်ကိုင်ရသည်လည်းရှိသည်။ ပုံစံအားဖြင့် ရေခွက်ကို ချောစားသည့်အခါ ပွတ်စင်တွင် ရေခွက်နှင့်အံကိုက်ပြုလုပ်ထားသော ပွတ်လုံးတွင် ရေခွက်ကို တပ်ထားသည်။ တောင်ဦးကျောက်ခဲတုံးကို လက်တစ်ဖက်ကကိုင်၍ ရေခွက်ပေါ်ဖိထားရသည်။ ကျန်တစ်ဖက်က ကြိုးသိုင်းထားသော တုတ်ချောင်းကို ရှေ့တိုးနောက်ငင်တွန်းပေးရသည်။ ပွတ်လုံးကို ကြိုးက ကြက်ခြေခတ်သိုင်းထားသဖြင့် တုတ်ချောင်းကို ရှေ့တိုးနောက်ငင်ပြုပေးသောအခါ ပွတ်လုံးသည်လည်လာ၍ ရေခွက်လည်း လည်၍လိုက်လာသဖြင့် တောင်ဦးကျောက်ဖြင့် မညီသော သရိုးများကို ဖိ၍ဖိ၍ညှိပေးရလေသည်။

ခွက်ဖြူကြောင်လိမ်များကို သစ်စေးထေခြင်း၊ ဓားကောက်ခြစ်ခြင်း၊ ချောစားခြင်း၊ တိုက်သိပ်ခြင်းစသည့်လုပ်ငန်းများကို အနည်းဆုံးလေးကြိမ်လုပ်ကိုင်ပြီးနောက် ဟင်္သပဒါးကို လိုအပ်သလို သုတ်လိမ်း၍

လေးညထက်မနည်းတိုက်သိပ်ခြင်းကို နှစ်ကြိမ်တိုင်တိုင်ပြုရသည်။ ဟသ်ပဒါးသုတ်သည်ဆိုရာ၌ ဟသ်ပဒါးချည်းသက်သက်သုံးရသည်မဟုတ်ချေ။ သာမန်ရောသည့် ဆန္ဒန်းမှာ ဟသ်ပဒါးတစ်ဆယ်သားလျှင် သစ်စေးရှစ်ကျပ်သားရောရသည်။ အနီရောင်ယွန်းထည်များမဟုတ်လျှင် အတွင်းဘက်၌သာ ဟသ်ပဒါးသုတ်သည်။ နောက်ဆုံးအကြိမ်သရိုးကိုင်ခြင်း၊ ဟသ်ပဒါးသုတ်ခြင်းတို့ကို ပြုလုပ်သည့်အခါ အရောင်တောက်ပြောင်စေရန် သစ်စေး၊ ဟသ်ပဒါးတို့တွင် ရှမ်းဆီအနည်းငယ်ကို ထည့်ပေးရသည်။ ဟသ်ပဒါးအသုံးများသည့်အလျောက် ယွန်းထည်၏တန်ဖိုးတက်သွားသည်။ ထို့ကြောင့် အနက်ရောင်ယွန်းထည်များထက် အနီရောင်ယွန်းထည်များကပို၍ ဈေးများပေရာ၊ အဖိုးတန်သော ဟသ်ပဒါးကဲထားရခြင်းကြောင့်ဖြစ်လေသည်။

ထိုအဆင့်မှလွန်သောအခါ မွမ်းမံသည့်အဆင့်သို့ရောက်သည်။ ပုဂံ၊ ညောင်ဦးယွန်းထည်များတွင် ယွန်းထိုးသည့်အဆင့်သို့ ရောက်ပေပြီ။ ယွန်းထိုးသည်ဆိုသည်မှာ ဖော်ပြခဲ့သော လုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်ပြီးသည့်အထည်များတွင် တစ်ကြောင်းဆွဲပန်းချီပုံစံများဖော်ခြင်းဖြစ်ပေသည်။ ပန်းချီပုံဖော်သူများကို ယွန်းသမားဟုခေါ်သည်။ ယွန်းထိုးမည့်အထည်များပေါ်တွင် သံစုတ်ဖြင့် ခြစ်ကာပုံဖော်ရသည်။ များသောအားဖြင့် အစဉ်အလာရှေးရိုးပြုကြသော ဇာတ်နိပါတ်များမှ ထုတ်နုတ်ဖော်ပြသည့် ဘုရင်မိဖုရား၊ မင်းညီမင်းသားစသည်တို့နှင့် မင်းခမ်းမင်းနားတို့ပါဝင်သော ပန်းချီခန်းများ၊ ခြူးပန်းခြူးနွယ်၊ ကြာလိပ်၊ ကြာခွေများ၊ ဆဲ့နှစ်ရာသီခွင်အရုပ်များ နဂါး၊ ဂဠုန်၊ ကိန္နရီ ကိန္နရာ၊ ဆင်၊ မြင်းစသောတိရစ္ဆာန်များ၏ ပုံများကို တစ်ကြောင်းဆွဲမျဉ်းဖြင့် ပုံဖော်သည်။ ထို့နောက် ပုံဖော်ထားသောခြစ်ကြောင်းကလေးများထဲသို့ အသင့်ဖျော်ထားသော ဆေးရည်ဝင်အောင် သုတ်လိမ်းပေးရသည်။ ဆေးသွင်းသည်ဟုခေါ်သည်။ သွင်းသည့်ဆေးအရောင်တို့မှာ အဝါအနုအရင့်၊ အနီ၊ အစိမ်းဟူ၍ လေးရောင်မျှသာဖြစ်သည်။ ဆေးဒန်းကို ဖျော်လျှင် အဝါနုရောင်ရ၍ ဆေးဒန်းနှင့် ဟသ်ပဒါးစပ်၍ ဖျော်လျှင် အဝါရင့်ရောင်၊ သို့မဟုတ် စံကားဝါရောင်ရသည်။ အစိမ်းရောင်ကိုမူ ဆေးဒန်းနှင့် မဲနယ်ရော စပ်ရသည်။ အနီရောင်အတွက် ဟသ်ပဒါးကို ဖျော်ရသည်။ ဆေးရောင်လေးမျိုးကို တစ်ကြိမ်တည်း မသွင်းပေ။ ဆေးရောင်တစ်မျိုးနှင့်ဆိုင်သော ပုံများကို ရေးခြစ်ပြီး၍ ဆေးတစ်ရောင်သွင်းပြီးလျှင် တိုက်တစ်ခါသွင်းသည်။ ရက်စေ့လျှင်တိုက်မှထုတ်ကာနောက်ထပ်ဆေးတစ်ရောင်သွင်းမည့် ပန်းချီပုံများကို ခြစ်ကြောင်းပေး၍ ဆေးသွင်းပြန်သည်။ ပြီးလျှင် တိုက်သွင်း၍ ဆေးအိပ်စေပြန်သည်။ အထည်၌ ပုံဖော်သည့် ပန်းချီခန်းများ၌ ဆေးရောင်တစ်မျိုး သုံးလျှင် တစ်ထပ်ယွန်း၊ နှစ်မျိုးသုံးလျှင် နှစ်ထပ်ယွန်း၊ သုံးမျိုးသုံးလျှင် သုံးထပ်ယွန်းစသဖြင့် ခေါ်သည်။ အရပ်သုံးဝေါဟာရအားဖြင့်မူ တစ်စုတ်ထိုး၊ နှစ်စုတ်ထိုး၊ သုံးစုတ်ထိုးစသည်ဖြင့် သုံးနှုန်းကြသည်။ ခြစ်ကြောင်းများအတွင်းသို့ ဆေးသွတ်သည့်အခါ ဆေးသွင်းသည့်အခါ ခြစ်ကြောင်းများသည်မြောင်းကလေးများသဖွယ် ချိုင့်ဝင်နေသဖြင့်ဆေးတင်၍ ကျန်ရစ်သည်။ ကျန်မျက်နှာပြင်တွင် ပေကျံနေသော ဆေးများကို သုတ်ပစ်ရသည်။

ရုပ်ပုံများ၊ ပန်းလိမ်ပန်းခက်များ၊ ဓနုကွက်များဖော်ရာ၌ အသေအချာပန္နက်ပုံမချဘဲ လက်မှန်းဖြင့်ရေးခြယ်သွားပုံမှာ သေချာကျနစွာ အတိုင်းအတာချ၍ ရေးခြယ်သွားသကဲ့သို့ အထည်၏ပုံပန်းသဏ္ဌာန်အနေအထား၊ ပမာဏနှင့်လျော်စွာ အံဝင်ခွင်ကျဖြစ်အောင် ရေးသားနိုင်သည်မှာ ချီးကျူးဖွယ်ရာဖြစ်သည်။ ပုံစံမှာ ရေခွက်တစ်လုံးတွင် ဆယ့်နှစ်ရာသီခွင်အတွက် ဓနုကွက် ၁၂ ကွက်ကို ရေခွက်၏ပမာဏ၊ ရေခွက်၏ အနေအထားဖြင့် ကိုက်ညီအောင် ရေခွက်ပတ်လည်၌ အကွက် ၁၂ ကွက် အညီအညွတ်ပေါ်စေရန် လက်မှန်းဖြင့် ပုံဖော်နိုင်ကြသည်။ကွမ်းအစ်တစ်လုံးမှ ပန်းချီခန်းနှင့် အခြားတစ်လုံးမှ ပန်းချီခန်းတို့သည် လက်ဖြင့် ရေးထားလင့်ကစား တစ်ခုနှင့်



**ယွန်းပညာကောလိပ်ကျောင်းသူကျောင်းသားများပြုလုပ်သည့် မြန်မာ့ယွန်းထည်ဆွမ်းအုပ်**

တစ်ခု ရွေးမရလောက်အောင် တူလှသဖြင့် စက်ဖြင့် ရေးလေသလောဟု ထင်မှားဖွယ်ရာရှိလေသည်။

ရွှေရေးယွန်းဟုလည်းခေါ်သော ရွှေဇဝါထည်များကိုမူ သံစုတ်ဖြင့် ယွန်းမထိုးချေ။ အရောင်တင်သစ်စေးကိုင်ပြီးလျှင်အနက်အောက်ခံပေါ်၌ဆေးဒန်းနှင့် တမာစေးကော်ကိုဖျော်၍ စုတ်အနုကလေးဖြင့် ခြူးပန်း၊ ခြူးနွယ်၊ ကြာခွေ ကြာလိပ်ရေးခြင်း၊ မနုကွက်ဆင်ခြင်းများကို ပြုလုပ်ပြီးသည့်အခါ ရွှေပိန်းချသည်။ ပြီးမှ ရေဖြင့် ဆေးချလိုက်လျှင် မူလပန်းပုံစံများတွင်သာ ရွှေများတင်၍ ကျန်ရစ်ပြီးလျှင် ရွှေရောင်တဝင်းဝင်းဖြင့် လှပသော ရွှေဇဝါထည်များဖြစ်လာကြလေသည်။

ယွန်းထည်လုပ်ငန်းနှင့်ဆက်စပ်နေသော မြန်မာလက်မှုအနုပညာတစ်ရပ်မှာ မှန်စီရွှေချလုပ်ငန်း

ဖြစ်သည်။ မှန်စီရွှေချအတတ်သည် ယွန်းထည်၊ သစ်ပန်းပုအထည်များကို ဆက်လက်မွမ်းမံသော လုပ်ငန်းဖြစ်သည်။ ယွန်းထည်ကို မှန်စီရွှေချလုပ်ကိုင်ရာ၌ ယွန်းထည်၏လုပ်ငန်းအဆင့်ဆင့်အတိုင်း သစ်စေးနှင့် သရိုးကို အခြေခံအသုံးပြုရသည်။ ထိုလုပ်ငန်းတွင် အပိုင်းကြီး ငါးပိုင်းခွဲခြားနိုင်ရာ၊ (၁) ပြာတင်၊ ကျောက်တိုက်၊ သစ်စေးသုတ်ခြင်း၊ (၂) ကြိုးခင်းခြင်း၊ (၃) ပန်း၊ အရုပ်ဖော်ခြင်း၊ (၄) မှန်စီ ခြင်းနှင့် (၅) ရွှေချခြင်းအပိုင်းတို့ ဖြစ်ကြသည်။

မှန်စီရွှေချရာတွင် အောက်ခံယွန်းထည် သစ်သားထည်များကို အပေါက်အပွဲ၊ အဖုအထစ်မရှိရအောင် ဖာထေးပြုပြင်ရသည်။ ပြီးလျှင် သစ်စေး၊ သားရိုးနှင့် အခံရည်တို့ကို အထပ်ထပ်သုတ်ပေးခြင်းဖြင့် အောက်ခံအထည်များကို ပိုးမွှားဖျက်ဆီးခြင်း၊ ရာသီဥတုဒဏ် ခံရခြင်းတို့မှ ကာကွယ်သည်။ ထို့ကြောင့် မှန်စီရွှေချခြင်းသည် ယွန်းပညာရှင်၊ ပန်းပုပညာရှင်တို့၏ လက်ရာများကို ကာလရှည်ကြာစွာ ခိုင်ခံ့စေသည်။ ရွှေရောင်မှန်ရောင်တဝင်းဝင်းဖြင့် တစ်မျိုးတစ်ဖုံခန့်ညားတင့်တယ်စေလေသည်။

ယွန်းထည်များ၊ မှန်စီရွှေချထည်များတွင် ခြူးပန်းခြူးနွယ်များ၊ ဘုရင်၊ မိဖုရား၊ မင်းညီမင်းသား အရုပ်များ၊ဂဠုန်နဂါးအစရှိသောအရုပ်များဖြင့်မြန်မာ့ ရိုးရာယဉ်ကျေးမှုအနုပညာရပ်များကို ရှုချင်စဖွယ် မွမ်းမံတန်ဆာဆင်ထားသည်။ ထို့ကြောင့်ပင် မြန်မာမှု လိုလားသူတို့သည် ယွန်းထည်များကို မြတ်နိုးခုံမင်ကြသည်။

ယဉ်ကျေးမှုအနုပညာသရုပ်ပြ ယွန်းထည်၊ မှန်စီရွှေချထည်များကား အလွန်လက်ဝင်လှသည်။ အနုစိတ်လှသည်။ လုပ်ငန်းကျယ်ပြန့်လှသည်။ အချိန်ကုန်လှသည်။ ဤလုပ်ငန်းကို မြတ်နိုးတွယ်တာစွာဖြင့် ယခုကဲ့သို့ ထိန်းသိမ်းထားနိုင်သည်မှာ ချီးကျူးဖွယ်ရာဖြစ်ပေသည်။ နိုင်ငံတော်အစိုးရသည် ယွန်းလုပ်ငန်းကိုတိုးတက်စေ၍အရှည်တည်တံ့စေရန်ပုဂံမြို့တွင် ယွန်းကျောင်းဖွင့်လှစ်ထားပြီးလျှင် ယွန်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းလို သူတို့ကို ထိုကျောင်း၌ တက်ရောက်သင်ကြားစေသည်။

**ယွန်းထည်လုပ်ငန်းအတတ်သင်ကျောင်း**

ယွန်းထည်လုပ်ငန်းအတတ်ပညာ မပျောက်မပျက်ဘဲ လက်ဆင့်ကမ်းပညာအမွေထိန်းသိမ်းထားနိုင်ရန် ရည်ရွယ်၍ ပုဂံဝန်ထောက်မင်းဦးတင်က "အစိုးရယွန်းထည်လုပ်ငန်းအတတ်သင်ကျောင်း" ကို စတင်တည်ထောင်ဖွင့်လှစ်ခဲ့သည်။ ကျောင်း၏ တည်နေရာမှာ ပုဂံမြို့ရှိ ဗူးဘုရားနှင့် မလှမ်းမကမ်းတွင် ဖြစ်သည်။ ယင်းကျောင်းတွင် ယွန်းပစ္စည်းပြခန်းဆိုင်ရာ သစ်သားကာဖြင့် ကျောင်းဆောင်မြင့်တစ်ခု၊ ကျောင်းသားများအားယွန်းပညာသင်ပေးရာကျောင်းဆောင်တစ်ခု ပေါင်း အဆောက်အအုံနှစ်ခုရှိခဲ့သည်။

သင်တန်းတွင် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်ဟူ၍ သုံးနှစ်ပိုင်းခြား၍ သင်ကြားပေးသည်။ ကျောင်းသားများသည် အစိုးရထောက်ပံ့ကြေးရရှိကြသည်။ ကျောင်းအိပ်ကျောင်းစားဟူ၍ မထားရှိပေ။ ကျောင်းဝင်ခွင့်လျှောက်ထားရာတွင်လည်းကျောင်းသား၏ အသက်ကို ကန့်သတ်ချက်မထားဘဲ စာရေးစာဖတ်တတ်သော ဆယ့်နှစ်နှစ်အရွယ်မှ စတင်လက်ခံကာသင်ကြားပေးသည်။ ကျောင်းသားတို့အား ယွန်းပညာရပ်အပြင် အခြားစာ၊ သင်္ချာစသည်များကိုလည်း အခြေခံမျှ သင်ကြားပေးသည်။ ယွန်းပညာသင်ပေးသော ဆရာများမှာ လခစားများပင်ဖြစ်၍ လက်သမား၊ ပန်းချီသမား၊ ပွတ်သမား၊ ယွန်းထိုးသမား၊ တိုက်သမားဟူ၍ ပညာတစ်ခုစီကို နိုင်နင်းတတ်ကျွမ်းသူများဖြစ်သည်။ ယွန်းထည်ပြုလုပ်နည်းအမျိုးပေါင်း (၂၀၀) ကျော်ကို သင်ကြားပေးခဲ့သည်ဟု လေ့လာသိရှိရသည်။ သင်တန်းပြီးဆုံးသည့်အခါ အစိုးရယွန်းထည်လုပ်ငန်း အတတ်သင်ကျောင်းမှ ဂုဏ်ပြုလက်မှတ်ချီးမြှင့်သည်။

**ယွန်းထည်လုပ်ငန်းသင်တန်းကျောင်း**

၁၉၇၂ ခုနှစ်၌ အစိုးရယွန်းထည်လုပ်ငန်းအတတ်သင်ကျောင်းကို "ယွန်းထည်လုပ်ငန်း

သင်တန်းကျောင်း'' အဖြစ် ပြောင်းလဲခဲ့သည်။ သင်တန်းကာလမှာ နှစ်နှစ်ဖြစ်ပြီး သင်တန်းပြီးဆုံးသည့်အခါ ဂုဏ်ပြုလက်မှတ်ချီးမြှင့်သည်။

## မြန်မာ့ယွန်းသိပ္ပံ

၁၉၉၄ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့၌နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ယွန်းထည်လုပ်ငန်းသင်တန်းကျောင်းကို ကြည့်ရှုစစ်ဆေးခဲ့သည်။ ထို့နောက် အစိုးရအဖွဲ့ အစည်းအဝေးအမှတ် (၃၂/၉၄) အရ ၁၉၉၅ ခုနှစ်၊ မေ ၃၀ ရက်၌ "မြန်မာ့ယွန်းသိပ္ပံ" အဖြစ် တိုးမြှင့်ပြောင်းလဲခဲ့သည်။

မြန်မာ့ယွန်းသိပ္ပံသင်တန်းသို့ အခြေခံပညာအထက်တန်းဒသမတန်းအောင်မြင်မှသာ တက်ရောက်ခွင့်ရှိသည်။ အမှတ် ကန့်သတ်ချက်မထားရှိ။ သင်တန်းကာလမှာ နှစ်နှစ်ပင်ဖြစ်သည်။ ဤယွန်းသိပ္ပံသင်တန်းကို ၁၉၉၈ ခုနှစ်တွင်မှ စတင်လက်ခံသင်ကြားခဲ့ရာ ၁၉၉၉-၂၀၀၀ ပညာသင်နှစ်တွင် ပထမဆုံးအကြိမ် ဒီပလိုမာချီးမြှင့်ခဲ့သည်။

## ယွန်းပညာကောလိပ်

မြန်မာ့ယွန်းပညာကမ္ဘာတွင် ထင်ရှားစွာ ရပ်တည်နိုင်ရန် ယွန်းပညာရှင်များကလက်ဆင့်ကမ်းဆင့်ပွားအမွေပေးနေသော ပုဂံမြို့ဟောင်း မြောက်ဘက် ကျုံးရိုး၊ ဧရာဇက်ဆိပ်အသွား လမ်းမကြီးဘေးရှိ "ယွန်းပညာကောလိပ်"ကို ၂၀၀၂ခုနှစ် အောက်တိုဘာလ ၈ ရက်တွင် ကျင်းပသော မြန်မာနိုင်ငံပညာရေးကော်မတီ အစည်းအဝေးအရ မြန်မာ့ယွန်းသိပ္ပံအဆင့်မှ ယွန်းပညာကောလိပ်အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးခဲ့သည်။ ဒသမတန်းအောင်မြင်မှသာ တက်ရောက်ခွင့်ရှိသည်။ သင်တန်းကာလမှာ (၂) နှစ်ဖြစ်ပြီး ယွန်းအတတ်ပညာ ဒီပလိုမာ Dip. L.T



ယွန်းကျောင်းသူတစ်ဦး သရိုးကြိုးခင်းခြင်းပြုလုပ်နေစဉ်



ယွန်းထည်များလုပ်ကိုင်ပုံမှာ ဦးစွာ၌ (၁) ဝါးနှီးသပ်၍ ယွန်းအစ်အောက်ခံရက်ကာချေပြီးနောက်အဖြူထည်ထောင်ရသည်၊



နှီးစမပေါ် အဖုအထစ်မရှိ ချောနေရန် ဓားကောက်ဖြင့် ခြစ်နေပုံ၊



သရိုးကြမ်းကိုင်၊ တိုက်သိပ်၊ သစ်စေးထေ၊



ချောစား၊ သရိုးပျော့ကိုင်၊ တိုက်သိပ်ရသည်၊



နှစ်ကြိမ်မျှ ဟသ်ပြဒါးသုတ်၊ တိုက်သိပ်ရသည်၊





အထည်များတွင် တစ်ကြောင်းဆွဲပန်းရိုးပုံစံများ ဖော်ခြင်း (ယွန်းထိုးခြင်း)(လယ်)၊ပုံဖော်ထားသောခြစ်ကြောင်းကလေးများထဲသို့ ဆေးရည်ဝင်အောင် သုတ်လိမ်းပေးခြင်း (ဆေးသွင်းခြင်း၊) (ယာ) ကြာရှည်ခံနိုင်စေရန် တိုက်သွင်းရခြင်း (ဝဲ)



(Diploma in Lacquerware Technology) ပေးအပ်သည်။ ယွန်းပညာကောလိပ်တွင် လက်ရှိ သင်ကြားနေသည့် ဘာသာရပ်များအပြင် တက္ကသိုလ်တွင် သင်ကြားပေးသည့် ဘာသာရပ်များဖြစ်သော သမိုင်းဘာသာရပ်နှင့် ဓာတုဗေဒဘာသာရပ်များကို ပေါင်းကူးဘာသာရပ်များအဖြစ် သင်ယူကြရသည် ယွန်းပညာကောလိပ်တွင်နှစ်နှစ်သင်ပြီးလျှင်ဒီပလိုမာ အပ်နှင်းပြီး ပခုက္ကူဒီဂရီကောလိပ်တွင် ပေါင်းကူး ဘာသာရပ်ဖြစ်သောသမိုင်းနှင့် ဓာတုဗေဒဘာသာရပ်တို့ကို ဒုတိယနှစ်မှစတင်သင်ကြားပြီး ဘာသာရပ် အလိုက်ဘွဲ့ပေးမည်ဖြစ်သည်။

ယွန်းပညာကောလိပ်ဖွဲ့စည်းပုံအရ ဌာနခွဲ (၄) ခုထားရှိသည်။

(၁) သင်တန်းရေးရာဌာနခွဲ
(၂) သုတေသနနှင့် ပြတိုက်ဌာနခွဲ
(၃) ထုတ်လုပ်ရေးဌာနခွဲ
(၄) စီမံရေးရာဌာနခွဲတို့ဖြစ်သည်။

ယွန်းပညာကောလိပ်သို့ တက်ခွင့်ရသည့် ကျောင်းသားကျောင်းသူများကို အဆောင်နေထိုင်ခွင့်စီစဉ်ပေးပြီး နိုင်ငံတော်မှ ခွင့်ပြုသည့် လစဉ်ထောက်ပံ့ငွေပါချီးမြှင့်သည်။ ယွန်းပညာသည် ဆရာနှင့်တပည့် လက်ပွန်းတတီးလက်တွေ့ သင်ကြားပေးရသော ပညာဖြစ်သည်။ ဆရာတစ်ဦးလျှင် လူ (၂၅) ယောက်လောက်သာ သင်ကြားပေးနိုင်သော ကြောင့် သင်တန်းပြသူ အတတ်ပညာရှင် နည်းပါးနေပေသေးသည်။ ပြင်ပမှ ကျွမ်းကျင်သည့် အတတ်ပညာရှင်များကိုခေါ် ယူပြီး မျိုးဆက်သစ်များကို ပညာအမွေလက်ဆင့်ကမ်းပေးလျက်ရှိသည်။

ယွန်းပညာကောလိပ်တွင် သင်ကြားရသော ဘာသာရပ်များမှာ အဓိကဘာသာရပ်အဖြစ် ဝါးဖြူထည်ဘာသာ၊ သစ်သားအဖြူထည်ဘာသာ၊ အနက်ထည်ဘာသာ (သစ်စေးသုတ်ခြင်း)၊ ရွှေဇဝါဘာသာ၊ ကညစ်ထိုးဘာသာနှင့် သရိုးပန်းကြွဘာသာဟူ၍ ဘာသာ (၆) မျိုး အဓိက သင်ကြားပေးသည်။ အထောက်အကူပြုဘာသာများအဖြစ် ထုပ်ပိုးဘာသာ၊ အခြေခံစာရင်းကိုင်ဘာသာနှင့် စီမံခန့်ခွဲရေးဘာသာများကိုလည်း သင်ကြားပေးရန် လျာထားထားပေသည်။

ထို့အပြင် ယွန်းကောလိပ်တွင် ကွန်ပျူတာသည် ဒီဇိုင်းရေးဆွဲရေးအတွက် အသုံးဝင်လှပေသည်။ ဒီဇိုင်းရေးဆွဲသည့် ဘာသာရပ်ကို ခေတ်မီ နည်းစနစ်များ တီထွင်အသုံးပြုသင်ကြားပေးသည်။ ခေတ်မီနည်းပညာများဖြန့်ဖြူးပေးနိုင်သောကြောင့် မြန်မာ့လက်ရာများ မပျောက်မပျက်အောင် ရေရှည်ထိန်းသိမ်းထားနိုင်မည်ဖြစ်၍ မြန်မာ့ယွန်းထည်သည် ကမ္ဘာတွင် ဆက်လက်ထင်ရှားနေမည် ဖြစ်ပေသည်။ ထို့ကြောင့်ပင် ပုဂံတွင် မြန်မာ့ယဉ်ကျေးမှု အနုပညာအမွေအနှစ်များ မပျောက်ပျက်အောင် အစဉ်ထိန်းသိမ်းလာခဲ့သည့် ယွန်းပညာကောလိပ်သည် "အရှေ့တောင်အာရှတွင် တစ်ခုတည်းသော ကောလိပ်" ဖြစ်လာသည်။

ယနေ့နိုင်ငံတော်က ချမှတ်ထားသည့် ဦးတည်ချက် (၁၂) ရပ်တွင် လူမှုရေးဦးတည်ချက် (၄) ရပ်၌ "အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး" ဟူသော အချက်ကို ပြဋ္ဌာန်းထားပြီး ၎င်းဦးတည်ချက်နှင့်အညီ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တစ်ရပ် ဖြစ်သော ယွန်းလက်မှုပညာအမွေအနှစ်များ ကမ္ဘာတည်သရွေ့ ဝင့်ထည်စွာ ရပ်တည်နိုင်ရေးအတွက် မြန်မာ့ယွန်းပညာကောလိပ်က အထောက်အကူပြုလျက်ရှိနေပေပြီ။

ဒေး (ရန်ကုန်တက္ကသိုလ်)

အပိုင်း -၃

# ၂၀၀၃ ခုနှစ် အကြောင်းရပ်များ

ဤအပိုင်းတွင် ဖော်ပြထားသော အကြောင်းရပ်များသည် ၂၀၀၃ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာဖြစ်ရပ်များကို အဓိကထား ရေးသားထားပါသည်။ အကြောင်းရပ်များကို က မှ အ အထိ အက္ခရာစဉ်၍ ဖော်ပြထားပါသည်။

**ကိုလေး၊ ဦး (စာရေးဆရာဇေယျာမောင်) (ခရစ် ၁၉၁၃-၂၀၀၃)။** ။ ဦးကိုလေးကို ၁၉၁၃ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့တွင် စစ်ကိုင်းမြို့၌ အဘ ဦးဘကောင်း၊ အမိ ဒေါ်တင်တို့က မွေးဖွားသည်။ စစ်ကိုင်းမြို့ အစိုးရအထက်တန်းကျောင်း၊ မန္တလေးမြို့ ဥပစာကောလိပ်နှင့် ရန်ကုန်တက္ကသိုလ်တို့တွင် ပညာသင်ကြားခဲ့သည်။ ၁၉၃၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဘီအက်စ်စီ၊ ဓာတုဗေဒ ဂုဏ်ထူးဖြင့် ဘွဲ့ရသည်။

ရန်ကုန်တက္ကသိုလ်ဓာတုဗေဒဌာနတွင် နည်းပြဆရာအဖြစ် တာဝန်ထမ်းဆောင်စဉ် ၁၉၃၆ ခုနှစ်၌ စိုက်ပျိုးရေးဓာတုဗေဒပညာသင်ဆုရသဖြင့် အင်္ဂလန်နိုင်ငံသို့ ပညာသင်သွားခဲ့ရာ လန်ဒန်တက္ကသိုလ်မှ M.Sc (Lond) A.I.C.D.I.C ဘွဲ့များ ရခဲ့သည်။

၁၉၄၁-၄၅ ခုနှစ်တွင် စိုက်ပျိုးရေး ကောလိပ်နှင့် စိုက်ပျိုးရေးဌာန၌လည်းကောင်း၊ ၁၉၄၅-၄၆ ခုနှစ်တွင် အထက်မြန်မာပြည်ပြန်ကြားရေးဌာန၊ ပြည်သူ့ဆက်ဆံရေးအရာရှိချုပ်အဖြစ်လည်းကောင်း၊ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့သည်။

၁၉၅၀-၅၆ ခုနှစ်များတွင် အမေရိကန်နိုင်ငံ၊ ကော်နဲလ်တက္ကသိုလ်နှင့် ကိုလံဘီယာတက္ကသိုလ်တို့တွင် တက္ကသိုလ်များအုပ်ချုပ်ရေးပညာရပ်များ အတွက်ဘွဲ့လွန်သင်တန်းများ တက်ခဲ့သည်။

၁၉၄၇ ခုနှစ်မှ ၁၉၅၇ ခုနှစ်၊ (၁၀) နှစ်ကာလအထိ မန္တလေးကောလိပ်ကျောင်းအုပ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် မန္တလေးတက္ကသိုလ်၏ ပထမဆုံးသော အဓိပတိအဖြစ် ခန့်အပ်ခြင်းခံရသည်။

ဦးကိုလေးသည် အထက်တန်းကျောင်းသားဘဝမှစ၍ ဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတိုများကို သူရိယ၊ စာပေလောက၊ ဒဂုံမဂ္ဂဇင်းစသည်တို့၌ မျိုးချစ်မောင်၊ သိပ္ပံမောင်၊ ဇေယျာမောင် ကလောင်အမည်များဖြင့် ရေးသားခဲ့သည်။



**စာရေးဆရာဇေယျာမောင်အမည်ခံ ဦးကိုလေး**

၁၉၄၅ ခုနှစ်တွင် 'စက္ကူဖြူဖြူဇာတ်' ဟူသော ခေါင်းစဉ်ဖြင့် နိုင်ငံရေးသမိုင်းစာအုပ်ကို ရေးသားထုတ်ဝေခဲ့သည်။ 'သီပေါမင်းနှင့် နယူးယောက်တိုင်းသတင်းစာ' စာအုပ်ကို ၁၉၆၅ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၉၀ ပြည့်နှစ်တွင် တစ်ကြိမ်၊ နှစ်ကြိမ်တိုင်တိုင် ထုတ်ဝေခဲ့သည်။
ဦးကိုလေးသည် စာပေဗိမာန်စာမူဆုများစတင်ပေးသည့်နှစ်မှစ၍ ဘာသာပြန်စာပေဆုကို သုံးနှစ်ဆက်တိုက်ဆွတ်ခူးရရှိခဲ့သည်။

၁၉၆၉ ခုနှစ်တွင် "လီနင်ဂရက်မြို့တော်ကြီးကို ရန်သူဝိုင်းဝန်းထားစဉ်ကရက်ပေါင်း ၉၀၀" ခေါင်းစဉ်ဖြင့် စာပေဗိမာန်စာမူဆု၊ ဘာသာပြန်ဒုတိယဆုရရှိသည်။ ကမ္ဘာစစ်ကြီးအတွင်းတွင် ရုရှားနိုင်ငံ၊ လီနင်ဂရက်မြို့တော်ကြီးကို ဂျာမနီတပ်များက ၁၉၄၁ ခုနှစ်၊ ဇွန်လ (၂၂) ရက်နေ့မှ ၁၉၄၄ ခု၊ ဇန်နဝါရီလ ၂၇ ရက်နေ့အထိရက်ပေါင်း ၉၀၀ ကျော်တိုင်တိုင် ဝိုင်းဝန်းထားစဉ် လီနင်ဂရက်မြို့သူ မြို့သားများ

အစာငတ်ရေငတ်နှင့် ပြင်းထန်သော ရာသီဥတု ဒဏ်ခံကြရပုံ၊ အသက်ပေါင်းများစွာ မကြည့်ရက်စရာ ဆုံးရှုံးကြရပုံ၊ အသက်မသေဘဲ ကျန်ခဲ့သူများမှာလည်း ဆင်းရဲဒုက္ခအဖုံဖုံကို အလူးအလဲခံကြရပုံ၊ ယင်း ဆင်းရဲအပေါင်းမှ လွတ်မြောက်အောင် ကြံဆောင် ကြပုံ၊ ယင်းသို့ နာဇီတို့၏ ဘေးရန်ကို လီနင်ဂရက် မြို့တော်သူ မြို့တော်သားများ အလူးအလဲခံနေရစဉ် မော်စကိုမြို့တွင်း၌ နိုင်ငံရေး၊ လျို့ဝှက်တိုက်ပွဲများ ကြောက်ဖွယ်လိလိဖြစ်နေပုံ၊ နိုင်ငံရေးစစ်တလင်းတွင် ကြောက်ဖွယ်လိလိ အာဏာလုပွဲကြီးဖြစ်ပုံ၊ ရန်သူဝိုင်း စဉ်က အကြောင်းအရာနှင့်စပ်လျဉ်းသော စာအုပ် စာတမ်းများကို ပြင်ဆင်တည်းဖြတ်ပြီးမှ ထုတ်ဝေ ခွင့်ပြုခြင်း၊ တရားဝင်မှတ်တမ်းများကို ဖျောက်ပစ် ခြင်းများ ပြုလုပ်ကြပုံတို့ကို ဘာသာပြန်ရေးသားထား ခြင်းဖြစ်သည်။

၁၉၇၀ ပြည့်နှစ်တွင် ဦးကိုလေးသည် အဏ္ဏဝါ လောက၊ ဘာသာပြန်ပထမဆုကို ချီးမြှင့်ခြင်းခံရ သည်။ ပင်လယ်သမုဒ္ဒရာတွင် ဖြစ်ပျက်ခဲ့သမျှများ၊ ပင်လယ်ရေ၏အံ့ဖွယ်ရာ၊ ပင်လယ်တွင်းမှ ရနိုင်သော ဓာတ်သတ္တုများနှင့် အခြားပစ္စည်းများ၊ ပင်လယ်ထဲရှိ သက်ရှိအရာများ၊ အနာဂတ်တွင် မျှော်မှန်းဖွယ်ရာ များ၊ ပင်လယ်ကြမ်းပြင်ပေါ်ရှိ တောင်တန်းများ၊ ရေ အောက်အညစ်အကြေး အမှိုက်သရိုက်များ၊ သမုဒ္ဒရာ အောက်ခြေတွင်းသို့ တူးဆွကြည့်ပုံများကို ဘာသာ ပြန်ရေးဖွဲ့ထားသည်။ ၁၉၇၁ ခုတွင် ဆီယောဇဇ ခေါင်းစဉ်ဖြင့် စာပေဗိမာန်စာမူ ဘာသာပြန်ပထမ ဆု ရရှိခဲ့သည်။

ကလောင်အမည် ဇေယျာမောင်အမည်ခံ ဦးကိုလေးသည် ၁၉၆၁ ခုနှစ်မှစ၍ ဘာသာရေး ဆိုင်ရာ စာပေများကိုရေးသားခဲ့သည်။ မြန်မာ ဘာသာဖြင့် "မြတ်ဗုဒ္ဓဒေသနာ"၊ "မြန်မာ့ဂုဏ်ဆောင် ပုဂ္ဂိုလ်ထူး ဆရာကြီးဦးဘခင်" စာအုပ်များရေးသား ၍ မဟာစည်ဆရာတော်ဘုရားကြီး၏ ဓမ္မစကြာ တရားတော်ကြီးနှင့် အနတ္တလက္ခဏသုတ်တရား တော်ကြီးတို့ကို အင်္ဂလိပ်ဘာသာပြန်ဆိုပြီး ကိုယ်တိုင် ရေး ပိဋကတ်လမ်းညွှန် (Guide to Tipitaka) ကိုထုတ်ဝေခဲ့ရာ အိန္ဒိယပြည်၌ ဒုတိယအကြိမ် ပုံနှိပ် ထုတ်ဝေ ခဲ့သည်။

ဇေယျာမောင်အမည်ခံဦးကိုလေးသည် မင်းကွန်း တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဆရာတော်ဘုရားကြီး ပြုစုရေးသားတော်မူခဲ့သော မဟာဗုဒ္ဓဝင်ခြောက် ကျမ်း (ရှစ်အုပ်) ကို အငြိမ်းစားပါဠိ ပါမောက္ခ ဦးတင်လွင်နှင့်တွဲဖက်၍ အင်္ဂလိပ်ဘာသာပြန်ဆိုရင်း နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ဗုဒ္ဓသာသနာပြန့်ပွားရေးဌာန၌တွဲဖက်ဌာနမှူးအဖြစ် စာပေပို့ချခဲ့သည်။

ထို့မှမက ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်း၊ စာပေဗိမာန် မြန်မာ့ရည်ညွှန်းကျမ်းစီစဉ် ရေးအဖွဲ့၊ အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။

ဦးကိုလေးသည် ၁၉၉၅ ခုနှစ်အတွက် ပခုက္ကူ ဦးအုံးဖေတစ်သက်တာစာပေဆုနှင့် နိုင်ငံတော်က ချီးမြှင့်သော ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ပထမဆင့်) ကို ရရှိခဲ့သည်။

ဦးကိုလေးသည် ပါမောက္ခချုပ်ရိပ်သာ၊ သာသနာ့ တက္ကသိုလ်ဝန်း၊ ကမ္ဘာအေးကုန်းမြေ၊ မရမ်းကုန်း မြို့နယ်၊ ရန်ကုန်မြို့၌ ၂၀၀၃ ခုနှစ်၊ ဇွန်လ (၁၅) ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

ဦးစိုးမြင့်သန်း

**ကင်ဆာဝေဒနာရှင်ပြုစုစောင့်ရှောက်ရေးဌာန (မန္တလေး)** ။ ။ မြန်မာနိုင်ငံတွင် ကုထုံးလွန် ကင်ဆာဝေဒနာရှင်များအတွက် ကင်ဆာဝေဒနာ ရှင်ပြုစုစောင့်ရှောက်ရေးဌာန (ဟော့စ်ပစ်) (Hospice) ကို စ, ဦးတည်ထောင်ခဲ့သူ ဆရာကြီး ဦးလှထွန်းသည် ယင်း၏ဇာတိမန္တလေးမြို့တွင်

ဒုတိယ ဟော့စ်ပစ်တစ်ခုကို ၂၀၀၃ ခုနှစ်၌ ထပ်မံတိုးချဲ့တည်ထောင်ခြင်းဖြင့် လူမှုဝန်ထမ်းလုပ်ငန်းဆောင်ရွက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် မှတ်တိုင်သစ်တစ်ခုကို ထပ်မံစိုက်ထူလိုက်သည်။

နိုင်ငံ၏ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် ကင်ဆာစာတ်ရောင်ခြည်ဌာနများသည် ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် တောင်ကြီးမြို့တို့၌ရှိရာ ဆရာကြီးဦးလှထွန်းအနေဖြင့် ရန်ကုန်မြို့တွင် ၂၀၀၀ ပြည့်နှစ်၌ပထမဦးဆုံး ဟော့စ်ပစ်ကို တည်ထောင်ခဲ့ပြီး မန္တလေးမြို့၌ ၂၀၀၃ ခုနှစ်တွင် လှူဒါန်းတည်ထောင်ခဲ့သည်။

မြန်မာနိုင်ငံ၏မြို့တော်ရန်ကုန်မြို့၌ ၂-၉-၂၀၀၀ နေ့တွင် ပထမဦးဆုံးဟော့စ်ပစ်ကို တည်ထောင်ဖွင့်လှစ်ခြင်းဖြင့် ဆရာကြီးဦးလှထွန်းသည် ဟော့စ်ပစ်စဦး တည်ထောင်သူဖြစ်ခဲ့ပြီး ကင်ဆာဝေဒနာရှင်စောင့်ရှောက်မှုလုပ်ငန်းများ အရှိန်ရလာသောအခါ မွေးဇာတိ မန္တလေးမြို့၌ပါ တိုးချဲ့ဆောင်ရွက်ရန် စိတ်ကူးခဲ့သည်။ မြန်မာနိုင်ငံ၏ ဒုတိယမြို့တော်ဖြစ်ပြီး ကင်ဆာစာတ်ရောင်ခြည် ဌာနလည်းရှိသော မန္တလေးမြို့၌ ဟော့စ်ပစ် လုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် အတွင်းလူနာ (ကင်ဆာ)ဌာန တည်ထောင်ရန် ဆရာကြီးဦးလှထွန်းက အမေရိကန်ဒေါ်လာတစ်သိန်းနှင့် ကျပ်ငွေ သိန်းတစ်ရာတိတိမ, တည်လှူဒါန်းခဲ့သည်။

မန္တလေးအတွင်းလူနာ (ကင်ဆာ)ဌာနဆောက်လုပ်နိုင်ရန် နိုင်ငံတော်က မြေစိစဉ်ပေးခဲ့ပြီး၊ ရရှိသည့်မြေ(၅. ၁၉)ဧကတွင် ရန်ကုန်မြို့ လူနာ (ကင်ဆာ) ဌာနကဲ့သို့ အဆောက်အအုံများကို မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနကဆောက်လုပ်ပေးခဲ့သည်။ ဤအတွင်းလူနာ (ကင်ဆာ) ဌာန ဆောက်လုပ်ရန် ပန္နက်တော်မင်္ဂလာအခမ်းအနားကို ၃၀-၁၀-၂၀၀၂ နေ့တွင် ကျင်းပပြုလုပ်ခဲ့ပြီး၊ အဆောက်အအုံများဆောက်လုပ်မှုအတွက် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနက ကျပ်သိန်းတစ်ထောင်ရှစ်ရာတိတိပါဝင်ကျခံလှူဒါန်းခဲ့သည်။

မန္တလေးအတွင်းလူနာ (ကင်ဆာ) ဌာနသည် မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့နယ် မန္တလေးတောင်နှင့် ရန်ကင်းတောင်ကြားတွင်ရှိရာ ဆိတ်ငြိမ်အေးချမ်းသည့် နေရာတစ်ခုပင်ဖြစ်သည်။ ဤသို့မန္တလေးအတွင်းလူနာ (ကင်ဆာ) ဌာန ဖွင့်လှစ်ခြင်းဖြင့် အထက် မြန်မာပြည်၌ ဟော့စ်ပစ်စောင့်ရှောက်ရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်လာနိုင်ပြီး၊ မန္တလေးမြို့နှင့် အညာရပ်ဝန်းဒေသရှိ ဆင်းရဲနွမ်းပါးသည့် ကုထုံးလွန်ကင်ဆာဝေဒနာရှင်များအဖို့ အခမဲ့ပြုစု



ဦးလှထွန်းမေတ္တာရိပ်မွန်
အတွင်းလူနာ (ကင်ဆာ)
ဌာန (မန္တလေး) အဝင်ဝ



**ဦးလှထွန်းမေတ္တာရိပ်မွန်အတွင်းလူနာ (ကင်ဆာ) ဌာန (မန္တလေး)နှင့် အထိမ်းအမှတ်ရုပ်တု**

စောင့်ရှောက်မှုကို ရရှိစေမည်ဖြစ်သည်။ ဌာနတွင် အမျိုးသားလူနာ ၂၀၊ အမျိုးသမီးလူနာ ၂၀၊ စုစုပေါင်း၄၀ ကိုလက်ခံစောင့်ရှောက်ပေးနိုင်မည် ဖြစ်သည်။

ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်း၏ ဆောင်ပုဒ်ဖြစ်သော "စောင့်ရှောက်ခြင်းသည် တို့တာဝန်"၊ "စောင့်ရှောက်ခြင်းသည်မျှဝေမှု" နှင့်အညီ အတွင်းလူနာ (ကင်ဆာ)ဌာနများသည် အောက်ပါအစီက မျှဝေပြုစုစောင့်ရှောက်မှုလုပ်ငန်းများကို အခမဲ့ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည်။

(၁) အစားအသောက်၊ အာဟာရဖြင့်ပြုစုစောင့်ရှောက်ခြင်း

(၂) နာကျင်မှုကို ထိန်းသိမ်းနိုင်သော ဆေးဝါးများဖြင့် သက်သာရာရစေရန် ပြုစုစောင့်ရှောက်ခြင်း

(၃) တမလွန်ဘဝအတွက်ဘာသာအလိုက် ကျင့်ကြံတရားအားထုတ်နိုင်ရန် စီစဉ်ပေးခြင်း

(၄) လူသားချင်းစာနာ စောင့်ရှောက်သည့် အစီအစဉ်များ ဆောင်ရွက်ပေးခြင်း

(၅) သာယာချမ်းမြေ့စွာ နေထိုင်စေခြင်း

(၆) ဘာသာအလိုက် သင်္ဂြိုဟ်ပေးခြင်း။

ရန်ကုန်နှင့် အသစ်ဖွင့်လှစ်ခဲ့သော မန္တလေး အတွင်းလူနာ(ကင်ဆာ) ဌာနများသည်-

- ဆေးရုံများမှ ဆေးကုသခြင်း ကုန်ဆုံးပြီး (ကုထုံးလွန်)ရောဂါ၏နောက်ဆုံးအဆင့်ဖြစ်၍ လွှဲပြောင်း ပေးသူ
- ခိုကိုးရာမဲ့ ဆင်းရဲနွမ်းပါးသူ
- အခြားကူးစက်ရောဂါဝေဒနာကင်းရှင်းသူ စသည့်အချက်များနှင့် ကိုက်ညီသော ဝေဒနာရှင်များကို ကြိုဆိုလက်ခံ၍ ဘဝနေဝင်ချိန်၊ နောက်ဆုံးကာလကို သက်သာသာယာစေရန် အခမဲ့မျှဝေစောင့်ရှောက်ပေးနေမည်ဖြစ်ပေသည်။

မောင်ငွေဌေး

**ကမ္ဘာ့ဆရာများနေ့ ။** ။ ၂၀၀၃ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့ (World Teachers' Day) အထိမ်းအမှတ် အခမ်းအနားကို ၂၀၀၃ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်း

ရှိ စိန်ရတုခန်းမ၌ကျင်းပသည်။ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာနှင့် ဆောင်းပါးဆု ရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ကမ္ဘာ့နိုင်ငံအသီးသီးသည် ဆရာဆရာမ များကို လူ့အဖွဲ့အစည်း၏ တိုးတက်ကြီးပွားရေး အတွက်အဓိက အခန်းကဏ္ဍက ပါဝင်ဆောင်ရွက်နေကြသည့်ပုဂ္ဂိုလ် များအဖြစ် အလေးအမြတ်ပြုရင်း ဆရာ့တာဝန်ဝတ္တရား များကို ကျေပွန်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် သင့်လျော်မည့်အခွင့်အလမ်း နှင့်အခြေအနေများ မြှင့်တင်ဆောင်ရွက်ပေးရန်ဟူ သည့် ရည်မှန်းချက်ဖြင့် ကမ္ဘာ့ဆရာများနေ့ အထိမ်း အမှတ် အခမ်းအနားများကို ကမ္ဘာတစ်ဝန်းလုံးတွင် ကျင်းပလျက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံကလည်း မြန်မာ လူမျိုးတို့၏ ယဉ်ကျေးမှု ဓလေ့ထုံးထမ်း အစဉ်အလာ များနှင့် နိုင်ငံတော်က လက်ရှိကျင့်သုံးနေသည့် ပညာ ရေးမူဝါဒများအရ ဆရာများ၏ အခန်းကဏ္ဍကို အလေးထားအသိအမှတ်ပြုထားပြီး ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို ကျင်းပခြင်းဖြစ်သည်။ ဤသို့ကျင်းပ ခြင်းသည် နိုင်ငံတကာမိသားစုဝင် နိုင်ငံတစ်နိုင်ငံ၏ တာဝန်ဝတ္တရားနှင့်လျော်ညီစွာ ကမ္ဘာ့နိုင်ငံအသီးသီး ၏ ကောင်းမြတ်သော လှုပ်ရှားဆောင်ရွက်မှုများတွင် မြန်မာနိုင်ငံက တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်သည်သာမက မိမိတို့ မြန်မာလူမျိုးတို့၏ အစဉ် အလာအရ လိုက်နာကျင့်သုံးလျက်ရှိသည့် မွန်မြတ် သော အစဉ်အလာကောင်းတစ်ရပ်ကို ဆက်လက် ဖော်ဆောင်မြှင့်တင်ခြင်းလည်းဖြစ်သည်။

မြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက် သောနိုင်ငံတော်ဖြစ်ထွန်းလာစေရေးအတွက်ပြည်တွင်း ရှိ အမျိုးသားစွမ်းအားစုများ၏ စွမ်းအားကို အခြေပြု ပြီး ကြိုးပမ်းဆောင်ရွက်နေသည့်အလျောက် ခေတ် ကာလနှင့်လျော်ညီစွာ စွမ်းရည်ထက်မြက်သော လူ့ စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်မွေးထုတ် ပေးနိုင်စေမည့် အမျိုးသားပညာရည် မြင့်မားရေး စီမံကိန်းများကို စနစ်တကျချမှတ် အကောင်အထည် ဖော်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အမျိုးသားပညာရေးမြှင့်တင်မှု အစီအမံ များကို အထူးအလေးထားဆောင်ရွက်နေသည့် အချိန်ကာလ တွင် ဆရာများ၏ အခန်းကဏ္ဍသည် ရှေ့တန်းသို့ ရောက်ရှိနေပြီဖြစ်သည်။

နိုင်ငံတော်အစိုးရ ပညာရေးကဏ္ဍ၏ ပင်မ မဏ္ဍိုင်ဟုဆိုရမည့် ဆရာများ၏ အခန်းကဏ္ဍကို အသိအမှတ်ပြုပြီး ဆရာ့ဂုဏ်ရည်၊ ဆရာ့အရည် အသွေး၊ ဆရာ့ကျင့်ဝတ်များနှင့်တကွ ဆရာ များ၏ အခွင့်အလမ်းနှင့် အခြေအနေများ ပိုမိုမြင့်မား ခိုင်မာစေအောင် အမျိုးသားပညာရေး စီမံကိန်းများ တွင် ကဏ္ဍတစ်ရပ်အဖြစ် ထည့်သွင်းပြီး စနစ်တကျ အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

၂၀၀၃ ခုနှစ် ကမ္ဘာ့ဆရာများနေ့၏ ဆောင်ပုဒ် ဖြစ်သည့် "Teachers - Opening Doors to a Better World" ဟူသည့် ဆောင်ပုဒ်သည် မြန်မာ နိုင်ငံအတွက် ဆရာ့ဂုဏ်ရည်များကို ရည်ညွှန်းဂုဏ်ပြု ရာတွင်လည်းကောင်း၊ ဆရာများအပေါ် ထားရှိသည့် နိုင်ငံတော်၏ မျှော်မှန်းချက်များကို ဖော်ညွှန်းပြဆိုရာ တွင်လည်းကောင်း အလွန်ဆီလျော်ကိုက်ညီသည့် ဆောင်ပုဒ်တစ်ခုဖြစ်သည်။

မြန်မာနိုင်ငံနှင့် မြန်မာ့ယဉ်ကျေးမှုတွင် ဆရာ ဟူသည်မှာ အမွန်အမြတ်နေရာပေးခြင်းခံကြရ သည့် ပုဂ္ဂိုလ်များဖြစ်ပြီး မိဘတိုင်းသည် မိမိတို့၏ သားသမီးများကို ဆရာ့ထံတွင် လုံးဝဥဿုံယုံကြည် စိတ်ချစွာအပ်နှံ၍ စာပေပညာသာမက ယဉ်ကျေး သိမ်မွေ့မှု၊ လိမ္မာရေးခြားရှိမှု၊ စိတ်ထားမြင့်မြတ်မှု၊ စာရိတ္တကြံ့ခိုင်မှုအစ လူ့ဘောင်အဖွဲ့ အစည်းများတွင် တင့်တယ်သည့်လူရည်ချွန် လူရည်မွန်များဖြစ်လာ

သည်အထိ ဆရာများက သွန်သင်ညွှန်ကြားဆုံးမ လေ့ကျင့်ပေးလျက်ရှိသည်။

ဆရာသည် မြန်မာ့လူ့ဘောင်အဖွဲ့ အစည်း တွင် မွန်မြတ်သော စံပြပုဂ္ဂိုလ်အဖြစ် လေးစားကြည်ညို ခံရသကဲ့သို့ စာသင်ကျောင်းတွင်သာမက ရပ်ရွာတွင်လည်း ဩဇာတိက္ကမကြီးမားသည့် မြင့်မြတ်သော နေရာ၌ နေရာပေးအလေးထားခြင်းခံကြရသည်။

မြန်မာနိုင်ငံတွင် ဆရာ၏ မေတ္တာစေတနာ ဩဇာသည် တပည့်များအပေါ်တွင် ကျောင်းသား ကျောင်းသူအရွယ်၌ သာမက အသက်အရွယ်ကြီး ရင့်ပြီး ရာထူးဌာနန္တရများပိုင်ဆိုင်လာသည့်တိုင် လွှမ်းမိုးသက်ရောက်လေ့ရှိသည်။ မည်မျှရာထူးရာခံ မြင့်မားသည့်၊ ဂုဏ်ဒြပ်မြင့်မားသည့် ပုဂ္ဂိုလ်ဖြစ်သော်လည်း မိမိတို့၏ လက်ဦးဆရာများအား ကြုံတွေ့ရလျှင် ရိုသေကျိုးနွံလေးစားဆဲဖြစ်ခြင်း၊ ဆိုဆုံးမမှုကို နာခံမြဲဖြစ်ခြင်း၊ ဆရာ့ဂုဏ်ကျေးဇူးကို မမေ့မလျော့ မြဲဖြစ်ခြင်းသည် မြန်မာလူမျိုးတို့၏ ဂုဏ်ယူဖွယ်ဓလေ့ စရိုက်ကောင်းများပင်ဖြစ်သည်။

မြန်မာ့လူ့ဘောင်နှင့် မြန်မာ့ယဉ်ကျေးမှု နယ်ပယ်တွင် ဆရာသည် ဘုရား၊ တရား၊ သံဃာ၊ မိဘ တို့နှင့် တစ်ဂိုဏ်းတည်းထားပြီး ပူဇော်ကန်တော့ ထိုက်သည့် ပုဂ္ဂိုလ်ဖြစ်သည်ဟု ခံယူပြီး အာစရိယ ပူဇော်ပွဲများကို နှစ်စဉ်ကျင်းပကန်တော့ကြခြင်း၊ ဝါလကင်းလွတ် သီတင်းကျွတ် အချိန်အခါများတွင် ဆရာများထံအိမ်တိုင်ရာရောက်သွားရောက် ပူဇော် ကန်တော့ကြခြင်းသည် မြန်မာတို့၏ ကောင်းမြတ်သော အစဉ်အလာများအဖြစ် ယနေ့တိုင် တည်တံ့လျက်ရှိသည်။

ယခုကဲ့သို့ ဆရာများအား လေးစားမြတ်နိုးတန်ဖိုးထားသည့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် ဆရာအဖြစ် တာဝန်ထမ်းဆောင်ရခြင်းသည် အလွန်မွန်မြတ်သော လုပ်ငန်းဖြစ်သကဲ့သို့ ဆရာများကလည်း ဆရာ့ဂုဏ်သိက္ခာနှင့်အညီ မေတ္တာ စေတနာ အပြည့်အဝဖြင့် အလွန်ကြီးလေးသော တာဝန် ဝတ္တရားများကို ထမ်းရွက်ထားရသည့် ပုဂ္ဂိုလ်များ ဖြစ်နေရပေမည်။

နိုင်ငံတော်၏ အနာဂတ်ကို မျှော်မှန်းပြီး တိုင်းကျိုးပြည်ဆောင် နိုင်ငံ့သားကောင်းသမီးမွန်များ ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်စေရန် ပညာရေး ကဏ္ဍကတာဝန်ယူပြီး အကောင်အထည်ဖော်ဆောင် ရွက်နေသည့် အချိန်အခါတွင် ဆရာ ဆရာမများ၏ အားထုတ်ကြိုးပမ်းမှု၊ မွန်မြတ်သော စိတ်စေတနာ နှင့် ဆရာ့အရည်အသွေးပြည့်ဝမြင့်မားမှုတို့သည် အလွန်အရေးပါသော အခန်းကဏ္ဍသို့ ရောက်ရှိနေပြီဖြစ်သည်။

ဆရာ ဆရာမများကိုယ်တိုင်က အမျိုးသား ပညာရည်မြင့်မားရေးစီမံကိန်းများ၏ မွန်မြတ်မြင့်မားသော မျှော်မှန်းချက်များကို ယုံကြည်စွာ ခံယူပြီး အမျိုးသားရေးအကျိုးစီးပွား ဦးတည်သည့် သန္နိဋ္ဌာန် စိတ်ဓာတ်နှင့် အမျိုးသားရေး အားမာန်ကို အလေးထားသည့် ယုံကြည်ချက်၊ ခံယူချက်တို့ မြင့်မားခိုင်မာနေမှသာ မိမိတို့၏တပည့်ကျောင်းသား ကျောင်းသူ လူငယ်များအား တည်ကြည်ခိုင်မာသော အမျိုးသားရေး ခံယူချက်၊ ထက်မြက်မြင့်မားသော စွမ်းဆောင်ရည်တို့ပြည့်စုံလာအောင် လေ့ကျင့် ပျိုးထောင်ပေးနိုင်မည်ဖြစ်သည်။

အမျိုးသားပညာရည် မြင့်မားရေး စီမံကိန်းများ တွင် ဆရာများ၏ အရေးပါသော အခန်းကဏ္ဍကို အသိအမှတ်ပြုပြီး အရည်အသွေးပြည့်ဝသည့် ထက်မြက်ကျွမ်းကျင်သော ဆရာများ တိုးပွား ပေါ်ထွန်းလာစေရန်အတွက် ဆရာအတတ်သင် လေ့ကျင့်ရေးအစီအမံများ၊ ဆရာ့အရည်အသွေး မြှင့်တင်ရေး အစီအမံများကို စနစ်တကျထည့်သွင်း ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည်။

ဆရာအတတ်ပညာ သင်ကြားနိုင်မှု ကဏ္ဍကို ကြည့်လျှင် ၁၉၈၈ ခုနှစ်တွင်ပညာရေး တက္ကသိုလ် တစ်ခု၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး

ရေးသိပ္ပံ တစ်ခုနှင့် ဆရာအတတ် သင်သိပ္ပံကျောင်း ၁၇ ခု စုစုပေါင်း ဆရာအတတ် သင်ဌာန ၁၉ ခု သာရှိခဲ့ရာမှ ယခုအခါ ပညာရေးတက္ကသိုလ်နှစ်ခု၊ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်တစ်ခုနှင့် ပညာရေးကောလိပ် ၂၀ ခု စုစုပေါင်းဆရာအတတ်သင်ဌာန ၂၃ ခု အထိ တိုးတက်ဖြစ်ထွန်းလာခဲ့ပြီးဖြစ်သည်။

တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ တက်ရောက်ခွင့်ရှိသည့် ပညာရေးကောလိပ်များမှ လုပ်ငန်းခွင်ကြိုသင်တန်းများ၊ ပညာရေး တက္ကသိုလ်များမှ B.Ed ဘွဲ့သင်တန်းများ၊ ဘွဲ့ရပြီးသူများ တက်ရောက်နိုင်သည့် ဘွဲ့လွန်ဆရာအတတ်ပညာ ဒီပလိုမာ (PGDT) သင်တန်းများ၊ မာတီမီဒီယာ အတတ်ပညာဘွဲ့လွန် (ပညာရေး) ဒီပလိုမာ (PGDMA) သင်တန်းများ တိုးချဲ့ဖွင့်လှစ်ပြီး ဆရာ အရည်အသွေးပိုမို ထက်မြက်မြင့်မားအောင် မြှင့်တင် ပေးလျက်ရှိသည်။

လုပ်ငန်းခွင် ဆရာအတတ်သင် သင်တန်းများ ဖြစ်သည့် စာပေးစာယူသင်တန်း၊ ပညာရေး ကောလိပ်အခြေပြု ဆရာအတတ်သင်တန်း၊ မြို့နယ် အခြေပြု ဆရာ အတတ်သင်တန်း၊ ပညာရေး တက္ကသိုလ်များ၏ ပညာရေးဘွဲ့ စာပေးစာယူ နှစ်နှစ် သင်တန်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်းကြောင့် ဆရာ ဆရာမများအတွက် ဆရာအတတ်သင်ပညာ အရည် အသွေးနှင့် ဆရာ့သက်တမ်းတစ်လျှောက်လုံးအတွက် တက်လမ်းအခွင့်အရေးများကို ဖော်ဆောင်ဖန်တီး ပေးနိုင်နေပြီဖြစ်သည်။

၁၉၈၈ ခုနှစ်တွင်လုပ်ငန်းခွင် အချိန်ပြည့်နှင့် စာပေးစာယူ ဆရာအတတ်သင် သင်တန်းသား တစ်နှစ်လျှင် ၄,၀၀၀ ခန့်သာ လေ့ကျင့်ပေးနိုင်ခဲ့ ရာမှ ၂၀၀၂-၂၀၀၃ ပညာသင်နှစ်တွင် လုပ်ခွင်ကြို နှင့် လုပ်ငန်းခွင်သင်တန်းသား စုစုပေါင်း ၃၀,၀၀၀ ကျော် သင်ကြားပေးနိုင်သည့်အတွက် တစ်နှစ် အတွင်း သင်ကြားပေးနိုင်မှုမှာ ယခင်ကထက် ကိုးဆ ကျော်တိုးတက်လေ့ကျင့် သင်ကြားပေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံတွင် အခြေခံပညာနှင့် အဆင့်မြင့် ပညာကျောင်းသား ကျောင်းသူ ၈ ဒသမ ၄၅ သန်း ကျော်ကို ဆရာ ဆရာမအင်အား ၂ ဒသမ ၄ သိန်း ခန့်က သင်ကြားပေးနိုင်နေပြီဖြစ်သည်။

၁၉၈၈ ခုနှစ်က တက္ကသိုလ်ကောလိပ်ပေါင်း ၃၂ ခု၊ အခြေခံပညာကျောင်းပေါင်း ၃၃,၇၄၇ ကျောင်း သာ ရှိခဲ့ရာမှ ယခုအခါ တက္ကသိုလ် ကောလိပ်ပေါင်း ၁၅၄ ခုနှင့် အခြေခံပညာကျောင်းပေါင်း ၄၀,၀၉၉ ကျောင်းအထိ တိုးတက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ၁၉၈၈ ခုနှစ်တွင် တက္ကသိုလ်ကောလိပ်သင်တန်းသား ၁ ဒသမ ၃၈ သိန်းကျော်နှင့် အခြေခံပညာကျောင်းသား ကျောင်းသူ ၅ ဒသမ ၂၄ သန်း စုစုပေါင်း ၅ ဒသမ ၃၇ သန်းသာရှိခဲ့ရာမှ ယခုအခါတွင် တက္ကသိုလ် ကောလိပ်သင်တန်းသားကိုးသိန်းခန့်နှင့် အခြေခံ ပညာကျောင်းသား ကျောင်းသူ ၇ ဒသမ ၅၅ သန်း စုစုပေါင်း ၈ ဒသမ ၄၅ သန်းကျော် အထိ တိုးတက် ဖြစ်ထွန်းလျက်ရှိသည်။

၁၉၈၈ ခုနှစ်တွင်တက္ကသိုလ် ဆရာ ဆရာမ ၅,၆၀၀ ကျော်နှင့် အခြေခံပညာဆရာ ဆရာမ ၁ ဒသမ ၇၄ သိန်းခန့် စုစုပေါင်း ၁ ဒသမ ၈ သိန်းခန့် သာရှိခဲ့ရာမှ ယခုအခါတွင် တက္ကသိုလ်ဆရာ ဆရာမ ၁၇,၀၀၀ ကျော်နှင့် အခြေခံပညာ ဆရာ ဆရာမ ၂ ဒသမ ၂၄ သိန်း ခန့် စုစုပေါင်း ၂ ဒသမ ၄၁ သိန်းအထိ တိုးတက်လာခဲ့ပြီဖြစ်သည်။

ဆရာ့အရည်အသွေးတိုးတက် မြင့်မားလာစေ ရေးအတွက် ဘွဲ့လွန်သင်တန်းများတွင် ယခင်က မဟာဘွဲ့အထိသာ လေ့ကျင့်သင်ကြားပေးခဲ့ရာမှ ယခုအခါ မဟာသုတေသနဘွဲ့နှင့် ပါရဂူဘွဲ့အထိ တိုးမြှင့်လေ့ကျင့်သင်ကြားပေးလျက်ရှိခြင်းကြောင့် နိုင်ငံတော်၏ ပညာရေး အဆင့်အတန်းတိုးတက် မြင့်မားရေးအတွက်သာမကနိုင်ငံ့အကျိုးပြုသုတေသန လုပ်ငန်းများကိုလည်း အရှိန်အဟုန်ဖြင့် တိုးတက် လုပ်ဆောင်လာနိုင်ခဲ့သည်။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာနများ ကိုလည်း တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင်

One Campus Multi System စနစ်ဖြင့် တက္ကသိုလ်တည်ရှိရာ နယ်မြေဒေသအလိုက် လိုအပ်သည့် ပညာရပ်ဆိုင်ရာသင်တန်းများကို စီမံဖွင့်လှစ်လေ့ကျင့်ပေးလျက်ရှိသည်။

ယခုကဲ့သို့ သင်ကြားသင်ယူမှုအဆင့်ကို မြှင့်တင်ပေးနိုင်ခြင်းဖြင့် ဆရာဆရာမများသည်ကျောင်းသားကျောင်းသူများ၏ ကိုယ်တိုင်လေ့လာသင်ယူမှုများကို ပံ့ပိုးကူညီပေးရသည့် ဦးဆောင်လမ်းညွှန်ပေးသူ (Facilitator) များအဖြစ် ပြောင်းလဲဖြစ်ထွန်းလာအောင် ကြိုးပမ်းအားထုတ်သွားကြရမည်ဖြစ်သည်။

မျက်မှောက်ကာလဖြစ်သည့် ပညာခေတ်၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းလာစေရန်ဟူသည့် မြန်မာ့ပညာရေး မျှော်မှန်းချက် ပြည့်မြောက်အောင်မြင်စေရေးအတွက် ဆရာ ဆရာမများ ကိုယ်တိုင်က တိုးတက်ပြောင်းလဲနေသည့် သိပ္ပံနှင့်နည်းပညာရပ်များ၊ ပညာရေးဆိုင်ရာ သဘောတရားများကို အစဉ်မပြတ်လေ့လာသင်ယူပြီး ပညာရေးတွင် အစဉ်ထာဝရ ရှင်သန်နေစေရန် ကြိုးစားအားထုတ်သွားကြရန်လိုအပ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို နိုင်ငံတကာနှင့်ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းအားထုတ်လျက်ရှိရာတွင် ကိုယ်ပိုင်အမျိုးသားရေးစွမ်းအားစုများ၏ စွမ်းဆောင်နိုင်မှု စွမ်းပကားသည် ပဓာနကျသောအခန်းကဏ္ဍသို့ ရောက်လျက်ရှိသည်။

အမျိုးသားရေးစွမ်းအားစုများ စွမ်းရည်ထက်မြက်ခိုင်မာစေရေးအတွက် အရည်အသွေးမြင့်မားသော အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရန် ဆရာ ဆရာမအားလုံးက တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ရင်း ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းလာစေရေးအတွက် မြန်မာ့ယဉ်ကျေးမှုအခန်းကဏ္ဍကိုရယူပြီး မိဘပြည်သူများနှင့်တကွ ကျောင်းသားကျောင်းသူ လူငယ်များအား စည်းရုံးဦးဆောင်သွားကြရမည်ဖြစ်သည်။

ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ လက်အောက်ခံ အဖွဲ့ကြီး



ကမ္ဘာ့ဆရာများနေ့အခမ်းအနားမြင်ကွင်း

လေးဖွဲ့ဖြစ်သည့် ယူနက်စကို၊ အိုင်အယ်လ်အို၊ ယူအင်ဒီပီနှင့် ယူနီဆက်တို့မှ အဖွဲ့ခေါင်းဆောင်များက ပေးပို့သော ကမ္ဘာ့ဆရာများနေ့ (World Teachers' Day) စုပေါင်းသဝဏ်လွှာကို မြန်မာနိုင်ငံလူတိုင်းအတွက် ပညာရေးပေါင်းစပ် ညှိနှိုင်းရေးမှူးအမှတ် (၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ညိုက ဖတ်ကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဦးက ၂၀၀၃ ခုနှစ်ကမ္ဘာ့ဆရာများနေ့ဂုဏ်ပြုခံ မြတ်ဆရာများဖြစ်ကြသော အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့်အထက်တန်းတို့တွင် အထွေထွေသိပ္ပံ ကို မြန်မာစာမြန်မာစကားဖြင့် သင်နိုင်ရေးအတွက် စီစဉ်ပြုစုရေးသားခဲ့သည့် ဆရာကြီး ဦးဘိုးထို၊ ပညာရေးစာပေများ ပြုစုထုတ်ဝေခြင်းနှင့် အသက် ၉၄ နှစ်ကျော်ရှိသည့်တိုင် "ဘကြီးသူ" အမည်ဖြင့် ပညာရေးဆိုင်ရာစာပေများပြုစုရေးသားလျက်ရှိပြီး ဘဝတစ်သက်တာလုံး မြန်မာ့ပညာရေးကဏ္ဍ ဖွံ့ဖြိုးရေးအတွက်ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ဆရာကြီး ဦးခင်သန်းနှင့် ချင်းပြည်နယ် မတူပီမြို့နယ် (ယခု ရေဇွာမြို့နယ်) ရွာဟားကျေးရွာ (က) ၌ ရေဇွာရွာ တောမီးကူးစက်လောင်ကျွမ်းခြင်းမရှိအောင် ကြိုးပမ်းငြိမ်းသတ်ရင်း တပည့်သုံးဦးနှင့်အတူ အများအကျိုးအတွက်အသက်စွန့်ခဲ့သူ ဆရာဦးမောင်ဆတ်တို့၏ ထူးချွန်စွာဆောင်ရွက်ခဲ့သည့် ပညာရေးလုပ်ငန်းများကိုရှင်းလင်းတင်ပြသည်။

၂၀၀၃ ခုနှစ် ကမ္ဘာ့ဆရာများနေ့ ဂုဏ်ပြုခံမြတ်ဆရာ ဆရာကြီးဦးခင်သန်း၊ ဆရာကြီးဦးဘိုးထိုကိုယ်စားသားဖြစ်သူ ဦးကျော်ကျော်သိန်းထိုနှင့်ဆရာ ဦးမောင်ဆတ်၏ကိုယ်စား သမီးဖြစ်သူ မဖွာဗူးတို့အားဂုဏ်ပြုလက်ဆောင်များပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် တက္ကသိုလ်ကောလိပ်သိပ္ပံဆရာအဆင့်ဆောင်းပါးပြိုင်ပွဲ ပထမ၊ ဒုတိယနှင့် တတိယရရှိသူဆရာမများအားလည်းကောင်း၊အခြေခံပညာအထက်တန်းဆရာအဆင့် ဆောင်းပါးပြိုင်ပွဲ ပထမ၊ ဒုတိယနှင့် တတိယဆုရ ဆရာမများအားလည်းကောင်းဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ပညာရေးတက္ကသိုလ်၊ ပညာရေးကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲ ပထမ၊ ဒုတိယနှင့် တတိယဆုရ ကျောင်းသူများအားလည်းကောင်း၊ ပညာရေး တက္ကသိုလ်ပညာရေးကောလိပ်အဆင့် ကဗျာပြိုင်ပွဲ ပထမ၊ဒုတိယနှင့်တတိယ ဆုရကျောင်းသား ကျောင်းသူများအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အခြေခံပညာအထက်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲ ပထမ၊ ဒုတိယနှင့် တတိယဆုရကျောင်းသူများအားလည်းကောင်း၊ အခြေခံပညာအထက်တန်းအဆင့် ကဗျာပြိုင်ပွဲပထမ၊ ဒုတိယနှင့်တတိယဆုရ ကျောင်းသား ကျောင်းသူများအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ပထမ၊ဒုတိယနှင့် တတိယဆုရ ကျောင်းသူများအားလည်းကောင်း၊ အခြေခံပညာ အလယ်တန်းအဆင့်ကဗျာပြိုင်ပွဲ ပထမ၊ ဒုတိယနှင့် တတိယဆုရကျောင်းသား ကျောင်းသူများအားလည်းကောင်းဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ ရွေးတံဆိပ်ဆုရှင်

အခြေခံပညာကျောင်းသားကျောင်းသူများ က "အိုဘယ့်ဆရာ" သီချင်းဖြင့် ဂုဏ်ပြုဖျော်ဖြေ ကြပြီး အခြေခံပညာကျောင်းသား ကျောင်းသူများက "အသီးတစ်ရာ အညှာတစ်ခု" တေးသရုပ်ဖော်ဖြင့် တင်ဆက်ဂုဏ်ပြုဖျော်ဖြေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စိုးအောင်

## ကြပ်ကလေး (ခရစ် ၁၉၂၇-၂၀၀၃)။ ။


စာရေးဆရာကြပ်ကလေးကို ၁၉၂၇ ခုနှစ်၊ ဩဂုတ်လ (၂၆) ရက်၊ သောကြာနေ့တွင် အင်းစိန်မြို့၌ အဘဦးအုန်းသောင်း၊ အမိဒေါ်အေးတင့်တို့က မွေးဖွားခဲ့ပြီး သားသုံးဦးအနက် အငယ်ဆုံးဖြစ် သည်။ အမည်ရင်းမှာ မောင်သောင်းတင်ဖြစ်သည်။

၁၉၄၆ ခုနှစ်တွင် (၈) တန်း၌ ပညာသင်ကြားနေဆဲ 'ကြပ်ကလေး' ကလောင်အမည်စတင်ခံယူလျက် စာပေနယ်သို့ စတင်ဝင်ရောက်ခဲ့၏။ ဇဝနဂျာနယ်တွင် ဖော်ပြပါရှိသော 'ဦးလေးကြီးခင်ဗျား' ဟူသည်မှာ ကြပ်ကလေး၏ ပထမဦးဆုံးစာမူ ဖြစ်၏။ ၁၉၄၇ ခုနှစ်တွင် ဒဂုန်မဂ္ဂဇင်း ဒီးဒုတ်ဂျာနယ်တို့၌ 'တက္ကသိုလ်သူဇာမောင်' ဟူသော ကလောင်ဖြင့် ဝတ္ထုတိုများ ရေးသားခဲ့သည်။ ၁၉၄၉-၅၀ ရန်ကုန်တက္ကသိုလ်ကျောင်းသား ဘဝဝယ်. . သွေးသောက်၊ တော်ဝင်၊ ပဒေသာ၊ ပွင့်သစ်စ၊ ကလောင်စုံ၊ သတင်းစုံ စသည့် မဂ္ဂဇင်း ဂျာနယ်များ၌ 'ကြပ်ကလေး' အမည်အပြင် 'နန္ဒသူ'၊ 'ဖြိုးဝေ'၊ 'သူ'၊ 'ဖိုးဇော်' စသော ကလောင်များဖြင့် ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ ဟာသများ ရေးသားလျက် သွေးသောက်မဂ္ဂဇင်း စာတည်းအဖွဲ့ဝင်အဖြစ် လုပ်ကိုင်ခဲ့သည်။

၁၉၅၀ ပြည့်နှစ်တွင် သွေးသောက်စာအုပ်တိုက်မှ 'မပိုဒင်း' ဟာသလုံးချင်းစတင်ထွက်ရှိခဲ့၏။ ၁၉၅၁ တွင် ဝိဇ္ဇာဘွဲ့ကို ပါဠိဘာသာပထမဖြင့် ရရှိခဲ့ပြီး၊ ငွေစာရင်းမင်းကြီးရုံး၌ အလုပ်သင်ရုံးအုပ်အဖြစ် အမှုထမ်းလျက် ဒေါ်တင်တင်နှင့် အိမ်ထောင်ပြုခဲ့သည်။ ထိုမှ ရာထူးအဆင့်ဆင့် တိုးတက်လာခဲ့ပြီး ၁၉၆၀ တွင် လက်ထောက်ငွေစာရင်းမင်းကြီးဖြစ်လာခဲ့သည်။ ၁၉၆၃ ခုနှစ်၌ သွေးသောက်မဂ္ဂဇင်းတွင် 'စာပေလောက ကဏ္ဍ' ကို တာဝန်ယူရာမှ 'သက်လုံ' အမည်ဖြင့် 'စေ့ထားသော တံခါးများ' ဆောင်းပါးစဉ်ကြီးကို စတင်ရေးသားခဲ့သည်။ ထိုအချိန်ဝယ် သွေးသောက်စာအုပ်တိုက်မှပင် ကြပ်ကလေးအမည်ဖြင့် 'ရွှေရည်လူးတဲ့ချစ်ဦးသူ' ဟာသလုံးချင်းထွက်ခဲ့၏။ ဆက်လက်၍ 'ပြည်ပန်းညို' 'ပဲခူးဆား' 'မပစ်ပါနဲ့မောင်ရင်ရယ်' 'သူလိုလို ငါလိုလို' 'တစ်နေ့သောအခါ' စသော ဟာသလုံးချင်းများ ဆက်တိုက်ထွက်ပေါ်လာခဲ့သည်။

၁၉၆၆ ခုနှစ် စန္ဒာမဂ္ဂဇင်းထုတ်ဝေသောအခါ ဝတ္ထု-ပုံပြင်များ ရေးသားခဲ့သည်။ 'ကျွန်းရိပ်သာ' ဟာသဝတ္ထု၊ 'ချစ်သက်လျာဦး' ရုပ်ရှင်ဝတ္ထုတို့ ပေါ်ထွက်လာခဲ့သည်။ ၁၉၆၇ မှ ၁၉၇၁ ကာလအတွင်း ရင်မသည်းဖိုကဏ္ဍများအတွက် 'ခင်မူအေး'၊ 'သောင်းဝင်း'၊ 'ကျော်ထွန်းပေါ်'၊ 'ရဲသူရဇော်'၊ 'ခင်မိမိသက်'၊ 'နွေးနွေး' စသော ကလောင်ခွဲများနှင့် ရေးသားခဲ့သည်။ စန္ဒာမဂ္ဂဇင်း၌ 'လကမ္ဘာကဏ္ဍ' ဖွင့်လှစ်လေသောအခါ 'ဘိုးဘိုးကြပ်'၊ 'လုံးဂျစ်'၊ 'ဖြူဒုတ်'၊ 'ကိုလလ'၊ 'ကိုပွေလီ'၊ 'မရုပ်တေး'. . စသော ကလောင်များ ခွဲလိုက်ပြန်သည်။ ကြပ်ကလေး အမည်ဖြင့် 'တစ်သိုက်တစ်မြုံတစ်ထွေး' (၁၉၆၉)၊ 'ဦးပေါင်းစင်း နှင့် မြင်းဖြူရှင်' (၁၉၇၀)၊ 'မတစ်လုံးကြေနှင့် အခြားဝတ္ထုတိုများ'၊ 'မမှားတဲ့ဖိတ်စာ' (၁၉၇၁) တို့ ထုတ်ဝေခဲ့ပြီး တော်လှန်ရေးကောင်စီ၏ အတိုင်ပင်ခံရုံးတွင် ရုံးနှင့် ငွေစာရင်းကြီးကြပ်ရေးမှူးအဖြစ် အမှုထမ်းခဲ့သည်။

၁၉၇၂ တွင် 'ဆေးနှင့်ဝါးနှင့် ချစ်ပန်းပွင့်'၊ 'တစ်ပတ်ရိုက်တဲ့ အချစ်'၊ 'တွဲလွဲ'၊ 'ရည်းစားဝမ်းကွဲ'၊



**စာရေးဆရာကြပ်ကလေး**

'ရွှေခဲနှင့် ချကွဏာ'။ ၁၉၇၃ တွင် 'အိပ်ရာမှ နိုးလတ်သော်' (နန္ဒသူ)၊ 'ငါတို့ကြက်ဖနိုင်နိုင်' စာအုပ်များထွက်ရှိလာပြီး၊ ၁၉၇၄ ရောက်သော် နိုင်ငံတော်ကောင်စီရုံးတွင် ဌာနခွဲမှူးအဖြစ် အမှုထမ်းခဲ့သည်။ ထိုကာလအတွင်း စန္ဒာမဂ္ဂဇင်း၌ တာဝန်ယူနေကျကဏ္ဍများအပြင် နန္ဒသူ ကလောင်အမည်ဖြင့် သမိုင်းနောက်ခံ (အထူးသဖြင့် ပုဂံခေတ်နောက်ခံ) ဝတ္ထုများ ရေးသားခဲ့ပြီး စန္ဒာမဂ္ဂဇင်းတိုက်မှ 'တာရာဒေဝီ'၊ 'နှလုံးသားခြေရာ' စသော သမိုင်းနောက်ခံ လုံးချင်းဝတ္ထုများ ထုတ်ဝေခဲ့သည်။ ၁၉၇၈ တွင် 'ချစ်ရသူမို့ ခွင့်လွှတ်သည်' (နန္ဒသူ) ကို ထုတ်ဝေခဲ့ပြီး ၁၉၈၁ ၌ 'စေ့ထားသော တံခါးများ' (သက်လုံ) ထွက်လာကာ နိုင်ငံတော် ကောင်စီရုံး၌ ဒုတိယ ညွှန်ကြားရေးမှူးအဖြစ် တိုးမြှင့်ခန့်ထားခြင်းခံရသည်။

၁၉၈၅ တွင် 'လန်းဆန်းနုနယ် ခြေလှမ်းငယ်' (သက်လုံ)၊ 'စာရေးဆရာနှင့် သူ၏ ဝတ္ထုရှည်များ' (ကြပ်ကလေး)၊ 'ဟာသပုံပြင်များ' (ကြပ်ကလေး) တို့ကို ထုတ်ဝေသည်။ ၁၉၈၆ တွင် 'သော့ချက် ၃၈ ချောင်း' (သက်လုံ)ကို ထုတ်ဝေခဲ့ပြီး ၁၉၈၇ တွင် နိုင်ငံ့ပန်ထမ်းအဖြစ်မှ အသက် ၆၀ ပြည့် အငြိမ်းစားယူခဲ့သည်။ ၁၉၉၃ တွင် 'မနောတွင်းမှ အလင်းရောင်' (သက်လုံ)၊ 'လိုအင်ပြည့်ရာ နည်းပဒေသာ' (သက်လုံ)၊ ၁၉၉၄ တွင် 'ဂန္ထာရီအလွှာမှ မှတ်တမ်းများ' (သက်လုံ)၊ ၁၉၉၅ တွင် 'စိတ်ဓာတ်တက်စရာချိုဝါစာ' (အင်္ဂလိပ်-မြန်မာ) (သက်လုံ)၊ 'တောက်နှင့်အညီ နေထိုင်ရေး' (သက်လုံ)၊ ၁၉၉၆ တွင် 'ဘဝအောင်မြင်ရေးနှင့် ကျန်းမာပျော်ရွှင်မှု' (သက်လုံ)၊ 'ဘဝအောင်မြင်ရေး ကျန်းမာပျော်ရွှင်မှုနှင့် စိတ်စွမ်းအင်' (သက်လုံ)၊ ၁၉၉၇ တွင် 'သက်ရှည်ကျန်းမာ တောက်ပညာ' (သက်လုံ)၊ ၁၉၉၈ တွင် 'ဂန္ထာရီ လမ်းညွှန် ကြယ်ပွင့်ကလေးများ' (သက်လုံ)၊ ၁၉၉၉ တွင် 'စီးပွားရေး ဖုန်းရွှေ' (သက်လုံ)၊ ၂၀၀၀ ပြည့်နှစ်တွင် 'သားငယ်ရွှယ်လူးသိစေဦး' (ပတွဲ) (သက်လုံ)၊ ၂၀၀၁ ခုနှစ် တွင် 'သားငယ်ရွှယ်လူး သိစေဦး' (ဒုတွဲ) (သက်လုံ)၊ ထူးခြားအာရုံ ကျိုးကြောင်းစုံ (သက်လုံ)၊ ၂၀၀၂ ခုနှစ်တွင် 'တရုတ်ပညာရှိ ဖိန်းရှပ်' (သက်လုံ)၊ 'ဟာရီပေါ့တာနှင့် ပြဒါးရှင်လုံး' (နန္ဒသူ) တို့ကို ထုတ်ဝေခဲ့သည်။

ကြပ်ကလေးသည် ကလောင်အမည်နာမ အမျိုးမျိုးဖြင့် စာမျိုးစုံကို ရေးသားထုတ်ဝေသကဲ့သို့ တစ်ဖက်ကလည်း စာနယ်ဇင်းများစွာ၌ အခန်းကဏ္ဍများဖွင့်လျက် စဉ်ဆက်မပြတ်ဆောင်းပါးများ ရေးသားခဲ့သူဖြစ်သည်။ သူရေးသား ထုတ်ဝေခဲ့ပြီး သမျှ စာအုပ်တော်တော်များများမှာ အကြိမ်ကြိမ် ထပ်မံပုံနှိပ်ထုတ်ဝေရစမြဲဖြစ်သည်။ 'ပြည်ပန်း ညို'၊ 'ပဲခူးဆား'၊ 'မပစ်ပါနဲ့ မောင်ရင်ရယ်'၊ 'ရွှေရည်လူး တဲ့ချစ်ဦးသူ'၊ 'ကျွန်းရိပ်သာ'၊ 'မမှားတဲ့ ဖိတ်စာ'၊ 'မဟိုဒင်း'၊ 'တစ်နေ့သောအခါ'၊ 'စေ့ထားသောတံခါးများ'၊ 'သော့ချက် ၃၈ ချောင်း'၊ 'မတစ်လုံးကြေနှင့် ဟာသဝတ္ထုတိုများ'၊ 'ဂန္ထာရီအလွှာမှ မှတ်တမ်းများ' တို့မှာ အကြိမ်ကြိမ်အခါခါ ရိုက်နှိပ်နေရသော စာအုပ်များဖြစ်၏။ သူရေးသားခဲ့သော စာအုပ်များအနက် ဟာသဝတ္ထုများကို လူကြိုက်များသလို

'မန်နေဂျာတို့၏ ကံကြမ္မာ ဦးတည်ချက်'၊ 'ဖုန်းရွှေ'၊ 'နှင်းပွင့်တိုင်းပြည်' တို့မှာ ထင်ရှားသော လက်ရာများဖြစ်၏။ သူ၏ ဝတ္ထုအများအပြားမှာ ရုပ်ရှင်ရိုက်ကူးခြင်းလည်းခံခဲ့ရ သည်။ အကယ်ဒမီဝင်းဦး၊ အကယ်ဒမီညွန့်ဝင်း၊ အကယ်ဒမီစိန်မြင့်တို့သည် သူ၏ဝတ္ထုများ၌ ပါဝင်သရုပ်ဆောင်ခဲ့သည်။

ကြပ်ကလေးသည် နောက်ဆုံးအချိန်ထိ စာပေများကို တစိုက်မတ်မတ်ရေးသားခဲ့သည်။ ၂၀၀၃ ခုနှစ်၊ မတ်လ (၃) ရက်နေ့တွင် ရန်ကုန်မြို့၊ ယုဇနလမ်း၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်ရှိ နေအိမ်၌ ကွယ်လွန်ခဲ့ပြီး၊ ကွယ်လွန်ချိန်၌ ဇနီး ဒေါ်တင်တင်၊ သားနှစ်ယောက် မြေးနှစ်ယောက်တို့ ကျန်ရစ်ခဲ့သည်။

နန္ဒာမိုးကြယ်

## ကွယ်လွန်သူထင်ရှားသောပုဂ္ဂိုလ်များ(၂၀၀၃)။ ။

ပြည်ထောင်စုမြန်မာနိုင်ငံတွင်သာသနာ အကျိုးသယ်ပိုးထမ်းရွက်တော်မူရင်း ပျံလွန်တော်မူ သွားကြသည့် ရဟန်းတော်များနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စာပေ၊ အနုပညာနှင့် နယ်ပယ်အသီးသီးတွင် ထင်ရှားခဲ့ပြီး ကွယ်လွန်သွားကြသော လူပုဂ္ဂိုလ်များရှိသည်။

### ရဟန်းတော်များ

**ကုမာရ၊ ဘဒ္ဒန္တ**
သက်တော် (၉၅) နှစ်၊ သိက္ခာတော် (၇၅) ဝါ
မအူပင်မြို့နယ် ထနီးကျေးရွာ ခါးပန်းနီကျောင်းတိုက် ပဓာနနာယက
(၁၃၆၅ ခုနှစ်၊ တန်ခူးလပြည့် ကျော် ၁၃ ရက်နေ့၌ ပျံလွန်တော်မူသည်။)

**ကုသလ၊ ဘဒ္ဒန္တ**
သက်တော် (၇၃) နှစ်၊ သိက္ခာတော် (၅၃) ဝါ
အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ သာသနာ့ဓဇ သိရီပဝရဓမ္မယစရိယ၊ မြို့နယ်သံဃနာယကအဖွဲ့၊ ဥက္ကဋ္ဌ၊ ကျောက်တန်းမြို့ သိမ်ကုန်းကျောင်းတိုက် ပဓာနနာယက
(၁၃၆၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်နေ့၌ ပျံလွန်တော်မူသည်။)

**ကောသလ္လ၊ ဘဒ္ဒန္တ**
သက်တော် (၈၅) နှစ်၊ သိက္ခာတော် (၆၆) ဝါ
အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ မအူပင်မြို့နယ် ရွှေကျင်နိကာယ မဟာဗောဓိဝိနည်းပြန်ဌာန ဥက္ကဋ္ဌ။ ရွှေတောင်မော်ကျေးရွာ သိမ်တော်ကျောင်းတိုက် ပဓာနနာယက
(၁၆၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်နေ့၌ ပျံလွန်တော်မူသည်။)

**စန္ဒိမာ၊ ဘဒ္ဒန္တ**
သက်တော် (၇၆) နှစ်၊ သိက္ခာတော် (၅၆) ဝါ
အဂ္ဂမဟာ ဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ မိတ္ထီလာမြို့ ပထမကျော်ဓမ္မာစရိယ တိုက်သစ် ဦးစီးနာယက
(၁၃၆၅ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက် နေ့၌ ပျံလွန်တော်မူသည်။)

**ဇာလိန္ဒ၊ ဘဒ္ဒန္တ**
သက်တော် (၇၇) နှစ်၊ သိက္ခာတော် (၅၈) ဝါ
နိုင်ငံတော်သြဝါဒ စရိယ၊ မိုင်းရယ်မြို့နယ် ဟိုယကျောင်းတိုက် ဆရာတော်
(၁၃၆၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်နေ့၌ ပျံလွန်တော်မူသည်။)

**တေဇနိယာဘိဝံသ၊ ဘဒ္ဒန္တ**
သက်တော် (၈၈) နှစ်၊ သိက္ခာတော် (၄၉) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ မြို့နယ်သံဃနာယက ဥက္ကဋ္ဌ (ရွှေကျင်)၊ ရွှေကျင်နိယာက ဂိုဏ်းလုံးဝန်ဆောင်နာယက ၊ပြင်ဦးလွင်မြို့

စစ်တက္ကသိုလ်တပ်ဦးမဟာဂန္ဓာရုံကျောင်းတိုက် ပဓာန နာယက
(၁၃၆၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်နေ့၌ ပျံလွန်တော်မူသည်။)

နာဂိန္ဒ၊ ဘဒ္ဒန္တ
သက်တော် (၈၃) နှစ်၊ သိက္ခာတော် (၆၄) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ မော်လမြိုင်မြို့ ဝေဇယန္တာစာသင်တိုက် ပဓာနနာယက
(၁၃၆၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ပညာဒီပ၊ ဘဒ္ဒန္တ (ကမ္ဘာ့ဗုဒ္ဓသာသနာပြု)
သက်တော် (၈၁) နှစ်၊ သိက္ခာတော် (၆၂) ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဗောဓိ အသင်း မင်္ဂလာဗျူဟာအသင်း မြန်မာနိုင်ငံလုံး ဆိုင်ရာ ဗုဒ္ဓသာသနာပြုအဖွဲ့ချုပ်တို့၏ ဩဝါဒါစရိယ၊ မရမ်းကုန်းမြို့နယ် ကမ္ဘာ့ဗုဒ္ဓဝိပဿနာဗိမာန် ကျောင်းတိုက်နှင့် မင်္ဂလာဒုံမြို့နယ် မဟာပညာဒီပ ဗိမာန်ကျောင်းတိုက်တို့၏ ပဓာနနာယက
(၁၃၆၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ပညိန္ဒာဘိဝံသ၊ ဘဒ္ဒန္တ
သက်တော် (၉၃) နှစ်၊ သိက္ခာတော် (၇၃) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ ပြည်မြို့ ပွင့်လှသိမ်ကုန်းကျောင်းတိုက် ပဓာနနာယက
(၁၃၆၅ ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ပညိန္ဒြိယ၊ ဘဒ္ဒန္တ
သက်တော် (၈၀)၊ သိက္ခာတော် ဝါ (၆၀)
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ တိုင်းသံဃနာယက အကျိုးတော်ဆောင် (မဟာဒွါရ)၊ စမ်းချောင်းမြို့နယ် ဇေဝဝန်ကျောင်းတိုက် ပဓာနနာယက
(၁၃၆၅ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ပုပ္ဖရသ၊ ဘဒ္ဒန္တ
သက်တော် (၈၉) နှစ်၊ သိက္ခာတော် (၆၉) ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ မွန်ပြည်နယ်ဩဝါဒါစရိယ၊ ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ မဟာရင်ဂိုဏ်း ဒသမဂိုဏ်းချုပ်၊ မုဒုံမြို့နယ် ပုပ္ဖာရာမစာသင်တိုက် ပဓာနနာယက
(၁၃၆၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်နေ့၌ ပျံလွန်တော်မူသည်။)

မုနိန္ဒ၊ ဘဒ္ဒန္တ
သက်တော် (၇၇) နှစ်၊ သိက္ခာတော် (၅၇) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ တိုင်းသံဃနာယက ဒုတိယဥက္ကဋ္ဌ၊ မုံရွာမြို့ မဟာဇောတိကာရာမပါဠိတက္ကသိုလ် ကျောင်းတိုက် ပထမတိုက်အုပ်နာယက
(၁၃၆၅ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဝါယမ၊ ဘဒ္ဒန္တ
သက်တော် (၈၂) နှစ်၊ သိက္ခာတော် (၆၂) ဝါ
ကမ္မဋ္ဌာနာစရိယ၊ မန္တလေးမြို့မဟာအောင်မြေမြို့နယ် ဓမ္မာလင်္ကာရကျောင်းတိုက် ပဓာနနာယက
(၁၃၆၅ ခုနှစ်၊ နယုန်လပြည့်နေ့၌ ပျံလွန်တော်မူသည်။)

ဝိစိတ္တစာရ၊ ဘဒ္ဒန္တ
သက်တော် (၉၄) နှစ်၊ သိက္ခာတော် (၇၄) ဝါ
အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ သီပေါမြို့နယ် ဩဝါဒါစရိယ၊ နမ့်လန်မဇ္ဈိမရာမအလယ်ကျောင်းတိုက် ပဓာနနာယက
(၁၃၆၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်နေ့၌ ပျံလွန်တော်မူသည်။)

**ဝိနယ၊ ဘဒ္ဒန္တ (သာမညဆရာတော်)**

သက်တော် (၉၃) နှစ်၊ သိက္ခာတော် (၇၃) ဝါ
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ဘားအံမြို့နယ်
သာမညတောင်ပေါ်ကျောင်းတိုက်ဆရာတော်ကြီး
(၁၃၆၅ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်နေ့၌
ပျံလွန်တော်မူသည်။)

**ဝိမလာဘိဝံသ၊ ဘဒ္ဒန္တ**

သက်တော် (၉၃) နှစ်၊ သိက္ခာတော် (၇၃) ဝါ
အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ
အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ နိုင်ငံတော်သြဝါဒါစရိယ၊
ရွှေကျင်နိကာယသာသနာပိုင်၊ ညောင်ရွှေမြို့ ကန်ကြီး
ပရိယတ္တိစာသင်တိုက် ဆရာတော်ကြီး
(၁၃၆၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်နေ့
၌ ပျံလွန်တော်မူသည်။)

**သာဂရ၊ ဘဒ္ဒန္တ**

သက်တော် (၈၀)၊ သိက္ခာတော် ဝါ (၆၀)
အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်သံဃမဟာနာယက
အဖွဲ့ အဖွဲ့ဝင်၊ စစ်ကိုင်းမြို့လေးကျွန်းမြေ
အုတ်ကျောင်းတိုက် ပဓာနနာယက
(၁၃၆၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက်နေ့၌
ပျံလွန်တော်မူသည်။)

**သာသန၊ ဘဒ္ဒန္တ**

သက်တော် (၉၁) နှစ်၊ သိက္ခာတော် ဝါ (၇၀)
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်သြဝါဒါ
စရိယ၊
ပြင်ဦးလွင်မြို့ သဗ္ဗဝေဓိ ဇေယျာရာမ ရန်မျိုးအောင်
ကျောင်းတိုက်ဆရာတော်ကြီး
(၁၃၆၅ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်နေ့၌ ပျံလွန်တော်
မူသည်။)

**သိရိန္ဒာဘိဝံသ၊ ဘဒ္ဒန္တ**

သက်တော် (၈၀)၊ သိက္ခာတော် ဝါ (၆၀)
အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်
သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ မန္တလေးမြို့
မစိုးရိမ်တိုက်သစ် ဆရာတော်ကြီး
(၁၃၆၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက်နေ့၌
ပျံလွန်တော်မူသည်။)

**သုပညိန္ဒာဘိဝံသ၊ ဘဒ္ဒန္တ**

သက်တော် (၉၀)၊ သိက္ခာတော် ဝါ (၇၀)
အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်
သြဝါဒါစရိယ၊ ရွှေကျင်နိကာယ တွဲဖက်သာသနာ
ပိုင်၊ စစ်ကိုင်းတောင်ရိုး ပထမဂန္ဓာရုံ ပါဠိတက္ကသိုလ်
ကျောင်းတိုက်ဆရာတော်ကြီး
(၁၃၆၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်နေ့၌
ပျံလွန်တော်မူသည်။)

**သုမင်္ဂလ၊ ဘဒ္ဒန္တ**

သက်တော် (၁၀၀)၊ သိက္ခာတော် ဝါ (၈၀)
စစ်ကိုင်းတောင် ရန်အောင်မင်္ဂလာစေတီချောင်
(၁၃၆၄ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်နေ့၌
ပျံလွန်တော်မူသည်။)

**သူရိယာဘိဝံသ၊ ဘဒ္ဒန္တ**

သက်တော် (၈၀)၊ သိက္ခာတော် ဝါ (၆၀)
အဘိဓဇမဟာရဋ္ဌဂုရု၊ သဒ္ဓမ္မဇောတိကဓဇ၊ ဘိအေ၊
နိုင်ငံတော်သြဝါဒါစရိယ၊
မော်လမြိုင်မြို့ ဗုဒ္ဓသာသနသိပ္ပံကျောင်းတိုက်နှင့်
စိန်မမပါဠိတက္ကသိုလ်စာသင်တိုက် ပဓာနနာယက
(၁၃၆၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက်နေ့၌
ပျံလွန်တော်မူသည်။)

**အာစာရ၊ ဘဒ္ဒန္တ**

သက်တော် (၉၉) နှစ်၊ သိက္ခာတော် (၇၉) ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ရေစကြိုမြို့နယ်
ပခန်းငယ်ကျေးရွာ စိန်စီကျောင်းတိုက် ပဓာန
နာယက

(၁၃၆၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်နေ့၌ ပျံလွန်တော်မူသည်။)

**ဥတ္တမ၊ ဘဒ္ဒန္တ**

သက်တော် (၁၀၈) နှစ်၊ သိက္ခာတော် (၈၈) ဝါ

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မော်လမြိုင်မြို့ ကော့ပေါက်ကျောင်းတိုက် ပဓာနနာယက

(၁၃၆၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်နေ့၌ ပျံလွန်တော်မူသည်။)

**ဣန္ဒက၊ ဘဒ္ဒန္တ**

သက်တော် (၇၇) နှစ်၊ သိက္ခာတော် (၅၈) ဝါ

အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်သြဝါဒါစရိယ၊ အင်ကြင်းတောစေတီတော်သြဝါဒါစရိယ၊ ရွှေဘိုမြို့နယ် ဆိပ်ခွန်ကျေးရွာ အင်ကြင်းပင် ကျောင်းတိုက် ပဓာန နာယက

(၁၃၆၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့၌ ပျံလွန်တော်မူသည်။)

**ဣန္ဒာစာရ၊ ဘဒ္ဒန္တ (ဦးယော)**

သက်တော် (၈၆) နှစ်၊ သိက္ခာတော် (၆၆) ဝါ

အဂ္ဂမဟာပဏ္ဍိတ၊ ပခုက္ကူမြို့ မဟာဝိဇယာရာမ ပါဠိတက္ကသိုလ် အရှေ့တိုက် စိတ္တသုခကျောင်း ဆရာတော်။

(၁၃၆၅ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက်နေ့၌ ပျံလွန်တော်မူသည်။)

**ဣန္ဒြိယ၊ ဘဒ္ဒန္တ**

သက်တော် (၁၀၃) နှစ်၊ သိက္ခာတော် (၈၃) ဝါ

ဗဟန်းမြို့နယ် ဘင်္ဂလားအနောက်တိုက်နိဗ္ဗာန်ကျောင်း သက်တော်ရှည်ဆရာတော်ကြီး၊

(၁၃၆၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက်နေ့၌ ပျံလွန်တော်မူသည်။)

## လူပုဂ္ဂိုလ်များ

**ကိုလေး၊ ဦး (စာရေးဆရာကြီး ဇေယျာမောင်)**

အသက် (၉၁) နှစ်

မဟာသဒ္ဓမ္မဇောတိကဓဇ၊ ဝဏ္ဏကျော်ထင်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ဗုဒ္ဓဒေသနာပြန့်ပွားရေးဌာန တွဲဖက်ဌာနမှူး၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပဋိပတ္တိမဟာဌာန တွဲဖက်ပါမောက္ခ၊ ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့ အဖွဲ့ဝင်၊ မန္တလေးတက္ကသိုလ် အငြိမ်းစားဒုတိယအဓိပတိ၊ စာပေဗိမာန် ဘာသာပြန်စာပေဆုသုံးဆု၊ ပခုက္ကူဦးအုံးဖေတစ်သက်တာစာပေဆုနှင့် ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ပထမဆင့်) ဆွတ်ခူးရရှိသူ၊ ဘီအက်စ်စီ (ဓာတုဗေဒဂုဏ်ထူး)၊ M.Sc (London) A.I.C, D.I.C

(၁၅-၆-၂၀၀၃ ရက်နေ့၌ ကွယ်လွန်သည်။)

**ခင်စု၊ ဒေါ် (စာရေးဆရာမကြီး ခင်နှင်းယု)**

အသက် (၇၈) နှစ်

ဘီအေ (၁၉၆၁)၊ ၁၉၆၁ ခုနှစ်တွင် ကြေးမုံရိပ်သွင် ဝတ္ထုတိုပေါင်းချုပ်ဖြင့် စာပေဗိမာန်တစ်ထောင်ဆုနှင့် ၁၉၉၅ ခုနှစ်တွင် မြကြာဖြူဝတ္ထုရှည်ဖြင့် အမျိုးသားစာပေဆု (ဝတ္ထုရှည်) ဆွတ်ခူးရရှိသူ၊ လုံးချင်းဝတ္ထု ၄၀ အုပ်ကျော်၊ မဂ္ဂဇင်းဝတ္ထုရှည် ၂၀ ကျော်နှင့် ဝတ္ထုတို ၁၀၀ ရေးသားခဲ့သူ စာရေးဆရာမကြီး

(၂၁-၁-၂၀၀၃ ရက်နေ့၌ ကွယ်လွန်သည်။)

**ခင်ဘုန်းတင့်၊ ဒေါ် (စာရေးဆရာမကြီး ယုဝတီဂျင်းဖော့မယ်)**

အသက် (၇၇) နှစ်

၁၉၆၃ ခုနှစ်တွင် ရင်မှာပွင့်သော ပန်းကလေးများ ဝတ္ထုတိုပေါင်းချုပ်ဖြင့် အမျိုးသားစာပေဆု (ဝတ္ထုတို

ပေါင်းချုပ်) ပထမဆုနှင့် ၁၉၇၀ ပြည့်နှစ်တွင် မြောက်စွန်းဒေသမှ မြန်မာပြည်သားများစာမူဖြင့် စာပေဗိမာန်စာမူဆု (စာပဒေသာ) တတိယဆုရရှိသူ စာရေးဆရာမကြီး
(၇-၆-၂၀၀၃ ရက်နေ့၌ ကွယ်လွန်သည်။)

ခင်မောင်လှ၊ ဗိုလ်မှူး (ငြိမ်း) (အဆိုတော်ရဲဘော် ခင်မောင်လှ)
အသက် (၇၅) နှစ်
မြန်မာနိုင်ငံဂီတအစည်းအရုံးအလုပ်အမှုဆောင် အဖွဲ့ဝင်၊ မြန်မာ့အသံခေတ်ပေါ်တေးဂီတခေတ်ပြား စိစစ်ရေးအဖွဲ့ဝင်၊ တပ်မတော် (ရေ) စစ်တီးဝိုင်း တပ်မှူးဟောင်း၊ နိုင်ငံတော်စစ်တီးဝိုင်းအကြံပေး
(၂-၁-၂၀၀၃ ရက်နေ့၌ ကွယ်လွန်သည်။)

စံဝင်း၊ ဒုတိယဗိုလ်မှူးကြီး (ငြိမ်း)
အသက် (၈၀)
နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)၊ လွတ်လပ်ရေး မော်ကွန်းဝင် (ပထမဆင့်)၊ ဂျပန်ခေတ် တတိယပတ် ဗိုလ်သင်တန်းကျောင်းဆင်း၊ ကုန်သွယ်ရေး ဝန်ကြီးဌာန အငြိမ်းစားဝန်ကြီး B.A (Eco)
(၂၂-၁၀-၂၀၀၃ ရက်နေ့၌ ကွယ်လွန်သည်။)

စန်းမောင်၊ ဦး
အသက် (၈၅) နှစ်
နိုင်ငံတော်ကောင်စီဝင် (ငြိမ်း)၊ ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌ (ငြိမ်း)၊ ငွေစာရင်းဝန် (ကာကွယ်ရေး) (ငြိမ်း)
(၂၂-၁-၂၀၀၃ ရက်နေ့၌ ကွယ်လွန်သည်။)

စန်းမောင်၊ ဦး
အသက် (၉၅) နှစ်
ချေတာစုဆောင်းရေးနှင့် အာမခံစာချုပ်များဆိုင်ရာ မင်းကြီး (ငြိမ်း)၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ
(၃-၁၂-၂၀၀၃ ရက်နေ့၌ ကွယ်လွန်သည်။)

စိန်မောင်မြင့်၊ ဦး
အသက် (၆၈) နှစ်
တေးသံရှင်၊ ဂီတစာဆို စိန်မောင်မြင့်
(၆-၁-၂၀၀၃ ရက်နေ့၌ ကွယ်လွန်သည်။)

ဉာဏ်ရှိန်၊ ဦး (ပန်းချီ)
အသက် (၇၉) နှစ်
အခြေခံပညာဦးစီးဌာန အငြိမ်းစားလက်ထောက် ကြီးကြပ်ရေးမှူး (ပန်းချီ)၊ အနုပညာဦးစီးဌာန အငြိမ်းစားအကြံပေးပုဂ္ဂိုလ်၊ ယဉ်ကျေးမှုတက္ကသိုလ် ပညာရေးအဖွဲ့ဝင်၊မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံး နာယက၊ ပခုက္ကူဦးအုံးဖေစာပေဆုရ စာရေးဆရာ ညိုဝင်းရှင်
(၇-၁၀-၂၀၀၃ ရက်နေ့၌ ကွယ်လွန်သည်။)

တင်အောင်၊ ဦး
အသက် (၈၈) နှစ်
စာပေဗိမာန်အဖွဲ့ အငြိမ်းစားစာတည်းမှူးချုပ်
(၁၃-၇-၂၀၀၃ ရက်နေ့၌ ကွယ်လွန်သည်။)

နိုင်ရွှေကျင်
အသက် (၉၁) နှစ်
မွန်ပြည်သစ်ပါတီဥက္ကဋ္ဌ
(၇-၃-၂၀၀၃ ရက်နေ့၌ ကွယ်လွန်သည်။)

ပြေဟန်၊ ဦး
အသက် (၉၈) နှစ်
မြန်မာ့ဆိုင်းပညာရှင်ကြီး (ဂီတစာဆို)၊ ယဉ်ကျေးမှု ဝန်ကြီးဌာနအကြံပေးအရာရှိ၊ မြန်မာနိုင်ငံသဘင် အစည်းအရုံး (ဗဟို) နာယက
(၂၅-၁၀-၂၀၀၃ ရက်နေ့၌ ကွယ်လွန်သည်။)

**ဗိုလ်မြင့်**

အသက် (၇၇) နှစ်

စာရေးဆရာ၊ ရုပ်ရှင်ဒါရိုက်တာ၊ တပ်မတော် ဗိုလ်သင်တန်းအပတ်စဉ် (၅)

(၆-၁၂-၂၀၀၃ ရက်နေ့၌ ကွယ်လွန်သည်။)

**လှအောင်၊ ဗိုလ်မှူးကြီး (ငြိမ်း)**

အသက် (၉၀)

စည်သူ၊ နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)၊ လွတ်လပ်ရေး မော်ကွန်းဝင် (ဒုတိယဆင့်)၊ မြေတိုင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ရန်ကုန်တိရစ္ဆာန်ဥယျာဉ် ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ (၁၉၆၂-၁၉၇၈)၊ မြန်မာ နိုင်ငံခြေလျင်နှင့် တောင်တက်အသင်းဥက္ကဋ္ဌ (၁၉၆၁-၁၉၈၅)၊ စာပေဗိမာန် သုတပဒေသာ (အသုံးချသိပ္ပံ) စာပေဆုသုံးဆုရရှိသူ

(၁၀-၄-၂၀၀၃ ရက်နေ့၌ ကွယ်လွန်သည်။)

**သာထွန်း၊ ဦး**

အသက် (၇၈) နှစ်

ဝဏ္ဏကျော်ထင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ရှေ့နေချုပ်

(၉-၅-၂၀၀၃ ရက်နေ့၌ ကွယ်လွန်သည်။)

**သောင်းတင်၊ ဦး**

အသက် (၇၆) နှစ်

စာရေးဆရာ ကြပ်ကလေး (ကလောင်ခွဲ သက်လုံ)၊ ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)

(၃-၃-၂၀၀၃ ရက်နေ့၌ ကွယ်လွန်သည်။)

**သန်းချစ်၊ ဒေါ်**

အသက် (၆၃) နှစ်

...ားသံရှင် ချစ်စပယ်၊ လူပြက်ကလေးမောင်ရွှေရိုး၊ ...ငြိမ့်သမနဲ့ ကောလိပ်ဂျင်၊ မြိုင်၊ မပြေးလေနဲ့တော့ တိမ်ကလေး၊ ကျွန်မစာရေးမ၊ မောင်အရင်လို မဟုတ်တော့ဘူး၊ ရွှေမင်းသမီး၊ ချစ်စပယ်မေတ္တာရည် စသည့် သီချင်းများဖြင့် ထင်ရှားကျော်ကြားသူ

(၇-၂-၂၀၀၃ ရက်နေ့၌ ကွယ်လွန်သည်။)

**သန်းထွတ်၊ ဦး**

အသက် (၈၃) နှစ်

စာရေးဆရာကြီးတိုက်စိုး၊ မြန်မာသမိုင်းအဖွဲ့အဖွဲ့ဝင်၊ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ ၁၉၉၆ ခုနှစ်တွင် မဂ်လာပါဆရာမစာအုပ် ဖြင့် အမျိုးသား စာပေဆု (ဘာသာပြန်ရသ)၊ ၂၀၀၀ ပြည့်နှစ်တွင် ပခုက္ကူဦးအုံးဖေတစ်သက်တာ စာပေဆု၊ ၂၀၀၁ ခုနှစ်တွင် ဇေယျ စာအုပ်ဖြင့် အမျိုးသား စာပေဆု (စာပဒေသာ)၊ ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ပထမဆင့်) ဆွတ်ခူးရရှိသူ၊ ဘီအေ (၁၉၄၆)၊ ဘီအယ်လ် (၁၉၅၆)၊ အေအယ်လ်အေ (လန်ဒန် ၁၉၅၁)

(၄-၅-၂၀၀၃ ရက်နေ့၌ ကွယ်လွန်သည်။)

**အုန်းဖေ၊ ဦး (စာရေးဆရာကြီးတက်တိုး)**

အသက် (၉၁) နှစ်

စာရေးဆရာ၊ သတင်းစာဆရာကြီး၊ သတင်းနှင့် စာနယ်ဇင်းကော်ပိုရေးရှင်းဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း)၊ ၁၉၅၀ ပြည့်နှစ်တွင် မင်းမှုထမ်းဝတ္ထုဖြင့် စာပေဗိမာန်ဝတ္ထုရှည်ဆုနှင့် ၁၉၉၈ ခုနှစ်တွင် ပခုက္ကူဦးအုံးဖေတစ်သက်တာစာပေဆုရရှိသူ

(၇-၁၂-၂၀၀၃ ရက်နေ့၌ ကွယ်လွန်သည်။)

စိုးအောင်

## ကွယ်လွန်သူထင်ရှားသောပုဂ္ဂိုလ်များ (နိုင်ငံ တကာ)

နိုင်ငံတကာ၌ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ အားကစား၊ သိပ္ပံ၊ လူမှုရေး၊ ပညာရေး၊ နိုင်ငံရေး စသည့်နယ်သီးသီးတွင် ထူးချွန်ထင်ရှား ခဲ့ပြီး ၂၀၀၇ ခုနှစ်အတွင်း ကွယ်လွန်ခဲ့ကြသော ပုဂ္ဂိုလ် များစာရင်းကို လက်လှမ်းမီသရွေ့ရှာဖွေစုစည်း ဖော်ပြပါသည်။ အက္ခရာစဉ်လိုက်ဖော်ပြထားပါသည်။

**ကလိုင်းနား၊ ယူဂျင်း (၈၀ နှစ်)**

အင်ဂျင်နီယာနှင့် ဆီလီကွန်ဗယ်လီ၏ ရှေ့ဆောင်ပုဂ္ဂိုလ်ဖြစ်သည်။ သူ၏ ရင်းနှီးမြှုပ်နှံမှု ဖက်စပ်ကုမ္ပဏီက ဆန်းမိုက်ကရိုစစ္စတမ်၊ ကွန်ပက်နှင့် အမဇန်ကွန်ပျူတာတို့ကို ထူထောင်ရန် ကူညီခဲ့သည်။ ၁၉၃၈ ခုနှစ်က သူ၏ဇာတိနိုင်ငံ ဩစတြီးယားမှ ထွက်ပြေးလာခဲ့ပြီး ၁၉၅၇ ခုနှစ်တွင် ဖဲယားချိုင်းတစ်ပိုင်းလျှပ်ကူးကို ပူးတွဲထုတ်လုပ်နိုင်ခဲ့ရာ ထိုတစ်ပိုင်းလျှပ်ကူးသည် ဆီလီကွန်ထရစ္စတာအမြောက်အမြား ထုတ်လုပ်ရေး နည်းစနစ်ကို ဖွံ့ဖြိုးစေခဲ့သည်။

**ကာဇန်၊ အယ်လီယာ (၉၄ နှစ်)**

'ရမက်ရထား' နှင့် 'အရောင်းသမားတစ်ဦး၏ နိဂုံး' ကဲ့သို့သော စင်တင်ဇာတ်များကိုလည်းကောင်း၊ 'ကမ်းနားမှာ' နှင့် 'အေဒင်၏ အရှေ့' စသည့် ရုပ်ရှင်ထူးချွန်ဆု ၁၂ ဆုကို ဆွတ်ခူးခဲ့ရာ 'လူကြီးလူကောင်း၏ သဘောတူညီချက်' နှင့် 'ကမ်းနားမှာ' ဇာတ်ကားတို့အတွက် အကောင်းဆုံးဒါရိုက်တာဆုများလည်း အပါအဝင်ဖြစ်သည်။ ၁၉၄၇ ခုနှစ်တွင်သရုပ်ဆောင်များစတူဒီယိုကို တွဲဖက်ထူထောင်ခဲ့ရာ ထင်ရှားသော ပြဇာတ်နှင့် ရုပ်ရှင်သရုပ်ဆောင်မျိုးဆက်များစွာကို မွေးထုတ်ပေးနိုင်ခဲ့သည်။ သူက မာလွန်ဘရန်ဒို၊ ဂျိမ်းစ်ဒင်းနှင့် ဝါရင်ဘီးတီးတို့ကို ခေါင်းဆောင်မင်းသားများအဖြစ် စင်တော်ကောက်ပေးခဲ့သည်။ ကာဇန်သည် ၁၉၅၂ ခုနှစ်တွင် အမေရိကန်မပီသသော လှုပ်ရှားမှုများဆိုင်ရာ လွှတ်တော်ကော်မီတီနှင့် ပူးပေါင်းဆောင်ရွက်လျက် ၁၉၃၀ ပြည့်လွန်နှစ်များအတွင်းကကွန်မြူနစ်ဖြစ်ခဲ့ဖူးသော မိမိအပါအဝင် လုပ်ဖော်ကိုင်ဖက်ရှစ်ဦး၏ အမည်ကိုထုတ်ဖော်ခဲ့ခြင်းကြောင့် ရုပ်ရှင်လောကအတွင်း ငြိုးသူရန်ဘက်များ ရှိခဲ့ရသည်။ နောင်တွင် ကာဇန်သည် ရောင်းကောင်းဆုံးဝတ္ထုများကို ဆက်လက်ရေးသားနေခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် ဘဝတစ်သက်တာရုပ်ရှင်ထူးချွန်ဆုကိုချီးမြှင့်ခံခဲ့ရသည်။ နယူးယောက်မြို့တော်၌ ကွယ်လွန်သည်။



**အကယ်ဒမီဆုဆွတ်ခူးခဲ့သည့် ရုပ်ရှင်သရုပ်ဆောင် အဲ့ထ်ကာနေး**

**ကာနေး၊ အဲ့ထ် (၈၅ နှစ်)**

၁၉၅၀ ပြည့်နှစ်လွန်နှစ်များအတွင်းက "ပျားရည်ဆမ်းခရီးပျော်များ" အမည်ရှိရုပ်မြင်သံကြားဇာတ်လမ်းတွင် ထင်ရှားခဲ့ပြီးအကယ်ဒမီရုပ်ရှင်ထူးချွန်ဆုဆွတ်ခူးခဲ့သူဖြစ်သည်။ ဟိုးရေးစ်တိုက်တီးဝိုင်းတွင် ဖြေဖျော်တင်ဆက်ရာမှ ၁၉၄၁ ခုနှစ်တွင် ရေဒီယိုအသံလွှင့်စဉ်အမူးလွန်ကာ အမှားမှားအယွင်းယွင်းဖြစ်ကာ အလုပ်ထွက်ခဲ့ရသည်။ နောင်တွင်အရက်

ဖြတ်ခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် "ဟယ်ရီနှင့်တန်တို" ဇာတ်ကား၌မုဆိုးဖိုတစ်ဦးအဖြစ်ပီပြင်စွာ သရုပ်ဆောင်ခဲ့ခြင်းအတွက် အော်စကာရုပ်ရှင်ထူးချွန်ဆုဆွတ်ခူးခဲ့ရာ အောင်ပွဲခံရှန်ပိန်အရက်ကို သောက်ရန်ငြင်းဆန်ခဲ့ပြီး အရက်သေစာရှောင်ကြဉ်မှုဖြင့် သူ၏အောင်မြင်မှုကို ကယ်တင်ထားလိုသည်ဟု ပြောကြားခဲ့သည်။ ကောနဲတီးကပ်ပြည်နယ် ချက်စတာမြို့၌ကွယ်လွန်ခဲ့သည်။

**ဂယ်လတီယာရီ၊ လီယိုပိုလဒို (၇၆ နှစ်)**

၁၉၈၂ ခုနှစ်က ဖောက်ကလန်ကျွန်းစုကို ကျူးကျော်သိမ်းပိုက်ရန် အမိန့်ပေးခဲ့သော အာဂျင်တီးနားစစ်အာဏာရှင်ဟောင်းဖြစ်သည်။ လက်ဝဲဂိုဏ်းလှုပ်ရှားသူများကို "ညစ်ပတ်သောစစ်" ဆင်နွှဲခဲ့ရာတွင် ပါဝင်ပတ်သက်သူလည်းဖြစ်သည်။ ဖောက်ကလန်ကျွန်းစစ်ပွဲတွင် "စွမ်းဆောင်ရည်ကင်းမဲ့မှု" ဖြင့် ၁၉၈၆ ခုနှစ်တွင်အကျဉ်းကျခံခဲ့ရသည်။ သူကွယ်လွန်ခါနီးတွင် အကျယ်ချုပ်ချထားခံရသည်။ သူကို ဆန့်ကျင်သူ ၁၅,၀၀၀ ခန့်ကိုသုတ်သင်ခဲ့သည်ဟူ၍ စွပ်စွဲခံခဲ့ရသောအခါ သူက "ဝမ်းနည်းစရာမလို" ဟု ပြောကြားခဲ့ဖူးသည်။ ဗျူနိုအေးရီးမြို့တော်၌ကွယ်လွန်ခဲ့သည်။

**ဆာအစ်၊ အက်ဒွပ် (၆၇ နှစ်)**


ကိုလံဘီယာတက္ကသိုလ်ပါမောက္ခ၊ စာပေဝေဖန်ရေးသမားနှင့်ပါလက်စတိုင်း လွတ်လပ်ရေးအတွက် ရပ်တည်အရေးဆိုပေးသူအဖြစ် ထင်ရှားသည်။ ဗြိတိသျှသိမ်းပိုက်ထားသော ဂျရူးဆလမ်တွင် ခရစ်ယာန်မိသားစုမှမွေးဖွားသည်။အစ္စရေးနှင့် အမေရိကန်၏ အရှေ့အလယ်ပိုင်းမူဝါဒကိုအပြင်းအထန်တိုက်ခိုက်ဝေဖန်သူဖြစ်သည်။ ဂျရူးဆလမ်မြို့တွင်မွေး ဖွားသောစာရေးဆရာနှင့်ပညာရှင်တစ်ဦးဖြစ်၍ "လက်လွှတ်ဆုံးရှုံးရသော" ပါလက်စတိုင်းတို့အတွက် နှစ်နိုင်ငံပေါင်းတစ်နိုင်ငံထူထောင်ရေးကိုထောက်ခံခဲ့သည်။ သူသည်ယေဘုယျအားဖြင့် အကြမ်းဖက်ဝါဒကိုငြင်းပယ်သော်လည်း ပါလက်စတိုင်းတို့၏ အကြမ်းဖက်လုပ်ရပ်တို့ကိုပြစ်တင်ရှုတ်ချရန်ငြင်းဆန်ခဲ့သည်။ သို့သော်အရှေ့တိုင်းဝါဒဟူသော စာအုပ်ကို ရေးသားပြုစုရာတွင် အက်ဒွပ်ဆာအစ်က အနောက်တိုင်းစာရေးဆရာတို့သည် အာရပ်များနှင့်အာရှတိုက်သားတို့ကိုမဲပြာပုဆိုးနည်းလမ်းဖြင့် ချိုးနှိမ်ရေးသားကြသည်ဟုချေပခဲ့သည်။ ၁၉၉၀ ပြည့်လွန်နှစ်များတွင်ယာဆာအာရာဖတ်ကိုဝေဖန်ခဲ့ရာပါလက်စတိုင်းပြည်သူများကိုရောင်းစားနေသည်ဟုရှုတ်ချခဲ့သည်။



**ဝေါလတာဆီဆူလူး**

**ဆီဆူလူး၊ ဝေါလတာ (၉၀ နှစ်)**

အာဖရိကအမျိုးသားကွန်ဂရက် (အေအင်န်စီ)၏ နိုင်ငံရေးလှုပ်ရှားတက်ကြွသူနှင့် အဓိကမဟာဗျူဟာချမှတ်သူတစ်ဦးဖြစ်ခဲ့၍ နယ်လဆင်မန်ဒဲလားနှင့်အတူ နှစ်ရှည်လများအကျဉ်းကျခံခဲ့ရသူဖြစ်သည်။ လူမည်း အလုပ်သမတစ်ဦးနှင့် လူဖြူရထားပို့ဆောင်ရေးလုပ်သားတစ်ဦးတို့၏သားဖြစ်သည်။ အေအင်န်စီ၏ လက်နက်ကိုင်တပ်ဖွဲ့ကို ထူထောင်ခဲ့သူတစ်ဦးဖြစ်သည်။ ၁၉၆၃ ခုနှစ်တွင်အသားအရောင်ခွဲခြားမှုဆန့်ကျင်ရေးလှုပ်ရှားရန်ကြံစည်ခဲ့ခြင်းအတွက် တရားစွဲဆိုခံရသည်။ ထိုစွဲချက်ဖြင့်ဆီဆူလူးနှင့်မန်ဒဲလားတို့တစ်သက်တစ်ကျွန်းပြစ်ဒဏ်ချမှတ်ခံရသည်။ နာမည်ဆိုးဖြင့်ထင်ရှားသော ရော့ဘင်ကျွန်းပေါ်တွင် ၂၅ နှစ်ကြာအကျဉ်းကျခံရသည်။ ၁၉၈၉ ခုနှစ်တွင် လွတ်မြောက်လာပြီး အသားအရောင်ခွဲခြားမှုတော်လှန်ရေး၏နောက်ဆုံးအဆင့်များတွင် တာဝန်ထမ်းဆောင်ပြီး ၁၉၉၄ ခုနှစ်တွင်အနားယူခဲ့သည်။



**အင်နာလီနာ တိုနယ်လီ**

### တိုနယ်လီ၊ အင်နာလီနာ (၆၀ နှစ်)

နာမကျန်းဖြစ်နေသော ဆိုဗာလီယာလူမျိုးများကို ဆယ်စုနှစ် သုံးစုကျော်မျှ ကူညီပြုစုခဲ့သော အီတလီ အမျိုးသမီးဖြစ်သည်။ တိုနယ်လီအား ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး၏ အမြင့်ဆုံး ဆုကို ၂၀၀၃ ခုနှစ်ဧပြီလက ချီးမြှင့်ခဲ့သည်။ ဒုက္ခ သည်များအကြား အဆုပ်ရောဂါ၊ ခုခံအားလျော့ နည်းကျဆင်းရောဂါ၊ အာဟာရချို့တဲ့မှုနှင့် အမျိုး သမီး လိင်အင်္ဂါဖျက်ဆီးမှုတို့ကို လျော့နည်းပပျောက် စေရန် ကြိုးပမ်းအားထုတ်ခဲ့ခြင်းအတွက်ထိုဆုကို ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ သူမခြိုးခြံစွာနေထိုင်၍ သူ၏ လူနာများစားသည့်အတိုင်း စားသုံးသည်။ ဆိုမာ လီယားနိုင်ငံ ဘိုရာမာမြို့ရှိ သူမထူထောင်ခဲ့သော ခုတင် ၂၀၀ ဆံ့ဆေးရုံ၏ မြေကွက်လပ်တွင် ပစ်သတ် လုပ်ကြံခံခဲ့ရသည်။

### ပလင်ပတန်၊ ဂျော့ (၇၆ နှစ်)

ပါရီရီဗျူးကို ထူထောင်ခဲ့သော စာတည်းတစ်ဦး ဖြစ်သည့် ဂျော့ပလင်ပတန်သည် စာရေးဆရာဖြစ်ရုံ သာမကတစ်ခါတစ်ရံ ရုပ်ရှင်သရုပ်ဆောင်လည်းဖြစ် သည်။ စာအုပ်ပေါင်း ၃၀ နီးပါးကို ရေးသား၊ တည်းဖြတ်ခဲ့သော်လည်း နှစ်ဆယ်ရာစု၏ ပိုမို စိတ်ဝင်စားဖွယ်ကောင်းသော ဘဝများစွာထဲက တစ် ဘဝ၌ ရသမျှအချိန်တွင် ကျင်လည်ခဲ့သေးသည်။ စာနယ်ဇင်းသမားဖြစ်နေစဉ်မှာပင် ဒက်ထရွိုက် လိုင်းယင်း အသင်းတွင် အမေရိကန်ဘောလုံးသမား ကစားနည်းကို ပါဝင်ယှဉ်ပြိုင်ကစားခဲ့သည်။ ထို အတွေ့အကြုံကို ပေပါလိုင်းယင်းစာအုပ်တွင်ရေးသား ခဲ့သည်။ သဆင်မဆင်စ် ဇာတ်လမ်းတွင် ထရူးမင်း ကာပိုတီ၏ ဘလက်ကင်ဝိုက်ကပွဲ၌ ဝင်ရောက်ကခုန် လျက် ဧည့်သည်သရုပ်ဆောင်အဖြစ်ပါဝင်ခဲ့ဖူးသည်။ ရောဘတ်ကနေဒီ လုပ်ကြံခံရပုံကို ကိုယ်တွေ့ကြုံခဲ့ရ သူလည်းဖြစ်သည်။ နယူးယောက် မြို့တော်၌ ကွယ်လွန်ခဲ့သည်။

### ပါ့ကား၊ ဆူဇီ (၇၀ နှစ်)

၁၉၅၀ ပြည့်လွန်နှစ်များက မမေ့နိုင်စရာ ရုပ်ပါရုံကို ပိုင်ဆိုင်သူတစ်ဦးအဖြစ် ထင်ရှားခဲ့သော နီညိုရောင်ကေသာဖြင့် စွဲမက်ဖွယ်ရာကိုယ်ဟန်ပြ မယ်ဖြစ်သည်။ ခေတ်သစ်စူပါမော်ဒယ်တို့၏ ရှေ့ဆောင်ဟုဆိုနိုင်ပြီး ၁၉၅၀ ပြည့်လွန်နှစ်များ အတွင်း ဝင်ငွေအကောင်းဆုံးသော ကိုယ်ဟန်ပြမယ် ဖြစ်ခဲ့သည်။ နှစ်စဉ်ဒေါ်လာတစ်သိန်းနီးပါးရရှိသည်။ "သိရခက်သော မျက်နှာ" ဇာတ်ကားအပါအဝင် ဟောလီဝုဒ်ရုပ်ရှင်ကားအများအပြားတွင်သရုပ်ဆောင် ခဲ့သည်။ အမေရိကန်ပြည်ထောင်စု၊ ကယ်လီဖိုးနီး ယားပြည်နယ် မွန်တီဆီတိုမြို့၌ ကွယ်လွန်သည်။

### ပက်၊ ဂရေဂရီ (၈၇ နှစ်)

စတုရန်းပုံမေးစေ့ရှိသော ရုပ်သွင်ဖြင့် ထင်ရှားခဲ့ သည်။ အမေရိကန်ရုပ်ရှင်သရုပ်ဆောင်ဖြစ်သည်။ "တူကီးလ်အမော့ကင်ဘာ့ဒ်" ဇာတ်ကားတွင် မုဒိန်းမှု ဖြင့် တရားခွင်တင်ခံရသော လူမည်းတစ်ဦးဘက်က ရက်တည်လျှောက်လဲပေးရသည့် တောင်ပိုင်းသား လူဖြူရှေ့နေအဖြစ် သရုပ်ဆောင်ခဲ့ရာ အော်စကာ ရုပ်ရှင်ထူးချွန်ဆုကို ဆွတ်ခူးခဲ့သည်။



ရော့ခ်တေးဂီ၏ ဖခင်ဖြစ်သူ ဆမ်ဖိလစ်

**ဖိလစ်၊ ဆမ် (၈၀ နှစ်)**

ရော့ခ်တေးဂီတ၏ ခေါင်းကိုင်အဖြစ်၍အဲလဗစ်၊ ဂျွန်နီကက်ရှ်၊ ဂျယ်ရီလီလူးဝစ်နှင့် ရွိုင်အော်ဘစ်ဆန်တို့၏ ဂီတခရီးအသီးသီးကို စတင်ဖွင့်လှစ်ပေးသူအဖြစ် ထင်ရှားသည်။ အမေရိကန်နိုင်ငံတောင်ပိုင်းတွင် အသားအရောင်လူမျိုးရေးခွဲခြားဆက်ဆံမှုနက်ရှိုင်းနေသော ကာလတွင် ကျင်လည်ရင်း လူဖြူလူမည်းမခွဲခြားဘဲ ဓာတ်ပြားသွင်းပေးခဲ့ရာ မင်းဖစ်မြို့ရှိသူ၏ တေးသံသွင်း စတူဒီယိုသည် ထင်ရှားလာသည်။ ၁၉၅၁ ခုနှစ်တွင် ရော့ခ် ၈၈ ကို ထုတ်ဝေခဲ့ရာ ပထမဆုံးသော တစ်ကိုယ်တော် ရော့ခ်သီချင်းဖြစ်သည်ဟု ဆိုစမှတ်ပြုကြသည်။ အိုက်တန်းနားနှင့် သူ၏ ကင်းစ်အော့ဖ်ရစ်သမ်တို့က တင်ဆက်ခဲ့သော သီချင်းဓာတ်ပြားပင်ဖြစ်သည်။ 'သက်ထိစ်အောရိုက်' အပါအဝင်အဲလဗစ်၏ ဗွေဆော်ဦးတစ်ကိုယ်တော် သီချင်းဓာတ်ပြားငါးချပ်ကို ဆန်းတေးသံသွင်းက ထုတ်ဝေပေးခဲ့သည်။ ၁၉၅၅ ခုနှစ်တွင် ထိုသီချင်းများ ထုတ်ဝေခွင့်စာချုပ်ကို ဒေါ်လာ ၃၅,၀၀၀ ဖြင့် ရောင်းချခဲ့သည်။ ဆမ်ဖိလစ်သည် မင်းဖစ်မြို့၌ ကွယ်လွန်ခဲ့သည်။

**မိုး၊ မာ့ဇ်ဗီယန် (၂၈ နှစ်)**

ကမ္ဘရွန်းနိုင်ငံဘွား နိုင်ငံတကာဘောလုံးသမားဖြစ်သည်။ ၂၀၀၂ ခုနှစ်က အာဖရိက ဖလားကို ဆွတ်ခူးခဲ့သော ကမ္ဘရွန်းနိုင်ငံ၏ ဘောလုံးသမားလည်းဖြစ်သည်။ ပြင်သစ်ကလပ်လင်းနှင့် လိုက်ယွန်တို့တွင် ကြေးစားဘောလုံးသမားအဖြစ် အလယ်တန်းကကစားခဲ့ရာထိုနှစ်သင်းစလုံးသည် ပြင်သစ်လိဂ်ဘောလုံးပွဲတွင် အောင်ပွဲခံခဲ့သည်။ကွန်ဖက်ဒရေးရှင်းဖလားအတွက် ကိုလုံးဘီးယားနိုင်ငံအသင်းနှင့် ဗိုလ်လုပွဲအကြိုပြိုင်ပွဲတွင် ပါဝင်ကစားနေစဉ် နှလုံးသွေးရပ်ကာ ရုတ်တရက်ကွယ်လွန်ခဲ့သည်။

**ဂစ်ဆင်၊ ဒွန် (၇၅ နှစ်)**

ဒုတိယတန်းဖြင့် ကျောင်းထွက်ခဲ့ရပြီး အထီးကျန်လွမ်းဆွေးမှုနှင့် အသည်းကွဲဝေဒနာတို့အကြောင်း ဂန္ထဝင်မြောက်ဖွဲ့ဆိုသော ကျေးလက်ဇာတ်လမ်းတေးသီချင်းများကို ရေးသားခဲ့သူဖြစ်သည်။ တယောနှင့် သံမဏိမျှင်ခလုတ်ထိန်းဂီတရှေ့ဆောင်ခဲ့သူဖြစ်သည်။ သူ ရေးသားသော ထင်ရှားဆုံးသီချင်းနှစ်ပုဒ်မှာ "အို- ကိုယ်တစ်ယောက်တည်းပါလားကွယ်" နှင့် ၁၉၆၂ ခုနှစ်တွင် လူကြိုက်အများဆုံးသီချင်းဖြစ်ခဲ့သော "မချစ်ဘဲမနေနိုင်" တို့ဖြစ်ကြသည်။ "မချစ်ဘဲမနေနိုင်" သီချင်းကြောင့် သူ၏ ရုပ်မြင်သံကြားစက်နှင့် ဖုန်စုပ်စက်တို့ကို ပြန်လည်ပိုင်ဆိုင်ခွင့်ရခဲ့သည်ဟုဆိုသည်။ တင်နက်ဆီပြည်နယ် နက်ရှဗီးမြို့၌ ကွယ်လွန်သည်။

**မိုဒီဂလီယာနီ၊ ဖရန်ကို (၈၅ နှစ်)**

အီတလီနိုင်ငံဖွား နိုဗဲဆုရှင်စီးပွားရေးပညာရှင်နှင့် မန်ဆက်ချူးဆက်နည်းပညာတက္ကသိုလ်၏ ပါမောက္ခဖြစ်သည်။ ဂျူးမျိုးနွယ်ဥပဒေကျောင်းသားဖြစ်၍ ၁၉၃၈ ခုနှစ်တွင် နာဇီအာဏာရှင်မူဆိုလီနီ ခေါင်းဆောင်သော အစိုးရ၏ အန္တရာယ်ကို ရှောင်တိမ်းထွက်ပြေးခဲ့ရသည်။ အများပြည်သူတို့ ငွေကြေးစုဆောင်းမှုဆိုင်ရာ သီအိုရီများကို ထုတ်ဖော်ခဲ့ရာတွင် ထင်ရှားဆုံးဖြစ်၍ ထိုသီအိုရီများသည် ဩဇာလွှမ်းမိုးနိုင်စွမ်းရှိသည်။ လူချမ်းသာများသာ ငွေကြေးစုဆောင်းနိုင်သည်ဟု ရှေးယခင်က ယူဆခဲ့ကြရာ ဖရန်ကို မိုဒီဂလီယာနီကမူ အများပြည်သူတို့သည် ဝင်ငွေအဆင့်အတန်းအားလုံး၌ စုဆောင်းနိုင်ပြီး

အိုမင်းမစွမ်းအရွယ်၌ ထိုငွေကို သုံးစွဲနိုင်ပုံကို အဆိုပြုတင်ပြခဲ့သည်။ မန်ဆက်ချူးဆက်ပြည်နယ် ကိန်းဘရစ်မြို့၌ ကွယ်လွန်သည်။

**မက်ကောမက်၊ မတ် (၇၂ နှစ်)**

နိုင်ငံတကာ စီမံခန့်ခွဲမှုအဖွဲ့ကို စတင်ထူထောင်သူဖြစ်၍ ကမ္ဘာပေါ်တွင် စွမ်းဆောင်ရည်အကောင်းဆုံး အားကစားဧဂျင့်လည်းဖြစ်သည်။ အားကစားဈေးကွက်ရှိသင့်သည်ဆိုသော အယူအဆကို စတင်တီထွင်ကြံဆခဲ့ပြီး သူ၏ ကလိုင်းယင့်အဖြစ်ကိုကမ္ဘာ့ထိပ်တန်းဂေါက်သမား ပါမာ၊ အွန်ဒရေအဂ္ဂါစီ၊ ပိဆမ်းပရပ်စ်နှင့် ဂျက်ကီစတူးဝပ်တို့၏ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်ပေးသည်။ အားကစားတွင် အင်အား အကောင်းဆုံးပုဂ္ဂိုလ်ဟု ခေါ်ဝေါ်ခံခဲ့ရပြီး စီမံခန့်ခွဲရေးဆိုင်ရာစာအုပ်အများအပြားရေးသားခဲ့ရာ “ဟားဗတ်စီးပွားရေးတက္ကသိုလ်က သင်မပေးလိုက်သောပညာ” ဟူသော ရောင်းကောင်းဆုံးစာအုပ်လည်းအပါအဝင်ဖြစ်သည်။

**ရိဖဲန်ရှတား၊ လဲနီ (၁၀၁ နှစ်)**

နျူးရင်းဘာ့ဂ်မြို့တွင် ၁၉၃၄ ခုနှစ်က နာဇီလူထုအစည်းအဝေးပွဲတစ်ရပ်ကို ရုပ်ရှင်ရိုက်ကူးရန် နာဇီခေါင်းဆောင် ဟစ်တလာက ငှားရမ်း၍ “စိတ်ဓာတ်၏ အောင်ပွဲ” ဇာတ်ကားကို စီစဉ်ညွှန်ကြားခဲ့သူဖြစ်သည်။ အကောင်းဆုံးသော ဝါဒဖြန့်ချိရေး ရုပ်ရှင်ကားတစ်ကားဖြစ်ခဲ့၍ သူမသည် အလားအလာကောင်းသော ဒါရိုက်တာဖြစ်ခဲ့သည်။ ဂျာမန်အာဏာရှင်နှင့် သူမ၏ အမည်ကို ဒွန်တွဲလျက်အပြောများလာသောအခါ သူမ၏ ရှေ့ရေးအလားအလာပျက်စီးသွားခဲ့သည်။ လေးနှစ်ကြာမျှ အကျဉ်းချထားခံရသည်။ သူမ အနုပညာရသမြောက်အောင် ဖန်တီးခဲ့သော ထိုဝါဒဆိုးကို သူမသိနားမလည်ခဲ့ပါဟု ဝန်ခံခဲ့သည်။

**ဝက်စလီ၊ မေရီ (၉၀ နှစ်)**

ထင်ရှားသော အင်္ဂလိပ်ဝတ္ထုများကို ရေးသားခဲ့သူဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကြိုခေတ်နှင့် စစ်



**အင်္ဂလိပ်စာရေးဆရာမမေရီဝက်စလီ**

အတွင်း ဗြိတိသျှလူ့လတ်တန်းစားကို သရုပ်ဖော်ရေးဖွဲ့သည်။ သူ၏ ဒုတိယမြောက်လုံးချင်းဝတ္ထုဖြစ်သော ‘သကမိုမိုင်လောန်’ ဖြင့် စီးပွားရေးအရအောင်မြင်မှုရရှိသော အချိန်တွင် အသက် ၇၂ နှစ်ရှိပြီဖြစ်သည်။ ထိုဝတ္ထုကို ရုပ်မြင်သံကြားဇာတ်လမ်းအဖြစ်တင်ဆက်ခဲ့သည်။ နောင်ဆယ်စုနှစ်ကာလအတွင်း လုံးချင်းဝတ္ထုဆယ်ပုဒ်၊ ကလေးစာပေစာအုပ်သုံးအုပ်နှင့် ဒေဗွန်က သူ့ဘဝမှတ်တမ်းတို့ကို ရေးသားပြုစုခဲ့သည်။ အင်္ဂလန်နိုင်ငံတော့နက်စ်မြို့၌ ကွယ်လွန်သည်။

**သာမွန်၊ စထရွမ် (၁၀၀ နှစ်)**

အမေရိကန်နိုင်ငံသမိုင်းတွင် အသက်ကြီးဆုံးနှင့် သက်တမ်းရှည်ကြာဆုံး အထက်လွှတ်တော်အမတ်ဖြစ်သည်။ နိုင်ငံရေးလောကတွင် ဆယ်စုနှစ်ခုနစ်စုကြာလှုပ်ရှားခဲ့ပြီး အထက်လွှတ်တော်တွင် သက်တမ်းရှစ်ဆက်အနိုင်ရခဲ့သည်။ ၁၉၄၈ ခုနှစ်က သမ္မတရွေးကောက်ပွဲတွင်မူ အရေးနိမ့်သည်။ ၁၉၅၇ ခုနှစ်က ဥပဒေကြမ်းတစ်ခုကို ဆန့်ကျင်ကန့်ကွက်ဆွေးနွေးရာ ၂၄ နာရီ ၁၈ မိနစ်ကြာခဲ့၍ အထက်လွှတ်တော်တွင် ရှည်ကြာဆုံးမိန့်ခွန်းအဖြစ် စံချိန်တင်ခဲ့သည်။

**ဟုတ်၊ ဘော့ (၁၀၀ နှစ်)**

ဒုတိယကမ္ဘာစစ်မှ ပါရှင်းပင်လယ်ကွေ့စစ်ပွဲကန္တာရဒိုင်းလွှားစစ်ဆင်ရေးကာလအထိအမေရိကန်

စစ်သားများကို ဟာဒယရှင်ဆေးတိုက်ကျွေးခဲ့သူ အဖြစ် ထင်ရှားသည်။ ညစ်ညမ်းသော ပြက်လုံး မပါဘဲနှစ်ပေါင်းရှစ်ဆယ်ကြာမျှ ပရိသတ်ကို တသော သောပွဲကျစေခဲ့သည်။ ရေဒီယိုက အသံလွှင့်နေရာမှ ဘင်ခရော့ဘီနှင့် တွဲဖက်လျက် ရုပ်ရှင်ကားများတွင် ပါဝင်ခဲ့ရာမှ ရုပ်ရှင်သရုပ်ဆောင်လည်းဖြစ်ခဲ့သည်။

**အာမင်၊ အီဒီ (၇၈ နှစ်)**

ယူဂန္ဒာနိုင်ငံတွင် လူဦးရေ ၁၂ သန်းအနက် သုံးသိန်းကို သုတ်သင်ခဲ့သော အာဏာရှင်ဖြစ်သည်။ တစ်ချိန်က ချမ်းသာကြွယ်ဝသောနိုင်ငံကို သူ၏ ကိုယ်ကျိုးအတွက် ငွေကြေးဘဏ္ဍာစုဆောင်းရာ အဖြစ် ပြောင်းလဲပစ်ခဲ့သည်။ သူ့ကို ဝေဖန်သော ဝန်ကြီးများ၊ သံတမန်များနှင့် ဘုရားကျောင်း ခေါင်းဆောင်များကို လူသိရှင်ကြားသုတ်သင်စီရင်ခဲ့ သည်။ ၁၉၇၉ ခုနှစ်တွင် ယူဂန္ဒာမှထွက်ပြေး၍ ဆအူးဒီအာရေဗျနိုင်ငံတွင် ဇာတ်မြုပ်ရင်းကွယ်လွန် ခဲ့သည်။

**အိုကွန်းနား၊ ဒေါ်နယ် (၇၈ နှစ်)**

လူရွှင်တော်နှင့် ရုပ်ရှင်ဇာတ်ပို့သရုပ်ဆောင်ဖြစ်၍ 'မိုးထဲမှာ တေးဆိုနေသည်' ဇာတ်ကားတွင် 'သူတို့ ရယ်ရွှင်စေ' အကသည် ဟောလီဝုဒ်ရုပ်ရှင် သမိုင်း၏ အကောင်းဆုံးတစ်ပင်တိုင်အကများ စာရင်းဝင်ခဲ့ သည်။ အိုင်းရစ်နွယ်ဘွား ဆပ်ကပ်လူသန်ကြီး တစ်ဦး၏ သားဖြစ်သည်။ ကယ်လီဖိုးနီးယားပြည်နယ် ကာလာဘာဆက်မြို့၌ ကွယ်လွန်သည်။

**အက်ဒလီ၊ ဂါးထရု (၉၈ နှစ်)**

အင်္ဂလိပ်ရေလက်ကြားကူးဖြတ်သော ပထမဆုံး အမျိုးသမီးအဖြစ် အမျိုးသားဂုဏ်ဆောင်ဖြစ်ခဲ့သော အမေရိကန်ရေကူးသမားဖြစ်သည်။ ၁၉၂၆ ခုနှစ် တွင် ထိုစဉ်က ကမ္ဘာ့စံချိန်အဖြစ် ၁၄ နာရီ ၃၁ မိနစ်ကိုတင်၍ စွမ်းဆောင်ခဲ့ခြင်းဖြစ်သည်။ နယူး ဂျာဆီပြည်နယ်ဝစ်ကော့မြို့၌ ကွယ်လွန်သည်။

**အဂ္ဂနဲလီ၊ ဂီယိုဗန်နီ (၈၁ နှစ်)**



**ဖိယက်ကားကုမ္ပဏီ အကြီးအကဲ ဂီယိုဗန်နီအဂ္ဂနဲလီ**

ဖိယက်ကားကုမ္ပဏီ၏ အကြီးအကဲဖြစ်သည်။ အဘိုးဖြစ်သူ၏ ကားကုမ္ပဏီကို အောင်မြင်ကြီးပွား အောင်စွမ်းဆောင်ခဲ့ရာ စစ်ပြီးခေတ် အီတလီနိုင်ငံ ၏ အောင်မြင်မှု သင်္ကေတဖြစ်ခဲ့သည်။ အမေရိကန် နိုင်ငံမှ ထင်ရှားသော ကနေဒီဆွေမျိုးစုနှင့် ဥရောပ ၏ မင်းမျိုးမင်းနွယ်များအပါအဝင် နိုင်ငံအသီးသီး ၏ ခေါင်းဆောင်ပိုင်းနှင့် ရင်းနှီးသည်။ ဖိယက် ကုမ္ပဏီကို နိုင်ငံ၏ အကြီးမားဆုံးကုမ္ပဏီအဖြစ် ထူထောင်၍ဓာတုဗေဒပစ္စည်းများမှသည်ချော့ကလက် တောင့်များအထိ ထုတ်လုပ်သော လုပ်ငန်းများအထိ တိုးချဲ့ပိုင်ဆိုင်နိုင်ခဲ့သူဖြစ်သည်။

ဦးမျိုးမြင့်သောင်း

**ခင်နှင်းယု (ခရစ် ၁၉၂၅-၂၀၀၃)။** ။ စာရေး ဆရာမကြီးခင်နှင်းယုကို ခရစ်နှစ် ၁၉၂၅ ခုနှစ်၊ စက်တင်ဘာလ (၇) ရက်နေ့၌ ရောဝတီတိုင်း ဝါးခယ်မမြို့တွင် အစိုးရကျောင်းဆရာကြီး အဘ ဦးဘ၊ အမိ ဒေါ်သိန်းတင်တို့က မွေးဖွားသည်။ မွေးချင်း ၇ ယောက်အနက် ၅ ယောက်မြောက် ဖြစ်သည်။ အမည်ရင်း ဒေါ်ခင်စုဖြစ်သည်။

ငယ်စဉ်က ဝါးခယ်မမြို့၊ ဦးဘိုးထင်မြန်မာစာ သင်အလယ်တန်းကျောင်း၊ ဦးဘိုကြီးမြန်မာစာ အထက်တန်းကျောင်းများတွင် ပညာသင်ခဲ့သည်။

၁၉၄၃ ခုနှစ်၊ ဂျပန်ခေတ်တွင် ဆယ်တန်း အောင်မြင်ခဲ့ပြီး ထိုစဉ်က အစိုးရအဖွဲ့အစည်းဖြစ် သည့် ဖ. ဆ. ပ. လ ဌာနချုပ်၏ 'သတင်းနှင့် ဝါဒ ဖြန့်ချိရေး'၌ တွဲဖက်အတွင်းရေးမှူးလုပ်ရင်း သတင်း



စာရေးဆရာမကြီးခင်နှင်းယု

စဉ်တွင် ဆောင်းပါး၊ သတင်းနှင့် ခေါင်းကြီးများရေးရာမှ နိုင်ငံရေးအတွေးအခေါ် စာပေကို စတင်ရေးခဲ့သည်။

စာရေးသောအခါ မူလက 'ခင်နှင်းယု' ဟူသော ကလောင်အမည်ကို မယူသေးပေ။ ဒေါ်ခင်စု အမည်ရင်းနှင့်ပင်ရေးသည်။

ထိုစဉ်မတိုင်မီကမူ ဝါးခယ်မမြို့နယ်၌ဂျပန်ခေတ် အာရှလူငယ်အစည်းအရုံးတွင် အမျိုးသမီးဌာန၊ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၄၈ တွင် ထိုစဉ်က အစ်ကိုတစ်ဝမ်းကွဲ တော်စပ်သူ ဝန်ကြီးချုပ်၏ 'အတွင်းရေးအတွင်းဝန်' အဖြစ် လုပ်ကိုင်ရင်း ဥပစာတန်းစာမေးပွဲများကို ဖြေဆိုကာ ၁၉၆၂ တွင် ဝိဇ္ဇာဘွဲ့ရခဲ့သည်။

၁၉၄၈ မြန်မာပြည်လွတ်လပ်ရေးအထိမ်းအမှတ် စာပေပြိုင်ပွဲတွင် ကလောင်အမည် 'အချို' နှင့် ရေးသားသော 'မျောက်လောင်း' ဝတ္ထုတိုက တတိယ ရွေတံဆိပ်ဆုရရှိခဲ့သည်။

၁၉၅၀ ပြည့်နှစ်တွင် ဗိုလ်ကြီးကျော်သောင်းနှင့် လက်ထပ်သည်။ ဗိုလ်ကြီးကျော်သောင်းသည် မြဝတီမဂ္ဂဇင်း၏ အယ်ဒီတာချုပ်တာဝန်ကို ထမ်းဆောင်ခဲ့ဖူးသူဖြစ်သည်။

ခင်နှင်းယုသည် သတင်းနှင့်ဆောင်းပါး၊ ဝတ္ထုတိုများကို အခြားကလောင်အမည်များနှင့် ရေးခဲ့သော်လည်း 'ခင်နှင်းယု' ဟူသော ကလောင်အမည်ကိုမူ ပဒေသာမဂ္ဂဇင်းတွင် ရေးသားခဲ့သော 'အရိုင်း' ဝတ္ထုတိုမှစ၍ ထာဝရသုံးစွဲခဲ့သည်။

အသက် ၂၄ နှစ်အရွယ်၊ ၁၉၅၂ ခုနှစ်က ရှုမဝ မဂ္ဂဇင်းတွင် ရေးသားခဲ့သော 'နွေနှောင်းရွက်ကျန်' သည် ဆရာမကြီး၏ ပထမဆုံးဝတ္ထုရှည်ဖြစ်သည်။ ထို့နောက် မြဝတီမဂ္ဂဇင်းတွင် အခန်းဆက်ဝတ္ထုရှည် အဖြစ်လစဉ်ရေးသားခွင့်ရလာခဲ့ရာမှ'ဆောင်းတွင်းပန်း' ဝတ္ထုရှည်ကို ရေးသားခဲ့သည်။ ၁၉၅၃ ခုနှစ် မြဝတီ မဂ္ဂဇင်း၊ ဝတ္ထုဆောင်းပါးစာပေပြိုင်ပွဲကို စာဖတ် ပရိသတ်ဆန္ဒအရ ထိုနှစ်အတွက် ပထမဆုကို'သရဖူ' ဝတ္ထုရှည်ဖြင့်ရခဲ့သည်။

၁၉၆၀ ပြည့်နှစ်တွင် ကြေးမုံရိပ်သွင် ဝတ္ထုတို ပေါင်းချုပ်ဖြင့် စာပေဗိမာန်တစ်ထောင်ဆုရခဲ့သည်။ ထိုဝတ္ထုတိုပေါင်းချုပ်မှာ ၁၉၅၂ မှ ၁၉၅၉ ခုနှစ် အတွင်း ရှုမဝနှင့် မြဝတီမဂ္ဂဇင်းများတွင် ရေးသားခဲ့သော ဝတ္ထုတိုများမှ ရွေးချယ်၍ ရွေးထုတ်စုစည်း ရိုက်နှိပ်ခဲ့သော ဝတ္ထုတိုများဖြစ်သည်။ ထိုဝတ္ထုတို ပေါင်းချုပ်ကို အင်္ဂလိပ်စာပါမောက္ခဦးမျိုးမင်း (နွယ်စိုး)က အမှာနိဒါန်းစာရေးပေးသည်။

၁၉၉၅ ခုနှစ်တွင် မြကြာဖြူလုံးချင်းဝတ္ထုစာအုပ် ဖြင့် အမျိုးသားစာပေဆုရခဲ့သည်။ မြကြာဖြူဝတ္ထု သည် အချစ်နှင့် အိမ်ထောင်ရေးသဘာဝကို အခြေခံ လျက် မျိုးဆက်သုံးဆက်ကို ဖြတ်သန်း၍ ရှည်လျား သော ကာလချိန်တာအတွင်း၌ ဇနီးမောင်နှံနှစ်ဦးကို အဓိကဇာတ်ဆောင်ပြုလျက် စရိုက်ပေါ်အောင် လှုပ်ရှားဖွဲ့ဆိုသော ဇာတ်လမ်းဖြစ်သည်။ မြန်မာ အမျိုးသမီးတို့၏ ထိန်းသိမ်းစောင့်စည်းမှု၊ အိမ်ထောင်ရှင်ဘဝ၏ အနှောင်အတဲသံယောဇဉ်၊ အာရုံဆန္ဒနောက်သို့ပါမိသော အမှားတို့၏ စိတ်သန္တန် ဖိစီးမှုစသော ဖြစ်ရပ်များကို တွေးဆဆင်ခြင်စရာ ဖြစ်အောင် ဇာတ်အိမ်ဖွဲ့ထားသည်။ လူ့အလွှာများ၏

အမူအယာများ၊ ဇာတ်လမ်းစီးဆင်း ရာခေတ်တို့၏ လက္ခဏာများနှင့်လည်း ပြည့်စုံမှုရှိသည်ဟုအမျိုးသား စာပေစိစစ်ရေးအဖွဲ့မှ သုံးသပ်ထားသည်ကိုတွေ့ ရသည်။

စင်စစ်ဆရာမကြီးဒေါ်ခင်နှင်းယု၏ စာရေးဆရာ ဘဝနှင့် ပုဂ္ဂိုလ်ရေးဘဝတွင် 'မွေး' နှင့် 'ပန်းပန်လျက် ပါ' ဝတ္ထုတို့ကို ချန်လှပ်ထား၍မရပေ။ 'မွေး' သည် ဆရာမကြီး၏ အအောင်မြင်ဆုံးဝတ္ထုဖြစ်သည် သာမက မြန်မာဝတ္ထုရှည်လောက၏ မှတ်တိုင် တစ်တိုင်ဟုလည်း ဆိုနိုင်သော ဝတ္ထုဖြစ်သည်။

မွေးဝတ္ထု၏ ထူးခြားချက်မှာ 'မွေးသည် ခင်နှင်းယု လား၊ ခင်နှင်းယုသည် မွေးလား' ဟူ၍ စာဖတ် ပရိသတ်တွေဝေသွားအောင် စွမ်းဆောင်နိုင်ခဲ့ခြင်း ဖြစ်သည်။ မွေး၊ အတွတ်၊ ဖရက်ဒီ၊ ဗိုလ်ကြီးကိုကိုနိုင် ဟူသောဝတ္ထုထဲမှဇာတ်ဆောင်များနှင့်ဒေါ်ခင်နှင်းယု ၏ ပုဂ္ဂလိကဘဝမှ လူသားများက ဆက်စပ်နိုင်လွန်း သောကြောင့် ထိုသို့စာဖတ်ပရိသတ်ကို တွေဝေ စေခဲ့ခြင်းဖြစ်သည်ဟု စာပေပညာရှင်များက သုံးသပ် ကြသည်။ စင်စစ်မွေးသည် မွေးသာဖြစ်၍၊ ခင်နှင်းယု သည်ခင်နှင်းယုသာဖြစ်ကြောင်းဆရာမကြီးကိုယ်တိုင် ရှင်းပြခဲ့သည်။

'ယခုအချိန်သို့ရောက်ပြီဆိုလျှင် အတွတ်နှင့် မွေး တို့အတူတကွ မွေးဖွားခဲ့သော ဝါးခယ်မမြို့ပြင်ရှိ လယ်ကွက်များထဲတွင် စပါးပင်ကလေးတွေ အိပ်ပျော် ရာမှ နိုးထကြပေတော့မည်' ဟူသော မွေးဝတ္ထုအဖွင့် စာသားလေးက ဒေါ်ခင်နှင်းယု၏ ဇာတိမြေဝါးခယ်မ မြို့ကို အခြေခံထားသည်။

ပန်းပန်လျက်ပါ ဝတ္ထုသည်လည်း မြန်မာစာပေ လောကတွင် ထူးခြားသောဩဇာကြီးမှုနှင့်ကျော်ကြား ခဲ့သည်။ ဤဝတ္ထုတွင် ကွယ်လွန်သူ ကဗျာဆရာကြီး ဇော်ဂျီ၏ 'ဗေဒါလမ်း' ကဗျာက အဓိကဖြစ်သည်။ မဗေဒါ၊ ကိုကျော်စိန်၊ ကိုစောထွန်းဟူသော ဇာတ်ဆောင်သုံးယောက်၏ သုံးပွင့်ဆိုင် ဇာတ်လမ်း သာဖြစ်သော်လည်း ထိုဝတ္ထုမှပေးသော ဒဿနက အနုပညာရှင်နှင့် လူတန်းစားအလွှာ၊ ခေတ်စနစ် စသောနယ်ပယ်များနှင့် နှီးနွှယ်၍ ခမ်းနားလွန်း လှသည်။

ဒေါ်ခင်နှင်းယု၏ ထင်ရှားသော ဝတ္ထုများမှာ မျှော်လင့်လို့ဖြင့် မဆုံးနိုင်တယ်၊ ထိပ်စုမဖုရား၊ မဗျိုင်း၊ ရေချိုတွင်း၊ စိမ်းသင့်မှစိမ်း၊ သပြေ၊ နဂါးငွေ့တန်း၊ မွေး၊ ပန်းပန်လျက်ပါ၊ သခွတ်ပန်း၊ ယဉ်မင်းပိုက်၊ မိုးကျော်သူ၊ သရဖူ၊ ပန်းများကိုပွင့်စေသူ၊ ဆောင်း တွင်းပန်း၊ ဖေဖေ၊ လာခြင်းကောင်းသော လူကလေး၊ ပုံပြောကောင်းသော မိန်းကလေး၊ ဘုရင်ခံမလိုချင် ပေါင်၊ ဗညားရှိန်း၊ မြကြာဖြူ၊ ပိုးခန်းဆီးနောက်မှ ငရဲခန်း၊ မဟာသာကီ၊ အောင်မြင်သောနွေ၊ အယဉ် နှင့်အရိုင်း၊ ဥဩတွန်တဲ့လရာသီ၊ ခင်နှင်းယုရဲ့ ဝတ္ထုတိုများ၊ ကြာတော၌ ရွာသောမိုး၊ ကသစ်ပန်း၊ မုတ်သုန်စောင်းကြိုး၊ ယောကျ်ားတို့အကြောင်း၊ ရွှေပြည်တော်၏ ပုံပြင်များ၊ ဘုံဗေဒါမှာ ကြုံရလေ သမျှနှင့် ကြေးမုံရိပ်သွင်တို့ဖြစ်သည်။

ဆရာမကြီးဒေါ်ခင်နှင်းယုသည် သူ၏စာပေကို လေ့လာလျှင် သူ၏ ဘဝကိုပါ လေ့လာမှ ခင်နှင်းယု ကို ခင်နှင်းယုဖြစ်စေသည့် ပုဂ္ဂိုလ်ဖြစ်သည်။ အဘယ့် ကြောင့်ဆိုသော် ဆရာမကြီးသည် စာပေထင်ရှားမှု သာမက ပုဂ္ဂိုလ်ရေးထင်ရှားသူလည်း ဖြစ်သည်။

ယခုကဲ့သို့ ဒေါ်ခင်နှင်းယု စာရေးဆရာမကြီးဖြစ် လာအောင်စာပေဝါသနာပါစေခဲ့သောအကြောင်းရင်း က သူ့မိခင် ဒေါ်သိန်းတင်နှင့် ပတ်ဝန်းကျင်ရေခံ မြေခံများကြောင့်ဖြစ်သည်။ ဆရာမကြီး၏ မိခင် ကိုယ်၌က စာဖတ်ဝါသနာပါရုံမက မျိုးချစ် ဇာတိမာန် ထက်သန်သော မြန်မာအမျိုးသမီးတစ်ယောက် ဖြစ်သည်။ ထို့ကြောင့် မိခင်၏ စာစိတ်၊ ပေစိတ်နှင့် ဇာတိမာန်စိတ်က သမီးဖြစ်သူ မခင်စု အပေါ်တွင် များစွာရိုက်ခတ်ခဲ့သည်။ မိခင်က သားသမီးများအား စာဖတ်ဝါသနာပါအောင် ပျိုးထောင်ပေးခဲ့သဖြင့် မခင်စုသည် ခင်နှင်းယုဖြစ်လာခဲ့သည်ဟုဆိုနိုင်သည်။

ထိုသို့နှင့် ဒေါ်ခင်နှင်းယုသည် ဒီးဒုတ်၊ ဂန္ထ လောက၊ နဂါးနီတိုက်ထုတ်စာအုပ်များကို ဖတ်ခဲ့ပြီး

အိုင်ယာလန်ပြည်အရေးတော်ပုံ၊ ရုရှားတော်လှန်ရေးကဲ့သို့သော နိုင်ငံရေးစာအုပ်များကို ကိုင်တတ်လာခဲ့သည်။ နောက်တွင် ဆရာတော်ဦးသြဘာသ၏ ဝေသန္တရာ၊ ရှင်မဟာရဋ္ဌသာရ၊ ရှင်တေဇောသာရ၊ ရှင်အုန်းညိုတို့၏ စာကြီးပေကြီးပျို့၊ လင်္ကာများကို ဖတ်တတ်လာခဲ့သည်။

ထိုသို့သောစာပေအခြေခံဘဝတွင် ဒေါ်ခင်နှင်းယုသည် အင်္ဂလိပ်ဘာသာစာစီစာကုံး၊ ခေတ်သစ်အနောက်တိုင်းသမိုင်း၊ မြန်မာ့ဝေါဟာရနှင့် အနုစာပေ၊ ကမ္ဘာ့အရှေ့ဖျားသမိုင်း ဘာသာတွဲများဖြင့် ဘီအေဘွဲ့ရခဲ့သည်။

၁၉၈၅ တွင် ကျန်းမာရေးအလွန်ဆိုးရွားသောကြောင့် ဆေးကုသမှုခံယူပြီး ချမ်းမြေ့ရိပ်သာတွင် နေထိုင်ရင်း ထိုရိပ်သာ၏ ဝေယျာဝစ္စများကို လုပ်ကိုင်ပေးခဲ့သည်။ တစ်နှစ်ခန့်အနားယူအပြီးတွင် ပေဖူးလွှာမဂ္ဂဇင်း၌ ဝတ္ထုများပြန်လည်ရေးသားရာမှ စာများကို အဆက်မပြတ်ရေးသားခဲ့သည်။

ဆရာမကြီးဒေါ်ခင်နှင်းယုသည် လုံးချင်းဝတ္ထု ၄၀ အုပ်ကျော်၊ ဝတ္ထုတိုပေါင်းချုပ် ၁၂ အုပ်ကျော်၊ မဂ္ဂဇင်းဝတ္ထုရှည် ၃၀ ခန့်ရေးသားခဲ့ပြီး အချို့စာပေလက်ရာတို့ကို ဂျပန်၊ ရုရှား၊ ဂျာမန်ဘာသာများသို့ ပြန်ဆိုခြင်းခံရသည်။ ကိုင်ရိုမြို့တွင် ကျင်းပသည့် အာရှအာဖရိကစာရေးဆရာများ ညီလာခံသို့ မြန်မာနိုင်ငံကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့ဖူးသူဖြစ်သည်။

ဆရာမကြီးသည် ၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ (၂၁) ရက်နေ့ နံနက် (၈း၃၀) တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်ခဲ့သည်။ ဆရာမကြီးကွယ်လွန်သောအခါ သူ့ကိုချစ်သော စာရေးဆရာများနှင့် စာဖတ်သူတို့က လွမ်းဆွတ်ကြေကွဲပွဲများ၊ အမှတ်တရပွဲများ ကျင်းပကာ ဂုဏ်ယူကြသည်။

**စိုးမြင့်သန်း**

**ဂုဏ်ထူးဆောင်ဘွဲ့များ ဂုဏ်ထူးဆောင်တံဆိပ်များ (၂၀၀၃)။** ။ပြည်ထောင်စုမြန်မာ နိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဆရာတော်ကြီးများ၊ ဂန္ထဓူရပရိယတ္တိဝန်ဆောင်စာချဆရာတော်များ၊ ဝိပဿနာဓူရပဋိပတ္တိဝန်ဆောင်ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပသာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ရှုပ်ရှုပ်ချွံချွံထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်၏ သိပ္ပံပညာကဏ္ဍ၊ ဝိဇ္ဇာပညာကဏ္ဍ၊ ဆေးပညာကဏ္ဍ၊ နည်းပညာကဏ္ဍ၊ လယ်ယာကဏ္ဍနှင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စီမံခန့်ခွဲရေးကဏ္ဍနှင့် လူမှုရေးကဏ္ဍများတွင် ထူးချွန်စွာဆောင်ရွက်ခဲ့ကြသည့်ပုဂ္ဂိုလ်များ၊ နိုင်ငံတော်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစားစစ်မှုထမ်းများ၊ တာဝန်ထမ်းဆောင်ဆဲ စစ်မှုထမ်းများ၊ အငြိမ်းစားပြည်သူ့ဝန်ထမ်းများ၊ တာဝန်ထမ်းဆောင်ဆဲပြည်သူ့ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များကို သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းသင်္ဂဟတံဆိပ်များ၊ စစ်မှုထမ်းကောင်းတံဆိပ်များ၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်များ၊ ရဲမှုထမ်းကောင်းတံဆိပ်များ၊ နိုင်ငံတော်ရဲမှုထမ်းတံဆိပ်များ၊ ပြည်သူ့ဝန်ထမ်းတံဆိပ်များ၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်များ ဆက်ကပ်လှူဒါန်းခြင်းနှင့် ချီးမြှင့်အပ်နှင်းခြင်းများ ပြုလုပ်သည်။

ယင်းကဲ့သို့ ဆက်ကပ်လှူဒါန်းခြင်း၊ ချီးမြှင့်အပ်နှင်းခြင်းများ ပြုသည်နှင့်အညီ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းခံရသော ပြည်တွင်းပြည်ပမှ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများ၊ ဗုဒ္ဓသာသနာတော်အား ပစ္စည်းလေးပါး တို့ဖြင့် ထူးခြားစွာထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များ၏အမည်များနှင့် ဘွဲ့အမည်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းသင်္ဂဟတံဆိပ်၊ စစ်မှုထမ်းကောင်းတံဆိပ်၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်၊ ရဲမှုထမ်းကောင်းတံဆိပ်၊ နိုင်ငံတော်ရဲမှုထမ်းတံဆိပ်၊ ပြည်သူ့

ဝန်ထမ်းတံဆိပ်၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များ၏အမည်စာရင်းများကို ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဇန်နဝါရီလ ၄ ရက်၊ ၅၅ နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ထုတ်ပြန်ကြေညာသည်။

အမိန့်ကြော်ငြာစာအမှတ် ၁/ ၂၀၀၃ အရ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံရသော ဆရာတော်ကြီးနှစ်ပါး၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ အပါး ၂၀ နှင့် သီရိလင်္ကာနိုင်ငံမှ တစ်ပါး စုစုပေါင်း ၂၁ ပါး၊ ဓမ္မကထိက ဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ၃၆ ပါးနှင့် သီလရှင်ဆရာကြီး နှစ်ပါး စုစုပေါင်း ၃၈ ပါး၊ မဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ၄၈ ပါးနှင့် သီလရှင်ဆရာကြီး ၈ ပါး စုစုပေါင်း ၅၆ ပါး၊ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ၁၃ ပါးနှင့် သီလရှင် ဆရာကြီး တစ်ပါး စုစုပေါင်း ၁၄ ပါး၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ၁၁ ပါး၊ မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ၆ ပါး၊ ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ၃ ပါး၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ၃ ပါး၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ ၅၁ ပါး၊ နီပေါနိုင်ငံမှ တစ်ပါး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တစ်ပါး၊ လာအိုနိုင်ငံမှ တစ်ပါး၊ကမ္ဘောဒီးယားနိုင်ငံမှ တစ်ပါးနှင့် သီရိလင်္ကာနိုင်ငံမှ တစ်ပါး စုစုပေါင်း ၅၆ပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ၂၇ ပါး၊ သီလရှင်ဆရာကြီး ၂ ပါးနှင့် လူပုဂ္ဂိုလ်တစ်ဦး စုစုပေါင်း အပါး ၃၀၊ သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ၉ ပါး၊ သီလရှင်ဆရာကြီး တစ်ပါး စုစုပေါင်း ၁၀ ပါး၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခံရသော လူပုဂ္ဂိုလ် တစ်ဦး၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်တော်ချီးမြှင့်ခံရသော လူပုဂ္ဂိုလ် ၂ ဦး၊ သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ် ၈ ဦး၊ သီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ် ၁၀ ဦး၊ သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခံရသော လူပုဂ္ဂိုလ် ၃ ဦးနှင့် သီဟသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ် ၉ ဦး စုစုပေါင်း ဆရာတော်ကြီး ၂၃၇ ပါး၊ သီလရှင် ဆရာကြီး ၁၄ ပါးနှင့် လူပုဂ္ဂိုလ် ၃၄ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၂/ ၂၀၀၃ အရ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များတွင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ် ၃ ဦး၊ သိပ္ပံပညာ ထူးချွန်တံဆိပ် (ဒုတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ် ၂ ဦး၊ သိပ္ပံပညာ ထူးချွန်တံဆိပ် (တတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၂ ဦး၊ ဝိဇ္ဇာပညာ ထူးချွန်တံဆိပ် (ပထမဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၁၀ ဦး၊ ဆေးပညာထူးချွန်တံဆိပ် (ဒုတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၇ ဦး၊ ဆေးပညာ ထူးချွန်တံဆိပ် (တတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၈ ဦး၊ နည်းပညာထူးချွန်တံဆိပ် (တတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၃ ဦး၊ လယ်ယာစီးပွား ထူးချွန်တံဆိပ် (ဒုတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၃ ဦး၊ လယ်ယာစီးပွားထူးချွန်တံဆိပ် (တတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၁၃ ဦး၊ စက်မှုစီးပွား ထူးချွန်

တံဆိပ် (ဒုတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၂၈ ဦး၊ စက်မှုစီးပွား ထူးချွန်တံဆိပ် (တတိယဆင့်) ချီးမြှင့်အပ်နှင်း ခြင်းခံရသော ပုဂ္ဂိုလ် ၉၃ ဦး၊ စီမံထူးချွန်တံဆိပ် (ပထမဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၄၃ ဦး၊ စီမံထူးချွန်တံဆိပ် (ဒုတိယဆင့်) ချီးမြှင့် အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၁၁၈ ဦး၊ စီမံထူးချွန်တံဆိပ် (တတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၁၄၃ ဦး၊ လူမှုထူးချွန်တံဆိပ် (ပထမဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၃၉ ဦး၊ လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၇၃ ဦး၊ လူမှုထူးချွန်တံဆိပ် (တတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၁၅၃ ဦး၊ ရဲသူရတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၁ ဦး၊ ရဲဗလတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၂ ဦး၊ ရဲသူရဲရင့်တံဆိပ် ချီးမြှင့်အပ်နှင်း ခြင်းခံရသော ပုဂ္ဂိုလ် ၇ ဦး၊ ရဲကျော်စွာတံဆိပ်ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၆ ဦးနှင့် ရဲကျော် သူတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၁ ဦး၊ စုစုပေါင်း ၇၅၈ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၀၃အရ မြန်မာနိုင်ငံ စစ်မှုထမ်းသင်္ဂဟတံဆိပ် ချီးမြှင့်ခြင်းခံရသော ပုဂ္ဂိုလ် စုစုပေါင်း ၁၂၄၃ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၀၃အရ စစ်မှုထမ်းကောင်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၃၅ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၃,၂၅၈ ဦး စုစုပေါင်း ၃,၂၉၃ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၀၃ အရ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၂၆၀ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၅,၇၂၂ ဦး စုစုပေါင်း ၅,၉၈၃ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၀၃ အရ ရဲမှုထမ်းကောင်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် စုစုပေါင်း ၄၂ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၀၃ အရ နိုင်ငံတော် ရဲမှုထမ်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် စုစုပေါင်း ၁၇၃ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၀၃ အရ ပြည်သူ့ ဝန်ထမ်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၁၂၂ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၁၅,၃၁၆ ဦး စုစုပေါင်း ၁၅၄၃၇ ဦး၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၁၀၉ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၂၄,၉၀၁ ဦး စုစုပေါင်း ၂၅,၀၁၀ ပါဝင်သည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား ထမ်းဆောင်ခဲ့ကြသော စစ်မှုထမ်း ၁၁ ဦးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်နှင့် နိုင်ငံတော် ကာကွယ်ရေးအတွက် ပေးအပ်သောတာဝန် ဝတ္တရားများကို ထူးကဲကောင်းမွန်စွာ ထမ်းဆောင်ခဲ့ကြသော စစ်မှုထမ်း ၂၈ ဦးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်များ ချီးမြှင့်သည်။

စိုးအောင်

**ဂျာမနီနိုင်ငံ။** ။ ၂၀၀၃ ခုနှစ် အတွင်း ဂျာမနီနိုင်ငံနှင့် ပတ်သက်သောသတင်းများတွင် အကြမ်းဖက်သမားတိုက်ဖျက်ရေး၊ အီရတ်စစ်ပွဲနှင့်ပတ်သက်ပြီး အမေရိကန်ပြည်ထောင်စုနှင့် ထိပ်တိုက်ရင်ဆိုင်တွေ့မှု၊ ပြည်တွင်းစီးပွားရေးကျဆင်းမှု၊ ဒေသဆိုင်ရာ ရွေးကောက်ပွဲများ၌ အတိုက်အခံပါတီများက နေရာပိုရထားမှုစသောသတင်းများက လွှမ်းနေခဲ့သည်။

၂၀၀၁ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့က အမေရိကန်ပြည်ထောင်စုရှိ နယူးယောက်မြို့မှာ ကမ္ဘာ့ကုန်သွယ်ရေးဗဟိုဌာနကို တိုက်ခိုက်ရေး၌ ဂျာမနီနိုင်ငံရှိ 'ဟမ်းဘာဂ်ကလာပ်စည်း'(Humburg cell) သည် အယ်လ်ကိုင်ဒါလှုပ်ရှားသူတို့၏ စုဝေးရာ

ဖြစ်သည်ဟု စွပ်စွဲချက်များပေါ်ထွက်လာခဲ့သည်။ စက်တင်ဘာ ၁၁ အရေးအခင်းနှင့် ပတ်သက်၍ မိုရိုကိုနွယ်ဖွား ဂျာမန်နိုင်ငံသား မိုးနီးယားမိုတာဆာဒက်အား မသင်္ကာမှုဖြင့် ဖမ်းဆီးစစ်ဆေးခဲ့သည်။ ဤအမှုနှင့် ပတ်သက်၍ ဟမ်းဘာဂ့်တရားရုံးကအမေရိကန်တွင်ဖမ်းဆီးထားသောအခြားမသင်္ကာသူတစ်ဦး၏ ထွက်ဆိုချက်များကို သက်သေခံအဖြစ် လက်မခံဟု ငြင်းပယ်ခဲ့သည်။ ဤ သို့အမေရိကန်များ စစ်ဆေးရယူထားသည့် ထွက်ဆိုချက်ကို ဟမ်းဘာဂ့်တရားရုံးက လက်မခံကြောင်း ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ကြေညာခဲ့သည်။ ပိုတာဘာဒက်၏အမှုသည် ဂျာမနီတွင်လည်းကောင်း၊ အာရပ်ကမ္ဘာတွင်လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုတွင်လည်းကောင်းစိတ်ဝင်စားသောအမှုဖြစ်သည်။ ဤအမှုကိုအရေးယူ ကိုင်တွယ်နေပုံနှင့် စပ်လျဉ်း၍ တုံ့ပြန်ချက်အမျိုးမျိုးရှိခဲ့သည်။

အမေရိကန်တို့၏ တောင်းဆိုချက်အရ ဂျာမန်ရဲတပ်ဖွဲ့သည် ယီမန်နိုင်ငံသားများဖြစ်ကြသည့် မိုဟာမက်အလီဟမ်ဆန်မိုယဒ်နှင့် မိုဟာမက်ဖိုရှင်ယာဟီယားရာယက်တို့အား ဖရင့်ဖတ်နိုင်ငံတကာလေဆိပ်အနီးရှိ ဟိုတယ်တစ်ခု၌ ဖမ်းဆီးခဲ့ကြသည်။ မိုယဒ်သည် ယီမန်မြို့တော်ရှိဗလီကြီးတစ်ခု၌ ဗလီဆရာကြီးအဖြစ်ဆောင်ရွက်နေသူဖြစ်သည်။ သူသည် အယ်လ်ကိုင်ဒါအဖွဲ့အတွက် ဘဏ္ဍာရေးရှာဖွေပေးနေသော အဆင့်မြင့်အရာရှိတစ်ဦးအဖြစ် အမေရိကန်တို့က မသင်္ကာနေသူဖြစ်သည်။ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် သူတို့အား ဖမ်းဆီးမိပြီးနောက် ဇန်နဝါရီလ ၁၃ ရက်နေ့တွင် အမေရိကန်တို့က ၎င်းတို့အား အမေရိကန်ပြည်ထောင်စုသို့ လွှဲပြောင်းပေးရန် တောင်းဆိုခဲ့သည်။

ဇန်နဝါရီလလယ်ခန့်တွင် ဒုတိယကမ္ဘာစစ်အတွင်းက နာမည်ကျော်ကြားခဲ့ဖူးသည့် ဇီးဖရိခံစစ်ကြောင်း Siegfried Line ကို စတင်ဖြိုဖျက်ခဲ့သည်။ ထိုခံစစ်ကြောင်းကြီးကို ပြင်သစ်၊ လူဇင့်ဘာက်၊ ဘယ်လ်ဂျီယမ်၊ နယ်သာလန်တောင်ပိုင်းတို့နှင့် ဆက်စပ်လျက်ရှိသည့် ဂျာမန်နယ်နိမိတ်တစ်လျှောက်တွင် ၁၉၃၆-၄၀ ခုနှစ်များအတွင်းက တည်ဆောက်ခဲ့သည်။ ဤခံစစ်ကြောင်းကို အနောက်တံတိုင်းဟုလည်း ခေါ်ကြသည်။ ဂျာမန်-ပြင်သစ်ချစ်ကြည်ရေးစာချုပ်၏ အနှစ် ၄၀ မြောက်နှစ်ပတ်လည် အခမ်းအနား၏ အထိမ်းအမှတ်အဖြစ် ၎င်းခံစစ်ကြောင်းကြီးကို စတင်ဖြိုဖျက်ခဲ့ခြင်းဖြစ်သည်။ အီရတ်စစ်ပွဲနှင့်ပတ်သက်၍ပြင်သစ်နှင့်ဂျာမနီတို့သည် အမေရိကန်တို့အား အထူးကန့်ကွက်ခဲ့ကြသည်။ သို့ဖြစ်၍ ပြင်သစ်-ဂျာမနီချစ်ကြည်ရေးရင်းနှီးမှု လက္ခဏာများကိုအထူးအလေးထား၍ပြန်လည်ဖော်ထုတ်နေကြသည်။

ဖေဖော်ဝါရီလ ၂ ရက်နေ့က ဂျာမနီအနောက်ပိုင်းရှိ ပြည်နယ်များဖြစ်သော ဟက်(စ်) နှင့် ဆက်ဇွန်နီအောက်ပိုင်းပြည်နယ်တို့တွင် ရွေးကောက်ပွဲများကျင်းပခဲ့သည်။ ဤရွေးကောက်ပွဲများ၌ ဝန်ကြီးချုပ်ဂါးဟဒ်ရှရိုးဒါးဂိုခေါင်းဆောင်သောဆိုရှယ်ဒီမိုကရက်တစ်ပါတီမှ ကိုယ်စားလှယ်လောင်းများမှာ အရေးရှုံးနိမ့်ပြီး အဓိကအတိုက်အခံပါတီဖြစ်သော ခရိယာန်ဒီမိုကရက်တစ်ယူနီယံပါတီက အနိုင်ရရှိခဲ့သည်။ ဟက်စ် ပြည်နယ်တွင် ဆိုရှယ်ဒီမိုကရက်တစ်ပါတီ (SPD) သည် ၁၉၉၉ ခုနှစ်က လွှတ်တော် ကိုယ်စားလှယ် ၄၆ ယောက်အရွေးခံခဲ့ရာမှ ယခု ၂၀၀၃ ခုနှစ်တွင် ၃၃ ယောက်သာ အရွေးခံခဲ့ကြရသည်။ အတိုက်အခံဖြစ်သော ခရိယာန်ဒီမိုကရက်တစ်ယူနီယံပါတီ (CDU) က ၁၉၉၉ ခုနှစ်တွင် ကိုယ်စားလှယ် ၅၀ ဦး အရွေးခံခဲ့ရာမှ ယခု ၂၀၀၃ ခုနှစ်တွင် ၅၆ ဦး အရွေးခံခဲ့ရသည်။ ၁၉၉၉ ခုနှစ်နှင့် ၂၀၀၃ ခုနှစ်တို့တွင် ဆက်ဆွန်နီအောက်ပိုင်း၌ ဆိုရှယ်ဒီမိုကရက်တစ်ပါတီ (SPD) သည် လွှတ်တော် ကိုယ်စားလှယ် ၈၃ ဦး အရွေးခံခဲ့ရာမှ ၆၃ ဦးအထိ ကျဆင်းသွားခဲ့သည်။ ခရိယာန်ဒီမိုကရက်တစ်ယူနီယံပါတီ (CDU) သည် ကိုယ်စားလှယ် ၆၂ ဦး ရှိခဲ့ရာမှ ၉၁ ဦးအထိ မြင့်တက်လာခဲ့သည်။

ဟမ်းဘာဂ့်တရားရုံးက မိုတာဆာဒက်အား စက်တင်ဘာလ ၁၁ ရက်အရေးအခင်းအတွက်

အကျိုးဆောင်ခဲ့မှု၊ အယ်လ်ကိုင်ဒါအဖွဲ့တွင် ပါဝင်ခဲ့မှု စသည့် စွဲချက်ပေါင်း ၃၀၀၀ ခန့်ဖြင့် ထောင်ဒဏ် ၁၅ နှစ် ချမှတ်ခဲ့သည်။ စက်တင်ဘာ ၁၁ ရက်အရေးအခင်းတွင် ပါဝင်ပတ်သက်မှုဖြင့်မိုတာဆာဒက်သည် ကမ္ဘာပေါ်တွင် ပထမပြစ်ဒဏ် ချမှတ်ခံရသူဖြစ်သွားခဲ့သည်။ ဤထောင်ဒဏ်ပေးခံရမှုနှင့် စပ်လျဉ်း၍ မိုတာဆာဒက်၏ ရှေ့နေများက အယူခံဝင်ခဲ့ကြသည်။ တရားလိုပြသက်သေများတွင်ဤအမှုအတွက် အရေးပါသော သက်သေများမစုံလင်သေး ဟူသော အကြောင်းပြချက်ဖြင့်ရှေ့နေများက အယူခံဝင်ခဲ့ကြသည်။

အကြမ်းဖက်မှုများကို နှိမ်နင်းရင်း ဂျာမန်ရဲတပ်ဖွဲ့ဝင်များသည် မွန်းတားနှင့် မင်ဒင်ရှိ မူဆလင်ဗဟိုအချက်အချာနေရာများကို စီးနင်းရှာဖွေခဲ့ကြသည်။ ဖေဖော်ဝါရီ ၆ ရက်နေ့တွင် အကြမ်းဖက်သမားများဟု မသင်္ကာရသူ ၃ ဦးကို ဖမ်းဆီးမိခဲ့သည်။ ၎င်းတို့သည် ဟမ်းဘာ့ဂ်ကလာပ်စည်းတွင် ပါဝင်ခဲ့ပြီး ဖရင့်ဖက်ရှိ အမေရိကန်ပစ်မှတ်များကို တိုက်ခိုက်ရန် ကြံစည်ခဲ့မှုတို့ဖြင့် ၎င်းတို့အား စွဲချက်တင်ခဲ့သည်။

အလုပ်လက်မဲ့ဦးရေ လျှော့ချရေး၊ ဂျာမန်စီးပွားရေးပြန်လည်ရှင်သန်ရေးတို့အတွက် ဂျာမန်ဝန်ကြီးချုပ် ရှရိုးဒါးသည် စီးပွားရေးဘက်စုံပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် မတ်လ ၁၄ ရက်နေ့တွင် စတင်ကြိုးပမ်းခဲ့သည်။ အောက်လွှတ်တော်၌ ရှင်းလင်းပြောကြားရာတွင် ဝန်ကြီးချုပ် ရှရိုးဒါးကဂျာမန်စီးပွားရေးကျဆင်းနေခြင်း၏အကြောင်းရင်းမှာ ကမ္ဘာ့စီးပွားရေး ကျဆင်းနေမှုအလားအလာများကြောင့် မဟုတ်ဘဲ ဂျာမန်စီးပွားရေး ဖွဲ့စည်းတည်ဆောက်မှုပုံသဏ္ဌာန်၏ ချို့ယွင်းချက်များကြောင့် ဖြစ်သည်ဟု ပြောကြားခဲ့သည်။ လုပ်ခမဟုတ်သော လုပ်အားခကုန်ကျစရိတ် (Non-Wage Labouer Cost) မှာ ကြီးလေးလွန်းနေကြောင်း၊ အထူးသဖြင့် ကျန်းမာရေးစနစ်အပါအဝင် သက်သာချောင်ချိရေးလုပ်ငန်းများကို ပြန်လည်ပြုပြင်ရန်လိုကြောင်း၊ နိုင်ငံသားတစ်ဦးချင်းအနေဖြင့် အစိုးရအပေါ်မှီခိုနေမှုထက် ကိုယ့်အားကိုယ်ကိုးကြရန်လိုကြောင်း စသည်များကို ပြောကြားရှင်းလင်းခဲ့သည်။ ဝန်ကြီးချုပ် ရှရိုးဒါးက သူ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို '၂၀၁၀ ပြည့်နှစ်အစီအစဉ်' (Agenda 2010) ဟုအမည်ပေးခဲ့သည်။ ဝန်ကြီးချုပ်၏အဆိုပြုချက်ကို လုပ်ငန်းခွင်များက ကြိုဆိုခဲ့ကြသော်လည်း အလုပ်သမားသမဂ္ဂအဖွဲ့ချုပ်နှင့် ဆိုရှယ်လစ်ဒီမိုကရက်တစ်ပါတီတွင်းရှိ လက်ဝဲအင်အားစုများက အကြီးအကျယ်ဆန့်ကျင်ခဲ့ကြသည်။

မတ်လ ၂၀ ရက်နေ့တွင် အောက်လွှတ်တော်က ပြည်ထောင်စုအစိုးရအဖွဲ့က တင်သွင်းသည့် ၂၀၀၃ ခုနှစ်အတွက် ဘတ်ဂျက်ကို အတည်ပြုပေးခဲ့သည်။ ဤဘတ်ဂျက်အရ အစိုးရ၏အသုံးစရိတ်မှာ ယူရို ၂၄၈.၂ ဘီလီယံရှိပြီးရငွေမှာ ယူရို ၂၂၉.၃ ဘီလီယံရှိမည်ဖြစ်သည်။ ဘတ်ဂျက်လိုငွေပြမှု ဂျီဒီပီ၏ ၂.၈ ရာခိုင်နှုန်းရှိမည်ဖြစ်သည်။

အီရတ်စစ်ပွဲကို ဆန့်ကျင်ခဲ့သည့်အတွက် ဂျာမနီနိုင်ငံသည် အမေရိကန်၊ ဗြိတိန်တို့နှင့် ဆက်ဆံရေးတင်းမာနေခဲ့သည်။ နာကြည်းခံပြင်းဖွယ်ရာစကားများဖြင့် အပြန်အလှန်စွပ်စွဲပုတ်ခတ်ခဲ့ကြသည်။ သို့ရာတွင် ဧပြီနှင့် မေလများအတွင်း ဂျာမနီသည် အမေရိကန်၊ ဗြိတိန်တို့နှင့် ပြန်လည်သင့်မြတ်ရေးအတွက် ကြိုးပမ်းခဲ့သည်။ နိုင်ငံခြားရေးမူဝါဒဆိုင်ရာအကြံပေးပုဂ္ဂိုလ်ဘားနဒ်မူဇယ်ဘာ့ဂ်သည်အမေရိကန်ပြည်ထောင်စုသို့သွားကာ သမ္မတဘုရှ်၏ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ကွန်ဒိုလီဇာရိုက်စ်နှင့် တွေ့ဆုံခဲ့သည်။

ဗြိတိသျှဝန်ကြီးချုပ် တိုနီဗလဲသည် ဂျာမနီနှင့် အမေရိကန်ပြန်လည်သင့်မြတ်ရေးအတွက် မတ်လ ၁၅ ရက်နေ့က ဂျာမနီနိုင်ငံသို့လာရောက်ခဲ့သည်။ ဥရောပထိပ်သီးအစည်းအဝေးမတိုင်မီ ကြိုတင်လာရောက်ကာ ရှရိုးဒါးနှင့် တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်သည်။ တိုနီဗလဲသည် ဂျာမနီနိုင်ငံအနေဖြင့် ပြင်သစ်နှင့်ခွဲခွာရေး အမေရိကန် ဂျာမန်ဆက်ဆံမှုပြန်လည်ကောင်းမွန်ရေးတို့အတွက် ဆွေးနွေးခဲ့သည်။

ရှရိုးဒါးက ဂျာမန်အမေရိကန်ဆက်ဆံမှု ပြန်လည်ကောင်းမွန်လာရေးအတွက် စတင်သင့်ပြီဖြစ်ကြောင်း စစ်ပြီးကာလအီရတ်တွင် ကုလသမဂ္ဂ၏အရေးပါသော အခန်းကဏ္ဍကို အခြေခံအားဖြင့် လက်ခံသင့်ကြောင်း၊ နေတိုးအဖွဲ့၏ ဘောင်အပြင်ဘက်တွင် ဥရောပလုံခြုံရေးအတွက် သီးခြားဖွဲ့စည်းရေး၌ ဂျာမနီအနေဖြင့် ပါဝင်မည်မဟုတ်ကြောင်းတို့ကို ပြန်လည်ပြောဆိုခဲ့သည်။

ဧပြီလ ၂၈ ရက်နေ့တွင် ဆိုရှယ်ဒီမိုကရက်တစ်ပါတီအလုပ်အမှုဆောင်အဖွဲ့က ပါတီခေါင်းဆောင်ရှရိုးဒါးအဆိုပြုထားသည့် '၂၀၁၀ ပြည့်နှစ်အစီအစဉ်' ကို လက်ခံအတည်ပြုခဲ့သည်။ ထိုစီးပွားရေးပြုပြင်ပြောင်းလဲရေးအဆိုပြုချက်ပါ အချက်အလက်အချို့ကိုပါတီတွင်းရှိ လက်ဝဲဝါဒီများနှင့်အလုပ်သမားသမဂ္ဂအဖွဲ့ချုပ်တို့က အပြင်းအထန်ကန့်ကွက်ခဲ့ကြသည်။ ၎င်း၏အဆိုပြုချက်များကို မထောက်ခံလျှင် ရှရိုးဒါးက ပါတီခေါင်းဆောင်အဖြစ်မှ နုတ်ထွက်မည်ဟု ခြိမ်းခြောက်ပြောဆိုခဲ့သည်။ ဤအတောအတွင်း ဂျာမနီနိုင်ငံ၏ စီးပွားရေးစွမ်းဆောင်ချက်မှာကျဆင်းနေသည်။ ဂျာမနီနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းမှာ ဂျီဒီပီ၏ ၆.၇၅ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့သည်။ ဘတ်ဂျက်လိုငွေပြမှုမှာလည်း ဂျီဒီပီ၏ ၃ ရာခိုင်နှုန်းအထိ ကျရောက်ခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် ဂျာမန်စီးပွားရေးမှာ ကျဆင်းနေခဲ့သည်။

ဂျာမနီနိုင်ငံတွင် ဘာလင်မြို့တော်ကို ပြည်နယ်တစ်ခု (City-State) အဖြစ် သတ်မှတ်ထားသည်။ ဧပြီလ ၂၅ ရက်နေ့က ကျင်းပသော ပြည်နယ်ရွေးကောက်ပွဲတွင် အာဏာလက်ရှိပါတီဖြစ်သော ဆိုရှယ်ဒီမိုကရက်တစ်ပါတီက စိုးမိုးထားနိုင်ခဲ့သည်။ ဘာလင်တွင် ဆိုရှယ်ဒီမိုကရက်တစ်ပါတီ (SPD) နှင့် ခရီယာန်ဒီမိုကရက်တစ်ယူနီယံပါတီ (CDU) တို့၏ ညွန့်ပေါင်းအဖွဲ့က အာဏာယူထားသည်။ ယခုရွေးကောက်ပွဲ၌ CDU ပါတီမှ ကိုယ်စားလှယ်ဦးရေ လျော့နည်းကျဆင်းသွားခဲ့သည်။ SPD ပါတီက ကိုယ်စားလှယ် ၄၀ ဦးနှင့် CDU ပါတီက ၂၉ ဦး အသီးသီးရွေးချယ်တင်မြှောက်ခံခဲ့ကြရသည်။ ၂၀၀၃ ခုနှစ်အတွင်း ကျင်းပခဲ့သည့် ဒေသဆိုင်ရာ ရွေးကောက်ပွဲများတွင် SPD ပါတီက အခြားနေရာများ၌ ရှုံးနိမ့်ခဲ့သော်လည်း ဘာလင်တွင် အနိုင်ရခဲ့သည်။ ဤသို့အနိုင်ရခြင်းမှာ ဝန်ကြီးချုပ် ရှရိုးဒါးကြောင့်မဟုတ်ဘဲ ဘာလင်ပြည်နယ်ဥက္ကဋ္ဌ ဟင်နရှစ်ကို လူကြိုက်များသောကြောင့်သာဖြစ်ကြောင်း တွေ့ရှိရသည်။ ဤသည်မှာ ထူးခြားချက်တစ်ရပ် ဖြစ်သည်။

၂၀၀၃ ခုနှစ်တွင် ဂျာမနီနိုင်ငံသည် စီးပွားရေးပြဿနာများနှင့်ဆက်လက်ရင်ဆိုင်နေရသည်။ ဖယ်ဒရယ်အစိုးရအဖွဲ့၏ ဘတ်ဂျက်လိုငွေပြမှုမှာ ဂျီဒီပီ၏ ၃ ရာခိုင်နှုန်းထက်ကျော်သွားခဲ့သည်။ ဥရောပသမဂ္ဂ၏ တည်ငြိမ်ရေးနှင့် တိုးတက်ရေးစာချုပ်အရ သမဂ္ဂအဖွဲ့ဝင်အဖြစ် ပါဝင်ရပ်တည်ခွင့်ရှိရေးအတွက် အဆုံးစွန်ခွင့်ပြုလိုက်လျော့ထားသည်မှာ အဖွဲ့ဝင်နိုင်ငံတစ်ခု၏ ဘတ်ဂျက်လိုငွေပြမှုသည် ဂျီဒီပီ၏ ၃ ရာခိုင်နှုန်းအထိသာဖြစ်သည်။ ယခုတော့ ဂျာမနီနိုင်ငံသည် ထိုသတ်မှတ်ချက်ထက်ကျော်လွန်သွားပြီဖြစ်သည်။ ၂၀၀၆ ခုနှစ်တွင် ဂျာမနီနိုင်ငံ၌ အရသုံးညီဘတ်ဂျက် (Balanced Budget) ဖြစ်ရန်လျာထားခဲ့သည်။ သို့သော် ယခုအခါ ထိုလျာထားချက်အတိုင်း ဖြစ်မလာနိုင်တော့ကြောင်း ဘဏ္ဍာရေးဝန်ကြီး ဟန့်စ်အိုက်ခဲလ်က ဖွင့်ဟဝန်ခံပြောကြားနေပေပြီ။ မေလတွင်ထုတ်ပြန်သော စာရင်းအင်းအရ ဂျာမနီနိုင်ငံတွင် အလုပ်လက်မဲ့ဦးရေမှာလည်း ၄ သန်း ၄ သိန်းကျော်ဖြစ်သွားခဲ့သည်။ ထို့ကြောင့် ဘာလင်နှင့် ဟမ်းဘာ့ဂ်မြို့များတွင် ဆန့်ကျင်ဆန္ဒပြမှုများဖြစ်ပေါ်ခဲ့ရာ ဆန္ဒပြသူများနှင့် ရဲတပ်ဖွဲ့ဝင်တို့အကြား ပဋိပက္ခများဖြစ်ခဲ့ကြသည်။ အလုပ်လက်မဲ့ထူပြောမှုကိုအကြောင်းပြုလျက် နိုင်ငံခြားသားများအနေဖြင့် ဂျာမနီနိုင်ငံသို့ ဝင်ရောက်နေထိုင်ခွင့်ကို ချုပ်ချယ်ကန့်သတ်ပေးရန် တောင်းဆိုမှုများလည်း တိုးပွားလာနေသည်။

ဇွန်လ ၁ ရက်နေ့တွင် ကျင်းပသောဆိုရှယ်ဒီမိုကရက်တစ်ပါတီ၏ အထူးကွန်ဖရင့်က ဝန်ကြီးချုပ်

ရှရိုးဒါး၏ စီးပွားရေးပြုပြင်ပြောင်းလဲရေး အဆိုပြုချက်များကို တခဲနက်ထောက်ခံအတည်ပြုပေးခဲ့သည်။ ဤသို့အတည်ပြုပေးလိုက်သဖြင့် လိုအပ်သော သက်ဆိုင်ရာဥပဒေပြုလုပ်ငန်းများကို အစိုးရသည် ဆက်လက်လုပ်ကိုင်ခွင့်ရသွားခဲ့သည်။ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစတင်အသက်ဝင်လာမည့် ဝင်ငွေခွန်လျှော့ချရေးကို ဝန်ကြီးအဖွဲ့က အတည်ပြုပေးခဲ့သည်။ ဝင်ငွေခွန်ပမာဏကို ယူရို ၂၂ ဘီလီယန်အထိလျှော့ချပေးတော့မည်ဖြစ်သည်။ ကုန်ကျစရိတ်များကို ချွေတာခြင်း၊ အသုံးစရိတ်များကို လျှော့ချခြင်းတို့ကြောင့် ၂၀၀၄ ခုနှစ်တွင် ဘတ်ဂျက်လိုငွေပြမှုသည် ၃ ရာခိုင်နှုန်းထက်ကျော်တော့မည်မဟုတ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးက ပြောကြားခဲ့သည်။

ဇွန်လ ၂၀ ရက်နေ့တွင် အတိုက်အခံပါတီများက လွှမ်းမိုးထားသည့် အထက်လွှတ်တော်က အစိုးရအဖွဲ့၏ လူဝင်မှုဥပဒေကြမ်းကို ပယ်ချခဲ့သည်။ အတိုက်အခံပါတီများက တင်ပြထားသည့် ပြင်ဆင်ချက်များကို ဥပဒေကြမ်းတွင် ပြင်ဆင်ထားကြောင်း မတွေ့ရသဖြင့် ဤကဲ့သို့ပယ်ချခဲ့ခြင်းဖြစ်သည်။

ဇူလိုင်လ ၁၄ ရက်နေ့မှ ၁၈ ရက်နေ့အထိ ကာလအတွင်း ဂျာမန်ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးတာဝန်တို့ကို ယူထားသူဂျော့ရှ်ကာဖစ်ရှာသည် အမေရိကန်ပြည်ထောင်စုသို့ တရားဝင်သွားရောက်ခဲ့သည်။ သူသည် အမေရိကန် ဒုတိယသမ္မတဒစ်ချေနီး၊ နိုင်ငံခြားရေးဝန်ကြီးကောလင်းပါဝယ်လ်၊ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်ကွန်ဒိုလီဇာရိုက်စ်တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ဂျာမနီနှင့် အမေရိကန် ပြည်လည်သင့်မြတ်ရေးအတွက် သွားရောက်ခဲ့ခြင်းဖြစ်သည်။

ဘာဗေးရီးယားပြည်နယ်တွင် စက်တင်ဘာလ ၂၁ ရက်နေ့က လွှတ်တော်ရွေးကောက်ပွဲများကို ကျင်းပခဲ့သည်။ ထိုရွေးကောက်ပွဲ၌ လက်ရှိအာဏာရ ခရိယာန်ဒီမိုကရက်တစ်ယူနီယံပါတီက ပြည်နယ်အစိုးရအဖွဲ့အာဏာကို ဆက်လက်ထိန်းသိမ်းထားနိုင်လောက်အောင် အနိုင်ရခဲ့သည်။ ထိုရွေးကောက်ပွဲ၌ ခရိယာန်ဒီမိုကရက်တစ်ယူနီယံပါတီက ကိုယ်စားလှယ် ၁၂၄ ဦးနှင့် ဆိုရှယ်ဒီမိုကရက်တစ်ပါတီက ၄၁ ဦး အသီးသီးရွေးချယ်တင်မြှောက်ခံခဲ့ကြရသည်။ ဒုတိယကမ္ဘာစစ်ပြီးကာလတွင် ဤပြည်နယ်၌ ဆိုရှယ်ဒီမိုကရက်ပါတီသည် လွှတ်တော် ကိုယ်စားလှယ်ဦးရေ အနည်းဆုံးရရှိခဲ့ခြင်းဖြစ်သည်။

တစ်ချိန်တည်းတွင် ဘာဗေးရီးယားပြည်နယ်အခြေခံဥပဒေပြင်ဆင်ချက်များအတွက် ပြည်သူ့ဆန္ဒခံယူပွဲများကို ကျင်းပခဲ့ရာ ပြည်သူတို့က ပြင်ဆင်ချက်များကို အတည်ပြုပေးခဲ့ကြသည်။ အခြေခံဥပဒေပြင်ဆင်ချက်များမှာ (၁) ပြည်နယ် အစိုးရ



ဂျာမနီဝန်ကြီးချုပ်ဂါဟာဒ်ရှရိုးဒါး (ယာ) နှင့် ရုရှားသမ္မတပူတင်တို့ ဘာလင်မြို့တွင် ပူးတွဲသတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ်။

သည် လုံလောက်သောရန်ပုံငွေမပေးဘဲ ဒေသဆိုင်
ရာ အာဏာပိုင်အဖွဲ့များ (မြူနီစီပယ်အဖွဲ့များ)
အပေါ် တာဝန်များပိုမိုချထားခြင်း မပြုရ။ (၂)
လူ့အခွင့်အရေးနှင့် ဂုဏ်သိက္ခာကို အကာအကွယ်
ပေးနေသည့် လက်ရှိအာမခံချက်ပေးထားမှုများအရ
ဗီဇဓာတ်ပြုပြင်ပြောင်းလဲခြင်း (genetic engime
aring) ကို တရားမဝင်ဟု သတ်မှတ်ရမည်။ (၃)
ကလေးသူငယ်များနှင့် လူငယ်တို့ကို တရားမဲ့ပြုကျင့်
မှုများမှ အကာအကွယ်ပေးရမည်။ (၄) ဘာဗေးရီး
ယားလွှတ်တော်ကိုယ်စားလှယ်ကောင်း အဖြစ်ဝင်
ရောက်ရွေးချယ်ခံပိုင်ခွင့် အသက်ကန့်သတ်ချက်ကို
၂၁ နှစ်မဟုတ်ဘဲ ၁၈ နှစ်ဟုပြောင်းလဲသတ်မှတ်ရ
မည်။ ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေကို
အတည်ပြုပြဋ္ဌာန်းခဲ့စဉ်က ဂျာမန်အနောက်ပိုင်းပြည်
နယ်များအနက် အာဗေးရီးယားပြည်နယ်တစ်ခု
တည်းသာလျှင် မူလရှိပြီးအခြေခံ ဥပဒေအတိုင်း
ဆက်လက် ကျင့်သုံးရန်ရွေးချယ် သတ်မှတ်ခဲ့သည်။
သို့ရာတွင် ပြည်ထောင်စုအခြေခံဥပဒေနှင့် ပြည်နယ်
အခြေခံ ဥပဒေတို့အကြား သဘောထားကွဲလွဲမှု
ရှိပါက ပြည်ထောင်စုအခြေခံဥပဒေသာလျှင်လွှမ်းမိုး
ရမည် ဟုသတ်မှတ်ထားသည်။

မူဆလင်အမျိုးသမီးကျောင်းဆရာမများသည်
စာသင်ခန်းအတွက်ခေါင်းစီးပုဝါဆောင်းပိုင်ခွင့်ရှိသည်
ဟု ပြည်ထောင်စုအခြေခံဥပဒေဆိုင်ရာရုံးက
စက်တင်ဘာလ ၂၄ ရက်နေ့တွင် ဆုံးဖြတ်စီရင်ခဲ့
သည်။ ၁၉၉၈ ခုနှစ်က ဘာဒင်ဝူတင်းဘာ့ဂ်ပြည်နယ်
၌ အစ္စလာမ်ဘာသာထုံးစံအရ ခေါင်းစီးပုဝါဆောင်း
ပိုင်းခွင့်နှင့် ပတ်သက်၍ ဥပဒေသတ်မှတ်ချက်မရှိ
သော်ငြားလည်း ခေါင်းစီးပုဝါဆောင်းခဲ့သော
မူဆလင်အမျိုးသမီးဆရာမတစ်ဦးမှာ အလုပ်ဖြုတ်ခံ
ရမည်ဟု ထိုပြည်နယ်တရားရုံးက ဆုံးဖြတ်ခဲ့သည်။
ယင်းသို့ ဆုံးဖြတ်ချက်ကို အခြေပြုလျက် ပြည်ထောင်စု
အခြေခံဥပဒေဆိုင်ရာ ခုံရုံးကယ္ခုကဲ့သို့ စီရင်ထုံးချ
မှတ်လိုက်ခြင်းဖြစ်သည်။ ဤခုံရုံးကပင် စီရင်ထုံးတစ်
ရပ်ကိုလည်း ဆက်လက်ချမှတ်ခဲ့သည်။ ဂျာမန်
ပြည်ထောင်စုရှိ ပြည်နယ်တစ်ခုချင်းသည် ပညာရေး
ဆိုင်ရာတာဝန်ယူမှုကို မလစ်ဟင်းစေဘဲ လူမှုရေးနှင့်
ဘာသာရေးကျင့်ဝတ်များဆိုင်ရာ ဥပဒေများကို
ချမှတ် ပြဋ္ဌာန်းနိုင်သည်ဟု သတ်မှတ်ခဲ့သည်။ ဤသို့
စီရင်ထုံးများချမှတ်ခဲ့မှုကို ဂျာမနီနိုင်ငံရှိ မူဆလင်
များက ကြိုဆိုခဲ့ကြသည်။ သို့ရာတွင်ဤစီရင်ထုံးကို
မှီးလျက် အက်စ်ပြည်နယ်၊ ဆက်ဇွန်နီအောက်ပိုင်း
ပြည်နယ်နှင့် ဘာဗေးရီးယားပြည်နယ်တို့က ၎င်းတို့၏
ပြည်နယ်များရှိ အစိုးရကျောင်းများတွင် မူဆလင်
အမျိုးသမီးဆရာအနေဖြင့် ခေါင်းစီးပုဝါဆောင်း
ပိုင်ခွင့်မရှိဟု အသီးသီးပြဋ္ဌာန်းခဲ့ကြသည်။ ခရိယာန်
ဒီမိုကရက်တစ်ယူနီယံပါတီမှ ဘာသာရေးကိစ္စများ
နှင့်ပတ်သက်၍ ပြောရေးဆိုခွင့်ရှိသူက “ခရိယာန်
မဟုတ်သော ကျင့်ထုံးများကို သည်းခံခွင့်လွှတ်
ပေးထားမှုသည် ပြည်သူ့ဝန်ထမ်းဌာနများ၌ ဘာသာ
ရေးနိမိတ်ပုံဆောင်သော ခေါင်းစီးပုဝါ ဆောင်းပိုင်
ခွင့်မျိုးအထိ တံခါးဖွင့်လိုက်လျော့နိုင်မည်မဟုတ်”
ဟုပြောကြားခဲ့သည်။

အောက်တိုဘာလ ၇ ရက်နေ့တွင် အောက်လွှတ်
တော်က ၂၀၁၀ ပြည့်နှစ်အစီအစဉ်ကို အတည်ပြု
လက်ခံခဲ့သည်။ ဝန်ကြီးချုပ်ရှရိုးဒါးက သူ၏စီးပွားရေး
ပြုပြင်ပြောင်းလဲမှုများကို ကန့်ကွက်လျှင်ဆိုရှယ်ဒီမို
ကရက်တစ်ပါတီခေါင်းဆောင် အဖြစ်မှနုတ်ထွက်မည်
ဟူသောခြိမ်းခြောက်မှုကြောင့် ၎င်းပါတီမှလက်ဝဲ
လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်တွင်း
၌အဆိုပါအစီအစဉ်တွင် ပြင်ဆင်ပြောင်းလဲမှုများ
လုပ်မည်ဟုအတိုက်အခံပါတီများက ပြောဆိုခဲ့ကြ
သည်။

အောက်တိုဘာလအတွင်း ဂျာမန်အစိုးရသည်
အစ္စလာမ်အစွန်းရောက်ဝါဒီတို့နှင့် လက်ယာအစွန်း
ရောက်လူဖြူတို့ကို ဆက်လက်နှိမ်နင်းဖမ်းဆီးမှုများ
ပြုလုပ်ခဲ့သည်။ အောက်တိုဘာလ ၂၂ ရက်နေ့က
နာဇီလက်သစ်ဝါဒီလူငယ်သုံးဦးတို့အား တရားရုံးက
ထောင်ဒဏ် ၁၅ နှစ်အထိ ချမှတ်ခဲ့သည်။ အဆိုပါ
လူငယ်သုံးဦးသည် လူဖြူကျောင်းသားကလေးတစ်ဦး

အားဂျူးနှင့်တူသည်ဟုဆိုကာ သေဆုံးသွားသည် အထိညှင်းပမ်းနှိပ်စက်ခဲ့ကြသည်။ အောက်တိုဘာလ ၂၈ ရက်နေ့ကလည်း ဂျာမနီမြောက်ပိုင်း၌ ရှာဖွေစီးနှိမ်နင်းခဲ့ရာမှ "တိုက်ပွဲ ၁၈" ဟုအမည်ပေးထားသော လက်ယာအစွန်းရောက်ဂိုဏ်းဝင် ၁၀ ဦးကိုဖမ်းဆီးခဲ့သည်။ လက်နက်များနှင့်တကွ နာဇီအထိမ်းအမှတ်အသုံးအဆောင်ပစ္စည်းများကိုပါ သိမ်းဆည်းရမိခဲ့သည်။ ဂျာမန်အစိုးရသည် ၁၉၉၈ ခုနှစ်က နာဇီတို့ကဂျူးတို့အား ထိုးနှက်တိုက်ခိုက်ခဲ့မှု အထိမ်းအမှတ်အဖြစ်ယခုတစ်ဖန် ထပ်မံပြုလုပ်ကြဦးမည်ကို စိုးရိမ်ခဲ့သည်။ သို့ဖြစ်၍နာဇီလက်သစ်ဝါဒီများကို ယခုကဲ့သို့ အရေးယူဖမ်းဆီးဆောင်ရွက်နေခြင်းဖြစ်သည်။

အောက်တိုဘာလ ၂ ရက်နေ့တွင် ကာကွယ်ရေးဝန်ကြီးပီတာစထရပ်က လက်နက်ကိုင်တပ်ဖွဲ့များ၏ အင်အားကို ၂၀၁၀ ပြည့်နှစ်တွင် ၁၀ ရာခိုင်နှုန်းအထိလျှော့ချမည်ဟု ကြေညာခဲ့သည်။ နိုင်ငံရပ်ခြားသို့ပို့လွှတ်ရန်အခြေအနေများ ပေါ်ပေါက်လာသဖြင့် ဂျာမန်စစ်တပ်များအား ပို၍ပြောင်းလွယ်ပြင်လွယ်ဖြစ်ရေး၊ ပြောင်းလဲလာသည့် အခြေအနေများအလိုက်အလျင်အမြန် ပြုပြင်တုံ့ပြန်ဆောင်ရွက်နိုင်ရေး၊ စစ်ရေးအတတ်ပညာများ ပိုမိုပြောင်မြောက်ရေး၊ စစ်ဘက်ဆိုင်ရာလုပ်ငန်းတာဝန်များကို ပိုမိုပီပြင်ကျေပွန်စွာထမ်းဆောင်နိုင်ရေးတို့အတွက် ယခုကဲ့သို့ လက်နက်ကိုင်တပ်ဖွဲ့အင်အားတို့ လျှော့ချရန်စီစဉ်ခြင်းဖြစ်သည်။ ဤရည်ရွယ်ချက်အရ စစ်သည်အင်အားကို ၂၈၀၀၀၀ မှ ၂၅၀၀၀၀ အထိလည်းကောင်း အရပ်သားစစ်ဘက်ဝန်ထမ်းအင်အားကို ၁၂၀၀၀၀ မှ ၇၅၀၀၀ အထိလည်းကောင်းအသီးသီး လျှော့ချသွားတော့မည်ဖြစ်သည်။

အောက်တိုဘာလ ၃ ရက်နေ့က ခရိယာန်ဒီမိုကရက်တစ်ယူနီယံပါတီမှ လွှတ်တော်ကိုယ်စားလှယ် မာတင်ဟိုးမန်းသည် ဟက်စ်ပြည်နယ်ရှိသူ၏ မဲဆန္ဒရှင်များသို့မိန့်ခွန်းပြောကြားခဲ့သည်။ ထိုမိန့်ခွန်း၌ နာဇီခေတ် ပြစ်မှုကျူးလွန်မှုများအတွက် ဂျာမန်ပြည်သူတို့အပေါ် ချည်း လုံးဝအပြစ်ဖို့ရန် မသင့်တော်ကြောင်း ဂျူးတို့မှာလည်းအပြစ်ရှိကြောင်း၊ ဂျူးလူမျိုးတို့သည် ပြစ်မှုကျူးလွန်သောလူမျိုးဖြစ်ကြောင်း၊ ရုရှားအောက်တိုဘာတော်လှန်ရေးတွင် ဘော်လရှီဗစ်ဂိုဏ်းဝင်ဂျူးတို့ သတ်ဖြတ်မှုနှင့် ရက်စက်မှုများကို ကျူးလွန်ခဲ့ကြောင်းပြောကြားခဲ့သည်။ ဂျူးဆန့်ကျင်ရေးကို ဤသို့ပြောခဲ့သဖြင့် လွှတ်တော်တွင်းရှိ C D U နှင့် အပေါင်းပါအဖွဲ့များက ဟိုးမန်းအား လွှတ်တော်တွင်း အုပ်စုအဖွဲ့မှထုတ်ပစ်ရန် နိုဝင်ဘာလ ၁ ရက်နေ့က ဆုံးဖြတ်ခဲ့သည်။ ဂျာမနီရှိ ဂျူးတို့ကလည်း ဟိုးမန်းကို ရှုတ်ချခဲ့ကြသည်။ သို့ရာတွင် ဟိုးမန်းအား ချီးကျူးဂုဏ်ပြုသူတို့လည်း ရှိခဲ့သည်။ ယင်းသို့ချီးကျူးသူများအနက် ဂျာမန်အထူးတပ်ဖွဲ့များမှ ဗိုလ်ချုပ်ကြီးရိုင်းဟဒ်ဂွန်ဇဲလ်လည်း ပါဝင်ခဲ့သည်။ ဂျာမနီနိုင်ငံ၌ ကြားရခဲသော သတ္တိပြောင်မြောက်စွာ အမှန်တရားကိုရှင်းလင်း ပြတ်သားစွာ ပြောကြားခဲ့မှုအား ချီးကျူးကြောင်းကို ထို ဗိုလ်ချုပ်ကြီးကဟိုးမန်းထံသို့ စာဖြင့်ရေးသား ပေးပို့ခဲ့သည်။ ထိုသို့စာရေးသားပေးပို့မှုကြောင့် ဂျာမန်စစ်တပ်၏ ဂုဏ်သိက္ခာကိုထိခိုက်စေသည်ဟုဆိုလျက် ကာကွယ်ရေးဝန်ကြီးက ထိုဗိုလ်ချုပ်ကြီးအား ရာထူးထုတ်ပယ်ပစ်လိုက်သည်။

ဒီဇင်ဘာလ ၁ ရက်နေ့တွင် ဝန်ကြီးချုပ်ရှရိုးဒါးသည်တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ၃ ရက်ကြာခရီးသွားရောက်ခဲ့သည်။ တရုတ်နှင့်ဂျာမန်စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ ထို့ပြင်အီရတ်အရေးကိစ္စအပေါ် အမြင်ချင်းဖလှယ်ခဲ့သည်။ ကုလသမဂ္ဂ၏အခန်းကဏ္ဍတိုးမြှင့်ရေးကိစ္စကိုလည်း ဆွေးနွေးခဲ့သည်။

ဒီဇင်ဘာလအတွင်း ပြင်သစ်နှင့်ဂျာမနီတို့သည် ဥရောပသမဂ္ဂ၏ အခြေခံဥပဒေမူကြမ်းကို ကျန်အဖွဲ့ဝင်နိုင်ငံများက လက်ခံရေးအတွက် သံတမန်နည်းလမ်းများအရ ကြိုးပမ်းခဲ့သည်။ အင်အားကြီး၊ အင်အားငယ်နိုင်ငံတို့အကြား မညီမျှမှု၊ မဲဆန္ဒပေးခွင့်၊ ခရိယာန်ဘာသာကို အသိအမှတ်ပြုမှုတို့ဖြင့် သဘောထားကွဲလွဲနေခဲ့ကြသည်။

ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ဂျာမနီအစိုးရက ဘုရှ်အစိုးရအဖွဲ့ထံသို့ ၁၄ ရက်နေ့တွင် အီရတ်ခေါင်းဆောင်ဆက်ဒမ်ဟူစိန်အား ဖမ်းဆီးမိခဲ့ခြင်းအတွက် ချီးကျူးဂုဏ်ပြုကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ သို့ရာတွင်အီရတ်အချုပ်အခြာအာဏာကို အီရတ်ပြည်သူများသို့အမြန်ဆုံးလွှဲပြောင်းပေးရန်လည်း တိုက်တွန်းလိုက်သည်။

ဦးခင်မောင်မြ

**စင်ကာပူနိုင်ငံ။** ။အကောင်းနှင့်အဆိုးကျရောက်ချိန်များတွင် စင်ကာပူနိုင်ငံသားများသည် မိသားစုကြီးသဖွယ်မှတ်ယူထားကြပြီး စိန်ခေါ်မှုများကိုခိုင်မာတောင့်တင်းအောင်လုပ်ဆောင်ကြရန် ဝန်ကြီးချုပ်ဂိုချောက်တောင်က စင်ကာပူနိုင်ငံသားများထံ ရိုးရာလူနာနှစ်သစ်ကူးသဝဏ်လွှာပေးပို့ရာတွင် တိုက်တွန်းပြောကြားခဲ့သည်။ မိသားစု၏ စုစည်းညီညွတ်မှုသည် အမာကြောဆုံးသော အရာကိုပင် ဖြတ်တောက်နိုင်စွမ်းရှိသော အင်အားစုကြီးတစ်ခုဖြစ်သည်ဆိုသော တရုတ်စကားပုံကို ရည်ညွှန်းပြောဆိုခြင်းဖြစ်သည်။ မိသားစုသည် တစ်ဦးကိုတစ်ဦး ဖေးမကူညီရန် စုပေါင်းအားထုတ်ကြမည်ဆိုပါက မိမိတို့သည် နိုးကြားထကြွမှုရှိပြီး မိသားစုတစ်ခုသဖွယ် အစဉ်လုပ်ဆောင်ကြမည်ဆိုပါက အခက်အခဲမှ ရုန်းထွက်လွတ်မြောက်နိုင်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ဂိုချောက်တောင်က ပြောကြားခဲ့သည်။ စက်တင်ဘာလ ၁၈-၁၉ ရက်နေ့များတွင် စင်ကာပူ၌ ကျင်းပသော တတိယအကြိမ်အာဆီယံ ကြေးနန်းဆက်သွယ်ရေးနှင့် ပြန်ကြားရေး၊ ကြေးနန်းဆက်သွယ်ရေးအိုင်တီ-ဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲတွင် အမှာစကား ပြောကြားရာ၌ ဝန်ကြီးချုပ် ဂိုချောက်တောင်က အာဆီယံအသင်း အားသစ်လောင်းရန် လိုအပ်ပုံကို ပြောကြားခဲ့သည်။ နှစ်ပေါင်းအနည်းငယ်က အာဆီယံအသင်းမှာ ကြမ်းတမ်းသောအခက်အခဲများနှင့် ကြုံကြိုက်ခဲ့ရပုံကို ဂိုချောက်တောင်က ပြောကြားခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် အရေးကြီးသော ဘဏ္ဍာရေးအကျပ်အတည်း ဖြစ်ခဲ့သည်။စက်တင်ဘာလ ၁၁ ရက်နေ့ နောက်ပိုင်း အကြမ်းဖက်ဝါဒလှိုင်းဂယက်ထခဲ့သည်။ ယခု ၂၀၀၃ ခုနှစ် စောစောပိုင်းက ဆားရောဂါဖြစ်ပွားခဲ့သည်။ အင်အားချိနဲ့သောကမ္ဘာ့ဈေးကွက်က ဒေသတွင်း စီးပွားရေးကို ထိခိုက်စေသည်။ ကမ္ဘာ့စီးပွားရေးတွင် အဓိကအခန်းကဏ္ဍမှ ဆက်လက်ပါဝင်နေရအောင် အာဆီယံကိုယ်တိုင်က အားသစ်လောင်းရန်လိုအပ်သည်။ အောင်မြင်မှုပေးခဲ့သော အခြေခံများကို ကျွန်ုပ်တို့ထူထောင်သင့်သည်။ လွတ်လပ်သော ဈေးကွက်၊ လုံခြုံဘေးကင်းသောဒေသ၊ ဆင်းရဲမှုပပျောက်ရေး ပြည်သူတို့အတွက် စာပေတတ်မြောက်ခြင်းနှင့် ကုန်ထုတ်စွမ်းအား တိုးတက်ရေးတို့ဖြစ်သည်။ ရင်းနှီးမြှုပ်နှံသူများအတွက် မျှော်လင့်ချက်အသစ်များကိုလည်းပေးရမည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှာ ဒေသတွင်းစီးပွားရေးလုပ်ရန် ကုမ္ပဏီများအတွက် ပိုမိုပြိုင်ဆိုင်မှုပြုလုပ်စေရမည်။ အာဆီယံအဖွဲ့အတွင်း အကောက်ခွန်လျှော့ချရန်လိုအပ်သည်။ မလိုအပ် သော စည်းကမ်းဥပဒေများနှင့် ဗျူရိုကရေစီလုပ်ငန်းစဉ်များကဲ့သို့သော အကောက်ခွန်မဲ့ အတားအဆီးများကို ဖယ်ရှားရန်လိုသည်။ ကြေးနန်းဆက်သွယ်ရေး၊ ဘဏ္ဍာရေးနှင့် ကြေးစားဝန်ဆောင်မှုကဲ့သို့သော ဝန်ဆောင်မှုအပိုင်းကဏ္ဍကျယ်ပြန့်ရန်လိုသည် စသည်ဖြင့် ဂိုချောက်တောင်က ပြောကြားခဲ့သည်။ ယင်းအစည်းအဝေးကို ၂၀၀၁ ခုနှစ်တွင် ကွာလာလန်ပူနှင့် ၂၀၀၂ ခုနှစ်တွင် မနီလာမြို့တွင် ကျင်းပခဲ့သည်။

လုံခြုံရေးတင်းကြပ်ဆောင်ရွက်ချက်အနေဖြင့် နိုဝင်ဘာလမှစ၍ လေယာဉ်ကိုယ်ထည်ပြင်ပတွင် စင်ကာပူလေယာဉ်လိုင်းအားလုံး၌ ထောက်လှမ်းရေးကင်မရာများ တပ်ဆင်ထားမည်ဖြစ်ကြောင်း အောက်တိုဘာလ ၄ ရက်နေ့တွင် အရှေ့တောင်အာရှအကြီးဆုံးလေကြောင်းက ပြောကြားသည်။ စင်ကာပူလေကြောင်းနှင့် ၎င်း၏ အုပ်စုဝင်ဆီးလ်လေကြောင်းတို့တွင် ကျည်ဆံခံတံခါးများ တပ်ဆင်

ထားပြီးဖြစ်သည်။ အမေရိကန်ပြည်ထောင်စုတွင် ၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့က လေယာဉ်ပြန်ပေးဆွဲအပိုင်စီးမှုဖြစ်ပွားပြီးနောက် စင်ကာပူနိုင်ငံက လုံခြုံရေးစောင့်ရှောက်မှုအဆင့်မြှင့်၍ အိမ်နီးချင်းအင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း အပန်းဖြေစခန်းတွင် အောက်တိုဘာလ၌ ဗုံးပေါက်ခွဲမှုဖြစ်ပွားပြီးနောက် လုံခြုံရေးကို ထပ်မံတင်းကျပ် ခဲ့သည်။ ဧပြီလတွင် လေယာဉ်များ၌ ကျည်ဆံခံ တံခါးများတပ်ဆင်ခဲ့၍ ထောက်လှမ်းရေးကင်မရာများ ထပ်မံတပ်ဆင်ခြင်းဖြစ်သည်။ သို့မှသာ လေယာဉ်အမှုထမ်းများက လေယာဉ်ကို ချက်ချင်းမြင်နိုင်မည် ဖြစ်သည်။ အာရှတွင် အနောက်တိုင်းပုံစံ စီးပွားရေးလုပ်ငန်းအတွက် မြို့တော်နိုင်ငံတစ်ဝန်းတွင် လုံခြုံရေးကို တိုးမြှင့်ဆောင်ရွက်ခဲ့သည်။ လေယာဉ်အားလုံး၌ ကင်မရာတပ်ဆင်ခြင်းလုပ်ငန်းကိုနိုဝင်ဘာလတွင် အပြီးသတ်မည်ဖြစ်သည်။ လေယာဉ်ကွင်းများနှင့် မလေးရှားနယ်စပ်ဒေသများကို တပ်မတော်သားများက စောင့်ရှောက်ပေးသည်။ အမေရိကန်အကြမ်းဖက်တိုက်ဖျက်ရေးစစ်ပွဲကို ထောက်ခံသောကြောင့် စင်ကာပူနိုင်ငံမှာ စစ်သွေးကြွတို့အတွက် ပစ်မှတ်တစ်ခုဖြစ်ကြောင်းအစိုးရက ပြောကြားခဲ့သည်။ တစ်နှစ်ကျော်ကာလအတွင်းလုံခြုံမှုစောင့်ရှောက်ရေးပိုမိုပြုလုပ်ရ၍ ဒေါ်လာငွေ သန်းပေါင်းများစွာ ကုန်ကျကြောင်း လေယာဉ် ၉၅ စင်းရှိသော စင်ကာပူလေကြောင်းတွင် လေယာဉ် ၇၅ စင်း၌ ကင်မရာများ တပ်ဆင်ပြီးဖြစ်ကြောင်း စင်ကာပူလေကြောင်း ပြောခွင့်ရပုဂ္ဂိုလ် ရစ်က်ကလီမင့်က ပြောကြားသည်။

စင်ကာပူနိုင်ငံ၏ စီးပွားရေးပြန်လည်ကောင်းမွန်လာရာ အကျိုးဆက်အဖြစ် ၂၀၀၃ ခုနှစ်အတွင်း အလုပ်လက်မဲ့နှုန်းလျော့ပါးသွားဖွယ်ရာရှိကြောင်း စင်ကာပူအမျိုးသားအလုပ်သမားသမဂ္ဂကွန်ဂရက်အကြီးအကဲလင်မ်ဘွန်းဟန်က စင်ကာပူမြို့တော်၌ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ပြောကြားသည်။ ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလတွင် အလုပ်လက်မဲ့နှုန်းကျဆင်းသွားရာ နိုင်ငံ၏စီးပွားရေးမှာ နှေးကွေးစွာဖြင့် ပြန်လည်ကောင်းမွန်လာခြင်းကို ပြသနေသည်။ စက်ရုံအလုပ်ရုံများနှင့် ကုမ္ပဏီအမျိုးမျိုးတွင် ဖန်တီးလုပ်ဆောင်ထားပြီးဖြစ်သော လုပ်ငန်းကို အမြန်ဆုံးထိန်းထားနိုင်ရေးအတွက် စင်ကာပူနိုင်ငံက အစွမ်းကုန်ကြိုးပမ်း လုပ်ဆောင်ထားသည်။ ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် စင်ကာပူနိုင်ငံသည် စီးပွားရေးလုပ်ငန်းပါဝင်မှုနှင့် အလုပ်အကိုင်ပါဝင်မှုတို့ကို ဆက်လက်ထိန်းထားနိုင်မည်စသည်ဖြင့် လင်မ်ဘွန်းဟန်က ပြောကြားခဲ့သည်။

စင်ကာပူနိုင်ငံ၏ စီးပွားရေးမှာ ၂၀၀၃ ခုနှစ် ဒုတိယသုံးလပတ်တွင် ၄ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ခဲ့သည်ဟု အစိုးရသတင်းထုတ်ပြန်ချက်၌ ဩဂုတ်လ ၁၁ ရက်နေ့တွင်ဖော်ပြပါရှိသည်။ ၂၀၀၃ ခုနှစ် ဒုတိယသုံးလပတ်၌ စက်ရုံအလုပ်ရုံ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုနှစ်မျိုးလုံးမှာ လျော့ကျခဲ့ကြောင်း ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနထုတ်ပြန်ချက်၌ ဖော်ပြထားသည်။ ကုန်ပစ္စည်းထုတ်လုပ်ရေးနှင့် ဆောက်လုပ်ရေးလျော့ကျလာခြင်းကြောင့် ဒုတိယသုံးလပတ်တွင် ထုတ်လုပ်ရေး ၇ ရာခိုင်နှုန်းကျဆင်းသွားသည်။ ထိုကာလတွင် စက်ရုံအလုပ်ရုံများနှင့် ဆက်စပ်နေသော ခရီးသွားလာရေးနှင့် သယ်ယူပို့ဆောင်ရေးတွင် ဆားရောဂါကြောင့် ဝန်ဆောင်မှုလုပ်ငန်းများ ၃ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းသွားသည်။ ထိုကာလအတွင်း အလုပ်အကိုင်စုစုပေါင်း ၂၄၈၀၀ လျော့ကျသွားသည်။ ၂၀၀၂ ခုနှစ် ထိုအချိန်က အလုပ်အကိုင် ၄၁၀၀ ကျော် ဆုံးရှုံးခဲ့ရသည်။ ၂၀၀၃ ခုနှစ် ဒုတိယသုံးလပတ်တွင် စင်ကာပူနိုင်ငံ၏ ပြည်ပကုန်သွယ်ရေးမှာ ၂ ဒသမ ၈ ရာခိုင်နှုန်းတိုးချဲ့ခဲ့ရာ ပထမသုံးလပတ်က ၁၄ ရာခိုင်နှုန်း တိုးတက်ခဲ့၍ သိသိသာသာကျဆင်းခြင်းဖြစ်သည်။ မှတ်ပုံတင်ထားသော အဓိကကုန်သွယ်ရေးလုပ်ငန်းများ အားနည်းနေကြသည်။ ကမ္ဘာ့စီးပွားရေးတွင် မရေရာမသေချာမှုများကြောင့် ၂၀၀၃ ခုနှစ်အတွက် တိုးတက်ရန် မျှော်မှန်းချက်မှာ ခန့်မှန်းသည့်အတိုင်းဖြစ်မလာသည်ကို တွေ့ရပါသည်ဟု သတင်းကြေညာချက်၌ ဖော်ပြထားသည်။

လုပ်ငန်းကုန်ကျစရိတ်သက်သာစေရန် စင်ကာပူပြန်ကြားရေးနှင့် ဆက်သွယ်ရေးဖွံ့ဖြိုးမှု အာဏာပိုင်

အဖွဲ့ (အိုင်ဒီအေ) က အီလက်ထရောနစ်ထောက်ပံ့ ရေးစနစ်တီထွင်လိုက်ကြောင်း ဒေသခံသတင်းစာများက ဩဂုတ်လ ၂၂ ရက်နေ့တွင် ရေးသားဖော်ပြသည်။ အဆင့်မြင့်ကုန်တိုက်ကြီးများနှင့် ၎င်းတို့၏ ကုန်ပစ္စည်းပေးသွင်းသူများအတွက် စင်ကာပူဒေါ်လာ သန်း ၂၀ (အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၅သန်း) ဖြင့် ယင်းစနစ်ကို စတင်စမ်းသပ်လုပ်ကိုင်မည်ဖြစ်သည်။ ယခုအခါ စင်ကာပူရှိ အဆင့်မြင့်ကုန်တိုက်အသီးသီးမှ အမှာစာပုံစံများကို ယူ၍ ကုန်ပစ္စည်းပေးပို့ရန် ဆောင်ရွက်ကြရသည်။ ဩဂုတ်လ ၂၂ ရက်နေ့က စင်ကာပူတွင် သတ္တမအကြိမ်မြောက် အင်တာနက် ကူးသန်းရောင်းဝယ်ရေးညီလာခံတွင် ပြန်ကြားရေး၊ ဆက်သွယ်ရေးနှင့် အနုပညာဌာနဝန်ကြီး လီဘွန်ယန်က အဖွင့်အမှာစကားပြောကြားသည်။ စနစ်သစ်အရ ကုန်ပစ္စည်းတင်သွင်းခြင်းမှာ စရိတ်သက်သာသည်ဟု ဆိုပါသည်။ ယင်းစနစ်အပြင် ကုန်ပစ္စည်းတင်သွင်းသူများနှင့် အငယ်စားနှင့် အလတ်စား လုပ်ငန်းရှင်များအကြားလုပ်ငန်းသတင်းဖလှယ်မှု လွယ်ကူစေရန် နောက်ထပ်အစီအစဉ်များချမှတ်ဆောင်ရွက်ဖို့ အိုင်ဒီအေက စီစဉ်ထားသည်။ အိုင်ဒီအေလေ့လာချက်အရ စင်ကာပူစီးပွားရေးလုပ်ငန်း ၈၃ ရာခိုင်နှုန်းမှာ ပြန်ကြားရေးနှင့် ကြေးနန်းဆက်သွယ်ရေးနည်းပညာကို အသုံးပြုနေပြီဖြစ်သည်။

စင်ကာပူနိုင်ငံကုန်ပစ္စည်းထွက်နှုန်းမှာ ၂၀၀၂ ခုနှစ်၊ ဇူလိုင်လထွက်နှုန်းနှင့် နှိုင်းယှဉ်ပါက ၂၀၀၃ ခုနှစ်၊ ဇူလိုင်လတွင် ၆ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းသွားကြောင်း ဩဂုတ်လ ၂၆ ရက်နေ့တွင် ထုတ်ပြန်သော အစိုးရကြေညာချက်၌ ဖော်ပြပါရှိသည်။ ၂၀၀၃ ခုနှစ် ပထမ ၇ လတွင် ကုန်ထုတ်စွမ်းအား ၁ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းကြောင်း စီးပွားရေးဘုတ်အဖွဲ့က ထုတ်ပြန်သော သတင်းကြေညာချက်၌ ဖော်ပြသည်။ ၂၀၀၃ ခုနှစ်၊ ဇူလိုင်လတွင် အီလက်ထရောနစ်နှင့် ဓာတုပစ္စည်းများထုတ်ကုန်မှာ သုည ဒသမ ၄ နှင့် ၁ ဒသမ ၂ ရာခိုင်နှုန်းအသီးသီး တိုးတက်ခဲ့သည်။ စင်ကာပူစီးပွားရေး၏ ထောက်တိုင်အဖြစ်ကာလကြာမြင့်စွာကပင် မှတ်ယူထားခဲ့သော အီလက်ထရောနစ်ပစ္စည်းထုတ်လုပ်ရေး၌ တိုးတက်ခြင်းမှာ တစ်ဝက်တစ်ပျက်လျှပ်စစ်နှင့် အချက်အလက် သိုလှောင်သော ကိရိယာများက အဓိကအထောက်အကူပြုခဲ့သည်။ ဇီဝဆေးပစ္စည်းထုတ်လုပ်နှုန်း ၂၄ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ရန်လျာထားခြင်းမှာ ဆေးဖက်ပစ္စည်းများနှင့် ဆေးစက်မှုနည်းပညာပစ္စည်းတို့ တိုးတက်လာသောကြောင့်ဖြစ်သည်။ စင်ကာပူစီးပွားရေး ၂၀၀၃ ခုနှစ် ပထမ ၆ လတွင် ၁ ဒသမ ၃ ရာခိုင်နှုန်းတိုးရန် သတ်မှတ်ခဲ့သည်။ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက ပြန်လည် သုံးသပ်ရာတွင် ၂၀၀၃ ခုနှစ် တိုးတက်နှုန်းမှာ ၅ ဒသမ ၂၅ ရာခိုင်နှုန်းမှ ၁ ရာခိုင်နှုန်းသို့ ကျဆင်းသွားကြောင်းတွေ့ရှိရသည်ဟု ကြေညာချက်၌ ပါရှိသည်။

စင်ကာပူအစိုးရက စင်ကာပူဒေါ်လာ တစ်ဘီလီယံ (အမေရိကန်ဒေါ်လာသန်း ၅၇၀) တန်ဖိုးရှိသော ရန်ပုံငွေကို ထူထောင်လိုက်ကြောင်း ဩဂုတ်လ ၃၀ ရက်နေ့တွင် ဝန်ကြီးချုပ် ဂိုချောက်တောင်က ကြေညာခဲ့သည်။ ယင်းအကူအညီရန်ပုံငွေမှ စင်ကာပူဒေါ်လာသန်း ၆၀၀ (အမေရိကန်ဒေါ်လာ ၃၄၀) ကို ဆောက်လုပ်ရေးပိုင်းကရရှိမည်။ စင်ကာပူဒေါ်လာ သန်း ၁၀၀ (အမေရိကန်ဒေါ်လာ ၅၇ သန်းခန့်) ကို ခရီးသွားလုပ်ငန်းပြန်လည်ထူထောင်ရေးရန်ပုံငွေအဖြစ် ခရီးသွားလာရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများက ရရှိလိမ့်မည်။ အခြားအကူအညီများတွင် အလုပ်အကိုင်နှင့် သင်တန်းအစီအစဉ်များ ပါဝင်သည်။

အိန္ဒိယနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်မှာ နှစ်နိုင်ငံလုံးအတွက် စီးပွားရေးအားဖြင့် အကျိုးရှိမည်ဖြစ်၍ ဥရောပသမဂ္ဂနှင့် အမေရိကန်ပြည်ထောင်စုတို့နှင့် စင်ကာပူနိုင်ငံက အလားတူသဘောတူစာချုပ်များ ပြုလုပ်သောအခါ အထောက်အကူပြုလိမ့်မည်ဟု စက်တင်ဘာလ၁ရက်နေ့တွင် စင်ကာပူက ပြောကြားသည်။

နိုင်ငံတကာနားလည်မှုအတွက် ဂျဟာရယ်နေရူး ဆုလက်ခံရယူရန် ၂၀၀၄ ခုနှစ်၊ ဧပြီလ၌ နယူးဒေလီသို့ မိမိသွားသောအခါ အိန္ဒိယနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ဂိုချောက်တောင်က အောက်တိုဘာလ ၈ ရက်နေ့တွင် ဘာလီကျွန်း၌ ပြောကြားလိုက်သည်။ အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီကျွန်း အပန်းဖြေစခန်းနှင့် နဝမအကြိမ်မြောက် အာဆီယံ ထိပ်သီးစည်းဝေးပွဲ၌ အိန္ဒိယဝန်ကြီးချုပ် အတဲလ်ဘီ သကရီဗဂျာပါယီနှင့် တွေ့ဆုံသောအခါ ဤကိစ္စကို တင်ပြခဲ့သည်။ အာဆီယံအဖွဲ့ဝင် ဆယ်နိုင်ငံက ၂၀၂၀ ခုနှစ်တွင် ဒေသအတွင်း အကောက်ခွန်လွတ်ကုန်သွယ်ရေးဇုန်တည်ထောင်ရန် ဆုံးဖြတ်လိုက်သောကြောင့် ယင်းပူးပေါင်း ဆောင်ရွက်ရေးစာချုပ်မှာ ထူးခြားချက်ပါရှိသည်။ ၁၂ ကြိမ်မြောက် အရှေ့အာရှစီးပွားရေး ထိပ်သီးညီလာခံကို စင်ကာပူနိုင်ငံ၌ ကျင်းပရေးအတွက်အစီအစဉ်ကို ကမ္ဘာ့စီးပွားရေးဖိုရမ်က အောက်တိုဘာလ ၉ ရက်နေ့က ဂျီနီဗာမြို့တွင် ကြေညာခဲ့သည်။ စီးပွားရေးလုပ်ငန်းရှင်များ အဆင့်မြင့်အစိုးရအရာရှိများ ၃၂ နိုင်ငံမှ ကုန်သွယ်ရေးနှင့် စီးပွားရေးဆိုင်ရာ သတင်းစာဆရာများ အားလုံးပေါင်း ၈၀၀ ခန့် အောက်တိုဘာလ ၁၂ ရက်နေ့မှ ၁၄ ရက်နေ့အထိ ကျင်းပမည့်ထိပ်သီးညီလာခံတွင် ပါဝင်တက်ရောက်ကြမည်ဟု မျှော်လင့်ရသည်။ ပါဝင်တက်ရောက်ကြမည့် ထိပ်တန်းအစိုးရခေါင်းဆောင်များတွင် စင်ကာပူဝန်ကြီးချုပ်ဂိုချောက်တောင်နှင့် ဝါရင့်ဝန်ကြီးလီကွမ်ယူ၊ ဂျော်ဒန်နိုင်ငံဒုတိယမြောက်ဘုရင်အဗ္ဗဒူလာ၊ သီရိလင်္ကာနိုင်ငံသမ္မတဘန္ဒရာနာကေကုမာရတွန်ဂါနှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဟွန်ဆန်တို့ပါဝင်ကြသည်။


စင်ကာပူနိုင်ငံ၏ ကုန်ထုတ်စွမ်းအားမှာ ၂၀၀၂ ခုနှစ်၊ စက်တင်ဘာလ၌ နှိုင်းယှဉ်ပါက ၂၀၀၃ ခုနှစ်၊ စက်တင်ဘာလတွင် ၆ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်သွားကြောင်း အောက်တိုဘာလ ၂၈ ရက်နေ့က ထုတ်ပြန်သော အစိုးရကြေညာချက်၌ဖော်ပြပါရှိသည်။ အီလက်ထရောနစ်ပစ္စည်းများ၊ ဇီဝဆေးပစ္စည်းများ၊ ဓာတုပစ္စည်းများနှင့် အင်ဂျင်နီယာဆိုင်ရာ ပစ္စည်းများ အထွက်နှုန်းမြင့်တက်ခြင်းကြောင့် ယင်းသို့တိုးတက်ခြင်းဖြစ်ကြောင်း စီးပွားရေးဖွံ့ဖြိုးမှုဘုတ်အဖွဲ့က ထုတ်ပြန်သော သတင်းကြေညာချက်၌ ဖော်ပြထားသည်။ နှစ်စဉ်အီလက်ထရောနစ်ပစ္စည်းထုတ်လုပ်မှုမှာ ၁၁ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ဇီဝဓာတုပစ္စည်းထုတ်လုပ်မှုမှာ စက်တင်ဘာလအတွင်း ၁၁ ရာခိုင်နှုန်းတိုးတက်ခဲ့၍ ဆေးဖက်ပစ္စည်းတိုးတက်မှုနှုန်းမှာ ၁၃ ဒသမ ၅ ရာခိုင်နှုန်းရှိသည်။ ဓာတုပစ္စည်းများနှင့်အင်ဂျင်နီယာစက်ပစ္စည်းများထွက်နှုန်းမှာ ၈ ဒသမ ၁ နှင့် ၄ ဒသမ ၁ ရာခိုင်နှုန်းအသီးသီး တိုးတက်ခဲ့သည်။ ၂၀၀၃ ခုနှစ် ပထမ ၉လ တွင် အများသုံး အင်ဂျင်နီယာ စက်ပစ္စည်းထွက်နှုန်းမှာ သုည ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။ ကမ္ဘာ့ဈေးကွက်တွင် ဝယ်လိုအားတိုးတက်ကောင်းမွန်လာသဖြင့် ၂၀၀၄ ခုနှစ်တွင် ၃ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ရန် တင်ကြိုခန့်မှန်းလျှက် စီးပွားရေးပြန်လည်ဦးမော့လာရန် စင်ကာပူအစိုးရက မျှော်လင့်ထားသည်။

ကုန်သွယ်ရေး- စင်ကာပူနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်ရေးမှာ ၂၀၀၃ ခုနှစ် စက်တင်ဘာလတွင် စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၁ ဘီလီယံရှိရာ ၂၀၀၂ ခုနှစ် ထိုအချိန်ကထက် ၁၇ ရာခိုင်နှုန်း တိုးတက်လာကြောင်း အောက်တိုဘာလ ၁၉ ရက်နေ့က ထုတ်ပြန်သောအစိုးရကြေညာချက်၌ ဖော်ပြပါရှိသည်။ ၂၀၀၃ ခုနှစ် စက်တင်ဘာလတွင် ရေနံမဟုတ်သောအိမ်သုံးပစ္စည်းတင်ပို့မှုစုစုပေါင်းတန်ဖိုးမှာ နှစ်အလိုက် ၂၅ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ အီလက်ထရောနစ်ပစ္စည်းကို ၁၅ ဒသမ ၃ ရာခိုင်နှုန်းတိုးချဲ့တင်ပို့ခဲ့ရသည်ဟု ယခင်ကကုန်သွယ်ရေးဖွံ့ဖြိုးမှုဘုတ်အဖွဲ့ဟုထင်ရှား လူသိများခဲ့သော နိုင်ငံတကာလုပ်ငန်းစင်ကာပူ (အိုင်အီးစင်ကာပူ) ထုတ်ပြန်သော သတင်းကြေညာချက်၌ဖော်ပြပါရှိသည်။ အီလက်ထရောနစ်မဟုတ်သော ပစ္စည်းများကို

လည်း ၄၁ ဒသမ ၁ ရာခိုင်နှုန်းတင်ပို့ခဲ့ရသည်။ ဥရောပသမဂ္ဂနှင့် အမေရိကန်ပြည်ထောင်စုသို့ ဆေးပစ္စည်းတင်ပို့မှုအင်အားကောင်းခြင်းကြောင့် နှစ်စဉ်တိုးချဲ့တင်ပို့မှုအင်အားကောင်းလာသည်။ စက်တင်ဘာလတွင် အိမ်သုံးရေနံတင်ပို့မှု ၉ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ခဲ့ရာ ယခင်လကထက် ၁၀ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ရေနံမဟုတ်သော ပစ္စည်း ပြန်လည်တင်ပို့မှုနှုန်းမှာ ၁၇ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ခဲ့ရာ ယခင်နှစ်ကာလထက် ထူးထူးခြားခြား တိုးတက်ခြင်းပင်ဖြစ်သည်။ ၂၀၀၃ ခုနှစ် တတိယသုံးလပတ်တွင် စင်ကာပူစီးပွားရေး ၁ ရာခိုင်နှုန်းတိုးတက်ခဲ့သည်စသဖြင့် သတင်းကြေညာချက်၌ ဖေါ်ပြထားသည်။

နိုဝင်ဘာလတွင် စင်ကာပူကုန်သွယ်ရေးပမာဏမှာ နှစ်အလိုက် ၆ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်ခဲ့ရာ စင်ကာပူဒေါ်လာ ၄၀၃၀၄ သန်း (အမေရိကန်ဒေါ်လာ ၂၃၇၀၈ သန်းခန့်) အထိရောက်ရှိခဲ့သည်။ နိုဝင်ဘာလတွင် ရေနံမဟုတ်သော ပစ္စည်းတင်ပို့မှုမှာ ၂ ဒသမ ၃ ရာခိုင်နှုန်းတိုးချဲ့ခဲ့သည်။ အောက်တိုဘာလတွင် ၁၆ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီးနောက် နိုဝင်ဘာလတွင် အီလက်ထရောနစ်ပစ္စည်းတင်ပို့နှုန်းမှာ ၆ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်ခဲ့သည်စသဖြင့် သတင်းထုတ်ပြန်ချက်၌ ဖေါ်ပြထားသည်။

ကျန်းမာရေး- စက်တင်ဘာလ ၁၂ ရက်နေ့တွင် ကူးစက်မြန်ပြင်းထန်အဆုတ်ရောင်ရောဂါ (ဆား) ဖြစ်ပွားမှု အသစ်တွေ့ရှိရကြောင်း အတည်ပြုပြီးနောက် (ဆား) ရောဂါပြန့်နှံ့ဖြစ်ပွားခြင်းကို ကာကွယ်ရန် စင်ကာပူက နည်းမျိုးစုံဖြင့် ဆောင်ရွက်ခဲ့သည်။ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော သတင်းကြေညာချက်အရ ယင်းဆောင်ရွက်မှုများတွင် စင်ကာပူနိုင်ငံတွင်းသို့ဝင်ရောက်လာသူများနှင့် လေယာဉ်ခရီး သည်အားလုံးကို ကိုယ်ပူချိန်တိုင်းတာခြင်းပါဝင်သည်။ ဆေးရုံများနှင့် သူနာပြုဂေဟာအားလုံးတွင် ဆားရောဂါထောက်လှမ်းရေးစနစ်ကို ကျန်းမာရေး ဝန်ကြီးဌာနက အကောင်အထည်ဖေါ်ခဲ့သည်။ ဆေးရုံအားလုံးရှိ ကျန်းမာရေးဝန်ထမ်းများနှင့် ရောဂါသည်များ၌ ကျန်းမာရေးထောက်လှမ်းရေးစနစ်များထားရှိရသည့်ပြင် လိုအပ်ပါက ယင်းကိရိယာကို ကိုင်တွယ်အသုံးပြုနိုင်ကြရန် လိုအပ်သည်။



**ကူးစက်မြန်ပြင်းထန်အဆုတ်ရောင်ရောဂါ (ဆား) စင်ကာပူနိုင်ငံတွင် ဖြစ်ပွားခဲ့ရာ နိုင်ငံတွင်းသို့ဝင်ရောက်လာသည့် ခရီးသည်များကို ဤသို့ကျန်းမာရေးစစ်ဆေးမှု ပြုလုပ်ခဲ့သည်**

တုပ်ကွေး၊ အူရောင်ငန်းဖျားရောဂါ နှင့် (ဆား) သို့မဟုတ် အခြားကူးစက်တတ်သော ရောဂါများရှိ မရှိ အစဉ်အမြဲလိုလိုသိရှိနိုင်သော အီလက်ထရောနစ် ကိရိယာငယ်ကို စင်ကာပူနိုင်ငံက တီထွင်နေပြီဖြစ်ကြောင်း အောက်တိုဘာလ ၅ ရက်နေ့ ထုတ်သတင်းစာများ၌ ရေးသားဖော်ပြသည်။ ယင်းကိရိယာငယ်ကိုမကြာမီစမ်းသပ်ရန်အမေရိကန်ဆေးပစ္စည်းထုတ်လုပ်ရေး ကုမ္ပဏီကြီးတစ်ခုနှင့် ပူးပေါင်းလုပ်ကိုင်နေသည်ဟု ဆိုသည်။ တုပ်ကွေး၊ အူရောင်ငန်းဖျားရောဂါ သို့မဟုတ် ဆားရောဂါ ရှိသော လူနာများက ရောဂါကူးစက်သော ပထမအဆင့်တွင် ရောဂါလက္ခဏာကိုပြသည်။ ယင်းကိရိယာငယ်မှာ တစ်ချိန်တည်းမှာပင် ဤရောဂါအားလုံးအတွက် စမ်းသပ်နိုင်သည်။ ရောဂါရှိခဲ့လျှင် ရောဂါဖြစ်ချိန်မှစ၍ ပုံကို ဆရာဝန်များက ရရှိနိုင်သည်။ ဆားရောဂါကဲ့သို့သေလောက်သောတုပ်ကွေးရောဂါ ပိုင်းရပ်စ်ပိုးမှာ ၂၀၀၃ ခုနှစ် စောစောပိုင်းက တရုတ်နိုင်ငံတောင်ပိုင်းတွင် ပျံ့နှံ့ခဲ့သည်။ တစ်ကမ္ဘာလုံး လူပေါင်း ၈၀၀ ကျော် သေဆုံးခဲ့၍ စင်ကာပူ၌ လူ ၃၃ ဦးသေဆုံးခဲ့သည်။ ဆောင်းဦးလများတွင် မြောက်ပိုင်းကမ္ဘာလုံးခြမ်း၌ ဗိုင်းရပ်စ်ပိုးပြန်ဝင်နိုင်ကြောင်း တည်ရှိဆဲစမ်းသပ်ကိရိယာများမှာ လုံးဝအားမကိုးရကြောင်းဆေးဘက်ဆိုင်ရာကျွမ်းကျင်သူများကထပ်ခါတလဲလဲသတိပေးခဲ့သည်။

**ပညာရေး-** စင်ကာပူနိုင်ငံ၏ ပညာတော်သင်အစီအစဉ်အရ အရှေ့တောင်အာရှနိုင်ငံများမှ ကျောင်းသားများအား တက္ကသိုလ်ပညာတော်သင်ဆု ၆၀ ကို စက်တင်ဘာလ ၅ ရက်နေ့က စင်ကာပူ အစိုးရက ချီးမြှင့်ခဲ့သည်။ ပညာတော်သင် ဆု ရရှိသူ ၆၀ မှာ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင် ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှဖြစ်ကြပြီး စင်ကာပူ အမျိုးသားတက္ကသိုလ်၌ နောက်သုံးနှစ်မှ လေးနှစ် ပညာလေ့လာဆည်းပူးကြရမည်ဖြစ်သည့်ပြင် နန်ယန်နည်းပညာတက္ကသိုလ်နှင့် ပထမဆုံးအကြိမ် ဖွင့်လှစ်သော စင်ကာပူစီမံခန့်ခွဲမှုတက္ကသိုလ်တို့၌လည်း လေ့လာဆည်းပူးကြမည်ဖြစ်သည်။ ယခု အစီအစဉ်အရ ပညာတော်သင်ဆုရရှိကြသူများကို သင်ကြားပေးလိုက်သော ဘာသာရပ်များမှာ ပညာသင်ကြားပြီးစီး၍ နေရပ်ပြန်ရောက်သောအခါ မိမိတို့ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်နိုင်ရေးအတွက် အထောက်အကူဖြစ်စေမည်ဟု နိုင်ငံခြားရေးဝန်ကြီး ဌာနက စက်တင်ဘာ လ ၁၅ ရက်နေ့၌ ထုတ်ပြန်သောသတင်းကြေညာချက်၌ ဖော်ပြထားသည်။ စင်ကာပူပညာတော်သင်ဆုများမှာ အာဆီယံဒေသ အတွင်းလူမှုရေး၊ စီးပွားရေး၊ ပြည်သူ့ကဏ္ဍများနှင့် ထူးချွန်ပြောင်မြောက်သော အနာဂါတ်ခေါင်းဆောင်များကို အထောက်အကူပြုရန်ရည်ရွယ်ပြီး ချီးမြှင့်ခြင်းဖြစ်သည်ဟု နိုင်ငံခြားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီးရေမွှန်လင်မ်က ပြောကြားသည်။

ဦးရဲလွင်

**စန္ဒိမာ၊ ဘဒ္ဒန္တ (အဘိဓဇမဟာရဋ္ဌဂုရု) (မြန်မာ ၁၂၈၉-၁၃၆၅)။** ။ ဆရာတော်ဘဒ္ဒန္တ စန္ဒိမာကို မန္တလေးတိုင်းတောင်သာမြို့နယ်၊ နွားကူး ရွာ၌ ခမည်းတော် ဦးသန်းစိန်+မယ်တော်ဒေါ်လှိုင် တို့က ၁၂၈၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၄) ရက် အင်္ဂါနေ့တွင် ဖွားမြင်သည်။ မွေးချင်း ခုနစ်ယောက်အနက် ဒုတိယမြောက်သားရတနာဖြစ်သည်။

**ရှင်စောအမွေသာမဏေ**

ဆရာတော်လောင်းလျာသည် ဘုရားသား တော်ရှင်ရာဟုလာထုံးနှလုံးမူလျက် ရှင်စောဘုရား၏ အမွေကို ခံယူသည့်အနေဖြင့် မြင်းခြံမြို့၊ သုဇာတာရုံ ရွှေကျောင်တိုက်ဟောင်း ဆရာတော် ဘဒ္ဒန္တကုသလကို ဥပဇ္ဈာယ်ပြု၍ မြင်းခြံမြို့၊ အောင်ဇေယျရွှေပန်းတိမ်ပိုင်ရှင် ဦးဘလှိုင် + ဒေါ်သာ၊ သမီး မစိန်ဝင်းမေ တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ၁၃၀၇ ခုနှစ်၊ ဝါဆိုဦးတွင် ရှင်သာမဏေပြုတော်မူခဲ့သည်။ ဥပဇ္ဈာယ်ဆရာတော်က ရှင်စန္ဒိမာဟုဘွဲ့အမည်ပေးတော်မူသည်။



အဘိဓဇမဟာရဋ္ဌဂုရုဘဒ္ဒန္တစန္ဒိမာ

## ခေမာသောင်လှမ်းမြတ်ရဟန်း

ဆရာတော်လောင်းလျာ ရှင်စန္ဒိမာသည် ၁၃၀၉ ခုနှစ် တပေါင်းလပြည့်နေ့တွင် သက်ကယ် ခြင်းရွာ အရှေ့ကျောင်းခဏ္ဍသိမ်တော်၌ လယ်ဝေး မြို့နယ်၊ သက်ကယ်ခြင်းရွာ လယ်သမားကြီး ဦးစံမြ + ဒေါ်ခန့်ညိုမိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရဟန်းပြုတော်မူခဲ့သည်။

## ပိဋကတ်စာပေသင်ကြားခြင်း

ဆရာတော်သည် ကောလင်းမြို့၊ မန္တလာဝံသ ကျောင်းသစ်ကျောင်းဆရာတော် ဦးပဏ္ဍိစ္စ၊ မြင်းခြံမြို့၊ သုဇိတာရုံ ရွှေကျင်တိုက်ဟောင်းဆရာတော် ဦးကုသလ၊ ဇေယျာလင်္ကာရကျောင်းသစ်ကျောင်း ဆရာတော်ဦးကောသလ္လ စသော အကျော်အမော် ဆရာတော်တို့ထံ၌ဆယ်စောင်တွဲ၊ ဇာတ်တော်ကြီး ဆယ်ဘွဲ့ စသော အခြေခံလောကုတ္တရာစာပေများ မှစ၍ သဒ္ဒါ၊ သင်္ဂြိုဟ်စသော ပထမပြန်ပြဋ္ဌာန်း ကျမ်းစာများနှင့် ဓမ္မာစရိယတန်း ပြဋ္ဌာန်းစာပါဠိ တော်၊ အဋ္ဌကထာ၊ ဋီကာများအထိ ပိုင်နိုင်ကျွမ်း ကျင်စွာ သင်ယူခဲ့သည်။

## ထူးကဲအောင်မြင်ဂုဏ်ထူးရှင်

ဆရာတော်လောင်းလျာသည် အထက်ပါနိုင်ငံ ကျော်ကြားဆရာတော်များထံ၌ ပညာဆည်းပူးခွင့် ရမှု၊ မိမိကိုယ်တိုင် ပညာရောင်ထွန်းပြောင်မှုတို့ ကြောင့် ပါဠိပထမပြန်စာမေးပွဲ၌ နှစ်နှစ်အတွင်း ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းတို့ကို အောင်မြင်ခဲ့သည့်အပြင် ပထမပြန်လောက၏မကိုဋ် သရဖူဖြစ်သော ပထမကျော်ဘွဲ့ကိုပါ ထူးကဲစွာရရှိ ခဲ့လေသည်။ ထိုမှတဖန် ဓမ္မာစရိယတန်းကိုလည်း ဂုဏ်ထူးကျမ်းများနှင့်တကွ အောင်မြင်၍ သာသန ဓဇသိရီပဝရ ဓမ္မာစရိယဘွဲ့ကိုပါ ရရှိတော်မူခဲ့သည်။

## စာပို့ချပြီးကျောင်းတိုက်တည်

ဆရာတော်သည် မိတ္ထီလာမြို့၊ သဒ္ဓမ္မဝံသာရုံ ကျောင်းတိုက်၌ ရှစ်နှစ်တိုင်တိုင် စာသင်သားသံဃာ တော် (၅၀၀) ကျော်တို့အား စာပေများပို့ချပြီး နောက် ၁၃၂၂ ခုနှစ် တန်ဆောင်းမုန်းလပြည့်ကျော် (၈) ရက်နေ့တွင် မြို့ရှေ့တိုက်ဆရာတော် ဦးစန္ဒော ဘာသ ချီးမြှောက်မှုဖြင့် ပထမကျော်ဓမ္မာစရိယ တိုက်သစ်ကို စတင်တည်ထောင်ဖွင့်လှစ်၍ သာသနာပြုတော်မူခဲ့ ရာ ပရိယတ္တိဝန်ဆောင် စာမေးပွဲအောင် သံဃာတော် များစွာ ပေါ်ထွက်ခဲ့သည်။

ထို့အပြင် မိတ္ထီလာမြို့၊ အုတ်ဖိုတောရ သာသနာ့မြေပေါ်၌ ပခုက္ကူပရိယတ္တိ စာသင်တိုက်နှင့် ရန်ကုန်မြို့၊ တောင်ဥက္ကလာ (၂) ဝိုင်း၌ စိန်ရတနာ မိတ္ထီလာကျောင်း ပရိယတ္တိစာသင်တိုက်များကိုလည်း တည်ထောင်ဖွင့်လှစ် သာသနာပြုခဲ့သည်။

## အစွမ်းမသေးကျမ်းတွေရေး

ဆရာတော်သည် ကစ္စည်းသဒ္ဒါနှင့် ရူပသိဒ္ဓိ အဖြေနည်းပြကျမ်း၊ အဘိဓမ္မတ္ထသင်္ဂဟနှင့် ဋီကာ ကျော်အဖြေနည်းပြကျမ်း၊ မာတိကာ ဓာတုကထာ အရကောက်၊ အဘိဓာန် အဖြေနည်းပြကျမ်း၊ အလင်္ကာ အဖြေနည်းပြကျမ်း၊ ဆန်းအဖြေနည်းပြ ကျမ်း၊ ယဉ်ကျေးမှု (အဘိဓမ္မာ) အဖြေနည်းပြကျမ်း စသော ထင်ရှားသည့်ကျမ်းပေါင်းများစွာကိုလည်း ရေးသားပြုစုခဲ့ရာ ဆရာတော်၏ ပရိယတ္တိစာပေ အစွမ်းအစ မသေးလှကြောင်းထင်ရှားသောပြယုဂ် များဖြစ်သည်။

### သာသနာအတွက် ဆောင်ရွက်ချက်

ဆရာတော်သည် ပါဠိတက္ကသိုလ် ဗဟိုအဖွဲ့ဝင်၊ ပါဠိတက္ကသိုလ် ကထိက၊ ပါဠိတက္ကသိုလ် စာမေးပွဲကြီးကြပ်ရေးတာဝန်၊ ပါဠိတက္ကသိုလ်စာစစ်၊ ပထမပြန်ကြီးကြပ်ရေး၊ ပထမပြန် စာစစ်၊ သံဃာနာယကဥက္ကဋ္ဌ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်သံဃမဟာနာယက၊မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် ခေတ္တ ပါမောက္ခချုပ်၊နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌစသော သာသနာ့တာဝန်များကိုလည်းကောင်း၊ မိမိကျောင်းတိုက် အတွင်း၌ ၁၉၆၃ ခုနှစ်မှစ၍ ဘုန်းတော်ကြီးသင် မူလတန်းကျောင်းဖွင့်လှစ်၍ ကျောင်းသား ကျောင်းသူပေါင်း (၁၀၀၀) ကျော်ကို ပညာသင်ပေးခြင်း၊ ဝန်ဇင်းရပ်ကွက်၌ ရေရရှိ အောင် ဆောင်ရွက်ပေးခြင်းစသော လောကအကျိုးပြုလုပ်ငန်းများကိုလည်းကောင်း အားကြိုးမာန်တက်ဆောင်ရွက်တော်မူခဲ့သည်။

### နိုင်ငံရပ်ခြား သာသနာပြုသွား

ဆရာတော်သည် ၁၉၉၂ ခုနှစ်တွင် နိုင်ငံတော်အစိုးရ၏ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများအတွက် ပရိယတ္တိပညာရေး လေ့လာရန်အစီအစဉ်ဖြင့် နီပေါ၊ အိန္ဒိယ၊ သီရိလင်္ကာ၊ ဂျပန်၊ ထိုင်း၊ အမေရိကန်၊ ကိုးရီးယားနိုင်ငံများသို့ ကြွရောက်သာသနာပြုခဲ့ပြီး ၂၀၀၀ ပြည့်နှစ်တွင်လည်း ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ ပင့်လျှောက်ချက်အရ ကမ္ဘာ့ဘာသာရေးခေါင်းဆောင်များ၏ ထောင်စုနှစ်ငြိမ်းချမ်းရေးထိပ်သီးညီလာခံကြီးသို့ အဖွဲ့ဝင်ဆရာတော်ကြီးများနှင့်အတူ ကြွရောက်ကာ သာသနာပြုတော်မူခဲ့သည်။ ထို့အပြင် ၂၀၀၁ ခုနှစ် တွင်လည်း ပရဒေသီသံဃနာယကအဖွဲ့၊ ဖွဲ့စည်းရန်ကိစ္စဖြင့် အိန္ဒိယနိုင်ငံသို့ ထပ်မံရောက်ရှိကာသာသနာပြုခဲ့ရပြန်သည်။

### ဘွဲ့တံဆိပ်တော်မြတ် ဆက်ကာကပ်

ဆရာတော်၏ အထက်ပါ နေ့မအားညမအား သာသနာတော်အတွက် ဆောင်ရွက်တော်မူချက်များ၊ မြင့်မြတ်သော သီလ၊ သမာဓိ၊ ပညာစွမ်းပကားများကြောင့် နိုင်ငံတော်အစိုးရက ၁၃၅၂ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း၊ ၁၃၆၂ ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း ဆက်ကပ်ကော်ရော်ပူဇော်ခဲ့သည်။

သာသနာတော်အတွက် အားအကိုးရဆုံးသော ဂုဏ်၊ သီလ၊ သမာဓိ၊ ပညာ စွမ်းအားမြင့်မားသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော် ဘဒ္ဒန္တ စန္ဒိမာသည် ၁၃၆၅ ခုနှစ်၊ ကဆုန်လဆန်း (၃) ရက် စနေနေ့တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

ဖြူစင်

**ဉာဏ်ရှိန်၊ ဦး (ပန်းချီ) (ခရစ် ၁၉၂၅-၂၀၀၃)။** ။ ပန်းချီပညာရှင်ဦးဉာဏ်ရှိန်ကို ၁၉၂၅ ခုနှစ်၊ ဧပြီလ (၆) ရက်နေ့တွင် အဘ ဦးစံဘ၊ အမိဒေါ်မေတို့က မကွေးတိုင်း၊ တောင်တွင်းကြီးမြို့တွင် ဖွားမြင်သည်။ ငယ်စဉ်ကပင် ပန်းချီကို ဝါသနာထုံပြီး စွန့်စားလိုစိတ်လည်း ပြင်းထန်ခဲ့သည်။ အသက် ၇ နှစ်အရွယ်ခန့်က မြန်မာနိုင်ငံအနှံ့လိုက်လံပြသသော ဆပ်ကပ်အဖွဲ့ကြီးတစ်ဖွဲ့နှင့်လိုက်ပါသွားခဲ့ဖူးသည်။ ၁၉၃၂ ခုနှစ်တွင် တောင်တွင်းကြီးမြို့ ဆရာကြီးဦးသာထွန်း၏ မူလတန်းကျောင်း၌ တက်ရောက်သင်ကြားခဲ့သည်။ ၁၉၃၃ မှ ၁၉၃၉ အတွင်း တောင်တွင်းကြီးမြို့ ဗုဒ္ဓသာသနာပြုအမျိုးသားအထက်တန်းကျောင်း(O.B.M National High School) တွင် တက်ရောက်သင်ကြားခဲ့သည်။ အမျိုးသာအထက်တန်း ကျောင်းသားဘဝတွင် ပန်းချီနှင့်စာပေဝါသနာတို့ ပိုမိုထက်သန်လာခဲ့သည်။ ထိုကျောင်းမှ ကိုးတန်းအောင်မြင်ခဲ့သည်။

ဗုဒ္ဓသာသနာပြု အမျိုးသားအထက်တန်းကျောင်း ကျောင်းအုပ် ဆရာတော်သျှင်ဥက္ကဋ္ဌ၏ တပည့်တစ်ဦးလည်းဖြစ်ခဲ့သည်။ ၁၉၃၈ မှ ၁၉၄၂ အတွင်း၌ ကျောင်းနံရံကပ်စာစောင်နှင့် လက်ရေးစာစောင်စာပေပြိုင်ပွဲတွင် ဆုရဝတ္ထုတို (နွားခိုးတို့)



**ပန်းချီ ဦးညဏ်ရှိန်**

ဝတ္ထုကို ဆရာများ၏တိုက်တွန်းချက်အရ ဒီးဒုတ်ဂျာနယ်သို့ပေးပို့ခဲ့ရာ အရွေးခံရသဖြင့် ဆုငွေနှစ်ကျပ်ခွဲကို စာတိုက်မှတစ်ဆင့် ပေးပို့ရရှိခဲ့သည်။ အမျိုးသားနေ့နှင့် ရပ်ကွက်ဘုရားပွဲများတွင် ပန်းချီ၊ ကာတွန်းနှင့် ခြင်းအလှခတ်ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေ၊ ငွေ၊ ကြေးတံဆိပ်များရရှိခဲ့သည်။

၁၉၃၆ မှ ၁၉၄၈ အတွင်းအခြေခံပန်းချီပညာကို ဆရာဦးဘရွှေ၊ ဆရာဦးစံရွှေ၊ ဆရာဦးစံရှိန်၊ ဦးမြဆိုင်နှင့် တောင်တွင်းကြီးမြို့ပန်းချီပြန့်ပွားရေးအသင်းတွင် လေ့ကျင်သင်ကြားခဲ့သည်။ အခါအခွင့်သင့်သလို စာပေသင်တန်းနှင့် ပန်းချီသင်တန်းတို့ကို တက်ရောက်ခဲ့သည်။ ဂျပန်ခေတ်အတွင်း၌ ပြဇာတ်ဆက်တင်ကားများရေးဆွဲ၍ ကျင်လည်ခဲ့သည်။ ၁၉၄၈ တွင် တောင်တွင်းကြီးမြို့ ပထမအကြိမ်လွတ်လပ်ရေးနေ့ကျင်းပရေးကော်မတီ၊ ပန်းချီပြိုင်ပွဲဆပ်ကော်မတီအတွင်းရေးမှူးအဖြစ်ဆောင်ရွက်ခဲ့ပြီးနောက် ပန်းချီပညာ ဆက်လက်သင်ကြားရန် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့သည်။

၁၉၄၉ ခုနှစ်တွင် ဒီးဒုတ်ဦးဘချိုမကွယ်လွန်မီဖွင့်လှစ်သွားခဲ့သော မြန်မာစာ သင်တန်းကိုတက်ရောက်ခဲ့သည်။ ရန်ကုန်နှင့် တောင်တွင်းကြီးကူးချည်သန်းချည်ပြုနေရာမှ ၁၉၅၀ ပြည့်နှစ်၌ "ကပ္ပပြဿနာ" စာအုပ်အဖုံးရေးဆွဲရန်နှင့် စာအုပ်ဖြစ်မြောက်ရေးကိစ္စဆောင်ရွက်ရန် တောင်တွင်းကြီးမှ ရန်ကုန်သို့ ရောက်ရှိခဲ့ပြန်သည်။ အဖုံးဘလောက်တိုက်၌ ပန်းချီဒီဇိုင်းဆရာကြီး ဦးမောင်မောင်မြင့်နှင့်တွေ့၍ ဆရာဆောင်နှင့် ဦးစံဝင်းထံသို့ မိတ်ဆက်စာနှင့် လိပ်စာများရေးပေးခဲ့သည်။

ထိုအချိန်က ဆရာဆောင်သည် စိန်ပေါကျောင်း၌ ပုံဆွဲဆရာအဖြစ် အမှုထမ်းနေချိန်ဖြစ်သည်။ ထိုအချိန်မှစ၍ ဆရာဆောင်ထံတွင် တပည့်တစ်ဦးအနေဖြင့် ရေဆေးနည်းနာခံယူခဲ့သည်။ ဦးစံဝင်းထံမှလည်း ဆီဆေးရေးနည်းများကို ဆည်းပူးခဲ့သည်။ ၁၉၅၁ ခုနှစ်၌ ပန်းချီနည်းပြဆရာအဖြစ် ဝင်ရောက်ဖြေဆိုအောင်မြင်ခဲ့သည်။ ၁၉၅၁ မှ ၁၉၆၄ အထိ အမှတ် (၂) အစိုးရအထက်တန်းကျောင်း၊ ကြည့်မြင်တိုင်၌ ပန်းချီနည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၅၃ မှ ၁၉၅၅ အတွင်း ရန်ကုန်တက္ကသိုလ် အနုပညာအသင်းကြီးက အကူအညီတောင်းခံသဖြင့် ပန်းချီနည်းပြ၊သရုပ်ပြအဖြစ်ဦးဘကြည်၊ ဦးအုန်းလွင်၊ ဦးဖေသိန်း (ကာတွန်း)၊ ဦးမင်းနိုင်တို့နှင့် အချိန်ခွဲ၍ ထမ်းဆောင်ခဲ့သည်။ ၁၉၅၃ မှ ၁၉၆၅ အတွင်း ပညာတန်ဆောင်၊ ပညာလောက ပညာရေးမဂ္ဂဇင်းများတွင် ကျောင်းသင်ပန်းချီဆုရ ကျောင်းသားကျောင်းသူများ ဆုရပုံအကြောင်းများကို ပညာပေးဆောင်းပါးများအဖြစ် ရေးသားခဲ့သည်။

၁၉၅၃ မှ ၁၉၇၃ အတွင်း ရှုမဝ၊ ငွေတာရီ၊ တို့ကျောင်းသား၊ လုပ်သားဂျာနယ်၊ ပန်းအလှပညာမဂ္ဂဇင်း၊ ကျောင်းနှစ်ပတ်လည်မဂ္ဂဇင်းများနှင့် ကြေးမုံ၊ လူထု၊ ဟံသာဝတီသတင်းစာများတွင် ပြည်တွင်းပြည်ပကျောင်းသင်ပန်းချီအကြောင်းဆောင်းပါး ၂၅၀ ကျော်ကို မူရင်းနာမည်နှင့် ဇင်ယော်၊ ညိုသန့်၊ ညိုဝင်းရှင် ကလောင်နာမည်များ

သုံး၍ ရေးသားခဲ့သည်။ ၁၉၅၅ ခုနှစ်တွင် ရန်ကုန်မြို့သို့ရောက်ရှိခဲ့သော အမေရိကန်အိုင်အိုဝါတက္ကသိုလ်၊ ကလေးများ အနုပညာသင်ကြားရေးဌာနမှ ပါမောက္ခဖရင့်ဝါကိုဝိတ်၏ နှစ်ပတ်ကြာကလေးပန်းချီသင်တန်းတွင် ကလေးပန်းချီသင်ကြားမှုစွမ်းရည် ပထမဆု ဒီပလိုမာလက်မှတ်ကို ပညာမင်းကြီးဦးကောင်းနှင့် ပန်းချီပညာဝန်ထောက်ဦးစံဝင်းတို့က ပေးအပ်ချီးမြှင့်ခဲ့သည်။

၁၉၆၅ မှ ၁၉၆၇ အတွင်း မန္တလေးမြို့ ဆရာအတတ်သင်သိပ္ပံပန်းချီကထိကအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၆၈ မှ ၁၉၇၂ အတွင်း မန္တလေးတိုင်း၊ ပန်းချီအနုပညာဘက်ဆိုင်ရာ ပညာအုပ်အဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၉၇၃ မှ ၁၉၈၅ အတွင်း ရန်ကုန်တိုင်း၊ ပန်းချီကြီးကြပ်ရေးမှူးအဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် ကလေးပန်းချီသင်ပြမှုထူးချွန်သဖြင့် ယူဂိုဆလပ်ဗီးယားနိုင်ငံ၊ အနုပညာအကယ်ဒမီပါမောက္ခ၏ ကလေးပန်းချီသင်ကြားမှုစွမ်းရည်ဒီပလိုမာလက်မှတ်နှင့် ဆုတံဆိပ်များကို ပညာရေးဝန်ကြီးဌာနက တစ်ဆင့် ပေးအပ်ချီးမြှင့်ခံရသည်။ ၁၉၈၅ တွင် ပညာရေးဌာနမှ သက်ပြည့်အငြိမ်းစားယူခဲ့သည်။

၁၉၇၆ မှ ၁၉၈၈ အတွင်း ရေဆေးပန်းချီတစ်ခေတ်ဆန်းသစ်ရန် ရန်ကုန်မြို့ ရေဆေးပန်းချီပညာရှင်များ၏ ပြပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ဦးဉာဏ်ရှိန်သည် ၁၉၄၅ မှ ၂၀၀၃ အတွင်း အုပ်စုပန်းချီပြပွဲများနှင့် ရေဆေးပန်းချီပြပွဲများတွင် ဝင်ရောက်ပြသခဲ့သည်။ လောကနတ်ဂယ်လာရီနှင့် New Treasure Art Gallery တို့၏ နာယကအဖွဲ့ဝင်တစ်ဦးဖြစ်ခဲ့သည်။ ၁၉၉၄ တွင် ပထမဆုံးအကြိမ်တစ်ကိုယ်တော်ပန်းချီပြပွဲကို ရန်ကုန်မြို့ New Treasure Art Gallery ၌ ခင်းကျင်းပြသခဲ့သည်။

ဦးဉာဏ်ရှိန်သည် ၁၉၉၅ ခုနှစ်တွင် "မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပု၊ ဗိသုကာပညာရှင်များ" စာမူဖြင့် ပခုက္ကူဦးအုန်းဖေ၊ သုတေသနစာပေ ဒုတိယဆုကို ရရှိခဲ့သည်။ ၂၀၀၀ ပြည့်နှစ်၊ ဇွန်လ၌ "ကမ္ဘာ့ပန်းချီကျော်များ" စာအုပ်ကို ဦးဉာဏ်ရှိန် (ညိုဝင်းရှိန်) အမည်ဖြင့် ပညာရွှေတောင်စာအုပ်တိုက်က ထုတ်ဝေခဲ့သည်။

၂၀၀၁ ခုနှစ်တွင် New Treasure Art Gallery ၌ ပန်းချီပြပွဲခင်းကျင်းပြသခဲ့သည်။ ၁၉၈၅ ခုနှစ်မှ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံး နာယက၊ ယဉ်ကျေးမှုတက္ကသိုလ်ပညာရေးအဖွဲ့ဝင်၊ ယဉ်ကျေးမှု ဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနအကြံပေးပုဂ္ဂိုလ် (ငြိမ်း)၊ တောင်တွင်းကြီးအသင်းနာယကအဖြစ် ဆောင်ရွက်ခဲ့သည်။

၂၀၀၃ ခုနှစ်တွင် ကျန်းမာရေးအခြေအနေယိုယွင်းလာရာမှ ၂၀၀၃ ခုနှစ်၊ အောက်တိုဘာလ ၇ ရက် (အင်္ဂါနေ့) နံနက် ၅း၃၀ နာရီတွင် ရန်ကုန်မြို့ ဆာကူရာဆေးခန်းတွင် ကွယ်လွန်အနိစ္စရောက်ခဲ့သည်။ ရန်ကုန်မြို့ စမ်းချောင်း၊ ဟုမ်းလမ်းရပ်ကွက်၊ ၅ လမ်း၊ အမှတ် ၁၇၀ နေအိမ်တွင် ဇနီးဒေါ်မြစိန်နှင့် သား၊ သမီး၊ မြေးများ ကျန်ရစ်ခဲ့သည်။

ကိုသီအောင်

## တိလောကသာရ၊ ဘဒ္ဒန္တ (စာရေးဆရာ ရဝေထွန်း) (၁၂၈၆-၁၃၆၄)။ ။

ဆရာတော်လောင်းလျာကို ပြည်ခရိုင်၊ ပေါင်းတလည်မြို့၊ ရွာမကြီးရွာတွင် ခမည်းတော်ဦးစံဖေ၊ မယ်တော် ဒေါ်မေတို့က မြန်မာသက္ကရာဇ် (၁၂၈၆) ခုနှစ်၊ ဝါဆိုလဆန်း (၁၂) ရက် စနေနေ့၌ ဖွားမြင်တော်မူသည်။ စတုတ္ထ သားရတနာဖြစ်သည်။

ရွာမကြီးရွာ၊ ရွှေစာရံကျောင်းတိုက်အတွင်းရှိ မူလတန်းကျောင်း၌ (၄) တန်း အောင်မြင်ပြီး နောက် အသက် (၁၃) နှစ်တွင် ရှင်သာမဏေပြု၍ ပါဠိစာပေသင်ကြားသည်။ ရှင်သာမဏေဘွဲ့အမည်မှာ 'အရှင်တိလောကသာရ' ဖြစ်သည်။ သာမဏေဘဝဖြင့် ပဲခူးတိုင်း၊ သာယာဝတီခရိုင်၊ မင်းလှမြို့၌ သီတင်းသုံးခဲ့သည်။ အသက် (၂၀) တွင် ရွာမကြီးရွာ၊



## ဘဒ္ဒန္တတိလောကသာရ (ရဝေထွန်း)

ရွှေစာရံကျောင်း ဗဒ္ဓသိမ်၌ ဘဒ္ဒန္တစန္ဒကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

ဇာတိရွာမကြီးရွာ ဆရာတော် ဦးကလျာဏ ခြောက်ထပ်ကြီးဘုရားကျောင်းတိုက်၊ ဗားကရာတိုက်နှင့် တောင်ကြီးမြို့ သိမ်တောင်ကျောင်းတိုက်တို့တွင် ပိဋကတ်စာပေတို့ကို သင်ကြားတော်မူခဲ့သည်။ ရန်ကုန်မြို့ ခြောက်ထပ်ကြီးဘုရားတိုက်သို့ ရောက်ရှိပြီး သီတင်းသုံးတော်မူသည့် (၁၉၄၆-၅၁) ခုနှစ်တို့တွင် ကဗျာ၊ ဆောင်းပါးများစတင်ရေးသားတော်မူခဲ့သည်။ စာပေများ ရေးသားရာတွင် ရဝေထွန်း၊ ဦးတိလောက၊ ဘဒ္ဒန္တတိလောကသာရ၊ အရှင်တိလောကသာရ၊ ဓမ္မလုလင်၊ မောင်နေလင်း၊ မာတူး၊ လူငယ်တစ်ဦး၊ လောကဝတီ၊ လင်္ကာသာရ စသည့် ကလောင်အမည်များဖြင့် ရေးသားတော်မူခဲ့ရာ ရဝေထွန်း ကလောင်အမည်ဖြင့် ထင်ရှားသည်။ ကဗျာပုဒ်ရေပေါင်း (၉၀) ကျော်၊ ဆောင်းပါးပုဒ်ရေပေါင်း (၆၄၀) ကျော်၊ ကျောက်စာစုစုပေါင်း (၆) ချပ်၊ ဝတ္ထုတို (၄၂) ပုဒ်၊ လုံးချင်းစာအုပ် (၂၉) အုပ်နှင့် ပိဋကတ်မြန်မာပြန်ကျမ်းများ၏ ကျမ်းညွှန်းများကို ရေးသားတော်မူခဲ့သည်။ ဗုဒ္ဓစာပေကျမ်းစာအုပ်ပေါင်း (၃၀) ကျော်ကိုလည်း ရေးသားတော်မူခဲ့သည်။

ဆရာတော်သည် မဂ်လာဗျူဟာ၊ ပိဋကတ်ဗျူဟာ၊ ဓမ္မဗိမာန်အဖွဲ့၊ မြတ်မဂ်လာ၊ မြတ်သတိဝါဒီစာစောင်တို့တွင် ဩဝါဒါစရိယအဖြစ် ပျံလွန်တော်မူချိန်အထိ ဆောင်ရွက်ခဲ့သည်။ မြတ်ဆုမွန်မဂ္ဂဇင်းတွင် ရေးသားခဲ့သည့် 'ဗုဒ္ဓဘာသာဟူသည်မှာ' ဆောင်းပါး (၁) မှ (၄၁) ကို စုပေါင်း၍ 'ဗုဒ္ဓဘာသာဟူသည်မှာ' စာအုပ် ထုတ်ဝေခဲ့သည်။ နယ်စပ်ဒေသကလေးများအတွက် အလွယ်ကူဆုံး သင်ကြားပေးနိုင်ရန် 'မြန်မာနိုင်ငံတိုင်းရင်းသားကလေးသူငယ်များအတွက် ဗုဒ္ဓဝင်အကျဉ်းချုပ်နှင့် ဗုဒ္ဓဘာသာ သင်ခန်းစာ' စာအုပ်ကိုလည်း ရေးသားပြုစုခဲ့သည်။

ဆရာတော်သည် သာသနာရေးဆိုင်ရာ တာဝန်များအဖြစ် သမ္မတိကိုယ်စားလှယ် တာဝန်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်တာဝန်၊ နိုင်ငံတော် ဝိနည်းဓိုရ်တာဝန်၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း စည်းမျဉ်းရေးဆွဲရေး ကော်မတီဝင်၊ သီလရှင် အဖွဲ့အစည်း စည်းမျဉ်းရေးဆွဲရေး ကော်မတီဝင်၊ ပရိယတ္တိသာသနာ့ တက္ကသိုလ်မွမ်းမံသင်တန်းပို့ချရေးအဖွဲ့ဝင်၊ ပထမကြီးတန်း ပြဋ္ဌာန်းကျမ်းစာပြုစုရေး ကော်မတီဝင်၊ ယဉ်ကျေးမှုနှင့် အဘိဓမ္မာ သင်တန်းတာဝန်ခံ၊ ယဉ်ကျေးမှုသင်တန်းကျမ်းစာ ပြုပြင်ရေးတာဝန်၊ နယ်စပ်ဒေသကလေး

များအတွက် ယဉ်ကျေးမှုစာပေပြုစုရေးတာဝန်၊ မြန်မာစာဩဝါဒါစရိယအဖွဲ့ အကျိုးတော်ဆောင်တာဝန်တို့ကို ထမ်းဆောင်တော်မူခဲ့သည်။ ဆရာတော်သည် ၁၉၉၄ ခုနှစ်တွင် 'အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ' ဘွဲ့ တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့သည်။

စာပေဖြင့် သာသနာ့အကျိုး၊ တိုင်းပြည်အကျိုးသယ်ပိုးထမ်းဆောင်တော်မူရင်း သက်တော် (၇၉) နှစ်၊ သိက္ခာတော် (၅၉) ဝါအရ၊ ၁၃၆၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၉) ရက်၊ အင်္ဂါနေ့ညနေ (၆း၁၅) နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။ ပျံလွန်တော်မူချိန်အထိ ဗဟန်းမြို့၊ ခြောက်ထပ် ကြီးဘုရားတိုက်၊ ဓမ္မသီတဂူကျောင်းတိုက်ပဓါနနာယကဆရာတော်အဖြစ်သီတင်းသုံးတော်မူခဲ့သည်။

**ဒေါ်အေးမြင့် (စာကြည့်တိုက်မှူး)**

**တက်တိုး (စာရေးဆရာကြီး)(ခရစ် ၁၉၁၃-၂၀၀၃)။** ။ တက်တိုးကလောင်အမည်ဖြင့် ကျော်ကြားသော စာရေးဆရာ၊ သတင်းစာဆရာ ဦးအုန်းဖေကို ၁၉၁၃ ခု၊ ဖေဖော်ဝါရီ (၂) ရက်နေ့၌ သံလျင်မြို့တွင် အဘ ဦးမောင်ကလေး၊ အမိဒေါ်စိန်ညွန့်တို့က မွေးဖွားသည်။

တက်တိုးသည် သံလျင်မြို့တွင် မွေးဖွားသော်လည်း အသက် (၂၅) နှစ်အထိ မကွေးမြို့တွင် နေထိုင်ကြီးပြင်းခဲ့သည်။ ငယ်စဉ်က မကွေးမြို့မဲထီးကျောင်း (အမျိုးသားကျောင်း) တွင် ပညာသင်ကြားခဲ့သည်။ ထို့နောက် မကွေးအင်္ဂလိပ် မြန်မာအစိုးရကျောင်းသို့ တက်ရောက်ကာ (၁၀) တန်း အောင်မြင်ခဲ့သည်။

၁၉၃၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြား၍ ၁၉၃၂ ခုနှစ်၌ အိုင်အေတန်းကို အောင်မြင်ခဲ့ပြီး ၁၉၃၈ ခုနှစ်၌ ဝိဇ္ဇာဘွဲ့ ရရှိခဲ့သည်။

တက်တိုးသည် ၁၉၃၂ မှ ၁၉၃၈ ကာလ၌ မကွေးတိုင်းမင်းကြီးရုံးတွင် အောက်တန်းစာရေးအဖြစ်ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ထို့နောက် ၁၉၃၈



**စာရေးဆရာကြီးတက်တိုး**

မှ ၁၉၄၀ ပြည့်နှစ်အထိ ဂန္ထလောကမဂ္ဂဇင်း၌ အယ်ဒီတာအဖြစ်ဝင်ရောက်လုပ်ကိုင်သည်။ တစ်ချိန်တည်းမှာပင် ရန်ကုန်တက္ကသိုလ်၊ အင်္ဂလိပ်စာဌာန၌ နည်းပြဆရာအဖြစ် သင်ကြားပို့ချပေးခဲ့သည်။

ပြန်ကြားရေးဌာန၊ မြန်မာနိုင်ငံ ဘာသာပြန်ဌာနခွဲ၊ စာတည်းမှူး (၁၉၄၀)၊ ပညာမင်းကြီးရုံး၊ မြန်မာစာပေဌာန၊ စာတည်း (၁၉၄၂-၄၃)၊ ပညာစွယ်စုံကျမ်းလက်ထောက် စာတည်းမှူး (၁၉၄၃-၄၅)၊ ပြန်ကြားရေးဌာန၊ သုတေသနအရာရှိ (၁၉၄၅-၄၇)၊ Time (တိုင်း) မဂ္ဂဇင်းသတင်းထောက် (၁၉၇၆)၊ ဟံသာဝတီသတင်းစာအယ်ဒီတာ(၁၉၄၇)၊ပဒေသာမဂ္ဂဇင်းအတိုင်ပင်ခံ အယ်ဒီတာ (၁၉၄၉-၅၀)၊ မြန်မာပြည်သတင်းဌာနစာတည်းချုပ်(၁၉၅၀-၅၂)၊ မြန်မာ့သတင်းစဉ်အယ်ဒီတာချုပ်၊ အမျိုးသားစာပေဆု ရွေးချယ်ရေးအဖွဲ့ဝင်၊ သတင်းနှင့် စာနယ်ဇင်းကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး (၁၉၇၂)၊ ပညာရေးဝန်ကြီးဌာန၊ ပညာရေးအထူးအရာရှိ (၁၉၇၅) တာဝန်များကို ထမ်းဆောင်ခဲ့သည်။

တက်တိုးသည် ၁၉၂၈၊ အသက် (၁၄) နှစ်၊ အဌမတန်းတွင် ပညာသင်စဉ် အမေရိကန်စာရေးဆရာ F. Stockton ၏ The Lady or The Tiger ဝတ္ထုကို ဘာသာပြန်သည့် 'ကညာလော ကျားကြီး

လော' ဝတ္ထုတိုဖြင့် ဂန္တလောကဘာသာပြန်ဆုရရှိခဲ့သည်။ ထိုဆုသည် မြန်မာနိုင်ငံပညာပြန့်ပွားရေးအသင်းက ကြီးမှူးကျင်းပပေးသောဆုဖြစ်သည်။ ထို့မှတစ်ဆင့် စာပေလောကထဲ ဝင်ရောက်ခဲ့သည်။ ထိုဝတ္ထုတိုသည် တက်တိုး၏ ပထမဆုံးစာမူဖြစ်သည်။

ဆရာတက်တိုးသည် နုယဉ်ပုံနှိပ်တိုက်ကို ကိုယ်ပိုင်တည်ထောင်၍ ကျောင်းသုံးအင်္ဂလိပ်စာအုပ်များကို ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ ကျောင်းသားကိုင်အဘိဓာန်စာအုပ်ကိုလည်း ပြုစုရေးသားထုတ်ဝေခဲ့သည်။ စာသင်သားဂျာနယ်နှင့် ကွန်မင်တေတာ နေ့စဉ် အင်္ဂလိပ်သတင်းစာတို့ကိုလည်း ကိုယ်တိုင်ထုတ်ဝေခဲ့သည်။ ထို့ပြင် ကိုယ်ပိုင်အလွတ်ပညာသင်ကျောင်း (နည်းပြ) ကိုလည်းတည်ထောင်ခဲ့သည်။

၁၉၅၀ ပြည့်နှစ်တွင် မင်းမှုထမ်းဝတ္ထုဖြင့် စာပေဗိမာန်ဝတ္ထုဆု ချီးမြှင့်ခြင်းခံရသည်။ ယင်းဝတ္ထုသည် စာရေးသူ ငယ်စဉ်ကရင်းနှီးခဲ့သည့် မြန်မာနိုင်ငံမြေလတ်ပိုင်းဒေသဖြစ်သော မကွေးမြို့ကိုနောက်ခံထားကာ ဇာတ်အိမ်ဖွဲ့ဖန်တီးထားခြင်းဖြစ်သည်။ ထိုစဉ်ကနယ်ချဲ့စနစ်အောက်တွင်ယောက်ယက်ခတ်သွားလာလှုပ်ရှားကြရသောမင်းမှုထမ်း စာရေးစာချီများ၏ လောကကို ပွင့်လင်းစွာသုံးသပ်ဝေဖန်အခြေခံရေးသားထားသော ဇာတ်လမ်းဖြစ်သည်။ ဤတွင် ရိုးရိုးကျင့် မြင့်မြင့်ကြံလိုသော လူငယ်တစ်ဦး၏ ကြိုးပမ်းမှုများကို ထင်ရှားအောင် သရုပ်ဖော်ထားသည်။ ထိုစာအုပ်သည် ထိုစဉ်က နုယဉ်စာပေတိုက်မှ ထုတ်ဝေ၍ စာမျက်နှာ ၂၅၀ ရှိပြီး အဖိုး နှစ်ကျပ်ငါးဆယ်ပြားဖြစ်သည်။

၁၉၅၈ ခုနှစ်တွင် သီဟို (သီရိလင်္ကာ)၊ အင်ဒိုနီးရှား၊ ဂျပန်နိုင်ငံများအကြောင်း စာအုပ်ဖြင့် 'ယူနက်စကို ချစ်ကြည်ရေးဆု' ကိုရရှိခဲ့သည်။ ထိုစဉ်က ဆရာတက်တိုးသည် ကမ္ဘာ့ကုလသမဂ္ဂပညာ သိပ္ပံယဉ်ကျေးမှုအဖွဲ့ အကူအညီဖြင့် အိမ်နီးချင်းနိုင်ငံများအကြောင်းကို စာအုပ်များပြုစုခဲ့ရာ စာစဉ် (၁) အဖြစ် အင်ဒိုနီးရှားနိုင်ငံအကြောင်း၊ စာစဉ် (၂) အဖြစ် သီဟိုနိုင်ငံအကြောင်း၊ စာစဉ် (၃) အဖြစ် ဂျပန်နိုင်ငံအကြောင်းတို့ကို ရေးသားထုတ်ဝေခဲ့သည်။ ထိုစာအုပ် (၃) အုပ်ကိုပေါင်း၍ ဆုတစ်ဆုတည်းအဖြစ် ချီးမြှင့်ခြင်းခံရသည်။

တစ်နိုင်ငံ၏ အကြောင်းကိုအခြားတစ်နိုင်ငံက သိရှိနားလည်ခြင်းသည် နိုင်ငံတကာ ချစ်ကြည်ရေးအတွက် များစွာတန်ဖိုးရှိကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ယုံကြည်သည့်အတိုင်း မြန်မာစာသင်သားတို့သည်လည်း ငယ်စဉ်က ကမ္ဘာ့ဒေသန္တရ ဗဟုသုတများကို စာတွေ့သိရှိနားလည်အောင် ကြိုးစားပြီးလျှင် နောင်ကြီးပြင်းလာသောအခါ ထိုနိုင်ငံများသို့ လက်တွေ့သွားရောက်လေ့လာနိုင်ရန် ရည်ရွယ်ရေးသားထားသည်ဟု ဆိုသည်။

ဆရာကြီးတက်တိုး၏ ထင်ရှားသောစာအုပ်များမှာ ခါးကုန်းကြီး (၁၉၅၀)၊ သောကကင်းဝေနေ နိုင်ရေး (၁၉၅၁)၊ အခါလည်သား (၁၉၅၂)၊ အင်္ဂလိပ် မြန်မာအဘိဓာန် (၁၉၅၅)၊ ဘဝနှင့် စာပေ (၁၉၆၁)၊ အာဇာနည်စိတ်နှင့် အညွန့်တလူလူ (၁၉၆၅)၊ ကျန်းမာချမ်းသာဘဝပညာ (၁၉၈၅)၊ လောကနီတိ (၁၉၉၅)၊ ခေတ်ပြောင်းတော်လှန်ရေးကာလ၊ ကလောင်တစ်လက်၏အခန်း (၁၉၆၉)၊ မိုးကြိုးဆောင်းပါးများ (၁၉၆၀)၊ မိမိအပေါ်မိမိသစ္စာ ရှိခြင်း (၂၀၀၁)၊ လူပါးဝကြိစမ်းပါ ၊ ဆောင်တော်ကူး၊ အီဗရာဟင်လင်ကွန်း (၁၉၅၂)၊ တက်တိုး၏ တက်တိုးဘဝမှတ်တမ်း (၂၀၀၁) တို့ဖြစ်ကြသည်။

ဆရာတက်တိုးသည် ၁၉၉၈ ခုနှစ်တွင် ပခုက္ကူဦးအုံးဖေတစ်သက်တာစာပေဆုချီးမြှင့်ခံရပြီး ၂၀၀၃ ခုနှစ်အတွက် ဝိဇ္ဇာပညာထူးချွန်ဆု (ပထမဆင့်) ချီးမြှင့်ခံရသည်။ မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ၊ ပုံနှိပ်ထုတ်ဝေသူများအသင်းဥက္ကဋ္ဌ တာဝန်များကို ယူခဲ့သည်။ စာပေနယ်တွင် အငြင်းပွားဖွယ် စာပေသဘောတရားတစ်ရပ်ဖြစ်သော 'အနုပညာသည် အနုပညာအတွက်' (Art For Art Sake) ဟူသော အယူအဆကို ကာလကြာရှည်စွာ ဆုပ်ကိုင်သွားသူ၊ စာပေအနုပညာနယ်မှ လူငယ်များ၊ လူလတ်များ၏ စာပေအနုပညာဖန်တီးမှုအပေါ် အလေး

အနက် စဉ်းစားချင့်ချိန်နိုင်ရန် ရပ်တည်ခဲ့သူ ဆရာ တက်တိုးသည် ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာ (၇) ရက်တွင် ကွယ်လွန်ခဲ့သည်။

ကွယ်လွန်ချိန်၌ ဇနီး၊ ကဗျာဆရာမကြီး (ဒေါ်) နုယဉ်၊ သားဦးမင်းအောင် (သိပ္ပံမင်းကြည်)၊ ဒေါ်ငွေရည် (ကျောင်းဆရာမ)၊ ဒေါ်စိုးငြိမ်း၊ ဦးဖွေးအောင် (စာသင်သားဂျာနယ်) နှင့် မြေး ၅ ယောက် ကျန်ရစ်သည်။

နွေသင်နိုင်

**တိုက်စိုး၊ (စာရေးဆရာ၊ စာပေပညာရှင်) (ခရစ် ၁၉၂၀-၂၀၀၃)။** ။မြန်မာစာပေပညာရှင် တိုက်စိုး ကလောင်အမည်ခံ ဦးသန်းထွတ်ကို ၁၉၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၂၀) ရက်နေ့တွင် မြေပိုင်ရှင်အဘ ဦးဖိုး၀၊ အမိဒေါ်ငွေစုတို့က ဧရာဝတီတိုင်း ဖျာပုံ မြို့နယ် သမိန်ထောကျေးရွာတွင် ဖွားမြင်သည်။

တိုက်စိုးသည် ၁၉၂၆ ခုနှစ်မှ ၁၉၃၆ ခုနှစ်အထိ သမိန်ထောကျေးရွာ မြန်မာအလယ်တန်းကျောင်း ဖျာပုံမြို့၊ အစိုးရအထက်တန်းကျောင်းများတွင် ၉ တန်းအထိ ပညာသင်ကြားသည်။ ထို့နောက် ရန်ကုန် မြို့မအမျိုးသားကျောင်းမှ ၁၀ တန်းစာမေးပွဲအောင် မြင်ခဲ့သည်။ ၁၉၃၇-၃၈ခုနှစ် မြို့မအမျိုးသား အထက်တန်းကျောင်းသားဘဝတွင် မြို့မအမျိုးသား ကျောင်းမှ ထုတ်ဝေသည့် ဝံသယုဝမဂ္ဂဇင်းတွင် စတင်၍ စာရေးသည်။ ပထမဦးဆုံး ပုံနှိပ်စာလုံးဖြင့် ဖော်ပြခြင်းခံရသော စာမူမှာ "ချစ်ဆွေများသို့" စာမူ ဖြစ်ပြီး ကလောင်အမည်မှာသန်းထွတ်(၁၁ဆင့်/ဃ) ဟူ၍ ဖြစ်သည်။

တိုက်စိုးသည် ရန်ကုန်တက္ကသိုလ်သို့ တက်ရောက် ၍ ဆက်လက်ပညာဆည်းပူးသည်။ ၁၉၄၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဘီအေ (ဝိဇ္ဇာ)ဘွဲ့ ရရှိခဲ့သည်။ ရန်ကုန်တက္ကသိုလ်၊ အင်္ဂလိပ်စာဌာန၌ နည်းပြဆရာ အဖြစ် အမှုထမ်းခဲ့သည်။ အင်္ဂလိပ်စာဌာနတွင် နည်းပြဆရာအဖြစ် တာဝန်ထမ်းဆောင်နေစဉ် ၁၉၄၇ ခုနှစ်၊ ဇူလိုင်လတွင် ဗြိတိန်နိုင်ငံလဗ္ဗရာကော လိပ်တွင် ပညာဆည်းပူးရန် ပညာတော်သင်အဖြစ် အရွေးချယ်ခံခဲ့ရပြီး သွားရောက်ပညာဆည်းပူး ခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာနဆိုင်ရာ စာကြည့်တိုက်မှူးအဖြစ် တာဝန်ယူသည်။ ၁၉၅၀ ပြည့်နှစ်တွင် ရန်ကုန် တက္ကသိုလ် စာကြည့်တိုက်လက်ထောက်အဖြစ် တာဝန်ထမ်းဆောင်သည်။

၁၉၅၁ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ စာကြည့်တိုက် အသင်း A.L.A(Associate of Library Association, Chartered Librarian, U.K) ဖြစ်ခဲ့ပြီး ရန်ကုန်တက္ကသိုလ်လက်ထောက်စာကြည့်တိုက်မှူး အဖြစ် တာဝန်ယူသည်။ ၁၉၅၂ ခုနှစ် ရာမာခရစ် ရှုနာမစ်ရှင်အဖွဲ့ စာကြည့်တိုက်ကော်မရှင်အဖြစ် တာဝန်ယူသည်။ ၁၉၅၃ ခုနှစ်တွင် မြန်မာနိုင်ငံ သုတေသနအသင်း အမှုဆောင်အဖြစ် ဆောင်ရွက် သည်။ ၁၉၅၅ ခုနှစ်တွင် အမျိုးသားစာကြည့်တိုက် အထူးအရာရှိအဖြစ် ဆောင်ရွက်သည်။ ၁၉၅၆ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ (ဥပဒေ)ရသည်။ ဥရောပ၌ စာကြည့်တိုက် ပညာကိုဆက်လက် လေ့လာခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် ယဉ်ကျေးမှုဝန်ကြီးဌာန ညွှန်ကြားရေးဝန်အဖြစ် တာဝန်ယူသည်။ ၁၉၆၀



စာရေးဆရာကြီးတိုက်စိုး

ပြည့်နှစ် ဇူလိုင်လထုတ် ငွေတာရီမဂ္ဂဇင်း အမှတ် (၁) မှ စတင်၍ တိုက်စိုးကလောင်အမည်ဖြင့် ဝေဖန်ရေးဆောင်းပါးများစတင်ရေးသားခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် စာပေဗိမာန်က ဖွဲ့စည်းသော အနုပညာဆိုင်ရာ စာပေဆုစိစစ်ရေးအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၆၅ ခုနှစ်တွင် ရန်ကုန်စက်မှုလက်မှုကျောင်း အထွေထွေဌာနမှ ဆရာမဒေါ်မြင့်မြင့်သန်း (စာရေးဆရာမ တက္ကသိုလ်မြစိမ်း) နှင့် လက်ထပ်သည်။ ထိုနှစ်တွင် ဆရာမင်းယုဝေနှင့် တွဲဖက်၍ပထမဦးဆုံး လုံးချင်းစာအုပ်ဖြစ်သည့် မြန်မာစာမိတ်ဖွဲ့စာအုပ်ကို ရေးသားထုတ်ဝေခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ပညာဌာန (ယခု စာကြည့်တိုက်နှင့် သုတေသနပညာဌာန)စတင်ဖွင့်လှစ်သောအခါ ရည်ညွှန်းဘာသာရပ်ကို အချိန်ပိုင်း ကထိကအဖြစ် ၁၉၈၈ ခုနှစ်အထိ ပို့ချခဲ့သည်။

၁၉၈၂ ခုနှစ်တွင် ယဉ်ကျေးမှုဝန်ကြီးဌာနလက်အောက်ရှိ ယဉ်ကျေးမှုဗိမာန် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ်မှ အငြိမ်းစားယူခဲ့သည်။ အငြိမ်းစားမယူမီအထိ အင်္ဂလန်၊ အမေရိကန်၊ ဂျပန်၊ ရုရှား၊ ပြင်သစ်၊ နော်ဝေး၊ အိန္ဒိယ၊ တရုတ်နိုင်ငံများသို့ လေ့လာရေးသွားရောက်ခဲ့သည်။

၁၉၈၃ ခုနှစ် အငြိမ်းစားယူပြီးနောက်ပိုင်းတွင် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်နှင့် သုတေသနပညာဌာန အချိန်ပိုင်းကထိက၊ စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့ဝင်၊ စာပေဗိမာန်စာမူဆုနှင့် အမျိုးသားစာပေဆု ရွေးချယ်ရေးအဖွဲ့ဝင်၊ ရန်ကုန်တက္ကသိုလ်သမိုင်းဌာန ပြင်ပစာစစ်အဖွဲ့ဝင်နှင့် မြန်မာသမိုင်းအဖွဲ့ဝင် (၁၉၈၅ ခုနှစ်မှ ကွယ်လွန်ချိန်အထိ) တာဝန်များကို ဆက်လက်ထမ်းဆောင်ခဲ့သည်။

တိုက်စိုးသည် စာအလွန်ဖတ်သူ စာသမားစစ်စစ်ဖြစ်သည်။ ဆရာသွားလေရာတွင် လွယ်အိတ်ထဲ၌ စာအုပ်အမြဲတမ်းပါသည်။ အစည်းအဝေးများ၊ အခမ်းအနားများတွင် အခမ်းအနားမစမီ လွယ်အိတ်ထဲမှ စာအုပ်ကိုထုတ်၍ ဖတ်နေတတ်သည်။ ထိုသို့ စာဖတ်နာသဖြင့် ကလောင်အမည်နှင့် လိုက်အောင်ပင် တကယ့်စာပေဘက္ကာတိုက်စိုးကြီး ဖြစ်နေသည်။ အကြောင်းအရာ တစ်ရပ်ရပ်နှင့် ပတ်သက်၍ ဆရာ့အားမေးလျှင် ဘယ်စာအုပ်ကို ဖတ်ကြည့်ပါလားဟု ဒက်ခနဲညွှန်းနိုင်သူဖြစ်သည်။ ကွယ်လွန်ခါနီးအထိ စာအုပ်နှင့် မျက်နှာမခွာဘဲ ဖတ်သည်။

တိုက်စိုးသည် စာအုပ်အများအပြားဖတ်ပြီး ရေးသည့်အခါ အဆီအနှစ်ကိုသာ ထုတ်၍ တိုက်စိုးစာ တိုနံ့နံ့ဆိုသည့်အတိုင်း ခပ်တိုတိုရေးလေ့ရှိသည်။ စကားကိုလည်း သိုင်းဝိုင်းချဲ့ထွင် ပြောလေ့မရှိဘဲ လိုရင်းကိုသာပြောပြီး အဆုံးသတ်လေ့ရှိသကဲ့သို့ ၎င်းစာများတွင် ထိုလက္ခဏာကို တွေ့ရသည်။ ထို့ပြင် တိုက်စိုးသည် ပုံမှန်လေသံဖြင့် တည်တည်မှန်မှန် ပြောလေ့ရှိသည့်အတိုင်း ၎င်း၏စာများတွင်လည်း တည်တည်မှန်မှန်ပြောနေသည့် ပုံမှန်လေသံကို ကြားရမြဲဖြစ်သည်။ ၎င်း၏စာများနှင့် ပတ်သက်၍ မောင်ခင်မင်(ဓနုဖြူ)က "ဆရာ၏မှော်ဘီဆရာသိန်း၊ ပီမိုးနင်း၊ ဦးဖိုးကျား၊ မင်းတုန်းမင်း အတ္ထုပ္ပတ္တိများက ကျစ်လျစ်စေ့စပ်သည်။ ဉာဏ်အလင်းရောင်ဝင်လာရေးသည် အမှောင်ဓာတ်ပေါ်တွင် အမှီတဲကဲပြုရမြဲဖြစ်လေသည်ဟူသောအတွေးကို ပုံဖော်ပြသော အမှောင်ဆိုသောအက်ဆေးက စိတ်စွဲငြိဖွယ်ဖြစ်သည်။ ဇော်ဂျီနှင့်နှုတ်ခမ်းဆိုးဆေးကလည်း ထိုနည်းတူ အတွေးပွားဖွယ်ဖြစ်သည်။ ဆရာမင်းယုဝေနှင့် တွဲဖက်ရေးသားသော မြန်မာစာမိတ်ဖွဲ့ စာပေဆောင်းပါးများက စာပေအသိအမြင်တိုးပွားအောင် လုပ်ပေးသည်။ စောဘေစောမေပြဇာတ်အတွက် ဆရာရေးသားသော အမှာစာက ကိုလိုနီခေတ်ဦးပိုင်း မြန်မာပြဇာတ်များ၏ သဘောလက္ခဏာကို ထိုးထွင်းသိမြင်စေသည်။ ဗုဒ္ဓဘာသာ အနုပညာနိဒါန်းက ဗုဒ္ဓဘာသာအနုပညာ မြင်ကွင်းတစ်ခုလုံး ခြုံပြီးမြင်အောင်ပြသည်။ မဂ္ဂဇင်းတစ်စောင်ထဲမှာ ဖတ်လိုက်ရဖူးသော စာရေးဆရာ၏ စိတ်ဓာတ်ကိုပြသည့် ဆောင်းပါးက ကျစ်လျစ်သည့်ဂုဏ်သိက္ခာအထင်အရှားဖော်ပြနေသည်။ ဆရာ့စာတစ်ပုဒ်ချင်းတွင် ပြောစမှတ်ရှိသည်ကို တည်တည်မှန်မှန်ပြောလို

သော ဆရာ၏အရိုးခံစေတနာ ထင်ဟပ်နေသည်ဟု ဆိုရလိမ့်မည်" ဟူ၍ စာသမားတိုက်စိုးတွင် ရေးသား ခဲ့သည်။

ထို့ပြင် ဆရာသည် စာပေနှင့်ပတ်သက်လာလျှင် မာန်မာနကင်းပြီး သဘောထား အလွန်ပြည့်သည်။ တစ်ခါက ပညာပဒေသာစာစောင်၌ဇော်ဇော်အောင် က စကားပြေလေ့လာမှုဆောင်းပါးတွင် ဆရာအပါ အဝင်၊ သိပ္ပံမောင်ဝ၊ ရွှေဥဒေါင်း၊ ပါမောက္ခ ဦးအေးမောင်၊ ပါမောက္ခ ဦးမျိုးမင်း (နွယ်စိုး)၊ ပါမောက္ခဦးမောင်မောင်ကြီးတို့၏ စကားပြေများမှ အပြစ်အနာအဆာများကို ထောက် ပြဝေဖန်ခဲ့သည်။ ထိုဝေဖန်ရေးဆောင်းပါးသည် ဆရာကြီးများကို ထိခိုက်၍ ဇော်ဇော်အောင်အား အပြစ်ပြောကြ၊ ဆိုကြနှင့်အတော်ကြီး ဂယက်ရိုက်ခဲ့သည်။ သို့သော် လည်း တိုက်စိုးက ဇော်ဇော်အောင်နှင့်တွေ့သည့်အ ခါတွင် ဝေဖန်ချက်နှင့်ပတ်သက်သောဇော်ဇော်အောင် ၏ စာတမ်းများကို ဖတ်ရကြောင်း၊ ကောင်းကြောင်း၊ သည်လို ရှုထောင့်အသစ်မှ ဝေဖန်သောစာများ လူငယ် တွေရေးသင့်ကြောင်း ချီးမွမ်းခဲ့သည်။

တိုက်စိုးရေးသားပြုစုသော စာအုပ်များမှာ စာကိုးစကားကိုး (၁၉၇၄) စန္ဒကိန္နရီနှင့်အခြားဇာတ်ဝတ္ထုများ (မင်းယုဝေနှင့်တွဲဖက်ရေး ၁၉၈၂)၊ မြန်မာမိတ်ဖွဲ့ (မင်းယုဝေနှင့်တွဲဖက်ရေး ပ၊ ဒု ၁၉၆၅၊ ၁၉၆၆) ဗုဒ္ဓဘာသာ အနုပညာနိဒါန်း (၁၉၇၆)၊ စာဆိုနှင့်သုတေသီ (မင်းယုဝေနှင့်တွဲဖက်ရေး ၁၉၆၇) ဦးဖိုးကျားနှင့် ပီမိုးနင်း (၁၉၇၄)၊ မှော်ပီဆရာသိန်း (၁၉၇၄)၊ မင်းတုန်းမင်း (၁၉၇၂)၊ မင်းနှင့်စာဆို (၁၉၇၀)၊ တိုက်စိုးစာတိုနံ့နံ့ (၁၉၇၅)၊ ဧရာဝတီ (၁၉၈၁)၊ ယဉ်ကျေးမှုအထိမ်းအမှတ်များ (၁၉၈၆)၊ မြန်မာစာပေစာစုစာရင်း (ဦးသော်ကောင်း၊ ဒေါ်စမ်းစမ်းမေတို့နှင့် တွဲဖက်ရေး)(၁၉၈၃)၊ မင်္ဂလာပါဆရာမ (၁၉၉၆)၊ ဇေယျ (၂၀၀၀)၊ ဂန္ထဝင်စာဆိုလေးဦး (၂၀၀၃)၊ စာသမားတိုက်စိုး (အသက် ၈၀ ပြည့် အထိမ်းအမှတ်အဖြစ် အပေါင်းအသင်းများနှင့် တပည့်များက ဝိုင်းဝန်းရေးသားထုတ်ဝေသော စာအုပ် (၂၀၀၀)၊ မင်္ဂလာနှင့် အခြားအစမ်းစာများ (၂၀၀၁)၊ လိပ်ပြာနှင့် အခြားအစမ်းစာများ (၂၀၀၁) တို့ဖြစ်သည်။

ရေးသားခဲ့သော စာအုပ်များအနက် မူရင်း ဖရန်ဆစ်ဂရေးပေတန်၏ Good Morning Miss Dove ဝတ္ထုအကျဉ်းကို ဘာသာပြန်သော မင်္ဂလာပါဆရာမ စာအုပ်သည် ၁၉၉၆ ခုနှစ်အတွက် အမျိုးသားစာပေ ဘာသာပြန် (ရသ) ဆုကိုလည်းကောင်း၊ ဇေယျ စာအုပ်သည် ၂၀၀၀ ပြည့်နှစ်အမျိုးသားစာပေ (စာပဒေသာ)ဆုကိုလည်းကောင်း ရရှိခဲ့သည်။

တိုက်စိုးသည် ၁၉၉၉ ခုနှစ်တွင် ပခုက္ကူဦးအုံးဖေ ၏ တစ်သက်တာစာပေဆုကို ရရှိခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ပထမဦးဆုံးအကြိမ် ချီးမြှင့်သည့် ဝိဇ္ဇာပညာထူးချွန်ဆု (ပထမဆင့်) ရရှိသည်။

တိုက်စိုး၏ စာပေစေတနာနှင့် ပတ်သက်၍ ပခုက္ကူ တစ်သက်တာစာပေဆု ဆုရသူ၏ ပြန်ကြားချက်တွင် "ကျောင်းစာလိုက်၍ အပြီး၊ စာကြည့်တိုက် ပြတိုက်ဝန်ထမ်းအဖြစ် စာအမျိုးမျိုးယဉ်ကျေးမှု ပစ္စည်းအဖုံဖုံ၊ ကျွန်တော်ကိုယ်တိုင် ကိုင်တွယ်ရပါသည်။ ထိုအခါ ပညာရှာသူတို့ဝိုင်းကူဆိုသည့် ဆောင်ပုဒ်ကို လူဝပ်သိမ်းတို့အတွက် ကျွန်တော် ကျင့်သုံးခဲ့ပါသည်။တစ်ဖက်တွင်လည်းဝါသနာအလျောက် စာပေအနုပညာ၊ နိုင်ငံသမိုင်းရေးရာစာများကို မဂ္ဂဇင်းဂျာနယ်များ၌ ရေးသားခဲ့ပါသည်။ ထိုစာများ သည်လည်း အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာ အတွက် အထောက်အကူဖြစ်တန်ကောင်း၏ဟု အောက်မေ့မိပါသည်။ ရှေ့အဖို့တွင်လည်း ကျွန်တော် ကျန်းမာရေးကောင်းလျှင် ကောင်းသလောက် ဆက်လက်ရေးသားရန် အားသန်လျက်ရှိပါသည်" ဟု ဖော်ပြထားသည်ကို တွေ့ရသည်။

မြန်မာစာပေလောကတွင် အားကိုးအားထားပြုရသော ဆရာတိုက်စိုးသည် ၂၀၀၃ ခုနှစ်၊ မေလ ၄ ရက်နေ့၌ ကွယ်လွန်ခဲ့သည်။

**ဦးကြည်ထွဏ်း**

**ထိုင်းနိုင်ငံ။** ။ အာရှလုံခြုံရေးအဖွဲ့တည်ထောင်ရန် အင်ဒိုနီးရှားသမ္မတမဂ္ဂါဝတီဆိုကာနိုပူထရီ၏အဆိုပြုချက်ကို ထိုင်းနိုင်ငံက ထောက်ခံရန် ဝန်ကြီးချုပ်သက်ဆင်ရှင်နာဝပ်က ကတိပြုလိုက်ကြောင်း စက်တင်ဘာလ ၁ ရက်နေ့တွင် ဒေသခံသတင်းစာများ၌ ရေးသားဖော်ပြကြသည်။ သို့ရာတွင် အဖွဲ့၏သဘောထားကိုသိရှိရန်အခြားအရှေ့တောင်အာရှနိုင်ငံများအဖွဲ့ (အာဆီယံ) အဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးရန် အင်ဒိုနီးရှားအစိုးရက ပထမကြိုးပမ်းရမည်ဖြစ်ကြောင်း သက်ဆင်ကပြောကြားသည်။ ကုန်သွယ်ရေးနှင့် လုံခြုံရေးကိစ္စနှစ်မျိုးလုံးကို မဂ္ဂါဝတီနှင့် မိမိဆွေးနွေးခဲ့ကြောင်း သို့ရာတွင် ဩဂုတ်လ ၂၉ ရက်နေ့မှစ၍ မဂ္ဂါဝတီကလာရောက်လည်ပတ်စဉ်အတွင်း အကြမ်းဖက်ဝါဒခြိမ်းခြောက်မှုကို အထူးဦးစားပေးဆွေးနွေးခဲ့ကြောင်း သက်ဆင်ကပြောကြားသည်။ ထိုင်းနိုင်ငံမြောက်ပိုင်းချန်မဲ (ဇင်းမယ်) မြို့ရက္ခဗေဒဉယျာဉ်သို့ သက်ဆင်နှင့် မဂ္ဂါဝတီတို့ စက်တင်ဘာလ ၁ ရက်နေ့တွင် သွားရောက်လည်ပတ်ခဲ့သည်။

အပြည့်အဝပူးပေါင်းဆောင်ရွက်သော ဆက်ဆံရေးသစ်ကို ဖော်ဆောင်ရန် တရုတ်ခေါင်းဆောင်ပိုင်း၏ မျိုးဆက်သစ်က ထိုင်းနိုင်ငံနှင့် ရင်းနှီးဆောင်ရွက်လုပ်ကိုင်မည်ဖြစ်ကြောင်း အောက်တိုဘာလ ၁၈ ရက်နေ့တွင် တရုတ်သမ္မတဟူကျင်တောင်က ဗန်ကောက်မြို့တွင် ပြောကြားခဲ့သည်။ တရုတ်သမ္မတနှင့် ဇနီးတို့သည် အစိုးရဧည့်သည်တော်အဖြစ်လည်ပတ်ရန် အောက်တိုဘာလ ၁၈ ရက်နေ့ ညနေပိုင်းက ဗန်ကောက်မြို့သို့ရောက်ရှိခဲ့သည်။ ခရီးရောက်မဆိုက် တရုတ်သမ္မတနှင့် ဇနီးတို့က ထိုင်းဘုရင်ဘူမိဘောအဒူယာဒတ်ချ်နှင့် မိဖုရားတို့ကို တွေ့ဆုံပြီး နှစ်ဦးနှစ်ဘက်ဆက်ဆံရေးတိုးတက်ပုံတို့ကို ထုတ်ဖော်ပြောကြားကြသည်။ တရုတ်နှင့် ထိုင်းနိုင်ငံတို့မှာ ရင်းနှီးသောအိမ်နီးချင်းများဖြစ်၍ ယုံကြည်ထိုက်သော မိတ်ဆွေများဖြစ်ကြပြီး အချင်းချင်း အပြန်အလှန်လေးစားယုံကြည်မှုအခြေခံမှုဖြင့် ရှေးယခင်က ညီအစ်ကိုဆက်ဆံရေးကို ထူထောင်ခဲ့ကြသည်။ ညီအစ်ကိုဆက်ဆံရေးမှာ နိုင်ငံတကာအခြေအနေတွင်ပြောင်းလဲမှုကို ခံနိုင်ရည်ရှိ၍ ဤနက်ရှိုင်းခိုင်မာ၍ ပိုမိုကောင်းလာခဲ့သည်စသဖြင့် တရုတ်သမ္မတဟူက ပြောကြားသည်။

တရုတ်-ထိုင်းချစ်ကြည်ရေးနှင့် နှစ်နိုင်ငံ ပြည်သူများအကြား အပြန်အလှန်နားလည်မှုတိုးမြှင့်ရန် ထိုင်းဘုရင်နှင့် အခြားတော်ဝင်မိသားစုအဖွဲ့ဝင်များ ဆောင်ရွက်ခဲ့သည်များကို ဖော်ဆောင်ရန်မှာ ကျွန်ုပ်တို့၏ အစိုးရနှစ်ဖွဲ့ဝါဒသာမက ကျွန်ုပ်တို့နှစ်နိုင်ငံပြည်သူများ၏ဆန္ဒလည်းဖြစ်ပါသည်။ တရုတ်ခေါင်းဆောင်ပိုင်း၏ မျိုးဆက်သစ်ကမိတ်ဆွေများ၊ အပေါင်းအသင်းများအနေဖြင့် ပြုမူခဲ့သော အိမ်နီးချင်းမူဝါဒကို လိုက်နာမည်။ နှစ်ဦးနှစ်ဘက် ဆက်ဆံရေးတိုးတက်နိုင်အောင် ထိုင်းနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ပါမည်ဟု တရုတ်သမ္မတဟူက ပြောကြားသည်။ ဘုရင်ဘူမိဘောအဒူယာဒတ်ချ်ကပြန်လည်ပြောကြားရာ၌ ထိုင်းနှင့် တရုတ်နိုင်ငံတို့မှာ ရှေးအတိတ်ကာလများမှစ၍ ချစ်ကြည်ရေးကို တန်ဖိုးထားခဲ့ကြသည်။ နှစ်နိုင်ငံနှင့် ပြည်သူများမှာ ရှေးယခင်အချိန်များကထက် ရင်းနှီး၍ပိုမိုရိုးသားသော ဆက်ဆံရေးများကို ခံစားနေကြရသည်။တရုတ်သမ္မတ၏ခရီးစဉ်မှာ နှစ်နိုင်ငံအကြား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကို ထပ်မံခိုင်မာလိမ့်မည်ဟု ယုံကြည်ပါကြောင်းပြောကြားခဲ့သည်။ တွေ့ဆုံပွဲပြီးနောက် ဟူနှင့် ဇနီးတို့မှာ ဘုရင်နှင့် မိဖုရားတို့တည်ခင်းသော ကြိုဆိုဧည့်ခံပွဲသို့ တက်ရောက်ခဲ့ကြသည်။ ထိုနေ့မှာပင် တရုတ်သမ္မတဟူသည် ထိုင်းအမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် တွေ့ဆုံ၍ တရုတ်နှင့် ထိုင်းနိုင်ငံလွှတ်တော်အကြားဖလှယ်ရေးပြုလုပ်နိုင်လိမ့်မည်ဟုမျှော်လင့်ကြောင်းပြောကြားသွားသည်။

၂၀၁၀ ပြည့်နှစ်တွင် နှစ်နိုင်ငံအကြားကုန်သွယ်ရေးအခွန်အားလုံးကိုဖယ်ရှားပစ်မည့် လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်အပါအဝင် သဘောတူစာချုပ်ငါးခုကို အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့

က အောက်တိုဘာလ ၁၀ ရက်နေ့က ဗန်ကောက်မြို့တွင် လက်မှတ်ရေးထိုးခဲ့သည်။ အိန္ဒိယဆန့်ကျင်ရေးလုပ်ငန်းအတွက် အကြမ်းဖက်အုပ်စုက အလွဲသုံးစားပြုရန် မိမိ၏နယ်စပ်ကိုခွင့်ပြုမည်မဟုတ်ကြောင်း ထိုင်းနိုင်ငံက အာမခံချက်ပေးခဲ့သည်။ ကုန်သွယ်ရေးမှ ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုအထိ တန်းစီနေသော ပြဿနာများနှင့် ပတ်သက်၍ ဗန်ကောက်မြို့တွင် ဆွေးနွေးကြစဉ်အတွင်း အိန္ဒိယဝန်ကြီးချုပ် အတဲလ်ဘီဟာဗာဂျ်ပါယီနှင့် ထိုင်းဝန်ကြီးချုပ် သက်ဆင်ရှင်နာဝပ်တို့က အကြမ်းဖက်ဝါဒတိုက်ဖျက်ရာ၌ ပူးပေါင်းဆောင်ရွက်ရေးကို ဆွေးနွေးခဲ့ကြ၍ သတင်းနှင့် ထောက်လှမ်းရေးကို ဆက်လက်ဖလှယ်ကြရန် သဘောတူခဲ့ကြသည်။ နှစ်နိုင်ငံ ခေါင်းဆောင်များဆွေးနွေးကမ်းလှမ်းခဲ့သည်။ သင်ကြားရေးနှင့် ပူးတွဲကင်းလှည့်ရေးနယ်တွင် ပူးပေါင်းဆောင်ရွက်ရန်လည်း ဆွေးနွေးခဲ့ကြသည်။ ဘာလီအာဆီယံ ထိပ်သီးစည်းဝေးပွဲတွင် အိန္ဒိယဝန်ကြီးချုပ်အကြံပေးခဲ့သည့်အတိုင်း လွတ်လပ်သော ကောင်းကင်ဝါဒကို ခေါင်းဆောင်ကြီးနှစ်ဦးတို့က သဘောတူခဲ့ကြသည်။ မကြာမီအတည်ဖြစ်မည့် သဘောတူညီချက်အရ ဗန်ကောက်မြို့တော်တွင် သာမက ထိုင်းနိုင်ငံအတွင်းရှိ အခြားမြို့ကြီးများတွင်လည်း ယင်းဝါဒကျင့်သုံးမည်။ အလားတူဖလှယ်ခြင်းကို လေကြောင်းကုန်ပစ္စည်းသယ်ယူရေးအထိ တိုးချဲ့မည်ဟု ထိုင်းဝန်ကြီးချုပ်သက်ဆင်ကပြောသည်။ ယခုဆွေးနွေးနေသော စာချုပ်သုံးခုအပြီးသတ်ဆောင်ရွက်ရန် အိန္ဒိယဝန်ကြီးချုပ်က အကြံပေးသည်။ ဤစာချုပ်များမှာ အပြန်အလှန်တရားဥပဒေ အကူအညီစာချုပ်၊ အပြစ်ရှိသောတရားခံများနေရပ် သို့ပြန်ပို့ရေးစာချုပ်နှင့် အပြစ်ရှိသောတရားခံ လွှဲပြောင်းပေးရေးစာချုပ်များဖြစ်ကြသည်။ ထိုင်း အိန္ဒိယပူးတွဲစေ့စပ်ဆွေးနွေးရေး အုပ်စု၏ အစည်းအဝေး ခြောက်ခု ကျင်းပပြီးနောက် နှစ်ဦးနှစ်ဘက် လွတ်လပ်သောကုန်သွယ်ရေး ဒေသထူထောင်ရေးအတွက် ဘောင်ခတ်သောသဘောတူစာချုပ်အရ ၂၀၁၀ ပြည့်နှစ်မှစ၍ ကုန်ပစ္စည်းများကို လွတ်လပ်စွာရောင်းဝယ်နိုင်ကြမည်ဖြစ်သည်။ နောက်စာချုပ်တစ်ခုမှာ ၂၀၀၆ ခုနှစ်မှစ၍ ဝန်ဆောင်မှုပေးရေးစာချုပ်ဖြစ်၍ တတိယမြောက် စာချုပ်မှာ ၂၀၀၆ မှစ၍ ရင်းနှီးမြှုပ်နှံရေးစာချုပ်ဖြစ်သည်။

အခြားသဘောတူစာချုပ်များတွင် လယ်ယာစိုက်ပျိုးရေး၊ ခရီးသွားလာရေး၊ ဇီဝဓာတုဗေဒ၊ သံတမန်များနှင့် နိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသောအရာရှိများအတွက် ဗီဇာကင်းလွတ်ခွင့်ပေးရေးတို့ပါဝင်သည်။ ယင်းသဘောတူစာချုပ်များကို ဝန်ကြီးချုပ်နှစ်ဦးမျက်မှောက်၌ အိန္ဒိယနိုင်ငံဘက်မှာ ပြည်ပရေးရာဝန်ကြီးဆီဟာ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးအရွန်ဂျေလေနှင့် အိန္ဒိယသံအမတ်ကြီး အဲလ်ကေပွန်နာပါတို့က လက်မှတ်ရေးထိုးခဲ့ကြသည်။ အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့မှာ ခေတ်သစ်ပူးပေါင်းရေးကို စတင်နေကြသည်။ ဝန်ကြီးချုပ်နှစ်ဦးတွေ့ဆုံပွဲမှာအလွန်ကျယ်ပြန့်သည်။ နယ်အားလုံးတွင် ဆက်ဆံရေးတိုးမြှင့်ရန် ရိုးသားသောဆန္ဒကို ခေါင်းဆောင်



**ဗန်ကောက်မြို့တွင်**
**ဗုံးခွဲအကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားလာသဖြင့်**
**လုံခြုံရေးတပ်ဖွဲ့များ တိုးမြှင့်ချထားခဲ့ရသည်**

ကြီးနှစ်ဦးက ထုတ်ဖော်ခဲ့ကြသည်ဟု အိန္ဒိယပြည်ပရေးရာဝန်ကြီးဆိပ်ဘာကပြောကြားခဲ့သည်။

တူရကီနိုင်ငံ အစ်စတန်ဘူမြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက်ဗန်ကောက်မြို့ရှိ နိုင်ငံခြားသံရုံးများ ပတ်လည်တွင်လုံခြုံရေးချထားလိုက်ကြောင်း နိုဝင်ဘာလ ၂၂ ရက်နေ့တွင် သတင်းစာများ၌ ရေးသားဖော်ပြကြသည်။ ဗန်ကောက်မြို့ တူရကီသံရုံးတွင် အရန်ရဲများချထားခဲ့သည်။ အမေရိကန်နှင့် ဗြိတိသျှသံရုံးများတွင် လုံခြုံရေးအစောင့်များချထား၍ အမေရိကန်သံရုံးအတွင်း၌ ကွန်မင်ဒိုအဖွဲ့ဝင်များချထားခဲ့သည်။ အစ္စတန်ဘူမြို့တွင် ဗုံးပေါက်ခွဲစဉ်က ဗြိတိသျှကောင်စစ်ဝန်ရုံးနှင့် ဗြိတိသျှပိုင်ဘဏ်တိုက်ပျက်စီးပြီး လူ ၂၇ ဦး သေဆုံးခဲ့ရသည်။ ယင်းတိုက်ခဲ့မှုကြောင့် ထိုင်းအစိုးရက ဗုံးခွဲခြင်းကို ရှုံ့ချ၍ နောက်အခါတွင် ထိုင်းနိုင်ငံသားများ တူရကီနိုင်ငံသို့ခရီးသွားခြင်းမပြုရန် အကြံပေးထားခဲ့သည်။ ဆက်စပ်သောလှုပ်ရှားမှုတစ်ခုဖြင့် ထိုင်းနိုင်ငံမြောက်ပိုင်း မြို့တော်ချင်းမိုင် (ဇင်းမယ်) တွင် အမေရိကန်ကောင်စစ်ဝန်ရုံးအား တိုက်ခိုက်သည်ဟု မသင်္ကာသူသုံးဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။ ယင်းမသင်္ကာခံရသူ သုံးဦးမှာ ထိုင်းလူငယ်နှစ်ဦးနှင့် တူနီးရှားလူမျိုးတစ်ဦးတို့ဖြစ်ကြသည်။

၁၁နှစ်ကြာမျှ ဆွေးနွေးလေ့လာခဲ့ပြီးနောက် ထိုင်းနှင့် လာအိုနိုင်ငံ နယ်စပ်ဖြတ်ကျော်တံတားဆောက်လုပ်ရေးကို ထိုင်းအစိုးရက နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ထုတ်ပြန်ကြေညာလိုက်သည်။ ၃ဒသမ ၇၅ သန်း (အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၆၈ သန်း) ကုန်ကျမည်ဖြစ်သည်။ တစ်နှစ်အတွင်း အပြီးသတ်မည့်ယင်းစီမံကိန်းမှာ အိမ်နီးချင်းနိုင်ငံများအတွက် ထိုင်းအစိုးရ၏ စီးပွားရေးဖွံ့ဖြိုးမှု နည်းဗျူဟာအစိတ်အပိုင်းအနေဖြင့် နှစ်နိုင်ငံအကြား ခရီးသွားလာရေးနှင့် ကုန်သွယ်ရေးကို အဆင်ပြေချောမွေ့စေမည်ဖြစ်၍ နှစ်နိုင်ငံအကြားဆက်ဆံရေးတိုးလိမ့်မည်ဖြစ်သည်ဟု အစိုးရအင်ဂျင်နီယာမှူးက ပြောကြားသည်။

ထိုင်းအစိုးရအဖွဲ့ ပြန်လည်ဖွဲ့စည်းလိုက်ကြောင်း နိုဝင်ဘာလ ၈ ရက်နေ့တွင် ဗန်ကောက်မြို့၌ တရားဝင် ထုတ်ပြန်ကြေငြာခဲ့သည်။ ထိုင်းဝန်ကြီးချုပ်သက်ဆင်ရှင်နာဝပ်သည် နိုဝင်ဘာလ ၁၀ ရက်နေ့က ဝန်ကြီးသစ် ၁၂ ဦးကို ခေါင်းဆောင်ပြီး ထိုင်းဘုရင်ရှေ့မှောက်တွင် ကျမ်းသစ္စာ ကျိန်ဆိုသည်။ ထိုင်းစီးပွားရေးကို အားပေးရန်နှင့် စောစော အငြိမ်းစားယူသော ပြည်သူ့ဝန်ထမ်းများအတွက်ပေးရန် ရည်ရွယ်ပြီး ရသုံးငွေ ဘတ်ဂျက်ဘတ်ငွေ ၁၃၅ ဒသမ ၅ ဘီလီယံ(အမေရိကန်ဒေါ်လာ ၃၀၄၃၀ ဘီလီယံ)ကို ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ထိုင်းအစိုးရအဖွဲ့က အတည်ပြုပေးခဲ့သည်။

**နိုင်ငံတကာ ဆက်ဆံရေး-** လယ်ယာစိုက်ပျိုးရေးနှင့်စွမ်းအင်ကဏ္ဍတွင် နှစ်ဦးနှစ်ဖက်ပူးပေါင်းဆောင်ရွက်မှု တိုးတက်ရေးကို ရည်ရွယ်ပြီး ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့က အောက်တိုဘာလ ၂၂ ရက်နေ့တွင် သဘောတူ စာချုပ်နှစ်ခုကို လက်မှတ်ရေးထိုးခဲ့ကြသည်။ နှစ်နိုင်ငံအကြား နည်းပညာလွှဲပြောင်းပေးခြင်း၊ ကုန်သွယ်ရေး၊ သင်တန်းပေးခြင်း၊ သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့်လယ်ယာစိုက်ပျိုးရေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်မှု နောက်ထပ်တိုးမြှင့်ရန် လယ်ယာပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာအရ နှစ်နိုင်ငံအစိုးရတို့အကြား ဖက်စပ်လုပ်ငန်းတစ်ခုအနေဖြင့်ဖိလစ်ပိုင်နိုင်ငံတွင်အာဆီယံရေနံလုပ်ငန်းတစ်ခု ထူထောင်သည်။ ယင်းဖက်စပ်လုပ်ငန်းက ပုံမှန်နှင့်အရေးပေါ် အခြေအနေတွင် စွမ်းအင်လုံခြုံရေးကိုပေး၍ ရေနံဈေးနှုန်းကို တည်ငြိမ်စေသည်။ ရေနံတင်သွင်းရမှု လျော့ပါးရန်လည်း ရည်ရွယ်သည်။ ဤသို့ဖြင့် နိုင်ငံခြားငွေ လိုအပ်ချက်ကိုလျော့ပါးစေသည်။ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တော်၌ကျင်းပသော ၁၁ ကြိမ်မြောက် အာရှပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (အေပက်) စည်းဝေးပွဲအတွင်းယင်းစာချုပ်နှစ်ခုကို လက်မှတ်ရေးထိုးခဲ့သည်။

နယ်စပ်ကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်တိုဘာလ ၂၈ ရက်နေ့တွင် ထိုင်း၊ မြန်မာနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ အရာရှိများ နယ်စပ် ကုန်သွယ်ရေးဆွေးနွေးပွဲကို ထိုင်းနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပခဲ့သည်။ ယင်းဆွေးနွေးပွဲမှာ လေးနိုင်ငံအကြား နယ်စပ်ကုန်သွယ်ရေးနှင့် ပုံမှန်ကုန်သွယ်ရေးနှစ်မျိုးလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကို အဓိကထားလိမ့်မည်။ ဒေသခွဲကုန်သွယ်ရေးအကျိုးသက်ရောက်မှုနှင့် တန်ဖိုးကို တိုးပွားစေမည်။ ဒေသဆက်သွယ်ရေးနှင့် စီးပွားရေးအလားအလာတိုးတက်လာအောင် လေးနိုင်ငံအကြား လောလောဆယ်ကုန်သွယ်ရေး အငြင်းပွားမှုနှင့် အတားအဆီးများကို အရာရှိများက အဓိကထားဆွေးနွေးကြသည်။ အိမ်နီးချင်းနိုင်ငံများမှာ လယ်ယာထွက်ပစ္စည်းများကို ပိုမိုကောက်ယူခြင်းဖြင့် ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်ရန် ထိုင်းနိုင်ငံက သတိပြုမည်ဟု ထိုင်းကူးသန်း ရောင်းဝယ်ရေးဝန်ကြီးကပြောကြားခဲ့သည်။ ၂၀၀၂ ခုနှစ် ပထမ ၁၀ လတွင် ထိုင်းနိုင်ငံနှင့် ဤအိမ်နီးချင်းသုံးနိုင်ငံတို့ကုန်သွယ်ရေးမှာ အမေရိကန် ဒေါ်လာ ၄ ဒသမ ၀၈ ဘီလီယံအထိရောက်ရှိခဲ့ကြောင်း ထိုင်းကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သော စာရင်းဇယားများတွင်ဖော်ပြထားသည်။ ဩဂုတ်လတွင် ဤလေးနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများတွေ့ဆုံပြီး လေးနိုင်ငံအကြားစီးပွားရေး ဖွံ့ဖြိုးမှုအတွက် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု နည်းဗျူဟာချမှတ်ရန် သဘောတူခဲ့ကြသည်။ ကုန်သွယ်ရေး၊ လယ်ယာစိုက်ပျိုးရေး၊ စက်မှု၊ ကုန်းလမ်း သယ်ယူပို့ဆောင်ရေး၊ ခရီးသွားလာရေးနှင့် လူ့ စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနယ်များတွင် ဒေသ အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးကို နိုင်ငံခြားရေး ဝန်ကြီးများက အဓိကထားပြီးဆွေးနွေးခဲ့ကြသည်။

သုံးနိုင်ငံဆက်သွယ်ထားသော ဒေါ်လာသန်း ၇၆၀ ကုန်ကျမည့် ကီလိုမီတာ ၁၃၆ ရှည်လျားသော အာရှအဝေးပြေးလမ်းမကြီးကို ၂၀၀၄ ခုနှစ် စောစောပိုင်း၌ လုပ်ငန်းစတင်ရန် အိန္ဒိယ၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့က နယူးဒေလီမြို့တွင် ဒီဇင်ဘာလ ၂၄ ရက်နေ့က ဆုံးဖြတ်ခဲ့ကြသည်။ မြန်မာနိုင်ငံ ပုဂံမြို့ကို ဖြတ်လျှက် အိန္ဒိယနိုင်ငံ အိုရီ၊ ထိုင်းနိုင်ငံ မဲဆောက်မှ စတင်ဖောက်လုပ်မည်။ အဝေးပြေးလမ်းမကြီး ပထမပိုင်းတွင် ၇၈ ကီလိုမီတာရှည်လျားသောလမ်းသစ်များဖောက်လုပ်ခြင်း၊ ကီလိုမီတာ ၄၀၀ ရှည်လျားသောတစ်လမ်းသွားလမ်းမများကို နှစ်လမ်းသွားနွေလမ်းများအဖြစ်အဆင့်မြှင့်ခြင်းတို့ပါဝင်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဆင်ဟာက သတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်များအားပြောကြားခဲ့သည်။ ပထမအဆင့်မှာ ဒေါ်လာ ၂၅၂ သန်း ခန့်ကုန်ကျမည်ဟု ခန့်မှန်းထားရာ အိန္ဒိယနိုင်ငံက ဒေါ်လာသန်း ၁၀၀ နှင့် ထိုင်းနိုင်ငံက ဒေါ်လာသန်း ၉၀ ထည့်ဝင်ပြီး ကျန်ငွေကို မြန်မာနိုင်ငံက ထည့်ဝင်မည်။ ဒုတိယအဆင့်မှာ ဒေါ်လာ ၁၅၄ သန်းကုန်ကျ၍ နောက်ဆုံးအဆင့်မှာ ဒေါ်လာ ၂၈၄ သန်း ကုန်ကျဖွယ်ရာရှိသည်။ သုံးနိုင်ငံဆက်သွယ်သော အဝေးပြေးလမ်းဖောက်လုပ်ရန် ဆုံးဖြတ်ချက်ကို ဆွေးနွေးရန် ၂၀၀၂ ခုနှစ် ဧပြီလ၌ ရန်ကုန်မြို့တွင် နိုင်ငံခြားရေးဝန်ကြီးသုံးဦး တွေ့ဆုံကြသောအခါ ဆုံးဖြတ်ချက်ချခဲ့ကြခြင်း ဖြစ်သည်။ စီမံကိန်းတိုးတက်မှုကို ဆက်လက်လေ့လာသုံးသပ်ရေးအတွက် အဆင့်မြင့်အရာရှိကြီးများအဖွဲ့ ခန့်အပ်ရန် နိုင်ငံခြားရေးဝန်ကြီးသုံးဦးက ဆုံးဖြတ်ခဲ့သည်။ ယင်းအဖွဲ့ ပထမအစည်းအဝေးကို ဇန်နဝါရီလ၌ မြန်မာနိုင်ငံတွင် ကျင်းပမည်။ လုပ်ငန်းတိုးတက်မှုကို လေ့လာသုံးသပ်ရန် ၂၀၀၄ခုနှစ် ခြောက်လပိုင်းက နိုင်ငံခြားရေးဝန်ကြီး သုံးဦးထပ်မံတွေ့ဆုံကြမည်၊ ပထမသုံးနိုင်ငံ ဖြတ်လမ်းစီမံကိန်း အကောင်အထည်ဖော်ခြင်းဖြင့် ထိုင်းနိုင်ငံ ကန်ဆွန်ဘူရီမြို့မှ မြန်မာနိုင်ငံရေနက် သင်္ဘောဆိပ်ထားဝယ်မြို့နှင့် အိန္ဒိယနိုင်ငံပင်လယ်ဆိပ်ကမ်းများသို့ သင်္ဘော ဆိုက်ကပ်ရေးအတွက် ဒုတိယစီမံကိန်းမှာ လျှင်မြန်စွာ

ဆောင်ရွက်နိုင်လိမ့်မည်စသဖြင့် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။ ဤစီမံကိန်းများမှာ သုံးနိုင်ငံအတွက် အောင်မြင်သောအခြေအနေဖြစ်၍ ခရီးသွားလာရေး ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်မည့်အပြင် သာယာဝပြောရေးအားလုံးကို ရှေးရှုလိမ့်မည်ဟု ထိုင်းနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

**စီးပွားရေး-** ထိုင်းနိုင်ငံတွင် ၂၀၀၂ခုနှစ်ကုန်ပိုင်း၌ ကားစီးရေပေါင်း ၄၁၉၃၆၂ စီးရောင်းချခဲ့ပြီး ၃၇-ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်ခဲ့ရာ ၁၉၉၇ ခုနှစ်မှစ၍အမြင့်ဆုံးရောင်းချခဲ့ရခြင်းဖြစ်ကြောင်း ထိုင်းတိုယိုတာ မော်တော်ကားကုမ္ပဏီက ဇန်နဝါရီလ ၁၃ရက်နေ့တွင် ထုတ်ပြန်ကြေငြာသည်။ ၂၀၀၂ခုနှစ် ဒီဇင်ဘာလအတွင်းက ကားရောင်းချမှုမှာ လစဉ်အလိုက် စံချိန်တင်ရောင်းချခဲ့ရပြီး ကားစီးရေ ပေါင်း ၄၈၈၅၉ စီး ရောင်းချခဲ့ရာ နှစ်ချင်းအလိုက် ၃၂.၆ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ ထိုင်းကူးသန်းရောင်းဝယ်ရေးဌာန၏ နှစ်ပြည့်ပို့ကုန် တိုးတက်မှုလျာထားချက်ကို ၅ဒသမ ၅ ရာခိုင်နှုန်းမှ ၆ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့ကြောင်းကြေညာခဲ့သည်။

၂၀၀၃ ခုနှစ်ဇန်နဝါရီလ၌ လျင်မြန်စွာ ပို့ကုန်တိုးတက်မှုအပေါ် ပြန်လည်သုံးသပ်ခြင်းဖြစ်ကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီး အဒီဆန်ဗိုဒါရာမစ်က ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် သတင်းစာရှင်းလင်းပွဲ၌ပြောကြားခဲ့သည်။ ဇန်နဝါရီလတွင် တင်ပို့ကုန်မှာ ဒေါ်လာ၆ ဘီလီယံဖိုးခန့် ရှိမည်ဟု မျှော်မှန်းထားရာ ယင်းပို့ကုန် ပမာဏ မှ ၂၀၀၂ ခုနှစ် ဒီဇင်ဘာလတွင် ဒေါ်လာ ၅ ဒသမ ၆၃ ဘီလီယံထက် မြင့်တက်ခဲ့ကြောင်း ပဏာမလေ့လာချက်အရ သိရှိရသည်။ ၂၀၀၃ ခုနှစ် ပြည်ပပို့ကုန်မှ ရရှိမည့် ဝင်ငွေမှာ ဒေါ်လာ ၇၂ ဒသမ ၆၉ ဘီလီယံမှ ၇၃ ဒသမ ၄ ဘီလီယံရှိမည်ဟု ခန့်မှန်းထားသည်။ ထိုင်းနိုင်ငံ၏ အဓိကပို့ကုန် ဈေးကွက်များမှာ အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ စင်ကာပူ၊ ဟောင်ကောင်၊ တရုတ်နှင့် မလေးရှားနိုင်ငံတို့ဖြစ်ကြသည်။ ထိုင်းအစိုးရအနေဖြင့် ကျောက်မျက်ရတနာလုပ်ငန်းကို ရိုးရိုးသားသား ဆက်လက်မြှင့်တင်သွားမည်ဆိုပါက ထိုင်း ကျောက်မျက်နှင့် လက်ဝတ်ရတနာ ပြည်ပတင်ပို့မှုမှာ ၂၀၀၃ ခုနှစ်တွင် ၁၂ ရာခိုင်နှုန်း တိုးမြင့်လာမည်ဟု မျှော်လင့်ထားကြောင်း၊ ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာများ ပြည်ပတင်ပို့မှုကို



**ထိုင်းနိုင်ငံ၏ မော်တော်ကားထုတ်လုပ်ရေးစက်ရုံတစ်ခု**

နှစ်အလိုက် ၁၂ ရာခိုင်နှုန်းတိုးတက်အောင် ရည်မှန်းချက်ထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထိုင်းကျောက်မျက်ရတနာကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌဆူနီဆရီအိုရာထိုင်ကူက ပြောကြားခဲ့သည်။ ဗန်ကောက်မြို့တွင်အောက်တိုဘာ လ ၁၆ ရက်မှ ၂၁ ရက်နေ့အထိ အေပက်ရင်းနှီး မြှုပ်နှံမှုဈေးကွက် ၂၀၀၃ ကို လက်ခံကျင်းပသွားမည် ဟု ထိုင်းနိုင်ငံရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ (ဘီအိုအိုင်) ၏ ဝါရင့်တာဝန်ရှိသူက ပြောသည်။ ယင်းရင်းနှီးမြှုပ်နှံမှုဈေးကွက်ပြပွဲမှာ အခြားအေပက်လှုပ်ရှားမှုပြပွဲအတွင်း ကျင်းပသောနိုင်ငံစုံ ရင်းနှီးမြှုပ်နှံမှုပြပွဲဖြစ်ပြီး ၂၀၀၃ ခုနှစ်တစ်လျှောက်လုံး ထိုင်းနိုင်ငံက လက်ခံ ကျင်းပသွားမည်ဖြစ်ကြောင်း ဘီအိုအိုင်အတွင်းရေးမှူးချုပ် ဆွမ်ဖုန်ဝါနာဖာက ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သတင်းစာရှင်းလင်းပွဲတွင်ပြောကြားသည်။ ၂၀၀၃ ခုနှစ် ရင်းနှီးမြှုပ်နှံမှုအဓိကအကြောင်းမှာ ယုံကြည်မှုနှင့် အကျိုးဖြစ်ထွန်းမှုရှိသော အာရှပစိဖိတ် ရင်းနှီးမြှုပ်နှံမှုဟူ၍ဖြစ်ကြောင်း၊ ယင်းပြပွဲမှာ အေပက်စီးပွားရေးအဖွဲ့ဝင်များအတွက် ကုန်သွယ်ရောင်းဝယ်သူ များနှင့် စီးပွားရေးလုပ်ငန်းရှင်များ ပြိုင်ဖက်ကင်းမှုကိုပြသရန်အခွင့်အလမ်းဖြစ်ကြောင်း ဆွမ်ဖုန်က ပြောကြားသည်။

**မူးယစ်ဆေးဝါးပပျောက်ရေး** - ဗန်ကောက်မြို့တွင် ခွေးလေခွေးလွင့်များတစ်ရှိန်ထိုးများပြားလာသဖြင့် ယင်းခွေးလေခွေးလွင့်များကို တရားမဝင် မူးယစ်ဆေးဝါးများအနံ့ခံရှာဖွေရေးလုပ်ငန်းတွင် ခိုင်းစေရန် ဆုံးဖြတ်လိုက်ကြောင်း တိုင်းတရားရေးဝန်ကြီးဌာနက ဇန်နဝါရီလ ၆ ရက်နေ့တွင် ကြေညာသည်။ ခွေးလေခွေးလွင့် ၁၀၀ ပါဝင်သော ပထမအသုတ်ကိုမူးယစ်ဆေးဝါးအနံ့ခံသင်တန်းများ စတင်ပေးနေပြီဖြစ်ကြောင်း၊ သင်တန်းပြီးဆုံးသောအခါထိုအနံ့ခံခွေးလေခွေးလွင့်များကို ဘူတာရုံများနှင့် လေဆိပ်များတွင် နေရာချထားမည်ဖြစ်ကြောင်း တိုင်းတရားရေးဝန်ကြီးပူရာကျိုင်းပီယွန်ဆွမ်ဘွမ်ကပြောကြားသည်။ ပိုင်ရှင်မဲ့ခွေးလေခွေးလွင့်များကို လုပ်ငန်းတွင်အသုံးချရန် အစီအစဉ်ကို မကြာမီကစတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။ နှာတန်စို၍ ကျန်းမာရေးကောင်းပြီး အရေပြားရောဂါကင်းစင်သော ခွေးလေခွေးလွင့်များကို သင်တန်းပေးရန် ရွေးချယ်သွားမည်။ ဗန်ကောက်မြို့တွင် ပိုင်ရှင်စွန့်ပစ်ထားသော ခွေးလေခွေးလွင့်အကောင်တစ်သိန်းခန့် ရှိရာ ဗန်ကောက်မြို့တော်အုပ်ချုပ်ရေးအဖွဲ့က ထိုခွေးများကို မျိုးမပွားအောင် ထိန်းချုပ်ရန်နည်းမျိုးစုံဖြင့် ကြိုးစားလျက်ရှိသည်ဟု တိုင်းတရားရေးဝန်ကြီးက ပြောကြားသည်။

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ကို ၂၀၀၅ ခုနှစ်တွင် မူးယစ်ဆေးဝါးကင်းလွတ်ဒေသအဖြစ်သတ်မှတ်လိုက်ကြောင်း ဗန်ကောက်ပို့စ်သတင်းစာတွင် ဇန်နဝါရီလ ၁၆ ရက်နေ့က ရေးသားဖော်ပြထားသည်။ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးထိန်းချုပ်ရေးအစီအစဉ် (ယူအင်ဒီပီ) အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ ဩစတြေးလျနှင့် ဗြိတိန်နိုင်ငံတို့မှ ကိုယ်စားလှယ်များသည် ချင်းမိုင်မြို့တွင် တိုင်းမူးယစ်ဆေးဝါးထိန်းချုပ်ရေးဘုတ်အဖွဲ့က ကြီးမှူးကျင်းပသောဒေသဆိုင်ရာ ဖိုရမ်ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသည်။ ဘိန်းအစားထိုး အခြားသီးနှံစိုက်ပျိုးရေးကို အားပေးခြင်းသည်ရည်မှန်းချက်ကို အောင်မြင်ထမြောက်စေနိုင်သော တစ်ခုတည်းသောနည်းလမ်းဖြစ်သည်ဟု ယင်းကိုယ်စားလှယ်များက သဘောတူကြသည်။ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့တွင် ဘိန်းစိုက်ပျိုးမှုကျဆင်းနေပြီဖြစ်သော်လည်း ယူအင်ဒီပီသည် အာဖဂန်နစ္စတန်နိုင်ငံ၌ ဘိန်းစိုက်မှုနှင့် ပတ်သက်၍စိုးရိမ်ပူပန်နေဆဲဖြစ်ကြောင်း ယူအင်ဒီပီဘိန်းအစားထိုးမှုဖွံ့ဖြိုးတိုးတက်ရေးပညာရှင်နှင့် ညှိနှိုင်းရေးမှူးဖြစ်သူ ဆန္ဒန်ချင်နာန္ဒမ်းကပြောသည်။

ထိုင်းအစိုးရ၏မူးယစ်ဆေးဝါးဆန့်ကျင်နှိမ်နင်းရေး နောက်ဆုံးလုပ်ဆောင်ချက်၏ ပထမ ၁၅ ရက်အတွင်း ဗန်ကောက်ရဲအဖွဲ့က မသင်္ကာသူ ၄၀၀၀

ကျော်ကို ဖမ်းဆီးခဲ့သည်ဟု ထိုင်းသတင်းဌာနက ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ရေးသားဖော်ပြသည်။ ဖေဖော်ဝါရီ ၁ ရက်နေ့မှ ၁၅ ရက်အထိ မူးယစ်ဆေးဝါးနှင့် ဆက်စပ်မှုရှိသော မသင်္ကာသူ ၄၃၁၅ ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ပြီးဘတ်ငွေ ၁၃ ဒသမ ၃ သန်း (ဒေါ်လာ ၃၁၆၇၀၀) တန်ဖိုးရှိသော အက်ပီတမင်ဆေးပြား ၁၁ ဒသမ ၆ သန်းကျော် သိမ်းဆည်းခဲ့သည်ဟု ဗန်ကောက်မြို့ပြရဲတပ်ဖွဲ့ ဒုတိယရဲမင်းကြီးဝီရောဂျန်ကာရန်ဆီကပြောသည်။

မူးယစ်ဆေးဝါးရောင်းဝယ်သူအများအပြားမှာ တိမ်းရှောင်ပုန်းအောင်းနေကြသော်လည်း ရဲအရာရှိများက ဗန်ကောက်မြို့တွင် နေရာမလပ်ရှာဖွေလျက်ရှိကြောင်း ဝီရောကသတိပေးစကားပြောကြားသည်။ ဝန်ကြီးချုပ်သက်ဆင်ရှင်နာဝပ်က လာမည့် သုံးလအတွင်း ထိုင်းနိုင်ငံ၌ မူးယစ်ဆေးဝါးပပျောက်စေရမည်ဟု ကတိပေး၍ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစပြီး မူးယစ်ဆေးဝါးဆန့်ကျင်နှိမ်နင်းရေးအစီအစဉ်ကို ကြေညာခဲ့သည်။

မူးယစ်ဆေးဝါးအရောင်းအဝယ်လုပ်သူများကို ထိုင်းရဲအဖွဲ့က နှစ်ကြိမ်ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ရာ ဘတ်ငွေ ၁ ဒသမ ၉ ဘီလီယံဒေါ်လာ ၄၅ ဒသမ ၂ သန်းဖိုးရှိသော ဘိန်းဖြူ ၄၇ ဒသမ ၆ ကီလိုကို သိမ်းဆည်းရရှိခဲ့ပြီး နိုင်ငံခြားသား ကိုးဦးကို ဖမ်းဆီးလိုက်ကြောင်း ဗန်ကောက်ပို့စ်သတင်းစာက ဇူလိုင်လ ၁ ရက်နေ့တွင် ရေးသားဖော်ပြသည်။ ဖမ်းဆီးမိသော နိုင်ငံခြားသားကိုးဦးမှာ မိန်းမသုံးဦးပါဝင်သော တရုတ် (တိုင်ပေ) ငါးဦးနှင့် မလေးရှား လေးဦးတို့ဖြစ်ကြသည်။ ထိုင်း၊ တရုတ်၊ မြန်မာနှင့် လာအိုနိုင်ငံတို့မှ မူးယစ်ဆေးဝါးနှိမ်နင်းရေးအာဏာပိုင်များက ဗန်ကောက်မြို့မြောက်ဘက် ကီလိုမီတာ ၇၀၀ အကွာရှိ ချိုင်ရေးဒေသ၌ အစည်းအဝေးပြုလုပ်ပြီး မဲခေါင်မြစ်အောက်ပိုင်းဒေသ၌ တရားမဝင် မူးယစ်ဆေးဝါးထုတ်လုပ်ခြင်းနှင့် မှောင်ခိုရောင်းဝယ်ခြင်းတို့ကို နှိမ်နင်းရေးအတွက် တရားရေးဆိုင်ရာ ဥပဒေလက်နက်များကို အသုံးချရာတွင် ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာအောင်ဆောင်ရွက်ကြရန် သဘောတူလိုက်ကြသည်ဟု ဗန်ကောက်သတင်းစာက ဇူလိုင်လ ၁၀ ရက်နေ့တွင် ရေးသားဖော်ပြသည်။ ယင်းအစည်းအဝေးကျင်းပစဉ် လေးနိုင်ငံကိုဖြတ်သန်းစီးဆင်းသော မဲခေါင်မြစ်တစ်လျှောက်၌ မူးယစ်ဆေးဝါးတရားမဝင်ရောင်းဝယ်ခြင်းကို နှိမ်နင်းမည့်နည်းလမ်းများရှာရန် ရည်ရွယ်ထားပြီး အရာရှိများက မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်သူများကို နှိမ်နင်းသည့် အပြန်အလှန်လှုပ်ရှားဆောင်ရွက်မှုများ ညှိနှိုင်းဆောင်ရွက်သွားရေးအတွက် ကွန်ရက်တစ်ခု ထူထောင်ရန် သဘောတူခဲ့ကြသည်။

ယင်းကွန်ရက်မှာ မဲခေါင်မြစ်တစ်လျှောက်ရှိ လေးနိုင်ငံဆိပ်ကမ်းများ အကျုံးဝင်မည်ဖြစ်သည်။ တရုတ်နိုင်ငံရှိ ကျင်ဟွန်ဆိပ်ကမ်း၊ မြန်မာနိုင်ငံရှိ ဖားပွန်ဆိပ်ကမ်းတို့ပါဝင် အကျုံးဝင်မည်ဖြစ်သည်။ လာအိုနိုင်ငံရှိ ဟွေဆိုင်ဆိပ်ကမ်းနှင့် ထိုင်းနိုင်ငံရှိ ချိုင်ဆေးအန်နှင့် ချိုင်ကွန်ဆိပ်ကမ်းတို့လည်း ပါဝင်အကျုံးဝင်မည်ဖြစ်သည်။ မဲခေါင်မြစ်ကိုဖြတ်ပြီး မီသာအမ်ဖီဖာမင်နှင့် ဘိန်းဖြူများ၊ တရုတ်တောင်ပိုင်းသို့ ဝင်နေကြောင်း၊ နိုင်ငံစုံပူးပေါင်းဆောင်ရွက်မှုကို ဒေသတွင်းမူးယစ်ဆေးဝါးဆန့်ကျင်နှိမ်နင်းရာ၌ ပြင်းပြင်းထန်ထန် လုပ်ဆောင်သင့်ကြောင်း တရုတ်အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး ကော်မရှင်ရုံးလက်ထောက်ညွှန်ကြားရေးမှူးချုပ် ဝမ်ကျင်ရောင်က ပြောကြားသည်။

ဦးရဲလွင်

**နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေးဆယ်စုနှစ်။** ။ ၂၀၀၃ ခုနှစ်၊ နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂ စာတတ်မြောက်ရေး ဆယ်စုနှစ် အထိမ်းအမှတ် အခမ်းအနားကို ၂၀၀၃ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ကျင်းပသည်။



**နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ်အထိမ်းအမှတ်အခမ်းအနားတက်ရောက်ကြသူများ**

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် နိုင်ငံသူ နိုင်ငံသားပြည်သူများ ပညာရည်မြင့်မားရေးအတွက် ဘက်စုံကဏ္ဍစုံ၌ စနစ်တကျကြိုးပမ်း ဆောင်ရွက်ရင်း ကမ္ဘာ့မိသားစုဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတကာ ပညာရေးပူးပေါင်းဆောင်ရွက်မှုများ တွင်လည်း မြန်မာနိုင်ငံအနေဖြင့် တက်ကြွစွာပါဝင် ဆောင်ရွက်လျက်ရှိသည်။

၁၉၆၇ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက စက်တင်ဘာလ ၈ ရက်နေ့ကို 'နိုင်ငံတကာ စာတတ်မြောက်ရေးနေ့'အဖြစ် သတ်မှတ်ပေးခဲ့ချိန်ကစပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် နှစ်စဉ်နှစ်တိုင်း နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို အခြားသောကမ္ဘာ့နိုင်ငံများနည်းတူခမ်းနားသိုက်မြိုက်စွာ ဂုဏ်ပြုကျင်းပလာခဲ့ရာ ကောင်းမြတ်သော အစဉ်အလာတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာဖြစ်ထွန်း နေပြီဖြစ်သည်။


၂၀၀၃ ခုနှစ်၊ နိုင်ငံတကာစာတတ်မြောက်ရေး နေ့တွင် ပိုမိုထူးခြားလေးနက်သော တိုးတက်ဖြစ်ထွန်းမှုတစ်ခုမှာ ၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေ ညီလာခံကြီးက ၂၀၀၃ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ဆယ်နှစ်တာကာလကို 'ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ်' (United Nations Literacy Decade; Education For All) အဖြစ် သတ်မှတ်ပြီး စာတတ်မြောက်ရေး၊ ဘဝသာယာရေးလုပ်ငန်းများကို နိုင်ငံအလိုက် အစီအစဉ်များရေးဆွဲဆောင်ရွက်ကြရန် ဆုံးဖြတ်ခဲ့ခြင်းကြောင့် ၂၀၀၃ ခုနှစ်သည် ကုလသမဂ္ဂစာတတ်မြောက်ရေးဆယ်စုနှစ်၏အဦးအစ ကာလမင်္ဂလာနှစ်ဖြစ်သည်။

ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ်၏ အဦးအစမင်္ဂလာနှစ်တွင် ပြည်ထောင်စုမြန်မာ

နိုင်ငံတော်၌ စနစ်တကျ စီမံချက်ချမှတ် ဆောင်ရွက်လျက်ရှိသော ပြည်သူများ စာတတ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်မှုများကို ပိုမိုလေးနက်ခိုင်မာသော အမျိုးသားရေး သန္နိဋ္ဌာန်ဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန်၊ နိုင်ငံတကာစာတတ်မြောက်ရေး၊ ဘဝသာယာရေးလုပ်ငန်းများကို နိုင်ငံအလိုက် အစီအစဉ်များ ရေးဆွဲဆောင်ရွက်ကြရန် ဆုံးဖြတ်ခဲ့ခြင်းကြောင့် ၂၀၀၃ခုနှစ်သည် ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ်၏ အဦးအစ ကာလမင်္ဂလာနှစ်ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် စာတတ်မြောက်ရေးကြိုးပမ်းဆောင်ရွက်မှုကို အစဉ်အလာကောင်းနှင့် သမိုင်းကြောင်းအခြေခံကောင်းများနှင့်အညီ အမျိုးသားရေးအသိ၊ အမျိုးသားရေးအမြင်ဖြင့် ယှဉ်တွဲပြီး 'လူတိုင်းအတွက် ပညာရေး' နှင့် 'လူတိုင်းအတွက်စာတတ်မြောက်ရေး'ကို အမျိုးသားရေးအနှစ်သာရနှင့် အမျိုးသားရေး အဓိပ္ပာယ်ရှိရှိ အချိတ်အဆက်မိမိ ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းနေအရွယ်ကလေးသူငယ်တိုင်း ကျောင်းနေစေရေး၊ ကျောင်းပညာပြီးဆုံးအောင် ကျောင်းနေမှုနှင့် ကျောင်းနေမြဲစေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သကဲ့သို့ ကျောင်းနေအရွယ်လွန်ကလေးများကိုလည်း အခြေခံစာတတ်မြောက်ရေး၊ ယင်းမှ တစ်ဆင့်တက်ပြီး လုပ်ငန်းအကျိုးပြု ဘဝအကျိုးပြုစာတတ်မြောက်စေရေး၊ စဉ်ဆက်ပညာဆည်းပူးသွားစေရေးတို့အတွက် အမျိုးသားပညာရေးစီမံကိန်းအဆင့်ဆင့်တွင် ထည့်သွင်းချမှတ်ပြီး ကျောင်းပြင်ပပညာရေး လုပ်ငန်းကို လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။



**နိုင်ငံတကာစာတတ်မြောက်ရေးအခမ်းအနားပြခန်းတွင် လေ့လာနေကြသူများ**

အမျိုးသားပညာရည်မြင့်မားရေးပညာရေးမြှင့်တင်မှု အစီအစဉ်အရ ချမှတ်ထားသော 'ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေရေး' စီမံချက်သည် အမျိုးသားပညာရေး၏ အခြေခံအကျဆုံး မူလတန်းပညာပြီးဆုံးသည်အထိ ကျောင်းနေလာရေးအတွက် အမျိုးသားရေးလူထုလှုပ်ရှားမှုအသွင်ဖြင့် စည်းရုံးဆောင်ရွက်ခဲ့ခြင်းကြောင့် ၂၀၀၃-၂၀၀၄ ပညာသင်နှစ် စီမံချက်ဝင် မြို့နယ်ပေါင်း ၁၄၄ မြို့နယ်၏ ကျောင်းနေနှုန်းသည် ၉၈ ဒသမ ၉၃ ရာခိုင်နှုန်းရရှိလာသည်။ တစ်နိုင်ငံလုံး၏ ကျောင်းနေနှုန်းသည် ၉၅ ဒသမ ၀၅ ရာခိုင်နှုန်း ရရှိလာခဲ့ပြီဖြစ်သည့်အတွက် တစ်မျိုးသားလုံးအတွက် ဂုဏ်ယူဝင့်ကြွားဖွယ် အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းလျက်ရှိသည်။

ဤအကျိုးရလဒ် နှစ်ရပ်စလုံးသည် ကမ္ဘာ့မူလတန်းကျောင်းနေနှုန်းအရ အသိအမှတ်ပြုထားသော အရှေ့အာရှနှင့် ပစိဖိတ်ဒေသ၏ ၉၉ ရာခိုင်နှုန်းနှင့် စက်မှုနိုင်ငံများဒေသ၏ ၉၇ ရာခိုင်နှုန်းတို့နှင့် နှိုင်းယှဉ်ကြည့်လျှင် မြန်မာနိုင်ငံသည် မူလတန်းကျောင်းနေနှုန်းမြင့်မားသော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း ပေါ်လွင် ထင်ရှားသည်။

နိုင်ငံတော်အစိုးရသည် လူတိုင်းအတွက် ပညာရေး (Education For All) စီမံကိန်းကြီး၏ အောက်တွင် ကျောင်းတွင်းပညာရေးနှင့် ကျောင်းပြင်ပ ပညာရေး နည်းလမ်းနှစ်သွယ်ကို ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆက်စပ်အကောင်အထည်ဖော်လျက်ရှိသည်။




**နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေးဆယ်စုနှစ် အထိမ်းအမှတ်အခမ်းအနားကာလဖျော်ဖြေမှုတစ်ရပ်**

အနာဂတ်ကာလတွင် စာမတတ်သူ လုံးဝမရှိစေရေး ဦးတည်မျှော်မှန်းပြီး ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးနှင့် ကျောင်းနေမြဲရေးလှုပ်ရှားမှုများဖြင့် မူလတန်းလွန်ကျောင်းအစီအစဉ်များပေါင်းစပ်ပြီး ဆောင်ရွက်နေသကဲ့သို့ တစ်ချိန်တည်းမှာပင် ကျောင်းနေရွယ်လွန် သက်ကြီးစာမတတ်သူများအတွက် စာတတ်မြောက်ရေး 'အ' သုံးလုံးကျေ လုပ်ငန်းများနှင့် ကျောင်းပြင်ပမူလတန်းပညာရေး အစီအစဉ်များကို နယ်စပ်ဒေသများပါမကျန် တစ်နိုင်ငံလုံးအတွက် ဖြန့်ကြက်ပြီးအရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်သည်။

ကျောင်းပြင်ပ ပညာရေးစီမံကိန်းကို တစ်မျိုးသားလုံးပူးပေါင်းပါဝင်ပြီး အမျိုးသားလှုပ်ရှားမှုအသွင်ဖြင့် အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်အတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် အာရှနှင့် ပစိဖိတ်ဒေသအတွင်းရှိ စာတတ်မြောက်မှုနှုန်းမြင့်မားသော 'က' အုပ်စုဝင် နိုင်ငံတစ်နိုင်ငံအဖြစ် အခိုင်အမာရပ်တည်လျက်ရှိသည်။

ထို့အတူ အခြေခံစာတတ်မြောက်ပြီးသော ဒေသများတွင် စာတတ်မြောက်ပြီးသူများအတွက် စာဖတ်ရှိန်မြင့်တင်ရေးအစီအစဉ်များ၊ ဝင်ငွေတိုးပွားရေးအစီအစဉ်များနှင့် ဘဝသာယာရေးအစီအစဉ်များပါဝင်သော စဉ်ဆက်ပညာရေးစနစ်ဖြစ်ထွန်းအောင်ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများလည်းရှိနေပြီဖြစ်သည်။

စဉ်ဆက်ပညာရေးစီမံကိန်းကိုအကောင်အထည်ဖော်ရာတွင် ရပ်ရွာပညာပဒေသာဌာန (Community Learning Centres) များကို အရေးပါသောကဏ္ဍတွင်ထားရှိပြီးအကောင်အထည်ဖော်ဆောင်ရွက်ခြင်းကြောင့် ရပ်သူရွာသားများ အားလုံးအချိန်အခါမရွေးဆုံစည်းရာ၊ အပန်းဖြေရာ၊ သတင်းအချက်အလက်ရယူရာ၊ အသက်မွေးဝမ်းကျောင်းပညာဆည်းပူးရာ၊ ရပ်ရေးရွာရေး တိုင်ပင်ဆွေးနွေးရာဌာနများဖြစ်သည့် ရပ်ရွာပညာပဒေသာဌာနပေါင်း ၄၈၀ ကျော် ဖွင့်လှစ်နိုင်ခဲ့သည်။

စာတတ်မြောက်ရေးလှုပ်ရှားမှုများ၌လည်း ၂၀၀၂ ခုနှစ်တွင် စာတတ်မြောက်ရေးလုပ်ငန်းဆောင်ရွက်ပြီးဖြစ်သော ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းများ၌ စာတတ်မြောက်ရေး ကောက်သင်းကောက်လုပ်ငန်းများကို ဖြန့်ကြက်ဆောင်ရွက်ခဲ့၍ စာတတ်မြောက်သူ ဦးရေ ၅၁,၀၈၀ ထပ်မံတိုးပွားလာခဲ့သည်။ ၂၀၀၃ခုနှစ် စာတတ်မြောက်ရေးစီမံချက်အဖြစ် ဆောင်ရွက်သော ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် အထူးအစီအစဉ်အဖြစ် ဆောင်ရွက်သော ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ သီပေါနှင့်သိန္နီမြို့နယ်မြို့နယ်လုံးကျွတ်စာတတ်မြောက်ရေးလှုပ်ရှားမှုများတွင် စာမတတ်မြောက်သူ ၆၅,၁၇၈ ဦးအထိ စာတတ်လာကြပြီဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နယ်စပ်ဒေသ နွေရာသီ 'အ' သုံးလုံး သင်တန်းများကို ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့်အတွက် ၂၀၀၂ ခုနှစ်အထိ ကိုးကန့်ဒေသ၊ 'ဝ' ဒေသ၊ ကျိုင်းတုံအရှေ့ဒေသ၊ ရခိုင်ဒေသ၊ ကရင်ဒေသ၊ ပအိုဝ်းဒေသ၊ ပလောင်ဒေသ၊ ရှမ်းဒေသ၊ ကချင်ဒေသ၊ စစ်ကိုင်းတိုင်း ကဘော်ချိုင့်ဝှမ်းဒေသနှင့် နာဂဒေသစသည့် နယ်စပ်အစွန်အဖျားဒေသများတွင် နေထိုင်ကြသော တိုင်းရင်းသား ၂၇,၂၄၀ ဦး စာတတ်မြောက်လာကြသည်။

ထို့အတူ ၂၀၀၃ ခုနှစ် နယ်စပ်ဒေသ နွေရာသီ 'အ'သုံးလုံးသင်တန်းများကို အစွန်အဖျား နယ်စပ်ဒေသများဖြစ်သော မော်ဖဒေသ၊ မိုင်းတုံမြို့ မုံးထော်၊ မုံးထဒေသ၊ မိုင်းပန်မြို့နယ် ဟိုမိန်းဒေသတို့အပြင် ဖယ်ခုံမြို့နယ်၊ ဒီမောဆိုးမြို့နယ်နှင့် ဘော်လခဲမြို့နယ်များ၊ ကျိုင်းတုံအရှေ့ဒေသတွင် တာချီလိတ်မြို့နယ်နှင့် ကရင်ပြည်နယ်တွင် သံတောင်မြို့နယ်များကို တိုးချဲ့ဖွင့်လှစ်ခဲ့သည့်အတွက် တိုင်းရင်းသား ၂,၆၉၆ ဦးထပ်မံ စာတတ်မြောက်လာကြသည်။

ထို့အပြင် စာတတ်မြောက်ရေးလုပ်ငန်း မဆောင်ရွက်ရသေးသော ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) အချို့ဒေသများ၌ ၂၀၀၄ ခုနှစ်နွေရာသီတွင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။ ဆောင်ရွက်ပြီးဖြစ်သော ပြည်နယ်နှင့်တိုင်းများတွင်လည်း စာတတ်မြောက်နှုန်း ပိုမိုမြင့်မားလာရေးဦးတည်ပြီး အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်ထားသည်။

ပညာရေးဗျူဟာတစ်ရပ်ဖြစ်သော ကျောင်းတွင်းပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးကို ညီညွတ်မျှတစွာ ပေါင်းစပ်ပေးမည့် တန်းညှိအစီအစဉ် (Equivalency Programme) ဖြစ်သည့် ကျောင်းပြင်ပ မူလတန်းပညာရေးအစီအစဉ် (Non-Formal Primary Education) ကိုလည်း အချို့ဒေသများတွင် စတင်အကောင်အထည်ဖော်လျက်ရှိသည်။

၂၀၀၃ ခုနှစ်သည် ကမ္ဘာ့ကုလသမဂ္ဂ စာတတ်မြောက်ရေးဆယ်စုနှစ်၏ ပထမနှစ်ဖြစ်သည်နှင့်အညီ စာတတ်မြောက်ရေးဆိုင်ရာလုပ်ငန်းများကို စနစ်တကျပြန်လည်သုံးသပ်ပြီး အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ သက်ကြီးစာတတ်နှုန်းသည် ၂၀၀၃ ခုနှစ်တွင် ၉၂ ဒသမ ၂ ရာခိုင်နှုန်းအထိ တိုးတက်ဖြစ်ထွန်းလာသည်။ အနှစ် ၃၀ နှစ်ရှည် ပညာရေးစီမံကိန်း၏ ကျောင်းပြင်ပ ပညာရေးကဏ္ဍတွင် ၂၀၀၀-၂၀၀၅ ခုနှစ်အတွင်း သက်ကြီးစာတတ်နှုန်းကို ၉၅ ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးမြှင့်သွားနိုင်ရန် ရည်မှန်းချက်ထားပြီး စီမံကိန်းများ ချမှတ်ထားရာ အချိန်တိုကာလအတွင်း ရည်မှန်းချက်အောင်မြင်ပြည့်မြောက်စေရေးအတွက် ဗဟိုအဆင့်တွင်သာမက ပြည်နယ်နှင့် တိုင်းအသီးသီးတွင် ဒေသအခြေအနေနှင့် ဆီလျော်ကိုက်ညီသောဗျူဟာစီမံကိန်း (Strategic Planning) များရေးဆွဲပြီး ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံအား ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေး ကြိုးပမ်းရာတွင် စီးပွားရေးအခြေခံကောင်းများ တည်ဆောက်ပေးရေးနှင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေး၊ ဖြစ်ထွန်းရေးတို့သည် အလွန်အရေးပါလှသည်။ အတတ်ပညာရှင်၊ အသိပညာရှင်များ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်မှသာ နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးအတွက် အတတ်ပညာရှင်၊ အသိပညာရှင်များက စွမ်းဆောင်ပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် လူတိုင်းစာတတ်မြောက်ရေး၊ ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းနေရေး၊ စာတတ်မြောက်ပြီးသူများကိုလည်း စာဖတ်ရှိန်မြှင့်တင်ရေးစသည့် အစီအမံများကို နိုင်ငံတော်အစိုးရက အလေးထားကြိုးပမ်းပေးလျက်ရှိသည်။ ကုလသမဂ္ဂအဖွဲ့ကြီး၏ စာတတ်မြောက်ရေးလှုပ်ရှားမှုတိုင်း၌လည်း စဉ်ဆက်မပြတ်တက်ကြွစွာ ပါဝင်ကြိုးပမ်းဆောင်ရွက်နေသည်။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နေသော ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီးငါးရပ်တွင်ပါဝင်သောကျေးလက်ဖွံ့ဖြိုးမှုအစီအစဉ်၌ အပါအဝင်ဖြစ်သည့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရေးနှင့် အနည်းဆုံး အခြေခံပညာမူလတန်းပြီးဆုံးရေး၊ သက်ကြီးစာမတတ်သူ ပပျောက်ရေး၊ စာတတ်မြောက်ပြီးသူများအတွက် စာဖတ်ရှိန်မြှင့်တင်ပြီး မိသားစုဝင်ငွေတိုးပွားရေးနှင့် ဘဝသာယာရေးလုပ်ငန်းများသည် အခြေခံအကျဆုံးနှင့် ပဓာနအကျဆုံး ပညာရေးလုပ်ငန်းများဖြစ်သည့်အတွက် ရည်မှန်းချက်အောင်မြင်အောင် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံသူ နိုင်ငံသားတစ်ယောက်မကျန်စာတတ်မြောက်ရေးလုပ်ငန်းကို ကုလသမဂ္ဂ စာတတ်မြောက်ရေး ဆယ်စုနှစ်အတွင်း အရှိန်အဟုန်မြှင့်တင်ပြီး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်သွားနိုင်ရေးအတွက် စနစ်တကျစီမံ

ဆောင်ရွက်ပေးရေး၊ ကျောင်းနေအရွယ်ကလေးအားလုံးကျောင်းနေရေးစီမံကိန်းလုပ်ငန်းစဉ်ကြီးအောင်မြင်ဖြစ်ထွန်းမှုကို စံပြုပြီး ရေရှည်တိုးတက်ဖြစ်ထွန်းစေရအောင် ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်ပေးရေး၊ စာတတ်မြောက်ရေးမှသည် စာဖတ်ရှိန်မြှင့်တင်ရေး၊ မိသားစုဝင်ငွေတိုးပွားရေးနှင့် ဘဝသာယာရေးစသည့် စဉ်ဆက်ပညာရေး အစီအစဉ်များ အောင်မြင်စွာဖြစ်ထွန်းစေပြီး အစဉ်သင်ယူသင်ကြားနေသော မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်ပေါ်ထွန်းလာရေးတို့ကို ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

၂၀၀၃ ခုနှစ်၊ နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ်အထိမ်းအမှတ် အခမ်းအနားတွင် ရပ်ရွာပညာပဒေသာဌာနများအတွက် ရန်ကုန်မြို့ရှိ အခြေခံပညာသင်ကျောင်းများက ငွေကျပ် သိန်း ၂၀၀ တန်ဖိုးရှိ စာအုပ်စာတမ်းမျိုးစုံ ၁၈၇,၅၂၆ အုပ်နှင့် ငွေကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ၂၀၀၃ ခုနှစ်၊ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ် အထိမ်းအမှတ်ပိုစတာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ဆောင်းပါးပြိုင်ပွဲ ဆုရရှိသူများအား ဆုချီးမြှင့်ရာ အခြေခံပညာအလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲတွင် မန္တလေးမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်အာကာမျိုးက ပထမ၊ မစ်တွေ မြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းမှ မောင်မျိုးနိုင်ဦးက ဒုတိယ၊ ပြည်မြို့ အမှတ် (၃) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်မင်းပြည့်စုံက တတိယ၊ အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် မြစ်ကြီးနားမြို့အမှတ် (၃) အခြေခံပညာ အလယ်တန်းကျောင်းမှ မဂျာဆန်းဘူက ပထမ၊ ပြည်မြို့အမှတ် (၁) အခြေခံပညာအထက်တန်း ကျောင်းမှ မမေထူးသော်က ဒုတိယ၊ မော်လမြိုင်မြို့ အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်းမှ မထူးထူးထက်က တတိယ၊ ပညာရေး ကောလိပ်အဆင့်စာစီစာကုံးပြိုင်ပွဲတွင် မော်လမြိုင် ပညာရေးကောလိပ်မှ မဒွေးအိအိက ပထမ၊ မန္တလေးပညာရေးကောလိပ်မှ မသင်းသင်းအောင်က ဒုတိယ၊ တောင်ကြီးပညာရေးကောလိပ်မှ နန်းခင်ခင်ဝင်းက တတိယ၊ ဆောင်းပါးပြိုင်ပွဲတွင် မြိတ်တက္ကသိုလ်၊ မြန်မာစာဌာနမှ လက်ထောက်ကထိက ဦးသန်းဝင်း (မောင်သန်းဝင်း- ရန်ကုန် တက္ကသိုလ်) က ပထမ၊ ဦးသန်းမင်းထိုက် (သန်းမင်းထိုက်- မြန်မာစာ) က ဒုတိယနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒေါ်စိုးယဉ်ပြုံး (သပြေနု) က တတိယဆုများ အသီးသီးရရှိသည်။

၂၀၀၃ ခုနှစ်၊ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ် အထိမ်းအမှတ် စာတမ်းဖတ်ပွဲကို စက်တင်ဘာလ ၈ ရက်နေ့တွင် စိန်ရတုခန်းမ၌ ကျင်းပသည်။ စာတမ်းဖတ်ပွဲတွင် ပညာတန်ဆောင် မဂ္ဂဇင်း စာတည်း ဦးကျော်စိုးက 'မြန်မာနိုင်ငံစာတတ်မြောက်ရေးနှင့် ပညာတန်ဆောင်' စာတမ်း၊ ရန်ကုန်တက္ကသိုလ် သင်ပြနည်းပါမောက္ခ ဒေါ်ထူးထူးအောင်က 'ကျောင်းပြင်ပမူလတန်းပညာရေး' စာတမ်းနှင့် မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့ ပညာရေးသုတေသနအရာရှိ ဦးစောအောင်က '၂၀၀၃ ခုနှစ် စာတတ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်မှုများ' စာတမ်းတို့ကို အသီးသီးဖတ်ကြားတင်သွင်းသည်။

**စိုးအောင်**

**ပခုက္ကူဦးအုံးဖေစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆု။** ။ ၂၀၀၃ ခုနှစ် အတွက် ပခုက္ကူဦးအုံးဖေစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆု ဆုချီးမြှင့်ပွဲ အခမ်းအနားကို ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် မကွေးတိုင်း ပခုက္ကူမြို့ရှိ ပြည်သာယာခန်းမ၌ ကျင်းပသည်။

ချီးမြှင့်သည့် စာပေဆုခြောက်မျိုးမှာ ဝတ္ထုရှည်ဆု၊ ဝတ္ထုတိုပေါင်းချုပ်ဆု၊ ကဗျာပေါင်းချုပ်ဆု၊ ကျမ်းစာပေဆုနှင့် သုတေသနစာပေဆုတို့ဖြစ်သည်။ ထိုစာပေဆုများအပြင် ဘဝတစ်သက်လုံးစာပေအကျိုးကိုအားသွန်ခွန်စိုက် သယ်ပိုးထမ်းရွက်ခဲ့သူအားတစ်သက်တာစာပေဆုကိုလည်းကောင်း၊ ထူးချွန်ထက်မြက်သော ကျောင်းသားကျောင်းသူများအားပညာရည်ချွန်ဆုကိုလည်းကောင်း၊ ပခုက္ကူစာကြည့်တိုက် စာအုပ်ဆုကိုလည်းကောင်း၊ တိုးမြှင့်၍ ဆုများချီးမြှင့်နိုင်ခဲ့သည်။

၂၀၀၃ ခုနှစ်အတွက်တင်သွင်းသော ပခုက္ကူဦးအုံးဖေစာပေဆုပြိုင်ပွဲဝင်စာမူပေါင်း အစောင်(၁၃၀) ရှိပြီး ယင်းစာမူများကို ပခုက္ကူဦးအုံးဖေစာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့က ဖတ်ရှုစိစစ်သည်။ ပခုက္ကူဦးအုံးဖေစာပေဆုအတွက် ပြိုင်ပွဲဝင်စာမူများကို စိစစ်ရွေးချယ်ရာတွင် မြန်မာစာပေဖွံ့ဖြိုးတိုးတက်စည်ပင်ရေးအတွက် အားပေးရန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုထွန်းကားရေးအတွက် စာပေဖြင့်အထောက်အကူပြုရန်၊ မျိုးချစ်စိတ်နှင့် တိုင်းပြည်ချစ်စိတ်ထက်သန်စေမှုကို ရှေးရှုရန်၊ အတွေးအခေါ်နှင့်အသိဉာဏ်ဗဟုသုတတိုးပွားကျယ်ပြန့်ရေးကိုအထောက်အကူပြုရန်၊ အကျင့်စာရိတ္တပြုပြင်ရေးနှင့်ကိုယ်ကျင့်တရားကောင်းမွန်ရေးကို အထောက်အပံ့ဖြစ်သော စာပေများတိုးပွားစေရန်စသောအခြေခံမှု (၅) ရပ်ကို သတ်မှတ်ထားရှိသည်။

တစ်သက်တာစာပေဆုအတွက် ရွေးချယ်ရာတွင်လည်း သတ်မှတ်ထားရှိသောအခြေခံမှု (၆) ချက်ဖြင့် စိစစ်ရွေးချယ်သည်။




ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပခုက္ကူဦးအုံးဖေစာပေဆုရှင် မင်းသျှင်အောင် (တွံတေး) အား ဆုချီးမြှင့်စဉ်

# ပခုက္ကူဦးအုံးဖေစာပေဆု

၂၀၀၃ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုရ စာရေးဆရာမကြီး ဒေါ်ရင်ရင် (စောမုံညင်း) အား ဆုချီးမြှင့်သည်။ ဆက်လက်၍ ၂၀၀၃ ခုနှစ်အတွက် ကဗျာပေါင်းချုပ် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် ဝတ္ထုရှည် ပထမဆု၊ ဒုတိယဆု၊ တတိယဆုများရရှိကြသော ပုဂ္ဂိုလ်များအားဆုများ ချီးမြှင့်သည်။

ထို့နောက် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဝတ္ထုတိုပေါင်းချုပ် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် ကျမ်းစာပေ ပထမဆု၊ ဒုတိယဆု၊ တတိယဆုများ ရရှိကြသော ပုဂ္ဂိုလ်များအား ဆုများကိုပေးအပ်ချီးမြှင့်သည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက သုတေသနစာပေပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိကြသော ပုဂ္ဂိုလ်များနှင့် မြန်မာစာဘာသာရပ် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိကြသော ကျောင်းသားကျောင်းသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်က မြန်မာစာထူးချွန်ဆုရရှိကြသော ကျောင်းသားကျောင်းသူများနှင့် ပညာသင်ဆု ရရှိကြသော ကျောင်းသား ကျောင်းသူများကို ဆုများချီးမြှင့်သည်။

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ကြည်အောင်က ပခုက္ကူပညာရည်ချွန်ဆု အင်္ဂလိပ်ဘာသာရပ်နှင့် သင်္ချာဘာသာရပ်များတွင် ပညာရည်ချွန်ဆုရရှိကြသော ကျောင်းသားကျောင်းသူများကို လည်းကောင်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်မှူးကြီးဇော်မင်းက ဓာတုဗေဒဘာသာရပ်၊ ရူပဗေဒဘာသာရပ်၊ ပထဝီဘာသာရပ်၊ ဇီဝဗေဒဘာသာရပ်၊ သမိုင်းဘာသာရပ်၊ ဘောဂဗေဒဘာသာရပ်နှင့် စိတ်ကြိုက်မြန်မာစာဘာသာရပ်များတွင် ပညာရည်ချွန်ဆုရရှိကြသော ကျောင်းသားကျောင်းသူများကို လည်းကောင်းဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက်စာပေဆုအလှူရှင် ပခုက္ကူဦးအုံးဖေက ပခုက္ကူစာကြည့်တိုက်စာအုပ်ဆုရရှိကြသော ပုဂ္ဂိုလ်များအားဆုချီးမြှင့်သည်။

## ၂၀၀၃ ခုနှစ် ပခုက္ကူဦးအုံးဖေစာပေဆု

| စဉ် | ဘာသာရပ် | စာမူအမည် | စာရေးသူ |
|---|---|---|---|
| ၁ | ကဗျာပေါင်းချုပ် (ပထမဆု) | ကမ္ဘာအသိဇာတိဂုဏ်ကဗျာများ | ကောင်းညွန့်ဝေ (ရေစကြို) |
| | (ဒုတိယဆု) | အနှစ်အလှခိုင်ကျည် ချစ်မဝနိုင်ပြီနှင့် အခြားကဗျာများ | မောင်ပြည့်လှိုင်း (သံတွဲ) |
| | (တတိယဆု) | အတွေ့အမြင်နှင့် အတွေးအမြင်ကဗျာများ | ရွှေဟသ်ာ (မန္တလေး တက္ကသိုလ်) |
| ၂ | ဝတ္ထုရှည် (ပထမဆု) | ကန္တာရကျောက်တောင်ကြီးများကို ဖောက်ထွင်းပြီးမိုးတိမ်ကိုနင်းမည် | ပုသိမ် အောင်သန်းဦး |
| | (ဒုတိယဆု) | မေတ္တာသည်သာ | သျှီ(အင်ကြင်း) |
| | (တတိယဆု) | လေကိုဆန်သော ပန်းသဇင် | သွဲ့ထားညို (သက္ကလ) |
| ၃ | ဝတ္ထုတိုပေါင်းချုပ် (ပထမဆု) | မရွှေရီကျေနပ်ပြီလား ဝတ္ထုတိုများ | သိန်းဇော် (ရွှေလီဦး) |
| | (ဒုတိယဆု) | ချစ်စရာစားစရာနှင့် အခြားဝတ္ထုတိုများ | ကျော်ဖုန်းမြင့် (ဓာတုဗေဒ) |
| | (တတိယဆု) | သောင်းစုနှစ်၏ အလက်ာညများ | ကိုဇော်ငွေး (ယဉ်ကျေးမှု) |
| ၄ | ကျမ်းစာပေဆု (ပထမဆု) | မန်လည်စာဆိုတော် | နိုင်ငြိမ်း (အညာတက္ကသိုလ်) |

| စဉ် | ဘာသာရပ် | စာမူအမည် | စာရေးသူ |
|---|---|---|---|
| | (ဒုတိယဆု) | မြန်မာ့ရိုးရာသဘာဝ အမိုးများ | ထန်လှိုင် |
| | (တတိယဆု) | ကယန်း | သျှင်ထွေးယဉ် (မနုသ) |
| ၅ | သုတေသနစာပေဆု (ပထမဆု) | မဟာဗုဒ္ဓဝင်ကွက်စိပ်ဇာတ်ထုပ်များနှင့် ဒဂုဏ်ဆရာညွန့် | မင်းသျှင်အောင် (တွံတေး) |
| | (ဒုတိယဆု) | ရွှေပြောင်းတောင်ယာ | ဦးဆောင်း (သစ်တော) |
| | (တတိယဆု) | ထာဝရတည်မြဲသော စွမ်းအင် | ရွှေနဂါးတင်ဝင်း |
| ၆ | တစ်သက်တာစာပေဆု | ဒေါ်ရင်ရင် (စောမုံညင်း) | |

## ၂၀၀၃ ခုနှစ် ပခုက္ကူဦးအုံးဖေပညာရည်ချွန်ဆု ရရှိကြသူများ

| စဉ် | ဘာသာရပ် | ရရှိသူ | ကျောင်းအမည် |
|---|---|---|---|
| ၁ | မြန်မာစာ ဘာသာရပ် (ပထမဆု) | မမေသူကျော် | အထက (၂) အင်းစိန် ရန်ကုန်တိုင်း |
| | (ဒုတိယဆု) | မောင်ကျော်ဇေလတ် | အထက (၁) မုံရွာ၊ စစ်ကိုင်းတိုင်း |
| | (တတိယဆု) | မောင်ဟိန်းကျော်မိုး | အထက (၂) ဒေးဒရဲ ဧရာဝတီတိုင်း |
| ၂ | အင်္ဂလိပ်ဘာသာရပ် (ပထမဆု) | မောင်စောထွဋ် | အထက (၂) ကမာရွတ် ရန်ကုန်တိုင်း |
| | (ဒုတိယဆု) | မောင်ကြည်သာ အောင် | ပညာရေး တက္ကသိုလ် လေ့ကျင့်ရေး ကျောင်း၊ရန်ကုန်တိုင်း |
| | (တတိယဆု) | မောင်တင်ထွန်း အောင် | ပညာရေး တက္ကသိုလ် လေ့ကျင့်ရေး ကျောင်း၊ရန်ကုန်တိုင်း |
| ၃ | သင်္ချာဘာသာရပ် (ပထမဆု) | မခိုင်သက်ဆု | အထက (၂) ကမာရွတ် ရန်ကုန်တိုင်း |
| | (ဒုတိယဆု) | မသူသူချို | အထက (၁၆) မန္တလေး မန္တလေးတိုင်း |
| | (တတိယဆု) | မအိမ့်မွန်ဝင်း | အထက (၃) တောင်ဥက္ကလာပ၊ရန်ကုန်တိုင်း |
| ၄ | ဓာတုဗေဒ ဘာသာရပ် (ပထမဆု) | မခိုင်သက်ဆု | အထက (၂) ကမာရွတ် ရန်ကုန်တိုင်း |
| ၅ | ရူပဗေဒဘာသာရပ် (ပထမဆု) | မဇွန်မိုဆူး | အထက (၁၆) မန္တလေး မန္တလေးတိုင်း |
| ၆ | ဇီဝဗေဒဘာသာရပ် (ပထမဆု) | မခိုင်သက်ဆု | အထက (၂) ကမာရွတ် ရန်ကုန်တိုင်း |
| ၇ | ပထဝီဝင်ဘာသာရပ် (ပထမဆု) | မရည်ဝေထက် | ပြင်ပဖြေ ဒဂုံမြို့ သစ်တောင်ပိုင်း ရန်ကုန်တိုင်း |
| ၈ | သမိုင်းဘာသာရပ် (ပထမဆု) | မမေခလာ | အထက၊ ကိုကိုးကျွန်း၊ ရန်ကုန်တိုင်း |
| ၉ | ဘောဂဗေဒ ဘာသာရပ် (ပထမဆု) | မသိင်္ဂီစိုး | အထက (၃) မင်္ဂလာဒုံ (ထောက်ကြန့်) |
| ၁၀ | စိတ်ကြိုက် မြန်မာစာ ဘာသာရပ် (ပထမဆု) | မောင်ထွန်းလင်း | အထက (၁) ခွဲ သပြေပင်၊ လယ်ဝေး မန္တလေးတိုင်း |

## ပခုက္ကူဦးအုံးဖေမြန်မာစာထူးချွန်ဆုရရှိသူများ

| စဉ် | ရရှိသူ | ကျောင်းအမည် |
|---|---|---|
| ၁ | မအေးမြစန္ဒာ | ဒဂုံတက္ကသိုလ် |
| ၂ | မဖြူဖြူစင် | ဒဂုံတက္ကသိုလ် |
| ၃ | မဇင်ညိမ်းထက် | ဒဂုံတက္ကသိုလ် |
| ၄ | မတင်ဖြိုးသွယ် | ရတနာပုံတက္ကသိုလ် |

## ပခုက္ကူဦးအုံးဖေစာပေဆု ယဉ်ကျေးမှုတက္ကသိုလ်မှ ပညာသင်ဆုရသူများ

| | | | |
|---|---|---|---|
| ၁ | မနော်သူလေဖောဝေ | ပထမနှစ် (ဂီတအထူးပြု) | ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) |
| ၂ | မသက်မာစိုး | ပထမနှစ် (သဘင်အထူးပြု) | ယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး) |

## ပခုက္ကူဦးအုံးဖေစာကြည့်တိုက်စာအုပ်ဆု

| စဉ် | ရရှိသူ | စာမူအမည် |
|---|---|---|
| ၁ | အောင်စည်ဟိန်း | စာတတ်ဖို့ ဝင်ငွေကောင်းဖို့ အသက်ရှည်ဖို့ |
| ၂ | နီမင်းဆွေ | ငွေနှင်းမှုန်မှုန်ထဲကပန်းဂျုံ |
| ၃ | ဟန်ညွှန့် (ဉပဒေ) | ဉပဒေဝန်ထမ်းတစ်ဦး၏ ဘဝခရီး |


**ခမ်းငယ်**

**ပညာရေးစုံညီပွဲတော်** ။ ။ ၂၀၀၃-၂၀၀၄ ပညာသင်နှစ်၊ ပညာရေးစုံညီပွဲတော်ကို ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့မှ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့အထိ ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ စိန်ရတုခန်းမ၌ ကျင်းပသည်။

### ဖွင့်ပွဲအခမ်းအနား

ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားကို ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့ နံနက် ၈ နာရီတွင်စိန်ရတုခန်းမရှေ့မျက်နှာစာ၌ကျင်းပသည်။

ပညာရေး စုံညီပွဲတော်ကို အခြေခံပညာကျောင်းသားကျောင်းသူ ၁၄ ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်၍ ကျောင်းသားကျောင်းသူများက မိုးပျံပူဖောင်းများ လွှတ်တင်ကြသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများက ဖိုးသကြီန်မြန်မာ့ဆိုင်းအဖွဲ့နှင့် တွဲဖက်ပြီး "သီရိရတနာ" သီချင်းကို သီဆိုတင်ဆက်သည်။ ဆက်လက်၍ အထက(၁) တာမွေမှ ကျောင်းသူများက 'အောင်ပန်းဝေဝေ အောင်ပါစေ' အကဖြင့်ကပြဖျော်ဖြေသည်။ ထို့နောက် အထက (၆) ဗိုလ်တထောင်မှကျောင်းသားများ၏ နိုင်ငံတော်အလံကိုင်အဖွဲ့နှင့် အထက(၃) မင်္ဂလာတောင်ညွန့်မှ ကျောင်းသူများ၏ ဘင်ခရာအဖွဲ့တို့ ချီတက်ခြင်း၊ အမက (၂) ကမာရွတ်မှ ကျောင်းသူများက 'စုံစုံလင်လင် ဆွမ်းအုပ်အသွင်' အက ကပြခြင်း၊ အထက (၂) ကမာရွတ်မှ ကျောင်းသားကျောင်းသူများက 'ကာယလေ့ကျင့်ခန်း'သရုပ်ပြခြင်း၊ အထက (၄)လှိုင်မှ ကျောင်းသူများက 'ကျောက်ဆစ်လက်ရာ မွန်တို့အနုပညာ' အက ကပြခြင်း၊ အထက (၁) တာမွေမှ ကျောင်းသူများ၏ ပြည်နယ်နှင့်တိုင်း အလံကိုင်အဖွဲ့နှင့်အထက (၁)ကြည့်မြင်တိုင်မှ ကျောင်းသူများ၏ ဘင်ခရာအဖွဲ့တို့ ချီတက်ခြင်း၊ အလက (၁) ဒဂုံမှ ကျောင်းသား ကျောင်းသူများက 'ကျန်းစု နှစ်ဖက်သွားဓား' သရုပ်ပြခြင်း၊ အထက (၃) ဒဂုံမှ ကျောင်းသားကျောင်းသူများက 'ကဗျာလွတ်အက' ကပြခြင်း၊ အလက (၁) ရန်ကင်းမှ ကျောင်းသူများ၏ ပညာရေးအလံကိုင်အဖွဲ့ နှင့် အထက (၂) စမ်းချောင်းမှ မူလတန်းဘင်ခရာအဖွဲ့တို့ ချီတက်ခြင်း၊ အမက (၈) သဃ်န်းကျွန်းမှ ကျောင်းသားကျောင်းသူများက မြန်မာ့ရိုးရာကလေးကစားနည်း 'ရွှေစွန်ညို' သရုပ်ပြခြင်း၊ အထက (၃) မင်္ဂလာတောင်ညွန့်မှ ကျောင်းသူများက 'သုံးခေတ်ဖြတ်သန်းကကွက်ဆန်း' တေးသရုပ်ဖော် တင်ဆက်ခြင်း၊ အထက (၁) ကမာရွတ်မှ ကျောင်းသူများ၏ ပညာရေးစုံညီ



**ပညာရေးစုံညီပွဲတော်ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်**

ပွဲတော် အလံကိုင်အဖွဲ့နှင့် အထကကျောက်တံတားမှ ကျောင်းသူများ၏ ဘင်ခရာအဖွဲ့တို့ ချီတက်ခြင်း၊ အထက(၁) ဒဂုံမှ ကျောင်းသားကျောင်းသူများက 'ရုပ်ကြီးစင် သူငယ်တော်အက' ကပြခြင်း၊ အထက (၃) ဒဂုံမှ ကျောင်းသားကျောင်းသူများက 'ကရင်ဒုံးယိမ်း' ကပြ ခြင်း၊ အထက (၂) ဗဟန်းမှကျောင်းသူများ၏ ကျောင်းကောင်စီ အလံကိုင်အဖွဲ့ နှင့် အထက (၆) မြောက်ဥက္ကလာပ (ရွှေပေါက်ကံ) မှ ဘင်ခရာအဖွဲ့တို့ ချီတက်ခြင်းတို့ကို အစီအစဉ်အတိုင်း တင်ဆက်၍ဖွင့်ပွဲအခမ်းအနားကျင်းပပြီးမြောက်သည်။

### ပဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်

ပညာရေးစုံညီပွဲတော် ပဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲကို ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့ နံနက် ၇ နာရီတွင် ရန်ကုန်မြို့၊ ရွှေတိဂုံစေတီတော် ရာဟုထောင့်ရင်ပြင်၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပညာရေးစုံညီပွဲတော် ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးကြီး အောင်မျိုးမင်းနှင့် ဦးမျိုးညွှန့်၊ တာဝန်ရှိသူများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြည်ညိုကြသည်။ ပူဇော်ပွဲတွင် အခြေခံပညာကျောင်း ၆၀ မှ ကျောင်းသားကျောင်းသူ ၁,၈၀၀ တို့က ဆီမီး ၉,၀၀၀၊ ပန်း ၉,၀၀၀ နှင့် ရေချမ်း ၉,၀၀၀ တို့ကို ရွှေတိဂုံစေတီတော်မြတ်ကြီးအား ကပ်လှူပူဇော်ကာ ပဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ကြသည်။

အထက်မြန်မာပြည် ပညာရေးစုံညီပွဲတော် ပဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲကို ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့ နံနက် ၇ နာရီခွဲတွင် မန္တလေးမြို့၊ စွယ်တော်မြတ်စေတီတော်၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး အောင်မျိုးမင်း၊ တာဝန်ရှိသူများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြည်ညိုကြသည်။



**ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်**
**ပညာရေးစုံညီပွဲတော်ပြခန်းကို ကြည့်ရှုအားပေးစဉ်။**

ပူဇော်ပွဲတွင် မန္တလေးခရိုင် ခုနစ်မြို့နယ်မှ ကျောင်းသားကျောင်းသူ ၃,၀၀၀ တို့က ဆီမီး ၃,၀၀၀၊ သစ်သီး ၃,၀၀၀ နှင့် ပန်း ၃,၀၀၀ တို့ကို စွယ်တော်မြတ်စေတီတော်အား ကပ်လှူပူဇော်ကာ ပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ကြသည်။

ပညာရေးစုံညီပွဲတော် တက္ကသိုလ်ပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲကို ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ ညနေ ၅ နာရီတွင် ရန်ကုန်မြို့၊ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပရာ တက္ကသိုလ်များမှ ကျောင်းသားကျောင်းသူ ၄၀၀ တို့က ပဋ္ဌာန်းဒေသနာတော်ရွတ်ဖတ်ပူဇော်ကြသည်။

**အခြေခံပညာကျောင်းများ ဘင်ခရာတီးပြိုင်ပွဲ**

ပညာရေးစုံညီပွဲတော် စတုတ္ထအကြိမ် အခြေခံပညာကျောင်းများ ဘင်ခရာတီးပြိုင်ပွဲကို ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့နှင့် ၂၉ ရက်နေ့များတွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ကျင်းပသည်။

ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့ နံနက် ၈ နာရီတွင် ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး အောင်မျိုးမင်း တက်ရောက်အမှာစကားပြောကြား၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

ပြိုင်ပွဲကို 'က' အဆင့်နှင့် 'ခ' အဆင့် ခွဲခြားကျင်းပခြင်းဖြစ်ပြီး 'က' အဆင့်ပြိုင်ပွဲသို့ ဧရာဝတီတိုင်း ကျောင်းဘင်ခရာအဖွဲ့၊ အထက (၃) ပဲခူး ကျောင်းဘင်ခရာအဖွဲ့၊ အထက (၁) မကွေး ကျောင်းဘင်ခရာအဖွဲ့၊ အထက (၃) တောင်ကြီး ကျောင်းဘင်ခရာအဖွဲ့၊ အထက (၁) မှော်ဘီ ကျောင်းဘင်ခရာအဖွဲ့နှင့် အထက (၄) တာမွေ ကျောင်းဘင်ခရာအဖွဲ့တို့က လည်းကောင်း၊ 'ခ' အဆင့်ပြိုင်ပွဲသို့ အထက (၈) မော်လမြိုင် ကျောင်းဘင်ခရာအဖွဲ့၊ အထက(၁) ကျောက်ဆည် ကျောင်းဘင်ခရာအဖွဲ့၊ အထက (၁) ဒေါပုံ ကျောင်းဘင်ခရာအဖွဲ့နှင့် လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ ရန်ကင်းကျောင်း ဘင်ခရာအဖွဲ့တို့ကလည်းကောင်း ပါဝင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ကျင်းပရာ 'က' အဆင့်



**ပညာရေးစုံညီပွဲတော် ဂီတနှင့် ပဒေသာကပွဲတွင်**
**အခြေခံပညာကျောင်းသူများဖျော်ဖြေတင်ဆက်နေကြစဉ်။**

ပြိုင်ပွဲ ပထမဆုရ အထက (၃) တောင်ကြီး ကျောင်းဘင်ခရာအဖွဲ့၊ အကောင်းဆုံး တီးဝိုင်းခေါင်းဆောင်ဆုရ အထက (၄) တာမွေကျောင်းဘင်ခရာအဖွဲ့ တီးဝိုင်းခေါင်းဆောင် မဂျာနူး၊ 'ခ' အဆင့်ပြိုင်ပွဲ ပထမဆုရ အထက (၈)မော်လမြိုင်ကျောင်းဘင်ခရာအဖွဲ့၊ အကောင်းဆုံးတီးဝိုင်း ခေါင်းဆောင်ဆုရ အထက (၁) ဒေါပုံ ကျောင်းဘင်ခရာအဖွဲ့ တီးဝိုင်းခေါင်းဆောင် မောင်တင်မောင်ဝင်း၊ 'က' အဆင့် ပြိုင်ပွဲ ဒုတိယဆုရ အထက(၄) တာမွေကျောင်းဘင်ခရာ အဖွဲ့၊ 'ခ'အဆင့်ပြိုင်ပွဲ ဒုတိယဆုရ အထက (၁) ဒေါပုံကျောင်းဘင်ခရာအဖွဲ့၊ (က) အဆင့် ပြိုင်ပွဲ တတိယဆုရ အထက (၃) ပဲခူး ကျောင်းဘင်ခရာအဖွဲ့၊ (ခ) အဆင့်ပြိုင်ပွဲ တတိယဆုရ အထက (၁) ကျောက်ဆည် ကျောင်းဘင်ခရာအဖွဲ့နှင့် အထူးဆုရရှိသော ကျောင်းဘင်ခရာအဖွဲ့များအား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး အောင်မျိုးမင်းနှင့် တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ကြပြီး အခမ်းအနားပြီးမြောက်သည်။

## ဂီတနှင့် ပဒေသာကပွဲ

ပညာရေးစုံညီပွဲတော် ဂီတနှင့်ပဒေသာကပွဲကို ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့မှ ၃၁ ရက်နေ့အထိ ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိအမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

ဂီတနှင့်ပဒေသာကပွဲ ဖွင့်ပွဲအခမ်းအနားကို ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့ မွန်းလွဲ၂နာရီတွင်ကျင်းပရာ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး အောင်မျိုးမင်းနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဒုတိယဝန်ကြီးက ဂီတနှင့်ပဒေသာကပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဂီတနှင့်ပဒေသာကပွဲတွင်အခြေခံပညာကျောင်းများမှ အဆိုအကအရေးအတီး ထူးချွန်ဆုရသူများနှင့် ကျောင်းသားကျောင်းသူများက သံစုံတီးဝိုင်း၊ မြန်မာ့ဆိုင်းဝိုင်းတို့ဖြင့် တေးသီချင်းများ၊ ယိမ်းအကများ၊ တေးသရုပ်ဖော်များ၊ အကပဒေသာများ၊ ပြဇာတ်နှင့် စုပေါင်းသီဆိုမှု အစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်သည်။

## မြန်မာနှင့် နိုင်ငံတကာလူမှုဆက်ဆံရေး ထုံးဓလေ့တတ်ကျွမ်းမှုပြိုင်ပွဲ

ပညာရေးစုံညီပွဲတော် မြန်မာနှင့်နိုင်ငံတကာ လူမှုဆက်ဆံရေး ထုံးဓလေ့တတ်ကျွမ်းမှုပြိုင်ပွဲကို ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့မှ ၃၁ ရက်နေ့အထိ ရန်ကုန်မြို့၊ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ရှိ မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြုပြင်မဌာန ခန်းမ၌ကျင်းပသည်။

ပြိုင်ပွဲသို့ ပြည်နယ်နှင့်တိုင်းများမှ အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသားကျောင်းသူ ၂၅ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲတွင် မြန်မာနှင့် နိုင်ငံတကာ လူမှုဆက်ဆံရေးထုံးဓလေ့ တတ်ကျွမ်းမှုဆိုင်ရာ ဓမ္မဓိဋ္ဌာန်မေးခွန်း၊ မေးခွန်းတိုနှင့် စာစီစာကုံးတို့ကို ရေးဖြေ ဖြေဆိုကြရပြီး "ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့" ခေါင်းစဉ်ဖြင့် အသိပညာကျွမ်းကျင်မှုနှင့် ဆောင်ရွက်မှုဆိုင်ရာတို့ကို powerpoint ဖြင့် ရှင်းလင်းတင်ပြခြင်း၊ 'နေချင်စရာ စံပြကျေးရွာ' ပုံစံငယ်နှင့်စပ်လျဉ်း၍ရှင်းလင်းတင်ပြခြင်း၊ သဘာဝနှင့် လူမှုဝန်းကျင်ဆိုင်ရာ 'ပတ်ဝန်းကျင် ထိန်းသိမ်းခြင်း'နှင့် နှုတ်မေးခွန်းဖြေဆိုခြင်းတို့ကို ယှဉ်ပြိုင်ကြရသည်။

ပြိုင်ပွဲဆုချီးမြှင့်ပွဲ အခမ်းအနားကို ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ ညနေ ၄ နာရီတွင်ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်၊ ဒုတိယဝန်ကြီး ဦးမျိုးညွန့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် ဝန်ကြီး ဦးသန်းအောင်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ပြည်နယ်တိုင်းအလိုက် ထူးချွန်သူများနှင့် ပြိုင်ပွဲ ပထမ၊ ဒုတိယနှင့် တတိယရရှိသူများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။ ဒုတိယဝန်ကြီး ဦးမျိုးညွန့်က အကဲဖြတ်အဖွဲ့ဝင်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် ပထမဆုရရှိသူ အထက (၄) စစ်တွေမှ မနုထက်ထက်လွင်က ဆုရရှိသူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားပြီးမြောက်သည်။ ပြိုင်ပွဲတွင် ဒုတိယဆုကို ရန်ကင်းပညာရေးကောလိပ်၊ လေ့ကျင့်ရေးအလကမှ မပိုးဖြူသန့်ကလည်းကောင်း၊ တတိယဆုကို အလကမြို့မကျောက်တန်းမှ မသဇင်သက်စုတင်ကလည်းကောင်း ဆွတ်ခူးရရှိသည်။

## ပညာရေးမိသားစု လှေလှော်ပြိုင်ပွဲ

ပညာရေးစုံညီပွဲတော် ပညာရေးမိသားစု လှေလှော်ပြိုင်ပွဲကို ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့အထိ ရန်ကုန်မြို့၊ အင်းလျားကန်၌ ကျင်းပသည်။ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်သည် တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီလ ၂ ရက်နေ့တွင် ကျင်းပသော ပညာရေးမိသားစု လှေလှော်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို တက်ရောက်အားပေးကြည့်ရှုသည်။ ဗိုလ်လုပွဲ ပွဲစဉ်များအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဥက္ကဋ္ဌများနှင့် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်တို့က ဆုရလှေလှော်အသင်းများအား ဆုများအသီးသီးချီးမြှင့်ကြသည်။

## စာတမ်းဖတ်ပွဲ

ပညာရေးစုံညီပွဲတော် စာတမ်းဖတ်ပွဲများကို ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့မှ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့အထိ ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ကောင်စီခန်းမ၊ ရူပဗေဒခန်းမ၊ ဓာတုဗေဒခန်းမ၊ သတ္တဗေဒခန်းမ၊ ဝိဇ္ဇာအဆောက်အအုံ အခန်းအမှတ် အေ ၁၁၅ နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ် အခန်းအမှတ် ၁၀ တို့၌ ကျင်းပသည်။

ဝိဇ္ဇာစာတမ်းဖတ်ပွဲတွင် ဝိဇ္ဇာစာတမ်း ၃၇ စောင်၊ သိပ္ပံစာတမ်းဖတ်ပွဲတွင် ရူပဗေဒစာတမ်း ၄၈

စောင်နှင့် သချာစာတမ်း ၁၁ စောင်၊ ဓာတုဗေဒနှင့် ကုန်ထုတ်ဓာတုဗေဒစာတမ်းဖတ်ပွဲတွင် စာတမ်း ၂၈ စောင်၊ ရုက္ခဗေဒနှင့်သတ္တဗေဒစာတမ်းဖတ်ပွဲတွင် စာတမ်း ၄၇ စောင်၊ ဘူမိဗေဒနှင့် ပထဝီဝင်စာတမ်း ဖတ်ပွဲတွင် စာတမ်း ၂၃ စောင်၊ စီးပွားရေးနှင့် ပညာရေးစာတမ်းဖတ်ပွဲတွင် စီးပွားရေးစာတမ်း ၁၉ စောင်နှင့် ပညာရေးစာတမ်း ၁၆ စောင် စုစုပေါင်းစာတမ်း ၂၂၉ စောင်ကို စာတမ်းရှင်များက ဖတ်ကြားတင်သွင်းကြသည်။

ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်သည် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ဝိဇ္ဇာစာတမ်းဖတ်ပွဲ၊ သတ္တဗေဒနှင့် ရုက္ခဗေဒစာတမ်းဖတ်ပွဲ၊ ဘူမိဗေဒနှင့် ပထဝီဝင်စာတမ်းဖတ်ပွဲများသို့ တက်ရောက်ပြီး အကြံပြုဆွေးနွေးသည်။

## ထူးချွန်ထက်မြက် ကျောင်းသားကျောင်းသူများ ချီတက်သရုပ်ပြပွဲ

ပညာရေးစုံညီပွဲတော် ထူးချွန်ထက်မြက် ကျောင်းသားကျောင်းသူများ ချီတက်သရုပ်ပြပွဲ အခမ်းအနားကို ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့ နံနက် ၇ နာရီခွဲတွင် သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပသည်။

ချီတက်သရုပ်ပြပွဲ အစီအစဉ် ၁ ကို အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) မျက်နှာစာပြင်ပ သရုပ်ပြကွင်း၌ ကျင်းပရာ ရှေးဦးစွာထူးချွန်ထက်မြက်ဆုရ ကျောင်းသူတစ်ဦးက အခမ်းအနားစတင်ကြောင်း ကြေညာပြီး ကျောင်းသားကျောင်းသူများက မိုးပျံပူဖောင်းများ လွှတ်တင်ကြသည်။ ထို့နောက် အထက (၂) ကမာရွတ်မှ ကျောင်းသူ ၂၀၀ တို့က အထက (၁) ဒဂုံမှ သံစုံတီးဝိုင်းနှင့်တွဲဖက်၍ 'စုံညီပွဲတော်တို့နွဲပျော်' သီချင်းဖြင့် သီဆိုကပြခြင်း၊ အထက (၆) ဗိုလ်တထောင်မှကျောင်းသားများ၏ နိုင်ငံတော်အလံကိုင်အဖွဲ့ ချီတက်ခြင်း၊ 'က' အဆင့် ဘင်ခရာပြိုင်ပွဲ တတိယဆုရ အထက (၃) ပဲခူးကျောင်း ဘင်ခရာအဖွဲ့ တီးမှုတ်ချီတက်ခြင်း၊ အဌမတန်းဘက်စုံပညာထူးချွန်ကျောင်းသားကျောင်းသူများ ချီတက်ခြင်း၊ အထက (၃) မင်္ဂလာတောင်ညွန့်မှ ကျောင်းသူများ၏ ပညာရေးအလံကိုင်အဖွဲ့ ချီတက်ခြင်း၊ 'ခ' အဆင့် ဘင်ခရာပြိုင်ပွဲ တတိယဆုရ အထက (၁) ကျောက်ဆည်ကျောင်း ဘင်ခရာအဖွဲ့ တီးမှုတ်ချီတက်ခြင်း၊ ဒသမတန်းဘက်စုံပညာထူးချွန်ဆုရ ကျောင်းသားကျောင်းသူများ ချီတက်ခြင်း၊ အထက (၄) ဗိုလ်တထောင်မှ ကျောင်းသူများ၏ ပညာရေးစုံညီပွဲတော်အလံနှင့် ရောင်စုံအလံကိုင်အဖွဲ့ ချီတက်ခြင်း၊ 'ခ' အဆင့်ဘင်ခရာပြိုင်ပွဲ ဒုတိယဆုရ အထက (၁) ဒေါပုံကျောင်း ဘင်ခရာအဖွဲ့ ချီတက်သရုပ်ပြခြင်း၊ ပညာတန်ဆောင် စာပေပြိုင်ပွဲနှင့် မြန်မာနှင့်နိုင်ငံတကာလူမှုဆက်ဆံရေး ထုံးဓလေ့တတ်ကျွမ်းမှုပြိုင်ပွဲဆုရကျောင်းသားကျောင်းသူများ ချီတက်ခြင်း၊ အထက (၂) စမ်းချောင်းမှ ကျောင်းသူများ၏ပြည်နယ်တိုင်း အလံကိုင်အဖွဲ့ချီတက်ခြင်း၊ 'က' အဆင့် ဘင်ခရာပြိုင်ပွဲ ဒုတိယဆုရ အထက (၄) တာမွေကျောင်း ဘင်ခရာအဖွဲ့ ချီတက်သရုပ်ပြခြင်း၊ နိုင်ငံတကာအားကစားနှင့် ပန်းချီအနုပညာထူးချွန်ဆုရ ကျောင်းသားကျောင်းသူများ ချီတက်ခြင်း၊ အထက (၄) တာမွေမှ ကျောင်းသူများ၏ ကျောင်းကောင်စီအလံကိုင်အဖွဲ့ ချီတက်ခြင်း၊ (ခ) အဆင့် ဘင်ခရာပြိုင်ပွဲ ပထမဆုရ အထက (၈) မော်လမြိုင် ကျောင်းဘင်ခရာအဖွဲ့ ချီတက်သရုပ်ပြခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီးပြိုင်ပွဲ ထူးချွန်ဆုရ ကျောင်းသားကျောင်းသူများ ချီတက်ခြင်း၊ အထက (၂) လသာမှ ကျောင်းသူများ၏ ရောင်စုံအလံကိုင်အဖွဲ့ ချီတက်ခြင်း၊ ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်ပြည်လုံး၌ ထူးချွန်စွာအောင်မြင်ကြသည့် ကျောင်းသားကျောင်းသူများ

ချီတက်ခြင်း၊ 'က' အဆင့် ဘင်ခရာပြိုင်ပွဲ ပထမဆုရ အထက (၃) တောင်ကြီး ကျောင်းဘင်ခရာအဖွဲ့ ချီတက်သရုပ်ပြခြင်းတို့ကို အစီအစဉ်အတိုင်း တင်ဆက်သည်။

ချီတက်သရုပ်ပြပွဲ အစီအစဉ် ၂ ကို အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) အတွင်း ဆက်လက်ကျင်းပရာ 'မြန်မာ့ကျောင်း' သီချင်းကို ကျောင်းသားကျောင်းသူများက စုပေါင်းသီဆိုခြင်း၊ ကျောင်းသားကျောင်းသူနှစ်ဦးက ' အတွေးအမြင်' တင်ပြခြင်း၊ အထက (၄) တာမွေမှ ကျောင်းသူများက 'အလှသစ္စာ' အက သရုပ်ဖော် တင်ဆက်ခြင်း၊ အထက (၂) စမ်းချောင်းမှ ကျောင်းသူများက 'ကြည်နူးရွှင်ပျော် သူငယ်တော်' အက သရုပ်ပြတင်ဆက်ခြင်း၊ အထက (၂) ဗဟန်းမှ ကျောင်းသူများက 'အောင်လံဝင့်ချီ ချူသံညီ' သရုပ်ပြတင်ဆက်ခြင်း၊ အထက (၂) လသာမှ ကျောင်းသူများက 'မြန်မာ့သိုင်း သရုပ်ပြခြင်း၊ အားကစားနှင့် ပညာရေးပေါင်းစပ်လေ့ကျင့်ရေး သင်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက 'ရွှေလက်ခိုင်မြဲ နိုင်ငံ့ဖွဲ့' လေ့ကျင့်ခန်းများ သရုပ်ပြခြင်း၊ အထက (၁) ကမာရွတ်မှ ကျောင်းသူများက'ပညာခေတ်ကို အလှဆင်' အက သရုပ်ပြခြင်း၊ ကျောင်းသားကျောင်းသူများက အထက (၂) လသာ သံစုံတီးဝိုင်းနှင့်တွဲဖက်၍ 'ပြည်မြန်မာ' သီချင်းကို စုပေါင်းသီဆို သရုပ်ဖော် တင်ဆက်ခြင်း၊ နိုင်ငံ့ဂုဏ်ဆောင် ဝူရှူးအားကစားဆုရှင်များနှင့် မျိုးဆက်သစ်ကျောင်းသားများက'ဝူရှူးစွမ်းရည်' သရုပ်ပြခြင်း၊ အထက (၃) မင်္ဂလာတောင်ညွန့်မှ ကျောင်းသူများက 'ဖူးပွင့်ဝေဆာ ရောင်စုံဖြာ' အက တင်ဆက်ခြင်း၊ ကျောင်းသားကျောင်းသူများက 'မြန်မာ့ရိုးရာ ခြင်းလုံးအားကစားနည်း' သရုပ်ပြခြင်း၊ အထက (၁) ဒဂုံမှ ကျောင်းသူများက 'ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့' သီချင်းသရုပ်ဖော် တင်ဆက်ခြင်းတို့ဖြင့် ချီတက်သရုပ်ပြပွဲ အခမ်းအနား ကျင်းပပြီးမြောက်သည်။

## ထူးချွန်ဆုများ ချီးမြှင့်ပွဲ

ပညာရေးစုံညီပွဲတော် ထူးချွန်ဆုများ ချီးမြှင့်ပွဲ အခမ်းအနားကို ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့၊ မွန်းလွဲ၁နာရီခွဲတွင်စိန်ရတုခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နိုင်ငံတော်သီချင်းသီဆိုတီးမှုတ်ဖွင့်လှစ်ပြီး ကျောင်းသားကျောင်းသူများက မြန်မာ့ကျောင်းသီချင်းနှင့်စုံညီပွဲတော်တို့ရွှဲပျော်သီချင်းသီဆိုကာ အထက(၁) ဒဂုံ သံစုံတီးဝိုင်းက စွမ်းရည်ပြ တီးမှုတ်ဖျော်ဖြေသည်။ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် အစိုးရအဖွဲ့ အဖွဲ့ ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများနှင့် မြန်မာတိုကီဝါကော်ပိုရေးရှင်း မန်နေဂျင်းဒါရိုက်တာတို့က ၂၀၀၃-၂၀၀၄ ပညာသင်နှစ်ဒသမတန်းဘက်စုံပညာထူးချွန်ဆုရရှိသူများ၊ ကျောင်းနေအရွယ် ကလေးအားလုံးကျောင်းနေရေးလှုပ်ရှားဆောင်ရွက်မှုများတွင် ၁၀ စုနှစ်ထူးခြားသည့် ကျောင်းသူတစ်ဦးနှင့် ထူးခြားသည့်ကျောင်းသားကျောင်းသူ သုံးဦး၊ အဋ္ဌမတန်းဘက်စုံပညာထူးချွန်ဆုရရှိသူများ၊ ဒသမတန်းစာပေ (သိပ္ပံဘာသာတွဲ) ထူးချွန်ဆုရရှိသူများ၊ ဒသမတန်းစာပေ (ဝိဇ္ဇာဘာသာတွဲ) ထူးချွန်ဆုရရှိသူများ၊ အဋ္ဌမတန်းစာပေဘာသာရပ် ထူးချွန်ဆုရရှိသူများ၊ ဒသမတန်းကျောင်းလုပ်ငန်းဆောင်ရွက်မှု ထူးချွန်ဆုရရှိသူများ၊ အဋ္ဌမတန်း ကျောင်းလုပ်ငန်းဆောင်ရွက်မှု ထူးချွန် ဆုရရှိသူများ၊ အင်္ဂလိပ်စာ စာစီစာကုံးပြိုင်ပွဲဆုရ ဘွဲ့ကြိုနှင့်ဘွဲ့လွန်ကျောင်းသား ကျောင်းသူများ၊ အင်္ဂလိပ်စာ စကားရည်လုပြိုင်ပွဲဆုရ ဘွဲ့ကြိုနှင့် ဘွဲ့လွန်ကျောင်းသားကျောင်းသူများ၊ မြန်မာနှင့် နိုင်ငံတကာလူမှုဆက်ဆံရေး ထုံးဓလေ့တတ်ကျွမ်းမှုပြိုင်ပွဲ

ဆုရရှိသူများ၊ စတုတ္ထအကြိမ် အခြေခံပညာကျောင်းများ ဘင်ခရာတီးပြိုင်ပွဲ ပထမဆုရကျောင်းဘင်ခရာအဖွဲ့များ၊ ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းဆောင်ရွက်မှု ထူးချွန်ဆုရအခြေခံပညာကျောင်းများ၊ ၂၀၀၂-၂၀၀၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံဘာသာတွဲနှင့် ဝိဇ္ဇာဘာသာတွဲတို့တွင် အဆင့် ၁ မှ ၁၀ အထိ ရရှိသူများ၊ ကောဒသမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီးပြိုင်ပွဲ ရွှေတံဆိပ်ဆုရ ကျောင်းသားကျောင်းသူများ၊ နိုင်ငံတကာနှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ရွှေတံဆိပ်ဆုရ ကျောင်းသားကျောင်းသူများ၊ နိုင်ငံတကာနှင့် ပြည်တွင်းပန်းချီပြိုင်ပွဲ ရွှေတံဆိပ်ဆုရ ကျောင်းသားကျောင်းသူများ၊ ကျန်းမာရေးနှင့် ညီညွတ်သော စားသောက်ဆိုင်ဆုရကျောင်းများ၊ ၂၀၀၃ ခုနှစ် ပညာတန်ဆောင် စာစီစာကုံးပြိုင်ပွဲ အဆင့်အလိုက် ပထမဆုရရှိသူများနှင့် တိုကီဝါရောင်စုံခဲတံ ပန်းချီပြိုင်ပွဲအဆင့်အလိုက် ပထမဆုရရှိသူများအားဆုများအသီးသီးချီးမြှင့်သည်။

ဆုများ ချီးမြှင့်အပြီးတွင် ဆုချီးမြှင့်ကြသည့် ပုဂ္ဂိုလ်အသီးသီးတို့သည် ထူးချွန်ဆုရရှိသူများနှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။ထို့နောက် ကျောင်းသားကျောင်းသူများက ဘက်စုံပညာကိုရည်တို့လှမ်းချီသီချင်းနှင့် ဇာတိမာန်သီချင်းတို့ကို သီဆိုဖျော်ဖြေကြပြီး ထူးချွန်ဆုများ ချီးမြှင့်ပွဲအခမ်းအနားပြီးမြောက်သည်။

အလားတူ ၂၀၀၃-၂၀၀၄ ပညာသင်နှစ်ပညာရေးစုံညီပွဲတော် အခမ်းအနားများကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိအခြေခံပညာကျောင်းများတွင်အသီးသီးကျင်းပသည်။

စိုးအောင်

**ဖိလစ်ပိုင်နိုင်ငံ။** ။ ဖိလစ်ပိုင်သမ္မတအာရိုယိုသည် ၂၀၀၄ ခုနှစ်တွင် ကျင်းပမည့် ဖိလစ်ပိုင်သမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခြင်းမပြုရန် ဆုံးဖြတ်လိုက်ပြီး လက်ရှိသမ္မတရာထူး၏ လက်ကျန် သက်တမ်းတွင် ဖိလစ်ပိုင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်နှင့် ဆင်းရဲမှု တိုက်ဖျက်ရန်လုပ်ငန်းများကိုသာ အလေးထားလုပ်ဆောင်သွားမည်ဟု ပြောဆိုခဲ့သည်။

ထို့နောက် ဖိလစ်ပိုင် ရုပ်ရှင်သရုပ်ဆောင် ဖာနန်ဒိုပိုးဂျူနီယာကလာမည့် မေလ ဖိလစ်ပိုင်သမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဟုကြေညာခဲ့သည်။ နိုဝင်ဘာ ၂၇ ရက်နေ့၌ ထုတ်ပြန်သည့် “ ပလပ်အေးရှား” လူထုစစ်တမ်းကောက်ယူရေး အဖွဲ့၏ စာရင်းဇယားများအရ ပညာရေးဝန်ကြီးဟောင်း ရောလ်ရိုကိုက ထောက်ခံမဲ ၃၅ ရာခိုင်နှုန်း၊ ဖာနန်ဒိုပိုးက ၃၄ ရာခိုင်နှုန်းနှင့် သမ္မတအာရိုယိုက ထောက်ခံမဲ ၂၉ ရာခိုင်နှုန်း ရရှိသည်။

အကယ်၍သာ အထက်လွှတ်တော်အမတ်နှင့် အမျိုးသားရဲတပ်ဖွဲ့အကြီးအကဲဟောင်း ပန်နီဖိုလက်ဆင်သာ သမ္မတရွေးကောက်ပွဲမှာဝင်ရောက်ယှဉ်ပြိုင်မည်ဆိုလျှင် ‘ရောလ်ရိုကို’ အနေနှင့် ထောက်ခံမဲ (၃၀) ရာခိုင်နှုန်းနှင့် အာရိုယိုက ၂၈ ရာခိုင်နှုန်းသာ ရရှိကြမည်ဟုဆိုသည်။

အထက်ပါ ရလဒ်များသည် အသက် ၁၈ နှစ်နှင့်အထက် မဲဆန္ဒရှင် ၁၂၀၀ ကို တွေ့ဆုံမေးမြန်းမှုအပေါ်အခြေခံပြီး တွက်ချက်ထားခြင်းဖြစ်သည်။ ဖာနန်ဒိုပိုးသည် အထက်တန်းကျောင်း အဆင့်သာ ပညာသင်ယူခဲ့ရပြီး အင်မတန်မှ လူသိများသည့် ရုပ်ရှင်အက်ရှင်ဟီးရိုးတစ်ဦးဖြစ်သည်။ သူကဲ့သို့ ရုပ်ရှင်သရုပ်ဆောင်ဖြစ်သည့် သမ္မတဟောင်း “ဂျိုးဇက်အက်စ်ထရာဒါ” ၏ ရင်းနှီးသူ မိတ်ဆွေတစ်ဦးလည်းဖြစ်သည်။

အက်စ်ထရာဒါက သူ၏ရုပ်ရှင်သရုပ်ဆောင်ထင်ပေါ်ကျော်ကြားမှုကို အသုံးပြုပြီး ၁၉၉၈ ခုနှစ် သမ္မတ ရွေးကောက်ပွဲက အပြတ်အသတ်အနိုင်ရရှိခဲ့သည်။ သို့သော် သူသည် သမ္မတအဖြစ်သုံးနှစ်



လယ်ယာလုပ်ငန်းခွင်အတွင်းသို့ ကိုယ်တိုင်ဝင်ရောက်ကာ ကောက်စိုက်နေသည့် ဖိလစ်ပိုင် သမ္မတအာရိုယိုကို တွေ့ရစဉ်

ခန့်သာ တာဝန်ထမ်းဆောင်ခဲ့ပြီး လာဘ်စားသည်ဆိုသော စွပ်စွဲမှုဖြင့် ရာထူးမှ ဖယ်ရှားခြင်းခံရသည်။

ဖာနန်ဒိုပိုးသည်လည်း အက်စ်ထရာဒါကဲ့သို့ ၎င်း၏ ရုပ်ရှင်ကားများတွင် အနိမ်ခံဆင်းရဲသားများဘက်မှ တိုက်ပွဲဝင်ပေးသူ သူရဲကောင်းရော်ဘင်ဟု နေရာမှ ပါဝင်သရုပ်ဆောင်ခဲ့ခြင်းကြောင့် ဖိလစ်ပိုင်ဆင်းရဲသားများ၏ အချစ်တော်ဖြစ်ခဲ့ရသည်။

**နိုင်ငံတကာဆက်ဆံရေး-** ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင်ဆူလ်တန်ဟာဂျီဟက်ဆန်နီဘိုလ်ကီးယားသည် ဖိလစ်ပိုင်နိုင်ငံမနီလာမြို့သို့ ဇန်နဝါရီ ၂၇ ရက်မှ ၂၉ ရက်အထိသုံးရက်ကြာအလည်အပတ်ခရီးလာရောက်မည်ဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးဌာန (ဒီအက်ဖ်အေ)က ဇန်နဝါရီ (၇) ရက်၌ ကြေညာသည်။ ဖိလစ်ပိုင် သမ္မတဂလိုရီယာမကာပါဂါးလ်အာရိုယိုသည် ဘရူနိုင်းနိုင်ငံသို့ ၂၀၀၀ ပြည့်နှစ်က အလည်အပတ်ရောက်ရှိခဲ့ပြီး ဘုရင်ဆူလ်တန်ကို ဖိလစ်ပိုင်သို့ အလည်အပတ် ခရီးလာရောက်ရန် ဖိတ်ခေါ်ခဲ့သောကြောင့် ယခုကဲ့သို့ လာရောက်ခြင်းဖြစ်သည်။ ဘုရင်ဆူလ်တန်သည် ဖိလစ်ပိုင်နိုင်ငံသို့ ပထမဆုံးအကြိမ်လာရောက်လည်ပတ်ခြင်းဖြစ်ကြောင်း ဒီအက်ဖ်အေကပြောကြားသည်။



**ဖိလစ်ပိုင်သမ္မတရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဟု ကြေညာနေသည့် ဖိလစ်ပိုင်ရုပ်ရှင်သရုပ်ဆောင်ဖာနန်ဒိုပိုးဂျူနီယာ**


အကြမ်းဖက်လုပ်ရပ်များအား နှစ်နိုင်ငံချင်းဖြစ်စေ၊ ဒေသတွင်း နိုင်ငံချင်းဖြစ်စေ၊ နိုင်ငံတကာမိသားစုအနေဖြင့်ဖြစ်စေ၊ အချင်းချင်းပူးပေါင်း၍ တိုက်ဖျက်ကြရန်အရေးကြီးပုံကို ဘရူးနိုင်းဘုရင် ဆူလတန်ဟာဂျီဟာဆာနာဘိုလ်ကီးယားနှင့်ဖိလစ်ပိုင် သမ္မတ ဂလိုရီယားမကာပါဂါးလ်အာရိုယိုတို့က ဇန်နဝါရီ ၂၇ ရက်က အထူးအလေးထားပြောကြားသည်။

ဖိလစ်ပိုင်သမ္မတနှင့် ဘရူးနိုင်းဘုရင်တို့ ဖိလစ်ပိုင်နိုင်ငံမနီလာမြို့တွင် ကျင်းပသည့် အစည်းအဝေးအပြီး ပူးတွဲသတင်းထုတ်ပြန်ချက် တစ်ရပ်ထုတ်ပြန်ခဲ့ရာ၊ ယင်းသတင်းထုတ်ပြန်ချက်တွင် နှစ်နိုင်ငံသတင်းဖလှယ်မှုနှင့် ဆက်သွယ်ရေးစည်းကမ်း ချမှတ်မှုဆိုင်ရာ သဘောတူညီချက်ရရှိရေးအတွက်ဘရူးနိုင်းနိုင်ငံ စိတ်ဝင်စားနေခြင်းသည် အရှေ့တောင်အာရှဒေသတွင်း အကြမ်းဖက်လုပ်ရပ်များကို တိုက်ခိုက်မှုများ ပြုလုပ်နိုင်ရေးအတွက် ဒေသတွင်းဆိုင်ရာ တုံ့ပြန်ထူးခြားသော ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း ဖော်ပြထားသည်ဟု ဖိလစ်ပိုင်သမ္မတ နန်းတော်က ကြေညာသည်။

၂၀၀၁ ခုနှစ် ဩဂုတ်လတွင် ဘရူးနိုင်းနိုင်ငံ၌ လက်မှတ်ရေးထိုးခဲ့သော ကာကွယ်ရေးပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာသည် နှစ်နိုင်ငံအကြားကာကွယ်ရေးဆိုင်ရာ လှုပ်ရှားများ တိုးမြှင့်ပြုလုပ်နိုင်မည့် အစီအစဉ်များစွာကို အလေးအနက်ဖော်ပြထားသည်။ နှစ်နိုင်ငံအကြားရေတပ် လေ့ကျင့်မှုများကို ဘရူးနိုင်းနိုင်ငံ၌ ပြုလုပ်ရန်စီစဉ်ထားသည်။ ဘရူးနိုင်းဘုရင်သည် ဖိလစ်ပိုင်သမ္မတ အာရိုယို၏ ဖိတ်ကြားချက်အရ ဖိလစ်ပိုင်နိုင်ငံတွင် အစိုးရဧည့်သည်တော်အဖြစ် သုံးရက်ကြာလည်ပတ်ရန်မနီလာမြို့သို့ ဇန်နဝါရီ (၂၆) ရက်က ရောက်ရှိလာခြင်းဖြစ်သည်။

အီရတ်အစိုးရသည် အီရတ်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံဆက်ဆံရေး ပိုမိုကောင်းမွန်လာစေရန် ဖိလစ်ပိုင်နိုင်ငံသို့ သံတမန်တစ်ဦး စေလွှတ်မည်ဖြစ်ကြောင်း ဖိလစ်ပိုင်ဒေးလီးအင်ကွာလီ သတင်းစာက ဖေဖော်ဝါရီ (၇) ရက်တွင် ဖော်ပြသည်။ မနီလာ၌ တာဝန်ထမ်းဆောင်ခဲ့သည့် အီရတ်ယာယီသံရုံး တာဝန်ခံ စမီယာဘောလ်လပ်စ်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။ သို့ရာတွင် အီရတ်၌ ရင်ဆိုင်နေရသော အကျပ်အတည်းကို ဖြေရှင်းရန် မဟုတ်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံတို့သည် နှစ်နိုင်ငံဆက်ဆံရေး ပိုမို တိုးတက်လာစေရန်အတွက် ကာကွယ်ရေး၊ ကုန်သွယ်ခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို ပိုမိုခိုင်မာစွာပူးပေါင်း ဆောင်ရွက်သွားရန် ပြည်သူများအချင်းချင်း အပြန်အလှန်



**မကြာမီဖွင့်လှစ်တော့မည့် မနီလာလေဆိပ်အဆောက်အအုံသစ်**

ဖလှယ်မှုများပိုမိုပြုလုပ်သွားကြရန် ဖေဖော်ဝါရီ (၂၈) ရက်နေ့က သဘောတူညီလိုက်ကြသည်။

ဖိလစ်ပိုင်နှင့် ဗီယက်နမ်နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကော်မရှင်၏ သုံးရက်ကြာအစည်းအဝေးသည် မနီလာ၌ ဖေဖော်ဝါရီ (၂၈) ရက်က ပြီးဆုံးသွားခဲ့ပြီးနှစ်နိုင်ငံသည် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုအတွက် စစ်ဘက်နှင့် ကာကွယ်ရေးကျောင်းများရှိ ကျောင်းသားများအပြန်အလှန်ဖလှယ်ရေးကိစ္စကို ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် နှစ်နိုင်ငံသည် အကြမ်းဖက်မှု၊ နိုင်ငံဖြတ်ကျော်ရာဇဝတ်မှု၊ ပင်လယ်ဓားပြမှုတို့ကို ဟန့်တားခြင်းတို့အပါအဝင် အပြန်အလှန်အကျိုး သက်ရောက်စေမည့် လှုပ်ရှားမှုများကို တိုးမြှင့်သွားရန်လည်း သဘောတူခဲ့ကြသည်။

ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံတို့ယခုပြုလုပ်သည့် ပူးတွဲကော်မရှင်အစည်းအဝေးသည် တတိယအကြိမ်ဖြစ်ပြီး ယခင်အစည်းအဝေးကို ၁၉၉၇ ခုနှစ်က ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် ကျင်းပခဲ့သည်။အဆိုပါ ဂျေစီဘီစီစတုတ္ထမြောက် အစည်းအဝေးကို ၂၀၀၅ ခုနှစ်၌ ဟနွိုင်းတွင် ကျင်းပရန် ဗီယက်နမ်က ကမ်းလှမ်းထားသည်။

ဖိလစ်ပိုင်နှင့် မလေးရှားနိုင်ငံတို့သည် နိုင်ငံတကာအကြမ်းဖက်မှုကို တိုက်ဖျက်နိုင်ရေးအတွက် ကာကွယ်ရေး၊ ထောက်လှမ်းရေးနှင့် လုံခြုံရေးတို့တွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ခိုင်မာတောင့်တင်းစေမည့် သဘောတူစာချုပ်တစ်ရပ်ကို ချုပ်ဆိုကြလိမ့်မည်ဟု အစိုးရအရာရှိများက မတ်လ (၁) ရက်နေ့တွင် ပြောကြားသည်။

ဖိလစ်ပိုင် နိုင်ငံခြားရေးဝန်ကြီး ဘလက်စ်အိုပလဲသည် နိုင်ငံတကာအကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နားလည်မှုသဝဏ်လွှာကို ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီး အလက်ဇန္ဒားဒေါင်နာနှင့် အတူ လက်မှတ်ရေးထိုးနိုင်ရန် ဩစတြေးလျနိုင်ငံ ကင်ဘာရာမြို့သို့ မတ်၁ရက်ကထွက်ခွာသွားကြောင်း အဆိုပါ

အရာရှိများကပြောသည်။ နားလည်မှုစာချွန်လွှာကို မတ် ၄ ရက်တွင် လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း၊ စာချွန်လွှာတွင် စစ်ရေးလေ့ကျင့်မှုများ၊ စုံစမ်းထောက်လှမ်းမှုများနှင့် သတင်းဖလှယ်မှုများအပြင် ကယ်ဆယ်ရေးလုပ်ငန်းများလည်းပါဝင်မည်ဖြစ်သည်။

**စီးပွားရေး-** ပီဆိုငွေသန်း ၆၀၄၀ (အမေရိကန်ဒေါ်လာ ၁၁၁ သန်း) ခန့် တန်ဖိုးရှိသော အခြေခံအဆောက်အအုံစီမံကိန်းသုံးခု ဆောင်ရွက်ရန် ဖိလစ်ပိုင်နိုင်ငံကို ဂျပန်နိုင်ငံက ကူညီထောက်ပံ့ရန် သဘောတူထားကြောင်း ဖိလစ်ပိုင်အမျိုးသား စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အာဏာပိုင်အဖွဲ့က မတ် ၄ ရက်တွင် ကြေညာသည်။ ယင်းစီမံကိန်းကြီးသုံးရပ်မှာ ပီဆိုသန်း ၂၀၆၀ (ဒေါ်လာ ၃၆ ဒသမ ၈ သန်း) တန်ဖိုးရှိ ဗဟိုမင်ဒါနာအိုလမ်း စီမံကိန်း၊ ပီဆိုသန်း ၃၄၅၀ (ဒေါ်လာ ၆၃ ဒသမ ၃ သန်း) တန်ဖိုးရှိ အာတီရီယယ်ရှောင်ကွင်းလမ်း စီမံကိန်းအဆင့်တစ်နှင့် ပီဆိုငွေ ၅၃၈ သန်း (ဒေါ်လာ ၉ ဒသမ ၉သန်း) တန်ဖိုးရှိ ဆူးဘစ်ပင်လယ်အော် အကောက်ခွန်မဲ့လေဆိပ်ဝန်းကျင် စီမံကိန်းအဆင့်နှစ်တို့ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ၏ ကြီးမားသော စီးပွားရေးလှုပ်ရှားဆောင်ရွက်မှုနှင့် ပြန်လည်ရှင်သန်လာရေးအတွက် လမ်းဖွင့်ပေးခြင်းဖြစ်သည်ဟု ဆိုသော ငွေမည်းမှ ငွေဖြူပြောင်းလဲမှု တားဆီးရေးအက်ဥပဒေပြင်ဆင်ချက် (အေအမ်အယ်လ်အေ) ကို သမ္မတဂလိုရီယာမကာပါဂါးလ်အာရိုယိုက မတ် (၇) ရက်တွင်ဥပဒေအဖြစ်လက်မှတ်ရေးထိုးလိုက်ကြောင်း ဖော်ပြသည်။ ယခုထုတ်ပြန်လိုက်သည့် ငွေမည်းမှ ငွေဖြူပြောင်းလဲမှုတားဆီးရေး ဥပဒေပြင်ဆင်ချက်ကြောင့် ဘဏ်လုပ်ငန်းများတွင် ယုံကြည်ကိုးစားမှု အားထားယုံကြည်မှုနှင့် စိတ်ချရမှုတို့ တိုးတက်ဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်း သမ္မတအိမ်တော်၌ မိန့်ခွန်းပြောရာတွင်သမ္မတအာရိုယိုကပြောကြားသည်။

ဥပဒေပြင်ဆင်ချက်များကို ဖိလစ်ပိုင်ဘဏ္ဍာရေးဝန်ကြီးဂျို့စ်အစီဒရိုကာမာချိုက ပြင်သစ်နိုင်ငံ ပါရီမြို့တော်၌ ကမ္ဘာ့ငွေကြေးဆိုင်ရာလုပ်ငန်း အထူးအဖွဲ့ (အက်ဖ်အေတီအက်ဖ်) အရာရှိများထံ မတ်လ ၁၅ ရက်မတိုင်မီ ပေးအပ်လိမ့်မည်ဟု မျှော်လင့်သည်။ ယင်းလုပ်ဆောင်ချက်ကြောင့် ဖိလစ်ပိုင် နိုင်ငံသည် အက်ဖ်အေတီအက်ဖ်အမည်ပျက်စာရင်းမှ ပယ်ဖျက်ခွင့်ရရှိမည်ဖြစ်သည်။

**ပို့ကုန်လုပ်ငန်း-** ဖိလစ်ပိုင်နိုင်ငံ၏ ကုန်စည်တင်ပို့မှုမှာ ၂၀၀၂ ခုနှစ်၊ နိုဝင်ဘာလအတွင်း ၁၈ ရာခိုင်နှုန်းမြင့်တက်ခဲ့ရာ ရှစ်လဆက်တိုက် မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း အမျိုးသားစာရင်းရုံး (အင်အက်စ်အို)က ဇန်နဝါရီ (၃) ရက်တွင် ပြောကြားသည်။ ၂၀၀၁ ခုနှစ်က ကုန်စည်တင်ပို့မှုမှ အလားတူလတွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၃ ဘီလီယံဖိုးရရှိခဲ့ပြီး ၂၀၀၂ ခုနှစ်၊ နိုဝင်ဘာလတွင် ဒေါ်လာ ၃ ဒသမ ၁ ဘီလီယံဖိုး တိုးမြှင့်ရရှိခဲ့သည်။ ၂၀၀၁ ခုနှစ် ပထမ ၁၁ လအတွင်း ကုန်စည်တင်ပို့မှုမှ အမေရိကန် ဒေါ်လာ၂၉ ဒသမ ၅၁ ဘီလီယံဖိုး ရရှိခဲ့ရာမှ ၂၀၀၂ ခုနှစ် ပထမ ၁၁လအတွင်း ကုန်စည်တင်ပို့မှုမှာ ၃၂ ဒသမ ၁၅ ဘီလီယံဖိုး တင်ပို့ခဲ့သဖြင့် ၂၀၀၁ ခုနှစ်ထက် ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။

၎င်းနောက် ဖိလစ်ပိုင်နိုင်ငံ၏ တစ်ကမ္ဘာလုံးဆိုင်ရာ သမားရိုးကျဈေးကွက်များ၌ ၂၀၀၂ ခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှေးကွေးပြီး ခွဲတမ်းများလျှော့နည်းခဲ့သော်လည်း ဖိလစ်ပိုင်နိုင်ငံ၏ အဝတ်အထည်ပို့ကုန်သည် ၁ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်ကာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ သန်းရှိခဲ့ကြောင်း အဝတ်အထည်ပြည်ပပို့ကုန်ဘုတ်အဖွဲ့ (ဂျီတီအီးဘီ) က မတ်လ ၉ ရက်တွင် ထုတ်ပြန်သည့် စာရင်းဇယားများ၌ ဖော်ပြပါရှိသည်။

ယခင်နှစ် အထည်အလိပ် ပြည်ပပို့ကုန်များသည် ၃၂ ရာခိုင်နှုန်းထိ တိုးတက်ပြီး အမေရိကန်ဒေါ်လာသန်း ၂၀၀ ရရှိခဲ့သော်လည်း အဝတ်အထည်

မဟုတ်သော ပြည်ပပို့ကုန်များသည် ၃၀ ရာခိုင်နှုန်း ကျဆင်းကာ ဒေါ်လာသန်း ၃၀၀ ခန့် လျော့ကျခဲ့ကြောင်း ဂျီတီအီးဆီ အချက်အလက်များက ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စုသည် ဖိလစ်ပိုင်နိုင်ငံ၏ တစ်နိုင်ငံချင်းတွင် အကြီးမားဆုံးဈေးကွက်ကြီးဖြစ်ပြီး နိုင်ငံ၏ အဝတ်အထည်ပို့ကုန် ၇၆ ရာခိုင်နှုန်း၊ အဝတ်အထည်မဟုတ်သော ပို့ကုန် ၇၅ ရာခိုင်နှုန်းနှင့် အထည်အလိပ်ပို့ကုန် ၄၀ ရာခိုင်နှုန်းကို တင်ပို့လျက်ရှိသည်။

ဩစတြေးလျအစိုးရသည် ဖိလစ်ပိုင်နိုင်ငံထွက် အပူပိုင်းသစ်သီးဝလံများကို ပြည်တွင်းဈေးကွက်များသို့မှာ ယူတင်သွင်းရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း သိရသည်။ မက္ကဆီကိုနိုင်ငံ ကင်ကမ်မြို့တွင် ကျင်းပသည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ချုပ်ဝန်ကြီးအဆင့် အစည်းအဝေးတက်ရောက်သည့် ဖိလစ်ပိုင်လယ်ယာစိုက်ပျိုးရေးဝန်ကြီး လူဝစ်ကိုရန်ဇိုသည် ဩစတြေးလျလယ်ယာစိုက်ပျိုးရေးဌာန ဝန်ကြီးဟောက်ဝပ်ထရျူရပ်စ်နှင့် တွေ့ဆုံကာ ဖိလစ်ပိုင်နိုင်ငံထွက်ငှက်ပျောသီးနှင့် နာနတ်သီးများ ဩစတြေးလျသို့ တင်ပို့ခွင့်ရရေး ဆွေးနွေးခဲ့သည်။

တင်သွင်းမည့် သစ်သီးဝလံများတွင် တွယ်ကပ်ပါလာမည့် ပိုးမွှားများ အန္တရာယ်စိစစ်ဖော်ထုတ်ရေးအတွက် ဆွေးနွေးပွဲများကို ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ချုပ်အစည်းအဝေးနောက်ပိုင်း ပြုလုပ်သွားကြရန် ဩစတြေးလျလယ်ယာစိုက်ပျိုးရေးဌာနဝန်ကြီး ထရျူရပ်စ်က သဘောတူညီခဲ့ကြောင်း ဖိလစ်ပိုင် လယ်ယာစိုက်ပျိုးရေးဝန်ကြီး လိုရစ်ဇိုကပြောကြားသည်။

**ပို့ဆောင်ရေး-** ကုန်တင်သင်္ဘောတစ်စင်းသည် ဖေဖော်ဝါရီ ၂၀ ရက်အရုဏ်တက်ချိန်တွင် ဝေးလံသော ဂျပန်ကျွန်းတစ်ကျွန်း၏ ကမ်းလွန်ပင်လယ်ပြင်၌ တိမ်းမှောက်ခဲ့ပြီးနောက် ဖိလစ်ပိုင်သင်္ဘောသား ၁၄ ဦးနှင့် ကိုရီးယားသင်္ဘောသား နှစ်ဦးပျောက်ဆုံးနေကြောင်းဖိလစ်ပိုင်ကမ်းခြေစောင့်ရဲအဖွဲ့ကအဆိုပါရက်နေ့၌ပင် ပြောသည်။

ထို့နောက် ခရီးသည် ၆၈ ဦးနှင့် သင်္ဘောသား ခုနစ်ဦးပါရှိသော သင်္ဘောတစ်စင်းသည် ဖိလစ်ပိုင် အနောက်တောင်ပိုင်းရှိ ကျွန်းများ၌ ဘေးအန္တရာယ်ရောက်ကြောင်း သတင်းပို့ခဲ့ပြီးနောက် တစ်ရက်ကျော်မျှ ပျောက်ဆုံးနေကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့က ဒီဇင်ဘာ ၂၂ ရက်၌ ပြောကြားသည်။ အဆိုပါ ခရီးသည်နှင့် ကုန်တင်ဆောင်သော အမ်အယ်လ် ပီယာရီအမည်ရှိ သင်္ဘောအန္တရာယ်ကျရောက်ပြီး ပျောက်ဆုံးနေခြင်းကို ရှာဖွေရန် ရေယာဉ်ခုနစ်စင်းနှင့် ရဟတ်ယာဉ် တစ်စင်းကို လွှတ်ထားသော်လည်း ရာသီဥတုဆိုးဝါးနေ၍ ရှာဖွေရေးလုပ်ငန်းများ အခက်တွေ့နေရသည်ဟုဆိုသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေး-** ဖိလစ်ပိုင်နိုင်ငံ၏ အဓိက မြို့ကြီးများတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုများ ဆိုးရွားစွာပိုမိုဖြစ်ပေါ်လျက်ရှိရာ နှစ်စဉ်အချိန်စောပြီး သေဆုံးသွားကြရသူ ၂၀၀၀ ခန့်မျှရှိကြောင်း ကမ္ဘာ့ဘဏ်အစီရင်ခံစာတစ်စောင်၌ ဖော်ပြထားကြောင်းသိရသည်။

ယင်းသို့ပတ်ဝန်းကျင်ညစ်ညမ်းမှုများကြောင့် မနီလာမြို့တော်၊ ဆီဘူးမြို့၊ ဒါဗိုးမြို့နှင့် ဘာဂွီအိုမြို့များတွင် ရင်ကျပ်ရောဂါဖြစ်သူ ၉၀၀၀ ခန့်ရှိကြောင်း ၂၀၀၂ ခုနှစ်အတွက် ဖိလစ်ပိုင်နိုင်ငံ ပတ်ဝန်းကျင်ရေးရာ လေ့လာချက် ကမ္ဘာ့ဘဏ် အစီရင်ခံစာတွင် ဖော်ပြသည်။ လေထုညစ်ညမ်းမှု ဖယ်ရှားရေးဦးစားပေးလုပ်ဆောင်ရန် ကမ္ဘာ့ဘဏ်က ဖိလစ်ပိုင်အစိုးရသို့ တိုက်တွန်းထားသည်။ ဖိလစ်ပိုင်အစိုးရ ပတ်ဝန်းကျင်ရေးရာနှင့် သဘာဝ အရင်းအမြစ်များဆိုင်ရာဌာန (ဒီအီးအင်အာရ်) သည် ယခုအခါ ဒါဗိုးမြို့၊ ဘာဂွီအိုမြို့များနှင့် နိုင်ငံမြောက်ပိုင်းရှိ ဘန်ဂူအတ်ပြည်နယ် တစ်စိတ်တစ်ဒေသတို့တွင် လေထုညစ်ညမ်းမှု တားဆီးရေးအတွက် လိုအပ်သည့်လုပ်ဆောင်မှုများကို စတင်လုပ်ဆောင်လျက်ရှိသည်။

ခေတ်မီဆန်းသစ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့နှင့်အတူ လူသားတို့၏ လုပ်ဆောင်မှုများက ပတ်ဝန်းကျင်ရေးရာနှင့် ကျန်းမာရေးတို့ကို ထိခိုက်လာနေကြောင်း၊ လေထုညစ်ညမ်းမှုဖြစ်ပွားသည့် နေရာနှင့် အတိုင်းအတာပမာဏတို့ကို ရှာဖွေဖော်ထုတ်ခြင်းဖြင့် လေထုညစ်ညမ်းမှုများကို စနစ်တကျနှင့် သိပ္ပံနည်းကျ တားဆီးဖယ်ရှားသွားနိုင်မည်ဖြစ်ကြောင်း ဖိလစ်ပိုင်အစိုးရပတ်ဝန်းကျင်ရေးရာဌာနဝန်ကြီး အက်လီဆီး ဂိုဇွန်က ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးရှုထောင့်မှကြည့်သော် ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း နုအီဗာဗစ်ဇ်ကာရာဒေသရှိ မြို့နှစ်မြို့တွင် ငှက်ဖျားရောဂါဖြင့် လူ ၁၆ ဦးသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ ရုပ်မြင်သံကြားမှ ထုတ်လွှင့်သွားခဲ့သည်။ အဆိုပါ ဒေသရှိ ရွာတစ်ရွာမှ ဆွေမျိုးများဆီသို့ အလည်အပတ်သွားရောက်ခဲ့သော မိသားစုတစ်စုတွင် ငှက်ဖျားရောဂါစွဲကပ်ပါရှိလာသည်ဟု နုအီဗာဗစ်ဇ်ကာရာ အုပ်ချုပ်ရေးမှူးက ပြောသည်။

**ဥပဒေရေးရာ**- ချမ်းသာသောလူမျိုးနွယ်များအား ပစ်မှတ်ထားသော ပြန်ပေးဆွဲမှုများ၏ နောက်ဆုံးရက်စက်ခြင်းခံရသူအား အသုဘပို့ဆောင်ကြစဉ် တရုတ်ဖိလစ်ပိုင်များက တရားမျှတမှုကိုတောင်းဆိုခဲ့ကြသည်။ ပြန်ပေးမှုခင်းများအရေအတွက်သည် (၁၀) နှစ်အတွင်း အမြင့်ဆုံးရောက်ရှိခဲ့သည်။ ပျမ်းမျှခြင်းအားဖြင့် သုံးရက်တစ်ကြိမ်ကြမ္မာဆိုးသူတစ်ဦးကျပြန်ပေးဆွဲခြင်းခံခဲ့ရသည်။

ဤပြစ်မှုနှင့်ပတ်သက်၍ သေဒဏ်ပေးရေးကို တောင်းဆိုကြလျက် တရုတ်ဖိလစ်ပိုင် (၃၀၀) သည် မစ္စစ်ဘတ်တီ (၃၂) နှစ်၏ အသုဘပို့ဆောင်ရာ တွင်ပူးပေါင်းပါဝင်ခဲ့ကြသည်။ မစ္စစ်ဘတ်တီ၏အလောင်းကို မနီလာတွင် သူမအား ပြန်ပေးဆွဲခံရပြီးနောက် တစ်ရက်အကြာတွင် အမှိုက်ထည့်သည့် အိတ်တစ်လုံးထဲတွင် ထိုးထည့်ထားသည်ကို တွေ့ရှိခဲ့ရသည်။ အသုဘပို့ဆောင်သူများသည် 'ဘတ်တီအတွက် တရားမျှတရေး' 'ပြန်ပေးသမားများအား သေဒဏ်ပေး' ဟူသော ကြွေးကြော်သံများ ရေးထားသည့် အလံငယ်များကို ကိုင်ဆောင်လာကြသည်။ မစ္စစ်ဘတ်တီ၏ အဖြူရောင်အခေါင်းကိုသယ်ဆောင်လာသော အပြာရောင် အသုဘယာဉ်က မြောက်ပိုင်းမနီလာသင်္ချိုင်းရှိရာသို့ ခပ်ဖြည်းဖြည်းမောင်းနှင်သွားသည်။

မိမိတို့နိုင်ငံတွင် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးမှုကို နိုင်ငံသားများအား အာမခံချက်မပေးနိုင်ဟု အသုဘပို့ဆောင်ရာတွင် ဝေသောလက်ကမ်းစာစောင်တစ်စောင်က သမ္မတ ဂလိုရီယာ အာရိုယို၏ အစိုးရအား စွပ်စွဲထားသည်ဟု ဆိုသည်။ သေဒဏ်ပေးရေးအတွက် လှုပ်ရှားဆောင်ရွက်မှု ပြန်လည်ပေါ်ပေါက်လာခြင်းသည် ပူဆွေးသောကရောက်ပြီး ဝမ်းနည်းကြေကွဲနေသော မိသားစု၊ မိတ်ဆွေသင်္ဂဟများနှင့် ဘတ်တီ၏ လုပ်ဖော်ကိုင်ဘက်များ၏ အော်ဟစ်ငိုကြွေးသံများနှင့်အတူ ယခု အခါပေါင်းစပ်မိခဲ့ပြီဟုလက်ကမ်းစာစောင်ကဖော်ပြသည်။

ကိန်းဂဏန်းများ အဆိုအရ ငွေညှစ်ပြန်ပေးဆွဲမှုများနှင့် မစ္စစ်ဘတ်တီသည် ယခုနှစ်၌ (၁၅၆) ယောက်မြောက်ကြမ္မာဆိုးသူဖြစ်သည်ဟုဆိုနိုင်သည်။ နိုင်ငံ၏ တရုတ်မျိုးနွယ်လူဦးရေသည် စီးပွားရေးအရဩဇာလွှမ်းမိုးသောသူများဖြစ်ပြီး ဒေသဆိုင်ရာစက်မှုလုပ်ငန်းများတွင် အဓိကကျသောအခန်းကဏ္ဍများ၌ရှိသည်ဟုဆိုသည်။ ဖိလစ်ပိုင် တရုတ်အဖွဲ့အစည်းဖယ်ဒရေးရှင်းရှေ့မှောက်သို့ပို့ဆောင်ရေးကို အစိုးရအား မိမိတို့တောင်းဆိုကြောင်း ပြောသည်။ များစွာသော မိသားစုများသည် ဝမ်းနည်းကြေကွဲမှုကို ခံစားနေရပြီး၊ အသက်များစွာလည်း ဆုံးရှုံးနေရကြောင်းနှင့် ပြန်ပေးဆွဲမှုကို ရပ်တန့်စေလိုကြောင်းကိုလည်း ပြောသည်။

၁၉၉၈ ခုနှစ်မှ ၁၉၉၉ ခုနှစ်အကြား ကျူးလွန်သူများအား သေဒဏ်ချမှတ်ခဲ့ပြီးနောက် သမ္မတ ဂျိုးဆက်အက်စ်ထရာဒါသည် သေဒဏ်ကို ယာယီဆိုင်းငံ့ကြောင်း ကြေညာခဲ့သည်။ ၎င်းကို ဆက်ခံခဲ့သူ

အာရှိယိုသည် ထိုတားမြစ်ချက်ကို မပြောင်းလဲခဲ့ပေ။ သူမသည် ကက်သလစ်ဘာသာဝင်တစ်ဦး ဖြစ်သည်ဟု သိရသည်။

ဖိလစ်ပိုင်သမ္မတဟောင်းဖာဒီနန်မားကို့စ်၏ ထိန်းချုပ်ခံထားရသော ဘဏ်ငွေစာရင်းများမှ ငွေကြေးကို ဖိလစ်ပိုင်အစိုးရက သိမ်းယူနိုင်ကြောင်း တရားရုံးချုပ်က ဇူလိုင် ၁၅ ရက်တွင် ဆုံးဖြတ်လိုက်သည်။ ဖိလစ်ပိုင်တရားရုံးချုပ်၏ ဆုံးဖြတ်ချက်သည် မားကို့စ်၏ ခနဥစ္စာများနှင့်ပတ်သက်၍ ကာလရှည်ကြာစွာ ဖြစ်ပေါ်လာခဲ့သော အငြင်းပွားမှုတစ်ရပ်ကို အဆုံးသတ်စေသည်။ ဖိလစ်ပိုင်နိုင်ငံတွင် နှစ်ပေါင်း (၂၀) ကြာ အုပ်စိုးမှုကာလအတွင်း မားကို့စ်သည် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံအထိ စုဆောင်းရရှိခဲ့သည်ဟု ယူဆရသည်။ ၎င်း၏ဘဏ်ငွေစာရင်းသည် အမေရိကန်ဒေါ်လာသန်း (၆၅၀) အထိရှိကြောင်း စာမျက်နှာ (၁၀၀) ပါ တရားရုံးချုပ်၏ ဆုံးဖြတ်ချက်၌ ဖော်ပြထားသည်။ ၁၉၈၆ ခုနှစ်တွင် မားကို့စ် ရာထူးကျပြီးနောက် ဘဏ်စာရင်း၌ ယူအက်စ် ဒေါ်လာ (၃၅၆) သန်းခန့်ရှိသည်ကို တွေ့ရပြီး ဆွစ်ဇာလန်ဘဏ်၌ ထားရှိသော ယင်းငွေကို ဖိလစ်ပိုင် အမျိုးသားဘဏ်သို့ ၁၉၉၉ ခုနှစ်တွင် ရွှေ့ပြောင်းစေခဲ့သည်ဟုဆိုသည်။

မားကို့စ်၏ ဘဏ်ငွေစာရင်းများရှိ ငွေကြေး၏ ပိုင်ဆိုင်ထိုက်သူကို ဆုံးဖြတ်သည်အထိ ယင်းငွေကြေးကို ထပ်မံလွှဲပြောင်းထုတ်ယူခြင်း မပြုရန် ထိန်းချုပ်ထားခဲ့သည်။ မားကို့စ်၏ မိသားစုက ပိုင်ဆိုင်သည်ဟုဆိုသော ငွေကြေးနှင့်ပတ်သက်၍ ဖိလစ်ပိုင်အစိုးရက သက်သေ အထောက်အထားခိုင်လုံစွာ မပြနိုင်ဟူ၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေး တရားရုံးတစ်ရုံး၏ ဆုံးဖြတ်ချက်အမိန့်ကို တရားရုံးချုပ်က ပြန်လည် ပယ်ဖျက်ပေးလိုက်သည်။ မားကို့စ်၏ ဘဏ်ငွေစာရင်းများရှိ ငွေကြေးကို တရားသဖြင့် ပိုင်ဆိုင်ကြောင်း ၎င်း၏မိသားစုဝင်များကသက်သေထင်ရှားပြသနိုင်ခြင်းမရှိသဖြင့် ဆွစ်ဇာလန်ဘဏ်၌ အပ်နှံခဲ့သော ယင်းငွေကြေးသည် မားကို့စ်အာဏာ ရရှိစဉ်ကာလအတွင်း တရားမဝင်ရရှိခဲ့သော ငွေကြေးသာလျှင်ဖြစ်သည်ဟု တရားရုံးချုပ်၏ စီရင်ချက်တွင် ဖော်ပြထားသည်။

**သိန်းဝင်းဇော်**

**ဗိသုကာပညာနှင့် ထင်ရှားကျော်ကြားသော ကမ္ဘာ့ အဆောက်အအုံအချို့။** ။ လူတို့သည် အရိုင်းဘဝ၌ သဘာဝအလျောက်ဖြစ်ပေါ်နေသော ကျောက်ဂူကြီးများကို ရှာဖွေ၍ နေထိုင်ခဲ့ကြသည်။ အသိနှင့် ဉာဏ်ပညာမြင့်တက်လာသောအခါ သားရဲတိရစ္ဆာန်တို့နှင့် ရာသီဥတုဘေးအန္တရာယ်မှ ကာကွယ်ရန်အတွက် ခိုင်မာလုံခြုံသော နေအိမ်များကို ကြံစည်ဆောက်လုပ်ခဲ့ရာမှ ဗိသုကာပညာပေါ်ထွန်းလာဖွယ်ရှိသည်။

**ရှေးခေတ်ဗိသုကာပညာ-** ဗိသုကာပညာရပ်၏ အစွမ်းထက်မြက်ကောင်းမွန်မှုကို အီဂျစ်နိုင်ငံ၌ အစောဆုံးတွေ့ရသည်ဟု စာပေမှတ်တမ်းများက ဆိုသည်။ ဘုရင့်နန်းတော်၊ ဂူသင်္ချိုင်း၊ ပိရမစ်ကြီးများနှင့် ကျောက်ရုပ်ကြီးများက အံ့မခန်းသော ဗိသုကာလက်ရာများအဖြစ် သက်သေခံသည်။

ထင်ရှားသော ဗိသုကာလက်ရာများကို ဝက်ပီလုံးနီးယန်းနှင့် အဆီးရီးယန်းတွင်လည်း တွေ့ရသည်။ ထိုဒေသ၏ ထူးခြားသော ဗိသုကာပညာမှာ ကျောက်ဆစ်ဗိသုကာလက်ရာများဖြစ်သည်။ မုခ်ခုံးများ၊ နန်းပြတင်းများကထူးခြားစွာခိုင်ခန့်ကောင်းမွန်သည်။

ဗိသုကာပညာရပ်များ၏ တစ်ဆင့်ထက်တစ်ဆင့်တိုးတက်ထွန်းကားလာခဲ့ရာ ကမ္ဘာ့သမိုင်းတွင် ပါရှင်းဗိသုကာပညာ၊ ဂရိဗိသုကာပညာ၊ ရောမဗိသုကာပညာ၊ ပိုင်ဇင်တိုင်းဗိသုကာပညာတို့သည် ထင်ရှားသော ရှေးခေတ် ဗိသုကာပညာရပ်များဖြစ်ကြသည်။

**အလယ်ခေတ်ဗိသုကာပညာ-** ရောမနိုင်ငံပြိုပျက်သည့် ၄၇၆ ခုနှစ်မှ ကွန်စတန်တီနိုပယ်မြို့ကို

တူရကီတို့ သိမ်းပိုက်သည့် ၁၄၅၃ ခုနှစ်အထိ နှစ်ပေါင်း ၆၀၀ ခန့်ကို ဗိသုကာပညာရပ်၏ အလယ်ခေတ်ဟုပညာရှင်တို့က သတ်မှတ်ထားသည်။

ထိုခေတ်တွင် အစ္စလာမ်ဗိသုကာ ပညာက ထင်ရှားကျော်ကြားသည်။ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တော်ရှိ ကိုက်ဒဗေးဗလီကြီးမှာ ထင်ရှားသည်။ ထို့နောက် ရိုမန်နက်ဗိသုကာပညာရပ်ထွန်းကားလာသည်။ ၎င်းကို ပြင်သစ်နိုင်ငံရှိ စိန်ဖရန့်ဘုရားရှိခိုးကျောင်းက သက်သေပြနေသကဲ့သို့ရှိသည်။

ဤသို့လျှင် ပြင်သစ်နိုင်ငံမှ စတင် ပေါ်ပေါက်လာသော ဂေါ့သ ဗိသုကာပညာရပ်သည် ဗိသုကာပညာနယ်ပယ်တွင် တခေတ်ဆန်းကာ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ ပြင်သစ်နိုင်ငံ ပါရီမြို့တော်ရှိ နိုထရာဒမ် ဘုရားရှိခိုးကျောင်းကြီးမှ ဂေါ့သဗိသုကာပညာစနစ်အရ တည်ဆောက်ထားသော အဆောက်အအုံကြီးဖြစ်သည်။

၁၅ ရာစုခန့်တွင် လူတို့သည် အီတလီနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုတို့ကို ပြန်လည်ဆန်းသစ်အောင် စတင်ပြုလုပ်လာကြသည်။ ဥရောပနိုင်ငံအသီးသီးကလည်း အီတလီ၏ နမူနာကိုယူ၍ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ အတွေးအခေါ်တို့ အသစ်တစ်ဖန်ပြန်လည်ထွန်းကားအောင် ဆောင်ရွက်ကြသည်။ ယင်းသို့ အစစအရာရာ ပြန်လည်သစ်ဆန်းလာသော ဗိသုကာပညာကို ရီနေဆွန်း သို့မဟုတ် ခေတ်ဆန်းချိန် ဗိသုကာဟုခေါ်သည်။ ဗြိတိန်နိုင်ငံ၊ လန်ဒန်မြို့တော်ရှိ စိန့်ပေါလ်ကသီဒရယ်ဘုရားရှိခိုးကျောင်းကြီးမှာ ရီနေဆွန်း ဗိသုကာပညာစနစ်ဖြင့် ဆောက်လုပ်ထားသော အဆောက်အအုံဖြစ်သည်။

၁၇ ရာစုနှင့် ၁၉ ရာစုအတွင်းတွင် ခေတ်မီဆန်းသစ်လာသော အင်ဂျင်နီယာစနစ်များနှင့် တည်ဆောက်ခဲ့သော ကမ္ဘာ့အဆောက်အအုံအတော်များများမှာ နေရာအနှံ့တွင် ပျံ့နှံ့လာသည်။ အင်နီရိုဂျုန်း၊ ဆာခရစ္စတိုဖာရင်းစသည့် ဗိသုကာပညာရှင်များ ထင်ရှားကျော်ကြားလာသည်။

၂၀ ရာစု ဗိသုကာ ပညာရပ်ကို ကား အမေရိကန်ပြည်ထောင်စုက ဦးဆောင်ခဲ့သည်။ ဂျပန်နိုင်ငံ အင်ပီရီယမ်ဟိုတယ်ကို အမေရိကန်လူမျိုးဖရင့်လွိုင်က တီထွင်ဆောက်လုပ်မှုဖြင့် ၂၀ ရာစု ဗိသုကာက ပုံစံသစ်ခေတ်စားလာခဲ့သည်။ ဤသို့နှင့် ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ အီဖယ်မျှော်စင်၊ အမေရိကန်နိုင်ငံ၊ နယူးရောက်မြို့ရှိ ကမ္ဘာ့ကုလသမဂ္ဂဌာနချုပ်၊ အထပ် ၁၀၂ ထပ်၊ အမြင့်ပေ ၁၂၄၈ ပေရှိ အင်ပါယာနိုင်ငံတော် အဆောက်အအုံကြီးတို့သည် ၂၀ ရာစု ဗိသုကာပညာ၏ လက်ရာများဖြစ်သည်။

ဤသို့နှင့် ဗိသုကာပညာရပ်သည်လည်း တည်ရာနယ်ပယ်အလိုက် အမည်နာမများဖြင့် သီးသီးသန့်သန့် ထွက်ပေါ်လာလေသည်။ တရုတ်ဗိသုကာပညာ၊ ဂျပန်ဗိသုကာပညာ၊ အိန္ဒိယဗိသုကာပညာ၊ အင်ဒိုနီးရှားဗိသုကာပညာ မြန်မာဗိသုကာပညာ၊ ယိုးဒယားဗိသုကာပညာဟူ၍ ကိုယ်ပိုင် ပညာအစွမ်းအစ၊ အလှများနှင့် အမှတ်တံဆိပ်တစ်ခုနှယ် ပေါ်ပေါက်လာခဲ့သည်။

ဤတွင် ကမ္ဘာပေါ်၌ ထူးခြားထင်ရှားလျက်ရှိသော ဗိသုကာပညာရပ်နှင့် နီးနွယ်သည့် အဆောက်အအုံကြီးများကို ရွေးချယ်တင်ပြလိုပါသည်။

**ပီဆာမျှော်စင်-** အီတလီနိုင်ငံ ပီဆာမြို့တွင်ရှိ သည်။ ပီဆာမြို့၏ ချစ်စွာသော အဘွားဟု မြို့သူ မြို့သားများက မျှော်စင်ကြီးကို နာမည်ပေးထားကြသည်။ ထင်ရှားသည့် ဗိသုကာပညာရှင်ကြီး ဗိုနန်နိုပီဆာနိုက သက္ကရာဇ် ၁၁၇၃ ခုနှစ်က အုတ်မြစ်ချပေးခဲ့သည်။ အမြင့် ၁၇၅ ပေရှိသည်။

ပီဆာနိုသည် မျှော်စင်ကြီးကို စတင်တည်ဆောက် ခဲ့ရာမှ ၁၂ နှစ်အကြာ ၁၁၈၅ ခုနှစ်တွင် ပျောက်ချင်းမလှ ပျောက်ဆုံးသွားသည်။ စင်စစ် မျှော်စင်ကလည်း တည်ဆောက်ကတည်းက အနည်းငယ်တိမ်းစောင်းနေခဲ့သည်။ ထိုသို့တိမ်းစောင်း

နေသောကြောင့် ပီဆာနိုထွက်ပြေးသွားသလား သံသယဖြစ်ကြသည်။ ပီဆာနိုဆောက်ပြီးသမျှ အနေအထားမှာ သုံးထပ်ခွဲအမြင့်တွင်ရှိသည်။ ဤပုံဖြင့်ပင် မျှော်စင်မှာ တိုးလိုးတန်းလန်းဖြစ်နေခဲ့သည်။

နှစ်ပေါင်း ၉၀ ကြာသောအခါ နောက်ထပ်ဗိသုကာတစ်ယောက်က မပြီးစီးသည့် မျှော်စင်ကို ၃ ထပ်ခွဲအမြင့်မှပင် ထပ်မံဆောက်သည် ၇ ထပ်အမြင့်ရောက်သော်လည်း မျှော်စင်က တိမ်းစောင်းမြဲတိမ်းစောင်းနေသေးပြန်သဖြင့် ဆောက်လက်စကိုရပ်ထားလိုက်ရပြန်သည်။ နောက်ထပ်နှစ်ပေါင်း ၈၀ ကြာသောအခါ တတိယဗိသုကာတစ်ဦးက နောက်ထပ်တစ်ဆင့် အပေါ်ဆုံးခေါင်းလောင်းထပ်ကိုဆက်လက်တည်ဆောက်သည်။ နှစ်ပေါင်း ၂၀၀ ရှိမှ ပီဆာမျှော်စင်တည်ဆောက်ခြင်းလုပ်ငန်းပြီးစီးသော်လည်း မျှော်စင်က တည့်မတ်မလာခဲ့။

စင်စစ် ပီဆာမျှော်စင်ကြီး တိမ်းစောင်းနေခြင်းကပင်လျှင် သီခြားဂုဏ်ဒြပ်တစ်ခုနှယ် ဖြစ်နေသည်။ စစ်ဒဏ်ကြောင့် ဗုံး၊ ကျည်ဆန် ထိမှန်ခဲ့သော်လည်း မျှော်စင်ကြီး ဘာမျှမဖြစ်။ မြေငလျင် အကြိမ် ၁၀၀ ခန့်နှင့် ကြီးကျယ်သော မြေငလျင် နှစ်ကြိမ် (၁၈၃၈ နှင့် ၁၉၃၅) ကြုံရသော်လည်း မျှော်စင်ကြီးက ကြံ့ခိုင်ဆဲ။ သို့သော်လျှင်ကြောင့် မူလတိမ်းစောင်းသည်ထက် ပို၍တိမ်းစောင်းခဲ့ရသည်။

မျှော်စင်၏ အောက်ခံမြေမှာ နုန်းနှံ့စေးနှင့်သဲပါဝင်သော မြေပွဖြစ်သည်။ ရေဓာတ်က ၆၀ ရာခိုင်နှုန်းရှိသည်။ ထို့ကြောင့်ပင် အောက်ခံမြေပျော့သဖြင့် တိမ်းစောင်းရခြင်းဖြစ်သည်ဟုလည်း ပြောကြသည်။ သို့သော် စောင်းသာစောင်းသည်၊ ပြိုကျသွားမည့် လက္ခဏာကတစိုးတစိမျှမရှိ။ ယင်းသည်ပင် ပီဆာမျှော်စင်၏ ထူးခြားချက်ဖြစ်သည်။ မျှော်စင်မြေညီထပ်မှ နံရံသည် ၁၃ ပေအထူရှိပြီး၊ အုတ်မြစ်ထုက ၉ ပေရှိသည်။ မျှော်စင်အပေါ်ဆုံးထပ်တွင် တစ်ခုလျှင် ၃ တန်ခွဲ အလေးချိန်ရှိသည့် ခေါင်းလောင်း ၇ ခုရှိသည်။ ပီဆာမြို့သားတို့၏ အယူအဆအရ ထိုခေါင်းလောင်းများကို မကောင်းဆိုးဝါးများအား နှင်ထုတ်ရာတွင်လည်းကောင်း၊ အောင်မြင်မှုအထိမ်းအမှတ်အနေနှင့်လည်းကောင်း ထိုးကြသည်။ ယခုဆိုလျှင် ပီဆာမျှော်စင်ကြီးသည် နှစ်ပေါင်း ၈၅၀ ကျော်ရှိခဲ့ပြီဖြစ်သော်လည်း တိမ်းစောင်းခြင်းအလှ ဂုဏ်ဒြပ်နှင့် တစ်နှစ်လျှင် ကမ္ဘာ့လှည့်ခရီးသည် ၃ သန်းခန့်ကို ဆွဲဆောင်ခေါ်ယူနေဆဲဖြစ်သည်။

**ကမ္ဘာ့ကုန်သွယ်ရေးဌာန ဗဟိုအဆောက်အအုံ -**

ကမ္ဘာ့ကုန်သွယ်ရေးဌာန ဗဟိုအဆောက်အအုံ (World Trade Center) ကို ၁၉၇၂- ၇၃ ခုနှစ်ကာလများက တည်ဆောက်ခဲ့သည်။ ထို အဆောက်အအုံ ဒီဇိုင်းထုတ်သည့် ဗိသုကာပညာရှင်မှာ မီနိုရူယာမာဆာကီ (Minoru Yama Saki) နှင့်အဖွဲ့ဖြစ်သည်။ အမေရိကန်နိုင်ငံ၊ နယူးယောက် မြို့တွင်တည်ရှိပြီး မြို့၏အမြင့်ဆုံးအဆာက်အအုံဖြစ်သည်။ ကမ္ဘာ့တတိယအမြင့်ဆုံးအဆောက်အအုံလည်းဖြစ်သည်။ ၁၃၅၀ ပေမြင့်ပြီး၊ အထပ်ပေါင်း ၁၁၀ စီရှိသည်။ တာဝါတစ်ခုစီတွင် ရုံးခန်းဧရိယာ စတုရန်းပေ ၅ သန်းပါဝင်သည်။ တာဝါမှာ (၂) ခုဖြစ်သည်။ အထပ်တစ်ထပ်လျှင် တစ်ဧကကျယ်သည်။

ထိုအဆောက်အအုံ (တာဝါ ၃ ခု) ကို နယူးယောက်နှင့် နယူးဂျာစီဆိပ်ကမ်းအာဏာပိုင်က ပိုင်ဆိုင်ကာ လုပ်ကိုင်ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ တာဝါတစ်ခု၏ (၁၀၇) ထပ်မြောက်အထပ်သည် လူများ အပန်းဖြေကြည့်ရှုနိုင်သည့် (Observation deck) ဖြစ်ပြီး၊ နေသာ၍ကြည်လင်သည်နေ့များတွင် မိုင် ၅၀ အကွာ အထိမြင်နိုင်သည်။ ၁၀၇ ထပ်ရှိရာသို့ လျှင်မြန်သည့် ဓာတ်လှေကားနှင့် တက်လျှင် စက္ကန့် (၉၀) ကြာသည်။ ကမ္ဘာလှည့်ခရီးသွားများအလွန် သဘောကျသည့် နေရာဖြစ်သည်။ နံနက် ၉ နာရီခွဲမှ ည ၉ နာရီခွဲအထိ ဖွင့်လှစ်ပေးသည်။

ထိုအဆောက်အအုံတည်ဆောက်ပုံသည် ဝန်ထမ်းနံရံ (Load bearing walls) များနှင့် သံဇကာကွက်လှောင်အိမ်သဏ္ဌာန် (mesh cage)

ဆောက်လုပ်ပုံစနစ်နှင့် တည်ဆောက်ထားသည်။ သံမဏိချောင်းများနှင့် ရက်ဖောက်ထားသည့် နံရံသည် အဆောက်အအုံ၏ အလေးဝန်ကို ထမ်းဆောင်နိုင်သည်။

ပြေပြစ်၍ အသုံးဝင်သော ထိုအဆောက်အအုံကြီးသည် ၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ (၁၁) ရက်နေ့က အကြမ်းဖက်သမားများ၏ လေယာဉ်ဖြင့် ဝင်တိုက်မှုကြောင့် ပြိုကျပျက်စီးခဲ့လေသည်။

**အီဖယ်မျှော်စင်**- ပြင်သစ်နိုင်ငံ၊ ပါရီမြို့တွင်ရှိသည်။ ၁၈၈၉ ခုနှစ် ပါရီမြို့ ကမ္ဘာ့ပြပွဲကြီးအတွက် အင်ဂျင်နီယာ ဝုစတော့ဗ်အီဖယ်လ်ဆောက်လုပ်ပေးခဲ့သည်။ အီဖယ်လ်မျှော်စင်ကြီးသည် ပြင်သစ်နိုင်ငံနှင့် ပါရီမြို့၏ ကမ္ဘာကျော်အမှတ် သင်္ကေတတစ်ခုဖြစ်လာခဲ့သည်။

**တရုတ်နိုင်ငံရှိ မဟာတံတိုင်း**- တရုတ်နိုင်ငံ၊ ပီကင်းမြို့ မြောက်ဘက်၊ တောင်တန်းများပေါ်တွင် တည်ရှိ သည်။ ဤတံတိုင်းကြီးကို တရုတ်နိုင်ငံတွင် 'လီတစ် သောင်းတံတိုင်း' (The Thousand Li Wall) ဟုခေါ် တွင်သည်။ တလီသည် မိုင်ရှစ်ပုံသုံးပုံနှင့် ညီမျှသည်။ ထို့ကြောင့် မိုင် ၃,၇၅၀ သို့မဟုတ် ကီလိုမီတာ ၆၀၀၀ ရှည်လျားသည်။ အရှေ့ဘက် 'ရှန်ဟိုင်းဂုအန်' တောင်ကြားလမ်း မှ အနောက်ဘက် ဂျီယာယုဂုအန် တောင်ကြားလမ်းအထိတည်ရှိသည်။


မူလက ပဒေသရာဇ်မင်းငယ်တို့သည် ဘီစီ ၇ ရာစုနှစ်အတွင်း မိမိတို့ပြည်နယ်များသည် ပြည်ပရန်များမှ လုံခြုံရန်အလို့ငှာအသီးသီးအသက တံတိုင်းများ ကာရံခဲ့ကြသည်။ ဘီစီ ၂၂၁ ခုနှစ်တွင် ချန်ရှီဟွအန်ဘုရင်က တရုတ်နိုင်ငံလုံး စည်းရုံးပြီး ထိုတံတိုင်းများကို တစ်ခုနှင့်တစ်ခုဆက်စပ် တည်ဆောက်စေသဖြင့် လက်ရှိတံတိုင်းပုံစံ ပေါ်ပေါက်လာသည်။ ထို့နောက် အဆက်ဆက်အုပ်ချုပ်လာသည့် ဘုရင်တို့က ပြုပြင်လုပ်ဆောင်ခဲ့သည်။ နှစ်ပေါင်း ၆၀၀ ကျော်လောက်က မင် မင်းဆက် (Ming Dynasty) လက်ထက်တွင် ဤတံတိုင်းကြီးဖြစ်ပေါ်လာတော့သည်။

တံတိုင်းကြီးကို မိုင်နှင့် တွက်လျှင် ၂၀၀၀ ကျော်ရှည်လျားသည်ဟု ဆိုရမည်ဖြစ်သည်။ တံတိုင်း၏ အနေအထားကို ကြည့်လျှင် ၇.၈ မီတာ မြင့်ပြီး ၅.၈ မီတာထူသည်။ စတုဂံပုံကျောက်ပြားကြီးများဖြင့် အစိမ်းရောင်အုတ်များ ခင်းထားသည်။ စစ်ရေးအချက်အချာကျသော နေရာများတွင် မျှော်စင်များတည်ဆောက်ထားသည်။

**တပ်ဂျ်မဟာသချိုင်းဂူ**- တက်ဂျ်မဟာ (Taj Mahal) သချိုင်းဂူသည် အိန္ဒိယနိုင်ငံတွင်ရှိသည်။ အာဂရာမြို့ပြင်၊ အာဂရာခံတပ်၏ အရှေ့ဘက် (၁) မိုင်ခန့်ဝေးသော လှပသည့်ဥယျာဉ်တစ်ခုတွင်း၌တည်သည်။

ဤဂူကို ၁၆၃၂ ခုနှစ် (၁၇ ရာစု)တွင် စတင်တည်ဆောက်သည်။ မဂိုဧကရာဇ်ဘုရင် ရှားဂျဟန်းက ချစ်လှစွာသော မိဖုရားကြီး မမ်တပ်မဟာအား မြုပ်နှံသင်္ဂြိုဟ်ရန်အတွက်ဖြစ်သည်။ ထိုနှစ်တွင် ဘုရင်ကြီးသည် အခြားမည်သည့် ဘုရားကျောင်းကိုမျှ မတည်ဆောက်စေရဟု အမိန့်ထုတ်၍ ထိုဂူကို အလုပ်သမား ၂၀၀၀၀ ကျော်ဖြင့် တည်ဆောက်ခဲ့သည်။ ဂူမှာ ၁၈ နှစ်ကြာတည်ဆောက်ပြီး ၁၆၅၀ ပြည့်နှစ်တွင် အပြီးသတ်ခဲ့သည်။ အချို့ကလည်း ၂၂ နှစ်ကြာသည်ဟုဆိုသည်။ အဆောက်အအုံတစ်ခုလုံးအတွက် ကုန်ကျငွေမှာ ရူပီ (၄) သန်းဖြစ်သည်ဟုဆိုသည်။

ဤသချိုင်းဂူကို ဗိသုကာဆရာကြီး ဉစတက်အဆာက ပုံစံထုတ်ခဲ့သည်။ အလွန်ပြောင်မြောက်သော မဂိုဗိသုကာအနုပညာလက်ရာတစ်ခုဖြစ်ရာ အချို့က ကမ္ဘာပေါ်တွင် အလှဆုံးသော အဆောက်အအုံကြီးဟူ၍ဆိုကြသည်။ တပ်ဂျ်မဟာ၏ အဓိပ္ပာယ်မှာ နန်းများထွတ်ခေါင်ဟု အဓိပ္ပာယ်ရသည်။ ရှားဂျဟန်းဧကရာဇ်ဘုရင်မင်းမြတ်၏ အလောင်းကိုလည်း ဤသချိုင်းမှာပင် မြုပ်နှံခဲ့ကြသည်။



**ကမ္ဘောဒီးယားဗိသုကာပညာ၏ ထင်ရှားသော အမှတ်အသားတစ်ခုအဖြစ်တွေ့ရသော အန်ကောဝပ်ဘုရားကျောင်း**

တပ်ဂျ်မဟာသချိုင်းဂူမှာ မာဘယ်ကျောက်ဖြူဖြင့် တည်ဆောက်ထားသော ရှစ်မြောင့်ပုံ အဆောက်အအုံကြီးဖြစ်၍ သဲနီကျောက် အောက်ခြေပေါ်တွင် တည်ရှိသည်။ အဆောက်အအုံကြီး၏ ဘေးပတ်လည် သဲနီကျောက်အောက်ခြေ၏ ထောင့်များတွင် ၁၃၃ ပေမြင့်သော ဘုရားရှိခိုးမျှော်စင်တစ်ခုစီရှိသည်။ သဲနီကျောက်အောက်ခြေ၏ ထိပ်တွင် ပေ ၁၂၀ ကျော်မြင့်သော ခုံဝိုင်းကြီးတပ်ဆင်ထားသဖြင့် စုစုပေါင်းပေ ၁၉၀ ခန့်မြင့်သည်။ အဆောက်အအုံကြီးမှာ သဲနီကျောက်တံတိုင်းဖြင့် ဝန်းရံထားသော ရှုချင်စဖွယ် ဥယျာဉ်တစ်ခု၏ အလယ်တွင်တည်ရှိသည်။ အတွင်းတွင် ကျောက်ဖြူဂူနှစ်ခုရှိသော အခန်းကြီးသည် ကျောက်မျက်ရတနာ (၁၂) မျိုးဖြင့် သစ်ပင်ပန်းပင်ပုံများ ဖော်ထားသည့် မှန်စီရွှေချလက်ရာများနှင့် အတိပြီးသည်။

တပ်ဂျ်မဟာသချိုင်းသည် ပါရှင်းဗိသုကာစနစ်ဖြင့် ဆောက်လုပ်ထားသော ဗိသုကာလက်ရာဖြစ်သည်။ ဤမျှထူးခြားဆန်းကြယ်လှသော တပ်ဂျ်မဟာကို အချို့က 'မာဘယ်ကျောက်ဖြင့် ဖွဲ့စည်းထားသော ကဗျာတစ်ပုဒ်' ဟု ဆိုကြသည်။ မာဘယ်ကျောက်သည် အာရှတွင်ရှားပါးသောကျောက်ဖြစ်သည်။

**အန်ကောဝပ်ဘုရားကျောင်း**- အိန္ဒိယဗိသုကာပညာသည် မြန်မာ၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ယိုးဒယားနိုင်ငံများအထိ ပျံ့နှံ့ခဲ့သည်။ ထိုတွင် အိန္ဒိယဗိသုကာအထွန်းကားဆုံးနိုင်ငံမှာကမ္ဘောဒီးယားနိုင်ငံဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံတွင် ခမာများကြီးစိုးစဉ် ၆ ရာစုက တည်ဆောက်ခဲ့သော အဆောက်အအုံများသည် ပလ္လဝမင်းများခေတ်က ထွန်းကားခဲ့သည့် အဆောက်အအုံများဟန်၊ အန္ဒရမင်းများခေတ်က အဆောက်အအုံများဟန်များ ပါရှိနေသည်။

၉ ရာစုနှစ်မှစ၍ ကမ္ဘောဒီးယားဗိသုကာပညာသည် အိန္ဒိယဗိသုကာ အငွေ့အသက်များ တဖြည်းဖြည်းပျောက်၍ ပင်ကိုဟန်ပေါ်ထွက်လာခဲ့သည်။ ကမ္ဘောဒီးယားဗိသုကာပညာ၏ ထင်ရှားသော လက်ရာများမှာ အန်ကောဝပ်ဘုရားကျောင်း၊ အင်းကောသွမ်ဝတ်ကျောင်း၊ နီပီအန်းဘုရားကျောင်း၊ ဗေယွန်ဘုရားကျောင်းစသည်တို့ဖြစ်သည်။

အန်ကောဝပ်ဘုရားကျောင်းကို ၁၂ ရာစုတွင် တည်ဆောက်ခဲ့သည်။ သို့သော် ကျောင်းတော်ကြီးမှာ မေ့မှိန်သေးသိမ်ခဲ့ရသည်။ ၁၈၆၀ ပြည့်နှစ် အချိန်တွင်မှ ပြင်သစ် လေ့လာရေးအဖွဲ့တစ်ဖွဲ့က ကျောင်းတော်ကြီးကို ပြန်လည်တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ရှာဖွေ

တွေ့ရှိသူများမှ ဟင်နရီမောင်းဟော့ (Henri Mouhot)ဆိုသူက အလွန်ကြွယ်ဝသည့်ကျောင်းတော်ကြီးဖြစ်ပြီး၊ ကျေးတော်ကျွန်တော်ပေါင်း ၁၀၀၀ ကျော်ထက် မနည်းရှိရမည်ဟု တွက်ချက်ခဲ့သည်ဆိုသည်။ အန်ကောဝပ်နှင့် ပတ်သက်၍ ၁၆ ရာစုက ပေါ်တူဂီခရီးသွားများ တွေ့ခဲ့ဖူးရာတွင် တံတိုင်းမြို့တော်ဟူ၍ ရည်ညွှန်းပြောဆိုခဲ့သော အမှတ်အသားများလည်း ရှိသည်။

အန်ကောဝပ်ဘုရားကျောင်းနှင့် ပတ်သက်၍ အချို့မှတ်တမ်းများ၌ အေဒီ ၉ ရာစုမှ ၁၅ ရာစုအတွင်း တည်ဆောက်ခဲ့သည်ဟု တွေ့ရသည်။ ထိုအချိန်သည် ခမာယဉ်ကျေးမှု အထွန်းကားဆုံးကာလဖြစ်သည်။ အေဒီ ၁၁၁၂-၅၂ တွင် နန်းစံသော တတိယမြောက်သူရိယက တည်ခဲ့သည်ဟုဆိုသည်။ ထိုအချိန်က အန်ကောဝပ်၏ဗိသုကာလက်ရာမှာ အာရှတွင်ပြိုင်ဘက်မရှိဘဲ ထူးခြားကောင်းမွန်ခဲ့သည်ဟုလည်းဆိုသည်။

ဘုရားကျောင်းသို့ဝင်လျှင် မုခ်ဝများ၌ အလွန်ရှည်လျားသော နဂါးရုပ်များရှိပြီး၊ နဂါးများက ဦးခေါင်းများစွာဖြာထွက်နေသည်။ မုခ်ဝမှ ဘုရားကျောင်းသို့သွားရာလမ်းတွင် ကျုံးတစ်ခုရှိသည်။

ဗိသုကာပညာရပ်က လူ့သမိုင်းကို ပြောပြနေသည်ဟုဆိုနိုင်သည်။ လူသားတို့၏ နေထိုင်မှုပုံစံတိုးတက်ဖြစ်ထွန်းလာသည်နှင့် အမျှ ဗိသုကာလက်ရာတို့ကလည်းလိုက်ပါတိုးတက်လာသည်ကို တွေ့ရသည်။

**စိုးမြင့်သန်း**

**ဗီယက်နမ်နိုင်ငံ။** ။ ထောင်ပေါင်းများစွာသော တရုတ်ခရီးသွားဧည့်သည်များသည် ယဉ်ကျေးမှုဓလေ့ထုံးစံချင်းတူညီသော အိမ်နီးချင်းဗီယက်နမ်နိုင်ငံသို့ တရုတ်ရိုးရာနှစ်သစ်ကူးပွဲတော် နွေဦးရာသီကာလအတွင်း သွားရောက်လည်ပတ်ကြမည်ဟု မျှော်လင့်ရသည်။ ဗီယက်နမ်နယ်စပ်ဖြစ်သော တရုတ်ပြည်အရှေ့တောင်ပိုင်းတွင် ကွမ်စီကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဝဒေသ၏မြို့တော် ဒေါင်စင်းမြို့ခရီးသွားဗီဇာထုတ်ပေးရေးဌာနက ဇန်နဝါရီ (၂၉) ရက်နေ့တွင် နိုင်ငံတစ်ဝန်းလုံးမှ ခရီးသွား (၈၀၀၀) ကျော်အတွက် ဗီဇာများ ထုတ်ပေးခဲ့သည်ဟု ဆိုသည်။ ကွမ်စီကျွမ်းရှိဒေသဆိုင်ရာပြည်သူအများအပြားသည်လည်း ဗီဇာမလိုဘဲ ၂၄ နာရီကြာ ဗီယက်နမ်ဘက်သို့ သွားရောက်လည်ပတ်ကြသည်။

ဗီယက်နမ်နိုင်ငံသည် တရုတ်နိုင်ငံ၏ နွေဦးရာသီပွဲတော် အားလပ်ရက်များဖြစ်သော ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၅ ရက်အတွင်း နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားများ ဗီဇာထုတ်ပေးခြင်းကို ရပ်နားထားရသည်။ တရုတ်နိုင်ငံ၏ တရားဝင်အားလပ်ရက်သည် ဖေဖော်ဝါရီ (၁) ရက်မှ (၇) ရက်အထိဖြစ်သည်။ လွန်ခဲ့သည့် နွေဦးရာသီပွဲတော်ကာလတွင် တရုတ်လူမျိုး ၁၂၀၀၀ ကျော်သည် ဗီယက်နမ်ရှိ ကွမ်စီကျွမ်းသို့ ဗီဇာရရှိ၍ လာရောက်လည်ပတ်ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့၏ နှစ်နိုင်ငံချစ်ကြည်ရေးကို ရှေးရှု၍ပြည်ထောင်စုမြန်မာနိုင်ငံသို့ လေ့လာရေးခရီးလာရောက်ခဲ့ကြသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ပြည်သူ့တရားရုံးချုပ် ဒုတိယတရား သူကြီးချုပ်နှင့် စစ်ဘက်ဗဟိုတရားရုံးတရားသူကြီးချုပ် မစ္စတာလီဒွတ်တူဦးဆောင်သော အဖွဲ့ဝင်ရှစ်ဦး ပါဝင်သည့် ဗီယက်နမ်တရားရေး ကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၁၀ နာရီခွဲတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။

ဗီယက်နမ်ဝန်ကြီးချုပ် ဖန်ဗန်ခိုင်နှင့် စင်ကာပူဝန်ကြီးချုပ် ဂိုချောက်တောင်တို့သည် မတ်လ ၃ ရက်က တွေ့ဆုံကာ အနာဂတ်တွင်နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာဆက်ဆံရေး ပိုမိုတောင့်တင်းစေမည့် တိကျရေရာသော စီမံမှုများချမှတ်ဆောင်ရွက်ရေးကိစ္စကို ဆွေးနွေးညှိနှိုင်းကြသည်။



**ဗီယက်နမ်ဝန်ကြီးချုပ်ဖန်ဗန်ခိုင်**

ယင်းသို့ တွေ့ဆုံရာတွင် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ သိပ္ပံနှင့် နည်းပညာကဏ္ဍ၊ ပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍ၊ လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနှင့် ကမ္ဘာလှည့်ခရီးသွားကဏ္ဍတို့တွင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို နှစ်ဦးနှစ်ဖက်စလုံးက ဆွေးနွေးခဲ့ကြသည်။ ဗီယက်နမ်နိုင်ငံကို အထူးသဖြင့် သတင်းပြန်ကြားရေးနည်းပညာကဏ္ဍတွင် ဆက်လက်ကူညီသွားရန် စင်ကာပူနိုင်ငံက ကတိပြုသည်။

ဗီယက်နမ်နိုင်ငံသည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကို အခြေခံ၍လည်းကောင်း၊ အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) အတွင်း ပူးပေါင်းဆောင်ရွက်မှုကို အခြေခံ၍လည်းကောင်း၊ စင်ကာပူနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးပြီး ဘက်စုံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ကိုင်သွားရန် အရေးကြီးသည်ဟုခံယူသော ဗီယက်နမ်နိုင်ငံ၏ မူဝါဒကို မပြောင်းလဲကြောင်း ဗီယက်နမ် ဝန်ကြီးချုပ်က အတည်ပြုပြောကြားသည်။ ဆန်းသစ်အောင် ပြုပြင်မွမ်းမံတည်ဆောက်ပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းကြောင့်ရရှိလာသည့် ဗီယက်နမ် နိုင်ငံ၏ လူမှုစီးပွားရေးအောင်မြင်မှုများကို မြင့်မားစွာ တန်ဖိုးထားပါကြောင်း စင်ကာပူဝန်ကြီးချုပ် ဂိုချောက်တောင်က ပြောကြားသည်။

ဗီယက်နမ်နိုင်ငံသည် အီရတ်ကို လူသားချင်းစာနာသည့် အထောက်အကူပေးရန် နိုင်ငံတကာက ကမ်းလှမ်းရာတွင် ပူးပေါင်းဆောင်ရွက်သွားဖွယ်ရှိသည်ဟု နိုင်ငံခြားရေး ဝန်ကြီးဌာနပြောခွင့်ရှိသူ ဖန်သိုင်သန်ကဇပြီ ၃ ရက်နေ့တွင် ပြောကြားလိုက်သည်။ အီရတ်ကိုပေးမည့် လူသားချင်းစာနာသည့် အထောက်အကူကို နိုင်ငံ၏ စီးပွားရေးစွမ်းအားအတွင်းမှ စဉ်းစားသွားမည်ဟု ၎င်းက ပြောကြားသည်။

ဗီယက်နမ်ရဲတပ်ဖွဲ့သည် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)နှင့် နိုင်ငံတကာဆိုင်ရာလုပ်ဖော်ကိုင်ဖက်များနှင့် ယှဉ်တွဲလျက်နယ်စပ်ဖြတ်ကျော်ကျူးလွန်သော ရာဇဝတ်ဂိုဏ်းများကို ဖြိုခွင်းရန်ပူးပေါင်းအားထုတ်နေကြောင်း ဗီယက်နမ်ရဲတပ်ဖွဲ့ညွှန်ကြားရေးမှူးချုပ်ထရူအွန်ဟွန်ကူအော့ကပြောကြားလိုက်သည်။ ရဲတပ်ဖွဲ့သည်ငွေဖြူဖြစ်

အောင်လုပ်ခြင်း၊ မူးယစ်ဆေးနှင့်လူမှောင်ခိုကူးသည့် လုပ်ငန်းတို့၌ပါဝင်သောရာဇဝတ်ဂိုဏ်းအများအပြားကို ရှင်းလင်းနှိမ်နင်းခဲ့ကြောင်း ကူအော့က ပြောဆိုသည်။

ကူအော့က ရဲတပ်ဖွဲ့သည် ပြန်ကြားရေးသတင်းစီးဝင်မှု သေချာအောင် လုပ်ဆောင်ရာတွင်လည်းကောင်း၊ နိုင်ငံတကာ ရဲတပ်ဖွဲ့နှင့်အတူ ပူးပေါင်းလျက် နယ်စပ်ဖြတ်ကျော်ဖြစ်ပွားသော ရာဇဝတ်မှုကိုနှိမ်နင်းသည့် တပ်ဖွဲ့အဖြစ်လည်းကောင်း၊ ယင်း၏အခန်းကဏ္ဍနှင့်ပတ်သက်၍ အခိုင်အမာပြောဆိုခဲ့သည်။ ဆောင်ရွက်မှု အစီအစဉ်များကို ရုရှား၊ တရုတ်၊ တောင်ကိုရီးယား၊ ထိုင်း၊ ဂျာမနီ၊ ဂျပန်၊ အမေရိကန်ပြည်ထောင်စုနှင့် အခြားနိုင်ငံများပါပူးပေါင်းလျက် ရာဇဝတ်ကောင်များကို ဖမ်းဆီးရန်၊ နေရင်းနိုင်ငံသို့ပြန်ပို့ရန် သဘောတူညီချက်ရထားကြောင်းပြောကြားသည်။

နယ်စပ်ဖြတ်ကျော်မှုခင်းများ၊ ပြစ်မှုများနှင့် အကြမ်းဖက်မှုများကို အရှိန်အဟုန်မြှင့်ပူးပေါင်းတိုက်ဖျက်သွားရန် ဗီယက်နမ်နိုင်ငံနှင့်ထိုင်းနိုင်ငံတို့သဘောတူညီခဲ့ကြကြောင်းကို ဗီယက်နမ် သတင်းဌာနက ဇွန်လ (၁၀) ရက်နေ့တွင်ဖော်ပြသည်။

အဆိုပါသဘောတူညီချက်ကို ဗီယက်နမ်ပြည်သူ့လုံခြုံရေးဝန်ကြီးနှင့် ထိုင်းနိုင်ငံအမျိုးသားလုံခြုံရေးကောင်စီအတွင်းရေးမှူးချုပ်တို့က ဟန္နိုင်းမြို့တော်တွင် ဇွန်လ (၉) ရက်နေ့၌ လက်မှတ်ရေးထိုးခဲ့ကြသည်။ သဘောတူညီချက်များတွင် ပြစ်မှုကျူးလွန်သည့်ရာဇဝတ်ဂိုဏ်းများနှင့် တစ်ဦးချင်းစီပတ်သက်သည့်သတင်းပြန်ကြားရေးဆိုင်ရာ အချက်အလက်များကိုနှစ်နိုင်ငံဆောင်ရွက်ရန်အချက်များပါဝင်သည်။ ဗီယက်နမ်နှင့်ထိုင်းနိုင်ငံတို့သည် လွန်ခဲ့သည့်နှစ်များအတွင်းက မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သည့် ရာဇဝတ်မှုများကို ချေမှုန်းသုတ်သင်ရာတွင် အကျိုးသက်ရောက်မှုများရှိခဲ့သည်။

ဗီယက်နမ်နှင့်အင်ဒိုနီးရှားနိုင်ငံတို့သည် နရုန်နှင့်ခါတ်ငွေ့ကြွယ်ဝသောဒေသအတွင်းရှိ အနှစ် (၂၀) ကြာပြီဖြစ်သည့် ပင်လယ်ပြင်နယ်စပ်အငြင်းပွါးမှုကိုဖြေရှင်းပေးသည့် သဘောတူညီချက်တစ်ရပ်ကိုဇွန်လ (၂၆) ရက်နေ့ကလက်မှတ်ရေးထိုးလိုက်ကြသည်။

ထို့အပြင်ဗီယက်နမ်နှင့်အင်ဒိုနီးရှားနိုင်ငံတို့ ၏ နှစ်နိုင်ငံနိုင်ငံသားအသီးသီးအတွက် ဗီဇာလိုအပ်ချက်များကိုလည်းဖယ်ရှားလိုက်ကြသည်ဟု ဆိုသည်။ အဆိုပါလက်မှတ်ရေးထိုးချုပ်ဆိုသည့် အခမ်းအနားကိုအင်ဒိုနီးရှားသမ္မတမယ်ဂါဝတီဆိုကာ နိုပူထရီက ဦးဆောင်ခဲ့ပြီး ဟန္နိုင်း၏သမ္မတနန်းတော်၌ ပြုလုပ်သော ယင်းအခမ်းအနားတွင် မယ်ဂါဝတီက မိန့်ခွန်းပြောကြားရာ၌ နှစ် (၂၀) ကျော်မျှ ကာလရှည်လျားစွာစေ့စပ်ဆွေးနွေးခဲ့ပြီးနောက် ယခုအခါစာချုပ်အထမြောက်ခဲ့ကြောင်းပြောဆိုသည်။

ဗီယက်နမ်အမျိုးသားလွှတ်တော် ဥက္ကဋ္ဌငုယင်ဗန်အန်သည် ကျူးဘားနိုင်ငံတွင်အစိုးရဧည့်သည်အဖြစ်ငါးရက်ကြာလည်ပတ်ရန် ဟာဗားနားသို့ ဩဂုတ်လ (၉) ရက်နေ့က ရောက်ရှိလာသည်။ ငုယင်ဗန်အန်သည် ကျူးဘားဒုတိယသမ္မတကာ လို့စ်လာဂီ၊ နိုင်ငံခြားရေးဝန်ကြီးဖိလစ်ပေရီရက်ဇ်၊ ကျူးဘားလွှတ်တော်ဥက္ကဋ္ဌရီကာဒိုအလာကွန်တို့နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။ ဗီယက်နမ်ကွန်မြူနစ်ပါတီပေါလစ်ဗျူရိုအဖွဲ့ဝင်လည်းဖြစ်သော မစ္စတာငုယင်ဗန်အန်သည် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအစည်းအဝေးသို့လည်းတက်ရောက်မည်ဖြစ်သည်။

နှစ်နိုင်ငံအကြားလက်ရှိခိုင်မာတောင့်တင်းသည့်နိုင်ငံရေးဆက်ဆံမှုများရှိထားပြီးဖြစ်၍ ယင်း

ဆက်ဆံမှုနှင့် လိုက်လျောညီထွေဖြစ်စေမည့် စီးပွား ရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးအတွက် မိမိ၏ ခရီးသည်အထောက်အကူဖြစ်စေလိမ့်မည်ဟု ငုယင် ဗန်အန်ကဟာဗားနားသို့ မထွက်ခွါမီပြောကြားသည်။

**စီးပွားရေး-** လွန်ခဲ့သည့် ခြောက်နှစ်က အာဆီယံ လွတ်လပ်စွာကုန်သွယ်ရေးဒေသ (အက်ဖ်တာ) ၌ အများအကျိုးရှိသော၊ အကောက်ခွန်အစီအစဉ် (စီ အီး ပီ တီ) စတင်ထူထောင်ခဲ့ပြီးနောက်ပိုင်းတွင် ဗီယက်နမ်နှင့် ကျန်အရှေ့တောင်အာရှနိုင်ငံများ အသင်း (အာဆီယံ) အဖွဲ့ဝင်နိုင်ငံများ အကြား ကုန်သွယ်မှုပမာဏသည် နှစ်ဆဖြစ်လာခဲ့ကြောင်း သိရသည်။

နှစ်ဦးနှစ်ဖက်ကုန်သွယ်ရေးသည် ၁၉၉၅ ခုနှစ် တွင်အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံ မှ ၂၀၀၂ ခုနှစ်၌အမေရိကန်ဒေါ်လာ ၆ ဒသမ ၈ ဘီလီယံအထိ တိုးတက်လာခဲ့ကြောင်း ဗီယက်နမ် အစိုးရအရာရှိတစ်ဦးက ဇန်နဝါရီ ၂၁ ရက် တွင်ပြောကြားခဲ့သည်ဟု ဗီယက်နမ်သတင်းဌာနက ဖော်ပြသည်။

ယခင်နှစ်ကအာဆီယံဈေးကွက်သို့ ကုန် ပစ္စည်း၊ အမေရိကန်ဒေါ်လာ ၆၃ ဒသမ ၅၅ သန်းကျော် တင်ပို့ရန် ကုမ္ပဏီများကတင်သွင်းသည့်ပုံစံ "ဃ" လက်မှတ်လျှောက်လွှာ ၂၇၄၅ စောင်ကို ဗီယက်နမ် ကခွင့်ပြုပေးခဲ့သဖြင့် နှစ်ချင်းအလိုက် ကုန်သွယ် ရေးတိုးတက်မှုမှာ ၁၅၂ ရာခိုင်နှုန်းရှိခဲ့ကြောင်း ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ဒါနန်းပြည်နယ်တွင် မကြာခင်က ပြုလုပ်သော ဆွေးနွေးပွဲတစ်ခုတွင် အဆိုပါအရာရှိကပြောကြားသည်။

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တော်အာဏာပိုင် များသည် ၂၀၀၃ ခုနှစ်တွင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများပိုမိုရရှိရေးအတွက် ဆောင်ရွက် သည့်အနေဖြင့်မြေယာပြုပြင်ပြောင်းလဲရေးတိုးတက် ကောင်းမွန်စေရန်နှင့်ယာဉ်သွားလာမှုလွယ်ကူအဆင် ပြေစေရန်အစီအစဉ်များချမှတ်လုပ်ဆောင်လျက်ရှိ ကြောင်းသိရသည်။

စီမံခန့်ခွဲရေးပြုပြင်ပြောင်းလဲမှုတိုးမြှင့်ပြုလုပ် ရန်နှင့်မြေယာရှင်းလင်းရေးစည်းမျဉ်းများချမှတ် ရန်စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ဟိုချီမင်း မြို့တော်ပြည်သူ့ကော်မတီဥက္ကဋ္ဌလေသန်လီဟိုင်း ကပြောသည်။ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုး တက်ရေးအတွက်မြေနေရာများပိုမိုချထားပေးမည် ဖြစ်ကြောင်း၊ မြို့တော်အာဏာပိုင်များသည် မြေ နေရာပိုမိုရရှိရေးကြိုးပမ်းသည့်အနေဖြင့် လက်ရှိ မြေယာများအသုံးချရေး၊ မြေအသုံးချပိုင်ခွင့် လွှဲ ပြောင်းရေး၊ အာမခံစာချုပ်များထုတ်ပေးရေး၊ အခွန် အခများကောက်ယူခြင်းနှင့် အကျိုးအမြတ်မရှိ သောအဆောက်အအုံများထုခွဲရောင်းချရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ရည်ရွယ် နေကြောင်းသိရသည်။ ဟိုချီမင်းမြို့တော်သည်လွန်ခဲ့ သည့်နှစ်တွင် အမေရိကန်ဒေါ်လာသန်း ၂၁၀၀ ဖိုး ရင်းနှီးမြှုပ်နှံမှုများရရှိခဲ့သည်။

အာရှရင်းနှီးမြှုပ်နှံမှုဖိုရမ် ၂၀၀၃ သည် ဥရောပ နှင့်အာရှကြားရင်းနှီးမြှုပ်နှံမှုပူးပေါင်း ဆောင်ရွက် ခြင်းကိုခိုင်မာစေမည်ဖြစ်သည့်ပြင် တိုက်နှစ်တိုက် အတွင်းရှိနိုင်ငံများ၏ မဟာစီးပွားရေးမူဝါဒများ စင်းလုံးချောဖြစ်မှုကို အရှိန်မြှင့်ပေးမည်ဖြစ်သည်ဟု အဆင့်မြင့်ဗီယက်နမ်အရာရှိတစ်ဦးကအောက်တိုဘာ (၃၀) ရက်နေ့က ပြောသည်။

ဟိုချီမင်းမြို့တော်၌ အာရှရင်းနှီးမြှုပ်နှံမှုဖိုရမ် ၂၀၀၃ ဖွင့်ပွဲကျင်းပရာတွင် ဗီယက်နမ်နိုင်ငံ၏ စီမံကိန်းနှင့်ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနဒုတိယဝန်ကြီး

ငွေယင်ဘစ်၍ဒက်ကယင်းသို့မှတ်ချက်ပေးပြောဆိုလိုက်ခြင်းဖြစ်သည်။

ဗီယက်နမ်နိုင်ငံရှိဥရောပကုန်သည်ကြီးများအသင်းကစီစဉ်ကျင်းပသော နှစ်ရက်ကြာဖိုရမ်သည် လုပ်ငန်းများ ဆက်စပ်ရာတွင်လည်းကောင်း၊ နည်းပညာအကူအညီပေးရာတွင်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရာတွင်လည်းကောင်းဥရောပသမဂ္ဂ (အီးယူ) နှင့်အာရှရှိပုဂ္ဂလိက ကဏ္ဍများကြား ပူးပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန်တိုးမြှင့်စေဖွယ်ရှိသည်။ ဗီယက်နမ်နိုင်ငံသည် ပြည်တွင်းနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုခွဲခြားသတ်မှတ်ရေးကို ဖယ်ရှားပစ်လျက်ရှိပြီး လာမည့် နှစ်အနည်းငယ်တွင် ရင်းနှီးမြှုပ်နှံသူများအတွက်တန်ဖိုးသတ်မှတ်ခြင်းနှင့် အခွန်ကောက်ခံခြင်းဆိုင်ရာ ဘုံမူဝါဒတစ်ရပ်ကို စတင်ကျင့်သုံးသွားမည်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံသည် အာဆီယံလွတ်လပ်သောကုန်သွယ်ရေးဒေသ (အေအက်ဖ်တီအေ) တာဝန်ခံချက်နှင့်အညီ ၂၀၀၃ ခုနှစ်တွင် အကောက်ခွန်နှုန်း ၂၀ ရာခိုင်နှုန်းအောက် လျှော့ချမည့်စာရင်းတွင် နောက်ထပ်ကုန်ပစ္စည်းအမျိုးအစား (၇၆၀) ကို ပေါင်းစပ်ထည့်ပေးမည်ဟု ဒုတိယကုန်သွယ်ရေးဝန်ကြီးလောင်ဗန်တူက ဒီဇင်ဘာ (၂၆) ရက်နေ့တွင် ပြောကြားသည်။

အေအက်ဖ်တီအေစာချုပ်ကို အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ဝင်နိုင်ငံများကလက်မှတ်ရေးထိုးခဲ့ကြပြီး ထုတ်ကုန်ပစ္စည်းအားလုံးနီးပါးအပေါ် အကောက်ခွန်နှုန်းကို ဗီယက်နမ်နိုင်ငံက (၅) ရာခိုင်နှုန်းအောက်လျှော့ချပေးရန် ၂၀၀၆ ခုနှစ်ကိုနောက်ဆုံးသတ်မှတ်ပေးထားသည်။ ယခုနှစ်တွင်ဗီယက်နမ်နိုင်ငံသည် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများမှ တင်သွင်းသည့်ထုတ်ကုန်ပစ္စည်း ၄၈၁ မျိုးအပေါ် အကောက်ခွန်နှုန်းလျှော့ချပေးခဲ့ပြီး ယခုအထိအကောက်ခွန်နှုန်းလျှော့ချပေးသည့် ကုန်ပစ္စည်းအမျိုးအစားအရေအတွက်ကို ခန့်မှန်းခြေ ၅၅၀၀ အထိတိုးချဲ့ပေးခဲ့သည်။

အာဆီယံသည်ဗီယက်နမ်နိုင်ငံ၏ အကြီးမားဆုံးကုန်သွယ်ဖက်ဖြစ်ပြီး ဗီယက်နမ်နိုင်ငံ၏စုစုပေါင်းနိုင်ငံခြားကုန်သွယ်မှုပမာဏ၏ ၂၅ ရာခိုင်နှုန်းမျှအထိ ကုန်သွယ်မှုပြုခဲ့ကြောင်း ၂၀၀၀ ပြည့်နှစ်တွင်ဗီယက်နမ်နိုင်ငံပို့ကုန်၏ ၁၈ ရာခိုင်နှုန်းနှင့်သွင်းကုန်၏ ၂၈ ရာခိုင်နှုန်းကိုအာဆီယံနှင့်ကုန်သွယ်မှုပြုခဲ့ကြောင်း ၂၀၀၁ ခုနှစ်တွင်စင်ကာပူနိုင်ငံမှဓါတ်ဆီကိုအမေရိကန်ဒေါ်လာ ၁ ဒသမ ၁၈ ဘီလီယံဖိုး တင်သွင်းဝယ်ယူခဲ့ကြောင်း ဝန်ကြီးလောင်ဗန်တူက ပြောသည်။

**ကုန်ထုတ်စွမ်းအား-** ဗီယက်နမ်နိုင်ငံ၏သီဟိုဠ်သရက်တင်ပို့မှုမှာ ၂၀၀၂ ခုနှစ်အတွင်း ၄ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း ဗီယက်နမ်သီဟိုဠ်သရက်စိုက်ပျိုးထုတ်လုပ်ရေးအဖွဲ့က ဇန်နဝါရီ (၃) ရက်နေ့တွင်ပြောကြားသည်။ သီဟိုဠ်သရက်များကို ၂၀၀၂ ခုနှစ်အတွင်းတန်ချိန် ၆၀၀၀ ကျော်တင်ပို့ခဲ့ရာတန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာသန်း ၂၀ ဖိုးရှိရာ ၂၀၀၁ ခုနှစ်ကဒေါ်လာ ၁၃၅ သန်းဖိုးတင်ပို့မှုထက်မြင့်တက်ခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် အဆင့်မြင့်နည်းပညာရပ်များအသုံးပြုပြီးစက်ရုံ၊ အလုပ်ရုံများတိုးချဲ့ကာ အသစ်မွမ်းမံတည်ဆောက်မှုများပြုလုပ်ခြင်းဖြင့် ၂၀၀၅ ခုနှစ်တွင်ဘီလပ်မြေတန်ချိန် ၂၉ သန်းထုတ်လုပ်သွားမည်ဖြစ်ကြောင်း ဇန်နဝါရီ (၆) ရက်နေ့တွင်အဆိုပြုဖော်ပြလိုက်သည်။

ဗီယက်နမ်နိုင်ငံတွင် ၂၀၀၂-၂၀၀၃ ခုနှစ်ဝါရိတ်သိမ်းရာသီချိန်၌ ဝါထွက်ရှိမှုသည် ပထမဆုံး

အကြိမ်အများဆုံးဖြစ်ခဲ့သဖြင့် ဗီယက်နမ်နိုင်ငံ၏ ပုဂ္ဂလိကစက်မှုလုပ်ငန်းများအတွက် မျှော်လင့်စရာ ပိုမိုလာကြောင်းသိရသည်။ ၎င်းနိုင်ငံ၏တောင်ပိုင်းဒေသများတွင်ဟက်တာပေါင်း ၃၅၀၀၀ တွင်ဝါများ စိုက်ပျိုးခဲ့ရာတစ်ဧကလျှင် ဝါပျမ်းမျှ ၁ ဒသမ ၃ တန်ထွက်ရှိသဖြင့် အထွက်နှုန်းအမြင့်ဆုံးဖြစ်ခဲ့သည်။

ရင်းနှီးမြှုပ်နှံမှုစီမံကိန်းအရ ဗီယက်နမ်သည် ၂၀၀၅ ခုနှစ်တွင်ဟက်တာ ၃၅၀၀၀ မှ ဟက်တာ ၁၁၅၀၀၀ သို့တိုးချဲ့စိုက်ပျိုးမည်ဖြစ်ပြီး ဝါတန်ချိန် ၈၀၀၀၀ တိုးတက်ထွက်ရှိမည်ဖြစ်သည်။ ဗီယက်နမ်နိုင်ငံ၏ပြည်တွင်းအထည်အလိပ်လုပ်ငန်းများကို ၁၂ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းသို့ဝါချည်မျှင် တိုးတက်ထောက်ပံ့နိုင်မည်ဟုဝါလုပ်ငန်းများက မျှော်လင့်ထားသည်။ ပြည်တွင်း ဝါစိုက်တောင်သူများသည် ၂၀၁၀ ပြည့်နှစ်တွင် ဝါစိုက်ဧက ဟက်တာ ၂၃၀၀၀၀ ခန့်မှ ဝါကုန်ကြမ်းတန်ချိန် ၁၈၀၀၀၀ ထွက်ရှိမည်ဟု မျှော်မှန်းထားသည်။

ဗီယက်နမ်နိုင်ငံသည် မဲခေါင်မြစ်ဝှမ်းဒေသ၏ စိုက်ပျိုးရေးကိုပြန်လည်ဖွဲ့စည်းတည်ဆောက်သွားမည့်စီမံကိန်းသုံးရပ်ကို ဖော်ဆောင်ထားသည်။ ပထမစီမံကိန်းမှာ ပြည်တွင်းစားသုံးမှုနှင့်တင်ပို့မှုအတွက်ဒေသတွင်အရည်အသွေးမြင့်စပါးစိုက်ပျိုးရန်ဖြစ်သည်။ ဒုတိယစီမံကိန်းမှာ မဲခေါင်မြစ်ဝှမ်းဒေသ၌စပါးနေရာတွင် စီးပွားဖြစ်သီးနှံ သို့မဟုတ် ရေထွက်ကုန်၊ မွေးမြူရေးလုပ်ငန်းဖြင့်အစားထိုးရန်ဖြစ်သည်။ တတိယစီမံကိန်းမှာထုတ်လုပ်မှု ကုန်ကျစရိတ်ကိုလျှော့ချရန်၊ ရိတ်သိမ်းပြီးနောက် လေလွင့်ဆုံးရှုံးမှုကို လျော့နည်းစေရန်နှင့် ထုတ်လုပ်မှုနည်းပညာနှင့် သိုလှောင်မှု နည်းပညာများတွင် ပိုမိုရင်းနှီးမြှုပ်နှံရန်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံ၏အရေးကြီးသောစီးပွားရေးဒေသကြီးခုနစ်ခုအနက်တစ်ခုဖြစ်သော မဲခေါင်မြစ်ဝှမ်းဒေသသည်စိုက်ပျိုးမြေဟက်တာ လေးသိန်းနီးပါးမျှရှိသည်။ နိုင်ငံ၏ကုန်းမြေဧရိယာ ၁၂ ရာခိုင်နှုန်းဖြစ်သည်။ ထိုဒေသ၏စိုက်ပျိုးရေး၊ သစ်တောနှင့်ရေထွက်ကုန်၊ မွေးမြူရေးလုပ်ငန်းစီးပွားရေးပမာဏသည် နိုင်ငံ၏ ၄၀ ရာခိုင်နှုန်းမျှရှိသည်။ စပါးကျီအဖြစ်ထင်ရှားသော မဲခေါင်မြစ်ဝှမ်းဒေသ၏ နှစ်စဉ်ကုန်ထုတ်မှုသည် နိုင်ငံ၏အစားအစာထုတ်လုပ်မှု၏ ၅၀ ရာခိုင်နှုန်းကျော်ရှိပြီးဆန်တင်ပို့မှု၏ ၉၀ ရာခိုင်နှုန်းကျော်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၇၇ သန်းဖိုးရှိလယ်ယာထွက်ကုန်နှင့် ရေထွက်ကုန်ပစ္စည်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့တင်ပို့မည်ဖြစ်ကြောင်း၊ တစ်ဖန်တရုတ်ပြည်သူ့သမ္မတနိုင်ငံမှဗီယက်နမ်နိုင်ငံကစပါးမျိုးစေ့ ၂၅၀၁ တန်အပါအဝင်ဒေါ်လာ ၃၁ ဒသမ ၆ သန်းဖိုးရှိလယ်ယာထွက်ကုန်များကို တင်သွင်းမည်ဖြစ်ကြောင်း၊ ယင်းပို့ကုန်သွင်းကုန်များကို ယခုနှစ် ပထမခြောက်လတွင် လောက်ကိုင်းနယ်စပ်ဂိတ်မှတစ်ဆင့်ကုန်ပို့ကုန်သွင်းပြုလုပ်ခဲ့ကြောင်းသိရသည်။

ဗီယက်နမ်နိုင်ငံမှတရုတ်ပြည်သူ့သမ္မတနိုင်ငံသို့တင်ပို့မည့်ပို့ကုန်များတွင် လတ်ဆတ်သောသစ်သီးနှင့်တစ်စိတ်တစ်ပိုင်းပြုပြင်ပြီးပစ္စည်းများအပါအဝင်ဟင်းသီးဟင်းရွက်တန်ချိန် ၁၀၅၆၀၊ ပီလောပီန်ခြောက် ၁၄၁၁ တန်၊ ရေထွက်ကုန်ပစ္စည်း ၃၃၉၇ တန်တို့ ပါဝင်မည်ဖြစ်ပြီး ယင်းပို့ကုန်များသည် တန်ဖိုးအားဖြင့် ဒေါ်လာ ၁၀ ဒသမ ၉ သန်းဖိုးရှိမည်ဖြစ်သည်။

သစ်တောကဏ္ဍကိုကြည့်လျှင် ယခုနှစ်တွင် ဗီယက်နမ်နိုင်ငံတစ်ဝန်းလုံး၌ မြေဟက်တာ ၃၁၁၄၁၀ ကိုသစ်တောများပြန်လည်ထူထောင်ကာဖုန်းဆိုးတောမြေများ၌ သစ်ပင်သန်း ၂၅၀ စိုက်ပျိုးရေးစီမံကိန်းကိုအကောင်အထည်ဖော်နိုင်ခဲ့သည်။ နိုင်ငံ၏ ၃၅ ဒသမ ၇ ရာခိုင်နှုန်းခန့်မှာ ယခုအခါသစ်တောများဖုံးလွှမ်းနေပြီဖြစ်သည်။ လွန်ခဲ့သည့်

ယင်းအထည်အလိပ်နှင့် အထည်ချုပ်လုပ် ငန်းသည် ၂၀၁၀ ပြည့်နှစ်ကာလအထိမဟာဖွံ့ဖြိုးရေးစီမံကိန်းတစ်ရပ်ချမှတ်ဆောင်ရွက်မည်ဖြစ်ရာ ၂၀၁၀ ပြည့်နှစ်တစ်လျှောက်နှစ်စဉ်အမေရိကန်ဒေါ်လာ ၇ ဒသမ ၈ ဘီလီယံဖိုးရှိအထည်ချုပ်ပို့ကုန်များတင်ပို့ရန်မျှော်မှန်းထားသည်။ စက်ရုံကလိုအပ်သည့်ကုန်ကြမ်းပစ္စည်းများနှင့် အရန်ပစ္စည်းများကိုပြည်တွင်းထုတ်ကုန်အဖြစ် ၇၅ ရာခိုင်နှုန်းထုတ်လုပ်ရန်မျှော်မှန်းထားသည်။

ဗီယက်နမ်နိုင်ငံပိုင် သဘာဝဓါတ်ငွေ့ကော်ပိုရေးရှင်း (ပက်ထရိုဗီယက်နမ်) သည် ယခုနှစ်ပထမခြောက်လတွင်ရေနံနှင့်ဓါတ်ငွေ့တန်ချိန် ၁၀ ဒသမ ၄ သန်းထုတ်လုပ်ခဲ့ရာ နှစ်အလိုက်ယှဉ်ကြည့်ပါက ၂၃ ရာခိုင်နှုန်းတိုးတက်လာသည်။ အဆိုပါပထမလေးနှစ်က တစ်နိုင်ငံလုံး၏ ၃၃ ဒသမ ၂ ရာခိုင်နှုန်းသာ သစ်တောဖုံးလွှမ်းခဲ့ရာမှ ယခုကဲ့သို့တိုးမြင့်လာခြင်းဖြစ်သည်။

စီမံကိန်း၏အဓိက ရည်မှန်းချက်မှာလက်ရှိသစ်တောများကိုထိန်းသိမ်းပြီးသစ်ပင်စိုက်ပျိုးမှုကိုတိုးချဲ့ကာသစ်တောပြုစုပျိုးထောင်သည့်ပြည်သူများလည်းလုပ်အားခရရှိစေရန်ဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနကမတ်လ ၄ ရက်၌အစီရင်ခံတင်ပြခဲ့သည်။

ဗီယက်နမ်နိုင်ငံအထည်အလိပ်နှင့်အထည်ချုပ်လုပ်ငန်းသည်ကျန်ရှိသောဆယ်စုနှစ်အပိုင်းကာလအတွက်ပြည်ပတင်ပို့မှုနှင့်ပြည်တွင်းဈေးကွက်အတွက် ရည်မှန်းသော လျာထားချက်များကိုသတ်မှတ်ထားသည်။



လယ်ကွင်းထဲတွင် ငါးဖမ်းနေသော ဗီယက်နမ်အမျိုးသားတစ်ဦး

ခြောက်လတာကာလအတွင်း ရေနံစိမ်းကို ၃ ရာခိုင်နှုန်းတိုး၍ တန်ချိန် ၈ ဒသမ ၆ သန်းအထိ ပြည်ပသို့ တင်ပို့နိုင်ခဲ့သည်။ ဗီယက်နမ်နိုင်ငံ၏ အကြီးမားဆုံး ရေနံနှင့်သဘာဝဓါတ်ငွေ့ထုတ်လုပ်သည့် အဆိုပါ ကော်ပိုရေးရှင်းသည် သဘာဝဓါတ်ငွေ့ကို လျှပ်စစ်ဓါတ်အားစက်ရုံများသို့ ဖြန့်ဖြူးနိုင်ခဲ့သည်။ ယင်းဖြန့်ဖြူးမှုသည် ယခင်ကထက် ၅၅ ရာခိုင်နှုန်းတိုးလာခဲ့သည်။ ထိုသို့ပြည်တွင်းဖြန့်ဖြူးနိုင်ခြင်းကြောင့် ဗီယက်နမ်နိုင်ငံပြည်တွင်းလျှပ်စစ်ဓါတ်အားပေးစက်ရုံအတွက် လိုအပ်သည့် လောင်စာ ၁၇ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးခဲ့သည်။ ၂၀၁၀ ပြည့်နှစ်တွင် ၄၀ ရာခိုင်နှုန်းအထိပေးနိုင်ရန်စီစဉ်ထားသည်။

အဆိုပါကော်ပိုရေးရှင်းသည် ယခုအခါ သဘာဝဓါတ်ငွေ့ကုဗမီတာ ၁ ဒသမ ၇ ဘီလီယံ၊ သဘာဝဓါတ်ငွေ့ရည် (အယ်ပီဂျီ) တန်ချိန် ၃၅၀၀၀၀ ကိုနှစ်စဉ်ပြည်တွင်းဈေးကွက်တွင်ဖြန့်ဖြူးပေးလျက်ရှိသည်။

ပင်လယ်အစားအစာတင်ပို့မှုနှင့်ပတ်သက်၍ ၂၀၀၄ ခုနှစ်အတွင်းအမေရိကန်ဒေါ်လာ ၂ ဒသမ ၆ နှင့် ၂ ဒသမ ၆၅ ဘီလီယံရရှိရန်သတ်မှတ်လျာထားသည်ဟု ငါးလုပ်ငန်းဝန်ကြီးဌာနက ဇူလိုင် (၁၇) ရက်နေ့ကပြောကြားသည်။ ထိုရည်မှန်းချက် ပြည့်မီစေရန်ရေလုပ်ငန်းဒေသကို ဟက်တာ ၁ ဒသမ ၁ သန်းအထိတိုးမြှင့်သွားမည်ဟုဆိုသည်။

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်ပထမနှစ်ဝက်အတွင်းဒေါ်လာ ၉၈၈ သန်းကျော်ကိုပင်လယ်အစားအစာတင်ပို့မှုမှဝင်ငွေရရှိခဲ့ရာ နှစ်အလိုက် ၁၇ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။ စုစုပေါင်းပင်လယ်အစားအစာထုတ်လုပ်မှုကို တန် ၂ ဒသမ ၄၉ သန်းအထိထုတ်လုပ်သွားရန် ဗီယက်နမ်နိုင်ငံကစီစဉ်ထားသည်။ ထို့ပြင်ယခုနှစ်၌ဒေါ်လာ ၂ ဒသမ ၂၅ မှ ၂ ဒသမ ၃ ဘီလီယံဝင်ငွေရရန်စီစဉ်ထားသည်။

**ပို့ဆောင်ဆက်သွယ်ရေး-** အာရှအဝေးပြေးလမ်းမကြီး၏ဗီယက်နမ်အပိုင်းကို သုံးနှစ်ကျော်ကြာတည်ဆောက်ခဲ့ပြီးနောက် ဇန်နဝါရီ ၂၆ ရက်တွင်မော်တော်ကားများပြေးဆွဲဖွင့်လှစ်လိုက်သည်။ ယင်းအာရှလမ်းမကြီးတွင် ဟိုချီမင်းစီးတီးဆင်ခြေဖုံးများရှိအဓိကလမ်းဆုံးများ၌တည်ဆောက်ထားသော မိုးပျံလမ်းမျိုးသုံးခုလည်းပါဝင်သည်။

ကီလိုမီတာ (၈၀) ရှိသည့်ဖနွမ်းပင်-ဟိုချီမင်းစီးတီးအဝေးပြေးလမ်းမကြီးတွင် ဟိုချီမင်းစီးတီး၏ သူဒွတ်လမ်းဆုံသို့ အမျိုးသားအဝေးပြေးလမ်းမကြီးအမှတ် (၁) အပိုင်းလည်းပါဝင်သည်။ ထို့အပြင် အန်ဆွန်းမှတေးနင်းပြည်နယ်ရှိမော့ဘိုင်နယ်စပ်ဂိတ်အထိဖောက်လုပ်ထားသော အမျိုးသားအဝေးပြေးလမ်းမကြီးအမှတ် ၂၂ အေအပိုင်းလည်းပါဝင်သည်။

အဆိုပါအာရှအဝေးပြေးလမ်းမကြီး၏ ဗီယက်နမ်အပိုင်းကို ၁၉၉၉ ခုနှစ်နိုဝင်ဘာလတွင် စတင်ဖေါက်လုပ်ခဲ့ကြောင်း၊ ကုန်ကျစရိတ်အမေရိကန်ဒေါ်လာ ၁၄၄ ဒသမ ၇၇ သန်းရှိကြောင်း၊ ယင်းကုန်ကျစရိတ်တွင် အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ) ကမြို့ပြလုပ်ငန်းတည်ဆောက်ရေးအတွက် ပေးထားသောအမေရိကန်ဒေါ်လာ သန်း (၁၀၀) လည်းပါဝင်သည်။ ထိုအဝေးပြေးလမ်းမကြီးသည် ကမ္ဘောဒီးယားနှင့်ဗီယက်နမ်နိုင်ငံအကြား ကုန်သွယ်မှုတိုးမြှင့်ရန်နှင့် အဝေးပြေးလမ်းမကြီးတစ်လျှောက်ရှိဒေသခံပြည်သူများ အကျိုးရှိစေရန် အေဒီဘီက စီစဉ်ဆောင်ရွက်နေသည့်ဒေသခွဲအတွင်း ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်၏ တစ်စိတ်တစ်ဒေသလည်းဖြစ်သည်။

ပို့ဆောင်ရေးတွင် စည်းကမ်းစနစ်ရှိစေရန် ဗီယက်နမ်နိုင်ငံမြို့တော်ဟန္တိုင်းရှိ ယာဉ်ထိန်းရဲတပ်ဖွဲ့သည် ဗီယက်နမ်နိုင်ငံ၌စည်းကမ်း ဖေါက်ဖျက်သောယာဉ်မောင်းများကို ထိထိရောက်ရောက်အရေးယူရေးပထမနေ့ဖြစ်သော ဇန်နဝါရီ ၂၆ ရက်တွင်မော်တော်ယာဉ်အစီး ၁၃၀၀ ကျော်ကို ဖမ်းဆီးအရေးယူသည်။ ယင်းစီမံချက်လှုပ်ရှားမှုကို ယာဉ်ထိန်းရဲတပ်ဖွဲ့၊ အထူးရဲတပ်ဖွဲ့နှင့်ဒေသန္တရ ရဲတပ်ဖွဲ့

များပူးပေါင်း ဆောင်ရွက်ခြင်းဖြစ်သည်။ အဖမ်းခံရသည့်လယာဉ်မောင်းအများစုမှာ တစ်လမ်းမောင်းလမ်းတွင်လမ်းပြောင်းပြန်မောင်းနှင်ခြင်းနှင့်မီးနီဖြတ်မောင်းနှင်ခြင်းတို့ကြောင့် အဖမ်းခံရခြင်းဖြစ်သည်။

ရဲတပ်ဖွဲ့ဝင်များသည် မီးနီကို ဂရုမစိုက်ဘဲမောင်းနှင်သည့်ယာဉ်မောင်းများ၊ တားမြစ်ထားသည့်လမ်းများအတွင်းမောင်းနှင်သည့် ယာဉ်မောင်းများ၊ သတ်မှတ်မိုင်နှုန်းထက် ကျော်လွန်မောင်းနှင်သည့်ယာဉ်မောင်းများ၊ လိုင်စင်မပါဘဲမောင်းနှင်သည့်ယာဉ်မောင်းများကို အဓိကထားအရေးယူနေကြောင်း၊ ရဲတပ်ဖွဲ့ဝင်များအားအာခံသူများ၊ တရားဥပဒေကို မလေးစားဘဲ မောင်းနှင်သူများအားပြင်းထန်စွာအပြစ်ပေးအရေးယူမည်ဖြစ်ကြောင်း ဟန္ဒိုင်းရဲတပ်ဖွဲ့ညွှန်ကြားရေးမှူး ရဲမှူးချုပ်ဖမ်ချာယင်က ပြောကြားသည်။

စည်းကမ်းမလိုက်နာသည့် ယာဉ်မောင်းများ၏မော်တော်ယာဉ်များကို ၁၅ ရက်မှ ရက် ၆၀ အထိ သိမ်းဆည်းသည့်အပြင် ယာဉ်မောင်းများအားဒဏ်ငွေလည်းရိုက်သည်။ အခြားသော မြို့ကြီးများနှင့်ပြည်နယ်များတွင်လည်း အလားတူ စီမံချက်လှုပ်ရှားမှုများပြုလုပ်လျက်ရှိသည်။

ဗီယက်နမ်နိုင်ငံ၏ဆက်သွယ်ရေးကုမ္ပဏီများကိုတစ်စိတ်တစ်ပိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ကုမ္ပဏီကြီးတစ်ခုအဖြစ် ပူးပေါင်းသွားမည်ဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံစာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနက ကြေညာသည်။ ဗီယက်နမ်နိုင်ငံ၏ ကြေးနန်းဆက်သွယ်ရေးကဏ္ဍ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သည့်လုပ်ရပ်အဖြစ် ယင်းကဲ့သို့ကြေညာခြင်းဖြစ်သည်။

ယင်းအစီအစဉ်အရ ဗီယက်နမ်နိုင်ငံရှိ ဆက်သွယ်ရေးကုမ္ပဏီအားလုံးသည် ဗီယက်နမ်စာတိုက်နှင့်ကြေးနန်းကော်ပိုရေးရှင်း (ဗွီအင်ပီတီ) အောက်တွင်တစ်စုတစ်စည်းတည်းဖြစ်လာတော့မည်ဟုဆိုသည်။ ဗွီအင်ပီတီသည် လက်တစ်ဆုပ်စာနိုင်ငံပိုင်ကုမ္ပဏီများကို ကိုယ်ပိုင်ရပ်တည်သည့်ကုမ္ပဏီများအဖြစ်ပြောင်းလဲမည်ဖြစ်သည်။ ဆော့ဖ်ဝဲနှင့်ဂြိုဟ်တုဖွံ့ဖြိုးတိုးတက်မှုကို တာဝန်ယူဆောင်ရွက်ရမည့်ကုမ္ပဏီများကိုလည်း ထူထောင်သွားမည်ဖြစ်သည်။ ဗွီအင်ပီတီ၏အန္တိမရည်မှန်းချက်မှာ ကုမ္ပဏီခွဲနှင့် ဖက်စပ်စတော့ကုမ္ပဏီ ၇၀ ခန့်ရှိလာအောင်ဆောင်ရွက်ရန်ဖြစ်သည်။

ဗွီအင်ပီတီသည်လက်အောက်ခံအဖွဲ့အစည်းများ၏ဘဏ္ဍာရေးနှင့်ဖွံ့ဖြိုးရေး မဟာဗျူဟာလုပ်ဆောင်ချက်များကို ကြီးကြပ်ကွပ်ကဲရမည့် မိခင်ကုမ္ပဏီအဖြစ် တာဝန်ယူလုပ်ဆောင်သွားမည်ဖြစ်သည်။ စာတိုက်နှင့်ကြေးနန်းအုပ်စုသစ်ကိုလည်း စာတိုက်လုပ်ငန်းဌာနနှင့် ကြေးနန်းဆက်သွယ်ရေးဌာနဟု သီးခြားစီမံခွဲထားဆောင်ရွက်သွားမည်ဖြစ်သည်။

**အလုပ်သမားရေးရာ-** ဗီယက်နမ်နိုင်ငံအစိုးရသည် ယခု ၂၀၀၃ ခုနှစ်အတွင်း အလုပ်အကိုင်သစ် ၁ ဒသမ ၅ သန်းခန့် ဖန်တီးလုပ်ဆောင်သွားနိုင်မည်ဖြစ်ရာ လုပ်ငန်းအစပျိုးရင်းနှီးမြှုပ်နှံမှုများလုပ်ကိုင်သွားနိုင်ရန်အတွက် အတိုးနှုန်းချိုသာသောချေးငွေများထုတ်ချေးသွားရန် စီစဉ်လုပ်ဆောင်လျက်ကြောင်း ဗီယက်နမ်သတင်းဌာနက ဇန်နဝါရီ ၄ ရက်နေ့တွင် သတင်းထုတ်ပြန်သည်။ မြို့နေလူတန်းစားများ၏ အလုပ်လက်မဲ့နှုန်းကို ၅ ဒသမ ၉ ရာခိုင်နှုန်းထိ လျှော့သွားစေရန် ၂၀၀၃ ခုနှစ်အတွင်း၌ ပြည်သူ (၇) ရာခိုင်နှုန်းအား အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများတက်ရောက်သင်ကြားပေးသွားမည်ဖြစ်သည်။

ကျေးလက်များ၌နေထိုင်သူများ၊ တောင်ပေါ်လူမျိုးစုများအတွက်လည်း အချိန်တိုအသက်မွေးဝမ်းကျောင်းသင်တန်းများ ထူထောင်ဖွင့်လှစ်နိုင်ရေးအတွက်ရွေ့ပြောင်းအစီအစဉ်များချမှတ် လုပ်ဆောင်သွားမည်ဖြစ်သည်။

ဗီယက်နမ်ဝန်ကြီးချုပ်ဖန်ဗန်ခိုင်သည် ဒေသန္တရစီးပွားရေးတိုးတက်အောင်ဆောင်ရွက်ပေးရန် ကြိုးပမ်းသည့်အနေဖြင့် ဗီယက်နမ်လူငယ်အလုပ်သမားများအတွက် ကုန်ထုတ်ကျေးရွာများ ထူထောင်ရေးအဆိုပြု တင်ပြချက်များကို သဘောတူအတည်ပြုလက်ခံလိုက်ပြီဖြစ်သည်။

အဆိုပါကျေးရွာများကို ဗီယက်နမ်နိုင်ငံမြောက်ပိုင်း လိုင်ချော၊ ဟာကိုင်၊ ဘက်ကန်၊ကောင်ဘန်နှင့်ကွမ်နင်းပြည်နယ်များရှိ ဆင်းရဲနွမ်းပါးရာဒေသများတွင် အကျယ်အဝန်းအားဖြင့် ဟက်တာ ၆၀၀၀ ရှိသည့်မြေကွက်များ၌ ထူထောင် သွားမည်ဖြစ်သည်။ ထို့ပြင်ယင်းကျေးရွာများတွင် ကြင်စဦးဇနီးမောင်နှံ ၂၀၀၀ အထိ နေရာချထားနိုင်မည်ဟု မျှော်လင့်ထားသည်။

အာဆီယံအီလက်ထရွန်နစ်ကုမ္ပဏီများသည် ဗီယက်နမ်ဈေးကွက်အတွင်းသို့ ထိုးဖောက်ဝင်ရောက်နိုင်ရေးကြိုးပမ်းလျက်ရှိရာတွင် အရည်အချင်းပြည့်ဝသော ကျွမ်းကျင်သည့်ဗီယက်နမ်လုပ်သားများရရှိရေး ဦးတည်ကြိုးပမ်းလျက်ရှိကြကြောင်း ဗီယက်နမ်အီလက်ထရွန်နစ်ကော်ပိုရေးရှင်း အရာရှိများက ဖေဖော်ဝါရီ (၇) ရက်နေ့တွင် ပြောကြားကြသည်။

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ဝင် နိုင်ငံများမှ စီးပွားရေးလုပ်ငန်းများသည် ဗီယက်နမ်စီးပွားရေးလုပ်ငန်းများ၏ မန်နေဂျာများ၊ အင်ဂျင်နီယာများနှင့် အလုပ်သမားများကို လစာကောင်းကောင်းနှင့် ပိုမိုကောင်းမွန်သောလုပ်ငန်းဆောင်ရွက်မှုအခြေအနေများ ကမ်းလှမ်းလျက်ရှိကြောင်းအဆိုပါအရာရှိများကပြောကြသည်။

**ကျန်းမာရေး-** ဗီယက်နမ်အမျိုးသားအေအိုင်ဒီအက်စ်အစီအစဉ်သည် ယခုအခါပြည်သူများအလွယ်တကူရရှိအသုံးပြုနိုင်သော ပြည်တွင်း၌ ထုတ်လုပ်သည့် အိတ်ချ်အိုင်ဗွီဆေးဝါးများကို အတည်ပြုလိုက်သည်။ အမ်တီအက်စ်ကုမ္ပဏီက ထုတ်လုပ်သောအိတ်ချ်အိုင်ဗွီဆေးများ၏ ဈေးနှုန်းသည် နိုင်ငံခြားဖြစ်ဆေးဝါးများ၏ ခုနစ်ပုံတစ်ပုံဈေးနှုန်းဖြစ်ပြီး လူတစ်ဦးအတွက်တစ်နှစ်လျှင် ဆေးဖိုးသည်အမေရိကန်ဒေါ်လာ ၁၀၀၀ ခန့်ကုန်ကျမည်ဟုဆိုသည်။

ဗီယက်နမ်နိုင်ငံ၌ ယခင်နှစ်ကအိတ်ချ်အိုင်ဗွီရောဂါများဆက်လက်တိုးပွားခဲ့ပြီး၊ ပြည်နယ်နှင့်မြို့ကြီး ၆၁ မြို့တွင်ယင်းအိတ်ချ်အိုင်ဗွီရောဂါများကူးစက်ခဲ့ကြောင်း၊ ပြီးခဲ့သည့်နှစ်ကုန်ဆုံးချိန်၌ အိတ်ချ်အိုင်ဗွီဖြစ်သူ ၅၉၂၀၀ ရှိကြောင်း၊ ၂၀၀၂ ခုနှစ်တစ်နှစ်တည်းပင်လျှင် ၁၅၇၉၀ ရှိကြောင်း၊ လူ ၈၇၀၀ မှာလုံးဝအေအိုင်ဒီအက်စ်ရောဂါဖြစ်သူများဖြစ်ကြောင်း၊ ထိုရောဂါဖြင့်သေဆုံးသူပေါင်းမှာ ၄၉၀၀ ရှိပြီးဖြစ်ကြောင်း၊ ယခင်နှစ်က ၁၃၃၆ ဦး သေဆုံးခဲ့ကြောင်းသိရသည်။ ထို့ကြောင့် ၂၀၀၃ ခုနှစ်တွင်အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်တားဆီးကာကွယ်ရေးအမျိုးသားအဆင့် အစီအမံများချမှတ်ဆောင်ရွက်ထားသည်။

အဆုတ်ရောဂါထိန်းချုပ်ရေးအစီအစဉ်သည် မတ် ၂၄ ရက်တွင်ကျရောက်မည့် ကမ္ဘာ့အဆုတ်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မြို့တော်ဟန္တိုင်းတွင် အဆုတ်ရောဂါစမ်းသပ်မှုနှင့် ကုသရေးမြှင့်တင်လှုံ့ဆော်မှုများပြုလုပ်လျက်ရှိသည်။

တီဘီရောဂါသည် ၁၀၅၀၀၀ ခန့်ကိုဆေးစစ်ခြင်းနှင့်ဓါတ်မှန်ရိုက်ခြင်းများပြုလုပ်သွားမည်ဖြစ်ပြီး၊ ဗီယက်နမ်နိုင်ငံတွင်ယခုအခါ တီဘီရောဂါသည် ပေါင်း ၁၄၅၀၀၀ ရှိကြောင်းသိရသည်။

ဆားစ် (ခေါ်) ကူးစက်မြန်ပြင်းထန်နမိုးနီးယားရောဂါကူးစက်ပြန့်ပွါးမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကဧပြီ ၂၈ ရက်တွင်

ထုတ်ပြန်ကြေညာသည်။ ဗီယက်နမ်နိုင်ငံတွင် ဆားစ်ရောဂါဖြစ်ပွားသူဦးရေ ၆၃ ဦးရှိခဲ့ပြီး ယင်းရောဂါဖြင့်သေဆုံးသူငါးဦးသည် ဆေးဘက်ဆိုင်ရာဝန်ထမ်းများဖြစ်ကြသည်။

**မူးယစ်ဆေးဝါး-** ဗီယက်နမ်နိုင်ငံတွင်လွန်ခဲ့သည့် နှစ်ဒီဇင်ဘာလမှစတင်၍ မူးယစ်ဆေးဝါးနှိမ်နင်းရေးဆောင်ရွက်ခဲ့စဉ်အတွင်း ဟန်နွိုင်းရဲအဖွဲ့က မူးယစ်ဆေးဝါးပြစ်မှု ၄၁၅ မှုဖော်ထုတ်နိုင်ခဲ့ပြီး ပြစ်မှုကျူးလွန်သူ ၅၇၆ ဦးကိုဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။ နိုင်ငံတစ်ဝန်းတွင် မူးယစ်ဆေးမှောင်ခိုရောင်းဝယ်ခြင်းနှင့်ပြည့်တန်ဆာလုပ်ငန်းကို နှိမ်နင်းသွားရန်ခိုင်မာစွာဆုံးဖြတ်ထားသည်ဟု ဗီယက်နမ်ဝန်ကြီးချုပ်ဖန်ဗန်ခိုင်ကပြောကြားခဲ့သည်။

ယင်းရာဇဝတ်မှုများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင်အတားအဆီးတစ်ရပ်ဖြစ်ကြောင်း၊ လူ့ အသိုင်းအဝိုင်းအတွက်လည်း ခြိမ်းခြောက်မှုဖြစ်နေသည့်ပြင်၊ လူသားကျန်းမာရေးကိုလည်း အကြီးအကျယ် ခြိမ်းခြောက်နေကြောင်း၊ ရိုးရာယဉ်ကျေးမှုကိုလည်း ဖျက်ဆီးကြောင်း ဝန်ကြီးချုပ်ကပြောကြားသည်။

**ဆေးလိပ်သောက်သုံးမှုထိန်းချုပ်ရေး-** အရှေ့တောင်အာရှဒေသအတွင်း ဆေးလိပ်သောက်သုံးမှုဟန့်ထားထိန်းချုပ်နိုင်ရေး၊ အကျိုးအရှိဆုံးဆောင်ရွက်မှုတစ်ရပ်အဖြစ်ဆေးလိပ်အပေါ် အခွန်အတုတ်ကောက်ခံမှုတိုးမြှင့်ပေးရမည်ဖြစ်ကြောင်း သုတေသီတစ်ဦးက မတ်လ (၄) ရက်နေ့တွင် တိုက်တွန်းပြောကြားသည်။

အရှေ့တောင်အာရှဒေသသည် ကမ္ဘာပေါ်တွင် ဆေးလိပ်သောက်သုံးသူ အများဆုံးရှိသောဒေသဖြစ်ကြောင်းချီကာဂိုရှိ အီလီနွိုက်တက္ကသိုလ်မှ ဆေးလိပ်ဆိုင်ရာ လေ့လာဆန်းစစ်မှု အစီအစဉ်ညွှန်ကြားရေးမှူးဖရန့်ချာလော့ကာကပြောကြားသည်။ ချာလော့ကာသည်ဗီယက်နမ်နိုင်ငံမြို့တော်အတွင်း ရက်သတ္တတစ်ပတ်ကြာ ကျင်းပပြုလုပ်သည့် အစည်းအဝေးကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့်ဒေသဆိုင်ရာမှ ကျန်းမာရေးအာဏာပိုင် ကိုယ်စားလှယ်အဖွဲ့များနှင့်အတူ တက်ရောက်ခဲ့သည်။

ဗီယက်နမ်နိုင်ငံတွင် ခန့်မှန်းခြေအားဖြင့် ယောကျ်ားနှစ်ယောက်တွင် တစ်ယောက်မှာဆေးလိပ်သောက်သုံးလျက်ရှိရာ နိုင်ငံတွင်း၌ ၂၀၀၄ ခုနှစ်တွင်ဆေးလိပ်အခွန်နှုန်းထားများ တိုးမြှင့်ရန်အလေးထားစဉ်းစားလျက်ရှိသည်။ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအိုနှင့်မလေးရှားအပါအဝင် ဒေသတွင်းနိုင်ငံများမှာ ဆေးလိပ်အပေါ်အခွန်နှုန်းထားများကောက်ခံမှုနှင့် ဈေးနှုန်းမှာအခြားဖွံ့ဖြိုးဆဲနိုင်ငံများနှင့် နှိုင်းယှဉ်လျှင်လျော့နည်းလျက်ရှိသည်ဟုဆိုသည်။

**နည်းပညာကဏ္ဍ-** ၂၀၀၃ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အကြားတွင် ဗီယက်နမ်နိုင်ငံသားများနှင့် အဖွဲ့အစည်းများအတွက် ပြန်ကြားရေးနှင့်ဆက်သွယ်ရေးနည်းပညာ (အိုင်စီတီ) တိုးတက်ဖွံ့ဖြိုးစေမည့် အဓိကစီမံကိန်း (၁၀) ခုကိုလုပ်ဆောင်သွားရန် ဗီယက်နမ်နိုင်ငံက စီစဉ်ထားသည်။ ဗီယက်နမ်နိုင်ငံသည် နိုင်ငံသားများကို တန်ဖိုးနည်းလူသုံးကွန်ပျူတာတစ်သန်း ရောင်းချပေးမည်ဖြစ်ပြီး အလယ်တန်းကျောင်းများအားလုံးသို့ အင်တာနက်ဆက်သွယ်မှုများကို စီစဉ်ပေးမည်ဖြစ်သည်။

ထို့အပြင်လူသန်း ၂၀၀ အတွင်းကွန်ပျူတာပညာမတတ်မြောက်ခြင်းကို ဖယ်ရှားပြီးဗီယက်နမ်လူဦးရေအတွက် အီလက်ထရွန်နစ်မှတ်ပုံတင်ကတ်များကိုထုတ်ပေးသွားမည်ဟု စာတိုက်၊ ကြေးနန်းနှင့်ပြန်ကြားရေးနည်းပညာဆိုင်ရာ မဟာဗျူဟာဌာနကပြောကြားသည်။

နိုင်ငံ၏ပြန်ကြားရေးနည်းပညာ (အိုင်တီ) လုပ်ငန်းစု၏ အရည်အသွေး တိုးတက်စေမည့် အမေရိကန်ဒေါ်လာ ၄၆ သန်းတန်ဖိုးရှိစီမံကိန်းတစ်ရပ်ကိုအတည်ပြုလိုက်သည်။ အဆိုပါစီမံကိန်းတွင်အသေးစိတ်အစီအစဉ် ခြောက်ရပ်ပါရှိပြီး လေ့ကျင့်သင်ကြားရေးနည်းလမ်းများ တိုးတက်စေရန်နှင့်ဘွဲ့ရအိုင်တီကျောင်းသားများ အရည်အသွေးတိုးတက်စေရန် ရည်ရွယ်လုပ်ဆောင်သည့် စီမံကိန်းဖြစ်သည်။ ယင်းစီမံကိန်းက အိုင်တီကျွမ်းကျင်သူ ၅၀၀၀၀ ၏ ကျွမ်းကျင်မှုအဆင့်ကို နိုင်ငံတကာအဆင့်သို့ မြှင့်တင်ပေးမည်ဖြစ်သည်။

သိန်းဝင်းဇော်

**ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဆောင်ရွက်ချက်များ (၂၀၀၃)။** ။ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး ထွန်းကားတိုးတက်ဆုံးသော နိုင်ငံတော်ကြီးအဖြစ် ကမ္ဘာ့အလယ်တွင် မားမားမတ်မတ် ရပ်တည်လျက်ရှိပေသည်။ ဤသည်မှာ ဗုဒ္ဓသာသနာတော် သန့်ရှင်းရေး၊ ပြန့်ပွားရေးအတွက် ဆောင်ရွက်ရာတွင် သာသနာ့ဦးသျှောင်ဆရာတော် သံဃာတော်မထေရ် မြတ်ကြီးများ၏ ဩဝါဒချီးမြှင့်မှု၊ နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှု၊ တိုင်းသူပြည်သားတို့၏ သဒ္ဓါစေတနာအသိတရားတို့ဖြင့် ဆောင်ရွက်နိုင်မှုများကြောင့်ပင် ဖြစ်ပေသည်။ ၂၀၀၃- ခုနှစ်အတွင်း ဗုဒ္ဓသာသနာတော် တိုးတက်ထွန်းကားရေးအတွက် ဆောင်ရွက်ချက်များမှာ များစွာနှစ်ထောင်းအားရဝမ်းမြောက်ရ၍၊ ကြည်ညိုသဒ္ဓါ တိုးပွားဖွယ်ရာဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်ရှိသော အောက်ဖော်ပြပါ ရဟန်း၊ သာမဏေ၊ သီလရှင်များသည် သံဃာ့အဖွဲ့အစည်းများအောက်တွင် သာသနာရေးဆိုင်ရာ ဂန္ထဓုရ၊ ဝိပဿနာဓုရလုပ်ငန်းတာဝန်များကို ထမ်းဆောင်လျက်ရှိကြသည်။

| | | | |
|---|---|---|---|
| ရဟန်းတော်ပေါင်း | - | ၁၉၀၉၉၉ | ပါး |
| သာမဏေပေါင်း | - | ၂၆၆၅၂၅ | ပါး |
| သီလရှင်ပေါင်း | - | ၃၃၁၅၈ | ပါး |
| ဘုန်းတော်ကြီးကျောင်းပေါင်း | - | ၅၃၀၁၇ | ကျောင်း |
| သီလရှင်ကျောင်းပေါင်း | - | ၂၇၀၅ | ကျောင်း |

**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ အစည်းအဝေးများ**- နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ အစည်းအဝေးများကို ပုံမှန်အားဖြင့် လေးလလျှင် တစ်ကြိမ် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ ဝိဇယမင်္ဂလာဓမ္မသဘင်ခန်းမတွင် ကျင်းပရာ၊ ၂၀၀၃-ခုနှစ်အတွင်းတွင် အောက်ဖော်ပြပါအတိုင်း (၄) ကြိမ် ကျင်းပ၍၊ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာများကို ဆွေးနွေးတော်မူကြသည်။

(က) ပဌမအကြိမ်နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ (၄၇) ပါးစုံညီ သတ္တမအစည်းအဝေး (၈-၃-၂၀၀၃ မှ ၉-၃-၂၀၀၃ ထိ)

(ခ) ပဌမအကြိမ်နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ (၄၇) ပါးစုံညီ အဋ္ဌမ အစည်းအဝေး (၆-၇-၂၀၀၃ မှ ၇-၇-၂၀၀၃ ထိ)

(ဂ) ပဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ (၄၇) ပါးစုံညီ နဝမ အစည်းအဝေး (၁၅-၁၁-၂၀၀၃ မှ ၁၆-၁၁-၂၀၀၃ ထိ)

**ပဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေး**- ပြည်ထောင်စုမြန်မာနိုင်ငံတော် ပဌမအကြိမ်နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်မှုအဖွဲ့ တတိယအစည်းအဝေးကို ၁၃၆၄-ခုနှစ်၊ တပေါင်းလဆန်း (၈) ရက် ၁၀-၃-၂၀၀၃ တနင်္လာနေ့မှ တပေါင်းလဆန်း (၁၀) ရက် ၁၂-၃-၂၀၀၃ နေ့အထိ ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပရာ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်မှုအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တ သောဘိတ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မဇောတိက)ကသဘာပတိအဖြစ်ဆောင်ရွက်၍ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တဩဘာသါဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)က အခမ်းအနားမှူးအဖြစ်ဆောင်ရွက်တော်မူသည်။

ထိုအစည်းအဝေးတွင် အစည်းအဝေး၏ ဩဝါဒစရိယဆရာတော်များ ရွေးချယ်တင်မြှောက်ခြင်း (၁) ရပ်၊ မှတ်တမ်းတင်ခြင်း (၉) ရပ်၊ အတည် ပြုခြင်း (၃) ရပ်နှင့် ဖော်ပြလတ္တံ့ပါဆုံးဖြတ်ချက် (၃) ရပ်တို့ကို ချမှတ်တော်မူခဲ့ကြပါသည်။

(၁) ဆုံးဖြတ်ချက်အမှတ် (၁/၂၀၀၃) တိပိဋကဓရရွေးချယ်ရေး စာမေးပွဲစည်းမျဉ်းဖြည့်စွက်သင့်သည်ကို ဖြည့်စွက်ပေးရန် တင်ပြခြင်းနှင့် စပ်လျဉ်း၍ဆုံးဖြတ်ခြင်း၊



**နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ဘွဲ့နှင်းသဘင်**

(၂) ဆုံးဖြတ်ချက်အမှတ် (၂/၂၀၀၃) ပထမပြန် စာမေးပွဲ အခြေခံစည်းမျဉ်း (မူကြမ်း)နှင့် ပြဋ္ဌာန်းချက်နှင့် ပုစ္ဆာထုတ် စည်းမျဉ်း (မူကြမ်း)များ အတည်ပြုရန်တင်ပြခြင်းကို ဆုံးဖြတ်ခြင်း၊

(၃) ဆုံးဖြတ်ချက်အမှတ် (၃/၂၀၀၃) ထေရဝါဒ ဗုဒ္ဓသာသနာပြုဩဝါဒါစရိယ အဖွဲ့ စည်းမျဉ်း ပြင်ဆင်ရန်တင်ပြခြင်းကို ဆုံးဖြတ်ခြင်း၊

ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာ လုပ်ငန်း- နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ သည် ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများဖြေရှင်း ဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ဝိနိစ္ဆယ လက်စွဲ၊ သံဃနာယက လက်စွဲ၊ စသည်တို့နှင့်အညီ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ

ပါဝင်သော နိုင်ငံတော်သံဃ ဝိနိစ္ဆယအဖွဲ့ (၉) ဖွဲ့ကို ဖွဲ့စည်း၍၊ ၂၀၀၃ ခုနှစ်အတွင်းတွင်

(၁) နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့ဖြင့် ဖွဲ့စည်းဆုံးဖြတ်မှု (၁၆) မှု

(၂) နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်အဖွဲ့ဖြင့် ဖွဲ့စည်းဆုံးဖြတ်မှု (၁) မှု

(၃) ဂိုဏ်းပေါင်းစုံပြည်နယ်/တိုင်းသံဃ ဝိနိစ္ဆယအဖွဲ့များ ရွေးချယ်လွှာထားမှု (၈) မှု

(၄) အယူခံပြီး ပြတ်သည့်မှုခင်းများကို ပြီးပြတ်ပြီးသောမှုခင်းအဖြစ်အတည်ပြုမှု (၁၅) မှု

(၅) ၄၇-ပါး စုံညီအဌမနှင့် နဝမ အစည်းအဝေးများသို့ တင်ပြအဆုံးအဖြတ် ခံယူမှု (၁၈) မှု

(၆) ဝိနိစ္ဆယဆိုင်ရာ အထွေထွေမှုခင်းများ (၁၀၇) မှုတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

သာသနာရေးဆိုင်ရာအနေဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် ၂၀၀၃ ခုနှစ် အတွင်းတွင် ပုံမှန်အစည်းအဝေး (၁၇) ကြိမ်၊ ညှိနှိုင်း အစည်းအဝေး (၂၀) ကြိမ်၊ အထူးအစည်းအဝေး (၄) ကြိမ်၊ (၄၇) ပါး စုံညီ အစည်းအဝေး (၃) ကြိမ်ပြုလုပ်၍ ဖော်ပြလတ္တံ့ပါ လုပ်ငန်းကိစ္စရပ်များကို အသေးစိတ် ညှိနှိုင်းဆုံးဖြတ် ဆောင်ရွက်တော်မူခဲ့ပါသည်။

(၁) သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့တွင် အစားထိုးရွေးချယ်ခြင်းနှင့် ထပ်မံရွေးချယ်သတ်မှတ်ခြင်း၊

(၂) သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ဆိုင်ရာ ပြဿနာများနှင့် ပတ်သက်၍စိစစ်ဆောင်ရွက်ခြင်း၊

(၃) ဘုန်းတော်ကြီးကျောင်းအဖြစ် အသိအမှတ်ပြုခြင်း/မပြုခြင်းဆိုင်ရာကိစ္စရပ်များ စိစစ်ဆောင်ရွက်ခြင်း၊

(၄) သာသနာရေးပြဿနာများ စိစစ်ဆောင်ရွက်ခြင်း၊

(၅) စုံစမ်းရေးအဖွဲ့များ အစီရင်ခံစာ တင်ပြလာခြင်းနှင့်စပ်လျဉ်း၍စိစစ်ဆောင်ရွက်ခြင်း၊

(၆) ဂိုဏ်းကူးဂိုဏ်းပြောင်းခြင်းကိစ္စနှင့် စပ်လျဉ်း၍ စိစစ်ဆောင်ရွက်ခြင်း၊

(၇) အခွန်လွတ်သာသနာ့မြေ လျှောက်ထားခြင်းကိစ္စနှင့်စပ်လျဉ်း၍စိစစ်ဆောင်ရွက်ခြင်း၊

(၈) ဗုဒ္ဓသိမ်သမုတ်ရန်နှင့် အထွေထွေကိစ္စရပ်များ စိစစ်ဆောင်ရွက်ခြင်း၊

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် သာသနာတော်ထွန်းကားပြန့်ပွားရေးဆိုင်ရာလုပ်ငန်းများကိုလည်း ဆောင်ရွက်တော်မူခဲ့ပါသည်။ ပြည်တွင်းရေးရာဆောင်ရွက်ချက်များတွင် ထေရဝါဒ ဗုဒ္ဓသာသနာပြုဩဝါဒစရိယဆရာတော်များ အဖွဲ့သည် ရက်သတ္တပတ်စဉ်၊ လစဉ်အစည်းအဝေးများ ကျင်းပ၍ ဆွေးနွေးညှိနှိုင်းခြင်း၊ ဆုံးဖြတ်ခြင်းဆောင်ရွက်ကြပါသည်။ ဘုန်းတော်ကြီးသင်ပညာ သင်ကြားမှုလုပ်ငန်းများ၊ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းများကိစ္စ၊ သာသနာပြုရဟန်းတော်၊ သီလရှင်၊ လူပုဂ္ဂိုလ်များကိစ္စ၊ ပြည်ပရေးရာကိစ္စရပ်များကိုလည်း စိစစ်ဆောင်ရွက်ခဲ့ပါသည်။

ပညာရေးရာအနေဖြင့် ပရိယတ္တိစာမေးပွဲများကို နှစ်စဉ်မပျက်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြီးပမ်းဆောင်ရွက်တော်မူခဲ့ကြသည်။ ဗုဒ္ဓဘာသာစာမူများ စိစစ်ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ ၂၀၀၃ ခုနှစ်အတွင်းတွင် စိစစ်ပြီးစီးခဲ့သည့် စာမူပေါင်းမှာ (၄၈၅) မူဖြစ်ပါသည်။

**တိပိဋကဓရတိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီး-** တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲကြီးသည် အလွန်အဆင့်မြင့်၍ ကာလရှည်ကြာစွာ စစ်မေးရသော စာမေးပွဲကြီးအဖြစ် ၁၉၄၈ ခုနှစ်မှ စတင်ပြီး နှစ်စဉ်မပျက်ကျင်းပခဲ့ရာ၊ ၅၅ ကြိမ်မြောက်တိပိဋကဓရတိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ၁၃၆၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၁၀) ရက် (၂၉-၁၂-၂၀၀၂) တနင်္ဂနွေနေ့မှ ပြာသိုလပြည့်ကျော် (၁၃) ရက် (၁၀-၁-၂၀၀၃)ထိ (၁၃)ရက်ကြာ ရန်ကုန်မြို့၊

ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပခဲ့သည်။

အဆိုပါ စာမေးပွဲတွင် အာဂုံပြန် သံဃာတော် (၆၃) ပါး၊ သဘောရေးဖြေသံဃာတော် (၁၀၂) ပါး ဖြေဆိုတော်မူကြရာ အာဂုံပြန် (၄၉) ပါး၊ သဘောရေးဖြေ၌ (၁၁) ပါး အောင်မြင်တော်မူကြသည်။

ထိုစာအောင် သံဃာတော်များအား ချီးကျူးဂုဏ်ပြုပူဇော်သည့် (၅၅) ကြိမ်မြောက် တိပိဋကစရေ တိပိဋကကောဝိဒချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ်ဆက်ကပ်ပွဲ အခမ်းအနားကို ၁၃၁၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၀) (၂၅-၅-၂၀၀၃) နေ့တွင် ကမ္ဘာအေးကုန်းမြေ၊ မဟာပါသဏလိုဏ်ဂူတော်ကြီး၌ ကျင်းပခဲ့ပြီး၊ အောက်ဖော်ပြပါ သာသနဒ္ဓဇာနည်အပါး (၆၀)ကို အောင်လက်မှတ်ဆက်ကပ်ခဲ့သည်။

(၁) သုတ်သုံးကျမ်းရေးဖြေအောင် ( ၁ ) ပါး
(၂) သုတ်သုံးကျမ်းအာဂုံဆောင် ( ၄ ) ပါး
(၃) ဝိနည်းငါးကျမ်းရေးဖြေအောင် ( ၅ ) ပါး
(၄) ဝိနည်းငါးကျမ်းအာဂုံဆောင် (၁၁) ပါး
(၅) ဝိနည်းရှေ့ပိုင်းရေးဖြေအောင် ( ၅ ) ပါး
(၆) ဝိနည်းရှေ့ပိုင်းအာဂုံဆောင် (၃၄) ပါး

**ဓမ္မာစရိယစာမေးပွဲ-** အစိုးရဓမ္မာစရိယစာမေးပွဲကို ၁၃၆၄ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၂) ရက်နေ့မှ (၁၁) ရက် နေ့အထိ (၃-၄-၂၀၀၃ မှ ၁၂-၄-၂၀၀၃ထိ) ကျင်းပခဲ့ရာ ဖြေဆိုသူ၊ အောင်မြင်သူ ရဟန်း၊ သာမဏေ၊ သီလရှင်များမှာအောက်ဖော်ပြပါ အတိုင်းဖြစ်ပါသည်

| | |
|---|---|
| စာဖြေဌာနပေါင်း | ၃၅ ဌာန |
| ဖြေဆိုသူပေါင်း | ၁၂၅၆၀ ပါး |
| အောင်မြင်သူ | |
| ကျမ်းရင်းသုံးကျမ်းအောင် | ၃၆၈ ပါး |
| နှစ်ကျမ်းအောင် | ၃၄၁ ပါး |
| တစ်ကျမ်းအောင် | ၅၂၆ ပါး |
| ဂုဏ်ထူးအောင် | |
| မြန်မာဂုဏ်ထူး | ၁၀ ပါး |
| ပါဠိဂုဏ်ထူး | ၆ ပါး |

**ပြည်နယ်/တိုင်းအလိုက် ပထမပြန်စာမေးပွဲများ ကျင်းပခြင်း-** ၂၀၀၃ ခုနှစ်၊ ပြည်နယ်/တိုင်း အလိုက် ကျင်းပသော ပထမပြန်စာမေးပွဲတွင် စာဖြေဌာန (၂၃၂) ဌာန၌ စာရင်းသွင်း၊ ဖြေဆို၊ အောင်မြင်ကြသူ စာရင်းချုပ်မှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်။

| အတန်း | စာရင်းသွင်းသူ | ဖြေဆိုသူ | အောင်မြင်သူ |
|---|---|---|---|
| ပထမကြီးတန်း | ၁၅၇၉၅ | ၁၃၂၉၈ | ၇၇၁၅ |
| ပထမလတ်တန်း | ၁၇၉၀၀ | ၁၆၅၅၆ | ၆၉၄၇ |
| ပထမငယ်တန်း | ၃၂၂၁၆ | ၂၇၅၄၄ | ၁၁၉၂၀ |
| စုစုပေါင်း | ၆၅၉၁၁ | ၅၇၃၉၈ | ၂၂၅၈၂ |

**နိကာယ်ငါးရပ်ပါဠိတော်စာမေးပွဲ-** ၂၀၀၃ ခုနှစ် (၁၁) ကြိမ်မြောက် နိကာယ်စာမေးပွဲကို ပြည်နယ်/တိုင်းများရှိ စာဖြေဌာန (၆၄) ဌာန၌ ၁၃၆၃ ခုနှစ်၊ နယုန်လပြည့်ကျော် (၁) ရက်နေ့မှ (၅) ရက်နေ့အထိ (၉-၆-၂၀၀၃ မှ ၁၃-၆-၂၀၀၃ အထိ) ကျင်းပခဲ့ရာ စာရင်းသွင်းသူ (၂၂၂၁၀) ဦး ရှိသည်။

**အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ-** ၂၀-၁၂-၂၀၀၃ မှ ၂၂-၁၂-၂၀၀၃ နေ့အထိကျင်းပခဲ့သောအဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲဖြေဆိုမှု အခြေအနေမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်။

| စာမေးပွဲအမည် | စာရင်းသွင်းသူ | ဖြေဆိုသူ |
|---|---|---|
| အဘိဓမ္မာရိုးရိုး | ၁၆၅၀၀ | ၁၆၀၀၀ |
| အဘိဓမ္မာဂုဏ်ထူး | ၂၅၀၀ | ၂၃၀၀ |
| ဝိသုဒ္ဓိမဂ် | ၁၃၅၀ | ၁၃၀၀ |
| စုစုပေါင်း | ၂၀၃၅၀ | ၁၉၆၀၀ |

**ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲများ-** ၁၃၄၄ ခုနှစ်၊ နယုန်လဆန်း (၁၂) ရက်၊ (၃-၆-၈၂)တွင် ကျင်းပခဲ့သော ပထမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၊ တတိယအကြိမ် အစည်းအဝေးကြီးက ဗုဒ္ဓဘာသာ သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားစေရန်အတွက် နိုင်ငံတော်တစ်ဝန်းလုံးတွင် အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်း



**ဘုန်းတော်ကြီးသင်ပညာကျောင်းမှ ကျောင်းသားသာမဏေကလေးများ စာသင်ယူနေစဉ်**

များဖွင့်လှစ်သင်ကြားပေးရန်၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့အား လေးလေးနက်နက် တိုက်တွန်းကြောင်းဆုံးဖြတ်တော်မူသည်။ ဗုဒ္ဓဘာသာ ကလေးသူငယ်တို့သည် ဗုဒ္ဓဘာသာယဉ်ကျေးမှုနှင့် ကင်းကွာနေသည့်အတွက် သာသနာတော်တည်တံ့အောင် ပစ္စယမဲ့ဖြင့် ထောက်ပံ့ပြုစုနေကြသည့် ဒါယကာဒါယိကာမများတို့၏ ရင်သွေးငယ်များကိုလည်း ဗုဒ္ဓဘာသာ၊ သာသနာတော်ကို ကြည်ညိုလေးစားတတ်သည့် သာသနာ့မျိုးဆက်များဖြစ်လာအောင် ပြုစုပျိုးထောင်ပေးရန်ဟူသော ရည်ရွယ်ချက်ဖြင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲများကို စဉ်ဆက်မပြတ်ကျင်းပခဲ့သည်။

ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းများကို ပြည်နယ်နှင့်တိုင်းအသီးသီးတွင် ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး၊ (၂၀) ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲကိုလည်း ကျင်းပခဲ့ရာ၊ မြို့နယ်ပေါင်း (၂၀၄) မြို့နယ်တွင် စာရင်းပေးသွင်းသူပေါင်း (၁၂၆၉၀၇) ဦး၊ ဖြေဆိုသူပေါင်း (၁၁၂၅၀၀) ဦး၊ ရိုးရိုးအောင်သူပေါင်း (၇၃၇၉) ဦး၊ ဂုဏ်ထူးဖြင့်အောင်မြင်သူပေါင်း (၂၅၃၄) ဦးနှင့် သုံးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူပေါင်း (၈၀၇၁) ဦးရှိသည်။

**နယ်စပ်နှင့် တောင်တန်းဒေသ သာသနာပြုလုပ်ငန်းများ-** မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်နယ်နှင့်တိုင်းအသီးသီးတွင် နယ်စပ်နှင့်တောင်တန်းဒေသ သာသနာပြုလုပ်ငန်းများအတွက် ပြည်နယ် (၇) ခု၊ တိုင်း (၄) တိုင်း၊ မြို့နယ် (၁၀၆) မြို့နယ်၊ သာသနာပြုဌာန (၄၂၃) ဌာနတို့တွင် သာသနာပြုပုဂ္ဂိုလ်များသည် ထေရဝါဒဗုဒ္ဓသာသနာတော်



**သီလရှင်သင် (အမျိုးသမီး) ပညာရေးကျောင်းမှ ကျောင်းသူဆရာလေးများ**

ထွန်းကားပြန့်ပွားရေးကို အားသွန်ကြိုးပမ်း ထမ်းဆောင်နေကြပေသည်။ ထိုသာသနာပြုဌာန များတွင် သာသနာပြုရဟန်းတော် (၅၇၉) ပါး၊ သာသနာပြု သီလရှင် (၃၅) ပါး၊ သာသနာပြုလူ ပုဂ္ဂိုလ် (၈၈၅) ဦးတို့သည် လုပ်ငန်းတာဝန်များကို တာဝန်ယူ ဆောင်ရွက်နေကြသည်။

သာသနာပြုပုဂ္ဂိုလ်များအတွက် ဗုဒ္ဓသာသနာ ပြုလုပ်ငန်းများကို အရှိန်အဟုန်တိုးမြှင့်၍၊ ထိထိ ရောက်ရောက်ဆောင်ရွက်နိုင်ကြစေရန် သာသနာ ပြုရဟန်းတော်သင်တန်း၊ သာသနာပြုသီလရှင် သင်တန်း၊ သာသနာပြုလူပုဂ္ဂိုလ်သင်တန်းစသည်များ ကိုလည်း အခါအားလျော်စွာ ဖွင့်လှစ်သင်ကြားပေး လျက်ရှိသည်။

**ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ-** မြန်မာနိုင်ငံဒေသအရပ်ရပ်ရှိ ဆင်းရဲနွမ်းပါး၍ ပညာ သင်ကြားရန် အခက်အခဲရှိကြသော ရင်သွေးငယ် များအခြေခံပညာတက်မြောက်ကြစေရန်နှင့်ယဉ်ကျေး သိမ်မွေ့သောလူကောင်းလူတော် လူချွန်လူမွန်များ ဖြစ်လာကြစေရန်အတွက် ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားရေးလုပ်ငန်းကို အရှိန်အဟုန်မြှင့် လျက်ဆောင်ရွက်နေရာ၊ ၂၀၀၂-၂၀၀၃ ပညာသင် နှစ်၌ ပြည်နယ်/တိုင်းအသီးသီးရှိ မြို့နယ် (၂၃၄) မြို့နယ်တွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ပေါင်း (၁၀၇၄)ကျောင်းဖွင့်လှစ်နိုင်ခဲ့ပြီး၊ကျောင်းသား ကျောင်းသူပေါင်း (၁၄၉၇၂၂) ဦး ပညာသင်ကြား နိုင်ခဲ့ကြသည်။

အလားတူပင် သီလရှင်သင် (အမျိုးသမီး) ပညာရေးကျောင်းများကိုလည်း သီလရှင်ကျောင်းများ၌ ဖွင့်လှစ်ခဲ့ရာ၊ တစ်ပြည်လုံးတွင် ကျောင်းပေါင်း (၁၆) ကျောင်းရှိ၍ သီလရှင်နှင့် ကျောင်းသူကလေးပေါင်း (၁၇၉၇) ဦး ပညာသင်ကြားလျက်ရှိသည်။

ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု ဗဟိုကြီးကြပ်ရေးအဖွဲ့ ဒသမအကြိမ် အစည်းအဝေးကို (၈-၇-၂၀၀၃) နေ့တွင် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

**ပိဋကတ်တော်များအင်္ဂလိပ်ဘာသာပြန်ဆိုခြင်း-** မြတ်စွာဘုရားသခင်၏ ပိဋကတ်တော်သုံးဖြာ ဓမ္မဒေသနာတော်များ ကမ္ဘာ့နိုင်ငံအသီးသီးသို့ ပြန့်နှံ့ရောက်ရှိထွန်းကားစေရန် ရည်ရွယ်၍ ပိဋကတ်ဘာသာပြန် စာတည်းအဖွဲ့ဝင်များသည် ပါဠိပိဋကတ်တော်များကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့ရာ၊ ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ သံယုတ္တ နိကာယ်၊ အင်္ဂုတ္တရနိကာယ်၊ ခုဒ္ဒကနိကာယ်တို့မှ ကျမ်းစာအုပ် (၁၇) အုပ်နှင့် ပိဋကတ်အညွှန်း (၁) အုပ်၊ ပေါင်း (၁၈) အုပ်ကို အင်္ဂလိပ်ဘာသာဖြင့် ပုံနှိပ်ထုတ်ဝေပြီးဖြစ်သည်။

**ပိဋကတ်တော်ကျမ်းများမှ ဓမ္မဒေသနာတော်များကို တိုင်းရင်းသားဘာသာများဖြင့် ပြန်ဆိုခြင်း-** ပိဋကတ်တော်ကျမ်းများမှ ဓမ္မဒေသနာတော်များ အနက် (၃၈) ဖြာ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဘာသာအခြေခံ၊ ရှေးဦးသင် ဗုဒ္ဓဘာသာသင်ခန်းစာ၊ ဗုဒ္ဓဘာသာတရားတော် (အခြေခံအဆင့်) စာအုပ်များကို ကရင်ဘာသာ၊ ချင်းဘာသာ၊ ကယားဘာသာ၊ ဝဘာသာ၊ ရှမ်းဘာသာတို့ဖြင့်လည်းကောင်း၊ ငါးပါးသီလ၊ ဗုဒ္ဓဝင်အကျဉ်း၊ (၃၈) ဖြာမင်္ဂလာရုပ်စုံစာအုပ်များကို ကချင်ဘာသာဖြင့် လည်းကောင်း ပြန်ဆိုရေးသား၍ ပုံနှိပ်ထုတ်ဝေခဲ့ပြီးဖြစ်သည်။

**ပြည်ပရေးရာ ဆောင်ရွက်ချက်များ-** မြတ်ဗုဒ္ဓဒေသနာတော်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းတွင် ထွန်းလင်းတောက်ပနေသည့်နည်းတူ ပြည်ပနိုင်ငံများသို့လည်းရောက်ရှိ ထွန်းကားပြန့်ပွားလျက်ရှိပါသည်။ ပြည်ပနိုင်ငံများစွာသည် မြန်မာနိုင်ငံမှ ဗုဒ္ဓသာသနာတော်မြတ်ကို အထူးပင်အလေးထားကာ လေးစားရိုသေစွာ ပူဇော်ကြသည်။ ခက်ခဲနက်နဲလှသော ပရိယတ္တိစာမေးပွဲများကို လေ့လာကြသည်။ သိမ်မွေ့ထိမိအနှစ်ရှိလှသော ပဋိပတ္တိတရားတော်မြတ်ကိုလည်း ကိုယ်တိုင်ကိုယ်ကျ ဆည်းပူးအားထုတ်ကြသည်။ တရားစစ် အရသာအနှစ်ကို အမိယူလိုကြသဖြင့် ကြိုးပမ်းအားထုတ်ကြသည်။ နိုင်ငံခြားတိုင်းပြည် အသီးသီးမှ နိုင်ငံခြားသားယောဂီများသည် ထေရဝါဒဗုဒ္ဓ သာသနာတော်၏ အနှစ်သာရများကို သိရှိနားလည်ရန် လက်တွေ့ကျင့်ကြံအားထုတ်လျက်ရှိကြပါသည်။ မြန်မာနိုင်ငံ၌ ထင်ရှားသော ကမ္မဋ္ဌာန်းကျောင်း ရိပ်သာ (၂၅) ခုတွင် ကမ္မဋ္ဌာန်းတရားကျင့်ကြံ အားထုတ်လျက်ရှိသော နိုင်ငံခြားသားယောဂီ အရေအတွက်မှာ (၅၂၅) ဦး ဖြစ်သည်။

**ဘင်္ဂလားဒေ့ရှ်ဘုရားဖူးအဖွဲ့များလာရောက်ခြင်း-** ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဗုဒ္ဓဘာသာဘုရားဖူးအဖွဲ့များသည် ၁၉၉၇ ခုနှစ်တွင် ဘုရားဖူးအကြိမ် (၄) ကြိမ် (၁၇၀) ဦး၊ ၁၉၉၈ ခုနှစ်တွင် (၂) ကြိမ် (၆၆) ဦး၊ ၁၉၉၉ ခုနှစ်တွင် (၂) ကြိမ် (၆၀) ဦး၊ ၂၀၀၀ ပြည့်နှစ်တွင် (၂) ကြိမ် (၆၀) ဦး၊ ၂၀၀၁ ခုနှစ်တွင် (၂) ကြိမ် (၅၆) ဦး၊ ၂၀၀၂ ခုနှစ်တွင် (၂) ကြိမ် (၆၀) ဦး၊ ၂၀၀၃ ခုနှစ်တွင် (၂) ကြိမ် (၆၀) ဦးတို့လာရောက်၍ အောက်မြန်မာပြည်၊ အထက်မြန်မာပြည်ရှိ တန်ခိုးကြီးဘုရားများကို ဖူးမြော်ကြည်ညိုလေ့လာခဲ့ကြသည်။ ဘုရားဖူးအဖွဲ့များကို သာသနာရေးဝန်ကြီးဌာန၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနက ဌာနဆိုင်ရာများနှင့် ညှိနှိုင်း၍ ဘုရားများဖူးမြော်ရေး၊ စားသောက် နေထိုင်ရေးတို့အတွက် စရိတ်ကျခံလျက် အကူအညီပေးခဲ့သည်။

**မဇ္ဈိမဒေသဘုရားဖူးစေလွှတ်ရေးလုပ်ငန်း-** ဗုဒ္ဓဘာသာဝင်များအနေဖြင့် သံဝေဇနီယလေးဌာန

ဖြစ်သော မြတ်စွာဘုရားအလောင်း သိဒ္ဓတ္ထဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ် (နီပေါ နိုင်ငံ)၊ ဂေါတမ မြတ်စွာဘုရားအဖြစ် ပွင့်တော်မူရာ ဗုဒ္ဓဂယာ၊ မြတ်စွာဘုရားတရားဦး ဟောတော်မူရာ မိဂဒါဝုန်နှင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူရာ ကုသိနာရုံ (အိန္ဒိယနိုင်ငံ) တို့သို့ ကုသိုလ်ဇောစိတ်တို့ဖြင့် သွားရောက်ဖူးမြော်ရန် ဆန္ဒပြင်းပြလျက်ရှိကြရာ၊ ဘဲဝေဇနိယလေးဌာနတည်ရှိရာ မဇ္ဈိမဒေသနှင့် အခြားသာသနိက အဆောက်အအုံများ တည်ရှိရာ နေရာများသို့ ဘုရားဖူးသွားလိုသူများ၊ ငွေကြေးအကုန်အကျသက်သာပြီး စိတ်ချမ်းသာမှုရရှိကာ အဆင်ပြေစွာ စနစ်တကျသွားရောက် ဖူးမြော်ကြည်ညိုသဒ္ဓါပွားနိုင်စေရန် ရည်ရွယ်၍ သာသနာရေးဝန်ကြီးဌာနသည် မဇ္ဈိမဒေသဘုရားဖူးစေလွှတ်ရေးလုပ်ငန်းကို ၁၉၉၈ ခုနှစ်မှစ၍ ကြီးကြပ်တာဝန်ယူ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ ၁၉၉၉-၂၀၀၀ ပြည့်နှစ်အတွင်းတွင် ဘုရားဖူးခေါက်ရေ (၂၀) နှင့် ရဟန်းရှင်လူပုဂ္ဂိုလ် ဘုရားဖူးပေါင်း (၆၅၅) ဦးကိုလည်းကောင်း၊ ၂၀၀၀-၂၀၀၁ ခုနှစ်အတွင်းတွင် ဘုရားဖူးခေါက်ရေ (၂၀) နှင့် ဘုရားဖူးဦးရေ (၆၄၀) ဦးကိုလည်းကောင်း၊ မဇ္ဈိမဒေသသို့ ဘုရားဖူးစေလွှတ်ပေးနိုင်ခဲ့သည်။ ၂၀၀၁-၂၀၀၂၊ ၂၀၀၂-၂၀၀၃ ခုနှစ်အတွင်းတွင်လည်း ဘုရားဖူးခေါက်ရေ (၂၀) စီနှင့် ဘုရားဖူး ဦးရေ (၆၅၀) ဦးဘုရားဖူးနိုင်ရန် စီစဉ်ပေးခဲ့သည်။

**အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်**- အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်တွင် သင်ကြားရေးရာပိုင်း၌ ပါမောက္ခချုပ်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တသီလာနန္ဒာဘိဝံသက ဦးဆောင်လျက်၊ ဒုတိယပါမောက္ခချုပ် (သင်ကြား) ဆရာတော်၊ ဒုတိယပါမောက္ခချုပ် (စီမံ)၊ မဟာဌာနမှူး ဆရာတော်များ၊ ဂုဏ်ထူးဆောင်ပါမောက္ခ ဆရာတော်များ၊ ဧည့်ပါမောက္ခများ၊ ကထိကများစသည့်ဖြင့် ဆရာတော်များ၊ သီလရှင်များ၊ လူပုဂ္ဂိုလ်များအသီးသီးပါဝင် ဆောင်ရွက်လျက်ရှိသည်။

တက္ကသိုလ်တွင် ပြဋ္ဌာန်းမည့်သင်ခန်းစာများ၊ သင်ရိုးများ၊ အချိန်ဇယားများကို မဟာဌာနမှူးဆရာတော်များကဦးဆောင်ရေးဆွဲပြီး၊ သင်ကြားရေးပိုင်းဆိုင်ရာ မွမ်းမံသင်တန်းများနှင့် ပါရဂူတန်းဝင်ရောက်ခွင့်အင်္ဂလိပ်စာအထူးမွမ်းမံသင်တန်းများကိုလည်း ဆောင်ရွက်ခဲ့ပါသည်။

၂၀၀၂-၂၀၀၃ ပညာသင်နှစ်တွင် အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်၌ ပညာသင်ကြားကြသော သင်တန်းသားများမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်။

**ဗုဒ္ဓဓမ္မဒီပလိုမာသင်တန်း-ဒီပလိုမာ (ဗုဒ္ဓဓမ္မ)**

| | | | |
|---|---|---|---|
| ပြည်တွင်း | - | ၄၂ | ဦး |
| ပြည်ပ | - | ၃၈ | ဦး |
| B.A (B.Dh) (A) | | | |
| ပြည်တွင်း | - | ၁၆ | ဦး |
| ပြည်ပ | - | ၃၀ | ဦး |
| B.A (B.Dh) (B) | | | |
| ပြည်တွင်း | - | ၁၃ | ဦး |
| ပြည်ပ | - | ၁၈ | ဦး |
| MA (B.Dh) | | | |
| ပြည်တွင်း | - | ၁၇ | ဦး |
| ပြည်ပ | - | ၃ | ဦး |

**သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကျင်းပခြင်း**- ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက် လွတ်လပ်ရေးနေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၃ ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ချီးမြှင့်

အပ်နှင်းကြောင်းထုတ်ပြန်ချက်အရ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းခံရသည့် ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် လူပုဂ္ဂိုလ်များအားသာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ လှူဒါန်းဆက်ကပ်ပူဇော်ပွဲအခမ်းအနားကို ၁၃၆၄ ခုနှစ်၊ တပေါင်းလဆန်း (၁၂) ရက် (၁၄-၃-၂၀၀၃) သောကြာနေ့ နေ့လယ် (၁၂) နာရီတွင် ရန်ကုန်မြို့၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မြင်းခြံမြို့၊ ကိုးဆောင်တိုက်ဆရာတော်ကြီး ဘဒ္ဒန္တသောဘိတအမှူးပြုသောဆရာတော်ကြီးများ၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းခံရသည့်ပြည်တွင်းပြည်ပမှ ဆရာတော် (၂၃၇) ပါး၊ သာသနာ့နွယ်ဝင်သီလရှင် (၁၄) ပါးနှင့် ဘွဲ့ခံလူပုဂ္ဂိုလ် (၃၄) ဦးတို့တက်ရောက်ကြသည်။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခံရသောပုဂ္ဂိုလ်များတွင်

| | | |
|---|---|---|
| အဘိဓဇမဟာရဋ္ဌဂုရု | - | ၂ ပါး |
| အဂ္ဂမဟာပဏ္ဍိတ | - | ၂၁ ပါး |
| စာချဘွဲ့တံဆိပ်တော်ရ | - | ၁၀၈ ပါး |
| သာသနာပြုဘွဲ့ | - | ၉၉ ပါး |
| ကမ္မဋ္ဌာန်းဆရာတော်ဘွဲ့ | - | ၂၀ ပါး |
| တရားဟောဓမ္မကထိကဘွဲ့ | - | ၂ ပါး |
| သာသနနုဂ္ဂဟဘွဲ့ | - | ၃၃ ပါး |

တို့ဖြစ်ပါသည်။

အခမ်းအနားအပြီးတွင် ဘွဲ့ခံဆရာတော်များနှင့် သီလရှင်များအား ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ဝန်ကြီးဌာနများ၊ ရုံးအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် လုပ်သားပြည်သူများက မဟာပါသာဏလိုဏ်ဂူတော်ကြီး ပတ်လည်ရှိ မဏ္ဍပ်များမှ သင်္ကန်း၊ ထီး၊ ဖိနပ်စသော တန်ဖိုးငွေ ၇၆၄၁၁၇၈၅ ကျပ်ရှိ လှူဖွယ်ပစ္စည်းမျိုးစုံတို့ကို လောင်းလှူပူဇော်ကြသည်။

မခင်နွဲ့ဟန်ကြည်

**မလေးရှားနိုင်ငံ၊** ။ မလေးရှားနိုင်ငံ၌ အထူးသဖြင့်ဆာဘားကျွန်းတွင် တရားဥပဒေစိုးမိုးအုပ်ချုပ်မှုအောက်၌ငြိမ်းချမ်းလုံခြုံစွာရှိနေပြီး ဆူပူအုံကြွအကြမ်းဖက်မှုတစ်စုံတစ်ရာမရှိကြောင်း မလေးရှားနိုင်ငံအရှေ့ပိုင်းဆားဘားကျွန်းတွင် ပြုလုပ်သောအစည်းအဝေး၌ မလေးရှားဝန်ကြီးချုပ်မဟာသီမိုဟာမက်က မေလ ၁၆ ရက်နေ့တွင်ပြောကြားခဲ့သည်။ မိမိ ဆားဘားကျွန်းသို့ရောက်ရှိလာရာတွင် ငြိမ်းချမ်းပြီး လုံခြုံမှုရှိနေသည်ကိုတွေ့ရကြောင်း၊ အကြမ်းဖက်ဆူပူလှုပ်ရှားမှု တစ်စုံတရာမရှိကြောင်း သို့ရာတွင် မလေးရှားနိုင်ငံတွင် အထူးသဖြင့်ဆားဘားကျွန်းတွင်အမေရိကန်နိုင်ငံသား ဗုံးခွဲတိုက်ခိုက်သတ်ဖြတ်ရန်စီစဉ်နေသော အကြမ်းဖက်သမားများရှိနေသည်ဆိုသောသတင်းကို ယနေ့ထုတ်သတင်းစာများတွင် မိမိဖတ်ရှုခဲ့ရကြောင်း မဟာသီက ပြောကြားသည်။ အကြမ်းဖက်သမားများသည် မလေးရှားနိုင်ငံ အထူးသဖြင့်ဆားဘားကျွန်းရှိ ပြည်သူများနှင့် ပြည်သူ့အကျိုးစီးပွားများကို ထပ်မံတိုက်ခိုက်ရန် စီစဉ်နေကြောင်း အမေရိကန်ပြည်ထောင်စုက သတိပေးချက်ထုတ်ပြန်ထားသည်။ မလေးရှားနိုင်ငံရှိ ပြည်သူများအား ရက်စက်ယုတ်မာစွာပြုလုပ်ခွင့်မပေးကြောင်း မိမိတို့တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နေကြောင်း မလေးရှားပြည်သူများ လွတ်လပ်စွာ လှုပ်ရှားသွားလာနိုင်



**မလေးရှားဝန်ကြီးချုပ်ရာထူးမှ**
**နုတ်ထွက်ခဲ့သည့် မဟာသီမိုဟာမက်**

သွားလိမ့်မည်ဟု မိမိယုံကြည်ကြောင်း၊ ပြဿနာမရှိကြောင်း ကွာလာလမ်ပူမြို့တွင် မေလ ၂၀ ရက်နေ့က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ဝန်ကြီးချုပ်မဟာသီကပြောကြားသည်။ ရီယက်မြို့နှင့်ကာဆာတလန်မြို့တွင် အကြမ်းဖက်ဗုံးဖေါက်ခွဲ တိုက်ခိုက်မှုများ မကြာမီကဖြစ်ပွားခဲ့ခြင်းနှင့်ပတ်သက်၍ သတင်းထောက်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားရာတွင် အလားတူဖြစ်ရပ်များ မလေးရှားနိုင်ငံ၌ ဖြစ်မလာအောင်လိုအပ်သော အစီအစဉ်များကြိုတင်ပြုလုပ်ထားကြောင်း၊ သို့ရာတွင် အကြမ်းဖက် တိုက်ခိုက်မှုများမှာ အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နှင့် အခြားနိုင်ငံများတွင်လည်း ဖြစ်ပွားနိုင်ကြောင်း မဟာသီက ပြောကြားသည်။

အီရတ်နိုင်ငံအား အမေရိကန်တို့တိုက်ခိုက်ခဲ့ခြင်းကို ဆန့်ကျင်ကန့်ကွက်ခဲ့သော နိုင်ငံများအား အမေရိကန်တို့ ပြန်လည် လက်စားချေမည့် ကိစ္စနှင့်ပတ်သက်၍ ဝန်ကြီးချုပ်မဟာသီအား သတင်းထောက်များက စုံစမ်းတီးခေါက်ကြည့်ခဲ့ကြသည်။ အီရတ်ကို အမေရိကန်ဦးဆောင်တိုက်ခိုက်သော စစ်ပွဲ၌ အမေရိကန်ကို ထောက်ခံအားပေးသော နိုင်ငံများအား အထူးအခွင့်အရေးပေးနိုင်ဖွယ်ရှိသကဲ့သို့ အမေရိကန်ကို မကူညီဘဲ ကသိကအောက်ဖြစ်အောင်ပြုလုပ်ခဲ့သော နိုင်ငံများအားအပြစ်ပေးလိမ့်မည်။ မလေးရှားနိုင်ငံသည်လည်း မကူညီသော စာရင်းတွင် ပါဝင်နေရာ အမေရိကန်အပြစ်ပေးမည်မှာသေချာသည်။ သို့ရာတွင် မည်သို့အပြစ်ပေးမည်ကို မသိပါ။ ဖြစ်လေသမျှကို ရင်ဆိုင်ကြောင်း ဝန်ကြီးချုပ်မဟာသီမိုဟာမက်က ပြောကြားခဲ့သည်။

မိမိရာထူးကိုဆက်ခံမည့်သူမှာ လက်ရှိမူဝါဒများအတိုင်းဆက်လက်အကောင်အထည်ဖေါ်ဆောင်ရွက်

အောက်တိုဘာလတွင် ဝန်ကြီးချုပ် မဟာသီမိုဟာမက်ထံမှ ရာထူးလွှဲပြောင်းယူပြီးနောက် မူဝါဒပြောင်းလဲမည်မဟုတ်ကြောင်း ဒုတိယဝန်ကြီးချုပ် အဗ္ဗဒူလာအာမက်ဘာဒါဝီက စက်တင်ဘာလ ၁၇ ရက်နေ့တွင် ပြောကြားခဲ့သည်။ ၂၂ နှစ်ကြာမျှ အာဏာရရှိခဲ့ပြီးနောက်အနားယူမည့် မဟာသီကို ရည်ညွှန်းလျက် သတင်းစာရှင်းလင်းပွဲ၌ မလေးရှားတွင် ခေါင်းဆောင်ပြောင်းသော်လည်း အစိုးရပြောင်းလဲခြင်းမဟုတ်ကြောင်း နားလည်စေလိုသည်။ မဟာသီမှာ ဝါဒကောင်းများစွာ ချမှတ်၍ ထိုဝါဒများကို အကောင်အထည်ဖေါ်ရန်ကြိုးစွယ်ထားသည်။ ထိုဝါဒများကိုဆက်လက်ပြီးအကောင်အထည်ဖေါ်မည်စသဖြင့် အဗ္ဗဒူလာဘာဒါဝီက ပြောကြားခဲ့သည်။

ယခုအချိန်အထိ အောင်မြင်မှုရရှိနေသော အမျိုးသားတိုးတက်အောင်မြင်မှုများကို ထိန်းသိမ်းရန် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဆောင်ရွက်လုပ်ကိုင်ကြရန် ဝန်ကြီးချုပ် မဟာသီမိုဟာမက်က မလေးရှားပြည်သူများအား အောက်တိုဘာလ ၂၇ ရက်နေ့က ပြောကြားခဲ့သည်။ ကျွန်ုပ်တို့အား ဘဝကောင်းကိုပေးသောဂုဏ်မာနကိုပေးသောလူတိုင်းကလေးစားသော နိုင်ငံကိုတည်ဆောက်ရာတွင် အောင်မြင်မှုရရှိခဲ့ပြီး ဖြစ်ပါသည်။ ဤနည်းလမ်းများကို ကျွန်ုပ်တို့ပြုလုပ်ခဲ့ကြပြီးပြီ။ ဤနည်းကို ကြိုးစားထိန်းသိမ်းရမည်။ သို့မှသာ အနာဂတ်ကာလတွင် မလေးရှားနိုင်ငံဆက်လက်ပြီးဖွံ့ဖြိုးတိုးတက်၍ ပြည်သူတွေဆက်လက်ပြီးသာယာဝပြောကြလိမ့်မည်စသဖြင့် ကွာလာလမ်ပူမြို့တွင်ကျင်းပသော ပြည်သူ့တိုးတက်ရေးပါတီအထွေထွေညီလာခံဖွင့်ပွဲတွင် ဝန်ကြီးချုပ်အဖြစ်မှအနားယူတော့မည့် မဟာသီယာမိုဟာမက်ကပြောကြားခဲ့သည်။အမျိုးသားတိုးတက်ရေးပါတီ (ပီပီဗီ) မှာ နိုင်ငံရေးပါတီ ၁၄ ခုကို စုစည်းထားသောအာဏာရအမျိုးသားတပ်ဦးအဖွဲ့ ဖြစ်သည်။


ရမည့် နည်းလမ်းကိုရှာရမည်စသဖြင့် မဟာသီက ဆက်လက်ပြောကြားခဲ့သည်။ အီရတ်နိုင်ငံအား အမေရိကန်တို့ ကျူးကျော်တိုက်ခိုက်သဖြင့် မလေးရှားနိုင်ငံက ပြင်းပြင်းထန်ထန် ဆန့်ကျင်ဝေဖန်တိုက်ခိုက်ခဲ့ခြင်းကြောင့် အမေရိကန်တို့၏ အပြစ်ပေးအရေးယူမှုကိုခံရဖွယ်ရှိရာ အရေးယူလာပါက မလေးရှားစီးပွားရေးကို ဆိုးဆိုးရွားရွားထိခိုက်လာစေနိုင်သည်ဟု သတင်းစာအချို့က တွက်ဆနေကြသည်။ အီရတ်စစ်ပွဲကို မလေးရှားနိုင်ငံက ပြင်းပြင်းထန်ထန်ဆန့်ကျင်ခဲ့ခြင်းကြောင့် အကြီးမားဆုံးကုန်သွယ်ဖက်နိုင်ငံ အမေရိကန်ပြည်ထောင်စု၏အပြစ်ပေးခြင်းကို ခံလာရဖွယ်ရှိသည်ဟု ဝန်ကြီးချုပ်မဟာသီမိုဟာမက်က မေလ ၁၉ ရက်နေ့တွင် ပြောကြားခဲ့သည်။ အမေရိကန်တို့က မည်သို့ပင်တုံ့ပြန်လက်စားချေစေကာမူ မလေးရှားစီးပွားရေးကို ဆိုးဆိုးရွားရွားထိခိုက်လာမည်မဟုတ်ဟုဆိုသည်။

အမျိုးသမီးများ၏ သာယာဝပြောရေး၊ ဘေးအန္တရာယ်ကင်းရေးနှင့် လုံခြုံရေးတို့ဖွံ့ဖြိုးတိုးတက်ရန်ဆောင်ရွက်မည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ် အဗ္ဗဒူလာအာမက်ဘာဒါဝီက ဩဂုတ်လ ၂၆ ရက်နေ့တွင် အာမခံချက်ပေးခဲ့သည်။ အမျိုးသမီးများဆွေးနွေးပွဲအစီအစဉ်တွင် အမျိုးသမီးများပိုမိုရင်းနှီးရန်နှင့် ဦးစားပေးရန် ချဉ်းကပ်နည်းလမ်းရှာဖို့အစိုးရဌာနများ၊ အထူးသဖြင့် ရဲတပ်ဖွဲ့ကိုပြောကြားလိုက်သည်။ ကွာလာလမ်ပူမြို့၌ကျင်းပသော နိုင်ငံလုံးဆိုင်ရာအမျိုးသမီးညီလာခံ၌ မိန့်ခွန်းပြောကြားရာတွင် အဗ္ဗဒူလာက ထိုသို့ပြောကြားခြင်းဖြစ်သည်။ အလုပ်ခွင်၌ အလုပ်သမားများ၏ လုံခြုံဘေးကင်းသောနည်းလမ်းများကိုလေ့လာရန် ပုဂ္ဂလိကလုပ်ငန်းရှင်များကိုတိုက်တွန်းလိုပါသည်။ အောင်မြင်မှု ရရှိရန် အတူတကွအလုပ်လုပ်ကြဖို့ လိုအပ်သည်စသဖြင့် ဒုဝန်ကြီးချုပ်ကပြောကြားခဲ့သည်။

နိုင်ငံ၏ဝန်ကြီးချုပ်အဖြစ် ၂၂ နှစ်တိုင်တိုင် တာဝန်ထမ်းဆောင်ခဲ့သောအသက် ၇၇ နှစ်ရှိ မဟာသီသည် အနားယူတော့မည်ဖြစ်သည်။ ဤကိစ္စမှာ ကျွန်ုပ်တို့အားလုံး၏ ဆန္ဒဖြစ်သည်။ နိုင်ငံရေးနယ်မှ ကျွန်ုပ်အနားယူသောအခါ ကျွန်ုပ်၏ဆန္ဒလည်းဖြစ်ပါသည်ဟု မဟာသီကပြောကြားသည်။ အခြားနိုင်ငံများ၌မလုပ်ခဲ့သော အရာများကို မလေးရှားကပြုလုပ်ခဲ့သည်။ နိုင်ငံတွင်ရှိသောလူမျိုးစုအသီးသီး၏ပွဲများ ကျင်းပပေးခဲ့သည်။

ရာထူးမှနုတ်ထွက်မည့်ဝန်ကြီးချုပ်မဟာသီမိုဟာမက်က အစိုးရအဖွဲ့ ခေါင်းဆောင်အဖြစ် ဝန်ကြီး ချုပ်သစ်အဗ္ဗဒူလာအာမက်ဘာဒါဝီအား အောက်တိုဘာလ ၃၀ ရက်နေ့ နေ့လယ်ပိုင်းတွင် တရားဝင်လွှဲပြောင်းပေးခဲ့သည်။ ဗဟိုအစိုးရရုံးစိုက်ရာ ပူတရာဂျာယာဒေသရှိ ဝန်ကြီးချုပ်ရုံးဌာနတိုက်ကြီး၏ ပဉ္စမထပ်ရှိဝန်ကြီးချုပ်ရုံးအခန်းတွင် သမိုင်းဝင်အာဏာလွှဲပြောင်းခြင်းအခမ်း အနားကို ကျင်းပခဲ့သည်။ ဒီဇင်ဘာလတွင် အသက် ၆၄ နှစ်ရှိမည့် အဗ္ဗဒူလာသည် ကွာလာလမ်ပူမြို့ရှိ အစိုးရနန်းတော်၌ နိုင်ငံတော်အကြီး အကဲ၏ရှေ့မှောက်၌ မလေးရှားနိုင်ငံ၏ ပဉ္စမမြောက်ဝန်ကြီးချုပ်အဖြစ် စောစောပိုင်းက ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

ယင်းအခမ်းအနားတွင် အစိုးရအတွင်းဝန်ချုပ်ရှေ့မှောက်၌ ဝန်ကြီးချုပ်ရုံး၏တာဝန်များ လွှဲပြောင်း



**အစိုးရအဖွဲ့ခေါင်းဆောင်အဖြစ် ဝန်ကြီးချုပ်ရာထူးကို ဆက်ခံခဲ့သည် အဗ္ဗဒူလာအာမက်ဘာဒါဝီ**

ခြင်းကို အသိအမှတ်ပြုရန် မဟာသီယာကအဗ္ဗဒူလာအား ဖိုင်တွဲကို ပေးအပ်သည်။ အာဏာ လွှဲပြောင်းသောအခမ်းအနားပြီးသည့်နောက် အဗ္ဗဒူလာက မဟာသီနှင့် တံခါးပိတ်အစည်းအဝေး ကျင်းပသည်။ ရုံးပြင်ပတွင် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အဆင့်မြင့်အစိုးရအရာရှိများ၊ ဝန်ကြီးချုပ်ရုံး ဝန်ထမ်းများက မဟာသီအား နှုတ်ဆက်ရန် စောင့်နေကြသည်။ မြောက်ပိုင်းပြည်နယ်၊ ပီနန်၏ မြို့တော်ကပလာဘက်တစ်တွင် ၁၉၃၉ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့က မွေးဖွားသော အဗ္ဗဒူလာသည် ၁၉၉၉ ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့တွင် မဟာသီက ဒုတိယဝန်ကြီးချုပ်အဖြစ်ခန့်ထားခဲ့သည်။ ထိုနေ့မှာ ရာထူးလွှဲပြောင်းသောနေ့ကဲ့သို့ သောကြာနေ့ဖြစ်သည်။ မဟာသီနှင့် ဇနီးတို့ကို အဗ္ဗဒူလာက ကားရှိရာသို့ လိုက်ပို့ရာတွင် လမ်းဘေး၌စောင့်နေကြသောအရာရှိများနှင့် ဝန်ထမ်းများကို မဟာသီက လက်ဆွဲနှုတ်ဆက်ရသည်မှာ မိနစ် ၂၀ ခန့်ကြာခဲ့သည်။

ဝန်ကြီးချုပ်ဟောင်း မဟာသီမိုဟာမက်ချမှတ်ထားခဲ့သော လက်ရှိဖွံ့ဖြိုးရေးဝါဒများကို မိမိဆက်လက်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း မလေးရှားဝန်ကြီးချုပ်သစ် အဗ္ဗဒူလာဘာဒါဝီက နိုဝင်ဘာလ ၁ ရက်နေ့တွင် ပြောကြားခဲ့သည်။ အာဏာကိုချောမွေ့စွာ လွှဲပြောင်းရာတွင် မဟာသီ ၇၇ နှစ်၏ နေရာကိုယူရန် အောက်တိုဘာလ ၃၁ ရက်နေ့က နိုင်ငံ၏ ပဉ္စမမြောက်ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

ဝန်ကြီးချုပ်သစ်အဗ္ဗဒူလာအာမက်ဘာဒါဝီသည် ဘဏ္ဍာရေးဝန်ကြီးရာထူးကို နိုဝင်ဘာလ ၄ ရက်တွင် လွှဲပြောင်းယူခဲ့သည်။ ၂၂ ရက်တိုင်တိုင် နိုင်ငံကို အုပ်ချုပ်ခဲ့ပြီးနောက် ဝန်ကြီးချုပ်အဖြစ်မှ အနားယူသွားသော မဟာသီမိုဟာမက်သည်လည်း ဘဏ္ဍာရေးဝန်ကြီးတာဝန်ကို ထမ်းဆောင်ခဲ့သည်။ ၂၀၀၄ ခုနှစ် စောစောပိုင်းတွင် ကျင်းပမည်ဟု မျှော်လင့်ရသော ရွေးကောက်ပွဲများ ကျင်းပပြီး နောက် ဘဏ္ဍာရေးဝန်ကြီးသစ် ခန့်အပ်မည်ဟု မျှော်လင့် ရသည်။ အဗ္ဗဒူလာသည် ပြည်ထဲရေးဝန်ကြီးရာထူးကိုလည်း ယူထားသည်။ အခြားဝန်ကြီးဌာနအပြောင်းအလဲများ ပြုလုပ်မည်ဟု မျှော်လင့်ရသည်။ ဒီဇင်ဘာလတွင် ဒုတိယဝန်ကြီး ချုပ်တစ်ဦး ရွေးချယ်ခန့်ထားဖွယ်ရှိသော်လည်း မည်သူအရွေးခံရမည်ကို မသိဘဲရှိနေသည်။ ကာကွယ်ရေးဝန်ကြီး နဂျစ်ရာဇတ်မှာ ဒုဝန်ကြီးချုပ်ဖြစ်ရန် ထင်ကြေးပေးခံရသူဖြစ်သည်။ သူ၏ဖခင် ကွယ်လွန်သူအဗ္ဗဒူရာဇတ်မှာ ၁၉၇၀ မှ ၁၉၇၆ ခုနှစ်အထိတာဝန်ထမ်းဆောင်ခဲ့သော မလေးရှား ဒုတိယမြောက်ဝန်ကြီးချုပ်ဖြစ်ခဲ့သည်။ စည်းကမ်းအရ ဒုတိယဝန်ကြီးချုပ်မှာ ညီညွတ်သော မလေးအမျိုးသားအဖွဲ့၏ ဒုတိယဥက္ကဋ္ဌသုံးဦးအနက် တစ်ဦးဖြစ်သည်။ ၁၉၅၇ ခုနှစ်တွင် ဗြိတိန်နိုင်ငံထံမှ လွတ်လပ်ရေးရချိန်မှစ၍ မလေးရှားနိုင်ငံ၏ လူမျိုးစုပေါင်းစုံပါဝင်သော အဖွဲ့ကို ယင်းအဖွဲ့က ခေါင်းဆောင်ခဲ့သည်။ ပြည်တွင်းကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာနဝန်ကြီး မူယခ်ဒင်ယာဆင်မှာ ဒုတိယဝန်ကြီးချုပ်ရာထူးအတွက် နဂျစ်၏ အဓိကပြိုင်ဖက်ဖြစ်သည်ဟု ယုံကြည်ရသည်။

ဗျူရိုကရေစီစနစ်ကို လျော့သွားရန်ဒေသဆိုင်ရာအစိုးရများအား ဝန်ကြီးချုပ်သစ် အဗ္ဗဒူလာအာမက်ဘာဒါဝီက နိုဝင်ဘာလ ၇ ရက်နေ့တွင် ညွှန်ကြားခဲ့သည်။ ကွာလာလမ်ပူမြို့တောင်ဘက် ပူတရာယာဂျာရပ်ကွက်ရှိ ဝန်ကြီးချုပ်၏ရုံးခန်း၌ အဗ္ဗဒူလာက ဝန်ကြီးချုပ်အနေဖြင့် ပထမဆုံးအကြိမ်ပြည်နယ်အသီးသီးမှ အစိုးရအဖွဲ့အကြီးအကဲများအား ညွှန်ကြားချက်ပေးခဲ့ခြင်းဖြစ်သည်။ ညွှန်ကြားချက်မှာချောမွေ့၍ ပိုမိုအကျိုးသက်ရောက်မှုရှိအောင် ပြည်သူ့ဝန်ထမ်းများ၏ အရည်အသွေး

တိုးမြှင့်ရန် အစိုးရ၏ဆန္ဒကို အခြေခံထားကြောင်း အစည်းအဝေးကျင်းပပြီးနောက်ဝန်ကြီးချုပ်ရုံးက ထုတ်ပြန်သောကြေညာချက်၌ ဖော်ပြထားသည်။ လာဘ်စားမှုပပျောက်ရန် အစိုးရ၏ ကြိုးပမ်းမှုများကို ထောက်ခံရန်အာဏာရအမျိုးသားတပ်ဦးအဖွဲ့ဝင်ပါတီများက ကတိပြုထားကြောင်း ဝန်ကြီးချုပ်အဗ္ဗဒူလာအာမက်ဘာဒါဝီက နိုဝင်ဘာလ (၈)ရက်နေ့တွင် ပြောကြားခဲ့သည်။

ယခုအခါ နိုင်ငံအတွင်းရှိ နိုင်ငံရေး ၁၄ ပါတီစုပေါင်းထားသော အာဏာရအမျိုးသားတပ်ဦးအဖွဲ့ကို ၁၉၇၄ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ လာဘ်စားခြင်းမှာ ရှောင်ကြဉ်ရမည့် ရောဂါတစ်ခု ဖြစ်ကြောင်း အပ္ပဒူလာကပြောကြားသည်။ မျိုးဆက်သစ်လူငယ်များအကြားတွင် ပညာတတ်လူငယ်များ ပေါ်ထွက်ရေးကို အစိုးရက အလေးထားမည်ဖြစ်ကြောင်း နိုဝင်ဘာလ (၈) ရက်တွင် ဝန်ကြီးချုပ်အပ္ပဒူလာအာမက်ဘာဒါဝီက ပြောကြားသည်။ နိုင်ငံရေးပါတီ ၁၄ ခုဖြင့် ဖွဲ့စည်းထားသော အမျိုးသားတပ်ဦး ဗဟိုကော်မတီတွင် ယင်းကိစ္စကို ကျယ်ပြန့်စွာ ဆွေးနွေးခဲ့ပြီး သတင်းစာရှင်းလင်းပွဲပြုလုပ်ရာတွင် ပညာတတ်၍ ထူးချွန်လုပ်သားများ ပေါ်ထွက်ရန် ပညာရေးကို အလေးပေးရေးအတွက် ဗဟိုကော်မတီဝင်များက ယင်းကိစ္စကို တင်ပြခဲ့ကြကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

**စီးပွားရေး** - မိမိ၏ အစိုးရအဖွဲ့သည် ၂၀၀၃ ခုနှစ်အလိုက် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှုန်းကို ၄ ရာခိုင်နှုန်းအတိုင်း ဆက်လက်ထိန်းသိမ်းထားနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ဝန်ကြီးချုပ်မဟာသီမိုဟာမက်က ရာထူးတွင်ရှိစဉ်ကပြောကြားသည်။ သို့ရာတွင် စစ်ဖြစ်လာပါက ဖြစ်ပေါ်လာမည့် အခြေအနေတွင် မူတည်နေကြောင်း ကမ္ဘာစစ်ဖြစ်လျှင် အမျိုးသားစီးပွားရေးကို ထိခိုက်လာမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ကပြောကြားခဲ့သည်။ စစ်ဖြစ်ခဲ့သည်ရှိသော် မလေးရှားနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းမှာ ၄ ရာခိုင်နှုန်းရှိ နိုင်မည်မဟုတ်ပါ။ စစ်မဖြစ်ခဲ့လျှင်မူ အစိုးရချမှတ်ထားသော ၄ ရာခိုင်နှုန်းတိုးတက်ရေးရည်မှန်းရာ အောင်မြင်မည်။ သို့သော် အစိုးရသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ဆက်လက်မမှီခိုလို တော့ပါ။ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုကို အာရုံစိုက်လုပ်ဆောင်လိုပါသည်။ ရင်းနှီးမြှုပ်နှံလိုသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များက စီမံကိန်းများကို အကောင်အထည်ဖော်ရာ၌ဖြစ်စေ၊ တိုးချဲ့ရာ၌ ဖြစ်စေ၊ အစိုးရက အားပေးသွားမည်။ သို့မှသာ စီးပွားရေးတွင် ပြည်တွင်းအထောက်အကူပြုမှုက ပြည်ပမှအထောက်အကူထက်ထိရောက်မှုရှိမည်စသဖြင့် ဝန်ကြီးချုပ်မဟာသီက ပြောကြားခဲ့သည်။

မလေးရှားဘဏ် (ပီဘီဘီ)ကို ဟောင်ကောင်၌ ဖွင့်လှစ်ရန် ဘဏ်လိုင်စင်ထုတ်ပေးလိုက်ကြောင်း ဩဂုတ်လ-၁၇ရက်နေ့တွင် ဟောင်ကောင် ငွေကြေးအာဏာပိုင်အဖွဲ့က ကြေညာခဲ့သည်။ ၂၀၀၃ ခုနှစ် ဩဂုတ်လ ၁၅ရက်နေ့တွင် ဘဏ်လိုင်စင် အတည်ဖြစ်သော ပီဘီဘီဘဏ်သည် မလေးရှားတွင် စတင်တည်ထောင်၍ ၁၉၉၀ ပြည့်နှစ် ဩဂုတ်လမှ စတင်၍ ဟောင်ကောင်တွင် စည်းကမ်းတင်းကျပ်သော ဘဏ်လိုင်စင်ထုတ်ပေးခဲ့သည်။

၂၀၀၃ ခုနှစ် ဒုတိယသုံးလပတ်တွင် မလေးရှားပြည်တွင် ထုတ်ကုန်တန်ဖိုး (ဂျီဒီပီ) မှာ ၄ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်လာလိမ့်မည်ဖြစ်သည်။ ဩဂုတ်လ ၂၈ ရက်နေ့က ကွာလာလမ်ပူမြို့တွင် ကျင်းပသော သတင်းစာရှင်းလင်းပွဲ၌ မလေးရှား ဗဟိုဘဏ်အုပ်ချုပ်ရေးမှူးအာခါတာအဇစ်က အောက်ပါအတိုင်း ပြောကြားခဲ့သည်။ ဝန်ဆောင်မှုလုပ်ငန်းမှ

တစ်ပါးကဏ္ဍအားလုံးတွင် တိုးတက်မှုမှာခိုင်မာနေသည်။ ကုန်ပစ္စည်းထုတ်လုပ်ရေးပိုင်း မှာ ၆ ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့သည်။ လယ်ယာစိုက်ပျိုးရေးမှာ ၁၁ ဒသမ ၄ ရာခိုင်နှုန်းနှင့် ဓာတ်သတ္တုတူးဖော်ရေးလုပ်ငန်းမှာ ၁၀ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။ ဝန်ဆောင်မှုပိုင်းတွင် ပထမသုံးလပတ်၌ ၄ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ရာမှ ရောဂါကြောင့် ၂ ဒသမ ၈ ရာခိုင်နှုန်းသို့ တိုးတက်မှုကျဆင်းသွားသည် စသည်ဖြင့် ပြောကြားခဲ့သည်။

ဒေသခံကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ရန် နိုင်ငံခြားလုပ်ငန်းရှင်များအား ဝန်ကြီးချုပ် မဟာသီမိုဟာမက်က အောက်တိုဘာလ ၁ ရက်နေ့တွင် တိုက်တွန်းခဲ့သည်။ ပါဝင်ပူးပေါင်းဆောင်ရွက်ပါက ဒေသခံစက်မှုလုပ်ငန်းများ၏ စွမ်းရည်များ၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အရေးများကို ပိုမိုနားလည်မှု ရရှိလိမ့်မည်စသည်ဖြင့် ပြောကြားခဲ့သည်။ ကမ္ဘာတွင် နိုင်ငံ၏ပြိုင်ဆိုင်မှုအင်အားကောင်းရန် မလေးရှားက စီးပွားရေးတိုးတက်မှုအရင်းအမြစ်ကို ရှာဖွေရမည်ဟု ဝန်ကြီးချုပ်သစ် အဗ္ဗဒူလာအာမက်ဘာဒါဝီက နိုဝင်ဘာလ ၄ ရက်နေ့တွင် ပြောကြားခဲ့သည်။

ခိုင်မာသော အသေးစားစီးပွားရေးအခြေခံများ နေသားတကျရှိလာစေရန် အစိုးရက ဆက်လက်ဆောင်ရွက်သည်ဟု နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ဝန်ကြီးချုပ်ဘာဒါဝီက ပြောကြားသည်။ ပါလီမန်၌ အဋ္ဌမ-မလေးရှားစီမံကိန်း (၂၀၀၁-၂၀၀၅) ကို ပြန်လည်သုံးသပ်ရာ၌ နိုင်ငံ၏ စီးပွားရေး အလားအလာများမှာ နောင် ၂ နှစ်အကြာ၌ နောက်ထပ်တိုးတက်ကောင်းမွန်ရန် ခန့်မှန်းရခြင်းဖြစ်သည်။ ၂၀၀၃ ခုနှစ်တွင် အမျိုးသားထုတ်ကုန် စုစုပေါင်း တိုးတက်မှုနှုန်း ၄ ဒသမ ၅ ရာခိုင်းနှုန်းရှိ၍ နောက် ၂ နှစ်တွင် ၆ ရာခိုင်နှုန်းတိုးတက်ရန် မျှော်လင့်ထားသည်။ ငွေဖောင်းပွမှုလျှော့ပါးရေးနှင့်ဝင်ငွေထွက်ငွေစာရင်းအနေအထား ကောင်းအောင် ဆက်လက်ဆောင်ရွက်မည်။ ယခင်နှစ်များက နှစ်စဉ်ငွေကြေးဖောင်းပွမှုနှုန်း ၂ ရာခိုင်နှုန်းအောက်ရောက်အောင်ဆောင်ရွက်မည်။ မလေးရှား ပြည်ပပို့ကုန်မှာ အောက်တိုဘာလတွင် အမေရိကန်ဒေါ်လာ ၁၉. ၁၆ ဘီလီယံဖိုးအထိ ရောက်ရှိခဲ့ရာ ယခင်နှစ်ထိုအချိန်ကထက် ၄ ဒသမ ၄ ရာခိုင်နှုန်း ကျော်လွန်သွားကြောင်း၊ မလေးရှား စာရင်းဌာန ဒီဇင်ဘာလ ၆ ရက်နေ့တွင် ထုတ်ပြန်ကြေညာသည်။ ဤစာရင်းမှာ ၂၀၀၀ ပြည့်နှစ် စက်တင်ဘာ လမှစ၍ အမြင့်ဆုံးဖြစ်သည်။ ၂၀၀၃ ခုနှစ် အောက်တိုဘာလတွင် သွင်းကုန်စုစုပေါင်း အမေရိကန်ဒေါ်လာ ၇ ဒသမ ၄၂ ဘီလီယံအထိ တိုးတက်ခဲ့သည်။ စက်တင်ဘာလက ၆ ဒသမ ၆၈ ဘီလီယံဖိုးသာ ရှိခဲ့သည်။ ကုန်သွယ်ရေးပိုငွေမှာ ဒေါ်လာ ၁ ဒသမ ၅၈ ဘီလီယံရှိသည်။ ၂၀၀၃ ခုနှစ် ဇန်နဝါရီလနှင့် အောက်တိုဘာလအကြား ပြည်ပပို့ကုန်စုစုပေါင်း တန်ဖိုးမှာ ဒေါ်လာ ၈၁ ဒသမ ၇ ဘီလီယံရှိခဲ့ရာ ၂၀၀၂ ခုနှစ် ထိုအချိန်ကထက် ၅ ဒသမ၄ရာခိုင်နှုန်း ကျော်ခဲ့သည်။

**လယ်ယာစိုက်ပျိုးရေး**- မလေးရှားစပါးစိုက်တောင်သူလယ်သမားများသည် ၂၀၀၂ ခုနှစ်တွင် စပါး ၅၀ ရာခိုင်နှုန်းခန့်တိုးတက်စိုက်ပျိုးခဲ့ကြောင်း စိုက်ပျိုးရေးဒုတိယဝန်ကြီး မိုဒ်ရှရစ်ဖ်အိုမာ၏ ပြောကြားချက်ကို ဇန်နဝါရီလ ၁၉ ရက်နေ့ဒေသထုတ်သတင်းစာတစ်စောင်က ကိုးကားဖော်ပြခဲ့သည်။ မလေးရှားနိုင်ငံမြောက်ပိုင်း ကီပါလာဘာဘက်ခ်မြို့ရှိ လယ်သမားများထံသွားရောက်စဉ် ဒုတိယဝန်ကြီးက အောက်ပါအတိုင်းပြောကြားခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် လယ်သမားများက တစ်ဟက်တာ တစ်ယောက်စာ ပျမ်းမျှစပါး ခုနှစ်တန်ထုတ်လုပ်နိုင်ခဲ့ကြသည်။ ထိုနှစ်မတိုင်မီက တစ်ဟက်တာလျှင် စပါး ၄ ဒသမ ၅ တန် ထွက်ခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် တစ်ဟက်တာတစ်တောလျှင် စပါး ၁၀ တန်ထွက်ရှိရန် အစိုးရကလျာထားသတ်မှတ်ထားသည်။ စပါးထွက်ဖူလုံစေရန် မိမိတို့ကြိုးပမ်းဆောင်ရွက်ရာတွင် ယခုအခါ လယ်သမားများက စပါးပိုမိုထွက်ရှိရေး၏ အကျိုးသက်ရောက်မှု

ကိုနားလည်သဘောပေါက်လာကြပြီဖြစ်သည်။ ယခုကဲ့သို့ စပါးအထွက်တိုးတက်လာခြင်းမှာ လယ်သမားများက ရှေးရိုးစဉ်လာစိုက်ပျိုးခြင်းမှ ပြောင်းလဲပြီး ခေတ်မီနည်းစနစ်များနှင့် ပိုမိုကောင်းမွန်သော ဓာတ်မြေဩဇာများကို အသုံးပြုပြီး စိုက်ပျိုးခဲ့ခြင်းကြောင့်ဖြစ်သည်စသဖြင့် ဒုတိယဝန်ကြီးက ပြောကြားခဲ့သည်။

နိုင်ငံ၏သိပ္ပံနှင့် သုတေသနတွေ့ရှိချက်များကို လယ်ယာစိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အသုံးချသင့်ကြောင်း ဝန်ကြီးချုပ်အပ္ပဒူလာအာမက်ဘာဒါဝီက ကွာလာလမ်ပူမြို့တွင် ပြောကြားခဲ့သည်။ နိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအဖွဲ့၏ အကြိမ် ၃၀ မြောက် အထွေထွေအစည်းအဝေး ဖွင့်ပွဲတွင် ဝန်ကြီးချုပ်၏မိန့်ခွန်းမှ ထုတ်နုတ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။ မြို့နယ်နိမိတ်များရှိ စက်မှုလုပ်ငန်းများသာမက ကျေးလက်ဒေသများရှိ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်တွေ့ရှိချက်များကို အသုံးချသင့်သည်။ ၂၀၂၀ ပြည့်နှစ်တွင် မလေးရှားက ဖွံ့ဖြိုးပြီးနိုင်ငံအဆင့်ရောက်ရှိသောအခါ သိပ္ပံနှင့် စက်မှုနည်းပညာအသုံးချမှုကြောင့် မြို့ပြဒေသများ၌ စက်မှုလက်မှုတိုးတက်ခြင်းနှင့် လယ်ယာလုပ်ငန်းလုပ်ကိုင်နေရသော ကျေးလက်ဒေသများအကြား အလွန်ကွာဟမှုရှိသော အခြေအနေဖြစ်ရန် ကျွန်ုပ်တို့မလိုလားပါ။ ကျေးလက်ဒေသတိုးတက်ရေးကို သိပ္ပံနှင့် စက်မှုနည်းပညာစွမ်းရည်များနှင့် ဆက်စပ်မှုရှိသင့်သည်။ သိပ္ပံနှင့် စက်မှုနည်းပညာအသုံးချမှုမှာ လယ်ယာစိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်နှင့် လယ်သမားများ ဝင်ငွေတိုးတက်ရရှိရန် အထောက်အကူရရှိနိုင်သည်။ လယ်ယာလုပ်ငန်းမှာ အားထားရသော လုပ်ငန်းဖြစ်၍ ဇီဝစက်မှုနည်းပညာအပါအဝင် သိပ္ပံနှင့် စက်မှုနည်းပညာနယ်အသီးသီးမှာ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးကို အထောက်အကူပြုနိုင်သည်။ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးနည်းပညာသည် လည်းလျှင်မြန်သော သတင်းအချက်အလက်ရရှိရန်နှင့် စီးပွားရေးလုပ်ငန်း ထူထောင်ရန် နည်းလမ်းအနေဖြင့် လယ်ယာစိုက်ပျိုးရေးနယ်တွင် ပါဝင်ရန် အခန်းကဏ္ဍရှိသည်။ အောင်မြင်မှုရရှိရန် မိမိတို့ ဆောင်ရွက်ခဲ့သော အပိုင်းကဏ္ဍတွင် လယ်သမားများကိုယ်တိုင်က ယုံကြည်မှုရှိသင့်သည် စသည်ဖြင့် ဝန်ကြီးချုပ်ကပြောကြားခဲ့သည်။

**နိုင်ငံတကာဆက်ဆံရေး** - ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်မှ ၂၅ ရက်နေ့အထိ ကွာလာလမ်ပူမြို့တွင် ကျင်းပမည့် ၁၃ ကြိမ်မြောက် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ (အင်အေအမ်) ထိပ်သီးအစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်မှုများကို ကျေနပ်အားရမှုရှိကြောင်း ဝန်ကြီးချုပ်အပ္ပဒူလာမိုဟာမက်က ဒီဇင်ဘာလ ၂၈ ရက်နေ့က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်ဟု ဇန်နဝါရီလ ၁ ရက်နေ့တွင် ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြသည်။ ထိုသတင်းစာ ရှင်းလင်းပွဲတွင် ထိပ်သီးအစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရာတွင် အလုပ်များနေသောရဲတပ်ဖွဲ့အား ပြည်သူလူထုကပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ဝန်ကြီးချုပ်က တိုက်တွန်းခဲ့သည်။ မျက်မှောက်ခေတ် ခေတ်ပြိုင်ကမ္ဘာ့ပုံစံများတွင် ခေတ်ရွေ့ပြေးနေပြီဖြစ်သော အခြေအနေရှိ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့က လောလောဆယ်ကြုံတွေ့နေရသော စိန်ခေါ်မှုများသည် မတွေးတတ်အောင်ပင်ထူးထွေများပြားလှကြောင်း မဟာသီဟာမိုဟာမက်က ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ စီးပွားရေးဖိုရမ် ဆွေးနွေးပွဲသို့ပေးပို့သော သဝဏ်လွှာ၌ဖော်ပြထားသည်။

တရုတ်နှင့် မလေးရှားနိုင်ငံတို့၏ ဆက်ဆံရေးသည် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုခေတ်သစ်အတွင်း၌ရှိကြောင်း တရုတ်ဒုတိယဝန်ကြီးချုပ်လီဟန်ကျင့် က ကွာလာလမ်ပူမြို့၌ ဇန်နဝါရီလ (၁၁-၁-၂၀၀၃) ရက်နေ့က ပြောကြားသည်။ မစ္စတာလီသည် ကွာလာလမ်ပူမြို့၌ မလေးရှားဒုတိယဝန်ကြီးချုပ် အဗ္ဗဒူလာအာမက်ဘာဒါဝီနှင့် ဆွေးနွေးစဉ်ထိုသို့

ပြောကြားခြင်းဖြစ် သည်။ အမေရိကန်ပြည်ထောင်စုက တစ်နိုင်ငံတည်းသော်လည်းကောင်း မဟာမိတ်နိုင်ငံများနှင့် ပေါင်း၍သော်လည်းကောင်း အီရတ်နိုင်ငံအား တိုက်ခိုက်သောအချိန်နှင့်ကြုံသည် ဖြစ်စေ၊ မကြုံသည်ဖြစ်စေ ၁၃ ကြိမ်မြောက် ဘက်မလိုက်လှုပ်ရှားမှု (အင်အေအမ်) ထိပ်သီးညီလာခံကို မူလအစီအစဉ်အတိုင်း ကွာလာလမ်ပူမြို့တွင်ဖေဖော်ဝါရီလ ၂၀ ရက် နေ့မှ ၂၅ ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်ကြောင်း မလေးရှားနိုင်ငံခြားရေး ဝန်ကြီးဆယက်ဟာမစ်အယ်လ်ဘာက သတင်းထောက်များအား ဖေဖော်ဝါရီလ ၁၁ ရက်နေ့က ပြောကြားသည်။ စစ်ပွဲသည် ပြဿနာများကို ဖြေရှင်းသောနည်းလမ်းမဟုတ်သောကြောင့် အီရတ်ကိုစစ်ပွဲဆင်နွှဲမည့်ကိစ္စတွင် အမေရိကန်ပြည်ထောင်စုနှင့် မဟာမိတ်များအပါအဝင် မည်သည့်အဖွဲ့အစည်းကိုမျှ မလေးရှားကထောက်ခံမည်မဟုတ်ကြောင်းဝန်ကြီးချုပ်မဟာသီမိုဟာမက်က ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ပြောကြားသည်၊ အီရတ်အရေးကိစ္စ နှင့်ပတ်သက်၍ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ (အင်အေအမ်) အဖွဲ့ဝင်များ၏ တစ်ဦးချင်းပြောဆိုသံများမှာ ထိရောက်မှုရှိမည်မဟုတ်သော်လည်း ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံများ စုပေါင်းပြောဆိုသံနှင့် စုပေါင်းရပ်တည်မှုတို့မှာ ထိရောက်မှုရှိနိုင်ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။ (အင်အေအမ်)၏ အဆင့်မြင့် အရာရှိများသည် တီမော၊ စိန့်ဗင့်ဆင့်နှင့် ဟရီနာဒါတို့ကို ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ အဖွဲ့ဝင်များအဖြစ် ထောက်ခံမှုပေးရန် သဘောတူလိုက်ကြကြောင်း မလေးရှားနိုင်ငံခြားရေးဌာန အတွင်းဝန်ချုပ်ဒါတွတ် ကပြောကြားသည်။ ဝါရှင်တန်နှင့် ဘဂ္ဂဒက်စစ် ဖြစ်ပွားရေးဆီသို့ ဦးတည်နေပုံရသော အီရတ်အရေးကိစ္စကို ငြိမ်းချမ်းသော ဖြေရှင်းချက်တစ်ရပ်ရရန် မိမိတို့အခိုင်အမာမျှော်လင့်ထားကြောင်း ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့ (အင်အေအမ်) အဆင့်မြင့် အရာရှိများက ပြောကြားခဲ့ကြသည်။

၁၃ ကြိမ်မြောက်ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ (အင်အေအမ်) ထိပ်သီးအစည်းအဝေး၏ ဝန်ကြီးအဆင့်အစည်းအဝေးက ၄၇ နှစ်သက်တမ်းရှိသော အင်အေအမ်ကိုပြန်လည်သက်ဝင်လှုပ်ရှားအောင်ဆောင်ရွက်ရာတွင် အကျိုးသက်ရောက်စေမည့် နည်းဗျူဟာများကို ဖေဖော်ဝါရီလ ၂၂ ရက်နေ့က ထုတ်ဖော်တင်ပြခဲ့ကြသည်။ ပဋိပက္ခမှုရှောင်ရှားရေးအထောက်အကူဖြစ်စေရန်ပူးပေါင်းဆောင်ရွက်သောနည်းလမ်းကို ရွေးချယ်ပါဟု ၁၃ ကြိမ်မြောက် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ထိပ်သီးအစည်းအဝေးသို့ပေးပို့သော ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကိုဖီအန်နန်၏ သဝဏ်လွှာတွင် ဖော်ပြထားသည်။ စစ်ဆန့်ကျင်ရေးကြိုးပမ်းအားထုတ်ရေးအတွက် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ (အင်အေအမ်) ကို ပြန်လည်သက်ဝင်လှုပ်ရှားပြရန် ဝန်ကြီးချုပ် မဟာသီမိုဟာမက်က ဖေဖော်ဝါရီလ ၂၄ ရက်နေ့က တိုက်တွန်းခဲ့သည်။

ဝန်ကြီးချုပ် မဟာသီမိုဟာမက်သည် ဘရာဇီးနိုင်ငံသို့ မတ်လ ၁၇ ရက်နေ့မှ ၁၈ ရက်နေ့အထိ အလုပ်သဘောသွားရောက်လည်ပတ်ခဲ့သည်။ ယင်းခရီးစဉ်မှာ ဒုတိယအကြိမ်ဖြစ်၍ နှစ်နိုင်ငံ ဆက်ဆံရေးများ၊ ဒေသဆိုင်ရာများနှင့် နိုင်ငံတကာဖွံ့ဖြိုးမှုဆိုင်ရာစိတ်ဝင်စားစရာ အချက်အလက်များကို နှစ်နိုင်ငံခေါင်းဆောင်များအမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ အရှေ့တောင်အာရှနိုင်ငံများ အသင်း အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘောအစည်းအဝေးကို မလေးရှားနိုင်ငံ ကိုတာကင့်နာဘာလူရှီကာရန်ဘူနိုင်းအပန်းဖြေစခန်းတွင် မတ်လ ၁၉ ရက်နေ့က စတင်ကျင်းပသည်။ ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး ဘလပ်ခ်အိုပယ်မှ တစ်ပါးအခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ ထိုအစည်းအဝေးသို့ တက်ရောက်ပြီး အီရတ်အကျပ်အတည်းနှင့် ပတ်သက်၍ အဓိကထားပြီး ဆွေးနွေးခဲ့ကြသည်။

အမေရိကန်နှင့် ဗြိတိန်တို့သည် အီရတ်ပြည်သူများအား ကိုယ်ပိုင်အစိုးရရွေးချယ်ခွင့်ပေးရမည့်အစားအီရတ်၌ အုပ်ချုပ်မှုကောင်စီကို ဖွဲ့စည်းထူထောင်ခြင်းဖြင့် ဒီမိုကရေစီကျင့်စဉ်ကို ဆန့်ကျင်ခဲ့ကြောင်း မလေးရှားဝန်ကြီးချုပ်မဟာသီမိုဟာမက်က ဒမတ်စကတ်မြို့တွင် သတင်းထောက်များအား ဩဂုတ်လ ၁၈ နေ့ကပြောကြားခဲ့သည်။ မဟာသီမှာ ဒမတ်စဂတ်မြို့တွင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကိစ္စကို ဆွေးနွေးလျက်ရှိပြီးနောက် သတင်းစာရှင်းလင်းပွဲကို ကျင်းပခြင်းဖြစ်သည်။

**မူးယစ်ဆေးဝါးပပျောက်ရေး** - လွန်ခဲ့သော နှစ်ပေါင်း ၂၀ တွင် မလေးရှားနိုင်ငံ၌ အသုံးပြုခဲ့သော မူးယစ်ဆေးသုံးစွဲသူများ ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ပိုမိုတိုးတက်ကောင်းမွန်အောင် ပြန်လည်သုံးသပ်မည်ဟု မလေးရှားဒုတိယ ဝန်ကြီးချုပ်အဗ္ဗဒူလာအာမက်ဘာဒါဝီက ဇန်နဝါရီလ ၂၆ ရက်နေ့က ပြောကြားခဲ့သည်။ အစီအစဉ်အချို့အောင်မြင်မှုရှိသော်လည်း မူးယစ်ဆေးစွဲသူ ၇၀ ရာခိုင်နှုန်းနီးပါးမှာ မူလဆေးသုံးစွဲသောအကျင့်ကို ပြန်လည်ပြုလုပ်ခဲ့ကြသည်ဟု ဒုတိယဝန်ကြီးချုပ်က သတင်းထောက်များအားပြောကြားသည်။ နိုင်ငံတစ်ဝန်းရှိ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးစခန်း ၂၈ ခုတွင် ယခုအခါ မူးယစ်ဆေးစွဲသူ တစ်သောင်းခန့်ရှိသည်။

လွန်ခဲ့သော နှစ်ပေါင်း ၂၀ က မိမိတို့ ဆောင်ရွက်ချက်များ၏ အကျိုးသက်ရောက်မှုကို ပြန်လည်သုံးသပ်ရမည်။ နှစ် ၂၀ ကျော်နောက်ပိုင်း အကျိုးသက်ရောက်မှုမရှိလျှင် ပြင်ဆင်ရမည်။ အစိုးရမဟုတ်သော အဖွဲ့အစည်းများ အပါအဝင်မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေး အစီအစဉ်တွင် ပါဝင်ပတ်သက်သူများသည် ပိုမိုထိရောက်သောအကြံအစည်များကို တင်ပြကြရမည်စသဖြင့် ပြည်ထဲရေးဝန်ကြီးလည်းဖြစ်သော အဗ္ဗဒူလာက ပြောကြားခဲ့သည်။

မလေးရှားရဲတပ်ဖွဲ့၏ မူးယစ်ဆေးဝါးဌာနခွဲသည် ဘေးဖြစ်စေတတ်သော မူးယစ်ဆေးဝါး ဥပဒေအရ နိုင်ငံတစ်ဝန်းတွင် ဆေးစွဲသူ ၁၉၀၃ ဦးကို ဇန်နဝါရီလအတွင်းက ဖမ်းဆီးခဲ့သည်ဟု ယင်းဌာနခွဲညွှန်ကြားရေးမှူးမာမက်ဘာလစ်က ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ပြောကြားခဲ့သည်။ ဇန်နဝါရီလအတွင်းက ဘိန်းဖြူ၂၁ ဒသမ ၁ ကီလို ဆေးခြောက် ၃၃၉ ကီလိုအက်စ်တာဆီဆေးပြား ၅၄၂၆၀၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၂၈၃ ကို ဖမ်းဆီးခဲ့သည်။ မလေးရှားမူးယစ်ဆေးဝါးဌာနခွဲသည် နိုင်ငံတကာမူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်ရေးဂိုဏ်းလှုပ်ရှားမှုများ ပပျောက်သွားအောင် အခြားနိုင်ငံများရှိ မူးယစ်ဆေးဝါးဌာနများနှင့်ပါ ပူးပေါင်းဆောင်ရွက်သွားမည်စသဖြင့် ပီနန်ပြည်နယ်ရဲတပ်ဖွဲ့ရုံးသို့ သွားရောက်ခဲ့ပြီးနောက် သတင်းစာရှင်းလင်းပွဲတွင် မာမက်တာလစ်ကယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

မလေးရှားနိုင်ငံတစ်ဝန်းတွင် မူးယစ်ဆေးစွဲသူဟု သံသယရှိသူများနှင့် မူးယစ်ဆေးမှောင်ခိုရောင်းဝယ်သူ ၃၁၇ ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်းထားကြောင်း ရဲမှူးတာဂိုးက ဩဂုတ်လ ၆ ရက်နေ့ တွင်ပြောကြားခဲ့သည်။ နိုင်ငံတစ်ဝန်းတွင် မူးယစ် ဆေးဝါးများကို ဖယ်ရှားဖမ်းဆီးရာ၌ ဘိန်းဖြူ ၁၁၈ ဒသမ ၇ ဂရမ်၊ ဂန်ဂျာ ၄၆၇ ဒသမ ၈ ဂရမ်နှင့် ချောင်းဆိုးပျောက်ဆေးရည် ၄၁၄ ဒသမ ၂ လီတာ ဖမ်းဆီးရမိခဲ့သည်ဟု သတင်းစာရှင်းလင်းပွဲတွင် ရဲမှူးကပြောကြားသည်။ ၂၀၀၃ ခုနှစ်ကို မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှစ်အဖြစ် မလေးရှားအမျိုးသားမူးယစ်ဆေးဝါးကောင်စီက ဩဂုတ်လ ၆ ရက်နေ့တွင်ကြေညာခဲ့သည်။ မလေးရှားနိုင်ငံ၏ အန္တရာယ်ရှိသော မူးယစ်ဆေးဝါးဥပဒေအရ မူးယစ်ဆေးသုံးစွဲသူအား ရင်းဂစ်ငွေ ၅၀၀၀ (အမေရိကန်ဒေါ်လာ ၁၃၁၅) ဒဏ်ရိုက်နိုင်သည်။ သို့မဟုတ် ထောင်ဒဏ်နှစ်နှစ် အပြစ်ပေးနိုင်သည်။ မလေးရှားတွင် မူးယစ်ဆေးစွဲသူ နှစ်သိန်းခန့်ရှိရာ ၂၀၁၅ ခုနှစ်

တွင် မူးယစ်ဆေးဝါးကင်းစင်သော နိုင်ငံအဖြစ် သတ်မှတ်နိုင်ရန် ရည်မှန်းထားသည်။

**ခရီးသွားလုပ်ငန်း-** ၂၀၀၂ ခုနှစ်က မလေးရှားနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ၁၃ ဒသမ ၃ သန်းလာရောက်ခဲ့ရာ ယခင်နှစ်ကထက် ၄ ရာခိုင်နှုန်းမြင့်တက်လာကြောင်း ဖေဖော်ဝါရီလ ၁၁ ရက်နေ့က ထုတ်ပြန်သောဒေသဆိုင်ရာသတင်းများတွင် ဖော်ပြထားသည်။ မလေးရှားနိုင်ငံ၏ကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်းမှ ရင်းဂစ်ငွေ ၆၇ ဘီလီယံရရှိကြောင်း ယဉ်ကျေးမှုအနုပညာနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးအပွဒူလာဒီရာက ပြောကြားသည်။ မကြာမီက (ဆား) ရောဂါဖြစ်ပွားမှုကြောင့် ဆေးဝါးကုသမှုများပြုလုပ်ပြီးနောက် မလေးရှားနှင့်တရုတ် နိုင်ငံတို့က ကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်းတွင် ပိုမိုပူးပေါင်းဆောင်ရွက်သင့်ကြောင်း ယဉ်ကျေးမှု၊ အနုပညာနှင့်ကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်းဌာန မလေးရှား ဒုတိယဝန်ကြီးဝါတိုဖူအပ်ကီအိုက ဩဂုတ်လ ၁ ရက်နေ့တွင် ပြောကြားသည်။

မလေးရှားဒုတိယဝန်ကြီးသည် လေကြောင်းလုပ်ငန်းများ၊ ဟိုတယ်များ၊ ခရီးသွားအေဂျင်စီများနှင့် ကွန်ဖရင့်ဌာနများမှ ကိုယ်စားလှယ်များနှင့်အတူ တရုတ်နိုင်ငံသို့သွားရောက်ခဲ့သည်။ အာရှဒေသ၌ ခရီးသွားလုပ်ငန်းများကို ဖေါ်ထုတ်ရန်နှင့် ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေး အင်အားကောင်းရန် မြို့ကြီးများသို့ မလေးရှားကိုယ်စားလှယ်အဖွဲ့သွားရောက်ခဲ့သည်။ ဖွံ့ဖြိုးသောယဉ်ကျေးမှုနှင့်ထူးခြားသော ဓလေ့ထုံးစံများရှိသော တရုတ်ဧည့်သည်များကို မလေးရှားကကြိုဆိုပါမည်။ တရုတ်ဧည့်သည်များအစစ အလိုဆန္ဒပြည့်ဝအောင် ဆောင်ရွက်ပေးပါမည်ဟု မလေးရှား ဒုတိယဝန်ကြီးကပြောကြားသည်။ ၂၀၀၂ ခုနှစ်က မလေးရှားနိုင်ငံသို့ တရုတ်ခရီးသည် ၅၀၀၀၀ လာရောက်ခဲ့ရာ ၂၀၀၁ ခုနှစ်ကထက် ၂၃ ရာခိုင် နှုန်းပိုခဲ့သည်။

၂၀၀၂ ခုနှစ်တွင် မက်လုံးပေးခြင်းကြောင့် အိန္ဒိယခရီးသည် ၂၃. ၇ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။ ၂၀၀၂ ခုနှစ်တွင်မလေးရှားနိုင်ငံသို့ အိန္ဒိယလုပ်ငန်းရှင်များလာရောက်နှုန်းမှာ ၂၀၀၁ ခုနှစ်ကထက် ၄၇ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။ ၂၀၀၃ ခုနှစ်စောစောပိုင်းက ခရီးသွားလုပ်ငန်းကျဆင်းခဲ့သော် လည်း ကမ္ဘာလှည့်ခရီးသွားတဖြည်းဖြည်း တိုးတက်လာကြောင်း မလေးရှားခရီးသွားဌာနက ဒီဇင်ဘာလ ၂၆ ရက်နေ့ကကြေညာသည်။ ၂၀၀၂ ခုနှစ် ၁၀ လပိုင်းကခရီးသည် ၁၀ ဒသမ ၉၇၆ သန်းလာရောက်ခြင်းနှင့်နှိုင်းယှဉ်ပါက ၂၆ ဒသမ ၁ ရာခိုင်နှုန်းကျဆင်းသွားသော်လည်း မေလမှစ၍ လစဉ် စာရင်းမှာတဖြည်းဖြည်း တိုးတက်လာကြောင်းပြသနေသည်။ ၂၀၀၃ ခုနှစ်ဇန်နဝါရီလနှင့်အောက်တိုဘာလအကြားခရီးသည် ၈ ဒသမ ၁၁ သန်းရောက်လာခဲ့ကြောင်း မလေးရှားခရီးသွားဌာနက ကြေညာခဲ့သည်။ ၂၀၀၃ ခုနှစ်တတိယသုံးလပတ်အတွင်း စက်မှုလုပ်ငန်းရှင် ခရီးသွားလာရေးတိုးတက်အောင်ဆောင်ရွက်ခဲ့သည်။ ထိုကာလအတွင်း အီရတ်စစ်မဖြစ်ပွားခဲ့လျှင်၊ ဆားရောဂါမဖြစ်ပွားလျှင် မလေးရှားနိုင်ငံသို့ ခရီးသည်လာရောက်နှုန်းမှာ အမြင့်ဆုံးဖြစ်လိမ့်မည်။ ဇန်နဝါရီလအတွင်းက ခရီးသည်အများဆုံးလာရောက်ခဲ့ရာ ၁ ဒသမ ၀၇ သန်းရှိခဲ့၍ ဧပြီလတွင်ခရီးသည် ၄၅၉၃၇၄ ဦးလာရောက်ခဲ့ရာ အနည်းဆုံးဖြစ်သည်။ မေလတွင်ခရီးသည် ၅၄၁၂၆၇ ဦးရောက်ရှိခဲ့၍ အောက်တိုဘာလတွင် ခရီးသည် ၉၉၅၈၅၈ ဦးလာရောက်ခဲ့သည်။

ဦးရဲလွင်

**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး (မြန်မာနိုင်ငံ) (၂၀၀၃)** ။ ။ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နှစ်စဉ်ဆောင်ရွက်လျက်ရှိရာ ၂၀၀၃ ခုနှစ်

အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်အောင်မြင်စွာကြိုးပမ်းဆောင်ရွက်နိုင်သည်။

**နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု-** မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ (မူးယစ်ဗဟိုအဖွဲ့) ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ဒုတိယဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးခေါင်းဆောင်သော လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး၊ လာအိုနိုင်ငံအခြေစိုက် နိုင်ငံခြားသံရုံးများနှင့် သံအမတ်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့် သံအရာရှိများပါဝင်သောအဖွဲ့သည် ရှမ်းပြည်နယ် (အရှေ့ပိုင်း) 'ဝ'ဒေသနှင့် မိုင်းလား ဒေသများသို့ ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှ ၁၅ ရက်နေ့အထိ သွားရောက်၍ ဒေသဖွံ့ဖြိုးတိုးတက်မှုများနှင့် ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်မှုများကို လေ့လာသည်။

ကိုးကန့်အထူးဒေသ ၁ ဘိန်းအစားထိုး သီးနှံစိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် စံပြ စိုက်ပျိုးရေးမွေးမြူရေးသင်တန်းကျောင်း ဖွင့်လှစ်ထူထောင်ရန် အလှူငွေ ပေးအပ်လှူဒါန်းပွဲကို ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးထံ အမေရိကန်ဒေါ်လာ၁၂,၀၀၀ပေးအပ်လှူဒါန်းသည်။

နဝမအကြိမ် မြန်မာ-အမေရိကန်နှစ်နိုင်ငံ ပူးပေါင်း၍ ဘိန်းအထွက်နှုန်းခန့်မှန်းတိုင်းတာခြင်းလုပ်ငန်းအတွက် နှစ်နိုင်ငံပူးပေါင်းအဖွဲ့သည် ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုပုံးမြို့နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ်၊ မိုင်းခတ်မြို့နယ်၊ မိုင်းပေါက်မြို့နယ်နှင့် ကျိုင်းတုံမြို့နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်၊ ကွမ်းလုံမြို့နယ် လောက်ကိုင်ဒေသနှင့် 'ဝ'ဒေသတို့သို့ သွားရောက်ပြီး ဘိန်းခင်းများတိုင်းတာလေ့လာခြင်း၊ ဘိန်းသီးနှင့် ဘိန်းရွက်နမူနာများ စုဆောင်း ရယူခြင်း၊ ဒေသခံဘိန်းစိုက်တောင်သူများနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ဖျက်ဆီးထားသောဘိန်းခင်းများအားကြည့်ရှုလေ့လာခြင်းတို့ကို ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှ မတ်လ ၃ ရက်နေ့အထိ ဆောင်ရွက်သည်။

ပြည်တွင်းပြည်ပသတင်းထောက်များ ပါဝင်သော အဖွဲ့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း) နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) နယ်စပ်ဒေသများသို့ မတ်လ ၄ ရက်နေ့မှ ၉ ရက်နေ့အထိ သွားရောက်၍ ဒေသဖွံ့ဖြိုးတိုးတက်မှု၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးနှင့် ဘိန်းအစားထိုးစိုက်ပျိုး မွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုလေ့လာသည်။

၄၆ ကြိမ်မြောက် မူးယစ်ဆေးဝါးကော်မ ရှင်ပုံမှန်အစည်းအဝေးကို ဩစတြေးယားနိုင်ငံ ဗီယင်နာမြို့၌ ဧပြီလ ၈ ရက်နေ့မှ ၁၇ ရက်နေ့အထိ ကျင်းပရာ မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

မြန်မာ-ထိုင်း မူးယစ်ဆေးဝါးထိန်းချုပ်ရေး ပူးပေါင်းဆောင်ရွက်မှု နယ်စပ်ဖြတ်ကျော် (အလွတ်သဘော) ဆွေးနွေးပွဲကို တာချီလိတ်မြို့၌ မေလ ၁၃ ရက်နေ့တွင် ကျင်းပရာ မူးယစ်ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးကော်မရှင်နာ ဒုတိယရဲဗိုလ်ချုပ်ကြီးခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့တက်ရောက်သည်။


တရုတ်-အိန္ဒိယ-လာအို-မြန်မာ-ထိုင်း ငါး နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းတိုက်ဖျက်ဆောင် ရွက်ရေး အစည်းအဝေးကို ထိုင်းနိုင်ငံ ချင်းမိုင်မြို့ ၌ ဇူလိုင်လ ၂၂ ရက်နေ့မှ ၂၄ ရက်နေ့အထိ ကျင်းပရာ မူးယစ်ဗဟိုအဖွဲ့ ဥက္ကဋ္ဌပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ဒေသကြီးနှစ်ခုတို့၏ မူးယစ်ဆေးအကြောအတွင်း ထိုးသွင်းသူများ အန္တရာယ်လျော့ပါးရေးဒုတိယအကြိမ်အစည်းအဝေး ကို ရန်ကုန်မြို့၌ ဩဂုတ်လ ၁၃ ရက်နေ့နှင့် ၁၄ ရက် နေ့တွင်ကျင်းပရာ ကမ္ဘောဒီးယား၊ နီပေါ၊ တရုတ်၊ အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နှင့် အိန္ဒိယနိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့များ တက် ရောက်သည်။

ဒေသတွင်းနားလည်မှု စာချွန်လွှာလက်မှတ်ရေး ထိုးထားသည့် မြန်မာ၊ တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံ ခြောက်နိုင်ငံမူးယစ်ဆေးဝါး ပူးပေါင်း ထိန်းချုပ်ရေးဝန်ကြီးအဆင့် အစည်းအဝေး ကို ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ စက်တင်ဘာလ ၂၃ ရက်နေ့မှ ၂၆ ရက်နေ့အထိ ကျင်းပရာ မူးယစ် ဗဟိုအဖွဲ့ဒုတိယဥက္ကဋ္ဌနယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုး တိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီးခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ် အဖွဲ့တက်ရောက်သည်။ ဝန်ကြီး အဆင့် အစည်းအဝေးမတိုင်မီ အဆင့်မြင့်အရာရှိ များ အစည်းအဝေးကို စက်တင်ဘာလ ၂၃ ရက်နေ့ နှင့် ၂၄ ရက်နေ့တွင်ကျင်းပရာ မူးယစ်ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး မူးယစ်ဗဟိုနှင့်မူးယစ်ဆေးဝါး ပပျောက်ရေးဌာန ဌာနမှူးခေါင်းဆောင်သောမြန်မာ ကိုယ်စားလှယ်အဖွဲ့တက်ရောက်သည်။

၂၄ ကြိမ်မြောက်မူးယစ်ဆေးဝါးဆိုင်ရာ အာဆီယံအဆင့်မြင့်အရာရှိများ အစည်းအဝေးကို ရန်ကုန်မြို့၌အောက်တိုဘာလ ၁၄ ရက်နေ့နှင့် ၁၅ ရက်နေ့များတွင် ကျင်းပရာ မူးယစ်ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက် ရောက်သည်။

ဒုတိယအကြိမ် ASEAN and China Co-operative Operations in Response to Dangerous



**မြန်မာ-တရုတ်နှစ်နိုင်ငံ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အဆင့်မြင့်အရာရှိများ အစည်းအဝေးကျင်းပစဉ်**

Drugs(ACCORD) Task Force (II) (Law Enforcement) အစည်းအဝေးကို ရန်ကုန်မြို့၌ အောက်တိုဘာလ ၁၆ ရက်နေ့တွင် ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်သည်။

မူးယစ်ဗဟိုနှင့် မူးယစ်ဆေးဝါးပပျောက်ရေး ဌာန နိုင်ငံတကာဆက်ဆံရေး ညွှန်ကြားရေးမှူး ခေါင်းဆောင်သော မူးယစ်ဆေးဝါးဆိုင်ရာ အာဆီယံ အဆင့်မြင့်အရာရှိများ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODE)၊တရုတ်၊ ဘယ်လ်ဂျီယံ၊ ဂျာမနီ၊ နယ်သာလန်နှင့် အာဆီယံ အတွင်းရေးမှူး ရုံးမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ အီတလီ၊ ဂျပန်နှင့် အမေရိကန်သံရုံးတို့မှ ကိုယ်စားလှယ်များ ပါဝင်သောအဖွဲ့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နှင့် မူဆယ်မြို့များသို့ အောက်တိုဘာလ ၁၇ ရက်နေ့မှ ၁၉ ရက်နေ့အထိသွားရောက်၍ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းဆောင်ရွက်မှုများ နှင့် ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးလုပ်ငန်းများကို လေ့လာသည်။

မြန်မာ-ရုရှနှစ်နိုင်ငံပူးပေါင်း ဆောင်ရွက် သည့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးဆိုင်ရာ အဆင့်မြင့်သင်တန်းကို ရန်ကုန်မြို့၌ နိုဝင်ဘာလ ၁၀ ရက်နေ့မှ ၁၄ ရက်နေ့အထိ ဖွင့်လှစ်ရာ မြန်မာ နိုင်ငံမှ သင်တန်းသား ၃၄ ဦးတက်ရောက်သည်။

ဆဋ္ဌမအကြိမ် မြန်မာ-ထိုင်း နှစ်နိုင်ငံ မူးယစ် ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာ အဆင့်မြင့် အရာရှိများအစည်းအဝေးကို တောင်ကြီးမြို့၌ နိုဝင်ဘာလ ၁၀ ရက်နေ့နှင့် ၁၁ ရက်နေ့များတွင် ကျင်းပရာ မူးယစ်ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာ နိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့နှင့် ထိုင်းနိုင်ငံ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ် ရဲဗိုလ်ချုပ်ခေါင်းဆောင်သော ထိုင်းကိုယ်စားလှယ် အဖွဲ့တက်ရောက်သည်။

မြန်မာ-တရုတ်နှစ်နိုင်ငံ မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးဆိုင်ရာ အဆင့်မြင့်အရာရှိများ အစည်းအဝေးကို တာချီလိတ်မြို့၌ နိုဝင်ဘာလ ၂၆ ရက် နေ့တွင် ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် တရုတ်ကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

Intercountry Workshop to Develop a Strategy for Prevention of Harm from Substance Abuse အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့၌ ဒီဇင်ဘာ ၂ ရက်နေ့မှ ၄ ရက်နေ့အထိ ကျင်းပရာ မြန်မာ၊ ထိုင်း၊ အိန္ဒိယ ၊ သီရိလင်္ကာ၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်နှင့် မော်လဒိုက်နိုင်ငံတို့မှ ကိုယ်စား လှယ်များတက်ရောက်သည်။

ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင် ရာရုံး (UNODC) နှင့် ပူးပေါင်း၍ တရားမဝင် ဘိန်း စိုက်ပျိုးမှု ၂၀၀၃ ခုနှစ် မြေပြင်စာရင်းကောက်ယူ ရေးလုပ်ငန်းကို ရှမ်းပြည်နယ် (မြောက်ပိုင်း) တွင် ၁၇ မြို့နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တွင် ၁၇ မြို့နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တွင် ၁၀ မြို့နယ် နှင့် 'ဝ' ဒေသတွင် ၆ မြို့နယ် စုစုပေါင်းမြို့နယ် ၅၀ ရှိ ကျေးရွာပေါင်း ၁,၆၉၂ ရွာသို့ ကွင်းဆင်း ဆောင်ရွက်ခဲ့ရာ ဘိန်းစိုက်ဧရိယာပျမ်းမျှ ၆၂,၂၀၀ ဟက်တာဖြစ်ပြီး တစ်ဧကပျမ်းမျှအထွက် နှုန်း ၄. ၀၅ ကီလိုနှင့် ဘိန်းထုတ်လုပ်မှု ပျမ်းမျှ တန် ၈၁၀ ခန့် ဖြစ်ကြောင်းခန့်မှန်းတိုင်းတာရရှိသည်။

**ပန်းတိုင်သစ်စီမံကိန်း**- မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ပပျောက်ရေး ၁၅ နှစ်စီမံကိန်း၏ အစိတ်အပိုင်း တစ်ရပ်အဖြစ် ဘိန်းစိုက်ပျိုးမှု တားဆီးရေးဆိုင်ရာ ပန်းတိုင်စီမံကိန်းကို ဘိန်းအစားထိုးသီးနှံ စိုက်ပျိုး ပြီး ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းပပျောက်စေရေး ရည်ရွယ်ချက်ဖြင့် ၂၀၀၂ ခုနှစ်၊ ဧပြီလမှ စတင် ဆောင်ရွက်သည်။ စီမံကိန်းဝင်နယ်မြေများအဖြစ် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (တောင် ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကချင်ပြည်နယ် နှင့် ကယားပြည်နယ်တို့ကို သတ်မှတ်ထားရာ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ်အတွက် သုံးစွဲရန် ရန်ပုံငွေကျပ် ၉၆ ဒသမ ၅၀၃ သန်းလျာထားသည်။

ပန်းတိုင်စီမံကိန်းအရ ဘိန်းစိုက်ပျိုးခြင်း မပြုတော့သည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကုန်းကြမ်းနှင့် လောက်ကိုင်ဒေသ၊ ဖောင်းဆိုင်းဒေသ၊ မန်ပန်ဒေသများရှိ တောင်သူများအား ဆန်အိတ် ၆,၀၀၀ နှင့် ဆားအိတ် ၁၅၀ ကို ၂၀၀၃ ခုနှစ်၊ ဇွန်လတွင် ထောက်ပံ့ပေးအပ်သည်။ ထို့အတူ ပန်းတိုင်သစ်စီမံကိန်းဝင်နယ်မြေများရှိ တောင်သူများအား ဆောင်းသီးနှံမျိုးစေ့ ဝယ်ယူဖြန့်ဖြူးပေးနိုင်ရေးအတွက် ရန်ပုံငွေကျပ် ၂၅ ဒသမ ၅ သန်းကို ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာတွင် ခွဲဝေထုတ်ပေးသည်။

ပန်းတိုင်သစ်စီမံကိန်း၏ အဓိကအောင်မြင်မှုတစ်ရပ်အဖြစ် စိုက်ပျိုးရန်စုဆောင်းထားသော ဘိန်းမျိုးစေ့များ၊ ဘိန်းသီးခြောက်များကို ဒေသခံဘိန်းစိုက်တောင်သူများကိုယ်တိုင် အာဏာပိုင်များထံ အသိစိတ်ဓာတ်ဖြင့်အပ်နှံခဲ့ရာဘိန်းစိုက်တောင်သူများအပ်နှံသော ဘိန်းမျိုးစေ့များနှင့် ဘိန်းသီးခြောက်များ မီးရှို့ဖျက်ဆီးသည့် အခမ်းအနားကို ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နှင့် ကယားပြည်နယ် လွိုင်ကော်မြို့များ၌၂၀၀၃ခုနှစ်အတွင်းကျင်းပသည်။

**မူးယစ်ဆေးဝါးဆိုင်ရာ အမိန့်ကြော်ငြာစာထုတ်ပြန်ကြေညာခြင်း-** ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာနသည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဥပဒေ ပုဒ်မ ၃၀၊ ပုဒ်မခွဲ (ခ) နှင့် အမျိုးသားဆေးဝါးဥပဒေ ပုဒ်မ ၃၂၊ ပုဒ်မခွဲ (ခ) တို့အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ မူးယစ်ဆေးဝါးနှင့် ဆေးဝါးများ ထိန်းချုပ်ရေးဆိုင်ရာအမိန့်အမှတ် ၁/ ၂၀၀၃ ကို မတ်လ ၇ ရက်နေ့တွင် ထုတ်ပြန်ကြေညာသည်။

**မူးယစ်ဆေးစွဲရောဂါကုသရေး-** မူးယစ်ဗဟိုအဖွဲ့ ဆေးကုသရေးလုပ်ငန်းအဖွဲ့အောက်တွင် ဆေးကုသရေးဌာနကြီး ၂၆ ခု၊ ဆေးကုသရေးဌာနငယ် ၄၀၊ ဘက်စုံပြန်လည်ထူထောင်ရေးစခန်း ၂ ခု၊ စုစုပေါင်း ၆၈ ခုနှင့် ဆေးကုသရေးဌာနမရှိသော ဒေသများတွင် မြို့နယ်ကျန်းမာရေးဌာနများက ဆေးကုသရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင်နယ်စပ်ဒေသရှိ ဆေးရုံ ၄၉ ရုံတွင် မူးယစ်ဆေးစွဲရောဂါကုသရေးဌာနများ တွဲဖက်ထားရှိ ကုသနိုင်ရေးအတွက်လိုအပ်သော သင်တန်းများပို့ချပြီး ဆေးကုသပေးလျက်ရှိသည်။

ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ မူးယစ်ဆေးစွဲရောဂါ ကုသရေးဌာနများတွင် မှတ်ပုံတင်ထားသော အရေအတွက်မှာ 'ဝ' တောင်ပိုင်းတွင် ၃၁၉ ဦး၊ ကျိုင်းတုံတွင် ၉၉ ဦး၊ ရွှေပြည်သာစခန်းတွင် ၁၁၅ ဦး၊ ရန်ကုန်တွင် ၆၃ ဦး၊ လားရှိုးတွင် ၅၅ ဦး၊ မြစ်ကြီးနားတွင် ၅၅ ဦး၊ မန္တလေးတွင် ၆၅ ဦး၊ တာချီလိတ်တွင် ၁၃၉ ဦး၊ တောင်ကြီးတွင် ၇၅ ဦး၊ ရွှေပြည်အေးစခန်းတွင် ၂၀ နှင့် စစ်ကိုင်းတွင် ၉ ဦး စုစုပေါင်း ၁,၀၁၄ ဦး ရှိသည်။ ၁၉၇၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှ ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ မူးယစ်ဆေးစွဲရောဂါကုသရေးဌာနများတွင် မှတ်ပုံတင်ထားသူ စုစုပေါင်းမှာ ၆၄,၁၆၃ ဦးဖြစ်သည်။

**မူးယစ်ဆေးဝါအန္တရာယ်အသိပညာပေးရေး-** မူးယစ်ဗဟိုအဖွဲ့ ကျောင်းသားလူငယ်များအားမူးယစ်ဆေးဝါးများအန္တရာယ်အသိပညာပေးရေးလုပ်ငန်းအဖွဲ့က အခြေခံပညာဆရာ၊ ဆရာမများအတွက် မူးယစ်ဆေးဝါး၊ မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်လျက်ရှိသော ခုခံအားကျဆင်းမှုကူး စက်ရောဂါ (HIV/AIDS) စိတ်ကြွရူးသွပ်ဆေး (ATS) နှင့် ဆေးလိပ်အန္တရာယ် အသိပညာပေးသင်တန်းများကိုနှစ်စဉ် ဖွင့်လှစ်ပို့ချပေးလျှက်ရှိရာ မေလတွင် ဖွင့်လှစ်သော ကော့သောင်းခရိုင် သင်တန်း၌ သင်တန်းသား ၉၈ ဦးကိုလည်းကောင်း၊ ဇူလိုင်လတွင် ဖွင့်လှစ်သော မြဝတီခရိုင်သင်တန်း၌ သင်တန်းသား ၇၂ ဦးကိုလည်းကောင်း၊ ဩဂုတ်လတွင် ဖွင့်လှစ်သော မန္တလေးခရိုင် သင်တန်း၌ သင်တန်းသား ၁၂၈

ဦးကိုလည်းကောင်း၊ အောက်တိုဘာလတွင် ဖွင့်လှစ်သော တာမွေမြို့နယ် သင်တန်း၌ သင်တန်းသား ၂၇ ဦးကိုလည်းကောင်း၊ ဒီဇင်ဘာလတွင် ဖွင့်လှစ်သော မူဆယ်ခရိုင်သင်တန်း၌ သင်တန်းသား ၂၉ ဦးကိုလည်းကောင်း ပို့ချပေးခြင်းကြောင့် သင်တန်းဆင်းဆရာ၊ဆရာမများကအခြေခံပညာကျောင်းသားကျောင်းသူပေါင်း ၁၀၇,၂၂၅ ဦးကို ဆက်လက်ပို့ချပေးပြီးဖြစ်သည်။

**မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း-** မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း၏ လုပ်ငန်းများအရှိန်အဟုန် မြှင့်ဆောင်ရွက်နိုင်ရေးအတွက် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းများ တိုးချဲ့ဖွဲ့စည်းလျက်ရှိရာ ရန်ကုန်တိုင်းတွင် မြို့နယ်အသင်း ၇ သင်း၊ တနင်္သာရီ တိုင်းတွင် ကော့သောင်းခရိုင်အသင်းနှင့် ကရင်ပြည်နယ်တွင် မြဝတီခရိုင်အသင်းတို့ကို ၂၀၀၃ ခုနှစ်အတွင်း တိုးချဲ့ဖွဲ့စည်းသည်။ ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလအထိ တစ်နိုင်ငံလုံး ဖွဲ့စည်းပြီးသော မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းများမှာ တိုင်းအဆင့်၁ သင်း၊ ခရိုင်အဆင့် ၃ သင်းနှင့် မြို့နယ်အဆင့် ၄၃ သင်းဖြစ်ပြီ၊ သာမန်အသင်းဝင် ၇၁၁ ဦးနှင့် ရာသက်ပန်အသင်းဝင် ၁,၆၃၄ ဦး ရှိသည်။

**ဘိန်းခင်းများနှင့် ဘိန်းချက်စခန်းများဖျက်ဆီးခြင်း-** ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပူးပေါင်းကာ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ မူးယစ်ဆေးဝါးများဖြစ်လာမည့် ဘိန်းစိုက်ခင်းများနှင့် မူးယစ်ဆေးဝါးချက်လုပ်သည့် ဘိန်းချက်စခန်းများကို ရှာဖွေဖော်ထုတ်ဖျက်ဆီးသည်။

၂၀၀၂-၂၀၀၃ ခုနှစ် ဘိန်းစိုက်ရာသီတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ၌ ဘိန်းခင်း ၅၇၉ ဒသမ ၉၂ ဧက၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ၌ ဘိန်းခင်း ၄၇၂ ဒသမ ၃၈ ဧက၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ၌ ဘိန်းခင်း ၂၁၄ ဒသမ ၂၀ ဧက၊ ကချင်ပြည်နယ် ၌ ဘိန်းခင်း ၂၄၆ ဒသမ ၃၄ ဧက၊ ကယားပြည်နယ် ၌ ဘိန်းခင်း ၂၃ ဧက၊ မန္တလေးတိုင်း၌ ဧက ၂၀ နှင့် ချင်းပြည်နယ်၌ ဘိန်းခင်း ၄ ဧက စုစုပေါင်း ဘိန်းခင်း ၁,၅၅၉ ဒသမ ၈၅ ဧက ဖျက်ဆီးနိုင်သည်။ ၁၉၈၈-၈၉ ခုနှစ် ဘိန်းစိုက်ရာသီမှ ၂၀၀၂-၂၀၀၃ ခုနှစ် ဘိန်းစိုက်ရာသီအထိ တရားမဝင်စိုက်ပျိုးထားသော ဘိန်းခင်း ၁၅၅,၅၀၉ ဒသမ ၄၆ ဧကကို ဖျက်ဆီးခဲ့ပြီးဖြစ်သည်။

နယ်မြေခံတပ်မတော်သားများ၊ တပ်မတော်ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်မြို့နယ် ဝမ်ကျိုင်းကျေးရွာအနီးရှိ ဘိန်းချက်စခန်းတစ်ခုကို ဇန်နဝါရီလ ၁၂ ရက်နေ့တွင် လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံမြို့နယ် မုံးကျွတ်ကျေးရွာအနောက်ဘက် ကျနူးကျေးရွာအနီးရှိ ဘိန်းချက်၊ စခန်းတစ်ခုကို မတ်လ၂၀ရက်နေ့တွင်လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကုန်းကြမ်း မြို့နယ် ဟုံအိုင်-မော်ထိုက်နယ်မြေရှိ ဘိန်းချက် စခန်းတစ်ခုကို ဧပြီလ ၇ ရက်နေ့တွင်လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် တာကွတ်တီးကျေးရွာအနီးရှိ ဘိန်းချက်စခန်းတစ်ခုကို ဇူလိုင်လ ၁၇ ရက်နေ့တွင်လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ဆီဆိုင်မြို့နယ် ပန်နောင်ကားကျေးရွာအနီးရှိ ဘိန်းချက်စခန်းတစ်ခုနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန္နီမြို့နယ်နမ့်တွင်ဟော်ကျေးရွာ အနီးရှိဘိန်းချက်စခန်းတစ်ခုတို့ကို ဇူလိုင်လ ၁၉ ရက်နေ့တွင် လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် နမ့်ဆောင်ကျဲကျေးရွာနှင့် နမ့်ပြင်းကျေးရွာအကြားရှိ ဘိန်းချက်စခန်းတစ်ခုကိုဇူလိုင်လ၃၁ရက်နေ့တွင်လည်းကောင်း ဝင်ရောက်ရှင်းလင်းဖျက်ဆီးသည်။

ဘိန်းချက်စခန်းစုစုပေါင်း ခုနစ်ခုကို ရှင်းလင်းဖျက်ဆီးခဲ့ရာ ဘိန်းဖြူ ၈၅ ဒသမ ၆ ကီလို၊ ဘိန်းစိမ်း ၄၃၈ ဒသမ ၄၈ ကီလို၊ ဘိန်းညှိမှုန့် ၇၄ ဒသမ ၈

ကီလို၊ ဘိန်းအာနိသင်ပါ မြေကြီးမှုန့် ကီလို ၄၀၊ ဘိန်းချေး ၅၀ ဒသမ ၉၆၅ ကီလို၊ အီသိုင်းအယ်လ်ကိုဟော ၄၀၄ လစ်တာ၊ ဟိုက်ဒရိုကလိုရစ် အက်စစ် ၃၅၉ ဒသမ ၁၂ လစ်တာ၊ အီသာ ၃,၇၀၃ ဒသမ ၁၂ လစ်တာ၊ ဆာလ်ဖျူရစ်အက်စစ် ၃၆ ဒသမ ၄ လစ်တာ၊ ကာဘော်လစ်အက်စစ် ၇၂ ဒသမ ၈ လစ်တာ၊ ကလိုရိုဖောင်း ၄,၄၆၈ ဒသမ ၈၃ လစ်တာ၊ ဖီနိုင်းအက်စစ်တစ်အက်စစ် ၉ လစ်တာ၊ လိုင်ဇော ၂၂ ဒသမ ၇၃ လစ်တာ၊ ဆိုဒီယမ်သတ္တု ၃ ဒသမ ၅ ကီလို၊ ဆိုဒီယမ်ကာဗွန်နိတ် ၃,၀၀၀ ဒသမ ၆ ကီလို၊ အမိုးနီးယမ်းကလိုရိုက် ၂,၉၂၅ ကီလို၊ ပိုတက်စီယမ်ကလိုရိုက် ၅ ကီလို၊ လက်နက်ခဲယမ်းမျိုးစုံ၊ဘိန်းချက်လုပ်သည့်တဲအလုံး ၂၀၊ တရားခံ ၂၁ ဦးနှင့် အရိုးမီးသွေးပါဆက်စပ်ပစ္စည်းအမျိုး ၄၀ တို့ကို သိမ်းဆည်းရမိသည်။

**တားဆီးနှိမ်နင်းမှု-** တပ်မတော်၊မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်အထူးတပ်ဖွဲ့တို့က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းမှုလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။ ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ တားဆီးနှိမ်နင်းခဲ့သော မူးယစ်ဆေးဝါးစုစုပေါင်းမှာ ဘိန်းဖြူ ၉၆၈မှုနှင့် ၅၆၈ ဒသမ ၀၈၂၇ ကီလို၊ ဘိန်း ၃၉၆ မှုနှင့် ၁,၄၈၁ ဒသမ ၄၉၇၈ ကီလို၊ ဘိန်းညို ၂ မှုနှင့် ၁၅၆ ဒသမ ၂၅ ကီလို။ ဘိန်းဆီ ၅၁ မှုနှင့် ၇၃၇၅ ကီလို၊ အဆင့်နိမ့်ဘိန်းအမှု ၂၀၀ နှင့် ၂၀၃ ဒသမ ၈၆၈ ကီလို၊ ဆေးခြောက် ၁၉၄ မှုနှင့် ၈၅ ဒသမ ၂၀၁၆ ကီလို၊ ဖင်ဆီဒိုင်း ၂၄ မှုနှင့် ၇၄ ဒသမ ၆၈ လစ်တာ၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၇၂ မှုနှင့် ၄,၀၀၂,၅၂၄ ပြား၊ အက်ဖီဒရင်း ၄ မှုနှင့် ၃၀၇ ဒသမ ၉၃၂၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးမှုန့် ၈ မှုနှင့် ၈ ဒသမ ၀၆၆၉ ကီလို၊ ချောင်းဆိုးပျောက်ဆေးရည် ၂ မှုနှင့် ၂၆ ဒသမ ၈၃ လစ်တာ၊ ဘိန်းစာမှုန့် ၂၂ မှုနှင့် ၉၈ ဒသမ ၈၂၇၅ ကီလို၊ ကေဖင်း ၁ မှုနှင့် ၀ ဒသမ ၆ ကီလို၊ စိတ်ကြွရူးသွပ်ဆေးခဲ (အိုက်စ်) ၂ မှုနှင့် ၁၀၂ ဒသမ ၀၀၀၁ ကီလို၊ ဖြူပရိနော်ဖင်းထိုးဆေး ၅ မှုနှင့် ၄၀၂ ပုလင်း၊ မော်ဖင်းထိုးဆေး ၂ မှုနှင့် ၆ ပုလင်း၊ ဒိုင်ယာဇီပင်ထိုးဆေး ၁ မှုနှင့် ၁၂ ပုလင်း၊ ဖီနိုင်းအက်စစ်တစ်အက်စစ် ၆၁၀ ဒသမ ၆၁ ကီလို၊ ဒိုင်ယာဆီပင်ဆေးပြား ၉ မှုနှင့် ၂၄၈, ၄၄၅ ပြား၊ အက်စစ်တစ်အင်ဟိုက်ဒရိုက် ၁ မှုနှင့် ၂, ၅၆၂ ဒသမ ၂၄ လစ်တာ၊ ဓာတုဆေးရည် ၁၈ မှုနှင့် ၃၆, ၉၀၃ ဒသမ ၈၃၇ လစ်တာ၊ ဓာတုဆေးရည် ၇, ၀၄၅ ဒသမ ၃၁၂၆ ကီလို၊ မူးယစ်ဆေးဝါးသုံးစွဲပြီး မှတ်ပုံတင်ဆေးကုသမှုခံယူရန် ပျက်ကွက်၍ အရေးယူမှု ၂၈၉ မှု၊ အခြားမူးယစ်ဆေးဝါးအမှု ၉၂ မှု စုစုပေါင်း မူးယစ်ဆေးဝါးအမှု ၂, ၇၆၃ မှုနှင့် တရားခံ (ကျား) ၃, ၁၁၇၊ တရားခံ (မ) ၇၃၁ ဦး စုစုပေါင်း တရားခံ ၃, ၈၄၈ဦး ဖြစ်သည်။

**မူးယစ်ဆေးဝါးများဖျက်ဆီးခြင်း-** မူးယစ်ဗဟိုအဖွဲ့က ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ ၁၇ ကြိမ်မြောက်ဖျက်ဆီးသည့် အခမ်းအနားကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျွန်းတောလမ်းနှင့် ဟံသာဝတီလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်ဝင်းအတွင်းရှိ မီးရှို့ဆောင်၌ ဇွန်လ ၂၆ ရက်နေ့တွင် ကျင်းပသည်။

အခမ်းအနားတွင် မူးယစ်ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က ရှင်းလင်းတင်ပြသည်။ ထို့နောက် မူးယစ်ဆေးဝါး အာနိသင်ပါသော ချောင်းဆိုးပျောက်ဆေးရည် ပုလင်းများကိုလမ်းကြိတ်စက်ဖြင့် ကြိတ်၍ဖျက်ဆီးသည် ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသည့် သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ စမ်းသပ်စစ်ဆေးကြသည်။ ထို့နောက် မူးယစ်ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ သံတမန်အဖွဲ့ ဒုတိယနာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီးတို့က စက်ခလုတ်ကို ဖြိုင်တူနှိပ်၍ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးသည်။

ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ ၁၇ ကြိမ် မြောက်ဖျက်ဆီးသည့် အခမ်းအနားတွင် ဘိန်းဖြူ ၂၁၉ ဒသမ ၂၈ ကီလို၊ ဘိန်း ၁,၁၂၅ ဒသမ ၂၈ ကီလို၊ ဘိန်းညို ၅၁ ဒသမ ၈ ကီလို၊ ဘိန်းဆီ ၀ ဒသမ ၃၀၃ ကီလို၊ ဘိန်းရည် ၇ ဒသမ ၀၄ ကီလို၊ ဆေးခြောက် ၂၇၇ ဒသမ ၃၅၁ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၇, ၆၀၅, ၁၇၃ ပြား၊ အက်ဖီဒရင်း ၁, ၁၅၅ ဒသမ ၁၇၄ ကီလို၊ စိတ်ကြွရူးသွပ်ဆေးမှုန့် ၁၅ ဒသမ ၄၆၇ ကီလို၊ စိတ်ကြွရူးသွပ်ဆေးခဲ (အိုက်စ်) ၁၀၅ ဒသမ ၂ ကီလို၊ ဘိန်းစာမှုန့် ၁ ဒသမ ၄၇၅ ကီလို၊ ကေဖင်း ၆၆ ဒသမ ၀၆ ကီလို၊ အဆင့်နိမ့်ဘိန်း ၄၂ ကီလို၊ ကိုဒင်းပါဆေးရည် ၂၇၀ ဒသမ ၆၆၅ လစ်တာ၊ ဒိုင်ယာစီပင်ဆေးပြား ၃၄၆,၈၂၆ ပြားတို့ကို မီးရှို့ဖျက်ဆီးခြင်းဖြစ်သည်။

မူးယစ်ဆေးဝါးများ၊ ဓာတုဗေဒပစ္စည်းများ နှင့် ဘိန်းမျိုးစေ့များ ဖျက်ဆီးသည့် အခမ်းအနားကို လားရှိုးမြို့ အားကစားကွင်း၌ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပရာ ဘိန်းဖြူ ၁၄၁ ဒသမ ၄၅၉၃၈ ကီလို၊ ဘိန်းမျိုးစေ့ ၈၄၂ ဒသမ ၆၃၂ ကီလိုနှင့် ဓာတုဗေဒပစ္စည်းများကို လည်းကောင်း၊ ဘိန်းမျိုးစေ့များနှင့် မူးယစ်ဆေးဝါးများ ဖျက်ဆီးသည့် အခမ်းအနားကို စစ်တွေမြို့ ဝေသာလီအားကစားကွင်း၌ မေလ ၃၁ ရက်နေ့တွင် ကျင်းပရာ ဘိန်းမျိုးစေ့ ၉,၀၆၃ ဒသမ ၁၅ ကီလို၊ မော်ဖင်း ၁၇၇ ပုလင်း၊ ဖင်ဆီဒိုင်း ၄၈၁ ဒသမ ၅၄ လစ်တာနှင့် ဆေးခြောက် ၀ ဒသမ ၉၄၂၂ ကီလိုတို့ကိုလည်းကောင်း၊ ဘိန်းမျိုးစေ့များနှင့် ဘိန်းသီးခြောက်များ ဖျက်ဆီးသည့် အခမ်းအနားကို ပင်လောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဇူလိုင်လ ၅ ရက်နေ့တွင် ကျင်းပရာ ဘိန်းမျိုးစေ့ ၁, ၄၈၀ ဒသမ ၁၁ ကီလိုနှင့် ဘိန်းသီးခြောက် ၂၃၉ ဒသမ ၉၄ ကီလိုတို့ကိုလည်းကောင်း မီးရှို့ဖျက်ဆီးသည်။


စိုးအောင်

**မောင်မြန်မာ မယ်မြန်မာပြိုင်ပွဲ (၂၀၀၃)။** ။ မြန်မာနိုင်ငံ ကာယဗလနှင့် ကာလအလှအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃ ခုနှစ် မောင်မြန်မာ မယ်မြန်မာပြိုင်ပွဲကို ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

၂၀၀၃ ခုနှစ် မောင်မြန်မာပြိုင်ပွဲ အငယ်တန်းပြိုင်ပွဲသို့ ၁၅ ဦး၊ အကြီးတန်းပြိုင်ပွဲသို့ ကိုးဦးနှင့် မယ်မြန်မာပြိုင်ပွဲသို့ ခုနစ်ဦးပါဝင်ယှဉ်ပြိုင်ကြသည်။ မောင်မြန်မာအငယ်တန်းပြိုင်ပွဲတွင် ပထမဆုကို တင့်နိုင်ကလည်းကောင်း၊ ဒုတိယဆုကို အောင်မျိုးမင်းကလည်းကောင်း၊ တတိယဆုကို အောင်အောင်ကလည်းကောင်း၊ မောင်မြန်မာအကြီးတန်းပြိုင်ပွဲတွင် ပထမဆုကို အောင်ခိုင်ဝင်းကလည်းကောင်း၊ ဒုတိယဆုကို ဇော်ဝမ်းကလည်းကောင်း၊ တတိယဆုကို ထွန်းထွန်းဦးကလည်းကောင်း၊ မယ်မြန်မာပြိုင်ပွဲတွင် ပထမဆုကို မေပွင့်လှိုင်ကလည်းကောင်း၊ ဒုတိယဆုကို အောင်မေဦးကလည်းကောင်း၊ တတိယဆုကို မီမီအောင်ကလည်းကောင်း အသီးသီးဆွတ်ခူးရရှိသည်။

မောင်မြန်မာအငယ်တန်းပြိုင်ပွဲ ပထမဆုကို ကျပ်တစ်သိန်းခွဲ၊ ဒုတိယဆုကို ကျပ်တစ်သိန်း၊ တတိယဆုကို ကျပ်ခုနစ်သောင်း၊ မောင်မြန်မာအကြီးတန်းပြိုင်ပွဲပထမဆုကို ကျပ်နှစ်သိန်း၊ ဒုတိယဆုကို ကျပ်တစ်သိန်းခွဲ၊ တတိယဆုကို ကျပ်တစ်သိန်း၊ မယ်မြန်မာပြိုင်ပွဲ ပထမဆုကို ကျပ်နှစ်သိန်း၊ ဒုတိယဆုကို ကျပ်တစ်သိန်းခွဲ၊ တတိယဆုကို ကျပ်တစ်သိန်း၊ မောင်မြန်မာအငယ်တန်းနှင့် အကြီးတန်းပြိုင်ပွဲတွင် ဆဋ္ဌမဆုအထိနှင့် မယ်မြန်မာပြိုင်ပွဲတွင် သတ္တမဆုအထိ ငွေသားဆုများ ချီးမြှင့်သည်။

မောင်မြန်မာအကြီးတန်းပြိုင်ပွဲ ပထမဆုရ အောင်ခိုင်ဝင်းကို ဖခင် ဦးတင်ဝင်း၊ မိခင် ဒေါ်သိန်းကြည်တို့က ဇေယျာမြို့နယ် ပဒန်းကျေးရွာ၌ မွေးဖွားသည်။ အသက် ၂၂ နှစ်ဖြစ်ပြီး အရပ်အမြင့် ငါးပေခြောက်လက်မရှိသည်။ အောင်ခိုင်ဝင်းသည် ၂၂ ကြိမ်မြောက် အရှေ့တောင်အာရှအားကစား



**၂၀၀၃ ခုနှစ် မောင်မြန်မာအကြီးတန်း ပြိုင်ပွဲတွင် ပထမရသော အောင်နိုင်ဝင်း**

ပြိုင်ပွဲ ကာယဗလမောင်ပြိုင်ပွဲ (ကီလို ၇၀ တန်း) ၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ တတိယဆုရရှိခဲ့သူဖြစ်သည်။

မယ်မြန်မာပြိုင်ပွဲ ပထမဆုရ မေပွင့်လှိုင်ကို ဖခင် ဦးစိန်လွင်၊မိခင် ဒေါ်ခင်စန်းတို့က တောင်ဥက္ကလာပမြို့နယ်၌ မွေးဖွားသည်။ အသက် ၂၃ နှစ်ဖြစ်ပြီး အရပ်အမြင့် ငါးပေငါးလက်မရှိသည်။ ခန္ဓာကိုယ်အချိုးအစားမှာ ရင် ၃၄ လက်မ၊ ခါး ၂၃ လက်မနှင့် တင် ၃၆ လက်မ၊ ကိုယ်အလေးချိန် ၁၂၀ ဖြစ်သည်။ မေပွင့်လှိုင်သည် အင်္ဂလိပ်စာအဓိကဖြင့် ဝိဇ္ဇာဘွဲ့ ရရှိထားပြီး တက္ကသိုလ်ပညာဆက်လက် သင်ကြားလျက်ရှိသည်။

စိုးအောင်

**မြန်မာနိုင်ငံတော်၊ ပြည်ထောင်စု။ ။**

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ၂၀၀၃ ခုနှစ် အတွင်းတိုးတက် ဖြစ်ပေါ်ခဲ့သော ထင်ရှားသည့် အကြောင်းရပ် အချို့ကို အောက်ပါအတိုင်းဖော်ပြပါသည်။

**နိုင်ငံခြားဆက်ဆံရေး**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့သည်တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျန်ဇီမင်း၏ဖိတ်ကြားချက်အရ ဇန်နဝါရီလ ၆ ရက်နေ့မှ ၁၁ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့လည်းကောင်း၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတမစ္စတာချန်ဒတ်လွမ်နှင့်ဇနီးမဒမ်ငုယင် သီဗင်တို့၏ ဖိတ်ကြားချက်အရ မတ်လ ၁၅ ရက်နေ့မှ ၁၇ ရက်နေ့အထိ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံသို့လည်းကောင်း၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတမစ္စတာခမ် တေးဆီဖန်ဒုံနှင့် ဇနီးမဒမ်သောင်ဗန်တို့၏ဖိတ် ကြားချက်အရ မေလ ၅ ရက်နေ့မှ ၉ ရက်နေ့အထိ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံသို့လည်းကောင်း ချစ်ကြည်ရေး ခရီးသွားရောက်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံဝန်ကြီးချုပ်ဒေါက်တာသက်ဆင်ရှင်နာဝပ်သည်ဖေဖော်ဝါရီလ ၉ ရက်နေ့မှ ၁၀ ရက်နေ့အထိ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အလုပ်သဘော အလည်အပတ်ခရီးလာရောက်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဖိတ်ကြားချက်အရ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာခေါင်းဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည်မတ်လ၁၉ရက်နေ့မှ၂၁ရက်

နေ့အထိ ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ တရားဝင်ချစ်ကြည်ရေးခရီးလာရောက်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား မြန်မာနိုင်ငံကအိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပသည့် ကမ္ဘောဒီးယား-လာအို-မြန်မာ-ထိုင်း လေးနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နည်းဗျူဟာအကောင်အထည်ဖော်ရေးထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ရန်ကုန်မြို့၌ရောက်ရှိနေကြသော ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်မစ္စတာဆမ်ဒက်ဟွန်ဆင်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်မစ္စတာ ဘွန်ညံဗိုရာချစ်နှင့်ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်တို့သည် နိုဝင်ဘာလ ၁၁ ရက်နေ့တွင် လာရောက်တွေ့ဆုံ ဂါရဝပြုနှုတ်ဆက်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ရောက်ရှိနေသောတရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော် ကောင်စီဒုတိယဝန်ကြီးချုပ်မစ္စတာလီလန်ချင်းနှင့်အဖွဲ့အား ဇန်နဝါရီလ ၁၅ ရက်နေ့တွင်လည်းကောင်း၊ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General Somdhat Attanand နှင့်အဖွဲ့အား ဇန်နဝါရီလ၃၁ရက်နေ့တွင်လည်းကောင်း၊



**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်**

ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး H.E.Sr.Lt. Gen.Pham Van Tra နှင့်အဖွဲ့အား ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင်လည်းကောင်း၊ ထိုင်းနိုင်ငံမဟာ ချက်ကရီသီရိဒုံ မင်းသမီးအား မတ်လ ၁၀ရက်နေ့တွင်လည်းကောင်း၊ အာဆီယံအတွင်းရေးမှူးချုပ် Mr.Ong Keng Yong အား မတ်လ ၃၁ ရက်နေ့တွင်လည်းကောင်း၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာအင်နံဟတ်ဆန်ဝီရာယုဒ အား ဧပြီလ ၂ ရက်နေ့တွင် လည်းကောင်း၊ ဂျပန်နိုင်ငံအောက်လွှတ်တော်အမတ် ဝန်ကြီးချုပ်ဟောင်း H.E.Mr.Yoshiro Mori အား ဧပြီလ ၃၀ ရက်နေ့တွင်လည်းကောင်း၊ အိန္ဒိယသမ္မတနိုင်ငံ ရေတပ်မတော်မှ Chairman Chiefs of Staff Committee and Chief of Naval Staff Indian Navy,Admiral Madhvendra Singh (PVSM, AVSM,ADC) ခေါင်းဆောင်သည့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား စက်တင်ဘာလ ၅ ရက်နေ့တွင်လည်းကောင်း၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ၏အထူးကိုယ်စားလှယ် H.E.Mr.Ali Alatas အားစက်တင်ဘာလ ၂၃ ရက်နေ့တွင် လည်းကောင်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်၏အထူး ကိုယ်စားလှယ် ထိုင်းနိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E.Dr. Surakiart Sathirathai အား စက်တင်ဘာလ ၂၅ ရက်နေ့တွင်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံယူနန်ပြည်နယ် ကွန်မြူ နစ်ပါတီအတွင်းရေးမှူး Mr.Bai Enpei နှင့်အဖွဲ့ အားနိုဝင်ဘာလ ၁၄ ရက်နေ့တွင်လည်းကောင်း၊ ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီး General Thammarak Isarangura နှင့်အဖွဲ့အား နိုဝင်ဘာလ ၂၆ရက်နေ့တွင်လည်းကောင်း အသီးသီးလက်ခံတွေ့ဆုံသည်။

### လမ်းတံတားတည်ဆောက်ရေးလုပ်ငန်းများ

ဝါးခယ်မတံတားဖွင့်ပွဲကို အဆိုပါတံတား အနီးရှိ မင်္ဂလာမဏ္ဍပ်၌ ဇန်နဝါရီလ ၅ ရက်နေ့တွင် ကျင်းပသည်။ ဝါးခယ်မတံတားပင်မတံတားအပေါ်ထည်သည်ဘေလီကြိုးတံတားဖြစ်ပြီး ချဉ်းကပ်တံတားအပေါ်ထည်သည်သံကူကွန်ကရစ်ရက်မနှင့်ကြမ်းခင်းအမျိုးအစားဖြစ်သည်။ တံတားအုတ်မြစ်နှင့်အောက်ခြေကိုလွန်တူးသံကူကွန်ကရစ်ဘိုးပိုင်နှင့်သံကူကွန်ကရစ်တိုင်များဖြင့် တည်ဆောက်ထားသည်။ ပင်မဘေလီကြိုးတံတားအရှည်ပေ ၆၀၀၊ ရန်ကုန်ဘက်ကမ်း ချဉ်းကပ်တံတားအရှည်ပေ ၁,၂၆၀၊ ဝါးခယ်မဘက်ကမ်း ချဉ်းကပ်တံတားအရှည်ပေ ၁,၁၆၀ စုစုပေါင်းအရှည်ပေ ၃,၀၂၀ ရှိပြီး ဝါးခယ်မမြို့ဝါးခယ်မမြစ် အရှေ့ဘက်ကမ်းရွာလယ်ရပ်ကွက်နှင့်အနောက်ဘက်ကမ်းထော်ကန္တတ်ရပ်ကွက်တို့ကို ဆက်သွယ်တည်ဆောက်ထားသည်။ ရွာလယ်ရပ်ကွက်ဘက်ခြမ်း ချဉ်းကပ်လမ်းပေ ၁,၅၀၀ နှင့် ထော်ကန္တတ်ရပ်ကွက်ဘက်ခြမ်းချဉ်းကပ်လမ်းပေ ၁,၀၄၀ ရှိသည်။ တံတားတွင်ယာဉ်သွားလမ်းအကျယ် ၂၄ ပေနှင့်တစ်ဖက်လျှင် လေးပေစီကျယ်သော လူသွားလမ်းပါရှိသည်။ ပင်မတံတားအောက် ရေလမ်းကင်းလွတ်နယ်မြေအကျယ်ပေ ၅၈၀ နှင့် အမြင့် ၄၆ ပေရှိသည်။ ယာဉ်တစ်စီးချင်းခွင့်ပြုတန် ၆၀ ဖြစ်သည်။

စစ်တောင်းတံတား (ရွှေကျင် - မဒေါက်) ဖွင့်ပွဲကို အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ကျင်းပသည်။ စစ်တောင်းတံတားအနီးရှိ (ရွှေကျင်-မဒေါက်)ကို ရွှေကျင်မြို့နှင့်မဒေါက်မြို့အကြား စစ်တောင်းမြစ်ကိုဖြတ်ပြီးတည်ဆောက်ထားသည်။ တံတားအပေါ်

ထည်မှာကြို့တင်အားဖြည့်ကွန်ကရစ်နှင့် သံကူကွန်ကရစ်ဖြစ်ပြီး အောက်ထည်မှာသံကူကွန်ကရစ်အမျိုးအစားဖြစ်သည်။ တံတားအုတ်မြစ်တိုင်များ ကို သံကူကွန်ကရစ် လွန်တူးပိုင်များနှင့် သံကူကွန်ကရစ်ပိုင်များဖြင့်တည်ဆောက်ထားသည်။ တံတားအရှည်ပေ ၁၅၀၀ ရှိပြီးယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ လူသွားလမ်းအကျယ်တစ်ဖက်လျှင် လေးပေစီ၊ တံတားအောက်ရေလမ်းကင်းလွတ်နယ် အကျယ်ပေ ၈၀ နှင့်အမြင့် ၁၂ ပေရှိသည်။ ယာဉ် တစ်စီးချင်းခွင့်ပြုအလေးချိန်တန် ၆၀ ဖြစ်သည်။

ရဲနွယ်တံတားဖွင့်ပွဲကို အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပသည်။ တံတားသည် ညောင်လေးပင်မြို့နယ်ပြွန်တန်ဆာမြို့၌ တည်ရှိပြီးမြန်မာနိုင်ငံတွင် အမျိုးသမီးအင်ဂျင်နီယာများ ပထမဆုံးဆောက်လုပ်သည့်တံတားဖြစ်သည်။ တံတားအပေါ်ထည်ကိုကြို့တင်အားဖြည့် သံကူကွန်ကရစ်ရက်မနှင့် သံကူကွန်ကရစ်ကြမ်းခင်း၊ အောက်ထည်ကိုသံကူကွန်ကရစ်တံတားအုတ်မြစ်တိုင်များကို သံကူကွန်ကရစ်ပိုင်တိုင်များဖြင့် တည်ဆောက်ထားသည်။ တံတားအရှည်ပေ ၃၆၀၊ အကျယ်ပေ ၆၀၊ ယာဉ်သွားလမ်းအကျယ် ၄၈ ပေလေးလမ်းသွား၊ လူသွားလမ်းအကျယ်တစ်ဖက်လျှင် ခြောက်ပေစီရှိပြီး လက်ရန်းပါရှိသည်။ တံတားအောက်ရေလမ်းကင်းလွတ်နယ်အကျယ်ပေ ၅၀ နှင့်အမြင့်ရှစ်ပေဖြစ်ပြီး ယာဉ်တစ်စီးချင်းခွင့်ပြုတန်ချိန် ၆၀ ဖြစ်သည်။

ဘီးလင်းမြို့နယ် ဇုတ်သုတ်စံပြကျေးရွာ တံတားသစ်နှင့် ကော့ကဒွတ်စံပြကျေးရွာသုဝဏ္ဏရတနာတံတားသစ်ဖွင့်ပွဲကို မတ်လ ၁ ရက်နေ့တွင် အသီးသီးကျင်းပသည်။ ဇုတ်သုတ်စံပြကျေးရွာတံတားသစ်သည် သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး အရှည်ပေ ၉၀ နှင့်အကျယ် ၁၆ ပေရှိသည်။ သုဝဏ္ဏရတနာတံတားသစ်သည် သံကူကွန်ကရစ်သံမဏိပေါင်အမျိုးအစားဖြစ်ပြီး တံတားအရှည် ၁၉၇ ပေ၊ တံတားအကျယ် ၂၆ ပေ၊ ယာဉ်သွားလမ်းအကျယ် ၁၃ ပေနှင့်လူသွားလမ်းအကျယ် တစ်ဖက်လျှင်ငါးပေစီရှိသည်။

ရွှေလီတံတားဖွင့်ပွဲကို အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ မတ်လ ၉ ရက်နေ့တွင်ကျင်းပသည်။ စစ်ကိုင်းတိုင်းကသာမြို့နယ် ပျဉ်ထောင်လေးကျေးရွာနှင့်ရှမ်းပြည်နယ်မြောက်ပိုင်းမဘိမ်း မြို့နယ်ငါးအိုကျေးရွာတို့ကို ဆက်သွယ်ထားသည့် ရွှေလီမြစ်ကူးရွှေလီတံတားသည် အပေါ်ထည်ကြို့တင် အားဖြည့်ကွန်ကရစ်နှင့် သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး အောက်ထည်သံကူကွန်ကရစ်နှင့် အုတ်မြစ်သံကူကွန်ကရစ်ပိုင်တိုင်များဖြင့် တည်ဆောက် ထားသည်။ တံတားအရှည်ပေ ၂၃၃၀၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေနှင့်တစ်ဖက်လျှင် သုံးပေစီကျယ်သည့်လူသွားလမ်းပါရှိသည်။ တံတားအောက်ရေလမ်းကင်းလွတ်နယ်မှာ ရေအမြင့်ဆုံးအချိန်တွင်ပေ ၂၀ နှင့်အကျယ်ပေ ၁၃၀ ဖြစ်ပြီး တန် ၆၀ ယာဉ်များဖြတ်သန်းအသုံးပြုနိုင်သည်။ တံတားတည်ဆောက်မှုအတွက် အမေရိကန်ဒေါ်လာ ဝ ဒသမ ၀၇ သန်းအပါအဝင်ငွေကျပ်သန်း ၂၅၀၀ ကျော်ကုန်ကျသည်။

ဒေးဒရဲတံတားဖွင့်ပွဲကို အဆိုပါတံတားအနီးရှိမင်္ဂလာမဏ္ဍပ်၌ မတ်လ ၂၃ ရက်နေ့တွင် ကျင်းပသည်။ ဒေးဒရဲတံတားကိုရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ်နှင့်ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ်ကို ဆက်သွယ်ကာဒေးဒရဲမြို့နယ် အင်ပူကျေးရွာအနီးတိုးမြစ်ပေါ်ဖြတ်သန်းတည်ဆောက်ထားသည်။ တံတားအမျိုးအစားသည် သံကူကွန်ကရစ်ပိုင်တိုင်၊

အာစီဒီဘိုးပိုင်နှင့်သံကူကွန်ကရစ်တိုင်အုတ်မြစ်ဖြင့် တည်ဆောက်ထားသော သံမဏိသံပေါင်တံတား အမျိုးအစားဖြစ်သည်။ တံတားအရှည် ၄,၀၈၈ ဒသမ ၃ ပေ၊ လမ်းအကျယ် ၂၈ ပေရှိပြီးတစ်ဖက်လျှင် ခြောက်ပေစီကျယ်သည့် လူသွားလမ်းပါရှိသည်။ တံတားအောက်ရေလမ်းကင်းလွတ်နယ်မြေမှာ ရေအမြင့်ဆုံးအချိန်တွင် အမြင့် ၃၆ ပေနှင့်အကျယ်ပေ ၃၅၀ ဖြစ်ပြီးတန် ၆၀ ယာဉ်များဖြတ်သန်းအသုံးပြုနိုင်သည်။

ချင်းတွင်းတံတား (မုံရွာ) ဖွင့်ပွဲကို အဆိုပါ တံတားအနီးရှိမင်္ဂလာမဏ္ဍပ်၌ ဧပြီလ ၆ ရက်နေ့တွင် ကျင်းပသည်။ ချင်းတွင်းတံတား (မုံရွာ) ကိုမုံရွာမြို့နယ်နှင့်ယင်းမာပင်မြို့နယ်အကြား မုံရွာ-ယာကြီး-ကလေးဝကားလမ်းသစ်၌ ချင်းတွင်းမြစ်ကို ဖြတ်သန်းတည်ဆောက်ထားသည်။ ပင်မတံတား အပေါ်ထည်သည် သံမဏိသံပေါင် တံတားအမျိုးအစားဖြစ်ပြီး အောက်ထည်သည်သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်သည်။ ချဉ်းကပ်တံတားအပေါ်ထည်သည် သံကူကွန်ကရစ်ရက်မနှင့် ကြမ်းခင်းဖြစ်ပြီး အောက်ထည်သည် သံကူကွန်ကရစ်တိုင် အမျိုးအစားဖြစ်သည်။ ပင်မတံတားအရှည် ၂,၇၄၅ ဒသမ ၆ ပေ၊ ချဉ်းကပ်တံတားနှစ်ဖက်အရှည် ၁,၉၈၄ ဒသမ ၆ ပေစုစုပေါင်းအရှည် ၄,၇၃၀ ဒသမ ၂ ပေ၊ တံတားယာဉ်သွားလမ်းအကျယ် ၂၈ ပေဖြစ်ပြီး တံတားဘေးတစ်ဖက်စီတွင် ခြောက်ပေ စီကျယ်သည့် လူသွားလမ်းပါရှိသည်။ တံတားအောက်ရေလမ်းကင်းလွတ်နယ်မြေ အကျယ် ၃၀၅ ပေ၊ အမြင့်ပေ ၄၀ ရှိပြီး ယာဉ်တစ်စီးချင်းတံတား ဖြတ်သန်းခွင့်ပြုအလေးချိန်တန် ၆၀ ပေဖြစ်သည်။

ပေါင်းတုတ်တံတားဖွင့်ပွဲကို အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌မေလ ၂၀ ရက်နေ့တွင် ကျင်းပသည်။ ပေါင်းတုတ်တံတားသည် မြောက်ဦးမြို့နယ်ရန်ကုန်-စစ်တွေလမ်းမကြီးရှိ ပေါင်းတုတ်ချောင်းကိုဖြတ်၍ ပေါင်းတုတ်ကျေးရွာနှင့် လောင်းကြက်ကျေးရွာတို့ကို ဆက်သွယ်တည်ဆောက်ထားသည်။ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး တံတားအရှည်ပေ ၂၄၀၊ တံတားအကျယ်ပေ ၃၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေနှင့် လမ်းတစ်ဖက်တစ်ချက်တွင် လူသွားလမ်းအကျယ် သုံးပေစီရှိသည်။ တံတားအောက်ရေလမ်းကင်းလွတ်နယ်မြေအကျယ် ၄၈ ပေနှင့်အမြင့် ၁၀ ပေ ရှိပြီးတံတားခွင့်ပြုယာဉ်အလေးချိန်တန် ၆၀ ဖြစ်သည်။

ချိန်ချောင်းတံတား၊ အနိုင်းပွန်တံတားနှင့် ရွှေဝါရောင်လမ်းမကြီးအပိုင်း ၄ ဖွင့်ပွဲတို့ကို ဇွန်လ ၁၅ ရက်နေ့တွင်ကျင်းပသည်။ ဘီးလင်းမြို့နယ်ရွှေဝါရောင်လမ်းမကြီးအပိုင်း ၁ ပေါ်ရှိဇုတ်သုတ်ကျေးရွာချိန်ချောင်းတံတားသည် အရှည်ပေ ၉၀၊ အကျယ် ၁၆ ပေရှိပြီး အနိုင်းပွန်ကျေးရွာ အနိုင်းပွန်တံတားသည်အရှည် ၄၆ ပေ၊ အကျယ် ၁၆ ပေရှိသည်။ တံတားနှစ်ခုစလုံးသံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်သည်။ ရွှေဝါရောင်လမ်းမကြီးအပိုင်း ၄ သည်ဘီးလင်းမြို့နယ်ယက္ကန်းသည်မေကျေးရွာ၊ သိမ်ငူကျေးရွာနှင့် ကျိုက်ထိုမြို့နယ် ကျိုက်ပိကျေးရွာတို့ကို ဆက်သွယ်ထားပြီး အရှည်သုံးမိုင် ၁ ဒသမ ၅ ဖာလုံနှင့် အကျယ် ၁၂ ပေရှိကတ္တရာလမ်းဖြစ်သည်။

ဟိုပင်တံတားဖွင့်ပွဲကို တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ဇွန်လ ၁၇ ရက်နေ့တွင်ကျင်းပသည်။ ဟိုပင်တံတားသည် မိုးညှင်းမြို့နယ် ဟိုပင်မြို့နယ် ရွှေဘို-မြစ်ကြီးနားလမ်းပေါ်၌ သရက်ချောင်းကို ဖြတ်ကျော်တည်ဆောက်ထားသည်။ သံပေါင်ရက်မခံကွန်ကရစ်ပိုင်တိုင်သံပေါင်တံတား အမျိုးအစား

ဖြစ်ပြီး အရှည်ပေ ၂၀၀၊ အကျယ် ၂၆ ပေ ရှိသည်။ ရေလမ်းကင်းလွတ်နယ်မြေအကျယ် ၇၅ ပေ၊ အမြင့် ရှစ်ပေရှိပြီးခွင့်ပြုယာဉ်အလေးချိန်တန် ၆၀ဖြစ်သည်။

ဒါးကတံတားဖွင့်ပွဲကို တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ဇူလိုင်လ ၆ ရက်နေ့တွင် ကျင်းပသည်။ ဒါးကတံတားသည် ကန်ကြီးထောင့်မြို့နယ် ရန်ကုန်-ပုသိမ်လမ်းပေါ်၌ ဒါးကမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသည်။ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး တံတားအရှည်ပေ ၁,၄၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေနှင့်တစ်ဖက်လျှင် ငါးပေစီကျယ်သည့်လူသွားလမ်းပါရှိသည်။ တံတားအောက်ရေလမ်းကင်းလွတ်နယ်အကျယ် ၇၈ ပေ၊ အမြင့် ၁၆ ပေဖြစ်သည်။ တံတား၏ယာဉ်တစ်စီး ချင်းခွင့်ပြုတန် ၆၀ ခံနိုင်အားရှိသည်။

ဘိုင်းဒါးတံတားဖွင့်ပွဲကို တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ဩဂုတ်လ ၁၂ ရက်နေ့တွင်ကျင်းပသည်။ ဘိုင်းဒါးတံတားသည် ညောင်လေးပင်မြို့နယ် ရန်ကုန်-မန္တလေးကားလမ်းပေါ်တွင် တည်ရှိသည်။ တံတားအရှည်ပေ ၃၀၀၊ ယာဉ်သွားလမ်းအကျယ် ပေ ၅၀ ရှိပြီးတစ်ဖက်လျှင် ငါးပေစီကျယ်သောလူသွားလမ်းပါရှိသည်။ တံတားအမျိုးအစားသည် အပေါ်ထည်သံကူကွန်ကရစ်ရက်မနှင့် ကြမ်းခင်း၊ အောက်ထည်သံကူကွန်ကရစ်ပိုင်တိုင်ဖြစ်ပြီး ယာဉ်တစ်စီးချင်းခွင့်ပြုတန်ချိန် ၆၀ ဖြစ်သည်။

လင်းခေးတံတားဖွင့်ပွဲကို တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ စက်တင်ဘာလ ၁၁ ရက်နေ့တွင် ကျင်းပသည်။ လင်းခေးတံတားသည် နမ့်စန်-မိုးနဲ-တာဆန်းလမ်းပေါ်ရှိလင်းခေးမြို့နှင့်မိုင်းပန်မြို့အကြားဒါးဆိပ်ကျေးရွာ၌တည်ရှိသည်။ တံတားအရှည်ပေ ၃၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေနှင့် လူသွားလမ်းအကျယ်တစ်ဖက်လျှင် သုံးပေစီရှိသည်။ တံတားအောက်ရေလမ်းကင်းလွတ်နယ်မြေအကျယ် ၇၈ ပေနှင့် အမြင့်ခြောက်ပေ ခြောက်လက်မရှိသည်။ တံတားအောက်ထည်နှင့်အပေါ်ထည်သည် သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး ယာဉ်တစ်စီးချင်းခွင့်ပြုတန်ချိန် ၆၀ ဖြစ်သည်။

နမ့်မွေတံတားဖွင့်ပွဲကို တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ စက်တင်ဘာလ ၁၅ ရက်နေ့တွင် ကျင်းပသည်။ နမ့်မွေတံတားသည် တာချီလိတ်မြို့နယ် တာလေမြို့၌တည်ရှိပြီး သံကူကွန်ကရစ်ရေတွင်းခွေအုတ်မြစ်များ၊ သံကူကွန်ကရစ်အောက်ထည်နှင့် အပေါ်ထည်ဘေလီတံတားဖြစ်သည်။ တံတားအရှည်ပေ ၃၀၀၊ ယာဉ်သွားလမ်းအကျယ် ၁၂ ပေ၊ တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေအကျယ်ပေ ၆၀ နှင့်အမြင့် ၁၀ ပေရှိသည်။ တံတား၏ခွင့်ပြုယာဉ်အလေးချိန် ၁၈ တန်ဖြစ်ပြီး တစ်လမ်းသွားဖြစ်သည်။

ကွင်းချောင်းတံတားဖွင့်ပွဲကို တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ စက်တင်ဘာလ ၂၁ ရက်နေ့တွင် ကျင်းပသည်။ ကွင်းချောင်းတံတားသည် ဖြူးမြို့နယ် ကညွတ်ကွင်းမြို့၌ တည်ရှိပြီးအရှည်ပေ ၃၀၀ ရှိသည့်လေးလမ်းသွားတံတားဖြစ်သည်။ တံတားပေါ်တွင်တစ်ဖက်ခြောက်ပေစီကျယ်သည့် လူသွားလမ်းပါရှိသည်။ တံတားအောက်ရေလမ်းကင်းလွတ်နယ်အကျယ် ၄၆ ပေနှင့် အမြင့်ရှစ်ပေရှိသည်။ ယာဉ်တစ်စီးချင်း ခွင့်ပြုယာဉ်အလေးချိန် တန် ၆၀ ဖြစ်သည်။

လေညှာ-မဏ္ဍိုင်တံတားဖွင့်ပွဲကို တံတားအနီးရှိမင်္ဂလာမဏ္ဍပ်၌ အောက်တိုဘာလ ၂၃ ရက် နေ့တွင်ကျင်းပသည်။ လေညှာ-မဏ္ဍိုင်တံတားသည် ဘုတ်ပြင်းမြို့နယ် ပြည်ကြီးမဏ္ဍိုင်မြို့၌တည်ရှိပြီး ပေ ၈၆၀ ရှည်သည်။ ယာဉ်သွားလမ်းအကျယ် ၂၄

ပေရှိပြီး တံတားပေါ်တွင်တစ်ဖက်လျှင် သုံးပေစီကျယ်သည့်လူသွားလမ်းပါရှိသည်။ ကြိုတင်အားဖြည့်သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ပြီး တံတား၏ခံနိုင်ဝန်တန် ၆၀ ဖြစ်သည်။

ကျွဲကူး-ကျောက်ဖျာတံတားဖွင့်ပွဲကို တံတားအနီးရှိမင်္ဂလာမဏ္ဍပ်၌ အောက်တိုဘာလ ၂၆ ရက်နေ့တွင် ကျင်းပသည်။ မြိတ်မြို့ကျောက်ဖျာ မြစ်ကူး ကျွဲကူး-ကျောက်ဖျာတံတားသည် မြိတ်-ထားဝယ်ကားလမ်းပေါ်၌ တည်ရှိပြီး အရှည် ၃,၆၀၂ ပေရှိသည်။ ယာဉ်သွားလမ်းအကျယ် ၂၈ ပေဖြစ်ပြီး တစ်ဖက်လျှင် ခြောက်ပေစီရှိသည့် လူသွားလမ်းပါရှိသည်။ တံတားအောက်ရေလမ်းကင်းလွတ်နယ်အကျယ်ပေ ၂၃၀ နှင့်အမြင့် ၂၈ ပေဖြစ်သည်။ တံတားအပေါ်ထည် ပီစီရက်မတံတားနှင့်သံမဏိသံပေါင်တံတားအမျိုးအစားဖြစ်ပြီး တံတားအောက်ထည်ဘိုးပိုင်သံအားဖြည့်ကွန်ကရစ်ပိုင်တိုင်အုတ်မြစ်နှင့် ရေတွင်းခွေအုတ်မြစ်အမျိုးအစားဖြစ်သည်။ ခွင့်ပြုယာဉ်အလေးချိန် ယာဉ်တစ်စီးလျှင် တန် ၆၀ ဖြစ်သည်။

စနဲပေါက် တံတားဖွင့်ပွဲကို တံတားအနီးရှိမင်္ဂလာမဏ္ဍပ်၌ နိုဝင်ဘာလ ၁၇ ရက်နေ့တွင်ကျင်းပသည်။ စနဲပေါက်တံတားသည် အမ်းမြို့နယ်ရန်ကုန် -ကျောက်ဖြူလမ်းမကြီးပေါ်ရှိ စနဲပေါက်ချောင်းကို ဖြတ်ကျော်တည်ဆောက်ထားပြီး ၇၈၉ ပေနှင့် လေးလက်မရှည်သည်။ ယာဉ်သွားလမ်းအကျယ် ၂၄ ပေနှင့်လူသွားလမ်းအကျယ်တစ်ဖက်လျှင် နှစ်ပေစီ ရှိသည်။ အပေါ်ထည်သံမဏိသံပေါင်နှင့်အောက်ထည် တစ်မီတာအချင်းရှိ သံကူကွန်ကရစ်လွန်တူး ပိုင်တံတားအမျိုးအစားဖြစ်ပြီး ဘံတား၏ခွင့်ပြုယာဉ်အလေးချိန်တန် ၆၀ ဖြစ်သည်။ ဘံတား အောက်ရေလမ်းကင်းလွတ်နယ်အကျယ်ပေ ၁၇၀ နှင့်အမြင့်ခြောက်ပေရှိသည်။

ရေးမြစ်ကူးတံတားဖွင့်ပွဲကို တံတားအနီးရှိမင်္ဂလာမဏ္ဍပ်၌ နိုဝင်ဘာလ ၂၅ ရက်နေ့တွင်ကျင်းပသည်။ ရေးမြစ်ကူးတံတားသည် ရေးမြို့နယ်မော်လမြိုင်-ရေး-ထားဝယ်ရထားလမ်း၌ တည်ရှိပြီး ပင်မတံတားအရှည် ၈၅၇ ပေခြောက်လက်မရှိသည်။ ရထားလမ်းနှင့်ယာဉ်သွားလမ်းအကျယ် ၁၆ ပေနှင့်လူသွားလမ်းအကျယ်တစ်ဖက်လျှင် လေးပေစီရှိသည်။ တံတားပေါင်အရှည် ၈၅ ပေနှင့် ၅၇ ပေသုံးလက်မရှိ ကြိုတင်အားဖြည့်ကွန်ကရစ်တံတားအောက်ရေလမ်းကင်းလွတ်နယ်အကျယ်ပေ ၈၀ နှင့်အမြင့် ၁၂ ပေခြောက်လက်မဖြစ်ပြီး ရထားလမ်းခွင့်ပြုတန် ဝင်ရိုးတန်ချိန် ၁၇ တန်၊ မော်တော်ယာဉ်တစ်စီးချင်းခွင့်ပြုတန် ၆၀ ဖြစ်သည်။

## ဆည်မြောင်းတာတမံများတည်ဆောက်ဖွင့်လှစ်ခြင်း

ပဲခူးမြို့နယ်အလိုင်နီရေလှောင်တမံဖွင့်ပွဲကို ရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ဇန်နဝါရီလ ၃၁ ရက်နေ့တွင်ကျင်းပသည်။ အလိုင်နီ ရေလှောင်တမံကို ပဲခူးမြို့နယ်ကြံခွဲကျေးရွာအနီး အလိုင်နီချောင်းပေါ်တွင် တည်ဆောက်ထားသည်။ မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအလျား ပေ ၅,၇၀၀၊ တမံအမြင့် ၅၂ ပေရှိသည်။ ရေလှောင်တမံမှ ဧရိယာ ဧက ၁၀,၀၀၀ အကျိုးပြုနိုင်မည်ဖြစ်သည်။

လှည်းကူးမြို့နယ် ကလီထော်ရေလှောင်တမံဖွင့်ပွဲကို ရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌မတ်လ ၂၂ ရက်နေ့တွင် ကျင်းပသည်။ တမံသည် မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအလျားပေ ၉၀၀၊ တမံအမြင့်ပေ ၁၃၀ ရှိသည်။ ရေလှောင်တမံမှ ရေပေးဝေနိုင်မည့် ဧရိယာဧက ၂၄,၅၀၀ ဖြစ်သည်။

အုတ်ဖိုမြို့နယ် ဂမုန်းရေလှောင်တမံဖွင့် ပွဲကို ရေလှောင်တမံအနီးရှိမင်္ဂလာမဏ္ဍပ်၌ မေလ ၁ ရက်

နေ့တွင် ကျင်းပသည်။ ဂမုန်းရေလှောင်တမံသည် အုတ်ဖိုမြို့နယ်ဝိုင်းရွာအနီးရှိ ဂမုန်းချောင်းပေါ်တွင် တည်ရှိသည်။ တမံအမျိုးအစားသည် မြေသားတမံဖြစ်ပြီး တမံအမြင့် ၁၁၆ ပေ၊ တမံအလျားပေ ၄,၄၀၀ ရှိသည်။ ရေလှောင်တမံ၏ အကျိုးပြုဧရိယာမှာ ဧက ၁၅,၀၀၀ ဖြစ်သည်။

အုတ်ဖိုမြို့နယ် မင်းလှရေလှောင်တမံဖွင့်ပွဲကို ရေလှောင်တမံအနီးရှိ မဂ်လာမဏ္ဍပ်၌ မေလ ၃၁ ရက်နေ့တွင်ကျင်းပသည်။ မင်းလှရေလှောင်တမံကို အုတ်ဖိုမြို့နယ် မင်းလှချောင်းပေါ်တွင် မြေသားတမံအဖြစ်တည်ဆောက်ထားသည်။ တမံအလျား ၃,၀၄၄ ပေ၊ တမံအမြင့် ၁၃၂ ပေရှိပြီး ရေဧကပေ ၄၄,၀၀၀ ဝန်းကျင်သိုလှောင်ထားနိုင်သည်။ ရေလှောင်တမံမှ အုတ်ဖိုမြို့နယ်သို့ဧက ၅,၂၆၀ နှင့် မင်းလှမြို့နယ်သို့ဧက ၉,၇၄၀ စုစုပေါင်း ရေပေးဝေနိုင်သည့်ဧက ၁၅,၀၀၀ ဖြစ်သည်။

လယ်ဝေးမြို့နယ်ရန်အောင်မြင် ရေလှောင်တမံဖွင့်ပွဲကို ဇူလိုင်လ ၂၈ ရက်နေ့တွင် ကျင်းပသည်။ ရေလှောင်တမံသည် နတ်သားတောကျေးရွာမြောက်ဘက်တွင်တည်ရှိပြီး နတ်သားတောချောင်းနှင့် ရွှေလင်ပန်းချောင်းတို့မှ ရေကိုအလျားပေ ၆,၀၄၀၊ အမြင့် ၅၇ ပေရှိ မြေသားတမံဖြင့် သိုလှောင်စုဆောင်းထား၍ ဆည်ရေသောက်ဧရိယာ ၁,၅၀၀ ကိုဆည်ရေပေးဝေမည်ဖြစ်သည်။ ထို့ပြင် အရှည်ပေ ၁,၃၆၀၊ အကျယ်ပေ ၃၀ ရှိသံကူကွန်ကရစ်ရေပိုလွှဲကိုပါထည့်သွင်းတည်ဆောက်ထားသည်။

ရေတာရှည်မြို့နယ် ချောင်းမကြီး (မြို့လှ) ရေလှောင် တမံဖွင့်ပွဲကိုရေလှောင်တမံအနီးရှိမင်္ဂလာမဏ္ဍပ်၌ဩဂုတ်လ၁၇ရက်နေ့တွင်ကျင်းပသည်။

မလှိုင်မြို့နယ် သင်ပုန်းရေလှောင်တမံဖွင့်ပွဲကိုရေလှောင်တမံ၌ ဩဂုတ်လ ၃၁ ရက်နေ့တွင် ကျင်းပသည်။ ရေလှောင်တမံသည် ဘီးစပ်ကုန်းကျေးရွာအနီးရှိသင်ပုန်းချောင်းပေါ်တွင် တည်ရှိပြီး မြေသားတမံအမျိုးအစားဖြစ်သည်။ တမံအလျား ၅,၅၁၅ ပေ၊ တမံအမြင့် ၆၅ ပေရှိပြီးကန်ရေပြည့် ရေလှောင်ပမာဏဧကပေ ၂၁,၀၀၀ ရှိသည်။ ရေထုတ်ပြွန်သည် သုံးပေအကျယ်ရှိသံကူကွန်ကရစ်ပိုက်နှစ်လုံးဖြစ်ပြီး ၁၇၉ ပေရှည်လျားသည်။ ရေပိုလွှဲသည် အကျယ်ပေ ၅၀ ရှိသံကူကွန်ကရစ်အမျိုးအစားဖြစ်သည်။

အောင်လံမြို့နယ် ဘွက်ကြီးရေလှောင်တမံဖွင့်ပွဲ ကိုရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ စက်တင်ဘာလ ၃၀ ရက်နေ့တွင်ကျင်းပသည်။ ရေလှောင်တမံသည် အောင်လံမြို့အရှေ့ဘက် ၂၆ မိုင်ခန့်အကွာ ဒန်းဒေါင့်ကျေးရွာအနီး၌ တည်ရှိပြီး မြေသားတမံအမျိုးအစားဖြစ်သည်။ တမံအလျား ပေ ၄,၆၂၀၊ တမံအမြင့် ၁၁၃ ပေရှိပြီးအကျိုးပြု ဧရိယာ ဧက ၁၀,၀၀၀ ဖြစ်သည်။

ပျဉ်းမနားမြို့နယ်ချောင်းမကြီး (ပျဉ်းမနား) ရေလှောင်တမံဖွင့်ပွဲကို ရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ နိုဝင်ဘာလ ၁၆ ရက်နေ့တွင်ကျင်းပသည်။ ရေလှောင်တမံသည် ကြက်ဆူအိုင်ကျေးရွာအနီးချောင်းမကြီးချောင်းပေါ်တွင် တည်ရှိသည်။ မြေသားတမံအမျိုးအစားဖြစ်ပြီး အလျားပေ ၆,၀၀၀၊ အမြင့် ၈၈ ပေရှိပြီး အကျိုးပြုဧရိယာဧက ၃,၀၀၀ ဖြစ်သည်။

လှည်းကူးမြို့နယ် မဟူရာ (ငမိုးရိပ်ရေကူ) ရေလှောင်တမံဖွင့်ပွဲကို ရေလှောင်တမံအနီးရှိမင်္ဂလာမဏ္ဍပ်၌ နိုဝင်ဘာလ ၂၆ ရက်နေ့တွင်ကျင်းပသည်။ ရေလှောင်တမံသည် မဟူရာချောင်းကို မြေသား

တမံပိတ်၍တည်ဆောက်ထားပြီး အလျား ၆၇၅ ပေ၊ အမြင့်ပေ ၁၀၀၊ ကုန်းကြောတမံခုနစ်ခု (အလျား ၈၆၅ ပေ) ရှိသည်။ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၅၄,၀၀၀ ဖြစ်သည်။

မြင်းမူမြို့နယ် လက်ပန်ရေလှောင်တမံဖွင့် ပွဲကို ရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင်ကျင်းပသည်။ ရေလှောင်တမံသည် တောချောင်းဦးကျေးရွာ မြောက်ဘက်လက်ပန် ချောင်းပေါ်တွင် တည်ရှိပြီးအလျားပေ ၄,၀၀၀၊ အမြင့်ပေ ၉၀ ရှိသည်။ မြေသားတမံ အမျိုးအစား ဖြစ်ပြီး ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၄,၉၁၀ ဖြစ်သည်။

## စက်ရုံသစ်များဖွင့်လှစ်ခြင်း

အမှတ် (၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည် မြေထည်လုပ်ငန်းဘိလပ်မြေစက်ရုံ (ကျောက်ဆည်)၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှု လုပ်ငန်းအပ်ချုပ်စက်ရုံ (ကျောက်ဆည်) နှင့် မြန်မာ့ အထည်အလိပ်လုပ်ငန်း စွပ်ကျယ်စက်ရုံ (ကျောက် ဆည်) ဖွင့်ပွဲအခမ်းအနားများကို ကျောက်ဆည်မြို့ ကျောက်ဆည်စက်ရုံများနယ်မြေရှိ အဆိုပါ စက်ရုံ များ၌ ဇန်နဝါရီလ ၂၇ ရက်နေ့တွင်အသီးသီး ကျင်းပသည်။ ဘိလပ်မြေစက်ရုံ (ကျောက်ဆည်) မှ မြင်းခေါင်းတံဆိပ် ဘိလပ်မြေ တစ်နှစ်လျှင် တန် ၁၅၀,၀၀၀၊ အပ်ချုပ်စက်ရုံ (ကျောက်ဆည်)မှ တစ်နှစ်လျှင်အပ်ချုပ်စက်လုံးရေ ၁၀၀,၀၀၀ နှင့် စွပ်ကျယ်စက်ရုံ (ကျောက်ဆည်) မှတစ်နှစ်လျှင် စွပ်ကျယ် ၁ ဒသမ ၂ သန်း၊ တီရှပ်သုညဒသမ ၆ သန်းနှင့်စပို့ရှပ် သုညဒသမ ၁၈ သန်းထုတ်လုပ် မည်ဖြစ်သည်။

အမှတ် (၂) စက်မှုဝန်ကြီးဌာန မြန်မာ့မော်တော် ယာဉ်နှင့်ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်းကားဘီးခွေ အလုပ်ရုံ၊ အင်းလက်၊ အိတ်ဇောဘားအလုပ်ရုံ နှင့်ရေဒီယေတာအလုပ်ရုံများ ဖွင့်ပွဲအခမ်းအနား များကို ပဲခူးမြို့နယ်အင်းတကော်ဒေသရှိ အဆိုပါ အလုပ်ရုံများ၌ ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် အသီးသီးကျင်းပသည်။

အမှတ် (၁) စက်မှုဝန်ကြီးဌာန ဆေးဆိုးပန်း ရိုက်စက်ရုံ (ရမည်းသင်း) နှင့်ဆပ်ပြာစက်ရုံ (ရမည်းသင်း) ဖွင့်ပွဲအခမ်းအနားများကို ရမည်းသင်း မြို့နယ်ရွှေဒါးကျေးရွာအနီးရှိ စက်ရုံရှေ့မှခ်ဦးများ၌ မတ်လ ၂၁ ရက်နေ့တွင် အသီးသီးကျင်းပသည်။ ဆေးဆိုးပန်းရိုက်စက်ရုံ (ရမည်းသင်း)ကို နိုင်ငံခြား ငွေအပါအဝင်ငွေကျပ် ၁,၂၅၇ သန်းကျော်အကုန် အကျခံတည်ဆောက်ခြင်းဖြစ်ပြီး စက်ရုံမှအဖြူချွတ် ပိတ်၊ ဆေးဆိုးပိတ်နှင့်ပန်းရိုက်ပိတ်အမျိုးမျိုးထုတ် လုပ်ပေးမည်ဖြစ်သည်။ ဆပ်ပြာစက်ရုံ (ရမည်းသင်း) မှရွှေဝါဆပ်ပြာ၊ ကာဘော်လစ်ဆပ်ပြာနှင့် မွှေးဆပ် ပြာများကိုထုတ်လုပ်ပေးမည်ဖြစ်သည်။

မြန်မာ့ကြွေ ထည်မြေထည်လုပ်ငန်း ဆင်မင်း (၁) ဘိလပ်မြေ စက်ရုံဖွင့်ပွဲကို ကျောက်ဆည်မြို့နယ် ဖျောက်ဆိပ် ပင်ကျေးရွာအနီး ကျောက်ဆည်စက်ရုံ များနယ်မြေရှိ အဆိုပါစက်ရုံရှေ့၌ မေလ ၁၅ ရက် နေ့တွင်ကျင်းပသည်။ ဆင်မင်း (၁) ဘိလပ်မြေ စက်ရုံမှ နေ့စဉ် ဘိလပ်မြေ တန် ၄၀၀ နှုန်းထုတ်လုပ် သွားမည် ဖြစ်သည်။

အမှတ် (၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေး ဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းအဏုဇီဝဆေးဝါးထုတ် လုပ်ရေးစက်ရုံ (ရေခါး) ဖွင့်ပွဲကို စက်ရုံမှခ်ဦးရှေ့ ၌ဇွန်လ ၆ ရက်နေ့တွင်ကျင်းပသည်။ စက်ရုံသည်

စစ်ကိုင်း-မင်းကွန်းကားလမ်းအနောက်ဘက် တစ်မိုင်ခန့်အကွာတွင်တည်ရှိပြီး ရေခါးစခန်းနှင့်နှစ်မိုင်ခန့်ကွာဝေးသည်။ စက်ရုံတွင်ခေတ်မီနည်းစနစ်များအသုံးပြု၍ပရိုဗီမင်ဆေးပြား၊ ပရိုဗီမင်ဆေးတောင့်၊ ဘိုင်အိုမင်ဆေးတောင့်၊ စိမ်းပြာရေညှိအခြောက်မှုန့်၊ စိမ်းပြာရေညှိနေလှန်းအခြောက်အချောင်းလေးများ၊ စိမ်းပြာရေညှိ အီတလီခေါက်ဆွဲ၊ စိမ်းပြာရေညှိ ခေါင်းလျှော်ရည်၊ စိမ်းပြာရေညှိငါးမုန့်၊ စိမ်းပြာရေညှိ တော်ဖီ၊ စိမ်းပြာရေညှိဘီယာ၊ စိမ်းပြာရေညှိဆပ်ပြာ၊ စိမ်းပြာရေညှိအုန်းဆီနှင့် စိမ်းပြာရေညှိဖျော်ရည်တို့ကိုထုတ်လုပ်ပေးမည်ဖြစ်သည်။

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ရွှေလီရတနာဆီစက်နှင့် တိုးပွားအောင်ကုမ္ပဏီလီမိတက် မွေးမြူရေး အစာစပ်စက်ရုံဖွင့်ပွဲတို့ကို အောက်တိုဘာလ ၅ ရက်နေ့တွင် ကျင်းပသည်။ ရွှေလီရတနာ ဆီစက်သည် တစ်ရက်လျှင် ၂၅ တန်ကျဆီစက်ဖြစ်ပြီး ပြည်တွင်းဖြစ် မြင်းကောင်ရေ ၂၅ ကောင်အားရှိ စက်လေးလုံးဖြင့်တစ်နာရီလျှင် မြေပဲဆန်ပိဿာ ၃၀၀ ကိုကြိတ်ခွဲလျှင် ဆီသန့်ပိဿာ ၁၁၀ နှင့် ပဲဖတ် ၅၅ ပိဿာထွက်ရှိသည်။ တိုးပွားအောင်မွေးမြူရေးအစာစပ်စက်ရုံသည် လားရှိုးမြို့အဝင် မန္တလေး-လားရှိုးလမ်းမကြီးဘေးတွင် တည်ရှိပြီးတစ်ရက်လျှင် တန် ၅၀ ကျအသားစားကြက်စာ၊ ဥစားကြက်စာနှင့် ဝက်စာများထုတ်လုပ်သွားမည်ဖြစ်သည်။ အစာစပ်စက်ရုံတည်ဆောက်မှုအတွက် ငွေကျပ် သိန်း ၄,၅၀၀ ကုန်ကျသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံဖွင့်ပွဲကို ဒီဇင်ဘာလ ၂၀ ရက်နေ့တွင်ကျင်းပသည်။ စက်ရုံကတစ်နှစ်လျှင် မြင်းကောင်ရေ ၁၆ အင်ဂျင်အပါအဝင် လက်တွန်းထွန်စက်အစီး ၁၀,၀၀၀ နှင့် မြင်းကောင်ရေ ၆ အင်ဂျင်အပါအဝင် စပါးရိတ်စက်အစီး ၅,၀၀၀ ထုတ်လုပ်သွားမည်ဖြစ်ပြီး ရိတ်သိမ်းခြွေလှေ့စက်နှင့် အခြားလယ်ယာသုံးစက်ပစ္စည်းများကိုလည်း ပူးတွဲထုတ်လုပ်သွားမည်ဖြစ်သည်။

စိုးအောင်

**မြန်မာ့ရုပ်ရှင်ထူးချွန်ဆု။** ။ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းကကြီးမှူး၍ ၂၀၀၂ ခုနှစ်အတွက် ရွှေရတုမြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ချီးမြှင့်သည့်အခမ်းအနားကို ရန်ကုန်မြို့ သယ်န်းကျွန်းမြို့နယ်ရှိ အမျိုးသား အားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ၁၁-၁၂-၀၃ နေ့တွင် ကျင်းပသည်။ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားကာ ၂၀၀၂ ခုနှစ်အတွက် အကောင်းဆုံးမြန်မာ့ရုပ်ရှင် ထူးချွန်ဆုရရှိကြသူများအား ရွှေစင်ရုပ်ဆုများကို ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး၊ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ရှေ့နေချုပ်၊ ဒုတိယ ဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာ့ရုပ်ရှင် အဆင့်အတန်းမြှင့်တင်ရေးအကဲဖြတ်

အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရုပ်ရှင်ဆင်ဆာအဖွဲ့နှင့် ဗီဒီယို ဆင်ဆာအဖွဲ့တို့မှ တာဝန်ရှိသူများ၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်များ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိပြီးသူ ရုပ်ရှင်အနုပညာရှင်များ၊ ရုပ်ရှင်သရုပ်ဆောင်များ၊ အနုပညာရှင်များ၊ အတတ်ပညာရှင်များ၊ ရုပ်ရှင်ထုတ်လုပ်သူများ၊ အထူးဖိတ်ကြားထားသူများနှင့် ရုပ်ရှင်ချစ်ပရိသတ်များ တက်ရောက်ကြသည်။

မြန်မာ့ရုပ်ရှင် ထူးချွန်ဆု (အကယ်ဒမီ)သည် ပြက္ခဒိန်နှစ်တစ်နှစ်အတွင်း ထုတ်လုပ်ပြသခဲ့သည့် မြန်မာ့ရုပ်ရှင်ဇာတ်ကားများထဲမှ ထူးချွန်သည့်ရုပ်ရှင်အနုပညာရှင်များ၊ အတတ်ပညာရှင်များကို စိစစ်ရွေးချယ်ပြီး ချီးမြှင့်သော ဆုဖြစ်သည်။ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများကို ရွေးချယ်ရာတွင် ၁၉၉၆ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် ရုပ်ရှင်ဥပဒေပါ အခြေခံမူ ခုနစ်ချက်ဖြင့် ကျင့်သုံးစိစစ်ရွေးချယ်ခြင်းဖြစ်သည်။ ယင်းအခြေခံမူ ခုနစ်ချက်မှာ-

(၁) မြန်မာ့ရုပ်ရှင်အဆင့်အတန်း ဖွံ့ဖြိုးတိုးတက်စေရန်
(၂) မြန်မာ့ရိုးရာယဉ်ကျေးမှု ထွန်းကားစေရန်
(၃) မျိုးချစ်စိတ်နှင့် တိုင်းပြည်ချစ်စိတ်ထက်သန်စေရန်
(၄) တိုင်းရင်းသားလူမျိုးများ သွေးစည်းညီညွတ်စေရန်
(၅) အတွေးအခေါ်မှန်ကန်စေရန်နှင့် နည်းလမ်းမှန်ကန်သော အသိဉာဏ်ဗဟုသုတများ တိုးပွား စေရန်
(၆) အကျင့်စာရိတ္တ ပြုပြင်ရေးနှင့် ကိုယ်ကျင့်တရား ကောင်းမွန်စေရေးတို့အတွက် အထောက်အကူပြုရန်
(၇) နိုင်ငံတော်အချုပ်အခြာအာဏာ တည်တံ့ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းသာယာရေးကို အထောက်အကူပြုစေရန် တို့ဖြစ်သည်။

မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြင့်မားလာစေရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ၁၉၅၂ ခုနှစ်ကစတင်၍ ရုပ်ရှင်ဇာတ်ကားဆု၊ အမျိုးသားသရုပ်ဆောင်ဆုနှင့် အမျိုးသမီး သရုပ်ဆောင်ဆု စသည့်ထူးချွန်ဆု သုံးမျိုးကို သတ်မှတ်ရွေးချယ်ချီးမြှင့်ခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် မူလ ထူးချွန်ဆုသုံးမျိုးအပါအဝင် ဒါရိုက်တာဆုကိုပါ တိုးမြှင့်ရွေးချယ်ချီးမြှင့်ခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် ရုပ်ရှင်ဓာတ်ပုံဆုကို ထပ်မံ၍ တိုးမြှင့်ရွေးချယ်ချီးမြှင့်ခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် မူလငါးဆုအပြင် အမျိုးသားဇာတ်ပို့ဆုနှင့် အမျိုးသမီးဇာတ်ပို့ဆု နှစ်ဆုကို ထပ်မံတိုးမြှင့်လိုက်ရာ ဆုအမျိုးအစား ခုနစ်မျိုးချီးမြှင့်နိုင်ခဲ့သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်တွင် ဆုအမျိုးအစား ခုနစ်မျိုးအပြင် ရုပ်ရှင်ဇာတ်ညွှန်းဆု၊ ရုပ်ရှင်တေးဂီတဆု၊ ရုပ်ရှင် အသံဆုနှင့် ရုပ်ရှင် တည်းဖြတ်ဆုဟူ၍ ဆုလေးမျိုးကို ထပ်မံဖြည့်စွက်တိုးမြှင့်လိုက်သဖြင့် စုစုပေါင်း ရုပ်ရှင်ထူးချွန်ဆု (၁၁) မျိုးကို ရွေးချယ်ချီးမြှင့်လျက်ရှိသည်။ ထို့အပြင် ယခင်ကချီးမြှင့်ခဲ့သော ငွေစင်ငွေသား နှစ်ကျပ်သားပါသည့် ရွှေစင်ရုပ်ဆုအစား ရွှေစင်ရွှေသား နှစ်ကျပ်သားပါသည့် ရွှေစင်ရုပ်ဆုကို ပြောင်းလဲချီးမြှင့်ခဲ့သည်။

ဆုတစ်မျိုးလျှင် ထူးချွန်စွာသရုပ်ဆောင်နိုင်သူ နှစ်ဦးရှိပါက ယင်းနှစ်ဦးကို ပူးတွဲချီးမြှင့်သည်။ ယနေ့အထိ ချီးမြှင့်ပေးခဲ့ပြီးဖြစ်သော ထူးချွန်ဆုပေါင်းမှာ ၂၅၄ ဆုဖြစ်သည်။ စာရင်းမှတ်တမ်းများအရ ၁၉၈၈ ခုနှစ်မှ ၂၀၀၃ ခုနှစ်အတွင်း ဗီဒီယိုတိပ်ခွေနှင့် လေဆာဓာတ်ပြား ရုပ်ရှင်တိပ်ခွေပေါင်း ၃၈၆၁၀ ခု၊ ဖလင်ရုပ်ရှင်ပေါင်း ၇၅၅ ခု၊ စုစုပေါင်း ၃၉၃၆၅ ခု ရှိသည်။




၂၀၀၂ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိကြသူ ရုပ်ရှင်အနုပညာရှင်များ

နိုင်ငံတော်အစိုးရအနေဖြင့် ရုပ်ရှင်ထူးချွန်ဆုများကို ၁၉၅၂ ခုနှစ်ကတည်းက စတင်၍ နှစ်စဉ်ချီးမြှင့်လာခဲ့သည်မှာ နှစ်ပေါင်း ၅၀ ရှိပြီဖြစ်သည်။ ထို့ကြောင့် ၂၀၀၂ ခုနှစ်အတွက် ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲသည် ရွှေရတုရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲဖြစ်သည်။ ၂၀၀၂ ခုနှစ် ပြက္ခဒိန်နှစ်တစ်နှစ်အတွင်းရုံတင်ပြသခဲ့သည့် ရုပ်ရှင် ဇာတ်ကားပေါင်း ၁၉ ကားကို အခြေခံမူကြီး ခုနစ်ရပ်ဖြင့် ကြည့်ရှုအကဲဖြတ်ကာရွေးချယ်သည်။

ယင်းဇာတ်ကားများမှာ ယောက္ခမဆိုတာ တစ်ခါတုန်းက သားမက်ပါပဲ၊ ရင်တွင်းစကား၊ မင်းနဲ့မှချစ်တတ်ပြီ၊ မငြိမ်းသောမီး၊ ရွှေမှုန်ကြဲတဲ့ မိုးကောင်းကင်၊ လျှို့ဝှက်ရင်ခုန်သံ၊ ပျော်ရွှင်ခြင်းကမ္ဘာ၊ အချစ်သည်လေပြည်၊ မပြောင်းလဲသော အကြောင်းတရားများ၊ ဆန်ရေ၊ စပျစ်ချိုနှင့် ချယ်ရီဝိုင်၊ ခတ်ခဲ၊ သင်ချစ်လျှင် ကျွန်ုပ်မမုန်းပါ၊ ပုဏ္ဏားဘကွန်း၊ ဒဏ်ရာများနဲ့အချစ်၊ တစ်ဦးတည်းသောသား၊ ရင်ဝှက်ပန်း၊ ငါသူတစ်ပါး ယောကျ်ားမိန်းမနှင့် အချစ်ကြီးသူများအကြောင်းဟူသည့် ဇာတ်ကားများဖြစ်ကြသည်။

ထိုဇာတ်ကားများထဲမှ ဆန်ရေ၊ ယောက္ခမဆိုတာတစ်ခါတုန်းက သားမက်ပါပဲ၊ ငါသူတစ်ပါး ယောကျ်ားမိန်းမဇာတ်ကားနှင့် ရွှေမှုန်ကြဲတဲ့ မိုးကောင်းကင်ဇာတ်ကားများသည် အကယ်ဒမီထူးချွန်ဆုများကို ဆွတ်ခူးရရှိသည်။ ၂၀၀၂ ခုနှစ်အတွက် အကောင်းဆုံးမြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ရရှိကြသူများအား ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ရွှေစင်ရုပ်ဆုနှင့် နှင်းနှင်းခိုင် ကုမ္ပဏီလီမိတက် ဂရု(ပ်) (Ve Ve) က ချီးမြှင့်သည့် ငွေကျပ် တစ်သိန်းစီကို တစ်ဦးချင်းပေးအပ်ချီးမြှင့်သည်။

၂၀၀၂ ခုနှစ်အတွက် ရရှိသော မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများမှာ ဖော်ပြပါအတိုင်းဖြစ်သည်။

| စဉ် | ဆုအမည် | ရရှိသူ | ဇာတ်ကားအမည် |
|---|---|---|---|
| ၁ | အကောင်းဆုံး အသံထူးချွန်ဆု | ဖိုးထောင် နှင့်အဖွဲ့ | ဆန်ရေ |
| ၂ | အကောင်းဆုံး ရုပ်ရှင်ဓာတ်ပုံဆု | ကျောက်ဖြူ (ပဒေသာ) | ယောက္ခမဆိုတာ တစ်ခါတုန်းက သားမက်ပါပဲ |
| ၃ | အကောင်းဆုံး ရုပ်ရှင်တည်းဖြတ်ဆု | ဇော်မင်း (ဟံသာမြေ) | ငါသူတစ်ပါး ယောကျ်ားမိန်းမ |
| ၄ | အကောင်းဆုံး ရုပ်ရှင်ဇာတ်ညွှန်းဆု | ငြိမ်းမင်း | ငါသူတစ်ပါး ယောကျ်ားမိန်းမ |
| ၅ | အကောင်းဆုံး အမျိုးသမီး ဇာတ်ပို့ဆု | မေသန်းနု | ငါသူတစ်ပါး ယောကျ်ားမိန်းမ |
| ၆ | အကောင်းဆုံး ရုပ်ရှင်တေးဂီတဆု | ခင်မောင်ကြီး | ငါသူတစ်ပါး ယောကျ်ားမိန်းမ |
| ၇ | အကောင်းဆုံး ရုပ်ရှင်တေးဂီတဆု | ဂီတလုလင် မောင်ကိုကို | ဆန်ရေ |
| ၈ | အကောင်းဆုံး အမျိုးသား ဇာတ်ပို့ဆု | ညွန့်ဝင်း | ဆန်ရေ |
| ၉ | အကောင်းဆုံး ရုပ်ရှင် ဇာတ်ကားဆု | | ငါသူတစ်ပါး ယောကျ်ားမိန်းမ |
| ၁၀ | အကောင်းဆုံး ရုပ်ရှင် ဒါရိုက်တာဆု | ပန်းချီစိုးမိုး | ငါသူတစ်ပါး ယောကျ်ားမိန်းမ |
| ၁၁ | အကောင်းဆုံး ရုပ်ရှင် ဇာတ်ကားဆု | | ဆန်ရေ |
| ၁၂ | အကောင်းဆုံး ရုပ်ရှင် ဒါရိုက်တာဆု | ကြည်စိုးထွန်း | ဆန်ရေ |
| ၁၃ | အကောင်းဆုံး အမျိုးသား ဇာတ်ဆောင်ဆု | လူမင်း | ရွှေမှုန်ကြဲတဲ့ မိုးကောင်းကင် |
| ၁၄ | အကောင်းဆုံး အမျိုးသမီး ဇာတ်ဆောင်ဆု | ခင်ဇာခြည်ကျော် | ငါသူတစ်ပါး ယောကျ်ားမိန်းမ |

**ယုဝတီဂျင်းဖောမယ်(စာရေးဆရာ)(ခရစ်၁၉၂၇-၂၀၀၃)** ။ ။ စာရေးဆရာမ ယုဝတီဂျင်းဖောမယ်ကို၁၉၂၇ ခုနှစ်၊ ဧပြီလ (၁၅) ရက်နေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ္မတူမြို့၌ အဘသိန္နီအမတ်ချုပ် ဦးဆန်မောင်နှင့် အမိ ဒေါ်နန်းခမ်းလှတို့ကမွေးဖွားခဲ့သည်။ အမည်ရင်းမှာဒေါ်ခင်ခင်သက်ခေါ် ဒေါ်ခင်ဘုန်းတင့်ဖြစ်သည်။ မွေးချင်းသုံးဦးတွင် အလတ်ဖြစ်သည်။ ငယ်စဉ်က သာသနာပြုကျောင်းများတွင် ပညာဆည်းပူးခဲ့ရာ အင်္ဂလိပ်မြန်မာဆယ်တန်းအောင်ခဲ့သည်။

၁၉၄၈ ခုနှစ်မှစ၍ စာပေနယ်သို့ စတင်ဝင်ရောက်ခဲ့သည်။ ထိုနှစ်မှာပင် 'တိုင်းရင်းသူ'ဂျာနယ်ဆောင်းပါးပြိုင်ပွဲတွင် 'စတယ်လာတင့်' ကလောင်အမည်ခံယူကာ ရေးသားခဲ့သော 'ကိုညို့ကို ကျွန်မအကြည်ညိုဆုံး' ဆောင်းပါးဖြင့် ပထမဆုရရှိခဲ့သည်။ သို့သော် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပြင်ဦးလွင်မြို့ အဝတ်အစားအလှ



**အမျိုးသားစာပေဆုရ စာရေးဆရာမကြီး**
**ယုဝတီဂျင်းဖောမယ်**

ဖက်ရှင် ပြိုင်ပွဲတွင် ဖက်ရှင် မယ်ဘွဲ့ရစဉ်က ပြိုင်ပွဲဝင်ခဲ့သော ဂျင်းဖောအမျိုးသမီးဝတ်စုံဖြင့် ရိုက်ကူးထားသည့် ဓာတ်ပုံကိုတိုင်းရင်းသူဂျာနယ်တိုက်သို့ ပို့လိုက်ရာမှ အယ်ဒီတာအဖွဲ့က ဆောင်းပါးရှင်၏ အမည်ကို ဂျင်းဖောမယ်ဟုအမည်ပေးလိုက်သည်။

ငယ်စဉ်က အားကစားနှင့် စာပေတို့တွင်ဝါသနာပါ၍ လေ့လာလိုက်စားခဲ့သည်။ ၁၉၅၈-၆၂ ခုနှစ်ကာလများအတွင်း ရန်ကင်းငါးလုံးတန်း တန်ဆောင်တိုင်ပွဲများတွင် စင်တင်ဖျော်ဖြေပွဲများ၌ ဆရာကြီးဦးရန်အောင်၊ ဗိုလ်ဗကိုတို့နှင့်အတူ ပါဝင်ကပြခဲ့ဖူးသည်။ ၁၉၅၁ ခုနှစ်တွင် မြန်မာပြည် အမျိုးသမီးကလောင်အဖွဲ့ (၁၉၄၇-၁၉၆၂)၏ အဖွဲ့ဝင်ဖြစ်၍ နောက်ပိုင်းတွင် ယင်းအဖွဲ့၏အမြင့်ဆုံးသော ယုဝတီကလောင်ရှင်ဘွဲ့ ပေးအပ်ခြင်းခံရသည်။ ထိုမှစ၍ ယုဝတီဂျင်းဖောမယ်အမည်ကိုလည်း စတင်ခံယူခဲ့သည်။

စာရေးဆရာမကြီး ယုဝတီဂျင်းဖောမယ် သည်။ မင်္ဂလာဒုံတပ်နယ်၊ ကလေးများစာသင်ကျောင်း၌လည်း စေတနာ့ဝန်ထမ်း အလယ်တန်းပြဆရာမအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။

၁၉၅၅ ခုနှစ်၌ မြန်မာပြည်မြောက်ပိုင်း ဝနယ်ဒေသနှင့် တရုတ်ပြည်နယ်စပ်သို့ သွား ရောက်ပြီးနောက်ပိုင်း ထိုစဉ်ကမပြေလည်သေးသော နယ်စပ်အရေးအခင်းတို့ကိုလေ့လာကာ 'ထိုးကျနေသော အရိပ်မည်းကြီးများ' ဆောင်းပါးနှင့် 'နယ်စပ်ပေါ်မှ မြတ်ဗုဒ္ဓ' ဆောင်းပါးကြီးများကို ဓာတ်ပုံမြေပုံများနှင့်တကွ ရေးသားခဲ့ဖူးသည်။

၁၉၅၄-၁၉၅၆ တွင် မန္တလေးမြို့၌ ကိုယ်ပိုင်ပုံနှိပ်တိုက်တည်ထောင်ကာ ရတနာပုံဂျာနယ်၊ရွှေမန်းရုပ်စုံနှင့် ရွှေမန်းညနေသတင်းစာတို့ကို ထုတ်ဝေခဲ့သည်။ ၁၉၅၇ တွင် ကမ္ဘာခြားသူမို့၊ မေတ္တာလွန်ပွဲ၊ အိပ်မက်နိုင်ငံလုံးချင်းဝတ္ထုများကို ရေးသားခဲ့သည်။ ထိုနှစ်မှာပင် အထက်မြန်မာပြည် စာရေးဆရာများအသင်း၌ နိုင်ငံခြားဆက်သွယ်ရေးတာဝန်ခံနှင့် ညှိခံရေးကော်မတီ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။

ထိုအချိန်၌ပင် အရှေ့ပိုင်းရှမ်းပြည်နယ်၊ နယ်စပ်သို့ သွားရောက်၍ 'မန်းမြေမှ မဲဆိုင်ကမ်းခြေသို့' ဟူသော နယ်စပ်ခရီးသွား ဆောင်းပါးရှည်ကြီးကို ယုဝတီဂျာနယ်တွင် ရေးသားခဲ့သည်။

၁၉၆၀ ပြည့်နှစ်တွင် နယ်ခြားဒေသ အုပ်ချုပ်ရေးဌာန၊ ဝန်ကြီးချုပ်ရုံး၌ လက်ထောက်လူမျိုးစုသုတေသနအရာရှိအဖြစ် ကချင်ပြည်နယ်ရေခဲဖုံးတောင်တန်းဒေသတွင် အမှုထမ်းခဲ့သည်။ ထိုတွင် မဖွံ့ဖြိုးမတိုးတက်သေးသော လူမျိုးစုများအကြောင်း သုတေသနပြုကာ မြဝတီမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်းနှင့် ယုဝတီဂျာနယ်တို့တွင် ဆောင်းပါးများ ရေးသားခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် ကာနယ်ဇင်းမဂ္ဂဇင်း၊ ခင်တို့တွက်တာကဏ္ဍတွင် အယ်ဒီတာအဖြစ်ဆောင်ရွက်၍'လောင်းရိပ်မိသောပန်း'ဝတ္ထုကိုရေးသားခဲ့သည်။

၁၉၇၀ ပြည့်နှစ်၌ စာပေဗိမာန်စာမူစာပဒေသာ တတိယဆုကို 'မြောက်စွန်းဒေသမှ မြန်မာပြည်သားများ' စာမူဖြင့် ရရှိခဲ့သည်။

၁၉၆၃ ခုနှစ်တွင် ရင်မှာပွင့်သော ပန်းကလေးများအမည်နှင့် ဝတ္ထုတိုပေါင်းချုပ် ပထမဆုကို အနုပညာစာပေဆိုင်ရာဆု (အမျိုးသားစာပေဆု) ရရှိခဲ့သည်။ ထိုစာအုပ်တွင် ဝတ္ထုတို ၁၁ ပုဒ် ပါဝင်၍ တိုင်းရင်းသား လူမျိုးစုများနှင့် မြန်မာတို့အကြား ချစ်ကြည်ရင်းနှီးရေး၊ အမြင်မှန်ရရှိရေး၊ လုပ်အားတန်ဖိုးချစ်မြတ်နိုးရေး၊ အယူသည်းသော အစွဲအလမ်းဟောင်းများပပျောက်ရေး၊ အိမ်ရှင်မကောင်းဖြစ်ရေး၊ ယဉ်ကျေးသော တိုင်းကြီးပြည်သားတို့ ကျင့်ဝတ်စသည့် မွန်မြတ်သော ဦးတည်ချက်များဖြင့် ဇာတ်လမ်းဆင် ရေးသားထားခြင်းဖြစ်သည်။ ထိုစာအုပ်ကို ရန်ပုံခွင်းစာပေမှ ဖြန့်ချိပြီး အဖိုး ၂ ကျပ်နှင့် ဖြန့်ချိခဲ့သည်။

၁၉၉၀ပြည့်နှစ်တွင် နန်းမိုးခမ်းကလောင်အမည်ဖြင့် 'အရင်ကလည်းသည်လိုပဲ ချစ်ခဲ့ကြပါတယ်' စာမူဖြင့် မြဝတီစာပေပြိုင်ပွဲ၊ ဝတ္ထုရှည် (နှစ်သိမ့်ဆု)၊ ၁၉၉၁ ခုနှစ်တွင် 'မျိုးချစ်ဇာနည်မယ်' ဝတ္ထုရှည်ဖြင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး စာပေပြိုင်ပွဲ ဒုတိယဆုရရှိခဲ့သည်။

၁၉၈၈ ခုနှစ်တွင် သမီးဖြစ်သူ နန်းအိအိဇာ ထုတ်ဝေသော ရုပ်ရှင်သရဖူမဂ္ဂဇင်းနှင့် ဆက်လက်ထုတ်ဝေလျက်ရှိသော သရဖူမဂ္ဂဇင်းတို့တွင် နာယကအဖြစ်ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ဆရာမကြီးသည် တာမွေမြို့နယ်၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီးတွင်လည်း အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။ ယုဝတီဂျင်းဖောမယ်သည် မိမိ၏ရုပ်ပုံလွှာ တစေ့တစောင်းအဖြစ် 'သံသရာတစ်ကွေ့မှ ကောက်ကြောင်းလေးတစ်ခု' ဟူသည့် အတ္ထုပ္ပတ္တိကို သရဖူမဂ္ဂဇင်းတွင် ရေးသားနေဆဲ ဖြစ်သည်။

ယုဝတီဂျင်းဖောမယ်၏ စာပေတစ်သက်တာတွင် ထင်ရှားသော ဝတ္ထုများမှာ ကောင်းကင်နဲ့မြေလွှာ၊ ရေမြေဆုံးစေတော့ကွယ်၊ အသည်းတံခါးဖွင့် မိမှား၍၊ မှုးမှုးမေ့မေ့မုန်းမုန်း၊ ရွှေမည်းတောင်ကြား၊ သေမင်းကိုမှ ချစ်ချင်တယ်၊ ကျွန်မအတွက်မြသရဖူ၊ မေတ္တာရင်ခွင်နားချင်သူပါ၊ မဟာန္တယ်သစ်မင်းသခင် (သုံးတွဲ)၊ မြောက်စွန်းဒေသမှ သွေးချင်းများ (ခရီးသွားစာပေ) တို့ဖြစ်သည်။

ယုဝတီဂျင်းဖောမယ်သည် စာပေဘက်မှာသာမက၊ ရုပ်ရှင်ဘက်တွင်လည်း ရုပ်ရှင်ဇာတ်ကားများကို ရိုက်ကူးခဲ့သေးသည်။ မင်းသားကြီးမြင့်စိုးနှင့် တွဲဖက်သရုပ်ဆောင်ခဲ့သော 'မေသရဖူ' ဇာတ်ကားမှာ ရုပ်ရှင်ကား ကောင်းတစ်ခုအနေနှင့် အောင်မြင်ခဲ့သည်။ ထိုကာလ (၁၉၅၈-၆၀) တွင် ချစ်ကိုချစ်တယ်၊ အောင်ထူး၊ မေသရဖူရုပ်ရှင် ဇာတ်ကားများ ရိုက်ကူးခဲ့ရုံမက၊ ဇာတ်ညွှန်းရေးသူအဖြစ်လည်း ပါဝင်လှုပ်ရှားခဲ့သည်။ ထို့မျှသာမက ယုဝတီဂျင်းဖောမယ်သည် ဂျပန်နိုင်ငံမှ လာရောက်ဖွင့်လှစ်ခဲ့သော အလှပြင်ပညာနှင့် ပတ်သက်၍ နမူနာအလှပြင်သူအဖြစ် ထိုခေတ်က သတင်းစာများတွင် အဖော်ပြခံခဲ့ရသည်။

ယုဝတီဂျင်းဖောမယ်သည် ၇-၆-၂၀၀၃ ရက်နေ့တွင် အာရှတော်ဝင်ဆေးကုခန်း၌ ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်တွင် ခင်ပွန်းဗိုလ်မှူး အက်စ်လှထွေး(ငြိမ်း)၊ သမီး ဒေါ်ခင်မျိုးမြတ် (နန်းအိအိဇာ)၊ ဒေါ်ခင်မျိုးအေး၊ မြေး နန်းဟွမ်ခမ်း၊ နန်းဥမ္မာလွင်၊ ဆုလာဘ်ထွန်း၊ (မြစ်) နန်းလောင်တို့ ကျန်ရစ်သည်။

ဦးစိုးမြင့်သန်း

**ယူနိုက်တက်ကင်းဒမ်းနိုင်ငံ။** ။ဗြိတိသျှနိုင်ငံရေးလောကတွင် ၂၀ ရာစုနှစ်၏ ဒုတိယနှစ် ၅၀ အတွင်း အရေးအပါဆုံးနှင့် ဝန်ကြီးချုပ်သက်တမ်းအရှည်ဆုံးတာဝန်ထမ်းဆောင်သူနှစ်ဦးမှာ မာဂရက်သက်ချာနှင့် တိုနီဘလဲတို့ ဖြစ်ကြသည်။ မာဂရက်သက်ချာသည် ကွန်မြူနစ်ဝါဒ၏ အန္တရာယ်မှလွတ်လပ်သော ဈေးကွက်စနစ်ကို ဖော်ဆောင်ပေးခဲ့သကဲ့သို့ တိုနီဘလဲသည်လည်း စစ်ပွဲဆင်နွှဲရာတွင် အမေရိကန်ဘက်မှ မားမားမတ်မတ်ရပ်တည်

လှုပ်ရှားခဲ့သည်။ ဝန်ကြီးချုပ်ဟောင်း မာဂရက်သက်ချာနှင့် သူမ၏ ကွန်ဆာဗေးတစ်ပါတီမှာ ဗြိတိသျှနိုင်ငံရေးလောကကို ဆယ်နှစ်ကျော်မျှ လွှမ်းမိုးချုပ်ကိုင်ခဲ့သည်။ ၁၉၉၇ ခုနှစ် ရွေးကောက်ပွဲတွင်မူ တိုနီဘလဲ၏ လေဘာပါတီက အနိုင်ရရှိခဲ့ရာ ကွန်ဆာဗေးတစ်ပါတီ နာလန်မထူနိုင်ဖြစ်ခဲ့ရသည်။ ၂၀၀၁ ခုနှစ် ရွေးကောက်ပွဲတွင်လည်း လေဘာပါတီက မဲအပြတ်အသတ်ဖြင့် အနိုင်ရရှိခဲ့ရာ ဗြိတိသျှနိုင်ငံရေးလောကကို ဆက်လက်ချုပ်ကိုင်ခဲ့သည်။

သို့ရာတွင် ၂၀၀၃ ခုနှစ် နွေရာသီတွင် လူထုဆန္ဒကောက်ယူရာ၌ ဘလဲ၏ လေဘာပါတီအပေါ် ထောက်ခံမှုကျဆင်းလာသည်။ အီရတ်အရေးနှင့် ပတ်သက်၍ ဗြိတိန်ပြည်သူများ၏ ဒေါသထွက်မှုက ပိုမိုကြီးထွားလာသည်။ မကြာမီက လူထုစစ်တမ်းကောက်ယူရာ ဗြိတိန်ပြည်သူ ၄၃ ရာခိုင်နှုန်းကပင် ဘလဲကို ရာထူးမှ ထွက်ပေးစေလိုကြသည်။ တိုနီဘလဲအုပ်စုအား ဆန့်ကျင်သူအများစုက ဘလဲ၏ အစိုးရ ပြုတ်ကျနိုင်သည်ဟု ပြောလာကြသည်။

သို့ရာတွင် ကွန်ဆာဗေးတစ်ပါတီဖရိုဖရဲဖြစ်မှုကြောင့် ဝန်ကြီးချုပ်ဘလဲမှာလာမည့်နှစ်များအတွင်း အာဏာကို ထိန်းထားနိုင်သည်။ တိုနီဘလဲ၏ အာဏာထိန်းချုပ်နိုင်မှုလျော့နည်းလာခြင်း၏ အကျိုးဆက်များက ဗြိတိန်နိုင်ငံအတွက်ရော၊ ကမ္ဘာတစ်ဝန်းလုံးအတွက်ပါ ဆိုးရွားလှသည်။ ၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက်တွင် အမေရိကန်သမ္မတဂျော့ဂျ်၊ ဒဗလျူဘုရှ်အား ဖျောင်းဖျစည်းရုံးနိုင်မည့်သူမှာ တိုနီဘလဲဖြစ်မည်ဟု ယူဆခဲ့ကြသည်။ အာဖဂန်နစ္စတန်စစ်ပွဲနောက်ပိုင်းတွင် ဘလဲသည် နိုင်ငံတကာ ညွန့်ပေါင်းအဖွဲ့ပုံစံမျိုးဖြင့် ဘုရှ်၏ လက်တွဲဖော် လက်တွဲဖက်ဖြစ်ခဲ့သည်။ တိုနီဘလဲနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်တို့က အီရတ်နိုင်ငံအားဝင်ရောက်ကျူးကျော်တိုက်ခိုက်ရေးအတွက် ကုလသမဂ္ဂအဖွဲ့ကြီးထံတင်ပြရန် ဘုရှ်အား ဖျောင်းဖျပြောဆိုနိုင်ခဲ့သည်။ တိုနီဘလဲ၏ ခြေလှမ်းကို ကမ္ဘာတစ်ဝန်းက အာရုံစိုက်နေကြသော်လည်း ဗြိတိန်နိုင်ငံ၌မူ ပြည်သူတို့၏ စိတ်ပျက်မှုက ပို၍ပို၍ပင် နက်ရှိုင်းလာသည်။ စက်တင်ဘာလထဲမှာပင် အတိတ်တစ္ဆေက ဘလဲကို ခြောက်လှန့်လာသည်။ လန်ဒန်မြို့ မြောက်ဘက် ဘရန့်ခ်အိမ် မဲဆန္ဒနယ်၌ ကြားဖြတ်ရွေးကောက်ပွဲကျင်းပရာ လေဘာပါတီ အရေးနိမ့်ခဲ့သည်။ ယင်းမဲဆန္ဒနယ်မှာ လေဘာပါတီအတွက် စိတ်အချရဆုံး မဲဆန္ဒနယ်များအနက် တစ်ခုဖြစ်သည်ဟု ယူဆထားခဲ့သည်။ ယခုကဲ့သို့ ရှုံးနိမ့်ခြင်းမှာ ၁၉၉၇ ခုနှစ် နောက်ပိုင်းကြားဖြတ် ရွေးကောက်ပွဲတစ်ခု၌ လေဘာပါတီပထမဆုံးအကြိမ် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

ယင်းသို့ ရှုံးနိမ့်ရခြင်းမှာ လေဘာပါတီအတွက်သာမက အီရတ်စစ်ပွဲကို ဆန့်ကျင်သော လစ်ဘရယ်ဒီမိုကရက်တစ်တို့အတွက်လည်း ဆုံးရှုံးမှုဖြစ်သည်။ ကုလသမဂ္ဂ၏ ထောက်ခံမှုမရှိဘဲ အမေရိကန်သမ္မတဂျော့ဘုရှ်နှင့်အတူ အီရတ်နိုင်ငံအတွင်းသို့ဝင်ရောက်ခဲ့ချိန်မှစ၍ တိုနီဘလဲရင်ဆိုင်နေရသော အခက်အခဲများကတဖြည်းဖြည်းပို၍ ကြီးမားလာသည်။ အီရတ်စစ်ပွဲနှင့်ပတ်သက်၍ နွေရာသီတစ်လျှောက်လုံးဘလဲကိုလူကြိုက်များမှုလျော့နည်းလာသည်။ အထူးသဖြင့် လန်ဒန်မြို့တွင် ဆက်လက်ပြုလုပ်နေသောဟတ်တန်စုံစမ်းစစ်ဆေးမှုများအရ ဘလဲအားလူကြိုက်နည်းကြောင်းတွေ့ရှိရသည်။ သို့ရာတွင် တိုနီဘလဲအား ထောက်ခံသူများက ကျင်းပလတ့်သောရွေးကောက်ပွဲမကျင်းပမီ တိုနီဘလဲနှင့်လေဘာပါတီ့မှာ ထိခိုက်နစ်နာမှုများကိုဖါထေးနိုင်မည်ဟု ယုံကြည်နေကြသည်။ တိုနီဘလဲသည် သူ့အတွက်အချိန်ပိုရစေရန် ဗြိတိသျှအထွေထွေရွေးကောက်ပွဲကို ၂၀၀၅- ခုနှစ်ဆောင်းဦးရာသီအစား နွေရာသီတွင်ခေါ်ယူကျင်းပဖွယ်ရှိသည်ဟု လေဘာပါတီရပ်ကွက်က ပြောသည်။

အီရတ်စစ်ပွဲနှင့်ပတ်သက်၍ ဗြိတိသျှအစိုးရက ဆက်ဒမ်ဟူစိန်အား ဖြုတ်ချရေးအတွက် လူအစုအပြုံလိုက်သေစေသောလက်နက်များကိစ္စကို ပုံကြီးချဲ့ကားလွန်းသည်ဟူသော စွပ်စွဲချက်များက တိုနီဘလဲ

အတွက်ပို၍ အကျပ်ရိုက်ခဲ့ရသည်။ ထို့ကြောင့်ပင် တိုနီ ဘလဲက ပြုပြင်ပြောင်းလဲမှုများပြုလုပ်လာသည်။ ယင်းသို့ပြုလုပ်ခြင်းမှာ ဗြိတိသျှအစိုးရအဖွဲ့တစ်ခုလုံးကို ဘလဲ၏သူငယ်ချင်းအပေါင်းအသင်းများက ချုပ်ကိုင်နေသည်ဆိုသော ဗြိတိသျှပြည်သူများ၏ စိုးရိမ်မှုများကိုလျော့နည်းစေရန်ရည်ရွယ်သည်။ ယခင်က ဗြိတိသျှအစိုးရသည် အရေးပါသောဆွေးနွေးပွဲများကိုပင် အချိန်တိုတောင်းစွာကျင်းပခဲ့ကြသည်။ ၁၉၉၇-ခုနှစ် နောက်ပိုင်း ဗြိတိသျှအစိုးရက စစ်ပွဲသုံးပွဲဆင်နွှဲရန် ဗြိတိသျှတပ်သားများစေလွှတ်ချိန်၌ပင် နိုင်ငံခြားရေးမူဝါဒကိုအစိုးရကတစ်ကြိမ်တစ်ခါမျှ အကြိတ်အနယ်ဆွေးနွေးမှုများ မပြုလုပ်ခဲ့ကြောင်း "တိုနီဘလဲဆင်နွှဲသော စစ်ပွဲများ" အမည်ရှိစာအုပ်တွင် သတင်းစာဆရာ ဂျွန်ကင့်ဖ်နာ ကရေးသားခဲ့သည်။ ယခုအခါတွင်မူ စက်တင်ဘာလအတွင်း ကျင်းပသောအစိုးရအဖွဲ့အစည်းအဝေးက နှစ်နာရီအထိပင်ကြာမြင့်ခဲ့သည်။

ပြည်တွင်း၌ ပြည်သူများမကျေနပ်မှုလျော့ပါးစေရန် ပြုပြင်ပြောင်းလဲမှုများကို တိုနီဘလဲဆောင်ရွက်ခဲ့သည်သာမက နိုင်ငံတကာတွင် မျက်နှာပန်းလှစေရန် ဂျာမနီဝန်ကြီးချုပ် ဂါးဟတ်ရှရိုးဒါး၊ ပြင်သစ်သမ္မတ ဂျက်ရှီရက်တို့နှင့် ထိပ်သီးဆွေးနွေးပွဲကျင်းပခဲ့သည်။ အမေရိကန်နှင့် ဗြိတိန်တို့ဦးဆောင်ဆင်နွှဲသော အီရတ်စစ်ပွဲကို ရှီရက်နှင့်ရှရိုးဒါးတို့ကပြင်းပြင်းထန်ထန်ဆန့်ကျင်ခဲ့ကြသည်။ ထို့အပြင် တိုနီဘလဲသည် ပြည်တွင်းပြည်ပမှ သူ့အပေါ်မကျေနပ်မှုများလျော့ပါးစေရန်လှုပ်ရှားပြင်ဆင်နေသော်လည်း သူရှေ့ဆက်လှမ်းရမည့်ခရီးကား ရှည်လျားကြမ်းတမ်းခက်ထန်လှပေသည်။

ကုလသို့တင်ပြချက်ခြောက်ချက်။ ။ အီရတ်နိုင်ငံကိုစစ်ဆင်တိုက်ခိုက်နိုင်ရန် လမ်းဖွင့်ပေးမည့် ကုလသမဂ္ဂဆုံးဖြတ်ချက်မူကြမ်းအားထောက်ခံမှုလုံလောက်စွာရရှိရေးအတွက် ကြိုးပမ်းနေသောဗြိတိန်နိုင်ငံသည် အီရတ်ခေါင်းဆောင်ပိုင်းအတွက် စမ်းသပ်ချက်အဖြစ်စံနမူနာပြု သတ်မှတ်ထားသော အဆိုတစ်ရပ်ကို မတ်လ ၁၂- ရက်နေ့က တင်ပြခဲ့သည်။ ဗြိတိန်နိုင်ငံကတင်ပြသော ကမ်းလှမ်းချက်မှာ အီရတ်အကျပ်



**အစုလိုက်အပြုံလိုက်သေစေသော လက်နက်များနှင့်စပ်လျဉ်းပြီး သတင်းထောက်များက မေးမြန်းခဲ့ရာ ပီပီပြင်ပြင်မဖြေဆိုနိုင်ဘဲ အကျပ်ရိုက်ခဲ့ရသည့် ဗြိတိန်ဝန်ကြီးချုပ်တိုနီဘလဲ**

အတည်းဖြေရှင်းရေးကြိုးပမ်းမှု၌ မိမိတို့ရင်ဆိုင်နေရသောအခက်အခဲများကိုဖယ်ရှားနိုင်မည်ဟု ကုလသမဂ္ဂဆိုင်ရာ ဗြိတိသျှသံအမတ်ကြီး ဂျာရီမီဂရင်းစတော့က ပြောကြားသည်။ ဗြိတိန်နိုင်ငံက တင်ပြသောအချက်ခြောက်ချက်မှာ အီရတ်ကလက်နက်ဖျက်သိမ်းရေးတာဝန်များကို လိုက်နာဖြည့်ဆည်းမှုရှိမရှိ စစ်ဆေးတိုင်းတာသောအချက်များ ဖြစ်သည်။ ၎င်းတို့မှာ-

၁။ အတိတ်ကာလက အဖျက်စွမ်းအားကြီးမားသောလက်နက်များကို အီရတ်သမ္မတ ဆက်ဒမ်ဟူစိန် ကဖုံးကွယ်ထားရန် ကြိုးပမ်းခဲ့ကြောင်း အခြားအန္တရာယ်ရှိသော လှုပ်ရှားမှုများကိုပါ ဖုံးကွယ်ထားရန်ကြိုးပမ်းခဲ့ကြောင်း၊ သို့ရာတွင် ယခုအခါ ပိတ်ပင်ထားသောလက်နက်များကို ထုတ်လုပ်ပိုင်ဆိုင်မှု မပြုတော့ရန်ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း ဆက်ဒန်ဟူစိန်က အာရေဗျဘာသာဖြင့် လူသိရှင်ကြားကြေညာချက်ထုတ်ပြန်ရန်။

၂။ ကုလသမဂ္ဂလက်နက်စစ်ဆေးသူများက သီးသန့်ရွေးချယ်ထားသော အီရတ်သိပ္ပံပညာရှင် ၃၀-ခန့်ကို မိသားစုများနှင့်အတူအီရတ်နိုင်ငံပြင်ပတွင် တွေ့ဆုံမေးမြန်းခွင့်ပြုရန်။

၃။ သိုလှောင်ထားသော ရောဂါပိုးမွှား လက်နက်၊ အခြားဇီဝနှင့် ဓါတုပစ္စည်းများနှင့် ယင်းပစ္စည်းများထုတ်လုပ်ပုံနှင့်စပ်လျဉ်းသော စာရွက်စာတမ်းများကိုအပ်နှံရန်။

၄။ ပိတ်ပင်တားမြစ်ထားသော ဒုံးပျံအားလုံးကိုဖျက်ဆီးပစ်ရန်။

၅။ ဓါတုဇီဝလက်နက်များဖြင့် ပစ်မှတ်များကိုပစ်ခတ်တိုက်ခိုက်ရာတွင် အသုံးပြုသော မောင်းသူမဲ့လေယာဉ်များနှင့် အဝေးထိန်းစနစ်ဖြင့်မောင်းနှင်နိုင်သောယာဉ်များ၏စာရင်းအတိအကျကိုထုတ်ပြန်ရန်။

၆။ ရွှေ့ပြောင်းနိုင်သော ဓါတုနှင့်ဇီဝလက်နက်များထုပ်လုပ်နိုင်သည့် စက်ရုံများအကြောင်းရှင်းလင်းချက်နှင့် ယင်းစက်ရုံများကို လွှဲပြောင်း အပ်နှံရန်တို့ဖြစ်သည်။

ဗြိတိန်က တင်ပြသောယင်းအချက်ခြောက်ချက်မှာ အီရတ်ကအပြည့်အဝလိုက်နာရမည့် နောက်ဆုံးရက်သတ်မှတ်ထားခြင်းမရှိပေ။ စောစောပိုင်းက အမေရိကန်၊ ဗြိတိန်နှင့် စပိန်တို့ပူးတွဲတင်ပြထားသောဆုံး ဖြတ်ချက်မူကြမ်းတွင် မတ်လ ၁၇- ရက်နေ့ကို နောက်ဆုံးရက်အဖြစ် သတ်မှတ်ပေးထားသည်။ ယင်းအချက်ခြောက်ချက်ကို ကုလသမဂ္ဂလုံခြုံရေး ကောင်စီဝင်နိုင်ငံများက လက်ခံနိုင်ခြင်းရှိမရှိ ရှင်းရှင်းလင်းလင်းမသိရပေ။ ယင်းအချက်ခြောက်ချက်ကို အီရတ်က လိုက်နာဖြည့်ဆည်း၍ အီရတ်အကျပ်အတည်းပြီးဆုံးကြောင်း ကုလသမဂ္ဂလုံခြုံရေး ကောင်စီက ကောက်ချက်ချမည်ဆိုလျှင် အမေရိကန်နှင့် ဗြိတိန်တို့က ဗီတိုအာဏာဖြင့် ဟန့်တားနိုင်ကြောင်းရုရှားနှင့် အခြားလုံခြုံရေး ကောင်စီအဖွဲ့ဝင်အချို့က ပြောကြားသည်။

အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်အား သတ်ဖြတ်ရန်အမေရိကန်တပ်များက လေကြောင်းမှ ဗုံးအကြီးအကျယ်တိုက်ခိုက်ခဲ့သော်လည်း ဆက်ဒမ်ဟူစိန်အသက် ရှင်လွတ်မြောက်သွားဖွယ်ရှိကြောင်း ဗြိတိသျှထောက်လှမ်းရေးသတင်းရပ်ကွက်မှ ပြောကြားချက်ကိုဗြိတိသျှ သတင်းစာများက ဧပြီလ ၈-ရက်နေ့တွင် ရေးသားဖော်ပြကြသည်။ အီရတ်စစ်ပွဲနှင့်ပတ်သက်၍ ပါလီမန်ကအစိုးရကို ဆန့်ကျင်မဲပေးလျှင် ဝန်ကြီးချုပ်ဘလဲနှင့်အတူ အစိုးရအဖွဲ့မှ နုတ်ထွက်ရန် ဗြိတိသျှအစိုးရ အဖွဲ့ဝင်ဝန်ကြီးအချို့ပြင်ဆင်ထားသည်ဟု တိုမ်းစ်သတင်းစာက ဧပြီလ ၂၇- ရက်နေ့တွင်ရေးသားဖော်ပြသည်။ အီရတ်စစ်ပွဲမဖြစ်မီ လအနည်းငယ်အလိုတွင် ဗြိတိသျှပါလီမန်အောက်လွှတ်တော်၌ ဗြိတိသျှအစိုးရအနေဖြင့် စစ်ပွဲတွင်ပါဝင်သင့်မသင့် အငြင်းပွားမှုများ အကြီးအကျယ်ဖြစ်ပွားခဲ့ရာ အစိုးရ အဖွဲ့ဝင်ဝန်ကြီးများရာထူးမှ နုတ်ထွက်ရန်အထိ ကြံစည်ခဲ့ကြကြောင်း ဗြိတိသျှစာနယ်ဇင်းများတွင် ဧပြီလ ၂၅-ရက်နေ့ကရေးသားဖော်ပြခဲ့ကြသည်။ စစ်ပွဲတွင် ဗြိတိန်နိုင်ငံ မပါဝင်ရန် ဗြိတိသျှအောက် လွှတ်တော်ကမဲပေးမည်ဆိုပါက ဝန်ကြီးချုပ်တိုနီဘလဲ

ကိုယ်တိုင်ရာထူးမှ နုတ်ထွက်ရကိန်းဆိုက်သည်ဟု ဆိုသည်။ သို့ရာတွင် နောက်ဆုံး၌ အောက်လွှတ်တော်က စစ်ပွဲတွင်ပါဝင်ရန်အတည်ပြုပေးခဲ့သည်။

ဗြိတိန်နိုင်ငံ၌ ဧပြီလ ၁၀- ရက်နေ့က ကျင်းပသောဒေသန္တရကောင်စီရွေးကောက်ပွဲများတွင် အတိုက်အခံကွန်ဆာဗေးတစ်ပါတီက ဝန်ကြီးချုပ်တိုနီဘလဲ၏လေဘာပါတီကို အနိုင်ရခဲ့သည်။ စစ်ပြီးကာလ ပထမအကြိမ်နိုင်ငံရေးအင်အား စမ်းသပ်မှုတွင် လေဘာပါတီမှာ အီရတ်စစ်ပွဲမှအထောက်အကူရလိမ့်မည်ဟု မျှော်လင့်ထားခဲ့သော်လည်း မျှော်လင့်ချက်များ ပြောင်းခဲ့ရသည်။ လေဘာပါတီသည် ဒေသန္တရကောင်စီရွေးကောက်ပွဲများတွင် အမတ်နေရာ ၇၀၀- ကျော်ရှုံးနိမ့်ခဲ့ရာ ၁၉၇၀- ပြည့်နှစ်နောက်ပိုင်းမှစ၍ အကြီးမားဆုံးရှုံးနိမ့်မှုကြီး ဖြစ်သည်။ ယခုအခါ ဒေသန္တရကောင်စီများတွင် ကွန်ဆာဗေးတစ်ပါတီမှာ အကြီးမားဆုံးပါတီဖြစ်နေသည်။ နိုင်ငံတကာရေးရာဖွံ့ဖြိုးရေးဌာန ဝန်ကြီးကလဲရှော့တ်နှင့် နိုင်ငံခြားရေးဝန်ကြီးဟောင်း ရော်ဘင်ကွတ်စ်တို့ရာထူးမှနုတ်ထွက်ခြင်းမှာ ဝန်ကြီးချုပ်ဘလဲအတွက် ဆုံးရှုံးမှုကြီးဖြစ်သည်။ ကလဲရှော့တ်သည် အီရတ်စစ်ပွဲဆင်နွှဲရန် ပြင်ဆင်နေစဉ်ကပင် စစ်ပွဲကိုဆန့်ကျင်ကြောင်းအစိုးရအပေါ် ပွင့်ပွင့်လင်းလင်းဝေဖန်ခဲ့သူဖြစ်သည်။ နိုင်ငံခြားရေးဝန်ကြီးဟောင်း ရော်ဘင်ကွတ်စ်သည်လည်း အီရတ်စစ်ပွဲကြောင့် အစိုးရအဖွဲ့မှ နုတ်ထွက်ခဲ့သူဖြစ်သည်။

ယင်းဝန်ကြီးနှစ်ဦးနုတ်ထွက်သွားခြင်းမှာ တိုနီဘလဲအတွက် ကြီးမားသောဆုံးရှုံးမှုကြီးဖြစ်ပြီးလေဘာပါတီအတွင်း၌လည်း ထောက်ခံမှုဆုံးရှုံးခဲ့ရသည်။ ထို့ပြင် ပါလီမန်၌လည်း ထိုးနှက်သူများနှင့် ကြုံတွေ့ရပြီး ပါလီမန်အမတ်များ၏ ထောက်ခံမှုမရသည့်ပြင် ဝန်ကြီးနှစ်ဦးကို လက်လွှတ် ဆုံးရှုံးသွားခဲ့ရသည်။ အမေရိကန်နှင့် ဗြိတိန်တို့ပူးပေါင်း၍ အီရတ်ကို စစ်ရေးအရကျူးကျော်တိုက်ခိုက်ခဲ့သော အဓိကအကြောင်းမှာ အီရတ်လက်ဝယ်၌တားမြစ်ထားသော နျူကလီးယားဓါတုဗေဒနှင့် ဇီဝဗေဒလက်နက်များရှိသည်ဟူသော စွပ်စွဲချက်ကြောင့် ဖြစ်သည်။ အီရတ်စစ်ပွဲပြီးဆုံးသောအခါ ထိုလက်နက်များကို ရှာဖွေခဲ့ရာ ခိုင်မာသော အထောက်အထားမတွေ့ရဘဲရှိနေခဲ့သည်။ ယခုအခါ အီရတ်တွင် ထိုလက်နက်များ ရှာဖွေတွေ့ရှိရေး၊ မတွေ့ရေးမှာ အရေးမကြီးကြောင်း ထိုလက်နက်များရှိနေနိုင်သည်ဟူသော အထောက်အထားကို ကုလသမဂ္ဂလက်နက် စစ်ဆေးရေးမှူးများစစ်ဆေးစဉ်က တွေ့ရပြီဖြစ်ကြောင်း အီရတ်များအနေဖြင့် မှားယွင်းသော အပြစ်များ ပြုလုပ်ခဲ့သည်၊ မလုပ်ခဲ့သည်ဟူသော အချက်သာ အရေးကြီးကြောင်း ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးက လေသံပြောင်းလာသည်။

ကုလသမဂ္ဂထောက်ခံမှုကိုအတိအလင်းဖေါ်ပြခြင်းမပြုဘဲ စစ်ပြီးကာလ အီရတ်နိုင်ငံနှင့်စပ်လျဉ်း၍ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအတင်းအကျပ် မပြုလုပ်ရန် တရားဝင်သတိပေးချက်ကို ဝန်ကြီးချုပ် တိုနီဘလဲက လျစ်လျူရှုခဲ့ကြောင်း မေလ ၂၂- ရက်နေ့တွင် ရှေ့နေချုပ် လောဒ်ဂိုးလ်စမစ်က ပြန်လည်တည်ဆောက်ခြင်းနှင့် အစိုးရဖွဲ့စည်းခြင်းတွင် အခွင့်အာဏာပေးရန် လုံခြုံရေးကောင်စီက နောက်ထပ်ဆုံးဖြတ်ချက်လိုအပ်သည်ဟု ထင်ကြောင်းဂိုးလ်စမစ်၏ မှတ်တမ်း၌တွေ့ရှိရသည်ကို နယူးစတိတ်မင်းမဂ္ဂဇင်း ၌ ဖေါ်ပြခဲ့ခြင်း ဖြစ်သည်။ အီရတ်နိုင်ငံတွင် ပြုလုပ်ခဲ့သော လုပ်ငန်းဆောက်ရွက်ချက်များနှင့် ပတ်သက်၍ ချီးကျူးထောပနာပြုခြင်းခံရသော်လည်း စစ်ရာဇဝတ်မှုကျူးလွန်သည်ဟူသော စွပ်စွဲချက်ဖြင့် စုံစမ်းစစ်ဆေးခြင်းခံနေရသော ဗြိတိသျှတပ်မတော် အဆင့်မြင့်အရာရှိ ဒုတိယဗိုလ်မှူးကြီး တင်ကောလင်းသည် သူ၏ တပ်ရင်းလုပ်ဆောင်ချက်များနှင့် ပတ်သက်၍ အရှုပ်အထွေးများကို မေလ ၂၃- ရက်နေ့တွင် ဒုတိယအကြိမ် စုံစမ်းစစ်ဆေးခြင်းခံရပြန်သည်။

အီရတ်တွင် အစုလိုက်အပြုံလိုက်သေကျေပျက်စီးနိုင်သော လက်နက်များရှိနေသည်ဟူသော အယူအဆမှာ စစ်ရေးအရအီရတ်နိုင်ငံအပေါ် အနိုင်ကျင့်

ရေးကိုထောက်ခံမှုရရှိသက်သက်အတွက် ဝန်ကြီးချုပ် တိုနီဘလဲက ရည်ရွယ်ခြင်းဖြစ်သည်ဟု ဆန္ဒပြု သဘောထားပေးသူ ၄၄- ရာခိုင်နှုန်းရှိ၍ တိုနီဘလဲ က အမှန်အတိုင်းပြောသည်ဟု ယုံကြည်သူ ၅၁- ရာခိုင်နှုန်းရှိကြောင်း ဇွန်လ ၁- ရက်နေ့က ထုတ်ပြန် သော စစ်တမ်းတွင် ဒေးလီးဂရပ်သတင်းစာ၌ ဖော် ပြထားသည်။ အီရတ်အား ဗြိတိန်က ကျူးကျော်တိုက် ခိုက်ခဲ့သည့်ကိစ္စနှင့်ပတ်သက်၍ ဝန်ကြီးချုပ်တိုနီဘလဲ သည် လူထုကိုလိမ်ညာလှည့်စားခဲ့သည်ဟု မကြာမီ ကအစိုးရအဖွဲ့မှနုတ်ထွက်သွားခဲ့သော ဝန်ကြီးဟောင်း ကလဲရှော့တ်က ပြောကြားသည်ဟု ဆန်းဒေးသတင်း စာတွင် ဇွန်လ ၁- ရက်နေ့ကရေးသားဖော်ပြခဲ့သည်။ အီရတ်စစ်ပွဲမတိုင်မီက ထောက်လှမ်းရေးအစီရင်ခံ စာများနှင့်ပတ်သက်၍ ဝန်ကြီးချုပ် တိုနီဘလဲ၏သုံး သပ်မှုအပေါ် ဗြိတိသျှပါလီမန် နိုင်ငံခြားရေးရာ ကော်မတီက စုံစမ်းစစ်ဆေးမှုပြုလုပ်မည်ဖြစ်သည်။ ဝန်ကြီးချုပ် တိုနီဘလဲသည် အီရတ်စစ်ပွဲကိုဆင်နွှဲဖြစ် အောင်ကြိုးပမ်းခဲ့သည်ဟု ဝန်ကြီးဟောင်းများနှင့် အခြားဆန့်ကျင်ရေးပါတီများကစွပ်စွဲပြောကြားလျက် ရှိသည်။ အီရတ်စစ်ပွဲပြီးဆုံးခဲ့သည်မှာ သီတင်းပတ် များစွာ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း တိုနီဘလဲ အတွက် နိုင်ငံရေးတိုက်ပွဲများနှင့် ရင်ဆိုင်ရဦးမည် ဖြစ်သည်။ အီရတ်နိုင်ငံ၏အစုအပြုံလိုက်သေစေနိုင် သော လက်နက်များကိစ္စနှင့်ပတ်သက်ပြီး တိုနီဘလဲ အပေါ်ဖိအားပေးမှုများတိုးပွားနေပြီး တိုနီဘလဲအား လွတ်လပ်သောစုံစမ်းရေးဖွဲ့၍ စုံစမ်းစစ်ဆေးရန်ဗြိတိ သျှပါလီမန်၌ ဇွန်လ ၅- ရက်နေ့က မဲခွဲဆုံးဖြတ်ရာ စစ်ဆေးရန်ထောက်ခံမဲ ၃၀၁ မဲဖြင့် အနိုင်ရရှိ ခဲ့သည်။

အီရတ်စစ်ပွဲနှင့်ပတ်သက်၍ ဝန်ကြီးချုပ်တိုနီ ဘလဲက ဗြိတိန်နိုင်ငံသားများအား လိမ်လည်လှည့် စားခဲ့သည်ဟု ဗြိတိသျှနိုင်ငံသား သုံးပုံနှစ်ပုံက ယူဆ ကြောင်း ဇူလိုင်လ ၁၃- ရက်နေ့ထုတ် ဒေလီမေးလ် သတင်းစာ၌ ဖော်ပြထားသည်။ ထိုစစ်တမ်းကို အိုင်တီအမ် သုတေသနအဖွဲ့က ဇူလိုင်လ ၁၀ ရက်နှင့် ၁၂ ရက်နေ့များအတွင်း လူပေါင်း ၁၀၁၂ ဦးကို တွေ့ဆုံမေးမြန်းခဲ့ခြင်း ဖြစ်သည်။ အီရတ်စစ်ပွဲနှင့် ပတ်သက်၍ အငြင်းပွားမှုတွင် အဓိကနေရာမှပါဝင် နေသူဗြိတိသျှသိပ္ပံပညာရှင် အနုဇီဝဗေဒပညာရှင် ဒေါက်တာ ဒေးဗစ်ကယ်လီ သေဆုံးခြင်းနှင့်ပတ်သက် ၍ သံသယဖြစ်ပွားမှု၊ အငြင်းပွားမှု မပြုကြရန် ဝန်ကြီးချုပ် တိုနီဘလဲက ဇူလိုင်လ ၁၉- ရက်နေ့တွင် မေတ္တာရပ်ခံခဲ့သည်။ ထိုပညာရှင် သေဆုံးမှုနှင့်ပတ် သက်၍ နိုင်ငံရေးအရ အကြီးအကျယ်စကားများမည့် ခြိမ်းခြောက်မှုအန္တရာယ်ရှိနေသဖြင့် ဝန်ကြီးချုပ်က ယခုကဲ့သို့ မေတ္တာရပ်ခံခဲ့ခြင်း ဖြစ်သည်။ ဗြိတိသျှ ကာကွယ်ရေးဝန်ကြီးဌာနမှ အီရတ်ဆိုင်ရာလက်နက် ပါရဂူဒေါက်တာဒေးဗစ်ကယ်လီ (၅၉) နှစ်သည် ယခု အချိန်အထိရှင်းလင်းခြင်းမရှိသေးသော သေဆုံးမှု ဖြင့် သေဆုံးသွားသည်ဆိုသော သတင်းစကားအ တွက် မိမိတုန်လှုပ်ချောက်ချားကြေကွဲမှုဖြစ်ရကြောင်း ဝန်ကြီးချုပ်ဘလဲက ဇူလိုင်လ ၁၉- ရက်နေ့တွင် ပြော ကြားခဲ့သည်။ အောက်စဖို့ရှိုင်းယားဒေသ ဖရင်ဒွန်မြို့ အနီးရှိ ဟာရိုဒေါင်ကုန်းမြင့်၏ တောအုပ်တစ်နေ ရာတွင် တွေ့ရှိခဲ့သော အလောင်းတစ်လောင်းကို ဒေါက်တာကယ်လီ၏ အလောင်းဟုတ်မဟုတ်ဗြိတိသျှ ရဲတပ်ဖွဲ့ကအတည်ပြုပေးရန် ရှိသည်။

ဒေးဗစ်ကယ်လီ သေဆုံးပြီးနောက် ဝန်ကြီးချုပ် ဘလဲကျင့်သုံးခဲ့သော မူဝါဒနှင့်ပတ်သက်၍ ဝေဖန်မှု များ အသစ်တစ်ဖန် ပေါ်ပေါက်လာပြန်သည်။ လန်ဒန်မြို့မြောက်ဘက် ကျေးလက်ဒေသ၌ တွေ့ရှိရ သော အလောင်းမှာ ဒေးဗစ်ကယ်လီ၏အလောင်း ဖြစ်ကြောင်း ရဲအဖွဲ့က ဇူလိုင်လ ၂၀- ရက်နေ့တွင် ပြောကြားခဲ့သည်။ အလောင်း၏လက်ကောက်ဝတ် တွင်ထိရှသောဒဏ်ရာဖြင့် သေဆုံးရကြောင်း ရဲအဖွဲ့ က ပြောသည်။ အလောင်း၏အနီးတွင် ဓါးတစ် ချောင်းနှင့် အကိုက်အခဲပျောက်ဆေးတစ်ထုပ်တွေ့ရှိ ရသည်။ ကယ်လီ၏အိမ်မှာ အောက်စဖို့ရှိုင်းရားဒေသ ဆောက်သ်မောအရပ်တွင်ရှိ၍ အိမ်နှင့်ငါးမိုင်အကွာ တွင်အလောင်းကိုတွေ့ရှိရခြင်းဖြစ်သည်။ အမှုကို

စုံစမ်းနေဆဲဖြစ်ပြီးအမှုတွင်အခြားတစ်စုံတစ်ယောက် ပါဝင်ပတ်သက်သောလက္ခဏာမတွေ့ရသေးဟု သိမ်းဘဲလီရဲစခန်းမှ ရဲမှူးဒေးဗစ်ပါနေးလ်က ပြောကြားသည်။ အီရတ်နိုင်ငံရှိ လူအစုလိုက်သေစေနိုင်သော လက်နက်များကိစ္စကို ဗြိတိသျှအစိုးရက အီရတ်ကိုစစ်တိုက်နိုင်စေရေးအတွက် ကုလားဖန်ထိုး အသုံးချခဲ့ကြောင်း ဘီဘီစီ သတင်းဌာနက သတင်းထုတ်ပြန်သွားခဲ့ရာ ဘီဘီစီနှင့် ဗြိတိသျှအစိုးရတို့အကြား အကြီးအကျယ် ပြဿနာတက်လျက်ရှိသည်။ ထိုပြဿနာအကြားတွင် ဇီဝလက်နက်ကျွမ်းကျင်သူ ကယ်လီကြားညှပ်ပါဝင်နေခဲ့ရသည်။

ကယ်လီသေဆုံးမှုမှာ တုန်လှုပ်ချောက်ချားစရာ ဝမ်းနည်းဖွယ်ရာ ကိစ္စဖြစ်သည်။ ကယ်လီ၏မိသားစုအတွက် လွန်စွာဝမ်းနည်းမိပါသည်။ ကယ်လီမှာ တာဝန်ကျေပွန်သော ဝန်ထမ်းကောင်းဖြစ်ပြီး နိုင်ငံအတွက် အလုပ်အကျွေးများစွာပြုခဲ့သည်။ သူအသက်ထင်ရှားရှိနေသေးလျှင်လည်း ဆက်လက်အကျိုးပြုနေဦးမည်သာ ဖြစ်ပါသည်ဟု ဝန်ကြီးချုပ်တိုနီဘလဲကပြောကြားသည်။ ကယ်လီသေဆုံးချိန်တွင် ဝန်ကြီးချုပ်ဘလဲမှာ ဂျပန်နိုင်ငံ၌ ရောက်ရှိနေပြီး ဂျပန်ဝန်ကြီးချုပ် ဂျွန်နီချီရိုကိုအိဇုမိနှင့် ပူးတွဲသတင်းစာရှင်းလင်းပွဲ ကျင်းပလျက်ရှိသည်။ ကယ်လီကိစ္စနှင့် ပတ်သက်၍ ဝန်ကြီးချုပ်ဘလဲကို သတင်းထောက်များက ပြင်းထန်သောမေးခွန်းများ မေးခဲ့ကြသည်။ ဗြိတိသျှ ကာကွယ်ရေးဝန်ကြီး ဂျော့ဖ်ဟွန်းနှင့် ကာကွယ်ရေးဌာန ဆက်သွယ်ရေး အကြီးအကဲ အလစ်တီရာကင်းဘဲလ်တို့ကို ရာထူးမှနုတ်ထွက်ပေးသင့်ပါသလားဟူသော မေးခွန်းများကို မေးခဲ့ကြသည်။

လက်နက်ပါရဂူ ဒေးဗစ်ကယ်လီ မိမိကိုယ်ကို သတ်သေသွားပြီးနောက်ပိုင်း ဝန်ကြီးချုပ်တိုနီဘလဲ ရာထူးမှ နုတ်ထွက်သင့်ကြောင်း ဗြိတိသျှလူမျိုး ဆယ်ဦးတွင် လေးဦးခန့်က ယူဆကြသည်။ တိုနီဘလဲ ရာထူးမှ နုတ်ထွက်သင့်ကြောင်း ၃၉ ရာခိုင်နှုန်းက ပြောဆိုကြပြီး ၄၁ ရာခိုင်နှုန်းကမူ ရာထူးတွင် ဆက်လက်နေသင့်ကြောင်း ပြောကြား၍ ၂၀ ရာခိုင်နှုန်းက အတိအကျမပြောဘဲ နေကြသည်။ ဒေးလီးတယ်လီဂရပ် သတင်းစာကပြုလုပ်သော စစ်တမ်းကိုပြန်လည်တုံ့ပြန်ဖြေဆိုသူ ၄၇ ရာခိုင်နှုန်းခန့်က ကယ်လီ သေဆုံးမှုနှင့်ပတ်သက်၍ ဗြိတိသျှအစိုးကို အပြစ်ဖို့ပြီး ၂၄ ရာခိုင်နှုန်းက အောက်လွှတ်တော် စစ်ဆေးရေးအဖွဲ့သည် အစုလိုက် အပြုံလိုက်သေကျေပျက်စီးစေနိုင်သော အီရတ်လက်နက်များနှင့် ပတ်သက်၍ ဗြိတိသျှအစိုးရအမှုတွဲကို စုံစမ်းစစ်ဆေးခဲ့သည်။ ၉ ရာခိုင်နှုန်းကမူ ဘီဘီစီ ကိုအပြစ်ဖို့သည်။ ဆန္ဒပြုခဲ့ကြ သူ ၅၉ ရာခိုင်နှုန်းက ဝန်ကြီးချုပ်တိုနီဘလဲ ကျဆုံးခန်းရောက်နေပြီဟုပြော၍ ၂ ရာခိုင်နှုန်းက တက်နေဆဲဟု ပြောကြသည်။

အီရတ်စစ်ပွဲမတိုင်မီက အီရတ်နိုင်ငံက စစ်ရေးအရခြိမ်းခြောက်မှုအနေနှင့်ပတ်သက်၍ ဗြိတိသျှအစိုးရက ထောက်လှမ်းရေးသတင်းအချက်အလက်များ ပါရှိသော သုံးသပ်ချက်မှတ်တမ်းလွှာကို လွှန်ခဲ့သော စက်တင်ဘာလက ထုတ်ပြန်ခဲ့သည်။ ၄၅ မိနစ်အတွင်း ဓါတုနှင့် ဇီဝလက်နက်များကို အီရတ်နိုင်ငံက ဖြန့်ချနိုင်သည်ဟူသော ထောက်လှမ်းရေးသတင်း မှတ်တမ်းလွှာ၌ ပါရှိသည်။ ဝန်ကြီးချုပ်တိုနီဘလဲ၏ ပြန်ကြားရေးအတွင်းဝန် မစ္စတာကင်ဆဲလ်က ပြည်သူများစိတ်ဝင်စားလာစေရန် ယင်းသုံးသပ်ချက်မှတ်တမ်းလွှာကိုပုံကြီးချဲ့ထားခဲ့ကြောင်း ဗြိတိသျှတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက စွပ်စွဲခဲ့သည်ဟု ဗြိတိသျှအသံလွှင့်ဌာန (ဘီဘီစီ) ကထုတ်လွှင့်ခဲ့သောသတင်းကို ဗြိတိသျှပါလီမန်အမတ်များက သုံးသပ်စစ်ဆေးခဲ့ကြသည်။ ယင်းစွပ်စွဲချက်ကြောင့် ဗြိတိသျှပါလီမန်နိုင်ငံခြားရေးရာကော်မတီက လူသိရှင်ကြား ကြားနာစစ်ဆေးခဲ့ရာ ဗြိတိသျှအစိုးရနှင့် ဘီဘီစီတို့ အငြင်းပွားမှုများ ဖြစ်ပွားခဲ့ရသည်။ ဘီဘီစီ၏ထုတ်လွှင့်ချက်တွင် ၄၅ မိနစ်အတွင်း အီရတ်က ဓါတုနှင့် ဇီဝလက်နက်များဖြန့်ချနိုင်ကြောင်း မစ္စတာကင်းဘဲလ်က ပြောကြားသည်ဟု ဖေါ်ပြထားသည်။ ကင်းဘဲလ်က ယင်းသတင်းစာကို ငြင်းဆန်ခဲ့ပြီး ဘီဘီစီကို တရားစွဲ

မည်ဟုခြိမ်းခြောက်ခဲ့သည်။ ၄၅ မိနစ်ကြာကိစ္စတွင် ကင်းဘဲလ်မှာ မည်သည့်အခန်းကဏ္ဍတွင်မှ ပါဝင် လှုပ်ရှားခြင်းမရှိကြောင်း ဗြိတိသျှပါလီမန်နိုင်ငံခြား ရေးရာ ကော်မတီက ပြောကြားသည်။ ဗြိတိသျှ နိုင်ငံ ခြားရေးဝန်ကြီး ဂျက်စထရောကလည်း သတင်းထုတ် လွှင့်မှုနှင့် ပတ်သက်၍ဝန်ချတောင်းပန်ရန် ဘီဘီစီ အား ဇူလိုင်လ ၇- ရက်နေ့တွင် တောင်းဆိုခဲ့သည်။

လက်နက်ပါရဂူ ဒေးဗစ်ကယ်လီ ကွယ်လွန်ခဲ့မှု နှင့် ဆက်နွယ်နေသောအခြေအနေများကို စုံစမ်းစစ် ဆေးရသောတရားသူကြီးက ပထမဆုံးကြားနာစစ် ဆေးမှုကို ဩဂုတ်လ ၁- ရက်နေ့က ပြုလုပ်သည်။ မိမိကိုယ်ကိုသေကြောင်းကြံခဲ့သော ဒေးဗစ်ကယ်လီ ကိစ္စနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးနေသောတရား ရေးအဖွဲ့ရှေ့တွင် ဝန်ကြီးချုပ်တိုနီဘလဲပါအစစ်ခံရ မည် ဖြစ်သည်။ တိုနီဘလဲသည် အီရတ်စစ်ပွဲနှင့် ပတ်သက်၍ ပြည်သူတို့၏ယုံကြည်မှုကိုခံနေရပြီး အစစ်ဆေးခံရဦးမည် ဖြစ်သည်။ ဗြိတိသျှထောက် လှမ်းရေးဌာန အမ်အိုင်၏ အကြီးအကဲ ရစ်ချက်ဒီ ယားသည် ၂၀၀၄- ခုနှစ် ဩဂုတ်လတွင် အနားယူ မည်ဖြစ်ကြောင်း ဗြိတိသျှအစိုးရက ဩဂုတ်လ ၃- ရက်နေ့တွင် ထုတ်ပြန်ကြေညာသည်။ ယင်းသို့ အနားယူခြင်းမှာ အီရတ်စစ်ပွဲအရှုပ်တော်ပုံနှင့် ပတ် သက်ခြင်းမရှိဟု အစိုးရကပြောကြားသည်။ ဒေးဗစ် ကယ်လီ ကွယ်လွန်သောကိစ္စကိုလန်ဒန်မြို့၌ ဩဂုတ် လ ၁၁- ရက်နေ့က စတင်စစ်ဆေးနေသည်။ သို့ရာ တွင် ယင်းစုံစမ်းစစ်ဆေးရေးအဖွဲ့ကို ခေါင်းဆောင် သူမှာ ဝန်ကြီးချုပ်တိုနီဘလဲခန့်ထားသော တရားသူ ကြီးလော့ဒ်ဟက်တမ် ဖြစ်သည်။ ယင်းစစ်ဆေးမှု အတွက် တရားရုံးတွင်သက်သေခံရမည့်သူများတွင် ဝန်ကြီးချုပ်တိုနီဘလဲနှင့် ကာကွယ်ရေးဝန်ကြီး ဂျက်ဟွန်းတို့လည်း ပါဝင်သည်။ နျူကလီးယား အစီအစဉ်နှင့်ပတ်သက်၍ ပေါ်ပေါက်နေသော တင်းမာမှုအခြေအနေ၊ အီရတ်နိုင်ငံ ပြန်လည်ထူ ထောင်ရေး၌ ဂျပန်နိုင်ငံပါဝင်လာဖွယ်ရှိမှု အခြေအ နေစသောကိစ္စရပ်များကို ဂျပန်နိုင်ငံ၌ ဝန်ကြီးချုပ် တိုနီဘလဲကဆွေးနွေးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ထိုအချိန်တွင် တိုကျိုမြို့တော်၌ စစ် ဆန့်ကျင်ရေးဆန္ဒပြပွဲ ဖြစ်ပွားခဲ့သည်။ အမေရိကန် ဦးဆောင်သောတပ်ဖွဲ့က အီရတ်နိုင်ငံအားတိုက်ခိုက် ခြင်းကို ဆန္ဒပြသမားများက ကန့်ကွက်ကြသည်။

ဝန်ကြီးချုပ်တိုနီဘလဲ အစိုးရ၏အီရတ်လက်နက် အစီအစဉ်ဆိုင်ရာ ထောက်လှမ်းရေးမှတ်တမ်းကို ယခင်နှစ်စက်တင်ဘာလက မထုတ်ပြန်မီတွင် လူ အစုလိုက်အပြုံလိုက်သေစေနိုင်သော လက်နက်များ ဆိုင်ရာ ထိုထောက်လှမ်းရေးမှတ်တမ်းကို ဗြိတိသျှ ထောက်လှမ်းရေးအရာရှိနှစ်ဦးက ကန့်ကွက်ခဲ့သည်။ ဒေးဗစ်ကယ်လီသေဆုံးမှုနှင့်စပ်လျဉ်း၍ စုံစမ်းစစ် ဆေးသောအခါတွင် ဗြိတိသျှထောက်လှမ်းရေးအရာ ရှိနှစ်ဦးတို့ကယင်းထောက်လှမ်းရေးမှတ်တမ်းကိုကန့် ကွက်ခဲ့ကြောင်း အသေးစိတ်ပေါ်ထွက်လာခြင်းဖြစ် သည်။ကယ်လီသေ ဆုံးမှုနှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ က ဒုတိယနေ့တွင် ဘီဘီစီသတင်းထောက် အင်ဒရာ ဂီလီဂမ်ကို ခေါ်ယူမေးမြန်းခဲ့သည်။အီရတ်လက်နက် ဆိုင်ရာထောက်လှမ်းရေးဆိုင်ရာ အစီရင်ခံစာများကို ပြောင်းလဲထားသည်ဟု ဒေးဗစ်ကယ်လီကပြောကြား ခဲ့ကြောင်း၊ ယခုကဲ့သို့ အစီရင်ခံစာများတွင်ထပ်မံ ဖြည့်စွက်ပြင်ဆင်ခြင်းများအတွက် ဝန်ကြီးချုပ်တိုနီဘ လဲ၏ ပြန်ကြားရေးအကြံပေးပုဂ္ဂိုလ် အလီစကေကမ် ဘလဲတွင်တာဝန်ရှိကြောင်း ဒေးဗစ်ကယ်လီကပြော ကြားခဲ့သည်ဟု ဂီလီဂမ်က ပြောကြားခဲ့သည်။ဒေးဗစ် ကယ်လီသည် သူ၏ အခန်းကဏ္ဍနှင့် ပတ်သက်၍ မေးမြန်းစုံစမ်းစစ်ဆေးမှု ခံယူပြီးနောက် ရက် အနည်းငယ်အကြာတွင် သေကြောင်းကြံစည်ခဲ့ခြင်း ဖြစ်သည်။

ဝန်ကြီးချုပ်ရာထူး သက်တမ်း ခြောက်နှစ်တာ ကာလအတွင်း အကျပ်အတည်းနှင့် ရင်ဆိုင်နေရချိန် တွင်တိုနီဘလီ၏ ထိပ်တန်းလက်ထောက်အရာရှိ အလက်စ်စတဲယားကမ်ဘဲလ်က ရာထူးမှ နုတ်ထွက် ကြောင်း ဩဂုတ်လ ၂၉ ရက်နေ့က ကြေညာထား ခဲ့သော်လည်း အီရတ်စစ်ပွဲနှင့် ပတ်သက်၍ ဗြိတိန်

နိုင်ငံက လိမ်ညာပုံကြီးချဲ့ခြင်းရှိ မရှိ ကမ်ဘဲလ်နှင့် တိုနီဘလဲတို့နှစ်ဦးအား စုံစမ်းစစ်ဆေးမှုပြုနေချိန်၌ ရာထူးမှ နုတ်ထွက်သွားခြင်း ဖြစ်သည်။ ဝန်ကြီးချုပ် တိုနီဘလဲအပေါ်ပြည်သူလူထု၏ သဘောကျထောက်ခံမှု ကျဆင်းနေချိန်နှင့် တိုနီဘလဲရုန်းကန်ရင်ဆိုင်နေရချိန်တွင် အသက် ၄၆ နှစ်အရွယ်ရှိ ကမ်းဘဲလ်၏ နုတ်ထွက်မှုပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ ဩဂုတ်လ ၂၈ ရက်နေ့တွင် ဝန်ကြီးချုပ် တိုနီဘလဲ တရားရုံး စစ်ဆေးရေးအဖွဲ့ ရှေ့မှောက်ရှိ စစ်ဆေးခံခဲ့ရာ တရားရုံး၌ အစစ်ဆေးခံရသော ဒုတိယမြောက် ဗြိတိသျှအစိုးရ အဖွဲ့အကြီးအကဲ ဖြစ်လာခဲ့သည်။ ပထမအစစ်ဆေးခံခဲ့ရသူမှာ ဝန်ကြီးချုပ်ဟောင်း ဂျွန်မေဂျာ ဖြစ်သည်။ ရာထူးမှ နုတ်ထွက်သွားသော ကမ်းဘဲလ်၏နေရာတွင် လေဘာပါတီပြောခွင့်ရပုဂ္ဂိုလ်ဒေးဗစ်ဟီးလ်ကို ဩဂုတ်လ ၃၀ ရက်နေ့က ထိပ်တန်းလူထု ဆက်သွယ်ရေးအရာရှိအဖြစ် ခန့်ထားလိုက်ကြောင်း ဝန်ကြီးချုပ်ရုံးက ကြေညာသည်။ ဟီးလ်သည် လေဘာပါတီ၏ ဆက်သွယ်ရေး ညွှန်ကြားရေးမှူး ဖြစ်ခဲ့ပြီး ၁၉၉၁-၉၇ နှစ်များတွင် ပါတီ၏ ပြောခွင့်ရပုဂ္ဂိုလ်ဖြစ်လာခဲ့သည်။ ဒေးဗစ် ဟီးလ်သည်ဝန်ကြီးချုပ်၏ အသိုင်းအဝိုင်းနှင့်ရင်းနှီးသူဖြစ်ပြီး သူ၏ဇနီး ဟီလာရီကော့ဖ်မန်းသည် ဝန်ကြီးချုပ်နေထိုင်ရာ ဒေါင်းနင်းလမ်းသတင်း အဖွဲ့၌ အလုပ်လုပ်ကိုင်နေသူဖြစ်သည်။

အီရတ်နိုင်ငံသည် ငြိမ်းချမ်းမှု ထိန်းသိမ်းရေး စနစ်ယန္တရားတွင် ပုံစံကျမဟုတ်ဘဲ တိုက်ခိုက်ရေးသမားများ ကျက်စားရာဖြစ်နေသောကြောင့် အီရတ်ငြိမ်းချမ်းမှုထိန်းသိမ်းရေးအတွက် ကုလသမဂ္ဂက ပိုမိုကြီးမားကျယ်ပြန့်သော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်သင့်ပြီဖြစ်ကြောင်း ဗြိတိန်နိုင်ငံက တိုက်တွန်းပြောကြားသည်ဟု စက်တင်ဘာလ ၂၆ ရက်နေ့ထုတ် ကူဝိတ်သတင်းစာ အယ်ရိုင်အယ်အမ်တွင် ဖော်ပြထားသည်။ ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး ဂျက်စထရောက အဆိုပါ ကူဝိတ်သတင်းစာနှင့် တွေ့ဆုံရာတွင် ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များသည် အီရတ်နိုင်ငံတွင် လိုအပ်သည်ထက်နောက်ထပ်ပို၍နေမည်မဟုတ်ကြောင်း၊ သို့ရာတွင် အီရတ်နိုင်ငံ၌ အီရတ်ပြည်သူတို့အား အာဏာကို စနစ်တကျ လွှဲပြောင်းမပေးနိုင်သေးမီနှင့် စစ်ဒဏ်ခံနေရသော အီရတ်နိုင်ငံတွင် တည်ငြိမ်မှုရချိန်အထိ မိမိတို့ အီရတ်နိုင်ငံတွင် ဆက်လက်နေထိုင်သွားမည်ဖြစ်ကြောင်းဖြင့်လည်း ဂျက်စထရောက ပြောကြားသည်။အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များကို ခုခံတိုက်ခိုက်သူများမှာ ယခင်အစိုးရ လက်ကျန်များနှင့် အီရတ်နိုင်ငံပြင်ပမှ လာရောက်ကြသူများဖြစ်ကြောင်းဖြင့်လည်း ဂျက်စထရောက ပြောကြားသည်။ အီရတ်စစ်ပွဲတွင် ဗြိတိန်နိုင်ငံ ပါဝင်ပတ်သက်မှုနှင့် ယင်းစစ်ပွဲအပေါ် ပြည်သူများ၏ မကျေနပ်မှုများ တိုးတက်များပြားလာခြင်းတို့အတွက် နောင်တရခြင်းမရှိကြောင်း ဝန်ကြီးချုပ်တိုနီဘလဲက ပြောကြားသည်။ အီရတ်နိုင်ငံနှင့်ပတ်သက်သော ထောက်လှမ်းရေး သတင်းများသည် မှန်ကန်ကြောင်း မစ္စတာဘလဲက လက်ခံသည်ဟု အောဘဇားဘားသတင်းစာနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားခဲ့သည်။ သို့ရာတွင် အီရတ်နိုင်ငံတွင် တားမြစ်ထားသော လက်နက်များကို သက်သေပြရန် ရှာဖွေမတွေ့ရှိမှုသည် မစ္စတာဘလဲအတွက် နိုင်ငံရေးဆိုင်ရာ အဓိက ပြဿနာများကို ပေါ်ပေါက်စေခဲ့သည်။ စက်တင်ဘာလ နောက်ဆုံးရက်သတ္တပတ်တွင် ကျင်းပမည့် လေဘာပါတီနှစ်ပတ်လည် ညီလာခံအတွက်ပြင်ဆင်နေစဉ်လေဘာ ပါတီဝင် ထက်ဝက်က ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်သင့်သည်ဟု ထင်မြင်ကြကြောင်း စစ်တမ်းတွင်ဖော်ပြထားသည်။ အောဘဇားဘားသတင်းစာက ပြုလုပ်ခဲ့သော သီးခြားစစ်တမ်းအရ လေဘာပါတီဝင် ၄၀ ရာခိုင်နှုန်းကျော်က တိုနီဘလဲကိုလာမည့်ရွေးကောက်ပွဲမတိုင်မီ ရာထူးမှနုတ်ထွက်စေလိုကြသည်။

အင်္ဂလန်နိုင်ငံတောင်ပိုင်း ဘာနီမောက်မြို့တွင် ငါးရက်ကြာကျင်းပသော လေဘာပါတီညီလာခံမှာ

အောက်တိုဘာလ ၂ ရက်နေ့က ပြီးဆုံးသွားခဲ့သည်။ တိုနီဘလဲသည် ၁၉၉၄ ခုနှစ်တွင် လေဘာပါတီ ခေါင်းဆောင်ဖြစ်ခဲ့၍ ၁၉၉၇ ခုနှစ် ရွေးကောက်ပွဲတွင် အောင်ပွဲခံခဲ့သည်။ အီရတ်စစ်ပွဲတွင် ဗြိတိန်နိုင်ငံပါဝင်ခြင်းအတွက် လေဘာပါတီဝင်အချို့က ဝန်ကြီးချုပ်တိုနီဘလဲကို ဝေဖန်တိုက်ခိုက်ကြသည်။ ညီလာခံတွင် ဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားရာ၌ အီရတ်စစ်ပွဲကြောင့် နိုင်ငံတကာအဖွဲ့အစည်း၊ ပါတီ၊ နိုင်ငံမိသားစုများ စိတ်ဝမ်းကွဲခဲ့ကြသည်။ ပြည်သူများစွာ မကျေနပ်မှုဖြစ်ရကြောင်းကို မိမိသိရှိရပါကြောင်း တစ်ခုမေးမြန်းချင်ပါကြောင်း၊ မိမိ၏ဆုံးဖြတ်ချက်ကို တိုက်ခိုက်ကြပါ။ သို့သော်မိမိ ဘာကြောင့်ယခုလို ဆုံးဖြတ်ရကြောင်းကို နားလည် မည်ဖြစ်ကြောင်းစသည်ဖြင့် ပြောကြားခဲ့သည်။ လေဘာပါတီဝင်အဲလစ်မဟွန့်ဆိုသူကစစ်ပွဲကိုပြင်းထန်စွာဝေဖန်ရှုတ်ချ၍ စစ်ပွဲကို ထောက်ခံရေးအတွက် လိမ်ညာခဲ့ကြောင်း ဘလဲကို စွပ်စွဲခဲ့သည်။ အီရတ်စစ်ပွဲနှင့် ပတ်သက်၍ အောက်တိုဘာလ ၉ ရက်နေ့က လူထုဆန္ဒသဘောထားကိုထုတ်ပြန်ရာ၊ဝန်ကြီးချုပ်တိုနီဘလဲက အီရတ်က စစ်ရေးအရ ခြိမ်းခြောက်နေကြောင်း လိမ်ညာခဲ့သည်ဟု ဗြိတိန်နိုင်ငံသား ၆၀ ရာခိုင်နှုန်းက ယုံကြည်ကြသည်ဟု ဖော်ပြထားသည်။

လန်ဒန်ဘုရားကျောင်းတစ်ကျောင်းတွင် အီရတ်၌ကျဆုံးခဲ့သောတပ်မတော်သားများအတွက်ဆုတောင်းမေတ္တာပို့သရန် အောက်တိုဘာလ (၁၀) ရက်နေ့က ဗြိတိန်နိုင်ငံသားများစုဝေးရောက်ရှိခဲ့ကြ သည်။ အီရတ်စစ်ပွဲတွင် ကျဆုံးခဲ့သူများနှင့် ကိုယ်လက်အင်္ဂါဆုံးရှုံးခဲ့ရသော ဗြိတိသျှ စစ်မှုထမ်း ၅၁ ဦးတို့အတွက် စိန့်ပေါလ် ဘုရားရှိခိုးကျောင်းတွင် ဝန်ကြီးချုပ် တိုနီဘလဲ၊ အဲလစ်ဇဘက်ဘုရင်မကြီး၊ ချားလ်မင်းသားနှင့် တပ်မတော်ဗိုလ်ချုပ်ကြီးများသည်ကျဆုံးသူများ၏ မိသားစုများနှင့်အတူ ဆုတောင်းပွဲသို့ တက်ရောက်ခဲ့သည်။

**စီးပွားရေး-** ဗြိတိန်နိုင်ငံ၏ မော်တော်ကားရောင်းချမှုမှာ ၂၀၀၂ ခုနှစ်အတွင်း ကားစီးရေပေါင်း ၂ ဒသမ ၅ သန်းစံချိန်တင်ရောင်းချရ၍ ဗြိတိန်နိုင်ငံသည် ဥရောပတိုက်၌ ဂျာမနီနိုင်ငံပြီးလျှင် ကားသစ်ဈေးကွက်ဒုတိယအကြီးဆုံးဖြစ်ကြောင်း ဇန်နဝါရီလ ၈ ရက်နေ့က ထုတ်ပြန်သော ကိန်းဂဏန်းစာရင်းတွင်ဖော်ပြထားသည်။ ၂၀၀၂ ခုနှစ် ကားရောင်းချရနှုန်းမှာ ၂၀၀၁ ခုနှစ်ကထက် ၄ ဒသမ ၃ရာခိုင်နှုန်းမြင့်တက်လာခဲ့သည်။ သို့ရာတွင် ၂၀၀၃ ခုနှစ်အတွင်း ကားရောင်းရနှုန်းကျဆင်းမည်ဟု ခန့်မှန်းထားသည်။ ၂၀၀၂ ခုနှစ်တွင် ဗြိတိန်နိုင်ငံ၌ အိမ်ဈေးနှုန်းမှာ ၃၀၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ဗြိတိသျှအကြီးမားဆုံး အပေါင်စာချုပ်လုပ်ငန်းဖြစ်သော ဟာလီဖက်စ်က ဇန်နဝါရီလ ၂၆ ရက်နေ့က ထုတ်ပြန်ကြေညာသည်။

ငွေကြေးဈေးကွက်တွင် စတာလင်ပေါင် လဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာနှင့် နှိုင်းယှဉ်လျှင် သုံးလတာကာလအတွင်း အနိမ့်ဆုံးအဆင့်သို့ ကျသွားသည့်နည်းတူ ယူရိုငွေကြေးနှင့် နှိုင်းယှဉ်လျှင် သီတင်းခြောက်ပတ်အတွင်း အနိမ့်ဆုံးသို့ ကျသွားသည်။ ထိုသို့ဖြစ်ရသည်မှာ အီရတ်၏ လက်နက်ကိစ္စနှင့်ပတ်သက်၍ ပြဿနာပေါ်နေသော အရှုပ်တော်ပုံနှင့် ဆက်စပ်နေသည်။ ဗြိတိသျှသိပ္ပံပညာရှင်သေဆုံးသွားမှုကြောင့်ဟုဆိုသည်။ သိပ္ပံပညာရှင်သေဆုံးရသော နောက်ဆက်တွဲနိုင်ငံရေး အကျိုးသက်ရောက်မှုများကြောင့် စတာလင်ငွေဈေးကျဆင်းသွားရသည်။ အာရှဈေးကွက်တွင် ဇူလိုင်လ ၂၁ ရက်နေ့က ဖြစ်ပေါ်ခဲ့သော စတာလင်ပေါင်ဈေးနှုန်းမှာတစ်ပေါင်လျှင် အမေရိကန်ဒေါ်လာ ၁ဒသမ ၅၇၇၆ ဈေးပေါက်ခဲ့သည်။ ဧပြီလ ၂၀ ရက်နေ့ နောက်ပိုင်းတွင် အနိမ့်ဆုံးဈေးဖြစ်သည်။ တစ်ယူရို၏ လဲလှယ်နှုန်းမှာ ၇၁ ဒသမ ၃၉ ပဲနိရှိသည်။ ထိုလဲလှယ်နှုန်းမှာလည်း ဇွန်လ ၉ ရက်နေ့ နောက်ပိုင်းတွင် အနိမ့်ဆုံးနှုန်းထားဖြစ်သည်။ စတာလင် ငွေကြေးဈေးနှုန်းကျဆင်းရခြင်းမှာ ဗြိတိသျှနိုင်ငံရေးအပေါ် သိပ္ပံပညာရှင် ကယ်လီသေဆုံးမှု ဂယက်ရိုက်ခတ်မှုက အဓိကအကြောင်းရင်းဖြစ်သည်ဟု စင်ကာပူဘဏ်မှငွေကြေးဝန်ထမ်းတစ်ဦးက ပြောကြားသည်။

**လင်တင်အမေရိကနိုင်ငံများ။** ။လက်တင်အမေရိကနိုင်ငံများအနက် ၂၀၀၃ ခုနှစ် အတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထူးခြားပြောင်းလဲဖြစ်ပေါ်ခဲ့သော နိုင်ငံများကို မြန်မာအက္ခရာစဉ်အလိုက်အောက်ပါအတိုင်းဖော်ပြပါသည်။ **ကျူးဘား-** ကျူးဘားပါလီမန်လွှတ်တော်က ဖီဒယ်ကတ်စထရိုကို ကျူးဘားနိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌအဖြစ် ဆဋ္ဌမသက်တမ်းအတွက် မတ်လ ၆ ရက်နေ့တွင် ရွေးချယ်တင်မြောက်ခဲ့သည်။ ယင်းသို့ ပြန်လည်ရွေးချယ်တင်မြောက်ပြီးနောက် အသက် ၇၆ နှစ်အရွယ်ရှိ ဖီဒယ်ကက်စထရိုကိုကျူးဘား အမျိုးသားညီလာခံက တညီတညွတ်တည်းထောက်ခံခဲ့ကြသည်။ကက်ထရိုသည် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌတာဝန်ကို ၂၀၀၈ ခုနှစ်အထိထမ်းဆောင်ရမည်ဖြစ်သည်။ လွန်ခဲ့သော ငါးနှစ်က ပဥ္စမမြောက်သက်တမ်းအတွက် ကက်ထရိုကို ကျူးဘားအမျိုးသားညီလာခံကိုယ်စား လှယ်များက ရွေးချယ်တင်မြောက်ခဲ့ကြသည်။ ကျူးဘားနိုင်ငံတော်ကောင်စီ ဒုတိယဥက္ကဋ္ဌများအဖြစ် ပြည်ထဲရေးဝန်ကြီးနှင့် ရဲတပ်ဖွဲ့နှင့်ထောက်လှမ်းရေးအကြီးအကဲဗိုလ်ချုပ်ကြီး အဗွလာဒိုကိုလိုမီအီဘိုရာနှင့် အစိုးရအဖွဲ့အတွင်းဝန်ကားလို့စ်လာဂ့်ဒေဗီလာတို့ တာဝန်ယူကြသည်။

ကမ္ဘာပေါ်တွင် နိုင်ငံအကြီးအကဲရာထူးကို သက်တမ်းအကြာဆုံး တာဝန်ထမ်းဆောင်ခဲ့သော ဖီးဒယ်ကက်စထရိုသည် ဩဂုတ်လ ၁၃ ရက်နေ့က အသက် ၇၇ နှစ်ပြည့်မြောက်ခဲ့သည်။ ၁၉၅၉ ခုနှစ်တွင်အာဏာရှင်စနစ်အဆုံးသတ်ရေး၊ မတရားမှုများ၊ ချုပ်ငြိမ်းရေးနှင့် ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေး ကြွေးကြော်သံဖြင့် ကက်စထရိုအာဏာရရှိလာခဲ့သည်။

ကက်စထရို ကျန်းမာရေးကျဆင်းနေကြောင်း မကြာမီက ကောလာဟလများ ပေါ်ပေါက်လာခဲ့သော်လည်း ယနေ့တိုင်အောင်ရဲရဲတောက်မိန့်ခွန်းများကို နာရီပေါင်းများစွာ ဟောပြောနိုင်သေးသည်။ အလုပ်ကိုလည်း အားကြိုးမာန်တက်လုပ်ဆောင်ဆဲဖြစ်သည်။ အမေရိကန်ပြည်ထောင်စု အပေါ် မှီခိုအားထားမှု မရှိစေရဟူသော ဟစ်ကြွေးသံဖြင့် ခေါင်းဆောင်လာခဲ့သော ကက်စထရိုသည် ယနေ့အထိ အမေရိကန်ပြည်ထောင်စုကို အာခံနေဆဲဖြစ်သည်။ နိုင်ငံတော်အဖြစ် ရှင်သန်နိုင်ရန် ကျူးဘားက ဥရောပသမဂ္ဂ၏ အကူအညီကို လိုအပ်လိမ့်မည်မဟုတ်ကြောင်း ကက်ထရိုကနိုင်ငံအရှေ့ပိုင်း ဆန်တီယာဂိုမြို့၌ ပြောကြားခဲ့သည်။ ဇူလိုင်လ ၂၆ ရက်နေ့မှာ ကျူးဘားတော်လှန်ရေးနှစ် ၅၀ ပြည့် ရွှေရတုသဘင်အခါသမယတွင် ပြောကြားခြင်းဖြစ်သည်။ ကျူးဘားနိုင်ငံ အရှေ့ပိုင်းရှိသကြား ထုတ်လုပ်သောဒေသတွင် ၁၉၂၆ ခုနှစ်က ကက်စထရိုကို မွေးဖွားခဲ့သည်။ ကက်စထရို၏ဖခင်မှာစပိန်လူမျိုးရွှေ့ပြောင်းအခြေစိုက်နေထိုင်သူဖြစ်ပြီး ယင်းဒေသ၌ ကြံစိုက်တောင်သူတစ်ဦးအဖြစ် အသက်မွေးဝမ်းကျောင်းပြုခဲ့သည်။ ကက်စထရိုကို ၁၉၂၇ ခုနှစ်တွင် မွေးဖွားသည်ဟု ဆိုသော်လည်း သူ၏တရားဝင်မှတ်ပုံတင်မွေးသက္ကရာဇ်မှာ ၁၉၂၆ ခုနှစ် ဩဂုတ်လ ၁၃ ရက်နေ့ ဖြစ်သည်။ ကျူးဘားနိုင်ငံသို့ မကြာမီကာလမှစ၍ ကမ္ဘာလှည့်ခရီးသည်လာရောက်မှု တိုးမြင့်လာခဲ့သော်လည်း ဘဏ္ဍာရေးပြဿနာများနှင့် ကျူးဘားနိုင်ငံရုန်းကန်နေရဆဲဖြစ်ကြောင်း ဝေဖန်ဆန်းစစ်သူများက ပြောကြားသည်။

အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်ကမ်းခြေမှ မိုင်ကိုးဆယ်အကွာ ကာရစ်ဘီယန်ပင်လယ်တွင်း၌ တည်ရှိသော ကျူးဘားနိုင်ငံ၏အရှေ့ဘက်တွင် အတ္တလန္တိတ်သမုဒ္ဒရာ မြောက်ပိုင်းတည်ရှိသည်။ ကျူးဘားကျွန်း၏ အရှေ့မြောက်ပိုင်းရှိ ဂွာတာနာမိုဒေသကို အမေရိကန်တို့က စစ်နိုင်စာချုပ်နှင့်ရောဂျိုးရေရှည်ငှားရမ်းပြီး ရေတပ်စခန်း ဖွင့်ခဲ့သည်။ ကျူးဘားကို ယခင်က အမေရိကန်၏ မဟာမိတ်အာဏာရှင်ဘာတစ္စတာကသမ္မတအဖြစ် အုပ်ချုပ်ခဲ့သည်။ ၁၉၅၉-၆၀ နှစ်တွင် ဖီဒယ်လ်ကက် စထရိုခေါင်းဆောင်သော ကျူးဘား ကွန်မြူနစ်များက သမ္မတဘာတစ္စတာကို ဖြုတ်ချ၍ ဆိုရှယ်လစ်စနစ်

တည်ထောင်ခဲ့သည်။ နိုင်ငံခြား စီးပွားရေးလုပ်ငန်းများကို ပြည်သူပိုင်သိမ်းရာတွင် အမေရိကန်လုပ်ငန်းကြီးများပါသွားခဲ့သည်။ ထိုအချိန်မှစ၍ အမေရိကန်က ကျူးဘားကို စီးပွားရေးပိတ်ဆို့မှု အပါအဝင် နည်းမျိုးစုံဖြင့် ထိုးနှက်တိုက်ခိုက်ခဲ့သည်။ ကျူးဘားခေါင်းဆောင် ကက်စထရိုကို လုပ်ကြံရန်အမေရိကန်စီအိုင်အေက အကြိမ် ၂၀ ကျော်ကြံစည်ခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ အမေရိကန်က ပိတ်ဆို့အရေးယူထားသော ကျူးဘားကို ဆိုဗီယက်တို့က အကူညီထောက်ပံ့၍ အဆင်ပြေနေရာ ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း ဆိုဗီယက်တို့က အကူအညီကို ရပ်ဆိုင်းခဲ့သဖြင့် ကျူးဘားနိုင်ငံစီးပွားရေးအခက်ကြုံရသည်။ ကျူးဘား စီးပွားရေးမူဝါဒ အချို့ကို ကက်စထရိုက ပြုပြင်ပြီး အခြေခံဥပဒေဖြင့် နိုင်ငံခြားရင်းနှီးမြုပ်နှံမှုများကို ကာကွယ်ပေးကာ လုပ်ပိုင်ခွင့်ပေးခဲ့သည်။ ပြုပြင်လိုက်သော မူဝါဒကြောင့်ဥရောပအာရှအရင်းရှင်နိုင်ငံများ၊ ပြင်သစ်၊ ဂျာမနီ၊ ဆွစ်ဇာလန်၊ ဗြိတိန်စသောနိုင်ငံများနှင့် အမေရိကတိုက်မှ မက္ကဆီကိုက နေဒါနှင့် ဘရာဇီးလ်၊ အာရှမှ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဟောင်ကောင်တို့မှ ကုမ္ပဏီများက ကျူးဘားတွင်သွားရောက် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ကြသည်။

ဤတွင် အမေရိကန်က ဥပဒေပြဋ္ဌာန်းပြီး ကျူးဘားတွင် ယခင်ကအမေရိကန်လုပ်ကိုင်ခဲ့သော စီးပွားရေးလုပ်ငန်းများ၌ ဝင်ရောက်လုပ်ကိုင်သော နိုင်ငံမှန်သမျှ အမေရိကန် တရားရုံး၌စစ်ဆေးအပြစ်ပေးမည်ဟု ကြေညာလိုက်ရာ ကနေဒါ၊ မက္ကဆီကိုစသော အိမ်နီးနားချင်းနိုင်ငံများနှင့် ဥရောပနိုင်ငံများက ပြင်းထန်စွာကန့်ကွက်ခဲ့ကြသည်။ ထိုဥပဒေကို သမ္မတကလင်တန်က အကောင်အထည် မဖော်ဘဲဆိုင်းငံ့ထားခဲ့သည်။ ယခုအခါကျူးဘားက ကိုယ်ဒူးကိုယ်ချွန် ကိုယ့်အားကိုယ်ကိုးပုံစံဖြင့် စီးပွားရေးပြုပြင်ခဲ့ရာ အခြေအနေပြန်လည် ဦးမော့လာခဲ့သည်။ ဆိုဗီယက်တို့က အကူအညီရပ်ဆိုင်း အမေရိကန်က ပိတ်ဆို့ထားသော ၁၉၉၀ ပြည့်နှစ်များက ကျူးဘားတွင် ရိက္ခာကိုရာရှင်- ခွဲတန်းစနစ်ဖြင့် ဖြန့်ဖြူးခဲ့ရသည်။ စက်သုံးဆီမရှိ၍ ပြည်သူတွေခြေလျင်ကုန်းကြောင်းလျှောက်ခဲ့ရသည်။ တရုတ်နိုင်ငံက စက်ဘီးများကိုသိန်းချီပြီးတင်ပို့ပေးခဲ့ရသည်။ ၁၉၉၂ ခုနှစ်တွင်ကျူးဘားအခြေခံဥပဒေကိုပြင်ပြီး ရင်းနှီးမြုပ်နှံမှုများကိုဖွင့်ပေးခဲ့ရာ ၁၉၉၉ ခုနှစ်အထိ နိုင်ငံခြားကုမ္ပဏီ ၃၇၄ ခုလုပ်ငန်းလည်ပတ်နေ၍ မလေးရှားနိုင်ငံက ကျူးဘား၏စီးပွားရေးကို အားတက်သရောကူညီလျက်ရှိသည်။ ကျူးဘားတွင်လူဦးရေ ၁၀ သန်းခွဲခန့်ရှိပြီး ခရစ်ယာန်ဘာသာကို ကိုးကွယ်ကြသည်။ ပြည်ပသို့ သကြား၊ ဆေးရွက်ကြီး၊ ငါး၊ ဆေးပစ္စည်း၊ ကော်ဖီအများဆုံးတင်ပို့သည်။

ကျူးဘား-ဆူဒန်အစိုးရကော်မရှင်၏ ပထမအစည်းအဝေး၌ ကျူးဘားနှင့်ဆူဒန်နိုင်ငံတို့က စာချုပ်ငါးခုကိုလက်မှတ်ရေးထိုးလိုက်ကြောင်း နိုဝင်ဘာလ ၁၆ ရက်နေ့ထုတ် ဂရမ်မာ-သတင်းစာတွင် ရေးသားဖော်ပြသည်။ ယင်းစာချုပ်များတွင် ပူးတွဲကော်မရှင်သံတမန်စာချုပ်၊ ပညာရေးနှင့်ကျန်းမာရေးဆိုင်ရာနားလည်မှုသဘောတူညီချက်လွှာ၊လယ်ယာစိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်တို့ ပါဝင်သည်။ လွန်ခဲ့သောနှစ်ပေါင်း ၄၀ ကျော်ကကျူးဘားနိုင်ငံအပေါ် အမေရိကန်အစိုးရက တစ်ဖက်သတ်စီးပွားရေးပိတ်ဆို့ခဲ့ခြင်းကို အစိုးရနှင့် မသက်ဆိုင်သော ကျူးဘားအဖွဲ့အစည်းများ(အင်န်ဂျီအို)က နိုဝင်ဘာလ ၁ ရက်နေ့က ပြစ်တင်ရှုတ်ချခဲ့ကြသည်။ ပြစ်တင်ရှုတ်ချကြောင်း ကြေညာချက်ကို အင်န်ဂျီအို ၁၁၅ ဖွဲ့က လက်မှတ်ရေးထိုးကြပြီး ကျူးဘားနိုင်ငံခြားရေးဝန်ကြီး ဗီလစ်ပီရက်ဇ်ထံလွှဲပြောင်းပေးအပ်ခဲ့ကြသည်။ ကြေညာချက်တွင်ပိတ်ပင်မှု ရည်မှန်းချက်များကို ထိုးနှက်ရန် သို့မဟုတ် ပျက်ပြားအောင်လုပ်ရန် အစိုးရ၏ လုပ်ဆောင်ချက်များကို အပြည့်အဝထောက်ခံကြောင်း ဂရန်မာသတင်းစာက ရေးသားသည်။ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် ဘဏ္ဍာရေးပိတ်ပင်သော မူဝါဒသည် အမေရိကန်ပြည်ထောင်စု၏ ချဲ့ကားရေးဝါဒအပေါ်အမြစ်

တွယ်ထားခဲ့ကြောင်း၊ ပိတ်ပင်ရေးမူဝါဒရည်မှန်းချက်မှာ ကျူးဘားနိုင်ငံငယ်အပေါ် အမေရိကန်ပြည်ထောင်စု၏ ဆန္ဒကိုပြဋ္ဌာန်းကျင့်သုံးခြင်းဖြင့် ပျက်စီးအောင်လုပ်သည်ဆိုခြင်းမှာ ထင်ရှားသိသာကြောင်း ကြေညာချက်၌ဖော်ပြပါရှိသည်။

ကျူးဘားနိုင်ငံအား အမေရိကန်ပြည်ထောင်စုကနှစ် ၄၀ ကြာကုန်သွယ်ရေးပိတ်ပင်တားမြစ်ထားခြင်းကို ကုလသမဂ္ဂ အထွေထွေညီလာခံက တညီတညွတ်တည်းဆုံးဖြတ်ချက်ချကာ နိုဝင်ဘာလ ၄ ရက်နေ့တွင်ငြင်းပယ်လိုက်သည်။ ယင်းဆုံးဖြတ်ချက်မှာထောက်ခံမဲ ၁၇၉ မဲရရှိပြီးနှစ်မဲက မဲမပေးဘဲနေခဲ့သည်။ အမေရိကန်ပြည်ထောင်စု၊ အစ္စရေးနှင့် မာရှဲဘ်ကျွန်းစုများက ကန့်ကွက်မဲပေးခဲ့ကြသည်။ ၁၉၆၀ ခုနှစ်တွင် ပင်လယ်ကွေ့၌ စီအိုင်အေအထောက်အကူပေးသော တိုက်ခိုက်မှုကို ဖီဒယ်လ်ကက်စထရိုက ထိုးနှက်ခဲ့ချိန်မှစတင်ခဲ့သောကုန်သွယ်ရေးနှင့် ခရီးသွားလာမှု ပိတ်ပင်တားမြစ်ချက်ကို ချက်ချင်းအဆုံးသတ်ရန်ဆုံးဖြတ်ချက်က တောင်းဆိုထားသည်။

မဲခွဲဆုံးဖြတ်ခြင်း မပြုမီ ညီလာခံ၌ မိန့်ခွန်းပြောကြားရာတွင်ကျူးဘားနိုင်ငံခြားရေးဝန်ကြီးက ကျူးဘားကို ပိတ်ပင်အရေးယူခြင်းမှာ လူမျိုးတုံးအောင်သတ်ဖြတ်သော ရာဇဝတ်မှုဖြစ်သည်ဟု ပြောသည်။တရုတ်ဒုတိယ အမြဲတမ်းကိုယ်စားလှယ် ကျန်ယိရှင်က ပိတ်ပင်တားမြစ်ချက်မှာ ကျူးဘားနိုင်ငံမှ ဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းကို လွတ်လပ်စွာရွေးချယ်ခဲ့ခြင်းအား အတင်းအကျပ်စွန့်လွှတ်စေရန်ရည်ရွယ်သည်ဟု ပြောသည်။

ကျူးဘားနိုင်ငံအား ၄၂ နှစ်ကြာကုန်သွယ်ရေးပိတ်ပင်တားမြစ်ထားခြင်းကို အဆုံးသတ်ရန် အမေရိကန်ပြည်ထောင်စုအား ပန်ကြားတိုက်တွန်းသော ကုလသမဂ္ဂအထွေထွေညီလာခံဆုံးဖြတ်ချက်အတည်ပြုသောသတင်းကို နိုဝင်ဘာလ ၆ ရက်နေ့ထုတ်သတင်းစာများ၌ဦးစားပေးဖော်ပြကြသည်။ နိုင်ငံပိုင်ဂရန်မာသတင်းစာ ပထမစာမျက်နှာတွင် ၁၇ ကြိမ်မြောက်ယန်ကီးကျဆုံးခြင်း၊ ကုန်သွယ်ရေးပိတ်ဆို့မှု ကုလသမဂ္ဂ၌အောင်ပွဲခံခြင်း၊ ကျူးဘားအတွက် ၁၇၉ နိုင်ငံကထောက်ခံမဲပေး၊ ၂ နိုင်ငံကကြားနေ၊ ၃ နိုင်ငံကကန့်ကွက်မဲပေးဟူသော ခေါင်းစဉ်သုံးခုဖြင့် မျက်နှာဝက်ပြည့်ဖော်ပြသည်။ဟာဗာနာမြို့ကုန်သွယ်ရေးပြပွဲရက်အတွင်း တစ်ရက်လျှင်အမေရိကန်ဒေါ်လာ ၂၆ သန်းဖိုးရက်သတ္တတစ်ပတ်လျှင်ဒေါ်လာ ၅၂ သန်းဖိုးအမေရိကန်ပြည်ထောင်စုမှ သီးနှံများကိုကျူးဘားနိုင်ငံက ဝယ်ယူခဲ့သည်။ သီးနှံ၊ ရေနံ၊ အသားနှင့်ပဲပုပ်ဒေါ်လာ ၁၇ သန်းဖိုးဝယ်ယူရန်စာချုပ်လက်မှတ်ရေးထိုးခဲ့သည်။ ၁၉၅၉ ခုနှစ်တော်လှန်ရေးမှစ၍ အာဏာရလာခဲ့သော သမ္မတဖီးလ်ဒယ်လ်စထရိုအစိုးရနှင့် ပြပွဲရက်သတ္တပတ်အတွင်း အမေရိကန်ကုမ္ပဏီများစီးပွားရေးလုပ်ခဲ့ကြသည်။

တရုတ်နိုင်ငံမှဒေါ်လာ ၁၆ ဒသမ ၂ သန်းဖိုးသီးနှံတန်ချိန် ၅၀၀၀ ဝယ်ယူရန်နိုဝင်ဘာလ ၉ ရက်နေ့တွင် ဟာဗာနားမြို့တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ နိုဝင်ဘာလ ၃ ရက်နေ့တွင် စတင်ဖွင့်လှစ်သော ဟာဗါနာ ၂၀ ကြိမ်မြောက်နိုင်ငံတကာပြပွဲအတွင်းနှစ်နိုင်ငံရရှိခဲ့သော သဘောတူညီချက်ရရှိခဲ့ခြင်းဖြစ်သည်။ ယင်းပြပွဲတွင် ၄၉ နိုင်ငံမှ ကုမ္ပဏီ ၃၂၉၃ ခု ပါဝင်ပြသခဲ့ကြသည်။ ကျူးဘားနိုင်ငံသို့ ခရီးသွားခြင်းမပြုရန် ၄၂ နှစ်ကြာပိတ်ပင်ထားခြင်းကို အမေရိကန် ကွန်ဂရက်က ဆက်လက် အတည်ပြုထားဆဲဖြစ်သည်။ ယင်းသို့ ပိတ်ပင်ထားခြင်းကို အမေရိကန်အထက်လွှတ်တော်နှင့်အောက်လွှတ်တော်တို့က စောစောပိုင်းက ပယ်ဖျောက်ပေးခဲ့သော်လည်း ယင်းဆုံးဖြတ်ကို ကွန်ဂရက်လွှတ်တော်က အတည်ပြုလျှင် သမ္မတဘုရှ်က ဗီတိုအာဏာသုံးရန်ခြိမ်းခြောက်လာပြီးနောက် ယင်းဆုံးဖြတ်ချက်ကို ကွန်ဂရက်က အတည်ပြုခဲ့ခြင်းဖြစ်သည်။

ဟာဗာနားမြို့တွင် ကျင်းပသော ၂၀ ကြိမ်မြောက် နိုင်ငံတကာပြပွဲအတွင်း အမေရိကန်ပြည်ထောင်စုနှင့် တရုတ်အပါအဝင် နိုင်ငံအသီးသီးမှ ကုမ္ပဏီများ နှင့် အမေရိကန်ဒေါ်လာ သန်း ၁၅၀ ကျော်ဖိုး ကန်ထရိုက်စာချုပ်များကို ကျူးဘားက

လက်မှတ်ရေးထိုးခဲ့သည်။ အမေရိကန်ပြည်ထောင်စု၊ တရုတ်၊ ဘရာဇီး၊ အာဂျင်တီးနား၊ ချီလီ၊ ပနားမားနှင့် မက္ကဆီကို နိုင်ငံများနှင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ပြပွဲအခမ်းအနားတွင် သမ္မတကက်စထရိုက မိန့်ခွန်း ပြောကြားရာ၌ ကျူးဘားနှင့် စီးပွားရေးပြုလုပ်ရန် ပါဝင်တက်ရောက်သော ကုမ္ပဏီများက ရိုးသားသော သဘောထားကို ပြသခဲ့သည်။ နိုင်ငံခြားကုမ္ပဏီများ နှင့် ကျူးဘားလက်မှတ်ထိုးခဲ့သော ကန်ထရိုက်စာချုပ် များက ကာရီဘီယံနိုင်ငံနှင့် စီးပွားရေးပြုလုပ်ရန် ဖြစ်နိုင်ကြောင်းရှင်းလင်းဖော်ပြခဲ့သည်ဟု ပြောကြား သွားသည်။ အမေရိကန်ပြည်ထောင်စုက ကျူးဘား နိုင်ငံကို အဝမ္ပဝင်တိုက်လျှင် အီရတ်မှာ အမေရိကန် တို့ခံရသည်ထက်ပိုပြီး အထိနာလိမ့်မည်ဟု ကျူးဘား ကာကွယ်ရေးဝန်ကြီး ရာရာယ်ကက်စထရိုက ဒီဇင်ဘာလ ၇ ရက်နေ့က ပြောကြားခဲ့သည်။ စစ်မှု ထမ်းဟောင်းများနေ့တွင် အမှာစကားပြောကြား ရာ၌ သမ္မတကက်စထရို၏ ညီငယ်နှင့် သမ္မတရာထူး ကို ဆက်ခံရန်လျာထားပြီး သူရာရယ်က အမေရိကန် အစိုးရက ကျူးဘားကို ပစ်မှတ်ထားနေကြောင်း ပြောကြားခဲ့သည်။

မိမိအားဖြုတ်ချရန် ဘုရှ်အစိုးရအကြံအစည်ကို တိုက်ဖျက်မည်။ မိမိကွယ်လွန်ပြီးနောက် ကျူးဘား နိုင်ငံ၏ တစ်ပါတီကွန်မြူနစ်နိုင်ငံတည်ရှိနေမည်ဟု သမ္မတဖီးဒယ်လ်ကက်စထရိုက ဒီဇင်ဘာလ ၆ ရက် နေ့တွင် ပြောကြားခဲ့သည်။ သမ္မတဘုရှ်၏ ထိပ်တန်း လက်ထောက်များကလည်း အိမ်ဖြူတွင် ဒီဇင်ဘာလ ၆ ရက်နေ့က တွေ့ဆုံ၍ ကျူးဘားနိုင်ငံသားများ ခရီး သွားခြင်းကို တင်းကျပ်စွာစစ်ဆေးရန်နှင့် ကက်စထရို ကျဆုံးရန် ရည်ရွယ်ထားသောနှစ်ပေါင်း လေးဆယ် ကြာစီးပွားရေးပိတ်ဆို့မှု ခိုင်မြဲရန်၊ ကျူးဘားနှင့် တရားမဝင် စီးပွားရေးလုပ်ငန်းများကို နှိမ်နင်း တိုက်ဖျက်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ကျူးဘား ကျွန်း ပေါ်တွင် ဒီမိုကရေစီအသွင်ပြောင်းလဲရန် သမ္မတ ဂျော့ဒဗလျူဘုရှ်က အောက်တိုဘာလကတည်ထောင် သောလွတ်လပ်သော ကျူးဘားအား အကူအညီပေး ရေးကော်မရှင်ကို နိုင်ငံခြားဝန်ကြီး ကောလင်းပါဝဲလ် နှင့် ကျူးဘားနွယ်ဖွားအိမ်ရာ ဆောက်လုပ်ရေးဝန်ကြီး မီးလ်မရီနာတို့ကခေါင်းဆောင် ဖွဲ့စည်းသည်။ သမ္မတ ဘုရှ်၏ အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ် ကွန်ဒို လီရာရိုက်စ်နှင့် ဒီဇင်ဘာလ ၆ ရက်နေ့က ၎င်းတို့က ပထမဆုံးအကြိမ်တွေ့ဆုံခဲ့ကြသည်။


၁၉၅၉ ခုနှစ်တွင် တော်လှန်ရေးဆင်နွှဲပြီး အမေရိကန် ကျောထောက်နောက်ခံပြုထားသော လက်ယာခေါင်းဆောင်အား ဖြုတ်ချခဲ့သော ကက်စ ထရိုမှာ အမေရိကန်ပြည်ထောင်စုမှ မိုင် ၉၀ အကွာ တွင် ဆိုဗီယက်ပုံစံကွန်မြူနစ်နိုင်ငံတည်ထောင် ပြီးနောက် အမေရိကန်သမ္မတ ၉ ဦး၏ ရန်ပြုခြင်းကို အာခံတွန်းလှန်ခဲ့သည်။ ပညာရေးနှင့် ယဉ်ကျေးမှု ဖလှယ်ရေးအုပ်စုများ ကျူးဘားသို့ သွားလာရေးကို လျှော့ခြင်း၊ အမေရိကန်ဘဏ္ဍာရေးဌာန အထူးခွင့်ပြု ချက်မပါဘဲ ကျူးဘားသို့သွားသော အမေရိကန်နိုင်ငံ သားများကို အရေးယူခြင်းတို့ဖြင့် ဘုရှ်သမ္မတဖြစ်လာ ချိန်မှစ၍ ကျူးဘားအပေါ် တင်းကျပ်လာခဲ့သည်။ စီးပွားရေးသမားများ အကြံပြုထားသော ခရီးသွား လာခွင့်ပိတ်ပင်ထားခြင်းကဲ့သို့ ကုန်သွယ်ရေးပိတ်ပင် မှုကိုပြင်ဆင်ပါက ဗီတိုအာဏာဖြင့်ပယ်ဖျက်ရန် ဘုရှ်က သန္နိဋ္ဌာန်ချထားသည်။ လွန်ခဲ့သော သုံးနှစ်က အမေရိကန်တောင်သူလယ်သမားများနှင့် လယ်ယာ စိုက်ပျိုးရေးကုမ္ပဏီများမှာ ကျူးဘားသို့ စားနပ် ရိက္ခာရောင်းချခွင့်ရရှိခဲ့ရာ ကုန်သွယ်ရေးပိတ်ပင် တားဆီးထားခြင်း၏ ချွင်းချက်ကို အောင်မြင်စွာရရှိ လိုက်ခြင်းဖြစ်သည်။

**ပီရူး** - ပီရူးသမ္မတဟောင်း ဖူဂျီမိုရီမှာ ၁၉၉၀ ပြည့် လွန်နှစ်များက ကျူးလွန်ခဲ့သောပြစ်မှုများနှင့် ပတ် သက်၍ အမှုကို ရင်ဆိုင်နိုင်ရန် ပီရူးနိုင်ငံသို့ လွှဲပြောင်းပေးပါဟု ပီရူးအစိုးရက ဇူလိုင်လ ၃၁ ရက် နေ့တွင် တောင်းဆိုခဲ့သည်။ ယခုအခါ ဂျပန်နိုင်ငံ သားတစ်ဦးအဖြစ် ဂျပန်အစိုးရ၏ ကာကွယ်စောင့် ရှောက်မှုအောက်၌ရှိသော ဖူဂျီမိုရီသည် လူသတ်မှု၊ ပြန်ပေးဆွဲမှုနှင့် ပြည်သူလူထုစိတ်သောကရောက် စေမှု စွဲချက်များကို ရင်ဆိုင်ရန် လွှဲပြောင်းပေး

ရေးအတွက် စာမျက်နှာ ၄၀၀ ပါရှိသော ပန်ကြားလွှာကို တိုကျိုမြို့ရှိ ပီရူးသံအမတ်ကြီးက ဂျပန်နိုင်ငံခြားရေးဝန်ကြီးထံ တင်သွင်းသည်။ ယင်း စွဲချက်များကို ဖူဂျီမိုရီက ငြင်းဆိုထားပြီး ၂၀၀၃ ခုနှစ် စောစောပိုင်းက နိုင်ငံတကာရဲတပ်ဖွဲ့ အင်တာပိုမှ တစ်ဆင့် ပန်ကြားခဲ့မှုကို ဂျပန်အစိုးရက ပယ်ချခဲ့သည်။ ဂျပန်နိုင်ငံမှာ ပီရူးနိုင်ငံနှင့် တရားခံလွှဲပြောင်းပေးအပ်မှုဆိုင်ရာ သဘောတူညီချက်မရှိဟု ဂျပန်အစိုးရက ပြောကြားခဲ့သည်။ ဖူဂျီမိုရီသည် ၂၀၀၀ ပြည့်နှစ် နိုဝင်ဘာလက သူ၏အစိုးရအဖွဲ့ ပြုတ်ကျစေခဲ့သော အဂတိလိုက်စားမှုအရှုပ်တော်ပုံ ဖြစ်ပွားချိန်မှစ၍ ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ပြည်ပြေးတစ်ဦးအဖြစ် နေထိုင်လျက်ရှိသည်။

ကုလသမဂ္ဂငြိမ်းချမ်းရေးဆောင်ရွက်ရာတွင် ပါဝင်ရန် ပီရူးတပ်ဖွဲ့များအတွက် နားလည်မှု စာချွန်လွှာကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအန်နန်နှင့် ပီရူးသမ္မတတို့ နိုဝင်ဘာလ ၁၀ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ ကိုဖီအန်နန် ပီရူးနိုင်ငံတွင် ရောက်ရှိနေစဉ်အတွင်း လက်မှတ်ရေးထိုးခြင်းဖြစ်သည်။ ကိုဖီအန်နန်မှာ လက်တင်အမေရိကတိုက်တွင် ခရီးလှည့်လည်နေသည်။ ကုလသမဂ္ဂ ဦးဆောင်သော ငြိမ်းချမ်းရေးမစ်ရှင်တွင် ပစ္စည်းအင်အား၊ လူအင်အား၊ စစ်သည်အရေအတွက်တို့နှင့်အတူ စစ်အင်အားပါဝင်ရန် စာချုပ်တွင် သတ်မှတ်ထားသည်။ ဒီဇင်ဘာလ ၂၇ ရက်နေ့ စောစောပိုင်းတွင် ပီရူးနိုင်ငံ မြို့တော် လီမာမြို့မှ ကီလိုမီတာ ၃၂၀ အကွာ ဒေသတွင် ရစ်ချက်စကေး ၄ ဒသမ ၆ ဒီဂရီ အင်အားရှိ ငလျင်တုန်လှုပ်ခဲ့ရာ ဒဏ်ရာရမှု ပျက်စီးဆုံးရှုံးမှုမရှိဟုဆိုသည်။

**ဗင်နီဇွဲလား** - ကာရာကတ်မြို့တွင် ကျန်းမာရေးတာဝန်ထမ်းဆောင်နေကြသော နိုင်ငံခြားဆရာဝန်များအတွက် လိုအပ်သော အရည်အချင်းစစ်စာမေးပွဲ အောင်မြင်သည်အထိ ကျူးဘားဆရာဝန်များ ဆက်လက်တာဝန်မထမ်းဆောင်နိုင်ကြောင်း ဗင်နီဇွဲလား တရားရုံးချုပ်က ဩဂုတ်လ ၂၂ ရက်နေ့တွင် အမိန့်ချမှတ်ခဲ့သည်။ တရားရုံးချုပ်၏ အမိန့်မှာ ကာရာကတ်မြို့တွင် နေထိုင်၍ အလုပ်လုပ်နေသော ကျူးဘားဆရာဝန် ၁၀၀၀ ခန့်နှင့် သက်ဆိုင်သည်။ ကျူးဘားဆရာဝန်များ အရည် အချင်းစစ်စာမေးပွဲ ဖြေဆိုရန် မလိုကြောင်း ဗင်နီဇွဲလားဆေးအဖွဲ့ ခေါင်းဆောင်များက ကြေညာခဲ့သည်။ ကာရာကတ်တွင် တာဝန်ထမ်းဆောင်နေကြသော ကျူးဘား အားကစားနှင့် ကျောင်းဆရာ ၁၀၀၀ ကျော်နှင့်အတူ ကျူးဘားဆရာဝန်များမှာ ဆိုရှယ်လစ်နိုင်ငံရေး



**ဗင်နီဇွဲလားနိုင်ငံသမ္မတချာဗက်စ်**


အစီအစဉ်တွင်ပါဝင်ကြောင်း ဝေဖန်သူများက ပြောကြသည်။ ကျူးဘားဆရာဝန်များက ဆင်းရဲသားများအား ဆိုရှယ်လစ်သဘောတရားများ သင်ကြားပေးနေသည်ဟူသော စွပ်စွဲချက်ကို သမ္မတချာဗက်ဇ်က ငြင်းဆိုခဲ့သည်။ တောင်အမေရိကန်နိုင်ငံ၏ ဆင်းရဲသားအများစုကိုကူညီရန် ရည်ရွယ်သော လူမှုရေးအစီအစဉ်များကို တိုက်ခိုက်ခြင်းဖြင့် အတိုက်အခံများက စွပ်စွဲခြင်းဖြစ်ကြောင်း သမ္မတက ပြောကြားသည်။ အခမဲ့ဆေးကုသခွင့်ရရှိရေးအတွက် ဗင်နီဇွဲလားပြည်သူ ၄၀၀၀ ကျော်ကို ဗင်နီဇွဲလား အစိုးရက ကျူးဘားနိုင်ငံသို့ စေလွှတ်ခဲ့၍ အမျိုးသားစာတတ်မြောက်ရေးလှုံ့ဆော်ချက်ဖြင့် ကျူးဘားကျောင်းဆရာများကဗင်နီဇွဲလားဝန်ထမ်း ၁၀၀၀၀၀ ကို စာသင်ပေးနေသည်။ အပြန်အလှန်အားဖြင့် ဗင်နီဇွဲလားက ကျူးဘားအား ရေနံထောက်ပံ့သည်။

ကုန်သင်္ဘောနှင့် ငါးဖမ်းသင်္ဘောများတွင် မူးယစ်ဆေးရောင်းဝယ်သူများက မကြာခဏ မူယစ်ဆေးသယ်ယူပို့ဆောင်ရာ နိုင်ငံ၏အရှေ့ပိုင်း ကာရာဘီယံကမ်းခြေအနီးတွင် ကိုကင်း ၃ တန်ခွဲကို ဗင်နီဇွဲလားအာဏာပိုင်များက ဖမ်းဆီးမိခဲ့ကြောင်း နိုဝင်ဘာလ ၁၁ ရက်နေ့တွင် အရာရှိများက ပြောကြားသည်။ ပြည်နယ်မြို့တော် ကူမာနာတွင် နိုဝင်ဘာလ ၁၀ ရက်နေ့က အိမ်သုံးလုံးကို အမျိုးသားကမ်းခြေစောင့်တပ်ဖွဲ့များက ဝင်ရောက်စီးနင်းရှာဖွေရာ မူးယစ်ဆေးဝါးများနှင့် သေနတ်သေတ္တာငယ် တစ်လုံးကို သိမ်းဆည်းရမိသည်။ ယင်းသို့ ဝင်ရောက် စီးနင်းရာ၌ ဗင်နီဇွဲလား ၂ ဦးကို ဖမ်းမိသည်။ ကိုကင်း ၃ တန်ခွဲခန့် ဖမ်းမိသော အိမ်သုံးလုံးကို ရှာဖွေရာတွင် သေနတ်ခြောက်လက်နှင့် ခြောက်လုံးပြူးတစ်လက်ကိုလည်း သိမ်းဆည်းရမိကြောင်း ဗိုလ်မှူးကြီးဝိုင်လ်မင်ရီဗတ်စ်က တယ်လီဖုန်းဖြင့် ရိုက်တာသတင်းဌာနအားပြောကြားသည်။ ကမ္ဘာတွင် ရေနံတင်ပို့ရောင်းချရာ၌ အဆင့် ၅ရှိသော ဗင်နီဇွဲလားနိုင်ငံမှာ အိမ်နီးချင်း ကိုလံဘီယာနိုင်ငံမှ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသို့ ကိုကင်းတင်ပို့ရာ လမ်းကြောင်းဖြစ်လာသည်။ နှစ်စဉ် ဗင်နီဇွဲလား နိုင်ငံကိုဖြတ်လျက် အနည်းဆုံး ကိုကင်းတန် ၁၀၀ တင်ပို့နေသည်ဟု အရာရှိများက ခန့်မှန်းသည်။

၂၀၀၄ ခုနှစ်တွင် ဗင်နီဇွဲလားစီးပွားရေး ၅ နှင့် ၆ ရာခိုင်နှုန်းထားအထိ တိုးတက်လိမ့်မည်ဖြစ်ကြောင်း လက်တင်အမေရိက စီးပွားရေးစနစ်အတွင်းရေးမှူးဘိုရီက နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ပြောကြားခဲ့သည်။ ၂ နှစ်အတွင်း ဗင်နီဇွဲလားစီးပွားရေးမှာ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးတက်ခဲ့သည်။ ဗင်နီဇွဲလားတွင် ရေနံထုတ်လုပ်မှုတိုးတက်ကောင်းမွန်လိမ့်မည်။ ဗင်နီဇွဲလားမှာ ကမ္ဘာတွင် ရေနံစိမ်းတင်ပို့သော နိုင်ငံများတွင် အဆင့် ၅ ဖြစ်သည် စသည်ဖြင့် ဘိုရီကပြောကြားသည်။

**ဘရာဇီး** - ဘရာဇီးနိုင်ငံတွင် အာကာသဒုံးပျံတစ်စင်းစေလွှတ်ခြင်းမပြုမီ ရက်အနည်းငယ်အလိုစမ်းသပ်မှုပြုလုပ်စဉ်အတွင်း အာကာသယာဉ်ပေါက်ကွဲမှုဖြစ်ပွားရာ လူ ၂၀ ဦးခန့်သေဆုံးရကြောင်း စစ်ဘက်ဆိုင်ရာတာဝန်ရှိသူများက ဩဂုတ်လ ၂၃ ရက်နေ့တွင် ပြောကြားသည်။ ဘရာဇီးနိုင်ငံအရှေ့မြောက်ပိုင်းမာရန်သောင်ပြည်နယ်ရှိ အသလ်ကန်တာရာအာကာသစခန်းတွက် ဒုံးပျံယာဉ်ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။

အာကာသဒုံးပျံယာဉ်၏ အင်ဂျင်စက်လေးလုံးအနက်တစ်လုံးတွင် မီးလောင်မှုဖြစ်ပွားရာမှ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ဒုံးပျံလွှတ်တင်သော စင်ပြိုကျခဲ့ကြောင်းတာဝန်ရှိသူများက ပြောကြားသည်။ ဩဂုတ်လ ၂၂ ရက်နေ့ဒေသစံတော်ချိန်နေ့လယ်တစ်နာရီခွဲတွင် အာကာသအတွင်းဂြိုဟ်တုနှစ်လုံးလွှတ်တင်ခြင်းမပြုမီ နောက်ဆုံးအဆင့် စမ်းသပ်မှုကို နည်းပညာရှင်များက စမ်းသပ်မှုပြုလုပ်စဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဘရာဇီးနိုင်ငံသည် ၁၉၉၇



**ဘရာဇီးနိုင်ငံရှိ**
**ဆင်းရဲသားလူနေရပ်ကွက်တစ်ခု**

ခုနှစ်မှစ၍ ဂြိုဟ်တုလွှတ်တင်မည့် ဒုံးပျံယာဉ်စေလွှတ်ရေးအစီအစဉ်ကို သုံးကြိမ်တိုင်တိုင် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ပေ။ နည်းပညာရှင်များက နှစ်ရက်ကြာစမ်းသပ်မှုပြုလုပ်ခဲ့ရာတွင် ကျေနပ်မှုရှိခဲ့သော်လည်း ပေါက်ကွဲမှုမတော်တဆဖြစ်ပွားခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ကွယ်လွန်သူများအားလုံးအတွက် အစိုးရက လျော်ကြေးပေးမည်ဖြစ်သည်။ အာကာသအင်အားပိုင်ရှင်ဖြစ်လာရန် တတိယအကြိမ် ကြိုးပမ်းမှုကို အဆုံးသတ်စေခဲ့သော ဒုံးပျံယာဉ်ပေါက်ကွဲမှုဖြစ်ရာတွင် လူ ၂၁ ဦးသေဆုံးခဲ့ရပြီး နောက်အာကာသအစီအစဉ်ကို ဆက်လက်ဆောင်ရွက်ရန် သန္နိဋ္ဌာန်ချထားကြောင်း ဩဂုတ်လ ၂၄ ရက်နေ့တွင် ဘရာဇီးနိုင်ငံကပြောကြားသည်။ အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ သန်းတန်ပြီး ၆၅ ပေအမြင့်ပစ်လွှတ်စဉ် ပေါက်ကွဲ

သောအခါ အာကာသစခန်း၌ လူ ၈၀၀ နီးပါးရှိနေသည်။

လူအများလေးစားခံရပြီး လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂမဟာမင်းကြီးဖြစ်သူ ဘရာဇီးနိုင်ငံသား ဒီမဲလိုးမှာ ဩဂုတ်လက အီရတ်နိုင်ငံ ဘဂ္ဂဒတ်မြို့ ကုလသမဂ္ဂရုံးခန်းကို အသေခံဗုံးခွဲတိုက်ခိုက်ရာ၌ သေဆုံးသူ ၂၁ ဦးတွင် ပါဝင်ခဲ့သည့် ဒီမဲလို၏ အလောင်းကို ဂျီနီဗာမြို့တွင် မြှုပ်နှံမည်ဖြစ်ကြောင်း ဇနီးဖြစ်သူ ပြင်သစ်အမျိုးသမီး အင်နီက ပြောကြားသည်။ ဘရာဇီးနိုင်ငံ ဒီမဲလို၏ ဇာတိမြို့တွင် ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပွဲ ကျင်းပခဲ့သည်။ ဆုတောင်းဝတ်ပြုပွဲသို့ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကိုဖီအန်နန် တက်ရောက်ခဲ့ သည်။ ဒီမဲလိုး၏ မိခင်နှင့် ဘရာဇီးသမ္မတတို့လည်း ဆုတောင်းပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးအဖြစ် တာဝန်ထမ်းဆောင်ပြီးနောက်မကြာမီ ဒီမဲလိုးမှာ အီရတ်တွင် ကုလသမဂ္ဂအဖွဲ့အကြီးအကဲအဖြစ် ခန့်ထားခြင်းခံရသည်။ ကုလသမဂ္ဂအဖွဲ့ကြီးတွင် ထင်ရှားသူများအနက် တစ်ဦးဖြစ်သူ ဒီမဲလိုးမှာ အထွေထွေအတွင်းရေးမှူးဖြစ်ရန် အလားအလာရှိသူလည်း ဖြစ်သည်။

ခက်ခဲသော လုံခြုံရေးအခြေအနေကြောင့် အီရတ်သို့ ငြိမ်းချမ်းရေးတပ်ဖွဲ့များ စေလွှတ်ပေးရန် အမေရိကန်ပြည်ထောင်စု၏ တောင်းဆိုချက်ကို ဘရာဇီးနိုင်ငံက ပယ်ချခဲ့ကြောင်း စက်တင်ဘာလ ၁၉ ရက်နေ့တွင် ဘရာဇီးကာကွယ်ရေးဝန်ကြီး ဂျိုဟာဂါက ပြောကြားသည်။ ဝါရှင်တန်တွင် သမ္မတဘုရှ်နှင့် ဘရာဇီးသမ္မတ လူလာဆီလ်ဗ မတွေ့ဆုံမီ ကာကွယ်ရေးဝန်ကြီးက ယင်းသို့ ပြောကြားခြင်းဖြစ်သည်။ ဆက်ဒမ်ဟူစိန်အစိုးရကို ဖြုတ်ချလိုက်ချိန်မှစ၍ အမေရိကန်နှင့် ဗြိတိသျှတပ်ဖွဲ့များ ရင်ဆိုင်နေရသော အခက်အခဲများကြောင့် ယင်းသို့ တောင်းဆိုချက်ကို ပယ်ချလိုက်ခြင်းဖြစ်သည်။ အီရတ်တွင် နေ့စဉ်လိုလိုတပ်သားများ ဒဏ်ရာရရှိခြင်း သို့မဟုတ် သေဆုံးခြင်းတို့ဖြင့် ခက်ခဲသော အခြေအနေ

ဆက်လက်ဖြစ်ပေါ်နေခြင်းကြောင့် အီရတ်တွင် ဘရာဇီးတပ်သားများ ပို့မထားသင့်ကြောင်း ဘရာဇီးပြည်သူများက နားလည်ကြသည်ဟု ကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။

ဘရာဇီးနိုင်ငံတွင် ပြည်သူသန်း ၂၀ ကျော်မှာ စာမတတ်မြောက်သူများဖြစ်ရာ ထိုကိစ္စကိုပြုပြင်ရန် သမ္မတ လူဝိဇ်အင်နာစီယိုလူလာဆီလ်ဗာက ကတိပြုခဲ့သည်။ သို့ရာတွင် ငွေကြေးအခက်အခဲနှင့် ပညာရေးအတွက် စိုးရိမ်မှုမရှိခဲ့ခြင်းတို့ကြောင့် အလုပ်ရခက်သည်။ စာတတ်မြောက်မှု ရည်မှန်းချက်သို့ မရောက်လျှင် နက်ရှိုင်းသောလူမှုရေးနှင့် လူမျိုးရေးကွဲပြားခြားနားမှုများဖြင့် ဘရာဇီးနိုင်ငံ ရင်ဆိုင်နေဆဲဖြစ်လိမ့်မည်ဟု ပညာရေးဝန်ကြီး ခရစ္စတိုဗန်ဘာကွီက ပြောကြားသည်။ ရန်ပုံငွေပိုမိုရရှိရေးအတွက် ပညာရေးဝန်ကြီးက ၁၁ လတိုင်တိုင် ကြိုးပမ်းခဲ့သည်။ ဆင်းရဲသောမိသားစုကမွေးဖွား၍ အလယ်တန်းပညာ မပြီးဆုံးခဲ့သော သမ္မတလူလာဆီလ်ဗာက စီးပွားရေးပြန်လည် ကောင်းမွန်လာသဖြင့် ရရှိသောငွေကြေးဖြင့်ကြိုးပမ်းကြရန် ဝန်ကြီးများအား ပြောကြားသည်။

ဘရာဇီးမှာ လူဖြူလူမည်းခွဲခြားခံထားရဆဲ နိုင်ငံဖြစ်သည်။ လူဖြူများက ချမ်းသာပြီး အဆင့်အတန်းမြင့်မြင့်နေထိုင်နိုင်၍ လူမည်းများက ဆင်းရဲစွာနေကြရသည်။ ဘရာဇီးနိုင်ငံ ကျေးကျွန်စနစ်ပပျောက်ခဲ့ပြီးနောက် နှစ်ပေါင်း ၁၅၀ ခန့်အကြာတွင် နိုင်ငံတွင်နေထိုင်သူ ၁၇၅ သန်းအနက် ထက်ဝက်ခန့်သာ ပညာရေးညီမျှမှုကို ခံစားကြရသည်စသည်ဖြင့် ဘရာဇီးသမ္မတက ပြောကြားခဲ့သည်။

**ဘိုလီးဗီးယား** - အာလူးတင်သောသင်္ဘောပေါ်၌ ကိုကင်း သုံးတန်ကို ဘိုလီးဗီးယားအာဏာပိုင်များက ရှာဖွေဖမ်းဆီးမိရာ နှစ်ရက်ဆက်တိုက်ရှာဖွေဖမ်းဆီးရာ၌ စုစုပေါင်း မူးယစ်ဆေးဝါး ငါးတန် ဖမ်းဆီးမိကြောင်း ဩဂုတ်လ ၄ ရက်နေ့တွင် အရာရှိများက ပြောကြားသည်။ စပိန်နိုင်ငံသို့တင်ပို့မည့် ကိုကင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်း ၃၀၀ ခန့်ဖြစ်၍ မိုင် ၅၆၀ ခန့်အကွာ စန်တာကရုစ်မြို့၌ ဖမ်းမိခဲ့ကြောင်း အစိုးရက ပြောကြားသည်။ မူးယစ်ဆန့်ကျင်တိုက်ဖျက်ရေးအထူးတပ်ဖွဲ့က လူ ၂၄ ဦးကို ဖမ်းမိရာတွင် ဩဂုတ်လ ၃ ရက်နှင့် ၄ ရက်နေ့တွင် ရှာဖွေဖမ်းဆီးရာ၌ ကိုလံဘီယာတစ်ဦး ပါဝင်သည်။ ဩဂုတ်လ ၄ ရက်နေ့ကဖမ်းမိသော အာလူး ၁၅ တန်ကို စိစစ်ရာ ကိုကင်း သုံးတန် ပါဝင်နေကြောင်း တွေ့ရှိရသည်ဟု မူးယစ်ရဲအဖွဲ့ကို ညွှန်ကြားရေးမှူး ဒုတိယဝန်ကြီး အာနက်စတုဂျက်စဆီနိုင်နိုက ပြောကြားသည်။

အိမ်နီးချင်းနိုင်ငံများကဲ့သို့ ဘိုလီဗီးယားသည် ကုန်ပစ္စည်းများတင်သွင်းရန်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများရရှိရန် ဈေးကွက်ကိုဖွင့်ပေး၍ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပ အားပေးမှုတို့ဖြင့် စက်မှုလုပ်ငန်းကို ပုဂ္ဂလိကပိုင်ပြုလုပ်ခဲ့သည်။ သို့ရာတွင် ဘိုလီဗီးယားပြည်သူ ၆၀ ရာခိုင်နှုန်းကျော်မှာ ဆင်းရဲစွာနေထိုင်ရဆဲဖြစ်ရာ တောင်အမေရိက၌ အဆင်းရဲဆုံးသောနိုင်ငံ ဖြစ်သည်မှာ ထင်ရှားသည်။ သို့ရာတွင် နိုင်ငံအတွင်း၌ သဘာဝဓာတ်ငွေ့နှင့် ဓာတ်သတ္တုများစွာထွက်ရှိသည်။ လက်တင်အမေရိက လူဦးရေ ၄၃ ရာခိုင်နှုန်းမှာ ဆင်းရဲမွဲတေမှုအဆင့်အောက်တွင် နေကြရပြီး လူဆင်းရဲအရေအတွက်မှာ ၁၉၉၀ ပြည့်နှစ်တွင် သန်း ၂၀၀ ရှိခဲ့ရာမှ ၂၀၀၃ ခုနှစ်တွင် ၂၂၅ သန်းအထိ ရောက်ရှိခဲ့သည်ဟု ကုလသမဂ္ဂအဖွဲ့က ကြေညာသည်။ လက်တင်အမေရိကဒေသ၏ လွတ်လပ်သောကုန်သွယ်ရေးအတွက် အကျိုးခံစားခွင့်နှင့်ပတ်သက်၍ လက်တင်အမေရိကခေါင်းဆောင်အချို့က သံသယရှိခဲ့ကြ၍ အမေရိကန်ပြည်ထောင်စု

က ၎င်းတို့၏ လယ်ယာထွက်ကုန်အပေါ် အာမခံချက်ရရှိသည်အထိ စေ့စပ်ဆွေးနွေးရေးကို လိုလားကြသည်။

စန်တာကရုစ်မြို့တွင် နိုဝင်ဘာလ ၁၆ ရက်နေ့က ကျင်းပသော ၁၃ ကြိမ်မြောက် လက်တင်အမေရိက ထိပ်သီးစည်းဝေးပွဲတွင် အစီအစဉ် နှစ်ခုကို စပိန်နိုင်ငံက တင်ပြခဲ့သည်။ ဘိုလီဗီးယား နိုင်ငံအရှေ့ပိုင်း စန်တာကရုစ်မြို့၌ ကျင်းပသော နှစ်ရက်ကြာထိပ်သီးအစည်းအဝေးတက်ရောက်သော ဗဟိုအမေရိက ခေါင်းဆောင်များနှင့် နေ့လယ်စာသုံးဆောင်ရာတွင် စပိန်ဝန်ကြီးချုပ် ဂျိုးစ်မာရီယာက အစီအစဉ်များကို တင်ပြခဲ့သည်။ ကော်ဖီအစီအစဉ်မှာ ကော်ဖီထုတ်လုပ်သူများ၏ စားဝတ်နေရေးကို အာမခံရန်နှင့် ဒေသအတွင်းထွက်ရှိသော ကော်ဖီ တန်ဖိုးတိုးတက်ရန်ရည်ရွယ်သည်။ ကော်ဖီအရည်အသွေးကောင်းများ မစိုက်ပျိုးနိုင်သော ဒေသများတွင် အစားထိုးသီးနှံစိုက်ပျိုးခြင်းကို အားပေးမည်ဟုစပိန်ဝန်ကြီးချုပ်က ပြောသည်။ ခရီးသွားလာရေး အစီအစဉ်မှာ ဒေသတွင်းနှင့် အမျိုးသားခရီးသွားလာရေးသိပ္ပံများအား တိုးချဲ့ထောက်ပံ့ခြင်းဖြင့် ခရီးသွားလုပ်ငန်းတိုးတက်ရန် ရည်ရွယ်သည်။

တရားမဝင် ကိုကာပင်စိုက်ပျိုးခြင်းကို တိုက်ဖျက်ရန် ဘိုလီးဗီးယားအစိုးရက ကြံရွယ်ထားကြောင်း နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ဘိုလီးဗီးယား ပြန်ကြားရေးဌာနကြေညာချက်က ဖော်ပြထားသည်။ ယင်းအစီအစဉ်မှာ နိုင်ငံအလယ်ပိုင်း၌ ကိုကာပင်စိုက်ပျိုးခြင်းကို ထိန်းချုပ်ရန်ဖြစ်ကြောင်း တိုးတက်စိုက်ပျိုးသော ကိုကာပင် ၁၇ ရာခိုင်နှုန်းမှာ တရားမဝင်ဟု ယုံကြည်ရကြောင်း ဘိုလီးဗီးယားနိုင်ငံခြားရေးဝန်ကြီးကပြောသည်။ ဒီဇင်ဘာလတွင် ယင်းအစီအစဉ်ကို ထုတ်ပြန်ကြေညာ၍ နောက်ငါးနှစ်အတွင်းအကောင်အထည်ဖော်သွားမည်ဖြစ်သည်။ ၁၉၉၇ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ တိုးတက်စိုက်ပျိုးလာသော ကိုကာပင် ဟက်တာဧက ၂၀၀၀၀ ကို ဖျက်ဆီးခဲ့ပြီးဖြစ်သည်။ သို့ရာတွင် လွန်ခဲ့သော ၂ နှစ်အတွင်း ကိုကာပင်စိုက်ပျိုးခြင်းမှာ ထပ်မံတိုးတက်လာ၍ တရားဝင်ပြုလုပ်ပေးရန် တောင်သူများက တောင်းဆိုကြသည်။ တရားမဝင်စိုက်ပျိုးသော ကိုကာပင် ဟက်တာဧက ၂၈၅၀၀ ရှိပြီး တရားဝင်စိုက်ပျိုးမှု ဟက်တာ ၁၂၀၀၀ သာရှိသည်။ ကမ္ဘာတွင် ကိုကာပင်အများဆုံး စိုက်ပျိုးထုတ်လုပ်သော ဘိုလီးဗီးယား၊ ပီရူးနှင့် ကိုလံဘီယာနိုင်ငံတို့တွင် ကိုကာရွက် တိုက်ဖျက်ရေး အစီအစဉ်များကို အမေရိကန်ပြည်ထောင်စုက ခေါင်းဆောင်အနေဖြင့် ဆောင်ရွက်နေသည်။

၂၀၀၃ ခုနှစ်တွင် မူးယစ်ဆေးဝါး ၂၁ တန်ကို ဘိုလီးဗီးယားအထူးမူးယစ်ရဲတပ်ဖွဲ့က ဖမ်းဆီးမိခဲ့ရာ ၂၀၀၂ ခုနှစ်ကထက် ၇ ဒသမ ၄ တန် ပိုခဲ့ကြောင်း ဒီဇင်ဘာလ ၂၁ ရက်နေ့က အစိုးရထုတ်ပြန်သော အစီရင်ခံစာ၌ ဖော်ပြထားသည်။ ၂၀၀၂ ခုနှစ်အတွင်း မူးယစ်ဆေးဝါးရောင်းဝယ်ရေးကို တိုက်ဖျက်ရန် ဘိုလီးဗီးယားအာဏာပိုင်များက ဖမ်းဆီးမှု အကြိမ်ပေါင်း ၄၅၉၀ ပြုလုပ်ခဲ့သည်။ ဖမ်းဆီးမှုပြုလုပ်စဉ်အတွင်း ရဲနှစ်ဦးနှင့် တပ်မတော်သား ငါးဦး ကျဆုံးခဲ့သည်။

တံတားတစ်ခု ပျက်စီး၍ လူ ၁၉ ဦး သေဆုံးပြီး လူ ၅၀ ပျောက်ဆုံးရသည်ထိ မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် ဘိုလီးဗီးယားအာဏာပိုင်များက အရေးပေါ်အခြေ အနေ ကြေညာခဲ့သည်။ နိုင်ငံအလယ်ပိုင်း၌ ကယ်ဆယ်ရေး လုပ်သားများက လူသေလောင်း ၁၉ လောင်းကို တွေ့ရှိခဲ့ရသည်။ တံတားပျက်စီး၍ မော်တော်ယာဉ် များစွာ မြစ်အတွင်းနစ်မြုပ်သွားရာ ရဲကားတစ်စီးနှင့် ခရီးသည်အပြည့်ပါသော လူစီးကားတစ်ဦးပါဝင်သည်။ ခရီးသည်အလောင်း ၁၆ လောင်းနှင့် ရဲသုံးဦး၏ အလောင်းများကို ရှာဖွေ

တွေ့ရှိသည်။ မီတာ ၃၅၀ ရှည်သောတံတားမှာ နိုင်ငံအတွင်း ပြည်နယ်ချင်း ဆက်သွယ်ရာတွင် အရေးပါသော တံတားဖြစ်သည်။ ဒေသအတွင်း၌ နောက်ထပ်မိုးသည်းထန်စွာရွာဦးမည်ဟု မိုးလေဝသ ဌာနက ကြေညာသည်။

**မက္ကဆီကို** - ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ရည်မှန်းချက်များအောင်မြင်ရန် လုပ်ငန်းစနစ်များနှင့် ကမ္ဘာလုံးဆိုင်ရာ ကိုယ်စားပြုပြောင်းလဲမှု အခြေအနေသစ်များအသွင်သို့ တဖြည်းဖြည်းပြောင်းလဲသင့်ကြောင်း၊လုံခြုံရေးကောင်စီအဖွဲ့ဝင်များ၌ရှိထားသော ဗီတိုကိစ္စကိုလေ့လာရန်လိုမည်ဖြစ်ကြောင်း မက္ကဆီကို သမ္မတက ဧပြီလ ၉ ရက်နေ့တွင် ပြောကြားခဲ့သည်။ အမေရိကန်ပြည်ထောင်စုအတွင်း ကိုကင်းနှင့် ဆေးခြောက်များမှောင်ခိုတင်သွင်းရန် ဥမင်လိုဏ်ခေါင်းများ၊ လေယာဉ်ပျံများ၊ မော်တော်ယာဉ်များကိုအသုံးပြုသော မူးယစ်ဆေးဝါးဂိုဏ်းကို ဖြိုခွင်းလိုက်ကြောင်း အမေရိကန်နှင့် မက္ကဆီကန် အရာရှိများက ဇူလိုင်လ ၃၀ ရက်နေ့တွင် ဝါရှင်တန်မြို့၌ ကြေညာခဲ့သည်။ မက္ကဆီကိုနိုင်ငံတွင် မူးယစ်ဆေးဝါးဂိုဏ်းခေါင်းဆောင်လေးဦးကို အာဏာပိုင်များက ဖမ်းဆီး၍ အမေရိကန်ပြည်ထောင်စုတွင် သံသယရှိသူ ၆၃ ဦးကို အရာရှိများက ဖမ်းဆီးခဲ့သည်။

မက္ကဆီကိုနိုင်ငံတွင် ကျင်းပခဲ့သော ကမ္ဘာ့ကုန်သွယ်ရေးဆွေးနွေးပွဲမှာ စက်တင်ဘာလ ၁၄ ရက်နေ့တွင် ပြီးဆုံးသွားခဲ့သည်။ ယင်းဆွေးနွေးပွဲသို့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) ဝင်နိုင်ငံပေါင်း ၁၂၀ ကျော်မှ ဝန်ကြီးများတက်ရောက်ခဲ့ကြသည်။ ယခုအခါ ကုန်သွယ်ရေးဆွေးနွေးပွဲများမှာ အကောက်ခွန်နှင့် ခွဲတမ်းကိစ္စများသာမကဘဲ မူပိုင်ခွင့်နှင့် ပြည်တွင်းဘဏ်လုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုများပါထည့်သွင်းဆွေးနွေးလာရာ ပိုမိုရှုပ်ထွေးသိမ်မွေ့လာသည်။ ဖြေရှင်းရသည်မှာလည်း ပိုမိုခက်ခဲလာသည်။ ထို့ကြောင့် ကမ္ဘာ့ကုန်သွယ်ရေးဆွေးနွေးပွဲလုပ်တိုင်း အောင်မြင်မှုရသည်က နည်းပါးလှပေရာ ယခုကျင်းပသောကုန်သွယ်ရေးဆွေးနွေးပွဲတွင်လည်း အောင်မြင်မှုထက် မအောင်မြင်မှုကပိုမိုများပြားနေသည်။

မက္ကဆီကိုမြို့တော် အနောက်ဘက် ကီလိုမီတာ ၅၀၀ ခန့်အကွာရှိ ကိုလီမာဒေသတွင် ဇန်နဝါရီလ ၂၂ ရက်နေ့ညပိုင်းက ရစ်ချ်တာစကေး ၇ ဒသမ ၈ အဆင့်ရှိ အင်အားပြင်းထန်သော ငလျင်လှုပ်မှုကြောင့် လူ ၂၃ ဦးထက်မနည်း သေဆုံးခဲ့ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအန်နန်က ဝမ်းနည်းကြောင်း ကြေညာခဲ့ပြီး နောက်တစ်နေ့တွင် အကူအညီများပေးပို့ခဲ့သည်။ အေသင်မြို့မှလာသော သတင်းတစ်ရပ်တွင် ငလျင်ဒဏ်ခံရသော မက္ကဆီကိုနိုင်ငံကို ဂရိနိုင်ငံကအရေးပေါ်အကူအညီအဖြစ် ယူရိုဒေါ်လာငွေ ၂၀၀၀၀၀- နှစ်သိန်းထောက်ပံ့မည်ဟု ဆိုသည်။

ဦးရဲလွင်

**သာထွန်း၊ဦး (ခရစ် ၁၉၂၅-၂၀၀၃)**။ ။ရှေ့နေချုပ် ဦးသာထွန်းကို ၁၉၂၅ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင် အဘ ဦးလှဖေ၊ အမိ ဒေါ်လှတင်တို့က ရန်ကုန်မြို့ ကြည့်မြင်တိုင်ရပ်တွင် မွေးဖွားခဲ့သည်။ ၁၉၄၁ ခုနှစ်တွင် ရန်ကုန်မြို့၊ မြို့မအထက်တန်းကျောင်းမှတက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့ပြီးရန်ကုန်တက္ကသိုလ်တွင် ဆက်လက်ပညာ သင်ကြားနေစဉ် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားခဲ့သည်။ ၁၉၄၃ ခုနှစ် စစ်ကြီးအတွင်း ဖွင့်လှစ်ခဲ့သည့် ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ခဲ့ပြီး ဥပစာအောက်တန်းနှင့် အထက်တန်းပူးတွဲ အောင်မြင်ခဲ့သည်။ စစ်ကြီးအတွင်းတွင် ခရမ်းမြို့ ၌ အာရှလူငယ်အစည်းအရုံးဝင်အဖြစ်ဖြင့် ဘဏ္ဍာဗလမှူးတာဝန်ကို ထမ်းဆောင်ခဲ့သည်။ စစ်ကြီးပြီး၍ ရန်ကုန်တက္ကသိုလ်တွင် ဆက်လက်ပညာသင်ကြားခဲ့ရာ ၁၉၄၇ ခုနှစ်၌ ဝိဇ္ဇာဘွဲ့ရခဲ့သည်။ ဥပဒေပညာကို ဆက်လက်သင်ကြားခဲ့ရာ ၁၉၄၉ ခုနှစ်တွင် ဥပဒေဝိဇ္ဇာဘွဲ့ကို ရရှိခဲ့သည်။ ယင်းနှစ်



ရှေ့နေချုပ်ဦးသာထွန်း

တွင်ပင် တရားရုံးများတွင် ဥပဒေပညာကို လက်တွေ့လေ့လာခဲ့ပြီး အထက်တန်း ရှေ့နေလိုက်ခွင့်မှတ်ပုံတင်ရရှိခဲ့သဖြင့် ရန်ကုန်နှင့် အင်းစိန်တရားရုံးများတွင် ရှေ့နေလိုက်ခဲ့သည်။

တက္ကသိုလ်တွင် ပညာသင်ကြားနေစဉ် တက္ကသိုလ်သံမဏိတပ်ဖွဲ့သို့ ဝင်ရောက်၍ ပထမ အပတ်စဉ်ပညာသင်တန်းတက်ရောက်ခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သမဂ္ဂတွင် အမှုဆောင်အဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၉၄၉-၅၀ ပြည့်နှစ်ပညာရေးနှစ်တွင် သက်ကြီးတက္ကသိုလ်၌ ဆရာအဖြစ် သင်ကြားပို့ချခဲ့သည်။

၁၉၅၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံဝန်ထမ်း (အကြီးတန်း) အဖွဲ့သို့ ဝင်ရောက်ခဲ့ပြီး ဖျာပုံ မြို့ပိုင်၊ ဖျာပုံနယ်ပိုင်၊ ဝါးခယ်မနယ်ပိုင်၊ ရန်ကုန်မြို့ ကရင်ပြည်နယ်ဝန်ကြီးဌာနအတွင်း ဝန်ကလေး၊ ထားဝယ်ခရိုင်ဝန်၊ မြောင်းမြခရိုင်ဝန်စသည့် တာဝန်များကို လှည့်လည်ထမ်းဆောင်ခဲ့ပြီး ၁၉၆၁ ခုနှစ်တွင် ရန်ကုန်မြို့ ပြည်ထဲရေးဝန်ကြီးဌာနသို့ ဒုတိယအတွင်းဝန်အဖြစ် ပြောင်းရွှေ့တာဝန် ထမ်းဆောင်ရသည်။

၁၉၇၀ ပြည့်နှစ်တွင် ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီအတွင်းရေးမှူးအဖြစ် ပြောင်းရွှေ့တာဝန်ယူရပြီး ၁၉၇၁ ခုနှစ်တွင် ပြည်ထဲရေးဝန်ကြီးဌာနသို့ ဒုတိယအတွင်းဝန်အဖြစ်ဖြင့်ပင် ပြန်လည်ပြောင်းရွှေ့ဘာဝန်ထမ်းဆောင်ရသည်။ ၁၉၇၂ ခုနှစ်တွင် အုပ်ချုပ်ရေးစနစ်သစ် ဖော်ထုတ်ခဲ့ရာ၌ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနတွင် အသစ်ဖွဲ့စည်းခဲ့သည့် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်။

၁၉၇၉ ခုနှစ်တွင် သံအမတ်ကြီး၏ တာဝန်ဝတ္တရားများကို ထမ်းဆောင်နိုင်ရန် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်းခံရသည်။ ၁၉၇၉ ခုနှစ်မှ ၁၉၈၂ ခုနှစ်အထိ ပါကစ္စတန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ်လည်းကောင်း၊ ၁၉၈၂ ခုနှစ်မှ ၁၉၈၅ ခုအထိ အီဂျစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ အီဂျစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ် တူရကီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးတာဝန်ကိုလည်း ပူးတွဲထမ်းဆောင်ခဲ့သည်။

ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန တွင် တာဝန်ထမ်းဆောင်နေစဉ် ၁၉၇၃ ခုနှင့် ၁၉၇၆ ခုနှစ်များတွင် အိန္ဒိယနိုင်ငံနယူးဒေလီသို့ သွားရောက်လျက် မြန်မာအိန္ဒိယပူးတွဲ နယ်နိမိတ် ကော်မရှင်အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ထို့ပြင် ၁၉၇၈ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ် နိုင်ငံ ဒါကာမြို့သို့ သွားရောက်လျက် မြန်မာဘင်္ဂလားဒေ့ရှ် နယ်နိမိတ်တိုင်းတွာရေးနှင့် စည်းမျဉ်းများ သတ်မှတ်ရေးကော်မီတီအစည်းအဝေးသို့လည်း တက်ရောက်ခဲ့သည်။

၁၉၅၉ ခုနှစ်တွင် ဝဏ္ဏကျော်ထင်ဘွဲ့၊ ၁၉၈၄ ခုနှစ်တွင် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်နှင့် ပြည်သူ့ဝန်ထမ်းတံဆိပ်များကို ချီးမြှင့်ခြင်းခံရသည်။ ၁၉၈၅ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင် အသက် (၆၀) ပြည့်သဖြင့် သံအမတ်ကြီးအဖြစ်မှ အငြိမ်းစားယူခဲ့သည်။ ၁၉၈၅ ခုနှစ်၊ နိုဝင်ဘာလမှ ၁၉၈၆ ခု၊ အောက်တိုဘာလအထိ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ခြင်း ခံရသည်။ ၁၉၈၅ ခုနှစ်၊ နိုဝင်ဘာလတွင်ပင် နိုင်ငံတော်ကောင်စီက ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးသည်။ ၁၉၈၅ ခုနှစ်တွင် သယ်န်းကျွန်းမြို့နယ် အမှတ် (၁) မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည်။

၁၉၈၈ ခုနှစ်၊ စက်တင်ဘာလတွင်ပြည်ထောင်စုမြန်မာနိုင်ငံရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ခြင်းခံရသည်။ ၂၀၀၁ ခုနှစ် လွတ်လပ်ရေးနေ့တွင် ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ပထမအဆင့်) ရရှိခဲ့သည်။ ရှေ့နေချုပ်အဖြစ် တာဝန်ယူစဉ်ကာလအတွင်း အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ နိုင်ငံတော်မှ ဖွဲ့စည်းဆောင်ရွက်သည့် လုပ်ငန်းကဏ္ဍအလိုက် ကော်မတီများတွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း ဥပဒေရေးရာရှုထောင့်မှ အထောက်အကူပြုရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့သည်။

(၉-၅-၂၀၀၃) ရက်နေ့တွင် ကွယ်လွန်ခဲ့ပြီး ကွယ်လွန်ချိန်အထိ နိုင်ငံတော်မှ ပေးအပ်သည့် တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ထိပ်တင်ညွန့်နှင့် သားသမီးသုံးဦးကျန်ရှိခဲ့သည်။

ထန်လှိုင်

**သိရိန္ဒာဘိဝံသ၊ ဘဒ္ဒန္တ (အဘိဓဇမဟာရဋ္ဌဂုရု) (မြန်မာ ၁၂၈၆-၁၃၆၅)။** ။ ဆရာတော်ကို စစ်ကိုင်းတိုင်း၊ ဘုတလင်မြို့နယ်၊ ထနောင်းကုန်းကျေးရွာ၌ ခမည်းတော် ဦးဘထွန်း+မယ်တော် ဒေါ်ကြည်တို့က သက္ကရာဇ် ၁၂၈၆ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် (၇) ရက်၊ သောကြာနေ့တွင်ဖွားမြင်သည်။ တတိယမြောက်သားရတနာ ဖြစ်သည်။

**ရှင်၊ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း**

သက္ကရာဇ် ၁၂၉၈ ခုနှစ်တွင် ခမည်းတော်+မယ်တော်တို့၏ ပစ္စည်းလေးပါးကို ခံယူလျက် ဘုန်းတော်ကြီး ဦးတေဇိန္ဒကို ဥပဇ္ဈာယ်ပြုကာ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့သည်။

သက္ကရာဇ် ၁၃၀၅ ခုနှစ်၊ ဝါခေါင်လဆန်း (၃) ရက်နေ့၌ အလုံမြို့၊ မဏ္ဍလာတောကျောင်း ခဏ္ဍသိမ်ဝယ်ခံတောဆရာတော်ကြီး ဦးသောဘိတကို ဥပဇ္ဈာယ်ပြု၍ ဦးလှ+ဒေါ်သီတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာမြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

သက္ကရာဇ် ၁၃၀၆ ခုနှစ်တွင် ထနောင်းကုန်းကျေးရွာ၊ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ (ဒုတိယအကြိမ်) ဥပသမ္ပဒမင်္ဂလာကို ခံယူခဲ့ပြီး သက္ကရာဇ် ၁၃၄၅ ခုနှစ်တွင် မစိုးရိမ်တိုက်သစ်၊ ဓမ္မဂါရဝကျောင်းဒါယိကာမများဖြစ်ကြသော ပိန်းဇလုပ်မြို့နေ ဒေါ်ဟုန်းနှင့် ဒေါ်ကျင်အေးတို့၏ပစ္စယာနုဂ္ဂဟကို ခံယူကာ (တတိယအကြိမ်) ဥပသမ္ပဒမင်္ဂလာကို ထပ်မံ၍ခံယူခဲ့သည်။

**စာပေပရိယတ္တိသင်ကြားဆည်းပူးတော်မူခြင်း**

ထနောင်းကုန်းရွာကျောင်းဘုန်းကြီး ဦးတေဇိန္ဒထံတွင် ကျောင်းသားဘဝဖြင့် ကကြီး ခခွေးမှစ၍ ဗုဒ္ဓဘာသာယဉ်ကျေးမှုစာပေများကို သင်ယူခဲ့ သည်။ ရှင်သာမဏေဘဝဖြင့် ပစ္စဝေက္ခဏာ၊ လိင်၊ ဒဏ်၊ သေခိယစသော ရှင်ကျင့်ဝတ်များနှင့် ပရိတ်ကြီး



**မစိုးရိမ်တိုက်သစ်ကြီး (၂) တိုက်တို့၏ အဓိပတိ မဟာနာယက ဘဒ္ဒန္တသိရိန္ဒာဘိဝံသ**

(၁၁) သုတ်၊ သဒ္ဒါကြီး သုတ်စဉ်၊ သုတ်နက်၊ သန္ဓိကျမ်းများအထိ သင်ယူခဲ့သည်။

ချောင်းဦးမြို့၊ ဓမ္မာရုံတိုက်၊ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဦးမာနိတနှင့် စာချဘုန်းတော်ကြီး ဦးပဏ္ဍဝတို့ထံ၌ ပထမပြန်စာမေးပွဲစာသင်တန်း၊ စာချတန်းဆိုင်ရာ စာပေများအပြင် သဒ္ဒတ္ထဘေဒစိန္တာကျမ်း၊ ဂန္ထာဘရဏကျမ်းစသော သဒ္ဒါငယ်ကျမ်းများနှင့် ဝိနည်းငါးကျမ်းကို သင်ယူခဲ့သည်။

မန္တလေးမြို့၊ မစိုးရိမ်တိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရုဘဒ္ဒန္တသူရိယာဘိဝံသထံ၌ အဘိဓမ္မာညဝါများကို အထူးသင်ယူခဲ့၍ မစိုးရိမ်တိုက်ကျောင်းထိုင် နာယကဆရာတော်များ၊ တောင်ပြင်၊ ဘုရားကြီးတိုက်၊ အဂ္ဂမဟာပဏ္ဍိတဆရာတော် ဘဒ္ဒန္တနာရဒ၊ မြင်ဝန်တိုက် ပတ္တမြားကျောင်းအဂ္ဂမဟာပဏ္ဍိတဆရာတော် ဘဒ္ဒန္တဥက္ကံသ၊ အနောက်ပြင်တောင်သမန်တိုက် ဆရာတော် ဦးကေသဝ၊ စကုတိုက် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘဒ္ဒန္တနန္ဒာစရိယ၊ ချမ်းသာကြီးတိုက် အဂ္ဂမဟာပဏ္ဍိတ၊ ဆရာတော် ဘဒ္ဒန္တနန္ဒမဥ္ဇူစသော ပရိယတ္တိစာပေဆိုင်ရာ မဟာပညာကျော် ဆရာတော်ကြီးများထံ၌ စာပေပရိယတ္တိ ပညာပိဋကတ်ကျမ်းစာ အဖြာဖြာတို့ကို လေ့လာသင်ယူခဲ့သည်။

## အောင်မြင်ခဲ့သော စာမေးပွဲများ

ချောင်းဦးမြို့၊ ဓမ္မာရုံကျောင်းတိုက်ငယ်၊ လတ်၊ ကြီးစာမေးပွဲတို့ကိုလည်းကောင်း၊ အစိုးရ စာမေးပွဲငယ်၊ လတ်၊ ကြီး၊ စာချတန်းများကို လည်းကောင်း၊ မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတအသင်း စာမေးပွဲစာသင်တန်းနှင့် စာချတန်းကိုလည်းကောင်း၊ ရန်ကုန်မြို့၊ စေတိယင်္ဂဏပရိယတ္တိ ဓမ္မာနုဂ္ဂဟအသင်းစာမေးပွဲစာသင်တန်းနှင့် စာချတန်းတို့ကိုလည်းကောင်း ဖြေဆိုအောင်မြင်၍ 'သာသနဓဇသိရီပဝရ (အစိုးရ) ဓမ္မာစရိယ' ဘွဲ့၊ ပရိယတ္တိသာသနဟိတ (သက္ကသီဟ) ဓမ္မာစရိယ ဘွဲ့နှင့် 'စေတိယင်္ဂဏပရိယတ္တိဓမ္မာစရိယဂဏဝါစက' ဘွဲ့တို့ကို ရရှိတော်မူခဲ့သည်။

## စာပေကျမ်းဂန်ပို့ချသင်ကြား ရေးသားပြုစုတော်မူခြင်း

ဆရာတော်သည် သက္ကရာဇ် ၁၃၁၅ ခုနှစ်မှ စ၍ မန္တလေးမြို့၊ မစိုးရိမ်တိုက်၌ စာချဘုန်းကြီး အဖြစ်ဖြင့် စာသင်သားများကို စာပေပို့ချ၍ ၁၂ နှစ်တိုင်တိုင်သာသနာ့ဝန်ကို ထမ်းဆောင်ခဲ့သည်။ ၁၃၂၇ ခုနှစ်မှစ၍ မစိုးရိမ်တိုက်သစ်သို့ ပြောင်းရွှေ့ သီတင်းသုံးပြီး ပျံလွန်တော်မူချိန်အထိ ပရိယတ္တိစာပေများကို ပို့ချပေးတော်မူခဲ့သည်။

မစိုးရိမ်တိုက်သစ်၌ ၁၃၄၅ ခုနှစ်မှစ၍ စာချဘုန်းကြီးတစ်နှစ်တွင် တစ်ပါးတိုးလာခဲ့ရာ ယခု ၁၃၆၅ ခုနှစ်၌ စာချနာယကဘုန်းကြီးအပါး (၂၀) နှင့် စာသင်သား သံဃာ (၂၇၀၀) ကျော်အထိ ရှိလာပြီး ကျောင်းဆောင်ပေါင်း (၃၂) ဆောင် အထိ ဖြစ်ထွန်းပေါ်ပေါက်ခဲ့သည်။

**စာပေကျမ်းဂန်ရေးသားပြုစုခြင်း**

ဆရာတော်အပါအဝင် မစိုးရိမ်တိုက်မ၊ တိုက်သစ်နှစ်တိုက်မှ နာယကဆရာတော်များ အားလုံး စုပေါင်း၍ တိပိဋကပါဠိမြန်မာအဘိဓာန်ကျမ်းကြီး က-ဝဂ်၊ အတွဲ ၅-၆၊ ပ-ဝဂ် အတွဲ ၁၅-၁၆ တို့ကို ရေးသားပြုစုရာတွင် မစိုးရိမ်အဘိဓာန်အဖွဲ့ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်တော်မူခဲ့ပြီး ယခု အ-ဝဂ်၊ သရ အတွဲ -၄၊ အပိုင်း ၂ ကို ဆက်လက်ပြုစုတော်မူဆဲဖြစ်သည်။

**သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် ၁၈ နှစ်တိုင်တိုင် ပထမပြန်နှင့် ဓမ္မာစရိယစာမေးပွဲကျင်းပရာ၌ ကြီးကြပ်အုပ်ချုပ်ခြင်းကို ဥက္ကဋ္ဌဆရာတော်အဖြစ် ဆောင်ရွက်တော်မူခဲ့သည်။

၁၃၄၂ ခုနှစ်၌ သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေးကိစ္စ ပေါ်ပေါက်လာသောအခါ မူလသံဃာ့ဝန်ဆောင် (၆၆) ပါး၌လည်းကောင်း၊ ပထမအကြိမ် နိုင်ငံတော်သံဃမဟာနယက (၃၃) ပါး၌လည်းကောင်း၊ ဒုတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယက (၄၇) ပါး၌လည်းကောင်း၊ (ဒုတိယဥက္ကဋ္ဌအဖြစ်ဖြင့်) ပါဝင်ကာ သာသနာ့တာဝန်များကို ပျံလွန်တော်မူချိန်အထိ ဆောင်ရွက်တော်မူခဲ့သည်။ ထို့အပြင် အမေရိကန်နိုင်ငံ၊ တောင်ကိုရီးယား၊ ဂျပန်၊ စင်ကာပူ၊ မလေးရှား၊ အိန္ဒိယစသော ပြည်ပနိုင်ငံများသို့လည်း အခေါက်ခေါက်အခါခါကြွရောက်၍ သာသနာပြုတော်မူခဲ့သည်။

## ကြည်ညိုဖွယ်ရာ ထူးခြားသောဂုဏ်ရည်များ

စာသင်သားသံဃာတော်ပေါင်း (၂၇၀၀) ကျော် သီတင်းသုံးပျော်မွေ့လျက်ရှိသော မစိုးရိမ်တိုက်သစ်ကြီးကို စနစ်တကျဦးစီးအုပ်ချုပ်ကာ သာသနာပြုတော်မူလျက်ရှိသော ဆရာတော် ဘဒ္ဒန္တသီရိန္ဒာဘိဝံသသည် ငယ်စဉ်ကာလကျောင်းသား အရွယ်မှစ၍ ကိုယ်တော်တိုင် ဆရာဝတ်တပည့်ဝတ်စသော ဘာသာယဉ်ကျေးမှု ကျင့်ဝတ်စည်းကမ်းတို့ကို မှားယွင်းတိမ်းစောင်းမှု မရှိအောင် အကောင်းဆုံး စံနမူနာပြလိုက်နာ ကျင့်သုံးခဲ့သော ဆရာတော်တစ်ပါးဖြစ်သည်။

ဆရာတော်သည် ၁၃၄၉ ခုနှစ်၌ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီက ဆက်ကပ်လှူဒါန်းသော 'အဂ္ဂ မဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း၊ ၁၃၆၃ (၂၀၀၂) ခုနှစ်၊ ဇန်နဝါရီ လ ၄ ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းသော 'အဘိဓဇမဟာရဋ္ဌဂုရု' ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း အလှူခံရရှိတော်မူသည်။

ဤသို့လျှင် သာသနာတော်ကြီး၏ အကျိုး စီးပွား၊ ဆည်းကပ်လာသူရဟန်းရှင်လူတို့၏ အကျိုးစီးပွားကို အစဉ်ရွက်ဆောင်တော်မူသော မစိုးရိမ်တိုက်သစ်ကြီး (၂) တိုက်တို့၏ အဓိပတိ မဟာနာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရုဘဒ္ဒန္တသီရိန္ဒာဘိဝံသ ဆရာတော် ဘုရားကြီးသည် ၁၃၆၅ ခုနှစ်ဦးတန်ခူးလပြည့်ကျော် (၁၄) ရက် ဗုဒ္ဓဟူးနေ့ နံနက် (၁၀) နာရီအချိန်တွင် ဘဝနတ်နန်းကြွမြန်းတော်မူခဲ့သည်။

သစ္စာ

**အမေရိကန်ပြည်ထောင်စု။** ။ ဇန်နဝါရီလ ၇ ရက်နေ့တွင် ၁၀၈ ကြိမ်မြောက် ကွန်ဂရက်လွှတ်တော် အစည်းအဝေးကို စတင်ကျင်းပခဲ့သည်။ ၁၀၇ ကြိမ်မြောက် ကွန်ဂရက်၏ သက်တမ်းဝက်ကာလအတွင်း ၂၀၀၂ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သောဆီးနိတ် (အထက်လွှတ်တော်)ရွေးကောက်ပွဲများ၌ ရီပတ်ဘလီကန်ပါတီမှ ဆီးနိတ်လွှတ်တော် ကိုယ်စားလှယ်အများစုသည် ရွေးချယ်တင်မြှောက်ခံခဲ့ရသည်။ သို့ဖြစ်၍ ၁၀၈ ကြိမ်မြောက်ကွန်ဂရက်၌ ဆီးနိတ်တွင် ဒီမိုကရက်တို့သည် အနည်းစုဖြစ်သွားပြီး ရီပတ်ဘလီကန်တို့သည် အများစုဖြစ်လာခဲ့သည်။ ၁၀၈ ကြိမ်မြောက်ကွန်ဂရက်တွင် ဆီးနိတ်အထက်လွှတ်

တော်၌ ရီပတ်ဘလီကန်ပါတီက အများစုပါတီဖြစ်သွားခြင်းမှာ ထူးခြားသော အပြောင်းအလဲတစ်ရပ်ဖြစ်သည်။ ဆီးနိတ်အထက်လွှတ်တော်၏ စည်းမျဉ်းများအရ ဩဇာအရှိန်အဝါ ကြီးမားသော အမြဲတမ်းကော်မတီများတွင် အများစုပါတီမှ ကိုယ်စားလှယ်များက သဘာပတိများအဖြစ် ဆောင်ရွက်ရသည်။ ပြည်ထောင်စုတရားသူကြီးများနှင့် အစိုးရအဖွဲ့၏ အထက်တန်း အရာရှိကြီးများအားခန့်ထားရေးတွင် အမြဲတမ်းကော်မတီများက အတည်ပြုပေးရသည်။

ဝန်ကြီးဌာနအဆင့်ရှိသော ပြည်တွင်းလုံခြုံရေးဝန်ကြီးဌာန (Department of Homeland Security) တွင် တွမ်ရစ်ချ်အား ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခြင်းကို ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ကျင်းပသော ဆီးနိတ်ကအတည်ပြုပေးခဲ့သည်။

ဘဏ္ဍာရေးဝန်ကြီးပေါလ်အိုနီးလ်သည် ရာထူးမှ နုတ်ထွက်သွားခဲ့ရာဌင်း၏နေရာတွင် ဘဏ္ဍာရေးဝန်ကြီးအသစ်အဖြစ် ဂျွန်စနိုးအား အမည်စာရင်းတင်သွင်းထားခြင်းကို ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ကျင်းပသော ဆီးနိတ်က အတည်ပြုပေးခဲ့သည်။

ဇန်နဝါရီလ ၇ ရက်နေ့က သမ္မတဘုရှ်သည် ချီကာဂိုမြို့ရှိ ရှာရေတန်ဟိုတယ်၌ ကျင်းပသော စီးပွားရေးအသင်း (Economic Club) ၏ အစည်းအဝေးတွင် မိန့်ခွန်းပြောခဲ့သည်။ ထိုမိန့်ခွန်းတွင် သမ္မတဘုရှ်သည် စီးပွားရေးနိုးဆွမှုအစီအစဉ် (Economic Stimulus Plan) ကို စတင်ထုတ်ဖော်ပြောကြားခဲ့သည်။ ဤအစီအစဉ်ဖြင့် သမ္မတဘုရှ်သည် ကျဆင်းရပ်တန့်နေသော အမေရိကန်စီးပွားရေးကို ပြန်လည်နိုးဆွရန် ရည်ရွယ်ခဲ့သည်။ ဤအစီအစဉ်အရ ဘုရှ်အစိုးရသည် ၁၀ နှစ်ကာလအတွင်း အခွန်ငွေများကို ဒေါ်လာ ၆၇၄ ဘီလီယံအထိ လျှော့ချသွားမည်ဖြစ်သည်။ ယင်းသို့ အခွန်ငွေများ လျှော့ချရာတွင် ကော်ပိုရေးရှင်းကြီးများ၌ အစုရှယ်ယာဝင်များက ထည့်ဝင်ထားသော အစုရှယ်ယာများအပေါ် အမြတ်ငွေခွဲဝေပေးရာမှ အခွန်ကောက်ခံမှုလည်းပါဝင်မည်ဖြစ်သည်။ အစုရှယ်ယာများမှ အမြတ်ငွေခွဲဝေပေးရာတွင် ထိုသို့ ခွဲဝေပေးသောငွေများအပေါ် အခွန်ကောက်ခံမှုကို အစိုးရက ပြုလုပ်တော့မည် မဟုတ်ပေ။ ဤကိစ္စမှာ ဒီမိုကရက်ပါတီနှင့် ရီပတ်ဘလီကန်ပါတီတို့အကြား အထူးအငြင်းပွားနေသောကိစ္စဖြစ်သည်။ ဤသို့အခွန်လျှော့ချရေးအစီအစဉ်သည် ဆင်းရဲသားနှင့် လူလတ်တန်းစားများအပေါ် အကျိုးသက်ရောက်မှု သိပ်မရှိလှဘဲ ကော်ပိုရေးရှင်း သူဌေးကြီးတစ်စုအတွက် အကျိုးပြုလိမ့်မည်ဟု ဒီမိုကရက်တို့က ဝေဖန်ခဲ့ကြသည်။

သမ္မတဘုရှ်သည် ဇန်နဝါရီ ၂၈ ရက်နေ့က ပြည်ထောင်စုအခြေအနေ (State of the Union) မိန့်ခွန်းကို ကွန်ဂရက်သို့ ပြောကြားခဲ့သည်။ ဤမိန့်ခွန်းကို သမ္မတဘုရှ်အနေဖြင့် ဒုတိယအကြိမ်မြောက် ပြောကြားခဲ့ခြင်းဖြစ်သည်။ ဤမိန့်ခွန်း၌ သမ္မတဘုရှ်သည် စီးပွားရေး၊ ကျန်းမာရေး စောင့်ရှောက်မှု၊ စွမ်းအင်ဆိုင်ရာမူဝါဒနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အိဒ်စ်ရောဂါကာကွယ် ကုသရေး၊ အကြမ်းဖက်မှုဆန့်ကျင်ရေး၊ အီရတ်အရေး စသောကိစ္စများအပေါ် အထူးအာရုံစိုက်၍ ပြောကြားခဲ့သည်။ ဤမိန့်ခွန်း၌ အထူးသဖြင့် အီရတ်အရေးကိစ္စအပေါ် ဘုရှ်အစိုးရ၏ သဘောထားရပ်တည်ချက်များမှာ အထူးပေါ်လွင်ထင်ရှားခဲ့သည်။ အီရတ်၌ အများသေကြေ ပျက်စီးစေနိုင်သော လက်နက်များ (Weapons of Mass Destruction WMD) ရှိနေခြင်းနှင့် ပတ်သက်၍ သက်သေခံအထောက်အထားများရှိကြောင်း၊ ဆက်ဒမ်ဟူစိန်သည်အကြမ်းဖက်အဖွဲ့အစည်းများနှင့် အဆက်အသွယ်ရှိကြောင်း၊ အီရတ်သည် ကုလသမဂ္ဂ ဆုံးဖြတ်ချက်အမှတ် ၁၄၄၁ အရ လက်နက်စစ်ဆေးရေးအဖွဲ့တို့၏ စစ်ဆေးအတည်ပြုမှုကို လက်မခံငြင်းဆန်ပါက အမေရိကန်အနေဖြင့် အခြားနိုင်ငံ၊ အဖွဲ့ စည်းများ၏ ဆုံးဖြတ်ချက် (ကုလသမဂ္ဂရှိ အခြားအဖွဲ့ဝင်တို့၏ ဆုံးဖြတ်ချက်) ကို မစောင့်တော့ဘဲ အီရတ်

အပေါ် စစ်ရေးအရ အရေးယူတော့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ရီပတ်ဘလီကန်သမ္မတဘုရှ်သည် ဖေဖော်ဝါရီ လ ၇ ရက်နေ့တွင် ကွန်ဂရက်သို့ ၂၀၀၄ ခုနှစ် အတွက် ဘတ်ဂျက်ကို အဆိုပြုတင်သွင်းခဲ့သည်။ ဤအဆိုပြုချက်အရ ၂၀၀၄ ခုနှစ်တွင် အမေရိကန် ပြည်ထောင်စု၏ အရ-အသုံးဘတ်ဂျက်၏ စုစုပေါင်း တန်ဖိုးမှာ ဒေါ်လာ ၂၂၃၀ ဘီလီယန်ဖြစ်သည်။ ဘတ်ဂျက်လိုငွေပြမှုပမာဏမှာ ဒေါ်လာ ၃၀၄ ဘီလီယန်ဖြစ်သည်။ ဘတ်ဂျက်လိုငွေပြမှုသည် ၂၀၀၄ ခုနှစ်အတွက် ဂျီဒီပီ၏ ၃ ရာခိုင်နှုန်းနီးပါးမျှ ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုတွင် ဘတ်ဂျက် လိုငွေပြမှုသည် ယခုနှစ်ပါဆိုလျှင် သုံးနှစ်ဆက်တိုက် ရှိသွားပြီဖြစ်သည်။ အမေရိကန်စီးပွားရေးမှာ ၁၉၈၀ ပြည့်လွန်နှစ်များကဲ့သို့ ကျဆင်းနေကြောင်းပေါ်လွင် ထင်ရှားနေသည်။

ယခုကဲ့သို့ အဆိုပြုထားသည့် ဘတ်ဂျက်အရ ဘုရှ်အစိုးရသည် ကာကွယ်ရေးအသုံးစရိတ်ကို ၂၀၀၄ ခုနှစ်တွင် ဒေါ်လာဘီလီယန် ၃၈၀ အထိ သုံးစွဲပြီး ၂၀၀၉ ခုနှစ်တွင် ဒေါ်လာ ၄၈၆ ဘီလီယန် အထိ သုံးစွဲသွားတော့မည်ဖြစ်သည်။ ပြည်တွင်း လုံခြုံရေးဝန်ကြီးဌာနအတွက် အသုံးစရိတ်မှာ ၂၀၀၄ ခုနှစ်အတွက် ဒေါ်လာ ၃၆ ဘီလီယန်ဖြစ် သည်။ ဒုံးကျည်ကာကွယ်ရေးစနစ် (Missile Defence System- MDS) အတွက် နောက်ထပ် ဒေါ်လာ ၉ ဘီလီယန်တိုးချဲ့သုံးဦးမည်ဖြစ်သည်။ အာကာသ ဆိုင်ရာနည်းပညာနှင့် အာကာသစိုးမိုးရေးကို တိုးချဲ့ ပြုလုပ်နိုင်ရန် နာဆာအဖွဲ့ (NASA) အတွက် ဒေါ်လာ ၁၅. ၄၇ ဘီလီယန်ကို ထပ်မံအားဖြည့် သုံးစွဲဦးမည်ဖြစ်သည်။

သမ္မတဘုရှ်တင်သွင်းထားသော ဘတ်ဂျက်ကို ကိုယ်စားလှယ်များ၏ လွှတ်တော် (House of Representatives- အောက်လွှတ်တော်) က ထောက်ခံမဲ ၃၃၈ မဲ- ကန့်ကွက်မဲ ၈၃ မဲဖြင့်လည်းကောင်း၊ ဆီးနိတ် (အထက်လွှတ်တော်) က ထောက်ခံမဲ ၇၆ မဲ ကန့်ကွက်မဲ ၂၀ မဲဖြင့်လည်းကောင်း၊ ဖေဖော်ဝါရီ လ ၁၃ ရက်နေ့တွင် အတည်ပြုပေးခဲ့သည်။

ဖေဖော်ဝါရီလ ဒုတိယသီတင်းပတ်အတွင်းက နယူးယောက်၊ ချီကာဂို၊ လော့စ်အိန်းဂျလိစ်စသည့် မြို့ကြီးများတွင် ဘုရှ်အစိုးရ၏ အီရတ်ဆိုင်ရာမူဝါဒ ကို ဆန့်ကျင်သည့် လူထုဆန္ဒပြပွဲကြီးများ ဖြစ်ပေါ် ခဲ့သည်။ ကမ္ဘာအရပ်ရပ်ရှိ မြို့ကြီးများတွင် ပြုလုပ် သည့် ဆန့်ကျင်ကန့်ကွက်ပွဲဆန္ဒပြမှုများနှင့် အချိန် ကိုက် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ ဗီယက်နမ် စစ်ပွဲဆန့်ကျင်ရေးကဲ့သို့ ကြီးမားသော လူထုဆန္ဒပြပွဲ များဖြစ်သည်။


အီရတ်အပေါ် စစ်ပြုမည်ကို လူထုအများက ဆန့်ကျင်နေသည့် တစ်ချိန်တည်းမှာပင် ဘုရှ်အစိုးရ အဖွဲ့ဝင်များအတွင်း၌လည်းကောင်း၊ ထောက်လှမ်း ရေးအဖွဲ့များအတွင်း၌လည်းကောင်း၊ သဘောထား ကွဲလွဲမှုများရှိနေသည်။ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝယ်လ်က ကုလ သမဂ္ဂ၌ အီရတ်နှင့် ပတ်သက်သည့် အသေးစိတ် အထောက်အထားများကို တင်ပြခဲ့သည်။ ဆက်ဒမ် ဟူစိန်အစိုးရတွင် အစုအပြုံလိုက် ဖျက်ဆီးနိုင်သော လက်နက်များ ထုတ်လုပ်ရန် အစီအစဉ်ရှိကြောင်း၊ အယ်လ်ကိုင်ဒါအဖွဲ့နှင့် အဆက်အသွယ်ရှိကြောင်း ပြောကြားခဲ့သည်။ စီအိုင်အေနှင့် အက်ဖ်ဘီအိုင်အဖွဲ့ တို့မှ အကဲဖြတ်သမားတို့က ဆက်ဒမ်ဟူစိန်အစိုးရနှင့် အယ်လ်ကိုင်ဒါတို့ အဆက်အသွယ်ရှိသည်ဆိုမှုမှာ သံသယဖြစ်ဖွယ်ရှိကြောင်း ပြောကြားခဲ့ကြသည်။ စီအိုင်အေအဖွဲ့မှ ညွှန်ကြားရေးမှူးဂျော့တင်းနက်က အီရတ်အနေဖြင့် အမေရိကန်ပြည်ထောင်စု အပေါ် တားမြစ်ထားသည့် လက်နက်များဖြင့် တိုက်ခိုက်ရေး စွန့်လွှတ်လိုက်ပြီဟု ယူဆဖွယ်ရှိကြောင်း၊ သို့ရာတွင် အမေရိကန်က အီရတ်အပေါ် တိုက်ခိုက်လိုက်ပါက အီရတ်သည် ထိုလက်နက်များဖြင့် ခုခံလာနိုင်ဖွယ် ရှိကြောင်းစာဖြင့် ရေးသားတင်ပြခဲ့သည်။ ဘုရှ်အစိုးရ အဖွဲ့ထံတင်ပြသည့် ထိုစာကို ဆီးနိတ်က အများ ပြည်သူကို သိရှိခွင့်ပေးလိုက်သည်။

အီရတ်အပေါ် အမေရိကန်ဦးဆောင်သော တပ်များကစစ်ရေးအရ ဝင်ရောက်တိုက်ခိုက်သည်နှင့် တစ်ပြိုင်နက် ပြည်တွင်း လုံခြုံရေးဝန်ကြီးဌာနဝန်ကြီး တွမ်ရစ်ချ်က မတ်လ ၁၇ ရက်နေ့တွင် အမိန့်တစ်ရပ်ထုတ်ပြန်ခဲ့သည်။ အီဂျစ်၊ လစ်ဗျား၊ အီရတ်၊ ကူဝိတ်၊ ပါကစ္စတန်နိုင်ငံတို့အပါအဝင် ၃၃ နိုင်ငံတို့မှ အမေရိကန်ပြည်ထောင်စုတွင် နိုင်ငံရေးခိုလှုံခွင့်တောင်းခံထားသူများအားလုံးကို အလိုအလျောက် ထိန်းချုပ်ထားပြီးဖြစ်ကြောင်း၊ ၎င်းတို့၏ ခိုလှုံခွင့်တောင်းခံလွှာများကို ဆက်လက်စီစစ်မည်ဖြစ်ကြောင်း အဆိုပါအမိန့်၌ ဖော်ပြခဲ့သည်။ ထို့ပြင် အက်ဖ်ဘီအိုင်အဖွဲ့သည် အီရတ်နိုင်ငံဖွားအမေရိကန်နိုင်ငံသားများနှင့် အမေရိကန်တွင် နေထိုင်ခွင့်ပေးထားသူ စုစုပေါင်း ၁၁၀၀၀ ကျော်တို့အား စစ်ဆေးမည်ဖြစ်ကြောင်း တွမ်ရစ်ချ်က ပြောကြားခဲ့သည်။ သူတို့သည် အီရတ်အစိုးရကထောက်ခံထားသော အကြမ်းဖက်အုပ်စုများနှင့် ဆက်သွယ်မှုရှိမရှိကို အက်ဖ် ဘီအိုင်အဖွဲ့စုံစမ်းစစ်ဆေးသွားမည်ဖြစ်သည်။

အီရတ်စစ်ပွဲနှင့် ပြန်လည်ထူထောင်ရေးတို့အတွက် အရေးပေါ်ရန်ပုံငွေဒေါ်လာ ၇၅ ဘီလီယံကို သုံးစွဲခွင့်ပေးရန် မတ်လ ၂၅ ရက်နေ့တွင် သမ္မတဘုရှ်က ကွန်ဂရက်သို့ တောင်းခံခဲ့သည်။ ၎င်းအရေးပေါ် ရန်ပုံငွေများအနက်မှ ဒေါ်လာ ၆၂ ဘီလီယံမှာ အီရတ်စစ်ပွဲ၌ သုံးရန် ဖြစ်ပြီး ဒေါ်လာ ၇.၈၅ ဘီလီယံမှာ လူမှုရေးနှင့် ကယ်ဆယ်ရေးတို့အတွက် အသုံးပြုရန်ဖြစ်သည်။ ဒေါ်လာ ၁.၄ ဘီလီယံမှာ တူရကီ၊ ကိုလံဘီယာ၊ အစ္စရေးလ်အပါအဝင် မဟာမိတ်နိုင်ငံများသို့ စစ်ရေးထောက်ပံ့မှုနှင့် ချေးငွေများ၊ ခွင့်ပြုငွေများ ချပေးရန်ဖြစ်သည်။ ယခုတောင်းခံသော အရေးပေါ် ရန်ပုံငွေမှာ ၂၀၀၄ ခုနှစ် ဘတ်ဂျက်တွင် မပါဝင်သေးသော ငွေများဖြစ်သည်။

အီရတ်စစ်ပွဲနှင့်ပတ်သက်၍ အရေးပေါ် ရန်ပုံငွေဒေါ်လာ ၇၅ ဘီလီယံတောင်းခံမှုကို ကွန်ဂရက်ရှိ လွှတ်တော်နှစ်ရပ်လုံးက ဧပြီလ ၁၂ ရက်နေ့တွင် အတည်ပြုခွင့်ပြုခဲ့ကြသည်။ ဤသို့ အရေးပေါ်ရန်ပုံငွေသုံးစွဲခွင့်ပေးခဲ့ရာတွင် ကွန်ဂရက်က အစိုးရအဖွဲ့အနေဖြင့် စိတ်ကြိုက်ထင်သလို မသုံးစွဲနိုင်ရန် မည်သည့်ကိစ္စ၌ မည်မျှသုံးစွဲရမည်ဟု အကြောင်းအရာကိစ္စအလိုက် အတိအကျသတ်မှတ်ပေးလိုက်သည်။ ဘုရှ်အစိုးရအဖွဲ့အဖို့ အထိနာသွားခဲ့သည်။ ကာကွယ်ရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့အကြား သဘောချင်းမတိုက်ဆိုင်မှုကို အသုံးချကာ အီရတ်ပြန်လည်ထူထောင်ရေးအတွက် သုံးစွဲမည့် ငွေများကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် မဟုတ်ဘဲ ကာကွယ်ရေးဝန်ကြီးဌာနမှတစ်ဆင့် အသုံးပြုရမည်ဟုလည်း ကွန်ဂရက်က သတ်မှတ်ပေးလိုက်သည်။

အခွန်ငွေများ လျှော့ချရေးနှင့်စပ်လျဉ်း၍ ကွန်ဂရက်အထက်နှင့် အောက်လွှတ်တော်တို့ရှိ ရီပတ်ဘလီကန်လွှတ်တော် ကိုယ်စားလှယ်များကိုယ်တိုင်က ဆန့်ကျင်နေကြသဖြင့်အခွန်ငွေလျှော့ချရေးကိစ္စတွင် စေ့စပ်လိုက်လျောမှုများ ပြုလုပ်ပေးမည်ဟု သမ္မတဘုရှ်က ဧပြီလ ၁၅ ရက်နေ့တွင် အိမ်ဖြူတော်ရှိ နှင်းဆီဥယျာဉ်၌ ပြောကြားခဲ့သည်။ မူလလျာထားချက်အတိုင်းမဟုတ်ဘဲ အခွန်လျှော့ငွေကို ဒေါ်လာ ၇၂၆ ဘီလီယံမှ ဒေါ်လာ ၅၅၀ ဘီလီယံအထိ လျှော့ချပေးမည်ဟု ပြောဆိုခဲ့သည်။ ၁၀ နှစ်တာကာလအတွင်း အခွန်ငွေ ဒေါ်လာ ၃၅၀ ဘီလီယံအထိ လျှော့ချရေး ဥပဒေကြမ်းကို သမ္မတဘုရှ်သည် မေလ ၂၈ ရက်နေ့က အတည်ပြုလက်မှတ်ရေးထိုးပေးခဲ့သည်။ အခွန်လျှော့ချရေး အသေးစိတ်လုပ်ငန်းများတွင် ဘုရှ်အစိုးရအဖွဲ့သည် များစွာအလျှော့ပေးခဲ့ရသည်။ သို့ရာတွင် အခွန်လျှော့ချရေးနည်းလမ်းဖြင့် အမေရိကန် စီးပွားရေးကို နှိုးဆွပေးနိုင်လိမ့်မည်မဟုတ်ဟု စီးပွားရေးပညာရှင်အများစုက ပြောဆိုနေကြသည့် အခွန်လျှော့ချရေးသည် လူချမ်းသာကြီးတစ်စုအတွက်သာဖြစ်ပြီး ကျန်လူများစုကြီးအတွက် အကျိုးမပြုနိုင်ဟု အတိုက်အခံပါတီက ဝေဖန်လျက်ရှိသည်။



**အီရတ်သမ္မတဆက်ဒမ်ဟူစိန်အား လက်ရဖမ်းဆီးမိပြီးနောက် အမေရိကန်တို့က သတင်းထုတ်လွှင့်ကြေညာနေစဉ်**

ဇွန်လအတွင်း အမေရိကန်ပြည်ထောင်စု၌ အီရတ်ဆိုင်ရာ ထောက်လှမ်းရေးသတင်းအချက် အလက်များနှင့် ပတ်သက်၍ အငြင်းပွားနေခဲ့သည်။ ကွန်ဂရက်မှထွက်လာသည့် သတင်းအရင်းအမြစ် များကို ကိုးကားလျက် ဇွန်လ ၂၆ ရက်နေ့ထုတ် အင်တာနေရှင်နယ်ဟာရဲလ်ထရီ ဗြုန်းသတင်းစာက ခရစ္စတီယန်းဝက်စ်တာမန်း၏သက်သေခံထွက်ဆိုချက် ကိုဖော်ပြခဲ့သည်။ ဝက်စ်တာမန်းသည် နိုင်ငံခြား ဝန်ကြီး ဌာနလက်အောက်ရှိထောက်လှမ်းရေးနှင့် သုတေသနဗျူရိုတွင် ဓာတုနှင့် ဇီဝလက်နက်ဆိုင်ရာ ပါရဂူအဖြစ် ဆောင်ရွက်နေသူဖြစ်သည်။ သူသည် အောက်လွှတ်တော်ရှိ ထောက်လှမ်းမှုရေးရာ ကော်မတီရှေ့မှောက်တွင်သက်သေခံထွက်ဆိုခဲ့သည်။ အီရတ်စစ်ပွဲမတိုင်မီ အီရတ်နိုင်ငံ၏ ခြိမ်းခြောက်နေမှု နှင့်ပတ်သက်၍ ဘုရှ်အစိုးရအဖွဲ့၏ အလိုကျပြောဆို ပေးရန် ဖိအားပေးခံခဲ့ရကြောင်း၊ အီရတ်နိုင်ငံ၏ လက်နက်ထုတ်လုပ်ရေးအစီအစဉ်၊ အတိုင်းအတာ ပမာဏတို့နှင့်စပ်လျဉ်း၍ အီရတ် သည် ခြိမ်းခြောက် နေကြောင်း ပေါ်လွင်အောင် ပြောဆိုရေးသားပေးရန် ဖိအားပေးခံခဲ့ရကြောင်းများကို ထွက်ဆိုခဲ့သည်။

စီအိုင်အေအဖွဲ့က မေလ ၂၈ ရက်နေ့တွင် အစီရင်ခံစာတစ်စောင်ရေးသားတင်ပြခဲ့ရာ၌ အီရတ် နိုင်ငံ၌ ထရပ်ကားနောက်ဆက်တွဲများတွင် ဇီဝ လက်နက်များ ထုတ်လုပ်သည့် ကိရိယာများပါခဲ့သည် ဟု ဖော်ပြခဲ့သည်။ ထိုအစီရင်ခံစာပါ သတင်းနှင့် စပ်လျဉ်း၍ ကောလင်းပါဝယ်လ်သည် စောဒကတက် ခဲ့သေးသည်။ ထိုသတင်းမှန်မမှန် တိကျခိုင်လုံရန် လိုအပ်ကြောင်း ပြောခဲ့သည်။ သို့ရာတွင် အီရတ် စစ်ပွဲမတိုင်မီက ကောလင်း ပါဝယ်လ်သည် အီရတ်၌ ထရပ်ကားနောက်ဆက်တွဲများပေါ်မှနေ၍ ဇီဝ လက်နက်ထုတ်လုပ်သည့် ကိရိယာများရှိကြောင်း ကုလသမဂ္ဂသို့ ပြောကြားခဲ့သည်။

အီရတ်သည် အကြမ်းဖက် အုပ်စုများနှင့် အဆက်အသွယ်ရှိကြောင်း အီရတ်တွင် တားမြစ်

ထားသည့် လက်နက်များကို ထုတ်လုပ်နိုင်သော စွမ်းရည်ရှိကြောင်း သက်သေအထောက်အထားများကို တင်ပြကြရန် ဘုရှ်အစိုးရအဖွဲ့မှ အရာရှိကြီးများက လက်နက်ပါရဂူများ၊ ဝေဖန်ဆန်းစစ်သူများကို ဖိအားပေးခဲ့သည်။ ဇီဝနှင့် ဓာတု လက်နက်များရှိကြောင်း ယုံကြည်လောက်သည့် အထောက်အထားများမပါဘဲ စီအိုင်အေနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ထောက်လှမ်းရေး အေဂျင်စီတို့သည် အီရတ်၌ ၎င်းလက်နက်များရှိကြောင်း၊ အဖျက်စွမ်းအားကြီးမားသော လက်နက်များထုတ်လုပ်နိုင်စွမ်းရှိကြောင်း သတင်းထုတ်ပြန်ခဲ့သည်။ လက်နက်ဆိုင်ရာ အခြားအဖွဲ့များကို မတိုင်ပင်ဘဲ စီအိုင်အေနှင့် ထောက်လှမ်းရေး အေဂျင်စီတို့သည် ခိုင်လုံတိကျသေချာမှုမရှိသော သတင်းများကို ပေးခဲ့ကြသည်။

ဇူလိုင်လ ၆ ရက်နေ့တွင် သံတမန်ဟောင်းတစ်ဦးဖြစ်သူ ဂျိုးဇက်ဖ်ဝီလ်ဆင်က နိုင်းဂျားနိုင်ငံတွင် သူ တာဝန်ထမ်းဆောင်ခဲ့ရပုံအကြောင်း နယူးယောက်တိုင်းမ်စ်သတင်းစာ၌ ဆောင်းပါးရေးခဲ့သည်။ အာဖရိကတိုက်ရှိ နိုင်းဂျားနိုင်ငံသည် ယူရေနီယမ်သတ္တုများကို ကမ္ဘာပေါ်၌ တတိယအများဆုံးထုတ်လုပ်ပေးနေသောနိုင်ငံဖြစ်သည်။ ယူရေနီယမ်များကို အဏုမြူလက်နက်ထုတ်လုပ်ရာ၌ အသုံးပြုကြသည်။ နိုင်းဂျားမှ ယူရေနီယမ်များကို အီရတ်က ဝယ်ယူနေသည်ဟူသောသတင်းကို အတည်ပြုစိစစ်နိုင်ရန် စီအိုင်အေက ၎င်းအားနိုင်းဂျားသို့ စေလွှတ်တာဝန်ပေးခဲ့သည်။ ထိုသတင်းမှာ အခြေအမြစ်မရှိသော သတင်းဖြစ်ကြောင်း ဝီလ်ဆင်ကတွေ့ရှိရသည်ဟု အဆိုပါ ဆောင်းပါး၌ ဖော်ပြထားသည်။

ဤဆောင်းပါးထွက်ပေါ်လာပြီးနောက် ဇူလိုင်လ ၇ ရက်နေ့တွင် အိမ်ဖြူတော်မှ ပြောရေး ဆိုခွင့်ရှိသူက သမ္မတဘုရှ်၏ ပြည်ထောင်စု အခြေအနေမိန့်ခွန်းပါ အချက်အလက်သည် ပြည့်စုံတိကျမှုမရှိကြောင်း ဝန်ခံပြောကြားခဲ့သည်။ ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့က သမ္မတဘုရှ် သည် သူ၏ နှစ်ပတ်လည် ပြည်ထောင်စု အခြေအနေမိန့်ခွန်းကို ပြောကြားခဲ့သည်။ ထိုမိန့်ခွန်း၌ 'ဆက်ဒမ်ဟူစိန်သည် အာဖရိကတိုက်မှ ယူရေနီယမ်သတ္တုပမာဏအတော်များများကို ရယူရန်လုပ်ဆောင်ခဲ့သည်ဆိုသည့်သတင်းကို ဗြိတိန်အစိုးရက ရရှိထားကြောင်း ထည့်သွင်းပြောခဲ့သည်။ ထိုစကားရပ်မှာ တိကျပြည့်စုံမှုမရှိကြောင်း ဝန်ခံပြောကြားခဲ့ခြင်းဖြစ်သည်။

နှစ်ပတ်လည်ပြည်ထောင်စုအခြေအနေ မိန့်ခွန်းတွင် ဆက်ဒမ်သည် အာဖရိကမှ ယူရေနီယမ်များ ဝယ်ယူရန်ကြိုးစားခဲ့သည်ဟူသော အချက်ပါဝင်သွားမှုနှင့်စပ်လျဉ်း၍ မိမိကိုယ်တိုင် တာဝန်ယူကြောင်း သမ္မတဘုရှ်သည် ဇူလိုင်လ ၃၀ ရက်နေ့က ဝန်ခံပြောကြားခဲ့သည်။ ဆက်ဒမ်သည် အကြမ်းဖက်သမားတို့နှင့် ဆက်စပ်နေကြောင်း စွမ်းအားကြီးမားသော လက်နက်များနှင့် စပ်လျဉ်း၍ သက်သေအထောက်အထားများစွာတို့ကို ရယူစုဆောင်းစိစစ်ရန်အချိန်လိုကြောင်းကိုလည်း ပြောကြားခဲ့သည်။

အီရတ်နှင့် သက်ဆိုင်သော သတင်းအချက်အလက်များ စုဆောင်းရယူအသုံးချပုံနှင့် စပ်လျဉ်း၍ အငြင်းပွားမှုများမှာ ဆက်လက်ဖြစ်ပေါ်နေခဲ့သည်။ အီရတ်ကို တိုက်ခိုက်ရေးအတွက် ထောက်လှမ်းရေးသတင်းများကို ပုံကြီးချဲ့အသုံးချခဲ့ခြင်း၊ အီရတ်တွင်လည်း အမေရိကန်နှင့် ဗြိတိသျှတပ်သားတို့အသေအပျောက်များနေခြင်း၊ အီရတ်လုံခြုံရေး အခြေအနေဆိုးဝါးလာခြင်းတို့ကြောင့် သမ္မတဘုရှ်အပေါ် ပြည်သူတို့၏ ယုံကြည်အားပေးမှုမှာ ကျဆင်းနေသည်။ ဩဂုတ်လတွင်ဖော်ပြသောပြည်သူ့ဆန္ဒသဘောထားကောက်ယူမှုစစ်တမ်းများအရ သမ္မတဘုရှ်သည် စက်တင်ဘာ၁၁အရေးအခင်းမတိုင်မီကအခြေအနေအထိ ကျဆင်းသွားကြောင်း တွေ့ရသည်။

စက်တင်ဘာလ ၇ ရက်နေ့တွင် သမ္မတဘုရှ်သည် ရုပ်မြင်သံကြားမှတစ်ဆင့် နိုင်ငံသားများသို့ မိန့်ခွန်းပြောခဲ့သည်။ ထိုမိန့်ခွန်း၌ အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ပွဲတွင် အီရတ်သည် ရှေ့တန်းဗဟိုစစ်မျက်နှာဖြစ်နေကြောင်း ပြောကြားခဲ့သည်။ အီရတ်နှင့် အာဖဂန်နစ္စတန်တို့တွင် စစ်ဆင်ရေးများ



**ဘုရှ်အစိုးရ၏ အီရတ်ဆိုင်ရာမူဝါဒကို အမေရိကန်နိုင်ငံသားများကပင် လက်မခံခဲ့ရာ ဆန်ဖရန်စစ္စကိုမြို့တွင် ဆန့်ကျင်ကန့်ကွက်ဆန္ဒပြနေသူများအား တွေ့ရစဉ်**

ဆက်လက်ပြုလုပ်ရေး ပြန်လည်ထူထောင်ရေးတို့အတွက် ဒေါ်လာ ၈၇ ဘီလီယန် လိုအပ်နေကြောင်း၊ ကွန်ဂရက်သို့တင်ပြတောင်းခံမည်ဖြစ်ကြောင်း၊ စီစဉ်ထားပြီးဖြစ်သည့် အီရတ်ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် လိုအပ်နေသေးသောကျန်ငွေများကို အီရတ်မှ ရေနံရောင်းရငွေများ နိုင်ငံတကာမှ ချေးငွေများဖြင့် ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းတို့ကို ပြောကြားသွားသည်။

အီရတ်နှင့် အာဖဂန်နစ္စတန်တို့တွင် စစ်ဆင်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့အတွက် ထပ်မံတောင်းခံသော ဒေါ်လာ ၈၇ ဘီလီယံကို သုံးစွဲခွင့်ပြုသည့် ဥပဒေကြမ်းကို အောက်လွှတ်တော်က အောက်တိုဘာလ ၁ ရက်နေ့တွင် အတည်ပြုပေးခဲ့သည်။ ထိုဥပဒေကြမ်း၌ ဒေါ်လာဘီလီယံ ၂၀ ကို အီရတ်ပြန်လည်ထူထောင်ရေးအတွက် ထောက်ပံ့ငွေအဖြစ်သုံးစွဲခွင့်ပေးခဲ့သည်။ ထိုနေ့မှာပင် ဆီးနိတ်လွှတ်တော်ကလည်း ဘတ်ဂျက်ထပ်မံ တောင်းခံငွေကို အတည်ပြုပေးခဲ့သည်၊ လွှတ်တော်နှစ်ရပ်လုံးတွင် ရီပတ်ဘလီကန်တို့က လွှမ်းမိုးထားသောကြောင့် ဤသို့ အတည်ပြုနိုင်ခြင်းဖြစ်သည်။ သို့ရာတွင် ထပ်မံတောင်းခံငွေကို အတည်ပြုပေးခဲ့သည်။ လွှတ်တော်နှစ်ရပ်လုံးတွင် ရီပတ်ဘလီကန်တို့က လွှမ်းမိုးထား

စက်တင်ဘာ ၁၁ အရေးအခင်းပြီးကာစတွင် သမ္မတဘုရှ်အပေါ်ပြည်သူလူထု၏ယုံကြည်ထောက်ခံမှုသည် ၆၀ အထိမြင့်တက်ခဲ့ရာမှ အောက်တိုဘာလတွင် ကောက်ယူသော စစ်တမ်းများအရ ယခုအခါ ၅၀ အောက်သို့ပင် ကျဆင်းသွားသဖြင့် ဘုရှ်အစိုးရအဖွဲ့မှ အထက်တန်းအရာရှိများသည် စိုးရိမ်လာနေကြသည်။

သမ္မတဘုရှ်သည် အီရတ်နှင့် အာဖဂန်နစ္စတန်တို့တွင် စစ်ရေးနှင့်ပြန်လည်ထူထောင်ရေးတို့အတွက် ၂၀၀၄ ခုနှစ်အတွင်း ထပ်မံတောင်းခံသည့် ဘတ်ဂျက်ငွေဒေါ်လာ ၈၇.၅ ဘီလီယံ ခွင့်ပြုသော ဥပဒေကြမ်းကို အတည်ပြုလက်မှတ်ရေးထိုးခဲ့သည်။ ထိုခွင့်ပြုငွေအနက်မှ ဒေါ်လာ ၁၈.၄ ဘီလီယံကို အီရတ်ပြန်လည်ထူထောင်ရေးအတွက်လည်းကောင်း၊ ဒေါ်လာ ၁.၂ ဘီလီယံကို အာဖဂန်နစ္စတန် ပြန်လည်ထူထောင်ရေးအတွက် လည်းကောင်း အသီးသီးသုံးစွဲသွားမည်ဖြစ်သည်။ ဒုတိယကမ္ဘာစစ်ပြီးကာစက ဂျာမနီနှင့် ဂျပန်တို့ကို ပြန်လည်ထူထောင်ရေးအတွက် မာရှယ်စီမံကိန်းကို ချမှတ်၍ ဒေါ်လာအမြောက် အမြားသုံးစွဲခဲ့သည်။ မာရှယ်စီမံကိန်းပြီးသည့်နောက် ယခုသုံးစွဲငွေသည် အများဆုံးဖြစ်ကြောင်း ဥပဒေကြမ်းကို လက်မှတ်ရေးထိုးသည့် အခမ်းအနား၌ သမ္မတဘုရှ်က ပြောဆိုခဲ့သည်။

ဤဥပဒေကြမ်းကို ဆီးနိတ်တွင် တင်သွင်းခဲ့စဉ်က ဗာဂျင်းနီးယားအနောက်ပိုင်းမှ ဒီမိုကရက်တစ်ပါတီမှ ကိုယ်စားလှယ်ဖြစ်သူ ရောဘတ်ဘာဒ့် တစ်ဦးတည်းကသာ ကန့်ကွက်မဲပေးခဲ့သည်။ သမ္မတဘုရှ်သည် ရှေ့နောက်မညီညွတ်ကြောင်း၊ အီရတ်ပြန်လည်ထူထောင်ရေးအတွက် အီရတ်ငွေများဖြင့် လုံလောက်မည်ဟု သမ္မတက အာမခံခဲ့ကြောင်း၊ ဤဥပဒေကြမ်းသည် အရေးနိမ့်မှု၏ မော်ကွန်းမှတ်တိုင်ကြီးဖြစ်ကြောင်း ရောဘတ်ဘာဒ့်က ပြောကြားခဲ့သည်။

အီရတ်အရေးကိုင်တွယ်ပုံနှင့် စပ်လျဉ်း၍ မေးမြန်းခံရသူများအနက် ၅၁ ရာခိုင်နှုန်းသော သောကြောင့် ဤသို့ အတည်ပြုနိုင်ခြင်းဖြစ်သည်။ သို့ရာတွင် ထပ်မံတောင်းခံထားသည့် ဒေါ်လာ ဘီလီယံ ၂၀ သုံးစွဲရေးအတွက် လွှတ်တော်နှစ်ရပ်တို့၏ ဥပဒေကြမ်းများမှာ ကွဲလွဲနေသည်။ ဆီးနိတ်က ဒေါ်လာ ဘီလီယံ ၂၀ အနက်မှ ၁၀ ဘီလီယံကို ချေးငွေပုံစံဖြင့်ပေးရမည်ဟု ဆိုထားသည်။ ဆီးနိတ်၏ ဥပဒေကြမ်းတွင်ပါရှိသော အချက်ကိုမကြိုက်၍ သမ္မတဘုရှ်က ဗီဒိုအာဏာသုံး၍ ပယ်ချမည်ဟု ခြိမ်းခြောက်ခဲ့သည်။ လွှတ်တော်နှစ်ရပ်ပေါင်းကော်မတီက ဥပဒေကြမ်းများတူညီအောင် ညှိနှိုင်းပေးခဲ့ရသည်။ အီရတ် ပြန်လည်ထူထောင်ရေးအတွက် ဒေါ်လာဘီလီယံ ၂၀ ကို ထောက်ပံ့ငွေအဖြစ် သတ်မှတ်ရေးကို သဘောတူခဲ့ကြရသည်။

အောက်တိုဘာလ ၂၈ ရက်နေ့တွင် သမ္မတဘုရှ်သည် အိမ်ဖြူတော်၌ မိန့်ခွန်းပြောကြားခဲ့သည်။ အီရတ်နှင့်ပတ်သက်သော မူဝါဒနှင့် ဆောင်ရွက်ချက်များကို ကာကွယ်ပြောဆိုခဲ့သည်။ အီရတ်တွင် အမေရိကန်တပ်ဖွဲ့များအပေါ် တိုက်ခိုက်မှုများ တိုးချဲ့ဖြစ်ပေါ်လာသည်။ အထူးသဖြင့် အမေရိကန်အရပ်သားများအပေါ် ပိုမိုတိုက်ခိုက်လာကြသည်။ ယင်းသို့ တိုးချဲ့တိုက်ခိုက်လာစေကာမူ အမေရိကန်သည် မူလရည်မှန်းချက်များမှ သွေဖည်မသွားဘဲ လုပ်ငန်း ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဟုပြောခဲ့သည်။ အီရတ်တွင် ကာကွယ်ရေး ဝန်ကြီးဌာနက လွှမ်းမိုးနေသည်ကို ရှောင်လွှဲသည့်အနေဖြင့် အီရတ်တည်ငြိမ်ရေးအုပ်စု (Iraq Stabalization Group) ကို ဖွဲ့စည်းထားကြောင်း အောက်တိုဘာလ ၆ ရက်နေ့က ထုတ်ဖော်ကြေညာခဲ့သည်။ ထိုအုပ်စုတွင် ကာကွယ်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေး ဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများနှင့် စီအိုင်အေမှ အထက်တန်းအရာရှိကြီးများ ပါဝင်ဖွဲ့စည်းထားသည်။ ထိုအုပ်စုကို အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ကွန်ဒိုလီဇာရိုက်စ်က ဦးဆောင်သွားမည်ဖြစ်သည်။

ပြည်သူတို့က သမ္မတဘုရှ် အပေါ်မကျေနပ်ကြောင်း ဖြေကြားခဲ့သည်ဟု ပြည်သူ့ဆန္ဒ ကောက်ယူသော စစ်တမ်းများက ဖော်ပြခဲ့ကြသည်။

ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် အီရတ်နိုင်ငံ တီကရစ်မြို့အနီး၌ ဆက်ဒမ်ဟူစိန်အား မြေကျင်း တစ်ခုအတွင်း ပုန်းအောင်းနေရာမှ အသာတကြည် ဖမ်းဆီးရမိခဲ့သည်။ အမေရိကန်တပ်ဖွဲ့များက ဤသို့ ဖမ်းဆီးမိသွားသဖြင့် သမ္မတဘုရှ်အဖို့ များစွာ အားတက်သွားစေခဲ့သည်။ အီရတ်အရေး ကိုင်တွယ် ပုံနှင့်စပ်လျဉ်း၍ ဝေဖန်ပြစ်တင်ခံရချိန်တွင် ဆက်ဒမ် ဟူစိန်အား ဖမ်းဆီးနိုင်ခဲ့သဖြင့် ဘုရှ်အစိုးရအပေါ် ယုံကြည်မှုများမြင့်တက်သွားပြန်သည်။ သို့ရာတွင် ဆက်ဒမ်ဟူစိန်အား မည်သို့ဆက်လက်အရေးယူမည့် ကိစ္စအတွက် မတင်မကျဖြစ်နေသည်။

ဦးခင်မောင်မြ

**အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုနှင့် အမျိုးသားစာပေတစ်သက်တာဆု။** ။ ၂၀၀၂ ခုနှစ်အတွက် အမျိုးသားစာပေဆု၊ စာပေဗိမာန် စာမူဆုနှင့် အမျိုးသားစာပေတစ်သက်တာဆုများ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ၂၀၀၃ ခုနှစ်၊ နိုဝင်ဘာ လ ၂၃ ရက် နေ့တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့် ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီး များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ စာပေပညာရှင်ကြီးများ၊ မြန်မာ နိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် များ၊ လူမှုရေးအသင်းအဖွဲ့ များ၊ ၂၀၀၂ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေ ဆုနှင့်စာပေဗိမာန်စာမူဆု ဆုရွေးချယ်ရေးကော်မတီ ဝင်များ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဆုရ ပုဂ္ဂိုလ်များနှင့် မိသားစုများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နိုင်ငံတော်အစိုးရသည် မြန်မာစာပေအနုပညာ စွမ်းပကားများ ဖွံ့ဖြိုးရှင်သန်တိုးတက်စေရေးအတွက် အမျိုးသားရေးအကျိုးစီးပွားဖော်ဆောင်ပေးနိုင်မှု လမ်းကြောင်းမှန်ပေါ်တွင်အစဉ်အမြဲရပ်တည်ဖြစ်ထွန်း နေစေရန် အထူးအလေးထား၍ အားပေးချီးမြှောက် လျက်ရှိသည်။ အမျိုးသားအဆင့်စာပေဆုကြီးများ နှစ်စဉ်ရွေးချယ်ချီးမြှင့်နေခြင်းသည် စာပေပညာရှင် ကြီးများအပေါ်ထားရှိသော နိုင်ငံတော်အစိုးရ၏ မွန်မြတ်သည့်စေတနာကိုဖော်ညွှန်းပြသနေပေသည်။

စာပေသည် စာပေလေ့လာလိုက်စားသူ လူ ပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ဘဝတိုးတက်မြင့်မားမှုကို ဖြည့်ဆည်းထောက်ကူပေးနိုင်သည်သာမက အမိ မြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာအလယ်၌ ဂုဏ်ယူဝင့်ကြွားရပ်တည်နိုင်အောင် မြင့်တင်ပေးနိုင် သည်။ နိုင်ငံတော်အစိုးရသည် အမျိုးသားစာပေဆု အပြင် စာပေဆုများထပ်ဆင့် တီထွင်ချီးမြှင့်မှုများနှင့် ဂုဏ်ပြုဆုငွေများ တိုးမြှင့်ချီးမြှင့်မှုများကိုအလေးထား ဆောင်ရွက်ခဲ့သည်။ မိမိတို့၏ တစ်သက်တာလုံး မြန်မာစာပေဖွံ့ဖြိုးတိုးတက်မှုကို ထူးချွန်အောင်မြင် စွာဖြင့် သယ်ပိုးထမ်းရွက်ခဲ့သည့် စာပေပညာရှင်ကြီး များအတွက် အမျိုးသားစာပေ တစ်သက်တာဆုကို လည်း ချီးမြှင့်လျက်ရှိပေသည်။

အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ သည် ၂၀၀၂ ခုနှစ်အတွင်း ပုံနှိပ်သူများနှင့် ထုတ်ဝေ

သူများ မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်၍ ထုတ်ဝေခဲ့သော စာအုပ်ပေါင်း ၁၃၈၈ အုပ်ကို အမျိုးသား စာပေဆု အတွက် သတ်မှတ်ထားသည့် ဘာသာရပ် ၁၄ မျိုး အလိုက် စိစစ်လေ့လာဖတ်ရှုသည်။ ဤသို့ ပုံနှိပ်ထုတ်ဝေခဲ့သော စာအုပ်များကို အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးမှု ၉ ချက်နှင့် အမျိုးသားစာပေဆု စည်းကမ်းချက်များနှင့်အညီ စိစစ်ရွေးချယ်သည်။

အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ထားသော ဘာသာရပ် ၁၄ မျိုးရှိသည့်အနက် ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာပေါင်းချုပ်၊ စာပဒေသာ၊ ကလေးစာပေ၊ လူငယ်စာပေ၊ ဘာသာပြန် (သုတ)၊ ဘာသာပြန် (ရသ)၊ သုတပဒေသာ (ဝိဇ္ဇာ)၊ သုတပဒေသာ (ရိုးရိုးသိပ္ပံ) နှင့် သုတပဒေသာ (အသုံးချသိပ္ပံ) ဘာသာရပ် (၁၁ မျိုး)ကို ဆုချီးမြှင့်ရန် ရွေးချယ်သည်။ ဆုချီးမြှင့်ရန် ရွေးချယ်ခြင်းမပြုနိုင်သော ဘာသာရပ်များမှာ ပြဇာတ်စာပေ၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေနှင့် နိုင်ငံရေးစာပေတို့ဖြစ်သည်။

စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့သည် ပြိုင်ပွဲဝင်စာမူများကို စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးဆိုင်ရာ မှု (၉) ချက်နှင့်အညီ စိစစ်ရွေးချယ်သည်။ ၂၀၀၂ ခုနှစ်အတွက် တင်သွင်းလာသော ပြိုင်ပွဲဝင်စာမူပေါင်းမှာ ၁၃၇ စောင်ဖြစ်သည်။ ဆုချီးမြှင့်ရွေးချယ်ရန်အတွက် ဘာသာရပ် (၁၂) မျိုးရှိသည့်အနက် ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်ဆု၊ ကဗျာပေါင်းချုပ်ဆု၊ သုတပဒေသာ (ဝိဇ္ဇာပညာရပ်) ဆု၊ သုတပဒေသာ (သိပ္ပံနှင့် အသုံးချသိပ္ပံပညာရပ်) ဆု၊ စာပဒေသာဆု၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆု၊ ကလေးစာပေဆု၊ လူငယ်စာပေဆု၊ ပြဇာတ်စာပေဆုနှင့် ဘာသာပြန်စာပေဆုများသည် ဆုချီးမြှင့်ရန် ရွေးချယ်ခံရသည်။ ဆုချီးမြှင့်ရန် ရွေးချယ်ခြင်း မပြုနိုင်သော ဘာသာရပ်တစ်ခုမှာ နိုင်ငံရေးစာပေသာဖြစ်သည်။

၂၀၀၂ ခုနှစ်အတွက် အမျိုးသားစာပေဆု ဆွတ်ခူးရရှိသော စာပေဆုရပုဂ္ဂိုလ်များနှင့် ၂၀၀၂ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုရရှိသူ ဦးထင်ဖတ် (မောင်ထင်) က ဆုများအသီးသီး လက်ခံရယူကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း (ယခုနိုင်ငံတော်ဝန်ကြီးချုပ်)က ၂၀၀၂ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု ရရှိကြသူများအနက် ဝတ္ထုရှည်နှင့် ဝတ္ထုတိုပေါင်းချုပ် ဘာသာရပ်များတွင် ဆုရရှိကြသူများကို ဆုများပေးအပ်ချီးမြှင့်သည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် [ယခုအတွင်းရေးမှူး (၁)]က ကဗျာပေါင်းချုပ်နှင့် သုတပဒေသာ (ဝိဇ္ဇာပညာရပ်) ဘာသာရပ်တွင် ဆုရရှိသူများကို ဆုချီးမြှင့်သည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌတိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက



**၂၀၀၂ ခုနှစ်အတွက်**
**အမျိုးသားစာပေတစ်သက်တာဆုရ**
**စာရေးဆရာကြီးမောင်ထင်**

သုတပဒေသာ (သိပ္ပံနှင့် အသုံးချသိပ္ပံပညာရပ်) နှင့် စာပဒေသာဘာသာရပ်များတွင် ဆုရရှိသူများအား ဆုချီးမြှင့်သည်။

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဘာသာရပ်နှင့် ကလေးစာပေဘာသာရပ်များတွင် ဆုရရှိကြသူများအား ဆုများကို ချီးမြှင့်သည်။ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က လူငယ်စာပေနှင့် ပြဇာတ်စာပေဘာသာရပ်တွင် ဆုရရှိကြသူများအား ဆုချီးမြှင့်သည်။

### ၂၀၀၂ ခုနှစ်အတွက်<br>အမျိုးသားစာပေဆုရရှိကြသူများ

| စဉ် | ဘာသာရပ် | စာအုပ်အမည် | စာရေးသူ |
|---|---|---|---|
| ၁ | ဝတ္ထုရှည် | ဆဠ္ဌဂံ | မစန္ဒာ |
| ၂ | ဝတ္ထုတို<br>ပေါင်းချုပ် | သဏ္ဍာန်မဲ့ထုထည် | သန်းမြင့်အောင် |
| ၃ | ကဗျာ<br>ပေါင်းချုပ် | ပထမဆုကဗျာများ | ဇော်မင်းမင်းဦး |
| ၄ | စာပဒေသာ | နှစ်လေးဆယ်ဘဝ<br>မှတ်တိုင်များ | မောင်ခင်မင်(ဓနုဖြူ) |
| ၅ | ကလေးစာပေ | မောင်လူမွေးနဲ့<br>မပန်းမှုန်ကလေး<br>ကဗျာများ | မင်းရွှေမင်း(အင်းစိန်) |
| ၆ | လူငယ်စာပေ | ပန်းပွင့်ကလေးများ<br>မွေးပါသည်<br>လက်ရွေးစင်လူငယ်<br>ဝတ္ထုတိုများ | ရေနံမြေ<br>မောင်မောင်ကြည် |
| ၇ | ဘာသာပြန်<br>(သုတ) | တတိယကမ္ဘာမှ<br>ပထမကမ္ဘာသို့ | ဟိန်းလတ် |
| ၈ | ဘာသာပြန်<br>(ရသ) | ကာရာမာဇော့<br>ညီအစ်ကိုများ | နတ်နွယ် |
| ၉ | သုတပဒေသာ<br>(ဝိဇ္ဇာ) | သမိုင်းရှာပုံတော်<br>ခရီးနှင့် အခြား<br>စာတမ်းများ | မကြန် |
| ၁၀ | သုတပဒေသာ<br>(ရိုးရိုးသိပ္ပံ) | သိပ္ပံနည်းကျကမ္ဘာ့<br>တိုင်းရင်းဆေး | ဒေါက်တာ<br>ကျော်သန်းထွန်း<br>(ကန်တုန်<br>ဆေးတက္ကသိုလ်) |
| ၁၁ | သုတပဒေသာ<br>(အသုံးချသိပ္ပံ) | မျက်စိကျန်းမာ<br>လူချမ်းသာ | ဒေါက်တာ<br>ထွန်းအောင်ကျော်<br>(မျက်စိ) |

### ၂၀၀၂ ခုနှစ်အတွက်<br>စာပေဗိမာန်စာမူဆုရရှိကြသူများ

| စဉ် | ဘာသာရပ် | စာအုပ်အမည် | စာရေးသူ |
|---|---|---|---|
| ၁ | ဝတ္ထုရှည်<br>(ဒုတိယဆု) | နှလုံးလှဂုဏ်ရည် | နန်းမိုးစောအောင် |
| | ဝတ္ထုရှည်<br>(တတိယဆု) | သောင်းရင်းမြစ်ကို<br>သက်သေတည်၍ | ကေ(တောင်တန်းပြာ) |
| ၂ | ဝတ္ထုတို<br>ပေါင်းချုပ်<br>(ပထမဆု) | မေတ္တာခိုင်မြဲသတ္တိရှဲ<br>နှင့် အခြားဝတ္ထုတို<br>များ | အောင်သူရိန်(ပုလဲ) |
| | (ဒုတိယဆု) | ခိုင်မာနေသော<br>ကြိုးမျှင်လေးနှင့်<br>အခြားဝတ္ထုတိုများ | ထားမြတ်မာ<br>(ဒဂုံတက္ကသိုလ်) |
| | (တတိယဆု) | မဆုံးသောခရီး<br>မပြီးသောတရားနှင့်<br>အခြားဝတ္ထုတိုများ | သောင်းမြင့်ဦး<br>(ကွမ်းခြံကုန်း) |
| ၃ | ကဗျာ<br>ပေါင်းချုပ်<br>(ပထမဆု) | ရေကြည်တစ်မှုတ်၊<br>ပန်းတစ်ဆုပ်ကဗျာ<br>ပေါင်းချုပ် | ရွှေမြိုင်မောင်ဖူးဝါ |
| | (ဒုတိယဆု) | အလင်္ကာပုလဲပန်း<br>ကဗျာစု | မောင်သက်နှင်း(မ/ဥ) |
| | (တတိယဆု) | သစ္စာရိပ်မြုပန်းမှုံနဲ့<br>လှိုင်ကဗျာများ | ဇာနည် |
| ၄ | သုတပဒေသာ<br>(ဝိဇ္ဇာပညာရပ်)<br>(ပထမဆု) | ရတနာသုံးသွယ် | ဦးသောင်းငွေ |
| | (ဒုတိယဆု) | နှစ်သိမ့်ဆွေးနွေး<br>ပညာပေးခြင်း | ဒေါက်တာအေးကျော်<br>(ဇီဝကမ္မဗေဒ) |

| စဉ် | ဘာသာရပ် | စာအုပ်အမည် | စာရေးသူ |
|---|---|---|---|
| | (တတိယဆု) | ကြံမှ သကြားပြည့်စီးပွား | မောင်နွယ်သန်း (မြန်/ဆက်) |
| ၅ | သုတပဒေသာ (သိပ္ပံနှင့် အသုံးချသိပ္ပံ ပညာရပ်) (ပထမဆု) | မြန်မာ့မုတ်သုံ | နိုင်ရွှေနီး |
| | (ဒုတိယဆု) | လက်တွေ့အခြေခံ အဆောက်အအုံပညာ | ထင်လင်းအောင် (မြို့ပြ) |
| | (တတိယဆု) | ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဇီဝဓာတ်ငွေ့ နည်းပညာ | ရွှေနဂါးတင်ဝင်း |
| ၆ | စာပဒေသာ (ပထမဆု) | ဦးနှောက်တစ်လုံး လက်တစ်ဖက်၊ မျက်စိတစ်လုံးဘဝ ခရီးအဆက် | မောင်စိန်ထွေး |
| | (ဒုတိယဆု) | ပန်းအလက်ာ | ယောနကဘိုးထောင် |
| | (တတိယဆု) | စာပေဘဏ္ဍာတိုက် | မောင်ချစ်ထွေး (မဟာဝိဇ္ဇာ) |
| ၇ | မြန်မာ့ ယဉ်ကျေးမှုနှင့် အနုပညာ ဆိုင်ရာစာပေ (ပထမဆု) | မြန်မာ့ပန်းချီရေစီးကြောင်း | ပန်းချီလှတင်ထွန်း |
| | (ဒုတိယဆု) | ကြေးသွန်းကြေးခတ် ပန်းတဉ်းအတတ်ပန်း | အောင်ငြိမ်းချမ်း (မန်းတက္ကသိုလ်) |
| | (တတိယဆု) | ဆိုင်းနောက်ထ | ဇင်မင်း (သမိန်ထော) |
| ၈ | ကလေးစာပေ (ပထမဆု) | နုနုငယ်ငယ်ကလေး အရွယ့်ပုံဝတ္ထုများ | ဆုလာဘ်ထွန်း |
| | (ဒုတိယဆု) | ကိုရင်လေးရှင်ပညာ နှင့်အခြားဝတ္ထုတိုများ | ရဲဘော်မြသိန်း (ဟိုပုန်း) |
| | (တတိယဆု) | မြန်မာပြည်ကမ္ဘာ တည်ပါစေကလေး ဝတ္ထုတိုများ | မောင်မွန်မြတ် (ကျေးလက်-မကွေး) |
| ၉ | လူငယ်စာပေ (ပထမဆု) | အမေ့သားဂျာအေး နှင့် အခြားလူငယ် ဝတ္ထုတိုများ | မအူပင်လွင့်ကျော် |
| | (ဒုတိယဆု) | ဖြူဟွစိုရ်အရပ်က ရွှာသောမိုး | တင်ထွန်း (ချောက်) |
| ၁၀ | ပြဇာတ်စာပေ (ဒုတိယဆု) | သူ့ရဲကောင်း စိတ်ဓာတ်ပြဇာတ် | ဇင်မင်း(သမိန်ထော) |
| | (တတိယဆု) | တို့မြေ၊ တို့ရေ၊ တို့လေ့ပြဇာတ် | တင်ထွန်းဦး (ယဉ်ကျေးမှု) |
| ၁၁ | ဘာသာပြန် စာပေ (ပထမ့ဆု) | ဒစ်ဂျစ်တယ် မျက်မှောက်ခေတ် | ဇော်ထွန်းအောင် |

မျိုးမျိုးကြည်

## အာဆီယံအင်ဂျင်နီယာထူးချွန်ဆုများနှင့် မြန်မာ

။ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင် နိုင်ငံဖြစ်သည်နှင့်အညီ အာဆီယံ၏ များပြားလှသော လုပ်ငန်းကဏ္ဍအမျိုးမျိုးတွင် ကျန်အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူ ပူးပေါင်းပါဝင်လှုပ်ရှားဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းကြီးသည် အာဆီယံအဖွဲ့ဝင် နိုင်ငံများ၏ အင်ဂျင်နီယာအသင်းများနှင့် ပူးပေါင်း ဖွဲ့စည်းထားသော အာဆီယံအင်ဂျင်နီယာအသင်း များအဖွဲ့ချုပ်(ASEAN Federation Engineering Organzation) ကြီးသို့ ၂၀၀၀ ပြည့်နှစ်တွင် ဝင်ရောက်ခဲ့သည်။ မြန်မာအင်ဂျင်နီယာများသည် မိတ်ဆွေအာဆီယံအင်ဂျင်နီယာများနှင့် အတူ အင်ဂျင်နီယာနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်လျက်ရှိနေပေသည်။

ထိုကြောင့်ပင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း သား ကိုယ်စားလှယ်များသည် ၂၀၀၂ ခုနှစ်၊ စက်တင်ဘာလတွင် ကမ္ဘောဒီးယားနိုင်ငံ၌ ပြုလုပ်ခဲ့သည့် အကြိမ် (၂၀) မြောက် အာဆီယံအင်ဂျင်နီယာ အသင်းများအဖွဲ့ချုပ် ညီလာခံနှင့် ၂၀၀၃ ခုနှစ်၊ အောက်တိုဘာလတွင် အင်ဒိုနီးရှားနိုင်ငံ၌ ပြုလုပ်ခဲ့သော (၂၁) ကြိမ်မြောက်ညီလာခံများသို့တက်ရောက် ခဲ့သည်။

## စာတမ်းများဖတ်ကြားတင်သွင်းခြင်းနှင့် ထူးချွန်ဆုများချီးမြှင့်ခံရခြင်း

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းကိုယ်စားလှယ်များသည် အာဆီယံအင်ဂျင်နီယာအသင်း ညီလာခံများသို့ တက်ရောက်ခဲ့ရာတွင် မြန်မာအင်ဂျင်နီယာများ၏ လုပ်ဆောင်ချက်ဖြစ်သော အောက်ပါလုပ်ငန်းစာတမ်းများကို ဖတ်ကြားတင်သွင်းခဲ့ရာ ထူးချွန်ဆုများ ချီးမြှင့်ခြင်းခံရသည်။

> ၂၀၀၂ ခုနှစ်တွင် ကျင်းပသည့် အကြိမ် (၂၀) မြောက် ညီလာခံ၌ မြန်မာနိုင်ငံက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန၏ နိုင်ငံနှင့်အဝန်း ဆည်မြောင်းတာတမံကြီးများကို တည်ထောင်နိုင်သည့် စွမ်းပကားအရည်အချင်းများ တင်ပြနိုင်သည့်အတွက် ဆည်မြောင်းဦးစီးဌာနကို ညီလာခံကြီးက ၎င်းနှစ်အတွက် အာဆီယံ အင်ဂျင်နီယာလုပ်ငန်းများဆိုင်ရာ ထူးချွန်ဆုနှင့်-
>
> ယခုနှစ် ၂၀၀၃ ခုနှစ်တွင် ကျင်းပသည့် (၂၁) ကြိမ်မြောက် ညီလာခံ၌ ဆောက်လုပ်ရေးဝန်ကြီးဌာနပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ အချိန်တိုတိုအတွင်း မြန်မာအင်ဂျင်နီယာများဖြင့် နိုင်ငံတော်တိုးတက်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်စေရေးတို့အတွက် လမ်းတံတားများ အများအပြားတည်ဆောက်နိုင်ခဲ့ခြင်းနှင့် ပဲခူးတိုင်း၊ ရဲနွယ်တံတားတည်ဆောက်ရေးတွင် မြန်မာအမျိုးသမီး အင်ဂျင်နီယာများဖြင့်သာ တည်ဆောက်ပေးနိုင်ခဲ့ခြင်းတို့အတွက် ညီလာခံကြီးက ၂၀၀၃ ခုနှစ်အတွက် 'ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကိုအချိန်တိုတိုအတွင်း တံတားများတည်ဆောက်နိုင်ခဲ့ခြင်းဆု' နှင့် 'မြန်မာအမျိုးသမီး အင်ဂျင်နီယာများချည်းတည်ဆောက်ခဲ့ခြင်းဆု'ဟူ၍ အာဆီယံ အင်ဂျင်နီယာထူးချွန်ဆုနှစ်ဆုတို့ဖြစ်သည်။ ရဲနွယ်တံတားတည်ဆောက်မှုမှာ မြန်မာအမျိုးသမီး အင်ဂျင်နီယာထု၏ စွမ်းပကားကို ပြသနိုင်ခြင်းဖြစ်ပြီး အာရှတိုက်တွင် ယခင်က မရှိသေးသည့်ကိစ္စဖြစ်သည်။

ထို့အပြင် မြန်မာအင်ဂျင်နီယာများသည် ၂၀၀၂ ခုနှစ်တွင် ပြည်လမ်းရှိ ကမ္ဘောဇဘဏ်အဆောက်အအုံနှင့် မဟာသန္တိသုခကျောင်းတော်ကြီး အဆောက်အအုံတို့ကို စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး၏ လမ်းညွှန်ပံ့ပိုးမှုဖြင့် တည်ဆောက်ခဲ့ခြင်းအတွက် ၎င်းနှစ်တွင်လည်း အာဆီယံစွမ်းအင်ဆုနှစ်ဆုရရှိခဲ့သည်။ ထိုသို့ရရှိသည့်အတွက် နိုင်ငံတော်က မြန်မာအင်ဂျင်နီယာများအားဂုဏ်ပြုချီးမြှောက်ပွဲပြုလုပ်ခဲ့သည်။

## အာဆီယံအင်ဂျင်နီယာထူးချွန်ဆုများ လွှဲအပ်ဂုဏ်ပြုပွဲ

၂၀၀၃ ခုနှစ်တွင် ကျင်းပသည့်အာဆီယံ အင်ဂျင်နီယာအသင်း အဖွဲ့ချုပ်၏ (၂၁) ကြိမ်မြောက် ညီလာခံက ချီးမြှင့်သောအာဆီယံ အင်ဂျင်နီယာထူးချွန်ဆု (ASEAN Engineering Oustanding Awards)များအား မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လွှဲအပ်ဂုဏ်ပြုပွဲ အခမ်းအနားကို နိုဝင်ဘာလ (၂၀) ရက်နေ့ ညနေ (၇) နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌဒေါက်တာစိန်မြင့်ကဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးနေစိုးနိုင်တို့အား ဆုများကို

လွှဲပြောင်းပေးအပ်ခဲ့သည်။ ထို့အပြင် ယခုကဲ့သို့ မြန်မာအင်ဂျင်နီယာအသင်းကြီးနှင့်တကွ မြန်မာ အင်ဂျင်နီယာများဒေသတွင်း ဂုဏ်ယူစရာဖြစ်လာခဲ့ ရသည်မှာနိုင်ငံတော်၏ အားပေးမြှောက်စားမှု ကြောင့်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စဉ်ကြီး၌ နိုင်ငံတော်အစိုးရနှင့်အတူလက်တွဲလုပ်ကိုင် လျက်ရှိနေပြီဖြစ်ကြောင်း၊ ဆောက်လုပ်ရေး နည်း ပညာထွန်းကားတိုးတက်ရေးနှင့် အရည်အသွေးမီ အဆောက်အအုံများ ပေါ်ထွန်းရေးအတွက် အထပ် မြင့် အဆောက်အအုံတည်ဆောက်ရေး စီမံကိန်းများ ကြီးကြပ်စစ်ဆေးရေး ပညာရှင်အဖွဲ့တွင် မြန်မာ နိုင်ငံအင်ဂျင်နီယာအသင်းအနေဖြင့် ပါဝင်ခွင့်ရနေ ပြီဖြစ်ကြောင်း၊ ထို့အတူ ငလျင်နှင့် ပတ်သက်သည့် နည်းပညာများထွန်းကားရေး၊ ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများ ပေါ်ထွန်းရေးတို့အတွက် မြေငလျင်အင်ဂျင်နီယာကော်မတီကိုလည်း ဖွဲ့စည်း ဆောင်ရွက်လျက်ရှိကြောင်းတို့ကို ဝမ်းမြောက်ဂုဏ်ယူ စွာထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်အစိုးရက အခြေခံအဆောက်အအုံ များကို အရှိန်အဟုန်မြှင့် တည်ဆောက်လျက်ရှိရာ လမ်းနှင့် တံတားသည် အခြေခံ၏အခြေခံဖြစ်ပေ သည်။ နိုင်ငံတော်၌ ၁၉၈၈ ခုနှစ်မတိုင်မီက လမ်းမိုင် ပေါင်း (၁၃၆၃၅) မိုင်သာရှိခဲ့ရာမှ ယခုအချိန်တွင် (၁၈၁၁၂) မိုင်ရှိလာပြီဖြစ်၍ (၄၄၇၇) မိုင် တိုးတက် ဖောက်လုပ်နိုင်ခဲ့သည်။ တံတားအပိုင်းတွင်လည်း ပေ (၁၀၀၀)နှင့် အထက် တံတားကြီး (၃၇) စင်း အပါအဝင် ပေ (၁၈၀) နှင့် အထက် တံတားကြီး ပေါင်း (၁၆၄) စင်းကို အချိန်တို (၁၀)စုနှစ် အတွင်း မြန်မာနိုင်ငံအဝန်း တည်ဆောက်နိုင်ခဲ့သည်။ ယာယီ တံတားမပါ ပေ (၁၈၀) နှင့် အထက်တံတား (၃၁) စင်းကို တည်ဆောက်ဆဲဖြစ်သည်။ ဤလမ်းတံတား များကို မြန်မာအင်ဂျင်နီယာ အတတ်ပညာရှင်များ ၏ စွမ်းပကားဖြင့်သာ တည်ဆောက်ခဲ့ပြီး နိုင်ငံခြား



မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဥက္ကဋ္ဌဒေါက်တာစိန်မြင့်က အာဆီယံလုပ်ငန်းဆိုင်ရာ ထူးချွန်ဆုကို ဆောက်လုပ်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဗိုလ်မှူးချုပ်မြင့်သိန်းအားပေးအပ်စဉ်

အထောက်အပံ့မပါဘဲ ကိုယ်အားကိုယ်ပိုင်အရင်းအနှီးများဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ထို့ကြောင့် မြန်မာအင်ဂျင်နီယာများ၏ လုပ်အား စွမ်းပကားသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် အထူးအရေးပါလျက်ရှိကြောင်း ထင်ရှားလျက်ရှိသည်။ ထို့အပြင် ယခုကဲ့သို့ အာဆီယံအင်ဂျင်နီယာလုပ်ငန်း ထူးချွန်ဆုများရရှိခြင်းကို ကြည့်ခြင်းအားဖြင့်လည်း မြန်မာအင်ဂျင်နီယာများ၏ အရည်အချင်းကို အာဆီယံဒေသတွင်းက အသိအမှတ်ပြုသည်မှာပေါ်လွင်လျက်ရှိပေသည်။

## အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပမည်

မြန်မာနိုင်ငံသည် (၂၂) ကြိမ် မြောက် အာဆီယံအင်ဂျင်နီယာအသင်းများ အဖွဲ့ချုပ်ညီလာခံကို ၂၀၀၄ ခုနှစ်တွင်အိမ်ရှင်နိုင်ငံ အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။ မြန်မာအင်ဂျင်နီယာ အသင်းဥက္ကဋ္ဌသည် AFEO ဥက္ကဋ္ဌတာဝန်ကိုလည်း ပြီးခဲ့သည့် အင်ဒိုနီးရှားညီလာခံမှ လွှဲပြောင်းလက်ခံခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းကြီးသည် အာဆီယံအင်ဂျင်နီယာအသင်းများ အဖွဲ့ချုပ်က ပေးအပ်သော ASEAN Engineering Oustanding Awards ထူးချွန်ဆုများကို ထူးထူးခြားခြားရယူပေးနိုင်သဖြင့် နိုင်ငံတော်က ဂုဏ်ယူဝမ်းမြောက်ရသည်။ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းကြီးသည် ခေတ်မီဆောက်လုပ်ရေး နည်းပညာရပ်များကို တိုးပွားအောင် ကြိုးပမ်းလျက်နိုင်ငံတော်အတွက် ဆက်လက်တိုးမြှင့်ဆောင်ရွက်ရှိပေသည်။

ဒေါ်အေးမြင့် (ပညာတန်ဆောင်)

**အီရတ်နိုင်ငံ**။ ။ ဇန်နဝါရီလအတွင်း အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်တို့သည် အီရတ်နိုင်ငံကို တိုက်ခိုက်ရေးအတွက် ပင်လယ်ကွေ့ဒေသတွင် စစ်အင်အားတည်ဆောက်မှုကို အကြီးအကျယ်တိုးချဲ့တည်ဆောက်ခဲ့ကြသည်။ ပင်လယ်ကွေ့ဒေသတွင် အမေရိကန်စစ်သည် အင်အားပေါင်း ၆၀၀၀၀ ခန့်ရှိနေပြီ ဖြစ်ပါလျက် ဇန်နဝါရီလ ၁ ရက်နေ့တွင် သဲကန္တာရ စစ်ဆင်ရေးအတွက် အထူးလေ့ကျင့်ထားသော စစ်သည် ၁၁၀၀၀ တို့သည် အမေရိကန်ပြည်ထောင်စုရှိ ဂျော့ဂျီယာ စခန်းမှ ပင်လယ်ကွေ့ဒေသသို့ ဦးတည်ထွက်ခွာလာခဲ့ကြသည်။

ဇန်နဝါရီလ ၂၀ရက်နေ့တွင် ဗြိတိန်နိုင်ငံကလည်း ပင်လယ်တွေ့ဒေသသို့ စစ်သည်အင်အား ၃၀၀၀၀ကို စေလွှတ်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ဗြိတိသျှပြည်သူများက အီရတ်အပေါ် စစ်ပြုမည်ကို မလိုလားကြသကဲ့သို့ အာဏာရ လေဘာပါတီအတွင်းပါတီဝင်အများအပြားကလည်း စစ်ပြုမှုကို ဆန့်ကျင်ခဲ့သည်။ ထို့ကြောင့်ကာကွယ်ရေးဝန်ကြီး ဂျက်ဖ်ဟွန်းက ပင်လယ်ကွေ့ဒေသကို စစ်တပ်များစေလွှတ်မည်ဖြစ်သော်လည်း မလွဲမသွေ စစ်ဖြစ်မည်ဟု မဆိုနိုင်ကြောင်း ပြောကြားခဲ့သည်။

ဇန်နဝါရီလ ၂၀ ရက်နေ့က ကုလသမဂ္ဂ လုံခြုံရေးကောင်စီဝင်နိုင်ငံများ၏ နိုင်ငံခြားရေး ဝန်ကြီးများသည် အစည်းအဝေးပြုလုပ်ခဲ့ကြသည်။ ယင်းသို့ပြုလုပ်နေစဉ်အတွင်း ဗြိတိသျှစစ်တပ်များကို စေလွှတ်မည်ဟူသော သတင်းထွက်ပေါ်လာခဲ့သည်။ ထိုအစည်းအဝေးတွင် ဂျာမန်နှင့် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးတို့က အီရတ်နိုင်ငံအပေါ် စစ်ပြုရေးကို အပြင်းအထန်ဆန့်ကျင်ပြောကြားခဲ့သည်။ စစ်ဖြစ်လာပါက ကမ္ဘာ့လုံခြုံရေးကိုပါ ထိခိုက်နိုင်ကြောင်း သတိပေးခဲ့ကြသည်။

ဇန်နဝါရီလ ၂၃ ရက်နေ့တွင် အီရတ်၏ အိမ်နီးချင်းနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးကို တူရကီနိုင်ငံ၌ ကျင်းပခဲ့သည်။

ထိုအစည်းအဝေးသို့ ဆော်ဒီအာရေဗျ၊ အီရန်၊ ဆီးရီးယား၊ ဂျော်ဒန်နှင့် အီဂျစ်နိုင်ငံတို့မှ ဝန်ကြီးများ တက်ရောက်ခဲ့ကြသည်။ ထိုအစည်းအဝေး၌ တူရကီနိုင်ငံတစ်ခုတည်းသာလျှင် နေတိုးအဖွဲ့ဝင် နိုင်ငံဖြစ်ခဲ့သည်။ အီရတ်အပေါ် စစ်ဆင်ရေးပြုလုပ်ရေးတို့ကို အမေရိကန်က တူရကီနိုင်ငံအပေါ် ဖိအားပေး တောင်းဆိုလျက်ရှိသည်။

ဇန်နဝါရီလ ၅ ရက်နေ့က ကုလသမဂ္ဂမှဖွဲ့စည်း ပေးထားသော လက်နက်စစ်ဆေးရေးအဖွဲ့ဝင်များ သည် ကြိုတင်အကြောင်းမကြားဘဲနှင့် အီရတ် လက်နက်အင်အားစိစစ်ရေး ညွှန်ကြားရေးမှူး၏ ရုံးက ရုတ်တရက်ဝင်ရောက် စစ်ဆေးခဲ့သည်။ ဤသို့ စစ်ဆေးခြင်းနှင့် ပတ်သက်၍ ဆက်ဒမ်ဟူစိန်က လက်နက်စစ်ဆေးရေးအဖွဲ့ဝင်များသည် အမေရိကန် အတွက် သူလျှိုလုပ်ပေးနေကြောင်း၊ ကုလသမဂ္ဂ၏ ခွင့်ပြုမိန့်ထက် ကျော်လွန်ပြုလုပ်နေကြောင်း ဝေဖန် ရှုတ်ချခဲ့သည်။ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် လက်နက်စစ်ဆေးရေးအဖွဲ့ဝင်များသည်၁၂မီလီမီတာ အရွယ်ပမာဏရှိ ဒုံးကျည်ထိပ်ဖူး ၁၂ ကို ရှာဖွေတွေ့ရှိ ခဲ့သည်။ အီရတ်က ယခင်ဖော်ပြခဲ့သော ရင်းနိုင်ငံရှိ လက်နက်စာရင်းတွင် ဤလက်နက်များ မပါရှိခဲ့ပေ။

ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ကုလသမဂ္ဂမှ လက်နက်စစ်ဆေးရေးမှူး ဟန်းစ်ဘလစ်နှင့် အဏုမြူ အေဂျင်စီမှ ဘာရာဒေ့တို့သည် လက်နက်စစ်ဆေး တွေ့ရှိမှုအခြေအနေများကို ကုလသမဂ္ဂ လုံခြုံရေး ကောင်စီသို့ အစီရင်ခံတင်ပြခဲ့ကြသည်။ ဟန်းစ် ဘလစ်က အီရတ်သည် လက်နက်စစ်ဆေးရေးအဖွဲ့ ဝင်တို့အားကြည့်ရှုစစ်ဆေးခွင့်များပေးခဲ့ကြောင်း၊ မှုံညင်းစေအဆိပ်ဓါတ်ငွေ့ထုတ်လုပ်ရာတွင် အသုံးပြု သည့် ရှေ့ပြေးဓါတုပစ္စည်းများ ထုတ်လုပ်သော ဓါတ်ခွဲခန်းတစ်ခုကို တွေ့ခဲ့ကြောင်း၊ ကီလိုမီတာ ၁၅၀ ထက်ဝေးအောင်ပစ်လွှတ်နိုင်သည့် ဒုံးကျည် ၂ ခုကို စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း၊ (ကုလသမဂ္ဂ၏ ဆုံးဖြတ် ချက်အရ အီရတ်သည် ကီလိုမီတာ ၁၅၀ ထက် ကျော်လွန်ပစ်ခတ်နိုင်သော ဒုံးကျည်များကို ပြုလုပ် ခွင့်မရှိပေ။) တို့ကို တင်ပြခဲ့သည်။ အဏုမြူအေဂျင်စီ မှ ဘာရာဒေ့က အီရတ်သည် အဏုမြူလက်နက် ထုတ်လုပ်ရေး အစီအစဉ်ကို ပြန်လည်စတင်သည့် အထောက်အထား မတွေ့ရကြောင်း၊ သို့ရာတွင် ပိုမိုပြည့်စုံစွာ စိစစ်နိုင်ရေးအတွက် အချိန်ပေးစေ လိုကြောင်း တင်ပြခဲ့သည်။

ဟန်းစ်ဘလစ်၏အစီရင်ခံချက်ကို အခြေပြုပြီး ဗြိတိန်နှင့် အမေရိကန်တို့က ဆက်ဒမ်ဟူစိန်သည် လက်နက်ဖျက်သိမ်းလိုခြင်း မရှိကြောင်း၊ ဟန်ဆောင် လိုက်လျောနေကြောင်းတို့ကို ပြောကြားခဲ့သည်။ သို့ရာတွင် လုံခြုံရေးကောင်စီ၌ အမြဲတမ်းအဖွဲ့ဝင် များဖြစ်ကြသော ပြင်သစ်၊ ရုရှနှင့် တရုတ်တို့က လက်နက်စစ်ဆေးရေး အဖွဲ့ဝင်များကို အချိန်ပိုပေး သင့်ကြောင်း ပြောဆိုခဲ့ကြသည်။

ဇန်နဝါရီလ ၃၁ ရက်နေ့တွင် အမေရိကန် သမ္မတဘုရှ်နှင့် ဗြိတိသျှဝန်ကြီးချုပ်တိုနီဘလဲတို့သည် ဝါရှင်တန်၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ယင်းသို့ တွေ့ဆုံရာတွင် သမ္မတဘုရှ်က လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်သစ်ချမှတ်ရေးကို ကြိုဆိုကြောင်း၊ သို့ရာတွင် ဆုံးဖြတ်ချက်အမှတ် ၁၄၄၁ အရ အီရတ် ကို တိုက်ခိုက်ရေးအတွက် အမေရိကန်ပြည်ထောင်စု တွင် အခွင့်အာဏာရထားပြီးဖြစ်သည်ဟု ယူဆ ကြောင်း၊ အချိန်အကြာကြီး မစောင့်ဆိုင်းနိုင်ကြောင်း ပြောကြားခဲ့သည်။ ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲက

လုံခြုံရေးကောင်စီအနေဖြင့် ဆုံးဖြတ် ချက်သစ် ထပ်မံချမှတ်နိုင်ရေးအတွက် သံတမန် နည်းလမ်းအရ အပြင်းအထန် လှုပ်ရှားနေပေသည်။

ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် အမေရိကန်၊ ဗြိတိန်တို့ပူးပေါင်းကာ လုံခြုံရေးကောင်စီမှ ထုတ်ပြန်ပေးရမည့် ဆုံးဖြတ်ချက်သစ်မူကြမ်းကို တင်ပြခဲ့ကြသည်။ ဤမူကြမ်းအရ အီရတ်အနေဖြင့် အစုအပြုံလိုက်ဖျက်ဆီးနိုင်သော လက်နက်များကို မစွန့်လွှတ်ပါက ကုလသမဂ္ဂအနေဖြင့်စစ်ရေးနည်းလမ်းဖြင့် အရေးယူရန်ဖြစ်သည်။ တစ်ချိန်တည်းတွင် ပြင်သစ်၊ ရုရှားနှင့် ဂျာမနီတို့ကလည်း ဆုံးဖြတ်ချက်သစ်မူကြမ်းကို စင်ပြိုင်တင်ပြခဲ့ကြသည်။ ဤမူကြမ်းအရ လက်နက်ဖျက်သိမ်းရေးအတွက် အီရတ်အား အချိန်ကိုပိုပေးရန်၊ အချိန်ဇယား သတ်မှတ်ချက်ပေးရန် ဖြစ်သည်။

ဆုံးဖြတ်ချက်သစ်ချမှတ်နိုင်ရေးအတွက် လုံခြုံရေးကောင်စီဝင် ၁၅ ဦးအနက် ၉ ဦး၏ ထောက်ခံမဲကိုရမှုဖြစ်သည်။ လုံခြုံရေးကောင်စီတွင် အမြဲတမ်းအဖွဲ့ဝင် ၅ နိုင်ငံပါရှိသည်။အမေရိကန်ပြည်ထောင်စု၊ ရုရှား၊ ပြင်သစ်၊ တရုတ်နှင့် ဗြိတိန်တို့သည် အမြဲတမ်းအဖွဲ့ဝင် နိုင်ငံများဖြစ်သည်။ ထိုအချိန်က အလှည့်ကျရွေးကောက် တင်မြှောက်ထားသည့် လုံခြုံရေးကောင်စီဝင် ၁၀ နိုင်ငံတို့မှာ အင်ဂိုလာ၊ ဘူလ်ဂေးရီးယား၊ ကင်မရွန်း၊ ချီလီ၊ ဂီနီ၊ ဂျာမနီ၊ မက်ဆီကို၊ ပါကစ္စတန်၊ စပိန်နှင့် ဆီးရီး ယားတို့ဖြစ်ကြသည်။ ဆုံးဖြတ်ချက်သစ်ချမှတ် နိုင်ရေးအတွက် ပြင်သစ်၊ ရုရှားနှင့် တရုတ်တို့က ဗီတိုအာဏာမသုံးကြမှဖြစ်မည်။ ထို့ပြင်ထိုအချိန်က စပိန်နှင့် ဘူလ်ဂေးရီးယားတို့ အမေရိကန်ကို လုံးဝထောက်ခံကြသည်။ ဂျာမနီနှင့် ဆီးရီးယားတို့က စစ်ပြုရေးကိုလုံးဝဆန့်ကျင်ကြသည်။ မက်ဆီကိုနှင့် ချီလီတို့က စစ်ဖြစ်မည်ကို မလိုလားကြပေ။ ပါကစ္စတန်မှာ တွေဝေနေသည်။ အင်ဂိုလာ၊ ကင်မရွန်းနှင့် ဂီနီတို့က လက်နက်စစ်ဆေးရေးအဖွဲ့များကို အချိန်ပိုမိုပေးရန် တိုက်တွန်းနေခဲ့ကြသည်။ ထို့ကြောင့် ဆုံးဖြတ်ချက်သစ် ချမှတ်နိုင်ရေးအတွက် ထောက်ခံမဲ ၉ မဲအပြည့်အဝရရှိရန် ခဲယဉ်းနေသည်။

ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးကောလင်းပါဝယ်လ်က အီရတ်အပေါ် စစ်ရေးအရအရေးယူရန် ခိုင်လုံသောအထောက်အထားများရှိသည်ဟုဆိုကာ လုံခြုံရေးကောင်စီသို့ ၎င်းရရှိထားသည့်အထောက်အထားတစ်ပုံတစ်ပင်ကြီးကို တင်ပြခဲ့သည်။ ကောလင်းပါဝယ်လ်၏ တင်ပြချက်များကိုပြင်သစ်၊ ရုရှနှင့် တရုတ်တို့က အလေးမထားခဲ့ကြဘဲ စစ်ပြုရေးကို လုံးဝဆန့်ကျင်နေကြသည်။ကုလသမဂ္ဂမှလက်နက်စစ်ဆေးရေးအဖွဲ့တို့အား အချိန်ပိုမိုပေးရန်သာ ပြောဆိုခဲ့ကြသည်။

ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် ကုလသမဂ္ဂမှ လက်နက်စစ်ဆေးရေးမှူးဟန်းစ်ဘလစ်က လက်နက်စစ်ဆေးတွေ့ရှိမှုအခြေအနေကို လုံခြုံရေးကောင်စီသို့ တင်ပြခဲ့သည်။ ဟန်းစ်ဘလစ်၏ အစီရင်ခံစာသည် အီရတ်အပေါ် ချက်ခြင်းစစ်ပြုရေးဘက်ကို မလိုက်ဘဲ အီရတ်အနေဖြင့် လက်နက်ဖျက်သိမ်းရေးကိုငြိမ်းချမ်းစွာလိုက်လျောပြုလုပ်နိုင်ရေးအတွက် အချိန်ပိုမိုပေးရေးဘက်မှအလေးသာခဲ့သည်။ တစ်ချိန်တည်းတွင်လည်း အမေရိကန်၊ ဗြိတိန်တို့ရှိမြို့ကြီးများအပါအဝင် ကမ္ဘာတစ်လွှား၌စစ်ဆန့်ကျင်ရေး ဆန္ဒပြပွဲကြီးများ ထပ်တလဲလဲဆပွားဖြစ်ပေါ်နေသည်။ ထို့ကြောင့်လုံခြုံရေးကောင်စီ တွင်ချက်ချင်းစစ်ပြုရေးကို ကြိုးပမ်းနေသူများအဖို့ အခွင့် အလမ်းမသာဘဲ ဖြစ်ခဲ့သည်။

အီရတ်ရှိဆက်ဒမ်ဟူစိန်အား အတိုက်အခံလုပ်နေသည့်အုပ်စုများသည် ဖေဖော်ဝါရီလ ၂၆ ရက်နေ့က ကာ့ဒ်သူပုန်အဖွဲ့များက လွှမ်းမိုးထားသည့် အီရတ် မြောက်ပိုင်းတွင် ကွန်ဖရင့်တစ်ရပ်ကျင်းပခဲ့သည်။ ၁၁ နှစ်ကာလအတွင်း ပထမဆုံးကျင်းပသော အတိုက်အခံများ၏အစည်းအဝေးဖြစ်သည်။ ထိုအစည်းအဝေးတွင် အမေရိကန်သံတမန် ဇာလ်မေခါလီဇတ်က အီရတ်တွင် တရားမျှတမှုနှင့် တရားစိုးမိုးရေးကို အခြေခံသောပြည်သူ တို့ကိုကိုယ်စားပြုသည့် ပြည်သူကိုတာဝန်ခံသည့် အစိုးရဖွဲ့စည်းပြီးသည်နှင့် တစ်ပြိုင်နက် အီရတ်တွင်အမေရိကန်၏ ဝင်ရောက်စွက်ဖက်မှုသည် တစ်မိနစ်ပင်ကြာမည် မဟုတ်ဟု ပြောကြားခဲ့သည်။ ဤအစည်းအဝေးသို့ တက်ရောက်ခဲ့သူများအနက် အချို့သည် နောင်သောအခါ အမေရိကန် တို့က ဖွဲ့စည်းပေးသည့် အီရတ်အုပ်ချုပ်ရေး ကောင်စီတွင်အဖွဲ့ဝင်များအဖြစ် ပါဝင်လာကြောင်းတွေ့ရှိရသည်။

ဇန်နဝါရီလကုန်တွင် တိုနီဘလဲသည် ဘုရှ်နှင့်တွေ့ဆုံပြီးနောက် ဖေဖော်ဝါရီအတွင်း လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်သစ်ချမှတ်နိုင်ရေးသံတမန်နည်းလမ်းများဖြင့်အပြင်းအထန် ကြိုးပမ်းခဲ့သည်။ သို့ရာတွင်ဗြိတိန်သို့ လာရောက်လည်ပတ်သော နိုင်ငံခြားရေးဝန်ကြီးအီဂေါ်အီဗန်နော့ဗ်က အီရတ်တွင် စစ်ရေးပဋိပက္ခဖြစ်မှုကို ရှောင်ရှားနိုင်ရေးအတွက် ဗီတိုအာဏာကိုသုံးမည်ဖြစ်ကြောင်း မတ်လ ၄ ရက်နေ့တွင် အတိအလင်းပြောကြားလိုက်သည်။ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဗယ်လာပန်ကလည်း စစ်ကိုတားဆီးနိုင်ရေးအတွက် တာဝန်ရှိသူလောက်



**ဒီဇင်ဘာ ၁၄ ရက်နေ့တွင် အဖမ်းခံရပြီးနောက် နောက်တစ်နေ့တွင် အကျဉ်းထောင်တစ်ခုအတွင်းရှိ အီရတ်သမ္မတဟောင်းဆက်ဒမ်ဟူစိန်အား အီရတ်အရပ်သားအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်တစ်ဦးက လာရောက်တွေ့ဆုံစဉ်**

အစွမ်းကုန် ဟန့်တားမည်ဟုပြောကြားခဲ့သည်။ ဗီတို အာဏာသုံးမည်ဟု ရည်ညွှန်းပြောဆိုလိုက်ခြင်းဖြစ်သည်။ တရုတ်ကလည်း ဗီတိုအာဏာသုံးမည်ဟု မဆိုသည့်တိုင်ပြင်သစ်၊ ရုရှားတို့နှင့်တစ်သဘောတည်း ရပ်တည်မည်ဟု ပြောကြားခဲ့သည်။

ဤအတောအတွင်း အီရတ်သည်ကုလသမဂ္ဂမှ လက်နက်စစ်ဆေးရေးအဖွဲ့များ၊ အဏုမြူအေဂျင်စီတို့နှင့်အပြည့်အဝပူးပေါင်းခဲ့သည်။ ၎င်းတို့၏ကြီးကြပ်မှုဖြင့်တားမြစ်ထားသော လက်နက်များကို ဖျက်သိမ်းပေးနေသည်။ လက်နက်စစ်ဆေးရေးအဖွဲ့က အီရတ်တွင် လက်နက်ဖျက်သိမ်းရေးအတွက် မတ်လ ၁၇ ရက်နေ့ အထိအချိန်ပိုပေးရန် တောင်းဆိုခဲ့သည်။ ကုလသမဂ္ဂ ကအီရတ်အပေါ် စစ်ပြုခွင့်ပေးရေးဆုံးဖြတ်ချက် ချမှတ်ရန်အဆိုကို ဗီတိုအာဏာဖြင့်ပယ်ချမည်ဖြစ်ကြောင်း ပြင်သစ်သမ္မတချက်ရှီရက်ကမတ်လ ၁၀ ရက်နေ့တွင် အတိအလင်းပြောကြားလိုက်သည်။ ထိုနေ့တွင်လည်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအန်နန်ကလည်း လုံခြုံရေး ကောင်စီ၏ ထောက်ခံချက်မပါဘဲ အီရတ်လက်နက် ဖျက်သိမ်းရေးကို စစ်ရေးနည်းဖြင့်ပြုလုပ်ခဲ့လျှင် တရားဥပဒေနှင့်ဆီလျော်ညီညွတ်မည် မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ကုလသမဂ္ဂပဋိညာဉ်ကြေညာစာတမ်းအခန်း ၇ ရှိ အပိုဒ် ၄၂ တွင် "နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့အတွက်လိုအပ်လာသည့်အခါ လုံခြုံရေးကောင်စီသည် ကြည်း၊ ရေ၊ လေတပ်များကို အသုံးပြု၍ အရေးယူနိုင်သည်" ဟုပြဋ္ဌာန်းထားပါသည်။ ထို့ပြင်အပိုဒ် ၅၁ တွင် "မိမိကိုယ် မိမိခုခံကာကွယ်ရေးအတွက် လက်နက်ကိုင်တပ်များကို အသုံးပြုနိုင်သည်" ဟု ပြဋ္ဌာန်းထားပြန်ပါသည်။ သို့ဖြစ်၍ အမေရိကန်၊ ဗြိတိန်တို့ကလုံခြုံရေး ကောင်စီ၏ အခွင့်အာဏာမပါဘဲ အီရတ်အပေါ်စစ်ရေးအရဝင် ရောက်တိုက်ခိုက်မည်ဆိုပါကကုလသမဂ္ဂပဋိညာဉ်စာတမ်းကို ဖောက်ဖျက်ရာကျတော့မည်ဖြစ်ပါသည်။

မတ်လ ၁၆ ရက်နေ့တွင် အမေရိကန်၊ ဗြိတိန်နှင့် စပိန်တို့သည် ပေါ်တူဂီပိုင်အဇိုးစ်ကျွန်း၌ ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးအတွက် တိုင်ပင်ခဲ့ကြသည်။ မတ်လ ၁၈ ရက်နေ့တွင် အီရတ်အပေါ် စစ်ပြုရေးအတွက် နိုင်ငံပေါင်း ၃၀ က အမေရိကန်နှင့် တစ်သဘောတည်းဖြစ်သည်ဟု နိုင်ငံခြားရေးဌာနက ကြေညာခဲ့သည်။ အမှန်စင်စစ်တွင် ဗြိတိန်နှင့် ဩစတြေးလျတို့က စစ်တပ်များစေလွှတ်ပေးမည်ဟု အတိအလင်းဆိုခဲ့သည်။ ကျန်နိုင်ငံများက စစ်တိုက်ရာတွင် မပါဝင်ဘဲဆက်ဒမ်မရှိတော့သည့်နောက်ပိုင်း အီရတ်နိုင်ငံပြန်လည်ထူထောင်ရေး၌သာ ပါဝင်မည်ဟု ဆိုခဲ့ကြခြင်းဖြစ်သည်။

ဤသို့ဖြင့်မတ်လ ၂၀ ရက်နေ့ ဂရင်းနစ်ချိန်စံတော်ချိန်နံနက် ၂း၃၀ နာရီတွင် အီရတ် အပေါ် စစ်ပြု၍ စတင်တိုက်ခိုက်ခဲ့တော့သည်။ ဤစစ်ဆင်ရေးကို အမေရိကန်တို့ "အီရတ်လွတ်မြောက်မှုစစ်ဆင်ရေး" (Operation Iraqi Freedom) ဟုအမည်ပေးခဲ့သည်။ ဤစစ်ဆင် ရေး၏ဦးတည်ချက်မှာ ဆက်ဒမ်ဟူစိန်အားသတ်ဖြတ်ရေးနှင့်အီရတ်ခေါင်းဆောင်ပိုင်းအား လူထုနှင့်အဆက်ဖြတ်ရေးဖြစ်သည်ဟု အမေရိကန်တို့ကဆိုခဲ့ကြသည်။ စီအိုင်အေ ညွှန်ကြားရေးမှူးလော့တင်းနက်၏ သတင်းပေးချက်အပေါ် မူတည်လျက် ဘဂ္ဂဒက် တောင်ပိုင်းမှဆက်ဒမ်နှင့် သူ့လက်ထောက်များရှိမည်ဟုယူဆရသော အိမ်တစ်အိမ်ကို ဗုံးကြဲတိုက်ခိုက်ခဲ့ကြသည်။ ထိုတိုက်ခိုက်မှုကြောင့် အီရတ်အရပ်သားတစ်ဦး သေဆုံးပြီး ၁၄ဦး ဒဏ်ရာရခဲ့ကြောင်း အီရတ်က ချက်ချင်းပင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ထိုနေ့ ဂရင်းနစ်စံတော်ချိန် ၃း၁၅ နာရီတွင် သမ္မတဘုရှ်က အိမ်ဖြူတော်ရှိ ရုံးခန်းမှနေ၍ ရုပ်မြင်သံကြားမှတစ်ဆင့် မိန့်ခွန်းပြောခဲ့သည်။ 'မိမိ၏ အမိန့်အရဆက်ဒမ်ဟူစိန်၏ စစ်ပြုနိုင်မှုစွမ်းရည်ကို တိုက်ဖျက်နိုင်အောင် ညွန့်ပေါင်းတပ်ဖွဲ့များကစစ်ရေး အရ အရေးကြီးသည့် ပစ်မှတ်များကို ရွေးချယ်ပြီး စတင်တိုက်နေပြီဖြစ်ကြောင်းစသည်ဖြင့် ထည့်သွင်း ပြောကြားခဲ့သည်။

ထိုနေ့ဂရင်းနစ်ချ်စံတော်ချိန် ၅း၄၀ နာရီတွင် ဆက်ဒမ်ဟူစိန်သည် အစိုးရပိုင် ရုပ်မြင်သံကြားမှ တစ်ဆင့် မိန့်ခွန်းပြောခဲ့သည်။ 'ဘုရှ်နှင့် သူ့လက်ထောက်များက အီရတ်နှင့်လူသားတစ်ရပ်လုံးအပေါ် ပြစ်မှုကျူးလွန်ခဲ့ကြခြင်းမှာ ဆင်ခြင်တုံတရားကင်းမဲ့သည့် ပြစ်မှုကို ကျူးလွန်ခြင်းသာဖြစ်ကြောင်း ပြောခဲ့သည်။ ဤသို့ ရုပ်မြင်သံကြားမှတစ်ဆင့် လူလုံးပြလိုက်ခြင်းကြောင့် ဆက်ဒမ်ဟူစိန်သေသွားပြီ၊ ဒဏ်ရာရသွားပြီဟူသော ကောလဟာလများကို ချေဖျက်ရာရောက်သွားသည်။

အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့များက မတ်လ ၂၀ ရက်နေ့တွင် စတင်တိုက်ခိုက်လိုက်ခြင်းနှင့် ပတ်သက်၍ ကမ္ဘာတစ်ဝန်းလုံးတွင် ဆန့်ကျင်ပြစ်တင်ရှုတ်ချမှုများပေါ် ထွက်လာသည်။ ဤသို့ တိုက်ခိုက်ခြင်းကို ထောက်ခံသူ အချို့လည်း ရှိသည်။ ကမ္ဘာအရပ်ရပ်ရှိ မြို့ကြီးများတွင် စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲကြီးများကို ပြုလုပ်ခဲ့ကြသည်။

မတ်လ ၂၁ ရက်နေ့တွင် ပင်တဂွန်စစ်ဌာနချုပ်က အမေရိကန်တို့သည် အီရတ်ခေါင်းဆောင်ပိုင်းနှင့် အီရတ်စစ်တပ်များကို ဒူးထောက်လက်မြှောက်လာစေရန် စစ်အင်အားသာလွန်ကြီးကဲမှုကို အသုံးချခဲ့သည်။ တုန်လှုပ်ချောက်ချား၍ ကြောက်စေရေး မဟာဗျူဟာ (Strategy of Shock and Anse) ကို အသုံးချခဲ့သည်ဟုဆိုသည်။ စစ်ပွဲ၏ ရှေ့ဦးပိုင်းများတွင် ညွန့်ပေါင်းတပ်ဖွဲ့တို့သည် ခုခံမှုများမတွေ့ရဘဲ ရှေ့သို့ချီတက်နိုင်ခဲ့ကြသည်။ မတ်လ ၂၂-၂၉ ရက်နေ့များတွင် အီရတ်တို့ဘက်မှ ခုခံမှုပြင်းထန်လာသည်။ ရက်စက်ပြင်းထန်စွာစစ်ဆင်ချေမှုန်းစေကာမူ အီရတ်၏ ဦးစီးကွပ်ကဲထိန်းချုပ်မှုတို့မှာ ပုံပန်းမပျက် ဆက်လက် တည်ရှိနေသည်ကို တွေ့ရကြောင်း အလယ်ပိုင်းစစ်ဦးစီးမှူးဌာနချုပ်မှူး ဗိုလ်ချုပ်ကြီးတော်မီဖရင့်က မတ်လ ၂၄ ရက်နေ့တွင် ပြောကြားခဲ့သည်။ မတ်လအတွင်း အီရတ် ရုပ်မြင်သံကြားမှတစ်ဆင့် ဆက်ဒမ်ဟူစိန်နှင့် အပေါင်းအပါကလည်း အမေရိကန်ကို အန်တုဖက်ပြိုင်ကာ မကြောက်မရွံ့ နောက်မတွန့်ကြောင်း ပြောဆိုခဲ့ကြသည်။ ကျူးကျော်သူများကိုဆန့်ကျင်ကြရန်လှုံ့ဆော်နေဆဲဖြစ်ကြသည်။

စစ်သည်နှင့် လက်နက်အင်အားသာလွန်ကြီးကဲမှုဖြင့် ညွန့်ပေါင်းတပ်ဖွဲ့များက အီရတ်တွင် ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့ကြရာ ဧပြီလစောစောပိုင်းမှာပင် ဆက်ဒမ်ဟူစိန်အစိုးရသည် ဖရိုဖရဲပြိုကွဲသွားခဲ့ရသည်။ ဧပြီလ ၉ ရက်နေ့တွင် ဘဂ္ဂဒက်မြို့တော်အနီးသို့ ညွန့်ပေါင်းတပ်ဖွဲ့များက ချဉ်းကပ်လာကြသည်။ ဧပြီလ ၇ ရက်နေ့တွင် ၎င်းတပ်ဖွဲ့များသည် သမ္မတဆက်ဒမ်ဟူစိန်၏ နန်းတော်နှစ်ခုကို သိမ်းပိုက်နိုင်ခဲ့သည်။ ထိုအချိန်အထိ သမ္မတဆက်ဒမ်ဟူစိန်ဘယ်နေရာတွင် ရောက်နေမှန်းမသိရဘဲဖြစ်နေသည်။ ဧပြီလ ၃ ရက်နေ့တွင် ဘဂ္ဂဒက်မြို့တော်၏ အလယ်ရှိ ဆက်ဒမ်ဟူစိန်၏ ကြေးရုပ်ထုကြီးကို အမေရိကန်စစ်ကားတစ်စီးက ကြိုးဖြင့်ဆွဲချဖြိုလှဲခဲ့သည်။ အီရတ် နိုင်ငံသားအချို့က အမေရိကန်တပ်များကို ချီးကျူးသြဘာပေးကာ ထိုရုပ်ထုကြီးကို ဝိုင်းလျက်ဖနောင့်နှင့်ပေါက်ကြ၊ရိုက်နှက်ကြပြုခဲ့ကြသည်။

ဘဂ္ဂဒက်မြို့တော်ကို သိမ်းပိုက်လိုက်ပြီးနောက် ညွန့်ပေါင်းတပ်ဖွဲ့များက နိုင်ငံတစ်ခုလုံးနီးပါးကို လွှမ်းမိုးထားနိုင်ခဲ့ကြသည်။ ဧပြီလ ၁၁ ရက်နေ့တွင် ပင်တဂွန်စစ်ဌာနချုပ်က အီရတ်ခေါင်းဆောင် ၅၅ ဦးတို့ကို စစ်ရာဇဝတ်ကောင်များအဖြစ် သတ်မှတ်ကြောင်း၊ ၎င်းတို့အား အသေရရ အရှင်ရရ ဖမ်းဆီးမိလိုကြောင်း ညွန့်ပေါင်းတပ်ဖွဲ့က ၎င်းတို့ကို ဖမ်းဆီးမိရန် အလွန်ဆုံးအလိုရှိနေကြောင်း ကြေညာခဲ့သည်။

၎င်းတို့၏ ရုပ်ပုံများကို ဖဲရိုက်သည့် စက္ကူချပ်ပြားများ ပေါ်တွင် ပုံနှိပ်၍ ဖော်ပြခဲ့ကြသည်။ ၎င်းဖဲစက္ကူများ ပေါ်၌ ရုပ်ပုံများနှင့်အတူ ၎င်းတို့၏ အမည်၊ ရာထူး အဆင့်အတန်းနှင့် ရက်စက်ကျူးလွန်မှုများကို ဖော်ပြ ထားသည်။

ဧပြီလ ၁၄ ရက်နေ့တွင် ဆက်ဒမ်ဟူစိန်၏ ဇာတိ မြို့ဖြစ်သော တီကရစ်ကို အမေရိကန်ဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့များက သိမ်းပိုက်နိုင်ခဲ့ကြသည်။ ဘဂ္ဂဒက်နှင့် နေရာအနှံ့အပြားတွင် ဥပဒေမဲ့ အပြု အမူများ၊ လုယက်မှုများပေါ်ပေါက်ခဲ့သည်။ ဆက်ဒမ် ကို ထောက်ခံသော ဘာ့သ်ပါတီရုံးများ သာမက စာကြည့်တိုက်များ၊ အမျိုးသားပြတိုက်များကို ပရမ်း ပတာလုယက်ခိုးယူမှုများ၊ ဖျက်ဆီးမှုများဖြစ်ခဲ့သည်။ လူ့ယဉ်ကျေးမှုသမိုင်းအတွက် အဖိုးထိုက်တန်သော ယဉ်ကျေးမှုပစ္စည်းအမွေအနှစ်များကို ခိုးဝှက်လုယူမှု များဖြစ်ပေါ်ခဲ့သည်။

ဧပြီလ ၁၅ ရက်နေ့တွင် အငြိမ်းစား ဗိုလ်ချုပ်ကြီး ဂျေးဂါနာအား အီရတ်ကြားဖြတ်အုပ်ချုပ်ရေးအဖွဲ့၏ အကြီးအကဲအဖြစ် သမ္မတဘုရှ်က ခန့်အပ်တာဝန် ပေးခဲ့သည်။ အမေရိကန်ကာကွယ်ရေး ဝန်ကြီးဌာန ၏ လက်အောက်တွင် ပြန်လည်ထူထောင်ရေးနှင့် လူသားချင်းစာနာသည့်အကူအညီပေးရေး ရုံးကို တည်ထောင်ဖွင့်လှစ်ခဲ့သည်။ ဂျေးဂါနာသည် ထိုရုံး ၏ အကြီးအကဲလည်းဖြစ်သည်။ ထိုနေ့တွင်ပင် ဂျေး ဂါနာသည် အီရတ်တောင်ပိုင်းရှိ နာဆီးရီးယားမြို့ တွင် ကျင်းပသော အစည်းအဝေးသို့တက်ရောက်ခဲ့ သည်။ ထိုအစည်းအဝေးတွင် သမ္မတဘုရှ်၏ အီရတ် ဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဇာလ်မေခါလီဇတ်က သဘာပတိအဖြစ်ဆောင်ရွက်ခဲ့သည်။ ထိုအစည်း အဝေးသည် အီရတ်ကြားဖြတ်အစိုးရဖွဲ့စည်းရေး အတွက် ပထမဆုံးခြေလှမ်းဖြစ်သည်။ ဖိတ်ကြားထား သူ အီရတ် ၇၅ ဦးအနက် သုံးပုံနှစ်ပုံခန့်တက်ရောက် ခဲ့သည်။ ထိုအစည်းအဝေးကျင်းပရာနေရာ၏ အပြင် ဘက်ရှိလမ်းများပေါ်တွင် ကန့်ကွက်ဆန္ဒပြသူ ၃၀၀၀ ခန့်က 'အမေရိကန်အလိုမရှိ၊ ဆက်ဒမ်အလိုမရှိ' ဟု ကြွေးကြော်ခဲ့ကြသည်။ အီရတ်ရှိ ရှိယိုက်ဘာသာဝင် မူဆလင်များသည် အီရတ်၌ အမေရိကန်များ ရောက်ရှိနေမှုကို ဆန့်ကျင်ခဲ့ကြသည်။

မေလ ၁ ရက်နေ့တွင် သမ္မတဘုရှ်သည် ကာလီ ဖိုးနီးယားပြည်နယ်၊ ဆန်ဒီယာဂိုးမြို့ကမ်းလွန်ရှိ ယူအက်စ်အက်စ်အေဘရာဟမ်လင်ကွန်းအမည်ရှိ စစ်သင်္ဘောကြီးမှနေ၍ အီရတ်တွင် အဓိကတိုက်ပွဲ ကြီးများ ပြီးဆုံးသွားပြီဖြစ်ကြောင်း ကြေညာခဲ့သည်။ သို့ရာတွင် ကြိုးကြားတိုက်ပွဲကလေးများရှိနေသေး ကြောင်း၊ အခက်အခဲများ ရှိနေသေးကြောင်းထည့် သွင်းပြောကြားခဲ့သည်။ အကြမ်းဖက်မှုတိုက်ဖျက် ရေးတွင် အီရတ်အားလွတ်မြောက်စေမှုသည် အရေး ပါကြောင်းကိုလည်း ပြောကြားခဲ့သည်။ အီရတ်၌ တိုက်ပွဲကြီးများ ပြီးဆုံးသွားစေကာမူ အီရတ်နိုင်ငံ လုံခြုံရေးမှာ ဆိုးဝါးလျက်ပင်ရှိနေခဲ့သည်။ နိုင်ငံအနှံ့ အပြား၌ အီရတ်တို့၏ ခုခံတိုက်ခိုက်မှုများမှာ ဆက်လက်ဖြစ်ပေါ်နေခဲ့သည်။

မေလ ၆ ရက်နေ့တွင် စစ်ပြီးအီရတ်နိုင်ငံအတွက် ပေါလ်ဘရင်မာအား အရပ်သားအုပ်ချုပ်ရေးမှူး အဖြစ် သမ္မတဘုရှ်က ခန့်အပ်ခဲ့သည်။ သူသည် သံ အမတ်ဟောင်းဖြစ်ပြီး နိုင်ငံခြားရေး ဝန်ကြီးဌာနတွင် အကြမ်းဖက် ဆန့်ကျင်ရေး ကျွမ်းကျင်သူအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ အရပ်ဘက်ကိစ္စ အားလုံးကို ပေါလ်ဘရင်မာက တာဝန်ယူအုပ်ချုပ်ရန် ဖြစ်သည်။ ဂျေးဂါနာနှင့် ပေါလ်ဘရင်မာတို့သည် ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစ်ဖဲလ်ကို တာဝန်ခံ ဆောင်ရွက်ကြရမည်ဖြစ်သည်။ ပေါလ်ဘရင်မာ ခေါင်းဆောင်သော အုပ်ချုပ်ရေးအဖွဲ့က အီရတ် စစ်တပ်ကို ဖျက်သိမ်းလိုက်ကြောင်း မေလ ၂၃ ရက် နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ မကြာမီ ကာလ အတွင်း အီရတ်နိုင်ငံအတွက် စစ်တပ်အသစ်ကို ဖွဲ့စည်းပေးမည်ဖြစ်ကြောင်း ပေါလ်မာရင်မာက ပြောကြားခဲ့သည်။

မေလ ၂၂ ရက်နေ့တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ် ၁၄၈၃ကို ချမှတ်ခဲ့သည်။

ဉ်ဆုံးဖြတ်ချက်ဖြင့် ကုလသမဂ္ဂက အမေရိကန်နှင့် ဗြိတိန်တို့အား အီရတ်ပြည်သိမ်းနိုင်ငံများ ဖြစ်ကြောင်း၊ ကြားဖြတ်အီရတ်အာဏာပိုင်အဖွဲ့ ဖွဲ့စည်းတည်ထောင်ခြင်းကို ထောက်ခံကြောင်း၊ ဆက်ဒမ်လက်ထောက်က ချမှတ်ထားသည့် တားမြစ်မိန့်များကို ရုပ်သိမ်းရေး၊ အီရတ်ပြန်လည်ထူထောင်ရေးရန်ပုံငွေထူထောင်ရေး၊ ရေနံရောင်းရငွေများဖြင့် နိုင်ငံပြန်လည်ထူထောင်ရေး၊ လုယက်သယ်ဆောင်သွားကြသော ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများကို ပြန်လည်ပေးအပ်ရေးတို့ကိုထောက်ခံကြောင်း ဖော်ပြခဲ့သည်။

သီတင်းသုံးပတ်ကြာ အီရတ်စစ်ပွဲတွင် စစ်ရှုံးမြင့်စဉ်ကလည်း အီရတ်တို့သည် ညွှန့်ပေါင်းတပ်ဖွဲ့များကို WMD လက်နက်များဖြင့် ခုခံတိုက်ခိုက်ခြင်း မရှိခဲ့ပေ။ စစ်ပြီးသွားသောအခါ၌လည်း WMD လက်နက်များကို ဖော်ထုတ်ရှာဖွေရရှိခြင်းမရှိသည့်အတွက် အမေရိကန်နှင့် ဗြိတိန်တို့အဖို့ အခက်ကြုံနေရသည်။

မေလအတွင်း အီရန်နိုင်ငံမှ ရှီယိုက်ဂိုဏ်းဝင် မူဆလင်များသည် လူပေါင်းထောင်ချီလျက် အီရတ်နိုင်ငံသို့ ပြန်လည်ဝင်ရောက်လာကြသည်။ ၎င်းတို့သည် ဆွန်နီဂိုဏ်းဝင်ဆက်ဒမ်ဟူစိန်၏ ညှဉ်းပန်းနှိပ်စက်မှုကြောင့် နှစ်ပေါင်း ၂၀ ကျော်မျှကြာအောင် အီရန်သို့ ထွက်ပြေးတိမ်းရှောင်နေခဲ့ကြရသည်။ ရှီယိုက်၏ မူလရည်ရွယ်ချက်မှာ အီရတ်ကို အစ္စလာမ်နိုင်ငံအဖြစ် ထူထောင်ရန်ဖြစ်သည်။ သို့ရာတွင် ယခုအခါ ပြောင်းလဲနေသော အခြေအနေများအရ အီရတ်တွင် ဒီမိုကရေစီနိုင်ငံ တည်ထောင်ရေး၊ လူမျိုးပေါင်းစုံ၊ ဘာသာရေးဂိုဏ်းပေါင်းစုံတို့ကို ကိုယ်စားပြုရေးတို့ကို ထောက်ခံပြောဆိုလာကြသည်။



**အမေရိကန်တို့၏ တိုက်ခိုက်မှုကြောင့် သေဆုံးသွားခဲ့သော ဆက်ဒမ်ဟူစိန်၏ သားနှစ်ဦးဖြစ်သည့် အူဒေး (ဝဲ) နှင့် ကူဆေး (ယာ) တို့အား ဖခင်ဖြစ်သူနှင့်အတူတွေ့ရစဉ်**

ဆက်ဒမ်ဟူစိန်၏ သားနှစ်ယောက်ဖြစ်သော ကူဆေးနှင့် အူဒေးတို့သည် အီရတ်မြောက်ပိုင်း ဖိုဆူးလ်မြို့ရှိ နှစ်ထပ်အိမ်တစ်ခုတွင် ပုန်းအောင်း နေထိုင်လျက်ရှိကြသည်။ခိုင်လုံသောသတင်းများအရ အမေရိကန်တပ်ဖွဲ့များသည် ထိုအိမ်ကို တိုက်ခိုက် ခဲ့ကြသည်။ ၅ နာရီကြာ တိုက်ပွဲဖြစ်ပြီးနောက် ကူဆေးနှင့် အူဒေးနှစ်ဦးလုံးသေဆုံးသွားခဲ့သည်။ ကူဆေး၏သား မူတောဖာဟူစိန် (၁၄ နှစ်)လည်း သေဆုံးသွားခဲ့သည်။ အမေရိကန်စစ်သည် ၄ ဦး ဒဏ်ရာရခဲ့သည်။

ဇူလိုင်လ ၁၈ ရက်နေ့တွင် ကုလသမဂ္ဂအတွင်း ရေးမှူးချုပ် ကိုဖီအန်နန်က အမေရိကန်နှင့် ဗြိတိန် တို့အနေဖြင့် စစ်အုပ်ချုပ်ရေးကို ရုပ်သိမ်းမည့် အချိန် ဇယားကို အရေးတကြီးတင်ပြရန် လိုအပ်ကြောင်း၊ အီရတ်အချုပ်အခြာအာဏာကို အမြန်ဆုံးပြန်လည် လွှဲပြောင်းပေးအပ်ရန်လိုအပ်ကြောင်း၊ ထိုသို့မဟုတ် ပါကလုံခြုံရေးအခြေအနေပိုမိုဆိုးရွားလာနိုင်ကြောင်း သတိပေးပြောဆိုခဲ့သည်။ ဇူလိုင်လအတွင်း ဗြိတိန်နှင့် အမေရိကန်တို့သည် ၎င်းတို့အနေဖြင့် ပြည် သိမ်းတပ်ဖွဲ့များဖြစ်နေမှုကို နိုင်ငံတကာ ပြဿနာ ဖြစ်အောင် ကြိုးပမ်းလာကြသည်။ ဇူလိုင်လကုန်ပိုင်း တွင် အနည်းဆုံး ၂၈ နိုင်ငံတို့က အီရတ်တို့စစ်သည် များ စေလွှတ်ပေးရန် သဘောတူထားပြီဖြစ်ကြောင်း အမေရိကန်တို့က ပြောဆိုကြသည်။ ဂျပန်လွှတ်တော် က အီရတ်သို့ ဂျပန်စစ်တပ်များစေလွှတ်ရေးကို သဘောတူခဲ့သည်။ သို့ရာတွင် တိုက်ခိုက်ရေး မဟုတ် သော အရပ်ဒေသများ၌သာ ဂျပန်စစ်တပ်များကို နေရာချထားရမည်ဟု သတ်မှတ်ပေးခဲ့သည်။

ပေါလ်ဘရင်မာသည် အီရတ်အုပ်ချုပ်ရေး ကောင်စီ (Iraqi Governing Council) ကို ပုဂ္ဂိုလ် ၂၅ ဦးဖြင့် ဖွဲ့စည်းပေးခဲ့သည်။ ဤကောင်စီတွင် ရှီအိုက်ဂိုဏ်းဝင် ၁၃ ဦး၊ ဆွန်နီဂိုဏ်းဝင် ၅ ဦး၊ ကာ့ဒ်လူမျိုး ၅ ဦး၊ ခရစ်ယာန်တစ်ဦး၊တာ့က်မင်တစ်ဦး တို့ပါဝင်ကြသည်။ ၎င်းတို့အနက်နှစ်ဦးမှာ အမျိုးသမီး များဖြစ်ကြသည်။ ဤသို့ ကောင်စီဖွဲ့ခြင်းကို မွတ်တာ ဒါအယ်လ်ဆာဒါသည် ဆန့်ကျင်ခဲ့သည်။ ဆာဒါသည် ရှီအိုက်ဂိုဏ်းဝင်ဖြစ်ပြီး အီရတ်တွင် လူကြိုက်များ သော ရှီအိုက်ဘုန်းကြီးတစ်ပါးဖြစ်သည်။ သူ၏ တိုက်တွန်းလှုံ့ဆော်မှုကြောင့် အီရတ်တောင်ပိုင်းတွင် လူထုဆန္ဒပြပွဲများဖြစ်ပေါ်လာကာ အမေရိကန် ဆန့်ကျင်ရေး၊ အီရတ်အုပ်ချုပ်ရေးကောင်စီ ဆန့်ကျင် ရေးတို့ကို ကြွေးကြော်ခဲ့ကြသည်။

အီရတ်၌ ညွန့်ပေါင်းတပ်ဖွဲ့များသည် ဆက်ဒမ် သစ္စာခံများ၊ ဘာ့သ်ပါတီဝင်များကို ဖမ်းဆီးနှိမ်နင်း နေသည့် အကြားမှပင် ဩဂုတ်လအတွင်း တန်ပြန် တိုက်ခိုက်မှုများသည် တိုးပွားလာခဲ့သည်။ အီရတ် စစ်ပွဲ စတင်ပြီးတိုက်ပွဲကြီးများဆင်နွှဲခဲ့စဉ်က ကျဆုံးသည့် စစ်သားဦးရေထက် မေလ ၁ ရက်နေ့ နောက်ပိုင်း တွင် သေဆုံးသည့် စစ်သားဦးရေက များပြားလာ ခဲ့သည်။ ဩဂုတ်လ ၇ ရက်နေ့က ဘဂ္ဂဒက်ရှိ ဂျော်ဒန် သံရုံးသည် ဗုံးခွဲတိုက်ခိုက်ခံခဲ့ရာ လူ ၁၃ ဦး သေဆုံး ခဲ့ရသည်။ ၄၃ ဦး ဒဏ်ရာရခဲ့သည်။ ဩဂုတ် ၁၉ ရက်နေ့က အီရတ်ရှိ ကုလသမဂ္ဂရုံးချုပ်သည် ဗုံးခွဲ တိုက်ခိုက်ခံရပြန်သည်။ ကုလသမဂ္ဂကိုယ်စားလှယ် ဒီမဲလို အပါအဝင် ၂၃ ဦး သေဆုံးပြီး ၁၀၀ ကျော် ဒဏ်ရာရခဲ့သည်။ အသေခံကာ ဗုံးသမားတစ်ဦး၏ လက်ချက်ဖြစ်မည်ဟု ခန့်မှန်းခဲ့ကြသည်။ ဩဂုတ်လ ၂၉ ရက်နေ့က နာဂျပ်မြို့တွင် ကားဗုံးတစ်လုံးပေါက် ကွဲခဲ့ရာ ထင်ရှားကျော်ကြားသော ရှီအိုက်ဂိုဏ်း ခေါင်းဆောင်ဘုန်းကြီးမိုဟာမက်ဟာလင်လည်း သေဆုံးသွားခဲ့သည်။ လူပေါင်း ၁၀၀ ခန့် သေဆုံးခဲ့ သည်။ လူသတ်သမားသည် မည်သူ၊ မည်ဝါ၊ မည်သည့် အဖွဲ့အစည်းက ဖြစ်သည်ကို အတိအကျ မသိရသေးဘဲဖြစ်ခဲ့သည်။

ဩဂုတ်လ ၂၁ ရက်နေ့က ဆက်ဒမ်အစိုးရအဖွဲ့ ဝင် ဗိုလ်ချုပ်ကြီးအလီဟပ်ဆန်အယ်လ်မဂျစ်ကို ဖမ်းဆီးမိခဲ့သည်။ သူသည် ဆက်ဒမ်ဟူစိန်နှင့် ညီအစ်ကို ဝမ်းကွဲတော်စပ်သည်။ ၁၉၈၀ ပြည့်လွန် နှစ်များအတွင်းက သူသည် ကာ့ဒ်လူမျိုး အမြောက် အမြားကို အဆိပ်ငွေ့ဗုံးများဖြင့် သတ်ဖြတ်ခဲ့သည်။

ထို့ကြောင့်လူအများက သူ့ကို "ဓာတုအလီ" (Chemical Ali) ဟု ခေါ်ခဲ့ကြသည်။ သူသည် အလိုရှိဆုံး ၅၅ ဦးစာရင်းတွင် ပဥ္စမမြောက်ပုဂ္ဂိုလ်ဖြစ်သည်။ ဩဂုတ်လ ၁၉ ရက်နေ့က မိုဆူးလ်မြို့အနီးတွင် ဆက်ဒမ်အစိုးရအဖွဲ့၏ ဒုတိယသမ္မတဖြစ်သူ ယပ်ဆင်ရမ္မာဒန်ကို ဖမ်းဆီးခဲ့သည်။

စက်တင်ဘာလ ၃ ရက်နေ့တွင် အီရတ်အစိုးရအဖွဲ့ဝင်များသည် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြသည်။ ၎င်းအစိုးရအဖွဲ့ကို အဖွဲ့ဝင် ၂၅ ဦးပါသော အီရတ်ကြားဖြတ်အလယ်ပိုင်းအဖွဲ့က ရွေးချယ်ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်သည်။ ဝန်ကြီးဌာနတိုင်းသည်။ညွန့်ပေါင်းတပ်ဖွဲ့က ခန့်အပ်ထားသောအကြံပေးပုဂ္ဂိုလ်၏ ကြီးကြပ်လမ်းညွှန်မှုကို ခံယူရသည်။ အကြံပေးပုဂ္ဂိုလ်အားလုံးနီးပါးမှာ အမေရိကန်များ ဖြစ်ကြသည်။ ဝန်ကြီးဌာန ၁၃ ခုကို ရှီအိုက်ဂိုဏ်းဝင်များက ရရှိကြသည်။ ဆွန်နီဂိုဏ်းက ဝန်ကြီးဌာန ၅ ခု၊ ကာ့ဒ်တို့က ဝန်ကြီးဌာန ၅ ခု၊ ကာ့က်မင်နှင့် ခရစ်ယာန်တို့က ဝန်ကြီးဌာန ၁ခုစီ အသီးသီးရရှိကြသည်။ ပြည်ထဲရေးဝန်ကြီးအဖြစ် နူရီအယ်လ်ဘာ့ဒရန်က ခန့်အပ် ခံရသည်။ ထိုဝန်ကြီးနေရာအတွက်များစွာ အငြင်းပွားခဲ့သည်။ ဘာ့ဒရန်သည် ရှီအိုက်ဂိုဏ်းဝင်ဖြစ်ပြီး စီအိုင်အေအဖွဲ့၏ ဩဇာခံဖြစ်သည်။

သတင်းခြောက်ပတ်ကြာအောင် အကြိတ်အနယ်ဆွေးနွေးခဲ့ကြပြီးနောက် အောက်တိုဘာလ ၁၆ ရက်နေ့တွင် လုံခြုံရေးကောင်စီသည် ဆုံးဖြတ်ချက်အမှတ် ၁၅၁၁ကို ချမှတ်ခဲ့သည်။ ဤဆုံးဖြတ်ချက်အရ အီရတ်တွင် အမေရိကန်စစ်တပ်ရောက်ရှိနေမှုနှင့် တဖြည်းဖြည်းခြင်းအာဏာလွှဲပြောင်းရေးကို ကုလသမဂ္ဂက ထိရောက်စွာထောက်ခံခဲ့သည်။ အီရတ်၌ ညွန့်ပေါင်းယာယီအာဏာပိုင်အဖွဲ့ရှိနေခြင်းသည် ယာယီသဘောမျှသာဖြစ်ပြီး အီရတ်တွင် နိုင်ငံတကာက အသိအမှတ်ပြုသော ပြည်သူတို့ကို ကိုယ်စားပြုသော အီရတ်ပြည်သူများရွေးချယ် တင်မြှောက်သော အစိုးရအဖွဲ့အစည်းဖြစ်ပေါ်လာသည်နှင့် တစ်ပြိုင်နက်ညွန့်ပေါင်းယာယီအာဏာပိုင်အဖွဲ့သည် တာဝန်ဝတ္တရားများအားလုံးကိုထိုအစိုးရသို့ လွှဲပြောင်းပေးရမည်ဖြစ်သည်။ ထို့အပြင် အီရတ်လုံခြုံရေးနှင့် တည်ငြိမ်ရေးဒီမိုကရေစီအသွင်ကူး ပြောင်းရေးဖြစ်စဉ် ပြီးမြောက်အောင်မြင်ရေးတို့အတွက် နိုင်ငံစုံတပ်ဖွဲ့များက ဆောင်ရွက်ပေးရမည်ဖြစ်သည်။ နိုင်ငံစုံတပ်ဖွဲ့များကို စုစည်းညီညွတ်သော ဦးစီးကွပ်ကဲမှုအဖွဲ့က အုပ်ချုပ်သွားရမည်ဖြစ်သည်။ အီရတ်အုပ်ချုပ်ရေးကောင်စီသည် အခြေခံဥပဒေမူကြမ်းကို ဒီဇင်ဘာလ ၁၅ ရက်နေ့ နောက်ဆုံးထား၍ လုံခြုံရေးကောင်စီသို့ တင်ပြရမည်ဖြစ်သည်။ ဤအခြေခံဥပဒေအရ အီရတ်တွင် အထွေထွေ ရွေးကောက်ပွဲများကို ပြုလုပ်ရမည်ဖြစ်သည်။

နိုဝင်ဘာလအတွင်းသမ္မတဘုရှ်သည်ဘဂ္ဂဒက်သို့ တိတ်တဆိတ်ရောက်ရှိလာပြီး နှစ်နာရီခွဲခန့်နေသွားသည်။ စစ်သည်တော်အချို့အား စားသောက်ဖွယ်များကို ကျွေးမွေးပြုစုခဲ့သည်။ အမေရိကန်သမ္မတတစ်ဦးအနေဖြင့် အီရတ်နိုင်ငံသို့ ပထမဆုံးရောက်ရှိလာခြင်းဖြစ်သည်။ အီရတ်တွင် အမေရိကန်တို့နိုင်ရမည်ဖြစ်ကြောင်း လူရမ်းကား၊ လူသတ်သမားတစ်စုတို့ကြောင့်နောက်တွန့်သွားမည်မဟုတ်ကြောင်း တိုက်တွန်းအားပေးခဲ့သည်။

နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ညွန့်ပေါင်းယာယီအာဏာပိုင်အဖွဲ့ အာဏာလွှဲပြောင်းပေးရေး အစီအစဉ်သစ်ကို ချပြခဲ့သည်။ အစီအစဉ်အသစ်အရ အခြေခံဥပဒေသစ်ကို ရေးဆွဲပြီး ယင်းအခြေခံဥပဒေနှင့်အညီ ရွေးကောက်ပွဲများ ကျင်းပပြီးနောက် အစိုးရသစ်ကို ဖွဲ့စည်းရန်ဖြစ်သည်။ ညွန့်ပေါင်းယာယီအာဏာပိုင်အဖွဲ့က ထိုအစိုးရသို့ ၂၀၀၄ ခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင် အာဏာလွှဲပြောင်းပေးရန်ဖြစ်သည်။ အာဏာလွှဲပြောင်းပေးပြီးနောက် အီရတ်အစိုးရသစ်၏ ဖိတ်ကြားချက်အရ အမေရိကန်တပ်များသည် အီရတ်တွင် ဆက်လက်တည်ရှိနေဦးမည်ဖြစ်သည်။ ဩဇာတိက္ကမကြီးမားသော ရှီအိုက်ဂိုဏ်းခေါင်းဆောင် အယာတိုလာစစ္စတာနီက အသွင်

ကူးပြောင်းရေးလွှတ်တော် (Transitional Assembly) ကို ဒေသအခြေခံဖြစ်မဖွဲ့ဘဲ လူထုတစ်ရပ်လုံးက တိုက်ရိုက်မဲပေးစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းရန် အဆိုပြုခဲ့သည်။ ဤသို့ဖြင့် ညွန့်ပေါင်းတပ်ဖွဲ့များနှင့် ရှီယိုက်ဂိုဏ်းတို့အကြား မပြေလည်မှုများ ပေါ်ပေါက်လာခဲ့သည်။

ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် သမ္မတ ဆက်ဒမ်ဟူစိန်အား တီကရစ်မြို့အနီးရှိ ခြံဝင်းတစ်ခုအတွင်း ပြုလုပ်ထားသည့် မြေကျင်းငယ်၌ ပုန်းအောင်းနေစဉ် အမေရိကန်တပ်များက ဖမ်းဆီးရမိခဲ့သည်။ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေး အရှည်ကြီးများနှင့် ဖြစ်နေသော ဆက်ဒမ်ဟူစိန်သည် အမေရိကန်တပ်တို့၏ စိစစ်၊ စစ်ဆေးမှုကို ခံယူနေရသည်။ ဆက်ဒမ်ဟူစိန်က အီရတ်တွင် WMD များ မရှိကြောင်း၊ လက်ရှိသောင်းကျန်းနေကြသည့် စစ်သွေးကြွများနှင့် အဆက်အသွယ်မရှိကြောင်း၊ ပေါလ်ဘရင်မာနှင့်အဖွဲ့အား တွေ့ဆုံစဉ်ပြောကြားခဲ့သည်။ ဆက်ဒမ်ဟူစိန်အဖမ်းခံရခြင်းအတွက် ၎င်းအားလိုလားသူများက တီကရစ်၊ မိုဆူးလ်နှင့် ဘဂ္ဂဒက်မြို့များတွင် ဆန္ဒပြခဲ့ကြသည်။ အီရတ်အုပ်ချုပ်ရေးကောင်စီက ဆက်ဒမ်အား အီရတ်တရား ဥပဒေနှင့်အညီ အီရတ်တရားရုံးက အမှုကိုစစ်ဆေးကြားနာစီရင်ဆုံးဖြတ်မည်ဖြစ်ကြောင်း ဒီဇင်ဘာလ ၁၈ ရက်နေ့က ပြောကြားခဲ့သည်။

ဘဂ္ဂဒက်မြို့အပါအဝင် ဆွန်နီတြိဂံဒေသနှင့် အီရတ်တောင်ပိုင်းရှိ မြို့နှင့်ကျေးရွာအချို့၌ ညွန့်ပေါင်းတပ်ဖွဲ့များနှင့် သောင်းကျန်းသူတို့အကြား မကြာခဏတိုက်ပွဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိသည်။

ဦးခင်မောင်မြ

**အေဝမ်းမေသန်း(ရုပ်ရှင်မင်းသမီးကြီး) (ခရစ် ၁၉၂၀-၂၀၀၁)**။ ။ ရုပ်ရှင်မင်းသမီးကြီး ဒေါ်မေသန်းကို မန္တလေးတိုင်း မြင်းခြံမြို့နယ်တွင် မီးအာမခံ ကိုယ်စားလှယ် ဖခင် ဦးသာဒီးရက်၊ မိခင်ဒေါ်နန်းစောညွန့်တို့က ၁၉၂၀ ခုနှစ် စက်တင်ဘာလတွင်မွေးဖွားသည်။ ငယ်နာမည် ဂရေစီ (ခေါ်) မသန်းတင်ဖြစ်သည်။ ငယ်စဉ်က မြန်မာစာသင်ကျောင်းတွင်နေခဲ့ပြီးနောက် မြင်းခြံမြို့ (ABM) ကျောင်း၌ ဆက်လက်ပညာသင်ကြားခဲ့ရာ အင်္ဂလိပ်၊ မြန်မာ ၇ တန်းအောင်မြင်ခဲ့သည်။

ဂရေစီသည် နေ့စဉ်ကျောင်းသို့ မြင်းလှည်းစီး၍ သွားရာမှ အပေါင်းအသင်းလုပ်ပြီး မြင်းငှား၍ မြင်းစီးသင်သည်။ မြင်းကိုကျွမ်းကျင်စွာ စီးတတ်လာသောအခါ ဒိုင်ဗင်လေ့ကျင့်ခြင်း၊ စက်ဘီးစီးခြင်းများကို ယောကျ်ားလေးတစ်ယောက်ကဲ့သို့ လေ့ကျင့်ခဲ့သည်။

ငယ်စဉ်ကပင် ရုပ်ရှင်ဝါသနာပါသူဖြစ်၍ ရုပ်ရှင်ကားများကိုကြည့်လျှင် အထိုးအကြိတ်၊ အသတ်အပုတ်၊ အခုန်အပျံ၊ မြင်းစီး၊ သေနတ်ပစ်စသည့် ဇာတ်ကြမ်းများကိုသာ ကြည့်လေ့ရှိသည်။ မြင်းစီး၊ ကားမောင်း၊ မော်တော်ဆိုက်ကယ်စီး၊ ဒိုင်ဗင်ထိုးခြင်းများကို လေ့ကျင့်သင်ကြားခဲ့၍ နောင်အခါ စတန့်ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးခဲ့ရာတွင် ၎င်းအားများစွာ အထောက်အကူပြုခဲ့လေသည်။

ဂရေစီသည် ရုပ်ရှင်ထဲဝင်ရန် စိတ်အားထက်သန်နေစဉ်မှာပင် အေဝမ်း ရုပ်ရှင်ကုမ္ပဏီက ဇာတ်လိုက်မင်းသမီးအသစ်တစ်ဦးအလိုရှိကြောင်း ကြေငြာလိုက်ရာ ဂရေစီအတွက် မင်းသမီးဖြစ်ရန် အခွင့်အလမ်းစတင်ခဲ့တော့သည်။ အေဝမ်းဖလင်သို့ မင်းသမီးအဖြစ်လျှောက်ထားရာ အရွေးခံခဲ့ရသည်။ ဂရေစီ ရုပ်ရှင်လောကသို့ ဝင်ရောက်ခဲ့သည့် ၁၉၃၅ ခုနှစ်၊ မေလတွင် အသက် ၁၅ နှစ်မျှသာရှိသေးသည်။ ထွားကျိုင်းသည့် ကိုယ်လုံးကိုယ်ပေါက်နှင့် ပြေပြစ်နုနယ် ချစ်စဖွယ်အသွင်ဆောင်ကာ အလှပန်းပွင့်နေချိန်ဖြစ်၍ အေဝမ်းရုပ်ရှင်ကုမ္ပဏီပိုင်ရှင် သူဌေးဦးဘညွန့်နှင့် စတန့်ဒါရိုက်တာ ဆရာရွှေတို့က ချက်ချင်းပင် ခေါင်းဆောင်မင်းသမီးအဖြစ် ရွေးချယ်လိုက်ခြင်းဖြစ်သည်။



**အေဝမ်း–မေသန်း**

မိဘများက သဘောမတူ၍ ကုမ္ပဏီသို့ကြေးနန်းရိုက်ပြီး သမီးဖြစ်သူ ရုပ်ရှင်မင်းသမီးလုပ်သည်ကို ကန့်ကွက်ခဲ့သေးသည်။ သို့သော် ဆန္ဒပြင်းပြနေသော ဂရေစီကို မိခင်ဖြစ်သူက နောက်ဆုံးလိုက်လျောသဘောတူခဲ့ရသည်။ (ဘားမားရုပ်ရှင်မှ 'တကဲ့မောင်' မင်းသားမောင်တင်ဦးသည် မေသန်း၏ အစ်ကိုဝမ်းကွဲတော်သည်။) ဂရေစီ ရုပ်ရှင်သို့ ဝင်ရောက်လာသောအခါ အဘဦးအောင်ချမ်းသာက နာမည်ပေးသဖြင့် 'မေသန်း' ဟု ခေါ်တွင်စေခဲ့သည်။

အေဝမ်းသို့ ရောက်လာသော မင်းသမီးများအထဲတွင် မေသန်းသည် အစောဆုံးရောက်ရှိလာသူဖြစ်သည်။ သည့်နောက်မှ မေရှင်၊ မေမြင့်၊ မေနု၊ မေသစ်စသည့်ဖြင့် ရှေ့တွင် 'မေ' ပါသော မင်းသမီးများတစ်ဦးပြီး တစ်ဦးဝင်ရောက်လာခဲ့ခြင်းဖြစ်သည်။ အေဝမ်းရုပ်ရှင်မှ စတန့်ဒါရိုက်တာ ဆရာရွှေ ရိုက်ကူးသော 'စိုးပါနဲ့မေ' ဇာတ်ကားတွင် မင်းသားကျော်အေးနှင့်တွဲ၍ ပထမဦးဆုံးပါဝင်ရိုက်ကူးခဲ့သည်။ အသံတိတ်ဇာတ်ကားဖြစ်၍ ထိုဇာတ်ကားတွင် မေသန်းသည်ယောကျ်ားလေး အသွင်ဖြင့် ဘောင်းဘီဝတ်ကာ စက်ဘီးစီး၊ မြင်းစီး၊ ဒိုင်ဗင်ထိုးကာ စတန့်အမျိုးမျိုးလုပ်ပြရာ 'အေဝမ်း မေသန်း' ဟု တစ်မဟုတ်ချင်း နာမည်ကျော်သွားခဲ့သည်။ ထိုစဉ်က ဇာတ်ကားတစ်ကားလျှင်ကန်ထရိုက်စနစ်ဖြင့် သရုပ်ဆောင်ခ အိန္ဒိယ ရူပီ ၃၅၀ ကျပ်ရသည်။

'စိုးပါနဲ့မေ' ဇာတ်ကားဖြင့် တစ်ဟုန်ထိုးနာမည်ကျော်သွားခဲ့သော မေသန်းအား အေဝမ်းဖလင်က အသံတိတ်ဇာတ်ကားများတွင် ပါဝင်သရုပ်ဆောင်စေပြီး ဆက်လက်ရိုက်ကူးရန် စာချုပ်ချုပ်ဆိုသည်။ အေဝမ်းဆက်လက်ရိုက်ကူးသောအေဝမ်းမှဇာတ်ကားများမှာ ခိုင်သစ္စာ (၁၉၃၅) ခုနှစ်၊ ဒါရိုက်တာ ဦးတင်နွယ်နှင့် ဦးအောင်ဖေ၊ မင်းသား မောင်မောင်ကလေး၊ တောင်ညိုညို (၁၉၃၆) ခုနှစ်၊ ဒါရိုက်တာ ဦးညီပု၊ ဦးတင်နွယ်၊ ဦးလွန်းဘော၊ မင်းသား ကျော်အေး၊ ရွှေတံငါ (၁၉၃၆) ခုနှစ်၊ ဒါရိုက်တာ မောင်တင်မောင်၊ မင်းသား ကျော်အေး၊ စမ်းရေယဉ် (၁၉၃၆) ခုနှစ်၊ ဒါရိုက်တာ ဦးညီပု၊ ဦးလွန်းဘော၊ မင်းသား ရွှေညာမောင်၊ ချစ်မယ်ဆို (၁၉၃၆) ခုနှစ်၊ ဒါရိုက်တာ ဦးတင်နွယ်၊ ဦးအောင်ဖေ မင်းသား ဘမြင့်၊ မှော်စက်ရောင် (၁၉၃၇) ခုနှစ်၊ ဒါရိုက်တာ ဦးလွန်းဘော၊ မင်းသား ဘချစ်၊ ဝေဘာဂီ (၁၉၃၇) ခုနှစ်၊ ဒါရိုက်တာ ဦးတင်နွယ်၊ မင်းသား ဘမြင့်။

မေသန်းသည်အေဝမ်းဖလင်တွင် သုံးနှစ်အတွင်း အသံတိတ်ခုနှစ်ကား၊ သံစုံသွင်းတစ်ကားသာ ရိုက်ကူးခဲ့ပြီး တခြားရုပ်ရှင်ကုမ္ပဏီသို့ ကူးပြောင်းကာ ဆရာရင်းဒါရိုက်တာဆရာရွှေနှင့် ဇာတ်ကားများ ဆက်လက်ရိုက်ကူးသော သတင်းစာဆရာအယ်ဒီတာနှင့် သတင်းစာတိုက်ပိုင်ရှင် သမီးတို့၏ ဇာတ်လမ်းဖြစ်သော 'တို့အောင်လံ' ဇာတ်ကားကို ၁၉၃၈ ခုနှစ်တွင် မင်းသားဘချစ်နှင့်တွဲ၍ ရိုက်ကူးခဲ့သည်။ ဆက်လက်၍ ဒါရိုက်တာ ဦးချစ်ဖေ၏ 'ဇာတိမျိုး' ဇာတ်ကားကို ၁၉၃၉ ခုနှစ်တွင် မင်းသားကျော်ညွန့်နှင့်တွဲ၍ ရိုက်ကူးခဲ့သည်။

မေသန်းသည် 'ဇာတိမျိုး' ဇာတ်ကားရိုက်ကူး နေစဉ်မြို့မကျောင်းရန်ပုံငွေကပွဲတွင် ဆုံဆည်းခဲ့ရသော ဂီတပညာရှင်ပါမောက္ခ ဦးအောင်လှနှင့် လက်ထပ်ခဲ့သည်။ လက်ထပ်မင်္ဂလာပွဲပြီးသည်နှင့် ရိုက်ကူးဆဲ 'ဇာတိမျိုး' ဇာတ်ကားကို အပြီးသတ် ရိုက်ကူးပေးသည်။ ရုပ်ရှင်ဇာတ်ကားများတွင်မေသန်း ပြောင်မြောက်စွာသရုပ်ဆောင်နိုင်အောင် သင်ကြားပေးသော ဆရာများမှာ ဆရာရွှေ ဦးအောင်ဖေ၊ ဦးချစ်ဖေ၊ ဦးလွန်းဘော၊ ဦးကျော်ဟိုး၊ ဦးညီပု၊ ဦးတင်မောင်တို့ဖြစ်ကြသည်။

မေသန်းသည် စစ်ကြိုခေတ်ရုပ်ရှင်လောကၾ နာမည်ထင်ရှားလူကြိုက်များသလို ဂီတလောကၾ လည်း ဓာတ်ပြားများသွင်းပြီး သီချင်းဆိုခြင်းဖြင့် အောင်မြင်ကျော်ကြားသည်။ မေသန်းသီဆိုဓာတ်ပြား သွင်းခဲ့သော ကုမ္ပဏီမှာ ထိုခေတ်လူမျိုးခြားပိုင် နာမည်ကြီး ကိုလံဘီယာဓာတ်ပြားကုမ္ပဏီတွင် သီချင်း ၁၂ ပုဒ်ခန့် အသံသွင်းခဲ့ရာ သီချင်းတစ်ပုဒ် လျှင် ထိုခေတ်က အများဆုံးရသော သုခုမကြေး ရူပီငွေ ၁၅၀ ကျပ်ရသည်။ ကိုလံဘီယာဓာတ်ပြား တိုက်တွင် မေသန်းသီဆိုဓာတ်ပြားသွင်းခဲ့သော လူကြိုက်များသည့် သီချင်းများမှာ ဆရာရွှေပြည်အေး ရေးသော ရွှေချိုးဖြူ၊ ချစ်ပန်းပင်၊ မြသီတာ၊ နွယ်သိင်္ဂီ၊ ဖိုးရွှေလ၊ ညီအစ်မ ခုနစ်ဖော်၊ ဇာတ်လိုက်နှင့် မျိုးချစ်ဆွေတို့ဖြစ်ပြီး ဂီတစာဆို ရွှေတိုင်ညွန့်ရေး သော 'အင်္ကျီပါး' သီချင်းတို့ဖြစ်သည်။ အင်္ကျီပါး ဓာတ်ပြားသီချင်းသည် ဝံသာနုခေတ်ကို ထင်ဟပ်စေ ခဲ့သည်။ ပင်နီအင်္ကျီနှင့် ယောလုံချည်ကို မြန်မာ တိုင်းရင်းသားတို့ ဝတ်ဆင်ကြရန် လှုံ့ဆော်ထားခြင်း ဖြစ်သည်။

စစ်ကြိုခေတ် မန္တလေးမြို့ မစိုးရိမ်ရုံကြီး၌ တင်ဆက်သောပဒေသာကပွဲတွင်နေမျိုးဗလကျော်သူ ဘွဲ့ရ ဆိုင်းဆရာကြီး စိန်ဗေဒါ၏ဝိုင်းနှင့် တွဲကာ မေသန်းသည် 'ချစ်ပန်းပင်' သီချင်းကို သီဆိုဖျော်ဖြေ ရာ မြန်မာပြည်ဘုရင်ခံကိုယ်တိုင်လာရောက် ချီးမြှင့် အားပေးခဲ့သည်။

ဂျပန်ခေတ်အတွင်းတွင် ပြဇာတ်များခေတ်စား လာရာ ဒါရိုက်တာဆရာသုခ၏'မိန်းမနှင့်ယောက်ျား' ပြဇာတ်ကို မင်းသားကျော်ဝင်းနှင့် တွဲလျက် မြိုင်ရုံ တွင်လည်းကောင်း၊ စစ်ပြီးခေတ် နေသူရိန်ရုံတွင် 'မိုးဒေဝါ' ပြဇာတ်နှင့် 'ပူတူးမ' ပြဇာတ်ကို မင်းသား တင်အောင်နှင့်တွဲ၍ လည်းကောင်း၊ စာရေးဆရာ အသင်းကြီး၏ 'ဝိဇယ'၊ 'ခုံတော်မောင်ကျဘန်း'၊ မီးသတ်ရန်ပုံငွေအတွက် ကပြသော 'ဒီအချိန်' ပြဇာတ်ကို အောဝမ်းညွန့်မောင်နှင့် တွဲ၍ လည်းကောင်း ပါဝင်ကပြခဲ့သည်။ ပြည်သူ့ရဲဘော် တပ်ဖွဲ့ ရန်ပုံငွေအတွက် ဒေးဒရဲ၊ ကွမ်းခြံကုန်း၊ တွံတေးမြို့များသို့ လှည့်လည်ကာ ပြဇာတ်များ ကပေး ခဲ့သည်။

စစ်ပြီးခေတ်ရုပ်ရှင်လုပ်ငန်းများ ပြန်လည် ထူထောင်လာသောအခါ မေသန်းသည် အသံတိတ် ကားများတွင် ပါဝင်ရိုက်ကူးခဲ့သည်။ ၎င်းရိုက်ကူး ခဲ့သော ဇာတ်ကားများမှာ ရွှေဘိုသား (၁၉၄၇)၊ ကန်တော်မိတ်ရုပ်ရှင်၊ ဒါရိုက်တာ ဦးဘဇင်၊ မင်းသား တင်ဖေ။ သူပုန်မ (၁၉၄၇)၊ ကန်တော်မိတ်ရုပ်ရှင်၊ ဒါရိုက်တာ ဦးဘဇင်၊ မင်းသား တင်ဆွေ၊ ဒိုင်ဗင် တင်လှ။ ဂျမဒါ ကိုကိုကြီး (၁၉၄၈)၊ ရွှေမြင်းမိုရ် ရုပ်ရှင်၊ ဒါရိုက်တာ ဦးအောင်မြတ်၊ မင်းသားမြို့အုပ် ဦးတင်လေး။ သွေးနဲ့ သစ္စာ (၁၉၄၉) ဒါရိုက်တာ ဦးကျော်မိုး၊ မင်းသားကျော်ဝင်းတို့ဖြစ်ကြသည်။

ဒေါ်မေသန်းသည် အသက်အရွယ်ထောက်လာ သဖြင့် ခေါင်းဆောင်မင်းသမီးမလုပ်ရသော်လည်း ဇာတ်ပို့ဇာတ်ရံအဖြစ် ဆက်လက်ပါဝင်ရိုက်ကူးခဲ့ သည်။ ဇာတ်ပို့ဇာတ်ရံအဖြစ် ရိုက်ကူးခဲ့သော ဇာတ် ကားများမှာ နန်းကြာညိုကျော့ (၁၉၆၈)၊ အောင် မင်္ဂလာရုပ်ရှင်၊ဒါရိုက်တာအောဝမ်းအောင်သန်း။ မယ်သစ္စာ (၁၉၆၈)၊ အောင်မင်္ဂလာရုပ်ရှင်၊ ဒါရိုက်တာ အောဝမ်းဘိုဌေး။ ပယင်းရောင် (၁၉၇၀)၊ သုဓမ္မစာရီ ရုပ်ရှင်၊ ဒါရိုက်တာ ခင်စိုး။ သမန်းကျား (၁၉၇၀)၊ မဟာဝိဇ္ဇာမိုရ်ဖလင်၊ ဒါရိုက်တာ အောဝမ်း သန်းထွဋ်တို့ဖြစ်ကြသည်။

မေသန်းသည် အသက်အရွယ်ကြီးရင့်လာသော အခါ သီချင်းကြီးဒေါ်မေသန်း တူရိယာအဖွဲ့ကို ထူထောင်ကာ တစ်လလျှင်နှစ်ကြိမ် မြန်မာ့အသံမှ အသံလွှင့်ခဲ့သည်။ မဟာဂီတသီချင်းကြီးဘက်ကို အာရုံပြောင်းလာသော ဒေါ်မေသန်းသည် ၁၉၃၈ ခုနှစ်ကတည်းကပင် ဒေါ်ဒေလီညွန့်ထံတွင် သီချင်းကြီးများစ၍ သင်ယူခဲ့သည်။ ခင်ပွန်းဖြစ်သူ ပါမောက္ခ ဦးအောင်လှ၏ သွန်သင်ပြသမှုကိုလည်း အပြည့်အဝ လက်ခံရယူခဲ့သောကြောင့် သီချင်းကြီးအဆိုလောက တွင် နာမည်ကြီးခဲ့သည်။ ဤသို့ အဆိုလောကတွင် ကျော်ကြားခဲ့သောကြောင့် မြို့မအမျိုးသားကျောင်း တွင် ဂီတဆရာမအဖြစ် လေးနှစ်တိုင်တိုင် သင်ကြား ပို့ချပေးခဲ့ရသည်။ ပါမောက္ခဦးအောင်လှနှင့် ဒေါ်မေသန်းသည် ဂီတဝါသနာရှင်များ ဖြစ်ကြရာ အဆိုဆရာမကြီး ဒေါ်ဒေလီညွန့်ကို အိမ်သို့ပင့်မိတ် ကျွေးမွေးပြီး မိခင်ကြီးသဖွယ်စောင့်ရှောက်ကြည့်ရှုခဲ့ ကြသည်မှာ ဆရာမကြီး ကွယ်လွန်သည့်အချိန်အထိ ဖြစ်သည်။ ပါမောက္ခဦးအောင်လှနှင့် ဒေါ်မေသန်းတို့ တွင် သားတစ်ယောက်၊ သမီးတစ်ယောက်ထွန်းကား ခဲ့သည်။

၁၉၈၃ ခုနှစ်တွင် ပါမောက္ခ ဦးအောင်လှ ကွယ်လွန်ခဲ့ပြီးနောက် ဒေါ်မေသန်းသည် သားသမီး မြေးများနှင့်အတူ တရားဘာဝနာပွားများရင်း ရန်ကုန်မြို့၊ အမှတ် ၁၆ ရွှေတောင်ကြားရှိ နေအိမ်၌ အေးချမ်းစွာနေထိုင်ခဲ့သည်။

အေဝမ်းမေသန်းအဖြစ် နာမည်ကျော်ကြားခဲ့ သောခေတ်ဟောင်းရုပ်ရှင်မင်းသမီးကြီးဒေါ်မေသန်း သည် ၂၀၀၁ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့၌ ကွယ်လွန် ခဲ့သည်။

**သီသီအေး (ပြန်/ဆက်)**

**အင်ဒိုနီးရှားနိုင်ငံ။** ။ အင်ဒိုနီးရှားနိုင်ငံသမ္မတ မယ်ဂါဝတီဆူကာနိုပူထရီက မိမိအနေဖြင့် နိုင်ငံ အတွင်းမှ ခွဲထွက်လိုသည်ကို လုံးဝသည်းခံ ခွင့်လွှတ် မည်မဟုတ်ကြောင်း ဇွန်လ (၉) ရက်နေ့ က ကြေညာ ခဲ့ပြီး အာချေးပြည်နယ်မှ ခွဲထွက်ရေး ပြောက်ကျား များကို စစ်ရေးအရ အကြီးအကျယ် ထိုးစစ်ဆင် တိုက်ခိုက်ရန် အမိန့်ပေးခဲ့သည်။ အင်ဒိုနီးရှား သမ္မတ နိုင်ငံ၏ ညီညွတ်မှုအောက်မှ နိုင်ငံတော်၏ ဘဝ ရပ် တည်ရှင်သန်မှုကို ပြောင်းလဲရန် သို့မဟုတ် ဖျက်ဆီး ပစ်ရန်လုပ်နိုင်မည် မဟုတ်ကြောင်း ဒတ်ချ်တို့၏ လက်အောက်မှ အင်ဒိုနီးရှား နိုင်ငံလွတ်လပ်ရေး ရရှိရန် ၁၉၄၀ ပြည့်နှစ်လွန် နှစ်များအတွင်းက တိုက်ပွဲဝင်ခဲ့ကြသည့် စစ်ပြန်ရဲဘော်များအား သမ္မတ မယ်ဂါဝတီက ပြောကြားသည်။

လွတ်လပ်သည့် အာချေးလှုပ်ရှားမှုအဖွဲ့နှင့် လွန်ခဲ့သည့် ဒီဇင်ဘာလက လက်မှတ်ရေးထိုးခဲ့သော ငြိမ်းချမ်းရေးသဘောတူစာချုပ်ပျက်ပြား ခဲ့ပြီးနောက် အာချေးပြည်နယ်တွင် စစ်ရေးအရ ထိုးစစ်ဆင် တိုက်ခိုက်မှုများပြန်လည်ဆင်နွှဲရန် မယ်ဂါဝတီက အမိန့်ထုတ်ပြန်ခဲ့သည်။ အင်ဒိုနီးရှား နိုင်ငံသည် အာချေးပြည်နယ်အပြင် နိုင်ငံအရှေ့ဖျားစွန်းပါပူ အာပြည်နယ်တွင် ကြိုးကြား၊ ကြိုးကြားလက်နက်ကိုင် ဆူပူအုံကြွမှုနှင့် မာလူကူကျွန်းစုတွင်လည်း ငြိမ်းချမ်း စွာဖြင့် ခွဲထွက်ရေးလှုပ်ရှားမှုတို့နှင့်လည်း ရင်ဆိုင် ကြုံတွေ့နေရသည်။ အာချေးပြည်နယ်၏ခွဲထွက်ရေး လှုပ်ရှားမှုအားနှိမ်နင်းရာတွင် စတုတ္ထသီတင်းပတ် အတွင်းသို့ရောက်လာပြီဖြစ်ရာအနည်းဆုံးပြောက်ကျား ၁၅၀ ဦးသေဆုံးပြီး၊ ၈၈ ဦး ဖမ်းဆီးရမိခဲ့သည်ဟု အင်ဒိုနီးရှား စစ်တပ်ကပြောသည်။

ဧပြီလ ၇ ရက်က အီရတ်တွင်ဖြစ်ပွားသော စစ်ပွဲကို အင်ဒိုနီးရှားနှင့် မလေးရှားတို့က ဆန့်ကျင် ကန့်ကွက်ခဲ့သည်။ စစ်ပွဲလွန်ကာလ အီရတ်နိုင်ငံတွင် ကုလသမဂ္ဂသည် အဓိကအခန်းကဏ္ဍမှ ပါဝင် ဆောင်ရွက်သင့်ကြောင်း၊ အရေးပါသော အခန်း ကဏ္ဍကို ကုလသမဂ္ဂသို့ ပေးသင့်ကြောင်း၊ကုလသမဂ္ဂ ကိုလည်း အဓိက အခန်းကဏ္ဍတွင်ရှိသော လုပ်ငန်း ဆောင်ရွက်သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် မြင်ရ မည်ဖြစ်ကြောင်း မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဆီယက်ဒ်ဟာမစ်က အလည်အပတ်ရောက်ရှိနေ



အင်ဒိုနီးရှားနိုင်ငံသမ္မတ
မယ်ဂါဝတီဆိုကာနိုပူထရီ

သော အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး ဟက်ဆန် ဝီရာယုဒါနှင့် ဆွေးနွေးအပြီး၌ ပြောကြားလိုက်သည်။

အင်ဒိုနီးရှားနိုင်ငံနှင့် အိမ်နီးချင်းမလေးရှား နိုင်ငံတို့သည် အီရတ်ကို အမေရိကန်ဦးဆောင် တိုက်ခိုက်ခြင်းကို ပြစ်တင်ရှုတ်ချခဲ့ကြသည်။ အရှေ့တောင်အာရှသုံးနိုင်ငံသို့ ခရီးလှည့်လည်ခဲ့သော ဝီရာယုဒါသည် မလေးရှားနိုင်ငံသို့ နောက်ဆုံး ရောက်ရှိလာခဲ့ပြီး၊ ၎င်းက ကုလသမဂ္ဂသည် စစ်ပွဲလွန်ကာလ အီရတ်၌ အဓိကအခန်းမှ လှုပ်ရှားဆောင်ရွက်မည် ဆိုလျှင် ၎င်း၏ဂုဏ်သိက္ခာကို ပြန်လည်ဆယ်နိုင်မည်ဟု ရိုက်တာသို့ ပြောကြားခဲ့သည်။

မေလ (၁၄) ရက်နေ့တွင် အင်ဒိုနီးရှား သမ္မတနှင့် ဂျာမနီနိုင်ငံဝန်ကြီးချုပ် ဂါဟက်ရှရိုးဒါးတို့သည် အီရတ်နိုင်ငံပြန်လည်တည်ဆောက်ရာတွင် ကုလသမဂ္ဂက အချက်အချာကျသည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်သည်ကို လိုလားကြောင်း ပြောကြားကြသည်။ အင်ဒိုနီးရှားနိုင်ငံကရော ဂျာမနီနိုင်ငံ ကပါ အီရတ်ကို အမေရိကန်ဦးဆောင်ပြီး ကျူးကျော်တိုက်ခိုက်ခဲ့သည်ကို ဆန့်ကျင်ကန့်ကွက်ကြပြီး၊ အစုလိုက်အပြုံလိုက်သေကြေ ပျက်စီးစေနိုင်သော ဖျက်အားပြင်းတားမြစ် လက်နက်များ အီရတ်နိုင်ငံ ပိုင်ဆိုင်ထားသည်ဟူသောစွပ်စွဲချက်များနှင့်ပတ်သက်သည့် အကျပ်အတည်းပြဿနာအပေါ် ကုလသမဂ္ဂ ဖြေရှင်းသည်ကို လိုလားကြသည်။

စစ်ပြီးကာလ အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးကိစ္စတွင် မိမိနှင့် ဂျာမနီဝန်ကြီးချုပ် တို့ သဘောထားရပ်တည်ချက်ချင်းတူညီကြောင်း၊ ယင်းသဘောထားရပ်တည်ချက်မှာ အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်တွင်လည်းကောင်း၊ အီရတ်ပြည်သူများအား လူသားချင်းစာနာ ထောက်ထားသည့် အကူအညီများပေးရေးကိစ္စတွင်လည်းကောင်း၊ ကုလသမဂ္ဂက အချက်အချာကျသည့် ကဏ္ဍမှပါဝင်ဆောင်ရွက်စေလိုခြင်းပင်ဖြစ်ကြောင်း ဖြင့် အင်ဒိုနီးရှားသမ္မတ မယ်ဂါဝတီဆိုကာနိုပူထရီက ဂျာမနီဝန်ကြီးချုပ် မစ္စတာရှရိုးဒါးနှင့် တွေ့ဆုံဆွေးနွေးအပြီးတွင် ပြောကြားသည်။

ဂျာမနီဝန်ကြီးချုပ် မစ္စတာရှရိုးဒါးသည် အရှေ့တောင်အာရှခရီးစဉ်၏ တစ်စိတ်တစ်ဒေသအဖြစ်အင်ဒိုနီးရှားနိုင်ငံသို့ မေလ (၁၃) ရက် ညနေပိုင်းက ရောက်ရှိခဲ့စဉ် ခေါင်းဆောင်နှစ်ဦးစလုံးက အကြမ်းဖက်ဝါဒ တိုက်ဖျက်ရေးအပါအဝင် စီးပွားရေးနှင့် နိုင်ငံရေးဆက်ဆံမှုများ ခိုင်မာတောင့်တင်းအောင်ဆောင်ရွက်သွားကြရန်သဘောတူညီကြောင်းဖြင့်လည်း အင်ဒိုနီးရှားသမ္မတက ထည့်သွင်းပြောကြားသည်။

**စီးပွားရေး-** အင်ဒိုနီးရှားနိုင်ငံတွင် ရာသီဥတု အခြေအနေကောင်းမွန်မှုနှင့် အစိုးရထံမှ ဘတ်ဂျက်ထောက်ပံ့ငွေများ ပိုမိုပေးအပ်မှုတို့ ကြောင့် ၂၀၀၃ ခုနှစ်အတွင်းနိုင်ငံ၏ လယ်ယာကဏ္ဍထုတ်လုပ်မှု



**အာရှေးပြည်နယ်သို့စေလွှတ်မည့်
အင်ဒိုနီးရှားအစိုးရတပ်ဖွဲ့များ**

များသည် လက်ရှိတိုးတက်လာသော လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း အင်ဒိုနီးရှား အစိုးရလယ်ယာစိုက်ပျိုးရေးဌာနဝန်ကြီး ဘန်ဂါရန်ဆာရာဂီချ်က ပြောကြားသည်ဟု ဆင်ဟွာသတင်းဌာနက ဆိုသည်။

အင်ဒိုနီးရှားအစိုးရသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ပြည်ပပို့ကုန်တိုးမြှင့်ရန်ကြိုးပမ်းအားထုတ်သည့်အနေဖြင့် စီးပွားရေးမူဝါဒများညှိနှိုင်းမည့် အထူးအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းမည်ဖြစ်ကြောင်း အင်ဒိုနီးရှား ဘဏ္ဍာရေးဝန်ကြီး ဘိုအီဒီယိုနိုက ဂျာကာတာမြို့တွင် ဒီဇင်ဘာလ ၃၀ ရက်နေ့၌ ပြော ကြားသည်။ ၂၀၀၃ ခုနှစ်ကို အင်ဒိုနီးရှားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံရေးနှစ်အဖြစ် အစိုးရကကြေညာခဲ့သည်။

အင်ဒိုနီးရှားအစိုးရသည် စီးပွားရေးလုပ်ငန်းများကို အဆင့်ဆင့်ညှိနှိုင်းဆောင်ရွက်ရန် ဆုံးဖြတ်ထားကြောင်းဖြင့်လည်း ဝန်ကြီးကပြောကြားသည်။ အဆိုပါစီးပွားရေးမူဝါဒ ညှိနှိုင်းရေးအထူးအဖွဲ့သည် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များကို ထောက်ခံအားပေးရန်၊ လက်ရှိရင်းနှီးမြှုပ်နှံမှုများကို ဆက်လက်ထိန်းသိမ်းထားရန်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နိုင်ရန် သမ္မတ၏ တိုက်ရိုက်ကွပ်ကဲမှုအောက်တွင်ရှိရမည်ဖြစ်သည်။

လက်ရှိရင်းနှီးမြှုပ်နှံထားသူများ ရင်ဆိုင်နေရသည့်ပြဿနာမျိုးစုံကို ဖြေရှင်းနိုင်မည့်အမျိုးသားရင်းနှီးမြှုပ်နှံရေးအဖွဲ့ ဖွဲ့စည်းရေးအစီအစဉ်ကို ထုတ်ပြန်ခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံမှ ဂျပန်အီလက်ထရွန်နစ်ဆိုနီကုမ္ပဏီကြီးရုပ်သိမ်းသွားရန် စီစဉ်နေစဉ်ယင်းကဲ့သို့ အမျိုးသားရင်းနှီးမြှုပ်နှံရေးအဖွဲ့ဖွဲ့စည်းမည့်အစီအစဉ်ကို အစိုးရကထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

စီးပွားရေးတိုးတက်မှုစွမ်းဆောင်မြင့်မားလာသကဲ့သို့တစ်ဖက်တွင်လည်း အင်ဒိုနီးရှားနိုင်ငံတစ်ခန်းတရားမဝင် သစ်ခုတ်လှဲမှုများကြောင့် နှစ်စဉ်ဒေါ်လာ ၆၀၉ သန်းဆုံးရှုံးနစ်နာလျက်ရှိကြောင်း ကျွမ်းကျင်သူတစ်ဦးကပြောကြားသည်။ အဓိကဆုံးရှုံးနစ်နာမှုများမှာ လောင်စာထင်း၊ မီးသွေးသုံးစွဲမှု၊ မြေပြိုမှု၊ ရေကြီးမှုနှင့် သစ်သားမဟုတ်သောထုတ်ကုန်ထုတ်လုပ်ခြင်းတို့ဖြစ်ကြောင်း ဘိုဂေါ်စိုက်ပျိုးရေးသိပ္ပံ (အိုင်ပီဘီ) မှဝါရင့်ကထိက တစ်ဦးဖြစ်သူ၊ ဘင်တန်စီမန်ရင်ဆွန်ကပြောကြားသည်။

သစ်တောဟက်တာ ၄၆ ဒသမ ၈ သန်းရှိသည့်အနက်သီးသန့်တောသတ်မှတ်မှု ၁၈ ဒသမ ၉ သန်းထားရှိပြီး သစ်တောပြုန်းတီးမှုဟက်တာ ၁၄ ဒသမ ၃ သန်းရှိရာတွင် ထက်ဝက်ခန့်နီးပါးမှာ

တရားမဝင်သစ်ခုတ်လှဲမှုကြောင့်ဖြစ်သည်။ ပြုန်းတီးပြီးသစ်တောများမှတစ်ဖန် သစ်ထုတ်လုပ်ရန်မမျှော်လင့်နိုင်တော့ကြောင်း ၎င်းကပြောကြားသည်။ နှစ်စဉ်သစ်ခုတ်လှဲမှုဟက်တာ ၁ ဒသမ ၄၅ သန်းရှိသည့်အနက်ဟက်တာ ၀ ဒသမ ၆၇ သန်းသာလျှင်တရားဝင်သစ်ခုတ်လှဲကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

တရုတ်ပို့ကုန်လုပ်ငန်းရာပေါင်းများစွာ ပါဝင်ပြသမည့်တရုတ်ပို့ကုန်ဆိုင်ရာ ကုန်စည်ပြပွဲ ၂၀၀၃ ကိုအင်ဒိုနီးရှားနိုင်ငံ မြို့တော်ဂျကာတာက လက်ခံကျင်းပပေးမည်ဖြစ်ကြောင်း စီးပွားရေးသတင်းစာဘစ်စနက်အင်ဒိုးနီးရှားတွင် ဖေဖော်ဝါရီ လ (၇) ရက်ကရေးသားဖော်ပြလိုက်သည်။ အဆိုပါ ပြပွဲကိုဆာရာနာ နိုင်ငံတကာကုန်စည်ပြပွဲ (အက်စ်အိုင်အီး)က ဧပြီလ (၁၇) ရက်မှ (၂၀) ရက်အထိ လက်ခံကျင်းပပေးမည်ဖြစ်သည်။

တရုတ်ပို့ကုန်ကုမ္ပဏီ ၅၀၀ ထိပြပွဲ၌ ပါဝင်ပြသမည်ဖြစ်ပြီး ပြသမည့်ပို့ကုန်ပစ္စည်းများမှာ ဓာတ်မြေသြဇာ၊ ဓာတုဗေဒ၊ စိုက်ပျိုးရေးစက်ကိရိယာများ၊ မော်တော်ကား၊ အစားအစာနှင့် အဖျော်ယမကာတို့ဖြစ်သည်ဟု အက်စ်အိုင်အီးညွှန်ကြားရေးမှူး ရစ်ဝမ်မိုက်ကယ်ကပြောကြားသည်။ နှစ်နိုင်ငံကုန်သွယ်မှုပမာဏအရှိန်ရရေး၊ ခရီးသွားလုပ်ငန်းတိုးတက်ရေးနှင့် အင်ဒိုးနီးရှားနှင့် တရုတ်နိုင်ငံ တို့၏ရင်းနှီးမြှုပ်နှံမှုများကို အားပေးရန်ရည်ရွယ်ပြီး ယခုပြပွဲကိုကျင်းပခြင်းဖြစ်သည်ဟုရစ်ဝမ်ကပြောကြားသည်။

ကိုရီးယားသမ္မတနိုင်ငံမှ ပစ္စည်းအစိတ်အပိုင်းလုပ်ငန်းရှင်များသည် အင်ဒိုနီးရှားနိုင်ငံတွင် ကိုရီးယားသမ္မတနိုင်ငံ၏ လျှပ်စစ်ပစ္စည်း၊ မော်တော်ကားနှင့် ရေနံဓာတုပစ္စည်းအစိတ်အပိုင်းများကို ပို့ပေးရန်အတွက် အင်ဒိုနီးရှားနိုင်ငံ၌ရင်းနှီးမြှုပ်နှံမှုလုပ်ရန်စဉ်းစားလျက်ရှိကြသည်။

တရုတ်ဟူဒီယန်စက်မှုကုမ္ပဏီ (စီအိတ်ချ်အီး စီ) သည်ဒေသဆိုင်ရာကုမ္ပဏီများဖြစ်ကြသည့် ပီတီဒါနာမူလီယာဆူကက်နှင့် ပီတီရာဒူပရာတာမာကုမ္ပဏီတို့နှင့် အင်ဒိုနီးရှားနိုင်ငံအတွင်း လျှပ်စစ်ဓာတ်အားပေးစက်ရုံများတည်ဆောက်ရန် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း ဂျကာတာပို့စ်သတင်းစာက ဖေဖော်ဝါရီ ၂၅ ရက်နေ့တွင် ဖော်ပြထားသည်။

ဆွစ်ဇာလန်နိုင်ငံဂျီနီဗာမြို့၌ ကျင်းပရန်ရှိသည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ချုပ် (ဒဗလျူတီအို) အစည်းအဝေးတွင် အင်ဒိုနီးရှားနိုင်ငံ၏ လက်ရှိလယ်ယာထွက်ကုန်များဆိုင်ရာ သွင်းကုန်ခွန်မူဝါဒအားအင်ဒိုနီးရှားအစိုးရက ကာကွယ်သွားမည်ဖြစ်ကြောင်းကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ချုပ်ဆိုင်ရာ အင်ဒိုနီးရှားသံအမတ် ဂူဆာမာဒီဘူစတာမီကပြောကြားသည်။ လယ်ယာစိုက်ပျိုးရေးသီးနှံမှရသည့်ဝင်ငွေဖြင့်အသက်မွေးဝမ်းကျောင်းပြုသည့် လူဦးရေ အများအပြားနေထိုင်သော ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံအနေဖြင့် အဆိုပါအကောက်ခွန် အတားအဆီးသည် အရေးကြီးကြောင်း၊ ကုန်သွယ်ရေးလွတ်လပ်မှုကို လုပ်ဆောင်နေသောကမ္ဘာ့ကြိုးပမ်းချက်နှင့်မဆန့်ကျင်ကြောင်း အဘယ်ကြောင့်ဆိုသော် အင်ဒိုနီးရှားနိုင်ငံ၏ ပျမ်းမျှသွင်းကုန်အခွန် ၈ ဒသမ ၄ ရာခိုင်နှုန်းသည်အလွန်အမင်းနိမ့်ကျနေသောကြောင့်ဖြစ်ကြောင်း သံအမတ်ကြီးက ပြောဆိုသည်။ လယ်ယာကဏ္ဍလွတ်လပ်မှုဆိုင်ရာ ဒဗလျူတီအိုဆွေးနွေးပွဲများကို မတ်လ ၂၄ ရက်မှ ၃၁ ရက်ထိကျင်းပမည်ဖြစ်သည်။

လျှပ်စစ်ဓာတ်အား ချွေတာသုံးစွဲရေးနှင့် ပတ်သက်၍ ဇူလိုင်လ ၁၀ ရက်နေ့ကအင်ဒိုနီးရှားသမ္မတမယ်ဂါဝတီဆိုကာနိုပူထရီက အင်ဒိုနီးရှားပြည်သူအလွှာအသီးသီးတို့အားဆော်သြလိုက်သည်။

အင်ဒိုနီးရှားအစိုးရသည် လျှပ်စစ်ဓါတ်အားပေးစက်ရုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ပုံငွေကိုကန့်သတ်ခွဲဝေပေးထားရသည့်တိုင်အောင် လျှပ်စစ်ဓါတ်အားပိုမိုရရှိရေးအတွက် အစွမ်းကုန်ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းဖြင့်လည်း မယ်ဂါဝတီက ကတိပေးပြောကြားသည်။ အလယ်

ဂျာဗားကျွန်းကျိပါရာမြို့ရှိ တန်ယွန်ဂျက်တီဘီရေအားလျှပ်စစ်စက်ရုံရှိ ဖွံ့ဖြိုးရေးစီမံကိန်းမြောက်မြားစွာတို့အားရည်ညွှန်းကာ မယ်ဂါဝတီကယင်းကဲ့သို့ ပြောကြားခြင်းဖြစ်သည်။ အင်ဒိုနီးရှားပြည်သူတို့ အနေဖြင့်လျှပ်စစ်ဓါတ်အားချွေတာသည့် အလေ့အကျင့်ပိုမိုရှင်သန်ဖွံ့ဖြိုးအောင် ဆောင်ရွက်သင့်ကြောင်းဖြင့်လည်းသမ္မတကအကြံပေးပြောကြားသည်။

**ကျန်းမာရေး-** အင်ဒိုနီးရှားနိုင်ငံအနောက်ဂျာဗားတွင် အမည်မဖော်ပြနိုင်သောရောဂါဆန်းတစ်ခု ဆက်လက်ပြန့်ပွားလျက်ရှိရာ ဘန်ဒေါင်းဒေသစီကာလောင်ဝီတန်ခရိုင်ရှိ ကျေးရွာနှစ်ရွာမှ လူ ၂၃၀ ကျော်ထိ ရောဂါဖြစ်ပွားနေသည်ဟူ၍ ဂျာကာတာပို့စ်တွင် ဖေဖော်ဝါရီလ ၁၄ ရက်နေ့၌ဖော်ပြသည်။ ပြည်သူ့ကျန်းမာရေးဌာန အဆိုအရ ယင်းရောဂါကူးစက်ဖြစ်ပွားသူအရေအတွက်သည် လွန်ခဲ့သည့်ဒီဇင်ဘာ၌ လူ ၉၀ ဖြစ်ခဲ့ရာမှ ယခုကဲ့သို့ တိုးလာကြောင်းသိရသည်။ ထိုရောဂါဖြစ်ပွားမှုရပ်တန့်သွားစေရန်အတွက် ရောဂါဖြစ်ပွားသူများကို ပြည်သူ့ကျန်းမာရေးဌာနက ဗီတာမင်ဘီ ၁ ထိုးနှံပေးထားကြောင်း ဆရာဝန်ဆူဒရာဂျက်ကပြောဆိုသည်။

လွန်ခဲ့သည့်သုံးလတွင် လူအချို့ခြင်ကိုက်ခံရရာမှယင်းရောဂါပထမဆုံး ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပြီး ရောဂါဖြစ်သူများသည် အရိုးများနာကျင်သည့် ဝေဒနာခံစားရပြီးလမ်းမလျှောက်နိုင်ဖြစ်ကြရသည်ဟု ဆိုသည်။

အင်ဒိုနီးရှားနိုင်ငံဂျကာတာမြို့လယ်ရှိ စီတိုမင်ဂမ်ကူဆူမိုဆေးရုံ (အာအက်စ်စီအမ်)၌ ၁၀ လသားအရွယ်ရင်ချင်းဆက်အမြွှာညီအစ်မအားသီးခြားစီခွဲစိတ်ခဲ့ပြီးနောက် ဖေဖော်ဝါရီလ ၂၆ ရက်နေ့က ကလေးတစ်ဦးသေဆုံးသွားသည်။ အဆိုပါသေဆုံးသွားသည့်ကလေးမှာ ဖီရီနာနုဖိုင်ဇာဖြစ်ပြီး ဖေဖော်ဝါရီလ ၂၆ ရက်နေ့နံနက် ၈ နာရီ ၃၅ မိနစ်ခန့် (ဂရင်းနစ်စံတော်ချိန် ၁ နာရီ ၃၅ မိနစ်) ကသေဆုံးသွားခဲ့ကြောင်း ယင်းဆေးရုံ၏အရေးပေါ် ခွဲစိတ်ရေးဌာနအကြီးအကဲ ဒေါက်တာဒါလင်ဇာဝစ်က ပြောကြားသည်။

ဖီရီနာနှင့်ယင်း၏ညီမဖီရာနီနုရာအေဒါအမြွှာညီအစ်မတို့ကို ဆရာဝန်များကဖေဖော်ဝါရီလ ၂၅ ရက်နေ့ ညနေတွင်သီးခြားစီ ခွဲစိတ်ပေးခဲ့ကြသည်။ ဖီရာနီ၏အခြေအနေမှာ စိတ်မချရသေးကြောင်း ဒေါက်တာဒါလင်က ပြောကြားသည်။ အဆိုပါ အမြွှာညီအစ်မကိုပြီးခဲ့သည့်နှစ်ဧပြီ ၁၀ ရက်ကမွေးဖွားခဲ့ခြင်းဖြစ်သည်။ ၎င်းတို့သည်ရင်ဘတ်နှင့် ဝမ်းဗိုက်များဆက်နေကြခြင်းဖြစ်သည်။

S A R S ရောဂါဖြစ်ပွားမှုမရှိတော့ကြောင်း တရုတ်နိုင်ငံက ကြေညာခဲ့ပြီးနောက် ပထမနှစ်အတွင်းတရုတ်နိုင်ငံကွမ်တုန်ပြည်နယ်မှ ခရီးသွား ၈၄၀၀၀ ခန့်အင်ဒိုနီးရှားသို့လာရောက်လည်ပတ်လိမ့်မည်ဟု အင်ဒိုနီးရှားကမျှော်လင့်ထားကြောင်း အရာရှိတစ်ဦးက ဇူလိုင်လ ၁၁ ရက်နေ့က ပြောကြားသည်။

ကွမ်တုန်ပြည်နယ်မှပျမ်းမျှတစ်နှစ်လျှင် ခရီးသွား ၂၈၀၀၀ ထက်ပိုမို၍ ခရီးသွားဦးရေသုံးဆမကလာရောက်စေရန် ကွမ်တုန်ခရီးသွားလုပ်ငန်း ဌာနအကြီးအကဲက တာဝန်ခံကြောင်း အင်ဒိုနီးရှားသတင်းဌာနသို့ ထိုအရာရှိကပြောကြားသည်။ ကွမ်တုန်ပြည်နယ်မှခရီးသွားများအား ဆွဲဆောင်နိုင်သောကြီးမားသည့်အခွင့်အလမ်းများ အင်ဒိုနီးရှားနိုင်ငံတွင်ရှိကြောင်း၊ အထူးသဖြင့်ကွမ်ကျိုး ရှင်ကျင့်နှင့်ဇူဟိုင်းမြို့များမှ ခရီးသွားများအားဆွဲဆောင်ရန် ဖြစ်ကြောင်းအရာရှိကပြောကြားသည်။ အင်ဒိုနီးရှားနိုင်ငံသည်လွန်ခဲ့ သောလေးလက တရုတ်နိုင်ငံ၌ S A R S ရောဂါဖြစ်ပွားချိန်တွင် ကွမ်တုန်ခရီးသွားများအတွက် ဗီဇာများကိုဆက်လက်ထုတ်ပေးခဲ့သည်။

**ပို့ဆောင်ဆက်သွယ်ရေး-** အင်ဒိုနီးရှားနိုင်ငံရှိ ဆယ်လူလာဖုန်းအော်ပရေတာလုပ်ငန်းရှင်များသည် အင်ဒိုနီးရှားနိုင်ငံအတွင်း ဆယ်လူလာဖုန်းဝယ်လိုအားတစ်နေ့တခြားများပြားလာနေခြင်းကို အမီလိုက်ဖြည့်ဆည်းနိုင်ရေးအတွက် ယင်းတို့၏လုပ်ငန်းကို တိုးချဲ့လုပ်ကိုင်နိုင်ရန် ၂၀၀၃ ခုနှစ်တွင် အမေရိကန်

ဒေါ်လာ သန်းပေါင်းများစွာ ရင်းနှီးမြှုပ်နှံသွားရန် ရည်မှန်းထားသည်။

ရင်းနှီးမြှုပ်နှံမှုအနက်အများစုကို ဆယ်လူလာဖုန်းထုတ်လုပ်ရေးအခြေခံစခန်းများ (ဘီတီအက်စ်) တည်ဆောက်ရေးကွန်ရက်များတိုးချဲ့ခြင်းနှင့်သတင်းလုပ်ငန်းဝန်ဆောင်မှု(အက်စ်အမ်အက်စ်)တိုးမြှင့်ခြင်းတို့အပေါ် အားထားရဖွယ်ရှိကြောင်း အင်ဒိုနီးရှားဆယ်လူလာဖုန်း အော်ပရေတာလုပ်ငန်းရှင်များအသင်း (အေတီအက်စ်အိုင်) ဥက္ကဋ္ဌ ရှုအရန်တာရာကပြောကြောင်း ဇန်နဝါရီလ ၆ ရက်နေ့ထုတ် ဂျကာတာပို့စ်သတင်းစာတွင်ဖော်ပြထားသည်။

အင်ဒိုနီးရှားနိုင်ငံရှိထိပ်တန်းဆယ်လူလာဖုန်းထုတ်လုပ်ရေးဌာနငါးခုမှာ ပီတီတယ်ကွန်ဆယ် ပီတီဆိုက်လင်ဒို၊ ပီတီအိတ်ချ်ဆယ်ကွန်မင်ဒိုပရာမာ၊ ပီတီနာထရင်ဒိုနှင့် ပီတီအင်ဒိုဆက်မာလ်တီ မီဒီယာမိုဘိုင်း (အိုင်အမ်-၃) တို့ဖြစ်သည်။

တစ်နိုင်ငံလုံးမိုဘိုင်းဖုန်းသုံးသူများအနက် ၄၀ ရာခိုင်နှုန်းမှာ မြို့တော်ဂျကာတာတွင်နေထိုင်သူများဖြစ်သည်။ လွန်ခဲ့သည့်နှစ်အနည်းငယ်အတွင်း ဆယ်လူလာဖုန်းသုံးသူအရေအတွက်မှာ တိုးလျက်ရှိပြီး ၂၀၀၂ ခုနှစ်ကုန်တွင် ဆယ်လူလာဖုန်းသုံးသူ ၈ ဒသမ ၅ သန်းကျော်အထိ တိုးပွားလာမည်ဟု မျှော်လင့်ထားသည်။ လွန်ခဲ့သည့်နှစ်က ဆယ်လူလာဖုန်းသုံးသူ ၆ ဒသမ ၅၇ သန်းသာရှိခဲ့သည်။

အင်ဒိုနီးရှားအစိုးရသည် မီးရထားလမ်း အခြေခံအဆောက်အအုံများ ငွေကြေးအကူအညီရရှိရန် ပုဂ္ဂလိကကဏ္ဍများမှ ငွေကြေးဆိုင်ရာပံ့ပိုးမှုများ လိုအပ်ကြောင်း ပို့ဆောင်ရေးဝန်ကြီး အတမ်ရှုမီလာက ဇန်နဝါရီလ ၂၈ ရက်တွင် ပြောကြားသည်။ အင်ဒိုနီးရှားအစိုးရသည် ပုဂ္ဂလိကကဏ္ဍများပါဝင်ဆောင်ရွက်ရန် ဖိတ်ခေါ်ခြင်းမှလွဲ၍အခြားနည်းလမ်းမရှိကြောင်း အဆိုပါဝန်ကြီးက ပြောကြားသည်ဟု ယိုဂျကာတာပြည်နယ်ရှိ "ဒီတိုက် ကွန်အွန်လိုင်း" က ဖော်ပြသည်။

ပီတီကီရီတာအပီ အင်ဒိုနီးရှားကုမ္ပဏီသည် အင်ဒိုနီးရှားနိုင်ငံ၏တစ်ခုတည်းသော မီးရထားလမ်းကုမ္ပဏီဖြစ်ပြီး အစိုးရပိုင်ကုမ္ပဏီလည်းဖြစ်သည်။ အရှေ့ဂျာဗားပြည်နယ် မြို့တော်ဆူရာဘာဂျာနှင့် ဂျကာတာမြို့တို့ကိုဆက်သွယ်သော အမြန်မီးရထားများအတွက် လမ်းတည်ဆောက်ရေးအစိုးရ၏စီမံကိန်းကို ရည်ညွှန်း၍ပို့ဆောင်ရေးဝန်ကြီးကယင်းကဲ့သို့မှတ်ချက်ပြုပြောဆိုခြင်းဖြစ်ပြီး အဆိုပါမီးရထားလမ်းသည် ကီလိုမီတာ ၈၀၀ ခန့် ရှိမည်ဖြစ်သည်။

ဆက်သွယ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ အင်ဒိုနီးရှား အစိုးရသည် နိုင်ငံတစ်ဝန်းလုံးရှိကျေးလက်နှင့် ခရိုင်ခွဲမြို့တော်များတွင် အခြေခံတယ်လီဖုန်းဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေအတွက် ငွေထည့်ဝင်ရန်တယ်လီဖုန်းအော်ပရေတာများအား တာဝန်ပေးသည့် အမိန့်ထုတ်ပြန်ရန်စီစဉ်နေကြောင်း ဖေဖော်ဝါရီလ ၁၇ ရက်ထုတ်ဂျကာတာပို့စ် သတင်းစာတွင်ဖော်ပြသည်။

ဆယ်လူလာဖုန်းကိုင်ဆောင်သူအရေအတွက်သည်တိုးမြဲတိုးလာပြီး ၂၀၀၃ ခုနှစ်ကုန်ဆုံးချိန်တွင်ဆယ်လူလာဖုန်းကိုင်ဆောင်သူ ၁၆ ဒသမ ၄ သန်းအထိ ၄၃ ရာခိုင်နှုန်းတိုးမြင့်လာမည်ဟု မျှော်မှန်းထားကြောင်း စက်မှုဆိုင်ရာအဖွဲ့အစည်းတစ်ခုက ဂျကာတာမြို့တွင်ခန့်မှန်းပြောဆိုသည်။

အင်ဒိုနီးရှားဆယ်လူလာဖုန်းကြီးကြပ်ရေးအသင်း (အေတီအက်စ်အိုင်) ဥက္ကဋ္ဌရှုဒီအင်တာရာကပြောကြားရာ၌ စုစုပေါင်းဆယ်လူလာဖုန်းဈေးကွက်အနက် ၅၂ ရာခိုင်နှုန်းကို တီလီကွန်ဆယ်ကပိုင်ဆိုင်ရာအိတ်ဆယ်ကိုမင်ဒိုက ၁၆ ရာခိုင်နှုန်းနှင့်ဆတီလင်ဒိုနှင့်အင်ဒိုဆက်တို့က ၃၁ ရာခိုင်နှုန်းပိုင်ဆိုင်ကြောင်းပြောကြားသည်။ လာမည့်သုံးနှစ်တွင် အင်ဒိုနီးရှားဈေးကွက်၌ ဆယ်လူလာဖုန်းကိုင်ဆောင်သူသည်တစ်နှစ်လျှင်လေးသန်းမှ ငါးသန်းအထိတိုးတက်လာမည်ဟု မျှော်မှန်းထားကြောင်း ၄င်းကဆက်လက်ပြောကြားသွားခဲ့ပေသည်။

သိန်းဝင်းဇော်

# အက္ခရာစဉ်အညွှန်း
## မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ် (၂၀၀၄)

ဤမြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်ပါ ဆောင်းပါးများနှင့် အကြောင်းရပ်များကို တစ်ပုဒ်ချင်းဖတ်ရှုလေ့လာနိုင်သည့်အပြင် ရည်ညွှန်းကိုးကားဖွယ်အကြောင်းအရာတို့ လွယ်လင့်တကူ အလျင်အမြန် ရှာဖွေလိုပါကလည်း အက္ခရာစဉ်အညွှန်းကို အသုံးပြုနိုင်ပါသည်။ ရည်ညွှန်းကိုးကားဖွယ် အကြောင်းရပ်၏ အမည်ကို ဖတ်ရှုနိုင်သည့်ဆိုင်ရာစာမျက်နှာအမှတ်နှင့် ယှဉ်တွဲဖော်ပြထားပါသည်။


(က)
ကချေသည်မယ်နုဝတ္တု ၆၈။
ကလေးစာဖတ်ခန်း ၉၅။
ကူဆေး ၁၆။
ကိုကိုလေး ၉၀။
ကိုဖီအန်နန် ၅၊၁၃၊၁၆၊၂၃၊၂၄။
ကိုလေး၊ ဦး ၁၂၆-၁၂၇။
ကိုအိဇုမိ,ဂျွန်အိချိ ၂၊၆၊၁၀၊၁၁၊၂၃။
ကင်ဆာဝေဒနာရှင် ၁၂၇-၁၂၉။
ပြုစုစောင့်ရှောက်ရေး
ဌာန (မန္တလေး)
ကောင်းသန့် ၉၀။
ကမ္ဘာကုန်ကျယ်သရွေ့ ၈၆။
ကမ္ဘာ့ဆရာများနေ့ ၁၂၉-၁၃၅။
ကမ္ဘဖလ ၇၈။
ကယ်လီ,ဒေးဗစ် ၁၇၊၁၉။
ကျူရုံကို ၇။
ကျေးရွာကိုယ့်အား ၉၈။
ကိုယ်ကိုးစာကြည့်တိုက်
ကျေးလက်ဒေသ၏ ၉၃-၁၀၃။
ပညာဘဏ်တိုက်များ
ကျော်၊ မောင် ၆၈။
ကျော်ဆန်း၊ဗိုလ်မှူးချုပ် ၂၉၅။
ကျော်အောင် ၉၁။
ကျန်ဇီမင်း ၂။
ကြပ်ကလေး ၁၃၅-၁၃၇။
ကွယ်လွန်သူထင်ရှား ၁၃၇-၁၄၂။
သောပုဂ္ဂိုလ်များ
ကွယ်လွန်သူထင်ရှား ၁၄၃-၁၄၈။
သောပုဂ္ဂိုလ်များ (နိုင်ငံတကာ)

(ခ)
ခါတာမီ,မိုဟာမက် ၆၊၁၈။
ခင်ခင်လေး၊ ဒဂုန် ၇၂။
ခင်ဆွေဦး ၈၁။
ခင်နှင်းယု ၈၀၊၈၂၊၉၀၊
၁၄၈-၁၅၈။
ခင်မောင်၊ မောင် ၆၈။
(မန္တလေး)
ခင်မျိုးချစ် ၇၄။
ခင်အေး၊ဦး ၈၆။
ချစ်မောင်၊ဦး ၇၆။
ချစ်မောင်၊ ဦး (မြန်မာညွန့်) ၅၃။
ချစ်ဦးညို ၈၇။
ချန်ဒတ်လွမ် ၇။

(ဂ)
ဂေါင်မလိုင်း ၉၀။
ဂုဏ်ထူးဆောင်ဘွဲ့ ၁၅၁-၁၅၃။
များ၊ ဂုဏ်ထူးဆောင်
တံဆိပ်များ
ဂျာနယ်ကျော်တင့်ဆွေ ၇၇။
ဂျာမနီနိုင်ငံ ၁၅၃-၁၆၀။
ဂျူး ၈၉။
ဂျက်ရှီရက် ၁၊၂၉၊၁၁၊၁၈။
ဂျိမ်းလှကျော် ၆၃၊၆၄။

(င)
ငဖယ်ကျောင်း ၄၃။
ငွေလင်း ၇၉၊၈၃။

(စ)
စ၊ ဦး (မြဝတီမင်းကြီး) ၆၃။
စလေရှုပ်စုံကျောင်း ၄၄။
စုဦး ၃၇၊၄၂။
စော၊ ဆရာ ၆၇၊၆၈။
စင်ကာပူနိုင်ငံ ၁၆၀-၁၆၅။
ကုန်သွယ်ရေး ၁၆၃
ကျန်းမာရေး ၁၆၄
ပညာရေး ၁၆၅
စန္ဒိမာ၊ ဘဒ္ဒန္တ ၁၆၅-၁၆၇။
စိန်စိန် ၇၉၊၈၀၊၈၂။
စိန်ဗေဒါ ၅၃။
စမ်းစမ်းနွဲ့ (သာယာဝတီ) ၈၇။

(ဆ)
ဆုသာ၊ဦး ၆၆။
ဆိုကာနိုပူထရီ, ၁၂၊၁၉။
မယ်ဂါဝတီ
ဆက်ဒမ်ဟူစိန် ၂၆၃၊၃၀၀။
ဆောင်းဝင်းလတ် ၉၀။

(ဇ)
ဇဝန ၇၄၊၇၆။
ဇေယျ ၇၂။
ဇေယျာမောင် ၁၂၆။
ဇော်ဂျီ၊ဆရာ ၆၉၊၈၆။

(ဉ)
ဉာဏ်ရှိန်၊ဦး(ပန်းချီ) ၁၆၇-၁၆၉။

(ဌ)
ဌေးမောင် ၈၃။

(တ)
တိလောကသာရ၊ ၁၆၉-၁၇၁။
ဘဒ္ဒန္တ

# အက္ခရာစဉ်အညွှန်း


တို့ဗမာအစည်းအရုံး ၇၁၊၇၂။
တက်တိုး ၇၇၊၁၇၁-၁၇၃။
တိုက်စိုး ၁၇၃-၁၇၅။
တင်၊ ဆရာ(ဝိုင်အမ်ဘီ) ၇၂။
တင်စိုး ၇၇။
တင်မြင့်အောင် ၉၁။
တင့်တယ် ၇၇၊၇၈။
တောင်ဖီလာဆရာတော် ၆၃။

(ထ)

ထီလာစစ်သူ ၈၃။
ထိုင်းနိုင်ငံ ၁၇၆-၁၈၂။
- နိုင်ငံတကာ ၁၇၈
- ဆက်ဆံရေး
- စီးပွားရေး ၁၈၀
- မူးယစ်ဆေးဝါး ၁၈၁
- ပပျောက်ရေး

ထွန်းရွှေ၊ဒေါက်တာ ၈၀၊၈၁။

(ဒ)

ဒဂုန်တာရာ ၇၃၊၇၆။
ဒါဇီယာ၊ ဘီဂမ်ခါလီ ၇။
ဒီမဲလိုး,ဆာဂျီယို ၁၃၊၁၄၊၁၇၊၂၇၈။
ဒုတိယမဲထီးဆရာတော် ၆၃။
ဒေဝက္ကန္ဒာမောင်မောင်ကြီး ၅၃။
ဒိုက်ဦး ၅၃။
ဒေါင်နာ၊ အလက်ဇန္ဒား ၆။

(ဓ)

ဓူဝံ ၈၀။

(န)

နုသခင် ၇၆။
နုနုရည် (အင်းဝ) ၈၉။
နေဝင်း၊ မောင် ၈၃၊၉၁။
နိုင်ငံတကာစာတတ် ၁၈၂-၁၈၈။
မြောက်ရေးနေ့နှင့်
ကုလသမဂ္ဂစာတတ်
မြောက်ရေးဆယ်စုနှစ်
နတ်နွယ် ၇၉၊၈၂၊၉၁။
နတ်ရှင်၊ ဒဂုန် ၇၃။
နန္ဒ ၇၈၊၈၃၊၉၁။
နန္ဒာစိုး (ဆင်ဖြူကျွန်း) ၉၀။

(ပ)

ပခုက္ကူဦးအုံးဖေ ၆၉၊၉၀၊
စာပေဆုပညာ ၁၈၈-၁၉၂။
ရည်ချွန်ဆုနှင့်ပခုက္ကူ
စာကြည့်တိုက်စာအုပ်ဆု
ပခန်းကျောင်းတော် ၄၃။
ပခန်းငယ်ကျောင်းတော် ၄၃။
ပခန်းရွှေဥမင်ကျောင်းတိုက် ၄၃။
ပညာရေးစုံညီပွဲတော် ၁၉၂-၁၉၉။
ပါရဂူ ၇၃။
ပီမိုးနင်း ၆၈၊၆၉၊၇၁။
ပုဂံဝန်ထောက်မင်း ၁၂၁။
ဦးတင်
ပုညဦး ၆၃။
ပူတင်,ဗလာဒီမာ ၅၉၊၁၀၊၁၃။
ပြည့်စုံ ၇၉။
ပွင့်လန်း(သတ္တုတွင်း) ၈၃။

(ဖ)

ဖာနန်ဒိုပိုး ၂၀၀။
ဖိလစ်ပိုင်နိုင်ငံ ၁၉၉-၂၁၆။
- နိုင်ငံတကာ ၂၀၀
- ဆက်ဆံရေး
- စီးပွားရေး ၂၀၃
- ပို့ကုန်လုပ်ငန်း ၂၀၃
- ပို့ဆောင်ရေး ၂၀၄

ဖေပုရှိန် ၇၀။
ဖေမောင်တင်၊ဦး ၇၀။
ဖေသိန်း၊ဦး(ကာတွန်း) ၁၆၈။
ဖန်ဗန်ခိုင် ၂၁၁။

(ဗ)

ဗားကရာကျောင်း ၄၄။
ဗိသုကာပညာနှင့် ၂၀၆-၂၁၁။
ထင်ရှားကျော်ကြား
သော ကမ္ဘာ့
အဆောက်အအုံအချို့
ဗီယက်နမ်နိုင်ငံ ၂၁၁။
ဗုဒ္ဓသာသနာတော် ၂၂၂-၂၃၀။
သန့်ရှင်းတည်တံ့ပြန့်ပွား
ရေးဆောင်ရွက်ချက်များ(၂၀၀၃)
ဗန်းမော်တင်အောင် ၇၇၊၇၉၊
၈၀၊၈၂။

(ဘ)

ဘလဲ,တိုနီ ၁၀၊၁၆၊
၁၇၊၁၅၅၊၂၆၃။
ဘသင်၊ မောင် ၆၄၊၆၆။
ဘသောင်း၊သခင် ၇၃။
ဘသန်း၊ မောင်(ဘီအေ) ၆၈။
ဘဟန်၊ဒေါက်တာ ၇၀။
ဘုရှ်,ဂျော့ဒဗလျူ ၇၊၁၄၊၁၆၊၁၇၊
၂၀-၂၂၊၁၅၅။
ဘူမိဗောအဒူယာဒတ်ချ် ၁၇၆။
ဘူးအသင်း ၇၀။
ဘိုးခင်၊ ဦး ၆၅။
ဘိုးဇော်၊ ဦး ၆၅။
ဘိုးသင်း၊ ဦး (စစ်ကိုင်း) ၇၄၊၇၉။
ဘင်လာဒင်,အိုစမာ ၁၇။
ဘုန်းနိုင်၊ တက္ကသိုလ် ၈၀၊၈၅၊
၈၉၊၉၁။
ဘွန်ညံဗိုရာချစ် ၂၂။

(မ)

မစန္ဒာ ၈၉။
မမလေးဂျာနယ်ကျော် ၇၆၊၇၈၊
၇၉၊၈၅၊၈၆။
မလေးရှားနိုင်ငံ ၂၃၀။
- စီးပွားရေး ၂၃၅
- စိုက်ပျိုးရေး ၂၃၆
- နိုင်ငံတကာ ၂၃၇
- ဆက်ဆံရေး
- မူးယစ်ဆေးဝါး ၂၃၉
- ပပျောက်ရေး
- ခရီးသွားလုပ်ငန်း ၂၄၀

မလေးလုံ ၈၂။
မဟာချက်ကရီသီရိဒုံ ၂၅၀။
မဟာဆွေ ၇၂၊၇၄။
မူးယစ်ဆေးဝါးနှင့် ၂၄၀-၂၄၇။
စိတ်ကိုပြောင်းလဲစေ
သောဆေးဝါးများအန္တရာယ်
တားဆီးကာကွယ်ရေး

# အက္ခရာစဉ်အညွှန်း


မိုးမိုး(အင်းလျား) ၈၆။
မိုးဝေ ၇၉၊၈၀။
မင်းကျော် ၈၃၊၈၄၊၉၁။
မင်းဆွေ ၇၅၊၇၆။
မင်းနိုင်၊ ဦး ၁၆၈။
မင်းအောင် ၇၆။
မောင်ကြီး၊ ဦး ၆၈၊၇၂၊၇၃။
(လယ်တီပဏ္ဍိတ)
မောင်ထင် ၆၈၊၇၆၊၈၄၊၂၉၄။
မောင်မောင်ဖြူ ၈၃၊၈၄။
မောင်မြန်မာ ၂၄၇-၂၄၈။
မယ်မြန်မာပြိုင်ပွဲ
မောင်အေး၊ ဒုတိယ ၁၄၊၅၊၇၊၉၊
ဗိုလ်ချုပ်မှူးကြီး ၁၁၊၁၃၊၁၇၊၁၉၊
၂၀၊၂၃။
မျိုးမြင့်ခင် ၇၉။
မျိုးမြင့်အောင် ၇၃။
မျိုးသူရ (စစ်ကိုင်း) ၈၈။
မြစိမ်း၊ တက္ကသိုလ် ၁၇၄။
မြဒေါင်းညို ၇၆။
မြမျိုးလွင် ၇၂။
မြဝဇီ ၈၄။
မြသန္တာ ၈၈။
မြသန်းတင့် ၈၂။
မြင့်မြင့်သန်း၊ ဒေါ် ၁၇၄။
မြတ်ထန် ၈၈။
မြန်မာနိုင်ငံဝိဇ္ဇာနှင့် ၂၇-၃၅။
သိပ္ပံပညာရှင်အဖွဲ့
- ဖွဲ့စည်းခြင်း ၂၈
- ရည်ရွယ်ချက် ၂၈
- ပညာရှင်အဖွဲ့ဝင်များ ၂၉
- သုတေသန ၃၁
- စာတမ်းဖတ်ပွဲများ
- စာအုပ်ပြုစုပုံနှိပ်ခြင်း ၃၂

မြန်မာဝတ္ထုရှည် ၆၂-၉၁။
နှစ်၁၀၀ခရီး
မြန်မာ့ဗိသုကာပညာ ၃၇-၄၅။
မြန်မာ့ရိုးရာတူရိယာ ၄၆-၅၃။
ပစ္စည်းများပြပွဲ
ဦးတည်ချက် ၄ ရပ် ၄၇
ပြကွက် ၁၀ ကွက် ၄၇
မြန်မာ့ရိုးရာယဉ်ကျေးမှု ၁၀၅-၁၁၃။
အဆိုအကအရေးအတီး
ပြိုင်ပွဲ (၁၉၉၃-၂၀၀၄)
မြန်မာ့ရုပ်ရှင် ၂၅၇-၂၆၀။
ထူးချွန်ဆု

(ယ)

ယုဒသန် ၆၄။
ယုဝတီဂျင်းဖောမယ် ၂၆၀။
ယူနိုက်တက်ကင်းဒမ်း ၂၆၂-၂၇၁။

(ရ)

ရာမန်ဦး ၆၅။
ရဲစိုး ၈၁။
ရဲထွန်းလင်း ၇၆။
ရဲနိုင်၊ ဒေါက်တာ ၈၈၊၈၉။
ရဲသွေး ၉၃။
ရောင်နီ ၈၂။
ရန်ကုန်ဘဆွေ ၈၃။
ရန်နောင်စိုး၊ ပုသိမ် ၉၀။
ရှရိုးဒါး,ဂါဟက် ၂၅၁၊၂၃၁၃။
ရှင်ကျို့-၅ ၁၉။
ရှင်မဟာသီလဝံသ ၆၃။
ရှင်သဒ္ဓမ္မလင်္ကာရ ၆၃။
ဆရာတော်
ရွှေစကြာ ၇၂။
ရွှေတူးဆန္ဒ ၆၅။
ရွှေဒုံးဘီအောင် ၇၆။
ရွှေဝါး ၇၉။
ရွှေနန်းတော်ကျောင်း ၄၄၊၄၅။
ရွှေမျှား၊ ဒဂုန် ၈၁။
ရွှေလင်းယုန် ၇၄။
ရွှေသဥ္ဇာ ၈၈။
ရွှေဥဒေါင်း ၆၈၊၆၉၊၈၁။

(လ)

လက်တင်အမေရိက ၂၇၂-၂၈၁။
နိုင်ငံများ
လင်းယုန်နီ ၇၇၊၉၁။
လတ်၊ဦး ၆၆၊၆၈၊၇၁၊၇၂။
လွန်း၊ ဆရာ ၆၈။
လှ၊ ဦး (လူထု) ၈၈၊၈၅။
လှမြိုင်၊ သခင် ၇၂။
လှိုင်ဝင်းဆွေ ၈၈။

(သ)

သာထွန်းဦး ၂၈၁-၂၈၃။
သာဓု ၇၇၊၇၈။
သိရိန္ဒာဘိဝံသ ၂၈၃-၂၈၅။
သက်ဆင်ရှင်နာဝပ် ၁၅၊၂၀၊၂၂၊
၁၇၆၊၁၇၇။
သိန်း၊ မောင် ၇၉။
သစ်လွင်၊ လင်းယုန် ၇၉၊၈၁၊
၈၂၊၈၄၊၉၁။
သံလျင်မောင်မောင်ဦး ၈၈။
သန်းဆွေ ၇၇၊၈၁။
သန်းထွန်းသစ် ၈၈။
သန်းရွှေဗိုလ်ချုပ်မှူးကြီး ၂၃၊၅-၉၊
၁၁၊၁၂၁၄-၁၈၊
၂၀-၂၃၊၉၇၊၂၄၈။
သိန်း၊ ဆရာ (မှော်ဘီ) ၇၁။
သိန်းဆိုင်၊ မောင် ၉၁။
သိန်းဖေမြင့် ၇၇၊၈၀၊၈၂၊၉၁။

(ဟ)

ဟူကျင်တောင် ၁၃၊၁၆၊၁၇၆။
ဟွန်ဆင်,ဆမ်ဒက် ၂၂။

(အ)

အမေရိကန် ၂၈၅-၂၉၃။
ပြည်ထောင်စု
အမျိုးသားစာပေဆု၊ ၂၉၃-၂၉၆။
စာပေဗိမာန်စာမူဆု
နှင့်အမျိုးသားစာပေ
တစ်သက်တာဆု
အရှေ့တောင်အာရှ၏ ၁၁၄-၁၂၄။
တစ်ခုတည်းသော
ယွန်းပညာကောလိပ်
အာဆီယံအင်ဂျင်နီယာ ၂၉၆-၂၉၉။
ထူးချွန်ဆု
အီရတ်နိုင်ငံ ၂၉၉-၃၀၉။
အေဝမ်းမေသန်း ၃၀၉-၃၁၂။
အင်ဒိုနီးရှားနိုင်ငံ ၃၁၂-၃၁၇